

# CATALOGUE OF THE HLUTDAW RECORDS

## VOLUME I-II

# လွှတ်တော်ပုရပိုက်

## အမှတ်အသား အတိုကောက်မှတ်ပုံ

[ ပထမတွဲနှင့် ဒုတိယတွဲ၊ နှစ်တွဲပေါင်းချုပ် ]

ဒုတိယအကြိမ်



၂၉၆၁ ၊
၀၂၉.၄၉၀ ၊
လက
၇-၆၀၉



**၁၂၃၅ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့။**
**၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။**
အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

မောင်စိန်ဘူး ဆိုသူက ဆင်ဖြူများရှင် မင်းတရားကြီး သမီးတော် သုဝဏ္ဏဝတီဘွဲ့ခံ ကင်းတော်စား မင်းသမီးနှင့် ဆင်ဖြူများရှင် ညီတော် ဗဒုံမင်းသားတော် မင်းရဲဇေယသူတို့က မြင်သူ မင်းရဲညွန့်ဘွဲ့ခံ သားတော်ဖြစ်ကြောင်း။ မိုင်းပျဉ်းမြို့၊ ပဋ္ဌနဂိုမြို့များ စားရကြောင်း ပြောဆိုရှိ၍ ၎င်းသူ မဟာဆွေတော် ဟုတ် မဟုတ် စာပြန်ပါမည့် အကြောင်းအရာ။

---

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။**
**၁၈၇၄ ခု၊ အောက်တိုဘာလ ၄ ရက်နေ့။**
အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

တရုတ်ပြည်သို့ စေလွှတ်မည့် အင်္ဂလိပ်သံတို့ကို တရုတ်ပြည်သို့ မြန်မာသံတော်တို့ စေလွှတ်သွားမြဲ သိန္နီလမ်း၊ ဗန်းမော်လမ်း နှစ်ရပ်အနက် ဗန်းမော်လမ်းက သွားလာစေလျှင် သင့်မည့်အကြောင်း။ သိန္နီလမ်းက သွားလာစေလိုလျှင် တောအားတောင်အား ကိုးကားဆိုးသွမ်းသူ ငဆန်ဟဲ ဖမ်းဆီးရမိငြိမ်ဝပ်မှ စာပြန်မည့် အကြောင်း။

---

**၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။**
**၁၈၇၅ ခု၊ ဩဂုတ်လ ၁၈ ရက်နေ့။**
အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

မဟာဗောဓိတွင် ပြင်ဆင်သင့်ရာ အဆောက်အဦများကို ပြင်ဆင်ရန်၊ ဗောဓိရင်္ဂဏာ ဝတ်ပြုရဟန်း ၂၀ နေထိုင်ရန် မီးတားနှင့်တကွ ကျောင်းဆောက်ရန်၊ မဟာဗောဓိ ပရိဘောဂတိုက်တည်ရန် အလိုတော်ရှိ၍ ဘင်္ဂလားရှိ စာရေးကြီးသို့ ဆင့်ဆိုရှိသည်ကို ဘုရင်ခံမင်းက ကူညီလိုကြောင်းနှင့် အရေးပိုင်မင်းထံ သံတော်ဦးတင်ချက်အတိုင်း ကူညီအောင် အရေးပိုင်မင်းက ဘုရင်ခံထံ တင်လျှောက်လိမ့်မည်ကို ယုံကြည်စိတ်ချ ရှိကြောင်း။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**၁၂၄၀ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။**
**၁၈၇၈ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့။**
အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

ညောင်ရမ်းစား၊ ညောင်အုပ်စားတို့ကို အမိန့်တော်မြတ်နှင့်ခေါ်ရာ တိမ်းရှောင်ထွက်သွားသည် တစ်ကြိမ်၊ နောက် အရေးပိုင်မင်းထံ ရှိနေသည်ကို သိတော်မူ၍ ခေါ်တော်မူပြန်ရာ မလိုက်မလာသည် တစ်ကြိမ်၊ သို့ အကြိမ်ကြိမ် ငြင်းဆန်ကျူးလွန် ကြီးစွာသော ရာဇဝတ်ပြစ်ဒဏ်ရှိသူ သားတော်တို့ကို အရေးပိုင်မင်း လက်ခံသည့်အရာသည် အသက်ဘေးကြောင့် ခိုဝင်လာသူကို ကယ်ဆယ်မြဲထုံးစံရှိသည် ဆိုသော်လည်း မင်းသား ၂ ပါးကို အသက်ဘေးမဖြစ်အောင် ခွင့်ပေးနိုင်ကြောင်း၊ သည်ကဲ့သို့ အခွင့်ပေးနိုင်သည်ကို ယုံကြည်စိတ်ချပြီးလျှင် မဟာမိတ်ဖြစ်သည့်အတိုင်း မင်းသား ၂ ပါးကို ပေးအပ်သင့်ကြောင်း၊ မပေးမအပ်၍ နိုင်ငံရေးရာမှု တစ်စုံတစ်ရာပေါ်လျှင် လက်ခံသူ့တာဝန် အမှန်ဖြစ်၍ ၎င်းအချက်များကို စဉ်းစား ဆင်ခြင်မည့်အကြောင်း။

---

**၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။**
**၁၈၇၉ ခု၊ ဇွန်လ ၇ ရက်နေ့။**
အင်္ဂလိပ် အရေးပိုင်က ပေးစာ။

အင်္ဂလိပ် ကျွန်တော်မျိုး တရားလို မောင်စံလှဖြူနှင့် တရားခံ သတင်းစာဆရာ အဟီးတို့ အမှုတွင် ၂ ဖက်ပြ သက်သေ ကုလားဝန် ရွှေတိုက်စိုးကို စရိတ်ငွေနှင့်တကွ ပေးပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့မည့်အကြောင်း။

---

**၁၂၄၃ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့။**
**၁၈၈၁ ခု၊ ဇွန်လ ၆ ရက်နေ့။**
ကင်းဝန် မြေဒူးမြို့စားသို့ ပေးမှာစာ။

သင်္ဘာဆရာတော် တောင်ငူ နင်းကြမ်းသို့ ရောက်လျှင် သီတင်းသုံးလိုသည့် ရပ်ကွက်ကို လျှောက်ထား၊ မိန့်ဆိုညွှန်ပြသည့် နေရာတွင် ကျောင်းတော်ဆောက်လုပ်လှူဒါန်းစေ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ဆရာတော် ညွှန်ပြရာတွင် သင့်လျော်လှပ ကောင်းမွန်အောင် ကျောင်းတော် ဆောက်လုပ်လှူဒါန်း၍ မည်သည့်နေရာ ရပ်ကွက်တွင် ဆောက်လုပ်သည်၊ စရိတ်ငွေတော် မည်မျှ ကုန်ဝင်သည်များကို ကျောင်းတော်စနစ်ပုံစံ၊ ကုန်ဝင်စာရင်းနှင့်တကွ အမိန့်တော်ခံသာအောင် လျှောက်ထားရမည့် အကြောင်း။

## ၂၀၁၀–၂၀၁၁ ထုတ် ရာပြည့်စာအုပ်များ

၂၉၄။ ပီမိုးနင်း၏ ရွှေလရောင်.....ထိုးနှင့် နောက်တွေ့ ဝတ္ထုတိုသစ်များ

၂၉၅။ မောင်ပေါ်ထွန်း၏ အဖေသူဌေး၏ စီးပွားရေး လုပ်ငန်းသင်ကျောင်း
(Rich Dad's The Business School by Robert T. Kiyosaki & Sharon L. Lechter)

၂၉၆။ ထက်မြက်၏ ပါဗက် မူရှာရက်ဖ်
[In The Line Of Fire (A Memoir) by Pervez Musharraf]

၂၉၇။ မစ္စတာမောင်မှိုင်း၏ ဓမ္မစေတီ

၂၉၈။ ဂန္ထလောက လက်ရွေးစင် ခေါင်းကြီးပိုင်းများ[၁၉၂၈–၃၅]

၂၉၉။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်အလွန် [ဒုတိယအုပ်]

၃၀၀။ တင်မောင်မြင့်၏ အင်နာကာရနီနာ (ANNA KARENINA by Leo Tolstoy)
[ မူရင်းအတိုင်း အပြည့်အစုံ ဘာသာပြန်]

၃၀၁။ ရာပြည့်ဦးစိုးညွန့်၏ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ [ဒုတိယအုပ်]

၃၀၂။ ဇော်ဂျီ၏ သခင်ကိုယ်တော်မှိုင်းဋီကာ

၃၀၃။ စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံး ခေါင်းကျား

၃၀၄။ မဲထီးဆရာတော်၏ ထေရဝါဒ သာသနာဆက်အလင်းပြ ဝံသဒီပနီ

၃၀၅။ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံနှင့် စစ်ကိုင်းပြန်မှာတော်ပုံ

၃၀၆။ ကျော်အောင်၏ မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ
[Last and First in Burma (1941-1948) by Maurice Collis]

၃၀၇။ ဦးကုလား ရာဇဝင်ချုပ်

၃၀၈။ စစ်ကိုင်းဦးဘိုးသင်း၏ မနုစာရီ

၃၀၉။ ထွန်းသစ်၏ ရှာရွန် သို့မဟုတ် ရာဇဝင်တွင်တဲ့ သူရဲကောင်း

၃၁၀။ ဦးလတ်၏ ရွှေပြည်စိုး

၃၁၁။ တက်ထွန်း၏ ပိတောက်ရွှေဝါ

၃၁၂။ ဇေယျ၏ မြတ်လေးရွှေဓားဖိုလ် [ဖြည့်စွက် ထုတ်ဝေခြင်း]

၃၁၃။ လှကလေး ခေါ် ကြွက်စုတ် ၏ စောရဝတ္ထု

၃၁၄။ မော်ဘီဆရာသိန်း၏ ရှေးဖြစ်စာတမ်း၊ နောင်းဖြစ်စာတမ်း၊ ရှေးဟောင်း ရှေးဖြစ်စာတမ်း
[ သုံးအုပ် ပေါင်းချုပ် ]

၃၁၅။ ရှင်မဟာသီလဝံသ၏ ပါရာယန ဝတ္ထု

၃၁၆။ ဂုဏ်ဝင်း(မြန်မာပြန်) ၏ အရိုင်းခေါ်သံ [The Call of the Wild by Jack London]

၃၁၇။ ဦးသန်းထွတ်[ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ်] ၏ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း

၃၁၈။ တတိယ မောင်းထောင်ဆရာတော် ရှင်ပညာသာမိ၏ ဒေါသသတ်နည်းကို ပြဆိုရာ ဒေါသကထာ

၃၁၉။ ဆတိုင်မှူတ် ဦးကူး၏ ခန္ဓာပုရ ဝတ္ထု

## ၂၀၁၁–၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၂၁။ စစ်ကိုင်းဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ

၃၂၂။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ

၃၂၃။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]

၃၂၄။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းခွေး

၃၂၅။ ကျော်အောင်၏ နှလုံးလှဆရာဝန် [THE SCALPEL, THE SWORD by Ted Allan and Sydney Gordon]

၃၂၆။ တင်မောင်မြင့်၏ နွေကန္တာ [DEEP SUMMER by Gwen Bristow]

၃၂၇။ မဟာဆွေ၏ တို့မေမေ

ရာပြည့်စာအုပ် ၃၂၀

[ ရာပြည့်စာအုပ်တိုက် (၁၆) နှစ်မြောက် နှစ်လည်အမှတ်တရ ]

# လွှတ်တော်ပုရပိုက် အမှတ်အသား
# အတိုကောက်မှတ်ပုံ

[ ပထမတွဲနှင့် ဒုတိယတွဲ၊ နှစ်တွဲပေါင်းချုပ် ]

**ရာပြည့်စာအုပ်တိုက်**

အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၇၁၀၁၀၃(ဆိုင်)

စာမူ ခွင့်ပြုချက်အမှတ် [၄၀၁ ၁၄၇ ၁၀ ၀၇]

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၄၀၁ ၀၅၂ ၁၀ ၀၈]

❑

**ပုံနှိပ်ခြင်း**

**ပထမတွဲ**

ပထမအကြိမ် – (၁၉၀၁) အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်

**ဒုတိယတွဲ**

ပထမအကြိမ် – (၁၉၀၉) အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်

**နှစ်တွဲပေါင်းချုပ်**

ဒုတိယအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၅၀၀]

(ဩဂုတ် ၂၀၁၁)

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**စာအုပ်ချုပ်**

ဖူးပွင့်မွေး

❑

**မျက်နှာဖုံး ပန်းချီ**

လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

**တန်ဖိုး**

**၈ ၀၀၀** ကျပ်

## အမှာစာ

မြန်မာနိုင်ငံတွင် စက္ကူနှင့် စာအုပ်များ မပေါ်ပေါက်မီက မြန်မာများသည် စာရေးရန်အတွက် ပေရွက်၊ ထန်းဖူး၊ ပုရပိုက်တို့ကို အသုံးပြုကြသည်။ ပုရပိုက်တွင် အကြမ်း ရေးပြီးမှ ပေထက် တင်ကြောင်း သိရှိရသည်။ ပုရပိုက်များတွင် မြန်မာမင်း လက်ထက်က အုပ်ချုပ်ပုံများ၊ မြို့ရွာစစ်တမ်းများ၊ အခွန်တော် ကောက်ခံခြင်းများ၊ အမိန့်တော်များ၊ ရုံးတော်နှင့် စပ်ဆိုင်သော ကိစ္စရပ်များ၊ ဇာတ်သဘင်များတွင် အသုံးပြုသော ဇာတ်ချင်းများ၊ မေတ္တာစာများ၊ ရတုများကို ရေးသားလေ့ရှိသည်။ ရှေးခေတ် မြန်မာများသည် ပုရပိုက်ကို မှတ်စုစာအုပ် အဖြစ်လည်း အသုံးပြုကြသည်။ ပုရပိုက်တွင် ဆေးနည်းများ၊ ဇာတာချုပ်များ၊ ကြွေးစာရင်းများ၊ ဆေးမြီးတိုများ၊ ဥယျာဉ်ခြံမြေ စာရင်းများ၊ သစ်ပင် အမျိုးအစားများနှင့် အသီးအနှံ စာရင်းများ စသည်ဖြင့် ရေးမှတ်စရာ ရှိသမျှကို ပုရပိုက်တွင် ရေးမှတ်ကြသည်။ သို့ဖြစ်၍ ပုရပိုက်များသည် မြန်မာသမိုင်းအတွက် အလွန် အသုံးဝင်သော အထောက်အထားများပင် ဖြစ်သည်။ သမိုင်းတန်ဖိုး ကြီးမားလှသော ပုရပိုက်များသည် တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ အပြီးတွင် အမြောက်အမြား ဆုံးရှုံးခဲ့ရသည်။

ဂျင်နရယ် ပရင်ဒါဂတ်နှင့် ကာနယ်စလေဒင်တို့ ဦးစီးသော နယ်ချဲ့ ဗြိတိသျှ စစ်တပ်သည် သီပေါဘုရင်ကို ထိန်းသိမ်းလိုက်ပြီးနောက် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရတနာပုံ ရွှေနန်းတော်ကြီးကို ဖွင့်လှစ်ပေးလိုက်သည်။ ဤသို့ ဖွင့်လှစ်ပေးလိုက်သဖြင့် ဗြိတိသျှ စစ်ဗိုလ်များ၊ စစ်သားများနှင့် နောက်လိုက်ငယ်သားတို့သည် နန်းတော်တွင်းမှ အဖိုးတန် ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံ ပတ္တမြားတို့ကို တံခါး မရှိ၊ ဓား မရှိ၊ အဆီးအတား မရှိ မွှေနှောက်ယူခွင့် ရရှိသွားကြသည်။ ထိုသို့ ယူငင်သွားကြသည့်အတွင်း မင်းအဆက်ဆက် ထိန်းသိမ်းခဲ့ကြသော နန်းစဉ်အမွေဖြစ်သည့် သမိုင်းဝင် စာပေများ အဖျက်အဆီး ခံရခြင်းမှာ အဆိုးဝါးဆုံးပင် ဖြစ်သည်။

ထိုအချိန်က အဖြစ်အပျက်ကို မျက်ဝါးထင်ထင် မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ရသော ပုဂံဝန်ထောက် ဦးတင်သည် သူ၏ **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ပဥ္စမပိုင်း (၁၉၈၃)**၊ စာမျက်နှာ ၁၀၇ ၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

> ၁၂၄၇ ခု တန်ဆောင်မုန်းလဆုတ် ရှစ်ရက်နေ့မှာ နန်းတော်အတွင်းသို့ အင်္ဂလိပ် စစ်သည်တော်များ ဝင်ရောက်သည်။ –––။ မြန်မာထုံးစံအတိုင်း ပုရပိုက်များကို သစ်သားသေတ္တာကြီးတွေအတွင်း ထည့်သွင်း။ အလုပ်လုပ်ရာဌာန ရှိသမျှနှင့် စာရင်းတိုက်များမှာ ထားကြသည်။ ပုရပိုက် အမှတ်အသား ထားသော သေတ္တာကြီးတွေမှာလည်း မရေမတွက်နိုင်လောက်အောင် များပြားသည်။ ထိုသေတ္တာများအတွင်း ပုရပိုက်များနှင့်အတူ ဗောင်း၊ နားတောင်း၊ ဝတ်လုံ စသော မင်းခမ်းမင်းနားနှင့် ဆိုင်သော အဝတ်အစားများ၊ ငွေများ၊ အဖိုးတန်သော အသုံးအဆောင်များကို ထားကြသည်။ အင်္ဂလိပ် စစ်ဗိုလ်၊ စစ်သား စသော အင်္ဂလိပ် တပ်တွင် ပါဝင်လာသော မြန်မာကလေးများပါ သေတ္တာရှိသမျှကို ဖွင့်လှစ်ရှာဖွေ ယူငင်ကြရာ ပစ္စည်း အဖိုးတန်များ ရကြသည်။ အချို့မှာ ပစ္စည်းမရသော်လည်း ပစ္စည်းရှိမည် အထင်နှင့် သေတ္တာများကို ဖွင့်လှစ် ရှာဖွေသည့်အတွက် ပုရပိုက်များမှာ အခေါက်ပျက်သည်။ အခေါက်ပျက်သည့်အခါ ပစ်ထားလိုက်သည်။

ပုဂံဝန်ထောက် ဦးတင် ကပင် နန်းတော်အတွင်း၌ အနှံ့အပြား ဖြစ်နေသော ပုရပိုက်များကို အမှိုက်လှည်းသူများက စုဆောင်းကာ မြေပေါ်တွင် ပုံ၍ မီးရှို့ကြကြောင်း၊ မီးရှို့ဆဲတွင် တွေ့မြင်သူ ကုလီများကလည်း အသာအယ

ယူကြကြောင်း၊ တစ်စုံတစ်ရာ တားဆီးကန့်ကွက်ခြင်း မရှိကြောင်း၊ အလိုရှိရာ ယူခွင့် ရကြကြောင်း၊ ယင်းသို့ မီးရှို့ခြင်း၊ ယူငင်ခြင်းမှာ ခုနစ်ရက် တစ်ပတ်လောက် ကြာဟန်တူကြောင်း၊ ထိုအချိန်တွင် ကင်းဝန်မင်းကြီးလည်း မရှိကြောင်း၊ သီပေါဘုရင်၊ မိဖုရား၊ သမီးတော်များနှင့်အတူ ရန်ကုန်သို့ လိုက်ပါသွားကြောင်း တို့ကိုလည်း ဖော်ပြထားသည်။ ပုရပိုက်စသော အမှတ်အသားများကို မီးမရှို့စေရန်နှင့် လူမြင်သမျှ မယူကြစေရန် တောင်ခွင်မင်းကြီးက စာရေးတော်ကြီးဦးမြကို စလေဒင်ထံသို့ စေလွှတ်၍ ပြောဆိုသည်။ မီးရှို့ခြင်း၊ ယူငင်ခြင်းမှ ရပ်စဲစေရန် တန်ဆောင်မုန်းလဆုတ် ၁၅ ရက်နေ့တွင် ကာနယ် အီး–ဘီ–စလေဒင်က အမိန့်ထုတ်ထားရသည်ဟု သိရှိရသည်။

၁၈၈၉ ခုနှစ် ဧပြီလတွင် ဗြိတိသျှ အစိုးရသည် နန်းစဉ်နန်းမွေ ဖြစ်သော ပေ၊ ပုရပိုက်များကို ရန်ကုန်မြို့ အတွင်းဝန်များ ရုံးတွင်းသို့ ရွှေ့ပြောင်း ယူဆောင်လာကြသည်။ ထိုနောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော ပေ၊ ပုရပိုက်များ၏ အခြေအနေနှင့် စပ်လျဉ်း၍ **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ပဌမပိုင်း** (၁၉၈၃)၊ စာမျက်နှာ ၁၀၉ ၌ပင် ပုဂံဝန်ထောက် ဦးတင်က အောက်ပါအတိုင်း ဆက်လက် မှတ်တမ်းတင်ခဲ့သည်။

–– ကျွန်ုပ်နှင့် လွှတ်လုလင် ဦးလွင် ဆိုသူမှာ လွှတ်တော် နန်းတော်က ရရှိသမျှ ပုရပိုက် စသော အမှတ်အသားများနှင့် ရန်ကုန် မဟာမင်းကြီး၊ အတွင်းဝန်ကြီး ရုံးတော်သို့ လိုက်ပါ ထမ်းရွက်ရသည်။ မန္တလေးက ရန်ကုန်သို့ ယူလာသော ထန်းဖူး ပေ ပုရပိုက် အနက်အဖြူများမှာ လှည်းစီးရေ ၄၀ ကျော်တိုက် ရှိသည်။ ပုရပိုက် အရေအတွက်မှာ သေချာစွာ ထိုအခါက မသိနိုင်။ ထိုအခါက အတွင်းဝန်ကြီးရုံးမှာ ကမ်းနားတွင် ရှိသည်။ ကမ်းနားရုံးကမှ ယခု ဤ စက္ကရီတေရီရုံးသို့ ၁၈၉၄ ခုနှစ် ပြောင်းရသည်။ ၎င်းနောက် ၁၈၉၅ ခု ဇွန်လမှာ ပုဂံသို့ မြို့အုပ် အလုပ်နှင့် ကျွန်ုပ် သွားရသည်။ ကျွန်ုပ် နေရာတွင် ဦးစွန် ဆိုသူ ဆက်လက် ထမ်းရွက်ရသည်။ ဦးစွန် မြို့အုပ် ဖြစ်သွားပြန်သည့်အခါ ဦးစွန် နေရာမှာ ဆရာဘေ ဆိုသူ ဆက်လက် ထမ်းရွက်ရသည်။ ဆရာဘေသည် ကျောက်စာအလုပ်နှင့် မန္တလေးသို့ ရွှေ့ပြောင်းရသည့်အခါ ဆရာဘေ နေရာမှာ ဆရာမောင်စံဘ ထမ်းရွက်ရသည်။ မောင်စံဘ ကွယ်လွန်ပြန်သည့်အခါ မောင်စံဘ နေရာတွင် ဆရာပွား ဆက်လက် ထမ်းရွက်ရသည်။

၁၉၂၀ ပြည့်နှစ်တွင် ဆရာပွားက ပုရပိုက်များ အကြောင်းကို အတွင်းဝန်ကြီးထံ အစီရင်ခံသည်။ ထိုအစီရင်ခံစာတွင် ပုရပိုက်များ ပျက်စီးနေပုံ၊ အရေးယူ ဆောင်ရွက်ခြင်း မရှိလျှင် ထပ်မံ ပျက်စီးနိုင်ပုံတို့ကို ထည့်သွင်း ဖော်ပြခဲ့သည်ဟု သိရှိရသည်။

၁၉၂၁ ဇန်နဝါရီလမှ စတင်၍ ခြောက်လ အထိ အထူးတာဝန်ဖြင့် ပုရပိုက် အလုပ်ကို ဆက်လက်လုပ်ကိုင်ရန် ပုဂံဝန်ထောက် ဦးတင်အား ဘုရင်ခံမင်း သဘောတူချက်နှင့် အတွင်းဝန်ကြီးက တာဝန်ပေးအပ်ခဲ့သည်။ ပုဂံဝန်ထောက် ဦးတင် အနေဖြင့် ရှုပ်ထွေးနေသော ပုရပိုက်များကို အမျိုးအစား ခွဲခြားရှင်းလင်းရန်နှင့် **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း** ရေးရန် တာဝန်ယူရသည်။ ဗြိတိသျှတို့သည် အင်ပီရီယယ်လစ်ဇင်း (Imperialism) ကို မြန်မာတို့ လက်ခံအောင် ဆွယ်၍ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းကို ရေးခိုင်းခြင်း ဖြစ်သည်။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ငါးတွဲစလုံးတွင် မြန်မာမင်း အုပ်ချုပ်ပုံနှင့် အင်္ဂလိပ်မင်း အုပ်ချုပ်ပုံကို နှိုင်းယှဉ်၍ အင်္ဂလိပ် သာကြောင်းကို သိသိသာသာ တစ်မျိုး၊ မသိမသာ တစ်ဖုံ ရေးသားထားသည်ကို တွေ့မြင်နိုင်ပါသည်။

ပုဂံဝန်ထောက် ဦးတင်သည် ၁၉၂၁ ခု ဇွန်လတွင် အငြိမ်းစား ယူသော်လည်း ၁၉၂၃ ခု မေလကုန် တိုင်အောင် ၂ နှစ်ကျော်ကျော် အချိန်ယူကာ လှည်းအစီးရေ ၄၀ ကျော်တိုက် ရှိသည့် နန်းစဉ် ပေ၊ ပုရပိုက်များကို ရှင်းလင်းရင်း မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ငါးတွဲကို ရေးသားပြုစုခဲ့သည်။

ထိုအချိန်က နန်းတွင်း ပုရပိုက်များမှာ နှစ်သောင်းကျော်ကျော်သာ ရှိတော့သည်ဟု ဆိုသည်။ ထိုနှစ်သောင်းကျော်တွင်လည်း ပုရပိုက် ငါးထောင်ခန့်မှာ မိတ္တူများ ဖြစ်သည်ဟု သိရှိရသည်။ ထို့ကြောင့် ပုဂံဝန်ထောက် ဦးတင်သည် မိတ္တူ ပုရပိုက် ငါးထောင်ခန့်ကို ဖယ်ရှား၍ ကျန် ပုရပိုက် တစ်သောင်းငါးထောင်အနက် ပုရပိုက် ၁၀ ဆူလျှင် စာတစ်မျက်နှာခန့် ပျမ်းမျှ ရနိုင်အောင် အကျဉ်းချုံးကာ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းကို ရေးသားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ အစိုးရ ပုံနှိပ်တိုက်သည် ၁၉၀၁ ခုနှစ်တွင် **လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ။**

**ပထမတွဲ**။ The Catalogue Of The Hlutdaw Records, Volume I ကို လည်းကောင်း၊ ၁၉၀၉ ခုနှစ်တွင် **လွှတ်တော်ပုရပိုက်အမှတ်အသား အတိုကောက်မှတ်ပုံ**။ **ဒုတိယတွဲ**။ The Catalogue Of The Hlutdaw Records, Volume II ကို လည်းကောင်း ထုတ်ဝေခဲ့သည်။ နှစ်တွဲစလုံးတွင် အမှာစာ၊ ပြုစုသူအမည် လုံးဝ မပါရှိပါ။ သို့ရာတွင် လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ နှစ်တွဲစလုံးကို ပုဂ်ဝန်ထောက် ဦးတင်ပင် ပြုစုမည်ဟု ခန့်မှန်းနိုင်ပါသည်။ ယင်း လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ နှစ်တွဲစလုံးကို ၅၅ အုပ်စီမျှသာ ရိုက်နှိပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ဤသို့ ပုံနှိပ်စဉ်ကပင် အရေအတွက် အနည်းငယ်သာ ထုတ်ဝေခဲ့သည်က တစ်ကြောင်း၊ နောက်ထပ် ပုံနှိပ်ထုတ်ဝေခြင်းလည်း မရှိခဲ့သောကြောင့် တစ်ကြောင်း ယခုအခါ ရှားပါး တန်ဖိုးကြီး စာအုပ်များ ဖြစ်နေသည်။

လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ စာအုပ် မထုတ်ဝေမီက **လွှတ်တော်အမှတ်အသား** ဟူသော အမည်ဖြင့် ကျောက်စာဝန် မစ္စတာ တော်စိန်ခို ပြုစုသော စာအုပ်ကို ၁၂၅၁ (ခရစ်နှစ် ၁၈၈၉) ခုနှစ်တွင် အစိုးရပုံနှိပ်တိုက်မှ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ထိုနောက် ၁၂၇၅ (ခရစ်နှစ် ၁၉၁၃) ခုနှစ်တွင် ဗြိတိသျှဘားမား စာအုပ်တိုက်မှ ဒုတိယအကြိမ် ထပ်မံ ပုံနှိပ် ထုတ်ဝေခဲ့ပြန်သည်။ တစ်ဖန် ၁၂၈၈ (ခရစ်နှစ် ၁၉၂၆) ခုနှစ်တွင် ဗြိတိသျှ ပုံနှိပ်တိုက်မှပင် တတိယအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့ပြန်သည်။ စာအုပ်၏ အမည်မှာ ပထမအကြိမ် ပုံနှိပ်ရာတွင် မြန်မာလို မဖော်ပြဘဲ အင်္ဂလိပ်လိုသာ ဖော်ပြ၍၊ တတိယအကြိမ် ပုံနှိပ် ထုတ်ဝေမှသာ **လွှတ်တော်အမှတ်အသားစာအုပ်** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ စတုတ္ထအကြိမ် ပုံနှိပ်သည့်အခါတွင်မူ **လွှတ်တော်မှတ်တမ်း** ဟူ၍ ပြောင်းလဲ ခေါ်တွင်ခဲ့ပါသည်။ လွှတ်တော်မှတ်တမ်း စာအုပ်သည် အကြိမ်ကြိမ် ထပ်မံ ပုံနှိပ် ထုပ်ဝေခဲ့သဖြင့် လူသိများသော်လည်း၊ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ စာအုပ်မှာမူ ထပ်မံ ပုံနှိပ်ထုတ်ဝေခြင်း မရှိသည့်ပြင်၊ မူလ ထုတ်ဝေခဲ့စဉ်က အရေအတွက် နည်းပါးစွာ ရိုက်နှိပ်ခဲ့သောကြောင့် လူသိနည်းပြီး ရှားပါးစာအုပ် ဖြစ်ခဲ့ရသည်။ စာအုပ် နှစ်အုပ်၏ အမည်များမှာ ဆင်တူနေသယောင် ရှိသော်လည်း အတွင်းစာများကား မတူ ကွဲပြားကြောင်းကို လေ့လာ သိရှိနိုင်ပါသည်။

လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ ပထမတွဲတွင် မြန်မာသက္ကရာဇ် ၁၁၈၇ (ခရစ်နှစ် ၁၈၂၆) ခုနှစ်မှ စ၍ အင်္ဂလိပ်မင်းနှင့် မြန်မာမင်းတို့၏ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ပုရပိုက်များမှ ထုတ်နုတ် ရေးသားထားသည့် အတိုကောက်မှတ်ပုံ ပါရှိပါသည်။ ပုရပိုက်အမှတ် ၁ မှ ပုရပိုက်အမှတ် ၂၅၈ အထိ ပေးစာ ပြန်စာများ၊ စာချုပ်များ ပါဝင်သည်ကို တွေ့ရှိရပါသည်။

လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ ဒုတိယတွဲတွင် မြန်မာသက္ကရာဇ် ၁၂၃၆ (ခရစ်နှစ် ၁၈၇၄) ခုနှစ်မှ စ၍ မြန်မာသက္ကရာဇ် ၁၂၄၇ (ခရစ်နှစ် ၁၈၈၅) ခုနှစ်အထိ၊ ပုရပိုက်အမှတ် ၂၅၉ မှ ပုရပိုက်အမှတ် ၄၁၉ အထိ ပါရှိသည်။

လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ စာအုပ်တွင် နိုင်ငံခြား ဆက်ဆံရေးနှင့် စပ်လျဉ်းသော နှစ်ဖက် အပြန်အလှန် ပေးစာများ၊ ရောဝတီ မီးသင်္ဘော အရေးကိစ္စများ၊ မြန်မာ နိုင်ငံခြား ပညာတော်သင်များ အကြောင်း၊ ဘုံဘေဘားမား သစ်ကိစ္စဆိုင်ရာ ရှားပါး အထောက်အထားများ ပါရှိသဖြင့် တန်ဖိုးမဖြတ်နိုင်သော ရှားပါးစာအုပ် ဖြစ်သည်။ မြန်မာ့သမိုင်းအတွက် ခိုင်မာသော သမိုင်းရင်းမြစ်တစ်ခုပင် ဖြစ်သည်။ ရုံး ဝင်စာ ထွက်စာ ပုံစံ လိုတိုရှင်း မှတ်တမ်းဖြစ်ရာ တီကျကိုးစားနိုင်မှု အပြည့်ရှိကြောင်း တွေ့ရပါမည်။ ထို့ကြောင့် ဤစာအုပ်သည် မြန်မာစာပေနှင့် မြန်မာ့သမိုင်းကို လေ့လာလိုက်စားသူတိုင်း လက်ကိုင်ထားသင့်သော စာအုပ် ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ ဤစာအုပ် ထပ်မံ ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းသော ရာပြည့် စာအုပ်တိုက်ကိုလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆိုလိုက်ရပါသည်။

**ဒေါက်တာကျော်ဝင်း**
ပါမောက္ခ၊ ဌာနမှူး (အငြိမ်းစား)
သမိုင်းဌာန
ရန်ကုန်တက္ကသိုလ်။

# THE

# CATALOGUE OF THE HLUTDAW RECORDS

## VOLUME I

လှုတ်တော်ပုရပိုက်အမှတ်အသားအတိုကောက်မှတ်ပုံ။

ပဌမတွဲ

RANGOON

PRINTED BY THE SUPERINTENDENT, GOVERNMENT PRINTING, BURMA

1901

မူရင်းစာလုံးပေါင်း သတ်ပုံအတိုင်း။

# ပထမတွဲ

## မြန်မာသက္ကရာဇ် ၁၁၈၇ ခု၊ ခရစ်နှစ် ၁၈၂၆ ခုနှစ်က စ၍ အင်္ဂလိပ်မင်းနှင့် မြန်မာမင်းတို့ ဆက်ဆံစပ်လျဉ်းသည့် အကြောင်းများကို ပုရပိုက်များမှ ထုတ်နုတ်ရေးသားသည့် အတိုကောက်မှတ်ပုံ

### ၁ မှတ် ပုရပိုက်ထွက်။

၁၁၈၇ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက် (၁၈၂၆ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့)

၁။ ။ ရန္တပိုရွာတွင် စစ်ပြေငြိမ်း၍ အင်္ဂလိပ်စစ်ဗိုလ်တို့နှင့် မြန်မာအရာရှိ လယ်ကိုင်းမြို့စားဝန်ကြီး၊ ရွှေခွန်ဝန် အတွင်းဝန်တို့ ပြောဆိုသည့် စကားချက်များနှင့် စာချုပ် ၁၁ ချက်။

(က) စာချုပ်ပါ ငွေတစ်ကုဋေအနက်၊ ယခု တစ်ဝက်ပေးလျှင် မြန်မာနိုင်ငံမှ အင်္ဂလိပ်စစ်ဗိုလ်တို့ ပြန်သွားမည့်အကြောင်း။ ကျန်ငွေကို တစ်နှစ်အတွင်း ပေးရမည့်အကြောင်း။ နောက်ထပ် ချုပ်ဆိုချက်စကား။

၁၁၈၇ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

၂။ ။ မြန်မာတပ်များကို နုတ်သိမ်းရန်။ အင်္ဂလိပ်စစ်ဗိုလ်တို့ စီးနင်းစုန်သွားရန် လှေများကို ပေးရန်။ သိမ်းယူသည့် ရဒါးသံတို့ ပစ္စည်းများ ပြန်ပေးရန်။ ထားဝယ်မြို့ဝန်၊ မေဃဝတီမြို့ဝန်တို့ကို အချုပ်မှလွှတ်ရန် အင်္ဂလိပ်ရေကြောင်းဗိုလ်တို့ ပြောဆိုမှတ်သားချက်။

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

၃။ ။ မြန်မာအရာရှိတို့စုံညီ။ စစ်ကိုင်းမြို့ ရာဇမုဏိစူဠဘုရား ကျောက်စာမှ မြို့ရွာအမည် အမှတ်ပါသည်ကို အင်္ဂလိပ်သံမယ်စယ်ဘော်ရနီ စာရေး ငနန္ဒကို ကူးယူစေသည့် ကျောက်စာပါစကား။

၁၁၈၉ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၂]။

၄။ ။ စစ်ကိုင်းမြို့၊ ဆရာပရိတ်တိုက်အိမ်တွင် မဏိပူရနယ် မြေအမှတ်အသားများကို မြန်မာအရာရှိတို့နှင့် အင်္ဂလိပ်အမြောက်ဗိုလ် ရောလင်းသေည်တို့ ပြောဆိုကြသည့် စကားမှတ်သားချက်။

၁၁၈၉ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့[၃]။

၅။ ။ စစ်ကိုင်းမြို့ ဆရာပရိတ်တိုက်အိမ်တွင် မဏိပူရနယ်မြေ ပိုင်းခြားမှုစကားနှင့်စပ်၍ အင်္ဂလိပ်စစ်ဗိုလ်တို့တွင် ပါသည့် ၎င်းနယ်မြေပုံနှင့် မြန်မာနိုင်ငံရှိရင်း နယ်မြေပုံများကို တိုက်ဆိုင်၍ နှစ်ဖက်အရာရှိတို့ ပြောဆိုချက်။

၁၁၈၉ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၄]။

၆။ ။ အင်္ဂလိပ်အမြောက်ဗိုလ် ရောလင်းသေည်က မြန်မာအရာရှိများထံရှိသည့် ကုလားဖြူ ၁၊ ကုလားနက် ၆ အနက်၊ ကုလားနက် ၅ ကိုသာ ပေးအပ်ရှိ၍ ကျန်လူတို့ ရှိ မရှိ မေးချက်နှင့်။ မြန်မာအရာရှိတို့က ရှိ မရှိကို မေးမြန်း၍ ပြန်ပြောမည် ပြောဆိုချက်။ စာချုပ်က တိုးပွား၍ အပိုမပြောစေလိုကြောင်း အကျယ် ပြောဆိုချက်များ။

---

၁။ ၁၂ ဇွန် ၁၈၃၀    ၂။ ၂၅ ဖေဖော်ဝါရီ ၁၈၂၈    ၃။ ၂၆ ဖေဖော်ဝါရီ ၁၈၂၈    ၄။ ၆ မတ် ၁၈၂၈

၁၁၈၉ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့[1]။

၇။ ။ အင်္ဂလိပ် အမြောက်ဗိုလ် ရောလင်းသေည်တို့ ကုလားဖြူ ၁ ကို မြန်မာအရာရှိတို့က ပေးအပ်သည့် စကားအကျယ် မှတ်သားချက်။

(က) အမြောက်ဗိုလ် ရောလင်းသေည်က တင်ပေးသည့် လူစာရင်း။

---

## ၂ မှတ် ပုရပိုက်ထွက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[2]။

၁။ ။ ကိုယ်ကျိုးကိုယ်စီးပွား မဟုတ်၊ တိုင်းကျိုးပြည်ကျိုး အရှင်အကျိုးကိုသာ ပြောဆိုကြရန်ကို စစ်ကိုင်းဘက် စကားပြောတဲတွင် ဆောမြို့စားအတွင်းဝန်၊ ရွှေခွန်ဝန်၊ အတွင်းဝန်တို့နှင့် သံကြောပွတ်တို့ ပြောဆိုသည့် စကားမှတ်ချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[3]။

၂။ ။ ရန္တပိုစာချုပ်တွင် မပါသည့် မုတ္တမမြို့ စီရင်စု၊ မော်လမြိုင်မြို့တွင် အင်္ဂလိပ်စစ်ဗိုလ်တို့ နေသည်ကို ခြားနားအောင် ဆိုစေလိုသည် မြန်မာအရာရှိတို့က ပြောချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

၃။ ။ မော်လမြိုင်မြို့သည် အထက်စာချုပ်ပါဖြစ်ကြောင်း သံကြောပွတ်က အကျယ်ပြောဆိုချက်။

(က) ယခုပြောချက်အရ ရန္တပိုစာချုပ်ကို ဖျက်ဆီးလိုသော စကားသံပါကြောင်း မြန်မာအရာရှိတို့က ပြောလျှင် စာချုပ်အတိုင်း ပြောဆိုကြောင်း သံကြောပွတ်က ပြန်ပြောချက်။

(ခ) မြန်မာအရာရှိတို့က ကြေးငွေပြေလျက် ရန်ကုန်မြို့မှ အင်္ဂလိပ်စစ်ဗိုလ်တို့ မထွက်မသွား ရှိနေသည်ကို မေးလျှင်၊ သံကြောပွတ်က ၅ ရပ် စာချုပ်ရန်ကို ခွင့်ပြုလျှင် ထွက်သွားစေမည် ပြန်ပြောချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၄။ ။ စစ်ကိုင်းဘက် စကားပြောတဲတွင် သံကြောပွတ်နှင့် မြန်မာအရာရှိတို့ ပြောဆိုသည့် စကားချက်။

(က) မြန်မာအရာရှိတို့က ရန်ကုန်မြို့မှ ကြက်တောင်ဗိုလ် မသွားသည့်အကြောင်းကို မေးရာ၊ သံကြောပွတ်က ယနေ့မှ ၃၆၅ ရက်အတွင်း တတိယငွေကို၊ ၎င်းမှ ၃၆၅ ရက်အတွင်း စတုတ္ထငွေကို ပေးရန် ပြောသည့်အကြောင်း။

(ခ) ရန္တပိုစာချုပ်အရ ပထမ၊ ဒုတိယငွေကို ပြေကြေ၍ ကျန်ငွေကို စာချုပ်ဆိုပြီးလျှင် ရက်ပေါင်း ၂၀ အတွင်း ရန်ကုန်မြို့ကို မြန်မာအရာရှိများထံအပ်၍ ကြက်တောင်ဗိုလ်တို့ ပြန်သွားစေပါမည် ပြောသည့်အကြောင်း။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့[4]။

၅။ ။ စစ်ကိုင်းဘက် စကားပြောတဲတွင် နေပြည်တော်မှာ နေ့ရက်မည်မျှကြာ နေမည် သံကြောပွတ်ကို မေးရာ၊ သံကြောပွတ်က ရွှေမျက်နှာတော်ကို ဖူးမြော်လိုကြောင်း၊ ၅ ရပ် စာချုပ်အနက် ပေးသမျှ အခွင့်ကိုယူ၍ ပြန်လိုကြောင်း ပြောချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

၆။ ။ စစ်ကိုင်းဘက် စကားပြောတဲတွင် သံကြောပွတ်နှင့် ပြောဆိုကြသည့်စကား။

(က) ရွှေလမ်း၊ ငွေလမ်း ၂ ရပ်အနက် ရွှေလမ်းကို မဖွင့်လျှင်၊ ငွေလမ်းကို ဖွင့်စေလိုသည် သံကြောပွတ် ပြောချက်။

(ခ) ငွေလမ်းဖွင့်ပါ ခွင့်တောင်းသည်မှာ ရှေးအစဉ်အစဉ် မဟုတ်၊ သို့သော်လည်း အင်္ဂလိပ်တိုင်းပြည်က လှေ၊ သင်္ဘောများနှင့် လာသည့် ကုန်သည်တို့မှာ ရောင်း၍ရသည့်ငွေကို ဆိပ်ကမ်းတွင်ဝယ်ရန်

---

[1] ၇ မတ် ၁၈၂၈ [2] ၁၀ နိုဝင်ဘာ ၁၈၂၆ [3] ၂ နိုဝင်ဘာ ၁၈၂၆ [4] ၁၇ နိုဝင်ဘာ ၁၈၂၆

ကုန်မရှိကြောင်း၊ ပွဲစားတို့က အရာရှိများထံ အစီရင်ခံမှ ကျန်ငွေအင်အားကိုထောက်၍ ဆောင်ယူခွင့် ပြုစေမည် သံကြောပွတ်သို့ ပြန်ပြောချက်။

(ဂ) ကုန်ရောင်းရသည့်ငွေကို အရာရှိတို့က မေးမြန်း မရှိစေရ။ ကုန်ဝယ်လိုလျှင်သာ ဝယ်ရန်၊ မဝယ်လိုလျှင် ငွေကိုယူရန် ခွင့်ပြုစေလိုသည် သံကြောပွတ်က ပြောဆိုချက်။

(ဃ) အရာရှိ မမေးမြန်းစေလိုလျှင် ပွဲစားတို့ ရှိပြီ၊ ပွဲစားတို့ထံ ပြောဆိုရမည် သံကြောပွတ်သို့ ပြန်ပြောသည်တွင်။ ။ ပွဲစားလည်း အရာရှိကဲ့သို့ ဖြစ်သည်၊ ငွေယူခွင့်ကိုသာ ပြုစေလိုသည်၊ သံကြောပွတ်က ပြန်ပြောချက်။

(င) ယခု တောင်းဆိုချက်များသည် နှစ်ပြည် အကျိုးများမည်ထင်၍ တောင်းကြောင်း၊ မိတ်သဟာယ အစဉ်ဖြစ်အောင် ကြိုးစားသင့်ကြောင်းများနှင့် နောက်ထပ်ပြန်ပြောချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့[၁]။

၇။ ။ သံကြောပွတ်က အခွင့်ပေးရန် စကား ၄ ချက်ကို လက်မှတ်ရေးထိုးမည့်အကြောင်း၊ ၇ ရက်အတွင်း ပြန်လိုကြောင်း၊ ရွှေတော်သို့ ဝင်လိုကြောင်း ပြောဆိုရာ မြန်မာအရာရှိတို့က ပွဲလမ်းနှင့်ကြုံမှ ဖူးမြော်ခွင့် ရကြောင်း ပြန်ပြောသည့် စကားများ။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

၈။ ။ သံကြောပွတ်သို့ ငွေပေးနေ့ရက် ရွှေ့ဆိုင်းရန်ပြောရာ၊ အထက် တောင်းရင်းအခွင့် တစ်ရပ်ရပ်ကို ပေးမှ ရွှေ့ဆိုင်းခွင့်ပြုနိုင်မည့်အကြောင်း၊ ကြက်တောင်ဗိုလ်ကလည်း ပြန်တော့မည်စာ လာရောက်ကြောင်း၊ ပုထိုးတော်ကြီး၊ မဟာမုနိ၊ မန္တလေးတောင်များသို့ သွားလိုကြောင်း ပြောဆိုချက်။

၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၂]။

စစ်ကိုင်းမြို့ စကားပြောတဲတွင် သံကြောပွတ်နှင့် ပြောဆိုသည့်စကား။

၉။ ။ သံကြောပွတ်က ယခု အလျင်အမြန် ပြန်ရမည်။ လှေတက်ကြည်းဆောင်လူများနှင့် ပြန်သွားရအောင် ပြုပါ ပြောဆိုသည်တွင် အမှုကုန်လျှင် ပြန်စေရမည်ပင်၊ ရောင်းဝယ်မှုကိုသာ အရေးပိုင်သည် ဆိုသောကြောင့် အလိုရှိသည်များကို သံစေလွှတ် ပြောဆိုစေမည် မြန်မာအရာရှိတို့က ဆိုရာ၊ သံ စေလွှတ်လျှင် အရှည်မိတ် ဖြစ်ရန်ရှိကြောင်း သံကြောပွတ်က ပြန်ပြောချက်။

၁၁၈၈ ခု၊ နတ်တော်လဆန်း၊ ၃ ရက်နေ့[၃]။

စစ်ကိုင်းဘက် ဆရာပရိတ် တိုက်အိမ်တွင် သံကြောပွတ်နှင့် မြန်မာအရာရှိတို့ ပြောဆိုသည့်စကား။

၁၀။ ။ ဟံသာဝတီမြို့က ဘုရားအသည်ဓမ္မရက္ခကို မော်လမြိုင်မြို့သို့ ခေါ်သွားသည့်အကြောင်း မေးရာ၊ ကြက်တောင်ဗိုလ်နှင့် တိုင်ပင်လို၍ ခေါ်သွားကြောင်း၊ ၎င်းကိုလည်း ချုပ်ထားမရှိ ပြန်သွားလာခွင့်ရှိကြောင်း၊ တောင်ငူမြို့က ကုလားကို သိမ်းထားသည်မှာ တိုက်ပွဲက ထွက်ပြေးဖူးကြောင်း၊ နိုင်ငံတော်တွင်း ဖြစ်၍ သတ်ပြစ်မစီရင်နိုင်ကြောင်း၊ ပြန်သွားရန် ပို့စေမည့် လှေ လူများကို နှိုးဆော်စေလိုကြောင်းများနှင့် ပြောဆိုချက်။

၁၁၈၈ ခု၊ နတ်တော်လဆန်း၊ ၆ ရက်နေ့[၄]။

၁၁။ ။ စစ်ကိုင်းမြို့ ဆရာပရိတ် တိုက်အိမ်တွင် သံကြောပွတ်နှင့် ပြောဆိုကြသည့်စကား။

(က) ၁၁၈၅ ခုနှစ်က အင်္ဂလိပ်ကုန်သည် သံထောက် သေဆုံးရာ၊ မြန်မာအရာရှိတို့ သိမ်းယူသည့် ဥစ္စာပစ္စည်းကို ပြန်ပေးသင့်ကြောင်း ပြောဆိုသည်တွင် မြန်မာအရာရှိတို့က အမှုဟောင်းကို မဆိုထိုက်ကြောင်း ပြောဆိုချက်။

(ခ) ရန္တပိုစာချုပ်ပါ လက်ရသိမ်းထားသည့် ကုလားများကို ပေးအပ်ရန် သံကြောပွတ်က တောင်းရာ ပေးအပ်ပြီး ဖြစ်သည်။ ယခု ချုပ်ထားသူလည်း မရှိ၊ သံကြောပွတ်တွင် ပါသည့် ဘုရင်ခံအမိန့်မှာလည်း ကုန်မှုနှင့် စပ်သည်ကိုသာ ပါသည်၊ ပိုမို၍ ပြောဆိုရန် မသင့်ကြောင်း မြန်မာအရာရှိတို့က ပြန်ပြောချက်။

---

၁။ ၁၉ နိုဝင်ဘာ ၁၈၂၆ ၂။ ၂၀ နိုဝင်ဘာ ၁၈၂၆ ၃။ ၂ ဒီဇင်ဘာ ၁၈၂၆ ၄။ ၅ ဒီဇင်ဘာ ၁၈၂၆

(ဂ) မစုလိမြို့သား မဟာမက်အလီ ငွေ ၁၀၀ဝ၊ အဝမြို့နေ မောင်မြထံ ရှိသည်ကို တောင်းခံပေးမည့်အကြောင်းနှင့် သံကြောပွတ်က စာရေးသား ပြောဆိုချက်။

---

## ၃ မှတ် ပုရပိုက်ထွက်။

**၁၁၉၂ ခု၊ နယုန်လဆန်း ၁ ရက်နေ့ [၁]။**

ဆင်ကျုံးမြောက်တိုက်တွင် ငွေခွန်ဝန်၊ စစ်ကိုင်းမြို့ဝန်၊ အဝေးရောက်စာရေး၊ သံတော်ခံတို့ စုံညီ မယ်စယ်ဘော်ရနီနှင့် စကားပြောဆိုချက်။

၁။ ။ မြန်မာအရာရှိတို့က မယ်စယ်ဘော်ရနီ ခြေနင်းစီး၍ ဝင်လိုသည်ကို ရှိခိုးသံတော်ဦးတင်ရာ အခွင့်မရ ပြောဆိုကြောင်း။

၂။ ။ မယ်စယ်ဘော်ရနီက လက်ဆောင်တော် ဝင်ရောက်ဆက်သည့်အခါ အင်္ဂလိပ်ဘာသာ ခေါ်ဘန်းကို စွပ်၍ ဝင်ရအောင် တင်လျှောက်ပါမည့်အကြောင်း၊ ရှိခိုးဦးခိုက်ပါမည့်အကြောင်း၊ ဘုန်းတော်ဘွဲ့များကို ရေးသား တင်လျှောက်၍ အပြည့်ပြည့်ကို သတင်းစာပေးပါမည့်အကြောင်း၊ နောက်ကို ခေါ်တော်မူ၍ ရာဇပလ္လင်မှာ မစံတော်မူလျှင် မြန်မာမှူးမတ်တို့ ထုံးစံရှိရာ ဝင်ပါမည့်အကြောင်း ပြန်ပြောချက်။

**၁၁၉၂ ခု၊ နယုန်လဆန်း ၈ ရက်နေ့ [၂]။**

၃။ ။ မယ်စယ်ဘော်ရနီ မကျန်းမာသည်ကို မေးမြန်းရမည် ဝန်ကြီးမင်းများ အမိန့်အရ လွှတ်တော်အရာရှိတို့ သွားရောက်မေးမြန်းရာ မယ်စယ်ဘော်ရနီက ရောဂါတိုးကြောင်း၊ ပူသောအရပ်တွင် အသည်းကြီးရောဂါ ဖြစ်တတ်၍ ဘင်္ဂလားသို့ ပြန်လိုကြောင်း၊ ရခိုင်မြို့နယ်နှင့် စပ်သည့် ယခုပေးစာကို ဝန်ကြီးမင်းများသို့ ပေးပါ ပြောဆိုရာ၊ မြန်မာအရာရှိတို့က ဆိုင်ရာသို့ ပေးပါ ပြန်ပြောကြောင်း၊ မယ်စယ်ဘော်ရနီက ငွေခွန်ဝန်သို့ စာပေးရာ ပြန်စာမရကြောင်း၊ ၎င်းအကြောင်းများကို ဘင်္ဂလား ကုမ္ပဏီ ကြားလျှင် စိတ်ဆိုးမည့်အကြောင်း၊ တစ်လအတွင်း စကားမကြားရလျှင် မီးသင်္ဘောနှင့် လာရောက်ရအောင် ပြောဆိုလိမ့်မည် အကြောင်းများနှင့် ပြောဆိုချက်။

**၁၁၉၂ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့ [၃]။**

၄။ ။ မယ်စယ်ဘော်ရနီ မကျန်းမမာရှိသည်ကို မေးမြန်းရမည် ဝန်ကြီးများ အမိန့်အရ သွားရောက်မေးမြန်းရာ ပြောဆိုမှတ်သားချက်။

(က) မြန်မာအရာရှိတို့က ရောဂါဝေဒနာ မည်သို့ရှိသည် မေးသည်။

(ခ) မယ်စယ်ဘော်ရနီက မေးမြန်းသည်ကို ကျေးဇူးတင်ကြောင်း၊ မကျန်းမမာသည့်အတွင်း ယခုတိုက်မှာပင် စကားပြောရန် ဝန်ရှင်တော်မင်းကြီးများကို လျှောက်ပါ ပြောဆိုကြောင်း။

(ဂ) မြန်မာအရာရှိတို့က မကျန်းမမာသည်ကိုသာ အမေးလာရသည်။ မင်းရေးမင်းမှု ပြောဆိုရန်ရှိလျှင် သံအကြီးအကြပ် ငွေခွန်ဝန်ကိုသာ ပြောဆိုရမည် ပြောဆိုကြောင်း။

(ဃ) မယ်စယ်ဘော်ရနီက ကျွန်ုပ်မယားနှင့် ကျွန်ုပ်ညီတို့ ဆိုးသွမ်းကြောင်း မှတ်သား၍ ဘင်္ဂလားကုမ္ပဏီထံ စာပို့မည် ကြားသိရကြောင်း၊ နောင် မြန်မာမင်းတို့ မကြိုက်သည်ကို လူငယ်တို့ မပြုမလုပ်ရန် တားမြစ်မည့်အကြောင်း၊ လေညင်းခံရန် ငွေခွန်ဝန်ကို လေ့တောင်း၍ မရကြောင်း၊ ဘင်္ဂလားမြို့သို့ ပြန်လိုကြောင်း၊ ကျွန်ုပ်အစား မျက်မှန်ဆိုသူ လာမည့်အကြောင်း။

(င) မယ်စယ်ဘော်ရနီ စကားများကို ပြန်၍ မပြောမဆိုပိုင်ကြောင်း၊ လေ့မရ ဆိုသည်ကိုသာ ဝန်ရှင်တော်မင်းကြီးများမှာ အစီရင်ခံမည့်အကြောင်းကို မြန်မာအရာရှိတို့က ပြန်ပြောကြောင်း။

**၁၁၉၂ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့ [၄]။**

၅။ ။ မယ်စယ်ဘော်ရနီက မကျန်းမမာရှိ၍ စကားပြောဆိုရန် ရှိသည်ကို တိုက်မှာပင် ပြောဆိုပါရမည့်အကြောင်းနှင့် ကပ္ပိတန်လျှင်ကို စေလွှတ်ပြောဆိုစေရာ၊ ဝန်ကြီးမင်းများက မမာသည့်အတွင်း သင့်ပြီမိန့်ဆိုချက်။

---

၁။ ၂၂ မေ ၁၈၃၀ ၂။ ၂၉ မေ ၁၈၃၀ ၃။ ၃၁ မေ ၁၈၃၀ ၄။ ၁ ဇွန် ၁၈၃၀

၁၁၈၂ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၁]။

၆။ ။ ဆင်ကျုံးမြောက်တိုက်တွင် ပတိမ်းမြို့စားဝန်ကြီး၊ မြဝတီမြို့စားဝန်ကြီး၊ ဆောမြို့စား အတွင်းဝန်၊ ကျီဝန် အတွင်းဝန်၊ ဝန်ထောက် သံတော်ဆင့်တို့စုံညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုသည့် မှတ်သားချက်။

(က) မယ်စယ်ဘော်ရနီက ယခု ဝန်ကြီးမင်းတို့ ကြွလာသည်ကို ကျေးဇူးတင်ကြောင်း၊ နှစ်ပြည် အကျိုးရှိအောင် ပြောဆိုမည် လာရောက်ကြောင်း၊ အလျင်တစ်ကြိမ် ပြောဆိုသည်ကို ရွှေနှလုံးတော် မသာယာရှိသည် ကြားသိရကြောင်း ပြောဆိုရာ၊ ဝန်ကြီး အတွင်းဝန်တို့က ထုံးစံဓလေ့ကို ဖျက်ကွာ ပြောဆိုသောကြောင့် ရွှေနှလုံးတော် မသာယာကြောင်း၊ ထုံးစံအတိုင်း ဝင်ထွက်လျှင် ရွှေနှလုံးတော် သာယာအောင် တင်လျှောက်မည် ပြောဆိုကြောင်း။

(ခ) ဝန်ကြီးမင်းတို့က ငါတို့လည်း နှစ်ပြည် အကျိုးရှိအောင် ဖြောင့်ဖြောင့်ရိုးရိုး ဆိုမည် ပြောဆိုရာ၊ မယ်စယ်ဘော်ရနီက ရွှေနှလုံးတော် မသာမည်ကို ခန့်ညားကြောင်း၊ ခြေနင်းချွတ်၍ ဝင်ထွက်မည့်အကြောင်း၊ ၎င်းအကြောင်းကို မြန်မာအရာရှိတို့က ဘင်္ဂလားသို့ ပေးမည့်စာတွင် ထည့်၍ပေးပါ ပြောဆိုကြောင်း။

(ဂ) ဝန်ကြီး၊ အတွင်းဝန်တို့က နှစ်တိုင်း နှစ်ပြည် အကျိုးကိုငဲ့၍ ထုံးစံအတိုင်း ခြေနင်းချွတ်၍ ဝင်မည် ဝန်ခံသည်မှာ သင့်ကြောင်း၊ နောက်ကိုလည်း မသင့်သည့် အရာများကိုလည်း ပြောမည် ပြောဆိုသည့်အကြောင်း။

(ဃ) မယ်စယ်ဘော်ရနီက ယခု အသင့်အတင့် ရှိကြပြီ၊ အလျင် မသင့်တင့်သည်များကို ပယ်ဖျောက်၍ ရွှေနှလုံးတော် သာယာအောင် ဝန်ကြီး အတွင်းဝန်များနှင့် တိုင်ပင်၍ လျှောက်ထားပါမည် ပြောဆိုကြောင်း။

(င) ဝန်ကြီး အတွင်းဝန်တို့က နှစ်တိုင်းနှစ်ပြည် အကျိုးရှိလျှင် ပြောသည့်အတိုင်း နှလုံးသွင်းမည်။ အကျိုးရှိမည် စကားကိုသာ ပြောရန် ဆိုကြောင်း။

(စ) မယ်စယ်ဘော်ရနီက ကုမ္ပဏီမင်းက မှာထားသည့် စကားနှစ်ချက်ကို ပြောလိုပါသည် ဆိုကြောင်း။

(ဆ) ဝန်ကြီး အတွင်းဝန်တို့က ပြောရန် ခွင့်ပြုသည့်အကြောင်း။

(ဇ) မယ်စယ်ဘော်ရနီက ရန္တပိုစာချုပ်ပါ ငွေပြေကြေပေးနိုင်မည့် နေ့ရက်ကို သိလိုသည်။ ရခိုင်နယ်စပ်တွင် သူခိုး ဓားပြ စေလွှတ်တိုက်ခိုက်စေသူ မင်းတုန်းဝန်ကို လူလဲလှယ်ခန့်ထား။ မော်လမြိုင်နယ်စပ်မှာလည်း သူခိုး ဓားပြတို့ကို နိုင်နင်းအောင် စီရင်စေလိုသည် ပြောဆိုကြောင်း။

(ဈ) ဝန်ကြီး အတွင်းဝန်တို့က ငွေပေးမည်နေ့ရက်ကို သင့်အောင်ဆိုမည်။ ရခိုင်နယ်စပ်မှာ မင်းတုန်းဝန်က ဓားပြများ စေလွှတ်တိုက်ခိုက်သည် ဆိုသည့်စကား မဟုတ်ကြောင်း၊ နောက်ကို ဆင့်ဆိုမည့်အကြောင်း။ မော်လမြိုင်မြို့မှာ မြန်မာအရာရှိများကို အင်္ဂလိပ် မယ်စယ်ဘော်ရနီက ဆွဲငင်ကြိမ်းမောင်းသည်၊ စစ်ပါရီများက မီးရှို့သည်၊ သည်ကဲ့သို့ ငါတို့က ပြုချင်ပြုသော် မည်သို့ရှိမည်၊ မော်လမြိုင်မှာ ထိန်းအုပ်သူကိုလည်း လဲထားမှ အရှည်သင့်တင့်ကြမည် ပြောဆိုကြောင်း။

(ည) မယ်စယ်ဘော်ရနီက ငွေစကားကို ကြားပါပြီ၊ မော်လမြိုင်မြို့ စကားမှာ ဓားပြတို့ကို အကြိမ်ကြိမ် တောင်းရာ မအပ်သောကြောင့် ကုမ္ပဏီမင်းက အမိန့်နှင့် စစ်ပါရီကို စေလွှတ်ဖမ်းဆီးရာ မီးရှို့သည်မှာ ရှို့သင့်သည်ပင် ပြောဆိုကြောင်း။

(ဋ) ဝန်ကြီး အတွင်းဝန်တို့က အင်္ဂလိပ်မင်း ရန်သူကို ငါတို့ရန်သူ ထင်သည်၊ ငါတို့ရန်သူကို အင်္ဂလိပ်မင်း ရန်သူ ထင်ပါ၏လား မေးကြောင်း။

(ဌ) မယ်စယ်ဘော်ရနီက သည်အရာမှာ ရန္တပိုစာချုပ်တွင် မပါ၊ ယိုးဒယားက လူဆိုးတို့ အင်္ဂလိပ်ဘက်သို့ ခိုဝင်လာလျှင် အပ်လိုမှ အပ်ရသည်၊ မအပ်လိုလျှင် အတင်းမခေါ်ရ။ ယိုးဒယားနှင့် စာချုပ်ထားသည် ဆိုကြောင်း။

---

၁။ ၂ ဇွန် ၁၀၈၀

(ဃ) ဝန်ကြီး အတွင်းဝန်တို့က စေပ်ငယ် ဆိုးသွမ်း၍ ဖမ်းဆီးရာ မော်လမြိုင်မြို့မှာ ရှိနေသည်၊ အပ်မှ သင့်မည်။ ကြက်တောင်ဗိုလ်က ရန်ကုန် ဝန်မင်းကြီးထံ ပေးစာတွင် မြန်မာမင်း ရန်သူကို အင်္ဂလိပ်မင်း ရန်သူ မှတ်ပါမည် ပါရှိသည် ပြောဆိုကြောင်း။

(ဎ) မယ်စယ်ဘော်ရနီက စေပ်ငယ်သည် ခိုမှီဝင်လာသူဖြစ်၍ လက်ခံရှိပေသည်၊ မဆိုးသွမ်းအောင် ထိန်းသိမ်းပါမည် ဆိုကြောင်း။

(ဏ) မင်းကြီး အတွင်းဝန်တို့က မဏိပူရနယ် စကားနှင့်စပ်၍ ကုမ္ပဏီမင်းများက ပေးသည့်စာကို တင်ပြတော့ ဆိုကြောင်း။

(တ) မယ်စယ်ဘော်ရနီက နန်းတော်သို့ ဝင်မှ တင်ပြပါမည် ဆိုကြောင်း။

(ထ) ဝန်ကြီး အတွင်းဝန်တို့က အကျိုးတော်ရှိအောင် တင်လျှောက်ပါမည် ပြောချက်အတိုင်း မည်သို့ တင်လျှောက်မည် မေးကြောင်း။

(ဒ) မယ်စယ်ဘော်ရနီက ဝန်ကြီးမင်းများ အလိုရှိသမျှကို အားထုတ်၍ ဆောင်ရွက်ပါမည်။ နှစ်တိုင်း နှစ်ပြည် အကျိုးရှိအောင် ပြုပါမည်။ မြန်မာတို့ ထုံးစံအတိုင်း ထွက်ဝင်ခစားပါမည် ဆိုကြောင်း။

၁၁၉၂ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့[၁]။

၇။ ။ ဆင်ကျုံးမြောက်တိုက်တွင် ပတိမ်းမြို့စားဝန်ကြီး၊ မြဝတီမြို့စားဝန်ကြီး၊ ဆောမြို့စားဝန်ကြီး၊ ကျီဝန် အတွင်းဝန်၊ ဝန်ထောက်၊ သံတော်ဆင့်တို့စုံညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုမှတ်သားချက်။

(က) ဝန်ကြီး အတွင်းဝန်တို့က မဏိပူရမြို့ ကမ္ဘီရရှိန်နှင့် အင်္ဂလိပ်တို့ နယ်မြေကို ကျူးလွန်ဝင်ရောက်သည်ကို မည်သို့ဆိုမည် ဆိုကြောင်း။

(ခ) အရေးပိုင် ရဇဒင် မယ်စယ်ဘော်ရနီက မြန်မာမှူးမတ်တို့ ရေးပေးသော နယ်မြေပုံ မမှန်၍ ကုမ္ပဏီ မင်းက ပေးလိုက်သော နယ်မြေပုံစံအတိုင်းသာ မဏိပူရဗိုလ်တို့ အမှတ်အသားထားသည့် လက္ခဏာ ရှိသည် ပြောဆိုကြောင်း။

(ဂ) ဝန်ကြီး အတွင်းဝန်တို့က မဏိပူရ ကသည်းတို့ အမှုကြောင့် တိုင်းကြီးပြည်ကြီးချင်း မိတ်မပျက်သင့်၊ ကုမ္ပဏီမင်းလည်း တစ်ဖက်စကားနှင့် အပြီးအပြတ် မဆိုသင့်။ သည်အခွင့်ကို အရေးပိုင် ဖြစ်သည့် အတိုင်း ပြီးပြတ်အောင် ပြောဆိုမှ ကောင်းမည် ပြောဆိုကြောင်း။

(ဃ) အရေးပိုင် ရဇဒင် မယ်စယ်ဘော်ရနီက သည်စကားကို ပြီးပြတ်ပြီထင်၍ ကုမ္ပဏီမင်းက အပြီးအပြတ် ဆိုချက် စကားပါကြောင်း။ တစ်ဖက်စကားနှင့် မပြီးပြတ်စေသင့် ဆိုသော စကားကို ကုမ္ပဏီမင်းထံ စာပေးပါမည်။ ဤအကြောင်းကိုမေးရန် မဏိပူရဗိုလ်ကိုလည်း ခေါ်ပါမည်။ သည်အတွင်း ခိုက်ရန် မဖြစ်ရအောင်လည်း စာပေးပါမည် ပြောဆိုကြောင်း။

(င) ဝန်ကြီး အတွင်းဝန်တို့က မဏိပူရဗိုလ်ကို ခေါ်ပါဦးတော့။ ငါတို့ကလည်း သောင်သွပ် စော်ဘွားကို ခေါ်မည်။ ဂမ္ဘီရရှိန်လည်း အမျိုးအရိုး ဖြစ်စေသင့်သူ မဟုတ်။ နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်အောင် ပြုသူ ဖြစ်သည်ကို နှလုံးသွင်းရမည် ပြောဆိုကြောင်း။

(စ) အရေးပိုင် ရဇဒင် မယ်စယ်ဘော်ရနီက ခေါ်၍ ရောက်သည်ကာလ ဆိုင်ပြိုင်ပြောဆိုပါတော့ ဆိုကြောင်း။

(ဆ) ဝန်ကြီး အတွင်းဝန်တို့က တမူးခန်းပတ် နယ်မြေများသည် နန်းစဉ်ရွှေတိုက်ထွက် စာတမ်းများပြင် ရာဇမုနိစူဠာဘုရား ကျောက်စာမှာရှိကြောင်း ပြောဆိုကြောင်း။

(ဇ) အရေးပိုင် ရဇဒင် မယ်စယ်ဘော်ရနီက သည်အကြောင်းနှင့်စပ်၍ မဏိပူရမြို့ ဗိုလ်ကို ခေါ်ဆဲ၊ ကုမ္ပဏီမင်းထံ စာပေးဆဲ ဖြစ်ကြောင်း။ နံ့တွီချောင်းမြစ်ရှိသည် မှန် မမှန် အသေအချာ ကြည့်ရှု မှတ်သားခဲ့ကြရန် အတွင်းဝန်တို့က လူထည့်ပါ ဆိုကြောင်း။

(ဈ) ဝန်ကြီး အတွင်းဝန်တို့က လူထည့်မည်၊ ကြည့်ရှုမှတ်သားတော့ ဆိုကြောင်း။

---

၁။ ၃ ဇွန် ၁၈၃၀

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့[1]။

၈။ ။ ၎င်းတို့ စုံညီ ပြောဆိုမှတ်သားချက်။

(က) မယ်စယ်ဘော်ရနီက လက်ဆောင်တော်များ နေ့ရက်မကြာ ထွက်ဝင် ဆက်သလိုသည်။ မဏိပူရ နယ်မြေအကြောင်းမှစ၍ အလိုရှိသည် အကြောင်းများကို စာရေးထားပါ။ ရန်ကုန်မင်းကြီးထံ ပေးပါမည့် သူတွင် ပေးလိုက်လိုသည်။ မဏိပူရအကြောင်းကို စစ်တွေ၊ ရခိုင် နှစ်ဌာနလမ်းက ဘင်္ဂလားသို့ စေလွှတ်ပို့မည်။ မဏိပူရအကြောင်း ဘင်္ဂလားသို့ စာပေးရန်ကို ဝန်ကြီးမင်းများက အင်္ဂလိပ် ဝန်ကြီးထံ စာပေးသင့်သည် ပြောဆိုကြောင်း။

(ခ) ဝန်ကြီး အတွင်းဝန်တို့က မဏိပူရကသည်း နယ်မြေမှုစကားမှာ အရေးပိုင်က မဏိပူရမြို့ရှိ ဗိုလ်ကို ခေါ်စေသူနှင့် အဆောင်မြဲကို ခန့်ထားစေလွှတ်ပြီ။ လက်ဆောင်တော် ဆက်သရန် နေ့ရက်ကို ညှိနှိုင်း၍ ဆိုမည်။ ဘင်္ဂလားသို့ စာပို့လိုသည့်အတိုင်း ငါတို့က ခန်းပတ်မြို့၊ သောင်သွပ်မြို့ အကြောင်းကို မှတ်သား၊ မယ်စယ်ဘော်ရနီ ပြသ ပြောဆို၍ လေ့တက် ပေးအပ်သွားစေမည်။ သောင်သွပ်မြို့သည် သက္ကရာဇ် ၉၉၉ ခု၊ အဝရွှေနန်းရှင် သာလွန်မင်းလက်ထက် ၁၀၁၂ ခုနှစ် စိုက်သော ရာဇမုနိစူဠ ကျောက်စာမှာ ရှိသည်ကို နှလုံးသွင်းရမည် ပြောဆိုကြောင်း။

(ဂ) မယ်စယ်ဘော်ရနီက ကျောက်စာကို သွား၍ ကြည့်လိုပါသည် ဆိုကြောင်း။

(ဃ) မြန်မာမင်းက အင်္ဂလိပ်မင်းကို ပေးရန် စာဦးစာခေါင်း။

(င) အင်္ဂလိပ်မင်းက မြန်မာမင်းကို စာပေးရန် စာဦးစာခေါင်း။

(စ) မြန်မာဘုရင်မင်းမြတ် စစ်သူကြီးက အင်္ဂလိပ်မင်း စစ်သူကြီးတို့သို့ စာပေးရန် စာဦးစာခေါင်း။

(ဆ) အင်္ဂလိပ်မင်း စစ်သူကြီးတို့က မြန်မာဘုရင်မင်းမြတ် စစ်သူကြီးတို့သို့ စာပေးရန် စာဦးစာခေါင်း။

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[2]။

၉။ ။ ဆင်ကျုံးမြောက်တိုက်တွင် ငွေခွန်ဝန် မင်းလှသီရိသခ်ယာ၊ သဘော်သူကြီး ဘောဂရာဇသူ၊ အဝေးရောက် စာရေးတို့ အစုံအညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုမှတ်သားချက်။

(က) မယ်စယ်ဘော်ရနီက မကျန်းမမာသောကြောင့် ရုံးတွင် တာရှည်မနေနိုင်ပါ။ လက်ဆောင်တော်များနှင့် ဝင်ရမည့်နေ့ရက်ကို သိလိုပါသည်။ စီးယာဉ်ဆင်များက ဆင့်ဆိုသည့်နေရာက ဆင်း၍ ဝင်ပါမည်။ စစ်ပါရီ သေနတ်ကိုင်များကို ရုံးက နေရစ်ပါစေမည်။ လူကြီး ခြောက်ယောက်နှင့် အဆောင်ကိုင် လူ ၂၀ မှာ လက်နက် မပါစေရ။ ရွှေတော်ရောက် ခေါ်ခဲ့၍ ဖူးမြော်လိုကြောင်း။

(ခ) ဝင်သည့်ကာလ မြေနန်းလေ့ကားသို့ရောက်လျှင် ခြေနင်းချွတ်ပါမည်။ ထွက်တော်မူလျှင် သိုးချွတ်၍ အလွန် အရိုအသေပြုပါမည်။ ချထားသည့်နေရာက နေပါမည် ဆိုကြောင်း။

(ဂ) ဆက်ရန်စာကိုလည်း လက်ဆောင်တော် ဆက်ဝင်သည့်ကာလ၊ ကျွန်ုပ် ရှေ့က ရွှေကလပ်တွင် တင်ပြီးလျှင် နောက်ဆုတ်ပြန်၍ နေရာမှာ နေပါမည်။ မြန်မာပြန်ပြီး စာနှင့် လက်ဆောင်တော် စာရင်းကို ဖတ်လျှောက်ပါမည့်အကြောင်း။

(ဃ) အထက် မြန်မာဘာသာပြန်ဆိုချက် မမှန်ပါ။ ပြန်၍ အပ်ပါ။ မှန်အောင် ပြန်၍ ဆက်သွင်းပါမည်။ ရွှေတော်မှာ အင်္ဂလိပ်သာဘာစာကို အမိန့်တော်နှင့် ဖတ်စေလိုလျှင် ကျွန်ုပ်ကိုယ် ဖတ်လျှောက် ပါမည်။ အင်္ဂလိပ်ထုံးစံမှာ အလွန်ရိုသေခြင်း ဖြစ်ပါကြောင်း။

(င) မင်းညီမင်းသားများ ဝေါစီး၍ ဝင်သည့်နည်း၊ ကျွန်ုပ်လည်း ကိုယ်စားလှယ်ဖြစ်၍ ၎င်းကဲ့သို့ ယာဉ် စီး၍ မင်းညီမင်းသားများ ရပ်သည့်နေရာရောက် ဝင်သင့်ပါသည် ပြောဆိုကြောင်း။

(စ) ငွေခွန်ဝန်က ထုံးစံမရှိကြောင်းနှင့် ပြောဆိုသည်တွင် မည်သည့်အကြောင်းကြောင့် မဝင်ရသည်ကို သိလိုပါသည်။ ဝန်ရှင်တော်မင်းကြီးများ ပြောစကားအတိုင်း အင်္ဂလိပ်မင်းထံ စာပြန်ပေးရမည် ပြောဆိုကြောင်း။

---

၁။ ၉ နှစ် ၁၈၃၀ ၂။ ၁၅ နှစ် ၁၈၃၀

(ဆ) အထက် ကရော်ပွတ် လာသည့်ကာလ အထွက်အဝင် အကြောင်းအရာများကြောင့် အင်္ဂလိပ်မင်း၏ စိတ်ဆိုးကြောင်း၊ လက်ဆောင်တော်ယူရန် လူ ၁၀၀ လိုကြောင်း၊ ဝန်ရှင်တော်မင်းကြီးများမှာ အစီရင်ခံပါ ပြောဆိုကြောင်း။

ဝန်ရှင်တော်မင်းကြီးများက မယ်စယ်ဘော်ရနီသို့
ပြန်ဆိုမှာထားချက်။

(ဇ) သံတမန်တို့မှာ ရုံးတော်မှာ ရပ်နေမြဲ ဖြစ်သည်။ မင်းဧကရာဇ်၏ အာဏာထားရာဖြစ်၍ ဖိနပ်စီး၍ မတက်ရ။ ရွှေနန်းတော်သို့ မဝင်မီ ရုံးတော်မှာ ရပ်နေမှ ကောင်းမည်။

(ဈ) မင်းညီမင်းသားတို့နည်း ဝေါ်စီး၍ ဝင်လိုသည် ဆိုသည်မှာ အင်္ဂလိပ်မင်း ကိုယ်စားလှယ် ဖြစ်သော်လည်း မှူးမတ်သာဖြစ်၍ မင်းသားများကဲ့သို့ ဝင်လိုသည် မပြောမဆိုသင့်။

(ည) အလျှင်သွင်းရောက်သည့် စာပြန်ချက် မမှန်လျှင် ပြန်၍ အပ်မည်။ အမှန်အကန် ပြန်၍ ဆက်သွင်းလျှင် ထုံးစံရှိရာ နားခံတော်တို့ ဖတ်လျှောက်ရမည် ဖြစ်သည်။ အင်္ဂလိပ်စာကို အခြား ဖတ်လျှောက်ရတော့မည် မဟုတ်။ မဖတ်လျှောက်သင့် ပြောဆိုကြောင်း။

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

၁၀။ ။ဆင်ကျုံးမြောက်တိုက်တွင် ငွေခွန်ဝန်၊ စာရေးကြီး၊ သဘော်သူကြီး၊ အဝေးရောက် စာရေးတို့စုံညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုချက်။

(က) မယ်စယ်ဘော်ရနီက အင်္ဂလိပ်မင်း ကိုယ်စားလှယ် ဖြစ်သော်လည်း မှူးမတ်သာ ဖြစ်သည် ဆိုသည့် စကားမှာ ဘင်္ဂလား ကုမ္ပဏီမင်းကို မှူးမတ်ဆိုရာ ရောက်သည်၊ မရိုသေရာ ရောက်သည်။ စာပြန်ပေးပါမည်။ ကျွန်ုပ်နှင့်ကင်း၍ မင်းကြီးများတာဝန်ဖြစ်သည် ပြောဆိုကြောင်း။

(ခ) ခြေနင်းချွတ်မှ ရုံးသို့တက်ရမည် ဖြစ်လျှင် မတက်ပါ။ ကျွန်ုပ်ထက် အရာယ်သူ ခြေနင်းနှင့်တက်ပါသည်။ ခြေနင်းနှင့် မတက်စေလိုလျှင် သင့်ရာက နေပါမည် ပြောဆိုကြောင်း။

(ဂ) အင်္ဂလိပ်ဘာသာစာကို မြန်မာပြန်၍ ဆက်သွင်းလျှင် နားခံတော်တို့ ထုံးစံရှိရာ ဖတ်လျှောက်ရမည်။ အင်္ဂလိပ်စာကို မဖတ်သင့်ပြီ ဆိုသည်မှာ ဝန်ကြီးမင်းများ အလိုအတိုင်း ဖြစ်ပါစေတော့ ပြောဆိုကြောင်း။

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

၁၁။ ။ဆင်ကျုံးမြောက်တိုက်တွင် မြဝတီမြို့စားဝန်ကြီး၊ ဆောမြို့စား အတွင်းဝန်၊ ကျီဝန် အတွင်းဝန်တို့စုံညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုချက်။

(က) မယ်စယ်ဘော်ရနီက ဆက်သမည့် လက်ဆောင်တော်များကို ဆောင်ယူပုံ၊ ဆက်သမြဲ ထုံးစံအတိုင်း ဆက်သပုံ၊ တင်လျှောက်ရန်စာများ တင်လျှောက်ပုံမှစ၍ အခမ်းအနား စီစဉ်ပုံများရန်ထားသည့် အကြောင်း။

(ခ) အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံစာ။

(ဂ) အင်္ဂလိပ်မင်းက ဧကရာဇ်မင်းမြတ်၊ မိဖုရားကြီး၊ သားတော် စကြာမင်း၊ သမီးတော် ထိပ်စုဖုရားတို့သို့ ဆက်သသည့် လက်ဆောင်တော်စာရင်း။

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

၁၂။ ။မယ်စယ်ဘော်ရနီသို့ သနားတော်မှုသည့် အကွင်းအချည်၊ အထည်အလိပ်များကို ဆင်ကျုံးမြောက်တိုက်တွင် စာရေးကြီး၊ အသုံးစာရေးတို့ ပေးအပ်ရာ လက်ဆောင်များမယူရန် အမိန့်ပါကြောင်း၊ ကသည်းနယ်မြေစကား ပြီးလွယ်ရန် အကြောင်းများကို မယ်စယ်ဘော်ရနီက ပြောသည့်အကြောင်း။

---

၁။ ၁၅ ဇွန် ၁၈၃၀   ၂။ ၁၆ ဇွန် ၁၈၃၀   ၃။ ၁၇ ဇွန် ၁၈၃၀

၁၁၉၂ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

၁၃။ ။ ဆင်ကျုံးမြောက်တိုက်တွင် မြဝတီမြို့စားဝန်ကြီး၊ ပတိမ်းမြို့စားဝန်ကြီး၊ ဆောမြို့စား၊ အတွင်းဝန်၊ သံတော်ဆင့်တို့ အစုံအညီ မယ်စယ်ဘော်ရနီနှင့် ပြောဆိုချက်။

(က) အင်္ဂလိပ်မင်းက ဆက်သသည့် လက်ဆောင်တော်ကို အတင့်အတယ် သိုင်းနှစ်ချက်နှင့် သွားစေရာ ရှေ့ကလွန်၍ သွားသောကြောင့် အင်္ဂလိပ်မင်းကို မရိုသေရာ ရောက်သည်၊ မည်သို့ဆိုမည် မြန်မာ အရာရှိတို့က မယ်စယ်ဘော်ရနီကို မေးသည့်အကြောင်း။

(ခ) မယ်စယ်ဘော်ရနီက မကျန်းမမာရှိ၍ သတိမထားမိ ရှိပါသည် ပြန်ပြောသည့်အကြောင်း။

(ဂ) ဝန်ကြီးမင်းများက ထုံးတမ်းရှိသည်ကိုသာ ပြောသည် ပြန်ပြောကြောင်း။

(ဃ) ဝန်ကြီး အတွင်းဝန်တို့က အစီအစဉ် လက်မှတ်အတိုင်း မတည်၊ ရုံးအနီး ဆောက်ထားသည်တဲသို့ မတက်မနေ။ စကားပျက်သည် ပြောသည့်အကြောင်း။

(င) မယ်စယ်ဘော်ရနီက အင်္ဂလိပ်မင်းကိုယ်စား အဖြစ်နှင့် နေရမည်ဖြစ်၍ ရုံးနှင့်တဲ အနိမ့်အမြင့်မညီ၍ မလျောက်ပတ်သည် တစ်ရပ်၊ မကျန်းမမာရှိသည် တစ်ရပ်များကြောင့် ရုံးဝင်းမှာပင် တက်၍ နေထိုင်ပါသည် ပြောသည့်အကြောင်း။

(စ) မယ်စယ်ဘော်ရနီက မဏိပူရစကားကို စကားပြန် ဂေါ်ဒင် ဖတ်ပြောပြန်ဆိုစေရာ ဝန်ကြီး အတွင်းဝန် တို့က မှန်ပြီ ပြန်ပြောကြောင်း။

(ဆ) ဝန်ကြီး အတွင်းဝန်တို့က မဏိပူရစကားနှင့်အတူ ပေးလိုက်ရန်စာကို ဖတ်ပြောစေရာ သင့်ပါပြီ။ မုတ္တမမြို့၊ မင်းတုန်းမြို့များသို့ ဆင့်ဆိုသည့်စကား၊ ကြေးငွေစကားများပါ ပါစေလိုပါသည် ပြောဆိုသည့်အကြောင်း။

(ဇ) မယ်စယ်ဘော်ရနီက ရာဇဒင်အရာကို ဝန်ကြီးမင်းတို့က စာချုပ်အရ အမိန့်တော်ခံ၍ သေချာအောင် ဆိုပါ ဆိုရာ၊ ဝန်ကြီးမင်းများက သံတော်ဦးတင်၍ သေချာစေမည် ဆိုသည့်အကြောင်း။

(ဈ) မယ်စယ်ဘော်ရနီက မုတ္တမ၊ မင်းတုန်း မြို့နယ်များတွင် သောင်းကျန်းသည့် လူဆိုးသူဆိုးတို့ အကြောင်းကို စာတွင်ထည့်၍ မှာထားမှ နှစ်ပြည် မိတ်ဖြစ်နိုင်မည် ထင်သည် ပြောသည့်အကြောင်း။

(ည) ဝန်ကြီး အတွင်းဝန်တို့က တောင်စဉ်ဝန်ကို နုတ်၍ အသစ်လူ ရွေးချယ်ခန့်ထားကြောင်း၊ ရန်ကုန် ဝန်ကြီးသို့လည်း မုတ္တမမှာ အမှုအခင်း မထွက်ရအောင် မှာထားဆင့်ဆိုပြီး ဖြစ်ကြောင်း။ ဤ အကြောင်းများကိုလည်း စာတွင် ထည့်သွင်းပေးမည်ပြောရာ၊ မယ်စယ်ဘော်ရနီက မုတ္တမနယ်မှု ငြိမ်ဝပ်ရှိကြောင်း မော်လမြိုင်ဝန်ကြီးထံမှ စာရသည် ပြောသည့်အကြောင်း။

(ဋ) မယ်စယ်ဘော်ရနီက ငွေကို နေ့ရက်မကြာပေးရန် ပြောရာ၊ ဝန်ကြီးတို့က ပေးမည် ပြန်ပြောသည့် အကြောင်း။

(ဌ) မယ်စယ်ဘော်ရနီက သားတော် စကြာမင်း အိမ်တော်၊ ညီတော် သာယာဝတီမင်း အိမ်တော်၊ မိကြီးတော် စလင်းမင်းသမီး အိမ်တော်၊ ဝန်ကြီး အတွင်းဝန်များအိမ်သို့ မြန်မာတို့ ထုံးစံအတိုင်း ဝင်လိုကြောင်း ပြောရာ၊ ဝန်ကြီးများက အခွင့်ပြုသည့်အကြောင်း။

(ဍ) မယ်စယ်ဘော်ရနီက ငွေမှုစကားကို လ ရက် မသေချာလျှင် အရပ်ရပ်စကား မပြေမကုန်ရှိမည် ထင်ပါသည် ပြောရာ၊ ဝန်ကြီးမင်းများက ငွေမှုကြောင့် မပြေမကုန် မရှိစေရ၊ ပြေကုန်အောင်ဆိုမည် ပြောသည့်အကြောင်း။

(ဎ) မယ်စယ်ဘော်ရနီက ရခိုင်လမ်းက မင်းတုန်းလမ်းသို့ လာသည့် ကုန်သည်များကို မြို့ဝန် သူကြီး တို့က တားဆီးမရှိစေမှ နှစ်ပြည် အရောင်းအဝယ် သာယာမည် ပြောရာ၊ ဝန်ကြီးမင်းများက စဉ်းစား၍ ဆိုမည် ပြောသည့်အကြောင်း။

---

၁။ ၁၉ ဇွန် ၁၈၃၀

## ၄ မှတ် ပုရပိုက်ထွက်။

**၁၁၉၃ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့ [၁]။**

၁။ ။ ဝန်ကြီး အတွင်းဝန်တို့ ဆင့်ချက်နှင့် အရေးပိုင် မဟာဧယရာဇနော်ရထာ တိုက်အိမ်သို့ ငွေခွန်ဝန် သွားရောက်ပြောဆို မှတ်သားချက်။

(က) ငွေခွန်ဝန်က အရေးပိုင်ကို ဆဲရေးဆိုသူ မီးသွေးတိုက်တံခါးဗိုလ်ကို လက်ရ ထောင်မှာ ထားသည် ပြောဆိုသည့်အကြောင်း။

(ခ) အရေးပိုင်က ကျွန်ုပ်အတွက် အမှုမဖြစ်ပါစေနှင့်၊ ကျူးလွန်ကြောင်း တံခါးဗိုလ်ကိုယ် လာရောက် တောင်းပန်လျှင် ကျေပါမည်။ ဘိုးတော်ဘုရားလက်ထက် အရေးပိုင် ဇရံကောက်ကို ဆဲရေးသူကိုလည်း အဆုံးစီရင်မည်ရှိရာ ဇရံကောက် တောင်းပန်ချက်နှင့် ချမ်းသာဖူးပါသည် ပြောဆိုသည့်အကြောင်း။

(ဂ) လူငယ်တို့ ကျူးလွန်လျှင် ပို့အပ်ပါ၊ စီရင်ပါမည် ငွေခွန်ဝန်က ပြောရာ၊ အရေးပိုင်က သည်ကဲ့သို့ အမှုကို လွှတ်တော်သို့ ပို့အပ်ပါမည်၊ စုံညီစီရင်ပါ ပြောသည့်အကြောင်း။

(ဃ) ငွေခွန်ဝန်က မြို့တော်တံခါးကို နေ့စဉ် ဖွင့်ပိတ်ရသည့်ထုံးစံ၊ ထွက်တော်မူသည့်အခါ ဖွင့်ပိတ်သည့် ထုံးစံ၊ လူတို့ ဝင်ထွက်ရသည့် ထုံးစံများကို ပြောသည့်အကြောင်း။

(င) အရေးပိုင်က ထုံးစံရှိရာ ထွက်ဝင်ပါမည် ပြောသည့်အကြောင်း။

**၁၁၉၃ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့ [၂]။**

၂။ ။ မဟာဧယနော်ရထာတိုက်အိမ်သို့ ငွေခွန်ဝန် သွား၍ မဟာဧယနော်ရထာနှင့် ပြောဆိုမှတ်သားချက်။

(က) ငွေခွန်ဝန်က တံခါးဗိုလ်ကို အပြစ်ရှိရာ စီရင်မည် ပြောကြောင်း။

(ခ) မဟာဧယနော်ရထာက ထုံးစံရှိရာ စီရင်မည် ဆိုသော်လည်း လူကို မြင်ရမှ ယုံမည် ပြောသည့် အကြောင်း။

(ဂ) ငွေခွန်ဝန်က လူကို လက်ရထောင်မှာ ထားသည် ပြောသည့်အကြောင်း။

(ဃ) မဟာဧယရာဇနော်ရထာက လူ စေလွှတ်ကြည့်စေမည် ပြောသည့်အကြောင်း။

(င) ငွေခွန်ဝန်က ယခု လိုက်၍ကြည့်ပါ ပြောဆိုကြောင်း။

(စ) မဟာဧယနော်ရထာက ကြည့်လာပါစေမည် ဆိုကြောင်း။

(ဆ) ငွေခွန်ဝန်က ကြည့်လိုသည့်အခါ ကြည့်နိုင်သည် ပြောသည့်အကြောင်း။

(ဇ) ငွေခွန်ဝန်က တိုင်းပြည်ထုံးစံမှာ နှုတ်လွန် ၁၅၊ လက်လွန် ၆၀ သာ ရှိသည့်အတိုင်း စီရင်လျှင် အမှုမသင့် ရှိမည်။ ဘင်္ဂလားမြို့တွင် နေစေသူ မင်းကြီးမဟာစည်သူ ခရီးသွားလာလျှင် အင်္ဂလိပ်မင်းတို့က လူဘက်ထည့် သွားလာရသကဲ့သို့၊ အရေးပိုင်လည်း အမှုထမ်းလူ ၂ ယောက်တန်၊ ၃ ယောက် တန် ခေါ်သွားရန် ပြောသည့်အကြောင်း။

(ဈ) အရေးပိုင် မဟာဧယနော်ရထာက သည်ကဲ့သို့ထုံးစံ အပြည်ပြည်မှာ မရှိပါ။ အကျူးအလွန် ရှိလျှင် မည်သူကို တိုင်တန်းရမည်၊ ကျွန်ုပ်တို့ သိနိုင်မည်မဟုတ် ပြောဆိုကြောင်း။

(ည) ငွေခွန်ဝန်က ဖြစ်ပွားရာအရပ်မှာ တိုင်တန်းရမည် ပြောသည့်အကြောင်း။

(ဋ) မဟာဧယနော်ရထာက လမ်းတွင် ဖြစ်ပွားမှုကို တိုင်တန်းရာ၊ အိမ်ရှင်က သက်သေခံမည် မဟုတ်၍ အရုံပိုင်ထံသို့ ပို့အပ်သည့်အရာသာ အရိုအသေဖြစ်သည် ပြောသည့်အကြောင်း။

(ဌ) မဟာဧယနော်ရထာက ထောင်တွင် ထားသူကို လူစေလွှတ် ကြည့်ရှုစေသည့်အကြောင်း။

**၁၁၉၃ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့ [၃]။**

၃။ ။ အရေးပိုင် မဟာဧယနော်ရထာ လွှတ်တော်သို့လာ၍ ဝန်ကြီးမင်းများ အစုံအညီ ပြောဆိုချက်။

(က) အရေးပိုင် မဟာဧယနော်ရထာက ကျွန်ုပ်အစား လာမည့် ထားဝယ်မြို့ဝန် ဗလံတယ်ကို ဝန်ကြီးမင်း

---

၁။ ၁ စက်တင်ဘာ ၁၈၃၁ ၂။ ၂ စက်တင်ဘာ ၁၈၃၁ ၃။ ၁၃ စက်တင်ဘာ ၁၈၃၁

များ သဘောတူမှ နေပါစေမည်။ မုတ္တမမြို့ကို လူဆိုးတို့ မော်လမြိုင်ကလေ့ ခိုးယူမှုကို မုတ္တမမြို့အုပ်သို့ ပြောဆိုရာ ခိုက်ရန်ဖြစ်ဖွယ်စကား ပြောဆိုသည် ပြောဆိုကြောင်း။

(ခ) ဝန်ကြီး အတွင်းဝန်တို့က ဗလ်တယ် လာရောက်ရှိမှ ကြည့်ရှု၍ ဆိုမည်။ မုတ္တမက လူဆိုးတို့ လေ့ခိုးယူမှုကို ရန်ကုန်ဝန်ကြီးက မုတ္တမမြို့ဝန်သို့ အသင့်အတင့် ဖြစ်စေရန် စာပေ.ဆင့်ဆိုကြောင်းကို ရန်ကုန်ဝန်ကြီးက စာရောက်သည် ပြန်ပြောသည့်အကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလဆန်း၊ ၉ ရက်နေ့[၁]။

ပခန်းကြီးဗိုလ် မေးချက်

၄။ ။ ရွှေမြို့တော် တောင်ပြင်တွင် လမ်းသွားလူများကို အရေးပိုင် ရိုက်နှက်လာ၍ ရှောင်လွှဲနေရာ၊ အရေးပိုင်က ဆင့်၍၊ ကျွန်တော် စီးမြင်းကို စစ်ပါရီတို့ ရိုက်နှက်စေသဖြင့် ကျုံးတွင်းသို့ဆင်းသွားမှ လွတ်ကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလဆန်း၊ ၈ ရက်နေ့။

မဟာဇေယနော်ရထာက ဝန်ရှင်တော်မင်းကြီးများထံ ပေးစာ။

၅။ ။ တိုင်းပြည်မှုကို လုံ့လမပြု၊ ဗိုလ်စီးသည့်မြင်းကို ရိုက်နှက်မိသည့် ဤမျှအမှုငယ်ကို လုံ့လပြုကြောင်း၊ ပြုလျှင် မိတ်ဆွေမဟုတ်ကြောင်း၊ တိုင်းပြည်နှင့်ဆိုင်သည့် မုတ္တမနှင့် မော်လမြိုင်မှုကိုသာ လုံ့လပြုသင့်ကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလဆန်း၊ ၉ ရက်နေ့။

လွှတ်တော်ဝန်ကြီးမင်းများက အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၆။ ။ မြင်းရိုက်နှက်မှုကို လျှောက်ထားရှိ၍သာ မေးသည်။ တိုင်းရေးပြည်ရေး လုံ့လပြုသည်ကို အရေးပိုင် မသိ၍ ဖြစ်သည်။ လူငယ်ကို အားပေးလေ့ မရှိကြောင်း၊ မုတ္တမနှင့် မော်လမြိုင် အကြောင်းကိုလည်း ရန်ကုန်ဝန်ကြီးသို့ မှာထားပြီး ဖြစ်ကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလဆန်း၊ ၁၀ ရက်နေ့[၂]။

၇။ ။ မယ်စယ်ဘော်ရနီကိုယ်စား ဗလ်တယ် ဆိုက်ရောက်၍ ဝန်ထောက် မဟာမင်းကျော်ရာဇာနှင့် ငွေခွန်ဝန်တို့ သွားရောက် နှုတ်ဆက်စကား မေးမြန်းရာ၊ ဗလ်တယ်က ကျန်းမာကြောင်း၊ ရန်ကုန်ဝန်ကြီးက ကောင်းမွန်စွာ ပို့သလိုက်ကြောင်း၊ ၂၉ ရက်နှင့် ရောက်ကြောင်း၊ ဆက်သရန် သံစုံသေတ္တာ-၁ ပါကြောင်း၊ လွှတ်တော်မှာ ဝန်ကြီးများနှင့် စကားပြောလိုကြောင်း ပြန်လှန်ပြောဆိုရာ၊ ငွေခွန်ဝန်တို့က လက်ဆောင်တော်ဆက်ရန်၊ ဝန်ကြီးမင်းများနှင့် စကားပြောရန်များကို ဝန်ကြီးမင်းများမှာ အစီရင်ခံမည် ပြောဆိုကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလဆန်း၊ ၁၁ ရက်နေ့[၃]။

၈။ ။ အရေးပိုင် မဟာဇေယနော်ရထာ၊ နောက်လာသူ ဗလ်တယ်တို့ လွှတ်တော်တွင် ဝန်ကြီးမင်းများနှင့် ပြောဆိုမှတ်သားချက်။

(က) အရေးပိုင် မဟာဇေယနော်ရထာနှင့် ဗလ်တယ်တို့က မော်လမြိုင်က လေ့ခိုးယူမှုကို ရန်ကုန်ဝန်ကြီး အမိန့်နှင့် ဆင့်ဆိုရာ၊ မုတ္တမမြို့အုပ်တို့ မနာမယူသည့်ပြင် အရက်သောက်၍ မပြောမဆိုသင့်စကားများ ပြောဆိုသည် ပြောဆိုကြောင်း။

(ခ) ဝန်ကြီးမင်းများက ရန်ကုန်မင်းကြီးသို့ ထပ်မံ၍ စာပေးမည်။ မုတ္တမစစ်ကဲ မနာမယူလျှင် အပြစ်ထိုက်ရာ စီရင်မည် ပြောဆိုကြောင်း။

၁၁၉၃ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့[၄]။

၉။ ။ ဟံသာဝတီဝန်ကြီးက မုတ္တမနယ်မြေ အပိုင်းအခြား အကြောင်းအရာ စာပို့ရောက်သည့်အတိုင်း ဝန်ကြီးမင်းများက အရေးပိုင်သို့ ပေးစာ။

---

၁။ ၁၅ စက်တင်ဘာ ၁၈၃၁ ၂။ ၁၆ စက်တင်ဘာ ၁၈၃၁ ၃။ ၁၇ စက်တင်ဘာ ၁၈၃၁ ၄။ ၂၉ စက်တင်ဘာ ၁၈၃၁

ရာပြည့်စာအုပ်တိုက်

၂၉၆၁၂

## ၅ မှတ် ပုရပိုက်ထွက်။

၁၁၉၃ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့[၁]။

၁။ ။ အင်္ဂလိပ်လူမျိုး အရေးပိုင် မဟာဇေယနော်ရထာ ပြန်သွားစေ။ ရွှေဘွားတော်အောက်က တော်သင့်အောင် လိုက်ပို့စေ။ အမိန့်တော်။

၁၁၉၃ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့[၂]။

၂။ ။ လွှတ်တော်တွင် အရေးပိုင် ရာဇဒင် ဝန်ကြီး မဟာဇေယနော်ရထာ၊ ဗလံတာတို့နှင့် ဝန်ကြီးမင်းများ အစုံအညီ လွှတ်တော်တွင် ပြောဆိုချက်။

(က) ဝန်ကြီးမင်းများက နိုင်ငံတော်တွင် သူခိုးများ ဖမ်းဆီးပို့အပ်ရပုံ၊ ခိုးရာပစ္စည်း စီမံပုံ၊ သူခိုးတို့ စီရင်ပုံများကို နိုင်ငံထုံးစံအတိုင်း ပြောဆိုသည့်အကြောင်း။

(ခ) အရေးပိုင်တို့က နိုင်ငံထုံးစံကို မလွန်နိုင် ပြောပြီးနောက် ပုဂံမြို့နယ်တွင် ဓားပြတိုက်ရာပါ အရမဏီ လူမျိုး အရတ္တံမာမူတို့ ပစ္စည်းများ ပြန်ရရန်၊ ဤပစ္စည်းနှင့် စပ်၍ နောင် ထပ်မံ မပြောမဆို စေရန် အစုံအညီ ပြောဆိုသည့်အကြောင်း။

၁၁၉၃ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

### အရေးပိုင်တို့နှင့် ဝန်ကြီးမင်းတို့ အစုံအညီ လွှတ်တော်တွင် ပြောဆိုမှတ်သားချက်။

၃။ ။ မော်လမြိုင်မြို့ ထောင်က ထွက်ပြေးသူ ငရွှေရ၊ ငမှိုင်း၊ ငရွှေဇ၊ ငမီတို့ကို တောင်းရမ်း၍ ငရွှေဇ ဖမ်းဆီးရာ လက်လွန် သေဆုံးကြောင်း၊ မုတ္တမစစ်ကဲကိုလည်း လဲလှယ်ခန့်ထားကြောင်း၊ လူမှုနှင့်စပ်၍ နောင် အကျယ် အပွား မပြောသင့်ကြောင်း ဝန်ကြီးမင်းများက ပြောရာ အင်္ဂလိပ်အရေးပိုင် ၂ တို့ သဘောတူ လက်မှတ် ရေးထိုးချက်။

၁၁၉၃ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့[၃]။

၄။ ။ အရေးပိုင်တိုက်အိမ်သို့ မင်းကြီး မဟာသီလဝ သွား၍ စကားပြောဆိုရာ မှတ်သားချက်။

(က) စီလမာရီမြို့တွင်ရှိသည့် မြန်မာအမှုထမ်း လူ ၁၅၀၀ ကျော်တို့ တားဆီးမရှိ ပြန်လာရအောင် ၎င်းမြို့ အရေးပိုင်သို့ အရေးပိုင်မင်းက စာပေးပါ။ ဘင်္ဂလားမင်းကြီး မဟာသီလဝက ပြောရာ အရေးပိုင်တို့က ၎င်းလူများကို တားဆီးမရှိ ပြန်လာစေရအောင် စီလမာရီမြို့ အရေးပိုင်သို့ စာပေး ပါမည် ပြောဆိုကြောင်း။

၁၁၉၃ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

၅။ ။ စစ်ပါရီ မရောက်မီ သေနတ်ကိုင် လူ ၂၀ ပေးပါမည့်အကြောင်း၊ ပိဋကတ်စာတော် စာရင်းကိုလည်း အလိုရှိကြောင်းများနှင့် အရေးပိုင် မဟာဇေယနော်ရထာက ဇတွက်ကို လွှတ်တော်သို့ စေလွှတ်ပြောဆို စေသည့် အကြောင်း။

၁၁၉၃ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၄]။

၆။ ။ ရခိုင်လမ်းတစ်လျှောက်မှ ကြားသိရသမျှ အရေးပိုင်မင်းကြီး မဟာစည်သူတို့ အင်္ဂလိပ်မင်းရှိရာ သွားရောက် ကြောင်း သတင်းစကား၊ စစ်ပါရီ တောင်းသည့်စကား၊ ကျန်ငွေပေးရန် စကားများကို အရေးပိုင် မဟာ ဇေယနော်ရထာက လွှတ်တော်သို့ ဇတွက်ကို စေလွှတ် အစီရင်ခံသည့်အကြောင်း။

၁၁၉၃ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့။

၇။ ။ အဘိဓာန်ကျမ်း အင်္ဂလိပ်ဘာသာမှ ပြန်ဆို၍ အရေးပိုင်သို့ ပေးအပ်စေသည့်အကြောင်းကို ပုဏ္ဏားဗိသဏှု ဒေဝ မေးချက်။

---

၁။ ၁၃ မတ် ၁၈၃၂ ၂။ ၁၅ မတ် ၁၈၃၂ ၃။ ၄ မတ် ၁၈၃၂ ၄။ ၂၀ မတ် ၁၈၃၂

၁၁၉၃ ခု၊ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့[၁]။

## အရေးပိုင် မဟာဇေယနော်ရထာက စာရေး ဇွေက်ကို စေလွှတ်၍ လွှတ်တော်သို့ အစီရင်ခံစာ။

၈။ ။ ဇော်ဘော်ရန်ိ အစား အဝမြို့တွင် နေစေမည့်သူ ဗလ်တာ လာရောက်မည့်အကြောင်း၊ ၎င်းလူကို သဘော မကျလျှင် အတူခေါ်၍ ပြန်မည့်အကြောင်း၊ ကင်းစာပေးမြဲ ပေးပါမည့် အကြောင်း။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၃ ရက်နေ့[၂]။

၉။ ။ အရေးပိုင် မဟာဇေယနော်ရထာနှင့် ဗလ်တာတို့ လွှတ်တော်သို့လာ၍ ဝန်ကြီးမင်းများ အစုံအညီတွင် မဏိပူရနယ် အကြောင်းနှင့် ရာဇဝင် ကျောက်စာထွက်အရ သေချာအောင် စာရောက်မည် ထင်ပါသည် ပြောဆိုသည့်အကြောင်း။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့။

၁၀။ ။ အရေးပိုင် မဟာဇေယနော်ရထာက ဘင်္ဂလားမြို့ မယ်စယ်ဘော်ရန်ိထံမှ ပို့ရောက်သည့် စာပါ အရေးပိုင် မင်းကြီး မဟာစည်သူတို့ စရိတ်ငွေအကြောင်း၊ အင်္ဂလိပ် စစ်ပါရီတို့ လာရောက်မည့်အကြောင်း၊ မုတ္တမ မြို့နယ် အငြိမ်အဝပ်ရှိသည့် အကြောင်းများကို စာရေး ဇွေက်ကို လွှတ်တော်သို့ စေလွှတ်လျှောက်ထား စေသည့် အကြောင်း။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၅ ရက်နေ့။

၁၁။ ။ အရေးပိုင် မဟာဇေယနော်ရထာ တိုက်အိမ်သို့သွား၍ ဝန်ကြီးမင်းများ အစုံအညီတွင် မင်းကြီးမဟာစည်သူ တို့ ဘင်္ဂလားတွင် သွားလာကြသည့် အကြောင်းအရာများကို စာပါအတိုင်း ကူးယူစေသည့် လက်ခံ။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့။

၁၂။ ။ ၁၁၉၃ ခုနှစ်က၊ ၁၁၉၄ ခုနှစ်ပြောင်း သင်္ကြန်အမိန့်တော်။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၁၀ ရက်နေ့။

၁၃။ ။ အရေးပိုင် မဟာဇေယနော်ရထာကို အရပ်ရပ် မြန်မာတိုင်းပြည်ရှိ ဘုရားဆင်းတု၊ နတ်ရုပ်ပုံ၊ မင်းခမ်း မင်းနားများနှင့် ပိဋကတ်စာများကို ပေးအပ်သည့် အမှတ်အသား။

(က) ၎င်းစာရင်းကျယ်။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၁၀ ရက်နေ့။

၁၄။ ။ နံနက် တစ်ချက်တီးအချိန်၊ အရေးပိုင် မဟာဇေယနော်ရထာ အောက်မြို့သို့ ပြန်သွားရာ ကြပ်မတ်လိုက်ပို့ စေသည့်အကြောင်း။

(က) အရေးပိုင် မဟာဇေယနော်ရထာ စုန်သွားရာ လှေများတွင် မိန်းမပါလျှင် အပ်စေရမည်ဆင့်ချက်။

၁၁၉၃ ခု၊ တန်ခူးလဆန်း ၁၁ ရက်နေ့။

၁၅။ ။ မြို့တော်တွင်ရှိနေသူ အင်္ဂလိပ်အရေးပိုင် ဗလ်တာက လွှတ်တော်သို့ တင်ပေးသည့် သားမယား၊ အစေခံ လူစာရင်း။

၁၁၉၄ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၃]။

၁၆။ ။ အရေးပိုင် ဗလ်တာ စာရေး ငအံ တင်ပေးသည့် အရေးပိုင်နှင့် ကျန်ရှိသည့် လူစာရင်းနှင့်၊ ၎င်းတို့ကို နေ့စဉ်၊ လစဉ် ထောက်ပံ့သည့် ရိက္ခာစာရင်း။

၁၁၉၄ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၄]။

၁၇။ ။ အရေးပိုင် ဗလ်တာက တိုက်အိမ်ပြင်ဆင်သည့် အကြောင်းနှင့်စပ်၍ လွှတ်တော်သို့ ကြားစာ။

၁၁၉၄ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

၁၈။ ။ အရေးပိုင် ဗလ်တာအိမ်သို့ ပျံချီနော်ရထာ ၁၀ ရက် တစ်ကြိမ်၊ ၁၅ ရက် တစ်ကြိမ် သွားစေ။ စလင်း မင်းသား အမိန့်တော်။

---

၁။ ၃၁ မတ် ၁၈၃၂ ၂။ ၃ ဧပြီ ၁၈၃၂ ၃။ ၂၀ ဧပြီ ၁၈၃၂ ၄။ ၉ မေ ၁၈၃၂

၁၁၉၄ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

၁၉။ ။ ဝန်ကြီးမင်းများထံ အင်္ဂလိပ် ဗလ်တာက တင်သည့် ရခိုင်နယ်တွင် ကနောင်မြို့၊ မြန်အောင်မြို့များက ဓားပြများ တိုက်ခိုက်မှုအကြောင်း။

(က) ဓားပြတိုက်သည့် အကြောင်းအရာနှင့် ဓားပြတိုက်ခံရသူတို့ ပြောဆိုချက် အကြောင်းအရာများ။

၁၁၉၄ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

၂၀။ ။ လွှတ်တော်တွင် ဝန်ကြီးမင်းများနှင့် အင်္ဂလိပ် ဗလ်တာတို့ ပြောဆိုချက်။

(က) ဗလ်တာက ရခိုင်နယ်တွင် ဓားပြတိုက်ခံရသူတို့ အစစ်ခံ ထွက်ဆိုချက်များကို လွှတ်တော်သို့ တင်ပို့ကြောင်း။

(ခ) ဝန်ကြီးမင်းများက ဗလ်တာ တင်ပြပြောချက်အတိုင်း မှန်လျှင် ဟံသာဝတီ ဝန်ကြီးမင်းသို့ စာပေးမှာထား၍ အပြစ်ရှိရာ စီရင်စေမည် ပြောဆိုကြောင်း။

(ဂ) ဗလ်တာ တင်ပြချက်အရ ရန်ကုန်မင်းကြီး၊ မင်းတုန်းမြို့ဝန်တို့သို့ ဆင့်ဆိုရန် မှာစာကိုစု၍ ဓားပြတိုက်ခိုက် ခံရသူတို့ မေးချက်နှင့်တကွ အစီရင်ခံရမည်။ မင်းကြီးများ မိန့်ချက်။

၁၁၉၄ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၂]။

၂၁။ ။ မော်လမြိုင်မြို့ ဝန်ရှင်တော်မင်းကြီး ရန်ကုန်မြို့သို့ လာရောက်။ မြန်မာ အရာရှိများနှင့် တွေ့ကြုံ မိတ်ဆွေကောင်းစွာဖြစ်ကြောင်း၊ မုတ္တမမြို့မှာ အရာရှိ လဲပြောင်းခန့်ထားကြောင်း၊ မော်လမြိုင်မြို့က ရာဇဝတ်သင့်သူတို့ ထွက်ပြေးမှုကို မပြောမဆိုပါ၊ ၎င်းမြို့ဝန်ကြီးက ကတိထားပါကြောင်း၊ ကျွန်ုပ်လည်း ၎င်းမြို့ဝန်ကြီးနှင့်အတူ မော်လမြိုင်သို့ လိုက်သွားမည့်အကြောင်းနှင့် အင်္ဂလိပ်အရေးပိုင် မဟာဇေယနော်ရထာက လွှတ်တော်သို့ ပေးစာ။

၁၁၉၄ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

၂၂။ ။ ရွှေဘွားတော်အောက်က ပြန်သွားရာ ကောင်းမွန်စွာ လိုက်ပို့ကြောင်း၊ တိုင်းသူပြည်သားတို့ သာယာချမ်းစွာ ရှိနေကြောင်း၊ ကျေးဇူးတော်ကို အထူးတင်ရှိကြောင်းများနှင့် အရေးပိုင် မဟာဇေယနော်ရထာက သံတော်ဦး တင်စာနှင့် ၎င်းအတိုင်း ဝန်ကြီးမင်းများထံ အစီရင်ခံစာ။

၂၃။ ။ အရေးပိုင် မဟာဇေယနော်ရထာက သံတော်ဦးတင်စာ၊ ဝန်ကြီးမင်းများထံ အစီရင်ခံစာအရ ဝန်ကြီးမင်းများက အရေးပိုင် မဟာဇေယနော်ရထာသို့ ပြန်ပေးစာ။

၁၁၉၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၃]။

၂၄။ ။ မြန်မာသံတော် အရာရှိတို့ အကြောင်းအရာနှင့်စပ်၍ ဟိန္ဒူတန်ပြည်မှ အင်္ဂလိပ်မင်းနှင့် အတူပါသည့် ဝန်ကြီးမင်းက ဝန်ထောက်မင်း ဇော်ဘနီသို့ ပေးစာကို အင်္ဂလိပ်အရေးပိုင် ဗလ်တာက လွှတ်တော်သို့ စေလွှတ် အစီရင်ခံသည့်အကြောင်း။

၁၁၉၄ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့။ ၁၈၃၂ ခု မေလ ၂၉ ရက်နေ့။

၂၅။ ။ မြန်မာအရေးပိုင်မင်းကြီး မဟာစည်သူ၊ စာရေးတော်ကြီး မင်းလှနန္ဒကျော်ထင်တို့နှင့် ကပ္ပိတန် သီရိ ရာဇနော်ရထာတို့ အစုံအညီ၊ အင်္ဂလိပ် အရေးပိုင်တိုက်အိမ် နေရာနှင့်စပ်၍ သဘောတူပြောဆိုမှတ်သားချက်။

၁၁၉၄ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့။

၂၆။ ။ အရေးအခွင့်ပိုင် အင်္ဂလိပ်မင်းကို တွေ့လိုကြောင်း၊ ရန္တပိုစာချုပ်ဝင် မဝင် မှုဟောင်း မှုသစ်များ ပြောဆိုရန် အကြောင်း၊ မဏိပူရနယ်မြေမှု ပြောရန် အကြောင်းများနှင့် မြန်မာအရေးပိုင်မင်းကြီး မဟာစည်သူက အင်္ဂလိပ်ဝန်ကြီးမင်းသို့ ပေးစာ။

၁၁၉၄ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့[၄]။

၂၇။ ။ ရာဇသံများကို အင်္ဂလိပ်မင်းထံ မြန်မာအရေးပိုင်ကြီးမင်းကိုယ် ဝင်ရောက်ဆက်သ၍ ပြောရန် တိုင်းပြည်မှု

၁။ ၂၁ မေ ၁၈၃၂ ၂။ ၃၀ မေ ၁၈၃၂ ၃။ ၁၉ စက်တင်ဘာ ၁၈၃၂ ၄။ ၂ ဇူလိုင် ၁၈၃၂

များကို ပြောရလျှင် သင့်မည့်အကြောင်း၊ အင်္ဂလိပ်မင်းနှင့် တွေ့ရန်နေ့ရက်ကိုလည်း မကြာမီ အသေအချာ ပြောဆိုမည့် အကြောင်းများနှင့် အင်္ဂလိပ်ဝန်ကြီးက မြန်မာအရေးပိုင်မင်းကြီး မဟာစည်သူသို့ ပြန်ပေးစာ။

**၁၁၉၄ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့[၁]။**

အင်္ဂလိပ်ဗိုလ် ဗလ်တာက လွှတ်တော်သို့ အစီရင်ခံစာ။

၂၈။ ။ ရန်ကုန်ဝန်ကြီးကတော် အမိန့်နှင့် ချခေါ်၍ လာရောက်ရသည်ဆိုသူ အင်္ဂလိပ်မင်း ကျွန်တော်မျိုး သရက်ကြီးကို ကုန်ကျစရိတ်များ ပေး၍ အချုပ်မှ လွှတ်ပါမည့်အကြောင်း။

**၁၁၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၂]။**

၂၉။ ။ ဗလ်တာ အစား လာရောက်သူ ကပ္ပိတန် မဖာကကို မြန်မာအရာရှိ ငွေခွန်ဝန်တို့ သွားရောက် နှုတ်ဆက်ကြသည့် အကြောင်း။

**၁၁၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။**

၃၀။ ။ ဗလ်တာ အစား လာရောက်သူ ကပ္ပိတန် မဖာကသည် အရေးအရာကို သိကျွမ်းနားလည်၊ အရည်အချင်းနှင့် ပြည့်စုံသူဖြစ်၍ အမှုတော်ကို ထမ်းရွက်ပါလိမ့်မည် အကြောင်းနှင့် အင်္ဂလိပ်အရေးပိုင် မဟာဇေယနော်ရထာက သံတော်ဦးတင်စာနှင့် ၎င်းအတိုင်း ဝန်ကြီးမင်း၊ အတွင်းမင်းများထံ အစီရင်ခံစာ။

**၁၁၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။**

၃၁။ ။ ကပ္ပိတန် မဖာကနှင့် ဗလ်တာတို့ ဝန်ကြီး အတွင်းဝန်တို့အိမ်သို့ ဝင်ထွက် နှုတ်ခွန်းဆက်လက်သည့် အကြောင်း။

**၁၁၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့။**

၃၂။ ။ ကပ္ပိတန် မဖာက ရှိခိုးလက်ဆောင်တော်များနှင့် ရွှေတော်သို့ ဝင်ရောက်ဆက်သသည့်အကြောင်း။

**၁၁၉၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့[၃]။**

၃၃။ ။ ၁၁၉၃ ခုနှစ်၊ ကဆုန်လအတွင်း ကုလားလူမျိုး အာရတွဲ၊ မာမူတို့ တိုက်ခိုက်သူ ဓားပြများ ဖမ်းဆီးရမိ၍ စီရင်မည့်အကြောင်းကို လွှတ်တော်ဝန်ကြီးများက အင်္ဂလိပ်အရေးပိုင် မဖာက တိုက်အိမ်သို့ သွားရောက်ပြောစေသည့် အကြောင်း။

၃၄။ ။ ၁၁၉၂ ခုနှစ် ကဆုန်လဆန်းက စ၍ ၉၄ ခုနှစ် တန်ဆောင်မုန်းလဆန်းတိုင် အင်္ဂလိပ် အရေးပိုင်တို့ ရွှေဘွားတော်အောက် လာရောက် အလဲအလှယ် နေထိုင်သည့် လ ရက် အမှတ်အသား။

**၁၁၉၄ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၄]။**

၃၅။ ။ မဏိပူရရှိ အင်္ဂလိပ်ဗိုလ်တို့ လူ လက်နက်နှင့် နိုင်ငံတော် မိကျောင်းတွင်းသို့ လာရောက် တပ်တည်လုပ်ကြောင်း ခန်းပတ်မြို့ဝန် လျှောက်ချက်အရ မဖာကကို လွှတ်တော်က စေလွှတ်ပြောဆိုစေရာ၊ မဖာကက ၎င်းစကား မှန်မည် မထင်ပါ၊ မှန်လျှင် ပြန်သွားအောင် စာပေးပါမည်၊ ၎င်းပေးရန်စာကိုလည်း လွှတ်တော်သို့ တင်ပြပါမည် ပြောဆိုသည့်အကြောင်း။

**၁၁၉၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။**

၃၆။ ။ မဖာက က မဏိပူရရှိ အင်္ဂလိပ်ဗိုလ်တို့သို့ မိကျောင်းတွင်းတွင် တပ်တည်လုပ်ကြောင်းနှင့်စပ်၍ ပေးရန်စာပါ အဓိပ္ပာယ်ကို လွှတ်တော်သို့ ပို့လာစေသူ စာရေးဇတွက် မေးချက်။

၃၇။ ။ မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်တို့ လူ လက်နက်နှင့် နိုင်ငံတော် မိကျောင်းတွင်းသို့ လာရောက်ကြောင်းကို မိကျောင်းတွင်း ကင်းတော် အကြီးအမှူးတို့က လွှတ်တော်သို့ တင်လျှောက်ချက်။

၃၈။ ။ အင်္ဂလိပ် အရေးပိုင်က မဏိပူရရှိ စစ်ဗိုလ်တို့သို့ ပေးစာတွင် တံဆိပ်လက်မှတ် မပါသည်ကို လွှတ်တော်ဝန်ကြီးမင်းများက မေးစေရာ၊ တံဆိပ် မပါသော်လည်း လက်မှတ်ပါလျှင် ပြီးကြောင်းနှင့် အင်္ဂလိပ်အရေးပိုင်စာရေးက ပြန်ပြောသည့်အကြောင်း။

---

၁။ ၂၇ စက်တင်ဘာ ၁၈၃၂ ၂။ ၂၇ အောက်တိုဘာ ၁၈၃၂ ၃။ ၁၉ နိုဝင်ဘာ ၁၈၃၂ ၄။ ၂၂ ဇန်နဝါရီ ၁၈၃၃

## ၆ မှတ် ပုရပိုက်ထွက်။

### ၁၁၉၅ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[၁]။

၁။ ။ လွှတ်တော်တွင် ဝန်ကြီးမင်းများ စုံညီ၊ အင်္ဂလိပ်ဗိုလ် မဖာကနှင့် ပြောဆိုချက်။

(က) ရန်ကုန်မြို့နေ အင်္ဂလိပ်ကုန်သည် အိရှပျက် ယောက္ခမငွေကို ရန်ကုန်မင်းကြီးလူများ လုယူမှုနှင့်စပ်၍ မဖာက ပြောချက်အရ၊ ရန်ကုန်မင်းကြီးသို့ စာပေးမေးမြန်း၍ ၎င်းက အိရှပျက် ထွက်ချက်နှင့်တကွ ပြန်ပေးစာကို ဖတ်ပြပြောဆိုသည့် အကြောင်း။

(ခ) ကျွန်တော်ထံ အိရှပျက်က ပေးစာနှင့် သဘောမကွဲကြောင်း၊ ကုန်သည်တို့ ငြိမ်ဝပ်အောင်သာ ဆင့်ဆိုပါမည့် အကြောင်းနှင့် မဖာက က ပြောသည့်အကြောင်း။

(ဂ) မှုခင်းကိစ္စရှိလျှင် ရန်ကုန်မင်းကြီးတွင်သာ လျှောက်သင့်သည်။ ၎င်းက မစီရင်မှ လွှတ်တော်မှာ လျှောက်ထားရမည်ကို မဖာက က ကုန်သည်တို့သို့ စာပေးရမည် ဝန်ကြီးမင်းများက ပြောသည့်အကြောင်း။

(ဃ) ယခု ဝန်ကြီးမင်းတို့ ပြောဆိုတိုင်း ကုန်သည်များကို စာပေးပါမည့်အကြောင်း၊ ကုန်သည် မာမတ်တို့အမှုတွင် ရေဝန်စား ယူငွေကို ယခုတိုင် မရသေးကြောင်း၊ ၎င်းရေဝန်အတွက် အင်္ဂလိပ်နှင့် မြန်မာစကားကျယ်ပွား ပြောဆိုကြရမည် ဖြစ်ကြောင်းများနှင့် မဖာက က ပြောသည့်အကြောင်း။

(င) ဝန်ကြီးမင်းများက ရေဝန်အထက်က အစိုးရသူ ရန်ကုန်မင်းကြီးသို့ မှာထားရှိပြီ။ နောင် ရေဝန်ပြုလိုရာ ပြုရမည် မဟုတ်ကြောင်း။ ပုသိမ်မြို့နယ်အတွင်း ဓားပြတိုက်မှုကိုလည်း သူကြီး ငမင်း၊ ရွာအုပ် ငရွှေတုံး၊ ငမြတ်ကောင်းတို့ကို ရန်ကုန်မင်းကြီးက ထုံးစံရှိရာ မေးမြန်း၊ မဟုတ်မမှန်ကြောင်းနှင့် ထွက်ဆိုချက်၊ ပုံနင်းတို့ အစစ်ခံချက်များကို ပို့ရောက်သည့်အတိုင်း ဖတ်ပြောသည့်အကြောင်း။

(စ) မဖာက က ရေဝန် အကြောင်းအရာကို အစီရင်ခံသည့် အရာများအကြောင်း၊ ပုသိမ်မြို့နေလူတို့ကျမ်းတိုက်စစ်မေးလျှင် အထူးဆိုရန် မရှိကြောင်း၊ ဗလ်တာက လွှတ်တော်မှာ အစီရင်ခံရင်းစာကို ကူးယူလိုကြောင်းများနှင့် ပြောသည့်အကြောင်း။

(ဆ) ဝန်ကြီးများက ဗလ်တာ အစီရင်ခံရင်း စာကို ကူးယူခွင့်ပြုသည့် အကြောင်း။

၂။ ။ ၁၁၉၅ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့ ရွှေဘွားတော်အောက်သို့ မယ်စယ်ဘော်ရနီရောက်၍၊ ၎င်း ၁၃ ရက်နေ့ လွှတ်တော်သို့ လာရောက်။ ဝန်ကြီးမင်း အစုံအညီ ပြောဆိုချက်။

(က) မဏိပူရနယ်မြေကို သမိုင်းကျောက်စာများအရ အသေအချာ အင်္ဂလိပ်ဝန်ကြီး ပြန်စာရပြီဖြစ်၍၊ ၎င်းနယ်များကို မည်သည့်နေ့ အပ်မည်ကို သိလိုသည် ဝန်ကြီးမင်းများက မေးသည့်အကြောင်း။

(ခ) မဟာဓေယနော်ရထာက ၎င်းနယ်မြေများကို မြန်မာမင်းတို့သို့ ပေးအပ်ရမည် အင်္ဂလိပ်ဝန်ကြီးမင်းများက ပေးမှာစာတွင်လည်း ပါကြောင်း ပြန်ပြောကြောင်း။

(ဂ) ဝန်ကြီးမင်းများက မဏိပူရသို့ သွားမည့်နေ့ရက်မှာ ၉၅ ခု နတ်တော်လဆန်း ၁၀ ရက်၊ ၁၁ ရက်နေ့ကို သွားစေလျှင် သင့်မည် ပြောဆိုကြောင်း။

(ဃ) မဟာဓေယနော်ရထာက သင့်ပါပြီ၊ ဝန်ကြီးမင်းများက ရေးခြားလိမ္မာသူကိုသာ ထည့်ပါ ပြောဆိုကြောင်း။

(င) ဝန်ကြီးမင်းများက ဝန်ထောက် မဟာမင်းကျော်ရာဇာနှင့် အထက် ကသည်းမြို့သို့ စေလွှတ်ဖူးသူ နေမျိုးရန်အောင်ကျော်သူတို့ကို ထည့်မည် ပြန်ပြောကြောင်း။

(စ) မဟာဓေယနော်ရထာက သောင်သွပ်၊ တမူး ခန်းပတ်မြို့နယ်များ အပ်သည့်အတွင်း မြို့ကျေးရွာနေလူတို့ကို ငြိမ်ဝပ်အောင် ဆင့်ဆိုနှင့်လျှင် သင့်ပါမည် ပြောဆိုကြောင်း။

(ဆ) ဝန်ကြီးမင်းများက စာပေးဆင့်ဆိုမည် ပြောဆိုကြောင်း။

(ဇ) မဟာဓေယနော်ရထာက အင်္ဂလိပ်မင်း ထည့်လိုက်သူတို့ ရွှေမျက်နှာတော်ကိုဖူးရန်၊ လက်ဆောင်တော်များ ဆက်သရန် တင်လျှောက်ပါ ပြောဆိုကြောင်း။

---

၁။ ၂၅ ဧပြီ ၁၈၃၃

(ဈ) ဝန်ကြီးမင်းများက သင့်လျော်သည့်နေ့ရက်ကို တင်လျှောက်မည် ပြောဆိုကြောင်း။
(ည) ဝန်ကြီးမင်းများက သောင်သွပ်စော်ဘွား မဏိပူရမြို့မှာ ရှိသည်ကို အပ်လျှင် သင့်မည် ပြောဆိုကြောင်း။
(ဋ) မဟာဗေယနော်ရထာက ခိုဝင်လာရောက်သူကို အပ်မြဲထုံးစံ မရှိကြောင်း၊ စော်ဘွားသစ် ခန့်ထားရန်ကိုသာ တင်လျှောက်သင့်ကြောင်းနှင့် ပြောဆိုကြောင်း။
(ဌ) ဝန်ကြီးမင်းများက သေနတ်စည်းကြပ်ရာ စာရင်းပါသူ ယောကျ်ား ၃၊ မိန်းမ ၅ များကို အပ်သင့်သည် ပြောဆိုကြောင်း။
(ဍ) မဟာဗေယနော်ရထာက ဤအကြောင်းကို အင်္ဂလိပ်ဝန်ကြီးများသို့ အကြောင်းစာ ပေးပို့ပြောကြားသင့်ပါသည် ပြောဆိုကြောင်း။

၃။ ။ ၁၁၉၅ ခု နတ်တော်လဆန်း ၁ ရက်နေ့ မဟာဗေယနော်ရထာနှင့် လွှတ်တော်တွင် ပြောဆိုချက်။
(က) ဝန်ကြီးမင်းများက သောင်သွပ်မြို့ရှိ လူတို့ကို ကသည်းစော်ဘွားက ခေါ်ငင်မရှိစေရအောင် မဏိပူရရှိ ဗိုလ်တို့ထံ စာပေးရန် ပြောဆိုရာ၊ အင်္ဂလိပ် အရေးပိုင်က ပေးပါမည် ခံဝန်ပြောဆိုသည့်အကြောင်း။
(ခ) ဝန်ကြီးမင်း အတွင်းဝန်မင်းများက တောင်ပေါ်ရှိ ချင်းများသည် မြန်မာဘက်သို့ ဝင်လိုသူများလည်း ရှိသည်။ သည်အရာကို မည်သို့ဆိုမည် မေးကြောင်း။
(ဂ) မဟာဗေယနော်ရထာက ပျော်ရာ နေပါစေမည် ပြောဆိုကြောင်း။
(ဃ) ဝန်ကြီးမင်းများက ဘိုးခေါင်တောင်ရိုး၊ ရိုးမတောင်ရိုးများ တစ်လျှောက်တွင် ချင်းအများ ရှိသည် ပြောဆိုကြောင်း။
(င) မဟာဗေယနော်ရထာက ကလေးမြို့နယ်ရှိ ချင်းများမှာ ရှေးထုံးစံရှိရာ နေပါစေတော့ ပြောဆိုကြောင်း။
(စ) မဟာဗေယနော်ရထာက အင်္ဂလိပ်မင်းသို့ စာပေးလျှောက်ရန် ရှိပါသည်။ ရွှေတော်သို့ ဝင်ရမည့်နေ့ရက်ကို သိသာအောင် ပြောဆိုလိုစေသည် ပြောဆိုကြောင်း။
(ဆ) ဝန်ကြီးမင်းများက မဏိပူရ မသွားမီ ရွှေတော်သို့ ဝင်ရအောင် တင်လျှောက်မည် ပြောဆိုကြောင်း။
(ဇ) မဟာဗေယနော်ရထာက ရာဇမုနိစူဠာကျောက်စာ၊ မဟာမုနိ ကျောက်စာများကို ကြည့်ရှုလိုသည် ပြောဆိုကြောင်း။
(ဈ) ဝန်ကြီးမင်းများက သံတော်ဆင့် ဇေယသင်္ခယာကို ဘက်ထည့်ကြည့်ရှုစေမည် ပြောဆိုကြောင်း။
(ည) မဟာဗေယနော်ရထာက နတ်တော်လဆန်း ၅ ရက်နေ့ ကြည့်လိုပါသည် ပြောဆိုကြောင်း။
(ဋ) ဝန်ကြီးမင်းများက မဟာမုနိကျောက်စာကို နတ်တော်လဆန်း ၄ ရက်၊ ရာဇမုနိစူဠာကျောက်စာကို ငင်း ၅ ရက်နေ့ ကြည့်ရှုပါ ပြောဆိုကြောင်း။
(၁) မဟာမုနိကျောက်စာပါစကား။
(၂) ရာဇမုနိစူဠာကျောက်စာပါစကား။

၁၁၉၅ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့[၁]။

၄။ ။ မဟာဗေယနော်ရထာက နှစ်တိုင်းနှစ်ပြည် အကျိုးဖြစ်အောင် အားထုတ်ဆောင်ရွက်ပါမည့်အကြောင်းများနှင့် သံတော်ဦးတင်စာ။
(က) မဟာဗေယနော်ရထာက ဆက်သသည့် လက်ဆောင်တော် အထည်အလိပ်စာရင်း။

---

## ၇ မှတ် ပုရပိုက်ထွက်။

၁။ ။ ၁၁၉၅ ခု တပေါင်းလဆန်း ၆ ရက်နေ့[၂] အင်္ဂလိပ်အရေးပိုင် မဟာဗေယနော်ရထာနှင့် ဝန်ကြီးမင်းတို့ လွှတ်တော်တွင် စုံညီပြောဆို မှတ်သားချက်။

၁။ ၂၀ နိုဝင်ဘာ ၁၈၃၃    ၂။ ၁၃ ဖေဖော်ဝါရီ ၁၈၃၄

(က) ဝန်ကြီးမင်းများက အမေရိကန်ဆရာတို့ ငါတို့ ဘာသာစာပေများကို မသင့်မလျော် ရေးသားဝေငှခြင်း ပြုသည့်အရာ မသင့်လျော်ရှိသည် ပြောဆိုကြောင်း။

(ခ) မဟာဇေယနော်ရထာက အမေရိကန်ဆရာတို့နှင့် ကျွန်ုပ်တို့ မဆိုင်သော်လည်း ဆုံးမ ပြောဆိုပါမည်။ ဘင်္ဂလားမြို့မှာ တစ်ဦးဘာသာကို တစ်ဦး ကဲ့ရဲ့မပြုရသည့် ထုံးစံရှိသည် ပြောဆိုကြောင်း။

(ဂ) လူအထားအနေမှာ ဝန်ထောက်မင်း မင်းကျော်ရာဇာ၊ အင်္ဂလိပ်ဗိုလ် သူရနော်ရထာတို့ ရောက်မှ သိသာအောင် အစီရင်ခံပါမည့် အကြောင်း။

(ဃ) ငွေထုတ်ယူမှုစကားကို ဝန်ကြီးမင်းများက ပြေချောအောင် တင်လျှောက်ပါ။ နောင် သည်ကဲ့သို့ တွေ့မိလျှင် မြန်မာတို့ ထုံးစံရှိရာ စီရင်ပါ ပြောဆိုကြောင်း။

(င) ဝန်ကြီးမင်းများက မင်းဇကရာဇ်၏ အရိပ်အခြည်ကို ကြည့်၍ တင်လျှောက်မည်။ သိသာလျှင် ပြန်ပြောမည် ပြောဆိုကြောင်း။

(စ) ရေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီ၊ ရခိုင် ၄ မြို့ နယ် မြေမှု၊ ကသည်းနယ်မြေမှုများအနက် ကသည်းနယ်မြေမှု စကားမှာ အခွင့်ကုန်ပြီ။ ကျန်စကားကို တင်လျှောက်သာအောင် ပြန်ဆိုပါ ပြောဆိုကြောင်း။

(ဆ) မဟာဇေယနော်ရထာက ရန်ကုန်မြို့ဆိပ်မှာ အခွန်အတုတ်နည်းလျှင် သင်္ဘောအများ လာရောက်စီးပွားတော် တိုးတက်မည်ဖြစ်၍ အခွန်လျှော့သင့်ကြောင်း၊ မလျှော့လျှင် အထက်ကောက်နည်းအတိုင်း ကောက်သင့်ကြောင်း။ ရခိုင်မြို့အကြောင်းမှာ ဘင်္ဂလားမြို့ရှိ အင်္ဂလိပ် ကုမ္ပဏီမင်းတို့နှင့် တိုင်ပင်၍ ဘိလပ်မြို့သို့ စေလွှတ်၍ ရခိုင်မြို့ ရွှေလက်တော်ရောက်ဖြစ်အောင် ပြောသင့်ကြောင်း၊ နေရာကျလျှင် ရခိုင်မင်းသားကို ၎င်းမြို့တွင် စော်ဘွားခန့်သင့်ကြောင်းများနှင့် ပြောဆိုကြောင်း။

(ဇ) ဝန်ကြီးမင်းများက ကုန်သည်တို့ ပေးဆောင်ကြရသည့် အကောက်စာရင်းကိုတင်ရန် ပြောဆိုကြောင်း။

၂။ ။ ၁၁၉၅ ခု တပေါင်းလဆန်း ၇ ရက်နေ့[၁]၊ မဟာဇေယနော်ရထာက စာရေး ဇတွက်ကို လွှတ်တော်သို့ စေလွှတ်၍ အစီရင်ခံသည့်စကား မှတ်သားချက်။

(က) အမေရိကန် ဆရာများက စာမှာ လိုချင်သူတို့ကိုသာ ပေးဝေကြောင်း၊ သို့သော်လည်း နောင် မပေးမဝေပါ ပြောဆိုကြောင်း။

(ခ) ဂမ္ဘီရရိုန် သေဆုံးသည့် အကြောင်းအရာ ပေးစာနှင့်စပ်၍ ပြောဆိုချက်အကြောင်း။

၃။ ။ ၁၁၉၅ ခု တပေါင်းလဆန်း ၁၁ ရက်နေ့၊ အရေးပိုင် မဟာဇေယနော်ရထာ လွှတ်တော်သို့ လာရောက်၍ ဝန်ရှင်တော်မင်းကြီးများ အစုံအညီတွင် လူအနေအထား စကားကို ဆင်ခြင်သာအောင် စာရေးသား တင်ပါမည်။ စာကိုလည်း ဝန်ကြီးမင်းများနှင့် သင့် မသင့် တိုင်ပင်ပြင်ဆင်ပါမည် ပြောသည့်အကြောင်း။

**၁၁၉၅ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့[၂]။**

၄။ ။ အရေးပိုင် မဟာဇေယနော်ရထာက ရန်ကုန်မြို့သို့ စေလွှတ်သည့် စာပို့လှေကို တားဆီးမရှိ စုန်ရန် လွှတ်တော်စာ လျှောက်တောင်းသည့်အကြောင်း။

**၁၁၉၅ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၃]။**

၅။ ။ အရေးပိုင် မဟာဇေယနော်ရထာက လွှတ်တော်ဝန်ကြီးမင်း၊ အတွင်းဝန်မင်းတို့ စဉ်းစားဆင်ခြင်ရန် တင်ပို့သည့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်သင့် အကြောင်းအရာပြစာနှင့် ကတိစာချုပ် ၅ ချက်။

၆။ ။ ၁၁၉၅ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၄]၊ လွှတ်တော်တွင် ဝန်ကြီး အတွင်းဝန်တို့နှင့် အရေးပိုင် မဟာဇေယနော်ရထာတို့ ပြောဆိုမှတ်သားချက်။

(က) ကျွန်ုပ် စာနှင့်ရေးပေးသည့် ရဇဒင် ထားရန် စကား၊ အကောက်အခွန်ယူ စကားများကို ဝန်ကြီးမင်းများ သဘောရှိသမျှ စာနှင့် ရေးပေးစေလိုကြောင်း၊ အကောက်များကိုလည်း လျှော့စေလိုကြောင်းများနှင့် အရေးပိုင် မဟာဇေယနော်ရထာက ပြောဆိုကြောင်း။

၁။ ၁၄ ဖေဖော်ဝါရီ ၁၈၃၄ ၂။ ၁၉ ဖေဖော်ဝါရီ ၁၈၃၄ ၃။ ၂၃ ဖေဖော်ဝါရီ ၁၈၃၄ ၄။ ၆ မတ် ၁၈၃၄

(ခ) ဝန်ကြီးမင်းများက အကောက်အစားမှာ ၈၈ ခုနှစ် ကရောဖွတ်နှင့် စာချုပ် အသေအချာရှိသည် ပြောဆိုကြောင်း။

(ဂ) အရေးပိုင် မဟာဇေယနော်ရထာက ၎င်းစာချုပ်ကို ကုန်သည်တို့ မကြိုက်၍ သင့်လျော်အောင် ပြင်ဆင်လျှင် နှစ်ပြည်အကျိုးရှိမည် ပြောသည့်အကြောင်း။

(ဃ) ဝန်ကြီးမင်းများက ၁၀ ခိုင် တစ်ခိုင်သည် အစဉ်ထုံးစံ ဖြစ်ကြောင်း၊ အမြဲထုံးစံကိုလည်း ရော်လင်းသေည်သို့ ရန်ကုန်ဝန်ကြီးက ပေးအပ်ရှိကြောင်း၊ အရေးပိုင်က ပေးသည့် ဆင်ခြင်ရန်စာကို ကြည့်ရှု၍ စာနှင့် ရေးသားပေးပို့မည် ပြောသည့်အကြောင်း။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့[၁]။

၇။ ။ နွေရာသီကာလဖြစ်၍ အလွန်ပူသောကြောင့် အဝမြို့က တန်ခူးလဆုတ် ၅ ရက်နေ့ စုန်သွားလိုကြောင်း၊ ၎င်းအကြောင်းကို သံတော်ဦးတင်ပါမည်အကြောင်း၊ ဝန်ကြီးမင်းများထံ ဆင်ခြင်ပြောဆိုရန် ပေးစာအရလည်း သိသာလိုကြောင်းများနှင့် အရေးပိုင် မဟာဇေယနော်ရထာက လွှတ်တော်သို့ ပေးစာ။

(က) အင်္ဂလိပ်အရေးပိုင် သွားရန် လှေ ဖောင် စာရင်း။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၅ ရက်နေ့[၂]။

၈။ ။ အရေးပိုင် မဟာဇေယနော်ရထာက အင်္ဂလိပ်ကုန်သည်တို့ သင်္ဘောတွင် တင်ဆောင် တွေ့မိသည့် ငွေများကို ပေးအပ်သည့်အကြောင်း။

(က) ပေးအပ်ရသည့် ငွေချိန်စာရင်း။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၅ ရက်နေ့။

၉။ ။ သင်္ဘောသူကြီး ကရစ်တရိတို့ထံမှ မြန်မာအရာရှိတို့က ချေးယူငွေအကြောင်း၊ ကရစ်တရိတို့ ရှားကုန်ပေါ်တွင် အကောက် ပိုမို ကောက်ယူကြောင်းများနှင့် အရေးပိုင် မဟာဇေယနော်ရထာက လွှတ်တော်သို့ အစီရင်ခံစာ။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့[၃]။

၁၀။ ။ မဟာဇေယနော်ရထာက အင်္ဂလိပ်ကုန်သည် အိရှပျက်တို့ ငွေများ ပြန်၍သနားတော်မူသည်ကို အလွန်ဝမ်းမြောက်၍ ကျေးဇူးတော်ကြီးကြောင်း၊ နောင်ကိုလည်း သည်ကဲ့သို့ မဖြစ်ရအောင် ကုန်သည်များကို ပြောဆိုပါမည့် အကြောင်းနှင့် သံတော်ဦးတင်စာ လက်ခံ။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့။

၁၁။ ။ လွှတ်တော်တွင် ဝန်ကြီးများနှင့် အရေးပိုင် မဟာဇေယနော်ရထာတို့ ပြောဆိုမှတ်သားချက်။

(က) အရေးပိုင် မဟာဇေယနော်ရထာက ကျွန်ုပ် လွှတ်တော်သို့တင်စာကို ဆင်ခြင်ပါမည့်အကြောင်း၊ ရန်ကုန်မင်းကြီးကိုလည်း နှစ်ပြည် အကျိုးဖြစ်ရန် ပြောဆိုပါမည့်အကြောင်း၊ ပြောချက်ကိုလည်း ရွှေဘွားတော်အောက်သို့ ပို့ကာလ သင့်လျှင် သံတော်ဦးတင်၍ စာပြန်ပါမည့်အကြောင်း၊ လွှတ်တော်သို့ ဆင်ခြင်ရန် တင်သည့် စာကိုလည်း ရန်ကုန်ဝန်ကြီးထံ ပေးပို့ပါမည့် အကြောင်းများနှင့် ပြောဆိုကြောင်း။

(ခ) ဝန်ကြီးမင်းများက သင့်လျော်အောင် မှာထားမည် ပြောဆိုကြောင်း။

(ဂ) အရေးပိုင် မဟာဇေယနော်ရထာက အင်္ဂလိပ်ကုန်သည် ကရစ်တရီတို့ထံ တောင်ငူမြို့ဝန်တို့ ချေးယူငွေကို ရရန် လွှတ်တော်သို့ စာပေးရာ စာမပြန်ကြောင်း၊ ၎င်းမြို့မှာလည်း အကောက်အစား ကြီးများ၍ ကုန်သည် အလာနည်းကြောင်းများနှင့် ပြောဆိုကြောင်း။

(ဃ) ရန်ကုန်မြို့မှ စီးနင်း ဆန်တက်လာသည့်ဖောင် ပျက်စီးရှိသည်ကို ပြင်ပါစေမည့် အကြောင်း။ သာယာဝတီမင်းသား၊ ညောင်ရမ်းမင်းသား၊ မလွန်မင်းသား အိမ်တော်များသို့ ဝင်ထွက် လက်ဆောင်တော်များ ဆက်သလိုကြောင်းများနှင့် ပြောဆိုကြောင်း။

---

[၁] ၂၃ မတ် ၁၈၃၄ [၂] ၁၄ မတ် ၁၈၃၄ [၃] ၁၈ မတ် ၁၈၃၄

၁၁၉၅ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့[၁]။

၁၂။ ။ ယိုးဒယားပြည် မင်းခမ်းမင်းနားနှင့်တကွ နိုင်ငံထုံးစံ အကြောင်းအရာများကို ယိုးဒယားမြို့သို့ ရောက်ဖူးသူ ငမြစံ မေးချက်။

၁၁၉၅ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့။

၁၃။ ။ အမေရိကန်ဆရာများကို လွှတ်တော်သို့ခေါ်၍ ယေရှုစာရွက်များ မဝေမငှရန်၊ ဘာသာတူရာသို့ ပြန်သွားရန် လွှတ်တော်က ဆင့်ဆိုချက်။

(က) အမေရိကန် ဆရာများနှင့် အတူနေ လူတို့စာရင်း။

၁၄။ ။ ၁၁၉၅ ခု တန်ခူးလပြည့်ကျော် ၁ ရက်နေ့ လွှတ်တော်တွင် အရေးပိုင် မဟာဇေယနော်ရထာနှင့် ဝန်ကြီးမင်းတို့ ပြောဆိုချက်။

(က) ဝန်ကြီးမင်းများက နှစ်တိုင်းနှစ်ပြည် အကျိုးရှိအောင်၊ အရှင် အကျိုးရှိအောင် ရွက်ဆောင်ပါမည် ပြောဆိုချက်အရ မည်သို့ ရွက်ဆောင်မည်ကို သိလိုသည် မေးသည့်အကြောင်း။

(ခ) အရေးပိုင် မဟာဇေယနော်ရထာက လူနေလူထား စကားကို ဘင်္ဂလားမြို့က စာပြန်လျှင် ရခိုင် ၄ မြို့ စသည့်စကားကို ဘင်္ဂလားသို့ ရောက်ကာလ၊ ဘိလပ်သို့ စာတင် သိသာကွဲပြားခွင့်သာလျှင် စာပေးပါမည်။ စာရောက်ကာလ နိုင်ငံတော်က ရေးခြားလိမ္မာသူကို စေလွှတ်တော်မူပါ။ ဤအခါ စွမ်းအားရှိသမျှ အကျိုးတော်ကို ရွက်ဆောင်ပါမည် ပြောသည့်အကြောင်း။

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၁ ရက်နေ့[၂]။

၁၅။ ။ မဟာဇေယနော်ရထာက ရခိုင်မြို့ သလွန်တောင် ကျွန်းရွာတွင် တိုက်ခိုက်သူ ဓားပြငပုံကို ဖမ်းဆီးရမိ၊ ၎င်းအစစ်ခံချက်ကို လွှတ်တော်သို့ တင်ပို့ကြောင်း၊ ၎င်းကိုကြည့်ရှု၍ အကြောင်းပြန်ပါ ပြောဆိုသည့် အကြောင်း။

(က) ဝန်ကြီးမင်းများက ၎င်းအစစ်ခံချက်ကို ကြည့်ရှုမေးမြန်း၍ အကြောင်းကို ပြန်ကြားမည်။ အရေးပိုင် သွားမည့်နေ့ရက်ကို သိလိုသည် မေးသည့်အကြောင်း။

(ခ) သွားမည့်နေ့ရက်မှာ ဖောင်လှေရောက်မှ သေချာမည်။ မင်းသားများအိမ်သို့ ဝင်ထွက်ရန် နေ့ရက်ကို သိလိုပါသည် မေးမြန်းသည့်အကြောင်း။

၁၆။ ။ ၁၁၉၅ ခု တန်ခူးလပြည့်ကျော် ၂ ရက်နေ့ အရေးပိုင် မဟာဇေယနော်ရထာက လွှတ်တော်မှာ အစီရင်ခံချက်။

(က) ဓားပြငပုံ အစစ်ခံချက်ကို လွှတ်တော်သို့ တင်ပြသည့်အတိုင်း မည်သို့စီရင်မည်ကို သိလိုသည့် အကြောင်း။

(ခ) တိုက်အိမ်အနီး တရုတ်တို့ လွှတ်တော်ဆင့်ဆိုချက်ကို မတည်၊ နေမြဲ နေပြန်လာ၍ ဆင့်ဆိုပါမည့် အကြောင်း။

(ဂ) ရွှေဘွားတော်အောက်ရှိ စစ်ပါရီနှင့် လဲလှယ်ရန် စစ်ပါရီများကို ရခိုင်လမ်းက လာစေရန်အကြောင်း။

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့။

၁၇။ ။ အရေးပိုင်အိမ်သို့သွားရန် ဆင့်ဆိုသည့် အရာရှိများပြင် သွားမြဲ စာရေးကြီးကိုလည်း သွားရန် ဆင့်ဆိုချက်၊ အရေးပိုင် မဟာဇေယနော်ရထာအိမ်သို့ ပန်းထိမ်ဆရာများကို သွားရန် ဆင့်ဆိုချက်များ။

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၅ ရက်နေ့[၃]။

၁၈။ ။ သာယာဝတီမင်းသား အိမ်တော်သို့ မဟာဇေယနော်ရထာ လက်ဆောင်တော် ဆက်ဝင်သည့်အကြောင်း။

(က) လက်ဆောင်တော် အထည်အလိပ်စာရင်း။

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၄]။

၁၉။ ။ ညောင်ရမ်းမင်းသား အိမ်တော်သို့ မဟာဇေယနော်ရထာ လက်ဆောင်တော် ဆက်ဝင်သည့်အကြောင်း။

(က) လက်ဆောင်တော် အထည်အလိပ်စာရင်း။

---

၁။ ၂၂ မတ် ၁၈၃၄ ၂။ ၂၅ မတ် ၁၈၃၄ ၃။ ၂၉ မတ် ၁၈၃၄ ၄။ ၃၀ မတ် ၁၈၃၄

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၇ ရက်နေ့[၁]။

၂၀။ ။ မလွန်မင်းသား အိမ်တော်သို့ မဟာဓေယနော်ရထာ လက်ဆောင်တော် ဆက်ဝင်သည့်အကြောင်း။
(က) လက်ဆောင်တော် အထည်အလိပ်စာရင်း။

၁၁၉၅ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၂]။

၂၁။ ။ အရေးပိုင် မဟာဓေယနော်ရထာ ရန်ကုန်မြို့သို့ ပြန်သွားမည် ရှိရာ၊ ၎င်းအိမ်သို့ မှူးမတ်အရာရှိတို့ သွားရောက် နှုတ်ဆက်ကြသည့်အကြောင်း။

၂၂။ ။ ၁၁၉၅ ခု ကဆုန်လဆန်း ၃ ရက်နေ့ အရေးပိုင် မဟာဓေယနော်ရထာ လွှတ်တော်သို့လာ၍ ဝန်ကြီးမင်းများနှင့် ပြောဆိုချက်။
(က) အရေးပိုင်က မသွားမီ ရွှေတော်သို့ ဝင်ရောက်ဖူးမြော်လိုသည် ပြောဆိုကြောင်း။
(ခ) ဝန်ကြီးများက အခွင့်သင့်ကာလ တင်လျှောက်မည် ပြောဆိုကြောင်း။
(ဂ) အရေးပိုင်က ယခု အခွင့်မသင့်လျှင် ကောင်းပါပြီ။ ကဆုန်လဆန်း ၅ ရက်နေ့ စုန်သွားပါမည် ပြောဆိုကြောင်း။
(ဃ) အင်္ဂလိပ် အရေးပိုင်သို့ လွှတ်တော်တွင် ပေးအပ်သည့် အင်္ဂလိပ်မင်းသို့ အတုံ့ လက်ဆောင်တော် အကွင်းအခြည် အထည်အလိပ်စာရင်းနှင့် အရေးပိုင်သို့ သနားတော်မူသည့် လက်ဆောင် အထည်အလိပ် စာရင်း။

၂၃။ ။ ၁၁၉၆ ခု သင်္ကြန်ပြောင်း အမိန့်တော်၊ ဝါဆိုဝါကပ် အမိန့်တော်များကို အရေးပိုင်သို့ ပေးအပ်သည့် အကြောင်း။

၁၁၉၅ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့။

၂၄။ ။ အရေးပိုင် မဟာဓေယနော်ရထာက လွှတ်တော်သို့ အစီရင်ခံ စကားချက်။
(က) မော်လမြိုင်မြို့မှာ ဗိုလ်ကြီး ၂ ယောက် ခိုက်ရန်ဖြစ်မှုတွင် သိသူ မယ်ခလောက်ကို ခေါ်ရမည် မဒရပ် ဝန်ကြီး အမိန့်ရောက်၍ ၎င်းကို ခေါ်သွားလိုကြောင်း၊ ၎င်းအစား ဆေးသမား ဘောပြစ်ကို ကိုယ်စားလှယ် ထားခဲ့ပါမည့်အကြောင်း၊ မယ်ခလောက်စီးရန် ဖောင်၊ လှေ၊ မြင်း အလိုရှိကြောင်းများနှင့် ပြောဆိုကြောင်း။
(ခ) တောင်ငူမြို့ရှိ ကရစ်တရိငွေမှုစကားကို လွှတ်တော်က ထပ်မံ စာပေးပါမည့်အကြောင်း။
(ဂ) ဝန်ကြီးများတို့ အစုံအညီတွင် မယ်ခလောက်သို့ သနားတော်မူသည့် စီးမြင်း ၁ ကို ၎င်းအိမ်ရောက် ပို့စေသည့်အကြောင်း။

၁၁၉၅ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၃]။

၂၅။ ။ မိတ္ထီလာမြို့က ပို့ရောက်သည့် ကုလား ၄၊ စကားပြန် ၁ တို့ကို စာရေးကြီး ပျံချီနော်ရထာ သွားရောက်၊ အရေးပိုင်တိုက်သို့ ပို့စေရာ၊ ကရော်ပွတ် လာရောက်စဉ် ကုန်သည် အရောင်းအဝယ်မှုနှင့် ချုပ်ဆိုသည့် စာချုပ်ကိုကူးယူ၍ ဝန်ကြီးမင်းများကို ပြပါ ပြောဆိုသည့်အတိုင်း ကူးခဲ့သည့် စာချုပ်ပါ စကားချက်။

၁၁၉၅ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့။

အရေးပိုင် မဟာဓေယနော်ရထာက လွှတ်တော်သို့ အစီရင်ခံစာ။

၂၆။ ။ ရှေးကထက် အင်္ဂလိပ်နှင့် မြန်မာ မဟာမိတ် ဖြစ်ကြသည့်အတိုင်း မယ်ခလောက်ကို တောင်ငူလမ်းက မော်လမြိုင်မြို့သို့ သွားရရန် အကြောင်း။

၁၁၉၆ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့[၄]။

၂၇။ ။ အရေးပိုင် မဟာဓေယနော်ရထာ ရန်ကုန်မြို့သို့ ပြန်သွားရာ၊ ထုံးစံရှိသည့်အတိုင်း လွှတ်တော်က လိုက်ပို့ သည့် အကြောင်း။

---

၁။ ၃၁ မတ် ၁၈၃၄　　၂။ ၆ ဧပြီ ၁၈၃၄　　၃။ ၁၃ ဧပြီ ၁၈၃၄　　၄။ ၁၆ ဧပြီ ၁၈၃၄

၁၁၉၆ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၁]။

၂၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကုန်သည် ၄ တို့ကို မိတ္ထီလာမြို့ဗိုလ်က ချုပ်ထားမှု၊ မဘဲမြို့သူကြီးက အခွန်ပိုမိုကောက်ခံမှု၊ ကရစ်တရိ ငွေမှုများနှင့် စပ်၍ အရေးပိုင် မဟာဓေယနော်ရထာက လွှတ်တော်သို့ တင်ပေးသည့်စာ။

---

**စ မှတ် ပုရပိုက်ထွက်။**

၁၁၉၆ ခု၊ နယုန်လဆန်း ၉ ရက်နေ့[၂]။

မှတ်တော်မူချက်။

၁။ ။ အင်္ဂလိပ်ဆရာ ဘေပစ်နှင့် စစ်ပါရီတို့ကို မုန့်လုပ်ရန် ထန်းရည်ခါး ပေးစေသည့်အကြောင်း။
(က) ၎င်းတို့ကို ပေးသည့် အစာရိက္ခာစာရင်း။

၁၁၉၆ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။

၂။ ။ တိုက်အိမ်တွင် နေမြဲလူ ၁၅ ယောက်တို့ကို နေမြဲနေအောင် ဆင့်ဆိုပါမည့် အကြောင်းနှင့် အင်္ဂလိပ်ဆရာ ဘေပစ်က စာရေးတွေက်ကို စေလွှတ်၍ လွှတ်တော်သို့ တင်သည့်စာ။

၁၁၉၆ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

၃။ ။ ကုန်သည် ရုံကစ္စအပေါ်တွင် မဘဲမြို့သူကြီးက အကောက်အစားအတွက် မတန်အတန် အထည်အလိပ်များကို ယူကြောင်း၊ အခြားကုန်သည်များ အပေါ်တွင်လည်း အကောက်အစား အများအပြား ယူကြောင်းနှင့် ဆရာဘေပစ်က လွှတ်တော်သို့ အစီရင်ခံချက်။
(က) မဘဲမြို့သူကြီးက မြင်းတစ်စီးလျှင် ငွေ ၁၀ ကျ တောင်း၍၊ ၎င်းမှာ မြင်း ၆ စီး အပ်ထား ပြန်ခဲ့ရကြောင်း၊ ကျွဲနွားများမှာ တစ်ကောင်လျှင် ၁ စီ ကောက်ယူကြောင်း၊ မိတ္ထီလာမြို့က လာရောက်သူ ကုန်သည် ရုံကစ္စ အစစ်ခံချက်။

၁၁၉၆ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့။

ဝန်ကြီးမင်းများ အစုံအညီ လွှတ်တော်မှာ ဆရာဘေပစ်
အစီရင်ခံသည့်စကား မှတ်သားချက်။

၄။ ။ သလွန်တောင်ကျွန်း ဓားပြတိုက်ခိုက်မှုကို မြန်မာထုံးစံရှိရာ စစ်မေးစီရင်ရန် အကြောင်းအရာ။

၁၁၉၆ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

ဆရာဘေပစ်က လွှတ်တော်မှာ အစီရင်ခံချက်။

၅။ ။ မိတ္ထီလာမြို့က လာရောက်သူ ကုလား ရုံကစ္စနှင့် လူ ၃ ယောက်ကို ရခိုင်မြို့သို့ပြန်ရာ စာပေးပါမည့်အကြောင်း၊ သမ္ဘန်ခေါင်းက ရက်ငွေကိုယူ၍ ကျောက်ဆည်သို့ ထွက်ပြေးသူကိုတွေ့လျှင် ကျောက်ဆည်ဝန်က လွှတ်တော်သို့ ပို့အပ်ပါစေမည့်အကြောင်း။

၁၁၉၆ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၃]။

ဆရာဘေပစ်က လွှတ်တော်သို့ အစီရင်ခံသည့်စကား မှတ်သားချက်။

၆။ ။ စီးရန်ပေးသည့် မြင်းကို လဲပေးပါမည့်အကြောင်း၊ တစ်လလျှင် ယမ်းစိမ်း ၁၅ ပေးပါမည့်အကြောင်း။
(က) မြင်းကိုလည်း လဲပေးစေ၊ ယမ်းစိမ်းလည်း ပေးစေ၊ မင်းကြီးများ မိန့်ချက်။

၁၁၉၆ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့[၄]။

ဆရာဘေပစ်က လွှတ်တော်သို့ အစီရင်ခံစကား မှတ်သားချက်။

၇။ ။ အင်္ဂလိပ်မင်းက ပေးပို့စာများ နေ့ရက်မကြန့်ကြာရအောင် လမ်းစဉ် ချောထောက်ခေါင်းအကြီးတို့ကို

---

၁။ ၁၇ ဧပြီ ၁၈၃၄ ၂။ ၁၆ မေ ၁၈၃၄ ၃။ ၂၇ မေ ၁၈၃၄ ၄။ ၇ ဇွန် ၁၈၃၄

ထပ်မံ ဆင့်ဆိုပါမည့်အကြောင်း၊ ဝန်းသိုမြို့မှာ ကပ္ပိတန်လျင်က ရသင့်ငွေ ၁၇၆ဝ ရှိသည်ကို ရရန် ရှိခိုး သံတော်ဦးတင်လိုကြောင်း။

(က) ချောထောက်တို့ကို စာချွန်ထပ်၍ပေး၊ ကပ္ပိတန်လျင် ငွေကိုလည်း ရအောင် တောင်း၍ပေး၊ ဝန်ကြီးများ မိန့်ချက်။

၁၁၉၆ ခု၊ ပထမဝါဆိုလဆန်း၊ ၄ ရက်နေ့[1]။

၈။ ။ အင်္ဂလိပ်ဆရာ ဘေပစ်က ဝန်းသိုမြို့မှာ ကပ္ပိတန်လျင်က ရထိုက်ငွေကို ရလိုကြောင်း သံတော်ဦးတင်စာ။

၁၁၉၆ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့[2]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံသည့်စကား မှတ်သားချက်။

၉။ ။ ရခိုင်မြို့နယ် သံတွဲအပိုင် ဆားပြင်ကုလားရောင်ခရိုင် ကျေးရွာများတွင် တိုက်ခိုက်သည့် ဓားပြများကို မင်းတုန်းမြို့ဝန်၊ ဂျွန်းတောင်မြို့ သူကြီးတို့က ဖမ်းဆီးချုပ်ထားရှိကြောင်း စာရ၍ ၎င်းမြို့ဝန်၊ မြို့သူကြီးတို့ကို ဆင့်ဆိုပါမည့်အကြောင်း။

(က) မြို့ဝန်နှင့် မြို့သူကြီးတို့ ဖမ်းဆီးမိသူ ဓားပြများစာရင်း။

၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံသည့်စကား မှတ်သားချက်။

၁၀။ ။ ဝန်းသိုမြို့က ကပ္ပိတန်လျင်သို့ ပေးရန်ငွေကို အလျင်အမြန်ရအောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[3]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံစာ။

၁၁။ ။ မော်လမြိုင်မြို့နယ်တွင် တိုက်ခိုက်သည့် ဓားပြတို့ကို မုတ္တမမြို့ဝန်က မဖမ်းဆီးကြောင်း၊ မုတ္တမစစ်ကဲဆိုသူ မော်လမြိုင်မြို့သို့ ကူးလာပြီးလျှင် အရာရှိများ မပြောမဆို ပြန်သွားကြောင်း၊ မော်လမြိုင်မြို့က ထွက်ပြေးသည့် စစ်ပါရီကို မုတ္တမမြို့ဝန်က သတ်ကြောင်း၊ ကျန် ၃ ယောက်အနက် တစ်ယောက်မှာ သာယာဝတီမင်းထံ ဆန်သွားကြောင်းကို ရန်ကုန်မြို့ အရေးပိုင်မင်းထံ ကုလား ၂ ယောက်က အစစ်ခံကြောင်း။ ၎င်းအကြောင်းကို မုတ္တမမြို့ဝန်သို့ ဆင့်ဆိုပါမည့် အကြောင်းအရာ။ ရန်ကုန်မင်းကြီးက အကောက်အစား လျှော့၍ သင်္ဘောအများ လာမည် မဟာဗေယနော်ရထာက ပေးစာတွင် ပါသည့် အကြောင်းအရာ။

မိအိုက လွှတ်တော်မှာ အစီရင်ခံချက်။

၁၂။ ။ အဘရွှေတောင်ပျံချီကျော် ထားဝယ်မြို့မှာ သေလွန်၍ ကျန်ပစ္စည်းများကို ထားဝယ်မြို့ဝန် အင်္ဂလိပ်မိုလ်တို့က သိမ်းဆည်းထားကြောင်း၊ ၎င်းပစ္စည်းများ ရအောင် ရွှေဘွားတော်အောက်ရှိ ကုလားမိုလ်တို့ကို ဆင့်ဆိုတော်မူပါမည့်အကြောင်း။

၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

မြဝတီမင်းကြီး အိမ်တွင် အင်္ဂလိပ်ဆရာဘေပစ် ပြောဆိုရာ မှတ်သားချက်။

၁၃။ ။ ရွှေတောင်ပျံချီကျော် သေဆုံးရာ ကျန်ပစ္စည်းရပ်များမှာ ဒင်္ဂါး ၄၀၀၀ ကျော်၊ ၅၀၀၀ ရှိမည် ပြောဆိုကြကြောင်း။

၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[4]။

(က) သေဆုံးသူ ရွှေတောင်ပျံချီကျော် ပစ္စည်းများကို ကုလားတို့က သိမ်းယူထားကြောင်း၊ အမွေခံတို့က တောင်းလျှင်လည်း ပေးမည် ကြားခဲ့ကြောင်း၊ မလာလျှင် ၃ နှစ်စေ့မှ ယူမည် ပြောဆို ကြားသိခဲ့ကြောင်းများနှင့် လွှတ်တော်တွင် ထားဝယ်မြို့က လာရောက်သူ ငနှောင်း မေးချက်။

၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[4]။

(ခ) လွှတ်တော်က အင်္ဂလိပ်ကိုယ်စားလှယ် ဆရာဘေပစ် တိုက်သို့ စေလွှတ်ပေးပို့စေသည့် ရွှေတောင်ပျံချီ သေရာ ကျန်ပစ္စည်းများနှင့် စပ်၍ ငနှောင်း မေးချက်တစ်ရပ်။

---

၁။ ၉ ဇွန် ၁၈၃၄ ၂။ ၂၀ မတ် ၁၈၃၄ ၃။ ၂ ဩဂုတ် ၁၈၃၄ ၄။ ၂၂ ဇူလိုင် ၁၈၃၄

၁၁၉၆ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၁]။

ဆရာဘေပစ်က လွှတ်တော်သို့ ပေးစာ။

၁၄။ ။ နေအိမ် မိုးမလုံ၍ အသုံးအဆောင်များ ပျက်စီးကြောင်း၊ ဘင်္ဂလားမြို့မှာ မြန်မာသံအရာရှိတို့ကို တစ်လ လျှင် ၂၀၀ တန် တိုက်အိမ်ကို ငှားရမ်းပေးထားကြောင်း၊ သံတမန်တို့ကို ပျက်စီးသည့် အိမ်ရာနှင့် ထားမြဲ မဟုတ်ကြောင်း။

၁၁၉၆ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

၁၅။ ။ လှေပွဲသဘင်တော် အသိမ်းတွင် အင်္ဂလိပ်ဆရာ ဘေပစ်က လက်ဆောင်တော်များနှင့် ဖူးမြော်ဝင်ရောက် ဆက်သသည့်အကြောင်း။

၁၁၉၆ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့[၂]။

လွှတ်တော်တွင် အင်္ဂလိပ်ဆရာ ဘေပစ်နှင့် ဝန်ကြီးများ စုံညီ ပြောဆိုမှတ်သားချက်။

၁၆။ ။ ရန်ကုန်မြို့ ဆိပ်ကမ်းတွင် အကောက်တော် ၂ နှစ် လျှော့ပေါ့ကောက်ခံရန်၊ ရန်ကုန်မင်းကြီးတွင် မဟာ ဇေယနော်ရထာ ပြောဆိုချက်စကား၊ ဘိုးတော်ဘုရား လက်ထက်ကအတိုင်း ကောက်ယူသင့်ကြောင်းနှင့် ၎င်းသံတော်ဦးတင်စာတွင် ပါသည့်စကား၊ ၂ ရပ် ကွဲပြားသောကြောင့် သံတော်ဦးမတင်သေး။ ရန်ကုန် မင်းကြီးသို့ မှာစာပေး၍ မေးဦးမည်။ စာပြန်မှ သိသာမည် ဝန်ကြီးများက ပြောဆိုရာ၊ အင်္ဂလိပ်ဆရာ ဘေပစ်က ရန်ကုန်မင်းကြီးက စာရောက်ကာလ ၎င်းစာအရ မဟာဇေယနော်ရထာထံ စာပေးပါမည်ဖြစ်၍ ရန်ကုန်မင်းကြီးသို့ ပေးမှာစာ လက်ခံကို ရလိုကြောင်းနှင့် ပြန်ပြောသည့်အကြောင်း။

၁၁၉၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့။

လွှတ်တော်တွင် အင်္ဂလိပ်ဆရာ ဘေပစ်က တင်သည့် စက္ကူစာလက်ခံ။

၁၇။ ။ မုတ္တမမြို့နေ ဓားပြ ငရွှေကြူကို တောင်းရာ မုတ္တမမြို့ဝန်က သတ်၍ ခေါင်းကိုသာ ပေးပို့ကြောင်း၊ အရှင်ပို့လျှင် ဓားပြလက်ခံမှုဖြစ်ရန် စိုးရိမ်မကင်း၍ ပြုလုပ်သည့်အရာ ဖြစ်ကြောင်း၊ သည်ကဲ့သို့ပြုလျှင် နှစ်ပြည် သင့်တင့်မည် မဟုတ်ကြောင်း။

၁၁၉၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

စာရေး ဇွေကက လွှတ်တော်တွင် အစီရင်ခံချက်။

၁၈။ ။ အရေးပိုင်က ရွှေဘွားတော်အောက်သို့ စေလွှတ်သူတွင် ရန်ကုန်မင်းကြီးက လွှတ်တော်သို့ တင်လျှောက်စာ မပေးဖူးသည့် အကြောင်းအရာ၊ ယခု အပ်လိုက်သည့်စာကို ပို့လာစေသည့် အကြောင်းအရာ။

၁၁၉၆ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့[၃]။

မှတ်တော်မူချက်။

၁၉။ ။ သာသနာနှင့် ဆန့်ကျင်ဘက်စာများ ဝေငှသူ အမေရိကန် တရားဟောဆရာတို့ကို နိုင်ငံတော်မှာ မနေ စေရမည့် အကြောင်းအရာ။

၁၁၉၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၄]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်သို့ တင်သည့်စကား မှတ်သားချက်။

၂၀။ ။ တိုက်အိမ်မှာ အစောင့်အနေ သေနတ်အမှုထမ်း ထပ်မံထားရန် အကြောင်း၊ ရန်ကုန်မြို့တွင် အကောက် အစား တိုးပွားကြောင်း၊ ကပ္ပိတန်ကို သင်္ဘောခန်းကို ပိတ်ဆို့၊ ခလာသီတို့က မီးရှို့ထွက်ပြေးကြောင်း။ ၎င်းနေရာမှာ နိုင်ငံတော် ဦးပဲရွာအနီးဖြစ်၍ သင်္ဘောတွင် ဆုံးပါးသည့် ပစ္စည်းများရရန် ၎င်းရွာနေလူတို့ကို မေးမြန်းပါမည့်အကြောင်း၊ နတ်တော်လအတွင်း စစ်ပါရီအလဲ လာရောက်မည့်အကြောင်း၊ ကလျာဏီသိမ် ကျောက်စာ လက်ခံကို ပေးပါမည့်အကြောင်း။

---

၁။ ၁၂ စက်တင်ဘာ ၁၈၃၄ ၂။ ၁၁ အောက်တိုဘာ ၁၈၃၄ ၃။ ၅ နိုဝင်ဘာ ၁၈၃၄ ၄။ ၂၉ နိုဝင်ဘာ ၁၈၃၄

၁၁၉၆ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံသည့်စကား မှတ်သားချက်။

၂၁။ ။ ရန်ကုန်မြို့ ဆိပ်ကမ်းမှာ အကောက်အစားများကို စာရင်းအတိုင်း ကောက်ခံအောင် ဆင့်ဆိုပါမည့်အကြောင်း၊ ဒလမြို့စီရင်စု ဦးပဲရွာအနီး သင်္ဘောကို မီးလောင်ရာ သင်္ဘောတွင် ပျောက်ဆုံးသည့် ကြေးငွေများအတွက် ၎င်းရွာနေ လူတို့ကို သက်သေမကင်းရှိ၍ မေးမြန်းပါမည့်အကြောင်း။

၁၁၉၆ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံသည့်စကား မှတ်သားချက်။

၂၂။ ။ စစ်ပါရီတို့ စုန်သွားရန် သင့်ရာအရာရှိကို ဆင့်ဆို လိုက်ပို့စေပါမည့်အကြောင်း၊ တိုက်တွင် မြန်မာလက်နက်ကိုင် တိုး၍ ထားပါမည့်အကြောင်း၊ မဟာဇေယနော်ရထာ မှာထားသော ကလျာဏီကျောက်စာနှင့် အဘိဓာန်ပါဠိနိဿယကို ရလိုပါကြောင်း။

၁၁၉၆ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

၂၃။ ။ ၂၂ မှတ်ပါ အကြောင်းအရာအတိုင်း အတွင်းတော်သို့ သွင်းသည့် စာလက်ခံ။

၁၁၉၆ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့။

၂၄။ ။ အင်္ဂလိပ်ဆရာ ဘေပစ်နှင့် အတူပါသည့် အရာရှိနှင့် အစေခံလူတို့ကို ရိက္ခာပေးသည့်စာရင်း။

၁၁၉၆ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၃]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံသည့် စကားမှတ်သားချက်။

၂၅။ ။ ယခု လာရောက်မည့် စစ်ပါရီ စစ်ဗိုလ်တို့ နေရန်အိမ်ကို ပျဉ်ထောင်၊ အုတ်ကြွပ်မိုးနှင့် ဆောက်လုပ်ပေးပါလျှင် သင့်လျော်မည့်အကြောင်း။

၁၁၉၆ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

အရေးပိုင် မဟာဇေယနော်ရထာက ပေးလိုက်သည့်စာ ဆို၍

ဆရာဘေပစ်က လွှတ်တော်သို့ တင်ပေးသည့်စာ။

၂၆။ ။ ဘိုးတော်ဘုရား လက်ထက်ကအတိုင်း ရန်ကုန်ဆိပ်ကမ်းတွင် အကောက် အခွန်တော် ကောက်ခံ၍ ကုန်သည်များ ဝမ်းမြောက်ကြောင်း၊ ၎င်းပြင် အရာရှိများ စားစု လက်ဆောင်ကို ထက်ဝက်လျှော့ယူပါအောင် အမိန့်တော်ခံ၍ ရန်ကုန်မင်းကြီးသို့ ဆင့်ဆိုပါလျှင် အကျိုးစီးပွားတော် ဖြစ်မည့်အကြောင်း။

၁၁၉၆ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့။

ဆရာဘေပစ်က လွှတ်တော်သို့ အစီရင်ခံစာ။

၂၇။ ။ မော်လမြိုင်မြို့က လာရောက်သူ ငွေကြေးကို သတ်ဖြတ်သည့် မုတ္တမမြို့ဝန်ကို လဲ၍ အသစ်ခန့်မည် မင်းကြီးများ အမိန့်အတိုင်း လဲလှယ်မခန့်ထားလျှင် စကားပြောဆို၍ ငြိမ်ဝပ်နိုင်မည် မဟုတ်ကြောင်း။

၁၁၉၆ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၄]။

အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်မှာ အစီရင်ခံစာ။

၂၈။ ။ ရန်ကုန်မြို့သို့ စေလွှတ်သည့် ခရာသီတို့ကို လှေဆွဲရွာသူကြီးက ငါးကို လုယူမှုနှင့် ချုပ်ထားသည့်အရာ မသင့်လျော်ကြောင်း၊ နောင် သည်ကဲ့သို့ မဖြစ်ရအောင် ဆင့်ဆိုပါမည့်အကြောင်း၊ အကောက်မှုနှင့် အရေးပိုင် မဟာဇေယနော်ရထာ ပေးစာ အရလည်း စာပြန်ပါမည့်အကြောင်း။

၁၁၉၆ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့။

၂၉။ ။ အမေရိကန်ဆရာ ကတ္တားတွင် ပါသည့် သေနတ် ၃ များကို စစ်ကြောမြဲ စစ်ကြော၍ တားဆီးမရှိ စုန်သွားစေရမည့် အကြောင်းနှင့် ကျောက်တစ်လုံးကင်းတော်သို့ လွှတ်တော်က ပေးစာ။

၁၁၉၆ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၄]။

၃၀။ ။ စစ်ပါရီတန်း ဆောက်လုပ်ရန် အသုံးစာရေး ရွှေတောင်ကျော်သူသို့ လွှတ်တော်က ဆင့်ဆိုသည့်အကြောင်း။

---

၁။ ၇ ဒီဇင်ဘာ ၁၈၃၄ ၂။ ၁၆ ဒီဇင်ဘာ ၁၈၃၄ ၃။ ၅ ဇန်နဝါရီ ၁၈၃၅ ၄။ ၁ ဖေဖော်ဝါရီ ၁၈၃၅

၁၁၉၆ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့[၁]။

## ဆရာဘေပစ်က လွှတ်တော်သို့ ပေးစာလက်ခံ။

၃၁။ ။ တစ်ပြည်က တစ်ပြည်သို့ သွားရောက်သည့် သံတမန်တို့မှာ ကိုယ့်စရိတ်ကို ကိုယ်ခံ၍ သွားလာမြဲ ထုံးစံအတိုင်း ဖြစ်ပါရအောင် ထောက်ပံ့သည့် စရိတ်များကို ရပ်ဆိုင်း၍ ဝယ်ခြမ်းရာ တော်သင့်သည့် အဖိုးနှင့် ရအောင်သာ ဈေးဆိုင်များ ဆင့်ဆိုပါမည့်အကြောင်း။

၁၁၉၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။

## မှတ်တော်မူချက်။

၃၂။ ။ ရိက္ခာပေး ရပ်ဆိုင်းစေရမည့် အကြောင်းအရာ၊ ဆင့်ဆိုသည့်နေ့ရက်ကို မှတ်ထားရမည့် အကြောင်းအရာ။

၁၁၉၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့။

## ဆရာဘေပစ်က လွှတ်တော်သို့ ပေးစာ။

၃၃။ ။ ယခုလာရောက်သည့် အင်္ဂလိပ်ဗိုလ်ကို ကျွန်ုပ်ကဲ့သို့ ကြည့်ရှုပါမည့်အကြောင်း၊ ကျွန်ုပ်လည်း ကုမ္ပဏီမင်းနှင့် တွေ့လို၍ ဘင်္ဂလားသို့ သွားမည့်အကြောင်း၊ ဘင်္ဂလားသို့ရောက်၍ ကုမ္ပဏီမင်းနှင့်တွေ့မှ အခွင့်ရှိသမျှကို ဝန်ကြီးမင်းများထံ စာရေးသားပေးပို့ပါမည့်အကြောင်း။

၁၁၉၆ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့။

၃၄။ ။ အတွင်းတော်သို့ သွင်းသည့် အင်္ဂလိပ်ဗိုလ်တို့ စီးသည့် လှေ၊ ဖောင် စာရင်း။

၁၁၉၆ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၂]။

## အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်သို့ ပေးစာ။

၃၅။ ။ ကပ္ပိတန်လျင်က မက္ခရာမြို့စား မင်းသမီးမှာ ရရန်ကျန်ငွေကို ရအောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၁၉၆ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့။

၃၆။ ။ အင်္ဂလိပ်ဆရာ ဘေပစ်သို့ စီးရန်ပေးသည့် မြင်းကို လွှတ်တော်သို့ ပြန်အပ်သည့်အကြောင်း။

---

## ၉ မှတ် ပုရပိုက်ထွက်။

၁၁၉၉ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၃]။

## အင်္ဂလိပ်ဆရာ ဘေပစ်က လွှတ်တော်သို့ ပေးစာ။

၁။ ။ မုတ္တမမြို့နယ်က ဓားပြလူဆိုးတို့ မော်လမြိုင်မြို့နေ ကုလားကုန်သည်တို့ကို သံလွင်မြစ်ချောင်းတွင် တိုက်ခိုက်ကြောင်း၊ ၎င်းအကြောင်းကို ဘီးလင်းမြို့ဝန်သို့ ဆရာဝန် ရဇ္ဇင်သင်ကို စေလွှတ်ပြောဆိုစေရာ အပြောအဆို လက်မခံ ရှိနေကြောင်း။

၁၁၉၉ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

၂။ ။ လွှတ်တော်က ဟံသာဝတီမြို့ဝန် ဝန်ထောက် ရေနံချောင်းမြို့စား မဟာမင်းလှကျော်ထင်နှင့် မုတ္တမ၊ ရွှေကျင်၊ စစ်တောင်းမြို့ဝန်တို့သို့ သံလွင် မြစ်ချောင်းတွင်တိုက် ဓားပြမှု စကားပြောဆိုလာသူ အင်္ဂလိပ် အရာရှိများကို ကျေလည်အောင် ပြောဆိုရမည့် အကြောင်းနှင့် ပေးမှာစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၄]။

## အင်္ဂလိပ်ဆရာ ဘေပစ်သို့ လွှတ်တော်က ပေးစာ။

၃။ ။ နောင်တော်ဘုရားလက်ထက် စစ်မက်ဖြစ်ပွားပြေငြိမ်း၊ နှစ်ပြည် တစ်ပြည် မဟာမိတ်ဖြစ်ရန် ပြောဆိုမြဲ ထုံးစံဓလေ့အတိုင်း ပြောဆိုရမည့်အကြောင်း။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၄]။

၄။ ။ အင်္ဂလိပ် အရေးပိုင်များနှင့် သင့်တင့်အောင် အရေးကို မြော်ချင့်၍ ပြောဆိုရမည့်အကြောင်းနှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

---

၁။ ၁၄ ဖေဖော်ဝါရီ ၁၈၃၅ ၂။ ၁၉ မတ် ၁၈၃၅ ၃။ ၂၅ ဖေဖော်ဝါရီ ၁၈၃၈ ၄။ ၁၂ မေ ၁၈၃၈

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

၅။ ။ အင်္ဂလိပ်ဆရာ ဘေပစ်ကို မြို့တွင်းမှာ နေစေမှ သင့်မည့်အကြောင်း၊ မုတ္တမမြို့က ဓားပြမှုစကားကို ရှင်းလင်းရန် မင်းကြီး မဟာကျော်ထင်ကို ရွှေဘွားတော်အောက် လာစေရမည့် အကြောင်းများနှင့် လွှတ်တော်က ဝန်ထောက် ရေနံချောင်းမြို့စားသို့ ပေးမှာစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

၆။ ။ အရာက နုတ်သူတို့ကို ရွှေဘွားတော်အောက် ဆန်တက်လာစေမြဲအတိုင်း လာစေရမည့် အကြောင်းနှင့် ဝန်ထောက် မြဝတီမြို့စားက ဟံသာဝတီမြို့ဝန်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

၇။ ။ နန်းတော်ဆောက်လုပ်ရန် သံချိန် ၃၀၈၅၀ ကို ဘင်္ဂလားသို့ မှာယား ဆက်သရမည့် အကြောင်းနှင့် ဝန်ထောက် မြဝတီမြို့စားက ဝန်ထောက် ဟံသာဝတီမြို့ဝန်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

၈။ ။ စေလွှတ်သူ နေမျိုးရာဇကျော်သူတွင် ပါသည့် တင်စာလျှောက်စာများကို တင်လျှောက်ကြောင်း၊ ယခု ပြန်လာသူ နေမျိုးရာဇကျော်သူကို မှာထားသင့်ရာ မှာထားပြန်လွှတ်စေ အမိန့်တော်အရ ပြန်လွှတ်ကြောင်း၊ ၎င်းနှင့်ဘက်ထည့်သူ နေမျိုးသီရိနော်ရထာကို ပြန်လွှတ်ရမည့်အကြောင်း၊ အောက်မြို့ကျေးရွာက သူကြီးများကိုလည်း ပြန်လာစေသည့် အကြောင်းများနှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

၉။ ။ ၈ မှတ်ပါ အကြောင်းအရာအတိုင်း ဝန်ထောက် မြဝတီမြို့စားက ဟံသာဝတီမြို့ဝန်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

၁၀။ ။ အင်္ဂလိပ်များနှင့် ပြောရန် နေမျိုးရာဇကျော်သူ၊ နေမျိုးရာဇနော်ရထာတို့တွင် အမိန့်တော်မြွက်နှင့် မှာထားသည့် စကားချက်။

(က) နောင်တော်ဘုရားလက်ထက် စစ်မက်ပွားရာ နှစ်ဦး စာချုပ်၍ ပြေငြိမ်းကြကြောင်း။

(ခ) နောင်တော်ဘုရားက နိုင်ငံကို လွှဲအပ်၍ အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ရန်ကို အလိုမရှိ၊ မဟာမိတ်ကိုသာ အလိုရှိကြောင်း။

(ဂ) စာချုပ်ဝင် မြို့ရွာများကို ရလိုသည် မပြောမဆို။ ရန္တပိုစာချုပ်အတိုင်း ချုပ်ဆိုလျှင် နိုင်ငံချင်းစာချုပ် ဖြစ်၍ မတည်လျှင် မည်သူတာဝန်ဖြစ်စေ ဆိုနိုင်မည့်သူ အင်္ဂလိပ်က အရေးပိုင် ပေါ်ထွက်လျှင် နေ့ရက်ချိန်းချက် သံတော်ဦးတင်ပြီးမှ ပြောဆိုရမည့်အကြောင်း။

(ဃ) နောင်တော်ဘုရားလက်ထက် ပြောဆိုရန်ရှိလျှင် အရေးပိုင်ချင်း မပြောမဆိုရ၍ မစေ့စပ်ရှိသည်၊ အရေးပိုင်ချင်း ပြောဆိုရလျှင် စေ့စပ်မည့်အကြောင်း။

၁၂၀၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

၁၁။ ။ နောင်တော်ဘုရား အရိုက်အရာကို ဆက်ခံတော်မူကြောင်း၊ နှစ်ပြည် အသင့်အတင့် မိတ်ဆွေ အစဉ်ဖြစ်အောင် ဆောင်ရွက်ပြောဆိုရမည့် အကြောင်းများနှင့် လွှတ်တော်က အင်္ဂလိပ်ဆရာ ဘေပစ်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

၁၂။ ။ ဝန်ထောက်မင်းက ပို့ရောက်သည့် အင်္ဂလိပ် ဘေပစ်သို့ ပေးရန်စာနှင့် အရပ်ရပ်စာများကို ဆက်သွင်း တင်လျှောက်ကြောင်း၊ အရပ်ရပ် တင်ခွင့်လျှောက်ခွင့် ရှိသမျှကို တင်လျှောက်လိုက်ရမည့် အကြောင်းများ နှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

၁၃။ ။ ရွှေဘွားတော်အောက်ရှိ ရန်ကုန်မြို့ရှိ အင်္ဂလိပ်၊ အရမဏီ၊ ပသီ အမျိုးသားတို့က တိုင်းရေးပြည်မှုများနှင့် စာပေးစာယူ မရှိစေရ ဆင့်ဆိုအောင် အင်္ဂလိပ် ဘေပစ်ကို ပြောဆိုရမည့်အကြောင်း၊ ဆန်စပါးများကို

၁။ ၁၂ မေ ၁၈၃၀ ၂။ ၁၀ မေ ၁၈၃၀ ၃။ ၂၁ ဇွန် ၁၈၃၀

နိုင်ငံခြားသို့ မထုတ်မယူစေရန် ဆင့်ဆိုရမည့် အကြောင်းများနှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့ [၁]။

၁၄။ ။ ဟံသာဝတီ လက်နက်တိုက်မှာ အုပ်ထိန်းဖူးသူ ငခိုင် ဟံသာဝတီမြို့သို့ စုန်သွားကြောင်း၊ ၎င်းကိုခေါ်၍ လက်နက်များကို စစ်ဆေးရှင်းလင်းစေရမည့် အကြောင်းနှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့ [၁]။

၁၅။ ။ ဝန်ထောက်မင်းက အရေးပိုင်ဘောပစ်သို့ ပေးရန် ရေးသားပို့ရောက်သည့်စာကို အရေးကိုချင့်၍ တင်လျှောက်မည့် အကြောင်း၊ စေ့ထွန်းမှာ အပါးတော်မြဲဖြစ်၍ သင့်ရာလူကို စစ်ကဲခန့်ရန် လျှောက်ထားစေ အမိန့်တော်ကို ဦးထိပ်တင် ဆင်ရွက်ရကြောင်း၊ တောင်လုံးကျော် ပဲ့နင်းနှင့် လိုင်မြို့သူကြီးတို့ မြေမှုစကားကို အမိန့်တော်အတိုင်း စီရင်မှ သင့်မည့်အကြောင်း၊ မိစီ အမှုစကားကို ရွှေနားတော်မြတ် ကြားသိကြောင်း၊ ဟသ်ာတမြို့နှင့် အုတ်ဖိုတိုက်နယ်မှု စကားမှာ အမိန့်တော်ခံ၍ ကွဲပြားမှ မှာထားမည့် အကြောင်းများနှင့် ဝန်ထောက် မြဝတီမြို့စားက ဟံသာဝတီမြို့ဝန်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ [၂]။

၁၆။ ။ အရေးပိုင် ဘောပစ်က လွှတ်တော်သို့ ပေးစာ။

(က) ကာနယ်ဘင်သင်ကို ကာနယ်ဘော်ရနီအစား အရေးပိုင် ခန့်ကြောင်း၊ ကပ္ပိတန် မယ်ခလောက်ကို အရေးပိုင်ဝန်ထောက် ခန့်ကြောင်း။

(ခ) အရေးပိုင် ဘောပစ်မှာ ရန်ကုန်မြို့တွင် နေရမည့်အကြောင်း။

(ဂ) ကာနယ်ဘင်သင်နှင့် ကပ္ပိတန် မယ်ခလောက်တို့ အမရပူရမြို့သို့ ဆန်တက်လာမည့်အကြောင်း။

(ဃ) အင်္ဂလိပ် ကျွန်တော်မျိုးများကို စောင့်ရှောက်ရန် စစ်သည်တော်များ မော်လမြိုင်သို့ လာရောက်ကြောင်း၊ မဟာမိတ်ကိုသာ အလိုရှိကြောင်း။

၁၂၀၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ [၃]။

၁၇။ ။ ၁၆ မှတ်ပါ ဆရာဘောပစ် ပေးစာအရ လွှတ်တော်က အရေးပိုင် ဘောပစ်သို့ ပြန်ပေးစာ။

(က) နိုင်ငံတော် တောင်တစ်ပြင်မှာ ဝန်ထောက် ရေနံချောင်းမြို့စားကို အရေးပိုင်ခန့်ကြောင်း။

(ခ) အရှေ့တစ်ပြင်မှာ ဝန်ထောက် မြဝတီမြို့စားကို အရေးပိုင်ခန့်ကြောင်း။

(ဂ) မြောက်တစ်ပြင်မှာ ဗန်းမော်မြို့ဝန်ကို အရေးပိုင်ခန့်ကြောင်း။

(ဃ) အနောက်တစ်ပြင်မှာ ကလေးစော်ဘွားကို အရေးပိုင်ခန့်ကြောင်း။

(င) တိုင်းရေးပြည်မှု စကားကို အရေးပိုင်ချင်း ပြောဆိုကြရလျှင် မဟာမိတ် အရှည်ဖြစ်မည့် အကြောင်း အရာ။

၁၂၀၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ [၃]။

၁၈။ ။ နိုင်ငံတော် တောင်တစ်ပြင်တွင် အရေးပိုင် ခန့်အပ်တော်မူသည့်အတိုင်း အင်္ဂလိပ်တို့နှင့် ပြောဆိုရန်ရှိသည် များကို ပြောဆို၊ အရပ်ရပ် အကြောင်းအရာများ လျှောက်ထားရမည့် အကြောင်းနှင့် လွှတ်တော်က ဝန်ထောက် ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ [၃]။

၁၉။ ။ သင်္ဘောမြေနီ ၅၀၀၀ ကို ဝယ်ယူဆက်သရမည့် အကြောင်းနှင့် လွှတ်တော်က ဝန်ထောက် ဟံသာဝတီ မြို့ဝန်သို့ ကြားစာ။

၁၂၀၀ ပြည့်၊ ဝါခေါင်လဆန်း ၁ ရက်နေ့ [၄]။

၂၀။ ။ သင်္ဘောသူကြီး မဟာဘောဂရာဇသူပိုင် သမ္ဗန်နှင့်စပ်၍ သင့်လျော်အောင် မှာထားစေ အမိန့်တော်အရ ဝန်ထောက် မြဝတီမြို့စားက ဝန်ထောက် ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

---

၁။ ၂၁ ဇွန် ၁၈၃၈ ၂။ ၇ ဇူလိုင် ၁၈၃၈ ၃။ ၁၂ ဇူလိုင် ၁၈၃၈ ၄။ ၂၂ ဇူလိုင် ၁၈၃၈

၁၂၀၃ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့[၁]။

၂၁။ ။ အနောက်တိုင်းပြည်များမှာရှိသည့် စာပေကျမ်းဂန်များ အရှာအယူ စေလွှတ်သူတို့ကို ကြည့်ရှုစောင်မရမည့် အကြောင်းနှင့် လွှတ်တော်က ဟံသာဝတီမြို့ဝန်သို့ ကြားစာ။

---

## ၁၀ မှတ် ပုရပိုက်ထွက်။

၁၂၀၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပေးစာ။

၁။ ။ မဟာမိတ် လက္ခဏာနှင့်အညီ မြန်မာမင်းက အိမ်ရာနေရာ ကောင်းမွန်စွာ မပေးမကမ်း ဝတ္တရားပျက်ယွင်းကြောင်း။

၁၂၀၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပေးစာ။

၂။ ။ ဝန်ရှင်တော်မင်းကြီးများနှင့် တွေ့ကြုံ၍ အင်္ဂလိပ်ဝန်ကြီးက မြန်မာမင်း မှူးမတ်များသို့ ပေးသည့်စာကို ဖတ်ကြားလိုကြောင်း၊ ၎င်းစာကို ပို့ပါစေကြောင်း၊ ဝန်ရှင်တော်မင်းကြီးများက စာပြန်ပါမည့်အကြောင်း။

၁၂၀၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၃။ ။ သင့်လျော်နေရာဌာနကို ရွေးချယ်ပေးကြောင်း၊ လမ်းသာယာ၍ မိုးရေနည်းပါးသည့်အခါ တွေ့ကြိမ်စေမည့် အကြောင်း။

၁၂၀၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

၄။ ။ မြန်မာနိုင်ငံသို့လာရာ လမ်းစခန်းစဉ်ကစ၍ နေပြည်တော်တိုင် ကြိုဆိုပြုစုပံ့မှာ အထက်လာရောက်သည့် အရေးပိုင်များကဲ့သို့ အရေးမယူကြောင်းနှင့် အင်္ဂလိပ်အရေးပိုင်က အကျယ်ရေးသား၍ လွှတ်တော်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

၅။ ။ တည်းနေရန် အိမ်ရာများကို ကောင်းမွန်စွာပေးထားလျက် တိုင်းရေးပြည်ရေး မဟုတ်သည့် စကားများကိုသာ ပြောဆိုကြောင်း၊ လမ်းပန်းသာယာလျှင် တွေ့ကြိမ်စေမည့်အကြောင်း၊ လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၃]။

၆။ ။ အင်္ဂလိပ်မင်း ရာဇသံကို ရှေ့တော်သို့ သွင်းပါရမည့်အကြောင်းနှင့် အင်္ဂလိပ်အရေးပိုင်က လွှတ်တော်သို့ ပေးစာ။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၇။ ။ တိုင်းကြီးပြည်ကြီးက သံတမန်ဖြစ်၍ ရွှံ့ရည်ခြောက်အောင် ဆိုင်းငံ့စေသည့်အကြောင်း၊ မငံ့မဆိုင်းနိုင်လာလိုလျှင် လာစေမည့်အကြောင်း။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၄]။

၈။ ။ မည်သည့်နေ့ရက်ကို လာရောက်တွေ့ဆုံရမည်ကို အင်္ဂလိပ်အရေးပိုင်က ဝန်ကြီးများထံ အကျယ်ရေးပေးစာ။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

လွှတ်တော်က အရေးပိုင်သို့ ပြန်ပေးစာ။

၉။ ။ ကျီဝန်မင်းကြီးအိမ်သို့ ၁၂၀၀ ပြည့် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့ လာရောက်စေမည့် အကြောင်း၊ မြန်မာပြည်မှာ မြန်မာတို့ အလေ့အတိုင်းသာ ဖြစ်စေသင့်ကြောင်း။

---

၁။ ၂၁ ဧပြီ ၁၈၄၁ ၂။ ၉ အောက်တိုဘာ ၁၈၃၈ ၃။ ၂၁ အောက်တိုဘာ ၁၈၃၈ ၄။ ၃ နိုဝင်ဘာ ၁၈၃၈

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပြန်ပေးစာ။

၁၀။ ။ ရှေ့တော်သို့ဝင်ပြီးမှ မင်းကြီးများအိမ်သို့ ဝင်သင့်ကြောင်း၊ လွှတ်တော် ရုံးတော်များနှင့် ထင်ရှားသည့် နေရာများမှာသာလျှင် လက်ခံသင့်ကြောင်း၊ မြန်မာထုံးစံဓလေ့ကို မသိကျွမ်း၍ တော်သင့်သည့် အရာရှိ တစ်ယောက်ကို စေလွှတ်ပြောဆိုလျှင် သင့်မည့်အကြောင်း။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။

လွှတ်တော်က အရေးပိုင်သို့ ပြန်ပေးစာ။

၁၁။ ။ ဝန်ရှင်တော်မင်းကြီးအိမ်မှာ အရာရှိစုံနှင့် လက်ခံမည် အသင့်ပြင်ဆင်ရှိကြောင်း၊ ထင်ရှားသော မှူးတော် မတ်တော်အိမ် ဖြစ်ကြောင်း၊ လာမည် မလာမည်ကို သိလိုကြောင်း။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပေးစာ။

၁၂။ ။ ပြောဆိုရန်မှာ ကြီးကျယ်သောအမှုများ ဖြစ်သောကြောင့် မည်သည့် ဝန်ရှင်တော်မင်းကြီး အိမ်တွင်မဆို တွေ့ကြိမ် မပြောမဆိုလိုကြောင်း။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

လွှတ်တော်က အရေးပိုင်သို့ ပြန်ပေးစာ။

၁၃။ ။ စာချုပ်တွင် လူ ၅၀ နှင့် အရာရှိတစ်ယောက် မြန်မာနိုင်ငံမှာ နေစေသာရှိကြောင်း၊ ရွှေလက်ထက်တော် တွင် တိုင်းရေးပြည်ရေး တစ်စုံတစ်ရာ ယခုပြောဆိုရန် မရှိကြောင်း၊ အဆွေခင်ပွန်း လက္ခဏာနှင့်အညီ တည်းအိမ်နေရာနှင့် ကောင်းမွန်စွာ လက်ခံသည့်ပြင် အခြားထူးထွေ ပြောဆိုရန် မရှိကြောင်း။

၁၂၀၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပြန်ပေးစာ။

၁၄။ ။ ဝန်ကြီးမင်းများ လက်ခံလိုသည့်အတိုင်း အလိုမရှိကြောင်း၊ ကိုယ်စားလှယ်အဖြစ်နှင့် မဟုတ်၊ အရာရှိငယ် ကဲ့သို့ ရှေ့တော်သို့ ဝင်နိုင်မည်။ ဝန်ကြီးမင်းများနှင့် အရေးအရာကို ပြောဆိုနိုင်မည်များကို သိလိုကြောင်း။ (၎င်းစာ အဆုံးမသတ်၊ အဆက်လည်း မတွေ့။)

---

၁၁ မှတ် ပုရပိုက်ထွက်။

၁၂၀၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့[၂]။

အင်္ဂလိပ်အရေးပိုင် စုန်သွားရာ လွှတ်တော်က အင်္ဂလိပ်မင်း စစ်သူကြီးများသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်မင်းက စေလွှတ်သည့် အရေးပိုင်ကို ကောင်းမွန်စွာ ပြုစုလက်ခံကြောင်း၊ အရေးပိုင်မှာ မကျန်းမာ ရှိ၍ ကပ္ပိတန် မယ်ခလောက်ကို လွှဲအပ်ပြန်သွားကြောင်း၊ ပြန်သွားရာလည်း ရန်ကုန်မြို့ထိ ကောင်းမွန်စွာ လိုက်ပို့စေကြောင်း။

၁၂၀၁ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့[၃]။

၂။ ။ လွှတ်တော်က အင်္ဂလိပ်မင်း စစ်သူကြီးများထံ ပေးစာသည် တိုင်းကြီးပြည်ကြီးချင်း ပေးမြဲထုံးစံနှင့် မညီသောကြောင့် ၎င်းစာကို အင်္ဂလိပ်မင်းက လက်မခံ၊ ပြန်အပ်စေသည့် အကြောင်းနှင့် အရေးပိုင် မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၁၂၀၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၄]။

အရေးပိုင်ကိုယ်စားလှယ် မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၃။ ။ မိဘကို ဖမ်းဆီး၍ ၎င်းလင် ဒေါ်ကို ဓားနှင့်ခုတ်သည့်အမှုကို တော်သင့်အောင် စီရင်ပါမည့်အကြောင်း၊ သို့မှ နှစ်တိုင်းနှစ်ပြည် ငြိမ်ဝပ်မည့်အကြောင်း။

---

၁။ ၁၁ နိုဝင်ဘာ ၁၈၃၈ ၂။ ၁၄ မတ် ၁၈၃၉ ၃။ ၁၅ ဩဂုတ် ၁၈၃၉ ၄။ ၂၉ ဇူလိုင် ၁၈၃၉

၁၂၀၀ ပြည့်၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

လွှတ်တော်က ကပ္ပိတန် မယ်ခလောက်သို့ ပြန်ပေးစာ။

၄။ ။ မိဘဲကို ဖမ်းဆီး၍ လင်ဒေအိုကို သတ်မှုမှာ ဓားပြတိုက်ခိုက်မှု မဟုတ်၊ ကျွန်ခိုးမှုက စတင်ဖြစ်ပွားသည် ဖြစ်၍ ၎င်းအမှုကို နှစ်ဦးကပင် အငြိမ်အဝပ်ဖြစ်အောင် ဆင့်ဆိုသင့်ကြကြောင်း၊ အရေးပိုင် ကာနယ်ရဇ္ဇင်ဘင်သင်တွင် အင်္ဂလိပ် စစ်သူကြီးများသို့ ပေးရန် ပေးလိုက်သည့်စာမှာ ထုံးစံအတိုင်းပင် ဖြစ်ကြောင်း၊ လက်မခံလိုလျှင် နောင် ပေးမှာခွင့် မရှိကြောင်း။

၁၂၀၀ ပြည့်၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

လွှတ်တော်က ကပ္ပိတန်မယ်ခလောက်သို့ ပေးစာ။

၅။ ။ မကျန်းမာ၍ ဆေးဝါးကုသရန် ရန်ကုန်မြို့သို့ စုန်သွားသူ ကာနယ်ရဇ္ဇင်ဘင်သင် ကျန်းမာသည်၊ မည်သို့ ရှိသည်ကို သိလိုသည့်အကြောင်း။

၁၂၀၁ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[၁]။

ကပ္ပိတန်မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၆။ ။ အင်္ဂလိပ်မင်း စစ်သူကြီးများသို့ ပေးစာကို ကောင်းမွန်သော ဓလေ့ထုံးစံကိုသာ အစွဲအမှတ်ပြု၍ ရေးသားသင့်ကြောင်း။

၁၂၀၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

ကပ္ပိတန်မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၇။ ။ လင်ဒေအိုနှင့် မယား မိဘဲတို့ကို ဖမ်းဆီးသည့် အမှုရင်းမြစ် အကြောင်းနှင့်တကွ အင်္ဂလိပ်မင်းနယ်သို့ ကျူးလွန်သည်ကို ဖော်ပြသည့် အကြောင်းအရာ။

၁၂၀၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

ကပ္ပိတန်မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၈။ ။ ရန်ကုန်မြို့သို့ရောက်၍ အတော်အသင့် ကျန်းမာကြောင်း၊ မိတ်ဆွေဝတ္တရားနှင့်အညီ မေးမြန်းသည်ကို ဝမ်းမြောက်ကြောင်း။

၁၂၀၁ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

လွှတ်တော်က ကပ္ပိတန်မယ်ခလောက်သို့ ပြန်ပေးစာ။

၉။ ။ မိဘဲ၊ လင်ဒေအိုတို့ကို ဖမ်းဆီးသည့် အမှုရင်းမြစ် အကြောင်းအရာနှင့်တကွ အင်္ဂလိပ်နယ်ပယ်ကို မကျူးလွန်သည့် အကြောင်းကို ဖော်ပြချေဆိုသည့် အကြောင်းအရာ။

၁၂၀၁ ခု၊ မြာသိုလဆန်း ၃ ရက်နေ့[၃]။

ကပ္ပိတန်မယ်ခလောက်က ဟံသာဝတီမြို့ဝန်သို့ ပေးစာ။

၁၀။ ။ ရန်ကုန်မြို့က မော်လမြိုင်မြို့ သွားမည့်အကြောင်း၊ လွှတ်တော်ဝန်ကြီးများထံ ပေးစာများကို ရောက်အောင် ပေးပို့ပါမည့်အကြောင်း၊ မြို့ဝန်မင်းက အကြောင်းရှိလျှင် မှာထားပါမည့်အကြောင်း။

၁၂၀၁ ခု၊ မြာသိုလဆန်း ၃ ရက်နေ့[၃]။

ကပ္ပိတန်မယ်ခလောက်က လွှတ်တော်သို့ ပေးစာ။

၁၁။ ။ ရန်ကုန်က မော်လမြိုင်မြို့သို့သွား၍ အိန္ဒိယက အမိန့်မရောက်မီ ၎င်းမြို့တွင် ရပ်တန့်နေမည့်အကြောင်း၊ နှစ်တိုင်းနှစ်ပြည် အရှည်မဟာမိတ်ဖြစ်အောင် ပြုပါမည့်အကြောင်း၊ မြန်မာနိုင်ငံရှိ အင်္ဂလိပ်များကို ကြည့်ရှု စောင်မပါမည့်အကြောင်း။

၁၂၀၁ ခု၊ မြာသိုလပြည့်ကျော် ၁၂ ရက်နေ့[၄]။

လွှတ်တော်က ကပ္ပိတန်မယ်ခလောက်သို့ ပေးစာ။

၁၂။ ။ နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်သည့်အတိုင်း အင်္ဂလိပ် အရေးပိုင်များကို လက်ခံပြုစုသည့်အကြောင်း၊

---

၁။ ၂၅ စက်တင်ဘာ ၁၈၃၉ ၂။ ၄ စက်တင်ဘာ ၁၈၃၉ ၃။ ၆ ဇန်နဝါရီ ၁၈၄၀ ၄။ ၃၀ ဇန်နဝါရီ ၁၈၄၀

ရာပြည့်စာအုပ်တိုက်

တိုင်းတစ်ပါးက လာရောက်သည့် ကုန်သည်များကို စောင့်ရှောက်လေ့ရှိသည်နှင့်အညီ စောင့်ရှောက်မည့် အကြောင်း။

---

## ၁၂ မှတ် ပုရပိုက်ထွက်။

၁၂၀၅ ခု၊ နတ်တော်လဆန်း ၁ ရက်[၁]နေ့ လွှတ်တော်သို့တင်၊ ၎င်း ၂ ရက်နေ့ သွင်း။

အာသန်မြို့ရှိ စစ်ဗိုလ်က မိုးကောင်းစော်ဘွားသို့ ပေးစာ။

၁။ ။ နယ်ခြားတွင် ဓားပြလူဆိုးများအကြောင်း၊ စစ်ပါရီများကို ဖမ်းဆီးခေါ်ငင်သွားကြောင်း၊ ၎င်းစစ်ပါရီတို့ကို မေးမြန်း၍ ကျွန်ုပ်ထံ စေလွှတ်ပါမည့်အကြောင်း၊ အင်္ဂလိပ်မင်းနယ်သို့ ဝင်ရောက်တိုက်ခိုက်မည့် ကချင်တို့ကို စီရင်သင့်ကြောင်း။

(အင်္ဂလိပ်ရက် ၁၁ ရက်၊ အင်္ဂလိပ်လမယ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၄၃ ခု၊ ဘင်္ဂလားသက္ကရာဇ် ၁၂၅၀၊ လ၏ရက်ပေါင်း ၂၉၊ ကဆုန်လပေး။)

၂။ ။ ၁ မှတ်ပါ အကြောင်းအရာအတိုင်း ၎င်းထံပေးသည့် စာတစ်ရပ်။

(အင်္ဂလိပ်ရက် ၅ ရက်၊ အင်္ဂလိပ်လတော်နာရီ၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၄၃ ခု၊ ဘင်္ဂလားသက္ကရာဇ် ၁၂၅၀၊ ထွန်သော ၂၂ ရက် ဝါဆိုလပေး။)

၁၂၀၇ ခု၊ ပထမဝါဆိုလဆန်း ၁၂ ရက်နေ့[၂]။

၃။ ။ ကောလိယမြို့ ပျက်ပြားသည့်အတွင်း ဓာတ်လှေအသေးသုံးစရိတ်များမှာ ခန့်ခြေ အိမ် ၁၀၀ အကျနှင့် ထမ်းရွက်စေရမည့်အကြောင်းနှင့် လွှတ်တော်က သာယာဝတီမြို့ဝန်သို့ ပေးမှာစာ။

---

၁၂၁၄ ခုနှစ်ကစ၍ မန္တလေးမြို့တည် မင်းတရားကြီးလက်ထက် အင်္ဂလိပ်မင်းနှင့် ဆက်ဆံသည့် အကြောင်းအရာ အတိုကောက်မှတ်ပုံ။

## ၁၃ မှတ် ပုရပိုက်ထွက်။

၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၃]။

အတွင်းဝန်တို့က အိမ်ရှေ့မင်းထံ တင်လျှောက်စာ။

၁။ ။ အင်္ဂလိပ်ဗိုလ်တို့ထံ ဒလမြို့ဝန်အမှာနှင့် စာပြန်ပေးစေ။ အင်္ဂလိပ်ဗိုလ်တို့က စေလွှတ်သူ တောကိုလည်း အိမ်ရှေ့မင်းက အားပေးအားမြှောက် ပြုလုပ်စေ။ မြစ်စဉ်တစ်လျှောက် စုန်ဆန်လှေများကိုလည်း အင်္ဂလိပ်တို့နှင့် မိတ်မပျက်စေ၍ တားဆီးမရှိစေရန် ဆင့်ဆိုစေ အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အကြောင်း။

၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၃]။

အင်္ဂလိပ်ဗိုလ်များထံ ဒလမြို့ဝန် အမှာနှင့် ပေးရန်စာလက်ခံ။

၂။ ။ နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်လိုကြောင်း၊ မင်းတရားကြီး တိုင်းပြည်ကို အုပ်ချုပ်ကြောင်း၊ အင်္ဂလိပ်ဗိုလ်မင်းများ၏ နှလုံးထားကို သိလိုကြောင်း၊ သိရလျှင် ဝန်ရှင်တော်မင်းကြီးများမှာ အစီရင်ခံ၍ ဗိုလ်ချုပ်ကြီးထံ ကျွန်ုပ်ကိုယ် လာရောက်ပြောဆိုမည့် အကြောင်း။

၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၃]။

ဒလမြို့ဝန်က ပြည်ရွှေတောင်မြို့ဝန်သို့ ပေးစာ။

၃။ ။ ဗိုလ်ချုပ်ကာမိုဒိုလန်ပတ်ထံက ပေးစာ ပြန်စာ ၂ ရပ်ကို ရရှိကြောင်း၊ ကျွန်ုပ်ထံက စာကိုလည်း ၎င်းဗိုလ်ထံ ရောက်အောင် ပို့ပါမည့်အကြောင်း။

၁၂၁၄ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၄]။

၄။ ။ ကျောက်မော်မြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာမင်းလှသီဟသူကို အင်္ဂလိပ် အရေးပိုင်တို့နှင့် အရေးစကား ပြောဆိုစေ အမိန့်တော်။

---

၁။ ၂၂ နိုဝင်ဘာ ၁၈၄၃ ၂။ ၁၆ ဇွန် ၁၈၄၅ ၃။ ၁၆ ဖေဖော်ဝါရီ ၁၈၅၃ ၄။ ၂၇ ဖေဖော်ဝါရီ ၁၈၅၃

၁၂၁၄ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၁]။

၅။ ။ အရာခန့် အမိန့်တော်၊ အရာရှိများကို အမှုတော် ထမ်းရွက်သည့်အတွက် ရွှေထီးသနားတော်မြတ် ခံစေသည့် အမိန့်တော်၊ လူ ၁၀၀၀ မှာ ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူနှင့် လိုက်ထမ်းစေ အမိန့်တော်များ။

၁၂၁၄ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

ပြည်မြို့ရှိ ဘရင်ဂျီခင်ကြီးက ဆက်သွင်းသည့် မေတ္တာစာ။

၆။ ။ ရေမြေရှင်က စစ်ပြေငြိမ်း၍ မဟာမိတ်ပြုတော်မူလိုသည်ကို အင်္ဂလိပ်ဗိုလ်များသို့ သတင်းပေးရာ ၎င်းတို့အားရဝမ်းသာ ရှိကြကြောင်း၊ မြေထဲမြို့တွင် ကြော်ငြာသည့်စာမှာ ဘုရင်ခံစာဖြစ်သည် စစ်ဗိုလ်တို့ပြောကြောင်း၊ အင်္ဂလိပ် အရေးပိုင်နှင့် မြန်မာမှူးမတ်တို့ စုံညီ ပြောဆိုကြသည့်အခါ စွမ်းအားရှိသမျှ ပြောဆိုဆောင်ရွက်မည် အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၇ ရက်နေ့[၂]။

၇။ ။ မြန်မာပြန်၍ လွှတ်တော်က ကျောက်မော်မြို့စား ဝန်ကြီးထံ ပေးပို့စေသည့် ဘာသာရေးစာများ။

ပြည်မြို့ ဘရင်ဂျီခင်ကြီးက ရွှေဘွားတော်အောက်ရှိ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(က) ကျန်းမာရှိသည်ကို ဝမ်းမြောက်ကြောင်း၊ ဒေါင်သမိန်ကူးမှာ အမိန့်တော်အတိုင်း အင်္ဂလိပ်ဗိုလ်များထံ သွားရောက်ပြောဆိုကြောင်း၊ နောင်အရေး မည်သို့ဖြစ်မည် မသိကြောင်း၊ မဟာမိတ်ဖွဲ့ရန် မင်းကြီး အမြန်လာရန်အကြောင်း၊ ပြည်မြို့ အောက်မြို့ကျေးရွာများကို မပေးလျှင် ဘုရင်မထံရောက် အရေးပိုင်များက စာတင်မည့်အကြောင်း၊ မြန်မာမင်းများက နေ့ရက်ဆိုင်း၍ စစ်ပြုလိုသည် အင်္ဂလိပ်တို့ အထင်ရှိကြောင်း။

ပြည်မြို့နေ ဒေါင်ဗိုဆာလာက ရွှေဘွားတော်အောက်ရှိ ဒေါင်ဝင်စင်ထီးသို့ ပေးစာ။

(ခ) ကျန်းမာကြောင်း ကြားသိရ၍ ဝမ်းမြောက်ကြောင်း၊ အင်္ဂလိပ်မင်းများက တိုက်၍ရသည့် မြို့ရွာများကို ပြန်ပေးရလျှင် ဂုဏ်ပျက်မည် ဆိုကြကြောင်း၊ အရေးမည်သို့ဖြစ်မည် မသိနိုင်ကြောင်း။

ပြည်မြို့နေ ဗိုက်ဆိုသူက အမရပူရမြို့နေ အီကွင်းကို ပေးစာ။

(ဂ) မကျန်းမာကြောင်း၊ အကျဉ်းခံနေရကြောင်း၊ ကြားသည့်အတိုင်း မဟုတ်သည်ကို ယခုမှ သိရကြောင်း၊ ပြည်မြို့တွင် စားပြတိုက်ရာ ကျွန်ုပ်တို့က အမြောက် ၂ လုံး ဆုံးကြောင်း၊ ဘုရင်မ တိုက်သင်္ဘောက လူ ၈၀ ခန့် လက်နက်ထိခိုက်ကြောင်း၊ ဗိုလ်ချုပ်များ ဓနုဖြူမြို့သို့ စုန်သွားကြောင်း၊ နောင် တိုက်သည် မတိုက်သည် မကြားရကြောင်း။

၁၂၁၄ ခု၊ မြွာသိုလပြည့်ကျော် ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် ဗိုလ်ချုပ်တို့သို့ ဝန်ရှင်တော်မင်းကြီးများက ပေးစာ။

၈။ ။ နောင်တော်မင်းတရားကြီးကို ပြည်သူများက မကြိုက်ညီ၍ ပယ်ရှားပြီးလျှင် အရိုက်အရာကို ဆက်ခံကြောင်း၊ နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်မြဲအတိုင်း ဖြစ်လိုကြောင်း၊ မှူးမတ်တို့ကို မစေလွှတ်မီ ဘုရင်ဂျီခင်ကြီးများကို စေလွှတ်လာစေသည့်အကြောင်း။

၁၂၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၄]။

အင်္ဂလိပ် စစ်ဗိုလ်ချုပ်က ဒလမြို့ဝန်သို့ ပေးစာ။

၉။ ။ ပဲခူးတိုင်းနိုင်ငံသည် အင်္ဂလိပ်မင်းနိုင်ငံ ဖြစ်ကြောင်း၊ အင်္ဂလိပ်မင်း ကြော်ငြာတော်မူသည့်အရ အမှုမထား ပြုလျှင် အာဏာအတိုင်း ပြုမည့်အကြောင်း။

၁၂၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၄]။

ပြည်ရွှေတောင်ဝန်က ဒလမြို့ဝန်သို့ ပေးစာ။

၁၀။ ။ ကာမိဒိုလ်ပတ်က ပေးစာကို စေလွှတ်ပို့လာစေသည့် အကြောင်း။

---

၁။ ၂၇ ဖေဖော်ဝါရီ ၁၈၅၃ ၂။ ၁၅ မတ် ၁၈၅၃ ၃။ ၇ ဇန်နဝါရီ ၁၈၅၃ ၄။ ၂ ဖေဖော်ဝါရီ ၁၈၅၃

၁၂၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ်ဗိုလ်တို့က စေလွှတ်သူ ငတာကို မေးချက်။

၁၁။ ။ အချီတော်သား ရေဝန်ဟောင်း ငမိုးနှင့် ဟံသာဝတီမှာ အရေးတော်အတွင်း အမှုတော်ကို ထမ်းရွက်သည့်နောက် အင်္ဂလိပ်ဗိုလ်တို့က ဖမ်းဆီးခေါ်ယူ၊ ကျွန်တော်ကို စာပေးစေလွှတ်၍ လာရသူဖြစ်ပါကြောင်း။

၁၂၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၁]။

ငတာကို မေးချက်တစ်ရပ်။

၁၂။ ။ ကျွန်တော်ကို အရေးတော်အတွင်း အင်္ဂလိပ်များက သားမယားပါ သိမ်းယူခေါ်သွား၍ ပြည်မြို့တွင်နေရကြောင်း၊ ပြည်မြို့မှာ အင်္ဂလိပ်စစ်သင်္ဘောများ ရှိကြောင်း၊ ပြည်မြို့က ဆန်တက်ခဲ့ရသည့် အကြောင်းအရာ။

၁၂၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် ဗိုလ်ချုပ်တို့က မြန်မာဝန်ကြီးများထံ ပေးစာ။

၁၃။ ။ ပြည်မြို့သို့ လာရောက်လျှင် မဟာမိတ်စာချုပ် ဖြစ်နိုင်မည့်အကြောင်း၊ မြို့ရွာများ သိမ်းယူကြောင်း အင်္ဂလိပ်မင်း ကြော်ငြာစာကို ပို့လိုက်ကြောင်း၊ အင်္ဂလိပ်မင်း ကျွန်တော်မျိုးများကို နှောင့်ယှက်မရှိမည့်အကြောင်း။

အင်္ဂလိပ်မင်း ကြော်ငြာစာ။

(က) မြန်မာမင်းတပ်များကို အောင်မြင်ကြောင်း။ မြန်မာတို့က ရှုံးသောကြောင့် မွန်ပြည်ကို သိမ်းယူကြောင်း။ မြို့ရွာကို အုပ်ချုပ်ရန် မင်းကြီး၊ မြို့ဝန်၊ မြို့စား အရာရှိတို့ကို ခန့်ထားလိမ့်မည့်အကြောင်း။ အင်္ဂလိပ်မင်းပိုင် နယ်မြေများကို မြန်မာမင်းက နှောင့်ယှက်လျှင် မြန်မာဘုရင်ကို တိုင်းနိုင်ငံမှ နှင်ထုတ်မည့်အကြောင်း။

---

## ၁၄ မှတ် ပုရပိုက်ထွက်။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့[၃]။

ရွှေဘွားတော်အောက်နေ အိကွင်းသား ဇာနီက အဘကို ပေးစာ။

၁။ ။ ကျန်းမာရှိသည့်အရာ အကြောင်းအရာ၊ အဘက အကြောင်းရှိသမျှကို စာပေးပါမည့် အကြောင်းအရာ၊ အင်္ဂလိပ်ဗိုလ်များတွင် အမှုထမ်းသည့် အကြောင်းအရာ။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက လွှတ်တော်သို့ ပေးစာ။

၂။ ။ ဒေါင်ဒူမိန်ကူ၊ ဒေါင်ပိုဆာလာ၊ ဒေါင်ပေါက်လူးတို့ ပေးစာများကို မှတ်သားသိမ်းယူကြောင်း။ ၎င်းစာပေးလာသူ ငဝက်ကို ရွှေဘွားတော်အောက်သို့ မှာစာပေးအပ် ဆန်တက်စေသည့်အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၉ ရက်နေ့[၃]။

ဝန်ထောက် စာရေးကြီးတို့က ဘုရင်ဂျီခင်ကြီးများထံ ပေးစာ။

၃။ ။ အင်္ဂလိပ်များနှင့် အရေးစကားပြောရန် ကျောက်မော်မြို့စား ဝန်ကြီးမင်း စုန်ဆင်းလာမည့်အကြောင်း၊ ၎င်းအကြောင်းကို သိနှင့်ရန် စာပို့လာစေကြောင်း၊ စေလွှတ်သူကို အမြန်ပြန်စေမည့်အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့[၄]။

ငတာက သံတော်ဦးတင်စာ။

၄။ ။ ဒလဝန်က ပေးလိုက်သောစာကို အင်္ဂလိပ်ဗိုလ်များထံ တင်ပြရာ ထွတ်အမြတ်သို့ ရောက်တော်မူကြောင်း ပါရှိသည်နှင့် အင်္ဂလိပ်ဗိုလ်များက ဘုရင်မထံ အလျင်အမြန် သင်္ဘောစေလွှတ်မည့်အကြောင်း၊ ဦးရီးနှင့် ညီများကို ရွှေဘွားတော်အောက်ရောက် ဆန်လာစေပါကြောင်း။

---

၁။ ၂ ဖေဖော်ဝါရီ ၁၈၅၃ ၂။ ၅ ဖေဖော်ဝါရီ ၁၈၅၃ ၃။ ၁၇ မတ် ၁၈၅၃ ၄။ ၂၁ မတ် ၁၈၅၃

၁၂၁၄ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့[၁]။

ဘောက အိမ်ရှေ့မင်းထံ သံတော်ဦးတင်စာ။

၅။ ။ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်လိုသည့် အကြောင်းအရာ။

(က) ဘောက ရွှေဘွားတော်အောက်သို့ ဆန်တက်စေသူ ဦးရီးနှင့် ညီများတွင် အင်္ဂလိပ်ဗိုလ်တို့ ရပ်တန့်နေထိုင်ပုံကို မှာထားချက်။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့[၂]။

ပြည်မြို့နေ ဘုရင်ခံကြီး ဒေါင်မိန်ကူက ဆက်သွင်းသည့် မေတ္တာစာ။

၆။ ။ ဗိုလ်ချုပ်တို့က အထက်စာပါအတိုင်းသာ စွဲမြဲပြောဆိုကြသည့် အကြောင်းအရာ၊ စွမ်းအားရှိသမျှ ပြောဆိုရွက်ဆောင်မည့် အကြောင်းအရာ။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့[၂]။

ရွှေသင်းတွင် ပါသည့် မှတ်သားချက်တင်လွှာ။

၇။ ။ ရခိုင်မြို့က ဆင်တပ် ဆိုက်ရောက်ကြောင်း၊ ကတိစကား ပြောဆိုကြသည့်နောက် မတိုက်မခိုက်ကြောင်း၊ အင်္ဂလိပ်ကို ခုခံတိုက်ခိုက်သူ ပုံနင်းမြေတ်ထွန်းကို ဖမ်းဆီးရန် လူ ၁၀၀၀ ကျော် စည်းကြပ်စေလွှတ်ကြောင်း။

၁၂၁၄ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့[၂]။

ကျောက်မော်မြို့စား ဝန်ကြီးက လွှတ်တော်သို့ ပေးစာ။

၈။ ။ ပြည်မြို့ရှိ ဘုရင်ခံကြီးက ရွှေမြို့တော်ရှိ ခင်ကြီးများထံ ပေးသည့် ဘာသာရေးစာများကို ပို့လာစေကြောင်း၊ ၎င်းစာများကို မြန်မာပြန်ဆို၍ အလျင်အမြန် ပို့လာစေရန် အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဗိုလ်များသို့ ပေးစာ။

၉။ ။ အရှင်နှစ်ပါး အရေးလွဲအပ်တော်မူချက်အရ အရေးစကား ပြောဆိုရန် လာသည်မှာ ဆင်ပေါင်ဝဲဆိပ်ကမ်းသို့ ဆိုက်ရောက်ကြောင်း၊ ၎င်းအကြောင်းကို အင်္ဂလိပ်ဗိုလ်များ သိနှင့်ရန် ရှေ့လွှန်စေလွှတ် စာပို့ရောက်စေသည့် အကြောင်း၊ စေလွှတ်သူတွင် အကြောင်းအရာ စာပြန်မည့်အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက ပြည်မြို့ရှိ ဘုရင်ခံကြီးသို့ ပေးစာ။

၁၀။ ။ အရေးစကားပြောဆိုရန် လာကြောင်းကို အင်္ဂလိပ်ဗိုလ်ချုပ် အရေးပိုင်များ သိနှင့်ရန် စေလွှတ်လိုက်ပါကြောင်း၊ ၎င်းသူတို့နှင့် အင်္ဂလိပ်ဗိုလ်ချုပ် အရေးပိုင်များထံ သွားရောက်၍ နှစ်တိုင်းနှစ်ပြည် ရှေ့နောက်အရေးကောင်းအောင် ပြောဆိုနှင့်ပါမည့် အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက ပြည်မြို့ရှိ ဘုရင်ခံကြီးသို့ ပေးစာ။

၁၁။ ။ အင်္ဂလိပ်ဗိုလ်ချုပ် အရေးပိုင်တို့ သိနှင့်ရအောင် ရှေ့လွှန်စေလွှတ် လာပါစေကြောင်း၊ အကြောင်းအရာကို စာပြန်ပါမည့်အကြောင်း။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့။

ပြည်မြို့ရှိ ဘုရင်ခံကြီးက ကျောက်မော်မြို့စား ဝန်ကြီးထံ ပေးစာ။

၁၂။ ။ အရပ်ရပ်စကားကို ပြောဆိုရာ အင်္ဂလိပ်ဗိုလ်တို့က ကြော်ငြာစာအတိုင်းသာ အတည်ပြုလုပ် စွဲမြဲပြောဆိုကြသည့် အကြောင်းအရာ။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၄]။

အင်္ဂလိပ် စစ်ဗိုလ်တို့က ကျောက်မော်မြို့စား ဝန်ကြီးထံ ပေးစာ။

၁၃။ ။ မြန်မာအရေးပိုင်မင်း နေရန် သံတဲပေးမည့်အကြောင်း၊ နှစ်တိုင်းနှစ်ပြည် အရှည်ကောင်းအောင် မဟာမိတ်

၁။ ၂၁ မတ် ၁၈၅၃ ၂။ ၂၃ မတ် ၁၈၅၃ ၃။ ၂၅ မတ် ၁၈၅၃ ၄။ ၂၉ မတ် ၁၈၅၃

စကားပြောရန် လာလိုလျှင် ကိုယ်ရံလက်နက်ကိုင် လူ ၅၀ ပြင် ပိုမို မပါစေရမည့်အကြောင်း၊ ပြည်မြို့သို့ လာရောက်ပြောဆိုမည့် အကြောင်းအရာ။

၁၂၁၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် [၁]။

ကျောက်မော်မြို့စား ဝန်ကြီးက သံတော်ဦးတင်စာ။

၁၄။ ။ အင်္ဂလိပ်ဗိုလ်တို့က အရေးစကား ပြောဆိုရန်နှင့် စပ်၍ ပြန်ပေးစာ၊ ဘရင်ဂျီ ခင်ကြီးများက ပြန်ပေးစာများကို စေလွှတ် ဆက်သသည့်အကြောင်း၊ အင်္ဂလိပ်ဗိုလ်များနှင့် အရေးပြေငြိမ်းအောင် ညှိနှိုင်းပြောဆို ထမ်းရွက်ပါမည့်အကြောင်း။

---

## ၁၅ မှတ် ပုရပိုက်ထွက်။

၁၂၁၄ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့ [၂]။

၁။ ။ အင်္ဂလိပ်ဗိုလ်များနှင့် ကျောက်မော်မြို့စားဝန်ကြီး စကားပြောဆိုရာ ဘင်္ဂလား ကုမ္ပဏီမင်းထံမှ ရောက်သည့်အတိုင်း ကျောက်မော်မြို့စားဝန်ကြီးသို့ ပေးသည့် ဘာသာရေးစာ မြန်မာပြန်ချက်။

(က) မြန်မာမင်းက မဟာမိတ်စာချုပ် ချုပ်ဆိုလိုလျှင် စာချုပ်တွင် အင်္ဂလိပ်မင်းက မွန်နိုင်ငံအလုံးကို သိမ်းယူပြီး ဆိုသည့်စကားကို ထည့်ရမည့်အကြောင်း၊ ထည့်လျှင် မဟာမိတ်ဖြစ်မည့်အကြောင်း၊ အရေးစကား ပြောရန် အရေးပိုင် ၃ ယောက် ခန့်ထားလွှဲအပ်ကြောင်း။

ငင်းနေ့၊ ငင်းတို့က ငင်းသို့ပေး၊ မြန်မာရေးစာ။

(ခ) ကုမ္ပဏီမင်းဘက် အရေးပိုင်ကြီး ၃ ယောက်၊ မြန်မာမင်းဘက် အရေးပိုင် ကျောက်မော်မြို့စား ဝန်ကြီးတို့ ကတိချုပ်ရေးထိုး၍ မဟာမိတ်ပြုရန်အကြောင်း၊ မြန်မာမင်းက အင်္ဂလိပ်မင်းသို့ ပဲခူး နိုင်ငံ အလုံးကို အစဉ် ပေးရမည့်အကြောင်း။

(ဂ) အင်္ဂလိပ်အရေးပိုင် ၃ ဦးတို့က ကျောက်မော်မြို့စားဝန်ကြီးသို့ အရေးလွှဲအပ်သည့် အမိန့်တော်ကို ကူးယူရန် ပြောဆိုသည့် အကြောင်းအရာ။

၁၂၁၄ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့ [၃]။

ကျောက်မော်မြို့စား ဝန်ကြီးသို့ လွှတ်တော်က ပေးစာ။

၂။ ။ ဘရင်ဂျီ ခင်ကြီးချင်း ပေးစာများကို ပို့လာစေသည့်အကြောင်း။

ပြည်မြို့နေ ဘရင်ဂျီခင်ကြီးက ရွှေဘွားတော်အောက်ရှိ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(က) အင်္ဂလိပ်စစ်ဗိုလ်များက တိုက်ခိုက်၍ မြန်မာမင်းတပ်များ ဆုတ်သွားကြကြောင်း၊ မြန်မာပြည်မှာ မငြိမ်မဝပ် ရှိသည်၊ ယခုမှ အခါကောင်းသည် ပြောဆိုလျက် ဆန်တက်မည် အင်္ဂလိပ်များ ပြင်ဆင် လျက် ရှိကြောင်း။

ပြည်မြို့နေ ဘရင်ဂျီခင်ကြီးက အမရပူရမြို့နေ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(ခ) ကျန်းမာချမ်းသာရှိကြောင်း၊ မြန်မာဘုရင် အကျိုးတော်ကို နေ့ည ဆောင်ရွက်ကြောင်း၊ နှစ်တိုင်း နှစ်ပြည် သာယာငြိမ်ဝပ်ပါလိမ့်မည့်အကြောင်း။

ပြည်မြို့နေ ဘရင်ဂျီခင်ကြီးက ရတနာသိယံမြို့နေ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(ဂ) အင်္ဂလိပ်တို့က အမရပူရမြို့ထိ ဆန်တက်မည်ရှိရာ၊ ဘရင်ဂျီခင်ကြီး ဒေါင်ဒင်မိန်ကူက မြန်မာ အရေးပိုင် ဝန်ကြီး မလာမီ မဆန်တက်ရန် တားမြစ်ပြောဆိုကြောင်း၊ ယခုလာမည့်ဝန်ကြီး အရေးနှင့် တကွ လာရောက်ပြောဆိုလျှင် ငြိမ်ဝပ်ပါမည့်အကြောင်း။

မြေထဲမြို့နေ ဘရင်ဂျီခင်ကြီးက ရတနာသိယံမြို့ရှိ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(ဃ) မြန်မာအရေးပိုင်ဝန်ကြီး အလျင်အမြန် မရောက်၊ ကြန့်ကြာလျှင် အကျိုးမရှိမည့်အကြောင်း။

---

၁။ ၃၁ မတ် ၁၈၅၃ ၂။ ၄ ဧပြီ ၁၈၅၃ ၃။ ၈ ဧပြီ ၁၈၅၃

ဤတာလျှံပြည်နေ ဘရင်ဂျီခင်ကြီးက ရတနာသိင်္ဃမြို့နေ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(င) ကျန်းမာကြောင်းများနှင့် ဘရင်ဂျီ သာသနာနှင့် စပ်သည့် အကြောင်းအရာများ။

ဤတာလျှံပြည်နေ ဘရင်ဂျီခင်ကြီးက ရတနာသိင်္ဃမြို့နေ ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

(စ) ကျန်းမာကြောင်း၊ တိုင်းမှုပြည်မှု သာယာငြိမ်ဝပ်ကြောင်း။

(ဆ) ဤတာလျှံမြို့နေ ခင်ကြီးက ရတနာသိင်္ဃမြို့နေ ခင်ကြီးသို့ ကျန်းမာကြောင်းသက်သက်ပေးစာ။

(ဇ) ကာလကတ္တားမြို့နေ ကာစက်လံက ရတနာသိင်္ဃမြို့နေ ဘရင်ဂျီခင်ကြီးထံ မျက်မှန်များကို ပို့လိုက်ကြောင်း သက်သက်ပေးစာ။

(ဈ) မော်လမြိုင်မြို့နေ ဂိုဏ်းအုပ်ဘရင်ဂျီခင်ကြီးက ရတနာသိင်္ဃမြို့နေ ဘရင်ဂျီခင်ကြီးသို့ ကျန်းမာကြောင်း သက်သက်ပေးစာ။

၁၂၁၄ ခု၊ ကဆုန်လဆန်း၊ ၁၀ ရက်နေ့ [၁]။

လွှတ်တော်က ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၃။ ။ သတိပညာ ရှိသည့်အတိုင်း အမှုတော်ကို ထမ်းရွက်ရမည်၊ ကျောက်မော်မြို့စားဝန်ကြီးသို့ မှာထားစေ အမိန့်တော်မြတ်အတိုင်း လွှတ်တော်က မှာထားသည့် အကြောင်းအရာ။

---

## ၁၆ မှတ် ပုရပိုက်ထွက်။

၁၂၁၅ ခု၊ နယုန်လဆန်း၊ ၂ ရက်နေ့ [၂]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဗိုလ်များသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံကို ဆက်သကြောင်း၊ နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်အောင် တုံ့ပြန်သည့် ရာဇသံကိုလည်း အင်္ဂလိပ်မင်းထံ ရောက်အောင် ပို့ပါမည့်အကြောင်း။

၁၂၁၅ ခု၊ နယုန်လဆန်း၊ ၂ ရက်နေ့ [၂]။

၂။ ။ ကျောက်မော်မြို့စားဝန်ကြီးနှင့် အင်္ဂလိပ်ဗိုလ်တို့ အရေးစကား ပြောဆိုကြသည့် အမှတ်အသား စကားချက် (၁၀)။

၁၂၁၅ ခု၊ နယုန်လဆန်း၊ ၄ ရက်နေ့ [၃]။

၃။ ။ ကျောက်မော်မြို့စားဝန်ကြီးနှင့် အင်္ဂလိပ် အရေးပိုင်တို့ အရေးစကား ပြောဆိုကြသည့် အမှတ်အသား စကားချက် (၁၄)။

၁၂၁၅ ခု၊ နယုန်လဆန်း၊ ၄ ရက်နေ့ [၃]။

၄။ ။ မြန်မာမင်းက မြို့ရွာများကို မယူ၊ စစ်စရိတ်ပေး၍ ပြေငြိမ်းစေလိုကြောင်းနှင့် အင်္ဂလိပ်မင်းသို့ တုံ့ပြန်သည့် ရာဇသံ။

---

## ၁၇ မှတ် ပုရပိုက်ထွက်။

၁၂၁၅ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့ [၄]။

ကျောက်မော်မြို့စား ဝန်ကြီးက ပြည်မြို့ရှိ အင်္ဂလိပ်ဗိုလ်များသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်တပ်များကို မြန်မာတပ်များက တိုက်ခိုက်မရှိစေရ ဆင့်ဆိုကြောင်း၊ ရွှေဘွားတော်အောက်ရှိ အင်္ဂလိပ်လူမျိုး အီကွင်းနှင့် ကရေစီတို့ပါ အခြား ကုလားကုန်သည်တို့ကိုလည်း နေရင်းမြို့ရွာသို့ ပြန်လိုလျှင် ပြန်ခွင့်ပြုကြောင်း၊ ကုန်သည်တို့ကိုလည်း တားဆီးမရှိ သွားလာမြဲ သွားလာစေလျှင် သင့်မည့်အကြောင်း။

---

၁။ ၁၆ ဧပြီ ၁၈၅၃ ၂။ ၈ မေ ၁၈၅၃ ၃။ ၁၀ မေ ၁၈၅၃ ၄။ ၂ ဇွန် ၁၈၅၃

၁၂၁၅ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဗိုလ်တို့သို့ ပေးစာ။

၂။ ။ အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံအရ တုံ့ပြန်တော်မူသည့် ရာဇသံကို အင်္ဂလိပ်မင်းထံ မည်သည့်နေ့ ပို့ရောက်သည် မသိရ၍ စာရေးကြီး မင်းကျော်ရာဇာကို စေလွှတ်သည့်အကြောင်း။

၁၂၁၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[၁]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ် အရေးပိုင်တို့သို့ ပေးစာ။

၃။ ။ ပြည်မြို့ ရွှေဆံတော်ဘုရား၊ ရန်ကုန်မြို့ ရွှေတိဂုံဆံတော်ဘုရား၊ ပဲခူးမြို့ ရွှေမော်ဓောဘုရားသို့ အလှူတော် အတင်တော်များ စေလွှတ်တင်လှူရန်ရှိ၍ ဘရင်ဂျီခင်ကြီး ဒေါင်ပေါင်လူးကို စာပေးအပ်လာစေကြောင်း၊ ၎င်းတွင် သိသာအောင် စာပြန်မည့်အကြောင်း။

၁၂၁၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ်မင်းက မြန်မာမင်းထံ တုံ့ပြန်သည့် ရာဇသံ။

၄။ ။ စစ်ပြေငြိမ်းစေရအောင် ပေးလိုက်သည့် စာချုပ်ကတိနှင့်အညီ ယခုချက်ချင်း လက်မှတ်ထိုးစေမည်ကိုသာ အလိုရှိကြောင်း၊ စာချုပ်ပြင် တစ်စုံတစ်ရာ လက်မခံနိုင်ကြောင်း။

၁၂၁၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ်ဗိုလ်ချုပ်က ကျောက်မော်မြို့စား မင်းကြီးသို့ ပေးစာ။

၅။ ။ ရခိုင် ဘိုးခေါင်တောင်ရိုးက မြေထဲမြို့မြောက် ၆ တိုင်ကွာ တောင်ငူမြို့နယ်များနှင့် စစ်တောင်းမြစ် အရှေ့ဘက်များကို အင်္ဂလိပ်ပိုင်နယ်အဖြစ် ကျောက်တိုက် စိုက်မှတ်မည့်အကြောင်း။

---

**၁၈ မှတ် ပုရပိုက်ထွက်။**

၁၂၁၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့[၂]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဗိုလ်များသို့ ပေးစာ။

၁။ ။ ရွှေဆံတော်ဘုရား၊ ရွှေတိဂုံဘုရား၊ ရွှေမော်ဓောဘုရားများသို့ အလှူတော် အတင်တော်များနှင့် လှူလာပါစေသည်ကို အနှောင့်အယှက်မရှိ လှူဒါန်းပြန်လာစေမည့်အကြောင်း။

၁၂၁၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက ရန်ကုန်မြို့ရှိ အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ အလှူတော်များနှင့် လာစေသူတို့ကို အင်္ဂလိပ်မင်းတို့က နှောင့်ယှက်မရှိ လှူဒါန်းပြန်လာစေမည်၊ စောင်မကြည့်ရှုမည် ပေးပို့စာကို ရကြောင်း။

၁၂၁၅ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၃]။

ဘင်္ဂလားကုမ္ပဏီ အမိန့်စာအရ အရေးပိုင် ဘယ်ရာက

ရွှေဘွားတော်အောက်နေ စပြစ်ရာထံ ပေးစာ။

၃။ ။ မြန်မာဘုရင်က အလိုတော်အတိုင်း စေလွှတ်တော်မူသည့် သံတမန်တို့ကို အင်္ဂလိပ်မင်းက ကောင်းမွန်စွာ လက်ခံမည့်အကြောင်း၊ အင်္ဂလိပ်မင်းကလည်း လက်ဆောင်များ တုံ့ပြန်မည့်အကြောင်း၊ မြန်မာနိုင်ငံသို့ သံစေလွှတ်လိုကြောင်း၊ စေလွှတ်လျှင် ကောင်းမွန်စွာ လက်ခံမည် မခံမည်ကို သိလိုကြောင်း။

၁၂၁၅ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၄]။

အင်္ဂလိပ်ဝန်ကြီး ဘယ်ရာက သဘော်သူကြီး စပြစ်ရာထံ ပေးစာ။

၄။ ။ အရပ်ရပ် ပေးစာများကို ရကြောင်း၊ ဘုန်းတော်ကြီးလှသော ဘုရားနှင့် အိမ်ရှေ့မင်းကို မည်သည့်အရာကို

၁။ ပထမဝါဆိုလ ယူက ၁၉ ဇွန် ၁၈၅၃၊ ဒုတိယဝါဆိုလ ယူက ၁၉ ဇူလိုင် ၁၈၅၃ ဖြစ်မည်။

၂။ ၁၉ အောက်တိုဘာ ၁၈၅၃ ၃။ ၄ မတ် ၁၈၅၄ ၄။ ၁ ဧပြီ ၁၈၅၄

ဆက်သရလျှင် သင့်မည့်အကြောင်း၊ ဘုန်းတော်ကြီးလှသော ဘုရားက သနားတော်မူသည့် ဆင်းတုတစ်ဆူကို ရရှိဝမ်းမြောက်သည်ကိုလည်း သံတော်ဦးတင်ပါမည့်အကြောင်း။

---

**၁၉ မှတ် ပုရပိုက်ထွက်။**

၁၂၁၆ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၁]။

ဘင်္ဂလားကုမ္ပဏီက အရေးပိုင် ဘယ်ရာသို့ ပေးစာကို ထောက်၍
ဝန်ကြီး အတွင်းဝန်တို့ ပြောဆိုမှတ်သားချက်။

၁။ ။ နိုင်ငံတော် မြို့ကျေးရွာများကို သိမ်းထားသည့်အရာသည် အလိုတော်နှင့်မညီဖြစ်၍ စပြစ်ရာက အလိုတော်နှင့် ညီအောင် ဘယ်ရာသို့ စာပေးလျှင် သင့်မည့်အကြောင်း။

၁၂၁၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

သဘော်သူကြီး စပြစ်ရာက အရေးပိုင် ဘယ်ရာသို့ပေး ဘာသာရေးစာ၊ မြန်မာပြန်ချက်။

၂။ ။ အရေးပိုင်ကြီး ပေးစာကို သံတော်ဦးတင်ရာ ဝမ်းမြောက်တော်မူကြောင်း၊ မည်သူကို ကာလကတ္တားမြို့သို့ စေလွှတ်မည် မသိသေးကြောင်း၊ ဝန်ကြီးမင်းတို့ အစုံအညီ တိုင်ပင်ညှိနှိုင်းပြီးမှ ခြားနားအောင် စာရေးပေးပို့မည့်အကြောင်း၊ နှစ်တိုင်းနှစ်ပြည် မိတ်ဆွေဖြစ်ကြရအောင် တတ်နိုင်သမျှ ကြိုးစားမည့်အကြောင်း။

၁၂၁၆ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

စပြစ်ရာက အရေးပိုင် ဘယ်ရာသို့ ပေးစာ။

၃။ ။ အင်္ဂလိပ်မင်းက နိုင်ငံတော် မြို့ကျေးရွာများ သိမ်းယူသည်ကို မိတ်ဆွေအင်္ဂါနှင့်မညီ၊ ဝန်ကြီးမင်းများက အထင်ရှိကြကြောင်း၊ တစ်ဦးအလိုကို တစ်ဦး လိုက်နာရန် ဝန်ကြီးမင်းများက အလိုရှိကြကြောင်း၊ နှစ်ပြည်အကျိုးဖြစ်ရန်ကို အားထုတ်ပါမည့်အကြောင်း။

၁၂၁၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[၂]။

စပြစ်ရာက အရေးပိုင် ဘယ်ရာသို့ ပေးစာ။

၄။ ။ အရေးပိုင်မင်းက ပေးသည့်စာအရ သံတမန် စေလွှတ်မည် သဘောတော်ရှိကြောင်း၊ ယခု ဥကင်တော်ဖွင့်အခါ ပွဲတော်ရှိသည်ဖြစ်၍ ဝါဆို၊ ဝါခေါင်တိုင်ရောက်မှ စေလွှတ်သွားလာစေနိုင်မည် အထင်ရှိကြောင်း။

၁၂၁၆ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်အရေးပိုင် ဘယ်ရာသို့ ပေးစာ။

၅။ ။ ၁၂၁၆ ခု တော်သလင်းလပြည့်ကျော် ၁ ရက်နေ့၊ ရွှေဘွားတော်အောက်က သံစေလွှတ်တော်မူမည့်အကြောင်းအရာ၊ အင်္ဂလိပ်မင်းက စေလွှတ်တော်မူသည့် သံကို ကောင်းမွန်စွာ လက်ခံမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၄]။

အင်္ဂလိပ်အရေးပိုင် ဘယ်ရာက စပြစ်ရာသို့ပေးစာ။

၆။ ။ စေလွှတ်တော်မူသော သံတို့လာလျှင် သံတဲဆောက်လုပ် အသင့်ရှိနှင့်ရအောင် မည်သည့်အရပ်မှာ နေလိုသည်ကို မေးမြန်းမှာထားပါမည့်အကြောင်း။

၁၂၁၆ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ်အရေးပိုင် ဘယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးထံ ပေးစာ။

၇။ ။ ဝန်ကြီးမင်းပေးစာတွင် မြန်မာမင်းက အင်္ဂလိပ်မင်းသို့ပေးသည့် လက်ဆောင်တော်ကို (သနားတော်မူသည့်လက်ဆောင်)၊ အင်္ဂလိပ်မင်းက အတုံ့ပြန်သည့် လက်ဆောင်များကို (ဆက်သမည်) ပါရှိ၍ ၎င်းစာကို လက်မခံနိုင်၊ ပြန်ပို့သည့် အကြောင်းအရာ။

---

၁။ ၁ မေ ၁၈၅၄ ၂။ ၁၇ မေ ၁၈၅၄ ၃။ ၇ ဇွန် ၁၈၅၄ ၄။ ၄ ဩဂုတ် ၁၈၅၄

၁၂၁၆ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၁]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်အရေးပိုင် ဘယ်ရာသို့ ပေးစာ။

၈။ ။ အင်္ဂလိပ်မင်းနိုင်ငံနှင့် နိုင်ငံတော် အထက်ကာလက စစ်မက်မဖြစ်။ ၁၁၈၇ ခုနှစ် ရန်စစ်ဖြစ်ပွားပြီး ငြိမ်းပြီးနောက် ရန်တဘိုတွင် စာချုပ်၍ မဟာမိတ်ဖြစ်မြဲ ဖြစ်ကြသည့်အတိုင်း ၁၂၁၆ ခု တော်သလင်းလအတွင်း သံတမန် စေလွှတ်မည့်အကြောင်း၊ သံတဲနေရာဌာနမှာ သင့်လျော်ရာတွင် အသင့်ရှိစေလျှင် သင့်မည့်အကြောင်း။

၁၂၁၆ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့[၂]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်အရေးပိုင် ဘယ်ရာသို့ ပေးစာ။

၉။ ။ အရေးပိုင်ကြီးက ပို့ရောက်သည့် လက်ဆောင်တော်အကြောင်းအရာ၊ သံတော်တို့ အကြောင်းအရာစာကို သံတော်ဦးတင်ကြောင်း။ ၁၂၁၆ ခု တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့ သံတမန်ခန့်ထား စေလွှတ်တော်မူမည်အကြောင်း၊ သံတဲမှာ သင့်ရာနေရာတွင် ဆောက်လုပ် အသင့်ရှိစေမည့်အကြောင်း၊ အမှုရှိသမျှကို စာပြန်ကြားမည့်အကြောင်း။

၁၂၁၆ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့[၂]။

အရေးပိုင် ဘယ်ရာက ဘရင်ဂျီခင်ကြီးသို့ ပေးစာ။

၁၀။ ။ အင်္ဂလိပ်ဗိုလ်တို့က မြန်မာဗိုလ်တို့သို့ ပေးစာတွင် မရိုသေသည့်အရာ ပါသောကြောင့် နှလုံးတော် မသာရှိသည် ကြားသိရကြောင်း၊ နောက် သည်ကဲ့သို့ မဖြစ်ရအောင် သတိထားပါမည့်အကြောင်း၊ မင်းတုန်းမြို့နယ် စိုက်ရင်း ကျောက်တိုင်ကို ဆုတ်၍ စိုက်မည်ဖြစ်ကြောင်း၊ မြန်မာမင်းနှင့် အစဉ်မိတ်ဖြစ်ရန် ကုမ္ပဏီမင်းက နှလုံးထားကြောင်း၊ အရှင်လည်း နှစ်ပြည်အကျိုးကို ရွက်ဆောင်မည့်အကြောင်း၊ ရန်ကုန်မြို့သို့ ရောက်လျှင် အထူး ချီးမြှောက်ပါမည့်အကြောင်း။

---

## ၂၀ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

၁။ ။ သံကြီး၊ သံလတ်၊ သံငယ် ခန့်ထား၍ ရာဇသံ လက်ဆောင်တော်များနှင့် အင်္ဂလိပ်နိုင်ငံသို့ စေလွှတ်တော်မူရာ အမိန့်တော်ခံရန် သွင်းစာ။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

အင်္ဂလိပ်မင်းသို့ ပေးသည့် ရာဇသံ။

၂။ ။ နောင်တော် ပုဂံမင်း လက်ထက် ချီတက်သည့် လက်နက်ကိုင်တို့ကို နုတ်သိမ်းသည့် အကြောင်းအရာ၊ ဆီးတား ပိတ်ပင်မရှိ သွားလာရောင်းဝယ်စေသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

ရာဇသံအရ ဝန်ကြီးများက အင်္ဂလိပ် ဝန်ကြီးများသို့ ပေးစာ။

၃။ ။ စေလွှတ်တော်မူသည့် သံတော်အရာရှိတို့နှင့် ရာဇသံ လက်ဆောင်တော်များ ကောင်းမွန်စွာ လက်ခံမည့်အကြောင်းကို အင်္ဂလိပ်မင်းထံ လျှောက်ထားမည့်အကြောင်း၊ မှာထားရန် အကြောင်းများကိုလည်း သံတော်တို့တွင် မှာထား ပြန်လာပါစေမည့်အကြောင်း။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်အရေးပိုင်သို့ ပေးစာ။

၄။ ။ (၂ မှတ်ပါ ရာဇသံနှင့် အကြောင်းအရာ တူ)။

---

၁။ ၁၂ ဩဂုတ် ၁၈၅၄  ၂။ ၁၃ ဩဂုတ် ၁၈၅၄  ၃။ ၁၉ စက်တင်ဘာ ၁၈၅၄

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အောက်မြစ်စဉ်တစ်လျှောက် မြို့များမှာ တင်ပြရန် သံတော်တို့ကို ပေးအပ်သည့်စာချွန်။

၅။ ။ သံတော်တို့တွင်ပါသည့် လက်ဆောင်တော်များကို ရောက်ရာနယ်ရှင်တို့က စောင့်ရှောက်ရမည့်အကြောင်း၊ သံတော်တို့ ဆင့်ဆိုရာ နာခံ၍ မြင်းတော်များကို ဝလင်အောင် ကျွေးမွေးရမည့်အကြောင်း။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အမိန့်တော် မှတ်သားချက်။

၆။ ။ ခမည်းတော်ဘုရားလက်ထက် အဝယ်တော် ငရွှေညိုက ဘင်္ဂလားမြို့မှာ ချေးငှားယူသုံးသည့် ငွေ ၅၀၀ဝိ ကို သံတော်အကြီးက မေးမြန်း၍ ဆပ်ပေးခဲ့ရမည့် အကြောင်းအရာ၊ သဘောရလျှင် ဝယ်ခဲ့ရမည့် အကြောင်းအရာ၊ မရလျှင် စက်ကိရိယာနှင့် ဆရာများကို ဝယ်ယူငှားရမ်းခဲ့ရမည့် အကြောင်းအရာ။

၇။ ။ ဝန်ကြီးများက သံတော်တို့ကို ပေးအပ်သည့် မှတ်စာ။ (၆ မှတ်ပါ အမိန့်တော် မှတ်သားချက်နှင့် အကြောင်းအရာ တူ)။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၈။ ။ ရာဇသံ ရေးသားပုံ၊ ပေးပို့ပုံများ အကြောင်းအရာ အမှတ်အသား။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဘယ်ရာသို့ ပေးစာ။

၉။ ။ အထက်ကပေးသော စာများတွင် ပါသည့် မယဉ်ကျေးသည့် စကားများကို ပယ်၍၊ နောင် ယဉ်ကျေးအောင် စာရေးသားပေးပို့မည့် အကြောင်းအရာ။

၁၀။ ။ အင်္ဂလိပ်မင်းသို့ ပေးရန် လက်ဆောင်တော် အကွင်းအခြည် အထည်အလိပ် စာရင်း။

၂၁ မှတ်ပုရပိုက်မှာ အင်္ဂလိပ်မင်းသို့ပေးရန် လက်ဆောင်တော် အကွင်းအခြည် အထည်အလိပ်စာရင်း သက်သက်ရှိ။

---

## ၂၂ မှတ် ပုရပိုက်ထွက်။

၁။ ။ အင်္ဂလိပ်မင်းသို့ ပေးရန် လက်ဆောင်တော်စာရင်း။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၂။ ။ ဘင်္ဂလားမြို့တွင် အင်္ဂလိပ်များနှင့် ပြောဆိုရန် သံတော်တို့သို့ လွှတ်တော်က ပေးအပ်သည့် စကားချက် ၁၄။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၃။ ။ သံတော်တို့ ဘီလပ်မြို့သို့ သွားရောက်ပြောဆိုမှ အရေးစကားပြီးမည့် လက္ခဏာရှိလျှင်၊ ၂ မှတ်ပါ စကားချက် ၁၄ ပြင်၊ ပြောဆိုရန် မြန်မာမင်းနှင့် အင်္ဂလိပ်မင်းတို့ ရန်စစ်ဖြစ်ပွားရင်း စကားအတိုကောက်။

၁၂၁၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

သံတော်အရာရှိတို့ကို လွှတ်တော်က ပေးအပ်သည့် မှတ်စာ။

၄။ ။ အင်္ဂလိပ်အရေးပိုင်တို့ ပြောဆိုသည့် အထွက်အသံများကို ထောက်၍ လိုရာအရေးနှင့် စပ်သမျှကို အရေးဆွဲပြီးလျှင် အလိုတော်အတိုင်း ရောက်၍ အမှုတော် ပြေကုန်လွယ်အောင် မှာထားချက် စကားအရ ပြောဆိုထမ်းဆောင်ရမည့် အကြောင်းအရာ၊ အရပ်ရပ်ကို ထောက်လှမ်းမေးမြန်း မှတ်သားခဲ့ရမည့် အကြောင်းအရာ။

---

၁။ ၁၉ စက်တင်ဘာ ၁၈၅၄

## ၂၃ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[၁]။

လွှတ်တော်က သံတော်တို့ကို ပေးစာ။

၁။ ။ ဘင်္ဂလားမြို့သို့ရောက်လျှင် အကောင်းမျိုးသေနတ် ၁၀၀၀ ကို ပေါက်ရာဈေးနှုန်းနှင့် ဝယ်ယူဆက်သရမည့် အကြောင်း။

၁၂၁၆ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၂]။

မြေထဲမြို့ဝန်က သံတော်ဦးတင်စာ။

၂။ ။ နိုင်ငံတော် မန်ကျည်းကန်ရွာနေ ငအောင်ပန်းတို့ နွား ၃ ကို တိုက်ခိုက်ယူသွားရာ ကျောက်တိုင်တောင်ဘက်တွင် တွေ့ရှိ၍ အင်္ဂလိပ်အစိုးရတို့သို့ အကြိမ်ကြိမ် စာလူစေလွှတ်တိုင်တန်း ပြောဆိုစေသည့် အကြောင်းအရာ။ အင်္ဂလိပ်တို့က ပြောဆိုပုံ၊ စာပြန်ပေးပုံ အကြောင်းအရာ။

၃။ ။ ၂ မှတ်ပါ ဓားပြတိုက်မှု အကြောင်းနှင့် မြေထဲမြို့ဝန်က မြေထဲမြို့ အင်္ဂလိပ် အစိုးရတို့သို့ ပေးစာ။

၄။ ။ ၂ မှတ်ပါ အမှုအကြောင်းနှင့် မြေထဲမြို့ အင်္ဂလိပ်အစိုးရသို့ မြေထဲမြို့ဝန်က ထပ်မံပေးစာ။

၁၂၁၆ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၂]။

မြေထဲအာလံမြို့ အင်္ဂလိပ်အစိုးရက မြေထဲမြို့ဝန်သို့ ပေးစာ။

၅။ ။ ဓားပြများကို နေရာကျ ပြသပြောဆိုနိုင်မှ စီရင်မည့်အကြောင်း၊ တင်းကုတ်ရွာက လုယူတိုက်သွားသည့် ဥစ္စာပစ္စည်းကို ပေးလျော်မှ ယခုအမှုကို ကျေလည်အောင် ပြုမည့်အကြောင်း။

မြေထဲအာလံမြို့ အင်္ဂလိပ်အစိုးရက မြေထဲမြို့ဝန်သို့ ပေးစာ။

၆။ ။ ဓားပြမှုအကြောင်းနှင့်စပ်၍ ဝန်ရှင်တော်မင်းကြီးများသို့ စာပေးပြီးဖြစ်ကြောင်း၊ ဤအမှုကို မြေထဲဝန်မောင်ပိုနှင့် ပြောဆိုရသည့် အရာသည် စိတ်ကျေနပ်စရာ မရှိကြောင်း။

ငရွှေပေ အစစ်ခံချက်။

၇။ ။ ကျွန်တော် ညီအစ်ကိုသားချင်းများကို သတွတ်ခုံရွာက ခေါ်ယူပြန်လာရာ လမ်းတွင် ကုလားဗိုလ် ၃ တို့ မြင်းနှင့်လိုက်လာ၍ ထွက်ပြေးခဲ့ရကြောင်း၊ ကုလားတို့ကို မတိုက်မခိုက်ရကြောင်း၊ မြင်းနှင့် ကုလား ၁ ချောင်းထဲသို့ လိမ့်ကျသေဆုံး။ ကရင်တို့တွေ့ရှိ၊ ကုလားတို့ထံ တိုင်ကြားရာ ၎င်းတို့ သင်္ဂြိုဟ်သည် ကြားသိရကြောင်း။

---

## ၂၄ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

အရေးပိုင်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ ၂ နယ်စပ်တွင် တိုက်ခိုက်သည့် ဓားပြလူဆိုးများကို စီရင်လျှင် နောင် သည်ကဲ့သို့ မပြုဝံ့ရှိမည့်အကြောင်း။
(က) အရေးပိုင်ကြီး ဖယ်ရာက ကျောက်မော်မြို့စားဝန်ကြီးထံ တင်ပေးသည့် ဓားပြတိုက်ရာပါ ပစ္စည်းစာရင်း။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၄]။

လွှတ်တော်က မြေထဲမြို့ဝန်သို့ ဆင့်စာ။

၂။ ။ အင်္ဂလိပ် အရေးပိုင်ကြီး ပေးစာပါအတိုင်း ၂ နယ်စပ်တွင် တိုက်ခိုက်သည့် ဓားပြတို့ စီရင်စုနယ်တွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွားတော်အောက် တင်လျှောက်ရမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အရေးပိုင်ကြီး ဖယ်ရာသို့ ပြန်ပေးစာ။

၃။ ။ အရေးပိုင်ကြီး ပေးစာပါ ဓားပြတိုက်မှုကို မြေထဲမြို့ဝန်သို့ ဆင့်ဆိုမေးမြန်း၍ မှန်ရာစီရင်မည့်အကြောင်း။

---

၁။ ၂၃ စက်တင်ဘာ ၁၈၅၄   ၂။ ၅ အောက်တိုဘာ ၁၈၅၄   ၃။ ၁၆ အောက်တိုဘာ ၁၈၅၄   ၄။ ၁၉ အောက်တိုဘာ ၁၈၅၄

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၄။ ။ ပေးစာများကို ယဉ်ကျေးအောင် ရေးပါမည် စာပေးသော်လည်း အတော်သာ ကျေနပ်ရှိသည့် အကြောင်းအရာ၊ စစ်ကိရိယာများနှင့် စပ်ဆိုင်သည့်အရာများ တင်ဆောင်ယူခွင့်ကို သဘောတူမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၅။ ။ သံတော်အရာရှိတို့ကို ဘင်္ဂလားသို့ပို့ရန် တိုက်မီးသင်္ဘော မရောက်မီ သံတဲတွင် ရပ်တန့်နေထိုင်ပါစေမည့် အကြောင်း။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပြန်ပေးစာ။

၆။ ။ စပြစ်ရာ ပို့ရောက်သည့်စာအရ တစ်ဦးကိုတစ်ဦး အလွန်အယုတ် မရှိစေရ၊ သံတော်တို့က ပြန်စာရ ကာလမှ ညှိနှိုင်း၍ စာပေးမည့်အကြောင်း။

၁၂၁၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

သင်္ဘောသူကြီး စပြစ်ရာက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၇။ ။ ယခု ဘင်္ဂလားသို့သွားသည့် သံတော်တို့တွင် ရှိသည့်စာတွင် အရေးပိုင်ကြီး မကြိုက်သည့် စကားများ မပါကြောင်း၊ နယ်စပ် ဓားပြတိုက်မှုကို အသေအချာ မေးမြန်းရအောင် လူစေလွှတ်လိုက်သည့် အကြောင်းအရာ။

၂၅ မှတ် ပုရပိုက်ထွက်မှာ ၁၂၁၆ ခု သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း၊ အရေးပိုင်ကြီးနှင့် ပြောဆိုပြီးမှ အရပ်ရပ်စကား မှတ်သားချက်များကို ဆက်သပါမည့်အကြောင်းနှင့် ရန်ကုန်မြို့ သံတော်တို့က ၁၂၁၆ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ တင်လျှောက်စာသက်သက်ရှိ။

---

## ၂၆ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်နေ့[၂]။

၁။ ။ ၂၅ မှတ်ပုရပိုက်ထွက် သံတော်တို့ တင်လျှောက်စာနှင့် အတူပါသည့် သံတော်တို့နှင့် အင်္ဂလိပ်ဝန်ကြီး၊ အကောက်ဝန် ဧတွက်တို့ ပြောဆိုမှတ်သားချက် အရပ်ရပ်။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီးက သံတော်တို့ထံ ပေးစာ။

၂။ ။ ကျောက်မော်မြို့စား ဝန်ကြီးထံမှ ပေးစာများ ရေးသားပုံနှင့်စပ်၍ ကျေနပ်အောင် ပြန်စာမရောက်မီအတွင်း ကောင်းမွန်စွာ သံတဲတွင် နေထိုင်ပါစေမည့် အကြောင်း။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်နေ့[၂]။

သံကြီးကို လွှတ်တော်က ပေးမှာစာ။

၃။ ။ အင်္ဂလိပ်မင်းပေးရန် ရာဇသံ၊ အင်္ဂလိပ်မင်း စစ်သူကြီး၊ အရေးပိုင် ဝန်ကြီးတို့ကို ပေးရန်စာများကို ပြင်ဆင် ရေးသားပြီးလျှင် ပို့လာစေသည့် အကြောင်းအရာ။ အင်္ဂလိပ်ဝန်ကြီး အရေးပိုင်တို့ မည်သို့ပြောဆိုသည်ကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လဆန်း၊ ၃ ရက်နေ့[၃]။

၄။ ။ အင်္ဂလိပ်အရာရှိတို့က သံတော်တို့ကို အဖွယ်အရာ ကြိုယူသည့် အကြောင်းအရာ၊ သံတော်တို့ ဘင်္ဂလား မြို့သို့ ထွက်သွားသည့် အကြောင်းအရာ။

---

၁။ ၂၀ အောက်တိုဘာ ၁၈၅၄ ၂။ ၃၁ အောက်တိုဘာ ၁၈၅၄ ၃။ ၂၂ နိုဝင်ဘာ ၁၈၅၄

၁၂၁၆ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့[၁]။

မြေထဲမြို့ဝန်က လွှတ်တော်သို့ လျှောက်စာ။

၅။ ။ အင်္ဂလိပ်တို့က ပို့ရောက်သည့်စာပါ ဓားပြတိုက်မှုဆိုသည် မဟုတ်မမှန်သည့် အကြောင်းအရာ၊ သင်းတို့နယ်ဘက်က ဆိုးသွမ်းသူတို့ စာရင်းကို တင်ပို့သည့် အကြောင်းအရာ။
(က) မြေထဲမြို့ဝန်က တင်ပို့သည့် ဓားပြနှင့် တိုက်ရာပါ ပစ္စည်းစာရင်း။

---

## ၂၇ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[၂]။

သံတော်အရာရှိတို့က တင်လျှောက်စာ။

၁။ ။ ရွှေဘွားတော်အောက်က စေလွှတ်ပို့လာသည့် ရာဇသံများနှင့် ပေးစာကို ရယူသည့် အကြောင်းအရာ။ ၎င်းသူတွင် အရပ်ရပ် တင်စာ၊ လျှောက်စာများ ဆင့်ဆိုပေးအပ် ဆန်တက်စေသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

၂။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ၊ အကောက်ဝန် ဇွေက်တို့နှင့် သံတော်တို့ ပြောဆိုသမျှ အမှတ်အသား စကားချက် ၈။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

သံတော်တို့က တင်လျှောက်စာ။

၃။ ။ အင်္ဂလိပ်အရာရှိတို့က မဟာမိတ် လက္ခဏာနှင့်အညီ ပြောဆိုပုံ၊ ပြုစုပုံ အကြောင်းအရာ။ ၎င်းနှင့် ပြောဆိုသမျှကို မှတ်သားဆက်သပါမည့် အကြောင်းအရာ။

---

## ၂၈ မှတ် ပုရပိုက်ထွက်။

၁။ ။ ၂၇ မှတ်ပုရပိုက်ထွက်၊ သံတော်တို့နှင့် အင်္ဂလိပ်အရာရှိတို့ ပြောဆိုသည့် စကားချက်အဆက် ၉ နှင့် ၁၀။ ၎င်းပြင် ၎င်းတို့ အသီးအသီး တွေ့ဆုံပြောဆိုချက်များ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ နယ်စပ်တွင် ဓားပြတိုက်မှုကို မြေထဲမြို့ဝန်သို့ ဆင့်ဆိုမေးမြန်း၍၊ မှန်လျှင် ကြောက်ရွံ့အောင် စီရင်မည့် အကြောင်း။

သံကြီး နန်းမတော်ဝန်က တင်လျှောက်စာ။

၃။ ။ အင်္ဂလိပ်ကုန်သည်ကြီး ဂရံက ရွှေမျက်နှာတော်ကို အဖူးအမြော် ရောက်လိုကြောင်း အစီရင်ခံချက်အရ ရွှေခဲကြီးလှေ ပဲ့နင်းနှင့်အတူ ဆန်တက်လာပါစေသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[၄]။

လွှတ်တော်သို့ ပို့သည့် စပြစ်ရာက ဖယ်ရာသို့ ပေးစာလက်ခံ။

၄။ ။ အင်္ဂလိပ်အရာရှိများ ပေးရန်စာကို အရေးပိုင်ကြီး အလိုအတိုင်း ရေးသားသည့် အကြောင်းအရာ၊ ဓားပြမှုကို စစ်မေးလျက်ရှိသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ကြီးက သံတော်အရာရှိများထံ ပေးစာ။

၅။ ။ နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်ရန် လာရောက်သည်နှင့်အညီ ကောင်းမွန်စွာ လက်ခံမည့်အကြောင်းအရာ။

---

၁။ ၂၈ နိုဝင်ဘာ ၁၈၅၄ ၂။ ၃ ဒီဇင်ဘာ ၁၈၅၄ ၃။ ၁၇ ဒီဇင်ဘာ ၁၈၅၄ ၄။ ၃ နိုဝင်ဘာ ၁၈၅၄

### ၂၉ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

သံကြီး နန်းမတော်ဝန်က အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁။ ။ ၁၂၁၆ ခု နတ်တော်လဆန်း ၃ ရက်နေ့၊ ရန်ကုန်မြို့က ဘင်္ဂလားမြို့သို့ ထွက်သွားလိုသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ကြီး အမိန့်။

၂။ ။ ရန်ကုန်မြို့မှစ၍ အရပ်ရပ်ရှိ ဘုရားများကို မြန်မာမျိုးမတ် အရာရှိတို့ သွားလာဖူးမြော်စေရမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

ရွှေဘွားတော်အောက်သို့ နန်းမတော်ဝန် သံကြီးက တင်လျှောက်စာ။

၃။ ။ အလှူတော်များကို နေ့ရက်မရှည် စေလွှတ်လှူတော်မူပါမည့် အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

သံကြီး နန်းမတော်ဝန်က ရွှေဘွားတော်အောက် တင်လျှောက်စာ။

၄။ ။ အင်္ဂလိပ်အစိုးရတို့ အောက်မြို့ ကျေးရွာများတွင် စစ်သည်လက်နက်ကိုင် ထားပုံ၊ ကုန်သည်ဆင်းရဲသားတို့ ကူးသန်းရောင်းဝယ်ပုံ အရပ်ရပ် အကြောင်းအရာများ။

၁၂၁၆ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

ထားဝယ်မြို့က လာသူ ကုန်သည်ငတိုး မေးချက်။

၅။ ။ ထားဝယ်မြို့မှာ အင်္ဂလိပ်မင်းတို့ အုပ်ချုပ်နေထိုင်ပုံ အကြောင်းအရာ။

၁၂၁၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

ဒလမြို့ စရပ်လှရွာအုပ်ငနောင် မေးချက်။

၆။ ။ အင်္ဂလိပ်မင်းတို့ ပုသိမ်မြို့မှာ ရပ်တန့်အုပ်ချုပ်နေထိုင်ပုံ အကြောင်းအရာ။

၇။ ။ အင်္ဂလိပ်မင်းများလက်အောက် အမှုထမ်းရွက်သူတို့ အမည်စာရင်းနှင့် မြို့ရွာပေါက်ဈေးနှုန်း၊ ကုန်မျိုးမည်၊ ဦးရေစာရင်း။

---

### ၃၀ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့[၃]။

သံတော်တို့နှင့် အင်္ဂလိပ် အရာရှိတို့ အရပ်ရပ် ပြောဆိုမှတ်သားချက်။

၁။ ။ အင်္ဂလိပ်တို့က မြန်မာဝန်ကြီး ပေးစာတွင် မယဉ်ကျေးသည့်စကား ပါသည် ပြောဆိုရာ သံတော်တို့က ကျေလည်အောင် ပြန်ပြောသည့် အကြောင်းအရာ၊ သံတော်တို့ကို အင်္ဂလိပ်တို့က ကောင်းမွန်စွာ ကြိုယူပြုစုသည့် အကြောင်းအရာ။

၁၂၁၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၄]။

ပြည်မြို့ အရေးပိုင်က သံကြီး နန်းမတော်ဝန်ကို ပေးစာ။

၂။ ။ သံတော်များကို ရွှေဘွားတော်အောက်က အကြိုအယူ လာရောက်ကြောင်း ကြားသိ၍ ဝမ်းမြောက်ကြောင်း။

---

၁။ ၁၇ နိုဝင်ဘာ ၁၈၅၄ ၂။ ၁၀ ဒီဇင်ဘာ ၁၈၅၄ ၃။ ၃ အောက်တိုဘာ ၁၈၅၄ ၄။ ၁၁ ဖေဖော်ဝါရီ ၁၈၅၅

## ၃၁ မှတ် ပုရပိုက်ထွက်။

၁၂၁၆ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်ကြီး ဖယ်ရာက စပြစ်ရာထံ ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်နေ ကရင်၊ ဇဘိန်း မြန်မာတို့ကို မြေထဲမြို့ဝန် လူတို့က အတင်းအဓမ္မ သိမ်းသွင်းခေါ်ယူသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

စပြစ်ရာက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ ကရင်၊ ဇဘိန်းမြန်မာတို့ကို မြေထဲမြို့ဝန်လူတို့က အတင်းသိမ်းသွင်းခေါ်ယူမှုနှင့်စပ်၍ အင်္ဂလိပ်ဝန်ကြီး ပေးစာကို သံတော်ဦးတင်ရာ အပြစ်ရှိသူတို့ကို စီရင်မည် အမိန့်တော်ရှိသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၃]။

မြေထဲမြို့ဝန်က လွှတ်တော်သို့ လျှောက်စာ။

၃။ ။ နယ်ခြားကျောက်တိုင် အမှတ်အသားများ အကြောင်းနှင့် ၎င်းကျောက်တိုင်စိုက်ကြိုးလမ်း အမှတ်အသား အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၃]။

စာရေးကြီးဟောင်း ငရွှေမောင်ကို လွှတ်တော်က ပေးအပ်သည့် မှတ်စာ။

၄။ ။ မြေထဲမြို့ဝန်က ကျောက်တိုင်တောင်ဘက်နေ လူတို့ သိမ်းသွင်းခေါ်ယူဆိုသည့်အမှု၊ ၎င်းဝန်နှင့် အင်္ဂလိပ်တို့ တိုက်ခိုက်ဆိုသည့် အမှုများ မှန် မမှန်ကို နေ့ရက်မကြာ ထောက်လှမ်းလျှောက်ထားရမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၃]။

လွှတ်တော်က မြေထဲဝန်သို့ ပေးမှာစာ။

၅။ ။ ကျောက်တိုင်တောင်ဘက်ရှိ ကျေးရွာများကို တိုက်ခိုက်ဆိုသူ ငရွှေပေး၊ ငရွှေပြည့်တို့ကို ရွှေဘွားတော်အောက်သို့ အမြန် ပို့လာစေရမည့်အကြောင်း၊ ၎င်းအမှု ဖြစ်ပွားရင်းကိုလည်း အသေအချာ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

လွှတ်တော်က မြေထဲမြို့ဝန်သို့ ပေးမှာစာ။

၆။ ။ မြေထဲဝန်ကိုယ်နှင့် တိုက်ခိုက်ဆိုသူတို့ပါ ရွှေဘွားတော်အောက် လာရောက်ရှင်းလင်းရမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

မြေထဲမြို့ဝန်က လွှတ်တော်သို့ လျှောက်စာ။

၇။ ။ သာယာဝတီမြို့ဝန် ငခေါင်ကြီး၊ ငခေါင်ကလေးတို့ကို ကျိုးကြောင်းပြသပြောဆိုရာ ချထားတော်မူရာ နေပါမည် ပြောဆိုပြီး နောက်မှ တောင်တွင်းကြီးမြို့နယ်သို့ ကူးပြောင်းသွားကြောင်း၊ စိုက်မှတ်သည့် ကျောက်တိုင် အကြောင်းအရာကိုလည်း အစောင့်အနေကုလား မရှိမှ အမိန့်မှတ်စာပါအတိုင်း နေ့ရက်မကြာ ဆောင်ရွက်လျှောက်ထားပါမည့် အကြောင်း။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

မြေထဲမြို့ဝန်က တင်လျှောက်စာ။

၈။ ။ မြန်မာနယ်သို့ ကူးလာသူတို့ကို လိုက်လံဖမ်းဆီးသူ အင်္ဂလိပ်ဗိုလ်တစ်ယောက် မြင်းနှင့်တကွ သေဆုံးသည်ကို မြင်ခဲ့ရသည့် ကရင်တို့ ထွက်ဆိုရှိသည့် အကြောင်းအရာ၊ ကုလားတို့နှင့် အထိအပါး မရှိရ အမိန့်တော် အတိုင်း ဆင့်ဆိုအုပ်ကွပ်ပါမည့် အကြောင်းအရာ။

---

၁။ ၁၂၁၇ ကဆုန်လဆန်း ၄ (၁၉ ဧပြီ ၁၈၅၅) ၂။ ၂ မေ ၁၈၅၅ ၃။ ၂၀ ဧပြီ ၁၈၅၅

၁၂၁၇ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့[၁]။

၉။ ။ မြေထဲမြို့ဝန်နှင့် အင်္ဂလိပ်ဗိုလ်တို့ ဖြစ်ပွားမှုကို ထောက်လှမ်းစေသူ စာရေးကြီးဟောင်း ငရွှေမောင်က တင်ပေးသည့် ၎င်းအမှုတွင် ကျေးရွာရဟန်းတော်များ မိန့်ဆိုချက်နှင့် ရွာနေလူတို့ ထွက်ချက်များ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

ထောက်လှမ်းသူ စာရေးကြီးဟောင်း ငရွှေမောင် မေးချက်။

၁၀။ ။ မြေထဲမြို့တွင် ဖြစ်ပွားမှုများကို ထောက်လှမ်းခဲ့သည့် အကြောင်းအရာ၊ မြေထဲမြို့ဝန်က ပေးအပ်သည့် စာများကိုယူ၍ ဆန်တက်ခဲ့ရသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

မြေထဲမြို့ဝန်က တင်လျှောက်စာ။

၁၁။ ။ ဝန်စုတွင် ငရွှေပြည့် မရှိကြောင်း၊ ကျောက်တိုင်တောင်ဘက်နေ ကရင်၊ ဇာဘိန်း မြန်မာတို့ကို မတိုက်မခိုက်ရသည့် အကြောင်းအရာ၊ ငရွှေပေကို ထုချေပြောဆိုရန် မြို့စာရေးနှင့်အတူ စေလွှတ်သည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

၁၂။ ။ ကျောက်တိုင်တောင်ဘက် လယ်တီရွာနေ လူတို့ကို တိုက်ခိုက်မှုတွင် ပါဝင်သည် စွဲဆိုခံရသူ ၄ ဦးတို့ မေးချက်။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

မြို့စာရေး ကျော်သူနော်ရထာ မေးချက်။

၁၃။ ။ ဝယ်ယူတော်မူသည့် ရှားဖိုးငွေများကို သနားတော်မြတ်ခံလိုသည့် အကြောင်းအရာ၊ ငရွှေပေကို မြေထဲမြို့ဝန်က ထည့်အပ်ပါလာသည့် အကြောင်းအရာ၊ မြို့ရွာ သာယာငြိမ်ဝပ်သည့် အကြောင်းအရာ။

---

## ၃၂ မှတ် ပုရပိုက်ထွက်။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ ကျောက်တိုင် တောင်ဘက်နေ လူတို့ကို မြေထဲဝန်လူတို့ တိုက်ခိုက်သိမ်းသွင်း ခေါ်ယူကြောင်းကို အင်္ဂလိပ်မင်းထံ လျှောက်ထားရှိသည့် အကြောင်းအရာ၊ အထက်က စာပေးသည့် ဓားပြမှုကိုလည်း စီရင်သည် မကြားမသိရသည့် အကြောင်းအရာ၊ ဤဖြစ်ပျက်မှုကို ထောက်လျှင် မိတ်ဖြစ်လိုသည် ဆိုသည့်စကားနှင့် မညီသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ မြေထဲမြို့ဝန်လူတို့က ကျောက်တိုင်တောင်ဘက်နေ လူတို့ကို တိုက်ခိုက်သည် ဆိုသည့်အမှုကို စီရင်ရန် မေးမြန်းဆဲ ရှိကြောင်း။

၁၂၁၇ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့[၃]။

၃။ ။ မလွန်မြို့ဝန်မင်း ပေးစာကို ရရှိကြောင်းနှင့် ပြည်မြို့ အရေးပိုင်က မလွန်မြို့ဝန်သို့ ပေးစာ။

၁၂၁၇ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၄]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးကို ပေးစာ။

၄။ ။ မြေထဲမြို့ဝန်လူတို့ ကျောက်တိုင် တောင်ဘက်နေ လူတို့ကို တိုက်ခိုက်သိမ်းသွင်းမှုတွင် သရက်မြို့ဝန်ထောက်ရှေ့ မြေထဲမြို့နေ လူ ၄ ယောက် မေးချက်များကို ပို့လာစေကြောင်း၊ ၎င်းထွက်ချက်များအရ မြေထဲမြို့ဝန်လူတို့ အင်္ဂလိပ်မင်းနယ်ပယ်ကို ကျူးလွန်သည့်အရာ ထင်ရှား၍ ၎င်းအကြောင်းကို အင်္ဂလိပ်မင်းထံ တင်လျှောက်ရှိကြောင်း။

---

၁။ ၁၇ ဧပြီ ၁၈၅၅ ၂။ ၂ မေ ၁၈၅၅ ၃။ ၁၁ မေ ၁၈၅၅ ၄။ ၁၆ မေ ၁၈၅၅

(က) မြေထဲမြို့ဝန် လူတို့က ကျောက်တိုင်တောင်ဘက်နေ လူတို့ကို သိမ်းသွင်းခေါ်ယူမှုနှင့် စပ်၍ သတ္တတ်ခုန် ရွာနေ လူတို့ မေးချက် ၄၊ ဆူးပုတ်ရွာနေ လူတို့ မေးချက် ၁။

---

## ၃၃ မှတ် ပုရပိုက်ထွက်။

၁၂၁၇ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၁]။

၁။ ။ မြေထဲမြို့ဝန်က ပို့ရောက်သူတို့ကို အကျဉ်းထားစေသည့် အကြောင်းအရာ မှတ်ချက်နှင့် အင်္ဂလိပ်အရေးပိုင်က ၂ ကြိမ် ပို့ရောက်သည့် ဓားပြတို့ စာရင်း။

၁၂၁၇ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၂။ ။ ဓားပြတို့ကို စစ်ဆေးမေးမြန်းရာ မဟုတ်ကြောင်း ထွက်ဆိုသော်လည်း အရေးပိုင်ပေးစာကို အမှန်ပြု၍ မြေထဲမြို့ဝန်ကိုလည်း ရွှေဘွားတော်အောက်သို့ ခေါ်ထားကြောင်း၊ တိုက်ခိုက်ဆိုသူတို့ကိုလည်း အကျဉ်းချထားကြောင်း။

---

## ၃၄ မှတ် ပုရပိုက်ထွက်။

၁၂၁၇ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီးက စပြစ်ရာကို ပေးစာ။

၁။ ။ ရွှေဘွားတော်အောက် ဆန်တက်လာကာလ မီးသင်္ဘော ၂၊ လက်နက်ကိုင်လူ ၁၀၀ ပါလိမ့်မည့်အကြောင်း။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၃]။

သင်္ဘောသူကြီး စပြစ်ရာက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီးမင်း ဆန်တက်လာမည် စာရရှိ၍ လွှတ်တော်က အရာရှိ မှူးမတ်တို့ အကြိုအယူသွားမည် ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ်အရေးပိုင် ကပ္ပိတန်ဖယ်ရာက သင်္ဘောသူကြီး စပြစ်ရာသို့ ပေးစာ။

၃။ ။ မြန်မာနိုင်ငံတော်သို့ ဆန်တက်လာကာလ ကျောက်မီးသွေးတွင်း၊ ရေနံတွင်းများကို ကြည့်ရှုလိုသည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်နေ့[၄]။

အရေးပိုင် ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၄။ ။ အင်္ဂလိပ်သံကြီး ဖယ်ရာ ရာဇသံ လက်ဆောင်တော်များနှင့် ဆန်တက်လာရာ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့ မြန်မာနိုင်ငံတော်သို့ ဝင်မည့်အကြောင်း၊ မြစ်စဉ်တစ်လျှောက် မြို့ရွာများသို့ ကောင်းမွန်စွာ လက်ခံအောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၅။ ။ ၁၂၁၇ ခု ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်နေ့၊ လှေတော်များနှင့် အရာရှိမှူးမတ်များ ခန့်ထားကြိုယူလာစေမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၃]။

ပြည်မြို့အရေးပိုင် အာတာဗိုလ်က မလွန်မြို့ဝန်သို့ ပေးစာ။

၆။ ။ ရန်ကုန်မြို့မှာ ကိစ္စများ၍ အထက်ရေးပေးသည့်စာပါ နေ့ရက်တွင် သံတော်တို့ မထွက်ဖြစ်ကြောင်းနှင့်

---

၁။ ၂၇ မေ ၁၈၅၅ ၂။ ၂၃ ဇွန် ၁၈၅၅ ၃။ ၂၉ ဇူလိုင် ၁၈၅၅ ၄။ ၂၈ ဇူလိုင် ၁၈၅၅

ကပ္ပိတန် ဖယ်ရာက စာပေးပို့ရှိကြောင်း။ ဘရင်ဂျီခင်ကြီး၊ သဘော်သူကြီး စပြစ်ရာတို့သို့ ပေးရန်စာများကို ပို့လိုက်ပါမည့်အကြောင်း။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[1]။

မြစ်စဉ်တစ်လျှောက် မြို့ရုံးအရာရှိတို့သို့ လွှတ်တော်က ဆင့်စာ။

၇။ ။ အင်္ဂလိပ်သံတို့ ဆိုက်ရောက်ရာ ဆိပ်ကမ်းမှာ အတားအဆီး အနှောင့်အယှက်မရှိ၊ အစားအစာ လုံလောက်အောင် ပေးကမ်း၍ ရွှေဘွားတော်အောက်ရောက် ဆန်တက်စေရမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[1]။

လွှတ်တော်က မလွန်မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ လွှတ်တော်က ပို့လာစေသည့်စာကို အင်္ဂလိပ်ဝန်ကြီးထံရောက် ပို့ရမည့်အကြောင်း၊ အရပ်ရပ် အကြောင်းအရာများကိုလည်း လျှောက်ထားလိုက်ရမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

လွှတ်တော်သို့ သံကြိုဝန်ထောက်က တင်လျှောက်စာ။

၉။ ။ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်နေ့ သမ္ပန်တော်၊ လှေတော်များနှင့် ပုဂံမြို့သို့ ဆိုက်ရောက်သည့် အကြောင်းအရာ။ အရပ်ရပ်ကို နေထားတကျ ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့[2]။

သံကြိုဝန်ထောက်က လွှတ်တော်သို့ တင်လျှောက်စာ။

၁၀။ ။ အင်္ဂလိပ်သံတို့ မလွန်မြို့ မင်းလှဆိပ်ကမ်းသို့ ဆိုက်ရောက်ရာ ကြိုဆိုနှုတ်ဆက်ကြောင်း၊ အင်္ဂလိပ်အရာရှိများနှင့် ယုတ်လွန်နိမ့်ကျ မရှိရအောင် ပြောဆိုထမ်းရွက်ပါမည့်အကြောင်း၊ အင်္ဂလိပ်သံတို့နှင့် ပြောဆိုချက်များကိုလည်း တင်လျှောက်ပါမည့်အကြောင်း။

၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[3]။

၁၁။ ။ အင်္ဂလိပ်သံတို့ကို ခရီးလမ်းစဉ် မြို့များတွင် ကြိုဆိုလက်ခံပုံ အကြောင်းအရာ မှတ်သားချက်နှင့် လမ်းစဉ်တစ်လျှောက် ၎င်းသံတို့နှင့် ပြောဆိုမှတ်သားချက် အရပ်ရပ်။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့[2]။

သံကြိုဝန်ထောက်က သံတော်ဦးတင်စာ။

၁၂။ ။ သံတော်အရာရှိများနှင့် တွေ့ကာလ ပြောဆိုသမျှ အကြောင်းအရာကို မှတ်သား၍ အဆက်မပြတ် တင်လျှောက်မည့်အကြောင်း၊ မြို့ရွာ ငြိမ်ဝပ်သာယာရှိကြောင်း။

---

## ၃၅ မှတ် ပုရပိုက်ထွက်။

၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့[4]။

၁။ ။ ဝါခေါင်လဆန်း ၁ ရက်နေ့ အင်္ဂလိပ်သံတို့ ရွှေဘွားတော်အောက် ဆိုက်ရောက်မည့်အကြောင်းကို သံအရာရှိတို့ စာရင်းနှင့်တကွ သံကြိုဝန်ထောက်က လွှတ်တော်သို့ တင်လျှောက်စာ။

၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[3]။

၂။ ။ အင်္ဂလိပ်သံတို့ကို အထိုက်အလျောက် ပြုစုကြောင်းနှင့် သံကြိုဝန်ထောက်က လွှတ်တော်သို့ တင်လျှောက်စာ။

၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

သံကြိုဝန်ထောက်က လွှတ်တော်သို့ တင်လျှောက်စာ။

၃။ ။ အင်္ဂလိပ်သံတို့ ရေနံချောင်းမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်ရာ ကောင်းမွန်စွာ ကြိုယူလက်ခံပြုစုကြောင်း၊ ၎င်းတို့က ရေနံတွင်းများကို ကြည့်ရှုလိုသည့်အတိုင်း လိုက်ပို့ပြသကြောင်း။

---

၁။ ၂၈ ဇူလိုင် ၁၈၅၅ ၂။ ၈ ဩဂုတ် ၁၈၅၅ ၃။ ၁၃ ဩဂုတ် ၁၈၅၅ ၄။ ၁၂ ဩဂုတ် ၁၈၅၅

**၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၁]။**

သံကြိုဝန်ထောက်က လွှတ်တော်သို့ တင်လျှောက်စာ။

၄။ ။ ရေနံချောင်းမြို့တွင် ၃ ည ရပ်ဆိုင်း၍ ဆန်တက်ကြောင်း၊ လမ်းခရီးတစ်လျှောက် ရာဇဝတ်တော်ရေးကင်းလွတ်လုံခြုံသည့် အကြောင်းအရာ။

**၁၂၁၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်နေ့က၊ ၎င်း ၁၄ ရက်နေ့ထိ။**

၅။ ။ အင်္ဂလိပ်သံများကို အကြိုအယူ စေလွှတ်သည့် အရာရှိတို့ စုန်ဆင်းထွက်လာသည့် ခရီးစခန်းစဉ် တိုင်ကွာနေ့စဉ်စာရင်း။

**၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့က၊ ၎င်း ၁၅ ရက်နေ့ထိ။**

၆။ ။ အင်္ဂလိပ်သံတို့ မလွန်မြို့က ဆန်တက်ရာ ဆီမီးခုံရွာရောက် စခန်းတိုင်ကွာ နေ့စဉ်စာရင်း။

**၁၂၁၇ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၂]။**

၇။ ။ အင်္ဂလိပ်မင်းက မြန်မာမင်းသို့ ပေးသည့် မဟာမိတ်အရှည် ဖြစ်လိုကြောင်း ရာဇသံလက်ခံ။

**၃၆ မှတ်ပုရပိုက်ထွက်မှာ** အင်္ဂလိပ်မင်းက မြန်မာဘုရင်နှင့် မိဖုရားခေါင်ကြီး၊ အိမ်ရှေ့မင်းများသို့ ပေးသည့် လက်ဆောင်တော် အကွင်းအခြည် အထည်အလိပ်စာရင်း သက်သက်ရှိ။

**၃၇ မှတ်ပုရပိုက်ထွက်မှာ** အင်္ဂလိပ်သံရောက် စာတမ်း။ (၃၈ မှတ် ပုရပိုက်တွင် ဆုံး။)

**၃၈ မှတ်ပုရပိုက်ထွက်မှာ** ၃၇ မှတ်ပုရပိုက်ထွက် သံရောက်စာတမ်းအဆက်နှင့် အင်္ဂလိပ်သံတော်တို့ကို အထိုက်အလျောက် သနားတော်မူသည့်ဆုတော် အကွင်းအခြည် အထည်အလိပ်စာရင်း သက်သက်ရှိ။

---

## ၃၉ မှတ် ပုရပိုက်ထွက်။

**၁၂၁၇ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၃]။**

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁။ ။ ၂ ဦး မဟာမိတ်ဖြစ်ကြ၍ သံတမန် လာရောက်ရှိသောကြောင့် စာချုပ်စကားများကို အထူးပြောဆိုရန် မရှိကြောင်း။

**၁၂၁၇ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့။**

မြန်မာမင်း စစ်သူကြီးများက အင်္ဂလိပ်မင်း စစ်သူကြီးများသို့ ပေးစာ။

၂။ ။ သံတော်များကို ကောင်းမွန်စွာ ပြုစုလက်ခံကြောင်း၊ သံတော်များကို လမ်းခရီးတွင် အနှောင့်အယှက် မရှိစေရ၊ အရာရှိ ခန့်ထား၍ မလွန်မြို့ရောက် လိုက်ပို့စေသည့်အကြောင်း။

**၁၂၁၇ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့။**

မြန်မာမင်းက အင်္ဂလိပ်မင်းသို့ ပေးသည့် ရာဇသံစာ။

၃။ ။ သံတော်အရာရှိ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ လာရောက်ရှိ၍ ကောင်းမွန်စွာ လက်ခံပြုစုသည့် အကြောင်းအရာ၊ ၎င်းတွင် ရာဇသံ ပေးအပ်၍ ကောင်းမွန်စွာ လိုက်ပို့ပြန်လာစေသည့် အကြောင်းအရာ။

၄။ ။ အင်္ဂလိပ်သံတို့ လာရောက် ဝင်ထွက် ဆက်သ ပြန်သွားသည့် စာတမ်း။

**၁၂၁၇ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့[၄]။**

၅။ ။ ကျန်းမာစွာ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်းနှင့် အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

**၁၂၁၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။**

မကွေးမြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၆။ ။ ကျန်းမာစွာရှိကြောင်း၊ နောက်ကိုလည်း မိတ်လက္ခဏာနှင့်အညီ စာပေးမည့်အကြောင်း။

---

၁။ ၁၆ ဩဂုတ် ၁၈၅၅ ၂။ ၂၁ ဩဂုတ် ၁၈၅၅ ၃။ ၁၇ အောက်တိုဘာ ၁၈၅၅ ၄။ ၁၅ နိုဝင်ဘာ ၁၈၅၅

## ၄၀ မှတ် ပုရပိုက်ထွက်။

၁၂၁၇ ခု၊ ပြာသိုလဆန်း၊ ၇ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ ဝန်ကြီးမင်း ပေးစာကိုရကြောင်း၊ ကမ္ဘာပုံကို ရေးသားပြီးစီးကာလ ပို့မည့်အကြောင်း။ အင်္ဂလိပ်မင်း၊ ပြင်သစ်မင်းတို့က ရုရှားပြည် စဖတ်စပိုမြို့များ သိမ်းယူကြောင်း ကြော်ငြာစာကိုလည်း ပေးပို့လိုက်ကြောင်း။ (က) အင်္ဂလိပ်မင်းက ရုရှားနိုင်ငံ စဖတ်စပိုမြို့ကို သိမ်းယူကြောင်း ကြော်ငြာစာ။

၁၂၁၇ ခု၊ ပြာသိုလဆန်း၊ ၁၁ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အရေးပိုင်ကြီး ပေးပို့သည့် ရုရှားနိုင်ငံ စဖတ်စပိုမြို့များ သိမ်းယူရရှိကြောင်း ကြော်ငြာစာကို ရရှိကြားသိရ၍ ဝမ်းမြောက်ကြောင်း။

၁၂၁၇ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၂]။

၃။ ။ ရုရှားဗိုလ်ခြေကို အောင်မြင်ကြောင်းနှင့် အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံ။

၁၂၁၇ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၂]။

မကွေးမြို့စား ဝန်ကြီးသို့ အင်္ဂလိပ်ဝန်ကြီးက ပေးစာ။

၄။ ။ အင်္ဂလိပ်မင်းက ပေးသည့် ၃ မှတ်ပါ ရာဇသံကို ပို့လိုက်သည့် အကြောင်းရာ။

၁၂၁၇ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့။

မကွေးမြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၅။ ။ ပေးပို့သော ရာဇသံကို ရရှိသံတော်ဦးတင်ကြောင်း၊ ရာဇသံပါ အကြောင်းအရာများကို ကြားသိရ၍ ဝမ်းမြောက်ကြောင်း။

---

## ၄၁ မှတ် ပုရပိုက်ထွက်။

၁၂၁၈ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့[၃]။

၁။ ။ ရုရှားဗိုလ်ခြေတို့ကို အင်္ဂလိပ်မင်း၊ ပြင်သစ်မင်းတို့က အောင်မြင်ရှိသည်ကို ဝမ်းမြောက်ကြောင်းနှင့် အင်္ဂလိပ်မင်းသို့ တုံ့ပြန်သည့် ရာဇသံ။

၂။ ။ ၁ မှတ်ပါ ရာဇသံစာကို ပို့ရောက်စေကြောင်းနှင့် မြန်မာမင်း စစ်သူကြီးများက အင်္ဂလိပ်မင်း စစ်သူကြီးများသို့ ပေးစာ။

၃။ ။ ၂ မှတ်ပါ ပေးစာပါ အကြောင်းအရာအတိုင်း ကျောက်မော်မြို့စားဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

---

## ၄၂ မှတ် ပုရပိုက်ထွက်။

၁၂၁၈ ခု၊ ကဆုန်လဆန်း၊ ၁၀ ရက်နေ့[၄]။

ပုပ္ပားဝန်ထောက်က သံတော်ဦးတင်စာ။

၁။ ။ အင်္ဂလိပ်ဗိုလ်တို့ ရွှေဘွားတော်အောက် ဆန်တက်လာပါစေသည့် အကြောင်း၊ နောင် အင်္ဂလိပ်ဗိုလ်တို့ ဆန်တက်ရန်နှင့် စပ်၍ အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်လိုသည့်အကြောင်း။

၁၂၁၈ ခု၊ ကဆုန်လဆန်း၊ ၁၀ ရက်နေ့[၄]။

ပုပ္ပားဝန်ထောက်က သံတော်ဦးတင်စာ။

၂။ ။ မြေထဲမြို့၊ သရက်မြို့၊ ပြည်မြို့များက အကြောင်းအရာများကို ကုန်သည် ထွန်းဦးကို မေးမြန်း၍ ရင်းထွက်ဆိုချက်များကို ဆက်သကြောင်း။

---

၁။ ၁၃ ဇန်နဝါရီ ၁၈၅၆  ၂။ ၂၇ ဇန်နဝါရီ ၁၈၅၆  ၃။ ၂၃ ဧပြီ ၁၈၅၆  ၄။ ၁၃ မေ ၁၈၅၆

၁၂၁၈ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့ [၁]။

ကုန်သည်ငထွန်းဦး မေးချက်။

(က) မှာထားတော်မူသော သဘော်တော်ကို သွားရောက်ဆက်သပြီးမှ မသင့်သောစကားကို တင်လျှောက်၍ မသင့်သော အကြံအစည်ကို ကြံမည်၊ ဘုရင်ခံထံက စာရောက်ကြောင်းကို သရက်မြို့တွင် စစ်ဗိုလ်တို့ စားပွဲထိုင်ရာ ပြောဆိုကြားသိရကြောင်း။ ပေါင်းတည်မြို့တွင်တိုက်သော ဓားပြများသည် မြန်မာဘုရင်က စေခိုင်းသူများ ဖြစ်သည်။ ၎င်းအမှုကို ဆန်တက်ပြောဆိုမှ သင့်မည်ဟု ရန်ကုန်မင်းကြီး သရက်မြို့သို့ ရောက်ရာ ပြောဆိုကြားသိရကြောင်း။

၁၂၁၈ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့ [၂]။

ပုပ္ပားဝန်ထောက်က သံတော်ဦးတင်စာ။

၃။ ။ စလင်္ဂသူတိုက် ကျေးရွာကခံ၍ ကုလားများ တိုက်ခိုက်သည်ဆိုသူ ငပိုက်၊ ငရွှေသားတို့နှင့် အပေါင်းပါလူတို့ကို အထင်အရှား မနေစေသင့်သူများ ဖြစ်သည့်အတိုင်း ရွှေဘွားတော်အောက်သို့ ပို့ဆက်သည့်အကြောင်း။

၁၂၁၈ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့ [၂]။

အမိန့်တော် မှတ်သားချက်။

၄။ ။ အောက်မြို့ကျေးရွာများက ဓားပြများ ဝင်ရောက်လာလျှင် မဟာမိတ်နှင့်အညီ ဖမ်းဆီး၍ ရွှေဘွားတော်အောက် ပို့စေရမည့် အကြောင်းအရာ၊ အင်္ဂလိပ်ဗိုလ်များ အလျောက်ဘာသာ နိုင်ငံတော်အတွင်း အဝင်အရောက် မရှိစေရန် အင်္ဂလိပ်ဝန်ကြီး ဖယ်ရာထံ စာပေးစေရမည့် အကြောင်းအရာ။

၅။ ။ ၄ မှတ်ပါ အမိန့်တော် မှတ်သားချက်အရ လွှတ်တော်က ပုပ္ပားဝန်ထောက်သို့ ပေးမှာစာ။

၁၂၁၈ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

ပုပ္ပားဝန်ထောက်သို့ပေး မှတ်သားချက်။

(က) ဓားပြလူဆိုးများနှင့်စပ်၍ မှာစာတွင် မည်သို့ပင်ပါသော်လည်း ထင်ထင်ရှားရှား ဖြစ်လျှင်သာ ဖမ်းဆီးရမည့်အကြောင်း၊ အင်္ဂလိပ်များ အသွားအလာမှာ သင့်တင့်အောင် ကြည့်ရှုပြုလုပ်ရမည့် အကြောင်း။

၁၂၁၈ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ [၃]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပုပ္ပားဝန်ထောက်သို့ ပေးစာ။

၆။ ။ ပုဂံ ရွှေစည်းခုံတွင် ရွှေပေလွှာကျသည် ဆိုသောစကား မှန် မမှန်။ အာနန္ဒာ၊ ဂေါတောပလ္လင် စေတီတော်များ ပြင်ဆင်၍ ပြီး မပြီးများကို သိလိုကြောင်း။ ဝန်ထောက်မင်းက ကျန်းမာကြောင်း ပေးစာကိုရ၍ ဝမ်းမြောက်ကြောင်း။ ပြာသိုလ ပဲခူးမြို့၊ သရက်မြို့များသို့ ဆန်တက်မည့်အကြောင်း။

၁၂၁၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

ပုပ္ပားဝန်ထောက်က အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၇။ ။ ပုဂံ ရွှေစည်းခုံဘုရားမှာ ရွှေပေလွှာ ကျသည် ဆိုသောစကား အခြေအမြစ် မရှိကြောင်း၊ ဘုရားပုထိုးစေတီတော်များကို ပြင်ဆင်ပြီးပြေရှိကြောင်း။

၁၂၁၈ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့ [၄]။

အင်္ဂလိပ်ဝန်ကြီးက ပုပ္ပားဝန်ထောက်သို့ ပေးစာ။

၈။ ။ မန်းစက်တော်ရာသို့ သွားလိုကြောင်းကို သံတော်ဦး တင်ရမည်၊ မတင်ရမည် သိလိုကြောင်း။

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့။

ပုပ္ပားဝန်ထောက်က သံတော်ဦးတင်စာ။

၉။ ။ အင်္ဂလိပ်ဝန်ကြီးက မန်းစက်တော်ရာသို့ သွားရန် ပေးပို့စာကို ဆက်သသည့် အကြောင်းအရာ။

---

၁။ ၃ မေ ၁၈၅၆ ၂။ ၁၇ ဇေ ၁၈၅၆ ၃။ ၂၉ အောက်တိုဘာ ၁၈၅၆ ၄။ ၂၇ ဒီဇင်ဘာ ၁၈၅၆

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့[၁]။

အမိန့်တော် မှတ်သားချက်။

၁၀။ ။ မန်းစက်တော်ရာသို့ လိုက်ရန်ကို အင်္ဂလိပ်ဝန်ကြီးက သံတော်ဦးတင်မှ သင့်မည့်အကြောင်းနှင့် ပုပ္ပားဝန်ထောက်က စာပြန်ပေးစေရမည့် အကြောင်းအရာ။

၁၂၂၀၊ နတ်တော်လဆန်း၊ ၅ ရက်နေ့[၂]။

ကျောက်မော်မြို့စား ဝန်ကြီးက အရေးပိုင်ကြီးသို့ ပြန်ပေးစာ။

၁၁။ ။ အရေးပိုင်ကြီး ပို့လိုက်သော အင်္ဂလိပ်မင်း ကြော်ငြာစာကို ရရှိ၊ ၎င်းကြော်ငြာစာပါ အကြောင်းကို ကြားသိ၍ ဝမ်းမြောက်ရှိကြသည့် အကြောင်းအရာ။ (၄၉ မှတ် ပုရပိုက်ထွက် ပေးစာအရ။)

၁၂၂၀၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီးက ကျောက်မော်မြို့စားဝန်ကြီးသို့ ပေးစာ။

၁၂။ ။ သီဟိုဠ်ကျွန်း ခန္တီမြို့ရှိ စွယ်တော်ဓာတ်ကို ပုံစံထုလုပ်ရန် သွားသူတို့က ပေးပို့သောစာကို ပေးပို့လိုက်သည့် အကြောင်း။

---

## ၄၃ မှတ် ပုရပိုက်ထွက်။

၁၂၁၈ ခု၊ ကဆုန်လဆန်း၊ ၁၄ ရက်နေ့[၃]။

အမိန့်တော် မှတ်သားချက်။

၁။ ။ အောက်မြို့ကျေးရွာ စီရင်စုနယ်မြေတွင်းသို့ ဓားပြလူဆိုးတို့ လာရောက်ရှိနေလျှင် ဆင့်ဆိုရန်အမှု အကြောင်းအရာ၊ အင်္ဂလိပ်ဝန်ကြီးစာနှင့် အသိအထင် မဟုတ်လျှင် အင်္ဂလိပ်တို့ အလျောက်ဘာသာ ရွှေဘွားတော်အောက်သို့ ဆန်တက်မရှိစေရမည့် အကြောင်းအရာ။

၁၂၁၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

လွှတ်တော်က ပုပ္ပားဝန်ထောက်သို့ ကြားစာ။

၂။ ။ အောက်မြို့ကျေးရွာများတွင် ဓားပြတို့ ဝင်ရောက်လာလျှင် ထောက်လှမ်းသင့်သမျှ ထောက်လှမ်း၍ အကြောင်းအရာကို ရွှေဘွားတော်အောက်သို့ တင်လျှောက်ရမည့် အကြောင်းအရာ။

၁၂၁၈ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

ပုပ္ပားဝန်ထောက်သို့ ပေးလိုက်သည့် မှတ်ချက်အတွင်းစကား။

၃။ ။ အောက်မြို့ကျေးရွာက ခိုဝင်လာသူ ဓားပြများကို ရှောင်လွှဲနေစေရမည့် အကြောင်းအရာ၊ တပ်ရာ သေချာ ပြောဆိုလာလျှင်သာ ရမိအောင် ဖမ်းဆီးရမည့် အကြောင်းအရာ။

---

## ၄၄ မှတ် ပုရပိုက်ထွက်။

၁၂၁၈ ခု၊ ပြာသိုလဆန်း၊ ၁၅ ရက်နေ့[၄]။

၁။ ။ တောင်ငူမြို့တွင် အင်္ဂလိပ်တို့ နေထိုင်ပုံ၊ ကရင်နီတို့နှင့် အင်္ဂလိပ်တို့ ဆက်ဆံပုံများကို တောင်ငူမြို့သို့ အထောက်အလှမ်း စေလွှတ်သူ နေမျိုးရဲလှသီရိ၊ ငရွှေစတို့ မေးချက်နှင့်တကွ ရမည်းသင်းမြို့ဝန်က လွှတ်တော်သို့ တင်လျှောက်စာ။

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

၂။ ။ ကရင်နီနယ်မြေ အကြောင်းအရာများနှင့် စပ်၍ အမိန့်တော်ခံ မှတ်သားချက်။ (အကျယ်)

---

၁။ ၁၂ ဇန်နဝါရီ ၁၈၅၇ ၂။ ၁၀ ဒီဇင်ဘာ ၁၈၅၈ ၃။ ၁၇ မေ ၁၈၅၆ ၄။ ၉ ဇန်နဝါရီ ၁၈၅၇

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့[1]။

မိုးဗြဲတပ်ချုပ်သို့ လွှတ်တော်က ပေးမှာစာ။

၃။ ။ မိုးဗြဲစော်ဘွားညီ ခွန်ဘန်ကို ရွှေဘွားတော်အောက် ခေါ်မည့်အကြောင်း၊ ၎င်းကို ခေါ်လျှင် ၎င်းမြို့တွင် အုပ်ထိန်းနိုင်မည့်သူကို ရွေးချယ်လျှောက်ထားရမည့်အကြောင်း။

မိုးဗြဲတပ်ချုပ်ထံ ပေးပို့သည့် မှတ်သားချက်။

၄။ ။ အင်္ဂလိပ်တို့ ကျောက်တိုင်စိုက်မှတ်ပုံ အကြောင်းအရာ။ ကရင်အကြီးအကဲတို့နှင့် အင်္ဂလိပ်တို့ သဘောကွဲပြားလျှင် ကရင်အကြီးတို့နှင့် ယုတ်လွန်မရှိ ပြောဆို၍ ၎င်းတို့ပြန်ပြောပုံ အရပ်ရပ်ကို လျှောက်ထားရမည့်အကြောင်း။ ဆင်ခြင်လျှောက်ထားသာအောင် ရမည်းသင်းမြို့ဝန် တင်လျှောက်သည့် တောင်ငူမြို့ အကြောင်းအရာ ထောက်လှမ်းချက်ကို ပို့လိုက်သည့်အကြောင်း။

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[2]။

မိုးဗြဲတပ်ချုပ်က သံတော်ဦးတင်စာ။

၅။ ။ ကရင်များနှင့် အင်္ဂလိပ်တို့ ဆက်ဆံပုံ အကြောင်းအရာ အရပ်ရပ်ကို အနောက်ကရင်တို့ ကုလားတို့ထံ ခံယူသည့် လက်မှတ်စာ၊ တောင်ငူမြို့ အရေးပိုင်က ကရင်အကြီးတို့ထံ ဒအိုကိုစေလွှတ်၍ မိတ်ဖြစ်ဆွေဖြစ် ပေးစာ၊ ငွေတောင်ကြော့က အစီရင်ခံစာများနှင့်တကွ ပို့ဆက်သည့်အကြောင်း။

ငွေတောင်ကြော့ထံ တောင်ငူအရေးပိုင်က ပေးစာ။

(က) မင်းချင်း မဟာမိတ်ဖြစ်သည့်အတိုင်း မိတ်သဟာရ ဖြစ်လိုသည့် အကြောင်းအရာ။ အရှေ့ဘက်၊ အနောက်ဘက် ကရင်တို့ကို သင့်တင့်အောင် ပြောဆိုလိုသည့် အကြောင်းအရာ။

၁၂၁၈ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[2]။

၆။ ။ ကရင်တို့ အကြောင်းအရာကို တောင်ငူအရေးပိုင်က ကရင်တို့ ကျေးရွာသို့ လာရောက်ချုပ်လုပ်သည့် စာချုပ်စက္ကူစာ၊ ကြော့တို့ အစီရင်ခံစာ၊ ကရင်တို့ အကြောင်းအရာ ထောက်လှမ်းစေသူတို့ ထွက်ချက်များနှင့်တကွ ရှမ်းပြည် မြေလတ်ဝန်က ဆက်သတင်လျှောက်သည့် အကြောင်း။

(က) ကရင်တို့ အကြောင်းအရာ အရပ်ရပ်ကို မြေလတ်ဝန်က ထောက်လှမ်းစေသူ ငထွန်း၊ ငပန်းတို့ မေးချက်။

၇။ ။ ကရင်တို့နှင့် အင်္ဂလိပ်တို့ ဆက်ဆံပြုမူပုံကို ကရင်တို့ တင်ပြသည့် စာချုပ်စာတမ်းနှင့်တကွ ခန့်မိုင်းရဲလှ ရဲခေါင်ကျော်က မိုးဗြဲတပ်ရုံးသို့ တင်လျှောက်သည့်အကြောင်း။

(က) ကရင်တို့ရှိရာ တောင်ငူအရေးပိုင် လာရောက် စကားချုပ်တည်း ဆုံးမပြောဆိုရာ အချို့ ကရင်တို့ လိုက်နာ သဘောကြိုက်ညီချက် စာချုပ်စာတမ်းလက်ခံ။

(ခ) ၁၂၁၈ ခု ပြာသိုလပြည့်ကျော် ၂ ရက်နေ့၊ ကရင်တို့ အကြံအစည် အကြောင်းအရပ်ရပ်ကို တပ်ရာ သိရန် ထောက်လှမ်းစေသူ ငထွန်း၊ ငဆိုးတို့ မေးချက်။

၁၂၁၈ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[3]။

အင်္ဂလိပ်ဝန်ကြီးက မကွေးမြို့စား ဝန်ကြီးသို့ ပေးစာ။

၈။ ။ မြေထဲမြို့မြောက် ကျောက်တိုင်က အဖြောင့် သံလွင်မြစ်ထိ တောင်ဘက်ကျသော အငြိမ်အဝပ်ရှိပြီး မြို့ရွာများနှင့် ကရင်အကြီး စော်ဘွားများကို ခြောက်လှန့်မရှိ ချမ်းသာစွာ နေစေမည့်အကြောင်း။(ပြန်စာမပေး။)

---

၁။ ၁၄ ဇန်နဝါရီ ၁၈၅၇ ၂။ ၂၀ ဇန်နဝါရီ ၁၈၅၇ ၃။ ၁၈ ဩဂုတ် ၁၈၅၆

## ၄၅ မှတ် ပုရပိုက်ထွက်။

၁၂၁၉ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[1]။

အင်္ဂလိပ်ဝန်ကြီးက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်နယ်စပ်ရှိ မင်းတုန်း၊ မင်းတပ် မြို့နယ်များကို ငနေဝင်း၊ ငလွတ်၊ ငပြားတို့ တိုက်ခိုက်ကြောင်း။ နောင် သည်ကဲ့သို့ ဓားပြများ မတိုက်ရအောင် စစ်ကြောမေးမြန်း ဆင့်ဆိုမည့်အကြောင်း။

၁၂၂၀၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[2]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပြန်ပေးစာ။

၂။ ။ မင်းတုန်း၊ မင်းတပ် မြို့နယ်များတွင် တိုက်ခိုက်ဆိုသည့် ဓားပြများကို နောင် မတိုက်မခိုက်ရအောင် ဆင့်ဆိုမည့် အကြောင်းအရာ။

၁၂၂၀၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[2]။

မလွန်မြို့ဝန် စာရေးကြီးသို့ ဆင့်စာ။

၃။ ။ မင်းတုန်း၊ မင်းတပ် မြို့နယ်ကျေးရွာများကို ဓားပြ တိုက်ခိုက်မရှိ၊ အငြိမ်အဝပ်ရှိအောင် ဆင့်ဆိုအုပ်ထိန်းရမည့် အကြောင်းအရာ။

---

## ၄၆ မှတ် ပုရပိုက်ထွက်။

၁၂၂၀၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[3]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ ကျောက်တိုင် တောင်ဘက်တွင် တိုက်ခိုက်သည့် ဓားပြ ငနွန်း၊ ငလွတ်၊ ငပြားတို့ကို ယခုတိုင် မမိရင်ကြောင်း။ ၎င်းတို့နှင့် အပေါင်းပါ လူတို့လည်း ယခုတိုင် တိုက်ခိုက်လျက်ရှိသည် ကြားသိရကြောင်း။ ၎င်းတို့ကို နိုင်နင်းအောင် ဆင့်ဆိုမည့်အကြောင်း။ (စာမပြန်)

၁၂၂၀၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၆ မြို့ဝန် စာရေးကြီးသို့ လွှတ်တော်က ပေးစာ။

၂။ ။ ကျောက်တိုင် တောင်ဘက်တွင် တိုက်ခိုက်သည့် ဓားပြတို့ကို ထောက်လှမ်းဖမ်းဆီး၍ အကြောင်းအရာကိုလည်း လျှောက်ထားရမည့်အကြောင်း။

၁၂၂၀၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

လွှတ်တော်က ၆ မြို့ဝန်သို့ ပေးစာ။

၃။ ။ အခွန်ဝန်က ပို့ရောက်သည့် ဒူးရင်းတော်များကို စခန်းစဉ်အတိုင်း နေ့ရက်မကြာ အမြန်ပို့ဆက်ရမည့် အကြောင်း။

၁၂၂၀၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၄။ ။ အခွန်ဝန် မင်းကျော်ရာဇာကို ဘီလူးကျွန်းသို့ ဒူးရင်းသီးယူ စေလွှတ်ကြောင်း၊ ဒူးရင်းသီးများ နေ့ရက်မကြာ ရောက်အောင် သင့်ရာသဘော်နှင့် တင်ဆောင်ပို့ပါမည့်အကြောင်း။

၁၂၂၀၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့[4]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၅။ ။ ဥယျာဉ်တော်တွင် စိုက်ပျိုးရန် အလိုတော်မြတ်ရှိသည့် နံ့သာဖြူပင်၊ နံ့သာနီပင်၊ ဇာတိပ္ဖိုလ်ပင်၊ လေးညှင်းပင်များကို မိတ်သဟာယ ဖြစ်သည့်အတိုင်း ရှာကြံပေးပို့ပါမည့်အကြောင်း။

---

၁။ ၃၀ မတ် ၁၈၅၈ ၂။ ၂၉ ဧပြီ ၁၈၅၈ ၃။ ၇ ဩဂုတ် ၁၈၅၈ ၄။ ၂၄ ဩဂုတ် ၁၈၅၈

၁၂၂၀၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၆။ ။ နယ်ခြားတွင် တိုက်ခိုက်သည့် ဓားပြမှု အကြောင်းအရာကို စာပေးရာ ပြန်စာမရကြောင်း၊ မည်သို့ ဆင့်ဆို မြစ်တားသည်ကို သိလိုကြောင်း။

၄၇ မှတ်ပုရပိုက်ထွက်မှာ ဓားပြ ငနန်း၊ ငလွှတ်၊ ငပြားတို့ကို ထောက်လှမ်းမေးမြန်းရာ မတွေ့မရှိ၍ မစီရင်ရကြောင်း၊ တွေ့မိဖမ်းဆီးရရှိကာလ စီရင်မည့်အကြောင်းနှင့် ၁၂၂၀၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့၊ ကျောက်မော်မြို့စားဝန်ကြီးက အင်္ဂလိပ်အရေးပိုင် ဖယ်ရာသို့ ပေးစာသက်သက်ရှိ။

၄၈ မှတ်ပုရပိုက်ထွက်မှာ အင်္ဂလိပ်ဘုရင်မ ကြော်ငြာစာအတိုင်း နိုင်ငံမှု စကားပြောဆိုရန်သင့်ကြောင်း၊ အမှုတော်ကို ထမ်းရွက်လိုကြောင်းများကို အင်္ဂလိပ်မင်း ကြော်ငြာချက် ၂၃ နှင့်တကွ သဘော်သူကြီး ခါသာတွတ်က ၁၂၂၀၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ တင်လျှောက်စာ သက်သက်ရှိ။

၄၉ မှတ်ပုရပိုက်ထွက်မှာ အရေးပိုင်ကြီး ဖယ်ရာက ကျောက်မော်မြို့စားဝန်ကြီးထံ အင်္ဂလိပ်မင်းက ကြော်ငြာစေသည့် ကြော်ငြာစာကို ၁၂၂၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ ပို့လိုက်ကြောင်း ပေးစာနှင့် ၎င်းကြော်ငြာစာ သက်သက်ရှိ။

---

## ၅၀ မှတ် ပုရပိုက်ထွက်။

၁၂၂၀၊ တပို့တွဲလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်မင်းပိုင် နယ်မြေမြို့ရွာအတွင်း တိုက်ခိုက်သည့် ဓားပြတို့ အမည်၊ နေရပ်များကို ပေးပို့သည့် အကြောင်း။

(က) ဓားပြတို့ အမည်နေရပ် စာရင်းကျယ်။

၁၂၂၀၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့[၃]။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီးက ပေးပို့သော ဓားပြတို့ အမည်နေရပ် စာရင်းအတိုင်း ထောက်လှမ်းစုံစမ်းရန်။ ၎င်း စာရင်းကို ဆိုင်ရာ မြို့ဝန်၊ စစ်ကဲ၊ မြို့ရွာအစီရင် သူကြီးတို့သို့ ပေးအပ်ဆင့်ဆိုရှိကြောင်း။

၁၂၂၀၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့[၃]။

၃။ ။ စီရင်စုနယ်အတွင်း ဓားပြများကို ထောက်လှမ်း၍ အကြောင်းအရာကို လျှောက်တင်ရမည့် အကြောင်းနှင့် လွှတ်တော်က ရေနံချောင်းအတွင်းဝန်၊ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်၊ စစ်ကဲတို့သို့ ဓားပြ လူ စာရင်းနှင့်တကွ ပေးမှာစာ။

(က) မှာစာနှင့်အတူ ပေးအပ်လိုက်သည့် ဓားပြတို့ အမည်နေရပ် စာရင်းကျယ်။

၁၂၂၀၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့[၄]။

ရေနံချောင်း အတွင်းဝန်က တင်လျှောက်စာ။

၄။ ။ ဓားပြလူ ၁၀၀ ကျော် ဖမ်းဆီးရမိကြောင်း၊ ၎င်းအနက် စာရင်းပါ လူ ၁၇ သာ ပါကြောင်း၊ မြို့ကျေးရွာ သာယာငြိမ်ဝပ်ကြောင်း။

---

၁။ ၁၆ နိုဝင်ဘာ ၁၈၅၈ ၂။ ၁၁ ဖေဖော်ဝါရီ ၁၈၅၉ ၃။ ၂၀ ဖေဖော်ဝါရီ ၁၈၅၉ ၄။ ၂၂ ဖေဖော်ဝါရီ ၁၈၅၉

### ၅၁ မှတ် ပုရပိုက်ထွက်။

၁၂၂၀၊ တပေါင်းလဆန်း ၁၃ ရက်နေ့[၁]။

ရေနံချောင်း အတွင်းဝန်သို့ လွှတ်တော်က ဆင့်စာ။

၁။ ။ ဖမ်းဆီးရမိသည့် ဓားပြ ၁၀၀ ကျော်အနက် စာရင်းပါ လူ ၁၇ တို့ကို မထွက် မလွှတ်စေရ၊ အကျဉ်းချထားရမည့် အကြောင်း။

၁၂၂၀၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၂။ ။ တောင်တွင်းကြီးမြို့က ငလင်းဆိုသူ ဗိုလ်ပြုလုပ်၍ နောက်ပါလူ ၃၀၀ ကျော်နှင့် ပြည်မြို့၊ မြေထဲမြို့များတွင် တိုက်ခိုက်ရှိနေသည် ကြားသိရသည့် အကြောင်းအရာ။

၁၂၂၀၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

၃။ ။ လွှတ်တော်က ပေးအပ်သည့် ဓားပြစာရင်းပါ လူတို့အနက် တွေ့ရှိသူအချို့တို့ထွက်ချက်။ ကျေးရွာသူကြီး၊ သွေးသောက်ကြီးတို့ ထွက်ချက်များနှင့်တကွ ဓားပြတိုက်ခိုက်မှု အကြောင်းအရာကို တောင်တွင်းကြီးမြို့ဗိုလ် သေနတ်စာရေးတို့က လွှတ်တော်သို့ လျှောက်စာ။

၁၂၂၀၊ တပေါင်းလဆန်း ၉ ရက်နေ့။

(က) တောင်တွင်းကြီးမြို့နေ လူတို့ကို ဓားပြတိုက်မှု အကြောင်းအရာမေးရာ စာရင်းပါလူတို့ ကျေးရွာတွင် မရှိ မနေကြောင်း ထွက်ချက် ၃။

၁၂၂၀၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

ရေနံချောင်း အတွင်းဝန်သို့ လွှတ်တော်က ဆင့်စာ။

၄။ ။ ငခေါင်ကလေး၊ ငစိုးကြီးတို့ ရေနံချောင်းအတွင်းဝန်ထံ ရှိနေလျှင် အကျဉ်းချထားရမည့် အကြောင်းအရာ။ ဖမ်းဆီးရမိသူတို့ကိုလည်း အမှန်အကန် စစ်ဆေးပြီးလျှင် မေးချက်၊ ထွက်ချက်များနှင့်တကွ တင်ပို့လျှောက်ထားရမည့် အကြောင်းအရာ။

---

### ၅၂ မှတ် ပုရပိုက်ထွက်။

၁၂၂၁ ခု၊ ရေနံချောင်းမြို့စားသို့ ဆင့်စာ။

အတွင်း ရေနံချောင်းမြို့စားသို့ ဆင့်စာ။

၁။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ ရွှေစက်တော်အောက် ဆန်တက်လာရာ အကြိုအယူ စေလွှတ်သည့် သဘော်တော်၊ သမ္ဗန်တော်၊ လှေတော် အမှုထမ်းများကို စားရေရိက္ခာ ပေးကမ်းရမည့် အကြောင်းအရာ။

(က) အင်္ဂလိပ်ဝန်ကြီး ဖယ်ရာကို အကြိုစေလွှတ်သည့် အရာရှိနှင့် အမှုထမ်း လူစာရင်း။

၁၂၂၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

(ခ) အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ဆက်သသည့် လက်ဆောင်တော်စာရင်းနှင့် အင်္ဂလိပ်ဝန်ကြီးသို့ သနားတော်မူသည့် ဆုတော်စာရင်း။

၁၂၂၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[၄]။

၂။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ၊ ဝန်ထောက်ဖြောင်း၊ ဝန်ကြီး တူကင်းစမ်၊ အကောက်ဝန် ဧတွယ်တို့ ရှေ့တော်သို့ ဝင်ရောက်ရာ မေးတော်မူချက်။ ဖယ်ရာက တင်လျှောက်ချက် အမှတ်အသား ၂၁။

၁၂၂၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့ စုံညီမိန့်ချက်။

၃။ ။ အင်္ဂလိပ်ဝန်ကြီး ပြန်သွားရာ လိုက်ပို့စေရန် အကြောင်းအရာ၊ လိုက်ပို့သည့် အမှုထမ်းတို့ကို မလွန်မြို့အကောက်အခွန်ငွေက စရိတ်ပေးကမ်းစေရမည့် အကြောင်းအရာ။

---

၁။ ၁၆ မတ် ၁၈၅၉ ၂။ ၂၁ မတ် ၁၈၅၉ ၃။ ၂၂ နိုဝင်ဘာ ၁၈၅၉ ၄။ ၇ နိုဝင်ဘာ ၁၈၅၉

၁၂၂၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

ရေနံချောင်း အတွင်းဝန်သို့ လွှတ်တော်က ဆင့်စာ။

၄။ ။ ၃ မှတ်ပါ စုံညီမိန့်ချက်အရ အင်္ဂလိပ်အရေးပိုင်ကို အကြိုအယူသွားသူတို့ကို ပြုစုရမည့် အကြောင်းအရာ။

(၅၃ မှတ်ပုရပိုက်ထွက်မှာ ရန္တပိုစာချုပ်အတိုင်း သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့် အဖွန့်ရှည်စွာ ရာဇမဟာမိတ် ဖြစ်လိုသည့်အကြောင်းနှင့် ၁၂၂၁ ခု တပို့တွဲလပြည့်ကျော် ၇ ရက်နေ့၊ မြန်မာမင်း စစ်သူကြီးများက အင်္ဂလိပ်မင်း စစ်သူကြီးများသို့ ပေးစာသက်သက်ရှိ။)

---

## ၅၄ မှတ် ပုရပိုက်ထွက်။

၁၂၂၁ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီးက ကျောက်မော်မြို့စား ဝန်ကြီးသို့ ပေးစာ။

၁။ ။ နေပြည်တော်က စုန်ခဲ့ရာ သရက်မြို့သို့ ကောင်းမွန်စွာရောက်ကြောင်း၊ သီဟိုဠ်ခင်ကြီးသို့ ပေးရန်စာကို မည်သည့်ခင်ကြီးသို့ ပေးရမည့်လိပ်စာ ပျောက်ဆုံး၍ မပေးရသေးရှိကြောင်း။

၁၂၂၁ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

ကျောက်မော်မြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ ကျန်းမာကြောင်း ကြားသိရ၍ ဝမ်းမြောက်ကြောင်း၊ သီဟိုဠ်ကျွန်းသို့ ပို့ရန်စာမှာ ၎င်းကျွန်း ဝါဠုနဂရမြို့ ပရမာနန္ဒဝိဟာရကျောင်း ဓမ္မာလင်္ကာရသီရိသုမဏတိဿမထေရ်ထံသို့ ပို့မည့်အကြောင်း။

၁၂၂၁ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၃။ ။ မှာတော်မူသည့် သံမီးသင်္ဘောတော် အလျား ၃၀၊ အနံ ၈ ကို အရပ်ရပ်ငွေ ၁၆၅၀၀ ကုန်ကျလျှင် နေပြည်တော်သို့ အရောက်ရမည့် အကြောင်းအရာ။ ရေဆန် တစ်နာရီ ၈ တိုင်သွား သံသင်္ဘော ၄ ကို မလုပ်နိုင်သည့် အကြောင်းအရာ။

၁၂၂၁ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၄။ ။ ဝယ်ယူတော်မူသည့် သံမီးသင်္ဘောတော် ဘိလပ်က ရောက်၍ ရန်ကုန်မြို့တွင် ပြင်ဆင်လုပ်ကိုင်လျက် ရှိကြောင်း၊ ပြီးလျှင် ဆန်တက်စေမည့်အကြောင်း။

၁၂၂၁ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၃]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၅။ ။ ဝယ်ယူတော်မူမည့် သံသင်္ဘောတော်အကြောင်းနှင့် ပေးစာကို ရကြောင်း၊ ၎င်းသင်္ဘောကို ဝယ်ယူလျှင် လ ရက် မည်မျှနှင့် အပြီးအစီး ရွှေဘွားတော်အောက် အရောက်ရနိုင်မည့် အကြောင်းအရာ။

၁၂၂၁ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၄]။

အမိန့်တော် မှတ်သားချက်။

၆။ ။ ကာလာဂရတိနှင့် အတူပါလူတို့ ရမည်းသင်း ကင်းတော်က တားဆီးရာ မနာမယူ သွားသည့် အကြောင်း အရာကို မကွေးမြို့စား မြင်းဝန်ကြီးက အင်္ဂလိပ် အရေးပိုင်ကြီးသို့ စာပေးရမည့်အကြောင်း။

၁၂၂၁ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့။

မကွေးမြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၇။ ။ အင်္ဂလိပ် အမျိုးသားတို့ကို ကင်းတော်များကတားဆီးလျှင် မထွက်မသွားစေရအောင် ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၈ ဇန်နဝါရီ ၁၈၆၀ ၂။ ၁၉ ဖေဖော်ဝါရီ ၁၈၆၀ ၃။ ၂၄ ဖေဖော်ဝါရီ ၁၈၆၀ ၄။ ၉ မတ် ၁၈၆၀

၁၂၂၁ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပြန်ပေးစာ။

၈။ ။ ကင်းတော်က တားဆီးသည်ကို မနာမယူ သွားလာသူ အင်္ဂလိပ် ၂ တို့ အကြောင်းနှင့် ပေးစာကိုရကြောင်း။ ကင်းတော်များက တားလျှင် ဆိုင်းစေရန်၊ နောင် သည်ကဲ့သို့ မသွားစေရန်များကို ဆင့်ဆိုမည့်အကြောင်း။

---

## ၅၅ မှတ် ပုရပိုက်ထွက်။

၁၂၂၂ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[2]။

ရေနံချောင်း အတွင်းဝန်က မင်းတုန်းမြို့ဝန် စစ်ကဲတို့သို့ ဆင့်စာ။

၁။ ။ ကျောက်တိုင် တောင်ဘက်တွင် တိုက်ခိုက်သည့် ဓားပြလူ ၂၀ ကျော်တို့ကို မထွက် မလွတ်ရအောင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း။

(က) ၎င်းဆင့်စာနှင့်အတူ ပေးလိုက်သည့် ဓားပြလူစာရင်း။

၁၂၂၂ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့။

ရေနံချောင်း အတွင်းဝန်ကို ဆင့်ဆိုရန် ပြောဆိုချက်။

၂။ ။ ဓားပြတို့ကို ပေးအပ်ရမည် ဆင့်ဆိုသည့်အရာ မသင့်ကြောင်း၊ ဝန်စုပါ မြို့ကျေးရွာတွင် ရှိနေလျှင်သာ ဖမ်းဆီးပို့အပ်ရမည် ဆင့်ဆိုသင့်သည့် အကြောင်းအရာ။

၁၂၂၂ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့။

၃။ ။ အထက် ၂ မှတ်ပါ ပြောဆိုချက်ပါ အကြောင်းအရာအတိုင်း ရေနံချောင်းမြို့စား အတွင်းဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၂၂၂ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၄။ ။ ဘရင်ဂျီခင်ကြီး ဂိုဏ်းအုပ်ဘိကန်တက်နှင့်အတူ ထည့်အပ်လိုက်သည့် ပညာတော်သင်တို့ကို ဆင့်ဆို ပြန်လာစေမည့်အကြောင်း။

၁၂၂၂ ခု၊ နယုန်လဆန်း ၂ ရက်နေ့[3]။

သဘော်သူကြီး ဘောဂရာဇသူသို့ လွှတ်တော်က ဆင့်စာ။

၅။ ။ ဘောဂရာဇသူက အရေးပိုင်ကြီးတွင် အစီရင်ခံ၍ ပညာတော်သင်များကို ရွှေဘွားတော်အောက် ပြန်လာ စေရမည့် အကြောင်းအရာ။

၁၂၂၂ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၆။ ။ အလိုတော်ရှိသည့် သံမီးသဘော်တော် ရန်ကုန်မြို့သို့ရောက်၍ ပြင်ဆင်လုပ်ကိုင်သည့်အရာ တစ်နှစ်ခွဲ အတွင်း ပြီးစီးမည့် အကြောင်းအရာ။

၁၂၂၂ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[4]။

အမိန့်တော်။

၇။ ။ ဟံသာဝတီမြို့ရှိ သံမီးသဘော်တော်ကြီးကို မြန်နန်းစကြာ အမည်တွင်စေရမည့် အကြောင်းအရာ။

၁၂၂၂ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[4]။

အမိန့်တော်အရ မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၈။ ။ သံသဘော်တော်ကို မြန်နန်းစကြာ အမည်တွင်စေသည့်အကြောင်း၊ ရေသို့ မည်သည့်နေ့ ချမည်ကို စာပြန်ကြားမည့်အကြောင်း။

---

၁။ ၂၃ မတ် ၁၈၆၀ ၂။ ၂၀ ဧပြီ ၁၈၆၀ ၃။ ၂၁ မေ ၁၈၆၀ ၄။ ၁၅ ဇွန် ၁၈၆၀

၁၂၂၂ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့[၁]။

သဘော်သူကြီး ကာစစ်သို့ မကွေးဝန်ကြီးက ပေးစာ။

၉။ ။ သဘော်တော်တွင် စောင့်နေလူ မည်မျှ ငွေရမ်းရမည်ကို အစီရင်ခံရမည့် အကြောင်းအရာ။

၁၂၂၂ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၂]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁၀။ ။ မြနန်းစကြာ မီးသဘော်တော်ကို ရွှေဘွားတော်အောက်ရောက် ဆောင်ယူဆက်သမည် တင်လျှောက်ချက် အတိုင်း ဆောင်ယူဆက်သမည့် အကြောင်းအရာ။

၁၂၂၂ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၂]။

၁၁။ ။ သဘော်တော်ကို ကြီးကြပ် ဆန်တက်လာရမည့် အကြောင်းနှင့် သဘော်သူကြီး မဟာဘောဂရာဇသူသို့ မကွေးဝန်ကြီးက ဆင့်စာ။

၅၆ မှတ်ပုရပိုက်ထွက်မှာ မြန်မာမင်းစစ်သူကြီးများက အင်္ဂလိပ်မင်း စစ်သူကြီးများထံ စပြစ်ရာကို စာပေးပို့စေသည့်အရာ မှန်လျှင် မသင့်ကြောင်း၊ တိုင်းကြီးပြည်ကြီးများ ထုံးစံအတိုင်းသာ ပေးသင့်ကြောင်း၊ သိမ်းယူပြီး နိုင်ငံမြို့ရွာများကို ပြန်ပေးအပ်မြဲထုံးစံ မရှိကြောင်းများနှင့် ၁၂၂၂ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့ အရေးပိုင်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။ (သက်သက်ရှိ)

---

## ၅၇ မှတ် ပုရပိုက်ထွက်။

၁၂၂၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့[၃]။

ပြည်မြို့အရေးပိုင် မယ်ဇယ်ပြောင်းက ကင်းဝန်သို့ ပေးစာ။

၁။ ။ နိုင်ငံတော်မြို့ရွာနေလူတို့ ကျောက်တိုင်တောင်ဘက် ဂါတ်တဲကို တိုက်ခိုက်ရာ လူ ၂ ယောက် သေဆုံးကြောင်း။ နိုင်ငံတော် တပ်တော်သာရွာနေ ဆိုးသွမ်းတိုက်ခိုက်သူ ငမြကလေး၊ ငစံငြိမ်း၊ ငဆိုးပုံတို့ကို ထိုက်သက်ရာ စီရင်မည့် အကြောင်းအရာ။

(က) ၎င်းပေးစာနှင့် အတူပါသည့် ဓားပြလူစာရင်း။

၁၂၂၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့။

ကင်းဝန်က ပြည်မြို့အရေးပိုင် မယ်ဇယ်ပြောင်းသို့ ပြန်ပေးစာ။

၁။ ။ အရေးပိုင် ပေးစာအတိုင်း ဓားပြများကို ထောက်လှမ်းဖမ်းဆီး၍ မှန်လျှင် အပြစ်အလျောက် စီရင်မည့် အကြောင်း။

၁၂၂၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့[၃]။

အမိန့်တော် မှတ်သားချက်။

၃။ ။ ကင်းဝန်က ပြည်မြို့အရေးပိုင်ထံ ဓားပြတိုက်မှုအကြောင်းကို စာပြန်ပေးစေရမည့် အကြောင်းအရာ။

---

## ၅၈ မှတ် ပုရပိုက်ထွက်။

၁၂၂၄ ခု၊ နယုန်လဆန်း ၂ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်တွင် ဓားပြတိုက်ခိုက်ရာ ရာဇဝတ်ဝန်ထောက်တစ်ယောက် သေဆုံးကြောင်း၊ ၎င်းဓားပြတို့ နိုင်ငံတော်နေ ဖြစ်၍ နိုင်နင်းအောင် ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၂၂ ဇွန် ၁၈၆၀ ၂။ ၂၁ ဇူလိုင် ၁၈၆၀ ၃။ ၂၃ အောက်တိုဘာ ၁၈၆၁ ၄။ ၂၉ မေ ၁၈၆၂

၁၂၂၄ ခု၊ နယုန်လဆန်း၊ ၁၄ ရက်နေ့[၁]။

မကွေးဝန်ကြီးက အင်္ဂလိပ်အရေးပိုင်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ လူဆိုးတို့နှင့် တွေ့ဆုံတိုက်ခိုက်၍ ရာဇဝတ်ဝန်ထောက်တစ်ယောက် သေဆုံးသည့် အကြောင်းအရာကို မေးမြန်းပြီး ဖြစ်သော်လည်း ယခု အရေးပိုင်ကြီးက စာပို့ရောက်ပြန်သည့်အတိုင်း ထပ်မံမေးမြန်း၊ သိသာကာလမှ စာပြန်ပေးမည့်အကြောင်း။

၁၂၂၄ ခု၊ ဝါဆိုလဆန်း၊ ၅ ရက်နေ့[၂]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၃။ ။ မြို့ရှင် ရွာရှင်တို့ကို ဆင့်ဆို၍ ဓားပြများကို ဖမ်းဆီးစေရာ လူ ၁၁ ရမိ အကျဉ်းချထားကြောင်း၊ အရိပ်နိမိတ် မကင်းသူတို့ကိုလည်း ထောက်လှမ်းဖမ်းဆီးဆဲရှိကြောင်း။

၁၂၂၄ ခု၊ ဝါဆိုလဆန်း၊ ၁၃ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးကို ပေးစာ။

၄။ ။ နှစ်နိုင်ငံ မသင့်မတင့် ဖြစ်ရသည့်အရာ လူငယ်များက စတင်ဖြစ်ရသည် ဖြစ်၍ ယခု ဖမ်းဆီးရမိသော ဓားပြများကို ပေးအပ်ပါမည့်အကြောင်း။

၁၂၂၄ ခု၊ တော်သလင်းလဆန်း၊ ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၅။ ။ တောင်ငူမြို့နယ်က ဖမ်းဆီးရမိသူ ဓားပြလူ ၁၁ ကို စစ်ဆေးစေမည့်သူ သရက်မြို့ အရေးပိုင်ထံ ပို့အပ်ပါမည့်အကြောင်း၊ စစ်ဆေးရာ အစုံအညီရှိအောင် သင့်ရာ မြန်မာအရာရှိကိုလည်း ဘက်ထည့်ပါမည့် အကြောင်း။

၁၂၂၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်နေ့[၄]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၆။ ။ တောင်ငူမြို့က ဖမ်းဆီးရမိသည့် ဓားပြများကို ရွှေဘွားတော်အောက်ရောက် ပို့ရမည် ဆင့်ဆိုခေါ်ယူဆဲရှိကြောင်း၊ ကျန်ဓားပြတို့ကိုလည်း ထောက်လှမ်းဖမ်းဆီးဆဲ ရှိကြောင်း။

၅၉ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၄ ခု ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၊ စကြာယဉ်မွန် သင်္ဘောတော်ကို အဖိုးငွေ ၁၂၆၅၀၀ နှင့် ဝယ်ယူတော်မူသည့် စာချုပ်။ ၁၂၂၄ ခု ဝါဆိုလဆန်း ၉ ရက်နေ့ ရေနန်းစကြာ သင်္ဘောတော်ကို အဖိုးငွေ ၁၂၆၅၀၀ နှင့် ဝယ်ယူတော်မူသည့်စာချုပ်။ (သက်သက်ရှိ။)

၆၀ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၄ ခု ဝါဆိုလဆန်း ၉ ရက်နေ့ အင်္ဂလိပ်သံတို့ကို ကြိုယူရာ ခရီးစခန်းစဉ် အကြောင်းအရာ၊ ထွက်ဝင်တည်းနေပုံ အကြောင်းအရာများနှင့်စပ်၍ အသုံးစာရေး မင်းလှသီရိကျော်သူ၊ နိုင်ငံတော် တောင်မျက်နှာ အကောက်ဝန် အခွန်ဝန်တို့ကို မေးချက်နှင့် သံလာရောက်ရာ ခန့်ထားစီရင် လုပ်ဆောင်ရန် ရှိသည်များကို ဆင့်ဆိုစီရင်သည့် စာတမ်းစာရင်း။ (သက်သက်ရှိ။)

၆၁ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၄ ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ အရေးပိုင်ကြီးက သာသနာပြု ဆရာတော်ထံ အင်္ဂလိပ်မင်းနှင့် မြန်မာမင်း မဟာမိတ် စာချုပ်ချုပ်ရန် မေတ္တာစာသွင်းပါမည့်အကြောင်း လျှောက်ချက်အရ သာသနာပြု ဆရာတော်က မင်းကြီးများကိုခေါ်၍ တိုင်ပင်ညှိနှိုင်းချက်။ ၁၂၂၄ ခု တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့၊ လွှတ်တော်တွင် အင်္ဂလိပ် မြန်မာ အရေးပိုင်ကြီး ၂ ဦး လက်မှတ်ထိုး မဟာမိတ်စာချုပ်။ (သက်သက်ရှိ။)

၆၂ မှတ်ပုရပိုက်ထွက်မှာ အရေးပိုင်ကြီးက စေလွှတ်သူ ဧတွက်သို့ ပေးအပ်သည့် ၁၂၂၄ ခုနှစ်အတွင်း ကောက်ခံသည့် အကောက်နှုန်း၊ ကုန်မျိုးမည်စာရင်း။ ၁၂၂၄ ခု တပို့တွဲလဆန်း ၇ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီး

---

၁။ ၁၀ ဇွန် ၁၈၆၂ ၂။ ၃၀ ဇူလိုင် ၁၈၆၂ ၃။ ၂၆ ဩဂုတ် ၁၈၆၂ ၄။ ၂၂ စက်တင်ဘာ ၁၈၆၂

ဖယ်ရာက ပေးအပ်သည့် ပင်လယ်ရေကြောင်း မကောက်မခံသည့် ကုန်မျိုးမည်စာရင်း။ မဟာမိတ်စာချုပ်ကို အင်္ဂလိပ်မင်းက သဘောတူကြောင်းနှင့် အရေးပိုင်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။ (သက်သက်ရှိ။)

---

## ၆၃ မှတ် ပုရပိုက်ထွက်။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၁]။**

အမိန့်တော် မှတ်သားချက်။

၁။ ။ တမူး ခန်းပတ်မြို့ဝန်၊ နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးတို့က တင်လျှောက်သည့် လူသတ်မှုစကား။ သောင်သွပ်မြို့သို့ လာသည့် အင်္ဂလိပ်ဗိုလ်တို့ကို တမူး ခန်းပတ်မြို့ဝန်တို့က ထုံးစံနှင့်အညီ တားဆီးမှုစကား။ နတ်ကျွန်းအောင်မြေ ကင်းတပ်သို့ မဏိပူရမြို့စောင့် အင်္ဂလိပ်ဗိုလ်တို့ လာရောက်လိုသည်ဆိုသည့် စကားများကို တမူး ခန်းပတ်မြို့ဝန်တို့ အပေးနှင့် စာပေးရမည့် အကြောင်းအရာ။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။**

၂။ ။ သောင်သွပ်စော်ဘွား၊ တမူး ခန်းပတ်မြို့ဝန်တို့က မဏိပူရမြို့စောင့် အင်္ဂလိပ်ကုလားဗိုလ်ထံ ပေးစာတွင် စာဦးစာခေါင်း ထည့်တပ်ပုံ အကြောင်းအရာ မေးချက်များ။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။**

သောင်သွပ်စော်ဘွားက မဏိပူရမြို့စောင့် အင်္ဂလိပ်ဗိုလ်တို့ထံ ပေးစာ။

၃။ ။ သောင်သွပ်မြို့နေ မျက်စိအလင်းမရသူတစ်ယောက် အင်္ဂလိပ်ဗိုလ်မင်းထံ ဆေးဝါးအစား သွားလိုကြောင်း တိုင်တန်းပြောဆို သွားလာရာ မဏိပူရနယ် ဦးစံပေါက် ကင်းအနီးတွင် လူဆိုးတို့ သတ်ဖြတ်သေဆုံးမှုကို ဗိုလ်မင်းတို့က သင့်အောင်စီရင်၍ မည်သို့စီရင်သည်ကို စာပြန်မည့်အကြောင်း၊ ဗိုလ်မင်းလည်း သောင်သွပ်မြို့သို့ လာရောက်မည်ကို ယုံကြည်မျှော်လင့်သည့် အကြောင်းအရာ။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။**

တမူးခန်းပတ်မြို့ရုံး အရာရှိတို့က မဏိပူရမြို့စောင့် အင်္ဂလိပ်ဗိုလ်ထံ ပေးစာ။

၄။ ။ အင်္ဂလိပ်ဗိုလ်မင်း ကင်းတပ်သို့လာရာ တားဆီးသည်မှာ ထုံးစံအတိုင်း တားဆီးရကြောင်း၊ မိတ်သဟာရအဖြစ် အင်္ဂလိပ်ဗိုလ်မင်း လာရောက်လိုသည်ကို ကောင်းမွန်စွာ လက်ခံမည့်အကြောင်း။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။**

တမူးခန်းပတ်မြို့ဝန်ကို လွှတ်တော်က ဆင့်စာ။

၅။ ။ မဏိပူရ မြို့စောင့်ဗိုလ်တို့ထံ မြို့ဝန်တို့က ပေးရန်စာလက်ခံကို ပေးပို့လိုက်ကြောင်း၊ ၎င်းဗိုလ်တို့ အလည်အပတ် လာရောက်ကာလ မိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံရမည့်အကြောင်း၊ မည်သို့စကားပြောဆိုသည်များကို မှတ်သားလျှောက်ထားရမည့် အကြောင်း။

**၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။**

သောင်သွပ်စော်ဘွား စစ်ကဲတို့ကို လွှတ်တော်က ဆင့်စာ။

၆။ ။ မဏိပူရဗိုလ်တို့ထံ စော်ဘွားကပေးရန် စာလက်ခံကို ပေးပို့လိုက်ကြောင်း၊ ၎င်းဗိုလ်တို့ အလည်အပတ် လာရောက်ကာလ ကောင်းမွန်စွာ လက်ခံရမည့်အကြောင်း၊ မည်သို့ စကားပြောဆိုသည်ကို မှတ်သားလျှောက်ထားရမည့်အကြောင်း။

**၆၄ မှတ်ပုရပိုက်ထွက်**မှာ လူငယ် ၁၀ နှင့် တိတ်တဆိတ်ထွက်သွားသူ သုံးဆယ်မင်းသားကို သိမ်းထား၍ စာပြန်ပေးမည့် အကြောင်းနှင့် ၁၂၂၄ ခု နှောင်းတန်ခူးလဆန်း ၉ ရက်နေ့၊ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်က တောင်ငူ အင်္ဂလိပ် အရာရှိများထံ ပေးစာသက်သက်ရှိ။

---

၁။ ၇ မတ် ၁၈၆၃ ၂။ ၈ မတ် ၁၈၆၃

၆၅ မှတ်ပုရပိုက်ထွက်မှာ တောင်ငူမြို့ ရာဇဝတ်ဝန်ထောက်ကို သတ်သည် သက်ာမကင်း၍ အကျဉ်းထားသူ စားပြများ ဘေးမဲ့ပေးတော်မူသည်ကို သဘောတူကြောင်းနှင့် ၁၂၂၄ ခု တပေါင်းလပြည့်ကျော် ၄ ရက်နေ့၊ တောင်ငူမြို့ အရေးပိုင်က အင်္ဂလိပ် အရေးပိုင်ကြီး ကိုယ်စားလှယ်ထံ ပေးစာနှင့် ကုန်မျိုးမည် စာရင်း သက်သက်ရှိ။

---

## ၆၆ မှတ် ပုရပိုက်ထွက်။

၁၂၂၄ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၁။ ။ အကောက်အခွန်နှုန်းစာရင်း အကြောင်းနှင့်စပ်၍ အင်္ဂလိပ်ဝန်ကြီးထံ စာပေးရမည့် အကြောင်းအရာ။

၁၂၂၄ ခု၊ တန်ခူးလဆန်း၊ ၁၂ ရက်နေ့[၁]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးထံ ပေးစာ။

၂။ ။ အကောက်အခွန်နှုန်း မညီမညွတ်ရှိသည်မှာ ကုန်သည် ဆင်းရဲသားတို့ အင်အားအလျောက် ကောက်ခံရ၍ ဖြစ်ကြောင်း။

၁၂၂၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၃။ ။ အကောက်အခွန်များကို ပြင်ဆင်လျှင် သိလိုကြောင်း၊ တရုတ်ပြည်က ကုန်များအပေါ်တွင် ကောက်ခံသည့် နှုန်းထားကို သိလိုကြောင်း၊ မြန်မာမင်း နယ်စပ်က အခွန်များကို လွှတ်ကင်းစေလိုကြောင်း၊ နယ်စပ်တွင် ကောက်ခံသည့် အထည်အလိပ် အဖိုးထားနှုန်း စာရင်းများကို ပေးပို့ပါမည့်အကြောင်း။

၁၂၂၅ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၃]။

၄။ ။ ကောက်ခံသည့် ကုန်နှုန်းအကြောင်းနှင့်စပ်၍ ၃ မှတ်ပါ ပေးစာအရ မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပြန်ပေးစာ။

၁၂၂၅ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

၅။ ။ ဘွာန်ဒဗ္ဗေရာနှင့် ကာလာဂရတီတို့ တင်ကြသည့် ဘာသာရေးစာကို မြန်မာပြန်ဆိုကြရာ မညီမညွတ်ဖြစ်၍ အင်္ဂလိပ်ဝန်ကြီးထံ မှန်ကန်အောင် ပြန်ဆိုပေးရန် စာပေးရမည် စုံညီမှတ်သားချက်။

၁၂၂၅ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့[၄]။

မကွေးဝန်ကြီးက အင်္ဂလိပ် အရေးပိုင်ကြီးကို ပေးစာ။

၆။ ။ ပေးပို့လာစေသည့် ကာလာဂရာတီတို့ တင်သည့် ဘာသာရေးစာကို အဓိပ္ပာယ် ကုန်စင်ကွဲပြားအောင် မြန်မာပြန်ဆို၍ စေလွှတ်သူတွင် ပေးအပ်လိုက်ပါမည့်အကြောင်း။

၁၂၂၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၇။ ။ မင်းကြီးလေးပါးက အလည်ဖဲတို့အမှုကို တရားနှင့်အညီ အလျင်အမြန် စီရင်ပါမည့်အကြောင်း။

၁၂၂၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၈။ ။ ယောမြို့စား အတွင်းဝန်က ယခုပို့လာသည့် ဘေသဇ္ဇမဉ္ဇူကျမ်းကို သီဟိုဠ်ကျွန်းဖြစ် ၎င်းကျမ်းမူမှန်နှင့် တိုက်ဆိုင်ပေးရန်၊ ၎င်းအဖွင့် ဋီကာတစ်စောင်လည်းရရန် အရေးပိုင်ဖယ်ရာထံ စာပေးပါမည့်အကြောင်းနှင့် မကွေးဝန်ကြီးထံ အစီရင်ခံစာ။

---

၁။ ၃၀ မတ် ၁၈၆၃ ၂။ ၁၂ ဇူလိုင် ၁၈၆၃ ၃။ ၄ ဩဂုတ် ၁၈၆၃ ၄။ ၂၄ စက်တင်ဘာ ၁၈၆၃

၁၂၂၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[1]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၉။ ။ အင်္ဂလိပ်ဗိုလ်မင်းပိုင် စပျစ်ရည် သေတ္တာများ အကောက်တိုက်တော်က သိမ်းထားရှိသည်ကို ပြီးပြေအောင် ပြုပါမည့်အကြောင်း။

၁၂၂၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[2]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၁၀။ ။ မြန်မာပြန်ရန် ပို့ရောက်သည့် ကာလာဂရတီတို့ ဘာသာရေးစာကို မြန်မာပြန်၍ ပေးအပ်လိုက်သည့် အကြောင်းအရာ။

---

## ၆၇ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[3]။

ဝန်ထောက် မိုးနဲဗိုလ်မှူးက တင်လျှောက်စာ။

၁။ ။ အင်္ဂလိပ်အရာရှိ ၂ တို့ ရှမ်းပြည်သို့ လာရောက်ရာ လက်ခံပြုစုသည့် အကြောင်းအရာ၊ ၎င်းတို့ကို မြို့ရွာ မငြိမ်မသက်၍ သွားလာခွင့်မပြုဘဲ ရွှေဘွားတော်အောက်သို့ လူဘက်ထည့် ဆင်းလာစေသည့် အကြောင်း အရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[3]။

အင်္ဂလိပ် ၂ တို့ အပို့လာသူ ဘယ်ခံတပ်နားခံ မေးချက်။

၂။ ။ မော်လမြိုင်မြို့ ရေဝန်၊ ရွှေကျင်ဝန်ထောက် ဆိုသူ အင်္ဂလိပ် ၂ တို့က ကျိုင်းရုံးကြီး၊ မိုင်းလျဉ်းကြီး၊ ကျိုင်းတုံ၊ ကျိုင်းချိုင်မြို့နယ်များသည် မြန်မာ၊ တရုတ်၊ ယိုးဒယား ၃ နယ်မှ အလွတ်ဖြစ်ကြောင်း သိရ၍ အကြည့်အရှု သွားမည် လာသည် ပြောဆိုကြားသိရသည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[3]။

ရှမ်းပြည်သွား အင်္ဂလိပ်တို့ အကြောင်းနှင့်စပ်၍ အမိန့်တော် မှတ်သားချက်။

၃။ ။ မြန်မာနိုင်ငံသို့ အင်္ဂလိပ်များ သွားလာလိုလျှင် အင်္ဂလိပ်ဝန်ကြီးစာနှင့် ရွှေဘွားတော်အောက် လာရောက်စေပြီးမှ သွားလိုရာ သွားစေရမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့။

ရှမ်းပြည်သွား အင်္ဂလိပ် ၂ တို့ အကြောင်းနှင့်စပ်၍ စုံညီ ပြောဆိုမှတ်သားချက်။

၄။ ။ မိုးဗြဲဘယ်ခံ တပ်တော်သို့ လာသူ အင်္ဂလိပ်ဗိုလ် ၂ တို့ကို ရွှေဘွားတော်အောက် လာလိုလျှင်လာရန်၊ ပြန်လိုလျှင်ပြန်ရန် အရေးပိုင်ကြီးထံ စာပေးမည့်အကြောင်း။ ၎င်းအတိုင်း မိုးနဲဗိုလ်မှူးတို့ကိုလည်း ဆင့်ဆိုမည့် အကြောင်းများနှင့် ကိုယ်စားလှယ် ဝိလင်းသို့ ပြောဆိုရာ ဝိလင်းက သင့်ပြီ၊ အရေးပိုင်ထံ ပေးရန် စာကို ပေးပို့ပါမည် လျှောက်ထားသည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့။

လွှတ်တော်က မိုးနဲဗိုလ်မှူးသို့ ပေးမှာစာ။

၅။ ။ အင်္ဂလိပ်အရာရှိ ၂ တို့ကို ရှမ်းပြည်တွင် မငြိမ်မသက် ရှိသည်ဖြစ်၍ ရွှေဘွားတော်အောက် လာလိုလျှင် လာရန်၊ ပြန်လိုလျှင် ပြန်ရန်၊ ရှမ်းပြည်များသို့ သွားရန်မသင့်ကြောင်း ပြောဆိုရမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့[4]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာထံ မကွေးဝန်ကြီးက ပေးစာ။

၆။ ။ အင်္ဂလိပ်အရာရှိတို့ နိုင်ငံတော်အတွင်း သွားလာလိုလျှင် အရေးပိုင်ကြီးစာနှင့် ရွှေဘွားတော်အောက် လာရောက်စေပြီးမှ သွားလာစေအောင် ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၁၉ အောက်တိုဘာ ၁၈၆၃ ၂။ ၂၆ အောက်တိုဘာ ၁၈၆၃ ၃။ ၁၄ ဖေဖော်ဝါရီ ၁၈၆၄ ၄။ ၁၇ ဖေဖော်ဝါရီ ၁၈၆၄

၁၂၂၅ ခု၊ တပေါင်းလဆန်း၊ ၁၂ ရက်နေ့[၁]။

မိုးနဲဗိုလ်မှူးသို့ လွှတ်တော်က ပေးမှာစာ။

၇။ ။ မိုးဗြဲမြို့ ဘယ်ခံ့တပ်ရှိ အင်္ဂလိပ်အရာရှိတို့ကို ရွှေဘွားတော်အောက်ရှိ ကိုယ်စားလှယ် ဝိလင်းက ပေးမှာစာကို လွှတ်တော်မှာ စာပါအတိုင်း နေရာကျ ပြောဆိုပေးအပ်ရမည့် အကြောင်းအရာ။ အရပ်ရပ် အကြောင်းအရာကိုလည်း လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း၊ ၁၅ ရက်နေ့[၂]။

ကိုယ်စားလှယ် ဝိလင်းက အရေးပိုင် ဖယ်ရာသို့ ပေးစာ။

၈။ ။ အင်္ဂလိပ်အရာရှိတို့ မြန်မာနိုင်ငံသို့ သွားရောက်လိုလျှင် မြန်မာဝန်ကြီးများ စာရမှ၊ မြန်မာအရာရှိတို့ အင်္ဂလိပ်နိုင်ငံသို့ သွားလိုလျှင် အင်္ဂလိပ်ဝန်ကြီး စာရမှ သွားလာကြရန် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း၊ ၁၅ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ပြောဆိုချက်ဆို၍ ကိုယ်စားလှယ်ဝိလင်း တင်ပေးသည့် အမှတ်အသား။

၉။ ။ အင်္ဂလိပ်ဗိုလ်တို့ ရှမ်းပြည်သို့ သွားလိုကြောင်း တင်ရင် စာပေးရှိသည်ကို မြန်မာဝန်ကြီးမင်းတို့ အရေးမယူ၊ ယခုမှ တားဆီးရန်မသင့်သည့် အကြောင်းအရာ။ ၎င်းအကြောင်းကို လတ်မင်းကြီးထံ တိုင်တန်းမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း၊ ၁၅ ရက်နေ့[၂]။

၁၀။ ။ နိုင်ငံတော် ရှမ်းပြည် မြို့ရွာများတွင် အရပ်ရပ်သွားလာပုံ၊ မြန်မာအရာရှိများက တားဆီးပုံ အရင်းအမြစ် အကြောင်းအရာနှင့်စပ်၍ သွားလာသူ အင်္ဂလိပ်အရာရှိ ၂ တို့က ဝိလင်းထံ တင်ပေးသည့် အမှတ်အသား။

---

## ၆ဂ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၃]။

၁။ ။ ဝိလင်းက တင်ပေးသည့် အင်္ဂလိပ်အရာရှိ ၂ တို့ ရှမ်းပြည်သွား အကြောင်းအရာ အမှတ်အသား၊ ၎င်းတို့ အကြောင်းအရာနှင့် မိုးနဲဗိုလ်မှူးက တင်လျှောက်စာများကို ဝိလင်းနှင့် မင်းကြီးများ အစုံအညီ ညှိနှိုင်း ပြောဆိုချက်။

၁၂၂၅ ခု၊ တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၄]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ်ဗိုလ် ၂ တို့ ရှမ်းပြည်သွား အကြောင်းအရာ အရပ်ရပ်ကို ဆင်ခြင်သာအောင် မိုးဗြဲစော်ဘွား၊ လဲခြားစော်ဘွားတို့ထံ အင်္ဂလိပ် အရာရှိများက ပေးသည်ဆိုသည့် စာများနှင့်တကွ ပေးပို့သည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၄]။

အင်္ဂလိပ်အရာရှိ ၂ တို့က ရှမ်းစော်ဘွားများသို့ ပေးစာ။

၃။ ။ နှစ်တိုင်းနှစ်ပြည် ရောင်းအား ဝယ်အား တိုးတက်သည့်ထက် တိုးတက်၊ ကုန်သည်တို့ ပေါက်ရောက်သွားလာနိုင်အောင် လမ်းပန်းများ အကြည့်အရှု လာရောက်လိုသည့် အကြောင်းအရာ။

၄။ ။ ဝိလင်းက အင်္ဂလိပ် အရေးပိုင်ကြီးထံ တင်ပို့သည့် အင်္ဂလိပ်အရာရှိ ၂ တို့ ရှမ်းပြည်သွား အရပ်ရပ် အကြောင်းအရာ မြန်မာပြန်ချက်။

၆၉ မှတ်ပုရပိုက်ထွက်မှာ ကုန်အကောက်စာရင်းများကို အရေးပိုင်ကြီး မသိလျှင် မပြောင်းမလွှဲမည့် အကြောင်းနှင့် ၁၂၂၅ ခု ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့၊ အင်္ဂလိပ် အရေးပိုင်ကြီးက မကွေးဝန်ကြီးသို့ ပေးစာသက်သက်ရှိ။

---

၁။ ၁၇ ဖေဖော်ဝါရီ ၁၈၆၄ ၂။ ၂၀ ဖေဖော်ဝါရီ ၁၈၆၄ ၃။ ၂၇ မတ် ၁၈၆၄ ၄။ ၃၁ မတ် ၁၈၆၄

**၇၀ မှတ်ပုရပိုက်ထွက်**မှာ အကောက်နှုန်း စာရင်းများကို ပြောင်းလွဲလျှင် မပြောင်းမလွဲမီ ၎င်းစာရင်းကို တင်ရင်ပေးပို့ သိစေမည့် အကြောင်းနှင့် ၁၂၂၅ ခု ဝါခေါင်လဆန်း ၁၃ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီးသို့ မကွေးဝန်ကြီးက ပေးစာသက်သက်ရှိ။

**၇၁ မှတ်ပုရပိုက်ထွက်**မှာ အင်္ဂလိပ်ကုန်သည်ကြီး ဝိလင်းဝါလစ်ကို စောင်မကြည့်ရှုပါမည့်အကြောင်း၊ ၎င်းသူသည် အလိုတော်ရှိသည့် ဒင်္ဂါးစက်ကို ပြင်သစ်မြို့သို့ မှာထား အားထုတ်ဆက်သသူ ဖြစ်ကြောင်းများနှင့် ၁၂၂၅ ခု တော်သလင်းလဆန်း ၇ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာသက်သက်ရှိ။

---

## ၇၂ မှတ် ပုရပိုက်ထွက်။

**၁၂၂၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၁]။**

၁။ ။ ဝိလင်းဝါလစ်က တောင်ငူမြို့ သစ်တောရှိ သစ်များကို ဝယ်ယူရန် လက်မှတ်ထိုးစာချုပ်။

**၁၂၂၅ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[၂]။**

အမိန့်တော် မှတ်သားချက်။

၂။ ။ ဝိလင်းဝါလစ်ကို ကြည့်ရှုမည့်အကြောင်း၊ ၎င်းသို့ တောင်ငူသစ်တောရှိ သစ်များ ဝယ်ယူရန်စာချုပ်နှင့် ပေးအပ်ကြောင်း၊ ဒင်္ဂါးစက်ကိုလည်း ၎င်းပြောသည့်အတိုင်း အဖိုးချေပေး ဝယ်ယူမည့် အကြောင်းများကို အင်္ဂလိပ်ဝန်ကြီးထံ စာပေးရမည့် အကြောင်းအရာ။

**၁၂၂၅ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[၂]။**

၃။ ။ ၂ မှတ်ပါ အမိန့်တော် မှတ်သားချက်အရ မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

**၇၃ မှတ်ပုရပိုက်ထွက်**မှာ ပို့လိုက်သည့် ဘေသဇ္ဇမဉ္ဇူ ဆေးကျမ်းကို သီဟိုဠ်ကျွန်းရှိ မူမှန်နှင့် တိုက်ဆိုင်ပြင်ဆင်ပေးမည့်အကြောင်း၊ ၎င်းဋီကာ မူမှန် ၁ ကိုလည်း ရလိုကြောင်းများနှင့် ၁၂၂၅ ခု သီတင်းကျွတ်လဆုတ် ၁၂ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီးသို့ မကွေးဝန်ကြီးက ပေးစာသက်သက်ရှိ။

---

## ၇၄ မှတ် ပုရပိုက်ထွက်။

**၁၂၂၅ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့[၃]။**

အမိန့်တော် မှတ်သားချက်။

၁။ ။ ဂရစ်စမ်ထံ ဝယ်ယူသည့် သမ္ဗန်တော်ကို ရွှေဘွားတော်အောက်သို့ အဆောင်အယူနှင့်စပ်၍ ဂရစ်စမ်ထံ စာပေးစေရမည့် အကြောင်းအရာ။

**၁၂၂၅ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၄]။**

မကွေးဝန်ကြီးက ဂရစ်စမ် ကုမ္ပဏီသို့ ပေးစာ။

၂။ ။ သမ္ဗန်တော်ကို ဘင်္ဂလားမြို့မှ ဆောင်ယူလာရာ၊ လမ်းခရီးတွင် တစ်စုံတစ်ရာ ပျက်စီးသော်လည်း ဂရစ်စမ်နှင့် တာဝန်ကင်းလွတ်စေမည့် အကြောင်း။

**၁၂၂၅ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၄]။**

အကောက်ဝန် ရွှေတိုက်စိုးနှင့် သင်္ဘောသူကြီး ကာစစ်တို့ ခံဝန်ချက်။

၃။ ။ သမ္ဗန်တော်ကို ဆောင်ယူရာ ပင်လယ်ရေကြောင်းတွင် တစ်စုံတစ်ရာ ပျက်စီးလျှင် တာဝန်ခံမည့် အကြောင်းအရာ။

---

၁။ ၂၂ ဩဂုတ် ၁၈၆၃ ၂။ ၂၃ ဩဂုတ် ၁၈၆၃ ၃။ ၃၀ နိုဝင်ဘာ ၁၈၆၃ ၄။ ၁ ဒီဇင်ဘာ ၁၈၆၃

### ၇၅ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၁]။

မလွန်မြို့ စစ်ကဲ နားခံတို့က ကင်းဝန်ထံ အစီရင်ခံစာ။

၁။ ။ အိမ်ဒစ် သင်္ဘောကပ္ပိတန် မေကျစ်နှင့် တက်မကိုင် အာမဒ္ဒလိ၊ ရန်ကုန်မြို့နေ ငကြီးတို့ အကောက်ကင်းတော်မှာ အစစ်မခံ ထွက်သွားသည့် အကြောင်းအရာ။

၁၂၂၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

သံတော်ဆင့် ဦးရွှေပင်နှင့် စက်ဆရာ ငထွန်းတို့က အစီရင်ခံစာ။

၂။ ။ ဝယ်ယူဆက်သရန် ပွတ်စက်၊ ဘောက်စူးစက်များကို မေးမြန်းလျက်ရှိသည့် အကြောင်းအရာ။

၁၂၂၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၃။ ။ ဝယ်ယူထားသည် ပွတ်စက် ကိရိယာနှင့် ကျောက်မီးသွေးများကို တင်ဆောင်ပေးပို့မည့်အကြောင်း၊ ကုန်ကျစရိတ်များကို ပေးချေမည့်အကြောင်း။

၁၂၂၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

အမိန့်တော် မှတ်သားချက်။

၄။ ။ ကပ္ပိတန် မေကျစ်တို့ အကောက်ရုံးမှာ အစစ်မခံ ထွက်သွားကြောင်း တင်လျှောက်ရှိ၍၊ နောင် သည်ကဲ့သို့ မရှိစေရအောင် အင်္ဂလိပ်ဝန်ကြီးသို့ စာပေးရမည့်အကြောင်း။

၁၂၂၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

၅။ ။ ၄ မှတ်ပါ အကြောင်းအရာနှင့် မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၇၆ မှတ်ပုရပိုက်ထွက်မှာ အင်္ဂလိပ်သတင်းစာထွက် နိုင်ငံတော်ကို ဖြတ်၍ တရုတ်နိုင်ငံရောက် မီးရထားလမ်း ဖောက်လုပ်မည် ကြံရွယ်ချက် အကြောင်းအရာကို ၁၂၂၅ ခု တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့၊ မြဲတိုက်သံဆင့် မင်းလှရာဇာကျော်ထင် မြန်မာပြန်ဆိုချက် သက်သက်ရှိ။

၇၇ မှတ်ပုရပိုက်ထွက်မှာ ဗန်းမော်မြို့က တရုတ်ပြည်သို့၊ မန္တလေးမြို့က တောင်ငူမြို့များကို မီးရထားလမ်းဖောက်ရန်၊ ပြင်သစ်နိုင်ငံနှင့် နိုင်ငံတော် ဆက်ဆံရန်များနှင့်စပ်၍ အိမ်ရှေ့မင်း အမိန့်တော်ရှိသမျှ မှတ်သား၍ ၁၈၆၃ ခု ဩဂုတ်လ ၂၄ ရက်နေ့၊ ၁၂၂၅ ခု ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့ ဝီလျံက အင်္ဂလိပ်ဝန်ကြီးသို့ ဘာသာရေးပေး စာ ၂ စောင် မြန်မာပြန်ချက် သက်သက်ရှိ။

---

### ၇၈ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့[၃]။

ဘင်္ဂလားမြို့ရှိ အိမ်ရှေ့တော် သံတော်ဆင့် မင်းတင်မင်းခေါင်က သံတော်ဦးတင်စာ။

၁။ ။ စက်ကိရိယာများကို ရန်ကုန်ထွက် သင်္ဘောတွင် တင်ဆောင်၍ နားခံတော်တို့နှင့် ထားခဲ့ပြီးလျှင် ရန်ကုန်မြို့သို့ ကူးလာခဲ့ကြောင်း။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့[၃]။

မင်းကြီးများစုံညီ အိမ်ရှေ့မင်း အမိန့်တော်။

၂။ ။ ဘင်္ဂလားမြို့က စက်ကိရိယာများ တင်ယူသည့် အကြောင်းအရာကို အင်္ဂလိပ် အရေးပိုင်ကြီးသို့ စာပေးရမည့် အကြောင်း။

၁။ ၁၃ ဒီဇင်ဘာ ၁၈၆၃ ၂။ ၁၅ ဒီဇင်ဘာ ၁၈၆၃ ၃။ ၁၂ ဖေဖော်ဝါရီ ၁၈၆၄

၁၂၂၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၁]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၃။ ။ စက်ကိရိယာများကို ဘင်္ဂလားမြို့က ရန်ကုန်သို့ တင်ဆောင်လာကြောင်းကို အရေးပိုင်ကြီး တင်ရင်သိရန် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့။

မကွေးဝန်ကြီးသို့ အင်္ဂလိပ် အရေးပိုင်ကြီးက ပေးစာ။

၄။ ။ ဝယ်ယူတော်မူသည့် ပွတ်စက်ကိရိယာများ အဆောင်အယူ မည်သည့်အတွက် တားဆီးသည်ကို သိရအောင် ဘင်္ဂလားသို့ စာပေးပါမည့်အကြောင်း။

---

## ၇၉ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၁။ ။ ဝယ်ယူတော်မူသည့် ပွတ်စက်ကိရိယာနှင့် ကျောက်မီးသွေးများကို ရွှေဘွားတော်အောက်ရောက် တင်ပို့မည့် အကြောင်းအရာ၊ ကုန်ကျစရိတ်များကိုလည်း ချေပေးပါမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့[၂]။

အမိန့်တော် မှတ်သားချက်။

၂။ ။ ဒေကီ၊ ကာလာဂရုတီတို့နှင့် သင်္ဘော ၂ စင်း စာချုပ်တွက်ငွေ၊ သစ်တော်ဖိုးငွေများကို ရှင်းလင်းလျှောက်ထားရမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့။

ဒေကီ မေးချက်။

၃။ ။ ရသင့်စုစုငွေ ၆၇၃၅၃–၂၂–၁ နှင့် ၅၃၈၈၅–၆၂ များကိုသာ ရလိုကြောင်းနှင့် တင်လျှောက်သည့်အကြောင်း။

၁၂၂၅ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့[၃]။

မင်းကြီးများ စုံညီပြောဆို မှတ်သားချက်။

၄။ ။ ဒေကီက သစ်တွက်ငွေများနှင့် တင်လျှောက်ရာပါ ငွေများကို သစ်ဖြစ်စေ၊ ကုန်ဖြစ်စေ သနားတော်မူရာ ယူပါမည့်အကြောင်း။ သင်္ဘောတော်စာချုပ် လ လွန်ပြစ်မှာ အမိန့်တော်ရှိရာ ဦးထိပ်ထက် ဆင်ရွက်ပါမည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပို့တွဲလဆန်း ၁၀ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၅။ ။ ကာလာဂရုတီနှင့် ဒေကီတို့ ငွေကို သစ်ကို ယူလိုလျှင် ချင်းတွင်းသစ်ကို သနားတော်မူမည့်အကြောင်း။

၁၂၂၅ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၄]။

မင်းကြီးများ စုံညီမှတ်သားချက်။

၆။ ။ ဒေကီနှင့် ကာလာဂရုတီတို့ကို အမိန့်တော်အတိုင်းမေးရာ သစ်ကို မလို၊ ငွေကို ယူလိုကြောင်း အစီရင်ခံသည့် အကြောင်းအရာ။

၁၂၂၅ ခု။

၇။ ။ ဒေကီ သံတော်ဦးတင်ရာပါ ငွေများကို ချင်းတွင်းသစ်၊ ရေနံ၊ ငွေများအနက် လိုရာပေးမည် မေးရာ ကာလာဂရုတီနှင့် ရှင်းလင်းပြီးမှ လျှောက်ပါမည် ဒေကီ ပြောဆိုမှတ်သားချက်။

---

၁။ ၁၅ ဖေဖော်ဝါရီ ၁၈၆၄ ၂။ ၈ ဇန်နဝါရီ ၁၈၆၄ ၃။ ၁၉ ဇန်နဝါရီ ၁၈၆၄ ၄။ ၁၆ ဖေဖော်ဝါရီ ၁၈၆၄

## ၈၀ မှတ် ပုရပိုက်ထွက်။

၁၂၂၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[၁]။

မိုးမျဉ်းမြို့ ပန်းသေးဗိုလ် နန်တာစံကျင်မာ၊ စောဘူတာစံကျင်မာတို့က
ဗန်းမော်မြို့ဝန်ထံ ပေးစာ မြန်မာပြန်ချက်။

၁။ ။ မြို့ကျေးရွာ သာယာငြိမ်ဝပ်ကြောင်း၊ စီရင်စုကျေးရွာမှာ တရုတ်တို့နှင့် ကောင်းစွာဆက်ဆံ၍ အရောင်းအဝယ်ပြုလုပ် လမ်းပန်းသာယာကြောင်း၊ ပို့ရောက်သည့်စာကိုလည်း ရွှေဘွားတော်အောက် ပို့ပါမည့်အကြောင်း။

၁၂၂၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့။

တရုတ်ဗိုလ် လိတာရဲက ဗန်းမော်မြို့ဝန်ထံ ပေးစာ မြန်မာပြန်ချက်။

၂။ ။ ပန်းသေးတို့နှင့် တိုက်ခိုက်ရာ မြောက်တစ်ပြင် မြို့ရွာများကို ရရှိကြောင်း၊ ခရီးလမ်းပန်းမသာ ရှိမည်ဖြစ်သောကြောင့် ပန်းသေးတို့နှင့် သင့်လျော်အောင် ပေါင်းသင်းနေထိုင်ကြောင်း၊ ကျွန်တော်တို့အရှင်က စေလွှတ်သည့် စစ်သည် ၅၀၀၀၀၀ တာလီမြို့သို့ ရောက်ကြောင်း၊ နေ့ရက်မကြာ မိုးမျဉ်းမြို့ကို သိမ်းယူမည့် ဖြစ်ကြောင်း။

၁၂၂၅ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၂]။

၃။ ။ မင်းကြီးများ အစုံအညီတွင် ပြင်သစ်ခင်ကြီး ဘီကန်တက်၊ အင်္ဂလိပ်မင်း ကိုယ်စားလှယ် ဝိလင်းတို့က တရုတ်ပြည် သွားလိုသည့် အကြောင်းအရာ ပြောဆိုမှတ်သားချက်။

၁၂၂၅ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၂]။

မင်းကြီးများ မိန့်ချက်။

၄။ ။ ပြင်သစ်ခင်ကြီးနှင့် ကိုယ်စားလှယ် ဝိလင်းတို့ တရုတ်နယ်သို့ သွားလိုသည်မှာ တရုတ်တို့ အချင်းချင်းတိုက်ခိုက် မငြိမ်မသက်ဖြစ်၍ သွားရန် မသင့်သည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တပေါင်းလဆန်း၊ ၂ ရက်နေ့။

မင်းကြီးများ မိန့်ချက်။

၅။ ။ ဘရင်ဂျီခင်ကြီး ဘီကန်တက်က ဗန်းမော်မြို့အနီး ကချင်တောင်များသို့ သွားလိုကြောင်း လျှောက်ချက်အတိုင်း အတားအဆီးမရှိ ဆန်တက်စေရန်အကြောင်း။

၁၂၂၅ ခု၊ တန်ခူးလဆန်း၊ ၇ ရက်နေ့[၃]။

အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ် ဆရာဝိလင်းက သံတော်ဦးတင်စာ။

၆။ ။ ဘရင်ဂျီခင်ကြီး ဘီကန်တက်နှင့်အတူ ကချင်တောင်သို့ အတူလိုက်သွားလိုသည့် အကြောင်းအရာ၊ ၎င်းတင်လျှောက်ချက်အတိုင်း အတူ လိုက်သွားခွင့်ပြုသည့် အကြောင်းအရာ။

၁၂၂၅ ခု၊ တန်ခူးလဆန်း၊ ၂ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၇။ ။ အိမ်ရှေ့မင်း အမိန့်တော်နှင့် ကချင်တောင်များသို့ ဆန်တက်လာစေသူ ဘရင်ဂျီခင်ကြီး ဘီကန်တက်နှင့် ကိုယ်စားလှယ် ဝိလင်းတို့ကို တားဆီးမရှိရမည့်အကြောင်း။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၄]။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၈။ ။ အရေးပိုင်ကိုယ်စားလှယ် ဝိလင်း၊ ဗန်းမော်မြို့ဝန်ထံ လာရောက်လျှင် စောင်မကြည့်ရှုသင့်သည်များကို စောင်မကြည့်ရှုရမည့် အကြောင်း။

---

၁။ ၃ ဖေဖော်ဝါရီ ၁၈၆၄ ၂။ ၂၄ ဖေဖော်ဝါရီ ၁၈၆၄ ၃။ ၁၃ မတ် ၁၈၆၄ ၄။ ၂၀ မေ ၁၈၆၄

## ၈၁ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

အိမ်ရှေ့သံဆင့်တို့က အိမ်ရှေ့မင်းထံ တင်လျှောက်စာ။

၁။ ။ အင်္ဂလိပ်ဗိုလ် ၂ တို့ မိုးမြဲတပ်ရုံးက တားဆီးသည့် အကြောင်းအရာကို အိန္ဒိယမင်းတို့ ကြားသိလျှင် မသင့်ဖြစ်မည်ကို စိုးရိမ်ရန်ရှိသည် ဖယ်ရာ ပြောဆိုကြားသိရသည့် အကြောင်းအရာ။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၂။ ။ အင်္ဂလိပ်ဗိုလ် ၂ ယောက်တို့ကို သံလွင်မြစ်သို့ လမ်းအကြည့်အရှု စေခိုင်းဆိုသည့်အရာ အမှန်ဖြစ်ကြောင်း။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၃။ ။ အင်္ဂလိပ်အရာရှိတို့ မြန်မာနိုင်ငံသို့ သွားလာလိုလျှင် ရွှေဘွားတော်အောက်ရောက်မှ အလိုရှိရာ သွားလာစေရမည် မဟာမိတ်စာချုပ်တွင် မပါ၍ ယခု အင်္ဂလိပ်အရာရှိ ၂ တို့ကို အတားအဆီး မရှိမည့်အကြောင်း။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၄။ ။ အင်္ဂလိပ်အရာရှိများ မြန်မာနိုင်ငံအတွင်း သွားလာရန် ဥပဒေ မှတ်သားချက်များကို ရေးပို့လိုက်သည့် အကြောင်း။

---

## ၈၂ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အိရှူဒွအတ် ရိုက်နှက်သူ မြို့ဝန်မင်း ရှေ့လိုက် ကြိမ်ကိုင်တို့ကို စီရင်မည့် အကြောင်းအရာ၊ အိရှူဒွအတ်မှာ အပြစ်မရှိသူ မှန်သည့်အတိုင်း မစီရင်သင့်သည့် အကြောင်းအရာ။

၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အိရှူဒွအတ်ကို မြို့ဝန်မင်း ကြိမ်ကိုင်က ရိုက်မှုနှင့်စပ်၍ နောင် သည်ကဲ့သို့ မဖြစ်စေရအောင် ဥပဒေ ထားကြောင်း၊ ၎င်းဥပဒေကိုလည်း ပေးပို့လိုက်ကြောင်း။

၁၂၂၆ ခု၊ နယုန်လဆန်း ၉ ရက်နေ့[၃]။

၃။ ။ သိုးဆောင်းလူမျိုးတို့ မြန်မာနိုင်ငံအတွင်း သွားလာရန် ဥပဒေထားရမည် မှတ်တော်မူချက်နှင့် ၎င်းဥပဒေ။

၁၂၂၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၄]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပြန်ပေးစာ။

၄။ ။ သိုးဆောင်းလူမျိုးတို့ မြန်မာနိုင်ငံတွင် သွားလာရန်၊ မြန်မာအရာရှိများနှင့် လမ်းခရီးတွင် တွေ့ကြုံသည့် အခါ လိုက်နာရန် ဥပဒေကို ရရှိသည့်အကြောင်း။

၁၂၂၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၄]။

အင်္ဂလိပ်ဝန်ကြီးက မကွေးဝန်ကြီးသို့ ပေးစာ။

၅။ ။ အင်္ဂလိပ်ကျွန်တော်မျိုး၊ အင်္ဂလိပ်လူမျိုးနှင့် အခြားလူမျိုးတို့ နိုင်ငံတော်အတွင်း သွားခွင့်လာခွင့် ဥပဒေ အချက် ၇ ကို ပေးပို့ကြောင်း၊ မသင့်သည်ကို စာပြန်မည့်အကြောင်း။

---

၁။ ၂၆ မေ ၁၈၆၄ ၂။ ၂၈ မေ ၁၈၆၄ ၃။ ၁၃ မေ ၁၈၆၄ ၄။ ၂၀ ဇူလိုင် ၁၈၆၄

**၈၃ မှတ် ပုရပိုက်ထွက်။**

**၁၂၂၆ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့[၁]။**

၁။ ။ ဒေကီနှင့် ကာလာဂရတီတို့ ကုန်ဘက်ရှင်းလင်းရန်အမှုကို ဆေးဆရာ မာဘီနှင့် သင်္ဘောသူကြီး အာရလိုတို့ စီရင်ရာ ပြီးပြတ်မည် ၂ ဦး သဘောတူ လက်မှတ်ထိုးချက်၊ မာဘီနှင့် အာရလိုတို့က ၎င်းအမှု ဆုံးဖြတ်ပြီးကြောင်းကို ပခန်းမင်းကြီးထံ ရှင်းလင်းပြီး ငွေစာရင်းနှင့်တကွ တင်လျှောက်ချက်။

**၁၂၂၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့[၂]။**

၂။ ။ ချေပေးရန် ငွေများကို ဘုန်းတော်ကြီးလှသော ဘုရားက ချေပေးတော်မူ၍ အကျန်မရှိ ပြေလည်ရရှိကြောင်း ဒေကီ လက်မှတ်ထိုးပြေစာ။

**၁၂၂၆ ခု၊ ပထမဝါဆိုလဆန်း ၁၂ ရက်နေ့။**

မှတ်တော်မူချက်။

၃။ ။ ကာလာဂရတီနှင့် ဒေကီတို့ ၂ ဦး စာရင်းရှင်းလင်းမှုကို ဆရာဝန် မာဘီ၊ အကောက်ဝန် ရွှေတိုက်စိုးမဟာမင်းလှရာဇာတို့ထံ စာချုပ်လက်မှတ်များ တင်ပြ၍ ဆုံးဖြတ်ခံကြစေရမည့် အကြောင်းအရာ။

---

**၈၄ မှတ် ပုရပိုက်ထွက်။**

**၁၂၂၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့[၃]။**

၁။ ။ ကျောက်တိုင်တောင်ဘက် မင်းတုန်းမြို့ ဂါတ်တဲကို တိုက်ခိုက်ဆိုသူ ဓားပြ လူစာရင်းနှင့်တကွ တိုက်ခိုက်သည့် အကြောင်းအရာ မှတ်သားချက်များကို တင်ပြ၍ ကိုယ်စားလှယ် ဝိလင်းက လွှတ်တော်သို့ အစီရင်ခံသည့် အကြောင်း။

**၁၂၂၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်နေ့။**

မင်းတုန်းတောင်စည် ၇ ခရိုင်ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၂။ ။ နိုင်ငံတော်ဘက်နေလူတို့ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်ဆိုသည့် အကြောင်းအရာ အရပ်ရပ်ကို ထောက်လှမ်း လျှောက်ထားရမည့် အကြောင်း။

**၁၂၂၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၄]။**

မင်းတုန်းတောင်စည် ၇ ခရိုင်မြို့ဝန်က လွှတ်တော်သို့ တင်လျှောက်စာ။

၃။ ။ အင်္ဂလိပ်အရာရှိတို့ စာရင်းပေးသည့် ဓားပြတိုက်မှု အကြောင်းအရာ အရပ်ရပ်ကို ထောက်လှမ်းလျှောက်ထားပါမည့်အကြောင်း၊ အင်္ဂလိပ်နယ်သို့ ကူးရောက်တိုက်ခိုက် မရှိရအောင်လည်း စောင့်ထိန်းပါမည့်အကြောင်း။

၄။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်ဆိုသူ ဓားပြတို့ကို ထောက်လှမ်းဆဲအတွင်း ရေပုတ်ရွာအနီးတွင် ရွာနေလူတို့နှင့် ဓားပြ ၁၀ ကျော်တို့ တွေ့ရှိဖမ်းဆီးရာ ထွက်ပြေး၊ ကျန်ရှိရစ်သည့် ဘယားအိတ်နှင့် သက္ကလတ်အင်္ကျီများကို ရလိုက်သည့် အကြောင်းအရာ၊ ၎င်းတိုက်မှုတွင် တိုင်တားမြို့နေလူတို့ မေးချက်များနှင့် တကွ မင်းတုန်းတောင်စည် ၇ ခရိုင်ဝန်က တင်လျှောက်သည့်အကြောင်း။

**၁၂၂၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။**

တိုင်တားမြို့နေ လူတို့ကို မေးချက် ၅။

(က) ရေပုတ်ရွာအနီးတွင် ဓားပြများကို လိုက်လံဖမ်းဆီးရာ လက်လွှတ်ထွက်ပြေး၊ ဘယားအိတ် သက္ကလတ် အင်္ကျီများကို ရလိုက်ကြောင်း။

မင်းတုန်းတောင်စည် ၇ ခရိုင်ဝန်က စကုမြို့ဝန်သို့ ပေးစာ။

၅။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်သူ ဓားပြများကို ထောက်လှမ်းဖမ်းဆီး အကျဉ်းထားမည့် အကြောင်းအရာ၊ တောင်စဉ်ဝန်စုပါ မြို့ရွာများက အပေါင်းအသင်း ပါလျှင်လည်း ထောက်လှမ်း၍ အကြောင်းအရာ စာပြန်ပါမည့် အကြောင်းအရာ။

---

၁။ ၃၀ မေ ၁၈၆၄ ၂။ ၁၃ ဇွန် ၁၈၆၄ ၃။ ၁၅ ဇူလိုင် ၁၈၆၄ ၄။ ၁၆ စက်တင်ဘာ ၁၈၆၄

၁၂၂၆ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၁]။

ထောက်လှမ်းစေသူ ဘရုံတဲရွာသူကြီး ငကြံသက် မေးချက်။

(က) မြုံးဝဂါတ်တဲတိုက် ဓားပြအချို့ကို ထောင်အကျဉ်းချထားကြောင်း၊ အချို့ကို ခံဝန်သူနှင့် ထားကြောင်း ဓားပြ ငဦး ပြောဆိုကြားသိရသည့် အကြောင်းအရာ။

၁၂၂၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

၆။ ။ အရေးပိုင် ကိုယ်စားလှယ် ကလေမံဝိလင်းက လွှတ်တော်သို့ တင်ပေးသည့် မင်းတုန်းမြို့နယ်တိုက် ဓားပြစာရင်း။

၁၂၂၆ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့။

၇။ ။ ၆ မှတ်ပါ စာရင်းအရ မင်းတုန်းတောင်စည် ၇ ခရိုင် မြို့ဝန်သို့ ဆင့်ဆိုမှာထား ထောက်လှမ်းစေရာ ထောက်လှမ်းစေသူ အစစ်ခံရာပါ ဓားပြစာရင်း။

၁၂၂၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၂]။

စကုမြို့ဝန် အစစ်ခံချက်။

၈။ ။ မင်းတုန်းမြို့နယ်တိုက် ဓားပြများကို ထောက်လှမ်းရာ ငတွယ်နှင့် ဓားပြလူပေါင်း ၁၀ တို့ တိုက်ခိုက်ရာရသည့် တူမီးသေနတ်များကို ရရှိ၍၊ ဆိုင်ရာမှာ လျှောက်ထားစာရင်းချပြီး ဖြစ်ကြောင်း။

၁၂၂၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

၉။ ။ အင်္ဂလိပ် အရေးပိုင် ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပေးသည့် မင်းတုန်းမြို့ ဂါတ်တဲတိုက် ဓားပြစာရင်းနှင့် ၎င်းနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့ စကုမြို့ဝန် တင်ပေးသည့် ၎င်းစာရင်း။

၁၂၂၆ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၃]။

မင်းကြီးများ စုံညီ မှတ်သားချက်။

၁၀။ ။ ဓားပြများ လက်က ရသည့် တိုက်ရာပါ ပစ္စည်းများကို ကိုယ်စားလှယ် ကလေမံဝိလင်းသို့ စာရင်းချမှတ်ပေးအပ်ရမည့်အကြောင်း။

---

## ၈၅ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့[၄]။

အကောက်ဝန် ရွှေတိုက်စိုးနှင့် ကာလာဂရုတီတို့ ခံဝန်ချက် ၂။

၁။ ။ ဝယ်ယူတော်မူသည့် သင်္ဘောတော်ကို ခံဝန်သည့်နေ့က ၆ လ အတွင်း ပေးအပ်ပါမည့်အကြောင်း၊ မအပ်နိုင်လျှင် ထားရာပြစ်ဒဏ်ကို ခံပါမည့်အကြောင်း။

၁၂၂၆ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အကောက်ဝန် မင်းလှရာဇာတို့ထံ ဝယ်ယူသည့် သင်္ဘောတော် ၂ ကို ပြီးပြေလွယ်အောင်၊ ပြီးပြေကာလ စကားထူးထွေ ပြောဆိုမရှိရအောင် စောင့်မကြည့်ရှုမည့်အကြောင်း။

---

## ၈၆ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့။

၁၈၆၅ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့။

ဟယ်လီဒေဘူလုပ် ကုမ္ပဏီတို့က သံတော်ဦးတင်စာ။

၁။ ။ သင်္ဘောတော် တည်လုပ်ပြီးကြောင်း၊ အဖိုးငွေ ၂၁၀၀၀၀ ကျကြောင်း၊ ၂၅၀၀၀၀ အမှန်တန်ကြောင်း။

၁။ ၂၁ ဩဂုတ် ၁၈၆၄ ၂။ ၁၉ အောက်တိုဘာ ၁၈၆၄ ၃။ ၃၁ ဒီဇင်ဘာ ၁၈၆၄ ၄။ ၁၉ နိုဝင်ဘာ ၁၈၆၄

၁၈၆၂ ခု၊ ဩဂုတ်လ ၆ ရက်နေ့။

၂။ ။ အံထော်နီနှင့် ကာလာဂရတီတို့က ဘူလုပ် ကုမ္ပဏီထံ တစ်ဆင့် သင်္ဘောတော် ၂ စင်း ဝယ်ယူသည့်စာချုပ်။

---

## ၈၇ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့[၁]။

ကာလာဂရတီသို့ ဆင့်စာ။

၁။ ။ ဝယ်ယူတော်မူသည့် သင်္ဘော စကားကို ကာလာဂရတီ ကိုယ် သွားရောက်ရှင်းလင်း၍ ရွှေဘွားတော်အောက် ပြန်လာရမည့် အကြောင်းအရာ။

၁၂၂၆ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့[၁]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ သင်္ဘောတော်စကား ရှင်းလင်းလာစေသူ ကာလာဂရတီကို စောင်မကြည့်ရှုမည့်အကြောင်း။

၁၂၂၆ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့[၁]။

အခွန်ဝန် မြင်းတင်စားသို့ လွှတ်တော်က ပေးမှာစာ။

၃။ ။ သင်္ဘောတော်စကား ရှင်းလင်းလာစေသူ ကာလာဂရတီသို့ ငွေ ၆၃၂၂၃ နှင့် စရိတ်ငွေများကို မှတ်သားပေးရမည့် အကြောင်းအရာ။

၁၂၂၆ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၄။ ။ မီးသင်္ဘောတော် အကြောင်းကို ပြေငြိမ်းအောင် ကြည့်ရှုပြောဆိုမည့် အကြောင်း။

၁၂၂၆ ခု၊ နယုန်လဆန်း ၉ ရက်နေ့[၃]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၅။ ။ အကောက်အခွန်များကို လျှော့၍ ကောက်ခံသည့် အကြောင်းအရာ။

၈၈ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၆ ခု ဝါခေါင်လဆန်း ၄ ရက်နေ့၊ အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ်က တင်ပေးသည့် ကုန်အမျိုးမျိုး ဈေးနှုန်းစာရင်း သက်သက်ရှိ။

၈၉ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၆ ခု နယုန်လဆန်း ၇ ရက်နေ့၊ မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ကုန်အကောက် အကြောင်းအရာ ပေးစာနှင့် တရုတ်ပြည်ရောက် ကုန်အမျိုးမျိုး ဈေးနှုန်းစာရင်း သက်သက်ရှိ။

---

## ၉၀ မှတ် ပုရပိုက်ထွက်။

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၄]။

နွားဘက်ရွာကျောင်းနေ ဘရင်ဂျီခင်ကြီးက ဆက်သွင်းသည့် မေတ္တာစာ ၂။

၁။ ။ ဆင်းရဲသူတို့ ချထားလုပ်ကိုင်စေရန် နွားဘက်ရွာရှေ့ လစ်လပ်ရှိသည့် မြေကို သနားတော်မြတ် ခံလိုသည့် အကြောင်းအရာ။ ဘရင်ဂျီရွာအနီး မြေကို ရွာတည်ရန် သနားတော်မြတ်ခံလိုသည့် အကြောင်းအရာ။

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၄]။

တလုပ်မြို့ခံ ငဝိုက် အစစ်ခံချက်။

၂။ ။ ဘရင်ဂျီခင်ကြီး သွင်းစာ ၁ ပါ မြေသည် ဆင်းရဲသားတို့ ဘိုးဘပိုင် မှန်သော်လည်း မြေလပ်ဖြစ်ကြောင်း။

---

၁။ ၁၄ ဖေဖော်ဝါရီ ၁၈၆၅ ၂။ ၁၉ ဖေဖော်ဝါရီ ၁၈၆၅ ၃။ ၁၃ မေ ၁၈၆၄ ၄။ ၁၄ မတ် ၁၈၆၅

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

ဘရင်ဂျီခင်ကြီး ထွက်ဆိုချက်။

၃။ ။ ဆင်းရဲသားတို့ လက်ရှိမြေကို မလိုပါ၊ လစ်လပ်သည့်မြေကိုသာ သနားတော်မြတ်ခံလိုကြောင်း။

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

ဘရင်ဂျီခင်ကြီး တစ်ရပ်ထွက်ဆိုချက်။

၄။ ။ သွင်းစာ ၂ ပါ မြေကို အမြင့် ၅ မြို့ဝန် သဘောကြိုက်ညီသူကို အကြီးအအုပ်ထား၍ ကျေးရွာပြုစုရန် သနားတော်မြတ်ခံလိုကြောင်း။

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၁]။

နွားဘက်မြို့ သွေးသောက်ကြီးငအေပ် ထွက်ဆိုချက်။

၅။ ။ ဘရင်ဂျီခင်ကြီး သွင်းစာ ၁ ပါ မြေသည် နွားဘက်မြို့ နယ်ဝင် မဟုတ်ကြောင်း၊ ရွာတည်လိုသည့် မြေသာ နွားဘက်မြို့နယ်ဝင် ဖြစ်ကြောင်း။

၁၂၂၆ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့[၂]။

အမြင့် ၅ မြို့ဝန်၊ တလုပ်မြို့ဝန်တို့ကို လွှတ်တော်က ပေးမှာစာ။

၆။ ။ ဘရင်ဂျီခင်ကြီး သွင်းစာအတိုင်း မြေများကို သနားတော်မူသည့်အကြောင်း၊ ၎င်းမြေတွင် သင့်ရာလူကို အအုပ်အထိန်း ကြည့်ရှုခန့်ထားရမည့် အကြောင်း။

၉၁ မှတ်ပုရပိုက်ထွက်မှာ အကောက် ကောက်ခံသည့် ကုန်အမျိုးမျိုး စာရင်းသက်သက်ရှိ။

---

## ၉၂ မှတ် ပုရပိုက်ထွက်။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[၃]။

စကြာယဉ်မွန် သင်္ဘောတော် ဝယ်ယူရင်းစကား ကာလာဂရုတီ မေးချက်။

၁။ ။ ဟာလေဒီဘုလုပ် ကုမ္ပဏီတို့က သင်္ဘောတော်လုပ် ကုန်ဝင်ရန် တင်ပေးသည့်စာရင်းနှင့် ကုန်သင့် မကုန်သင့် အဆိုဆင်ခြေ။ ဇွေယ်၊ ဖယ်ရာတို့ ကောက်ယူစီရင်ချက်များကို သင်္ဘောတော် ဆက်သကာလမှ တင်ပေး။ လျှောက်ရန်များကို လျှောက်ထားပါမည့် အကြောင်းအရာ။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

အကောက်ဝန် မေးချက်။

၂။ ။ စကြာယဉ်မွန် သင်္ဘောတော်ကို ဝယ်ယူရာ ချုပ်ရင်းငွေ ၁၂၇၅၀၀ိ အောက် နည်းမည်ထင်၍ ကုန်သမျှ စရိတ်ကို ပေးပါမည် ထပ်မံစာချုပ်မှားသောကြောင့် ချုပ်ရင်းငွေနှင့်ရအောင် မပြောမဆိုနိုင်ကြောင်း။

၉၃ မှတ်ပုရပိုက်ထွက်မှာ စကြာယဉ်မွန် သင်္ဘောတော် ကုန်ဝင်သည့် စရိတ်များကို ရေးပေးလိုက်ကြောင်းနှင့် ၁၂၂၇ ခု ဝါဆိုလဆန်း ၁၀ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ သက်သက်ရှိ။

၉၄ မှတ်ပုရပိုက်ထွက်မှာ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပေးပို့သည် အရပ်ရပ် ကုန်မျိုးမည်စာရင်း သက်သက်ရှိ။

---

၁။ ၁၅ မတ် ၁၈၆၅ ၂။ ၁၈ မတ် ၁၈၆၅ ၃။ ၁ ဇူလိုင် ၁၈၆၅ ၄။ ၂ ဇူလိုင် ၁၈၆၅

## ၉၅ မှတ် ပုရပိုက်ထွက်။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့[1]။

ကာလာဂရတီ ခံဝန်ချက်။

၁။ ။ ဝယ်ယူဆက်သသည့် မီးသင်္ဘောတော်အတွက် အကျယ်အပွား စကားပြောနိုင်၍ ထပ်မံငွေပေးရလျှင် ကျွန်တော်က ပေးပါမည့်အကြောင်း။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[2]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ သင်္ဘောတော် စကားပြောဆိုရန် စေလွှတ်သူ သင်္ဘောသူကြီး ကာလာဂရတီကို ကြည့်ရှုစောင်မပါမည့် အကြောင်း။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[2]။

မကွေးဝန်ကြီးက ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ပေးစာ။

၃။ ။ သင်္ဘောတော် စကားပြောဆိုရန် စေလွှတ်သူတို့နှင့် တိုင်ပင်ညှိနှိုင်း ပြောဆိုဆောင်ရွက်မည့် အကြောင်းအရာ။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[2]။

၄။ ။ ကပ္ပိတန် သလေ့တင်က သင်္ဘောတော် စကားနှင့်စပ်၍ အရပ်ရပ် စာချုပ်စကားများအရ ထင်မြင်သည့် အတိုင်း တင်ပေးသည့် ဘာသာရေးစာ မြန်မာပြန်ချက်။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[2]။

အတွင်းဝန် ယောမြို့စားက အခွန်ဝန်သို့ ဆင့်စာ။

၅။ ။ သင်္ဘောတော် စကားပြောဆိုလာစေသူ ရွှေတိုက်စိုးနှင့် ကာလာဂရတီတို့က ငွေလို၍တောင်းလျှင် ပေးရမည့် အကြောင်းအရာ။

၁၂၂၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[2]။

သင်္ဘောတော်စီးတို့ကို ဆင့်စာ။

၆။ ။ အခွန်ဝန်ထံ သင်္ဘောအတွက် ငွေလိုလျှင် တောင်း၍၊ ရှင်းလင်းပြောဆိုရမည့် အကြောင်းအရာ။

၇။ ။ သင်္ဘောတော်ကို အဖိုးငွေ တစ်သိန်းငါးသောင်းထက် မပိုရအောင် ပြောဆိုရန်၊ သင်္ဘောတော်နှင့်စပ်၍ အခြားပြောဆိုရန်၊ သင်္ဘောသူကြီး ကာလာဂရတီသို့ လွှတ်တော်က ပေးအပ်မှာထားသည့် စကားချက်များ။

၈။ ။ အံထော်နီ ဝယ်ယူဆက်သသည့် သင်္ဘောတော်ဖိုးမှာလည်း တစ်သိန်းငါးသောင်းထက် မပိုရအောင် အလျှင်ပေးစာအရ ပြောဆိုရန်၊ သင်္ဘောတော်နှင့်စပ်၍ အခြားပြောဆိုရန်၊ အံထော်နီသို့ လွှတ်တော်က ပေးအပ်မှာထားသည့် စကားချက်များ။

၁၂၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့[3]။

၉။ ။ အရေးပိုင်ကြီး ဖယ်ရာထံ သင်္ဘောတော်ဖိုးနှင့်စပ်၍ ဘုလုပ် ကုမ္ပဏီတို့ ထွက်ဆိုချက်ဆို၍ ပို့ရောက်သည့် အမှတ်အသားနှင့် ၎င်းဝယ်မှုတွင် အကောက်ဝန် ဇွေယ် စီရင်ကောက်ယူချက်။

၁၂၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[4]။

သင်္ဘောသူကြီး သီရိဓနေဘောဂသူသို့ လွှတ်တော်က ဆင့်စာ။

၁၀။ ။ ဂရစ်စမံထံ သမ္ဘန်ငယ် ၂ နှင့် ကျန်ငွေများကို ရှင်းလင်းတောင်းခံ၍ ရွှေတိုက်စိုးကို မှတ်သားပေးအပ် ပို့ဆက်ရမည့် အကြောင်းအရာ။

၁၂၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[4]။

သင်္ဘောတော်စီးသို့ လွှတ်တော်က ဆင့်စာ။

၁၁။ ။ သင်္ဘောတော်စီးနှင့် သင်္ဘောသူကြီးတို့စုံညီ။ ဂရစ်စမံထံ သမ္ဘန်ငယ် ၂ နှင့် သမ္ဘန်တော်ဖိုးငွေများကို ရှင်းလင်း တောင်းယူခဲ့ရမည့် အကြောင်း။

---

၁။ ၅ ဇူလိုင် ၁၈၆၅ ၂။ ၆ ဇူလိုင် ၁၈၆၅ ၃။ ၁၇ ဇူလိုင် ၁၈၆၅ ၄။ ၁၀ ဇူလိုင် ၁၈၆၅

၁၂၂၇ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

ကပ္ပိတန် သလေတင် ပြောဆိုမှတ်သားချက်။

၁၂။ ။ သဘော်တော်ဖိုးငွေ ၅၀၀၀ဝိ ကို ထပ်မံသနားတော်မူလျှင် အဖိုးတွက်ဆို၍ ထူးထွေပြောဆိုမရှိ ပြေငြိမ်းမည် ထင်သည့် အကြောင်းအရာ။

၁၂၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၁၃။ ။ လဘ်ကီရာခေါ် အင်္ဂလိပ်ဘုရင်မ တွဲသမ္ဘန်နှင့်အတူ သမ္ဘန် ၂ ကို ဝယ်ယူဆက်သမည့်သူ၊ အကောက်ဝန်မင်းလှရာဇာတို့နှင့် ၁၂၂၃ ခု ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့ ချုပ်ဆိုသည့်စာချုပ်။

၁၂၂၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

သဘော်သူကြီး မဟာသီရိဓနဘောဂသူသို့ ဆင့်စာ။

၁၄။ ။ ဂရစ်စမ်ထံ သမ္ဘန်တော်ဖိုးကို ရှင်းလင်းတောင်းခံမရလျှင် တရားရုံးတွင် လျှောက်ထားရမည့်အကြောင်း၊ လျှောက်ထားနိုင်အောင် ကိုယ်စားလှယ်စာကိုလည်း ပေးအပ်လိုက်ကြောင်း။

၁၂၂၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

ပခန်းဝန်ကြီး အမိန့်မှတ်သားချက်။

၁၅။ ။ ဂရစ်စမ်ထံ ငွေကျန် မကျန် သိသာမှ ကိုယ်စားလှယ်စာ ပေးရမည့်အကြောင်း။

၁၂၂၇ ခု၊ တော်သလင်းလဆန်း ၁ ရက်နေ့[၂]။

အတွင်းဝန် ယောမြို့စားက သဘော်တော်စီး၊ သဘော်သူကြီးတို့သို့ ဆင့်စာ။

၁၆။ ။ ဂရစ်စမ်ထံ ငွေကျန် မကျန်၊ ကျန်လျှင် နေရာကျ ပြောဆိုနိုင်ရန် ရှိ မရှိများကို ထောက်လှမ်းလျှောက်ထားရမည့် အကြောင်း။

---

## ၉၆ မှတ် ပုရပိုက်ထွက်။

၁၂၂၇ ခု၊ တော်သလင်းလဆန်း ၁ ရက်နေ့[၂]။

မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁။ ။ သီဟိုဠ်ကျွန်းရှိ ဘေသဇ္ဇမဥ္ဇူသာ ဆေးကျမ်းကို မှာထားရာ အကြောင်းအရာ စာပြန်၍မရကြောင်း။

၁၂၂၇ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၂။ ။ ဘေသဇ္ဇမဥ္ဇူသာဆေးကျမ်း မရသေးကြောင်း၊ ရကာလ အမြန်ပေးပို့မည့် အကြောင်း။

၁၂၂၇ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၃။ ။ အင်္ဂလိပ်အရာရှိ ၂ တို့ သံလွင်မြစ်သို့ သွားရောက်ရာ မိတ်လက္ခဏာနှင့်အညီ မြန်မာအရာရှိတို့က ပြုစုကြသည့် အရာကို ကျေးဇူးတင်ကြောင်း။

---

## ၉၇ မှတ် ပုရပိုက်ထွက်။

၁၂၂၇ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့[၄]။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ အမေရိကန် စာသင်ဆရာခင်ကြီး ဘိတ်စတီတို့ ရှမ်းပြည် မြို့ရွာသို့သွားရာ အတားအဆီး အနှောင့်အယှက် မရှိစေရအောင် အမိန့်စာချွန် ရလိုကြောင်း။

---

၁။ ၂၀ ဇူလိုင် ၁၈၆၅ ၂။ ၂၁ ဩဂုတ် ၁၈၆၅ ၃။ ၂၇ စက်တင်ဘာ ၁၈၆၅ ၄။ ၃၁ ဒီဇင်ဘာ ၁၈၆၅

၁၂၂၇ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့[၁]။

အမေရိကန်ခင်ကြီးသို့ ပေးအပ်သည့် စာချွန်။

၂။ ။ ရှမ်းပြည်မြို့ရွာသို့ လည်ပတ်သွားလာသူ အမေရိကန် ခင်ကြီးများကို မိုးနဲတပ် စစ်ကဲ စော်ဘွား မြို့စား မြို့ဝန် စစ်ကဲတို့က တားဆီးမရှိစေရ၊ အလိုရှိရာ သွားလာစေရမည့် အကြောင်း။

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၆၈ ခု၊ အောက်တိုဘာလ ၃၀ ရက်။

အင်္ဂလိပ်အရေးပိုင် သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ အမေရိကန် သာသနာပြုခင်ကြီး ခတ်ရှင်နှင့် ဘန်ခတ်တို့ ရှမ်းပြည်မြို့ရွာများသို့ လှည့်ပတ်သွားလာရာ တားဆီးမရှိစေရန် စာချွန်ရလိုသည့် အကြောင်း။

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

အမေရိကန် ခင်ကြီးတို့သို့ ပေးသည့်စာချွန်။

၄။ ။ မိုးနဲတပ် စစ်ကဲတို့နှင့် စော်ဘွားမြို့စား မြို့ဝန်တို့က တားဆီးနှောင့်ယှက် မရှိစေရ၊ အမေရိကန် ခင်ကြီးများ အလိုရှိရာ သွားလာစေရမည့် အကြောင်း။

---

## ၉၈ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့[၂]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ မကွေးဝန်ကြီးက ပေးစာ။

၁။ ။ အင်္ဂလိပ်ဝန်ကြီး ရွှေစက်တော်အောက် လာရောက်မည် စာပါသော်လည်း လမ်းခရီး မသာမယာရှိမည် တွေးထင်မကင်းနှင့် ဆိုင်းငံ့ကြန့်ကြာမည်ဖြစ်၍၊ အကြောင်းအရာ အရပ်ရပ်ကိုသိရန် သဘော်တော်စီးကို စေလွှတ်လိုက်သည့် အကြောင်း။

၁၂၂၈ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့[၂]။

ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ မကွေးဝန်ကြီးက ပေးစာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာနှင့်အတူ ရွှေစက်တော်အောက်သို့ လိုက်ပါလာရန် အကြောင်းအရာ။

၁၂၂၈ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၃]။

အခွန်ဝန် မြင်းတင်စားသို့ ဆင့်စာ။

၃။ ။ ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ကျောက်စိမ်းတော်များ ဆောင်ယူရန် စရိတ်ကို ပေးရမည့်အကြောင်း။

၁၂၂၈ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့။

ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ မကွေးမင်းကြီးက ပေးစာ။

၄။ ။ အခွန်ဝန် မြင်းတင်စားထံ စရိတ်ငွေများကို တောင်း၍၊ ကျောက်စိမ်းတော်များကို သဘော်တော်တွင် တင်ယူခဲ့ရမည့်အကြာင်း။

၁၂၂၈ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၅။ ။ ဘင်္ဂလားမြို့သို့ ငွေဒင်္ဂါး ရိုက်တံဆိပ်ဝယ်ယူရန် စေလွှတ်သူ ကျွန်တော်မျိုး ဟာရီ၊ ဆရာ ငရွှေလှတို့ကို ကြည့်ရှုစောင်မအောင် မကွေးဝန်ကြီးက ဖယ်ရာသို့ စာပေးရမည့် အကြောင်း။

၁၂၂၈ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

၆။ ။ အထက် ၅ မှတ်ပါ အမိန့်တော်မှတ်သားချက်အရ မကွေးဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁၂၂၈ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[၄]။

၇။ ။ ပြင်သစ်ခင်ကြီး ဘီကန်တက်က တင်ပေးသည့် ကျောက်စိမ်းတော်များ ဆောင်ယူရာ ကုန်ကျစရိတ်စာရင်း။

---

၁။ ၃ ဇန်နဝါရီ ၁၈၆၆ ၂။ ၁၆ အောက်တိုဘာ ၁၈၆၆ ၃။ ၂၃ မေ ၁၈၆၆ ၄။ ၁၄ မေ ၁၈၆၆

၁၂၂၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

၁၈၆၆ ခု၊ မေလ ၅ ရက်နေ့။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၈။ ။ပြင်သစ်လူမျိုး မေရာက ထားဝယ်ဗိုလ်ထံ အပ်နှံထားသည့် ရွှေကြိုး ငွေကြိုး၊ ရွှေကြယ် ငွေကြယ် လုပ်ဆောင်သည့် ပုံစံများကို တောင်းခံမရရှိ၍ တောင်းခံပေးပါမည့် အကြောင်း။

၁၂၂၈ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့။

၁၈၆၆ ခု၊ မေလ ၁၃ ရက်။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၉။ ။တောင်ငူမြို့နေ ငပေါက်သမက် ငချိန်က နင်းကြမ်းမြို့မှာ နွားဝယ်ရာ နွားကို စစ်ကဲမောင်လတ်က သိမ်းယူ၊ လူကိုလည်း ရိုက်နှက်၊ ထွက်ပြေးလာရကြောင်း လျှောက်ထားရှိ၍ ၎င်းကို စစ်ဆေးမှန်လျှင် တရားလမ်းရှိရာ ဖြစ်စေလိုသည့် အကြောင်းအရာ။

၁၂၂၈ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက မကွေးဝန်ကြီးသို့ ပေးစာ။

၁၀။ ။ငွေဒင်္ဂါးနှိပ်တံဆိပ် ဝယ်ယူရန် စေလွှတ်သူတို့ကို ကြည့်ရှုစောင်မည့် အကြောင်း။

၁၂၂၈ ခု၊ ပထမဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၆၆ ခု၊ ဇွန်လ ၂၅ ရက်နေ့။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၁၁။ ။တရားလို ကုလား သာရကျစ်၊ တရားခံ မိလုံး၊ မောင်ရွှေဝတို့ ယှက်တင်ရှိသည့် ငွေမှုကို ပြီးပြတ်အောင် စီရင်စေလိုသည့် အကြောင်း။

၁၂၂၈ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့[၂]။

အမိန့်တော်အရ လောင်းရှည်မြို့စားဝန်ကြီး မိန့်ဆိုမှတ်သားချက်။

၁၂။ ။ကျောက်စိမ်းတော် ဆောင်ယူ ကုန်ကျစရိတ်ငွေကို အခွန်ဝန်ထံ တောင်းယူ၍၊ ကျောက်စိမ်းတော်ကို သင်္ဘောတော်မှာ တင်ဆောင်ဆန်တက်ခဲ့ရမည် ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ စာပေးရမည့် အကြောင်းအရာ။

၁၂၂၈ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့[၂]။

ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ မကွေးမြို့စားဝန်ကြီးက ပေးစာ။

၁၃။ ။စရိတ်ငွေကို အခွန်ဝန်ထံ တောင်းယူ၍ ကျောက်စိမ်းတော်ကို သင်္ဘောတော်စီးတွင် မှတ်သားဆက်သလိုက်ရမည့်အကြောင်း။

၁၂၂၈ ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့[၃]။

မကွေးမြို့စားဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁၄။ ။လမ်းလိုမ့်သံလုံးဝယ်ရန် ငွေပေးအပ် စေလွှတ်လိုက်သူ သင်္ဘောတော်စီးကို ကြည့်ရှုစောင်မ ဝယ်ခြမ်းပေးလိုက်ပါမည့် အကြောင်းအရာ။

၁၂၂၈ ခု၊ ဝါခေါင်လ။

မကွေးမြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁၅။ ။ပတိမ်းစားငယ်၊ မြင်ကွန်းစားငယ်တို့ အရေးအတွင်း ရေလမ်း မပေါက်မရောက်ရှိ၍ စေလွှတ်တော်မူသည့် သင်္ဘောတော်တွင် အမြောက်လက်နက်နှင့်တကွ ပစ်လူပါ အစုံတင်၍ ပေးအပ်ဆန်တက် ပြန်လာစေမည့် အကြောင်း။

---

၁။ ၁၃ ဇွန် ၁၈၆၆    ၂။ ၁၀ ဇူလိုင် ၁၈၆၆    ၃။ ၂၁ ဇူလိုင် ၁၈၆၆

၁၂၂၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့[၁]။

စကြာယဉ်မွန် သဘော်တော်စီး၊ မြနန်းစကြာ သဘော်တော်စီးတို့သို့ ပေးစာ။

၁၆။ ။ အင်္ဂလိပ်ဝန်ကြီးတို့ သဘော်တော်တွင် အမြောက်လက်နက် တင်ပေးလိုက်ရန် စာကို ပေးပို့လိုက်ကြောင်း၊ အင်္ဂလိပ်ဝန်ကြီးက အမြောက်လက်နက် တင်ဆောင်မပေးလျှင် ငှားရမ်းတင်ယူရအောင် အခွင့်တောင်း၍ သဘော် ၂ စင်း မကွဲမကွာစေရ၊ အလျင်အမြန် လိုက်လာရမည့်အကြောင်း။

၁၂၂၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့[၁]။

လွှတ်တော်က ရေနံချောင်း အတွင်းဝန်သို့ ပေးစာ။

၁၇။ ။ လက်နက်တင်ဆောင်၍ ဆန်တက်ခဲ့စေရမည် သဘော်တော်စီးတို့ ဆင့်ဆိုရန်စာကို ပေါက်ရောက်အောင် ပို့ရမည့်အကြောင်း၊ သဘော်တော်ရောက်ကာလ ရာဇဝတ်ရေး လုံခြုံအောင် အတွင်းဝန်က ရွှေဘွားတော်အောက် ပို့ရမည့်အကြောင်း။

၁၂၂၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့[၁]။

အတွင်းဝန် ရေနံချောင်းမြို့စားသို့ ပေးစာ။

၁၈။ ။ စစ်ကိုင်းကြောင်း၊ မတ္တရာကြောင်း အညာမြစ်စဉ် တစ်လျှောက်ရှိ ပတိမ်းစားငယ် သူပုန်တို့ကို တိုက်ခိုက်ပျပ်ဝပ်ရှိကြောင်း၊ ရေနံချောင်းမြို့စားကလည်း အောက်မြစ်စဉ်တစ်လျှောက် ငြိမ်ဝပ်အောင် သိမ်းပိုက်ရမည့်အကြောင်းအရာ၊ ရွှေဘွားတော်အောက်သို့လည်း တပ်စေလွှတ် ချီတက်လာစေရမည့် အကြောင်း အရာ။

၁၂၂၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့[၁]။

ပခန်းမင်းကြီးက ပခန်းကြီး မြို့စစ်ကဲ၊ မြို့သူကြီးတို့သို့ ပေးစာ။

၁၉။ ။ စစ်ကဲမှာ လူ ၁၀၀၀ နှင့် ရွှေဘွားတော်အောက် ဆန်တက်ရမည့် အကြောင်းအရာ၊ မြို့သူကြီးမှာ မြို့တွင် စောင့်နေရမည့် အကြောင်းအရာ။

၁၂၂၀ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၂]။

စကြာယဉ်မွန် သဘော်တော်စီး၊ မြနန်းစကြာ သဘော်တော်စီးတို့ ဆင့်စာ။

၂၀။ ။ သဘော်သူကြီး ဇလီရပ်ကို စေလွှတ် စာပို့လာစေသည့် အကြောင်းအရာ၊ ရောက်လျှင် အလျင်အမြန် ဆန်တက်ခဲ့ရမည့်အကြောင်း၊ လမ်းတွင် မြင်ကွန်းစားငယ်တို့က နှောင့်ယှက်လျှင် နိုင်နင်းအောင် တိုက်ခိုက် ဖမ်းဆီး သတ်ညှစ်၍ ရေနန်းစကြာ သဘော်တော်ကို ဆောင်ယူခဲ့ရမည့် အကြောင်းအရာ။

၁၂၂၀ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၂]။

သဘော်တော်စီးများသို့ ထပ်မံ ပေးမှာစာ။

၂၁။ ။ လွှတ်တော်ဆင့်စာနှင့် တစ်ဦးတစ်ဦးက ပေါက်ရောက်လာလျှင် ဆင့်စာပါအတိုင်း ထမ်းရွက်၊ အလျင်အမြန် ဆန်တက်ခဲ့ရမည့် အကြောင်းအရာ။

---

## ၉၉ မှတ် ပုရပိုက်ထွက်။

၁၂၂၀ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့။

၁၈၆၆ ခု၊ ဇွန်လ ၆ ရက်နေ့။

၁။ ။ အင်္ဂလိပ်လူမျိုး လျော်ပြစ်ဆင် ခုတ်လုပ်သည့် သစ်များကို ထုတ်မျှောရန် သတ်မှတ်သည့် ဥပဒေ ၃။

၁၂၂၀ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့။

မင်းကြီးများ မိန့်ချက်။

၂။ ။ အင်္ဂလိပ်လူမျိုး လျော်ပြစ်ဆင် ခုတ်လုပ်သည့် သစ်များကို ထုတ်မျှောစေ မှာစာပေးအပ်ရန် လျော်ပြစ်ဆင်က စာနှင့် လျှောက်ထားရမည့် အကြောင်း။

၁။ ၂၅ ဩဂုတ် ၁၈၆၆ ၂။ ၂၇ ဩဂုတ် ၁၈၆၆

၁၂၂၈ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

အိမ်ရှေ့မင်း အမိန့်တော်အရ ရှေ့ဝင်းတော်မှူး ၉ ခရိုင်ဝန်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ်လူမျိုး လျော်ပြစ်ဆင် ခုတ်လုပ်သည့် သစ်များကို ထုတ်ယူရန် ဥပဒေမှတ်သားချက်များအရ မည်သို့ထုတ်ယူသည်၊ အစောင့်အနေ မည်သို့ထားသည်ကို လျှောက်ထားရမည့်အကြောင်း။

၁၂၂၈ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[၂]။

မှတ်တော်မူချက်။

၄။ ။ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ အင်္ဂလိပ်လူမျိုး လျော်ပြစ်ဆင် ခုတ်လုပ်သစ်များ ထုတ်ယူရန် ဥပဒေ ရင်းနှင့် တကွ မှာစာပေးရမည့် အကြောင်းအရာ။

၁၂၂၈ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့။

၅။ ။ အထက် ၄ မှတ်ပါ မှတ်တော်မူချက်ပါ အကြောင်းအရာနှင့် လွှတ်တော်က တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၂၂၈ ခု၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၆၇ ခု၊ မတ်လ ၁ ရက်နေ့။

ကိုယ်စားလှယ် ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၆။ ။ အင်္ဂလိပ်လူမျိုး လျော်ပြစ်ဆင် သစ်များ ထုတ်မျှောရန် ဥပဒေအရ အစောင့်အနေ မထား၍ သစ်များကို မထုတ်မမျှောရကြောင်း၊ ထုတ်မျှောရအောင် အစောင့်အနေ ထားပါမည့်အကြောင်း။

---

## ၁၀၀ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၃]။

၁၈၆၆ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၁။ ။ မန္တလေးမြို့က အပြန်တွင် နွားလှည်းများ ဝယ်ယူလာရာ နင်းကြမ်းမြို့ဝန်က နွားလှည်းများကို သိမ်းယူ၊ လူကိုလည်း ထောင်တွင် ချထား၊ ကြေးငွေကုန်ကျရှိသည့် တောင်ငူမြို့နေ ငကြွက်၊ ငမှတ်တို့ အမှုကို မှန်ရာ စစ်ဆေးစီရင်မည့် အကြောင်း။

၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၂။ ။ မြန်မာနယ်က စားပြလူပေါင်း ၂၀ တို့ အင်္ဂလိပ်နယ်သို့ ဝင်ရောက်တိုက်ခိုက်၊ ကျေးရွာ အများအပြား ပျက်စီးကြောင်း။ ၎င်းတို့ကို မြန်မာမင်းတို့ မဖမ်းမဆီးနိုင်လျှင် အင်္ဂလိပ်မင်းတို့က လူလက်နက်နှင့် နိုင်ငံတော်အတွင်း ထောက်လှမ်းဖမ်းဆီးရန် သဘောတူ မတူကို စာပြန်စေလိုသည့်အကြောင်း။

---

## ၁၀၁ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့[၄]။

မကွေးမြို့စား ဝန်ကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၁။ ။ မြင်ကွန်းစားငယ်နှင့် ပုန်ကန်ပုန်စား ပြုလုပ်ရာ ပါဝင်သူတို့ကို ဖမ်းဆီးရမိကြောင်း၊ ပန်းတိမ်းစားငယ်ကို လည်း ဖမ်းဆီးဆဲရှိကြောင်း၊ မကြာမီ အရေးပြေကုန် ပျပ်ဝပ်မည့်အကြောင်း။

---

၁။ ၈ ဇွန် ၁၈၆၆ ၂။ ၂ မတ် ၁၈၆၇ ၃။ ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဖြစ်မည်။ ၄။ ၁၉ အောက်တိုဘာ ၁၈၆၆

၁၂၂၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ ရွှေဒဂုံ၊ ရိုက်တံဆိပ်ဝယ်ရန် ဘင်္ဂလားမြို့သို့ စေလွှတ်သူ ကျွန်တော်မျိုး ဟာရီကို ကြည့်ရှုစောင်မမည့် အကြောင်း။

၁၂၂၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၃။ ။ ပန်းတိမ်းစားငယ်ကို ဖမ်းဆီးရမိ အရေးပြေကုန် ပျပ်ဝပ်ရှိကြောင်း။

၁၂၂၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

၁၈၆၆ ခု၊ အောက်တိုဘာလ ၇ ရက်နေ့[1]။

ရန်ကုန်မြို့ ဘာသာရေးသတင်းစာ မြန်မာပြန်ချက်။

၄။ ။ အင်္ဂလိပ်မင်းက လမ်းကြည့်စေလွှတ်သူ အင်္ဂလိပ်အရာရှိတို့ တရုတ်ပြည်သို့ သွားလာသည့် အကြောင်းအရာ။ (အကျယ်။)

၁၂၂၈ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[2]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ မြင်ကွန်းစားငယ်က အတင်းဖမ်းဆီးခေါ်ယူ လိုက်ပါရသူ တလုပ်မြို့ဝန်၊ ရွှေပြည်ရန်အောင် မြင်းစီးတို့မှာ အပြစ်မရှိ ထင်ကြောင်း။

၁၀၂ ပုရပိုက်ထွက်မှာ အရပ်ရပ် အကောက်အခွန် ကောက်ယူမှုနှင့်စပ်၍ ၁၂၂၈ ခု တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီးက ဆက်သသည့် စကားချက် ၂၀ သက်သက်ရှိ။

---

၁၀၃ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[3]။

၁။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက တင်ပေးသည့် မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နိုင်ငံ ဆက်ဆံပုံ အကြောင်းအရာ စာတမ်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့[4]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၂။ ။ ကုန်ရောင်းကုန်ဝယ် အကြောင်းအရာ၊ အကောက်အယူ အကြောင်းအရာ၊ အင်္ဂလိပ်မင်း မြန်မာမင်း ကျွန်တော်မျိုးတို့ အချင်းဖြစ်မှု စီရင်ပုံ အကြောင်းအရာ။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ၂ မှတ်ပေးစာအရ ပြန်ပေးစာ။

၃။ ။ ကုန်ရောင်းကုန်ဝယ် အကြောင်းအရာ၊ အကောက်အယူ အကြောင်းအရာ၊ အင်္ဂလိပ်မင်း မြန်မာမင်း ကျွန်တော်မျိုးတို့ အချင်းဖြစ်မှု စီရင်ပုံ အကြောင်းအရာများမှာ အရေးပိုင် ၂ ဦး ညှိနှိုင်း၍ နုတ်သင့်၊ သွင်းသင့်များ နုတ်သွင်းပြင်ဆင်မှ သင့်မည့်အကြောင်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၄။ ။ ပခန်းမင်းကြီးကို နှီးနှောပြောဆိုရန် တွေ့လိုသည့် အကြောင်းအရာ၊ ပခန်းမင်းကြီးက ပေးလိုက်သည့် စည်းကမ်းအချက်များကို တစ်စုံတစ်ရာ မပြင်ဆင်နိုင်သည့် အကြောင်းအရာ။

---

၁။ ၁၈၆၆ ခု၊ အောက်တိုဘာ ၃၀ ဖြစ်မည်။ ၂။ ၉ နိုဝင်ဘာ ၁၈၆၆ ၃။ ၁၆ နိုဝင်ဘာ ၁၈၆၆ ၄။ ၂၉ နိုဝင်ဘာ ၁၈၆၆

## ၁၀၄ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[1]။

သဘော်သူကြီး ကာလာဂရုတီက အင်္ဂလိပ်ဝန်ကြီးထံ အစီရင်ခံစာ။

၁။ ။ မြင်ကွန်းစားငယ် ပုန်ကန်ရာပါဝင်သည် ဘုန်းတော်ကြီးလှသော ဘုရားထံ မဟုတ်မလျား မလိုသူတို့ သံတော်ဦးတင်ကြသည်ကို ကျေလည်အောင် ရှင်းလင်းတင်လျှောက်လိုသည့် အကြောင်းအရာ။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[1]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၂။ ။ ကာလာဂရုတီက မြင်ကွန်းစားငယ် အရေးနှင့်စပ်၍ မေးမြန်းခံလိုကြောင်း လျှောက်ထားရှိသောကြောင့် ၎င်းကိုစစ်မေးလျှင် အပြစ်ရှိ မရှိ သိသာထင်ရှားမည့် အကြောင်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[1]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ သဘော်သူကြီး မာလကာကို မည်သည့်အပြစ်နှင့် မည်သို့စီရင်ကြောင်း၊ မည်သည့်နည်း သေဆုံးကြောင်း များကို ၎င်းဆွေမျိုးတို့ ကြားသိကျေနပ်ရန် စာပြန်စေလိုသည့် အကြောင်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့[2]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၄။ ။ သဘော်သူကြီး မာလကာကို ပန်းတိမ်းစားငယ်နှင့် ပုန်ကန်ရာပါဝင်မှု ထင်ရှား၍ ထောင်အကျဉ်းထားရာ၊ အလျောက် သေဆုံးကြောင်း။

၁၂၂၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[3]။

ပန်းတိမ်းစားငယ် အစစ်ခံချက်။

၅။ ။ သဘော်သူကြီး မာလကာက အမှုထမ်းလိုကြောင်း လျှောက်၍၊ ၎င်းကို ရွှေခွက်ဆွဲပြီးလျှင် မြို့တွင်းသို့ စေလွှတ်ကြောင်း။

၁၂၂၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

ပန်းတိမ်းစားငယ်လူ ငဘဲ၊ ငငြိမ်းတို့ အစစ်ခံချက်။

၆။ ။ သဘော်သူကြီး မာလကာကို ရွှေခွက်ဆွဲ၍ မြို့တွင်းသို့ စေလွှတ်သည်ကို ကြားသိသည့် အကြောင်းအရာ၊ ကျွန်တော်တို့ကို သားတော် ညောင်ရမ်းမင်းသားတပ်က ဖမ်းဆီးပို့အပ်၍ စစ်မေးခံရသည့် အကြောင်း အရာ။

၁၂၂၈ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[4]။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းဝန်ကြီးသို့ ပေးစာ။

၇။ ။ မြန်မာမင်းက အကောက်အခွန်များ မသိမ်းလျှင် အင်္ဂလိပ်မင်းကလည်း တောင်ငူမြို့တွင် အကောက် အခွန်များ ထပ်၍ ကောက်ခံမည့်အကြောင်း။

၁၂၂၈ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

၈။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက သဘော်သူကြီး ဒပွေရာနှင့်အတူ နန်းတော်သို့ ဝင်မည့်အကြောင်း ပခန်း မင်းကြီးသို့ ပေးစာ။

၁၂၂၈ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာ။

၉။ ။ မဟာမိတ်စာချုပ်အရ ခဲများ ဝယ်ယူသည့် ကုန်သည်တို့ကို ခဲခက်မရှိစေမည့် အကြောင်းအရာ

---

၁။ ၂၂ နိုဝင်ဘာ ၁၈၆၆ ၂။ ၆ ဒီဇင်ဘာ ၁၈၆၆ ၃။ ၂ နိုဝင်ဘာ ၁၈၆၆ ၄။ ၇ ဒီဇင်ဘာ ၁၈၆၆

၁၀၅ မှတ် ပုရပိုက်ထွက်။

၁။ ။ အင်္ဂလိပ်မင်းသို့ ပေးသည့် ပိဋကတ်သုံးပုံ ပါဠိတော်စာရင်းကျယ်။

၁၂၂၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့။

အင်္ဂလိပ်မင်းသို့ ပေးသည့် ရာဇသံ။

၂။ ။ နှစ်တိုင်းနှစ်ပြည် ရာဇမဟာမိတ် ဖြစ်သည်နှင့်အညီ ပိဋကတ်သုံးပုံ ပါဠိတော်ကို ပေးပို့လိုက်သည့် အကြောင်းအရာ၊ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာလည်း နှစ်ပြည်အကျိုးကို မျှော်ထောက်ထမ်းရွက်သူ ဖြစ်သည့် အကြောင်းအရာ။

၁၂၂၀ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် ဘုရင်မသို့ ပေးသည့် ရာဇသံ။

၃။ ။ ပိဋကတ်သုံးပုံကို ကိုးကွယ်ရန် ပေးပို့လိုက်သည့် အကြောင်းအရာ။ ပဲခူးနိုင်ငံ၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်ကြီးများတွင် အရေးလွှဲအပ် ခန့်ထားသူ ဖယ်ရာလည်း နှစ်ပြည် အကျိုးဖြစ်အောင် ထမ်းရွက်သည့် မှူးမတ်ကောင်း ဖြစ်သည့် အကြောင်းအရာ။

၁၂၂၀ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၄။ ။ ပေးပို့လိုက်သည့် ပိဋကတ်သုံးပုံပါဠိတော်ကို ဘုရင်မထံသို့ရောက်အောင် ပို့ဆက်ပါမည့် အကြောင်းအရာ။

---

၁၀၆ မှတ် ပုရပိုက်ထွက်။

၁၂၂၀ ခု၊ မြွာသိုလဆန်း ၁၂ ရက်နေ့[၂]။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ အင်္ဂလိပ်အရာရှိ ၄၊ နောက်ပါလူ ၅၀ နှင့် တောင်ငူမြို့က ရှမ်းပြည်၊ မဲခုံမြစ်ထိ သွားရောက်ကြည့်ရှုမည် ဖြစ်၍ မြန်မာအရာရှိ ဘက်ထည့်မည့်အကြောင်း၊ ဘက်ထည့်မည့် အရာရှိကိုလည်း တောင်ငူမြို့က စောင့်နေစေမည့် အကြောင်း၊ တားဆီးမရှိရအောင် လွှတ်တော်စာချွန် ပေးအပ်မည့်အကြောင်း။

၁၂၂၀ ခု၊ မြွာသိုလပြည့်ကျော် ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရာရှိများသို့ ပေးအပ်သည့်စာချွန်။

၂။ ။ မိုးနဲတပ် စစ်ကဲတို့နှင့် ဓော်ဘွားမြို့စား မြို့ဝန်တို့က အင်္ဂလိပ်အရာရှိတို့ကို တားဆီးမရှိ၊ အလိုရှိရာ သွားလာစေရမည့်အကြောင်း။ လှည်းလှေ ဆင်မြင်း အစားအစာများကိုလည်း အလိုရှိရာ ငှားရမ်းဝယ်ယူစေရမည့် အကြောင်း။

၁၂၂၀ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၄]။

တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ မဲခုံမြစ်ထိ အင်္ဂလိပ်အရာရှိများနှင့်အတူ လိုက်ပါစေမည့်သူ အဆောင်မြဲတို့ကို စေလွှတ်လာစေကြောင်း၊ ၎င်းတို့ မည်သည့်နေ့ ဆိုက်ရောက်၍ မည်သည့်နေ့ အင်္ဂလိပ်အရာရှိတို့နှင့် ထွက်သွားသည်ကို လျှောက်ထားရမည့် အကြောင်း။

၁၀၇ မှတ်ပုရပိုက်ထွက်မှာ နယ်ခြားတွင် မြန်မာမင်းများက အခွန်ကောက်ခံသည်ဖြစ်၍ အင်္ဂလိပ်မင်းကလည်း ကောက်ခံမည့်အကြောင်းနှင့် ၁၂၂၈ ခု တပို့တွဲလပြည့်ကျော် ၂ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပခန်းမင်းကြီးသို့ ပေးစာသက်သက်ရှိ။

---

၁။ ၁၉ ဒီဇင်ဘာ ၁၈၆၆ ၂။ ၁၆ ဇန်နဝါရီ ၁၈၆၇ ၃။ ၂၁ ဇန်နဝါရီ ၁၈၆၇ ၄။ ၅ ဖေဖော်ဝါရီ ၁၈၆၇

## ၁၀၈ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့[၁]။

အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံ မြန်မာပြန်ချက်။

၁။ ။ ပို့တော်မူသည့် ရာဇသံနှင့် ပိဋကတ်သုံးပုံကို အင်္ဂလိပ်နေပြည်တော်ရောက် ပို့မည့် အကြောင်းအရာ၊ အင်္ဂလိပ်မင်း ကိုယ်စားလှယ်က ၂ ပြည် အကျိုးဖြစ်ထွန်းရန် ကုန်အကောက်အခံနှင့် စပ်လျဉ်း တောင်းခံပြောဆိုသည့် အခွင့်ကို မြန်မာမင်းက သဘောမတူ အခွင့်မပြုသည့်အတွက် မကျေနပ်ရှိသည့် အကြောင်းအရာ။

၁၂၂၈ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၂။ ။ အခြားနိုင်ငံက နိုင်ငံတော်သို့ လာရောက်သည့်ကုန်၊ နိုင်ငံတော်က အခြားနိုင်ငံသို့ ထုတ်ယူသည့် ကုန်များ အပေါ်တွင် အကောက်အခွန် ကောက်ယူပုံ အကြောင်းအရာ။

၁၂၂၈ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၃။ ။ သီဟိုဠ်ကျွန်းသို့ ဆေးတော်ဝယ်ယူရန် စေလွှတ်သူ ဆရာဓမ္မက္ခန္ဓကို မဟာမိတ် ဖြစ်သည်နှင့်အညီ ကြည့်ရှုစောင်မမည့် အကြောင်း။

၁၂၂၈ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၂]။

သလေတင်ကို မေးချက်။

၄။ ။ အင်္ဂလိပ်ဝန်ကြီးသို့ ပေးရန်စာကို သလေတင် ပြသမေးမြန်းရာ သင့်ပါပြီ၊ ၎င်းစာကို ကျွန်တော်က ပို့ပါမည့်အကြောင်း၊ နောင် ပေးရန် စာများကိုလည်း ပို့မည့်အကြောင်း။

၁၂၂၈ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့[၃]။

ကိုယ်စားလှယ် ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ စစ်တကောင်းမြို့နယ် ဥဒိဖူရာမြို့နေ ကုလားမ ခါဆာဘီ၊ သမီး နုလဖ်၊ ချွေးမ အူလီဘီတို့ကို ချင်းတို့ ဖမ်းဆီးခေါ်သွား။ ကလေးမြို့နေ ငဆောင်းထံ ရောင်းစား၊ နှစ်အရှည် နှိပ်စက်စေခိုင်းခံရကြောင်း။ ချွေးမ အူလီဘီမှာ ရာဇဂြိုဟ်မြို့ မိခြုံအိမ်တွင် ကျန်ရစ်ကြောင်းများနှင့် လျှောက်ထားရှိ၍ ၎င်းတို့ကို ချမ်းသာအောင် မဟာမိတ် ဖြစ်သည့်အတိုင်း ပြုလုပ်ပါမည့် အကြောင်း။

၁၂၂၈ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့။

ပခန်းမင်းကြီးက ကိုယ်စားလှယ် သလေတင်သို့ ပေးမှာစာ။

၆။ ။ ချင်းတို့ ဖမ်းယူ ရောင်းစားခံရသူ ကုလားမ အူလီဘီတို့ကို ရွှေဘွားတော်အောက် ပို့လာရမည် ကလေးစော်ဘွားသို့ ဆင့်ဆိုရှိကြောင်း။

၁၂၂၈ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

လွှတ်တော်က ကလေးစော်ဘွားသို့ ပေးမှာစာ။

၇။ ။ မိခြုံအိမ်ရှိ ကုလားမ အူလီဘီကို မတွေ့မရ မရှိစေရ။ ကိုယ်နေ သက္ကရာဇ်ထွက်ငွေကို တောင်းခေါ်ပေးဆပ်၍ နေ့ရက်မရှည် ရွှေဘွားတော်အောက် ပို့လာရမည့် အကြောင်း။

၁၂၂၈ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၄]။

ကိုယ်စားလှယ် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၈။ ။ အင်္ဂလိပ်မင်းက ပို့ရောက်သည့် ရာဇသံများကို ကိုယ်တိုင်ဝင်ရောက် ဆက်သပါမည့် အကြောင်းအရာ၊ အခမ်းအနားများ အသင့်ရှိအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

---

၁။ ၂၁ မတ် ၁၈၆၇ ၂။ ၂၃ မတ် ၁၈၆၇ ၃။ ၇ ဧပြီ ၁၈၆၇ ၄။ ၁၄ မတ် ၁၈၆၇

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ကိုယ်စားလှယ် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၉။ ။ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ ဘိလပ်သို့ ပြန်သွားသည့်နောက် ကာရနယ်အာရဘက်ဖိုက်ကို ကိုယ်စားလှယ် ခန့်ထားသည့် အကြောင်းအရာ။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

၁၈၆၇ ခု၊ မတ်လ ၃၀ ရက်။

ကပ္ပိတန် သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၁၀။ ။ မြန်မာနယ်က လူပေါင်း ၆ ယောက် အင်္ဂလိပ်နယ်သို့ ဝင်ရောက်တိုက်ခိုက်ကြောင်း၊ ၎င်းတို့ကို ထောက်လှမ်းဖမ်းဆီး နိုင်နင်းအောင် ဆင့်ဆိုစီရင်ပါသည့် အကြောင်း၊ ၎င်းတို့ စာရင်းကိုလည်း ပေးပို့လိုက်ကြောင်း။ (က) သလေတင်က ပို့ရောက်သည့် ဓားပြစာရင်း။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၁၁။ ။ အင်္ဂလိပ်နယ်သို့ ကူးရောက်တိုက်ခိုက်သည့် ဓားပြများကို စီရင်စု နယ်မြေအတွင်း ဝင်ရောက်ရှိနေလျှင် ဖမ်းဆီး၍၊ ရမိသူတို့ကို စာရင်းနှင့်တကွ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

လွှတ်တော်က မြစ်စဉ်စစ်ကဲသို့ ပေးမှာစာ။

၁၂။ ။ နယ်စပ်တွင် ကြောင်းရာထူးထွေရှိလျှင် တစ်ဦးကိုသာတစ်ဦး ပြောဆိုပြီးပြတ်မည်။ မပြီးမပြတ်ရှိမှသာ အရေးပိုင်ကြီးထံ လျှောက်ထားမည်။ အင်္ဂလိပ်အရာရှိတို့ ပြောဆိုကတိထားရင်းအတိုင်း ဖြစ်စေရန် အင်္ဂလိပ် အရာရှိတို့ကို စစ်ကဲတို့က ပြောဆိုရမည့်အကြောင်း။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၁၃။ ။ မြန်မာနယ်တွင် တိုက်ခိုက်၍ အင်္ဂလိပ်နယ်သို့ ကူးသွားသည့် ဓားပြတို့ မည်သည့်နေ့၊ မည်သူကို တိုက်ခိုက်၍၊ မည်သည့်နေ့ ကူးသွားသည်များကို အသေအချာ မှတ်သားလျှောက်ထားရမည့်အကြောင်း။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

တောင်တွင်းကြီး၊ စလင်း၊ ကျပင်း ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၄။ ။ မြန်မာနယ်တွင် တိုက်ခိုက်၍ အင်္ဂလိပ်နယ်သို့ ကူးသွားသည့် ဓားပြတို့ မည်သည့်နေ့၊ မည်သူကို တိုက်ခိုက်၍၊ မည်သည့်နေ့ ကူးသွားသည်များကို အသေအချာ မှတ်သားလျှောက်ထားရမည့်အကြောင်း။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၅။ ။ မြန်မာနယ်တွင် တိုက်ခိုက်၍ အင်္ဂလိပ်နယ်သို့ ကူးသွားသည့် ဓားပြတို့ မည်သည့်နေ့၊ မည်သူကို တိုက်ခိုက်၍၊ မည်သည့်နေ့ ကူးသွားသည်များကို အသေအချာ မှတ်သားလျှောက်ထားရမည့်အကြောင်း။

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၃]။

အထောက်တော် အဆောင်မြဲ ငကံ၊ ငချက်တို့ သံတော်ဦးတင်ချက်။

၁၆။ ။ မြင်ကွန်းစားငယ်၊ ကြယ်ဘိုးကြီး၊ ကြယ်ဘိုးကလေးတို့နှင့် ပေါင်းမိသည် ကြားသိရကြောင်း။

၁၂၂၀ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့[၄]။

ဇန္တာဝတ် ဂေါ်ရင်ဘက်တို့ ခံဝန်ချက်။

၁၇။ ။ တောင်ငူ သစ်တောထွက် သစ်များအပေါ်တွင် အကောက်တော်များကို လွှတ်တော်က ဆင့်ဆိုရာ နာခံထမ်းဆောင်ပါမည့် အကြောင်းအရာ။

---

၁။ ၂၀ မတ် ၁၈၆၇   ၂။ ၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ဖြစ်မည်။   ၃။ ၃၁ မတ် ၁၈၆၇   ၄။ ၇ မတ် ၁၈၆၇

၁၂၂၀ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၁]။

အင်္ဂလိပ်ကုန်သည်ကြီး ကလေမံဝီလျံသို့ ပေးအပ်သည့်စာချွန်။

၁၈။ ။ ကလေမံဝီလျံသို့ မှာစာပေးအပ် စုန်မျှောစေသည့် သစ်များကို တားဆီးကောက်ခံမရှိ စုန်မျှောစေရမည့် အကြောင်းအရာ။

၁၂၂၀ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၆၇ ခု၊ ဧပြီလ ၆ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၁၉။ ။ ကာလာဂရုတီနှင့် ဘုန်းတော်ကြီးလှူသောဘုရား အယုက်အတင်ရှိသည့် ကုန်ဖိုးငွေ၊ အခွန်ဝန် မူလာ အီဗျာဟင်နှင့် ရေနံမှ ဖြတ်စွာထွက်ငွေများကို နေ့ရက်မကြာ ရှင်းလင်းပါမည့်အကြောင်း။

---

## ၁၀၉ မှတ် ပုရပိုက်ထွက်။

၁၂၂၀ ခု၊ တန်ခူးလဆန်း ၅ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၁။ ။ ကုန်အဖိုးထားနှုန်းစာရင်း မပို့သည့်အကြောင်း၊ ကာလာဂရုတီနှင့် အခွန်ဝန် မူလာတို့ ဖြတ်စာထွက်ငွေမှုကို ပြီးပြတ်အောင် မစီရင်သည့် အကြောင်းများကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၂၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့[၂]။

သလေတင်က ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၂။ ။ လွှတ်တော် မှာစာနှင့်သွားသူ သင်္ဘောသူကြီး အန္တရီနေ့တွင် ပါသည့် ဆောင်စားလွယ် ၁ ကို ကျောက်တစ်လုံးကင်းတော်က သိမ်းယူထားသည်ကို စီရင်စေလိုသည့် အကြောင်းအရာ။

**၁၁၀ မှတ်ပုရပိုက်ထွက်**မှာ ၁၂၂၈ ခုနှစ်၊ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာ ရွှေဘွားတော်အောက် လာရောက်ရာ နောက်ပါအရာရှိ စာရင်းများနှင့်တကွ ၎င်းတို့ကို ကျွေးမွေးပြုစုသည့်စရိတ် စာရင်းသက်သက်ရှိ။

**၁၁၁ မှတ်ပုရပိုက်ထွက်**မှာ ပြင်သစ်မြို့ အက္ကရှုပိစီရုံသို့ အပါးတော်ရှိ အမတ်တို့ကို အရပ်ရပ် ဆန်းကြယ်သော ပစ္စည်းများနှင့် စေလွှတ်တော်မူရန် သင့်ကြောင်းကို ကုန်စရိတ် စာရင်းနှင့်တကွ ၁၂၂၈ ခု သီတင်းကျွတ်လဆန်း ၅ ရက်နေ့၊ ပြင်သစ်နိုင်ငံရှိ ပညာတော်သင် ငရွှေမြိုးက အိမ်ရှေ့မင်းထံ သံတော်ဦးတင်စာ သက်သက်ရှိ။

---

## ၁၂၂၉ ခုနှစ်။

## ၁၁၂ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့[၃]။

အမိန့်တော်။

၁။ ။ ရတနာမျိုးနှင့် စပ်သည့် ကုန်တော်များပြင် လက်ဖက်ကုန်၊ ထန်းလျက်ကုန်များနှင့် ကျန်ကုန်များကို ၁၀ နှစ်အတွင်း ကုန်တော် မပြုမလုပ်။ ရတနာပုံ အကောက်တော်များမှစ၍ အရပ်ရပ် အကောက်တော် များကို လျှော့ကြောင်း။

၁၂၂၉ ခု၊ တန်ခူးလပြည့်ကျော် ၁ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ ကုန်အကောက်အခံနှင့် စပ်၍ ထုတ်ပြန်တော်မူသည့် အမိန့်တော်ကို ပေးပို့သည့် အကြောင်းအရာ။

---

၁။ ၂၄ မတ် ၁၈၆၇ ၂။ ၁၂၂၉ ခု နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်သည် ၂၃ ဧပြီ ၁၈၆၇ ဖြစ်မည်။ ၃။ ၁၆ ဧပြီ ၁၈၆၇

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့။

၁၈၆၇ ခု၊ မတ်လ ၃ ရက်[၁]။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ မြန်မာနယ်က အင်္ဂလိပ်နယ်သို့ ဝင်ရောက်တိုက်ခိုက်သည့် ဓားပြများကို နိုင်နင်းအောင် စီရင်မည့်အကြောင်း။ (က) ဓားပြများစာရင်း။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၂]။

လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၄။ ။ အင်္ဂလိပ်နယ်သို့ ဝင်ရောက်တိုက်ခိုက်သည့် ဓားပြများ စီရင်စုနယ်တွင် ရှိနေလျှင် ဖမ်းဆီးရမည့်အကြောင်း၊ ရမိလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

## ၁၁၃ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၃]။

အဝါနစ်ထံ သလေတင်က ပေးသည့် အင်္ဂလိပ်စာ မြန်မာပြန်ချက်။

၁။ ။ နယ်စပ်တွင် ကုန်အကောက်အခံ စာချုပ်ကို နှစ်ဦးညှိနှိုင်း အသစ်ပြင်ဆင် ချုပ်ဆိုလျှင် နှစ်ဦးအကျိုး ရှိမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၃]။

အင်္ဂလိပ်မင်းသို့ ပေးသည့် ရာဇသံ။

၂။ ။ အကောက်အခွန်များ ကောက်ခံရန် စာချုပ်ကို နှစ်တိုင်းနှစ်ပြည် အကျိုးရှိအောင် နှစ်ဦးညှိနှိုင်း၍ ထပ်မံ စာချုပ်စေမည့် အကြောင်း၊ အရေးပိုင်ကြီးနှစ်ဦး ညှိနှိုင်းရေးသားသည့် ချုပ်ရန်စာ ၁၃ ချက်ကိုလည်း ပေးပို့ကြောင်း။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၃]။

၃။ ။ အရေးပိုင်ကြီးနှစ်ဦး ညှိနှိုင်းရေးသားကြသည့် ကုန်အကောက်အခံ စာချုပ် ၁၃။

---

## ၁၁၄ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၄]။

ပခန်းကြီးမြို့စား မင်းကြီးက ကိုယ်စားလှယ် သလေတင်သို့ ပေးစာ။

၁။ ။ ၁၂၂၉ ခုနှစ် ကုန်ကောက်ခံမှုနှင့်စပ်၍ ထုတ်ပြန်တော်မူသည့် အမိန့်တော်အတိုင်း ရွှေဘွားတော်အောက်က အကောက်လက်မှတ်ပေးပြီး အရပ်ရပ်ကုန်များ အပေါ်တွင် ထပ်မံ ကောက်ခံမရှိ လွတ်ငြိမ်းစေမည့် အကြောင်း။

၁၂၂၉ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၄]။

သလေတင်က ပခန်းကြီးမြို့စား မင်းကြီးသို့ ပေးစာ။

၂။ ။ ကုန်အကောက်အခံနှင့်စပ်၍ မကွဲမပြားရှိသည်၊ ထပ်မံ စာပေးရမည် မဟာဝန်ရှင်တော်မင်းကြီး အမိန့်အရ မှာထားသည့် အကြောင်းအရာ။

---

၁။ ၃ မေ ၁၈၆၇ ဖြစ်မည်။ ၂။ ၇ မေ ၁၈၆၇ ၃။ ၁၂ မေ ၁၈၆၇ ၄။ ၂၂ ဇွန် ၁၈၆၇

## ၁၁၅ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၆၇ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

ကိုယ်စားလှယ် သလေတင်က ပခန်းကြီးမြို့စား မင်းကြီးကို ပေးစာ။

၁။ ။ ရာဇသံနှင့်အတူ ပေးလိုက်သော ကုန်အကောက်အခံချုပ်ရန်စာ ၁၃ အနက် ပဉ္စမနှင့် ဆဋ္ဌမ အချက်များကို အရေးပိုင်မင်းကြီး သဘောမတူ၍ ၎င်းအချက်ကို ပယ်နိုင်မည်၊ မပယ်နိုင်မည် စာပြန်မည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့။

ပခန်းမင်းကြီးက ကိုယ်စားလှယ် သလေတင်သို့ ပေးစာ။

၂။ ။ ရာဇသံနှင့်အတူ ပေးလိုက်သည့် ကုန်အကောက်အခံစာချုပ် ၁၃ မှာ နှစ်တိုင်းနှစ်ပြည် အကျိုးကိုမျှော်၍ အရေးပိုင်ကြီးနှစ်ဦး ကြည့်ရှုစဉ်းစားရန် ညှိနှိုင်းရေးသားကာမျှသာ ဖြစ်ကြောင်း။

---

## ၁၁၆ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့[1]။

လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၁။ ။ အင်္ဂလိပ်ဝန်ကြီး ဆန်တက်လာရာ ပွဲသဘင်ခင်းကျင်းကြိုယူ ကျွေးမွေးပြုစုရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့[1]။

ရေနံချောင်း၊ ဝက်မစွတ် ၂ မြို့ဝန်သို့ ပေးမှာစာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီး ဆန်တက်လာရာ ပွဲသဘင်ကျင်းပ ကြိုယူ ကျွေးမွေးပြုစုရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[2]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ်မင်း ကိုယ်စားလှယ်က အင်္ဂလိပ် ကျွန်တော်မျိုးချင်း ဖြစ်ပွားတရားမှုကို စီရင်ရန်၊ မြန်မာမင်းက ကိုယ်စားလှယ် ထားသော်လည်း တရားတပေါင် စီရင်ရန်၊ အကောက်အခွန် လျှော့ရန်များကို ဘုန်းတော်ကြီးလှသော ဘုရားက သဘောတူတော်မူမည့် အကြောင်းအရာ။

---

## ၁၁၇ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

၁၈၆၇ ခု၊ ဇူလိုင် ၂၄ ရက်နေ့။

ကိုယ်စားလှယ် သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ကလာဂရတီထံ ရရန်ငွေရှိ၍ အစ်ကို ကလေမံဝီလျံ အတွက် လျှောက်တောင်းလာသူ ဟာဝစ်ဝီလျံကို မချုပ်ထားသင့်ဘဲ ချုပ်ထားမှုကို ရှင်းလင်းစေလိုသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[3]။

၂။ ။ ဝန်ရှင်တော်မင်းကြီးများ စုံညီ ဆရာဝီလျံကို ရှင်းလင်းစေသည့် သဘော်ာတော်ဖိုးငွေ အပေးအဝင် မှတ်သားချက်။

၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[4]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၃။ ။ ကလေမံဝီလျံ ငွေမှုကို ရှင်းလင်းစေသူ စာရေးကြီး နေမျိုးသီဟသူက ဆောင်ရွက်သူ ဟာဝစ်ဝီလျံကို ထုံးစံအတိုင်း ချုပ်ကိုင်တောင်းဆိုသင့်သော်လည်း မတောင်းမဆို၊ ခံဝန်လက်မှတ်သာ ရေးထိုးပြန်သွားစေသည် လျှောက်ထားရှိသည့် အကြောင်းအရာ။

---

၁။ ၈ ဇူလိုင် ၁၈၆၇ ၂။ ၂၀ ဇူလိုင် ၁၈၆၇ ၃။ ၁၀ ဩဂုတ် ၁၈၆၇ ၄။ ၁၅ ဩဂုတ် ၁၈၆၇

### ၁၁၈ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၁]။

တောင်ခွင် ပဌနဂိုရ် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲက လွှတ်တော်သို့ လျှောက်စာ။

၁။ ။ ကျောက်တိုင် တောင်ဘက်က ကျောက်တိုင် မြောက်ဘက်သို့ ကူးဝင်တိုက်ခိုက်သည့် ဓားပြစာရင်းကို တင်ပို့သည့် အကြောင်းအရာ၊ မြေထဲမြို့နှင့်ဆိုင်သည့် တိုက်မှုများကို အင်္ဂလိပ်အရာရှိတို့နှင့် ညှိနှိုင်းစီရင်ကြသည့် အကြောင်းအရာ၊ မြို့ရွာငြိမ်ဝပ်သည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင် ကိုယ်စားလှယ် သလေတင်သို့ ပေးစာ။

၂။ ။ ထပ်မံချုပ်ဆိုရန် စာ ၁၃ အနက် ပထမချက်၊ ပဥ္စမချက်များကို ညှိနှိုင်းတိုင်ပင် ပြင်ဆင်ချုပ်ဆိုမည့် အကြောင်း။

(က) ပြင်ဆင်ချုပ်ဆိုမည့် ပထမနှင့် ပဥ္စမ စာချုပ်ချက် ၂။

---

### ၁၁၉ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၃]။

၁။ ။ စာချုပ်ကို ပြင်ဆင်သည့်အတိုင်း ဘုန်းတော်ကြီးလှသောဘုရား သဘောတူတော်မူသည်ကို သဘောကျကြောင်းနှင့် အင်္ဂလိပ် ဘုရင်ခံမင်းက ပေးသည့် ရာဇသံ။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၃]။

၂။ ။ ပို့တော်မူသည့် ရာဇသံနှင့် ထပ်မံချုပ်ရန် စာများကိုရ၍ ဝမ်းမြောက်ကြောင်းနှင့် ဘုရင်မ တိုင်ပင်ခံစဲ့ဂျွန်လော်ရင်က မြန်မာမင်းထံ တင်လျှောက်စာ။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၄]။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ ခလာသီတို့ကို ယူစေသည့် အသုံးအစွဲထည့် သေတ္တာများကို သင်္ဘောဆင်းတွင် အတင်းဖွင့်လှစ်ကြည့်ရှုမှု၊ ခလာသီတစ်ယောက်ကိုလည်း ထားဝယ်ဗိုလ်က မရိုက်သင့်ဘဲ ရိုက်နှက်မှုများကို ရှင်းလင်းစေလိုသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၄]။

အမိန့်တော် မှတ်သားချက်။

၄။ ။ ထားဝယ်ဗိုလ် အကြောင်းနှင့် သလေတင် ပေးစာအရ ပြီးပြတ်အောင် စီရင်မည် စာပြန်ပေးစေရမည့် အကြောင်း။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၄]။

သလေတင်သို့ ပခန်းကြီးမြို့စား မင်းကြီးက ပေးစာ။

၅။ ။ ထားဝယ်ဗိုလ်ကို မေးမြန်း၍ ထိုက်သက်ရာ စီရင်မည့်အကြောင်း။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ အင်္ဂလိပ်မင်းက ပို့ရောက်သည့် ရာဇသံကို ထုံးစံရှိရာ ကြိုယူပါမည့် အကြောင်း။

---

၁။ ၁၅ ဩဂုတ် ၁၈၆၇ ၂။ ၂၀ ဇူလိုင် ၁၈၆၇ ၃။ ၄ စက်တင်ဘာ ၁၈၆၇ ၄။ ၁ စက်တင်ဘာ ၁၈၆၇

## ၁၂၀ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[1]။

ပခန်းကြီးမြို့စား မင်းကြီးက သလေတင်သို့ ပေးစာ။

၁။ ။ ရေနန်းစကြာ သဘော်တော်ကို အကြောင်းမရှိ၊ တောကျောင်းမြို့က တားဆီးရှိ၍ နောင် သည်ကဲ့သို့ မရှိစေရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[2]။

ပခန်းကြီးမြို့စား မင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ ကန္တဘွယ်ခေါ် ကြားသဘော် အာဏာတော်ကို ကျူးလွန်စုန်ဆန်ကြောင်း လျှောက်ထားရှိ၍ နောင် သည်ကဲ့သို့ မရှိစေရအောင် ဆင့်ဆိုမည့်အကြောင်း။

---

## ၁၂၁ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။

သဘော်တော်စီး အစ္စမ်ဟင်ကို မေးချက်။

၁။ ။ အတူလာသည့် ကန္တဘွယ်ခေါ် သဘော်ကိုသာ လက်မှတ်ပေးအပ် ဆန်တက်စေသည့် အကြောင်းအရာ၊ ရေနန်းစကြာ မီးသဘော်တော်ကို ရက်ဆိုင်း ဆန်တက်စေသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့။

မလွန်မင်းလှရေစစ် အဆောင်မြဲ ငကံရကို မေးချက်။

၂။ ။ ကန္တဘွယ်ခေါ် ကြားသဘော် အာဏာတော်ကျူးလွန်၊ အတင်းစုန်ဆန် သွားလာသည့် အကြောင်းအရာ။

၁၂၂ မှတ်ပုရပိုက်ထွက်မှာ ကရစ္စမ်ကုမ္ပဏီထံ သမ္ဘန်တော်ဖိုး ပိုငွေ ၇၆၀၀ ကို ထုံးစံရှိရာ တောင်းခံပြန်ပေးစေမည့်အကြောင်းနှင့် ၁၂၂၉ ခု တော်သလင်းလဆန်း ၂၅ ရက်နေ့၊ ပခန်းကြီးမြို့စား မင်းကြီးက သလေတင်သို့ ပေးစာနှင့် သမ္ဘန်တော်ဖိုး ငွေစာရင်း သက်သက်ရှိ။

---

## ၁၂၃ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့[3]။

လွှတ်တော်က ပုပ္ပားမြို့ဝန်ထောက်သို့ ပေးစာ။

၁။ ။ ရွှေဘွားတော်အောက်သို့ အင်္ဂလိပ်ဝန်ကြီး ဆန်တက်လာသည့်အခါ အတူလိုက်ပါခဲ့ရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့[3]။

အောက်မြစ်စဉ်ဝန်တို့သို့ လွှတ်တော်က မှာစာ။

၂။ ။ ပုပ္ပားမြို့စား ဝန်ထောက်က အင်္ဂလိပ်ဝန်ကြီး လာမည့်အကြောင်းကို ရှေ့လွန်လူ စေလွှတ်ဆင့်ဆိုသည် ဖြစ်စေ၊ ထောက်လှမ်းကြားသိ၍ ဖြစ်စေ၊ လွှတ်တော်က ဆင့်ဆိုသည့်အတိုင်း အသင့်ရှိစေရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့[4]။

လွှတ်တော်က ပုပ္ပားမြို့စား ဝန်ထောက်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ်အရေးပိုင်ကြီး ဆန်တက်လာရာ ဝန်ကြီး ဝန်ထောက် အရာရှိတို့ စစ်ကိုင်းမြို့ သံတဲ ရောက်သွား၍ နှုတ်ခွန်းဆက်စေ အမိန့်တော်အရ သံကြိုစေလွှတ်မည့် အကြောင်းအရာ၊ အရေးပိုင်ကြီးကို သံတဲတွင် လက်ခံပြုစုရန် အကြောင်းအရာ။

---

၁။ ၆ စက်တင်ဘာ ၁၈၆၇ ၂။ ၈ စက်တင်ဘာ ၁၈၆၇ ၃။ ၁၉ စက်တင်ဘာ ၁၈၆၇ ၄။ ၆ အောက်တိုဘာ ၁၈၆၇

၁၂၄ မှတ်ပုရပိုက်ထွက်မှာ ၁၂၂၉ ခု သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ အင်္ဂလိပ်ဝန်ကြီးနှင့် အရာရှိတို့ အဖူးအမြော်ဝင်ရာ ဆက်သသည့် ရှိခိုးလက်ဆောင်တော်စာရင်း၊ ၎င်းတို့သို့ အထိုက်အလျောက် သနားတော်မူသည့် အကွင်းအခြည် အထည်အလိပ်စာရင်း။ အရေးပိုင်ကြီးက မိဖုရားများ ဆက်သသည့် လက်ဆောင်စာရင်း၊ ၎င်းတို့သို့ သနားတော်မူသည့် အကွင်းအခြည်စာရင်း။ အရေးပိုင်ကြီးက ဝန်ရှင်တော်မင်းကြီးများ ပေးသည့် လက်ဆောင်စာရင်း၊ ၎င်းတို့က တုံ့ပြန်သည့် လက်ဆောင်စာရင်း သက်သက်ရှိ။

---

## ၁၂၅ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့[1]။

### အမိန့်တော်။

၁။ ။ တရုတ်ပြည်နှင့် မြန်မာပြည်စပ်ကြား လမ်းအကြည့်အရှု သွားလာသူ အင်္ဂလိပ်အရာရှိတို့ကို စော်ဘွားမြို့စား မြို့ဝန် စစ်ကဲတို့က တားဆီးမရှိ သွားလာစေရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[2]။

### ကပ္ပိတန်သလေတင်က ပခန်းကြီးမြို့စား မင်းကြီးသို့ ပေးစာ။

၂။ ။ မြန်မာပြည်နှင့် တရုတ်ပြည်စပ်ကြား လမ်းအကြည့်အရှုသွားရာ ဗန်းမော်မြို့မှာ နေ့ရက် မရှည်မကြာရအောင် လားကောင်ရေ ၁၀၀ နှင့် အလိုရှိသည့် အစားအသောက်များကို အသင့်ရှိနှင့်စေအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့။

၁၈၆၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့[3]။

### သလေတင်က ပခန်းကြီးမြို့စား မင်းကြီးသို့ ပေးစာ။

၃။ ။ အထက်မြစ်စဉ်တစ်လျှောက် မြို့များတွင် သင်္ဘောမီးထိုးထင်းများ အသင့်ရှိနှင့်စေအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[4]။

### သလေတင်က ပခန်းကြီးမြို့စား မင်းကြီးသို့ ပေးစာ။

၄။ ။ အထက်မြစ်စဉ် မြို့ရွာများက တားဆီးမရှိ၊ အလိုရှိသည့် လှည်း၊ လှေ၊ ဆင်၊ မြင်းများနှင့် လူများ အစားအစာကို တန်ဖိုးပေး ငှားရမ်းဝယ်ယူ အသင့်ရအောင် လွှတ်တော်စာချွန် ရလိုသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[5]။

### ဆင့်ဆိုသည့် မှတ်သားချက်။

၅။ ။ အင်္ဂလိပ်ဝန်ကြီး ပြန်သွားရာ မြစ်စဉ် မြို့ရွာများသို့ မဆင့်ဆိုဘဲ မလွန်မြို့ရောက် အရာရှိ လိုက်ပို့စေ၍ အရေးပိုင်ကြီး အလိုရှိရာ ပြည့်စုံအောင် ဆင့်ဆိုပေးကမ်း ပြုစုရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၆၇ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။

၆။ ။ ပခန်းမြို့စား မင်းကြီးနှင့် အင်္ဂလိပ်ဝန်ကြီးတို့ သဘောတူညှိနှိုင်း ချုပ်ဆိုသည့် ကုန်အကောက်အခွန်စာချုပ် ၁၃ ချက်။

၁၂၂၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၆၇ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။

### အင်္ဂလိပ်ဝန်ကြီး သဘောတူ လက်မှတ်ထိုးချက်။

၇။ ။ အင်္ဂလိပ်မင်း မြန်မာမင်းတို့ မဟာမိတ်အဖြစ် တည်သမျှ ကာလပတ်လုံး စာချုပ်ပါ သဘော်၊ လက်နက်ကိရိယာများကို ဝယ်ခြမ်းရန်ကို သဘောမတူမရှိ၊ အလိုရှိရာ ဝယ်ယူပါစေမည့် အကြောင်းအရာ။

---

၁။ ၂၇ အောက်တိုဘာ ၁၈၆၇ ၂။ ၃၁ ဒီဇင်ဘာ ၁၈၆၇ ၃။ ၅ ဇန်နဝါရီ ၁၈၆၈ ဖြစ်မည်။ ၄။ ၂၈ အောက်တိုဘာ ၁၈၆၇

**၁၂၂၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။**

ဗန်းမော်မြို့ဝန်၊ အညာမြစ်စဉ် မြို့ဝန်တို့ကို လွှတ်တော်က ပေးမှာစာ။

၈။ ။ နိုင်ငံတော်နှင့် တရုတ်ပြည်စပ်ကြား လမ်းအကြည့်အရှုသွားသူ အင်္ဂလိပ်အရာရှိတို့ကို အလိုရှိရာ သွားလာစေရမည့်အကြောင်း၊ ၎င်းတို့ အလိုရှိသမျှကို ပြည့်စုံအောင် ကြည့်ရှုပေးကမ်းရမည့် အကြောင်း။

---

## ၁၂၆ မှတ် ပုရပိုက်ထွက်။

**၁၂၂၉ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၂]။**

လွှတ်တော်က အောင်ပင်လယ် လမိုင်းဝန်သို့ မှာစာ။

၁။ ။ အမိန့်တော်နှင့် ရှမ်းပြည် မြို့ရွာများသို့ လှည့်လည်သွားလာစေသူ ရန်ကုန်မြို့ အမေရိကန် စာသင်ဆရာကြီး ကူရှင်တို့ကို တားဆီးမရှိ သွားလာစေရမည့် အကြောင်းအရာ။

**၁၂၂၉ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၂]။**

အမေရိကန် ဆရာကြီးတို့သို့ ပေးအပ်သည့် လွှတ်တော်စာချွန်။

၂။ ။ မိုးနဲတပ် စစ်ကဲ၊ စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ မြို့အုပ်၊ မြို့ထိန်းတို့က အမေရိကန်ဆရာကြီး ကူရှင်တို့ကို တားဆီးမရှိ သွားလာစေရမည့် အကြောင်းအရာ။

**၁၂၂၉ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့။**

**၁၈၆၇ ခု၊ ဒီဇင်ဘာလ ၂၅ ရက်နေ့[၃]။**

သလေတင်က ပခန်းကြီးမြို့စား မင်းကြီးသို့ ပေးစာ။

၃။ ။ ရန်ကုန်မြို့ အမေရိကန် သာသနာပြုဆရာကြီး ၂ ယောက် နောက်ပါလူများနှင့် ရှမ်းပြည် မြို့ရွာများသို့ သွားလာရာ တားဆီးမရှိရန် လွှတ်တော်စာချွန် ရလိုသည့် အကြောင်းအရာ။

**၁၂၂၉ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၂]။**

အမိန့်တော် မှတ်သားချက်။

၄။ ။ သလေတင်က ပခန်းမင်းကြီးထံ ပေးစာအရ အမေရိကန် ခင်ကြီးများကို တားဆီးမရှိ ဆင့်ဆိုသွားလာစေရမည့် အကြောင်းအရာ။

**၁၂၇** မှတ်ပုရပိုက်ထွက်မှာ နယ်စပ်ပယ်စပ်တွင် ခိုးမှုတိုက်မှု အကြောင်းအရာ အလွန်များပြားရှုပ်ထွေးသည်နှင့် နှစ်ဖက်စီရင်သာအောင် ဥပဒေကို ရေးသား၍ အင်္ဂလိပ်အစိုးရတို့ထံ ပေးပို့ကြောင်း၊ ၎င်းဥပဒေကိုလည်း သိတော်မူသာအောင် တင်ပို့ကြောင်းများနှင့် ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၁ ရက်နေ့၊ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လွှတ်တော်သို့ တင်လျှောက်စာနှင့် လျှောက်ရာပါ ဥပဒေများ သက်သက်ရှိ။

**၁၂၈** မှတ်ပုရပိုက်ထွက်မှာ တရုတ်ပြည်နှင့် မြန်မာပြည်အကြား လမ်းအကြည့်အရှုလာသူ အင်္ဂလိပ်အရာရှိတို့ကို အလိုရှိရာ သွားလာကြည့်ရှုစေရမည့်အကြောင်း၊ ၎င်းအရာရှိတို့ကို တားဆီးမရှိ ကြည့်ရှုစောင်မမည့် အကြောင်းများနှင့် တရုတ်ပြည် ဗိုလ်မှူး၊ မြို့ဝန်များနှင့် တာလိမြို့ ဗိုလ်ချုပ်၊ မိုးမျဉ်းမြို့ ဗိုလ်ချုပ်၊ မြို့ဝန် အရာရှိတို့သို့ ဗန်းမော်မြို့ဝန်က ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၃ ရက်နေ့၊ ပေးစာ သက်သက်ရှိ။

---

၁။ ၂၀ နိုဝင်ဘာ ၁၈၆၇ ၂။ ၂၀ ဒီဇင်ဘာ ၁၈၆၇ ၃။ ၂၀ ဒီဇင်ဘာ ၁၈၆၇ ဖြစ်မည်။

## ၁၂၉ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တပို့တွဲလဆန်း၊ ၁၄ ရက်နေ့[၁]။

ပခန်းကြီးမြို့စား မင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၁။ ။ သဘော်သူကြီး မယ်ကော့နှင့် ဆရာဝိလင်းတို့ အမှုစကားတွင် အမှုသည် ၂ ဦးစုံ မစစ်မမေးရ၍ ဝိလင်း လေလံတင်ရောင်းသည့် တိုက်အိမ်များကို ၎င်းမှ ဆင့်ဆိုတောင်းယူပြီးလျှင် ကုလားဝန်ထံ အပ်ထားရှိကြောင်း။

၁၂၂၉ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[၂]။

ပခန်းကြီးမြို့စား မင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ အရေးပိုင်ကြီးက ပေးလိုက်သောဆေးကို ရရှိ၍ ဝမ်းမြောက်ဝမ်းသာရှိသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တပို့တွဲလဆန်း၊ ၈ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၃။ ။ သလေတင် အလိုရှိသည့် ပခုံးထမ်း ၁၀၀၊ ဝန်တင် ၂၀၀ များကို အဖိုးအခပေးလျှင် ဗန်းမော်မြို့ဝန်က ငှားရမ်းပေးစေရမည့်အကြောင်း၊ သလေတင်သို့ တဲဆောက်လုပ် ပေးကမ်းရ စရိတ်ငွေကို သင့်ရာငွေက နုတ်ယူစေရမည့် အကြောင်း။

၁၂၂၉ ခု၊ တပို့တွဲလဆန်း၊ ၈ ရက်နေ့။

၄။ ။ အထက် ၃ မှတ် အမိန့်တော်အရ လွှတ်တော်က ဗန်းမော်မြို့ဝန် စစ်ကဲတို့သို့ ပေးမှာစာ။

၁၃၀ မှတ်ပုရပိုက်ထွက်မှာ ဘင်္ဂလားမြို့က တူမီးသေနတ် ၅၅၀၀ ဆိုက်ရောက်၍ အဖိုးငွေ ၁၁၀၀၀၀ ကို ပေးပို့လျှင် တင်ပို့မည့်အကြောင်း၊ ကြေးနန်းပညာတော်သင် လူ ၄ ယောက်ကို ကောင်းမွန်စွာ သင်ကြားပါစေမည့် အကြောင်းများနှင့် ၁၂၂၉ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့၊ အင်္ဂလိပ်အရေးပိုင်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ သက်သက်ရှိ။

---

## ၁၃၁ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တန်ခူးလဆန်း၊ ၂ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ဆရာဝန် ဝိလင်း လေလံတင်ရောင်းသည့် ပစ္စည်းများကို မြန်မာတရားနှင့် မညီလျှင်သာ သိမ်းထားနိုင်ကြောင်းနှင့် အလျင်ပေးစာတွင် ပါကြောင်း။

၁၂၂၉ ခု၊ တန်ခူးလဆန်း၊ ၇ ရက်နေ့။

၂။ ။ ကလေမံဝီလျံက ဇရာဝတီ မီးသဘော် ကုမ္ပဏီထံ ရရန်ငွေများကို မရ၍၊ လက်တွင်ရှိသည့် ပစ္စည်းများကို လေလံတင်ရောင်းမည့် ကြော်ငြာစာ။

---

## ၁၃၂ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တပေါင်းလဆန်း၊ ၁၂ ရက်နေ့[၄]။

သလေတင်က ဗန်းမော်မြို့မှာ ရှိစဉ် သံတော်ဦးတင်စာ။

၁။ ။ တရုတ်ပြည်ရောက် လမ်းအကြည့်အရှုသွားရာ ဗန်းမော်မြို့ဝန်က စောင်မကြည့်ရှု မရှိကြောင်း၊ ကြေးငွေများကိုလည်း ချေးငှား၍ မရကြောင်း။

---

၁။ ၆ ဖေဖော်ဝါရီ ၁၈၆၈ ၂။ ၁၉ ဖေဖော်ဝါရီ ၁၈၆၈ ၃။ ၂၄ မတ် ၁၈၆၈ ၄။ ၄ မတ် ၁၈၆၈

၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့[1]။

အမိန့်တော် မှတ်သားချက်။

၂။ ။ သလေတင် အလိုရှိသည့် ကြေးငွေများကို ဗန်းမော်မြို့ဝန်က ရှာကြံပေးစေရမည့် အကြောင်း၊ နောင် အနည်းငယ် အမှုများနှင့် တင်လျှောက်မရှိစေရအောင် မှာထားစေရမည့် အကြောင်း။

၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၃။ ။ အထက် ၂ မှတ်ပါ အမိန့်တော်မှတ်သားချက်အရ လွှတ်တော်က ဗန်းမော်မြို့ဝန် စစ်ကဲတို့သို့ ပေးမှာစာ။

၁၂၂၉ ခု၊ နယုန်းတန်ခူးလဆန်း ၁ ရက်နေ့[2]။

အမိန့်တော် မှတ်သားချက်။

၄။ ။ သလေတင် တရုတ်ပြည်သို့သွားရာ မြန်မာနိုင်ငံအလွန်တွင် ထမင်းချက်၍ ကချင်အိမ် ၅ အိမ်ကို မီးလောင် ကျွမ်းသည်နှင့် ကချင်များက တစ်အိမ်လျှင် ငွေ ၅ ပေးရမည် ချုပ်ထားရှိသည်ကို မဟာမိတ်လက္ခဏာနှင့် အညီ ဘရင်ဂျီခင်ကြီး ဒေါင်ပေါင်လူး စေလွှတ်၍ ငွေပေးကမ်း နုတ်ယူစေရမည့်အကြောင်း။ ပေးရန်ငွေ မှာလည်း ဗန်းမော်မြို့ဝန်က သင့်ရာငွေထဲမှာ ပေးစေရမည့် အကြောင်း။

၁၂၂၉ ခု၊ နယုန်းတန်ခူးလဆန်း ၇ ရက်နေ့။

၅။ ။ အထက် အမိန့်တော်မှတ်သားချက်အရ လွှတ်တော်က ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁၂၂၉ ခု၊ နယုန်းတန်ခူးလဆန်း ၁၃ ရက်နေ့။

ကုလားဝန်က ကပ္ပိတန် သလေတင်သို့ ပေးစာ။

၆။ ။ ကချင်အိမ်များ မီးလောင်မှုနှင့် စပ်၍ ဘုန်းတော်ကြီးလှသောဘုရားက အမိန့်တော်မြတ်နှင့် ကြေးငွေ ပေးကမ်းရန် ဗန်းမော်မြို့ဝန်ကို မှာထားစေ၍ အထူးသဖြင့် စောင်မတော်မူကြောင်း။

၁၂၂၉ ခု၊ နယုန်းတန်ခူးလဆန်း ၁၁ ရက်နေ့[3]။

ပြင်သစ်ခင်ကြီး ဘိကန်တက်က ပခန်းမင်းကြီး ပေးစာ။

၇။ ။ ပတ္တမြားကျောက်တော် အရောင်းစေခိုင်းသူ နေမျိုးမင်းလှသခ်ယာကို ကြည့်ရှုစောင်မသည့် အကြောင်း အရာ၊ ၎င်းသူ မင်းဇကေရာဇ် အကျိုးတော်ကို ကောင်းစွာဆောင်ရွက်သည့် အကြောင်းအရာ။

---

## ၁၃၃ မှတ် ပုရပိုက်ထွက်။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[4]။

၁။ ။ သံတိုက် မီးသင်္ဘောတော်ကို ဝယ်ယူဆက်သမည့်သူ ကလေမ်ဝီလျံနှင့် ချုပ်ဆိုသည့် စာချုပ်။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

၂။ ။ ကုန်သည်ကြီး ကလေမ်ဝီလျံထံ သေနတ် (၂၀၀၀) ဝယ်ယူသည့် စာချုပ်။

လွှတ်တော်က ကလေမ်ဝီလျံသို့ ပေးစာ။

၃။ ။ ဝယ်ယူတော်မူသည့် သေနတ်နှင့် ဓားများကို ပုံစံ ၅၆ ကျစီ နေ့ရက်မကြာ ဆက်သရမည့်အကြောင်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[4]။

ကလေမ်ဝီလျံနှင့် သင်္ဘောတူ လက်မှတ်ထိုးစာချုပ်။

၄။ ။ သေနတ်များနှင့် သံတိုက်မီးသင်္ဘောများ အပ်ရန်၊ ငွေချေရန်များမှာ စာချုပ်ပါနေ့ရက်က ၁၅ ရက်တန် သည်၊ တစ်လတန်သည် ပိုမိုသော်လည်း နှစ်ဦး ထူးထွေပြောဆို မရှိရမည့် အကြောင်း။

၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့။

အခွန်ဝန် မြင်းတင်စား ခံဝန်ချက်။

၅။ ။ ဝယ်ယူတော်မူသည့် စက်ကိရိယာဖိုး ငွေတော် ၁၂၀၀၀၀ ကျော်ကို ၂ လနှင့် မပေးနိုင်လျှင် ပန်းပဲဝန်၊ ပန်းတဉ်းဝန်တို့နှင့် သွားလာသူတို့ စရိတ်ကို ခံပါမည့်အကြောင်း။

---

၁။ ၁၇ မတ် ၁၈၆၈ ၂။ ၂၃ မတ် ၁၈၆၈ ၃။ ၂ ဧပြီ ၁၈၆၈ ၄။ ၅ ဒီဇင်ဘာ ၁၈၆၆

၁၂၂၉ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၁]။

၆။ ။ သေနတ်ဖိုးငွေ ၂၅၀၀၀ ကို ကလေမ်ဝီလျံ ကိုယ်စားလှယ် ဟာဝစ်ဝီလျံသို့ ပေးပြေသည့် လက်မှတ်ထိုး အမှတ်အသား။

၁၂၂၉ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၁]။

၇။ ။ တိုက်သင်္ဘောကို ကလေမ်ဝီလျံက စာချုပ်အတိုင်း မပေးနိုင်လျှင် ပေးမိငွေကို ပြန်ပေးပါမည် ဟာဝစ်ဝီလျံ လက်မှတ်ထိုးစာချုပ်။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့[၂]။

သင်္ဘောသူကြီး ဂေါ်ရင်ဘက်တို့နှင့် သဘောတူ လက်မှတ်ထိုးစာချုပ်။

၈။ ။ ဝယ်ယူတော်မူသည့် တိုက်သင်္ဘောတော်အပ်ရန်၊ ၎င်းအဖိုး ပေးရန်မှာ စာချုပ်ပါ လရက်က တစ်လ တန်သည်၊ ၁၅ ရက်တန်သည် ပိုမိုသော်လည်း နှစ်ဦးထူးထွေ ပြောဆို မရှိရမည့် အကြောင်း။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့[၃]။

၉။ ။ ကာလာဂရုတီနှင့် သားဂရုတီတို့သို့ မူးချောင်းထွက် သစ်တောကို ခုတ်လုပ်စေသည့် စာချုပ်။

၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၀။ ။ သင်္ဘောသူကြီး ကာလာဂရုတီက အိမ်ဝင်းခြံများကို ပေါင်နှံ၍ လွှတ်တော်တွင် ငွေ ၆၀၀၀ ချေးယူသည့် စာချုပ်။

၁၂၂၉ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့[၃]။

၁၁။ ။ ကာလာဂရုတီက မူးချောင်းတွင် ခုတ်လုပ် တံဆိပ်ခတ်မှတ်ပြီး သစ်များနှင့် ဆင်များကို အပေါင်ပြု၍ ငွေ ၂၀၀၀၀ ချေးယူသည့် စာချုပ်။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

ကပ္ပိတန် သလေတင် ပြောဆိုမှတ်သားချက်။

၁၂။ ။ ကလေမ်ဝီလျံက သင်္ဘောကို မအပ်နိုင်ပါ၊ ငွေကို ပြန်၍ယူပါ အစီရင်ခံရာ အစိုးရမင်းများက မယူကြောင်း ပြောဆိုလာသည့်အတိုင်း ကုလားဝန်သို့ ပြောလိုက်သည့် အကြောင်းအရာ။

၁၂၂၉ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

အခွန်ဝန် မြင်းတင်စားသို့ ဆင့်စာ။

၁၃။ ။ ကလေမ်ဝီလျံသို့ သင်္ဘောတော်ဖိုးငွေ ၂၇၀၀၀၊ သေနတ်ဖိုးငွေ ၂၅၀၀၀ များကို ပေးရမည့်အကြောင်း။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

ကလေမ်ဝီလျံ မေးချက်။

၁၄။ ။ သင်္ဘောတော် မအပ်နိုင်ကြောင်း စကားများကို အရေးပိုင် သလေတင်သို့ မပြောမဆိုရသည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၅။ ။ ပသီကုလား ဘိုးထွန်းကို ရွှေစာရံပြောင်ရှူး မြစ်ဝဲယာကျ သစ်တောကို ခုတ်လုပ်စေရန် ချထားသည့် လက်မှတ်ထိုးစာချုပ်။

၁၂၃၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့။

၁၆။ ။ ရွှေစာရံပြောင်ရှူး သစ်တောကို ခုတ်လုပ်သူ ကုလားရက်ဘိုးထွန်းက အခွန်တော်ငွေ မသွင်းနိုင်၍ ထပ်မံ ချုပ်ဆိုသည့် လက်မှတ်ထိုးစာချုပ်။

---

၁၃၄ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၄]။

၁။ ။ ကလေမ်ဝီလျံနှင့် သင်္ဘောဖိုးပေးငွေစုစု ၂၀၀၀၀ ရှင်းလင်းသည့် အကြောင်းအရာ မှတ်သားချက်။

---

၁။ ၂၄ ဧပြီ ၁၈၆၇ ၂။ ၄ ဇူလိုင် ၁၈၆၇ ၃။ ၁၄ မေ ၁၈၆၇ ၄။ ၁၀ ဩဂုတ် ၁၈၆၇

၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၁]။

ကလေမံဝီလျံက ပခန်းမင်းကြီးထံ အစီရင်ခံချက်။

၂။ ။ သဘော်ဖိုးငွေ၊ သေနတ်ဖိုးငွေ ၃၂၀၀၀ ကို ယခု မယူသေးပါ။ သေနတ်တော်၊ သဘော်တော်များ ရန်ကုန်မြို့သို့ ရောက်အောင် ဆိုင်းငံ့ပါမည့် အကြောင်း။

၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၃။ ။ ကလေမံဝီလျံက သဘော်တော်ဖိုး၊ သေနတ်တော်ဖိုးငွေများ မယူသည့် အကြောင်းအရာ၊ စာချုပ်လရက်စေ့ရောက်ကာလ သဘော်၊ သေနတ်များကို မအပ်နိုင်လျှင် မည်သို့ဒဏ်ထားရမည့် အကြောင်းအရာများကို ကလေမံဝီလျံကို မေး၍ သလေတင်သို့ ရေနံချောင်းမင်းကြီးက ပြောဆိုစေရမည့် အကြောင်းအရာ။

၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့။

ပခန်းမင်းကြီးရှေ့ ကလေမံဝီလျံ ပြောဆိုမှတ်သားချက်။

၄။ ။ သေနတ်ဖိုး၊ သဘော်ဖိုးငွေများကို ယခု မယူ ဆိုင်းငံ့သည်မှာ စကားထူးထွေ ပြောဆိုလို၍ မဟုတ်ပါ။ အသုံးမလိုသေး၍ ဖြစ်ကြောင်း။

၁၂၂၉ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့[၂]။

၅။ ။ ကလေမံဝီလျံ၊ အာကာမန်တလီကလေး၊ တရုတ်အင်ဘီတို့သို့ သေနတ်ဖိုး တတိယပေးသင့်ငွေ ၂၅၀၀၀ ပေးသည့် မှတ်သားချက်။

---

## ၁၃၅ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၃]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁။ ။ တောင်တွင်းကြီးမြို့နယ်တွင် တိုက်ခိုက်သည့် ကျောက်တိုင်တောင်ဘက် မြို့ကျေးရွာနေလူများ ဖမ်းဆီးစီရင်သာအောင် ၎င်းစာရင်းကို ပေးအပ်လိုက်ကြောင်း၊ နောင် သည်ကဲ့သို့ မဖြစ်ရအောင် ဆင့်ဆိုမည့် အကြောင်း။

၁၂၂၉ ခုနှစ်။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက်နေ လူတို့ မြန်မာနယ်သို့ ဝင်ရောက်တိုက်ခိုက်သည့် အရပ်ရပ် အကြောင်းအရာများနှင့် ၎င်းဓားပြတို့ကို ဖမ်းဆီးစီရင်မည့် အကြောင်းအရာ။

၁၂၂၉ ခုနှစ်။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၃။ ။ မြန်မာနယ်မှာ ဓားပြ ပြုလုပ်တိုက်ခိုက်၍ ကျောက်တိုင်တောင်ဘက်သို့ ကူးသွားသည့် ဓားပြလူဆိုးတို့ အကြောင်းအရာနှင့် ၎င်းဓားပြတို့ကို ဖမ်းဆီးစီရင်မည့် အကြောင်းအရာ။

---

## ၁၃၆ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့[၄]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁။ ။ အောက်မြစ်စဉ် စစ်ကဲ၊ တောင်တွင်းကြီး မြို့ဝန်တို့က မြန်မာနယ်တွင် တိုက်ခိုက်သည့် ကျောက်တိုင်

---

၁။ ၁၅ ဩဂုတ် ၁၈၆၇ ၂။ ၁၉ စက်တင်ဘာ ၁၈၆၇ ၃။ ၆ စက်တင်ဘာ ၁၈၆၇ ၄။ ၁၇ စက်တင်ဘာ ၁၈၆၇

တောင်ဘက်နေ ဓားပြစာရင်းကို တင်ပို့လျှောက်ထားသည့်အတိုင်း ပေးပို့လိုက်ကြောင်း၊ ၎င်းဓားပြများကို ဖမ်းဆီးစီရင်မည့် အကြောင်း။

(က) တိုက်ခိုက်သည့် ဓားပြတို့ အမည်နေရပ်စာရင်းနှင့် ဆုံးပါးသည့် ပစ္စည်းအဖိုးတန် စာရင်းကျယ်။

၁၂၂၉ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ အရေးပိုင် သလေတင် ပေးစာပါ ဓားပြလူဆိုးများကို ထောက်လှမ်းရာ ကျောက်တိုင်တောင်ဘက် ပုဏ္ဏားရွာနေ ဖိုလ်ငအောင်၊ သနပ်ရွာနေ ငရွှေပျော်၊ မြို့သစ်ရွာနေ ငရွှေမှဲ့တို့ ဖြစ်ကြောင်း။ ကျန်ဓားပြများ ထောက်လှမ်းဖမ်းဆီးရမည် တောင်တစ်ပြင်မြို့ရွာ အကြီးအအုပ်တို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၂၉ ခု၊ တော်သလင်းလ။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၃။ ။ မြင်ကွန်းစားငယ်လူ ဖြူသီး၊ ငပိုကြီးတို့ လူ ၃၀၀ ကျော်နှင့် စည်းကြပ်၍ တောင်တွင်းကြီး မြို့နယ်များ တိုက်ခိုက်မည် ဆိုသည့် အကြောင်းအရာ။ အထက် ညောင်ရမ်းစား မယား သားအမိတို့လည်း လူစည်းကြပ်၍ ဆင်ပေါင်ဝဲရွာများ တိုက်ခိုက်မည်ဆိုသည့် အကြောင်းအရာများ မှန် မမှန် ထောက်လှမ်းပြန်ကြားမည့် အကြောင်း။ ၎င်းစာ မပေးရကြောင်း မှတ်ချက်ရှိ။

---

၁၃၇ မှတ် ပုရပိုက်ထွက်။

၁၂၂၉ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၂ ရက်နေ့[၁]။

၁။ ။ အင်္ဂလိပ်ဝန်ကြီး ကာရနယ်အာရာဘက်ဖိုက် လာရောက်ကာလ၊ ဝယ်ယူရန် ပေးအပ်လိုက်သည့် သံသဘော်ပုံစံ စနစ်စာရင်းနှင့် တူမီးသေနတ်စာရင်း။

၁၂၂၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီး လာရောက်ကာလ ဝယ်ယူရန် ပေးအပ်လိုက်သည့် သံသဘော်ပုံစံစနစ်၊ တူမီးသေနတ်စာရင်းများအရ တူမီးသေနတ်ကို အင်္ဂလိပ်ဝန်ကြီး ဘင်္ဂလားမြို့က အပြန်တွင် ပါအောင် အရေးပိုင်ကြီးထံ စာပေးမည့်အကြောင်း။

၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့[၃]။

၃။ ။ တပ္ပဏ္ဏလီ ကုန်သည်ကြီးက ပွတ်စက်၊ ဝါကြိတ်စက်များ ဝယ်ယူဆက်သမည် လက်မှတ်ထိုးစာချုပ်၊ ၎င်းစာချုပ်အရ ဝယ်ယူရန် စက်ကိရိယာ မျိုးမည်နှင့် အဖိုးစာရင်း။

၁၂၃၀ ပြည့်။

၄။ ။ ငရီစွတ်က ရှမ်းပွဲအုပ် မဟာစောဆတ်တွင် ရင်းတိုးငွေ ၅၇၀၀ ကျော် ရရန် လွှတ်တော်တွင် လျှောက်ချက်။

၁၂၃၀ ပြည့်၊ နတ်တော်လဆန်း၊ ၁၃ ရက်နေ့[၄]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၅။ ။ ငရီစွတ်နှင့် မဟာစောဆတ်တို့ အမှုကို တရားမှု ဖြစ်သည့်အတိုင်း တရားသူကြီးတို့က ပြီးပြတ်အောင် စီရင်စေမည့် အကြောင်း။

၁၂၃၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ ချောင်းခွသူကြီး ငထွန်းဦးက စေလွှတ်သူ ဘေးကို အင်္ဂလိပ်နယ်ရှိ မိပေါက်တိုးကို ကျွန်ဖြစ်သည် ရိုက်နှက်၍ အစိုးရထံ မပန်မကြား ခေါ်ငင်မှုနှင့် ထောင်ဒဏ် ငွေဒဏ် စီရင်ကြောင်း၊ စေခိုင်းသူလည်း မြန်မာနယ်တွင်းနေ ဖြစ်၍ အပြစ်ထိုက်ရာ စီရင်မည့်အကြောင်း။

---

၁။ ၂၀ အောက်တိုဘာ ၁၈၆၇ ၂။ ၁၄ နိုဝင်ဘာ ၁၈၆၇ ၃။ ၂၇ ဇူလိုင် ၁၈၆၇ ၄။ ၂၆ နိုဝင်ဘာ ၁၈၆၈

**၁၃၈ မှတ်ပုရပိုက်ထွက်မှာ** ကလေမံဝီလျံက စာချုပ်အရ သွင်းသည့် ဓား သေနတ်စာရင်း၊ ၎င်းအဖိုး ပေးချေစာရင်း၊ သင်္ဘောဖိုး ပေးချေစာရင်း အမှတ်အသားများနှင့် ရိုက်ဘတ်သေနတ်ဖိုး ပေးရန်ငွေကို ကလေမံဝီလျံသို့ ပေးချေစေလိုကြောင်းနှင့် ၁၂၂၉ ခု တော်သလင်းလပြည့်ကျော် ၂ ရက်နေ့၊ အင်္ဂလိပ် ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာများသာ ရှိ။

---

**၁၃၉ မှတ် ပုရပိုက်ထွက်။**

၁၂၂၉ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

၁။ ။ ကလေမံဝီလျံထံ သိုးခမောက်တူဆန် ၂၀၀၀၀၀ ဝယ်ယူသည့် စာချုပ်။

၁၂၂၉ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

၂။ ။ ကလေမံဝီလျံသို့ သေနတ်ဖိုးငွေ ပေးချေသည့် အမှတ်အသား။

၁၂၂၉ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့[၂]။

ကလေမံဝီလျံက အစီရင်ခံစာ။

၃။ ။ သေနတ်တော်များကို သင်္ဘောနှင့် တင်ပို့မည့်အကြောင်း၊ စာချုပ်နှင့်မညီသည့် သေနတ်များကို ရွေးချယ် ထုတ်ပယ်၍ စာချုပ်အတိုင်း ဒဏ်ခံပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ နတ်တော်လဆန်း ၁ ရက်နေ့။

ကလေမံဝီလျံက အစီရင်ခံစာ။

၄။ ။ တူဆန်တော်ဖိုးငွေ ပေးချေကာလ တောင်တွင်းကြီးသစ်တွက်ကို ခုနှိမ်၍ ဟာဝစ်ဝီလျံသို့ ပေးချေပါမည့် အကြောင်း။

၁၂၂၉ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၃]။

၅။ ။ ကလေမံဝီလျံသို့ ပေးရန် တူဆန်ဖိုးငွေ ၁၂၀၀၀ အနက် သစ်ဖိုးတွက်ငွေ ၂၇၃၆ ခုနှိမ်၍ ကျန်ငွေ ၉၂၆၄ ကို ကလေမံဝီလျံ စာပါအတိုင်း ဟာဝစ်ဝီလျံသို့ ပေးသည့် အမှတ်အသား။

**၁၄၀ မှတ်ပုရပိုက်ထွက်မှာ** ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၂ ရက်နေ့၊ ကုန်သည်ကြီး မယ်ကောက်နှင့် ဟာဝစ်ဝီလျံတို့ ငွေမှု မရှင်းမလင်းသည့်အတွင်း ဟာဝစ်ဝီလျံ တိုက်အိမ် ဝင်းခြံနှင့်တကွ အိမ်ရှိ သက်ရှိ သက်မဲ့ ပစ္စည်းများကို မှတ်သားထားသည့်စာရင်း သက်သက်ရှိ။

**၁၄၁ မှတ်ပုရပိုက်ထွက်မှာ** ငွေတော် ၁၂၇၀၅၀ ပေးအပ်၍ သေနတ်၊ ယမ်း၊ ကန့်၊ မီးကျောက်၊ သွပ်ပြားများ ဝယ်ယူစေသူ သံတော်ဆင့် ပန်းတဉ်းဝန်က တင်သည့် ကုန်ငွေစာရင်း သက်သက်ရှိ။

---

**၁၄၂ မှတ် ပုရပိုက်ထွက်။**

၁၂၂၉ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

၁။ ။ ရေနံချောင်းမြို့ထွက် ရေနံအနက် အောက်စုန်ရေနံများကို တစ်လုံးတည်း အခွန်တော်ဆောင်၍ တပ္ပဏ္ဏလီ ကုမ္ပဏီက ဝယ်ယူသည့်စာချုပ်။

၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့။

၂။ ။ အထက်စာချုပ်အရ လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့[၄]။

တပ္ပဏ္ဏလီ ကုမ္ပဏီသို့ ဆင့်စာ။

၃။ ။ စာချုပ်ပါအတိုင်း ကြေးနန်းကိရိယာနှင့် ၎င်းဆရာများကို သံတော်ဆင့် ပန်းတဉ်းဝန်သို့ မှတ်သားပေးအပ် ရမည့် အကြောင်း။

---

၁။ ၁၄ ဒီဇင်ဘာ ၁၈၆၇ ၂။ ၂၆ ဖေဖော်ဝါရီ ၁၈၆၈ ၃။ ၂၀ ဒီဇင်ဘာ ၁၈၆၇ ၄။ ၁၁ ဖေဖော်ဝါရီ ၁၈၆၈

## ၁၄၃ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ဝါဆိုလဆန်း ၉ ရက်နေ့[1]။

မှာတမ်း။

၁။ ။ တပ္ပဏ္ဏာလီ ကုန်သည်ထံ ဝယ်ယူသည့် စက်ကိရိယာဖိုး ကျန်ငွေ ၁၂၁၆၁၅ ကို ပေးရန်။ ပခန်းကြီး၊ စလင်းမြို့ ဆိပ်ကမ်းများရှိ သစ်တော် ပျဉ်တော်များကို တားဆီးမရှိ စုန်မျှော ရောင်းချပေးချေစေရမည့် အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့[2]။

၂။ ။ သဘော်တော်ကို ကြားသဘော်က တိုက်ခိုက်မှုနှင့် တွဲဖက်ရုံးမှာ အပ်ထားခံရသူ တပ္ပဏ္ဏာလီ ကုမ္ပဏီ ကိုယ်စားလှယ်က အပြစ်မှ ချမ်းသာရန် တောင်းပန်သံတော်ဦးတင်စာ။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၃။ ။ သဘော်တော်ကို တိုက်ခိုက်မှုနှင့် တပ္ပဏ္ဏာလီ ကုမ္ပဏီ ကိုယ်စားလှယ် တင်ချက်အတိုင်း ချမ်းသာပေးတော်မူသည့် အကြောင်း။

၁၈၆၉ ခု၊ ဧပြီလ ၅ ရက်နေ့။

၁၂၃၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့[3]။

ဈေးကြိုတော်မှာ ကပ်ထားသည့် အင်္ဂလိပ်မင်းက ထုတ်သည့် ကြော်ငြာစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုးမှန်သူ မည်သည့်လူမျိုးမဆို စာရင်းချမှတ်လိုလျှင် တွဲဖက်ရုံးသို့ လာရောက် ချမှတ်ရမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ဝါဆိုလဆန်း ၂ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၅။ ။ တပ္ပဏ္ဏာလီသို့ ပေးရန် စက်ကိရိယာဖိုးငွေကို သစ်တော်ပျဉ်တော်များ ပေးသည့်ပြင် ကျန်ငွေများမှာ အောက်စုန် ရေနံခွန်တွင် ခုနှိမ်စေရမည့် အကြောင်း။

၆။ ။ ၁၂၃၅ ခုနှစ် လာရောက်သည့် အင်္ဂလိပ်အရာရှိတို့ကို သနားတော်မူသည့် အကွင်းအခြည် အထည်အလိပ် စာရင်း။

၁၂၂၉ ခု၊ တန်ခူးလဆန်း ၃ ရက်နေ့။

အမိန့်တော်။

၇။ ။ သစ်၊ ရေနံ၊ ရတနာကျောက်မျိုးများပြင် ကုန်တော် မပြုမလုပ်ရမည့်အကြောင်း။ ၁၀ နှစ်အတွင်း ၁၀ ခိုင် ကောက်မှာ ထက်ဝက်လျှော့ရမည့်အကြောင်း။ လက်ဖက်ကုန်မှာ ၁၂ ရပ်ခွန်က ကောက်ခံမရှိစေရမည့် အကြောင်း။ ၄ မြို့အတွင်း တောင်လမ်း၊ မြောက်လမ်း၊ ရေကြောင်းကျ လက်ဖက်နှင့် အခြားကုန်များမှာ ၁၂ ရပ်ခွန်ပြင် ၅ သာ ကောက်ခံစေရမည့် အကြောင်း။ အခြားကုန်များမှာ ကောက်ခံမြဲ ကောက်ခံစေရမည့် အကြောင်း။ အောက်မြို့ကျေးရွာ ထုတ်ကုန်များမှာ ကောက်ခံပြီး လက်မှတ်ပါလျှင် ၁၂ ရပ်ခွန် လွတ်စေ ရမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[4]။

အမိန့်တော်။

၈။ ။ တရုတ်ပြည်နှင့် နိုင်ငံတော် သွင်းကုန်ထုတ်ကုန်များ အပေါ်တွင် မင်းတဲဒေဝန်း အကောက်တော်နှင့် ဗန်းမော်မြို့ အကောက်တော်များကသာ ကောက်ခံစေရမည့် အကြောင်းအရာ။

---

၁။ ၂၇ ဇွန် ၁၈၆၈ ၂။ ၂ စက်တင်ဘာ ၁၈၇၁ ၃။ ၁၂၃၁ ခု၊ တန်ခူးလပြည့်ကျော် ၁၀ ရက် ဖြစ်မည်။ ၄။ ၄ မေ ၁၈၆၈

၁၂၃၂ ခု၊ တန်ခူးလဆန်း ၁ ရက်နေ့[၁]။

စိုက်ရန် ကမ္ဗည်းစာ။

၉။ ။ အကောက်တော် ပိုမိုကောက်ခံသူ၊ အဝယ်တော်ဆို၍ ဝယ်ယူသူတို့ကို တွေ့မိလျှင် ဆိုင်ရာမြို့ရုံးက ဖမ်းဆီး၍ ရွှေဘွားတော်အောက် ပို့အပ်ရမည့် အကြောင်း။

---

## ၁၄၄ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ကဆုန်လဆန်း ၉ ရက်နေ့[၂]။

ဘင်္ဂလားမြို့နေ အာကာမာမတ်ဟိုစင်က သံတော်ဦးတင်စာ။

၁။ ။ ကျွန်တော်ညီ မြီဇာမန္တလီတို့ပိုင် နင်းကြမ်း သစ်တောရှိ ကျွန်သစ်များကို ဂေါ်ရင်ဘက်တို့က နှောင့်ယှက်မရှိ ထုတ်ယူ စုန်မျှောရပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၂။ ။ ဆရာဝီလင်း လေလံတင်သည့် အိမ်ပစ္စည်းများကို အရေးပိုင် သလေတင် လျှောက်ချက်အရ သိမ်းထားလျှင် ပထမ ဝယ်ရင်းသူသို့ ပြန်၍အပ်သင့်သည့် အကြောင်းအရာ။

၁၂၂၉ ခု၊ တန်ခူးလဆန်း ၇ ရက်နေ့။

၃။ ။ အကောက်ဝန်ဇတွယ် တင်ပေးသည့် သေနတ်သေတ္တာ ၂၈၁ တွင်ပါ သေနတ်ကိရိယာစာရင်း။

၁၂၂၉ ခု၊ တန်ခူးလပြည့်ကျော် ၅ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၄။ ။ သံတော်ဆင့် ပန်းတဉ်းဝန်ထံက သေနတ် ၅၅၀၀ အဖိုး ၁၁၀၀၀၀ ငွေရကြောင်း။ တူမီး၊ ယမ်း၊ မီးကျောက်များမှာ အချို့သာ ရန်ကုန်မြို့တွင်ရရှိ။ အချို့မှာ ဘင်္ဂလားမြို့တွင် ဝယ်ယူရမည်ဖြစ်၍ အဝယ်တော်များ ဝယ်ယူနိုင်အောင် အမိန့်လက်မှတ် ပေးအပ်မည့် အကြောင်းအရာ။

---

## ၁၄၅ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၄]။

အောက်မြစ်စဉ် စစ်ကဲတို့သို့ လွှတ်တော်က ဆင့်စာ။

၁။ ။ ဒါဘီတိုကိုယ်စားလှယ်ကွတ်က ဝယ်ယူသည့် သစ်များကို တားဆီးမရှိ စုန်မျှောစေရမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

အခွန်ဝန်သူဌေး မဟာသီရိစနေသေဌ အစစ်ခံချက်။

၂။ ။ သစ်ပျဉ်များတွင် အကောက်တော် အကောက်ခံပုံ အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၃။ ။ လွှတ်တော်က သိမ်းထားသည့် ဆရာဝီလင်း လေလံတင် အိမ်ပစ္စည်းများကို အမှုသည် ၂ ဦး စုံညီစစ်ဆေးကောက်ချက် အသေအချာနှင့် ရနိုင်သူသို့ ဖြစ်စေ၊ အရေးပိုင်ကြီးထံက စာလူ စေလွှတ်လာရောက်မှ ဖြစ်စေ အပ်သင့်မည် ထင်ကြောင်း။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

၄။ ။ အင်္ဂလိပ်ဝန်ကြီးက သလေတင်ထံ ပို့စေသည့်ငွေ ၁၀၀၀၀ ကို ရွှေဓားစွဲဗိုလ်ကို ဗန်းမော်မြို့သို့ စေလွှတ်ပို့စေရန် ပေးအပ်သည့် မှတ်စာ။

---

၁။ ၂၁ မတ် ၁၈၇၁ ၂။ ၂၉ ဧပြီ ၁၈၆၈ ၃။ ၁၁ ဧပြီ ၁၈၆၈ ၄။ ၈ မေ ၁၈၆၈

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၅။ ။ ရွှေစားစွဲဗိုလ် ပို့လာစေသည့် ငွေကို သလေတင်ထံရောက် ပို့ရမည့် အကြောင်းအရာ၊ မည်သည့်နေ့ရက် ရောက်၍ မည်သည့်နေ့ရက် စေလွှတ်ပေးပို့စေသည်ကို လျှောက်ထားရမည့် အကြောင်းအရာ။

---

## ၁၄၆ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

ကချင်တောင် ပုံစည်အရပ်က သလေတင်မှ မန္တလေးမြို့ရှိ ကုလားဝန်သို့ ပေးစာ မြန်မာပြန်ချက်။

၁။ ။ ပုံစည်တောင် ကချင်တို့နေရာ သာယာနပျိုရှိသည့် အကြောင်းအရာ၊ ဗန်းမော်မြို့ အရာရှိများက ကချင်များကို စကားကမ်းလှမ်း၍ မကောင်းကြံစည်သည့် အကြောင်းအရာ၊ ကချင်တို့ကို အလိုက်သင့် ပြောဆို၍သာ လမ်းခရီး ပေါက်ရောက်ရှိသည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

၂။ ။ သီဟိုဠ်ကျွန်းသို့ ပြန်သည့် ရဟန်းတော်များကို လှူဒါန်းသည့် စရိတ်ငွေစာရင်း။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၃။ ။ တောကျောင်း သရက်မြို့ ကင်းများက မြန်မာသင်္ဘောတော်များကို နေ့ရက်ဆိုင်းငံ့ မရှိစေရအောင် ဆင့်ဆိုမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၄။ ။ သီဟိုဠ်ကျွန်းသို့ ပြန်သွားသည့် ရဟန်းတော်များကို စောင့်မကြည့်ရှုမည့် အကြောင်းအရာ၊ ၎င်းတို့ သီဟိုဠ်ကျွန်းတွင် စွယ်တော်များကို အလိုရှိရာ ဝင်ထွက်ဖူးမြော်ခွင့်ရအောင် သီဟိုဠ်အစိုးရတို့ထံ မှာထားမည့် အကြောင်းအရာ။

---

## ၁၄၇ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ နယုန်လဆန်း ၆ ရက်နေ့[၄]။

သမ္ဘန်တော် ဖော်ယူမည့်သူ မာရရှက်တို့ လက်မှတ်ထိုးစာချုပ်။

၁။ ။ နစ်မြုပ်သည့် သမ္ဘန်တော်ကို ဖော်ယူရရှိကာလ၊ သမ္ဘန်တန်ဖိုး လေးပုံတစ်ပုံကျပေးရန် အကြောင်းအရာ။
(က) သမ္ဘန်တော်ဖော်ယူရာ ပေးရမည့် ကိရိယာများနှင့် လက်သမားကဲကျွေး လူများစာရင်း။

၁၂၃၀ ပြည့်၊ နယုန်လဆန်း ၇ ရက်နေ့။

အခွန်ဝန်သူဌေးသို့ ဆင့်စာ။

၂။ ။ ကြေးနန်းလမ်း ပြင်ဆင်လုပ်ဆောင်စေမည့်သူ လွိသို့ အသုံးအဆောင် ကိရိယာဖိုးငွေ ၁၅၀၀ ကို မှတ်သားပေးအပ်ရမည့် အကြောင်းအရာ။
(က) ကြေးနန်းလမ်း ပြင်ဆင်ရာ ကုန်ဝင်ငွေစာရင်း။

၁၂၃၀ ပြည့်၊ နယုန်လဆန်း ၅ ရက်နေ့။

ပြင်သစ်ခင်ကြီး ဒေါင်ပေါက်လူးက အီတာလျံဝန်ကြီးသို့ ပေးစာ။

၃။ ။ အလိုတော်ရှိသည့် တတ်သိလိမ္မာသူ အီတာလီဗိုလ် ၁ ကို စေလွှတ်လိုက်မည် ဝန်ကြီးမင်း ပေးစာကိုရရှိ၍

၁။ ၁၀ မေ ၁၈၆၈ ၂။ ၁၄ မေ ၁၈၆၈ ၃။ ၁၀ မေ ၁၈၆၈ ၄။ ၂၆ မေ ၁၈၆၈

မြန်မာမှူးမတ်များ ပြသရာ အလွန်ဝမ်းမြောက်ရှိကြသည့် အကြောင်းအရာ၊ အီတာလျံမင်း သံတော် လာရောက်မှ သံတော်ဘက်ထည့် အလိုရှိရာ ပြောဆိုစေမည် မိန့်ဆိုကြသည့် အကြောင်းအရာ။

၁၂၂၀ ပြည့်၊ နယုန်လဆန်း ၁၃ ရက်နေ့[၁]။

၄။ ။ ပြင်သစ်ခင်ကြီး ဘီကန်တက်နှင့် ပြင်သစ်သူဌေးတို့ထံ အပ်ထားခဲ့ကြောင်းနှင့် ပညာတော်သင် ငရွှေမြို့ တင်ပေးသည့် ကျောက်နီစာရင်း။

၁၂၂၀ ပြည့်၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

ပညာတော်သင် နေမျိုးမင်းလှသခ်ယာက သံတော်ဦးတင်စာ။

၅။ ။ ပတ္တမြား ကျောက်နီတော်များကို အင်္ဂလိပ်နိုင်ငံ၊ ပြင်သစ်နိုင်ငံများမှာ ရောင်းချမည့် အကြောင်းအရာ။ ထည့်အပ်တော်မူလိုက်သည့် ပညာတော်သင်များကို နေရာချထား သင်ကြားစေမည် အားထုတ်ဆဲ ဖြစ်သည့် အကြောင်းအရာ။

၁၂၂၀ ပြည့်၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

ပညာတော်သင် နေမျိုးမင်းလှသခ်ယာက ထပ်မံ သံတော်ဦးတင်စာ။

၆။ ။ ပြင်သစ်နိုင်ငံနှင့် မဟာမိတ်ပြုလုပ်ရန် ပြင်သစ်မင်း ကိုယ်စားလှယ်နှင့် ဘင်္ဂလားမြို့မှာ ပြောဆိုသည့် အကြောင်းအရာ၊ ၎င်းအကြောင်းအရာကို ထောက်လှမ်းမေးမြန်း သေချာလျှင် တင်စာ လျှောက်စာ ဆက်သပါမည့် အကြောင်းအရာ။

၁၂၂၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့[၃]။

ကလေမ်ဝီလျံက လွှတ်တော်သို့ အစီရင်ခံစာ။

၇။ ။ သူဌေး မဟာဇောတိယသက အခွင့်မပြု၍ သေနတ်တော်၊ သွပ်တော်၊ သံတော်များကို မြနန်းစကြာသဘော်ာ တော်တွင် မတင်လိုက်နိုင်သည့် အကြောင်းအရာ။ သလေတင် သံတော်ဦးတင်ချက်အရ လွှတ်တော်က သိမ်းထားသည့် ကျွန်တော်ပိုင် အိမ်ရာပစ္စည်းများကို ပြန်၍ရပါသောကြောင့် သေနတ်တော်များကို ယူဆောင်၍ မန္တလေးမြို့သို့ အမြန် ဆန်တက်ပါမည့် အကြောင်း။

၁၂၂၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့[၃]။

ကလေမ်ဝီလျံက အစီရင်ခံစာ။

၈။ ။ လွှတ်တော်က သိမ်းထားသည့် ပစ္စည်းများအနက် တိုက်အိမ်ကို ဟာဝစ်ဝီလျံသို့၊ ငွေကို ကျွန်တော်အတွက် ပွဲစား အာမက်အလီသို့ ပေးပါမည့် အကြောင်း။

၁၂၂၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့[၃]။

ကလေမ်ဝီလျံက လွှတ်တော်သို့ အစီရင်ခံစာ။

၉။ ။ အလိုတော်ရှိသည့် သံကိရိယာများကို ရန်ကုန်မြို့တွင် မရလျှင် ဘိလပ်မြို့သို့ မှာထားဝယ်ယူ ဆက်သ ပါမည့် အကြောင်းအရာ။

၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၄]။

ပညာတော်သင် နေမျိုးမင်းလှသခ်ယာက ပခန်းမင်းကြီးထံ လျှောက်စာ။

၁၀။ ။ သံချိန် ခြောက်သောင်းကျော်ကို ဝယ်ယူ၍ ရန်ကုန်မြို့သို့ ပို့သည့် အကြောင်းအရာ၊ ကျောက်နီတော် များကို ရောင်းချသည့် အကြောင်းအရာ၊ ပညာတော်သင်များကို နေရာကျ အပ်နှံသင်ကြားစေသည့် အကြောင်းအရာ။

---

၁။ ၂ ဇွန် ၁၈၆၀  ၂။ ၆ ဇွန် ၁၈၆၀  ၃။ ၁၄ ဧပြီ ၁၈၆၀  ၄။ ၇ မေ ၁၈၆၀

### ၁၄၇ (က) မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ နယုန်လဆန်း၊ ၁၃ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၁။ ။ ပညာတော်သင် ငရွှေမြူထံရှိ ပတ္တမြား ကျောက်နီတော်များကို တောင်း၍ ကုလားဝန် မဟာသီရိဂုဏ္ဏကျော်သူသို့ ပေးအပ်လိုက်မည့် အကြောင်း။

၁၂၃၀ ပြည့်၊ နယုန်လဆန်း၊ ၁၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ သံတိုက်မီးသဘော်နှင့် သေနတ်များကို ကလေမံဝိလျံထံ စာချုပ်နှင့် ဝယ်ယူရာ စာချုပ် လရက်လွန်၍မှ မပေး မရသောကြောင့် ဆင့်ဆိုတောင်းပေးမည့် အကြောင်းအရာ၊ စာချုပ်ပါအတိုင်း မီးသဘော်နှင့် သေနတ်များကို မအပ်နိုင်လျှင် အတိုးနှင့်တကွ တောင်းခံ၍ စေလွှတ်သူ ကုလားဝန်သို့ ပေးအပ်မည့် အကြောင်း။

၁၂၂၉ ခုနှစ် အတွင်း။

အရေးပိုင် သလေတင် တရုတ်ပြည်သို့ သွားသည့် အကြောင်းအရာ

ဘာသာရေးသတင်းစာ မြန်မာပြန်ချက်။

၃။ ။ ဗန်းမော်မြို့က တရုတ်ပြည်သို့သွားရာ လမ်းခရီးတွင် ချင်း၊ ကချင်တို့ အနှောင့်အယှက် များသောကြောင့် ငြိုငြိုငြင်ငြင်ရှိသည့် အကြောင်းအရာ။ နှောင့်ယှက်သည်မှာလည်း မြန်မာမင်းက ကတိပျက်၍ ထိုလူမျိုးများသို့ အတွင်းစကား မှာထား၊ ခရီးလမ်း မပေါက်မရောက်၊ ငြိုငြင်ရှိရအောင် နှောင့်ယှက်စေသည် ထင်ယူဖွယ်ရှိသည့် အကြောင်းအရာ။ ဤအတိုင်း မှန်လျှင် အာဏာမကွဲ တစ်နိုင်ငံတည်း ဖြစ်အောင် ပြုလုပ်မည့် အကြောင်းအရာ။

၁၂၃၀ ပြည့်နှစ် အတွင်း။

ပုသိမ်မြို့ မငြိမ်မသက်ရှိကြောင်း ဘာသာရေးသတင်းစာ မြန်မာပြန်ချက်။

၄။ ။ ခမည်းတော်မင်းတရားကြီးနှင့် မြင်ကွန်းမင်းသားတို့ တံဆိပ်ခတ်နှိပ်၍ သင်္ဂါနဂရမင်းသားခေါ် ခံမြေတိုင်း ဆရာ ငပြန်သဆိုသူ ဗိုလ်ပြုလုပ် ထကြွသည့် အကြောင်းအရာ။ မြင်ကွန်းမင်းသားကို တင်ယူဖွယ်မရှိသည့် အကြောင်းအရာ။ အစိုးရ အမှုထမ်းဖူးသူ အများပါဝင်သည့် အကြောင်းအရာ။ သူပုန်မဟုတ်သည့် အကြောင်းအရာ။ မကြာမီ ငြိမ်ဝပ်မည့် အကြောင်းအရာ။

---

### ၁၄၈ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ဆရာဝန်ဝီလင်း အိမ်ရာမြေများကို သလေတင် လျှောက်ထားချက်နှင့် သိမ်းယူထားလျှင် ကုန်သည်ကြီးဟာဝစ်ဝီလင်းသို့ ပြန်၍ ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်။

ပညာတော်သင် ငရွှေမြူက တင်လျှောက်စာ။

၂။ ။ မဲနယ် ချက်လုပ်နည်းကို သင်ကြားဆဲဖြစ်ကြောင်း၊ ကင်မစ္ထတြီကျမ်းထွက် ဓာတ်ရေအမျိုးမျိုး ချက်လုပ်နည်းများကို ထပ်မံ သင်ကြားတတ်မြောက်လျှင် မရောင်းရ ပတ္တမြား ကျောက်တော်များနှင့် နတ်တော်လအတွင်း ရွှေဘွားတော်အောက် ဆန်တက်ပါမည့် အကြောင်း။

---

၁။ ၂ ဇွန် ၁၈၆၈ ၂။ ၄ ဇွန် ၁၈၆၈ ၃။ ၁၆ ဇွန် ၁၈၆၈

၁၂၃၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့[၁]။

ပညာတော်သင် ငရွှေမြှုက အစီရင်ခံစာ။

၃။ ။ မရောင်းရ ပတ္တမြားကျောက်တော်များကို ယူဆောင်၍ ရန်ကုန်မြို့သို့ ပြန်ရောက်ပါကြောင်း၊ နောက် ကြားသဘော်နှင့်မှ ရွှေဘွားတော်အောက် ဆန်တက်နိုင်ပါမည့် အကြောင်း။

၁၂၃၀ ပြည့်။

ပညာတော်သင် ငရွှေမြှုက ပခန်းမင်းကြီးထံ တင်လျှောက်စာ။

၄။ ။ ဘိလပ်သို့ မကူးမသွားရသည့် အကြောင်း၊ မဲနယ်ချက်လုပ်နည်းများကို အစအဆုံးတိုင် တတ်မြောက် ခဲ့သည့် အကြောင်း။

---

## ၁၄၉ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ဝါခေါင်လဆန်း ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၁။ ။ သံတိုက်မီးသဘော်ာ ဝယ်ယူလိုကြောင်း၊ အဖိုးမည်မျှ ပေးရမည်၊ မည်သို့ ပေးချေရမည်၊ မည်မျှကာလ ကြာမှ ရမည်များကို စာပြန်ပါမည့် အကြောင်း။

၁၂၃၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့။

သဘော်ာသူကြီး မဟာသီရိဓနဘောဂသူက အစီရင်ခံစာ။

၂။ ။ ငွေ ၁၃၀၀၀ ကျော်နှင့် ပေါင်ထားသည့် ကြည့်မြင်တိုင်အရပ်ရှိ ဥယျာဉ်မြေနှင့် မြေလပ်များကို ဘုန်းတော် ကြီး ဘုရားက ရွေးနုတ်တော်မူပါအောင် မစတင်လျှောက်ပါမည့် အကြောင်းအရာ။

---

## ၁၅၀ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက သံတော်ဦးတင်စာ။

၁။ ။ မြင်ကွန်းစားငယ်ကို ကြည့်မြင်တိုင်မှာ ဖမ်းမိ၍ အန္တမန်ကျွန်းသို့ ပို့ပါကြောင်း၊ မြန်မာနယ်က ဓားပြများ အင်္ဂလိပ်နယ်သို့ ကူးဝင်တိုက်ခိုက်မရှိအောင် နိုင်နိုင်နင်းနင်း ဆင့်ဆိုတော်မူပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ မြင်ကွန်းစားငယ်ကို ဖမ်းမိ၍ အန္တမန်ကျွန်းသို့ပို့ကြောင်း ကြားသိတော်မူရ၍ အင်္ဂလိပ်ဝန်ကြီးကို ကျွန်တော် မျိုးရင်းမခြား သဘောထားမည် အမိန့်တော်မည်ရှိကြောင်း၊ မြန်မာနယ်က ဓားပြများကို အင်္ဂလိပ်နယ်သို့ ကူးဝင်တိုက်ခိုက် မရှိအောင် မှာထားဆင့်ဆို ဖမ်းဆီးမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၄]။

၁၈၆၈ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့။

အင်္ဂလိပ်ဝန်ကြီးက သလေတင်နှင့် ကုလားဝန်တို့သို့ ပေးစာ။

၃။ ။ မြန်မာနယ်က ဓားပြတို့ အင်္ဂလိပ်နယ်သို့ ကူးဝင်တိုက်ခိုက်၍ ဖမ်းဆီးရာ လူကြီး ငရွှေစိုးကို မိကြောင်း၊ ကျန်လူတို့ မြန်မာနယ်သို့ ကူးဝင်သွားကြောင်း၊ ဗိုလ်မောင်ကလေးလူတို့ ဓားပြတွင် ပါဝင်ကြောင်း၊ မြင်ကွန်းစားငယ်ကို ဖမ်းမိ၍ တစ်ကျွန်းသို့ ပို့လိုက်ကြောင်း၊ ဤအကြောင်းများကို သံတော်ဦးတင်ကြ မည့် အကြောင်း။

---

၁။ ၉ ဇူလိုင် ၁၈၆၈ ၂။ ၂၃ ဇူလိုင် ၁၈၆၈ ၃။ ၁၂ စက်တင်ဘာ ၁၈၆၈ ၄။ ၁၂၃၀ ပြည့်၊ တော်သလင်းလဆန်း ၁၂ ရက် ဖြစ်မည်။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၂ ရက်နေ့[၁]။

၁၈၆၈ ခု၊ စက်တင်ဘာလ ၁၈ ရက်နေ့။

ကုလားဝန်က အင်္ဂလိပ်ဝန်ကြီးထံ အစီရင်ခံစာ။

၄။ ။ ဝန်ကြီးမင်းကပေးသည့် ဓားပြတိုက်မှုစာကို လက်တော်ရောက် ဆက်သရာ မှူးမတ်များကို စိတ်ဆိုးတော်မူကြောင်း၊ စာပါ လူတို့ကိုလည်း အကျဉ်းယူစေကြောင်း၊ မလွန်မင်းလှမှာ တတ်သိလိမ္မာသည့် လွှတ်တော်စာရေးကြီးကို ခန့်ထားစေလွှတ်သည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၂ ရက်နေ့[၂]။

လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၅။ ။ အင်္ဂလိပ်နယ်သို့ မြန်မာနယ်က သူခိုးဓားပြများ ခိုးယူတိုက်ခိုက် မရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆို စောင့်ထိန်းရမည့် အကြောင်း။

၆။ ။ ၅ မှတ်ပါ အကြောင်းအရာအတိုင်း ရေနံချောင်းမြို့စား မြင်းဝန် မိုးနဲ ဗိုလ်မှူးက အောက်မြစ်စဉ် စစ်ကဲ ရေနံချောင်း ၄ မြို့ဝန်သို့ ပေးမှာစာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၃ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၇။ ။ ပညာတော်သင် ကျေးညို၊ ငရွှေအုန်းတို့ကို ရန်ကုန်မြို့တွင် ကြေးနန်းစကားပြော ပညာ တတ်မြောက်အောင် သင်ကြားစေမည့် အကြောင်း။

---

၁၅၁ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့[၃]။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ကလေမံဝိလင်းသို့ ရိုက်ဘာတ်သေနတ်ဖိုး ကျန်ငွေများကိုပေးလျှင် တိုက်သင်္ဘောတော်ကို အလျင်အမြန်ပြီးအောင် ကလေမံဝိလင်းက ပြုလုပ်နိုင်မည် ဖြစ်ကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၂။ ။ ကလေမံဝိလင်းနှင့် သေနတ်ဝယ်စာချုပ်တွင် ရွှေဘွားတော်အောက်သို့ သေနတ်ရောက်မှ စတုတ္ထငွေပေးရမည် ပါရှိသော်လည်း အရေးပိုင်ကြီး ပေးစာအရ သံတော်ဆင့် ပန်းတဉ်းဝန်ကို စေလွှတ်ပေးပို့လာစေကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ ပေးစာ။

၃။ ။ သေနတ် အမြောက်မှ စ၍ လက်နက်ကိရိယာနှင့် စပ်ဆိုင်သည့် အလုပ်များကို သင်ကြားစေရန် စေလွှတ်သူ လူငယ် ၁၉ ကို အလိုရှိရာ ဝင်ထွက်ကြည့်ရှု သင်ကြားပါစေမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့။

၁၈၆၈ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၄။ ။ အင်္ဂလိပ်ကုန်သည် ၂ ယောက် ဧရာဝတီမြစ်သို့ ဆန်တက်ရာ မင်းကွန်းကင်းက တားဆီး၍ ပြန်လာရကြောင်း၊ မဟာမိတ်စာချုပ်အတိုင်း နောင် တားဆီးမရှိစေရအောင် ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၃ ရက် ဖြစ်မည်။ ၂။ ၁၇ စက်တင်ဘာ ၁၈၆၈ ၃။ ၂ စက်တင်ဘာ ၁၈၆၈ ၄။ ၂၄ စက်တင်ဘာ ၁၈၆၈

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

၁၈၆၈ ခု၊ အောက်တိုဘာလ ၇ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ မိုးညှင်းရွာ ရွှေဝိုင်းလေ့ကို တိုက်ခိုက်သည့် ဓားပြ သောဝ၊ သောလှိုင်၊ ဘိုးမင်းတို့ ဧရာဝတီဆန် သင်္ဘောမှာ လိုက်လာရာ၊ ကပ္ပိတန်က သိ၍ စစ်မေးသိသာသည်နှင့် မင်းလှစစ်ကဲထံ ပေးအပ်ခဲ့ကြောင်း လျှောက်ထားရှိ၍ ၎င်းတို့ကို စာချုပ်နှင့်အညီ ပေးအပ်မည့်အကြောင်း။

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၁]။

(က) အထက် သလေတင်က ပေးစာ ၂ အရ ပြန်စာမပေး။ ကုလားဝန်ကိုသာ မှာထားပြန်ပြောစေသည့် မှတ်သားချက်။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၆။ ။ ကျောက်တိုင် အနီးအစပ်တွင် ဓားပြလူဆိုးများ မပေါ်မထွက်စေရအောင် ဆင့်ဆိုစောင့်ထိန်း၍ ဆင့်ဆိုစောင့်ထိန်းပုံကိုလည်း လျှောက်ရမည့်အကြောင်း၊ ဗိုလ်မောင်ကလေးက ခန့်ထားသူ သူကြီး ၂ တို့ ဓားပြတွင် ပါဝင်၊ ဓားပြလူဆိုးလည်း မွေးထားသူများဖြစ်၍ ၎င်းတို့ကို စေလွှတ်သူ စာရေးကြီးတွင် အကျဉ်းထည့်အပ်ရမည့် အကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[၂]။

ရေနံချောင်းမြို့စားက အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၇။ ။ ကျောက်တိုင် အနီးအစပ်တွင် ဓားပြလူဆိုးများ ဆိုးသွမ်းပေါ်ပေါက် မရှိရအောင် စောင့်ထိန်းရမည့် အကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[၂]။

၈။ ။ ဝန်ထောက် ကင်းဝန်က ၇ မှတ်ပါ အကြောင်းအရာအတိုင်း ၆ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့[၃]။

ပခန်းမင်းကြီးက ကလေမံဝီလျံသို့ ပေးစာ။

၉။ ။ ဝယ်ယူတော်မူသည့် သေနတ်၊ သံတိုက်သင်္ဘော၊ တူဆန်များနှင့် စပ်သည့် အရပ်ရပ် အကြောင်းအရာကို တင်လျှောက်သာအောင် စာချုပ်ပါ စကားချက်များနှင့်အညီ ရိုးရိုးဖြောင့်ဖြောင့် ပြောဆိုတင်လျှောက် ထမ်းရွက်ရမည့် အကြောင်းအရာ။

---

## ၁၅၂ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၄]။

အင်္ဂလိပ်ဝန်ကြီးက ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ သေနတ်အမြောက် လက်နက်ကိရိယာများ လုပ်ဆောင်နိုင်အောင် ပညာသင်လူငယ် ၁၉ တို့ကို စေလွှတ်လိုက်ကြောင်း ပေးစာအရ အင်္ဂလိပ်မင်းထံ အခွင့်အမိန့်တောင်း၍ ရကာလ စာပြန်ကြားပါမည့် အကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၄]။

အရေးပိုင်ကြီးဖိုက်က ပခန်းမင်းကြီးသို့ ပေးစာ။

၂။ ။ ကြေးနန်းပညာတော်သင် စေလွှတ်သည့် အကြောင်းအရာကို မန္တလေးမြို့ရှိ အရေးပိုင် သလေတင်ထံ အကြောင်းပြန်ကြား သိပါစေမည့် အကြောင်း။

---

၁။ ၁၇ အောက်တိုဘာ ၁၈၆၈ ၂။ ၁၇ စက်တင်ဘာ ၁၈၆၈ ၃။ ၁၉ အောက်တိုဘာ ၁၈၆၈ ၄။ ၁၃ အောက်တိုဘာ ၁၈၆၈

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၆၈ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ အမေရိကန် ဆရာခတ်ရှင်တို့ လူငယ် ၁၀၊ သေနတ် ၅၊ ဓား ၅ များနှင့် ရှမ်းပြည်မြို့ရွာများသို့ တရားဟော သွားလို၍ တားဆီးမရှိစေရအောင် စာပေးအပ်ပါမည့် အကြောင်း။

---

## ၁၅၃ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၁ ရက်နေ့။

၁၈၆၈ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ သဘော်သူကြီး အဒလင် တင်ဆောင်သည့် ဆားကုန်အပေါ်တွင် ကောက်ခံသည်မှာ မည်သည့်အကြောင်းနှင့် ကောက်ခံသည်ကို သိလိုကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၂ ရက်နေ့။

အခွန်အုပ် သူဌေးတို့ကို မေးချက်။

၂။ ။ ၁၂၃၀ နှစ် ကောက်ခံရန် လွှတ်တော်ဥပဒေတွင် ဆား ၁၀၀ လျှင် ၁၄ နှုန်းထား ပါရှိသည့်အတိုင်းသာ သဘော်သူကြီး အဒလင် ဆားများကို ကောက်ခံကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၁ ရက်နေ့။

၁၈၆၈ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ သစ်၊ ကျောက်နီ၊ ရေနံပြင် အခြားကုန်များကို ကုန်တော်ပြုလုပ် မရှိရအောင် မဟာမိတ် ဖြစ်သည့်အတိုင်း သဘောထားစေလိုကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၆၉ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့။

အရေးပိုင်က ပေးစာ။

၄။ ။ သဘော်သူကြီး အဒလင် ဆားကုန်အပေါ်တွင် အမိန့်တော်အတိုင်းထက် ပိုမိုကောက်ခံသည့် ငွေကို ပြန်ပေးသင့်ကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၃ ရက်နေ့[၁]။

၁၈၆၈ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ အင်္ဂလိပ်နယ်တွင် ဓားပြ ပြုလုပ်တိုက်ခိုက်၍ မြန်မာနယ်သို့ ကူးဝင်သူများအနက် စီရင်သင့်သူကို စီရင်၍ ပေးအပ်သင့်သူကို ပေးအပ်စေလိုကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၄ ရက်နေ့[၂]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၆။ ။ သဘော်သူကြီး အဒလင် ဆားများပေါ်တွင် အခွန်အုပ်သူဌေးတို့က အကောက်တော်နှုန်း အတိုင်းသာ ကောက်ခံကြောင်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၃]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၇။ ။ သစ်၊ ရေနံ၊ ကျောက်နီများပြင် ကုန်တော်ပြုလုပ် မရှိစေရ။ ပွဲစားပွဲအုပ်တို့ကလည်း ကုန်တော်ဆို၍

---

၁။ ၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၁၂ ရက် ဖြစ်မည်။ ၂။ ၂၆ ဒီဇင်ဘာ ၁၈၆၈ ၃။ ၂၉ ဒီဇင်ဘာ ၁၈၆၈

ဝယ်ယူမရှိစေရ။ မဟာမိတ်စာချုပ်ပါ ကုန်များကို ဆင်းရဲသားတို့ အလိုရှိရာ ရောင်းဝယ်စေရမည် ဆင့်ဆို ရှိကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၈။ ။ မိုးညှင်းရွာ ငရွှေဝိုင်းလေ့မှာ တိုက်ခိုက်သည့် ဓားပြတို့ကို ဥစ္စာရှင်နှင့် ပြေကျေပြီးဖြစ်၍ အကျဉ်းမှ လွှတ်မိကြောင်းနှင့် ၄ မြို့ဝန်က အစစ်ခံ၍ ၄ မြို့ဝန်ကို အကျဉ်းချထား ပေးအပ်ရမည် တောင်းခံရှိကြောင်း။ ၄ မြို့ဝန်က တစ်လတန်သည်၊ ၂ လ တန်သည် ထောက်လှမ်းဖမ်းဆီးမှ ရနိုင်ပါမည် လျှောက်ထားသောကြောင့် ၎င်းကို အကျဉ်းကလွှတ်၍ ဖမ်းဆီးစေလျက်ရှိကြောင်း။ ဖမ်းဆီးရမိသည့် ဓားပြမယား ၂ ကို အလိုရှိလျှင် ပို့အပ်မည့်အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[1]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်၊ ခနက်ပလာဆင်ဝန် စစ်ကဲတို့သို့ ပေးမှာစာ။

၉။ ။ ချောင်းခွသူကြီး ငထွန်းဦးက ငဘူးကို စေလွှတ်၍ အင်္ဂလိပ်နယ်အတွင်း မိပေါက်တိုးကို ကျွန်ဖြစ်သည် အတင်းခေါ်ငင်စေသည် ဆိုသည့်အရာ မှန် မမှန်၊ ၎င်းမိပေါက်တိုး ငထွန်းဦးကျွန် မှန် မမှန်များ မေးမြန်း၍ ငထွန်းဦးတို့ ထွက်ချက်နှင့်တကွ လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁၀။ ။ ချောင်းခွသူကြီး ငထွန်းဦးက အင်္ဂလိပ်နယ်တွင်ရှိ မိပေါက်တိုးကို ကျွန်ဖြစ်၍ အတင်းထောင်းထု ရိုက်နှက် ခေါ်ငင်စေသည့်အရာ မှန် မမှန် မေးမြန်းလျှောက်ထားရမည်။ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်ကို ဆင့်ဆိုရှိကြောင်း၊ ၎င်းက လျှောက်ထားသိသာမှ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

သလေတင်က လက်တော်ရောက် ဆက်စာ။

၁၁။ ။ ဆရာဝန် ဝိလင်းက တိုက်အိမ် ပစ္စည်းများကို လေလံတင်ရောင်းသည်မှာ လွှတ်တော်မှတ်သားချက်များနှင့် မဟုတ်၍ မြန်မာတရားနှင့် မညီ ထင်ကြောင်း။

၁၂၃၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[2]။

၁၂။ ။ ကလေမံဝိလျံထံ တူဆန် ၂ သန်း ဝယ်ယူသည့်စာချုပ်။

၁၂၃၀ ပြည့်၊ နတ်တော်လဆန်း ၁၃ ရက်နေ့[3]။

ပုဂံ၊ စလေ ၂ မြို့ဝန် စစ်ကဲတို့က အစီရင်ခံစာ။

၁၃။ ။ တပွဏ္ဍာလီ ကုမ္ပဏီသို့ ပေးချေရန် စက်ဖိုးငွေကို သဿမေဓငွေတော် မကျန်သောကြောင့် ပျဉ်တော်ဖိုးငွေကို ရွှေတိုက်ကြပ်တို့သို့ ပေးအပ်ရပါကြောင်း။

၁၂၃၀ ပြည့်၊ နတ်တော်လဆန်း ၁၃ ရက်နေ့[3]။

ရွှေတိုက်ကြပ်တို့က အစီရင်ခံစာ။

၁၄။ ။ တပွဏ္ဍာလီ ကုမ္ပဏီသို့ စက်ဖိုးငွေ ချေပေးရန် စလင်း၊ ကျပင်း ၂ မြို့ဝန်ထံက ငွေတော် ၂၇၀၀၀ ရရှိပါကြောင်း။

၁၂၃၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[4]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁၅။ ။ ငရီစွတ်နှင့် မဟာစောဆတ်တို့ အမှုစကားကို တရားရုံး တရားသူကြီးတို့ စီရင်မပြီးမပြတ်လျှင် လွှတ်တော်သို့ တင်ပို့စေ၍ ပြီးပြတ်အောင် စီရင်မည့်အကြောင်း။

---

၁။ ၈ ဇန်နဝါရီ ၁၈၆၉ ၂။ ၂ ဒီဇင်ဘာ ၁၈၆၈ ၃။ ၂၆ နိုဝင်ဘာ ၁၈၆၈ ၄။ ၁၁ ဒီဇင်ဘာ ၁၈၆၈

### ၁၅၄ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၃ ရက်နေ့။

၁၈၆၈ ခု၊ ဒီစင်ဘာလ ၁၅ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ရေနန်းစကြာ သင်္ဘောတော် ကပ္ပိတန် ငစံရာနှင့် သင်္ဘောသားလူတို့က သင်္ဘောတွင် စီးနင်းလိုက်ပါသူ ကုလားဖြူ အော်လီပါကို ရိုက်နှက်သည့်အမှုကို မည်သို့အမိန့်ရှိမည် သိလိုကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၉ ရက်နေ့[၁]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၂။ ။ ကုလားဖြူလူမျိုး အော်လီပါကို ရိုက်နှက်သူ ရေနန်းစကြာ သင်္ဘောတော် ကပ္ပိတန် ငစံရာကို အရာက နုတ်၍ အကျဉ်းထားကြောင်း၊ ၎င်းအမှုကို အော်လီပါက အလျှောက်အထား မရှိ၍ မစီရင်ရကြောင်း၊ လျှောက်ထားရှိလျှင် မြန်မာတရား ထုံးစံနှင့်အညီ စီရင်မည့်အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၃ ရက်နေ့။

၁၈၆၈ ခု၊ ဒီစင်ဘာလ ၁၅ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ အာကာမေဟီဒီ၊ မြီဇာမန္တလီ၊ ဟာစိမြီဆတ်တို့ အပေါ်တွင် ခရီ ကုမ္ပဏီက ငွေ ၃၂၅၀၀ ရရန်စွဲဆိုမှု မပြီးပြတ်မီ အာကာမေဟီဒီ၊ မြီဇာမန္တလီ၊ ဟာစိမြီဆတ်တို့က တောင်ငူဝန်ထံ သစ်ရောင်းချရ အဖိုးငွေနှင့် ခုတ်ရသစ်များကို သိမ်းထားပါမည့် အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၄။ ။ မြီဇာမန္တလီတို့က အထက်ဆက်သွင်းပြီး အခွန်ငွေ ၂၀၀၀၀ အနက် ထုတ်ယူပြီးသစ်နှင့် ခုနိမ်သည့်ပြင် ကုန်ငွေကျ ထုတ်ယူသင့် သစ်များထက် ပိုမို၍ မထုတ်မယူစေရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၀ ပြည့်၊ ပြာသိုလဆန်း၊ ၄ ရက်နေ့။

၅။ ။ ကလေမံဝီလျံသို့ တူဆန်ဖိုးငွေ ၉၂၆၄ ပေးချေသည့် အမှတ်အသား။

၁၂၃၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၃]။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ ငရီဇွတ်နှင့် မဟာစောဆတ်တို့ အမှုစကားကို နေ့ရက်ရှည်ကြာရှိ၍ တော်သင့်အောင် အမိန့်ရှိစေလိုကြောင်း။

---

### ၁၅၅ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ တပို့တွဲလဆန်း၊ ၁၀ ရက်နေ့[၄]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁။ ။ ရေနံချောင်းဝန်ကြီး သားမောင်ကလေးကို ဘင်္ဂလားမြို့သို့ ပညာသင်စေလွှတ်မည်ဖြစ်၍ မဟာမိတ်ဖြစ်သည့်အတိုင်း စောင်မကြည့်ရှုအောင် အင်္ဂလိပ်ဝန်ကြီးထံ စာပေးမှာထားမည့်အကြောင်း။

၁၂၃၀ ပြည့်၊ တပို့တွဲလဆန်း၊ ၁၀ ရက်နေ့[၄]။

ရေနံချောင်းဝန်ကြီးက အကောက်ဝန် ဇွေယ်သို့ ပေးစာ။

၂။ ။ သားမောင်ကလေးကို ဘင်္ဂလားမြို့သို့ ပညာသင်စေလွှတ်ရာ မိတ်ဆွေဖြစ်သည့်အတိုင်း အင်္ဂလိပ်ဝန်ကြီးသို့ ပြောဆို သင်ကြားစေမည့် အကြောင်း။

---

၁။ ၂၁ ဒီစင်ဘာ ၁၈၆၈ ၂။ ၁၇ ဒီစင်ဘာ ၁၈၆၈ ၃။ ၉ ဒီစင်ဘာ ၁၈၆၈ ၄။ ၂၁ ဇန်နဝါရီ ၁၈၆၉

၁၂၃၀ ပြည့်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့[၁]။

၁၈၆၉ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ မဟာမိတ်စာချုပ်အတိုင်း မြန်မာနိုင်ငံအတွင်း ရောင်းဝယ်ကြသည့် ကုန်ဈေးနှုန်း စာရင်းများကို နှစ်မကူးမီ တင်ရင်ပေးပို့မည့်အကြောင်း၊ ဈေးနှုန်းနိမ့်မြင့်များကို တိုင်ပင်ပြင်ဆင်ရမည့်စာချုပ်တွင် ပါကြောင်း။

၁၂၃၀ ပြည့်၊ တပို့တွဲလဆန်း ၇ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၄။ ။ ပြာသိုလဆန်း ၁၃ ရက်နေ့ ပို့ရောက်သည့်စာပါ မြန်မာနယ်သို့ ဝင်ရောက်ရှိနေသည့် ဓားပြဆိုသူတို့ကို နေရာကျစစ်မေး၍ စာချုပ်ပြီးနောက်မှ တိုက်ခိုက်သူမှန်လျှင် စီရင်သင့်သူကို စီရင်၊ အပ်သင့်သူတို့ကို အပ်မည့်အကြောင်း။

၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့။

ဘိလပ်နိုင်ငံတော်နေ ပညာတော်သင် ငမြဲက ဆက်သသည့် ဘာသာရေးသတင်းစာကို

ပညာတော်သင် ငရွှေမြို၊ ငအောင်သူတို့ မြန်မာပြန်ဆိုချက်။

၅။ ။ မြန်မာနိုင်ငံမြောက် ဘင်္ဂလားပင်လယ်၊ တရုတ်ပင်လယ်အကြားတွင် တည်ရှိသည့် တရုတ်ဟိန်ရူခေါ် မြို့ရွာများနှင့် အင်္ဂလိပ်တို့ ကူးသန်းရောင်းဝယ်မှု ဆက်ဆံမည့်အကြောင်းကို သလေတင် တရုတ်ပြည်သို့ သွားသည့်အခါ အလိုအတိုင်း ပြီးမြောက်ပေါက်ရောက်ခဲ့သည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့။

၁၈၆၉ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ အထက်စာပါ ဓားပြတို့စကားနှင့်စပ်၍ စာချုပ်ဆိုပြီးနောက် ဆိုသည်ကို အလိုမရှိ။ ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို စီရင်သည်ကိုသာ အလိုရှိပါကြောင်း။

၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့။

ကုလားဝန် မေးချက်။

၇။ ။ စက်ကိရိယာနှင့်စပ်၍ ချုပ်ဆိုရင်းသူ ဘုတ်ကင်နံ ကုမ္ပဏီ ကိုယ်စားလှယ် မဆောင်မရွက်နိုင်လျှင် ကုမ္ပဏီ ကိုယ်နှင့် အသစ်စာချုပ်ဆိုရန် သံတော်ဦးတင်၍ မှာထားပါမည့် အကြောင်းနှင့် သလေတင်သို့ ရန်ကုန်မြို့နေ ဂရစ်စတွန်ဝါလီက စာပေးကြောင်းကို သလေတင် ပြောဆိုကြားသိ၍ သံတော်ဦးတင်သည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၈။ ။ ဘုတ်ကင်နံ ကုမ္ပဏီကိုယ်နှင့် စက်ကိရိယာဝယ် စာချုပ်အသစ် ထပ်မံချုပ်ဆိုရန် အရေးပိုင်က ၎င်း ကုမ္ပဏီကို ဆင့်ဆိုမည့်အကြောင်း။

---

## ၁၅၆ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၂]။

၁၈၆၉ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ဗန်းမော်မြို့အထက် လမ်းအကြည့်အရှု သွားရောက်သည့်အခါ ပါလာသည့် ကချင်လူမျိုး ၃၊ ရှမ်းလူမျိုး

၁။ ၁၂၃၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၆ ရက် ဖြစ်မည်။ ၂။ ၁၂၃၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၇ ရက် ဖြစ်မည်။

၁ တို့ကို မြန်မာအရာရှိတို့က ညှဉ်းပန်းနှိပ်စက်မရှိ၊ နေရင်းရပ်ရွာသို့ ပြန်သွား၊ ချမ်းသာစွာ နေထိုင်နိုင်ပါအောင် အမိန့်စာ ပေးအပ်ပါမည့် အကြောင်း။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်ရုံး အရာရှိတို့သို့ ပေးမှာစာ။

၂။ ။ အင်္ဂလိပ် အရေးပိုင်နှင့် အတူလိုက်ပါသူ ကချင်လူမျိုး ၃၊ ရှမ်းလူမျိုး ၁ တို့ကို နှိပ်စက်ညှဉ်းပန်း မရှိ၊ ပြန်သွားနေထိုင်စေရမည့် အကြောင်း။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၆၉ ခု၊ မတ်လ ၆ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ ဗန်းမော်မြို့တွင် နေစေမည့် အရေးပိုင် မကြာမီရောက်မည်ဖြစ်၍ နေအိမ်ဆောက်လုပ်ရန် ဗန်းမော်မြို့ဝန်ကို ဆင့်ဆိုပါမည့်အကြောင်း၊ ၎င်းကုန်ငွေကို ပေးပါမည့်အကြောင်း။

၁၂၃၀ ပြည့်၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၄။ ။ ဗန်းမော်မြို့တွင် အင်္ဂလိပ်အရေးပိုင်တည်းရန် အိမ်အသင့်ရှိနှင့်စေအောင် ဆင့်ဆိုမည့်အကြောင်း၊ ၎င်းတွင် တည်းနေ၍ နှစ်သက်ရာ အိမ်ပုံအတိုင်း ဆောက်လုပ်ရန် သင့်ကြောင်း။

၁၂၃၀ ပြည့်၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့[၂]။

သောင်သွပ်စော်ဘွားက သံတော်ဦးတင်စာ။

၅။ ။ မဏိပူရရှိ အင်္ဂလိပ်ဗိုလ်က သောင်သွပ်စော်ဘွားကြီးထံ လာရောက်မည် စာရောက်၍ နီးရံသည့် မြို့ဝန်အရာရှိတို့နှင့် တွေ့ဆုံ စကားပြောဆိုကြရအောင် စာကမ်းလှမ်းပေးပို့ရှိပါကြောင်း၊ ရောက်ရင်း စာကိုလည်း ဆက်သပါကြောင်း။

၁၂၃၀ ပြည့်၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၃]။

မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်က သောင်သွပ်စော်ဘွားထံ ပေးစာ။

၆။ ။ မိတ်သဟာယ ဖြစ်လိုသည်၊ မြို့ရွာများ ကြည့်ရှုလိုသည်များကြောင့် သောင်သွပ်မြို့သို့ လာရောက်လိုကြောင်း။

၁၂၃၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၄]။

တမူးခန်းပတ် မြို့ဝန်တို့က တင်လျှောက်လွှာ။

၇။ ။ မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်က တမူးမြို့သူကြီးနှင့် သိကျွမ်းလိုသည်၊ မြို့ရွာများ ကြည့်ရှုလိုသည်များကြောင့် လာရောက်လိုကြောင်း စာပို့ရောက်ရှိ၍၊ ဝင်ထွက်သွားလာခွင့်ကို အမိန့်တော်ခံမြဲ ဖြစ်သည့်အတိုင်း ရောက်ရင်း စာနှင့်တကွ တင်ပို့လျှောက်ထားသည့် အကြောင်း။

၁၂၃၀ ပြည့်၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၃]။

မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်က တမူးမြို့သူကြီးထံ ပေးစာ။

၈။ ။ မြို့သူကြီးနှင့် တွေ့ကြုံ မိတ်သဟာယ ဖြစ်လိုသည်၊ မြို့ရွာများ ကြည့်ရှုလိုသည်များကြောင့် လာရောက်မည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပေါင်းလဆန်း ၃ ရက်နေ့။

၁၈၆၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၉။ ။ ဘုတ်ကင်နံ ကုမ္ပဏီကိုယ်နှင့် နောက်ထပ်ချုပ်ဆိုရန်နှင့်စပ်၍ ကုလားဝန် တင်ချက်အတိုင်း မမှန်သည့်အကြောင်းအရာ။ ၎င်းကုမ္ပဏီက အထက်စာချုပ်အရ ပြေငြိမ်းစေ၍ အသစ်ချုပ်လိုလျှင် ရွှေမြို့တော်သို့

၁။ ၂၈ ဖေဖော်ဝါရီ ၁၈၆၉ ၂။ ၁၆ မတ် ၁၈၆၉ ၃။ ၂၀ ဖေဖော်ဝါရီ ၁၈၆၉ ၄။ ၁ ဧပြီ ၁၈၆၉

ကိုယ်တိုင် မလာသော်လည်း အသစ်ချုပ်ဆိုမည့် စာချုပ်ကိုသာ ရေးသားဆက်သ၊ အမိန့်တော်မြတ်ရှိရာ နာခံလိုသည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပေါင်းလဆန်း ၄ ရက်နေ့။

၁၈၆၉ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၀။ ။ အာကာမေဟိဒီ၊ မြိဇာမန္တလိ၊ ဟာစိမြိဆတ်တို့အပေါ်တွင် ခရီ ကုမ္ပဏီက ရရန်ငွေမှုကို ကုလားဝန် စီရင်ပြီး အမိန့်ရှိလျက် လွှတ်တော်က လက်ခံပြန်သည်ကို သိလိုကြောင်း။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[1]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁၁။ ။ သင်္ဘောနှင့် သံရည်ကျို စက်ကိရိယာများ ဝယ်စေသူ ဒါဘီဒိုက စာချုပ် လရက်လွန်၍မှ မပေးမအပ်၊ အကြောင်းအရာကိုလည်း မလျှောက်မထား ရှိသောကြောင့် အရေးပိုင်မင်းက အင်္ဂလိပ်ဝန်ကြီးထံ စာပေး၍ ၎င်းကို နေရာကျအောင် ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[1]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁၂။ ။ သေနတ်၊ တိုက်သင်္ဘောများ ဝယ်ယူစေသူ ကလေမံဝီလျံက စာချုပ် လရက်လွန်၍မှ မပေးမအပ်၊ အကြောင်းအရာကိုလည်း မလျှောက်မထား ရှိသောကြောင့် အရေးပိုင်မင်းက အင်္ဂလိပ်ဝန်ကြီးထံ စာပေး၍ ၎င်းကို နေရာကျအောင် ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့[2]။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၃။ ။ အင်္ဂလိပ်နယ်နှင့် မြန်မာနယ် အစပ်တွင် အင်္ဂလိပ်မင်းက အကောက်အခံ မရှိသောကြောင့် ဈေးနှုန်းစာရင်းကို ပေးပို့ရန် မရှိသည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့[3]။

ပန်းသေးဗိုလ် တာစခုံက ပုံလိန်စော်ဘွားသို့ ပေးစာ။

၁၄။ ။ မိုးမျဉ်းမြို့ကို တရုတ်လူမျိုးတို့ တိုက်ခိုက်လာလျှင် ခုခံနိုင်အောင် ခုခံရမည့်အကြောင်း၊ ၎င်းတရုတ်လူမျိုးတို့ကို အမျိုးချင်းဖြစ်၍ ကူညီရန် ရှာရုံဘွဲကို အရေးပိုင် သလေတင်က တိုင်ပင်ပြောဆိုရာ ရှာရုံဘွဲက တစ်စုံတစ်ရာ ပြန်လှန်မပြောမဆိုသော်လည်း ရှာရုံဘွဲက ကူညီတိုက်ခိုက်လာလျှင် ခုခံတိုက်ခိုက်ရမည့် အကြောင်းအရာ၊ တရုတ်တို့က ရှမ်း ကချင်လူမျိုးများ ငှားရမ်းသည်ကို မတားမမြစ်၊ လိုက်ပါတွေ့ရှိလျှင် စော်ဘွားနှင့် နှောင် မကောင်းရှိမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်နေ့[4]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၁၅။ ။ သံတိုက်မီးသင်္ဘော ၂ ဝယ်ယူလိုကြောင်း၊ ၎င်းအဖိုး မည်မျှကျ၍ မည်သို့ ပေးချေရမည့် အကြောင်း၊ လရက်မည်မျှနှင့် ရွှေဘွားတော်အောက်ရောက် ရနိုင်မည်ကို စာပြန်မည့်အကြောင်း။

---

## ၁၅၇ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်။

အရေးပိုင် သလေတင် တရုတ်ပြည်နယ်စပ်သို့ သွားသည့် အကြောင်းအရာ သတင်းစာလက်ခံ။

၁။ ။ သလေတင်ကို မြန်မာမင်းက ထောက်ပံ့ပြုစုသော်လည်း ကျေးဇူးတော်ကို ကွယ်ပအောင် ပြုလုပ်သည့် အကြောင်းအရာ။ သလေတင် လူကြီးလက္ခဏာ ပျက်ကွယ်ပုံ အကြောင်းအရာများနှင့်စပ်၍ (အကျယ်)။

---

၁။ ၂၇ ဖေဖော်ဝါရီ ၁၈၆၉ - ၂။ ၆ မတ် ၁၈၆၉ ၃။ ၁ ဧပြီ ၁၈၆၉ ၄။ ၂ ဧပြီ ၁၈၆၉

၁၂၃၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[၁]။

မယ်ရီရမ်း အစစ်ခံချက်။

၂။ ။ ကျွန်တော်မကို အရေးပိုင်မင်းက သားငယ်များကို ထိန်းသိမ်းရန် တစ်လ ငွေ ၁၀ နှင့် ငှားရမ်း၍ ထိန်းသိမ်းနေရာ အတင်းသင့်နေ၊ သမီးတစ်ယောက် ဖွားမြင်၊ အစားအသောက် မပေးမကမ်း ပစ်ထားသည့်အကြောင်းအရာ။

၁၂၃၁ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၂]။

ညီပု အစစ်ခံချက်။

၃။ ။ ကျွန်တော့်မယား မိပွင့်ကို အင်္ဂလိပ်အရေးပိုင် သလေတင်က မယားရှာပေးပါ ပြောဆို၍ မိဆိုင်ကို ငွေ ၅၀၊ မိပြောင်းကို ငွေ ၁၅၀၊ မိလေးဝါကို ငွေ ၁၀၀၊ မိငြိမ်းကို ငွေ ၁၀၀၊ မိမိုးကို ငွေ ၃၀၀ ပေး၍ ရှာပေးရကြောင်း။ ကျွန်တော့်မယား မိပွင့်ကိုလည်း အင်္ဂလိပ်အရေးပိုင်လူ ငပေတလူ ခိုးယူ၍ အရေးပိုင်နှင့် အတူ ရန်ကုန်မြို့သို့ သွားကြောင်း။

၁၂၃၁ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၂]။

မိမိုး အစစ်ခံချက်။

၄။ ။ ကျွန်တော်မကို ကိုယ်နေကြေးငွေ ၃၀၀ ပေးရွေးနှုတ်ယူ၍ အင်္ဂလိပ် အရေးပိုင်က မယားပြုလုပ်ကြောင်း။

၁၂၃၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

မိလေးဝါ အစစ်ခံချက်။

၅။ ။ အင်္ဂလိပ် အရေးပိုင်က ငွေ ၁၀၀ ပေးကမ်းခေါ်ယူ၍ မယားပြုလုပ်ပါကြောင်း။

၁၂၃၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[၁]။

မိငြိမ်း အစစ်ခံချက်။

၆။ ။ ကျွန်တော်မကို ငွေ ၆၅ ပြား ပေးကမ်းခေါ်ယူ၍ အရေးပိုင်က မယားပြုလုပ်ပါကြောင်း။

၁၂၃၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၆၉ ခု၊ ဧပြီလ ၉ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၇။ ။ ပေးစာတွင် သိုးဆောင်းကုလားဟု ထည့်သွင်းရေးသားသည်ကို နှုတ်၍ အင်္ဂလိပ်ဟု ထည့်ပါမည့်အကြောင်း။

---

## ၁၅၈ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၃]။

အတွင်းတော်က လွှတ်တော်သို့ ပေးသည့် မှာတမ်း။

၁။ ။ ဘင်္ဂလားမြို့တွင် မဲနယ်ချက် အတတ်ပညာ သင်ကြားစေသူတို့ကို တတ်မြောက်လျှင် ပြန်လာစေ၊ ကြွင်းကျန်သေးလျှင် လ ရက် ဆိုင်းငံ့သင်ကြားစေ၊ အမိန့်တော်ကို ဦးထိပ်ထက် ရွက်ဆင်ရကြောင်း။

၁၂၃၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၄]။

ပခန်းမင်းကြီးက ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ပေးစာ။

၂။ ။ ဘင်္ဂလားမြို့မှာ မဲနယ်ချက်ပညာ သင်စေသူတို့ကို တတ်မြောက်လျှင် ပြန်လာခဲ့ရမည့်အကြောင်း၊ ကြွင်းကျန်ရှိလျှင် လ ရက် ဆိုင်းငံ့သင်ကြား၍ တတ်မြောက်မှ ပြန်လာခဲ့ရမည့်အကြောင်းနှင့် အမိန့်တော် အတိုင်း လွှတ်တော်ဆင့်စာကို ၎င်းတို့ထံရောက် ပေးပို့ပါမည့်အကြောင်း။

၁၂၃၀ ပြည့်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၄]။

၃။ ။ ၂ မှတ်ပါ အကြောင်းအရာအတိုင်း လွှတ်တော်က ပညာတော်သင်တို့ကို ဆင့်စာ။

---

၁။ ၁၇ နိုဝင်ဘာ ၁၈၆၉ ၂။ ၅ နိုဝင်ဘာ ၁၈၆၉ ၃။ ၄ ဩဂုတ် ၁၈၆၈ ၄။ ၆ ဩဂုတ် ၁၈၆၈

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့[၁]။

ပခန်းမင်းကြီးက ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ပေးစာ။

၄။ ။ ပြင်သစ်မြို့သို့ ငွေ ၄၀၀၀ ကို ပညာတော်သင်တို့စရိတ် ဖြစ်စေ၍ ၎င်းတို့ ရအောင် လွှဲပို့ပြီးလျှင် စာပြန်ပါမည့်အကြောင်း။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

ပခန်းမင်းကြီးက ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ပေးစာ။

၅။ ။ အထက်ဆက်သရာတွင် မပါသည့် စာလုံးပုံနှင့် စက္ကူများကို နေ့ရက်မကြာ ရောက်အောင် ပေးပို့မည့်အကြောင်း။

၁၂၃၀ ပြည့်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[၃]။

ပခန်းမင်းကြီးက ပြင်သစ်ခင်ကြီး ဘီကန်တက်သို့ ပေးစာ။

၆။ ။ ပို့ငွေ ၄၀၀၀ ကို ပေးပို့ရာ ငွေလက်ခံသူ မက်ရှိကာရိယာ လက်မှတ်၊ ပြင်သစ်နိုင်ငံသို့ ပညာတော်သင်တို့ကို ပေးအပ်ကြောင်း လက်မှတ်များကို ပြန်ပို့မည့်အကြောင်း။

---

## ၁၅၉ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၄]။

အင်္ဂလိပ်ကုန်သည် ကလေမံဝိလင်းက သံတော်ဦးတင် ဘာသာရေးစာ၊

ဖန်ချက်ဝန် မြန်မာပြန်ချက်။

၁။ ။ မကျန်းမာ၍ ပြန်လိုသည့် အကြောင်းအရာ။ ကြားလူတို့ ရှုပ်ထွေးရှိသောကြောင့် အရှင့်အကျိုး၊ ကိုယ်ကျိုး ရှိမည် မထင်၍ အဝေးကသာ အမှုတော်ကို ထမ်းရွက်ပါရမည့် အကြောင်းအရာ။ ဘဏ္ဍာတော်များ မှတ်သားသိမ်းယူမည့် သူကို စေလွှတ်တော်မူပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၄]။

ကလေမံဝိလင်းက ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၂။ ။ ၁ မှတ်ပါ သံတော်ဦးတင်သည့် အရပ်ရပ် အကြောင်းအရာများကို ပြေကုန်အောင် မ စ တင်လျှောက်ပါမည့် အကြောင်းအရာ။

၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၄]။

ကလေမံဝိလင်းက ပခန်းမင်းကြီးထံ အစီရင်ခံစာ။

၃။ ။ ဝယ်ယူတော်မူမည့် သင်္ဘောနှင့် ရိုက်ဘတ်သေနတ်ဖိုး ငွေများတွင် ခုနှိမ်၍ သစ်ကို သနားတော်မူလျှင် ခံယူပါမည့် အကြောင်းအရာ။

**၁၆၀ မှတ်ပုရပိုက်ထွက်**မှာ ပခုက္ကူမြို့တွင် အင်္ဂလိပ်မင်းပိုင် ဇရွဲမြို့နေ ငပန်း ထန်းလျက်ကုန်များကို အဝယ်တော်ဆို၍ တားဆီးကြောင်းနှင့် ၁၂၃၀ ပြည့် နတ်တော်လဆန်း ၈ ရက်နေ့၊ သလေတင်က သံတော်ဦးတင်စာ သက်သက်ရှိ။

---

## ၁၆၁ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ပြည့်။

အင်္ဂလိပ် ဘုရင်မင်းမြတ်သို့ ပေးသည့် ရာဇသံ။

၁။ ။ ဗန်းမော်မြို့အထက် တရုတ်ပြည်ရောက် လမ်းအကြည့်အရှုသွားသူ အင်္ဂလိပ် အရာရှိတို့ကို အထူးကူညီစောင်မမည့်အကြောင်း။

---

၁။ ၂၄ စက်တင်ဘာ ၁၈၆၈ ၂။ ၁၄ အောက်တိုဘာ ၁၈၆၈ ၃။ ၂၄ အောက်တိုဘာ ၁၈၆၈ ၄။ ၄ အောက်တိုဘာ ၁၈၆၈

၁၂၃၀ ပြည့်။

၂။ ။ အင်္ဂလိပ်မင်း စစ်သူကြီးများသို့ မြန်မာမင်း စစ်သူကြီးများက ပေးစာ။ (၁ မှတ်ပါ ရာဇသံနှင့် အကြောင်းအရာ တူ။)

၁၂၃၀ ပြည့်။

အင်္ဂလိပ်မင်း စစ်သူကြီးများသို့ မြန်မာမင်း စစ်သူကြီးများက ပေးစာ။

၃။ ။ အင်္ဂလိပ်မင်းက ပေးသော ရာဇသံများကို ကောင်းမွန်စွာ ကြိုယူဆက်သစေကြောင်း၊ တရုတ်ပြည်လမ်းသို့ သွားရောက်လိုသည့် အင်္ဂလိပ် အရာရှိများကို လွှတ်တော်က အရာရှိဘက်ထည့် ဆန်တက်စေသည့် အကြောင်းအရာ။

၁၂၃၀ ပြည့်။

၄။ ။ သလေတင်ကို မဟာမိတ်လက္ခဏာနှင့်အညီ စောင်မကြည့်ရှု လိုက်လျောပေါင်းသင်းသည့် အကြောင်းအရာ၊ ဗန်းမော်မြို့အထက် တရုတ်ပြည်ရောက် လမ်းအကြည့်အရှု သွားရောက်သည့်အခါ ကြည့်ရှုပြုစုတော်မူသည့် အကြောင်းအရာ၊ သလေတင်က ကြည့်ရှုပြုစုတော်မူသည့် ကျေးဇူးတော်ကို ကွယ်ပပြောဆိုသည့် အကြောင်းအရာ အရပ်ရပ် အမှတ်အသား အကျယ်။

---

## ၁၂၃၁ ခုနှစ်။

### ၁၆၂ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဘုတ်ကင်နံ ကုမ္ပဏီ ကိုယ်စားလှယ်နှင့် ချုပ်ဆိုသည့် စက်ဝယ်စာချုပ်ကို သဘောတော်ရှိလျှင် ဖျက်သိမ်း၍ ၎င်းကုမ္ပဏီကိုယ်နှင့် နောက်အသစ်ချုပ်ဆိုရန် စာချုပ်လက်ခံကို အမိန့်တော်မြတ်ခံသာအောင် ဆင့်ဆိုပို့စေမည့် အကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဘုတ်ကင်နံ ကုမ္ပဏီနှင့် ချုပ်ရန်မှာ ကုမ္ပဏီကိုယ် မလာမရောက်သော်လည်း စာချုပ်ကို သင့်ရာလူစေလွှတ်တင်ပို့လျှင် သင့်မည့်အကြောင်း။

၁၂၃၁ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့။

၁၈၆၉ ခု၊ မေလ ၂၁ ရက်နေ့။

သလေတင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ အင်္ဂလိပ်မင်းက နေပြည်တော်ထိ စေလွှတ်မည့် စာပို့ခတ်လှေများကို အစုန်အဆန် တားဆီးနှောင့်ယှက်မရှိအောင် မြစ်စဉ်တစ်လျှောက် မြို့ရွာကင်းတော် အစောင့်အနေတို့ကို ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက သလေတင်သို့ ပေးစာ။

၄။ ။ အင်္ဂလိပ်မင်းက နေပြည်တော်ထိ စေလွှတ်မည့် စာပို့ခတ်လှေများကို အစုန်အဆန် တားဆီးမရှိစေရအောင် မြစ်စဉ်တစ်လျှောက် မြို့ရွာကင်းတော် အစောင့်အနေတို့ကို ဆင့်ဆိုမည့်အကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ ကြားမီးသင်္ဘော ဆိုက်ရောက်သည့်အခါ ကုန်သည်တို့သိရန် အမြောက်ပစ်ဖောက်မည်ဖြစ်၍ လူတို့မထိတ်မလန့်စေရန် ကြော်ငြာပါမည့် အကြောင်း။

၁။ ၂၀ မေ ၁၈၆၉ ၂။ ၂၉ မေ ၁၈၆၉ ၃။ ၃၀ မေ ၁၈၆၉

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပြန်ပေးစာ။

၆။ ။ ကြားသဘော်များ ဆိုက်ရောက်သည့်အခါ အမြောက်သံပေးမြဲ ထုံးစံမဟုတ်၍ နိုင်ငံထုံးစံအတိုင်းသာ ပြုလုပ်သင့်ကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၁]။

၁၈၆၉ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၇။ ။ နင်းကြမ်းဝန်က အကျဉ်းသားလူများလွှတ်၍ အင်္ဂလိပ်မင်းပိုင် တောင်ငူမြို့နယ်မှာ ဆင်များ ခိုးယူစေမှု အကြောင်းအရာနှင့် အကြိမ်ကြိမ် စာပေးရာ ပြန်စာမရသည့် အကြောင်းအရာ၊ ယခု ဤအမှုမျိုး ဖြစ်ပွား ပြန်သည် အရေးပိုင်ကြီးက စာရောက်သည့် အကြောင်းအရာ၊ ၎င်းအမှုနှင့်စပ်၍ အလျင်အမြန် စာပြန်မည့် အကြောင်းအရာ။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပြန်ပေးစာ။

၈။ ။ ဆင်မှုတရားများကို စီရင်ရှိကြောင်း၊ ၎င်းအမှု ကောက်တော်မူချက်များကို ပို့လိုက်ကြောင်း၊ နင်းကြမ်းဝန်က အကျဉ်းသားလူ ၄၀ စေလွှတ်၍ ဆင်ခိုးယူစေကြောင်း တပ်ရာသေချာ ပြောဆိုနိုင်သူတို့ကို ပေးအပ် စေလွှတ်၍ စုံညီစစ်ဆေး ရှင်းလင်းရလျှင် သင့်မည့်အကြောင်း။

ဆင်မှု ကောက်တော်မူချက်။

၉။ ။ ဆင်ရောင်းရင်းဆိုသူ ငရောက်ကို မစစ်မမေးရသေး၍ ဆင်ရှင်ဆိုသူ ငအုံး၊ ငရွှေအောင်တို့သို့ မင်းသာ ခေါ် ဆင်မ ၁ ကို ဆင်ဝန်ထောက်က ခံဝန်ချက်နှင့် အပ်နှင့်စေရမည့် အကြောင်းအရာ။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၀။ ။ ခေါင်းလောင်း သွန်းလုပ်စေသူ လေင်းက ခေါင်းလောင်းအစား သွန်းလုပ်ပေးသည်ကို အလိုမရှိ၊ မှာထားရင်း ခေါင်းလောင်းကိုသာ အလိုရှိကြောင်း။ မထိမဲ့မြင်ပြုသူ၊ လိမ်လည်သူ လေင်းကို အပြစ်အလျောက် စီရင် စေလိုကြောင်း။

---

## ၁၆၃ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[၂]။

၁၈၆၉ ခု၊ ဧပြီလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ချင်းလူမျိုးတို့၏ အတ္ထုပ္ပတ္တိများကို နေရာကျ သိလို၍ ရေးသားပေးပါမည့် အကြောင်း။

၁၂၃၁ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၂။ ။ ချင်းလူမျိုးတို့၏ အတ္ထုပ္ပတ္တိများကို ရေးပေးပို့လိုက်သည့် အကြောင်း။

ချင်းလူမျိုးတို့၏ အတ္ထုပ္ပတ္တိ။

(က) ခန်းပတ်မြို့၊ တမူးမြို့၊ သောင်သွပ်မြို့များနှင့် မဏိပူရနယ်အကြားရှိ ချင်းလူမျိုးများ အတ္ထုပ္ပတ္တိ အကြောင်းအရာ။

(ခ) သောင်သွပ်မြို့အထက် ဇင်္ဂလိမ်းခန္တီးမြို့နယ်နှင့် မဏိပူရနယ်မြေ အကြားရှိ ချင်းလူမျိုးများ အတ္ထုပ္ပတ္တိ။

---

၁။ ၁၂၃၁ ခု၊ ကဆုန်လဆန်း ၈ ရက် ဖြစ်မည်။ ၂။ ၁၂၃၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၆ ရက် ဖြစ်မည်။ ၃။ ၂၀ မေ ၁၈၆၉

(ဂ) သောင်သွပ်မြို့နယ်နှင့် မဏိပူရအကြား တောင်ရိုးနေ ချင်းလူမျိုးများ အတ္ထုပ္ပတ္တိ။
(ဃ) ကလေးမြို့၊ တိမ်ငြင်းမြို့၊ ရာဇဂြိုဟ်မြို့များနှင့် တမူးခန်းပတ်မြို့ နယ်မြေအကြား တောင်ရိုးနေ ချင်းလူမျိုးများ အတ္ထုပ္ပတ္တိ။
(င) လောင်းရှည်မြို့အနောက် ရခိုင်ဓညဝတီမြို့နယ်အကြား တောင်ရိုးနေ ချင်းလူမျိုးတို့ အတ္ထုပ္ပတ္တိ။
(စ) မင်းတုန်းတောင်စဉ် ၇ ခရိုင် အပါ တိုင်တားမြို့ အနောက်တောင်ရိုးနေ ချင်းလူမျိုးတို့ အတ္ထုပ္ပတ္တိ။
(ဆ) သလ္လာဝတီမြစ်အရှေ့ ဥရုဆယ်ရွာမြောက် မိုးကောင်းနယ်အကြားရှိ တောင်ရိုးနေ ကချင်သိန်းပေါ လူမျိုးတို့ အတ္ထုပ္ပတ္တိ။
(ဇ) သလ္လာဝတီမြစ် အရှေ့ချင်းတွင်း အနောက်ရှိ ထမန်သည်လူမျိုးတို့ အကြောင်းအရာ အတ္ထုပ္ပတ္တိ။

၁၂၃၁ ခု၊ ပထမဝါဆိုလဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပြန်ပေးစာ။

၃။ ။ ပေးပို့လိုက်သည့် ချင်းလူမျိုးတို့ အတ္ထုပ္ပတ္တိကို ရရှိ၍ ကျေးဇူးတင်ကြောင်း။

၁၂၃၁ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မြန်အောင်မြို့နယ် မိုးညိုရွာတွင် တိုက်ခိုက်သူ ဓားပြ ဘိုးမင်း၊ သောလှိုင်တို့ကို ပို့လာစေကြောင်း။ သောဝမှာ ရာဖွေထောက်လှမ်း ဖမ်းဆီးဆဲဖြစ်ကြောင်း။

---

## ၁၆၄ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အရေးပိုင်မင်း မှာထားသွန်းလုပ်စေသည့် ခေါင်းလောင်းကို အခြားသူသို့ ရောင်းသည့်အရာ ထင်ရှားသောကြောင့် ခေါင်းလောင်းသွန်းလုပ်သူ ငလင်းကို အကျဉ်းချုပ်ထားကြောင်း၊ ၎င်းခေါင်းလောင်းကိုလည်း ဝယ်သူထံမှာ တောင်းယူပို့လာစေမည့် အကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၄]။

အမိန့်တော်။

၂။ ။ ပြင်သစ် နိုင်ငံခြားဝန်ကြီးကို ကျောက်စိရွှေဘယက် သနားတော်မူသည့်အကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၄]။

ပခန်းမင်းကြီးက ပြင်သစ်နိုင်ငံခြားဝန်ကြီးသို့ ပေးစာ။

၃။ ။ စေလွှတ်တော်မူသည့် ပညာတော်သင်များကို စောင်မကြည့်ရှု၍ သင်ကြားစေမည့် အကြောင်း၊ သနားတော်မူသည့် ကျောက်စိရွှေဘယက်တော်ကို ပညာတော်သင်များတွင် ပေးအပ်လိုက်ကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၄]။

ပခန်းမင်းကြီးက ဘင်္ဂလားမြို့ရှိ ပြင်သစ်ကိုယ်စားလှယ်သို့ ပေးစာ။

၄။ ။ ပြင်သစ်နိုင်ငံတော်သို့ စေလွှတ်သည့် ပညာတော်သင်များကို အရပ်ရပ် စောင်မကြည့်ရှုမည့် အကြောင်းအရာ။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ်ဝန်ကြီး ဖယ်ရာသို့ ပေးစာ။

၅။ ။ ဘိလပ်သို့ စေလွှတ်သင်ကြားစေတော်မူသည့် ပညာတော်သင် ငမြဲ၊ ငတေရတ်ဖြူတို့ကို စောင်မကြည့်ရှုမည့် အကြောင်းအရာ။

---

၁။ ၁၄ ဇွန် ၁၈၆၉ ၂။ ၂၁ မေ ၁၈၆၉ ၃။ ၃၁ မေ ၁၈၆၉ ၄။ ၃ ဇွန် ၁၈၆၉

၁၂၃၁ ခု။

ဘိလပ်နိုင်ငံရှိ ပညာတော်သင် ငမြ၊ တေရတ်ဖြူတို့ကို ဆင့်စာ။

၆။ ။ မှာထားဆင့်ဆိုရင်း ယမ်း၊ သေနတ်၊ တူဆန် လုပ်ကိုင်နည်း ပညာများကို တတ်မြောက်အောင် သင်ကြားရမည့် အကြောင်း၊ ဖန်ချက်ဝန်ကိုလည်း စက်ကိရိယာများကို အဝယ်အယူ စေလွှတ်ကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

သံတော်ဆင့် ပန်းတဉ်းဝန် သူကြွယ် သီရိဉဇင်္ဃဟာသာလတို့ကို ဆင့်စာ။

၇။ ။ ပညာတော်သင်တို့ လစာငွေများကို ပျဉ်တော်ဖိုး၊ ကျောက်တော်ဖိုးများကနုတ်၍ နေ့ရက်မဆိုင်းမငံ့စေရ ပေးပို့ရမည့် အကြောင်းအရာ။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ စက်ကိရိယာများ အဝယ်အယူ စေခိုင်းတော်မူသူ ဖန်ချက်ဝန်တို့ကို စောင်မကြည့်ရှုအောင် အရေးပိုင်ကြီးထံ မှာထားမည့်အကြောင်း။

၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ပခန်းမင်းကြီးက ပြင်သစ်ခင်ကြီး ဘိကန်တက်သို့ ပေးစာ။

၉။ ။ စေလွှတ်တော်မူသည့် ပညာတော်သင်များကို ကြည့်ရှုစောင်မပါမည့် အကြောင်းအရာ။

(က) ဖန်ချက်ဝန်၊ ပညာတော်သင်တို့ကို ပေးသည့် ငွေစာရင်း။

(ခ) ပညာတော်သင်တို့ ပြင်သစ်မြို့သို့ သွားရာ ပေးအပ်လိုက်သည့် မြန်မာနိုင်ငံထွက် သစ်ပွင့်၊ ကျောက်သတ္တု စသည့် ပုံစံစာရင်း။

(ဂ) ပညာတော်သင်တို့ ဝယ်ယူစေရန် ပေးအပ်သည့် စက်ကိရိယာစာရင်း။

၁၂၃၁ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့[၂]။

၁၈၆၉ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၀။ ။ အင်္ဂလိပ်မင်း ကိုယ်စားလှယ်တော်က ထုတ်ပြန်သည့် အမိန့်တော်ကို မြန်မာအစိုးရတို့ သိရန် ပေးပို့လိုက်သည့် အကြောင်းအရာ၊ ၎င်းကို အများသိစေရန် ကြော်ငြာစေလိုသည့် အကြောင်းအရာ။

၁၂၃၁ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၁၁။ ။ ပို့ရောက်သည့် အင်္ဂလိပ်မင်း အမိန့်တော်တွင် မန္တလေးမြို့မှာ ရုံးဆောက်လုပ်ရန် ပါသော်လည်း မဟာမိတ် စာချုပ် မပါမရှိ၍ သဘောမတူကြောင်း။

---

## ၁၆၅ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၃]။

၁၈၆၉ ခု၊ ဇွန်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အစ္စမာအင်ခေါ် ကုလားနေအိမ်တွင် မြန်မာကိုင်ဓား တွေ့ရှိမှုနှင့် မောင်းကြော်မည် ရှိသည်မှာ အမှုနှင့်အပြစ် မမျှဖြစ်၍ မသင့်ကြောင်း။

---

၁။ ၃ ဇွန် ၁၈၆၉ ၂။ ၁၂၃၁ ခု၊ ဝါခေါင်လဆန်း ၅ ရက် ဖြစ်မည်။ ၃။ ၁၂၃၁ ခု၊ ပထမဝါဆိုလဆန်း ၈ ရက် ဖြစ်မည်။

၁၂၃၁ ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့[1]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အစ္စမာအင် ကုလားကို မောင်းကြော်မည်မှာ ဥပဒေနှင့်အညီ စီရင်သည်ဖြစ်၍ အမှုနှင့် ပြစ်ဒဏ် မှုမမျှ ရွေးချယ်ရန် မရှိကြောင်း။

၁၂၃၁ ခု၊ ပထမဝါဆိုလဆန်း၊ ၄ ရက်နေ့။

၁၈၆၉ ခု၊ ဇွန်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ သံတဲဝင်းမှာ အစောင့်အနေ အမှုထမ်းတို့က အင်္ဂလိပ်အရာရှိများကို မထိမဲ့မြင် ရိုင်းရိုင်းပျပျ ပြောဆို၊ လူငယ်များကိုလည်း ဆဲရေး၊ ခဲနှင့် ပစ်ခတ်ရှိ၍ ၎င်းအမှုများကို စစ်ဆေးစီရင်မည့် အကြောင်း။

၁၂၃၁ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့[2]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ သံတဲဝင်း အစောင့်အနေတို့ကို မေးရာ အင်္ဂလိပ်အရာရှိ အမှုထမ်းများကို မည်သို့ တစ်စုံတစ်ရာ မပြုမလုပ်၊ အချိန်မတော် သွားလာ၍သာ တားဆီးကြောင်းနှင့် လျှောက်ထားရှိကြောင်း။ အရေးပိုင်လူများ ရွှေတချောင်းတွင် ငါးဖမ်းကြောင်း အစစ်ခံထွက်ရှိ၍ မဖမ်းရအောင် တားမြစ်မည့်အကြောင်း။ အစောင့် အမှုထမ်းတို့ကို လဲလှယ်စောင့်နေစေမည့် အကြောင်း။

၁၂၃၁ ခု၊ ပထမဝါဆိုလဆန်း၊ ၄ ရက်နေ့။

၁၈၆၉ ခု၊ ဇွန်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၅။ ။ အင်္ဂလိပ် ကုန်သည်ကြီး ဆာတလင်မက်ကင်စီ ကုမ္ပဏီက မြင်းခြံဆိပ်ကမ်းရှိ ဂွမ်းထုပ်ရေ ၁၂ ကို တရုတ် စီအာစင်က သိမ်းယူသည့်အမှုကို ပြီးပြတ်အောင် စီရင်မည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၇ ရက်နေ့[3]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဆာတလင်မက်ကင်စီ ကုမ္ပဏီပိုင် ဂွမ်းထုပ်ကို တရုတ် စီအာစင်က သိမ်းယူသည့်အမှုကို နောက်ဆုံး ဂွမ်းထုပ်ဝယ်ယူသူ ခါသာပခက်နှင့် နေရာကျ တိုက်ဆိုင်စစ်ဆေးရမှ စီရင်နိုင်မည့် အကြောင်း။

၁၆၆ မှတ်ပုံရပိုက်ထွက် အမှတ် ၁ က ၈ ထိမှာ ၁၂၃၁၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့၊ တွဲဖက်ရုံးတွင် တရားစီရင်ရန် အင်္ဂလိပ်အရေးပိုင်နှင့် လွှတ်တော်မှူးမတ်တို့ အစုံအညီ ပြောဆိုသဘောတူထားသည့် ဥပဒေမှတ်သားချက်။ ၎င်းအကြောင်းအရာနှင့် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ သက်သက်ရှိ။ (ဥပဒေ မှတ်သားချက်မှာ ၁၆၆–က မှတ် ပုရပိုက်သို့ ကူးသည်။)

---

၁၆၆–က မှတ် ပုရပိုက်ထွက်။

၁။ ။ ၁၆၆ မှတ် ပုရပိုက်ထွက် ၈ မှတ်အဆက် ဥပဒေမှတ်သားချက်။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့[4]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ သဘောတူပြီး တရားစီရင်ရန် စုံညီညှိနှိုင်းချက်များကို ရေးသားပေးပို့လာစေကြောင်း။

(က) အင်္ဂလိပ် အရေးပိုင်ထံ ပို့သည့် သဘောတူပြီး စုံညီ ညှိနှိုင်းပြောဆိုချက် စကား ၆။

---

၁။ ၂၆ ဇွန် ၁၈၆၉ ၂။ ၂၉ ဇွန် ၁၈၆၉ ၃။ ၁၅ ဇူလိုင် ၁၈၆၉ ၄။ ၂၆ ဇူလိုင် ၁၈၆၉

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ မြန်မာမင်းတို့ ခွင့်ပြုချက်အရ ရုံးဖွင့်မည်ဖြစ်၍ တန်းခေါင်း ၁၊ လုလင် ၆ ကို ပို့လာစေမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၁]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၄။ ။ မဟာမိတ် ဖြစ်သည်နှင့်အညီ တန်းခေါင်း ၁ နှင့် လုလင် ၆၊ ပေါင်း ၇ တို့ကို ပို့လာစေမည့်အကြောင်း။
(က) တန်းခေါင်းနှင့် လုလင်တို့ စာရင်း။

၁၂၃၁ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၅။ ။ အင်္ဂလိပ်မင်း ကျွန်တော်မျိုးနှင့် မြန်မာမင်း ကျွန်တော်မျိုးတို့ ဖြစ်ပွားတရားမှုကို အရေးပိုင်မင်းနှင့် ကုလားဝန် မြင်းတင်စား မဟာသီရိဂုဏ္ဏာကျော်သူတို့ ညှိနှိုင်းစီရင်ရမည့် အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ တံဆိပ်တော် ပါရှိသည့် သစ်များကို သူကြွယ်သီရိဥဂ္ဂမဟာသာလ၊ သားသူကြွယ် ငထယ်တို့သို့ ပေးအပ်ရန်နှင့် စပ်၍ အရေးပိုင်မင်းက မြန်အောင်မြို့ အရေးပိုင်သို့ ပေးရန်စာကို သီရိဥဂ္ဂမဟာသာလတို့က ရွှေဘွားတော်အောက်သို့ စေလွှတ်သူတွင် ပေးအပ်စေလိုကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့[၃]။

ရွှေတိုက်စိုး မင်းလှမင်းထင်ရာဇာ အစစ်ခံချက်။

၇။ ။ ကျေးစီကမ္ဘရာတာ တံဆိပ်ပါသည့် သစ်များကိုသာ ဆယ်ယူရမည် မြန်အောင်မြို့နေ ငပိုကြီးတို့ကို လွှဲအပ်ခဲ့ကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၈။ ။ မြန်အောင်မြို့ အရေးပိုင်သို့ ပေးရန်စာကို သူကြွယ် ဥဂ္ဂမဟာသာလတို့သို့ ဝန်ရှင်တော်မင်းကြီးက အပ်၍ ၎င်းအရေးပိုင်ထံရောက် ပေးပို့စေမည့် အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဂရပ်စတွဲဝါလီ ကုမ္ပဏီကို အရောင်းအဝယ် ကိုယ်စားလှယ်တော် ထားလို၍ ၎င်းကို မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့[၄]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အင်္ဂလိပ် အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီးထံ ရှိသည့် သေနတ် ၄၅၀၀ ကို သံတော်ဆင့် ပန်းတဉ်းဝန်က ငွေချေပေးလျှင် သင်္ဘောတော်ပေါ်ရောက် တင်ပေးပါအောင် စာပေးမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၁။ ။ အမေရိကန် တရားဟောဆရာ ၂ တို့ ရှမ်းပြည်သို့ တရားဟောသွားရာ တားဆီးမရှိရအောင် စာချွန်ရလိုကြောင်း။

---

၁။ ၃၀ ဇူလိုင် ၁၈၆၉ ၂။ ၁၀ ဩဂုတ် ၁၈၆၉ ၃။ ၁၅ ဇူလိုင် ၁၈၆၉ ၄။ ၂၁ ဇူလိုင် ၁၈၆၉

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အမေရိကန် ခင်ကြီးတို့ ရှမ်းပြည်သို့ ဆောင်ယူသွားစေရန် လွှတ်တော်စာချွန်ကို ပေးပို့လာစေကြောင်း။

---

## ၁၆၇ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁။ ။ ကြားမီးသင်္ဘောတွင် ဝန်ရှင်တော်မင်းကြီးက တင်ပေးလိုက်သည့် ဓားပြ ၂ အနက် ဓားပြတစ်ယောက် မြင်းခြံဆိပ်ကမ်းတွင် ထွက်ပြေးကြောင်းနှင့် ကပ္ပိတန်က အစီရင်ခံကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၂။ ။ အရေးပိုင်မင်းထံ ပို့သည့် စာထုပ်များကို ရတနာပုံ အကောက်တိုက်က ဖွင့်လှစ်ကြည့်ရှုရှိ၍၊ နောင် သည်ကဲ့သို့ ဖွင့်လှစ်ကြည့်ရှု မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ် အရေးပိုင်မင်းထံ ပေးပို့သည့် စာထုပ်များကို နောင် ဖွင့်လှစ်ကြည့်ရှု မရှိရအောင် ဆင့်ဆိုမည့် အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

၄။ ။ အင်္ဂလိပ်လူမျိုး အာရတွံနှင့် မင်းသား ၂ ပါး လမ်းတွင် တွေ့ဆုံရာ မင်းသားလူများက ထိုင်ရမည် ငေါက်ငမ်း၍ ပုဆစ်တုပ်နေရကြောင်း၊ ဦးထုပ်ကိုချွတ်၍ အရိုအသေပြုရမည် အမိန့်တော်မြတ်အရ ၎င်းမင်းသား လူများကို ဆုံးမမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အာရတွံ အကြောင်းအရာနှင့် ပေးစာအရ နောင် သည်ကဲ့သို့ မဖြစ်အောင် မြစ်တားမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ်အရေးပိုင်သို့ ပေးစာ။

၆။ ။ အမြောက် ကိရိယာစုံ၊ တူဆန် တစ်ကုဋေ ဝယ်ယူလိုသည်ဖြစ်၍ အဖိုး မည်မျှကျမည်၊ လရက် မည်မျှ နှင့် ရမည်ကို သိလိုကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့။

၁၈၆၉ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၇။ ။ အမေရိကန် ခင်ကြီး ၂ ပါးသို့ ပေးသည့် ရှမ်းပြည်သွား စာချွန်တွင် မစုံမလင်၍ ခင်ကြီးများတွင်ပါသည့် သေနတ်၊ ဓား၊ မြင်း၊ ဆင်၊ လူများ အပြည့်အစုံပါအောင် လဲလှယ်ရေးသား ပေးပါမည့်အကြောင်း။

၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၄]။

၈။ ။ အမေရိကန် ခင်ကြီး ၂ တို့သို့ ပေးအပ်ရင်း စာချွန်နှင့် လဲလှယ်၍ ပေးအပ်သည့် စာချွန်လက်ခံ။

---

၁။ ၂၄ ဇူလိုင် ၁၈၆၉   ၂။ ၂၅ ဇူလိုင် ၁၈၆၉   ၃။ ၂၇ ဇူလိုင် ၁၈၆၉   ၄။ ၃၀ ဇူလိုင် ၁၈၆၉

၁၂၃၁ ခု။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၉။ ။ မဟာဝန်ရှင်တော်မင်းကြီးက ပေးသော ကျန်းမာကြောင်းစာကို ရရှိ၍ ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း၊ မပြတ် မေတ္တာပို့သရှိကြောင်း။

၁၂၃၁ ခု။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၀။ ။ သလေတင် အစား မန္တလေးမြို့သို့ လာရောက်မည့် အရေးပိုင် မေဇာမက္ကမေဟန်တွင် ပါသည့် ရာဇသံကို ဆက်သမည့်အကြောင်း၊ မက္ကမေဟန် ဗန်းမော်မြို့သို့ သွားရောက်သည့်အခါ လမ်းခရီးမှစ၍ အရပ်ရပ် စောင်မကြည့်ရှုရန် ရှိသည်ကို စောင်မကြည့်ရှုမည့် အကြောင်း၊ သလေတင် တရုတ်ပြည်သို့ သွားစဉ် ကြည့်ရှု စောင်မသည်များကိုလည်း လူကြီး ပညာရှိတို့သိရန် ရေးသားပေးပို့ကြောင်း။

(က) အရေးပိုင် သလေတင် တရုတ်ပြည်သို့ သွားရောက်စဉ် အရပ်ရပ် ကြည့်ရှုသည့် အကြောင်းအရာ အကျယ်။

---

## ၁၆၈ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ်နိုင်ငံရှိ ဝန်ရှင်တော်မင်းကြီးသို့ ပခန်းမင်းကြီးက ပေးစာ။

၁။ ။ အင်္ဂလိပ်နိုင်ငံသို့ စေလွှတ်တော်မူသည့် ပညာတော်သင် ၂ တို့ နေရာကျ မသင်မကြားရကြောင်း ကြားသိရ၍၊ ၎င်းတို့ကို နေရာကျအောင် စောင်မကြည့်ရှုမည့် အကြောင်း။

၁၂၃၁ ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့[၁]။

ပညာတော်သင် ငမြဲတို့ကို ဆင့်စာ။

၂။ ။ အင်္ဂလိပ်ဝန်ကြီးသို့ စောင်မကြည့်ရှုရန် စာပေးမှာထားရှိကြောင်း၊ ပညာများကို နေရာကျ သင်ကြားရမည့်အကြောင်း၊ သင်ကြားရာ နေရာကျ မကျ အကြောင်းအရာ၊ ပညာသင်ကြားရပုံ အကြောင်းအရာများကိုလည်း လျှောက်ထားရမည့် အကြောင်း။

၁၂၃၁ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဘိလပ်နိုင်ငံရှိ ပညာတော်သင်များ အကြောင်းအရာနှင့် အင်္ဂလိပ်နိုင်ငံ ဝန်ရှင်တော်မင်းကြီးထံ ပေးစာ၊ ပညာတော်သင်တို့ ဆင့်စာများကို နေရာကျရောက်အောင် ပေးပို့၍ စာပြန်မည့်အကြောင်း။

၁၂၃၁ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဘုတ်ကင်နံ ကုမ္ပဏီနှင့် သံသင်္ဘော ၄ စင်း ဝယ်ရန် စာချုပ်စကားကို ကွဲပြားအောင် မေးမြန်း၍ စာပြန်မည့် အကြောင်း။

၁၂၃၁ ခု၊ ပြာသိုလဆန်း ၁၀ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဂရပ်စတွံဝါလီ ကုမ္ပဏီကို ကိုယ်စားလှယ်တော် ပြုလုပ်ခန့်ထားလျှင် ကိုယ်စားလှယ်တော် ပြုလုပ်ရာ အရပ်ရပ် ရှိသည့် အကြောင်းအရာများကို ၎င်းကုမ္ပဏီကို မေးမြန်းစာပြန်မည့် အကြောင်း။

---

၁။ ၁၈ ဖေဖော်ဝါရီ ၁၈၇၀ ၂။ ၁၆ ဇန်နဝါရီ ၁၈၇၀ ၃။ ၁၁ ဇန်နဝါရီ ၁၈၇၀

၁၂၃၁ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့[၁]။

ဇန္နာဝတ်၊ ဂေါ်ရင်ဘတ်တို့က လွှတ်တော်မှာ လျှောက်ချက်။

၆။ ။ ရေတံခါး မလုံ၍ ကျောက်တိုင်အောက်ရောက် မျောသွားသည့် သစ်များကို တောင်ငူမြို့ဝန် ခနက်ပလာဆင်ဝန်က ထုံးစံရှိရာ ရွေးနုတ်ယူပါရမည့် အကြောင်း။

၁၂၃၁ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကျောက်တိုင်တောင်ဘက်ရောက် မျောပါသွားသည့် သစ်များကို တောင်ငူမြို့ဝန် ခနက်ပလာဆင်ဝန်က ထုံးစံရှိရာ လူစေလွှတ် ရွေးနုတ်စေလျှင် တားဆီးမရှိအောင် အရေးပိုင်မင်းက သင့်ရာစာပေးမှာထားမည့် အကြောင်း။

၁၂၃၁ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့[၂]။

လွှတ်တော်က တောင်ငူမြို့ဝန် ခနက်ပလာဆင်ဝန်သို့ ပေးမှာစာ။

၈။ ။ ကျောက်တိုင်အောက်သို့ မျောသွားသည့် သစ်များကို သင့်ရာလူ စေလွှတ်ရွေးနုတ်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၁ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

၁၈၇၀၊ မတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၉။ ။ ရန်ကုန်တွင် သေနတ်၊ တူဆန်များ အသင့်ရှိ၍ အဖိုးငွေ ပေးချေလျှင် ပေးအပ်နိုင်ကြောင်း။

၁၂၃၁ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၁၀။ ။ တူဆန်များကို ရွှေဘွားတော်အောက်တွင် အဖိုးငွေချေ ပေးဝယ်ယူလိုသည်ဖြစ်၍ ရောက်အောင် မှာထားမည့် အကြောင်း။

၁၂၃၁ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့[၃]။

အရေးပိုင်က ပခန်းမင်းကြီးထံ လူလွှတ်အစီရင်ခံသည့် စကားအမှတ်အသား။

၁၁။ ။ စစ်တွေမြို့ ငွေတိုက်စိုး ငမောင်ကလေး အစိုးရများငွေကို ခိုးယူထွက်သွား၍ ထောက်လှမ်းရာ၊ မြန်မာနိုင်ငံအတွင်း ရှိနေကြောင်း ကြားသိရ၍ ဖမ်းဆီးပေးပါမည့် အကြောင်း။

၁၂၃၁ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၄]။

ရဟန်းမည် ဦးဝရစက္ကု၊ လူမည် ဦးမောင်ကလေး မေးချက်။

၁၂။ ။ ကျွန်ုပ် စစ်တွေမြို့ ငွေတိုက်ရှိ အရပ်ရပ် ငွေစာရင်းများကို ငွေတိုက်စိုး မှုတီသို့ လွှဲခဲ့ကြောင်း၊ ကျွန်ုပ် ရဟန်းပြုလို၍ ကိုယ်ပိုင်ရွှေ ၄ဝိ ကျော်ကိုသာ ယူခဲ့ပြီးလျှင် မယားသားကို မပြောမဆိုဘဲ ထွက်လာကြောင်း။

---

## ၁၆၉ မှတ် ပုရပိုက်ထွက်။

၁၂၃၁ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

၁၈၇၀၊ မတ်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ စစ်ကိုင်းဘက်တွင် ငွေတိုက်စိုး ငမောင်ကလေးကို ရှာဖွေတွေ့ရှိ၍ စစ်ကိုင်းမြို့ဝန်ထံ အပ်ထားခဲ့ကြောင်းနှင့် ဖမ်းဆီးသူတို့က အစီရင်ခံကြောင်း၊ ၎င်းကို မထွက်မလွတ်ရအောင် ကြီးကြပ်သူတို့နှင့် သရက်မြို့ရောက် ပို့ပါမည့်အကြောင်း။

---

၁။ ၉ ဖေဖော်ဝါရီ ၁၈၇၀ ၂။ ၂၀ ဖေဖော်ဝါရီ ၁၈၇၀ ၃။ ၂ မတ် ၁၈၇၀ ၄။ ၁၀ မတ် ၁၈၇၀

၁၂၃၁ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရဟန်းမည် ဦးဝရစက္ကု၊ လူမည် ဦးမောင်ကလေးကို ကြီးကြပ်သူတို့နှင့် သရက်မြို့ရောက် ပို့စေမည့် အကြောင်း၊ ကျောက်တိုင်တောင်ဘက်သို့ ရောက်လျှင် သင်္ကန်းဝတ်ကို မလဲ မကွယ်စေရ၊ ရှင်းလင်းရန် ရှိသည်များကိုသာ ရှင်းလင်းစေမည့် အကြောင်း။

၁၂၃၁ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၀၊ မတ်လ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ ဂရုတ်စတွံဝါလီ ကုမ္ပဏီတို့ ကိုယ်စားလှယ် တရုတ်အာပျို ကုန်များအပေါ်တွင် အကောက်တော်အရာရှိတို့က ဥပဒေထက် ပိုမိုကောက်ခံရှိသည့် ငွေများကို ပြန်ပေးစေ၍ နောင် သည်ကဲ့သို့ မပြုမလုပ်ရအောင် ဆင့်ဆိုမည့် အကြောင်း။

၁၂၃၂ ခု၊ တန်ခူးလဆန်း ၁၄ ရက်နေ့[၁]။

လွှတ်တော်က ဇန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၄။ ။ တရုတ်အာပျို ကုန်အပေါ်တွင် ပိုမိုကောက်ခံမိလျှင် ကောက်ခံမိငွေများကို ပြန်ပေးစေ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၂ ခု၊ တန်ခူးလပြည့်ကျော် ၁ ရက်နေ့။

၅။ ။ အင်္ဂလိပ် အရေးပိုင်သို့ ရေးပေးသည့် ပိဋကတ် ၃ ပုံ စာရင်း။

၁၂၃၁ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၀၊ မတ်လ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ အင်္ဂလိပ်နယ်တွင်း တိုက်ခိုက်သည့် ဓားပြတို့ကို တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က ဖမ်းဆီးကွပ်ညှပ်သည် ဆိုသော်လည်း ဗိုလ်ငတိုးကို ဖမ်းဆီး မရ မမိသေးသည့် အကြောင်းအရာ။

၁၂၃၂ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၂]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လွှတ်တော်လျှောက်စာ။

၇။ ။ ဘုန်းကြီးဗိုလ်ခေါ် ဓားပြဗိုလ် ငတိုးနှင့် အပေါင်းပါလူတို့ အင်္ဂလိပ်နယ် ကွမ်းအုံရွာစီရင်စု၊ ကရင်ဝေလပေါ်ရွာမှာ ရှိနေကြောင်း တိုင်တန်းချက်ရှိ၍ ၎င်းအကြောင်းကို အင်္ဂလိပ် အရေးပိုင်ထံ စာပေးပို့ရှိကြောင်း။

၁၂၃၂ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ဓားပြဗိုလ် ငတိုး အင်္ဂလိပ်နယ် ကွမ်းအုံရွာ စီရင်စု၊ ကရင်ဝေလပေါ်ရွာမှာ နေထိုင်ရှိကြောင်းနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်ထားရှိသည့် အကြောင်းအရာ။

---

## ၁၇၀ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ပညာတော်သင်တို့က ရန်ကုန်မြို့ မဟာမင်းကြီးထံ စာမတင် မသွင်းရသောကြောင့် ဘင်္ဂလားမြို့သို့ မကူးမသွားရကြောင်းနှင့် လျှောက်ထားရှိ၍ နေ့ရက်မကြာ ပညာတော်သင်တို့ ကူးသွားရအောင် မည်သူထံ စာပေးမည်၊ မည်သို့ ကူးသွားစေမည်များကို စာပြန်မည့်အကြောင်း။

---

၁။ ၁၄ ဧပြီ ၁၈၇၀ ၂။ ၃ မေ ၁၈၇၀ ၃။ ၁၃ မေ ၁၈၇၀ ၄။ ၁၇ မေ ၁၈၇၀

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရန်ကုန်မြို့မှာ ကျောင်းတော်ဆောက်လုပ်လိုသည်ဖြစ်၍ ကျောင်းရာမြေ မည်သို့ ရမည်များကို စာပြန်မည့် အကြောင်း။

၁၂၃၁ ခု၊ တော်သလင်းလဆန်း ၁၅ ရက်နေ့။

၁၈၆၉ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ လိုတော်မူသည့် မီးသင်္ဘောတော်များကို ၁၂ လနှင့် တစ်စင်း၊ ၁၄ လနှင့် တစ်စင်း၊ ၁၆ လနှင့် တစ်စင်း၊ ၁၈ လနှင့် တစ်စင်း ပေးအပ်နိုင်ကြောင်းနှင့် ဘုတ်ကင်နံ ကုမ္ပဏီထံသို့ ဂလပ်စတင်ဝိုင်လီက ကြေးနန်းရိုက်ကြောင်းနှင့် မဟာမင်းကြီးထံ လျှောက်ထားရှိသည့်စာ ရသည့် အကြောင်းအရာ။

၁၂၃၂ ခု။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ဘုတ်ကင်နံ ကုမ္ပဏီနှင့် စာချုပ်၍ သင်္ဘောတော် ၄ စင်း အဝယ်အယူနှင့် စပ်သည့် အကြောင်းအရာ။ ဝယ်ယူရာ စာချုပ်ပုံ၊ စည်းကမ်းထားပုံ အရပ်ရပ် အကြောင်းအရာ။

၁၂၃၁ ခု။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ၄ မှတ် ပေးစာအရ ပြန်ပေးစာ။

၅။ ။ သင်္ဘောတော် ၄ စင်း ဝယ်ယူလျှင် အထက်ပေးပြီးငွေ ၄၅၀၀၀ ကို ခုနှိမ် အဝင်ပြုမည့်အကြောင်း၊ အခုအနှိမ် မခံလိုလျှင် ငွေ ၄၅၀၀၀ ပေးသည့်နေ့ကစ၍ စာချုပ်ထုံးစံအတိုင်း ပြန်ပေးလျှင် သဘောကျမည့် အကြောင်း၊ သင်္ဘောစကားနှင့်စပ်၍ ဂရတ်စတွံဝါလီ ကုမ္ပဏီကို ကိုယ်စားလှယ်ပြုလုပ် ပြောဆိုစေမည့် အကြောင်း။

၁၂၂၉ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့[၂]။

၁၈၆၈ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့။

ဂရတ်စတွံဝါလီ ကုမ္ပဏီက လွှတ်တော်လျှောက် ဘာသာရေးစက္ကူစာ မြန်မာပြန်ချက်။

၆။ ။ အလိုရှိတော်မူသည့် စက်ကိရိယာများကို ဖြောင့်ဖြောင့်ရိုးရိုး ဝယ်ယူဆက်သ ထမ်းရွက်နိုင်ကြောင်း။

၁၂၃၁ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့။

၁၈၆၉ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ ဂရတ်စတွံဝါလီ ကုမ္ပဏီက ရောင်းမှုဝယ်မှုနှင့် ကိုယ်စားလှယ်တော် ပြုလုပ်ရမည်ကို သဘောတော်ကျမကျ သိလိုကြောင်းနှင့် အစီရင်ခံစာ ရောက်ရှိကြောင်း။

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ဂရတ်စတွံဝါလီ ကုမ္ပဏီသည် အမှုတော်ကို ရိုးရိုးဖြောင့်ဖြောင့် ထမ်းရွက်မည် ယုံကြည်သည့်အတိုင်း သင်္ဘောမှု စကားပြောဆိုရန် ရှိသည်ကို အဦးအစ ပြုလုပ်ပြောဆိုစေ၍၊ ၎င်းအမှု စကားပြီးကာလမှ အရပ်ရပ်ကိုယ်စားလှယ် လွှဲထားရန် အကြောင်းအရာကို အမိန့်တော်ခံ၍ မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၃]။

ရန်ကုန်မြို့နေ အင်္ဂလိပ်ကုန်သည်ကြီး ဂရတ်စတွံဝါလီ ကုမ္ပဏီသို့ လွှတ်တော်က ပေးစာ။

၉။ ။ တိုက်သင်္ဘောတော် စကားကို ပြီးပြေအောင် အဦးအစ ပြုလုပ်ပြောဆိုရမည့်အကြောင်း၊ ၎င်းစကားပြီးပြေမှ အရပ်ရပ် ကိုယ်စားလှယ်လွှဲရန် အမှုများကို အမိန့်တော်ခံ၍ မှာထားမည့်အကြောင်း။

---

၁။ ၁၇ မေ ၁၈၇၀ ၂။ ၁၂၂၉ ခု၊ တပို့တွဲလဆန်း ၉ ရက် ဖြစ်မည်။ ၃။ ၁၅ မေ ၁၈၇၀

၁၂၃၂ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မောင်းထောင်တိုက်နေ ရှင်အာသဘကို ငွေတော် ၅၀၀ ခိုးယူမှု၊ ရေနံချောင်းမင်းကြီးကို သတ်မည် ကြံစည်မှုများနှင့် စစ်ဆေးမည့်အတွင်း အောက်မြို့သို့ ထွက်သွားကြောင်း ကြားသိရ၍ စေလွှတ် ထောက်လှမ်း ဖမ်းဆီးစေသူတို့ကို အနှောင့်အယှက် မရှိအောင် မှာထားဆင့်ဆိုမည့် အကြောင်း။

၁၂၃၂ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ဆနိုက်ဒါးခေါ် နောက်ထိုးသေနတ် ကိရိယာစုံ ၁၀၀၀ ကို ၃၂ ခုနှစ်၊ မည်သည့်ကာလကစ၍ အရေးပိုင်မင်းက ဝယ်ယူဆက်သနိုင်မည့်အကြောင်း၊ ကုန်သည်ကြီးများထံ လက်နက်များ အနှောင့်အယှက်မရှိ စာချုပ်နှင့် ဝယ်ယူရအောင် စာပေးမှာထားမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[၂]။

ရန်ကုန်မြို့ ဂရစ္စမံ ကုမ္ပဏီက မန္တလေးမြို့နေ ဂေါ်ရင်ဘတ်သို့

ဘာသာရေးပေးစာ မြန်မာပြန်ချက်။

၁၄။ ။ ၄ နှစ်အတွင်း ရောင်းချရန် စာချုပ်ရှိသည့်အတိုင်း တောင်ငူနင်းကြမ်းမြို့ရှိ သစ်များကို စုန်မျှောချယူရာ မြီဇာမဏ္ဍလီက စာချုပ်မမှန် လိမ်လည်သည်ဆို၍ အနှောင့်အယှက်ပြုလုပ် တရားစွဲဆိုရှိသောကြောင့် ၄ နှစ် စာချုပ် ရှိသည့်အတိုင်း ဝန်ကြီးမင်းများထံ လျှောက်ထား၍ ပြီးပြေအောင် ရွက်ဆောင်မည့်အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

ဂရစ္စမံ ကုမ္ပဏီတို့ ကိုယ်စားလှယ် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့က လျှောက်စာ။

၁၃။ ။ မြီဇာမဏ္ဍလီက ကျွန်တော်တို့ တောင်ငူနင်းကြမ်း သစ်တောထွက် သစ်ဝယ်စာချုပ်ကို မမှန်မကန် လိမ်လည်သည် ပြောဆိုနှောင့်ယှက်ပြုလုပ် ရှိပါသောကြောင့် ၎င်းစာချုပ် မှန်သည့်အတိုင်း အနှောင့်အယှက် မရှိရအောင် အရေးပိုင်ကြီးထံ ချုပ်ရင်းစာချုပ်နှင့်တကွ စာပေးပါမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဂေါ်ရင်ဘတ်၊ ဇန္တာဝတ်တို့နှင့် ချုပ်ဆိုသည့် တောင်ငူမြို့ သစ်တောထွက် သစ်ဝယ်စာချုပ်ကို အရေးပိုင်ကြီး သိသာအောင် ပို့ပေးလိုက်ကြောင်း၊ ၎င်းစာချုပ်ကို အရေးပိုင်ကြီးထံရောက်အောင် ပေးပို့မည့်အကြောင်း။

---

## ၁၇၁ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က လွှတ်တော်သို့ ပေးစာ။

၁။ ။ သီဟိုဠ်ကျွန်း ရဟန်းရှင်လူတို့က သီဟိုဠ်ကျွန်း၏ ဖြစ်ရင်းမူလ အတ္ထုပ္ပတ္တိများကို မြန်မာအစိုးရတို့ထံ မှာယူပေးပါမည့်အကြောင်း လျှောက်ထားရှိ၍ မြန်မာနိုင်ငံရှိ မဟာဝင် ရာဇဝင်များကို မဂဓဘာသာ၊ မြန်မာဘာသာ ရေးကူးပေးပါမည့် အကြောင်း။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒီပဝင်၊ မဟာဝင်၊ အဋ္ဌကထာ၊ ဋီကာများတွင် သီဟိုဠ်ကျွန်း၏ အတ္ထုပ္ပတ္တိများ ပါရှိကြောင်း။ စူဠဝင်မှာ သီဟိုဠ်ကျွန်းတွင်သာ ရှိကြောင်း၊ သီဟိုဠ်ကျွန်း အကြောင်းအရာ ပါရှိသမျှ မြန်မာနိုင်ငံတော်ရှိ ကျမ်းစာများကို အရေးပိုင်မင်းသို့ သနားတော်မူလိမ့်မည့် အကြောင်း။

၁။ ၅ ဇွန် ၁၈၇၀ ၂။ ၂၀ ဇွန် ၁၈၇၀ ၃။ ၂၀ ဇူလိုင် ၁၈၇၀ ၄။ ၁၀ ဇွန် ၁၈၇၀

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ၁၂၃၂ ခုနှစ်၊ ပထမ ဝယ်ယူမည့် နောက်ထိုးသေနတ် ကိရိယာစုံ ၅၀၀၀ အနက် ၁၀၀၀ ကို အရေးပိုင်မင်းက ဝယ်ယူဆက်သမည့်အကြောင်း၊ ကျန် ၄၀၀၀ ကို သင့်ရာ ကုန်သည်ကြီးများထံ အနှောင့်အယှက်မရှိ စာချုပ်နှင့် ဝယ်ယူရအောင် အရေးပိုင်ကြီးထံ မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့[၂]။

ရန်ကုန်မြို့ တောရဆရာတော်နှင့် မြို့နေလူကြီးတို့က

မန္တလေးမြို့ရှိ ပွဲစားတော်တို့ထံ ပေးစာ။

၄။ ။ ရွှေတိဂုံဘုရား ထီးတော်ဟောင်းက ရွှေငွေကျောက်များကို ခွာယူဆက်သနိုင်ရန် အင်္ဂလိပ်အရေးပိုင်ထံ စာပေးအောင် လျှောက်ထားမည့်အကြောင်း။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ရွှေတိဂုံဘုရား ထီးဟောင်းက ရွှေငွေကျောက်များကို မြို့နေလူကြီးတို့ ခွာယူဆက်သနိုင်ရန် အရေးပိုင်ကြီးထံ စာပေး၍၊ ပေးစာလက်ခံကို လွှတ်တော်သို့ ပေးပို့မည့်အကြောင်း။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၀၊ ဇွန်လ ၂၄ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၆။ ။ ရွှေတိဂုံဘုရား ထီးဟောင်းက ရွှေငွေကျောက်များကို ရန်ကုန်မြို့နေ လူကြီးတို့ ခွာယူဆက်သနိုင်ရန် အကြောင်းအရာနှင့် မဟာမင်းကြီးထံ ပေးစာလက်ခံကို ပို့လာစေမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကသာစားထံ ငွေ ၅၀၀ ကို လိမ်လည်ယူသွားသူ ရဟန်းရှင်အာသဘ ဆိုသူ သာယာဝတီမြို့ မြေနုရွာတွင် မငြိမ်မဝပ်ရှိအောင် လူစုဆောင်း ရှိနေကြောင်း ကြားသိရ၍ ၎င်းကို မှန် မမှန် ထောက်လှမ်း စာပြန်မည့်အကြောင်း၊ သေလွန်သူ ကြေးမြင့်စားအမည်နှင့် ရန်ကုန်ထောင်တွင် ချထားရှိသည်ဆိုသူ မည်သူဖြစ်သည် စေလွှတ်ကြည့်ရှုစေသူကို ကြည့်ရှုရအောင် အရေးပိုင်ကြီးထံ စာပေးမည့်အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

စပါးတော်ဝယ် သေနာထွန်း လျှောက်ထားချက်။

၈။ ။ စပါးတော်ဝယ်ယူရာ တောရွာများတွင် လူဆိုးသူဆိုး မငြိမ်မဝပ်ရှိ၍ ဓား၊ လှံ၊ သေနတ်၊ ကိရိယာအစုံ ၆ စီ ကိုင်ဆောင်ရပါမည့်အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ စပါးတော်ဝယ် သေနာထွန်းကို အောက်မြို့ကျေးရွာတွင် စပါးတော် ဝယ်ယူသည့်အတွင်း လွှတ်တော်က ထုတ်ပေးသည့် ဓား၊ လှံ၊ သေနတ်များ ကိုင်ဆောင်စေရာ တားဆီးမရှိစေရအောင် သင့်ရာစာပေး မှာထားမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၀၊ ဇူလိုင်လ ၁၁ ရက်နေ့။

မန္တလေးမြို့ အရေးပိုင်မင်း အမိန့်။

၁၀။ ။ စပါးတော်ဝယ် သေနာထွန်း ကိုင်ဆောင်သည့် သေနတ်၊ ဓား၊ လှံ များကို တားဆီးမရှိစေရမည့်အကြောင်း။

---

၁။ ၂၁ ဇွန် ၁၈၇၀ ၂။ ၂၅ ဇွန် ၁၈၇၀ ၃။ ၂၃ ဇွန် ၁၈၇၀ ၄။ ၉ ဇူလိုင် ၁၈၇၀

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၀၊ ဇူလိုင်လ ၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ နောက်ပါလူ ၁၅၊ သေနတ် ၈၊ ဓား ၈၊ ဆင် တစ်စီး၊ မြင်း ၅ စီးများနှင့် ရှမ်းမြို့ ကျေးရွာများသို့ တရားဟောသွားလိုသူ အမေရိကန် ခင်ကြီးများ တားဆီးမရှိရအောင် စာချွန်ရလိုကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၂။ ။ ၁၁ မှတ်ပါ အင်္ဂလိပ် အရေးပိုင် ပေးစာအရ အမေရိကန် ခင်ကြီးသို့ပေးရန် လွှတ်တော်က အရေးပိုင်ထံ ပေးသည့် စာချွန်။

၁၂၃၂ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

အရေးပိုင်က လွှတ်တော်သို့ ပို့ရောက်သည့်စာ။

၁၃။ ။ ရှင်အာသဘ ဖမ်းဆီးပေးရန် ၎င်းအသွင်အပြင် မှတ်မိသိဖူးသူကို အရေးပိုင်ထံရောက် စေလွှတ်မည့် အကြောင်း။

လွှတ်တော်က ဝန်ထောက်ကင်းဝန်သို့ ပေးစာ။

၁၄။ ။ ရှင်အာသဘ သိသူ ကျောင်းသား ငကံ၊ ငရွှန်းတို့ကို ဓာတ်လှေစီးနှင့် ဘက်ထည့်စေလွှတ်ကြောင်း၊ မြို့တော်ရှိ အရေးပိုင်က ရှင်အာသဘ အကြောင်းနှင့် ပေးစာကို ဟင်္သာတမင်းကြီး၊ ရန်ကုန်အကောက်ဝန်တို့ ထံရောက် ပို့ရမည့်အကြောင်း၊ ဟင်္သာတမင်းကြီး နယ်တွင် ရှင်အာသဘ မရှိမနေလျှင် စေလွှတ်သူ တို့ကို သင့်ရာလှေနှင့် ပြန်လာစေရမည့် အကြောင်း။

၁၂၃၂ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

စေခိုင်းသူ ဓာတ်လှေစီး အဆောင်မြဲနှင့် ကျောင်းသား ငကံ၊
ငရွှန်းတို့သို့ ပေးအပ်သည့် မှတ်စာ။

၁၅။ ။ ရှင်အာသဘနှင့် စပ်၍ စေခိုင်းသည့်အမှုကို ပြေကုန်အောင် ထမ်းရွက်ရမည့် အကြောင်း၊ ၎င်းအမှုတွင် ထောက်လှမ်းမေးမြန်း ဆောင်ရွက်ပုံ အကြောင်းအရာ။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၂]။

၁၆။ ။ ဝယ်ယူတော်မူလိုသည့် တူဆန် ၅ သိန်း အသင့်ရှိသည် မဟာမင်းကြီးထံက စာရောက်၍ အဖိုးငွေသာ ပို့လာမည့်အကြောင်းနှင့် ယောမြို့စား အတွင်းဝန်ထံ အင်္ဂလိပ် စာရေးကြီးကို နေလစ်က လျှောက်ထား ချက်။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

အတွင်းဝန်မင်းများသို့ ပေးသည့် မှာတမ်း။

၁၇။ ။ တူဆန် ၅ သိန်းဖိုး သင့်ငွေကို အမိန့်တော်ခံ၍ ထုတ်ပေးရမည့် အကြောင်းအရာ။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း ၇ ရက်နေ့[၃]။

၁၈။ ။ အင်္ဂလိပ် အရေးပိုင်ထံ တူဆန်ဖိုးငွေ ပေးပို့စေသည့် အမှတ်အသား။

## ၁၇၂ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၄]။

၁။ ။ အရေးပိုင်ထံ ပို့သည့် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့က တောင်ငူ၊ ရမည်းသင်း သစ်တောထွက် သစ်များကို အခွန်တော်ထမ်းဆောင် ဝယ်ယူချုပ်ဆိုသည့် လက်မှတ်ထိုး ပထမစာချုပ်နှင့် ဒုတိယစာချုပ်။

---

၁။ ၁၆ ဇူလိုင် ၁၈၇၀ ၂။ ၂၀ ဇွန် ၁၈၇၀ ၃။ ၃ ဩဂုတ် ၁၈၇၀ ၄။ ၂၀ ဇူလိုင် ၁၈၇၀

၁၂၃၂ ခု၊ ဝါခေါင်လဆန်း၊ ၁၅ ရက်နေ့[၁]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဧလာဇေယသိန် မြို့စားကို နုတ်၍ ကုလားဝန်ကို အင်္ဂလိပ်အရေးပိုင်နှင့်အတူ ဖက်တွဲစီရင်စေမည့် အကြောင်းအရာ။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း၊ ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၃။ ။ လက်ဖက်ရည်တော် တောင်သမန်လယ်စားနှင့် နောက်ပါလူငယ်တို့ မရိုမသေပြုလုပ်၍ တိုင်တန်းရာ မည်သို့ဆုံးမသည်ကို ယခုတိုင် မသိရကြောင်း၊ အထက်က သည်ကဲ့သို့ အမှုမျိုးကို တိုင်တန်းရာလည်း မကြားမသိရကြောင်း၊ ၎င်းကို နေရာကျ ကျေနပ်အောင် မပြုလုပ်လျှင် အင်္ဂလိပ်မင်းထံ လျှောက်မည့် အကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့[၃]။

အရေးပိုင်က ပေးစာ။

၄။ ။ အရေးပိုင်မင်းကို မရိုမသေ မလေးမစားပြုလုပ်သူ တောင်သမန်လယ်စားနှင့် ၎င်းလူတို့ကို ဆုံးမပါမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၀၊ ဩဂုတ်လ ၁၃ ရက်နေ့။

၅။ ။ အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ (၃)၊ (၄) မှတ် အကြောင်းအရာများနှင့် ထပ်မံပေးစာ။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ လက်ဖက်ရည်တော် တောင်သမန်လယ်စားနှင့် ၎င်းလူတို့ကို အရေးပိုင်မင်း ပို့ရောက်သည့်စာအရ တန်းထား ရာဇဝတ်စီရင်ကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၄]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အကတော် မိလေးနှင့် လောင်းရှည်မြို့စားမင်းကြီး ကျွန်မ ၁ တို့ကို ငအောင်ကြီး ခိုးယူပြီးလျှင် ကာရနယ် ဘိုက်ခေါ် ကြားသဘော်တွင် စီးနင်းစုန်သွားရာ လိုက်လံဖမ်းဆီးစေမည် စေလွှတ်သူတို့ကို မြို့ရှင်ရွာရှင်တို့နှင့် ကပ္ပိတန်တို့က နှောင့်ယှက်မရှိ ပေးအပ်ရန် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၄]။

ကာရနယ်ဘိုက်ခေါ် ကြားသဘော်၊ ကပ္ပိတန်တို့ကို ဆင့်စာ။

၈။ ။ အကတော် မိလေး၊ လောင်းရှည်မြို့စားမင်းကြီး ကျွန်မ မိမြို့နှင့် ငအောင်ကြီးတို့ကို ဖမ်းဆီးခေါ်လာ စေသူများတွင် ထည့်အပ်လိုက်ရမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၄]။

အောက်မြစ်စဉ် မြို့ရွာ အကြီးအအုပ်တို့သို့ လွှတ်တော်ကပေး စာချွန်။

၉။ ။ အကတော် မိလေးတို့ ဖမ်းဆီးရန် စေလွှတ်သူတို့ကို မြစ်စဉ်မြို့ရွာ အကြီးအအုပ်တို့က တားဆီးမရှိစေရ မည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၄]။

လွှတ်တော်က ပေးအပ်သည့် ကင်းစာ။

၁၀။ ။ အကတော် မိလေးတို့ ဖမ်းဆီးရန် စေလွှတ်သူတို့ကို ကျောက်တစ်လုံး ကင်းတော်က ကင်းခကြေးငွေ တောင်းခံ မရှိစေရ၊ စစ်ကြောမြဲ စစ်ကြော၍ စုန်သွားစေရမည့် အကြောင်း။

---

၁။ ၁၁ ဩဂုတ် ၁၈၇၀ ၂။ ၆ ဩဂုတ် ၁၈၇၀ ၃။ ၂၆ ဇူလိုင် ၁၈၇၀ ၄။ ၁၇ ဩဂုတ် ၁၈၇၀

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၁]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရန်ကုန်မြို့တွင် ကျောင်းတော်ဆောက်ရန် မြေကို ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ပေးအပ်အောင် မဟာဝန်ရှင်တော်မင်းကြီးထံ စာပေးမှာထားမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၁]။

မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁၂။ ။ ကျောင်းတော်ဆောက်ရန် မြေကို ပေးအပ်ကာလ အသေအချာ မှတ်သားသိမ်းယူ၍ ၎င်းမြေကို ပုံနှင့်တကွ အကြောင်းအရာကို လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း၊ ၃ ရက်နေ့[၂]။

မန္တလေးမြို့ရှိ အရေးပိုင်က ရန်ကုန်မြို့ အရေးပိုင်ကြီးထံပေး
ဘာသာရေးစာ ဖန်ချက်ဝန် မြန်မာပြန်ဆိုချက်။

၁၃။ ။ ကျောင်းတော်ဆောက်ရန် မြေကို အင်္ဂလိပ်အစိုးရတို့က ပေးသည့်အရာ၊ အလိုရှိတော်မူသည်များ တွင်ကုန်အောင် အရေးပိုင်ကြီး အားထုတ်ဆောင်ရွက်သည့် အရာများကို အလွန်နှစ်သက်တော်မူသည့် အကြောင်းအရာ။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း၊ ၁၂ ရက်နေ့။

၁၈၇၀၊ ဩဂုတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၁၄။ ။ တောင်ငူမြို့ ညောင်ပင်သာရွာနေ ငအောင်မြ ဆင်ကို ငအုပ် ခိုးယူထွက်ပြေး၊ နိုင်ငံတော် ရန်အောင်မြင်မြို့တွင် တွေ့ရှိ၍ နင်းကြမ်းဝန်ထံ တရားစွဲဆိုရာ ဖြောင့်ဆိုရှိသော်လည်း နေ့ရက်ကြန့်ကြာ မပြီးမပြတ်သောကြောင့် နေ့ရက်မကြာ မှန်ရာဖြစ်စေရန် ဆင့်ဆို၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၂ ခု။

လွှတ်တော်က အထက်အရေးပိုင် ပေးစာအရ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၅။ ။ ငအောင်မြ လျှောက်ဝင်ပါ ဆင်ကို ငအုပ် ခိုးယူသည် မှန် မမှန် နေရာကျ နေ့ရက်မကြာ စစ်မေးစီရင်၍ ထွက်ဆိုချက်၊ စီရင်ချက်များနှင့်တကွ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

## ၁၇၃ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့[၃]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လွှတ်တော်လျှောက်စာ။

၁။ ။ ကျောက်တိုင် တောင်ဘက်သို့ မျောပါသည့် သစ်တော်များ ဆယ်ယူရန် အမိန့်ကို အင်္ဂလိပ် အစိုးရတို့က ထုတ်ပေးဆယ်ယူမိမှ မဆယ်မယူရ တားဆီးပြန်သောကြောင့် အရေးပိုင် မက္ကမေဟံနှင့် ထပ်မံပြောဆိုတော်မူသာအောင် လျှောက်ထားသည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၄]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက်သို့ မျောပါသည့် သစ်တော်များကို ရွေးနုတ်ဆယ်ယူရအောင် သင့်ရာ စာပေးမှာထား၍ မှာထားသည့် အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၄]။

လွှတ်တော်က တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ကျောက်တိုင် တောင်ဘက်သို့ မျောပါသည့် သစ်တော်များ ရွေးနုတ်ရန်ကို အရေးပိုင်သို့ စာပေးဆဲရှိကြောင်း၊

၁။ ၂၀ ဩဂုတ် ၁၈၇၀ ၂။ ၂၀ ဩဂုတ် ၁၈၇၀ ၃။ ၁၈ ဇူလိုင် ၁၈၇၀ ၄။ ၃၀ ဩဂုတ် ၁၈၇၀

ဆယ်ယူရွေးနုတ်ပြီး သစ်များကို တင်ထားရာ ကျေးရွာလူကြီးတို့ထံ တိုင်တန်းရွေးနုတ်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၁]။

ဇွန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့က လွှတ်တော်လျှောက်စာ။

၄။ ။ မြိဇာမဏ္ဍလီက ကျောက်တိုင်တောင်ဘက်သို့ မျောပါသည့် သစ်များကို ရလိုကြောင်း တောင်ငူမြို့ရုံးမှာ စွဲဆိုပြီးနောက် ရန်ကုန်မြို့ရုံးမှာ ထပ်မံစွဲဆို စရိတ်အများ ကုန်ကျရှိပါသောကြောင့် အမိန့်ရှိတော်မူရာ ဦးထိပ်ထက် ဆင်ရွက်ပါရမည့် အကြောင်းအရာ။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ မြိဇာမဏ္ဍလီသို့ စာချုပ်နှင့်ပေးသည် မဟုတ်။ ဇွန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ကိုသာ စာချုပ်နှင့် ချထားသည့် သစ်တောထွက်သစ်များ ဖြစ်သည့်အတိုင်း နေရာကျ ပြုလုပ်စေလိုကြောင်း။

၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၀၊ ဇွန်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ အင်္ဂလိပ်မင်း ကျွန်တော်မျိုး ငနိပိုင် သစ်များကို နိုင်ငံတော် ချောင်းများမှ ထုတ်ယူစုန်မျှောရာ မစုန်မမျှောရ တားဆီးကန့်ကွက် မီးရှို့ဖျက်ဆီး ပြုလုပ်ကြောင်း လျှောက်ထားရှိ၍ ၎င်းအမှုကို မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၁၅ ရက်နေ့။

၇။ ။ ၆ မှတ်ပါ အမှု အကြောင်းအရာနှင့် စာပေးရာ ၃ လကျော်တိုင် ပြန်စာမရ၍ အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံပေးစာ။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငနိပိုင် သစ်များ ထုတ်ယူရာ ကန့်ကွက်သူ၊ မီးရှို့ဖျက်ဆီးသူတို့ကို ထောက်လှမ်း စစ်မေး ဖမ်းဆီး၍ အကြောင်းအရာ လျှောက်ထားရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ စာပေး မှာထားရှိကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငနိ ကိုယ်ပိုင်သစ်များ ထုတ်ယူရာ ကန့်ကွက်သူ၊ မီးရှို့သူများကို ထောက်လှမ်း ဖမ်းဆီး ချုပ်ထား၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၃]။

အတွင်းတော်က လွှတ်တော်သို့ ပေးသည့် မှာတမ်း။

၁၀။ ။ ရွှေမော်ဓောဘုရားကို ပြင်ဆင်တော်မူရန်နှင့် စပ်၍ အင်္ဂလိပ် အရေးပိုင်တို့သို့ ပေးရန်စာကို ရေးသား ဆက်သွင်း မှာထားရမည့် အကြောင်းအရာ။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပခန်းမင်းကြီးက ပေးစာ။

၁၁။ ။ ရွှေမော်ဓောဘုရား ပြင်ဆင်ရန် စေလွှတ်သည့် မှူးမတ်အရာရှိတို့ကို အနှောင့်အယှက် မရှိစေရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

---

၁။ ၂၉ ဩဂုတ် ၁၈၇၀ ၂။ ၂၂ စက်တင်ဘာ ၁၈၇၀ ၃။ ၄ ဇော်တင်ဘာ ၁၈၇၀ ၄။ ၁၃ စက်တင်ဘာ ၁၈၇၀

**၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။**

**၁၈၇၀၊ အောက်တိုဘာလ ၁၈ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ မော်လမြိုင်မြို့နေ ငမောင်ကလေး မိုးနဲမြို့သို့ အရောင်းအဝယ်သွားရာ သေကွယ်ရှိ၍ ကျန်ပစ္စည်းများကို မယား မိသိန်းက ရလိုကြောင်း လျှောက်ထားရှိသောကြောင့် ပစ္စည်းများ မိုးနဲမြို့မှာရှိလျှင် ၎င်း မိသိန်း ကိုယ်စားလှယ် ငအောင်ပန်းသို့ပေးရန် ဆင့်ဆိုမည့်အကြောင်း၊ လွှတ်တော်သို့ ပို့လျှင်လည်း စေလွှတ်သူ ကိုယ်စားလှယ် ငအောင်ပန်းသို့ စစ်မေးပေးအပ်မည့် အကြောင်း။

**၁၂၃၂ ခု။**

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မိုးနဲမြို့မှာ သေကွယ်သူ ငမောင်ကလေး ပစ္စည်းရပ်များကို မယား မိသိန်းသို့ ပေးပါမည့်အကြောင်းနှင့် ပေးစာအရ မိုးနဲမြို့သို့ စာပေးမှာထား ဆင့်ဆိုဆဲရှိ၍ မိုးနဲမြို့က လျှောက်ထားသိသာမှ အကြောင်းအရာကို စာပြန်မည့် အကြောင်း။

**၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[၁]။**

မိုးနဲတပ် စစ်ကဲသို့ ပေးစာ။

၁၄။ ။ မိုးနဲမြို့တွင် မော်လမြိုင်မြို့နေ ငမောင်ကလေး သေကွယ်ရာ သားသမီး ဥစ္စာပစ္စည်း ကျန် မကျန်၊ ရှိ မရှိ အကြောင်းအရာများကို အသေအချာ လျှောက်ထားရမည့် အကြောင်း။

---

## ၁၇၄ မှတ် ပုရပိုက်ထွက်။

**၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။**

**၁၈၇၀၊ အောက်တိုဘာလ ၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မဏိပူရနယ်စပ်တွင် သေနတ် လက်နက်နှင့် မြန်မာ ၂၀ ခန့် ဝင်ရောက်၍ အိုမင်းမယား သားသမီးနှင့် အိမ်ထောင်ခမ်းနားများကို သိမ်းယူခေါ်သွားမှု အကြောင်းအရာကို မြန်မာတပ်တော်သို့ စာပေးရာ မတိုက် မခိုက် မသိမ်းမယူကြောင်း စာပြန်၍၊ တစ်တန် စာပေးပြန်ရာ ၂ လ ၃ လ ကြာ စာမပြန်ရှိသည့်နောက် သိမ်းယူခေါ်သွားသည့်လူတို့ကို အမိန့်တော်မြတ်နှင့်ဆို၍ ဘုန်းကြီးတစ်ပါး လာရောက်ပို့အပ်။ ၎င်းအမှု အကြောင်းအရာကို ဘုရင်ခံမင်းက တင်လျှောက်ရမည် ဆင့်ဆို၍ သိသာအောင် ဆင့်ဆိုမေးမြန်း စာပြန် မည့် အကြောင်း။

**၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။**

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၂။ ။ မဏိပူရနယ်စပ်တွင် မြန်မာဘက်နေ လူ ၂၀ ခန့် ဝင်ရောက်တိုက်ခိုက်ဆိုသည့်အမှုကို ယခုမှ ကြားသိရ၍ တမူးခန်းပတ်မြို့ဝန်၊ နတ်ကျွန်းအောင်မြေ မြို့ဝန်တို့ကို ဆင့်ဆိုမေးမြန်းဆဲ ဖြစ်ကြောင်း၊ ၎င်းတို့က လျှောက်ထား သိသာကာလ စာပြန်မည့်အကြောင်း။

**၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။**

လွှတ်တော်က တမူးခန်းပတ်မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ မဏိပူရနယ်နေလူကို ဖမ်းဆီးမှု၊ ပြန်အပ်မှုများကို မည်သည့်အတွက် လွှတ်တော်သို့ မလျှောက်မထားသည့် အကြောင်းအရာ။ ၎င်းအမှုရင်းမြစ်ကို ကိုယ်စားလှယ် စေလွှတ်၍ ထုချေရှင်းလင်း လျှောက်ထားရမည့် အကြောင်းအရာ။

---

၁။ ၁ နိုဝင်ဘာ ၁၈၇၀ ၂။ ၁၅ စက်တင်ဘာ ၁၈၇၀

၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်နေ့။

၁၈၇၀၊ အောက်တိုဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ဗန်းမော်မြို့နေ ဒုတိယ အရေးပိုင် အဝတ်အစားထည့် သေတ္တာကို လွှတ်တော်အမိန့်နှင့်ဆို၍ ဗန်းမော်မြို့ အရာရှိတို့ ဖွင့်လှစ်ကြည့်ရှုသည့် အကြောင်းအရာနှင့် ပေးစာအရ နေ့ရက်မကြာ စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အဝတ်အစားထည့်သေတ္တာ ဖြစ်ကြောင်းနှင့် ဗန်းမော်မြို့နေ ဒုတိယအရေးပိုင် လက်မှတ်ရေးထိုး၍ စာပို့ ရောက်လျှင် အဖွင့်အကြည့် မရှိရအောင် ဗန်းမော်မြို့ အရာရှိတို့ကို ဆင့်ဆိုမည့် အကြောင်း။

ဗန်းမော်မြို့နေ အရေးပိုင်က လက်မှတ်ရေးထိုး ပေးပို့ရန်

လွှတ်တော်က ရေးပေးသည့် စာလက်ခံ။

၆။ ။ မည်သည့် ခုနှစ်၊ လ၊ ရက်၊ မည်သည့်သင်္ဘောတွင်ပါ၊ ဗန်းမော်မြို့နေ ဒုတိယအရေးပိုင် အဝတ်အစားထည့် သေတ္တာ လုံးရေမည်မျှ၊ ၎င်းသေတ္တာတွင် လက်နက်နှင့် ဆိုင်သောပစ္စည်း၊ ရောင်းဝယ်ကူးသန်းရန် ကုန်စည်ပစ္စည်း မပါကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဘုတ်ကင်နံ ကုမ္ပဏီ ကိုယ်စားလှယ် ဒါဘီတို့ထံ ရရန်ငွေတော် ၄၅၀၀၀ ကို ကိုယ်စားလှယ်တော် ပြုလုပ် တောင်းခံစေသူ ဂရပ်စတွဲဝါလီ ကုမ္ပဏီက နေ့ရက်ရှည်ကြာ မတောင်းမခံ၍ ကလေမံဝီလျံတို့ကို လွှဲအပ် တောင်းခံစေကြောင်း၊ ဂရပ်စတွဲက တောင်းခံရငွေများကို နောက်လွှဲအပ်သူသို့ ပေးအပ်ရမည် ၎င်းသို့ ဆင့်ဆိုရှိကြောင်း၊ ၎င်းနှင့် စပ်သမျှ အကြောင်းအရာ အရပ်ရပ်ကို အရေးပိုင်မင်းက မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၃]။

ပခန်းမင်းကြီးက ရန်ကုန်မြို့ အင်္ဂလိပ်ကုန်သည်ကြီး ဂရပ်စတွဲဝါလီ ကုမ္ပဏီသို့ ပေးစာ။

၈။ ။ ဘုတ်ကင်နံ ကုမ္ပဏီတို့ထံ ရရန်ငွေ ၄၅၀၀၀ ကို ကလေမံဝီလျံသို့ လွှဲအပ်တောင်းခံစေကြောင်း၊ ၎င်းတို့ ထံက ငွေရသည် မရသည်၊ ကလေမံဝီလျံတို့သို့ ပေးရသည် မပေးရသည်များကို စာပြန်ပေးအပ် လျှောက်ထားရမည့် အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးသို့ ပေးစာ။

၉။ ။ ပညာတော်သင် တေရတ်ဖြူ၊ ငမြတို့ကို အင်္ဂလိပ်နိုင်ငံတော် သေနတ် လက်နက်စက်ရုံများတွင် သင်ကြား စေကြောင်း၊ ၎င်းလူတို့ပြင် ပညာတော်သင် ဆိုသူ အမည်မသိသူကိုလည်း သင်ကြားစေလျက်ရှိ၍ ၎င်းသူ မည်သူဖြစ်သည်ကို အသေအချာ စာပေးမည့်အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့[၄]။

အရေးပိုင်ကြီးထံ ပေးစာ။

၁၀။ ။ ပညာတော်သင်များ ကြည့်ရှုစောင်မရှိသည်ကို ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာရှိကြောင်း၊ ပြင်သစ်နိုင်ငံ သို့ ပညာတော်သင် စေလွှတ်သူ ငမြို့ လာရောက်လျှင်လည်း အလိုရှိရာ ဝင်ထွက်သင်ကြားစေခွင့် ပြုမည့်အကြောင်း။

---

၁။ ၁၅ အောက်တိုဘာ ၁၈၇၀ ၂။ ၂၄ အောက်တိုဘာ ၁၈၇၀ ၃။ ၁၃ အောက်တိုဘာ ၁၈၇၀ ၄။ ၂၈ အောက်တိုဘာ ၁၈၇၀

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

စပါးတော်ဝယ် သောထွန်းက ဟသာ်ာတမင်းကြီးထံ လျှောက်စာ။

၁၁။ ။ စပါးတော်ရှိရာ ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ရန် ပြသည့်အလံကို သိမ်းယူထားလျှင်၊ စပါးတော်များ မတင်မဆောင်ရ ပျက်စီးပြစ်ဝန်မကင်း ရှိပါသောကြောင့် အလံကို ဆင့်ဆို မ စ ပါမည့်အကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

စပါးတော်ဝယ် သောထွန်းက လွှတ်တော်လျှောက်စာ။

၁၂။ ။ စပါးတော်ရှိရာ ဆိပ်ကမ်းမှာ သင်္ဘောဆိုက်ကပ်ရန် ပြသည့်အလံကို အင်္ဂလိပ်ဝန်ထောက်က သိမ်းယူ၍ ပေးအပ်ရကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ စပါးတော် ဝယ်စေသူက အစုန်အဆန် သင်္ဘောဆိုက်ကပ်ရန် ဒေါင်းတံဆိပ်အလံ စိုက်ထူပြသရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၀၊ အောက်တိုဘာလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ မြန်မာမင်းပိုင် မိုးဗြဲမြို့နေ ရှမ်းကရင်နီလူမျိုး ဓားပြလူ ၆၀၊ သေနတ် ၄၀၊ ဓားလှံအစုံနှင့် အင်္ဂလိပ်မင်းပိုင် တောင်ငူမြို့စီရင်စု ခွေးသဲရွာကို တိုက်ခိုက်သည်ဖြစ်၍ ၎င်းအကြောင်းအရာကို မေးမြန်းစာပြန်ပါမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၀၊ ဩဂုတ်လ ၁၅ ရက်နေ့။

တောင်ငူမြို့ ရာဇဝတ်ဝန်က ရန်ကုန်မြို့ မဟာမင်းကြီးထံ အစီရင်ခံစာ။

၁၅။ ။ တောင်ငူမြို့ ခွေးသဲရွာကို မြန်မာနိုင်ငံနေ ရှမ်းကရင်နီလူမျိုး ဓားပြ ၆၀ ခန့် တိုက်ခိုက်သည့် အမှု ရင်းမြစ် အကြောင်းအရာ။

---

## ၁၇၅ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၀၊ ဩဂုတ်လ ၁၅ ရက်နေ့။

လောက်စောက်မြို့နေ ရှမ်းလူမျိုး ခေမ်းသား ငဂုဏ အစစ်ခံချက်။

၁။ ။ သေနတ် ၄၀၊ ဓားကိုယ်စေ့များနှင့် ကျောက်တိုင်တွင်း ကျေးရွာများကို တိုက်မည် ကျွန်တော်နှင့် လူပေါင်း ၆၀ မိုးဗြဲမြို့က ဆင်းလာရာ လမ်းခရီးတွင် အုပ်စည်းကွဲပြား၍ ယခုတိုင် မတွေ့ကြောင်း၊ ယခု ကျွန်တော် ကို ပြသည့် ခေါင်းသည် မိုးဗြဲမြို့နေ မိနန်းဘဲလင် ကျွန်တော်နှင့် ပါလာသူ ဗိုလ်ဖြူခေါင်း ဖြစ်ကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တောင်ငူမြို့ ခွေးသဲရွာကို ဓားပြတိုက်မှု အကြောင်းနှင့် ပေးစာအရ မြန်မာမင်းပိုင် တောင်ငူမြို့နယ်သို့ ကူးဝင်လာရောက်သည်မှန်လျှင် တောင်ငူ၊ ရမည်းသင်း မြို့ဝန်ကို ဆင့်ဆို၍ ထောက်လှမ်းဖမ်းဆီးစေမည့် အကြောင်း။ မိုးဗြဲမြို့မှာ ဗိုလ်ဖြူမယား မနန်းဘဲ ရှိ မရှိ လျှောက်ရန်လည်း မိုးဗြဲစစ်ကဲကို မှာထားမေးမြန်း မည့် အကြောင်း။

---

၁။ ၂၃ အောက်တိုဘာ ၁၈၇၀ ၂။ ၂၅ အောက်တိုဘာ ၁၈၇၀ ၃။ ၁ နိုဝင်ဘာ ၁၈၇၀

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

လွှတ်တော်က တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ကျောက်တိုင် တောင်ဘက် ခွေးသဲရွာကို တိုက်ခိုက်သည့် ဓားပြတို့ ဇလာဇေယသိန်မြို့သို့ ဝင်ရောက်ရှိနေလျှင် ရမိအောင် ဖမ်းဆီး၍ ရွှေဘွားတော်အောက် ပို့ရမည့်အကြောင်း၊ မရမမိလျှင်လည်း မည်သည့်မြို့ရွာသို့ ဝင်သွားသည်ကို ထောက်လှမ်း လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

လွှတ်တော်က မိုးဗြဲတပ် စစ်ကဲသို့ ကြားစာ။

၄။ ။ ကျောက်တိုင် တောင်ဘက် ခွေးသဲရွာကို တိုက်ခိုက်သည့် ဓားပြဗိုလ် ငရည်၊ ငရှု၊ ငစဲ၊ ဆောလတို့ကို ရမိအောင် ဖမ်းဆီး၍ ရွှေဘွားတော်အောက် ပို့ရမည့်အကြောင်း။ မရမမိလျှင်လည်း ထောက်လှမ်း၍ အသေအချာ လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၂၄ ရက်။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ပဲခူး ရွှေမော်ဓောဘုရားကို ဘုန်းတော်ကြီးလှသောဘုရားက ပြင်ဆင်တော်မူလိုသည့် အကြောင်းအရာနှင့် လွှတ်တော်က ပေးစာကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးပို့ပါကြောင်း၊ ဘုရားပြင်ဆင်ရန် စေလွှတ်တော်မူမည့် အရာရှိတို့ အမည်စာရင်းကို နေ့ရက်မကြာ ပေးပို့မည့်အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ရွှေမော်ဓောဘုရားကို ပြင်ဆင်ရန် အသုံးစာရေး နေမျိုးသူရိန်၊ အခွန်စာရေး နေမျိုးဇေယရာဇာတို့ကို စေလွှတ်မည်ဖြစ်၍ ၎င်းအရာရှိတို့ တားဆီးနှောင့်ယှက် မရှိစေရအောင် သင့်ရာစာပေး မှာထားမည့် အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ လန်ဒန်မြို့နေ ဘုတ်ကင်နံ ကုမ္ပဏီ ကုန်ဘက် ဒါဘီဒိုထံ ရရန် အရပ်ရပ်ငွေတော် ၄၅၀၀၀ ကို တောင်းနိုင်ရန် ကလေမံဝီလျံ၊ မက္ကဖေ၊ အာလံဂါစ်တို့သို့ လွှဲအပ်တော်မူသည့် ကိုယ်စားလှယ်စာ ၂ ကို ပို့လိုက်ကြောင်း။ တစ်စောင်ကို အရေးပိုင်ထံ လက်ခံထား၍ တစ်စောင်တွင် အရေးပိုင်မင်း လက်မှတ်ရေးထိုး ပြန်ပို့မည့်အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးထံ ပေးစာ။

၈။ ။ အရေးပိုင် သလေတင် အစား မက္ကမေဟန်ကို မန္တလေးမြို့မှာ အရေးပိုင် ခန့်ထားမည့်ပေးစာကို ရကြောင်း၊ နောင် အရေးပိုင် လဲလှယ်နုတ်သိမ်း ခန့်ထားမည်ဖြစ်လျှင် ၂ လ ၃ လက တင်ရင် ပြောကြားမည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့[၄]။

၁၈၇၀၊ ဩဂုတ်လ ၆ ရက်နေ့။

အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးက သံတော်ဦးတင်စာ။

၉။ ။ ဥရောပတိုက်၊ အမေရိကတိုက်တို့၌ ကျော်စောသော ပညာရှိ မတ်မာလာ အင်္ဂလိပ်ဘာသာ ပြန်ဆိုသည့် ဓမ္မပဒ ပါဠိတော်ကို ဆက်သရန် ၎င်းက ပို့ရောက်သည့်အတိုင်း ဆက်သပါကြောင်း၊ ပိဋကတ် ၃ ပုံကို အင်္ဂလိပ်ဘာသာနှင့် ပုံရိုက်၍ အနောက်တိုင်းပြည်များသို့ ဝေငှရလျှင် နိုင်ငံတော် ထင်ရှားကျော်စောမည့် အကြောင်းနှင့် ပညာရှိ မတ်မာလာက စာပို့ရောက်ရှိကြောင်း။

---

၁။ ၃ နိုဝင်ဘာ ၁၈၇၀ ၂။ ၁၁ နိုဝင်ဘာ ၁၈၇၀ ၃။ ၂၅ အောက်တိုဘာ ၁၈၇၀ ၄။ ၁၂၃၂ ခု၊ ဝါခေါင်လဆန်း ၁၀ ရက် ဖြစ်မည်။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၀။ ။ ပိဋကတ် ၃ ပုံကို ပုံရိုက်၍ အနောက်တိုင်း နိုင်ငံများသို့ ဝေငှလိုသော ဆန္ဒတော် ရှိသည်ဖြစ်၍ ပုံရိုက်မည် ရှိကြောင်း၊ ပြီးကာလ အရေးပိုင်ကြီးသို့ သနားတော်မူမည် အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက် ရကြောင်း။

၁၂၃၂ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့[၂]။

အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးက ပခန်းဝန်ကြီးသို့ ပေးစာ။

၁၁။ ။ လက်နက်စက်ရုံများကို ကြည့်ရှုရန်၊ လက်နက်များကို ဝယ်ယူစေရန် စေလွှတ်မှုနှင့်စပ်၍ အိန္ဒိယဘုရင်ခံထံ အမိန့်ခံရာ လက်နက်ဝယ်ရန်မှာ ၁၂၂၉ ခုနှစ် မဟာမိတ်စာချုပ် ပထမအချက်တွင် အရေးပိုင်ကြီး သဘော တူလျှင် ဝယ်ယူစေမည် ပါသည့်အတိုင်းသာ မြန်မာမင်းက ပြုသင့်သည် အိန္ဒိယဘုရင်ခံ အမိန့်ရရှိကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၂။ ။ လက်နက်ကိရိယာများကို အဝယ်အယူ စေလွှတ်သည်မှာ စာချုပ်ပါသည့်အတိုင်း မြို့တော်ရှိ အရေးပိုင်နှင့် တိုင်ပင်စေလွှတ်သည် ဖြစ်ကြောင်း။ ၎င်းဝယ်ယူမှုကို မြို့တော်ရှိ အရေးပိုင်နှင့် ညှိနှိုင်းပြောဆို ဝယ်ယူ ရမည်၊ အရေးပိုင်ကြီးသို့ စာပေးပြောဆို ဝယ်ယူရမည်များကို စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကုလားဝန် တောင်ငူမြို့သို့ သွားသည့်အတွင်း တွဲဖက်ရုံးတွင် ဖန်ချက်ဝန်နှင့် တွဲဖက်စီရင်စေ အမိန့် တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အကြောင်းအရာ။

၁၂၃၂ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ရွှေမြို့တော်က စနေဖြူမြို့ရောက် မြစ်ရေတိမ်ကောရာ ဆိပ်ကမ်းနေရာတွင် သင်္ဘောတော် သွားလာနိုင်မည့် ရေလမ်းကို ပန်းသုံးစိုက်မှတ် ပြသစေမည်ဖြစ်၍ ၎င်းလူတို့ကို တားဆီးမရှိစေရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

တလုပ်မြို့ဝန်သို့ ပေးမှာစာ။

၁၅။ ။ မှာစာပေးအပ် စေလွှတ်သည့် သင်္ဘောတော် ရေကြောင်းပြများကို တဲအုံ ဆောက်လုပ် နေရာချထား နေထိုင်စေ၍ သင်္ဘောတော် အစုန်အဆန် ရေလမ်းကို ညွှန်ပြ ထမ်းရွက်စေရမည့် အကြောင်း။

---

## ၁၇၆ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ စကားပြော ကြေးနန်းကြိုးနှင့် ၎င်းခံ ကိရိယာစုံများကို နေ့ရက်မကြာ မှာထား၍ ရွှေဘွားတော်အောက် ရောက်ကာလ ကြေးနန်းအပ် ငွေပြေပေးချေ ဝယ်ယူမည့်အကြောင်း။

၁၂၃၂ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ၁၂၃၂ ခုနှစ် နတ်တော် ပြာသို ၂ လ အတွင်း နိုင်ငံတော်က ကျောက်တိုင်အောက်သို့ အလျောက်မျောထွက်

---

၁။ ၂၅ အောက်တိုဘာ ၁၈၇၀ ၂။ ၅ ဇူလိုင် ၁၈၇၀ ၃။ ၁၁ အောက်တိုဘာ ၁၈၇၀ ၄။ ၂၃ နိုဝင်ဘာ ၁၈၇၀

ဆယ်ယူရရှိသည့် သစ်စာရင်းကို အသေအချာရအောင် အရေးပိုင်မင်းက တောင်ငူမြို့ သစ်တော အရေးပိုင်ထံ တောင်းယူပေးမည့် အကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

စစ်တွေမြို့နေ အဝယ်တော် ရခိုင်ကျွန်တော်မျိုး နေမျိုးစည့ကျော်ထင်က သံတော်ဦးတင်လွှာ။

၃။ ။ သနားတော်မူသည့် ဘွဲ့များကို အရေးပိုင်က သိမ်းထားရှိ၍ စာချုပ်ဝယ်ယူမည့် ကျီတော်ကို မဝယ်မယူရ ရှိကြောင်း။

၁၂၃၂ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးမှာစာ။

၄။ ။ စစ်တွေမြို့နေ ရခိုင် ကျွန်တော်မျိုးတို့သို့ ပေးအပ်သည့် ဘွဲ့များကို သိမ်းယူမရှိစေရန်၊ စပါးတော်ဝယ်ရာ တားဆီးနှောင့်ယှက် မရှိစေရန် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ တောင်ငူမြို့ ခွေးသဲရွာတိုက် ဓားပြတို့ လောမြို့နယ်ရှိ သစ်ခေါင်းများ တိုက်ခိုက်၍ ထောက်လှမ်းရာ ကျောက်တိုင်တောင်ဘက် ကရင်ရွှေပုရွာမှာ နေထိုင်သည် ကြားသိရကြောင်း၊ တစ်တန် လောမြို့နယ် ပင်သောင်ရွာ ငရွှေထွန်းအိမ်မှာ တိုက်ခိုက်၍ ထောက်လှမ်းရာ မိတ်သလင်တောင်အိမ် သူကြီး ငလောက် ထံမှာရှိသည် ကြားသိရကြောင်းများနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်ထားရှိကြောင်း။

၁၂၃၂ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ မှာထားသည့်အရှည် အင်္ဂလိပ်တိုင် ၄၀ ကြေးနန်းကြိုး ဘင်္ဂလားမှ ရန်ကုန်မြို့သို့ ဆိုက်ရောက်ရှိ၍ မည်သည့်ဌာနကို ပို့ရမည် စာပြန်ပါမည့် အကြောင်း။

၁၂၃၂ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၇။ ။ ယခုရောက်ရှိသည့် အင်္ဂလိပ်တိုင် ၄၀ ရှည် ကြေးနန်းကြိုးကို အထက်မှာရင်း ကြေးနန်းကြိုးရှည်တွင် ခုနှိမ်၍ ၎င်းကို ရွှေဘွားတော်အောက်ရောက် ပို့မည့်အကြောင်း၊ ပို့လိုက်သည့် စာရင်းပါ ကြေးနန်းနှင့် စပ်သည့် ကိရိယာများကို သင့်ရာစက်ရုံတွင် မှာထားပေးပို့မည့် အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၄]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၈။ ။ ဧည့ဝတီနယ် စစ်တွေမြို့သို့ သာသနာပြု စေလွှတ်တော်မူသည့် ဆရာတော်၊ သံဃာတော်များကို အစိုးရမင်းများက အခွင့်မရသောကြောင့် ကြည်ညိုသူတို့ ဝင်ထွက် မလျှုဒါန်းဝံ့ ရှိကြကြောင်း ကြားသိရ၍ အင်္ဂလိပ် တရားဟော ဆရာများကို မြန်မာနိုင်ငံက စောင်မကြည့်ရှုသကဲ့သို့ စောင်မကြည့်ရှုအောင် သင့်ရာမှာထား၍ စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၉။ ။ စစ်တွေမြို့သို့ သာသနာပြု စေလွှတ်တော်မူသည့် ဆရာတော်၊ သံဃာတော်တို့ကို မြန်မာနိုင်ငံသို့ လာရောက် တရားဟောပြောသည့် အင်္ဂလိပ် တရားဟောဆရာတို့ကို မြန်မာနိုင်ငံက စောင်မကြည့်ရှုသကဲ့သို့ စောင်မကြည့်ရှုမည့် အကြောင်း။

---

၁။ ၂၀ နိုဝင်ဘာ ၁၈၇၀ ၂။ ၁၀ ဒီဇင်ဘာ ၁၈၇၀ ၃။ ၁၃ ဒီဇင်ဘာ ၁၈၇၀ ၄။ ၂၇ ဖေဖော်ဝါရီ ၁၈၇၁

၁၂၃၂ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ မဏိပူရနယ်က မြန်မာနယ်သို့ ကုန်သည်များ ကူးသန်းသွားလာ မရှိရ တားမြစ်ကြောင်းနှင့် စာပို့ရောက်ရှိ၍ တားမြစ်သည့် အကြောင်းအရာကို မေးမြန်းစာပြန်ပါမည့် အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မဏိပူရနယ်က ကုန်သည်များကို တားဆီးသည့်အကြောင်းမှာ မည်သည့်ကုန်သည်ကို မည်သည့်အရာရှိ၊ မည်သူက တားဆီးသည် အသေအချာ စာထပ်မံပေးမည့်အကြောင်း။ သို့သော်လည်း မဏိပူရနယ်အစပ်များသို့ ဆင့်ဆိုမှာထားရှိကြောင်း။

---

## ၁၇၇ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ သီဟိုဠ်သို့ စေလွှတ်တော်မူသည့် ရဟန်းတော်များကို သီဟိုဠ်ကျွန်း အစိုးရတို့က စရိတ်ငွေ ၂၀၀ိ ပေးရကြောင်း။

၁၂၃၂ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၁ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ သီဟိုဠ်သို့ စေလွှတ်တော်မူသည့် ရဟန်းတော်များသို့ သီဟိုဠ်ကျွန်း အစိုးရမင်းတို့က စိုက်ထုတ်ပေးရသည့် အရပ်ရပ် စရိတ်ငွေ ၇၇၅ိ ကို ပေးမည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ သီဟိုဠ်ကျွန်းက ရန်ကုန်မြို့ ရောက်လာ ရဟန်းတော်တို့ သင်္ဘောခ စရိတ်ငွေ ၇၇၅ိ ကို အရေးပိုင်မင်းထံ ပို့လာစေကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ရေနံချောင်းမြို့ဝန်က ရန်ကုန်မြို့သို့ စုန်ဆင်းရောင်းချစေသည့် ရေနံကုန်များကို အမြတ်တွက်ငွေ ၆၀၀ိ တောင်းခံကြောင်း လျှောက်ထားရှိ၍ ၎င်းကို မှန် မမှန် မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၄]။

၅။ ။ ၄ မှတ်ပါ အကြောင်းအရာအတိုင်း အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပခန်းမင်းကြီးက ပေးစာ။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၄]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ရွှေတိဂုံဘုရားမှာ ထီးတော်တင်လှူမည့်ကိစ္စနှင့် မှူးတော် မတ်တော်တို့ စုန်ဆင်းမည်ကို မွန်မြန်မာတို့ စိုးရိမ်မကင်း ရှိကြသည် သတင်းကြားသိရ၍ မစေမလွှတ် ရပ်ဆိုင်းရှိနေကြောင်း၊ အရေးပိုင်မင်းကလည်း မဟာဝန်ရှင်တော်မင်းကြီးထံ စာပေမှာထား၍ အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၄]။

၇။ ။ ၆ မှတ်ပါ အကြောင်းအရာအတိုင်း မဟာဝန်ရှင်တော်မင်းကြီးထံ ပခန်းမင်းကြီးက ပေးစာ။

---

၁။ ၂၀ ဖေဖော်ဝါရီ ၁၈၇၁ ၂။ ၁၇ မတ် ၁၈၇၁ ၃။ ၄ မတ် ၁၈၇၁ ၄။ ၉ မတ် ၁၈၇၁

၁၂၃၂ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့။

၁၈၇၁ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ လိုတော်မူသည့် စက်အင်ဇနီယာမှာ မည်သည့် စက်အတတ်မျိုး တတ်ကျွမ်းသူ ဖြစ်သည်၊ နှစ်စဉ် ငွေတော် မည်မျှ သနားတော်မူမည်များကို ကွဲပြားအောင် စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့[1]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကြေးနန်းတတ်အိုး မိုးကြိုးလွှဲအတတ်များ တတ်မြောက်သူ ဆရာကြီးတစ်ယောက်ကို အလိုရှိသည်ဖြစ်၍ လစာငွေ မည်မျှပေးရမည်၊ အခြားသူတို့ကို သင်ကြားလျှင် လရက် မည်မျှနှင့် တတ်အောင် သင်ကြား နိုင်မည်များကို မေးမြန်း၍ စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ဤတာလျံနိုင်ငံနှင့် မြန်မာနိုင်ငံ ချုပ်ဆိုသည့် မဟာမိတ်စာချုပ်ကို ဤတာလျံသံတို့က အင်္ဂလိပ်အရေးပိုင်သို့ ပို့ရောက်သည့်အကြောင်း၊ မြန်မာ မှူးတော် မတ်တော်တို့က ပေးသင့်လျက် မပေးသည်မှာ အံ့ဩဖွယ် ကောင်းကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ဤတာလျံနှင့် ချုပ်ဆိုသည့် မဟာမိတ်စာချုပ် လက်ခံကို မပေးသည်မှာ အံ့ဩဖွယ်ကောင်းကြောင်းနှင့် စာပေးပို့သည်မှာ သင့်သည်မထင်ကြောင်း၊ မဟာမိတ်စာချုပ်ကို ရေးပေးပို့လာစေလိုကြောင်းကိုသာ စာပေးသင့်ကြောင်း။

၁၂၃၂ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အောက်မြို့ကျေးရွာသို့ စပါးတော်ဝယ် စေလွှတ်သူများတွင် ပေးအပ်သည့် သေနတ် ဓားလုံများကို တားဆီးမရှိစေရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၁ ခု၊ မတ်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ မန္တလေးနေပြည်တော်ရှိ ကုန်သည်တို့ အလျောက်ဘာသာ မရောင်းမဝယ်ရ၊ ခန့်ထားသည့် သူဌေး ၄ ဦး တို့ကမှတစ်ဆင့် ခံယူရောင်းဝယ်ရမည် ဆင့်ဆိုရှိကြောင်းနှင့် ကုန်သည်တို့က လျှောက်ထားရှိသည့် အတိုင်း မှန်လျှင် ညှိနှိုင်းအမိန့်တော် ခံလို၍ ရပ်ဆိုင်းပါမည့် အကြောင်း။

၁၂၃၂ ခု၊ တန်ခူးလဆန်း ၂ ရက်နေ့။

၁၄။ ။ အရေးပိုင်နှင့် မှူးတော် မတ်တော်တို့စုံညီ ၁၃ မှတ်ပါ ကုန်သည်တို့ ရောင်းဝယ်မှုစကားကို ညှိနှိုင်း ပြောဆိုကြသည့် အမှတ်အသား။

၁၂၃၂ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့[4]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ကုန်သည်များကို တစ်ဝတည်း ချုပ်အုပ်ရောင်းဝယ်ရန် ပြုလုပ်မည် မဟုတ်၊ အလျောက်ဘာသာ အလို ရှိရာ ရောင်းဝယ်စေမည် ဖြစ်ကြောင်း၊ အလိုရှိ၍ သဘောတူသူတို့ကိုသာ ယုံကြည်လောက်သည့် လူကြီး လူကောင်းတို့ထံ အပ်နှံရောင်းချစေမည် ညှိနှိုင်းစေ့စပ် ပြောဆိုသည့်အရာ ဖြစ်ကြောင်း။

---

၁။ ၁၂ မတ် ၁၈၇၁   ၂။ ၉ မတ် ၁၈၇၁   ၃။ ၂၄ မတ် ၁၈၇၁   ၄။ ၃၀ မတ် ၁၈၇၁

၁၇၈ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့[၁]။

၁၈၇၀၊ ဒီဇင်ဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ အင်္ဂလိပ်မင်းပိုင်နယ်နှင့် ဇင်းမယ်နယ် အစပ်များမှာ မြန်မာမင်းပိုင်နယ်က ကရင်နီ ဓားပြတို့ တိုက်ခိုက်၊ အရောင်းအဝယ် ပျက်စီးနစ်နာရှိ၍ ၎င်းဓားပြတို့ကို နှိပ်ကွပ်မှ ၂ ပြည် သာယာမည့်အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ်မင်းပိုင်နယ်၊ ဇင်းမယ်နယ်စပ်များမှာ ရှမ်းကရင်နီ ဓားပြများ တိုက်ခိုက်မရှိစေရအောင် မိုးနဲတပ် စစ်ကဲကြီးသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

မိုးနဲတပ် စစ်ကဲသို့ လွှတ်တော်က ပေးမှာစာ။

၃။ ။ အင်္ဂလိပ်နယ်၊ ဇင်းမယ်နယ်အစပ်တွင် အရှေ့ဘက် ကရင်နီတို့ ဆိုးသွမ်းတိုက်ခိုက် မရှိရအောင် အုပ်ထိန်းဆင့်ဆို။ မောက်မယ်စော်ဘွားဟောင်းကိုလည်း ခေါ်ယူသိမ်းပိုက် မေးမြန်း၍ ၎င်းသူ အကြီးအအုပ် ပြုလုပ် မတိုက်မခိုက်လျှင် တိုက်ခိုက်မှု အရပ်ရပ် အကြောင်းအရာများကို ထောက်လှမ်းလျှောက်ရမည့်အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

လွှတ်တော်က မိုးဗြဲတပ် စစ်ကဲသို့ ပေးမှာစာ။

၄။ ။ အင်္ဂလိပ်နယ်၊ ဇင်းမယ်နယ် အစပ်များတွင် ကရင်နီတို့ ဆိုးသွမ်းတိုက်ခိုက် မရှိရအောင် အုပ်ထိန်းဆင့်ဆို။ ကန္တာရဝတီ မြို့စားကိုလည်း ခေါ်ယူသိမ်းပိုက်မေးမြန်း၍ ၎င်းသူ အကြီးအအုပ် ပြုလုပ်မတိုက်မခိုက်လျှင် တိုက်ခိုက်မှု အကြောင်းအရာ အရပ်ရပ်ကို ထောက်လှမ်း လျှောက်ထားရမည့် အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

လွှတ်တော်က သိန္နီမြို့ဝန် မိုးနဲတပ် စစ်ကဲသို့ ပေးမှာစာ။

၅။ ။ ၃ မှတ်ပါ အကြောင်းအရာနှင့် အကြောင်းအရာ တူ။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

သိန္နီမြို့ဝန်က မောက်မယ်စော်ဘွားသို့ ပေးရန် လွှတ်တော်က ရေးပေးစာ။

၆။ ။ အင်္ဂလိပ်နယ်၊ ဇင်းမယ်နယ် ၂ နယ်စပ်တွင် အရှေ့ဘက် ကရင်နီလူမျိုးတို့ ဆိုးသွမ်းတိုက်ခိုက် မရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုသိမ်းပိုက်ရမည့်အကြောင်း၊ တွေ့ကြုံလို၍ လာရောက်စေလိုကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

ကန္တရဝတီ မြို့စားသို့ မိုးဗြဲတပ်စစ်ကဲက ပေးရန် လွှတ်တော်က ရေးပေးစာ။

၇။ ။ အုပ်စု ထိန်းစုတွင် ကရင်နီလူမျိုးတို့ ဆိုးသွမ်းမရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုသိမ်းပိုက်ရမည့်အကြောင်း၊ တွေ့ကြုံလို၍ တပ်ရုံးတော်သို့ လိုက်လာခဲ့ရမည့် အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

ရွှေမြို့တော်ဝန် နတ်ရှင်ရွေးသေနတ်ဗိုလ်က ကန္တရဝတီမြို့စားသို့ ပေးစာ။

၈။ ။ ရွှေမျက်နှာတော်ကို အဖူးအမြော် လာရောက်မြဲ လာရောက်စေရန် လူစေလွှတ် ခေါ်လာစေသည်ဖြစ်၍ စေသူနှင့်အတူ လိုက်လာရမည့်အကြောင်း၊ မလာထည့်နိုင်လျှင် သင့်ရာလူဘက်ထည့်၍ အကြောင်းအရာကို နေရာကျ လျှောက်ထားရမည့် အကြောင်း။

---

၁။ ၁၂၃၂ ခု၊ ပြာသိုလဆန်း ၅ ရက် ဖြစ်မည်။ ၂။ ၆ ဇန်နဝါရီ ၁၈၇၁

၁၂၃၂ ခု။

မိုးဗြဲတပ် စစ်ကဲတို့သို့ ပေးမှာစာ။

၉။ ။ ရွှေမြို့တော်ဝန်က ကန္တရဝတီ မြို့စားကို အခေါ်စေလွှတ်သူတို့ မည်သည့်နေ့ တပ်ရုံးတော်သို့ရောက်၍ မည်သည့်နေ့ ကန္တရဝတီမြို့စား အခေါ်စေလွှတ်သည်ကို လျှောက်ထားရမည့်အကြောင်း၊ ၎င်းတို့ နေ့ရက် မကြာ ပြန်လာစေရမည့် အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ရွှေတိဂုံဘုရားမှာ ထီးတင်ရန် စေလွှတ်တော်မူသူ ပုပ္ပားဝန်ထောက်နှင့် အရာရှိ အမှုထမ်းလူတို့ အလိုရှိရာ ငွေရမ်းဝယ်ယူ ရရှိအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၁။ ။ ရွှေတိဂုံဘုရားမှာ ထီးတင်ရန် စေလွှတ်သူ ပုပ္ပားဝန်ထောက်နှင့် အရာရှိ အမှုထမ်းလူတို့ အလိုရှိရာ ဝယ်ယူငွေရမ်း ရရှိအောင် စောင်မကြည့်ရှုမည့် အကြောင်း။
(က) ထီးတော်တင် စေလွှတ်တော်မူသည့် မှူးမတ်အရာရှိ အမှုထမ်း လူစာရင်း။

၁၂၃၂ ခု၊ တပို့တွဲလဆန်း၊ ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၁၂။ ။ မဏိပူရနယ်နှင့် မြန်မာနယ်အကြား ကျေးရွာတွင် နိုင်ငံတော်ဘက်နေ လူတို့ ဝင်ရောက်တိုက်ခိုက်မှု၊ လူကို ဖမ်းဆီးခေါ်သွားမှု ဖြစ်ပျက်ရင်း အကြောင်းအရာများ။

---

၁၇၉ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

၁။ ။ ဘင်္ဂလား သာသနာပိုင်ကို ပြောဆိုရန် စကားအချက် ၈။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း၊ ၁၀ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၂။ ။ ဘင်္ဂလား သာသနာပိုင်ကို ယခု တွေ့ရုံမျှ မတွေ့ရသည့် အကြောင်းအရာ၊ ၎င်းသို့ ကျောက်စီဒလက်ကို စေလွှတ်ပေးသနားတော်မူသည့် အကြောင်းအရာ။

၁၂၃၁ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့[၃]။

မှူးတော် မတ်တော်တို့နှင့် အင်္ဂလိပ်အရေးပိုင် ပြောဆိုမှတ်သားချက်။

၃။ ။ ဝီလျံကုမ္ပဏီက ဒေဝါလီ ပြုလုပ်လိုသည်ကို မြန်မာ မှူးတော် မတ်တော်တို့က သဘောတူ မတူ အကြောင်းအရာ၊ ဓားပြ ငယက်သဲ့ကို စုံညီစစ်မေးရန် အကြောင်းအရာ။

၁၂၃၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်နှင့် မြန်မာ မှူးတော်မတ်တော်တို့ စုံညီပြောဆိုချက်။

၄။ ။ ဗန်းမော်မြို့သို့ တင်ဆောင်သည့် ကုန်သေတ္တာများကို သင်္ဘောထွက် နေ့ရက်နီး၍ ယခုအကြိမ် ဖွင့်လှစ်ကြည့်ရှု တံဆိပ်ခတ်မှတ် မရှိ၊ ပါကုန် အဖိုးထားအတိုင်းသာ အကောက်တော်ဆောင်၍ ဆန်တက်ရန် အရေးပိုင်က ပြောရာ ယခုအကြိမ် ခွင့်ပြုမည်၊ နောင် ဖွင့်လှစ်ကြည့်ရှု တံဆိပ်ခတ်မှတ်မြဲ ခတ်မှတ် တင်ဆောင်စေမည် ပြန်ပြောသည့် အကြောင်းအရာ။

---

၁။ ၁၇ ဇန်နဝါရီ ၁၈၇၁ ၂။ ၃၀ ဇန်နဝါရီ ၁၈၇၁ ၃။ ၆ ဩဂုတ် ၁၈၇၀ ၄။ ၁၆ နိုဝင်ဘာ ၁၈၇၀

၁၂၃၁ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်နှင့် မြန်မာ မှူးတော်မတ်တော်တို့ စုံညီပြောဆိုချက်။

၅။ ။ စစ်တွေမြို့ ငွေတိုက်စိုး လူမည် ဦးမောင်ကလေး၊ ရဟန်းဘွဲ့ ဦးဝရစက္ခုကို အင်္ဂလိပ် အရေးပိုင်က တောင်းရာ ပခန်းမင်းကြီးက ပေးအပ်မည်၊ သင်္ကန်းဝတ် မလဲမကွယ်စေရ၊ အမှုရှိရာသာ ရှင်းလင်းစေရမည် ပြောဆိုသည့် အကြောင်းအရာ။

၁၂၃၁ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့။

မှတ်ချက်။

၆။ ။ အင်္ဂလိပ် ခင်ကြီးမတ်က အသုံးအဆောင်ထည့် သေတ္တာများကို အကောက်တိုက်တော်က အဖွင့်အလှစ်မရှိရန် အမိန့်တော်ခံရာ မင်းကြီးများနှင့် ပြောစေ အမိန့်တော်အရ ပခန်းမင်းကြီးက အဝတ်အစားထည့် သေတ္တာ ဖြစ်ကြောင်းကို အင်္ဂလိပ် ခင်ကြီးမတ်က စာပေးစေရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၂]။

အမိန့်တော် မှတ်သားချက်။

၇။ ။ အင်္ဂလိပ် အရေးပိုင် သံတော်ဦးတင်ချက်အရ တွဲဖက်ရုံးတွင် အမှုသည်တို့ကို ဖန်ချက်ဝန်က ဆင့်ခေါ်လျှင် ကပ်ခိုမရှိစေရန် လွှတ်တော်က ဆင့်ဆိုစေရမည့် အကြောင်းအရာ။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၃]။

မြန်မာ မှူးတော်မတ်တော်တို့ စုံညီ အင်္ဂလိပ်အရေးပိုင် ပြောဆိုမှတ်သားချက်။

၈။ ။ မောင်းထောင်တိုက်နေ ရှင်အာသဘ အပေါ်တွင် အမိန့်တော်အရမှာ ပုန်ကန်မှု၊ ဝန်ကြီးမင်း ပေးစာအရမှာ ငွေခိုးယူမှု၊ ရှေ့နောက် စကားမညီဖြစ်၍ မပေးမအပ်နိုင်ကြောင်းနှင့် အရေးပိုင်ကြီးက စာလာရောက်ရှိသောကြောင့် မပေးမအပ်နိုင် ပြောဆိုသည့် အကြောင်းအရာ။

---

**၁၈၀ မှတ် ပုရပိုက်ထွက်။**

၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၄]။

ပန်းတဉ်းဝန် မြဲတိုက်သံဆင့် လက်ဖက်ရည်တော်တို့ ရန်ကုန်မြို့က လွှတ်တော်သို့ လျှောက်စာ။

၁။ ။ အင်္ဂလိပ် အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီး မဒရပ်မြို့သို့ ကူးသွား၍ ဘင်္ဂလားမြို့သို့ မကူးမသွားရရပ်ဆိုင်းရှိနေရသည့် အကြောင်းအရာ။

၁၂၃၁ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၄]။

ရန်ကုန်မြို့ သူဌေး မဟာသီရိဘောဂသာရက လွှတ်တော်သို့ လျှောက်စာ။

၂။ ။ ကျောင်းတော်ဆောက်လုပ်ရန် မြေရာကို ရန်ကုန်မြို့နေ လူကြီးလူကောင်းတို့နှင့် ကြည့်ရှုရာ တွေ့ရှိသင့်တင့်သည့် မြေရာ ၂ မှာ အင်္ဂလိပ်မင်းပိုင်ဖြစ်၍ အထက်လူကြီးချင်း ပြောဆိုမှ သာ၍သင့်မည့် အကြောင်းအရာ။

**၁၈၁ မှတ်ပုရပိုက်ထွက်မှာ ဘင်္ဂလားမြို့ ဘာသာရေး သတင်းစာပါ ပြင်သစ်လူမျိုး၊ ပရတ်ရှုလူမျိုးတို့ စစ်မက်ဖြစ်ပွားသည့် အကြောင်းအရာ။** (၁၂၃၂ ခု ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့) မြန်မာပြန်ချက်သက်သက်ရှိ။

---

၁။ ၂၄ မတ် ၁၈၇၀ ၂။ ၂၄ ဧပြီ ၁၈၇၁ ၃။ ၂၀ ဩဂုတ် ၁၈၇၀ ၄။ ၁၅ မေ ၁၈၇၀

၁၈၂ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဟာစီအာကာနှင့် ပွဲစား ငရွှေသီးတို့ အယှက်အတင်ရှိသည့် ကုန်ဖိုးငွေမှုကို အင်္ဂလိပ်မင်း ကျွန်တော်မျိုးနှင့် မြန်မာ ကျွန်တော်မျိုး ဖြစ်ပွားမှုဖြစ်၍ တွဲဖက်ရုံးတွင် စီရင်လျှင် သင့်မည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ မာမတ်ကာဆင်နှင့် အခွန်ဝန် မောင်ရွှေအောင်တို့ အယှက်အတင်ရှိသည့် ကုန်ဖိုးငွေမှုကို နေရာကျ စီရင်မည့်အကြောင်း၊ အမိန့်တော်ခံသင့်လျှင် အမိန့်တော်ခံ၍ အကြောင်းအရာ စာပြန်မည့်အကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း၊ ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မာမတ်ကာဆင်နှင့် အခွန်ဝန်တို့ ကုန်ဖိုးကြေးငွေမှုစကားကို တွဲဖက်ရုံးတွင် စီရင်လျှင် သင့်မည့်အကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မယ်လခုံဂါလစ်စတင်က သူဌေး ဇောတိကတွင် ရရန်ရှိသည့် ထန်းလျက်ဖိုးငွေကျန်ကို ကုလားဝန်ထံ လျှောက်ထားတောင်းခံရာ သူဌေးက ဖြောင့်ဆိုလျက် နေရာကျ မပြုမလုပ်ရှိ၍ နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၃၂ ခု။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ မယ်လခုံဂါလစ်စတင်က သူဌေး ဇောတိကထံ ထန်းလျက်ဖိုးငွေကျန် ရရန်အမှုနှင့်စပ်၍ ကုလားဝန်ကို မေးရာ ကုလားဝန်က လက်ခံစီရင်ပိုင်သူ မဟုတ်သည်နှင့် အစေ့အစပ် ပြောဆိုရုံမျှသာ ပြောဆိုဖူးကြောင်း၊ ၎င်းအမှုကို အလျောက်လိုက်သက်ရာ ပြောဆိုသင့်သည် ပြောဆိုလိုက်ကြောင်းများနှင့် ထွက်ဆိုလျှောက်ထားရှိ၍ ၎င်းမေးချက်ကို ပို့လိုက်ကြောင်း။

၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၄ ရက်နေ့[၂]။

ကုလားဝန် မေးချက်။

(က) သူဌေးဇောတိကနှင့် မယ်လခုံဂါလစ်စတင်တို့ ထန်းလျက်ဖိုးငွေမှုကို ကျွန်တော်လက်ခံ စီရင်ပိုင်သူ မဟုတ်သည်နှင့် အစေ့အစပ် စကားမျှသာ ပြောဆိုပြီးလျှင် အလျောက်ပြောဆိုကြရန် ပြောဆိုလိုက်ကြောင်း။

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၀၊ စက်တင်ဘာလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံပေးစာ။

၆။ ။ အင်္ဂလိပ်မင်းပိုင် တောင်ငူမြို့ သစ်တောက သစ်များကို ရေလမ်းသင့်ရာ မြန်မာနယ်က ချမျှောရာ မြန်မာဘက်က တားဆီးကန့်ကွက်မှု၊ ချောင်းနားရှိ သစ်များ မီးရှို့ပြုလုပ်မှုများကို နေရာကျ စစ်ဆေးမေးမြန်း၍ စာပြန်မည့်အကြောင်း။

---

၁။ ၂၆ စက်တင်ဘာ ၁၈၇၀ ၂။ ၈ အောက်တိုဘာ ၁၈၇၀

၁၂၃၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပခန်းမင်းကြီးက ပေးစာ။

၇။ ။ တောင်ငူမြို့ သစ်တောကျ သစ်များကို မြန်မာနယ်က ချမျှောရာ တားဆီးကန့်ကွက်သူ၊ မီးရှို့ဖျက်ဆီးသူများကို ထောက်လှမ်းဖမ်းဆီးချုပ်ထား၍ အကြောင်းအရာများကို လျှောက်ထားရမည့် အကြောင်းနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ မှာထားဆင့်ဆိုရှိကြောင်း။

---

## ၁၈၃ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့[၂]။

ကျောင်းတော်ရာမြေနှင့်စပ်၍ မြို့တော်ရှိ အရေးပိုင်က မဟာမင်းကြီးထံပေးစာ မြန်မာပြန်ချက်။

၁။ ။ ကျောင်းတော်ရာမြေကို ဘုန်းတော်ကြီးလှသောဘုရားသို့ ဆက်ရန် အိန္ဒိယဘုရင်ခံက သဘောတော်တူကြောင်း စာကိုရ၍ သံတော်ဦးတင်ရာ အလွန် နှစ်သက်တော်မူကြောင်း၊ ၎င်းမြေကို ရန်ကုန်မြို့ သူဌေး မဟာသီရိဘောဂသာရသို့ ပြသလွှဲအပ်ပါ၊ ပခန်းမင်းကြီးက ပြောဆိုကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့။

၁၈၇၀၊ ဩဂုတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ်ပိုင် တောင်ငူနယ်က ငအောင်မြ ဆင်ကို ငအုပ် ခိုးယူထွက်ပြေး၊ ရန်အောင်မြင်မြို့မှာ တွေ့ရှိ၊ နင်းကြမ်းမြို့ဝန်ထံ စွဲဆိုရာ နေရာကျမစီရင်၊ နေ့ရက် ကြန့်ကြာရှိသောကြောင့် ၎င်းအမှုကို မှန်ရာစစ်ဆေး နေရာကျပြုလုပ်၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၂ ခု။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၃။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့နယ် ညောင်ပင်သာရွာနေ ငအောင်မြ ဆင်ကို ငအုပ် ခိုးယူသည် မှန် မမှန် နေရာကျ စစ်မေးစီရင်၍ ထွက်ချက်၊ စီရင်ချက်များနှင့်တကွ အကြောင်းအရာ အရပ်ရပ်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောင်းတော်ရာမြေကို စေလွှတ် သိမ်းယူတော်မူပါ အရေးပိုင်မင်း တင်ချက်အတိုင်း ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်ဆိုမှာထား သိမ်းယူစေ အမိန့်တော်အရ မဟာသီရိဘောဂသာရသို့ ပေးအပ်အောင် ရန်ကုန်မြို့ အရေးပိုင်ကြီးထံ စာပေးမည့်အကြောင်း။

၁၂၃၂ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၄]။

ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၅။ ။ ကျောင်းတော်ရာမြေကို မှတ်သားသိမ်းယူ၍ ၎င်းမြေရာပုံစံနှင့်တကွ အကြောင်းအရာ၊ တင်စာ လျှောက်စာ ပေးအပ် လျှောက်ထားလိုက်ရမည့် အကြောင်းအရာ။

---

၁၂၃၃ ခု။

## ၁၈၄ မှတ် ပုရပိုက်ထွက်။

၁၂၃၂ ခု၊ တန့်ခူးလဆန်း ၁၅ ရက်နေ့[၅]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ရွှေတိဂုံဘုရားအရှေ့ ကျောင်းတော်ရာမြေမှာ အရှေ့အနောက် ၇၃ တာ၊ တောင်မြောက် ၆၉ တာ မြေရာလပ်

၁။ ၂၂ စက်တင်ဘာ ၁၈၇၀ ၂။ ၂၀ ဩဂုတ် ၁၈၇၀ ၃။ ၂၀ ဩဂုတ် ၁၈၇၀ ၄။ ၄ ဧပြီ ၁၈၇၁

ရမှ အရံကျောင်း၊ ရေတွင်း ရေကန် စသည်နှင့် ကျောင်းတော်ကြီး ၁ ဆောက်လုပ်သာမည်ဖြစ်၍ ဆောက်လုပ်ရန်ပုံစံ ရေးသားပေးပို့လာစေကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ်နယ်၊ ဇင်းမယ် နယ်စပ်များတွင် ကရင်နီ ဓားပြတို့ တိုက်ခိုက်သည့် အကြောင်းအရာကို ကန္တရဝတီ မြို့စား မေးရာ ငဒီပနှင့် မောက်မယ် စော်ဘွားဟောင်းတို့ မတိုက်မခိုက်ကြောင်း။ ငဒီပက မော်လမြိုင်မြို့ သစ်ခေါင်းများမှာ ငွေ ၃၀၀၀၀ ကျော် ရှိသည်နှင့် ဆင်ကိုသာ သိမ်းယူ၊ ငွေ ၇၀၀၀ နှင့် ရွေးနုတ်ပြန်၍ ဆင်ကို ပြန်အပ်လိုက်ကြောင်း။ အင်္ဂလိပ်နယ်၊ ဇင်းမယ် နယ်စပ်များမှာ ဝင်ထွက်ခိုမှီသူ အများရှိ၍ မည်သည့်လူမျိုး တိုက်ခိုက်သည် မသိကြောင်းများနှင့် ထွက်ဆိုလျှောက်ထားရှိကြောင်း။

၁၂၃၂ ခု၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၁ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ တောင်ငူမြို့နယ် သစ်တောတွင် သစ်လုပ်သူ သဘော်သူကြီး မြီဇာမတ်က သစ်လုပ်ဆင်များကို နင်းကြမ်းဝန် လူများ ခိုးယူကြောင်း၊ ယခု တောင်ငူမြို့ဝန် လက်ထက်မှ လူဆိုးလူသွမ်း များပြားကြောင်း၊ အရပ်ရပ် ဆင် ၂၅ စီးခန့် ခိုးယူပျောက်ဆုံးရာ အချို့သာ ပြန်ရကြောင်းများနှင့် လျှောက်ထားရှိသောကြောင့် လူဆိုး လူသွမ်းတို့ ထကြွမရှိအောင် ဆင့်ဆိုမှ သာယာငြိမ်ဝပ်မည်ဖြစ်၍ မြီဇာမတ် လျှောက်စာနှင့်တကွ ပေးပို့ လိုက်သည့်အကြောင်း။

သဘော်သူကြီး မြီဇာမတ် လျှောက်စာ။

၄။ ။ ဆင် ပျောက်ဆုံး၍ ထောက်လှမ်းရာ နင်းကြမ်းဝန်လူ ရာဇဝတ်ခေါင်း ငလာထံ တွေ့ရှိ၍ ငွေ ၂၀၀ ပေးကမ်း ရွေးယူရကြောင်း၊ တစ်တန်လည်း ကျွန်တော်ပိုင် မောင်ကလေးခေါ် ဆင်ပေါက် ၁ စီးကို ငလာ ကပင် စေလွှတ်ခိုးယူစေသူ ၄ ယောက်အနက် ငရွှေအိုကို ဖမ်းဆီးရမိ ရုံးတော်သို့ ပို့အပ်ရှိသည့် အကြောင်း အရာ။ မြန်မာနိုင်ငံနေ လူ၊ အရာရှိတို့ ဆိုးသွမ်းပြုမူသည့် အကြောင်းအရာ။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ သစ်ခေါင်း ငဘိုး၊ မယား မိမဲမြွင်တို့က ပေါင်ထားသည့် မောင်ကလေးခေါ် ဆင်ကို ငဘိုး သေ၍ မိမဲမြွင် ထံက သိမ်းယူသည့်နောက် မိမဲမြွင်က ကျောက်တိုင်တောင်ဘက်နေ ငမှတ်သို့ ငွားရမ်း သစ်ချဆိပ်သို့ ရောက်ကာလ ဆင်ကို ငမှတ်နှင့် မိမဲမြွင်လူ ငရွှေမောင်တို့ အတင်းယူသွားကြောင်း။ ၎င်းတို့ လက်ခံသူ ငကျော်ကို ချုပ်တောင်း၍ ထောက်လှမ်းရာ ဆင်မှာ တောင်ငူရုံးမှာ တွေ့ရှိကြောင်း။ ဆင် ၂၅ စီးခန့် ခိုးယူပျောက်ဆုံးသည် ဆိုသည်မှာ တိုင်တန်းဖူးသည် မရှိကြောင်းများနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က ထွက်ဆိုလျှောက်ထားရှိ၍ ၎င်းထွက်ချက်နှင့်တကွ ပေးပို့လိုက်ကြောင်း။

၆။ ။ ၁၂၃၂ ခု တပို့တွဲလဆန်း ၇ ရက်နေ့၊ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် မေးချက်။ (၅ မှတ်နှင့် အကြောင်း အရာ တူ။)

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ မဟာမိတ်စာချုပ်ပါ ကုန်များပြင် တစ်ဦးတစ်ယောက်တည်းက ချုပ်လုပ်ရောင်းဝယ် မရှိစေရ၊ အထိုက် အလျောက် ရောင်းချစေ အမိန့်တော်ကို ရလိုကြောင်း။ နှစ်တိုင်းနှစ်ပြည်နေ ကုန်သည် ဆင်းရဲသားတို့ ချမ်းသာ၍ အကျိုးတော် ရှိမည်ကိုသာ သဘောထားကြောင်း။

---

၁။ ၆ မေ ၁၈၇၁

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၁ ခု၊ မတ်လ ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ နိုင်ငံတော်ထွက် ကုန်ရောင်းသူတို့အပေါ်တွင် လှေဦးဆိုက် လှည်းဦးဆိုက်ခွန်ဆို၍ ၁၀၀ လျှင် ၅ ကျ၊ မြို့ရွာဆိပ်ကမ်းများတွင် ဝယ်သူတို့အပေါ်မှာ ငွေ ၁၀၀ လျှင် ၅ မတ်က ၅ ထိ ကောက်ခံကြောင်း ကြားသိရသည့်အတိုင်းမှန်လျှင် မဟာမိတ်စာချုပ်နှင့် မညီဖြစ်၍ မြို့ရှင်ရွာရှင်တို့ကို ဆင့်ဆိုမည့်အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ မဟာမိတ်စာချုပ်ပါ ကုန်များပြင် လှေဦးဆိုက် လှည်းဦးဆိုက် ဆို၍ မြို့ရွာဆိပ်ကမ်းများတွင် ကောက်ခံသည် မှန်လျှင် မဟာမိတ်စာချုပ်နှင့် မညီဖြစ်၍ ဆင့်ဆိုမည့်အကြောင်းနှင့် ပေးစာ။ ကုန်အကောက်အခံနှင့် စပ်လျဉ်းထုတ်ပြန်သည့် အမိန့်တော်ကို ရလိုကြောင်းနှင့် ပေးစာများအရ အကောက်အခံနှင့် စပ်လျဉ်းထုတ်ပြန်တော်မူသည့် အမိန့်တော်ကို ရေးပို့လိုက်ကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

အမိန့်တော်။

၁၀။ ။ ဌာနပြောင်းရွှေ့ ရောင်းဝယ်သည့် ကုန်များကို လှည်းဦးဆိုက်ခွန်ဆို၍ အကောက်အခံ မရှိစေနှင့်၊ ကုန်သည်ဆင်းရဲသားတို့ အလိုရှိရာ ရောင်းဝယ်စေရမည့် အကြောင်းအရာ။

၁၈၇၁ ခု။

မဏိပူရမြို့ အင်္ဂလိပ်အရေးပိုင်က တမူးခန်းပတ်မြို့ဝန်ထံ ပေးစာ။

၁၁။ ။ နိုင်ငံတော်နယ်မြေ၊ မဏိပူရနယ်မြေ အပိုင်းအခြား အမှတ်အသားနှင့်စပ်၍ ကွဲပြားအောင် အညီအညွတ်တွေ့ဆုံပြောဆိုရန် လာရောက်မည့် အကြောင်းအရာ။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ လူ လက်နက် ၄၀ ကျော်ခန့်နှင့် မဏိပူရမြို့ရှိ အင်္ဂလိပ် အရေးပိုင် တမူးမြို့နယ်အနီး လာရောက် အလံစိုက်ထူကြောင်း၊ တဲဆောက်လုပ်ကြောင်း၊ သေနတ်ပစ်ဖောက်ကြောင်းများနှင့် တမူး ခန်းပတ်မြို့ဝန်က လျှောက်ထားရှိ၍ နောင် သည်ကဲ့သို့ မပြုလုပ်ရအောင် ဆင့်ဆိုမည့်အကြောင်း။

---

**၁၈၅ မှတ် ပုရပိုက်ထွက်။**

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့[၄]။

ဇန္တာဝတီ၊ ဂေါ်ရင်ဘတ်တို့ လျှောက်ချက်။

၁။ ။ အခွန်တော် ဆက်သွင်းလုပ်ဆောင်သည့် သစ်များနှင့်စပ်၍ မြိဇာမဏ္ဍာလီက ရန်ကုန်မြို့ရုံးတွင် မဟုတ်မလျား တရားစွဲဆို ရှိပါသောကြောင့် အခြားသူတို့နှင့် မဆိုင်၊ ဇန္တာဝတီတို့နှင့်သာ ဆိုင်ကြောင်းကို မြို့ရှိ အင်္ဂလိပ် အရေးပိုင်နှင့် အရေးပိုင်ကြီးများထံ ထပ်မံစာပေး မှာထားပါမည့် အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တောင်ငူ သစ်တောထွက် သစ်များကို ဇန္တာဝတီ၊ ဂေါ်ရင်ဘတ်တို့ကိုသာ စာချုပ်နှင့်ပေးကြောင်း။ မြိဇာမဏ္ဍာလီသို့ စာချုပ်နှင့် မည်သည့်ကာလကမှ ပေးအပ်ဖူးသည် မရှိကြောင်း။

---

၁။ ၅ မေ ၁၈၇၁ ဖြစ်မည်။ ၂။ ၁၀ မေ ၁၈၇၁ ၃။ ၁၆ မေ ၁၈၇၁ ၄။ ၁၄ မေ ၁၈၇၁

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ရွှေစာရံ ပြောင်းရှူးတောကျ ရက်ဘိုးထွန်းပိုင် သစ်အကြောင်းနှင့် ဖြစ်ပွားသည့် အမှုစကားမှာ ရက်ဘိုးထွန်း၊ ကလေမံဝီလျံနှင့် ဆာဒလင်မက္ကင်စီ ကုမ္ပဏီ ၃ ဦးသားတို့ တရားထိုက်သက်ရာ ပြောဆိုစေပြီးမှ ရသင့် မရသင့် သိနိုင်မည်ဖြစ်၍ ရပ်ဆိုင်းသင့်ကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ကလေမံဝီလျံ၊ ဆာဒလင်မက္ကင်စီ ကုမ္ပဏီ၊ ရက်ဘိုးထွန်းတို့ သစ်မှုစကားကို မည်ကဲ့သို့ ဆုံးဖြတ် ဥပဒေပြုလုပ်သည်၊ သစ်တွင် မည်သူ တံဆိပ်ခတ်မှတ်သည်၊ မည်သူလက်ဝယ် သစ်ရှိသည်ကို သိလိုကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၁]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၅။ ။ ကလေမံဝီလျံ၊ ရက်ဘိုးထွန်း၊ ဆာဒလင်မက္ကင်စီ ကုမ္ပဏီ ၃ ဦးတို့ သစ်မှုစကားကို ဖြစ်ပွားသူတို့မှာ အင်္ဂလိပ် ကျွန်တော်မျိုး ဖြစ်သည့်အတိုင်း အရေးပိုင်မင်းက နေ့ရက်မကြာ စီရင်၍ စီရင်ချက်ကိုသာ ပို့မည့်အကြောင်း။ စီရင်ချက်အရ စာပါ လူကိုသာ အခွန်တော်ငွေ တောင်းခံ၍ သစ်ကို စုန်မျှောစေမည့် အကြောင်း။

၁၂၃၃ ခု။

ဇော်တပူရမြို့က လာရောက်သူ ဟိန္ဒူလူမျိုး ၂ ယောက်တွင် ကြေးဝါကြုတ်နှင့် ပါသည့်စာ။

၅-က။ ။ အင်္ဂလိပ်နိုင်ငံတွင် သားတော် အချုပ်ခံရ၍ မိဘဂုဏ်ကျေးဇူးကို ယခုမှ အောက်မေ့ကြောင်း၊ အိန္ဒိယနိုင်ငံမှာ မငြိမ်မသက်ရှိကြောင်း၊ သားတော်ထံ ဆရာကောင်းကိုဖြစ်စေ၊ စားလုံသေနတ်ပြီးဆေးကို ဖြစ်စေ ပေးသနားတော်မူလျှင် ကုလားတို့နိုင်ငံကို တိုက်ခိုက်နိုင်မည် ဖြစ်ကြောင်း။

၁၂၃၂ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၂]။

ဇော်တပူရမြို့က လာရောက်သူ ဟိန္ဒူလူမျိုး ၂ ယောက်ကို မေးချက်။

(က) ကျွန်တော် ဇော်တပူရမြို့ ဘုရင်တူ၊ နယ်မြေမှုနှင့် ဘုံဘိုင်မြို့နယ် နဂရမြို့ အရေးပိုင်က အကျဉ်းချထားရာ မြန်မာမင်းသားနှင့် တွေ့ရှိ မေတ္တာသက်ဝင်ကြ၍ ခမည်းတော်ထံ စာဆက်ပေးပါ ပြောဆိုသောကြောင့် ယခုစာကို ဆက်သလာရသည့်အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ကူကီ လူမျိုးတို့မှာ မြန်မာနိုင်ငံက လက်နက်များကို ထုတ်ယူရရှိကြောင်း ထောက်လှမ်းကြားသိရ၍ ၎င်းတို့ကို သေနတ် လက်နက် အရောင်းအချ အထုတ်အယူ မရှိမည့်အကြောင်း။

၁၂၃၃ ခု၊ နယုန်လဆန်း ၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ မြန်မာနိုင်ငံမှာ အနောက်နိုင်ငံများကဲ့သို့ လက်နက် လုပ်ဆောင် ရောင်းချမရှိ၊ အလိုရှိလျှင် အနောက်တိုင်းပြည်များမှာ ဝယ်ယူရကြောင်း၊ သို့သော်လည်း တိတ်တဆိတ် ထုတ်ယူမရှိရအောင် သောင်သွပ်စော်ဘွား၊ တမူးခန်းပတ် မြို့ဝန်တို့ကို ဆင့်ဆိုမှာထားကြောင်း။

---

၁။ ၁၆ မေ ၁၈၇၁ ၂။ ၁၀ မတ် ၁၈၇၁ ၃။ ၂၂ မေ ၁၈၇၁

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ ပဲ့နင်း ငစံဝမှာ စီပါနွတ်က ငွေရရန်ရှိ၍ တွဲဖက်ရုံးမှာ လျှောက်ထားရာ၊ ရေနံချောင်းမြို့သို့ တိမ်းရှောင်ထွက်သွားရှိ၍ ငစံဝကို ဆင့်ဆိုခေါ်ငင် ပေးပါမည့်အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ လက်နက် လူ ၄၀ ခန့်နှင့် မဏိပူရမြို့ အင်္ဂလိပ် အရေးပိုင် မြန်မာနယ်သို့ ကျူးလွန်ဝင်ရောက်၍ တဲဆောက်လုပ်သည်၊ အလံစိုက်ထူသည် ဆိုသည်မှာ မြန်မာနယ်သို့ မည်မျှခရီး ဝင်ရောက်သည်၊ နံ့ဆင်ရွာသည် အင်္ဂလိပ်နယ်မြေနှင့် ခရီးမည်မျှ ကွာဝေးသည်များကို အသေအချာ စာပေးမည့်အကြောင်း။

၁၂၃၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မဏိပူရမြို့ အင်္ဂလိပ် အရေးပိုင် ကျူးလွန်ဝင်ရောက်သည့် နယ်မြေမှာ မိုးလေးဌာနာက အရှေ့တောင်သို့ တာ ၇၀၀ ကျော်ခန့်ကွာ မြန်မာနယ်အတွင်း ဖြစ်ကြောင်း၊ မရိမ်းတောင်ခြေ အရှေ့ အတည့်အတန်း တာ ၁၀၀၀ ခန့်ကွာ နံ့ဆင်ရွာလည်း မြန်မာနယ် ဖြစ်ကြောင်းနှင့် ခန်းပတ်မြို့ အရာရှိတို့က လျှောက်ထားရှိကြောင်း။

၁၂၃၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့[၁]။

တမူးခန်းပတ်မြို့ နားခံဗိုလ်တပ်ရေးတို့ မေးချက်။

၁၁။ ။ မိုးလေးဌာနာက အရှေ့တောင်ခရီး တာ ၇၀၀ ခန့်ကွာ နိုင်ငံတော်အတွင်း မဏိပူရမြို့ အင်္ဂလိပ် အရေးပိုင် ဝင်ရောက် တဲဆောက်ကြောင်း၊ မရိမ်းတောင်ခြေအရှေ့ တာ ၁၀၀၀ ခန့်ကွာ နံ့ဆင်ရွာသို့လည်း လူ လက်နက် ၅၀ ခန့်နှင့် ဝင်ရောက်ပြန်သွားကြောင်း။

---

၁၈၆ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၁ ခု၊ ဇွန်လ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မြန်မာနိုင်ငံတော်အတွင်း အရပ်ရပ် ရောင်းဝယ်ကြသည့် ကုန်ဖိုးနှုန်းထား စာရင်းများကို ရေးသားပေးပို့ပါမည့် အကြောင်း။

၁၂၃၃ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်ကြီး အီဒင်သို့ ပေးစာ။

၂။ ။ အရေးပိုင် သလေတင်ကိုပင် မြန်မာနိုင်ငံတွင် ထပ်မံ ကိုယ်စားလှယ် ခန့်ထားမည် ကြားသိရသည့်အတိုင်း မှန်လျှင် မေဇာသလေတင် အကြောင်းနှင့် ဘင်္ဂလား ဝန်ရှင်တော်မင်းကြီးများထံ ပို့ရန်။ ရန်ကုန် အရေးပိုင်ကြီး အာရပိုက်ထံ အထက်က ပေးပို့သည့်စာများ မရောက်၍ ဖြစ်မည်၊ ရောက်လျှင်လည်း ၎င်းက မပို့၍ ဖြစ်မည် သဘောအယူရှိ၍ ၎င်းစာများ မပို့ရသေးလျှင် အလျင်အမြန် ပေးပို့၍ စာပြန်ပါမည့် အကြောင်း။

---

၁။ ၂၆ မေ ၁၈၇၁ ၂။ ၉ ဇွန် ၁၈၇၁

၁၂၃၃ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

ဘင်္ဂလားမြို့ အရေးပိုင်မင်းကြီးသို့ ပေးစာ။

၃။ ။ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ် ခန့်ထားလျှင် ၂ ပြည် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည့်သူကို ရွေးချယ်ခန့်ထားမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

၄။ ။ အင်္ဂလိပ်နိုင်ငံ ဝန်ရှင်တော်မင်းကြီးထံ ပေးစာ။ (၃ မှတ်နှင့် အကြောင်းအရာ တူ။)

၁၂၃၃ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၅။ ။ မေဇာသလေတင် အစား မန္တလေးမြို့သို့ အရေးပိုင် ခန့်ထားလာရောက်သူ မေဇာမက္ကမေဟာန်တွင် ပါသည့် ရာဇသံများကို ကြိုယူလက်ခံ၍ ကပ္ပိတန်စတိုဝါ၊ ဆရာမတ်တို့ပါ ရှေ့တော်သို့ ဝင်ထွက်စေကြောင်း။ ၎င်းတို့ ဗန်းမော်မြို့သို့ ဆန်တက်လိုသည့်အတိုင်း အစောင်အမ အရာရှိဘက်ထည့် ဆန်တက်စေကြောင်း။ သလေတင်ကို ကြည့်ရှုသည့် အကြောင်းအရာ၊ တရုတ်ပြည်သွား အရာရှိတို့ကို ကြည့်ရှုသည့် အကြောင်းအရာများကို ရေးပို့သည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

သံတော်ဆင့် ပန်းတဉ်းဝန်သို့ ဆင့်စာ။

၆။ ။ မေဇာသလေတင်ကို အရေးပိုင်အရာနှင့် ခန့်ထားစေလွှတ်မည်၊ မစေလွှတ်မည်ကို ထောက်လှမ်း၍ သင့်ရာ လွှကြံတွင် အကြောင်းအရာ တင်စာ လျှောက်စာ ပေးအပ် လျှောက်ထားရမည့်အကြောင်း။

၁၂၃၃ ခု။

ပခန်းမင်းကြီးက မြန်မာနိုင်ငံတော် အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၇။ ။ မန္တလေးမြို့မှာ သလေတင်ပြင် အခြား သင့်ရာအရာရှိကို အရေးပိုင် ခန့်ထားမည့်အကြောင်း၊ အရေးပိုင် ကိုယ်စားလှယ် အသစ်လဲလှယ်ခန့်ထားလျှင် ခန့်ထားမစေလွှတ်မီ ၂ လ ၃ လက တင်ရင်မှာထား ကြားသိစေမည့် အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့[၂]။

၁၈၇၁ ခု၊ မေလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ သေသူ ကာလာဂရတီသား ကတီကလေးပိုင် အဘ ခုတ်လုပ်ပြီး သစ်ပျဉ်များကို မြန်မာအစိုးရမင်းတို့က သိမ်းယူရောင်းချ စရိတ်ငွေ နုတ်ယူပြီးလျှင် ကျန်ငွေကို ကြွေးမြီဆပ်ပေးရန် သိမ်းထားပါမည့်အကြောင်း။

၁၂၃၃ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၁ ခု၊ မေလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ သေသူ ကာလာဂရတီပိုင် ဆင်ပေါက် ၁၀ စီးကို ကြွေးမြီရှင်များသို့ ပေးဆပ်ရန် သိမ်းထားပါမည့်အကြောင်း။

၁၂၃၃ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ သေသူ ကာလာဂရတီပိုင် သစ်များကို သိမ်းယူရောင်းချ၍ ငွေကို သိမ်းထားမည့်အကြောင်း၊ ဆင် ၁၀ စီးမှာ ထိန်းကျောင်းထားရလျှင် စရိတ်ကုန်ကျ ရှိမည်၊ သေပျောက်ရှိမည်များကြောင့် ရောင်းချရလျှင် သင့်သည်ဖြစ်၍ အကြောင်းအရာ စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့[၄]။

ပခန်းမင်းကြီးက မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၁။ ။ ကျောက်တိုင်အောက်သို့ ပျောသွားသည့် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ ခုတ်လုပ်သစ်များကို လောဇေယသိန်

၁။ ၉ ဇွန် ၁၈၇၁ ၂။ ၁၂၃၃ ခု၊ ကဆုန်လဆန်း ၁၃ ရက် ဖြစ်မည်။ ၃။ ၂၁ ဇွန် ၁၈၇၁ ၄။ ၂၇ ဇွန် ၁၈၇၁

မြို့စားက ဆယ်ယူရွေးနုတ်နိုင်အောင် သင့်ရာစာပေးမည့်အကြောင်း။ တောင်ငူ သစ်တောထွက် သစ်များမှာ ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့နှင့်သာ ဆိုင်၍ မြိဇာမဏ္ဍာလီနှင့် တစ်စုံတစ်ရာ မဆိုင်ကြောင်း။

၁၂၃၃ ခု။

လောဇေယသိန် မြို့စားသို့ ဆင့်စာ။

၁၂။ ။ သစ်ဆွဲရန် ဆင်များကို ရအောင် ရှာကြံဝယ်ယူ၍ ဝယ်ယူရ ဆင်စီးရေ၊ ၎င်းအဖိုးငွေ စာရင်းနှင့်တကွ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၃ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၃။ ။ လောဇေယသိန် မြို့စားသို့ ပေးအပ်သည့် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ တောင်ငူသစ်တောလုပ် စာချုပ်လက်ခံ။

၁၂၃၃ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၁ ခု၊ ဇွန်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ အင်ဂျီနီရာ အလိုရှိကြောင်း စာအရ မည်သည့်အတတ် တတ်ကျွမ်းသူ အင်ဂျီနီရာကို လိုသည်၊ လစာမည်မျှ ပေးကမ်းမည်များကို စာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ သဘော် အလုပ်အဆောင်နှင့် ဆိုင်သမျှ စက်ကိရိယာ အလုပ်အဆောင်များ တတ်ကျွမ်းသင်ကြားနိုင်မည့် ဆရာကြီးတစ်ယောက်ကို အလိုရှိကြောင်း၊ ၎င်းကို ရွှေမြို့တော်ရောက်ခေါ်လျှင် စရိတ်မည်မျှ ကုန်မည်၊ လခ မည်မျှပေးရမည်ကို မေးမြန်း၍ စာပြန်မည့်အကြောင်း။

---

## ၁၈၇ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဒကုန်မော် ဓာတ်ရုံက သရက်မြို့ရောက် ကြေးနန်းကြိုး ဆက်လက်သွယ်တန်းရန်မှာ ကျွန်ုပ်တို့က ဆက်တန်းရမည်၊ အင်္ဂလိပ်မင်းများက ဆက်တန်းမည်များကို သိလို၍ စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဘိလပ်နိုင်ငံရှိ ပညာတော်သင်များသို့ ပေးရန်ငွေ ၅၀၀၀ ကျော်ကို ရောက်အောင် ပေးပို့မည့်အကြောင်း၊ အလိုတော်ရှိရာသုံးရန် ဘိလပ်နိုင်ငံ လန်ဒန်မြို့ရှိ ဘဏ်တိုက်တွင် ငွေ ၁၀၀၀၀၀ သွင်းထားလိုကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

၁၈၇၁ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ကိုယ်စားလှယ်တော်က ပန်းတဉ်းဝန်တို့အတွက် ငွေများကို ရန်ကုန်မြို့ရှိ ဘင်္ဂလားခေါ် ဘဏ်တိုက်တွင် သွင်းထားမိလျှင် ဘိလပ်မြို့ ဘဏ်တိုက်တွင် တောင်းယူနိုင်အောင် စာပေးပါမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ပညာတော်သင်တို့သို့ ပေးရန်ငွေ ၉၀၄၅ နှင့် စာထုပ် ၁ ကို ပို့လာစေကြောင်း၊ ငွေကို ရန်ကုန်မြို့

---

၁။ ၂ ဇူလိုင် ၁၈၇၁ ၂။ ၁၂ ဇူလိုင် ၁၈၇၁ ၃။ ၂၃ ဩဂုတ် ၁၈၇၁ ၄။ ၃၀ ဩဂုတ် ၁၈၇၁

ဘဏ်တိုက်တွင် မည်သည့်နေ့ ပေးသွင်းသည်၊ မည်သည့်နေ့ ဘိလပ်မြို့ရှိ ဘဏ်တိုက်သို့ မှာထားပြောဆိုသည်၊ ပညာတော်သင်တို့ မည်သည့်နေ့ ဘိလပ်ဘဏ်တိုက်တွင် တောင်းယူနိုင်မည်၊ စာထုပ်ကိုလည်း မည်သည့်နေ့ ပို့လာသည်များကို စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၁ ခု၊ ဇူလိုင်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ရွှေတိဂုံဘုရားကို မည်သည့်နေ့မဆို ထီးတော် တင်လှူလိုသည့်အခါ စုန်ဆင်း တင်လှူနိုင်ကြောင်း၊ မစုန်လာမီ တင်ရင်၍ စာပေးမည့်အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ရွှေတိဂုံဘုရားကို ထီးတော်တင်လှူရန် ၁၂၃၃ ခု သီတင်းကျွတ်လအတွင်း စေလွှတ် စုန်ဆင်းစေမည့်အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၈ ရက်နေ့။

၁၈၇၁ ခု၊ ဩဂုတ်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ မြန်အောင်မြို့ စီရင်စု လက်ပံပင်ရွာနေ ငသံသာကို ဓားနှင့် ထိုးသတ်ထွက်ပြေးသူ ငသက်ပြင်း စလင်းမြို့ ဂွင့်ကျင်းရွာတွင် နေထိုင်ရှိကြောင်း တပ်ရာသိရ၍ ဖမ်းဆီးပေးအပ်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ငသံသာကို သတ်၍ ထွက်ပြေးသူ ငသက်ပြင်းကို ထောက်လှမ်းဖမ်းဆီး ပို့အပ်ရန် ဝန်ထောက်ကင်းဝန်သို့ မှာထားဆဲရှိကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့[၃]။

လွှတ်တော်က ဝန်ထောက်ကင်းဝန်သို့ ပေးမှာစာ။

၉။ ။ ကျောက်တိုင် တောင်ဘက်တွင် ငသံသာကို ဓားနှင့် ထိုးသတ်ထွက်ပြေးလာသူ ငသက်ပြင်း စလင်းမြို့ စီရင်စု ဂွင့်ကျင်းရွာတွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၈ ရက်နေ့။

၁၈၇၁ ခု၊ ဩဂုတ်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ ကျောက်တိုင် တောင်ဘက်တွင် အကြိမ်ကြိမ် ဆိုးသွမ်းတိုက်ခိုက်၍ အထက်က ပေးအပ်ရန် စာပေးတောင်းဖူးသူ သင်္ကန်းဘွပ် ရွာသူကြီးဟောင်း သမက် ငရွှေစီကို ဖမ်းဆီးပေးအပ်မှ နှစ်တိုင်းနှစ်ပြည် အရှည်မဟာမိတ်အဖြစ် မြဲမြံမည့်အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့[၂]။

အရေးပိုင်သို့ ပခန်းမင်းကြီးက ပေးစာ။

၁၁။ ။ ကျောက်တိုင် တောင်ဘက်တွင် အကြိမ်ကြိမ် ဆိုးသွမ်းတိုက်ခိုက်ဖူးသူ ငရွှေစီကို ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွားတော်အောက် ပို့အပ်ရမည်၊ တောင်တွင်းကြီးမြို့ဝန် မြို့ရုံး အရာရှိတို့ကို ဆင့်ဆိုရှိကြောင်း။ ၎င်းတို့က လျှောက်ထား သိသာကာလမှ စာပြန်မည့်အကြောင်း။

---

၁။ ၂၆ ဩဂုတ် ၁၈၇၁ ၂။ ၃ စက်တင်ဘာ ၁၈၇၁ ၃။ ၃၁ ဩဂုတ် ၁၈၇၁

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့[၁]။

လွှတ်တော်က တောင်တွင်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၁၂။ ။ ကျောက်တိုင် တောင်ဘက်သို့ ကူးဝင်တိုက်ခိုက်သူ ငရွှေစီ သက်န်းဘွပ်ရွာတွင် ရှိနေလျှင် မထွက်မလွတ် ရအောင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၃၃ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၁ ခု၊ ဇွန်လ ၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ အင်္ဂလိပ်မင်း နယ်မြေမှ မြန်မာမင်း နယ်မြေသို့ ပေါင်းလောင်းမြစ်ကြောင်း၊ ကြည်းကြောင်း တစ်နှစ်လျှင် ဆား မည်မျှဝင်သည်ကို သိလိုသည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ကျောက်တိုင် တောင်ဘက်က နိုင်ငံတော်သို့ တစ်နှစ်လျှင် ပေါင်းလောင်းမြစ်လမ်းက ဆားချိန် ၆၀၀၀၀ ကျော် ၇၀၀၀၀ ခန့်၊ တောင်ငူနင်းကြမ်း ကြည်းလမ်းက ၂၀၀၀၀ ကျော် ၃၀၀၀၀ ခန့်၊ ဧရာဝတီမြစ်လမ်းက ၂၀၀၀၀၀ ကျော် ၃၀၀၀၀၀ ခန့် ရောက်ကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[၃]။

ပွဲစားပွဲပြတ်သို့ မေးချက်။

၁၅။ ။ အောက်မြို့ကျေးရွာက နိုင်ငံတော်သို့ ဧရာဝတီမြစ်ကြောင်း ဆားချိန် တစ်နှစ်လျှင် ၂၀၀၀၀၀ ကျော် ၃၀၀၀၁၀ ခန့် ရောက်ကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း မြို့ခံနှင့် အကောက်အုပ်တို့ မေးချက်။

၁၆။ ။ အောက်မြို့ကျေးရွာက နိုင်ငံတော်သို့ တစ်နှစ်လျှင် ပေါင်းလောင်းမြစ်လမ်းက ဆားချိန် ၆၀၀၀၀ ကျော် ၇၀၀၀၀ ခန့်၊ ဟောင်ငူနင်းကြမ်း ကြည်းလမ်းက ဆားချိန် ၂၀၀၀၀ ကျော် ၃၀၀၀၀ ခန့် ရောက်ကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၁ ခု၊ စက်တင်ဘာလ ၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ နောက်ပါလူ ၁၅၊ သေနတ် ၁၀၊ ဓား ၁၀၊ မြင်း ၅ နှင့် ရှမ်းပြည်မြို့ ကျေးရွာသို့ သွားလိုသူ အမေရိကန် သာသနာပြု တရားဟောဆရာ ဂူရှင်ကို မြို့ရှင် ရွာရှင်တို့က တားဆီးနှောင့်ယှက်မရှိ သွားလာခွင့်ရအောင် အမိန့်စာချွန် ပေးအပ်ပါမည့် အကြောင်း။

---

၁၈၈ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၄]။

သာသနာပြုဆရာ ဂူရှင်သို့ ပေးအပ်သည့်စာချွန်။

၁။ ။ တပည့် ၁၅၊ သေနတ် ၁၀၊ ဓား ၁၀၊ ဆင်စီးရေ ၁၊ မြင်း ၅ များနှင့် တရားဟော လှည့်ပတ်သွားလာသူ အမေရိကန် သာသနာပြုဆရာ ဂူရှင်ကို တားဆီးမရှိ သွားလာစေရမည့် အကြောင်း။

---

၁။ ၃၁ ဩဂုတ် ၁၈၇၁ ၂။ ၇ စက်တင်ဘာ ၁၈၇၁ ၃။ ၂၅ ဩဂုတ် ၁၈၇၁ ၄။ ၈ စက်တင်ဘာ ၁၈၇၁

၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၁ ခု၊ စက်တင်ဘာလ ၁ ရက်နေ့။

အရေးပိုင်က ပေးစာ။

၂။ ။ ရွှေတိဂုံဘုရားကို ထီးတင်ရန် စုန်ဆင်းစေမည်မှာ မည်သည့် အရာရှိ အစုအမှုထမ်းများနှင့် မည်သည့် နေ့ရက် ရန်ကုန်မြို့သို့ ရောက်နိုင်မည်ကို အရေးပိုင်ကြီးထံ အစီရင်ခံနှင့်သာအောင် စာပေးမည့်အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ရွှေတိဂုံဘုရားကို ထီးတင်ရန် အရာရှိ မှူးတော်မတ်တော်တို့ကို အလုပ်သည် ပညာသည်မှစ၍ သင်္ဘောသား တို့ပါ စုစုလူ ၂၂၀ နှင့် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ စုန်ဆင်းလာစေမည့်အကြောင်း၊ ၎င်းလူ စာရင်းကိုလည်း ပို့လိုက်ကြောင်း။

(က) ထီးတော်တင် စေလွှတ်သည့် အရာရှိ၊ အလုပ်သည်၊ အမှုထမ်း၊ သင်္ဘောသားတို့ စာရင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့။

၁၈၇၁ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့။

အရေးပိုင်ကြီး စာအရ မြို့တော်ရှိ အရေးပိုင်က ပခန်းမင်းကြီးထံ ပေးသည့် အတွင်းစကား။

၄။ ။ ထီးတော်ကို သင်္ဘောသားပြင် လူ ၁၂၀ သာ စုန်ဆင်း တင်လှူစေရမည် ဆင့်ဆိုရှိကြောင်း၊ မနစ်က ထီးတော်တင်ရန်နှင့်စပ်၍ မကောင်းသူတို့ကြောင့် မကောင်းစကား ဖြစ်ကြောင်း၊ ယခုနှစ် မဟာမင်းကြီး နှင့် တကွ အောက်နိုင်ငံသားတို့က ထီးတော်ကိုကြိုယူ၍ ကောင်းစွာ တင်ပါလိမ့်မည့် အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ရွှေတိဂုံဘုရား ထီးတော်တင်လှူရာ ကြီးကြပ်မည့် မှူးမတ်အရာရှိနှင့် အလုပ်သည်၊ ပညာသည်တို့ပါ စေလွှတ်တင်လှူလိုသည် တစ်ချက်။ အင်္ဂလိပ်မင်းများက အလုပ်သည် ကျွမ်းကျင်သူများ ပေးအပ်လျှင် ကြီးကြပ်မည့် အရာရှိများသာ စေလွှတ်တင်လှူစေလိုသည် တစ်ချက်။ သို့ နှစ်ချက်တွင် မဟာမင်းကြီးက မည်ကဲ့သို့ အလိုရှိမည်ကို စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၁ ခု၊ စက်တင်ဘာလ ၂၉ ရက်နေ့။

ထီးတော်တင်အကြောင်းနှင့် ၅ မှတ်ပါ ပေးစာအရ အရေးပိုင်က
ပခန်းမင်းကြီးထံ ပြန်အတွင်းစကား။

၆။ ။ ထီးတော်တင်လှူရန် စုန်ဆင်းစေမည် ချိန်းချက်သည့် နေ့ရက်တွင်သာ သင်္ဘောသားပြင် စာရင်းပါလူ ၁၂၀ နှင့် စုန်ဆင်းတင်လှူပါမည့်အကြောင်း၊ ချိန်းချက်သည့် နေ့ရက်တွင် မစုန်ဆင်းလျှင် ထွေထွေရာရာ မကောင်းစကားများ ထင်သောကြောင့် အမိန့်တော်ခံ၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ နက်ဖြန်နံနက် သင်္ဘောထွက်မည် ဖြစ်၍ စာပေးသာအောင် ထီးတော်တင် စကားနှင့် စပ်၍ မည်သို့ အမိန့်တော်မှတ်သည်၊ ယခုနေ့ စာပြန်ပါမည့်အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ၁၂၃၃ ခု သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့၊ ရွှေတိဂုံဘုရားကို ထီးတော်တင်ရန် သင်္ဘောသားပြင်

---

၁။ ၂၀ စက်တင်ဘာ ၁၈၇၁ ၂။ ၂၀ စက်တင်ဘာ ၁၈၇၁

အရာရှိတို့နှင့် အလုပ်ပညာသည်လူ ၉၀ ကျော် စုန်ဆင်းစေမည်ဖြစ်၍ ကျောက်တိုင်တောင်ဘက် မြို့ရွာ အကြီးအအုပ်တို့ထံ စာပေးမှာထားမည့်အကြောင်း၊ ၎င်းပေးရန်စာကိုလည်း ပုပ္ပားမြို့စားသို့ ပေးအပ်မည့်အကြောင်း။

(က) ထီးတော်တင် စေလွှတ်သည့် အရာရှိနှင့် အလုပ်သည်၊ ပညာသည် စာရင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့[1]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၉။ ။ ထီးတော်တင်လှူရန် ကိစ္စကို အရေးပိုင်ကြီး သဘောရှိရာ တင်လှူဆောင်ရွက်ရမည် မှူးမတ်အရာရှိတို့ကို ဆင့်ဆိုစုန်ဆင်းလာစေကြောင်း၊ အရေးပိုင်ကြီးက ကိုယ်မှုမခြား ဆောင်ရွက်လိမ့်မည်ကို ယုံကြည်စိတ်ချကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[2]။

၁၈၇၁ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ ကင်းဝန် ဝန်ထောက်တော်မင်းကို ဘိလပ်နေပြည်တော်သို့ သံတမန် ခန့်ထားစေလွှတ်မည်ကို တင်ရင်စာပေးမည့်အကြောင်း၊ အနောက်တိုင်းပြည် ထုံးစံမှာ တင်ရင်၍ အကြောင်းမကြားလျှင် အရေးမယူရှိမည်ဖြစ်၍ ဘုန်းတော်ကြီးဘုရားထံ သံတော်ဦးတင်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကင်းဝန် ဝန်ထောက်တော်မင်းကို ဘိလပ်နေပြည်တော်သို့ သံတမန် ခန့်ထားစေလွှတ်တော်မူမည်မှာ လရက် သေချာကာလ တင်ရင် စာပေးမည့်အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့[3]။

ပခန်းမင်းကြီးက အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသို့ ပေးစာ။

၁၂။ ။ ကုန်တော်မှုနှင့် စပ်လျဉ်းထမ်းရွက်စေသူ ကျွန်တော်မျိုး သူဌေး မဟာသီရိဘောဂသာရတွင် အရပ်ရပ် စောင်မရန် ရှိသည်များကို စောင်မမည့်အကြောင်း။

---

## ၁၈၉ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့[4]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဘိလပ်မြို့ရှိ ပညာတော်သင်တို့က ဆက်သလိုက်သည့် ငရဲမီး တူဆန်နှင့် နှစ်လုံးပူးသေနတ် ၁ ကို ရန်ကုန်မြို့ အကောက်တိုက်က သိမ်းထားရှိ၍ ၎င်းတူဆန် သေနတ်များကို စေလွှတ်မည်သူ သူဌေး မဟာသီရိဘောဂသာရသို့ ပေးအပ်မည့်အကြောင်း။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့[4]။

သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၂။ ။ ပညာတော်သင်တို့က ဆက်သသည့် ရန်ကုန်မြို့ အကောက်တိုက်တွင်ရှိ ငရဲမီး တူဆန်နှင့် နှစ်လုံးပူး သေနတ် ၁ ကို ရန်ကုန်မြို့ အရာရှိများထံ ပြောဆိုတောင်းယူ၍ ဓာတ်လှေကြုံတွင် ပေးအပ်ဆက်သရမည့် အကြောင်း။

---

၁။ ၃ အောက်တိုဘာ ၁၈၇၁ ၂။ ၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ဖြစ်မည်။ ၃။ ၃၀ စက်တင်ဘာ ၁၈၇၁
၄။ ၁၀ အောက်တိုဘာ ၁၈၇၁

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

ပခန်းမင်းကြီးက ရန်ကုန်မြို့ရှိ ဆရာတော်များထံ လျှောက်စာ။

၃။ ။ ထီးတော် တင်လှူတော်မူရန် အရပ်ရပ် အကြောင်းအရာများနှင့် ထီးတော်တင်လှူရာ ကူညီစောင်မတော်မူပါမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

ရန်ကုန်မြို့ရှိ လူကြီး၊ ကျောင်းဒကာ၊ ဘုရားဒကာများထံ ပေးစာ။

၄။ ။ ထီးတော် တင်လှူတော်မူရန် အကြောင်းအရာ အရပ်ရပ်နှင့် ထီးတော်တင်လှူရာ ကူညီစောင်မရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ တောင်တွင်းကြီးမြို့ သင်္ကန်းဘွပ်ရွာနေ သူကြီးဟောင်း သမက် လူသတ်ငရွှေစီနှင့် မဟာမိတ်စာချုပ်အရ တောင်းဆိုသည့် လူဆိုးဓားပြတို့ကို ပေးအပ်မှ နယ်ခြားကျောက်တိုင်အနီး သာယာငြိမ်ဝပ်မည့် အကြောင်းအရာ။

(က) ပေးအပ်ရန် တောင်းသည့် ဓားပြလူစာရင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၁]။

ဝန်ထောက် ကင်းဝန်မင်းကြီး မဟာစည်သူသို့ ပေးမှာစာ။

၆။ ။ အင်္ဂလိပ် အရေးပိုင်က ပို့ရောက်သည့်အတိုင်း ပေးအပ်လိုက်သည့် စာရင်းပါ ဓားပြတို့ စီရင်စုအတွင်း ရှိနေလျှင် အလျင်အမြန် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

(က) ထောက်လှမ်းဖမ်းဆီးရန် ဓားပြစာရင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

တောင်တွင်းကြီး မြို့ဝန်သို့ ပေးမှာစာ။

၇။ ။ တောင်တွင်းကြီးမြို့စီရင်စု သင်္ကန်းဘွပ် ရွာသူကြီးဟောင်းငရိုင်း သမက် ဓားပြငရွှေစီ၊ စီရင်စုအတွင်း ရှိနေလျှင် ဖမ်းဆီး အကျဉ်းပို့ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၃ ခု၊ တော်သလင်းလဆန်း ၈ ရက်နေ့။

၁၈၇၁ ခု၊ ဩဂုတ်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ တောင်တွင်းကြီးမြို့နေ ဓားပြငရွှေစီကို နေ့ရက်မကြာ ဖမ်းဆီးပေးအပ်မှ မဟာမိတ်စာချုပ် ခိုင်ခံ့မည့် အကြောင်းနှင့် အရေးပိုင်ကြီးထံက ထပ်မံစာရောက်သည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ငရွှေစီကို ဖမ်းဆီးရမိ စစ်မေးရာ ၁၂၃၃ ခုနှစ်က တွံတေးမြို့မှာ တစ်ကြိမ်သာ တိုက်ခိုက်ဖူးကြောင်း၊ ၎င်းအမှုလည်း ပြစ်ဒဏ်စီရင်ခံပြီး ဖြစ်ကြောင်း၊ အံ့ဆာရီ နေအိမ်နှင့် ဆာမိကုန်းရွာများကို မတိုက်မခိုက်ဖူးကြောင်း၊ စစ်ပိုင်များနှင့် မတွေ့မရှိဖူးကြောင်း၊ လူကိုလည်း မသတ်ဖူးကြောင်းများနှင့် အစစ်ခံရှိသောကြောင့် ပြောရင်းသူတို့ကိုသာ အရေးပိုင်မင်းက ဆင့်ဆိုစေလွှတ်၍ ၎င်းတို့နှင့် တိုက်ဆိုင်ရှင်းလင်းသိသာကာလ စီရင်သင့်လျှင် စီရင်၊ ပေးအပ်သင့်လျှင် ပေးအပ်မည့်အကြောင်း။

---

၁။ ၁၆ အောက်တိုဘာ ၁၈၇၁ ၂။ ၂၀ ဇန်နဝါရီ ၁၈၇၂

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ်နယ်မြေက တိုက်ခိုက်ထွက်ပြေးသူ ဓားပြဗိုလ် ငရွှေဖြူ၊ ငမှန်၊ ငအောင်နီတို့ကို ဖမ်းဆီးပေးအပ်ပါမည့် အကြောင်း၊ မြန်မာနယ်ဘက်နေရင်း လူဆိုးလူသွမ်းတို့ကိုလည်း စီရင်မည့်အကြောင်း။

(က) ပေးအပ်ရန် တောင်းသည့် ဓားပြလူစာရင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ပေးအပ်ရန် အင်္ဂလိပ် အရေးပိုင်မင်း ပေးစာပါ ဓားပြများကို ဝန်ထောက်ကင်းဝန်သို့ ဆင့်ဆိုမေးမြန်းဆဲရှိကြောင်း။

---

## ၁၉၀ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

လွှတ်တော်က ဝန်ထောက်ကင်းဝန်သို့ ပေးမှာစာ။

၁။ ။ အင်္ဂလိပ် အရေးပိုင်သို့ ပေးအပ်ရန် ဆင့်ဆိုပေးအပ်သည့် စာရင်းပါ ဓားပြငဖြူ၊ ငအောင်နီတို့ပါ စုစုလူ ၁၆ ကို ရမိအောင် ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွားတော်အောက် အကျဉ်းပို့ရမည့်အကြောင်း။

(က) ထောက်လှမ်းဖမ်းဆီးရန် ဓားပြစာရင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ မိုးမျဉ်းမြို့ အစိုးရများကို လက်ဆောင်ပေးရန် ယမ်းတောင့်၊ ယမ်းဘူး ကိရိယာစုံနှင့် နှစ်လုံးပူးသေနတ် သေတ္တာများကို တားဆီးမရှိရအောင် အမိန့်စာ ထုတ်ပေးမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၃။ ။ အင်္ဂလိပ် အရေးပိုင်က မိုးမျဉ်းမြို့ အစိုးရများသို့ လက်ဆောင်ပေးရန် ယူဆောင်သည့် ယမ်းတောင့်၊ ယမ်းဘူး၊ သေနတ် သေတ္တာများကို တားဆီးနှောင့်ယှက် မရှိစေရ ဆောင်ယူစေရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့။

ကင်းစာ။

၄။ ။ ၃ မှတ်ပါ ယမ်းတောင့်၊ ယမ်းဘူး၊ သေနတ်များကို မင်းကွန်း ကင်းတော်နှင့် အညာမြစ်စဉ် ကင်းတော်များက တားဆီးပရှိစေရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၁ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ အလိုရှိသည့် ကြေးနန်းကိရိယာ သိနားလည်သူ ဆရာကို တစ်လလျှင် ၈၀ဝိ၊ နှစ်စဉ် ၅ဝိ တိုး၍ ၁၀၀ဝိ ထိ ပေးလျှင် ပြောဆိုစေလွှတ်ပါမည့် အကြောင်းအရာ။

---

၁။ ၁၀ အောက်တိုဘာ ၁၈၇၁ ဖြစ်မည်။ ၂။ ၂၀ အောက်တိုဘာ ၁၈၇၁ ဖြစ်မည်။ ၃။ ၁၇ အောက်တိုဘာ ၁၈၇၁ ဖြစ်မည်။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့။

၆။ ။ ကြေးနန်းကိရိယာ သိနားလည်သူ ဆရာအကြောင်းနှင့် ပေးစာအရ အမိန့်တော်မြတ် မည်သို့ ရှိတော်မူသည်ကို အရေးပိုင်ကြီးထံ အစီရင်ခံသာအောင် စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကြေးနန်းပညာနှင့်စပ်၍ အပြီးတိုင် တတ်မြောက်သူ ဆရာကိုသာ အလိုရှိ၍ ၎င်းဆရာကို လခ မည်မျှ ပေးရမည်၊ အခြားသူတို့ကို လရက် မည်မျှနှင့် တတ်အောင် သင်ကြားပြသနိုင်မည်များကို ထပ်မံမေးမြန်း စာပြန်မည့် အကြောင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၁ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့။

၈။ ။ အထက် တောင်းဆိုသည့် ဓားပြဗိုလ် ငရွှေစီနှင့် စာရင်းပါလူတို့ အကြောင်းအရာကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင်မင်း ပို့ရောက်သည့် စာရင်းပါ ဓားပြတို့ ထိန်းအုပ်စုမြို့ရွာများတွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည့် အကြောင်းနှင့် ဆိုင်ရာ မြို့ရှင် ရွာရှင်တို့ကို ထပ်မံမှာထား ဆင့်ဆိုဆဲရှိကြောင်း။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့[2]။

လွှတ်တော်က တောင်တွင်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၁၀။ ။ တောင်တွင်းကြီးမြို့ စီရင်စု သက်န်းဘွပ်ရွာနေ ဓားပြ ငရွှေစီကို မထွက်မလွတ်စေရ ဖမ်းဆီး၍ ရွှေဘွားတော်အောက်ရောက် ပို့အပ်ရမည့် အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[3]။

ငရွှေစီ စစ်မေးရာ ထွက်ဆိုချက်။

၁၁။ ။ ၁၈၉ မှတ် ပုရပိုက်ထွက် (၉) နှင့် အကြောင်းအရာ တူ။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၁ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ပြည်မြို့ သစ်တောလုပ် ဂါလစ်စတင်ဝိုက်လည် ကုမ္ပဏီ ဆင်ကို မြန်မာဘက်သို့ ခိုးယူဝှက်ထားမှု အကြောင်းနှင့် အထက်ပေးစာများအရ ပြန်စာမရသည့် အကြောင်းအရာ၊ ၎င်းအမှုအကြောင်းကို ထောက်လှမ်း စစ်မေး စာပြန်မည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ နင်းကြမ်းနှင့် ဝါးနွယ်ကုန်းမင်းပြင် မြို့အကြား ဝှက်ထားရှိသည့် ဆင်မှု အကြောင်းအရာကို ထောက်လှမ်း လျှောက်ထားရမည်။ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ထပ်မံမှာထား ဆင့်ဆိုဆဲရှိကြောင်း။

၁၂၃၃ ခု၊ နတ်တော်လဆန်း၊ ၄ ရက်နေ့[4]။

လွှတ်တော်က တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ထပ်မံ ပေးမှာစာ။

၁၄။ ။ ကျောက်တိုင်တောင်ဘက်က ဆင်ကို ခိုးယူသူ ငရန်ပြေ၊ ငပေါ်လှ၊ ငချင်း၊ ငလှိုင်းတို့ကို ဆင်နှင့်တကွ ရမိအောင် မထွက်မလွတ်စေရ ထောက်လှမ်းဖမ်းဆီး၍ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် ရွှေဘွားတော်အောက် အကျဉ်းပို့အပ်ရမည့် အကြောင်း။

---

၁။ ၂၃ နိုဝင်ဘာ ၁၈၇၁ ၂။ ၁၄ နိုဝင်ဘာ ၁၈၇၁ ၃။ ၃၀ နိုဝင်ဘာ ၁၈၇၁ ၄။ ၁၅ နိုဝင်ဘာ ၁၈၇၁

၁၂၃၃ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လွှတ်တော်လျှောက်စာ။

၁၅။ ။ ကျောက်တိုင် တောင်ဘက်က ဆင်ကို ခိုးယူသည်ဆိုသူ လှိုင်းကို ဖမ်းဆီးရမိ စစ်မေး၍၊ စစ်မေးထွက်ဆိုချက်နှင့် တကွ ပို့အပ်သည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[3]။

လှိုင်း အစစ်ခံချက်။

(က) ကျွန်တော်ကို တောင်ငူမြို့ အကောက်အုပ်ဟောင်းက ဆင်ဝယ်ခိုင်း၍ ကျောက်တိုင် တောင်ဘက် ကြက်ရှုံးလေးရွာနေ ငမေ၊ ငရွှေညှင်းတို့ထံ ငွေ ၅၀၀ိ နှင့် ဆင်မ ၂ ကို ဝယ်ယူ၍ အကောက်အုပ်ထံ ငွေ ၇၅ိ နှင့် ရောင်းချရကြောင်း။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဆင်ခိုး ဆိုသူ လှိုင်းကို ဖမ်းဆီးရမိ စစ်မေးရာ မခိုးမယူကြောင်း၊ ကျောက်တိုင်တောင်ဘက် ကြက်ရှုံးကလေးရွာနေ ငမေ၊ တရုတ်ချောင်းရွာနေ ငရွှေညှင်းတို့ထံ ဆင်မ စီးရေ ၂ ဝယ်ယူရကြောင်းများနှင့် အစစ်ခံ ထွက်ဆိုချက်အရ ဆင်ရောင်းရင်းသူ ငမေ၊ ငရွှေညှင်းတို့နှင့် တိုက်ဆိုင်စစ်မေးရလျှင် နေရာကျရန် ရှိကြောင်း။

---

## ၁၉၁ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၁ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ဘင်္ဂလားမြို့ရှိ ပညာတော်သင်များမှာ ၂ နှစ် ရှိပြီဖြစ်၍ ၎င်းတို့ကို ထပ်မံသင်ကြားထားလိုသည်၊ မထားလိုသည်များကို စာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဘင်္ဂလားမြို့ရှိ ပညာတော်သင်များမှာ နေရာကျ မတတ်မြောက်သေးဖြစ်၍ သင်ကြားမြဲ သင်ကြားစေလိုကြောင်း။

၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့[2]။

၁၈၇၁ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ မန္တလေးမြို့ရှိ မဂိုကုန်သည် အာကာမဟာမတ်ဇာဘွယ်တွင် မည်သို့ ကူးသန်းရောင်းဝယ်မှု ရှုပ်ထွေးရှိသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မဂိုကုန်သည် အာကာမဟာမတ်ဇာဘွယ်က သစ်တော်ဖိုးနှင့် ရှားတော်ဖိုးငွေများကို နေ့ရက်ကျူးလွန်မဆက်မသွင်းရှိ၍ ၎င်းတိုက်အိမ်ကို ရောင်းချမရှိစေရ သိမ်းထားကြောင်း၊ ၎င်းငွေတော်များ တောင်းခံစေရန် နေမျိုးသီရိဘောဂရာဇာဘွဲ့ခံ လီအုံဟရန်တက်ကို ကိုယ်စားလှယ်လွှဲအပ်၍ ရန်ကုန်မြို့သို့ စေလွှတ်ရှိသည့် အကြောင်းအရာ။

---

၁။ ၂၆ အောက်တိုဘာ ၁၈၇၁ ၂။ ၁၆ နိုဝင်ဘာ ၁၈၇၁ ၃။ ၁၂၃၃ ခု၊ နတ်တော်လဆန်း ၃ ရက် ဖြစ်မည်။

၁၂၃၃ ခု၊ နတ်တော်လဆန်း၊ ၉ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အင်ဘီခေါ် ရိုက်ဘတ်သေနတ် ကိရိယာစုံ ၁၀၀၀၀ ဝယ်ယူလို၍ အဖိုးမည်မျှကျမည်၊ လရက်မည်မျှနှင့် ရမည်များကို သင့်ရာစာပေး မှာထား၍ အကြောင်းအရာ စာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၁ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ မဏိပူရမြို့နေ မဂိုကုန်သည် ဆာရစ်ဆိုသူ သောင်သွပ်မြို့မှာ ကူးသန်းရောင်းဝယ်ရှိနေရာ သေဆုံးရှိ၍ ကုန်ဖိုးငွေများကို ၎င်းမယား တောင်းယူရရှိနိုင်အောင် ကူမ တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

လွှတ်တော်က သောင်သွပ်စော်ဘွားသို့ ပေးမှာစာ။

၇။ ။ မဂိုကုန်သည် ဆာရစ်က သောင်သွပ်မြို့ အစိုးရတို့နှင့် ကုန်သည်တို့သို့ အကြွေးအငမ်းပေးထားသည့် ကုန်ဖိုးငွေများ ရှိသည် မှန် မမှန် မေးမြန်း၊ မှန်လျှင် နေရာကျ တောင်းခံ၍ ဆာရစ်မယားသို့ ပေးဆပ်ပြီးလျှင် ဆပ်တမ်း အမှတ်အသားများကို လွှတ်တော် တင်ပို့ လျှောက်ထားရမည့် အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ မဏိပူရမြို့နေ မဂိုကုန်သည် ဆာရစ်က သောင်သွပ်မြို့တွင် အကြွေးအငမ်း ရောင်းချသည့် ကုန်ဖိုးငွေ ရှိသူတို့ထံ နေရာကျတောင်းခံ၍ ဆာရစ်မယားသို့ ပေးဆပ်စေရမည်၊ သောင်သွပ်စော်ဘွား အမတ်တို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၁ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ အင်္ဂလိပ်ပိုင်နယ် မြစ်စဉ် အစုန်အဆန်ကုန်များတွင် မကောက်မခံ၍ ကုန်နှုန်းစာရင်း မပို့နိုင်ကြောင်း၊ ပင်လယ်ရေကြောင်း အထွက်အဝင် ကုန်အဖိုးထား ဈေးနှုန်းစာရင်းများကိုသာ လိုလျှင် မဟာမိတ်စာချုပ် အရ ပေးပို့မည်ဖြစ်၍ လိုသည် မလိုသည်ကို စာပြန်မည့် အကြောင်း။

၁၂၃၃ ခု၊ ပြာသိုလဆန်း၊ ၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ပင်လယ်ရေကြောင်း ထွက်ကုန်ဝင်ကုန် အဖိုးထား ဈေးနှုန်းများကို တစ်နှစ်တစ်ကြိမ် ပေးပို့မည့်အကြောင်း။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၁ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ ဘုန်းကြီးပျံက နန်းတော်သို့ မိဖုရား ပြန်ဝင်တော်မူရာ အင်္ဂလိပ်လူမျိုး ဆနာဒင်က ဦးထုပ်ချွတ်၍ အရိုအသေ ပြုသည်ကို ရှေ့ပြေးလူတို့က ဟဲ့ ကုလားရိုင်း ဆို၍ ခဲနှင့်ပစ်ခတ် ပြုလုပ်ကြောင်း လျှောက်ထားရှိ၍ မှန်လျှင် ဆုံးမစီရင်မည့် အကြောင်း။

၁၂၃၃ ခု၊ ပြာသိုလဆန်း၊ ၉ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင် ပေးစာ။

၁၂။ ။ ဆနာဒင်ကို ခဲနှင့် ပစ်ခတ်မှုအကြောင်းနှင့် ပေးစာအရ အနောက်ဝန် စာရေးတို့ကို မေးရာ၊ ခဲနှင့် ပစ်ခတ်သည်ကို မသိမမြင်ကြောင်း ထွက်ဆိုသော်လည်း နောင် သည်ကဲ့သို့ မရှိစေရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၂၀ နိုဝင်ဘာ ၁၈၇၁ ၂။ ၁၄ ဒီဇင်ဘာ ၁၈၇၁ ၃။ ၁၉ ဒီဇင်ဘာ ၁၈၇၁

**၁၂၃၃ ခု၊ နယုန်တန်ခူးလပြည့်ကျော် ၇ ရက်နေ့။**

**၁၈၇၁ ခု၊ ဧပြီလ ၁၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ မြန်မာ အစိုးရမင်းများ ဝယ်ယူသည့် ကြေးနန်းကြိုးဖိုးငွေ၊ ၎င်းတင် သဘော်ခငွေ ၅၆၅၅ ၄ ပဲ ၈ ပိုင် အနက် ရန်ကုန်မြို့ ငွေတိုက်တွင် ပေးချေပြီးပြင် ကျန် ၅၃၈ ၄ ပဲ ၅ ပိုင်ကို ရှင်းလင်းပေးလိုက်ရမည် မဟာမင်းကြီးထံက စာရောက်ကြောင်း။

**၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။**

**၁၈၇၁ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ သီဟိုဠ် အစိုးရများထံ ရှင်သာရိမေခ ယူသုံးငွေ ၁၀ဝ ကို မြန်မာ အစိုးရမင်းများထံ တောင်းခံပေးရမည် မဟာမင်းကြီးထံက အမိန့်စာ ရောက်ကြောင်း။

**၁၂၃၃ ခု၊ ပြာသိုလဆန်း ၁၁ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ကြေးနန်းကြိုးဖိုး ကျန်ငွေ ၅၃၈ ၃ မူး၊ ရှင်သာရိမေခ သုံးငွေ ၁၀ဝ၊ ၂ စုငွေ ၆၃၈ ၃ မူးကို ပို့လာစေကြောင်း။

**၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[၂]။**

**၁၈၇၁ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ သရက်မြို့ အုံမွန်းတောရွာနေ ငမျှင်သမက် ငနီနော်တို့ နေအိမ်ကို တိုက်ခိုက်ထွက်ပြေး၍ မြန်မာဘက် တန်းရုံရွာတွင် နေထိုင်ရှိသူ အင်္ဂလိပ် ကျွန်တော်မျိုး ငမြောင်း၊ ငကျော်တို့ကို ပေးအပ်၍ မြန်မာဘက်နေ ငလေလည်းခေါ် ငတေ၊ ငရွှေမောင်တို့ကို ထုံးစံရှိရာ စီရင်မည့် အကြောင်း။

**၁၂၃၃ ခု၊ ပြာသိုလဆန်း ၁၃ ရက်နေ့[၃]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ သရက်မြို့နယ်တွင် တိုက်ခိုက်သည့် ဓားပြတို့အနက် ငတေမှာ မရမမိ၊ ရမိသူ ငရွှေမောင်မှာ ချုပ်ထားရာ သေဆုံးရှိကြောင်း။ ငမြောင်း၊ ငကျော်တို့မှာ တန်းရုံရွာတွင် မည်သည့်ကာလမှ မရှိမနေဖူးကြောင်းများ နှင့် ဝန်ထောက်တော် ကင်းဝန်က လျှောက်ထားရှိကြောင်း။

---

## ၁၉၂ မှတ် ပုရပိုက်ထွက်။

**၁၂၃၂ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့။**

**၁၈၇၀၊ ဒီဇင်ဘာလ ၂၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မြန်မာနယ်က အင်္ဂလိပ်နယ်သို့ ဓားပြတို့ ကူးဝင်တိုက်ခိုက်သည်မှာ ရှစ်ကြိမ် ရှိကြောင်း၊ ၎င်းဓားပြ တို့ကို ဖမ်းဆီး စီရင်သာအောင် စာရင်းပေးပို့လိုက်ကြောင်း။

(က) ဓားပြစာရင်း။

**၁၂၃၂ ခု၊ ပြာသိုလဆန်း ၁၄ ရက်နေ့။**

**၁၈၇၁ ခု၊ ဇန်နဝါရီလ ၄ ကြ်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ မင်းတုန်းချောင်းတွင် လှေကို တိုက်ခိုက်သူ မြန်မာနယ် မိုးကြိုးပစ်ရွာနေ ငသာထွန်း၊ ငထွန်းအောင်၊

---

၁။ ၂၁ ဒီဇင်ဘာ ၁၈၇၁ ၂။ ၁၂၃၃ ခု၊ နတ်တော်လဆန်း ၆ ရက် ဖြစ်မည်။ ၃။ ၂၃ ဒီဇင်ဘာ ၁၈၇၁

ငတော၊ ငအောင်မြတ်၊ ငရွှေအို၊ ငရွှေထွန်း၊ ငပေလွန်းတို့ကို ဖမ်းဆီးစီရင်မည့်အကြောင်း။ ငရွှေထွန်းပြင်လူတို့မှာ အင်္ဂလိပ်နယ်က ဆိုးသွမ်းထွက်သွားသူများ ဖြစ်ကြောင်း။

၁၂၃၂ ခု၊ ပြာသိုလဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အင့်ကိုင်းရွာတိုက်၊ မင်းတုန်းချောင်းလေ့တိုက် ဓားပြတို့ မိုးကြိုးပစ်ရွာတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် ဝန်ထောက်တော် ကင်းဝန်သို့ ဆင့်ဆိုရာ၊ မြန်မာနယ်တွင် မိုးကြိုးပစ်ရွာ မရှိကြောင်းနှင့် လျှောက်ထား ရှိကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့[၂]။

ဝန်ထောက် ကင်းဝန်က လွှတ်တော်သို့ လျှောက်စာ။

၄။ ။ လွှတ်တော်မှာစာပါ ဓားပြများအနက် ငတေမှ မရမမိ၍ ငင်းမယားနှင့် ငရွှေမောင်တို့ကို လွှတ်တော်သို့ ပို့အပ်ပြီး ဖြစ်ကြောင်း။ လူသတ် သေက်ပြင်းကိုလည်း စလင်းမြို့ဝန်က လွှတ်တော်သို့ ပို့အပ်ပြီး ဖြစ်ကြောင်း။ မြန်မာနယ်ဘက် သရက်မြို့နယ်တွင် မိုးကြိုးပစ်ရွာနှင့်တကွ စာရင်းပါ ဓားပြတို့ မရှိမနေကြောင်းကို မြို့အုပ် မြို့သူကြီးတို့ အစစ်ခံရှိကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

သရက်မြို့အုပ် နေမျိုးရဲတင်သီဟသူ အစစ်ခံချက်။

(က) စာရင်းပြ ဓားပြတို့အနက် ငတေကို မရမမိ၍ ငင်းမယားနှင့် ငရွှေမောင်တို့ကို လွှတ်တော်ရောက် ပို့အပ်ပြီးဖြစ်ကြောင်း။ ငမြှောင်း၊ ငကျော်တို့မှာ မည်သည့်ရွာတွင် နေထိုင်သည် မသိကြောင်း။ မိုးကြိုးပစ်ရွာနှင့်တကွ ကျန်ဓားပြ ၇ တို့လည်း မရှိမနေကြောင်း။

၁၂၃၂ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့။

၁၈၇၁ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ပြလို့ရွာနှင့် မြေထဲမြို့အကြားတွင် အညာမြို့ရွာပြန် ကူလီများကို ဓားပြ ၂ ကြိမ် တိုက်ခိုက်၍ ထောက်လှမ်း စစ်မေးရာ ငတင်၊ ငပိန်၊ ငချိပ်တို့ အစစ်ခံတွင် သိသာသူတို့အနက် အင်္ဂလိပ်နယ်နေ ဗိုလ်ငရွှေဖြူပါလူ ၉ တို့ကို ဖမ်းဆီးပေးအပ်၍ မြန်မာနယ်နေ လူဆိုးတို့ကို စစ်မေးစီရင်မည့် အကြောင်း။

(က) ဖမ်းဆီးစစ်မေး စီရင်ရန် ၂ ကြိမ်တိုက် ဓားပြစာရင်း။

(ခ) မြို့ရှင် ရွာရှင်တို့က မရှိမနေကြောင်း အစစ်ခံချမှတ်သည့် ဓားပြစာရင်း။

၁၂၃၂ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၃]။

ဓားပြ ငကတိုး၊ ငအောင်နီ၊ ငရွှေထွန်းတို့ အစစ်ခံချက် ၃။

၆။ ။ အောက်မြို့ကျေးရွာက ကူလီလုပ်ကိုင် ပြန်လာသူတို့ကို မည်သည့်ကာလမှ မတိုက်မခိုက်ဖူးသည့် အကြောင်းအရာ။

---

## ၁၉၃ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ ပြာသိုလဆန်း ၁၃ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ပြလို့ရွာနှင့် မြေထဲမြို့အကြားတိုက် ဓားပြ ၁၆ တို့အနက် အချို့လူ စာပါ မြို့ရွာများတွင် မရှိမနေ၊ အချို့လူ သေဆုံး၊ အချို့လူ ကျောက်တိုင်တောင်ဘက်သို့ ရွှေ့ပြောင်းကြောင်းများနှင့် လျှောက်ထား ရှိကြောင်း။ ဖမ်းဆီးရမိသူ ငကတိုး၊ ငအောင်နီ၊ ငရွှေထွန်းတို့ကို စစ်မေးရာ အထက်မြို့ရွာပြန်လူတို့ကို မည်သည့်ကာလမှ မတိုက်မခိုက်ဖူးကြောင်းနှင့် အစစ်ခံသည်ဖြစ်၍ ပေးအပ်စီရင်ရန် မရှိကြောင်း။

၁။ ၃ ဇန်နဝါရီ ၁၈၇၁ ၂။ ၂ နိုဝင်ဘာ ၁၈၇၁ ၃။ ၃၀ နိုဝင်ဘာ ၁၈၇၁ ၄။ ၂၃ ဒီဇင်ဘာ ၁၈၇၁

၁၂၃၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၁ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ဖမ်းဆီးရမိသူ ဓားပြတို့အနက် ငအောင်နီ၊ ငရွှေထွန်းတို့မှာ အင်္ဂလိပ် ကျွန်တော်မျိုးဖြစ်၍ ပေးအပ်မည့် အကြောင်း။ ငကေတိုးမှာ အစစ်ခံထင်ရှားနှင့်ဖြစ်၍ ကွယ်ကန် ထွက်ဆိုသော်လည်း ထုံးစံရှိရာသာ စီရင်မည့် အကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဖမ်းဆီးရမိသူ ဓားပြ ငရွှေထွန်း၊ ငအောင်နီ၊ ငကေတိုးတို့ အစစ်ခံချက်များကို ပေးပို့လာစေကြောင်း။ ၎င်းတို့ကို ပြောဆိုရင်းသူတို့နှင့် တိုက်ဆိုင်မေးရမှ ရှင်းလင်းရန်ရှိ၍ ပြောဆိုရင်းသူတို့ကို အရေးပိုင်မင်းက တောင်းခေါ်ရှင်းလင်းကာလ စီရင်သင့်လျှင် စီရင်၍ ပေးအပ်သင့်လျှင် ပေးအပ်မည့်အကြောင်း။ ကျန် ဓားပြတို့ကို ဆင့်ဆိုတောင်းခေါ်ဆဲ ရှိကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၅ ရက်နေ့။

၁၈၇၂ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ အိန္ဒိယ ဘုရင်ခံမင်းမြတ် ရန်ကုန်မြို့သို့ ကြွရောက်ရာ ခင်းကျင်းကပြရန် ယင်းတော်မလေး ဇာတ်ကြီးကို အလိုရှိကြောင်းနှင့် ဆင့်ဆိုပို့ရောက်သည့် ကြေးနန်းစာကို ပို့လိုက်ကြောင်း။

၁၈၇၂ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့။

အရေးပိုင် ကာရနယ်ပြောင်းက ကပ္ပိတန် စတိုဝါသို့ပေး သံကြိုးစာ။

၅။ ။ ဘုရင်ခံမင်း ကြည့်ရှုရန် မြန်မာဇာတ်ကြီးကို ယခုလ ၂၅ ရက်နေ့ ရန်ကုန်မြို့ ရောက်ရမည်ဖြစ်၍ မင်းလှ သံကြိုးရုံသို့ သံကြိုးစာပြန်မည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဘုရင်ခံမင်း လာရောက်ရာ တွေ့ကြုံနှုတ်ဆက်စေရန် တရားသူကြီး၊ တရားစာရေး၊ ရွှေတိုက်စိုးတို့ကို ဇာတ်ကြီး အတီးအကလူများနှင့် ခန့်ထားစေလွှတ်မည်ဖြစ်၍ အရေးပိုင်မင်းက သင့်ရာပေးရန် စာကိုသာ ပေးပို့မည့် အကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၇။ ။ ဘုရင်ခံမင်းနှင့် တွေ့ကြုံနှုတ်ဆက်ရန် တရားသူကြီး၊ တရားစာရေးတို့ကို ဇာတ်ကြီး အတီးအက လူတို့နှင့် တကွ အခကြေးငွေ မယူစေရ ဆင့်ဆိုခန့်ထား စေလွှတ်သည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၅ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်ကြီးက ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ ရွှေတိဂုံဘုရား ထီးတော်နှင့်တကွ အရာရှိများကို ကြိုယူပြုစုပုံ အကြောင်းအရာ၊ ထီးတော် ပထမဘုံကစ၍ သတ္တမဘုံနှင့်တကွ ဆပ်သွားဖူး၊ ဖွှန်းရိုး၊ ငှက်မြတ်နားတိုင် နှီးဆော်ကြပ်မတ် တင်လှူပြီးစီးပုံ အကြောင်းအရာ။

၁၂၃၃ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၉။ ။ ရွှေတိဂုံဘုရား ထီးတော် တင်လှူပြီးစီး၍ ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရနှင့် ကုန်သည်ကြီး

---

၁။ ၂၇ ဒီဇင်ဘာ ၁၈၇၁ ဖြစ်မည်။ ၂။ ၁၉ ဇန်နဝါရီ ၁၈၇၂ ၃။ ၂၆ နိုဝင်ဘာ ၁၈၇၁

ဘိုးညွင်း၊ ဘော့တို့ကို စေတီတော် အလုံးပြည့် ရွှေသကင်္န်း ကပ်လှူစေရာ ပြီးပြေလွယ်အောင် ကြည့်ရှုစောင်မမည့် အကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလဆန်း၊ ၇ ရက်နေ့။

လွှတ်တော်က သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁၀။ ။ ရွှေတိဂုံဘုရားကို ရွှေချရာ မည်မျှပြီးပြေ၍ မည်မျှ ကျန်သေးသည်၊ ရွှေဆိုင်း မည်မျှ ထပ်မံပို့ရမည်များကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တပို့တွဲလဆန်း၊ ၆ ရက်နေ့။

၁၈၇၂ ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ တွဲဖက်ရုံးတွင် ဖန်ချက်ဝန် စာရေးကြီး မလာမရောက်နိုင်သည်ဖြစ်၍၊ တရားသူကြီး တစ်ယောက်ကို ခန့်ထားမည့် အကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလဆန်း၊ ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အမိန့်တော်မြတ်အရ မြို့သာဝန် စာရေးကြီး မဟာမင်းကျော်ရာဇာကို တွဲဖက်ရုံး တရားသူကြီး ခန့်ထားစီရင်စေမည့် အကြောင်း။

---

၁၉၄ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တပေါင်းလဆန်း၊ ၁၁ ရက်နေ့[၂]။

နင်းကြမ်းရွာနေ ငလှိုင်း အစစ်ခံချက်။

၁။ ။ အာလံမြို့ တရုတ်ချောင်းရွာနေ အပေါင်းပါ ငရွှေညွှင်း၊ ငပေါ်လာ၊ ငသံတိုင်၊ ငမေးတို တို့နှင့် အာလံမြို့ အရှေ့ ၈ တိုင်ကွာ တောတွင် ဆင်မ ၂ ကို ခိုးယူ၍ မင်းပြင်မြို့သူကြီးနှင့် အကောက်အုပ်ဟောင်းထံ ငွေ ၈၀ဝ နှင့် ရောင်းကြောင်း။

၂။ ။ ၎င်းနေ့ ငသံတိုင် အစစ်ခံချက်။ (ငလှိုင်း အစစ်ခံချက်နှင့် အကြောင်းအရာတူ)။

၃။ ။ ၎င်းနေ့ ငပေါ်လာ အစစ်ခံချက်။ (ငလှိုင်း အစစ်ခံချက်နှင့် အကြောင်းအရာတူ)။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၃]။

၄။ ။ ခိုးရာပါ ဆင်မ ၂ အနက် မင်းပြင်မြို့သူကြီးဝယ် မိတောခေါ် ဆင်မ ၁ ကို ဆင်ရှင် ဂါလစ္စတင်ဝိုက်လီကုမ္ပဏီ ကိုယ်စားလှယ် ဂျီကျော်သို့ လွှတ်တော်က ပေးအပ်သည့် အမှတ်အသား။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ခိုးရာပါ ဆင်မ ၂ အနက် မိတောခေါ် ဆင်မ ၁ ကို ကိုယ်စားလှယ် ဂျီကျော်သို့ ပေးအပ်လိုက်ကြောင်း။ ဆင်ခိုး ငပေါ်လာ၊ ငလှိုင်း၊ ငသံတိုင်တို့ကို ထုံးစံရှိရာ စီရင်မည် အကျဉ်းချထားကြောင်း။ အပေါင်းပါ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေညွှင်းနှင့် ငမေးတို တို့ကို မေးမြန်း၍ မှန်လျှင် စီရင်မှ ကြောက်ရွံ့ငြိမ်သက်ရန် ရှိကြောင်း။ ကျန် ဆင်မ ၁ ကို ချင်းတွင်းသစ်တောက ရောက်မှ မှန်လျှင် ပြန်ပေးစေမည့်အကြောင်း။

၁၂၃၃ ခု။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ခိုးရာပါ ဆင်မ ၂ ကို သိသူ ဟုံကျိုင်းက နေ့ရက်ကြာရှည် မင့်နိုင်ကြောင်း လျှောက်ထားရှိ၍၊ မေးရန်ရှိသမျှ မေးမြန်း ပြန်လွှတ်ပါမည့် အကြောင်း။

---

၁။ ၁၀ ဇန်နဝါရီ ၁၈၇၂ ၂။ ၁၀ ဖေဖော်ဝါရီ ၁၈၇၂ ၃။ ၂၇ ဖေဖော်ဝါရီ ၁၈၇၂

၁၂၃၃ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ငလှိုင်းထံ ဆင်ရောင်းရင်းသူ ငပေါ်လာနှင့် ဆင် ၂ ကို ဆင့်ဆို တောင်းခေါ်ဆဲရှိကြောင်း၊ အရေးပိုင်မင်းက စေလွှတ်လိုက်သူ ဟုံကျိုင်းကိုလည်း မေးရန်မရှိ၍ ပြန်လာစေသည့် အကြောင်း။

၁၂၃၃ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့[၂]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူကို သံကြီး၊ ဝန်ထောက်တော် ပန်းတဉ်းဝန် မဟာမင်းလှကျော်ထင်၊ ဝန်ထောက်တော် ဖန်ချက်ဝန် မဟာမင်းကျော်ရာဇာတို့ကို သံလတ်၊ စာရေးကြီး မင်းလှဇေယသူကို သံငယ် ခန့်ထားပြီးလျှင် လန်ဒန်မြို့တော်သို့ ယခုလအတွင်း စေလွှတ်မည် ဖြစ်၍ အရေးပိုင်မင်းက အရေးပိုင်ကြီးထံ စာပို့မည့်အကြောင်း။

၁၂၃၃ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၉။ ။ ဘိလပ် နေပြည်တော်သို့ စေလွှတ်တော်မူသည့် သံတမန်တို့ကို ၁၈၇၂ ခု ဖေဖော်ဝါရီလ (၁၂၃၃ ခု တပေါင်းလ) အတွင်း ရွှေမြို့တော်က ထွက်စေမည် ကြံစည်ရှိကြောင်း။

၁၂၃၃ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့။

၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့။

ကပ္ပိတန် စတိုဝါက မိတ်ဆွေသဘောနှင့် ရေးပေးစာ။

၁၀။ ။ သံတမန်အကြောင်းနှင့် ရေးပေးစာတွင် ထပ်မံရေးသားရန်မှာ။ ။ (အိန္ဒိယ ဘုရင်ခံမင်းမြတ်က သံတမန်များကို ကူညီထောက်မရအောင် စာပေးပါမည့် အကြောင်းအရာ။)

၁၂၃၃ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ သံတမန် အကြောင်းအရာနှင့် ပေးစာတွင် မည်ကဲ့သို့ သွားရောက်စေချင်သည့် အကြောင်းအရာ။ အိန္ဒိယ ဘုရင်ခံနှင့် မှူးတော်မတ်တော်တို့ထံ နှီးဆော်စာ ပေးပါမည့် အကြောင်းအရာများ ပါအောင် နေရာကျ ရေးသားပေးမည့် အကြောင်းအရာ။ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးစာလက်ခံကိုလည်း ထုံးစံရှိရာ မရသေးသည့် အကြောင်းအရာ။ သိုးဆောင်းခုနစ်ကိုလည်း အင်္ဂလိပ်ခုနစ် ရေးမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ကုန်သန်းရောင်းဝယ်မှုများကို အားပေးချီးမြှင့်ရန် ရန်ကုန်၊ ဘင်္ဂလား၊ မဒရပ်၊ ဘုံဘိုင်၊ ဧဒင်မြို့များနှင့် သီဟိုဠ်ကျွန်း၊ လန်ဒန်မြို့များတွင် ဘောဂသိဒ္ဓိနော်ရထာဘွဲ့ခံ အက်ဒမန်ဂျွန်းကို ကောင်စစ်ခန့်ကြောင်း။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ သီဟိုဠ်ကျွန်းသို့ စေလွှတ်သည့် သံတော်ဆင့်၊ လက်ဖက်ရည်တော်တို့မှာ စွယ်တော် ဓာတ်တော်များကို အင်္ဂလိပ် အစိုးရမင်းတို့ စာမပါ ဆို၍ မဖူးမမြော်ရရှိကြောင်း။ ယခု ထပ်မံစေလွှတ်သူတို့ကို စွယ်တော်နှင့် တကွ အလိုရှိရာ ဝင်ထွက်ဖူးမြော်ခွင့် ရရန် စာပေးအပ်မည့် အကြောင်း။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ စန္ဒားစော်ဘွားသို့ လက်ဆောင်ပေးရန် နှစ်လုံးပူး သေနတ် ကိရိယာစုံကို တားဆီးမရှိရအောင် အမိန့်စာချွန် ရလိုသည့် အကြောင်းအရာ။

၁။ ၃၀ ဇန်နဝါရီ ၁၈၇၂ ၂။ ၁၂ ဖေဖော်ဝါရီ ၁၈၇၂ ၃။ ၂၉ ဖေဖော်ဝါရီ ၁၈၇၂

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ စနှားစော်ဘွားသို့ လက်ဆောင်ပေးရန် သေနတ် ကိရိယာစုံကို တားဆီးမရှိရအောင် ဗန်းမော်မြို့ဝန်သို့ မှာထားဆင့်ဆိုရှိကြောင်း။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁၆။ ။ အင်္ဂလိပ် အစိုးရတို့က စနှားစော်ဘွားသို့ လက်ဆောင်ပေးရန် သေနတ် ကိရိယာစုံကို တားဆီးမရှိရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၁ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့[၂]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ ရန်ကြီးအောင်ခေါ် ဆင် ၁ ကို ရှက်ဘိုးထွန်းက ကသည်းမြင်းဝန်သို့ ရောင်းချကြောင်းကို ပွဲစားလုပ်ရသူ ငရဲက ထွက်ဆိုရှိကြောင်း၊ ဆင်မ ၂ ကိုလည်း ရှက်ဘိုးထွန်းက ငွေခွန်မှူးဟောင်းသို့ ငှားရမ်းရှိကြောင်းကို ဦးစီးလုပ်ဖူးသူ ငရီးက ထွက်ဆိုရှိကြောင်း။

---

## ၁၉၅ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တန်ခူးလဆန်း၊ ၃ ရက်နေ့[၃]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁။ ။ ကသည်းမြင်းဝန်နှင့် ဝန်ထောက်တော် မင်္ဂလာမြင်းဝန်တို့ကို မေးရာ ရှက်ဘိုးထွန်းထံ ဆင် မဝယ်မယူရကြောင်း။ ညောင်ရမ်း၊ လှိုင်းတက်၊ သာဂရ ၃ မြို့ဝန်ကို မေးရာလည်း ရှက်ဘိုးထွန်းထံ ငွေခွန်မှူးဟောင်းက ဆင် မငှားမရမ်းဖူးကြောင်းများနှင့် ထွက်ဆိုရှိကြ၍ ထုံးစံအတိုင်း ရောင်းသူကိုသာ ပြောဆိုသင့်ကြောင်း။

၁၂၃၃ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၂ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့[၄]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ပိဿလိမ်းကန္နီဆိပ်တွင် လှေကို တိုက်ခိုက်သူ နိုင်ငံတော် ကောလှရွာနေ ဗိုလ်ငပြား၊ ငတရုတ်၊ ငရွှေဝင်း၊ ငသာဦး၊ ငမြတ်ရည်တို့ကို ဖမ်းဆီးစစ်မေး ထုံးစံရှိရာ စီရင်မည့် အကြောင်းအရာ။

၁၂၃၃ ခု၊ တန်ခူးလဆန်း၊ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ပိဿလိမ်းကန္နီဆိပ်တွင် လှေတိုက် ဓားပြများကို ဆင့်ဆိုဖမ်းဆီးသာအောင် ကောလှခေါ် ရွာသည် မည်သည့်မြို့နယ် ဖြစ်ကြောင်းကို တပ်ရာသေချာ စာပြန်မည့်အကြောင်း။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ တရားလို အဒူရမ်သို့ တရားခံ ဒူကနီက ပေးစေကောက်ချက်အရ ငွေများကို မပေးမဆပ်ရှိ၍ နင်းကြမ်းနယ်ရှိ တရားခံပိုင် ဆင်ကို ဝရမ်းကပ်လိုကြောင်း လျှောက်ထားရှိသောကြောင့် ဆင်ကို ဆိုင်ရာသို့ ဆင့်ဆို တောင်းယူပေးပါမည့် အကြောင်း။

---

၁။ ၂၆ ဖေဖော်ဝါရီ ၁၈၇၂ ၂။ ၂၇ နိုဝင်ဘာ ၁၈၇၁ ဖြစ်မည်။ ၃။ ၁၁ မတ် ၁၈၇၂ ၄။ ၃၁ ဇန်နဝါရီ ၁၈၇၂ ဖြစ်မည်။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အဒူရမ်နှင့် ဒူကနီတို့ ကြေးငွေယှက်တင်မှုမှာ ဥစ္စာပစ္စည်းများကို မသိမ်းမယူ မရောင်းမချရ၊ လူကိုသာ ချုပ်ကိုင်တောင်းရသည့် တိုင်းပြည်ထုံးစံရှိ၍ တရားခံ ဒူကနီကို ရွှေဘွားတော်အောက်သို့ ပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် စစ်ကဲတို့သို့ မှာထားဆင့်ဆိုရှိကြောင်း။

၁၂၃၃ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့[၂]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၆။ ။ တရားလိုသို့ ဖြတ်စာတွက်ငွေများ မပေးမဆပ် ကပ်ခိုတိမ်းရှောင်နေသူ ဒူကနီကို ရွှေဘွားတော်အောက်သို့ သင့်ရာလူ ဘက်ထည့်စေ လွှတ်ပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၇။ ။ အင်္ဂလိပ်ဘာသာ ကြေးနန်းများ ပြန်ဆိုနိုင်အောင် ကျောက်တိုင်တောင်ဘက် သရက်မြို့ ဓာတ်ရုံသို့ ကျွန်တော်မျိုး ငပေါက်ထွန်းကို စေလွှတ်မှတ်သားစေမည်ဖြစ်၍၊ တားဆီးနှောင့်ယှက်မရှိ ကြည့်ရှုမှတ်သားနိုင်အောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ သရက်မြို့၊ အုံမွန်းတောရွာတိုက် ဓားပြတို့အနက် ငမြောင်း၊ ငကျော်တို့မှာ ထောက်လှမ်းလျှင် ရမည့် အကြောင်း။ ငလေခေါ် ငတေမှာ အင်္ဂလိပ်နယ်သို့ ဝင်ရောက်သည်၊ ဓားပြ ငရွှေမောင်မှာ ပန်းထိမ်းမြို့ ကျောင်းတွင် သင်္ကန်းဝတ်နေသည် ကြားသိရကြောင်း။ ချုပ်ထားရာ သေသည်ဆိုသူမှာ ဓားပြ ငရွှေမောင် ဟုတ် မဟုတ်ကို မေးမြန်းစာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆုတ် ၄ ရက်နေ့[၃]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဓားပြ ငမြောင်း၊ ငကျော် ဆိုသူတို့ စီရင်စုနယ်မြေတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် ဝန်ထောက် မဟာရာဇသင်္ကြန်သို့ ဆင့်ဆိုရှိကြောင်း။ ဓားပြ ငရွှေမောင်မှာ ထောင်တွင် သေဆုံးသည် အမှန်ဖြစ်၍ ထောက်လှမ်းမေးမြန်းရန် မရှိကြောင်း။

၁၂၃၃ ခု။

လွှတ်တော်က ဝန်ထောက် မဟာရာဇသင်္ကြန်သို့ ပေးစာ။

၁၀။ ။ ကျောက်တိုင်တောင်ဘက်က ဓားပြတိုက်ခိုက် ထွက်ပြေးလာသူ ငမြောင်း၊ ငကျော်တို့ စီရင်စုနယ်မြေ အတွင်း ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ အင်္ဂလိပ်ပိုင် သရက်မြို့ ကန်အိုးရွာတိုက် ဓားပြတို့အနက် စီရင်သင့်သူများကို စီရင်၍ ပေးအပ်သင့်သူ များကို ပေးအပ်သာအောင် ဖမ်းဆီးရမိသူတို့ အစစ်ခံချက်များကို ပေးပို့လိုက်ကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ သရက်မြို့ စီရင်စု ကန်အိုးရွာတိုက် ဓားပြတို့ကို ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည်၊ ဓားပြတို့ထံက

---

၁။ ၂၁ မတ် ၁၈၇၂  ၂။ ၇ မတ် ၁၈၇၂  ၃။ ၂၇ မတ် ၁၈၇၂  ၄။ ၂၉ မတ် ၁၈၇၂

လက်ဆောင်ယူသူ မင်းတပ်မြို့ သူကြီးကိုလည်း အကျဉ်းပို့ရမည် ဆိုင်ရာသို့ ဆင့်ဆိုရှိကြောင်း၊ ရမိပို့ရောက်ကာလ စီရင်သင့်သူကို စီရင်၍ ပေးအပ်သင့်သူကို ပေးအပ်မည့်အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[1]။

လွှတ်တော်က ဝန်ထောက် မဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၁၃။ ။ သရက်မြို့ စီရင်စု ကန်အိုးရွာတိုက် ဓားပြ သောထွန်းပါ လူပေါင်း ၁၁ တို့ကို ထောက်လှမ်းဖမ်းဆီး၍ အကျဉ်းပို့ရမည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[2]။

လွှတ်တော်က ဝန်ထောက် မဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၁၄။ ။ တိုက်ရာပါ မောင်းကြီး ၁ ကို မင်းတပ်မြို့သူကြီးသို့ လက်ဆောင်ပေးရကြောင်းနှင့် ဓားပြ ငတော် အစစ်ခံအရ မှန် မမှန် မေးမြန်း၍၊ မှန်လျှင် မင်းတပ်မြို့သူကြီးကို မောင်းနှင့်တကွ ရွှေဘွားတော်အောက်သို့ အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၃ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့ရောက်[3]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ ပြင်သစ်လူမျိုး ဂျယ်ကစ်ကာဇူဖ်ဆိုသူ မိဘများထံက ထွက်သွား၊ မြန်မာမင်းထံ မြင်းစီးသူရဲ အဖြစ်နှင့် ထမ်းရွက်နေထိုင်မည် စာရရှိ၍ ၎င်းသူ ရှိ မရှိကို မေးမြန်းစာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ပြင်သစ်လူမျိုး ဂျယ်ကစ်ကာဇူဖ် အကြောင်းနှင့် ပေးစာအရ မေးသင့်သူတို့ကို မေးရာ အမှုတော်ထမ်းများတွင် မရှိကြောင်း၊ မကြား မသိဖူးကြောင်းများနှင့် အသီးအသီး ထွက်ဆိုရှိကြောင်း။

---

## ၁၉၆ မှတ် ပုရပိုက်ထွက်။

၁၂၃၃ ခု၊ တပေါင်းလဆုတ် ၁၅ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ကြီးက ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ လန်ဒန်မြို့သို့ သံတမန် စေလွှတ်တော်မူမည်ကို ထုံးစံအတိုင်း အိန္ဒိယနိုင်ငံ အစိုးရတို့ထံ တင်ရင်၍ မပြောမဆိုသောကြောင့် တွေ့ကြုံနှုတ်ဆက်ရုံမျှသာဟု အယူရှိလိမ့်မည့် အကြောင်းအရာ။ သံတို့ ထွက်ရက်နီးမှ သိရ၍ လက်ခံရန် မပြုပြင်နိုင်ရှိသည့် အကြောင်းအရာ။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့[4]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်ကြီး ပေးစာ။

၂။ ။ လန်ဒန်မြို့သို့ သံတမန် စေလွှတ်မည်ကို နေ့ရက် တင်ရင်ပြောဆိုလျှင် ကောင်းမွန်စွာ လက်ခံလိမ့်မည်ကို ယုံကြည်ကြောင်း၊ ထုံးစံမကျရှိ၍ နှုတ်ဆက်ရုံမျှသာ အယူရှိမည် ပါသည်ကိုလည်း အရေးပိုင်ကြီးက ချစ်ကြည်စုံမက်ရင်းအတိုင်း အလိုရှိရာ ပြောဆိုနိုင်အောင် စာပေးမှာထားမည့်အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ အင်္ဂလိပ် နိုင်ငံအတွင်း မြန်မာမင်းက အက်ဒမန်ဂျွန်းကို ကောင်စစ်ခန့်ထားသည်မှာ မဟာမိတ်စာချုပ်နှင့် မညီ၍ မည်သည့်အကြောင်းကြောင့် ခန့်ထားသည်ကို စာပြန်ပါမည့်အကြောင်း။

---

၁။ ၁ ဧပြီ ၁၈၇၂ ၂။ ၂၇ မတ် ၁၈၇၂ ၃။ ၁၉ ဖေဖော်ဝါရီ ၁၈၇၂ ၄။ ၃၁ မတ် ၁၈၇၂

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့[၁]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပြန်ပေးစာ။

၄။ ။ အက်ဒမန်ဂျွန်းကို ကောင်စစ်ခန့်ထားသည်မှာ မဟာမိတ်စာချုပ်အရ မဟုတ်ကြောင်း။ အင်္ဂလိပ်နိုင်ငံသို့ စေလွှတ်သည့် သံတော်တို့မှာ တိုင်းရေးပြည်မှုနှင့်စပ်၍ ပြောဆိုစေရန်၊ ကောင်စစ်မှာ ကုန်စည်မှုနှင့်စပ်၍ ပြောဆိုစေရန် ခန့်ထားစေလွှတ်ကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ မင်းတုန်းချောင်းတွင် လှေတိုက် ဓားပြတို့ ခိုဝင်ရှိနေသည့် မိုးကြိုးပစ်ရွာသည် မြန်မာနယ် မင်းတပ်မြို့ စီရင်စု စက်စက်ရိရွာအနီး ရှိကြောင်း ကြားသိရ၍ ငရွှေထွန်းပြင် ဓားပြ ၆ တို့အနက် ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို ထုံးစံအတိုင်း စီရင်မည့်အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ မင်းတုန်းချောင်းတွင် လှေတိုက်ဓားပြ သောထွန်း၊ ငထွန်းအောင်တို့ပါ လူပေါင်း ၇ တို့ မင်းတပ်မြို့ စီရင်စု မိုးကြိုးပစ်ရွာတွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည် ဝန်ထောက်တော် မဟာရာဇသင်္ကြံ သို့ မှာထားဆင့်ဆို ရှိကြောင်း။

၁၂၃၃ ခု၊ တန်ခူးလဆန်း ၃ ရက်နေ့။

လွှတ်တော်က ဝန်ထောက် မဟာရာဇသင်္ကြံသို့ ပေးစာ။

၇။ ။ မင်းတုန်းချောင်းတွင် လှေတိုက်ဓားပြ သောထွန်း၊ ငထွန်းအောင်တို့ပါ လူပေါင်း ၇ တို့ မင်းတပ်မြို့ မိုးကြိုးပစ်ရွာတွင် ခိုဝင်ရှိနေလျှင်မည့် အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ ပိသလိမ်းကန္နီဆိပ်တွင် လှေတိုက် ဓားပြဗိုလ် ငပြားနှင့် အပေါင်းပါဓားပြတို့ နေထိုင်သည့် ကောလုရွာ သည် သရက်မြို့ နယ်ခြားကျောက်တိုင် မြောက်ဘက် မြန်မာနယ် မြစ်အနောက်ဘက်တွင် ရှိကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ သရက်မြို့နယ်ရှိ ကောလုရွာတွင် ဓားပြဗိုလ် ငပြားနှင့် အပေါင်းပါလူတို့ ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည်၊ ဝန်ထောက် မဟာရာဇသင်္ကြံသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့[၃]။

လွှတ်တော်က ဝန်ထောက် မဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၁၀။ ။ သရက်မြို့နယ် ကောလုရွာတွင် ဓားပြဗိုလ် ငပြားနှင့် အပေါင်းပါ ဓားပြတို့ ရှိနေလျှင် ထောက်လှမ်း ဖမ်းဆီး၍ အကျဉ်းပို့အပ်ရမည့် အကြောင်း။

၁၂၃၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ခဲယမ်းမီးကျောက်ထည့် သားရေအိတ် အဝယ်အယူ စေလွှတ်သူ ကျွန်တော်မျိုး မာလကြမ်း၊ ငပေါ်ညွှင်း တို့ကို အတားအဆီးမရှိ ဝယ်ယူနိုင်အောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

---

၁။ ၃၁ မတ် ၁၈၇၂ ၂။ ၂၇ မတ် ၁၈၇၂ ၃။ ၁၇ မတ် ၁၈၇၂ ၄။ ၅ ဧပြီ ၁၈၇၂

၁၂၃၃ ခု၊ နှောင်းကဆုန်လဆန်း ၂ ရက်နေ့။

၁၈၇၂ ခု၊ ဧပြီလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ဂါလစ်စတင်ဝိုက်လီ ကုမ္ပဏီပိုင် နိုးရာပါ ဆင်မှုနှင့်စပ်၍ စာပေးသည်မှာ ၇ လခန့် ရှိကြောင်း၊ ၎င်းအမှုနှင့် ဆင်သမားတစ်ယောက်လည်း ယခုတိုင် စောင့်နေရလျက်ရှိကြောင်း၊ ကျန်ဆင်မ ၁ စီးလည်း ချင်းတွင်း သစ်တောက ရောက် မရောက်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၃ ခု၊ နှောင်းကဆုန်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၁၃။ ။ ချင်းတွင်း သစ်တောသို့ ဆင်ယူ အလျင်စေလွှတ်သူ၊ နောက် ထပ်မံစေလွှတ်သူ တစ်ဦးဦး ပြန်ရောက်လျှင် အကြောင်းအရာ မှာထားပြောဆိုမည့် အကြောင်း။

---

၁၂၃၄ ခုနှစ်။

၁၉၇ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ နယုန်လဆန်း ၉ ရက်နေ့[1]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အဋ္ဌမံကျွန်းတွင် အိန္ဒိယဘုရင်ခံမင်း အနိစ္စရောက်ကြောင်းကို ကျိုးယုတ်ရက်ရ သိချင်းစပ်ဆိုသူ ငဘောကို အကျဉ်းချထား စီရင်ကြောင်း၊ ဇာတ်ရုပ်စုံပုံ အတီးအကတို့ကိုလည်း ကဆို မရှိစေရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

၁၈၇၂ ခု၊ မေလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ကလေမံဝီလျံနှင့် တရားခံ မောင်သာမြတ်တို့ ဆင်မှုကို တွဲဖက်ရုံးတွင် စစ်မေးရာ မကွဲမပြားရှိ၍ ကွဲပြားအောင် စာပြန်ပါမည့် အကြောင်းအရာ။

ကလေမံဝီလျံ လျှောက်ချက်။

၃။ ။ စော်ဘွား မောင်သာမြတ်က ပွေးတုတ်ခေါ် ဆင်ကို ဆင့်ဆိုခေါ်ယူလျှင် ပေးအပ်မည် ယောအတွင်းဝန်ရှေ့ ပြောဆိုရှိ၍ ဆင့်ဆိုခေါ်ယူပေးပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသို ၁ဆန်း ၄ ရက်နေ့[2]။

မြစ်စဉ်ဝဲယာကျ သစ်တောအုပ် အစစ်ခံချက်။

၄။ ။ ရှက်ဘိုးထွန်းထံ သစ်လုပ်ခငွေအများ ရရန်ရှိ၍ ဆင်မ ၁ ကို သိမ်းယူထားသည့် အကြောင်းအရာ၊ ယောအတွင်းဝန်ရှေ့လည်း ယခု စကားအတိုင်းသာ ပြောဆိုသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပခန်းမင်းကြီးက ပေးစာ။

၅။ ။ ကလေမံဝီလျံ လျှောက်ချက်အရ သောမြတ်ကို စစ်မေးရာ ရှက်ဘိုးထွန်းထံ ငွေရရန်ရှိ၍ ဆင်ကို ယူထားကြောင်း၊ ယောအတွင်းဝန်ရှေ့ ဆင်ကိုအပ်မည် မဆိုကြောင်းများနှင့် ပြောဆိုရှိသည့်နောက် အမှုသည် ၂ ဦးတို့ မလာမရောက် မပြောမဆိုသောကြောင့် အမှုမပြီးမပြတ် ရှိကြောင်း။

၁၂၃၄ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၂ ခု၊ မေလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ရှက်ဘိုးထွန်းထံ ဝန်ထောက်တော် မင်္ဂလာမြင်းဝန်၊ ကသည်းမြင်းဝန်တို့က မဝယ်ပိုင်သည့် ဆင်ကို

---

၁။ ၁၅ မေ ၁၈၇၂ ၂။ ၂ ဇန်နဝါရီ ၁၈၇၃ ၃။ ၁၆ မေ ၁၈၇၂

ဝယ်ယူကြသည် ဖြစ်သောကြောင့် အမျိုးမျိုးသော တရားမှာ ဝယ်ယူသူတွင်သာ အပြစ်ရှိ၍ ၎င်းအမှုကို ဝန်ရှင်တော်မင်းကြီးက စဉ်းစား၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း ၁ ရက်နေ့[1]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၇။ ။ မရောင်းပိုင်သူ တစ်ဦးက ရောင်းချဝယ်ယူရာ ရောင်းသူကို မပေးမအပ် မညွှန်မပြနိုင်မှသာ ဝယ်ယူသူကို အပြစ်စီရင်ရမြဲ မြန်မာတရား ထုံးစံရှိကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ မဏိပူရမြို့နေ ကုန်သည် မဂိုလူမျိုး မော်ကွန်ခါဆာရစ်က သောင်သွပ်မြို့နေ လူများတွင် ရရန်ကုန်ဖိုးငွေကျန်ကို စာရင်းအတိုင်း မှန်ရာဖြစ်အောင် စောင်မကြည့်ရှုပါမည့် အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကုန်သည် မဂိုလူမျိုး မော်ကွန်ခါဆာရစ်က ကုန်ဖိုးငွေကို အမှန်အကန် မေးမြန်းရှင်းလင်း လျှောက်ထားစေရန် သောင်သွပ်စော်ဘွား အမတ်တို့သို့ ထပ်မံမှာထား ဆင့်ဆိုဆဲရှိကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်နေ့[2]။

နောက်ပြင်ထောင်မှူး မြို့စာရေးတို့က လွှတ်တော်လျှောက်စာ။

၁၀။ ။ မန္တလေးသဘော်မာလိန်မှူးဆိုသူ၊ လူကို သေနတ်နှင့်ပစ်ခတ် ထိမှန်၍ လိုက်လံဖမ်းဆီးရာ၊ သဘော်ပေါ်သို့ အတင်းတက်သွားသည်နှင့် ဖမ်းဆီးရမိသူ ၁ ကို သေနတ်နှင့်တကွ ဖမ်းဆီးပို့အပ်သည့်အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ လူကို သေနတ်နှင့် ပစ်ခတ်ထိမှန်၍ ဖမ်းဆီးရာ၊ အဖမ်းအဆီးမခံ သဘော်ပေါ်သို့ အတင်းတက်သွားသူ မန္တလေးသဘော် မာလိန်မှူး ဆိုသူကို ပေးအပ်မည့်အကြောင်း။

၁၂၃၄ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ဂါလစ်စတင်ဝိုက်လီ ကုမ္ပဏီပိုင် ခိုးရာပါ ဆင်မ ၂ အနက် ကျန်ဆင်မ ၁ အကြောင်းအရာကို နေ့ရက်အရှည် မသိရ၍ နေရာကျပြုလုပ် စာပြန်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ ဂါလစ်စတင်ဝိုက်လီ ကုမ္ပဏီပိုင် ကျန်ဆင်မ ၁ အကြောင်းအရာကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဂါလစ်စတင်ဝိုက်လီ ကုမ္ပဏီပိုင် ဆင်မ ၂ အနက်၊ ကျန်ဆင်မ ၁ ချင်းတွင်းက လာရောက်၍ သိသူတို့ကို ပြသမေးမြန်းရာ မဟုတ်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ ဆင်မ ၃ ဝယ်ယူဆက်သစေသူ နောက်ဝင်းတော်မှူးကို မေးရာ ဆင်မ ၃ အနက် ၂ စီး မှားယွင်းသေဆုံးရှိကြောင်း ထွက်ဆိုရှိ၍ ၎င်းသေဆုံးရာ ဆင်တွင် ပါရန် ရှိကြောင်း။

---

၁။ ၆ ဇွန် ၁၈၇၂ ၂။ ၁၂ ဇွန် ၁၈၇၂ ၃။ ၂၄ ဇွန် ၁၈၇၂

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း၊ ၁၄ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ အိန္ဒိယဘုရင်ခံထံက ရာဇသံ လာရောက်ရှိ၍ အမိန့်တော်ခံပြီးလျှင် ထုံးစံရှိရာ ကြိုယူဆက်သွင်းရန် ခင်ရင်နိုင်မည့် နေ့ရက်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အိန္ဒိယဘုရင်ခံမင်းထံက ရောက်သည့် ရာဇသံကို (၁၂၃၁ ခုနှစ်ရောက် ဘုရင်ခံမင်း ရာဇသံကို ကြိုယူသည့်နည်း) ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့ ကြိုယူဆက်သွင်းမည့်အကြောင်း။

---

၁၉၈ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ပြောင်ရှူးတောထွက် ရှက်ဘိုးထွန်း သစ်များကို ကြေးမြီရှင်တို့က ဝရမ်းကပ်လိုကြောင်းနှင့် လျှောက်ထားရှိသောကြောင့် ရှက်ဘိုးထွန်းတံဆိပ်ပါ သစ်များကို ရှက်ဘိုးထွန်း ပိုင် မပိုင်၊ ချုပ်ရင်းစာချုပ် ပြေ မပြေ၊ အစိုးရများက သစ်ကို အဆုံးသိမ်းယူ မယူများကို စာပြန်ပါမည့်အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဝရမ်းကပ် ရောင်းခြင်းသည် တိုင်းပြည်ထုံးစံ မဟုတ်ကြောင်း၊ ရသင့်သူတို့က ပေးသင့်သူတွင် ပစ္စည်းရှိကြောင်း လျှောက်ထားလျှင်သာ စစ်မေးစီရင် တောင်းခံပေးမြဲ ထုံးစံရှိကြောင်း၊ ရှက်ဘိုးထွန်းတွင် စာချုပ်တွက် အခွန်တော်ငွေ ၁၅၀၀၀ မရှင်းမလင်း မပြေမကုန် ရှိသေးကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၃။ ။ အောက်မြို့ကျေးရွာ ပင်လယ်ထိ မျောထွက်သည့် သစ်များကို စောင့်နေဆယ်ယူရန်၊ ရွေးနုတ်ရန် စေလွှတ်မည့်သူ နေမျိုးရာဇကျော်ထင်နှင့် သေိန်းတို့ပါ လူ ၉ တို့ကို မြို့ရှင် ရွာရှင်တို့က တားဆီးနှောင့်ယှက် မရှိအောင် သင့်ရာစာပေး မှာထား၍ ပေးရန်စာကို ပေးပို့မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်သို့ သစ်များ အဆယ်အယူ အရွေးအနုတ် စေလွှတ်သူတို့သို့ ပေးအပ်လိုက်ရန် လက်မှတ်စာကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးသည့် လက်မှတ်စာ။

၅။ ။ မြန်မာဝန်ရှင်တော်မင်းကြီးက သစ်ရွေးနုတ်ဆယ်ယူရန် စေလွှတ်သူတို့ကို အင်္ဂလိပ် အစိုးရမင်းတို့ သိစေရန် အကြောင်းအရာ။

---

[1] ၂၄ ဇွန် ၁၈၇၂   [2] ၂ ဇူလိုင် ၁၈၇၂

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

၁၈၇၂ ခု၊ ဇွန်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ဝီလျံကုမ္ပဏီ ကိုယ်စားလှယ်တို့နှင့် ကုလားဝန် အဝါနစ်တို့ ငွေမှုစကား စုံရာစီရင်ချက်အရ ငွေကို အတည်ပြုရန်၊ ကုလားဝန်ကိုယ် လာရောက်မှ နေရာကျမည်ဖြစ်၍ ခေတ္တ မန္တလေးမြို့သို့ လာရောက်အောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော်။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကုလားဝန် မဟာသီရိဂုဏ္ဏကျော်သူကို အမိန့်တော်မြတ်နှင့် တောင်ငူမြို့သို့ စေခိုင်း နေထိုင်ရသည် ဖြစ်သောကြောင့် ရွှေဘွားတော်အောက်သို့ ခေါ်၍ မသင့်ကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ စော်ဘွားဟောင်း မောင်သာမြတ်နှင့် ရက်ဘိုးထွန်းတို့ ဆင်မှုစကားကို လွှတ်တော်မှာ အပြီးအပြတ် စီရင်ခံရမည်၊ ဆင့်ဆိုမည် ဖြစ်ပါ၍ ကွဲပြားအောင် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဝီလျံကုမ္ပဏီနှင့် ရက်ဘိုးထွန်းတို့ ဆင်မှုစကားကို အမှုသည်တို့ လွှတ်တော်သို့ လာရောက် ဆက်လက် ပြောဆိုလျှင် မှန် မမှန် မေးမြန်း၍ ထိုက်သက်ရာ စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အံထော်နီ ရန်ကုန်မြို့သို့ ပြန်မည်ရှိရာ လက်ထပ်မယားက လိုက်လိုလျက် အဘက တားဆီးရှိ၍ လျှောက်သည့်အမှုကို မည်ကဲ့သို ဆုံးဖြတ်ခံရမည် စာပြန်ပါမည့်အကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အံထော်နီတို့အမှုတွင် အဘကို မေးရာ သမီးကို အံထော်နီနှင့် သဘောတူ ထိမ်းမြားရသည် မဟုတ်ကြောင်း၊ အံထော်နီမယား မိလုံကို မေးရာလည်း ကွာရှင်းလိုကြောင်းများနှင့် ထွက်ဆိုရှိ၍ လင်မယား တစ်ဦးဦးက လွှတ်တော် ရုံးတော်မှာ လျှောက်ထားလျှင် ထိုက်သက်ရာ စီရင်ရသည့် နိုင်ငံထုံးစံ ရှိကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ မဏိပူရမြို့နေ မဂိုကုန်သည် မှော်ကွန်ဆာရစ်နှင့် သောင်သွပ်မြို့နေ လူတို့ ကုန်ဖိုးကြေးငွေယှက်တင်မှု ကို သောင်သွပ်စော်ဘွား အမတ်တို့က အပေးအဝင် ဆပ်တမ်းစာရင်းများနှင့်တကွ လူစေလွှတ်တင်ပို့ လျှောက်ထားရှိ၍ ရွှေဘွားတော်အောက်တွင် စုံညီရှင်းလင်းမှ နေရာကျ ပြီးပြတ်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဆာပဒူနီက ဆင်ဝယ်သူ မင်္ဂလာမြင်းဝန်နှင့် ဆင်ရောင်းသူ ရက်ဘိုးထွန်းမယား

၁။ ၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် ဖြစ်မည်။ ၂။ ၈ ဇူလိုင် ၁၈၇၂

မိစ်တို့ ဆင်ရောင်းဝယ်ရာ အစေ့အစပ်ဖြစ် ပြောဆိုမိသည်နှင့် ခံဝန်ချက် ချမှတ်ရမည် အချုပ်ချထား ခံနေရကြောင်း လျှောက်ထားရှိ၍ မှန်လျှင် မသင့်ကြောင်း၊ ဆင်ဖိုးငွေ ခံယူသူ မိစ်တွင်သာ ပြောဆို တောင်းရန် သင့်ကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အာပဒူကနီကို ဆင်ရောင်းရာ ပါသည့်အမှုနှင့် ချုပ်ထားသည် မဟုတ်၊ ဆရာက်အဒူရမံသို့ ပေးရန်ငွေရှိ၍ ဆင့်ခေါ်ပေးပါ အရေးပိုင်မင်း ပေးစာအရ ဆင့်ခေါ်လာရောက်၍ ခံဝန်သူ တောင်းရာ မပေးမရသည်နှင့် ချုပ်ထားကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ အာပဒူကနီတွင် ဝန်ရှင်တော်မင်းကြီး ပေးစာပါ တွဲဖက်ရုံး စီရင်ချက်အရ ငွေမှုပြင် အခြားအမှု မရှိလျှင် အချုပ်မှ လွှတ်ပါမည့်အကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အာပဒူကနီကို အချုပ်အထားမရှိ လွှတ်ငြိမ်းစေ၍ ပို့အပ်လာစေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၂ ခု၊ ဇွန်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ အရပ်ရပ် ဓားပြ လူဆိုးလူသွမ်းတို့ အကြောင်းအရာနှင့် ပေးစာများအရ စာပြန်ပါမည့် အကြောင်းအရာ။

---

## ၁၉၉ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၁]။

၁။ ။ အညာပြန်လူတို့ကို တိုက်ခိုက်မှုတွင် အစစ်ခံရင်းသူဆိုသူ ငရွှေပိုင်နှင့် အပေါင်းပါဆိုသူ ငအောင်နီ၊ ငရွှေထွန်း၊ ငကေတိုးတို့ကို ၎င်းတိုက်ခိုက်မှု အကြောင်းအရာ တိုက်ဆိုင်စစ်မေး ထွက်ဆိုချက် ၄။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အညာမြို့ရွာပြန် ကုလီတို့ကို တိုက်ခိုက်ဆိုသူ ငကေတိုး၊ ငအောင်နီ၊ ငရွှေထွန်းတို့ကို အစစ်ခံရင်းဆိုသူ ငရွှေပိုင်နှင့် တိုက်ဆိုင် ထပ်မံစစ်မေးရာ၊ ငရွှေပိုင်က တစ်စုံတစ်ရာ ထင်ရှားအောင် မစွဲဆို မရှင်းလင်းနိုင် ရှိသောကြောင့် ၎င်းလူ ၃ တို့ကို အပြစ်မှ ကင်းလွတ်စေမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၃]။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လွှတ်တော် လျှောက်စာ။

၃။ ။ ပိသုလိမ်းကန္နီဆိပ်တွင် လှေကို တိုက်ခိုက်သူ သရက်မြို့တွင် (ကော့လှရွာ) မရှိ၊ ကန်လှရွာနေ ဗိုလ်ခေါ်ခံ ငပြား၊ ငရွှေဝင်း၊ ငမြတ်ရေးတို့ကို အစစ်ခံ ထွက်ဆိုချက်နှင့်တကွ အကျဉ်းပို့အပ်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလဆန်း ၁၃ ရက်နေ့[၄]။

ငပြား၊ ငရွှေဝင်း၊ ငမြတ်ရေးတို့ အစစ်ခံချက်။

၄။ ။ ပိသုလိမ်းရွာ ဆိပ်ကမ်းရှိ လှေကို မတိုက်မခိုက်ရသည့် အကြောင်းအရာ။

---

၁။ ၃၀ ဧပြီ ၁၈၇၂ ၂။ ၅ ဩဂုတ် ၁၈၇၂ ၃။ ၂၃ မေ ၁၈၇၂ ၄။ ၁၈ ဇွန် ၁၈၇၂

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ချုပ်ထားသူ ပိသလိမ်းကန္တိဆိပ် လှေတိုက်ဓားပြဗိုလ်ခေါ် ပြေားတို့နှင့် အမည်တူ ပို့ရောက်လူ ပြေားတို့ကို ကျောက်တိုင်တောင်ဘက်တွင် အစစ်ခံထွက်ဆိုရင်း သူတို့နှင့် တိုက်ဆိုင်မရှင်းလင်းရမီ ခံဝန်သူနှင့် လွှတ်ထားမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အဝုံကိုင်းရွာနှင့် မင်းတုန်းချောင်းတွင် လှေကို တိုက်ခိုက်ဆိုသူ သောထွန်း၊ ထွေန်းအောင်တို့ပါ လူ ၇ တို့ မိုးကြိုးပစ်ရွာမှာ မရှိမနေကြောင်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၄ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[2]။

သရက်မြို့၊ မလွန်မြို့၊ မြင်ကွန်းမြို့ သူကြီးတို့ ခံဝန်ချက်။

၇။ ။ ကျောက်တိုင်တောင်ဘက် အုံမွန်းတောရွာတိုက် ဓားပြဆိုသူ မြောင်း၊ ကျော်တို့ စီရင်စု နယ်မြေအတွင်း မရှိမနေကြောင်း။ ရှိနေကြောင်း ပေါ်ပေါက်လျှင် အပြစ်စီရင်ရာ ခံပါမည့်အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကျောက်တိုင်တောင်ဘက် အုံမွန်းတောရွာတိုက် ဓားပြ မြောင်း၊ ကျော်တို့ အကြောင်းနှင့် ထပ်မံပေးစာ အရ ဆင့်ဆိုရာ၊ ထိန်းအုပ်စု မြို့ရွာနယ်မြေများတွင် မရှိမနေကြောင်းနှင့် မြို့ရှင်ရွာရှင်တို့က လျှောက်ထားရှိကြောင်း။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လွှတ်တော် လျှောက်စာ။

၉။ ။ ကျောင်တိုင်တောင်ဘက် ကန်အိုးရွာတိုက် ဓားပြ ကျော်၊ တော၊ သောစံတို့ထံက တိုက်ရာပါ မောင်း ၁ လက်ဆောင်ယူ မယူ မင်းတပ်မြို့သူကြီးကို မေးရာ၊ ၎င်းတို့ကို စီရင်စုတွင် လူသတ်မှုနှင့် ဖမ်းဆီးသောကြောင့် အမှုရှာကြံခြင်းသာ ဖြစ်ကြောင်း၊ မောင်း ၁ မပေး မရကြောင်းများနှင့် ထွက်ဆိုရှိ၍ ထွက်ချက်ကို တင်ပို့လျှောက်ထားသည့် အကြောင်း။

၁၂၃၄ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[3]။

မင်းတပ်မြို့သူကြီး အစစ်ခံချက်။

၁၀။ ။ ဓားပြ ကျော်၊ တော၊ သောစံတို့ထံက တိုက်ရာပါ မောင်းကို မပေးမယူရကြောင်း။ စီရင်စုတွင် ၎င်းတို့ နေထိုင်စဉ် ဘိုးတို့နှင့် ပေါင်းသင်း၍ ပေလုံကို ဓားနှင့် ထိုးသတ်သောကြောင့် စီရင်မည် ခေါ်သည့်အတွင်း ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေး။ ဘိုး၊ တူ ကျော်တို့နှင့် ပေါင်းသင်း၍ အမှုရှာကြံခြင်းသာ ဖြစ်ကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မင်းတပ်မြို့သူကြီးသို့ ဓားပြ ကျော်တို့က တိုက်ရာပါ မောင်းကို ပေးရကြောင်း ထွက်ဆိုသည်မှာ လူသတ်မှုကြောင့် ဖမ်းဆီး၍ အမှုရှာကြံခြင်းသာ ဖြစ်ကြောင်း၊ မောင်းကို မပေး မရကြောင်းများနှင့် မင်းတပ်မြို့သူကြီး ထွက်ချက်နှင့်တကွ ဆိုင်ရာက လျှောက်ထားရှိကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ နှစ်နိုင်ငံအစပ်တွင် ဆိုးသွမ်းသူတို့ကို ဖမ်းဆီးစီရင်ရန် ဆိုင်ရာ မြို့ရှင်ရွာရှင်တို့သို့ ဆင့်ခေါ်တောင်းခေါ်ရာ အချို့ကလည်း မရှိမနေကြောင်း၊ အချို့ကလည်း မြို့ရွာလွှဲပြောင်း တိုင်တန်းအပ်ထားကြောင်း၊ အချို့

---

၁။ ၅ ဩဂုတ် ၁၈၇၂ ၂။ ၁ မေ ၁၈၇၂ ၃။ ၁၆ ဧပြီ ၁၈၇၂

ကလည်း အမည်သညာပါ ကျေးရွာမရှိကြောင်းများနှင့် လျှောက်ထားရှိကြသည့် အကြောင်းအရာ။ မြို့ကျေးရွာ သာယာငြိမ်ဝပ်အောင် ဆင့်ဆိုသည့်အရာ အထင်အရှားဖြစ်သည့် အကြောင်းအရာ။ လူဆိုးမှုနှင့် တစ်ဦးတစ်ဦး သက်သေမကင်း မရှိရအောင် ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီး ပေးစာ။

၁၃။ ။ ပြည်မြို့ ရွှေတောင်မြို့အကြားတွင် အခွန်တော်ငွေများ တိုက်ခိုက်ထွက်ပြေးသူ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ကို တောင်တွင်းကြီးမြို့ဝန်က ဖမ်းဆီးအကျဉ်းချထားရှိကြောင်း ထောက်လှမ်းကြားသိရ၍ ပေးအပ်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အခွန်တော်ငွေများ တိုက်ခိုက်လုယူသူ ဓားပြ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ အကြောင်းအရာများကို လျှောက်ထားရမည် တောင်တွင်းကြီးမြို့ဝန်သို့ ဆင့်ဆိုမှာထားဆဲရှိကြောင်း။ လျှောက်ထားသိသာကာလမှ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

---

## ၂၀၀ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

တောင်တွင်းကြီးမြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁။ ။ ပြည်မြို့၊ ရွှေတောင်မြို့အကြား အခွန်တော်ငွေများကို တိုက်ခိုက် ထွက်ပြေးလာသူ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ကို ဖမ်းဆီးချုပ်ထားရှိလျှင် ရွှေဘွားတော်အောက် အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ မြန်အောင်မြို့ ပေါနရွာ ဆိပ်ကမ်းရှိ လှေနှင့် စစ်ကျွန်းရွာ ဆိပ်ကမ်းရှိ လှေများကို တိုက်ခိုက်သူ ဓားပြဗိုလ် ပုသိမ်မြို့ ခြောက်ဆယ်သူကြီး ငကျော်နှင့် အပေါင်းပါလူတို့ မလွန်၊ မင်းလှ၊ ရေနံချောင်းမြို့များတွင် နေထိုင်ကြောင်း တပ်ရာကြားသိရ၍ ထောက်လှမ်းဖမ်းဆီး ပေးအပ်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ပေါနရွာနှင့် စစ်ကျွန်းရွာများ ဆိပ်ကမ်းရှိ လှေတိုက်ဓားပြဗိုလ် ငကျော်နှင့် အပေါင်းပါလူတို့ စီရင်စုနယ်မြေတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့ ဆင့်ဆိုရှိကြောင်း၊ ပို့အပ်လျှောက်ထားသိသာကာလ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့[2]။

လွှတ်တော် အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၄။ ။ ပေါနရွာနှင့် စစ်ကျွန်းရွာဆိပ်များရှိ လှေတိုက်ဓားပြ ငကျော်နှင့် အပေါင်းပါလူတို့ စီရင်စုနယ်မြေတွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

---

၁။ ၆ ဩဂုတ် ၁၈၇၂    ၂။ ၉ ဩဂုတ် ၁၈၇၂

၁၂၃၄ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ဟိန္ဒူလူမျိုး ကာရန်ဆင်ကို အပြစ်အလျောက် သရက်မြို့ထောင်မှာ ချထားရာ ထွက်ပြေးရှိ၍၊ မြန်မာနိုင်ငံအတွင်း ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီးပေးပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ သရက်မြို့ထောင်မှ ထွက်ပြေးသူ ဟိန္ဒူလူမျိုး ကာရန်ဆင် ဆိုသူ ထိန်းအုပ်စု မြို့ရွာများသို့ လာရောက်ရှိနေလျှင် ဖမ်းဆီးပို့ရမည် နိုင်ငံတော် မြောက်တစ်ပြင် မြို့ရှင်ရွာရှင်တို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့။

နိုင်ငံတော် မြောက်တစ်ပြင် မြို့ရွာရှင်တို့သို့ လွှတ်တော်က ပေးမှာစာ။

၇။ ။ ဟိန္ဒူလူမျိုး ကာရန်ဆင် ဆိုသူ ထိန်းအုပ်စု မြို့ရွာနယ်မြေအတွင်း လာရောက်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး၍ အကျဉ်းပို့ရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ ရခိုင်မြို့နယ်မှ တိုက်ခိုက်ထွက်ပြေးသူ မိုးရိပ်ကေးကို မြန်မာနိုင်ငံတော် သက္ကယ်ပြင်ကင်းက ဖမ်းဆီး၊ စလင်းမြို့ ထောင်မှ ချထားကြောင်း ကြားသိရ၍ ပေးအပ်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ရခိုင်မြို့နယ်က တိုက်ခိုက်ထွက်ပြေးလာသူ မိုးရိပ်ကေးကို အကျဉ်းချထားရှိလျှင် ပို့အပ်လာစေရမည် စလင်း၊ ကျပင်း ၂ မြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[2]။

စလင်း၊ ကျပင်း ၂ မြို့ဝန် စစ်ကဲတို့သို့ လွှတ်တော်က ပေးမှာစာ။

၁၀။ ။ ရခိုင်မြို့နယ်မှ တိုက်ခိုက်ထွက်ပြေးလာသူ မိုးရိပ်ကေးကို အကျဉ်းချထားရှိလျှင် ရွှေဘွားတော်အောက်သို့ ပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၂ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငချစ်ထွန်းကို သားမယားနှင့်တကွ မည်သည့်အကြောင်းကြောင့် ထောင်အကျဉ်းချထားသည်၊ ပစ္စည်းများ သိမ်းယူသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငချစ်ထွန်းကို မျက်ပါးရပ်၊ တရုတ်တန်းရပ်များတွင် ရွှေငွေ အကွင်းအခြည် အထည်အလိပ်များခိုးမှု ထင်ရှားသိသာ၍ အကျဉ်းချထားကြောင်း၊ ၎င်းသူ အင်္ဂလိပ် ကျွန်တော်မျိုး မဟုတ်၊ နိုင်ငံတော် အလုံမြို့ ခင်မွန်ရွာဇာတိ၊ တောင် ၁၅၀ အမှုထမ်းဖြစ်၍ လက်မခံသင့်ကြောင်း။

---

၁။ ၁၈ ဩဂုတ် ၁၈၇၂ ၂။ ၁၅ ဩဂုတ် ၁၈၇၂ ၃။ ၉ စက်တင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၉ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ နောက်ပါ လူ ၅၊ မြင်း ၅၊ ဓား ၅၊ လှံ ၅၊ သေနတ် ၅ များနှင့် ရှမ်းပြည် မြို့ရွာများသို့ တရားဟော သွားလိုသူ အမေရိကန် သာသနာပြုဆရာ ဂူရှင်နှင့် ကယ်လီတို့ကို တားဆီးမရှိစေရအောင် အမိန့်စာချွန် ရလိုကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၁၂ ရက်နေ့။

လွှတ်တော်က တရားဟောဆရာတို့သို့ ပေးအပ်သည့် စာချွန်။

၁၄။ ။ အမေရိကန် တရားဟောဆရာများကို မိုးနဲ၊ မိုးဗြဲ၊ တပ်စစ်ကဲ၊ စော်ဘွားမြို့ဝန်၊ စစ်ကဲတို့က တားဆီး မရှိစေရ။ အလိုရှိရာ သွားလာငှားရမ်း ဝယ်ယူစေရမည့် အကြောင်းအရာ။

---

၂၀၁ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၁၂ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ဒပေရာက သံတဲဝင်းရှိ ဆရာဝန်ခေါ်စေ ခိုင်းသူကို သံတဲဝင်း တံခါးစောင့်တို့က ချည်နှောင်ထိတ်ခတ် ပြုလုပ်၊ ထောင်မှူးထံ ပို့အပ်ကြောင်း ကြားသိရ၍ တံခါးစောင့်တို့မှာ မည်သို့ အခွင့်အာဏာရသည် သိလိုသည့် အကြောင်းအရာ။ တံခါးစောင့်ကို လဲလှယ်ခန့်ထားပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒပေရာက ဆရာဝန် ခေါ်ခိုင်းသူကို အချိန်မတော်၍ ဖမ်းဆီးပို့အပ်ကြောင်းနှင့် တံခါးစောင့် ငဘိုးသာက ဖြောင့်ဆိုရှိကြောင်း။ ရှေ့ရုံးသို့ အချိန်မတော် သွားလာမှုနှင့် ပို့ရောက်ရှိသည့် ဆရာဝန်ခေါ် သွားလာသူကို လွှတ်လိုက်ကြောင်း။ သံတဲဝင်း တံခါးစောင့်ကို လဲလှယ် စောင့်နေစေမည့် အကြောင်း။

၁၂၃၄ ခု။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ဓားပြလူဆိုးတို့ အကြောင်းအရာနှင့် ပေးစာများအနက် ၄ စောင် အကြောင်းအရာကို စာပြန်မရရှိ၍ ပေးစာပါ နံပါတ်များကို ပူးတွဲပေးပို့သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၄။ ။ ကန်အိုးရွာတိုက် ဓားပြတို့မှာ စာပါမြို့ရွာတွင် မရှိမနေကြောင်း၊ ရွှေတောင် နမယ်တိုက် ဓားပြတို့မှာ တောင်တွင်းကြီးဝန်သို့ ဆင့်ဆိုတောင်းခေါ်ဆဲရှိကြောင်း။ စစ်ကျွန်းရွာ၊ ပေါ်နရွာဆိပ်များရှိ လှေတိုက် ဓားပြ ငကံကြီးနှင့် အမည်တူ ငကံကြီးမှာ ငကျော်ခေါ် ငကံကြီး မဟုတ်ကြောင်း။ ရခိုင်နယ်က ထွက်ပြေးသူ မိုးရိပ်ကေးမှာ စလင်းမြို့ထောင်က ထွက်ပြေး၍ ဆင့်ဆိုထောက်လှမ်းဆဲ ဖြစ်ကြောင်း။ မိုးရိပ်ကေးနှင့် အပေါင်းပါ ချုပ်ထားသူ ငပြည့်အောင်ကို လိုလျှင် ပေးအပ်မည့်အကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၁၂ ရက်နေ့။

ငကံကြီး အစစ်ခံချက်။

၅။ ။ ကျောက်တိုင်တောင်ဘက် ဆုံကုန်းရွာက နိုင်ငံတော်ဘက်သို့ ပြောင်းရွှေ့လာရာ မြေထဲမြို့ သူကြီးနှင့်

---

၁။ ၂၀ စက်တင်ဘာ ၁၈၇၂

တွေ့၍ သောင်တင်းကြီး လေ့တော်တွင် အမှုထမ်း၍နေကြောင်း၊ ခြောက်ဆယ်သူကြီး ငကျော် မဟုတ်ကြောင်း၊ စားပြလည်း မတိုက်မခိုက်ကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ပြည်မြို့ ဝန်ထောက် ကိုင်မြဲ သေနတ် ၁၊ လုံ ၁ များကို သဘော်ကတင်ရာ အကောက်တိုက် အရာရှိများတွင် မငြိမ်းရ၊ မြို့ဝန်ထံ တင်ပို့ ကြန့်ကြာရှိရကြောင်း။ အင်္ဂလိပ်လူမျိုးတို့ လက်နက်ကိုင်ဆောင်ရန်နှင့်စပ်၍ အထက်စုံညီ မှတ်သားချက်အတိုင်း ဖြစ်သည်။ ယခု ဥပဒေ မည်သို့ပြင်ဆင်သည်များကို သိလိုကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ၁၂၂၈ ခုနှစ် အရေးတော် ငြိမ်းသည့်နောက် နိုင်ငံတော်အတွင်း သေနတ် ဓား လုံ ကိုင်ဆောင်လိုလျှင် လွှတ်တော်မှာ စာခံယူရမည့် အကြောင်းနှင့် မြို့ဝန်၊ ထောင်မှူး၊ မြို့စာရေးတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ်မင်းပိုင် နယ်မြေက ကြွေးမြီများ ချေးယူ၍ မြန်မာမင်းပိုင် နယ်မြေသို့ တိမ်းရှောင်ခိုဝင်သူတို့မှာ ကြွေးဟောင်း မြီဟောင်း အတောင်းအခံ မရှိစေရ ထုတ်ပြန်တော်မူသည့် အမိန့်တော်မြွက် ရှိ မရှိကို စာပြန်ကြားပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ၁၂၂၈ ခုနှစ် အရေးတော်ပြီးငြိမ်းနောက် နိုင်ငံတော်အတွင်း ဝင်နေပြန်ရောက်လူတို့ကို ခိုဝင်ပြန်ရောက်သည့်နေ့ကစ၍ ၅ နှစ်အတွင်း ကြွေးဟောင်း မြီဟောင်း၊ တရားရာဇဝတ်မှုဟောင်းများနှင့် စစ်မေးတောင်းခံ မရှိစေရ။ ၂၉ နှစ်တွင် အမိန့်တော် ထုတ်ပြန်တော်မူကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ သရက်မြို့နေ ငကျန်ကို သတ်မှုနှင့် မင်းလှမြို့ အစိုးရတို့က ပို့အပ်သည့် ငရွှေသီး၊ ငစံရွှန်း၊ ငပဒုမ္မာ၊ ငကံရတို့အနက် ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို စီရင်မည့် အကြောင်းအရာ။ ၎င်းတို့ကို စစ်မေးရာ နားထောင်ရန် အင်္ဂလိပ် အရာရှိတစ်ယောက်ကို စေလွှတ်လိုသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့[၂]။

ငကံရ အစစ်ခံချက်။

၁၁။ ။ အောက်မြို့ကျေးရွာက လှေသူကြီး ငကျန် လှေကြုံတွင်စီး၍ ပြန်လာရာ ညောင်ပင်ဆိပ်ရွာ ဆိပ်ကမ်းသို့ ရောက်ကာလ လှေသူကြီးနှင့် ဖဲကစားကြသည်တွင် ခိုက်ရန်ဖြစ်ပွားရှိ၍ လှေသူကြီးကို ကျွန်တော်တို့ ဝိုင်းဝန်းရိုက်နှက် သေဆုံးကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငကျန်ကို သတ်မှုနှင့် မင်းလှ အစိုးရတို့က ပို့ရောက်သူတွင် ငပဒုမ္မာ မပါကြောင်း။ ငရွှေသီး၊ ငစံရွှန်း၊ ငကံရ၊ ငတောတို့မှာ နိုင်ငံတော်နေဖြစ်၍ ပေးအပ်ရန် မရှိ။ အပြစ်အလျောက် ထောင်အကျဉ်းချထားရှိကြောင်း။

---

၁။ ၂၃ စက်တင်ဘာ ၁၈၇၂ ၂။ ၄ ဇူလိုင် ၁၈၇၂

၁၂၃၄ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၂ ခု၊ မတ်လ ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကာလီဘား လျှောက်ထားသည့် တရားမှုကို စာရေးတော်ကြီး မြို့သာဝန်က လက်ခံမရှိရအောင် ဆင့်ဆိုမည့် အကြောင်းအရာ။ ၎င်းသူ အင်္ဂလိပ် ကျွန်တော်မျိုး မှန်ကြောင်း သက်သေ ထွက်ချက်ကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလဆန်း၊ ၉ ရက်နေ့။

သံချက်ရုံ အမှုထမ်း ကာလီဘား အစစ်ခံချက်။

၁၄။ ။ ကျွန်တော်ကို အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချဖြစ်သည် အစီရင်ခံ ထွက်ဆိုချက် မဟုတ်မမှန်ကြောင်း၊ အင်္ဂလိပ် အရေးပိုင်ထံ စာရင်းမချမမှတ်ကြောင်းကို ကျမ်းကျိန်ဆိုပြီး ဖြစ်ကြောင်း။

---

## ၂၀၂ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ကာလီဘားကို မေးရာ အင်္ဂလိပ် ကျွန်တော်မျိုး မဟုတ်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း၊ သက်သေတို့ ထွက်ချက်တွင်လည်း သာမညသာ ပါရှိကြောင်း။ ကာလီအမည်၊ ကာလီဘားအမည်အများရှိတန်ရာသည် ဖြစ်၍ ဆင်ခြင်ရန်ရှိကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ငကံကြီးကို သိသူ သက်သေတို့ မလာမရောက်မီ ချုပ်ထားသူ ငကံကြီးကို တောင်တွင်းကြီး မြို့ဝန်က ပို့မည့် စားပြတွင် မှန်သူ ငကံကြီးပါမှ လွှတ်ပါမည့်အကြောင်း။ ရခိုင်မြို့နယ် ထောင်က ထွက်ပြေးသူ မိုးရိပ်ကေး အပေါင်းပါ ငပြည့်အောင်ကို အပ်ပါမည့်အကြောင်း။ စလင်းထောင်က ထွက်ပြေးသူ မိုးရိပ်ကေး နှင့် အပေါင်းပါ ငခိုင်ဦးတို့ကို ဖမ်းဆီးရမည် ဆင့်ဆိုရှိသည်ကို ကျေးဇူးတင်ကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မိုးရိပ်ကေး အပေါင်းပါ ငပြည့်အောင်ကို ၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့၊ အရေးပိုင်ထံ ပို့အပ်သည့်အကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ မနေ့က ရွှေတချောင်း မြောင်းတွင် ရေချိုးသူ ခရာသီ ကုလားကို ယောအတွင်းဝန်မင်း ရှေ့လိုက် ကြိမ်ကိုင် တို့က ရိုက်နှက်ရှိ၍ စီရင်ဆုံးမပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ယောအတွင်းဝန်မင်းကို မေးရာ၊ ရွှေတချောင်းတွင် ရေချိုးသည့် ခရာသီကို ရှေ့လိုက်တို့က ရိုက်သည်ကို မမြင်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

---

၁။ ၂၇ ဩဂုတ် ၁၈၇၂ ဖြစ်မည်။ ၂။ ၂၉ စက်တင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကုန်သည်ကြီးငယ်တို့ ရောင်းဝယ်သည့် နမ်းကုန်၊ ကုလားပဲကုန်၊ ဆားကုန်များ အပေါ်တွင် ရောင်းဝယ်ရရင်း ဈေးနှုန်းထက် ဈေးနှုန်း ပိုမိုထား၍ အကောက် ကောက်ခံကြောင်း၊ ကြားသိရသည့်အတိုင်း မှန် မမှန်ကို မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ မြို့တော် ရတနာပုံ အကောက်အုပ်၊ မင်းလှ ရတနာပုံ အကောက်အုပ်တို့ကို မေးရာ ပေးအပ်ရှိသည့် ကုန်နှုန်းစာအုပ်တွင် ပါသည်ထက် ပိုမို ယုတ်လျော့ မကောက်မခံကြောင်းနှင့် ထွက်ဆိုလျှောက်ထားရှိကြကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

မြို့တော် ရတနာပုံ အကောက်အုပ် ထွက်ဆိုချက်။

၈။ ။ ကောက်ခံရန် ရှိသည်များကို ပေးအပ်ရှိသည့် ကုန်နှုန်းစာအုပ်တွင် ပါသည်ထက် ပိုမိုယုတ်လျော့ မကောက်မခံကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ ကျွဲနွားများ ခိုးယူမှုနှင့် ချုပ်ထားရာက ထွက်ပြေးသူ ငလုံး ကျောက်တိုင်မြောက်ဘက် လုံးတော်ရွာ ငတုံးအိမ်တွင် တွေ့ရှိကြောင်း။ ငလုံး၊ ငတုံးတို့ လက်တွင်လည်း ကျောက်တိုင်တောင်ဘက်က ပျောက်ဆုံးရာပါ နွား ၁ တွေ့ရှိကြောင်း။ ငလုံးကို မင်းလှ အစိုးရတို့က ခံဝန်သူနှင့် လွှတ်ထားကြောင်းများ သိရ၍ ဆင့်ဆိုပေးအပ် စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ကျွဲနွားခိုး ငလုံးကို အကျဉ်းပို့လာစေရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့ မှာထားဆင့်ဆိုရှိကြောင်း။ ပို့ရောက်လျှောက်ထားကာလ ပေးအပ်သင့်လျှင် ပေးအပ်၍၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

လွှတ်တော်က အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၁၁။ ။ အင်္ဂလိပ်နယ် ချုပ်ထားရာက ထွက်ပြေးလာ၍ လုံးတော်ရွာ ငတုံးအိမ်တွင် နေထိုင်သူ ငလုံးကို ခံဝန်သူနှင့် လွှတ်ထားသည် မှန်လျှင် အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ အင်္ဂလိပ်မင်းပိုင်နယ်တွင် ဓားပြတိုက်ခိုက်မှုနှင့် အကျဉ်းချထားရာက ထွက်ပြေးသူ ငမြတ်မင်း၊ ဝါးနွယ်ခုံမြို့ မွေရိုးရွာတွင် နေကြောင်း ကြားသိရ၍ ဆင့်ဆိုပေးအပ်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ဓားပြ ငမြတ်မင်းကို ထောက်လှမ်းဖမ်းဆီး အကျဉ်းပို့လာစေရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့

၁။ ၁၂ အောက်တိုဘာ ၁၈၇၂

ဆင့်ဆိုရှိကြောင်း၊ ပို့ရောက် လျှောက်ထားကာလ မေးမြန်း၍ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်နေ့[၁]။

လွှတ်တော်က တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးစာ။

၁၄။ ။ ကျောက်တိုင်တောင်ဘက် ထောင်အကျဉ်းက ထွက်ပြေးလာသူ ငမြတ်မင်း ဝါးနွယ်မြို့နယ်တွင် ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး အကျဉ်းပို့လာရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၆ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ အရေးပိုင်မင်း အသုံးအဆောင်ထည့် သေတ္တာများကို သင်္ဘောမှ ချရာ၊ အစဉ်ပေးမြဲ လက်မှတ်စာကို ပြသသော်လည်း မငြိမ်းပါရ၍ လက်မှတ်ပြသလျှင် နှောင့်ယှက်မရှိရအောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၃ ရက်နေ့[၂]။

ရတနာပုံ အကောက်တိုက် အရာရှိတို့ ထွက်ဆိုချက်။

၁၆။ ။ အင်္ဂလိပ် အရေးပိုင် အသုံးအဆောင်ထည့်သေတ္တာ၊ သပျစ်ရည်စည်များကို အကောက်တိုက်သို့ တင်ပြ၊ အရေးပိုင်မင်း လက်မှတ်ပါ အရေအတွက်နှင့် တိုက်ဆိုင်မှတ်သားပြီးမှ အဖွင့်အလှစ်မရှိ ပြန်အပ်ရမြဲ ဖြစ်၍ အကောက်တိုက်သို့ တင်ယူပြသမြဲ ပြသရမည် ဆိပ်စောင့်တို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ရတနာပုံ အကောက်တိုက် အရာရှိတို့က အင်္ဂလိပ် အရေးပိုင် သေတ္တာ၊ ဆရာဝန် သပျစ်ရည်စည်များကို အကောက်တိုက်သို့ တင်ယူပြသ မှတ်သားပြန်အပ်ရမြဲဖြစ်၍ တင်ယူပြသရမည် ဆိပ်စောင့်တို့ကို ဆင့်ဆိုရှိကြောင်းနှင့် ထွက်ဆိုသော်လည်း သပျစ်ရည်စည်ကို အလိုရှိရာ ယူနိုင်အောင် ဆင့်ဆိုမည့်အကြောင်း။

---

## ၂၀၃ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၆ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မဏိပူရ အစိုးရတို့နှင့် တိုင်းပြည်မှု ပြောဆိုစေရာ မဏိပူရ အရေးပိုင်က ကူညီရန် မြန်မာမင်းကြီး ၄ ပါး စာနှင့် သောင်သွပ်အမတ် မဏိပူရမြို့သို့ ထုံးစံမကျ လာရောက်သော်လည်း မဏိပူရ အရေးပိုင်က ကူညီပြောဆို ပြန်သွားစေသည့် အကြောင်းအရာ။ တိုင်းပြည်နယ်ပယ်မှု စကားပြောဆိုရန်ရှိလျှင် မန္တလေးရှိ အရေးပိုင်မင်းတွင်သာ ပြောဆိုရန် အကြောင်းအရာ။ မဏိပူရ နယ်ခြားစကားကို ပြောဆိုရန် မြန်မာအရာရှိ တစ်ယောက်ကို စေလွှတ်လျှင် သင့်မည့် အကြောင်းအရာ။ မဏိပူရ အရေးပိုင်က ဘုရင်ခံထံ တင်ပို့သည့် စာကို မြန်မာပြန်၍ ပေးပို့သည့် အကြောင်းအရာ။

မဏိပူရ အရေးပိုင်က ဘုရင်ခံထံ တင်စာ မြန်မာပြန်ချက်။

၂။ ။ မဏိပူရမြို့မှာ မြန်မာအရာရှိတို့နှင့် မဏိပူရ အစိုးရ မဟာရာဇာတို့ အတုံ့အပြန် ရှင်းလင်းပြောဆိုကြသည့် စကားချက် ၅။ (ပထမ လူသတ်မှု၊ ဒုတိယ ကင်းတဲဆောက်မှု၊ တတိယ တိုက်ခိုက်မှု၊ စတုတ္ထ လက်နက်လုယူမှု၊ ပဥ္စမ လူကို ဖြားယောင်းခေါ်ယူမှု။)

---

၁။ ၁၂ အောက်တိုဘာ ၁၈၇၂ ၂။ ၁၅ အောက်တိုဘာ ၁၈၇၂

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ တမူးခန်းပတ်မြို့ဝန် နတ်ကျွန်းအောင်မြေ ကင်းတပ်မှူး ခန့်ထားရှိသူ စာရေးတော်ကြီး မင်းလှသင်္ခယာကို သောင်သွပ်နယ်နှင့် မဏိပူရမြို့နယ် အပိုင်းအခြားစကားကို သွားရောက် ပြောဆိုစေရမည် ဆင့်ဆိုမှာထား ရှိကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့[၂]။

လွှတ်တော်က တမူးခန်းပတ် မြို့ဝန်သို့ ပေးမှာစာ။

၄။ ။ မဏိပူရနယ်နှင့် နိုင်ငံတော်နယ် အပိုင်းအခြားစကားကို မဏိပူရ အစိုးရတို့နှင့် စကားကျယ်ပွား ယုတ်လွန် နိမ့်ကျမရှိ၊ စာချုပ်အတိုင်းသာ နေရာကျ ရှင်းလင်းပြောဆို၍ အကြောင်းအရာကို အသေအချာ လျှောက်ထား ရမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့[၂]။

သောင်သွပ်စော်ဘွား အမတ်တို့သို့ ပေးမှာစာ။

၅။ ။ ၄ မှတ်ပါ အကြောင်းအရာနှင့် အကြောင်းအရာ တူ။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ တွဲဖက်ရုံး အရာရှိ မြို့သာဝန်မင်းက အင်္ဂလိပ် ကျွန်တော်မျိုးများကို နှိပ်ပြီးလျှင်၊ မြန်မာ ကျွန်တော်မျိုး များကို မ စ ၍ တရားစီရင်ကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့။

မြို့သာဝန်မင်း မေးချက်။

၇။ ။ အင်္ဂလိပ် ကျွန်တော်မျိုးကို နှိပ်ပြီးလျှင် မြန်မာ ကျွန်တော်မျိုးများကို မစ၍ မစီရင်ကြောင်း ဖော်ပြ လျှောက်ထားသည့် အကြောင်းအရာ။ အမှုမပြီးမီ လူကို လွှတ်ပစ်မှုကို ပြောဆိုလိမ့်မည် ထင်၍သာ ကြံဖန်ပြောဆိုသည် ထင်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ မြို့သာဝန်က အရေးပိုင်မင်း ပေးစာအရ မဟုတ်ကြောင်း ထွက်ဆို လျှောက်ထားသော်လည်း နောင် သည်ကဲ့သို့ မရှိအောင် ဆုံးမမည့် အကြောင်းအရာ၊ အရေးပိုင်မင်းက သင့်တင့်ညီညွတ်အောင်ကိုသာ သဘောထားမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ ဓားပြ ငယက်သဲ့၊ ငတောတေ၊ ငဖြူ၊ ငထွန်းအောင်၊ ငဆိုင်း၊ ငနီတာတို့ကို စစ်မေးရန် ပို့အပ်ပါမည့် အကြောင်းနှင့် ပေးစာအရ စာပြန်ပါမည့် အကြောင်းအရာ။ ဓားပြ သောဝကို ဖမ်းဆီး၍ ရမိသည် မမိသည်များကိုလည်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ဓားပြ ငယက်သဲ့၊ ငတောတေ၊ ငဖြူ၊ ငထွန်းအောင်၊ ငဆိုင်း၊ ငနီတာတို့ကို အင်္ဂလိပ် အရေးပိုင်က နေရာကျ လူစေလွှတ် မရှင်းလင်း မပြောဆိုနိုင်ဖြစ်၍ ၃ နှစ်ကျော် ၄ နှစ်ခန့် အကျဉ်းမထားထိုက်၊

---

၁။ ၂၃ အောက်တိုဘာ ၁၈၇၂ ၂။ ၂၀ အောက်တိုဘာ ၁၈၇၂ ၃။ ၂၇ အောက်တိုဘာ ၁၈၇၂

ရာဇဝတ်အပြစ် ကင်းလွတ်သင့်သည့်အတိုင်း ကင်းလွတ်စေကြောင်း။ သောဝကိုလည်း ဖမ်းဆီးရန် ထပ်မံ ဆင့်ဆိုရာ မရှိမနေကြောင်းနှင့် လျှောက်ထားရှိကြောင်း။

---

## ၂၀၄ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်နေ့[၁]။

### မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲက လွှတ်တော်လျှောက်စာ။

၁။ ။ ကျောက်တိုင်တောင်ဘက်က ထွက်ပြေးလာ၍ နိုင်ငံတော်တွင် ခိုဝင်ရှိနေသူ နွားခိုး ငလုံးကို ၎င်းစစ်မေးချက်၊ သရက် အရေးပိုင်က ၎င်းအကြောင်းနှင့် ပေးစာ၊ ၎င်းသို့ ပြန်စာများနှင့်တကွ ပို့အပ်တင်လျှောက်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်နေ့[၁]။

### ငလုံး အစစ်ခံချက်။

၂။ ။ မင်းတုန်းမြို့ ဂါတ်တဲတွင် ချုပ်ထားရာက ထွက်ပြေးခဲ့၍ လုံးတော်ရွာတွင် နေထိုင်ကြောင်း၊ ကျွဲနွားများကို မခိုးမယူရကြောင်း၊ ကျောက်တိုင်တောင်ဘက်သို့ မသွားမရောက်သည်ကို လုံးတော်ရွာသူကြီး ရွာခေါင်းတို့ အသိဖြစ်ကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

### အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကျွဲနွားခိုး ငလုံးကို ကျောက်တိုင်တောင်ဘက်နေ ပေးအပ်သင့်သူ မှန်သည့်အတိုင်း အလိုရှိသည့်နေ့ရက်တွင် ပေးအပ်မည့်အကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း၊ ၁ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၆ ရက်နေ့။

### အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ အညာမြို့ပြန် ကုလီတို့ တိုက်ခိုက်သူ ငအောင်နီ၊ ငရွှေထွန်း၊ ငကတိုးတို့ကို အစစ်ခံရင်းသူ ငရွှေပိုင်က တစ်စုံတစ်ရာ ထင်ရှားအောင် မဆိုနိုင်၍ အပြစ်မှလွတ်စေမည် စာပို့ရောက်သော်လည်း၊ ငရွှေပိုင် အစစ်ခံတွင် ၎င်းတို့ထံ တိုက်ရာပါပစ္စည်းများ မြင်ကြောင်း၊ အတူတိုက်ခိုက်ရကြောင်းများနှင့် ပါရှိသောကြောင့် ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို စီရင်မည့်အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

### အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ငရွှေထွန်း၊ ငအောင်နီ၊ ငကတိုးတို့ကို ငရွှေပိုင်က ထင်ရှားအောင် တပ်ရာသေချာ စွဲဆိုနိုင်သည် မဟုတ်၍ မစီရင်သာရှိကြောင်း။ ငရွှေပိုင်က ၁၅ ရက်အတွင်း ထပ်မံ မစွဲမဆိုနိုင်ရှိလျှင် ငရွှေထွန်းတို့ကို အချုပ်မှ ကင်းလွတ်စေမည့် အကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့။

### အင်္ဂလိပ် အရေးပိုင်က ပခန်းကြီးမြို့စား မင်းကြီးထံ ပေးစာ။

၆။ ။ ပိဿလိမ်းကန္နီဆိပ်တွင် လှေကို တိုက်ခိုက်သူတို့အနက် ပေးအပ်သင့်သူ အင်္ဂလိပ် ကျွန်တော်မျိုး ငမြိုင်ကို ဆင့်ဆိုပေးအပ်၍ ကျန် စီရင်သင့်သူတို့ကို စီရင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

### အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၇။ ။ ဓားပြ ငမြိုင်နှင့် အပေါင်းပါလူတို့ စီရင်စုတွင်ရှိနေလျှင် ဖမ်းဆီးပို့ရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့

---

၁။ ၁၂ အောက်တိုဘာ ၁၈၇၂ ၂။ ၂၇ အောက်တိုဘာ ၁၈၇၂ ၃။ ၃၀ အောက်တိုဘာ ၁၈၇၂

မှာထားဆင့်ဆိုရှိကြောင်း၊ ပို့ရောက် လျှောက်ထားကာလ စစ်ဆေး၍ ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို စီရင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့[၁]။

အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၈။ ။ ပိဿလိမ်းကန္နီဆိပ်တွင် လှေကိုတိုက်ခိုက်သူ စာရင်းပါ ဓားပြတို့ စီရင်စုနယ်တွင် ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ သာယာဝတီနယ်တွင် လှေစီး ငထွန်းအောင်နှင့် သားမယား ယောက္ခမပါ လူ ၁၀ တို့ကို တိုက်ခိုက်သတ်ဖြတ်သူတို့ကို ပခုက္ကူ အစိုးရတို့က ဖမ်းဆီးရမိကြောင်း ကြားသိရ၍ ပခုက္ကူ အစိုးရတို့ကို မေးလျှင် နေရာကျသိရန် ရှိကြောင်း။ သေသူတို့ စာရင်းကိုလည်း ပေးလိုက်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ လှေစီး ငထွန်းအောင်နှင့် သားမယား ယောက္ခမပါ လူ ၁၀ တို့ကို သတ်ဖြတ်သူများကို တရုတ်မြို့ဝန်က ဖမ်းဆီးပို့အပ် စစ်မေးရာ မှန်ကြောင်း အစစ်ခံသောကြောင့် အပြစ်အလျောက် အကျဉ်းချထား စီရင်ရှိကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ သီပေါစော်ဘွားက စော်ဘွားဟောင်း မောင်သာမြတ်ကို သံစုံသေတ္တာ အဝယ်အယူ စေခိုင်းသည်၊ မခိုင်းသည်ကို မေးမြန်း၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့[၁]။

သီပေါစော်ဘွား မေးချက်။

၁၂။ ။ စော်ဘွားဟောင်း မောင်သာမြတ်ကို မည်သည့်ကာလမှ သံစုံသေတ္တာ အဝယ်အယူ အမှာမထား မရှိဖူးကြောင်း၊ အဘစော်ဘွားကြီး လက်ထက်က မှာထားသည် မမှာထားသည်ကို မသိကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ သီပေါစော်ဘွားက မောင်သာမြတ်ကို သံစုံသေတ္တာ အဝယ်အယူ အမှာအထား မရှိဖူးကြောင်း၊ အဘစော်ဘွားကြီး လက်ထက်က အမှာအထား အဝယ်အယူ ရှိဖူးသည် မရှိဖူးသည်ကို မသိကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ ရွှေတောင် နမယ်နယ်ကြားတွင် အခွန်ငွေများ တိုက်ခိုက်ထွက်ပြေး၊ တောင်တွင်းကြီးမြို့ ထောင်တွင် ချထားသူ ဓားပြ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ အကြောင်းအရာကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု။

တောင်တွင်းကြီး မြို့ဝန်က လွှတ်တော်လျှောက်စာ။

၁၅။ ။ တောင်တွင်းကြီးမြို့ ထောင်တွင် အခွန်ငွေကို တိုက်ခိုက်သူ ဓားပြတို့ မရှိ၍ အကျဉ်းခံရဖူးသူ အမည်တူ ငစံ၊ မယား မိပု၊ ငမြတ်သင်းတို့ကိုသာ ပို့အပ်သည့် အကြောင်းအရာ။

---

၁။ ၁ နိုဝင်ဘာ ၁၈၇၂ ၂။ ၂၀ အောက်တိုဘာ ၁၈၇၂ ဖြစ်မည်။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ရွှေတောင် နမယ်နယ်ကြားတွင် အခွန်ငွေများကို တိုက်ခိုက်သူတို့ တောင်တွင်းကြီးမြို့ ထောင်တွင် မရှိကြောင်းနှင့် ယခု မြို့ဝန်၊ မြို့ဝန်ဟောင်းတို့က လျှောက်ထားရှိကြောင်း။

---

## ၂၀၅ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ လေ့စီး ထွန်းအောင်နှင့် သားမယားတို့ကို သတ်ဖြတ်သူ ၆ တို့ကို အကျဉ်းချထားရှိသည် ကြားသိရကြောင်း၊ ၎င်းတို့နှင့် အပေါင်းပါလူတို့ကို ထောက်လှမ်း၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အကျဉ်းချထားသူ လူ ၆ တို့ကို ထပ်မံမေးရာ လေ့စီး ထွန်းအောင်နှင့် သားမယားပါ လူ ၁၀၊ လေ့ကျဉ်းလူ ၆ ပြင် လေ့ကြုံစီးလူ တစ်ဦးတစ်ယောက်မှ မပါကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ မြန်အောင်နယ် ပေါနရွာဆိပ်တွင် လေ့တိုက်စားပြ ငကံကြီး သိသူတို့ကို ခေါ်ခဲ့မည် ဖြစ်ပါ၍ ငကံကြီးကို ဆင့်ဆို အသင့်ခေါ်ထားပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

အင်္ဂလိပ်အရေးပိုင်နှင့် လွှတ်တော်သို့ ပါလာသူ ငပိုင်း၊ ငဘဲ၊ ထွန်းအောင်တို့ အစစ်ခံချက်။

၄။ ။ ယခုပြသည့် ငကံကြီးဆိုသူ အမည်ရင်း မဟုတ်၊ ၄ မျက်နှာမြို့နေ ငရွှေကျူ ဖြစ်ကြောင်း။ ၎င်းသူ ခြောက်ဆယ်ရွာသူကြီး ငကျော်၊ လူဘော၊ ကြောရိုးတို့နှင့် ပေါင်းသင်းသူဖြစ်ကြောင်း။ ပေါနရွာ၊ စစ်ကျွန်းရွာ ဆိပ်ကမ်းရှိ လေ့များ တိုက်ခိုက်ရာတွင် ပါသည် မပါသည်ကို မသိကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

ငကံကြီး အစစ်ခံချက်။

၅။ ။ ကျွန်တော် အမည်ရင်းမှာ ငကျူလည်းခေါ် ငကံကြီးလည်း ခေါ်ကြောင်း၊ တောင်းစာတွင် ငကျော် ပါသောကြောင့် ငကျော် မဟုတ်ကြောင်းကိုသာ ပြောဆိုကြောင်း၊ ငကျော်တို့နှင့် ပေါင်းသင်း မတိုက်ခိုက်ရကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

ခြောက်ဆယ်သူကြီးဟောင်း ငကျော် အစစ်ခံချက်။

၆။ ။ ၄ မျက်နှာမြို့နေ ငကျူ၊ လူဘော၊ ကြောရိုးတို့ နိုင်ငံတော်နေ ငရွှေလင်း၊ ငရွှေဘိုး၊ ငရန်ကင်း၊ ငစံထွန်းတို့နှင့် ပေါင်းသင်း၍ စစ်ကျွန်းရွာဆိပ် လေ့ကို တိုက်ခိုက်ကြောင်း။ ၎င်းတို့အနက် ငရွှေလင်းမှာ တိုက်ရာတွင် သေဆုံး။ ငရွှေဘိုး၊ ငစံထွန်းတို့မှာ အင်္ဂလိပ်မင်းက အကျဉ်းချထားကြောင်း။ ကျွန်တော်နှင့် ငရွှေကျူ၊ လူဘော၊ ကြောရိုးတို့မှာ နိုင်ငံတော် သောင်တင်းကြီး လေ့တော်တွင် အမှုထမ်းကြကြောင်း။ ငရန်ကင်းမှာ ၎င်းအစ်ကို အိမ်တွင် နေထိုင်ကြောင်း။

---

၁။ ၄ နိုဝင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ၄ မျက်နှာမြို့ ခြောက်ဆယ်ရွာ သူကြီးဟောင်း ငကျော်နှင့် ၄ မျက်နှာမြို့နေ ငရွှေကျူ၊ လူဘော၊ ကြောရိုးတို့ကို မဟာမိတ်စာချုပ်အရ ပေးအပ်သင့်သည့်အတိုင်း အလိုရှိသည့် နေ့ရက်တွင် ပေးအပ်မည့်အကြောင်း။ ငရန်ကင်းကို ဖမ်းဆီးပို့အပ်ရမည် ဆိုင်ရာသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ် ကုန်သည်ကြီး စတိုဝက်က ဗန်းမော်မြို့တွင် ရောင်းဝယ်စဉ် ထမ်းဆောင်သင့် အခွန်တော်ကျန်ငွေ ၁၂၅ိ တစ်မူး ၂ ပဲ့များကို ပို့ရောက်သည့်အတိုင်း ပေးပို့လာစေကြောင်း။ ရကြောင်းကို လက်မှတ်စာ ပေးပါမည့်အကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အင်္ဂလိပ် ကုန်သည်ကြီး စတိုဝက် ထမ်းဆောင်သင့် ကျန်အခွန်ငွေ ၁၂၅ိ တစ်မူး ၂ ပဲ့ကို ငချိန် ပို့ရောက်ရရှိကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဝတာနက် ကမ္ဗဏီနှင့် အင်ဂျီဝတာနက်တို့က ရရန်ငွေ ၁၅၆ိ ရှိကြောင်း တွဲဖက်ရုံးတွင် စွဲလျှောက်ချက်ရှိသူ ကုလားဝန်ကတော် မပုကို တန်းတွင်ချုပ်ထား၍ လာရောက်ပြောဆိုခွင့် မရလျှင် ကိုယ်စားလှယ်စေလွှတ် ရှင်းလင်းစေအောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကုလားဝန်ကတော် မပု၊ လင် ကုလားဝန်ရှိရာ တောင်ငူမြို့သို့ လိုက်သွားသည်ဖြစ်၍ ယခု မဆင့် မဆိုနိုင်ကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ခြောက်ဆယ်သူကြီးဟောင်း ဓားပြ ငကျော်၊ ငရွှေကျူ၊ လူဘော၊ ကြောရိုးတို့နှင့် ကျွဲနွားခိုး လုံးတို့ကို တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ အကျဉ်းပို့ပါမည့် အကြောင်းအရာ။ အထက်ကပို့သူ ပြေည့်အောင်တွင် စွဲပါသည့် ခြေချင်းကို ပြန်ပို့လိုက်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ပို့အပ်မည် ရှိသည့်အတွင်း ခြောက်ဆယ်သူကြီးဟောင်း ငကျော် ထွက်သွားရှိ၍ ထောက်လှမ်းဆဲရှိကြောင်း။ ငရွှေကျူ၊ လူဘော၊ ကြောရိုးတို့နှင့် လုံးတို့ကို ပို့အပ်လာစေကြောင်း။ ငကျော်ကိုလည်း ဖမ်းဆီးရမိ၍ ယခုနေ့ ပို့လာစေကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[၁]။

ဇန္တာဝတီ၊ ဂေါရင်ဘတ်တို့က သံတော်ဦးတင်စာ။

၁၄။ ။ အမိန့်တော်မြတ်နှင့် စာချုပ်ဆို၍ သစ်တော်များကို ခုတ်လုပ် ထုတ်ယူရာ အထက် သစ်တောဝန်နှင့်

---
၁။ ၉ နိုဝင်ဘာ ၁၈၇၂

မြိဇာမန္တလီတို့က ရန်ကုန်မြို့မှာ တစ်ကြိမ်က နှစ်ကြိမ် တရားစွဲဆို ရှုံးနိမ့်ခံရပါ၍ ၎င်းတို့နှင့် ရွှေစက်တော်အောက် မှန်ရာ ဖြစ်ပါရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၅ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်ကြီး ပေးစာ။

၁၅။ ။ မြိဇာမန္တလီကို သစ်မှုစကား ရှင်းလင်းရန် ရွှေဘွားတော်အောက်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မြိဇာမန္တလီကို သစ်မှုစကား ရှင်းလင်းရန် ရွှေဘွားတော်အောက် စေလွှတ်လာရောက်အောင် သင့်ရာစာပေးမည့် အကြောင်း။ အရေးပိုင်ကြီးထံ ပေးရန်စာကိုလည်း ပို့လာစေကြောင်း။ အရေးပိုင်ကြီးထံ ပေးရန်အလျင် ပို့ပြီးစာကို ပြန်အပ်လိုက်မည့် အကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ ပြည်မြို့နှင့် ရွှေတောင်မြို့အကြား နမယ်တွင် အခွန်တော်ငွေများ တိုက်ခိုက်သူ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ကို မင်းလှ ထောင်တွင် အကျဉ်းချထားရှိကြောင်း ကြားသိရ၍ ဆင့်ဆိုထောက်လှမ်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်နေ့[၂]။

အောက်မြစ်စဉ် စစ်ကဲတို့သို့ လွှတ်တော်က ပေးမှာစာ။

၁၈။ ။ ရွှေတောင်မြို့၊ ပြည်မြို့အကြား နမယ်တွင် တိုက်သည့် ဓားပြ ငလှိုင်း၊ ငစံ၊ ငမြတ်သင်းတို့ကို အကျဉ်းချထားရှိလျှင် ရွှေဘွားတော်အောက် အကျဉ်းပို့လာစေရမည့် အကြောင်း။ မရှိလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၉။ ။ ဖန်းခါးပင်ရွာနှင့် မြန်အောင်မြို့ အကြားတွင် မိရွှေမိကို ဓားနှင့် ထိုးသတ်ထွက်ပြေးသူ ငရွှေကြုတ် မြန်မာအစိုးရမင်းများထံ အမှုထမ်းရွက် ရှိနေကြောင်း ကြားသိရ၍ ဖမ်းဆီးပို့အပ်သာအောင် ပုံစံနှင့်တကွ ပို့လိုက်သည့် အကြောင်းအရာ။

---

## ၂၀၆ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ မိရွှေမိကို ဓားနှင့် ထိုးသတ်ထွက်ပြေးသူ ငရွှေကြုတ်ကို ဆင့်ဆိုမေးမြန်း ထောက်လှမ်းမရရှိကြောင်း။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အာဆရဒင်က ကာလီဘား အပေါ်တွင် ဒီဂရီ စီရင်ချက်အရ ငွေ ၃၈ဒိ-၄ ပဲကို ပေးဆပ်နိုင်အောင်၊ ကာလီဘားက အတွင်းတော်မှာ ရရန်ငွေ ၉ဝိ ကို တောင်းခံပေးပါမည့် အကြောင်း။

---

၁။ ၁၅ နိုဝင်ဘာ ၁၈၇၂ ၂။ ၁၁ နိုဝင်ဘာ ၁၈၇၂ ၃။ ၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ဖြစ်မည်။ ၄။ ၁၆ နိုဝင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၁]။

စက်ရုံတော် အမှုထမ်း ကာလီဘား အစစ်ခံချက်။

၃။ ။ အာဆရဒင်သို့ ပေးရန်ငွေ ၃၈ဒိ–၄ ပဲကို ပေးစေ စီရင်ချက်ကို ခံရဖူးသည် မရှိကြောင်း၊ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းကျ မဟုတ်ကြောင်း၊ ကျွန်တော် မရှိခိုက် တစ်ဖက်သတ် ဝရမ်းကပ်သည်ဆို၍ သိမ်းယူသည့် ပစ္စည်းများ မရသေးကြောင်း၊ ဒီဂရီ စီရင်ချက်ကိုလည်း သဘောမတူကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကာလီဘားနှင့် အာဆရဒင်တို့ အမှုစကားကို ကာလီဘားမှာ မြန်မာ ကျွန်တော်မျိုးဖြစ်၍ မြို့သာဝန် စာရေးတော်ကြီးနှင့် စုံညီစစ်ဆေး စီရင်သင့်ကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၂၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ကြေးနန်းကြိုး ဥပဒေနှုန်းများကို ပေးပို့ပါကြောင်း၊ မြန်မာအစိုးရမင်းများက ကြေးနန်းဆရာတစ်ယောက် အလိုရှိသည့် အကြောင်းကိုလည်း အင်္ဂလိပ် အစိုးရမင်းများထံ အစီရင်ခံသာအောင် စာပြန်ပါမည့် အကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဘာသာရေး ကြေးနန်းကြိုးနှင့်တကွ ကိရိယာစုံ ၃၊ မြစ်ကူးကြေးနန်းကြိုးနှင့်တကွ ကိရိယာစုံ ၃ စီ အလိုရှိ၍ ဝယ်ယူလျှင် ရွှေဘွားတော်အောက်ရောက် အဖိုးစရိတ် မည်မျှ၊ ကြေးနန်းဆရာကြီးတစ်ယောက်ကို ငှားရမ်းခေါ်ယူလျှင် လခစရိတ် မည်မျှ ပေးကမ်း ကျကုန်မည်များကို မှာထား၍ ကြေးနန်းတောင်ရှည် မည်မျှလျှင် အဖိုးနှုန်း မည်မျှနှင့်တကွ စာပြန်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၁၂ ရက်နေ့။

သရက်မြို့ အရေးပိုင်က ခန်းပတ်မြို့စားမင်းကြီး ပေးစာ။

၇။ ။ ရွှေမော်ဓောဘုရား ဓာတ်ပုံကို ပေးပို့ပါကြောင်း၊ ရကြောင်းကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[၃]။

ခန်းပတ်မြို့စား မင်းကြီးက သရက်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ရွှေမော်ဓောဘုရား ဓာတ်ပုံ ၂ ကို ပို့လိုက်ကြောင်း စာနှင့်တကွ ရရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ မကျန်းမာ၍ အညာသိမ်တော အရပ်သို့ အလည်အပတ် လေညင်းခံ ဆန်တက်လို၍ တားဆီးနှောင့်ယှက် မရှိရအောင် နယ်ရှင်တို့ကို ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

စမွါယ်နဂိုရ် မြို့အုပ်သို့ပေး စာချွန်လက်ခံ။

၁၀။ ။ အင်္ဂလိပ်အရေးပိုင် အလည်အပတ်လာရာ တားဆီးမရှိစေရ၊ အလိုရှိရာ ဝယ်ခြမ်း ငှားရမ်းနေထိုင် သွားလာ စေရမည့် အကြောင်းအရာ။

---

၁။ ၄ နိုဝင်ဘာ ၁၈၇၂ ၂။ ၁၆ နိုဝင်ဘာ ၁၈၇၂ ၃။ ၂ ဒီဇင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၂ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မိုဇယ်အီကိုဟင်နှင့် အီအီကိုဝင်း၊ ဟိုဆေးနာလီတို့ လက်မှတ်ထိုး ပြီးငြိမ်းပြီး ငွေမှုစကား ထပ်မံလျှောက်ချက်ကို နေရာကျ ပြီးပြတ်လွယ်အောင် စစ်ဆေးပြုလုပ်ပါမည့်အကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။

ဟိုဆေးနာလီ အစစ်ခံချက်။

၁၂။ ။ အီအီကိုဟင်သား အီအီကိုဝင်းတို့ထံ ငွေ ၇၀၀ဝ ကျော် ရရန် အမှုမှာ ဘင်္ဂလားမြို့တွင် ဖြစ်ပျက်ခဲ့ရင်း မှန်ကြောင်း။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့[၁]။

တရားနားခံတို့ကို ဆင့်ဆိုချက်။

၁၃။ ။ အီအီကိုဝင်းနှင့် ဟိုဆေးနာလီတို့ ငွေမှုစကားကို လက်ခံစစ်မေး မရှိစေရမည့် အကြောင်း။

၁၂၃၄ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အီအီကိုဝင်းနှင့် ဟိုဆေးနာလီတို့ ငွေမှုစကားကို လက်ခံစစ်မေး မရှိစေရ တရားရုံးတော်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၂ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ထွန်းဖျော်က ငမြိုင်၊ ကောစံတို့တွင် ရရန် ဖြတ်စာထွက်ငွေ ၈၅ ၅၂းကို မပေး မရရှိကြောင်း လျှောက်ထားရှိ၍ ဆင့်ဆိုတောင်းခံပေးပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့[၂]။

၁၆။ ။ ထွန်းဖျော်သို့ ငမြိုင်၊ ကောစံတို့က ပေးရန် ဖြတ်စာထွက်ငွေ ၈၅ ၅၂းကို ၆၀ နှင့် နှစ်ဦးသဘောတူ ပေးကမ်းပြေငြိမ်း ရှိကြကြောင်း။

၁၈၇၂ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ ပါနတ်မြို့သား အမြိတာလီကို အင်္ဂလိပ် ကျွန်တော်မျိုးဖြစ်၍ မြန်မာဘုန်းကြီးနှင့် မဟာဒါန်ဝန်တို့က ဆင့်ဆိုချေါ် မရှိရအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ထံ အမြိတာလီက လျှောက်စာ။

၁၈။ ။ မြန်မာဘုန်းကြီးနှင့် မဟာဒါန်ဝန်တို့က ရခိုင်ဘုရားကြီး ကျွန်သီးတော်မလင် ဖြစ်သည်ဆို၍ ဆင့်ဆိုချေါ် ရှိသောကြောင့် အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချမှန်သည့်အတိုင်း လက်မှတ်ပေးပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အမြိတာလီ အကြောင်းကို ဝတ်မြေဝန်ကို မေးရာ ဘကြီးတော်ဘုရားလက်ထက် ရွှေကွန်ချာအုပ် ဘုရား ကျွန်သီးတော်မ မိစီနှင့် မယားလင်ဖြစ် ပေါင်းဖက် နှစ်အရှည် ထမ်းရွက်သူဖြစ်ကြောင်း။ ယခု ကျောက် တော်ကြီးဘုရားမှာ ထမ်းရွက်စေရာ ဖြောင့်ဖြောင့်ရိုးရိုး မထမ်းမရွက်သည်သာမက အရေးပိုင် ခေါ်မှ လိုက်မည် အတင်းအမာ ပြောဆိုရှိကြောင်းများနှင့် လျှောက်ထားရှိသောကြောင့် ဆံထုံးနောက် သျှောင်ပါ အစုအမှုထမ်းဖြစ်၍ အမြိတာလီကို ဝတ်မြေဝန်က ဆင့်ဆိုမြဲ ဆင့်ဆိုစေမှ သင့်မည့် အကြောင်းအရာ။

---

၁။ ၂၇ နိုဝင်ဘာ ၁၈၇၂ ၂။ ၇ ဒီဇင်ဘာ ၁၈၇၂ ၃။ ၁၀ ဒီဇင်ဘာ ၁၈၇၂

## ၂၀၇ မှတ် ပုရပိုက်ထွက်။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ရတနာပုံ အကောက်တိုက်က ကောက်ပြီး လက်မှတ်ပါ ဗန်းမော်မြို့သို့တင် ကုန်များကို ဗန်းမော်မြို့က လွှတ်တော်စာ မပါ ဆို၍ ထပ်မံ မကောက်မခံသင့်ကြောင်း။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[1]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရတနာပုံ အကောက်တော်ပြေစာ လက်မှတ်ပါသည့် ကုန်များကို ထပ်မံ ကောက်ခံမရှိစေရအောင် ဗန်းမော်မြို့ဝန်သို့ မှာထားဆင့်ဆိုမည့် အကြောင်းအရာ။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ရတနာပုံ အကောက်တော်ပြေစာ လက်မှတ်ပါသည့် ကုန်များကို ထပ်မံကောက်ခံ မရှိစေရမည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။**

**၁၈၇၂ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ရေနံချောင်း လေးမြို့ဝန်နှင့် မေဒဝင်ချစ်တီးတို့ ငွေမှုစကား ပြောဆိုရာ နေရာကျ ပြောဆိုရှင်းလင်းနိုင်မည့်သူ ရေနံချောင်း ၄ မြို့ဝန် ကိုယ်စားလှယ် ဒုတိယ တရားခံ ငပေါကို လာရောက်ရှင်းလင်းအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[1]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ရေနံချောင်း ၄ မြို့ဝန် ငွေမှုစကားကို ကိုယ်စားလှယ် ငပေါ စေလွှတ်၍ ရှင်းလင်းစေရမည် ၄ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့။**

**၁၈၇၂ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမြို့စား မင်းကြီးထံ ပေးစာ။

၆။ ။ စစ်ကိုင်းမြို့ ဥမ်းရုံတွင် တရုတ်ကုန်သည် ငစစ်ခို ဝယ်ယူရှိသည့် ဥမ်းများကို မဟာမိတ်စာချုပ်အရ တားဆီးမရှိ ထုတ်ယူပါစေမည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[1]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ငစစ်ခို ဥမ်းများကို တားဆီးမရှိ ထုတ်ယူစေရမည် စစ်ကိုင်းမြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

**၁၂၃၄ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။**

ငမြတ်မင်း အစစ်ခံချက်။

၈။ ။ ကျွန်တော်ကို စားပြမှုနှင့် တောင်ငူမြို့ အရေးပိုင်က ထောင်အကျဉ်းချထားရာမှ ထွက်လာရာ၊ ဝါးနွယ်ခုံမြို့ သူကြီးက လွှတ်တော်သို့ ပို့အပ် အစစ်အမေး ခံရသည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့[2]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ငမြတ်မင်းကို မေးရာ တောင်ငူမြို့ထောင် အကျဉ်းမှ ထွက်လာကြောင်း ဖြောင့်ဆို အစစ်ခံသည်ဖြစ်၍ အလိုရှိသည့်နေ့ ပေးအပ်မည့် အကြောင်းအရာ။

---

၁။ ၁၄ ဒီဇင်ဘာ ၁၈၇၂ ၂။ ၁၀ ဒီဇင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့[၁]။

တောပေ အစစ်ခံချက်။

၁၀။ ။ ၄ မျက်နှာမြို့တိုက် ဓားပြ ငရန်ကင်း မည်သည့်အခါမှ အိမ်တွင် မနေထိုင်ဖူး၊ လက်မခံဖူးကြောင်း၊ ညီအစ်ကိုရင်းချာလည်း မဟုတ်ကြောင်း၊ ငရန်ကင်း မည်သည့်မြို့ရွာတွင် နေသည် မသိကြောင်း၊ ငရန်ကင်းကို မအပ်နိုင်၍ ပို့အပ် အစစ်အမေး ခံရကြောင်း။

၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ဓားပြ ငရန်ကင်းကို လက်ခံဆိုသူ ရေနံချောင်းမြို့နေ တောပေကို မေးရာ ငရန်ကင်းကို လက်မခံဖူးကြောင်း၊ ညီအစ်ကိုရင်းချာ မဟုတ်ကြောင်း၊ မည်သည့်မြို့ရွာတွင် နေထိုင်သည်ကို မသိကြောင်းများနှင့် အစစ်ခံ ထွက်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့။

၁၈၇၂ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ မြိဇာမဏ္ဍလီ၊ ဇန္တာဝတီ၊ ဂေါရင်ဘတ်တို့ သစ်တောစာချုပ် လက်မှတ်မှာစာရေ ၉ သည် လွှတ်တော်၊ ဖြတိုက်တော်များတွင် ချုပ်လုပ် ရေးသားသည် မှန် မမှန် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မြိဇာမဏ္ဍလီ၊ ဇန္တာဝတီ၊ ဂေါရင်ဘတ်တို့ စာချုပ် မှာစာ ၉ များသည် လွှတ်တော်၊ ဖြတိုက်တော်များမှာ ချုပ်လုပ်ရေးသားသည့်စာ မှန်ကြောင်း။

၁၂၃၄ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

၁၈၇၂ ခု၊ ဩဂုတ်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ ပိဿလိမ်းကန္နီဆိပ် လှေတိုက်ရာပါ နိုင်ငံတော် ကန်လှရွာနေ ငပြား၊ ငရွှေဝင်း၊ ငမြတ်ရည်၊ သောဦး တို့ကို အစစ်ခံရင်းသူများ မစေလွှတ်သော်လည်း ခံဝန်သူနှင့် မလွှတ်ထားသင့်ကြောင်း။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ပိဿလိမ်းကန္နီဆိပ် လှေတိုက်ဓားပြ ငပြား၊ ငရွှေဝင်း၊ ငမြတ်ရည်၊ သောဦးတို့ကို စစ်မေးရန် အစစ်ခံရင်းသူများ လွှတ်ပါမည့် ပေးစာအရ ထပ်မံချုပ်ထားရာ မစေလွှတ် လရက်ကြာပြီဖြစ်၍ အကျဉ်းမှ လွှတ်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၂ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ နားခံဟောင်း ငသိုင်းကို တိုက်ခိုက်သတ်ဖြတ်သည့် ဓားပြများအနက် ဖမ်းဆီးရမိသူ ငသန့်၊ ငအေး၊ ငကျော်သောင်းတို့ကို ပခန်းကြီးဝန် စစ်မေးသိသာရှိကြောင်းနှင့် စာရောက်၍ အရေးပိုင်ကြီးထံ အစီရင်ခံသာအောင် အမိန့်တော်ခံပြီးလျှင် နေရာကျ စာပြန်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ နားခံဟောင်း ငသိုင်းလှေကို တိုက်ခိုက်သူတို့အနက် ကြောစည်ကျွန်းအုပ်ဟောင်း ငကျော်သောင်းနှင့်

---

၁။ ၉ ဒီဇင်ဘာ ၁၈၇၂ ၂။ ၁၀ ဒီဇင်ဘာ ၁၈၇၂ ဖြစ်မည်။ ၃။ ၁ ဇန်နဝါရီ ၁၈၇၃

ငအေးတို့ကိုသာ ဖမ်းဆီးရမိ စစ်မေးရာ ကွယ်ဆိုရှိသောကြောင့် ထောက်လှမ်းရင်းလူတို့နှင့် တိုက်ဆိုင် စစ်မေးမည်၊ ကျန်လူတို့ကို ထောက်လှမ်းဆဲ ဖြစ်ကြောင်း။

၁၂၃၄ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၂ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၈။ ။ အင်္ဂလိပ်မင်းပိုင် တောင်ငူမြို့ ထောင်အကျဉ်းက ထွက်ပြေးလာ၍ ဖမ်းဆီးချုပ်ထားသူ ငမြတ်မင်းကို ၁၂၃၄ ခု ပြာသိုလဆန်း ၆ ရက်နေ့၊ အကျဉ်းပို့ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့[၁]။

ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ဖမ်းဆီးချုပ်ထားသူ ငမြတ်မင်းကို အကျဉ်းပို့အပ်လာစေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၂ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂၀။ ။ ပိဿလိမ်းကန္နီဆိပ် လှေတိုက်ရာပါ ငစီလေး၊ ငရွှေဘဲတို့ အပေါင်းပါ လူ ၂၀ နှင့် တိုက်ကြောင်း ထွက်ဆိုချက်အရ အပေါင်းပါ အင်္ဂလိပ် ကျွန်တော်မျိုး ငမြိုင်ကို ဆင့်ဆိုပေးအပ်သာအောင်၊ စီရင်သင့်သူ တို့ကို စီရင်သာအောင် နိုဝင်နေရပ်၊ အစစ်ခံချက်များကို ပေးပို့သည့် အကြောင်းအရာ။

---

## ၂၀၈ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

မလွန် ၃ မြို့ဝန်၊ အောက်မြစ်စဉ် စစ်ကဲတို့က လွှတ်တော်လျှောက်စာ။

၁။ ။ ကျောက်တိုင်တောင်ဘက် ပိဿလိမ်းကန္နီ လှေတိုက်ဓားပြ ငဥ၊ ငပေစော့၊ ငကာတို့ကို ၎င်းတို့ အစစ်ခံချက် နှင့် တကွ အကျဉ်းပို့အပ်သည့် အကြောင်းအရာ။ ငမြိုင်မှာ အဖျားရောဂါ သက်သာမှ ပို့အပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့[၁]။

ငကာ အစစ်ခံချက်။

၂။ ။ သရက်မြို့၊ ခတက်ပင်ရွာတွင် ထာဝရနေထိုင်သည့် အကြောင်းအရာ။ ငစီလေး၊ ငရွှေဘဲတို့ ငကြွတူတော်သူ ၂ ကို သတ်ဖြတ်ကြောင်း ကျွန်တော်သိသည်နှင့် ပြောဆိုမည်ကိုသိ၍ အင်္ဂလိပ်အရေးပိုင်ထံ ထွက်ဆိုခြင်းသာ ဖြစ်သည့် အကြောင်းအရာ။ မည်သည့်အခါမှ ဓားပြ မတိုက်မခိုက်ဖူးသည့် အကြောင်းအရာ။ ငစီလေး၊ ငရွှေဘဲတို့ကိုလည်း အင်္ဂလိပ် အရေးပိုင်က ပြစ်ဒဏ်မစီရင် ရှိနေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

ငပေစော့ အစစ်ခံချက်။

၃။ ။ သရက်မြို့ အစ်ကိုငမှုန် အိမ်တွင် နေထိုင်သည့် အကြောင်းအရာ၊ ပိဿလိမ်းကန္နီဆိပ် လှေတိုက်ခိုက်မှုကို အစစ်ခံမှ ကြားသိရသည့် အကြောင်းအရာ၊ ကျွန်တော်တို့ မည်သည့်အခါကမှ ပိဿလိမ်းကန္နီဆိပ်တွင် လှေကို မတိုက်မခိုက်ရဖူးသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

ငဥ အစစ်ခံချက်။

၄။ ။ ၂ မှတ်ပါ ငကာ အစစ်ခံထွက်ချက်နှင့် အကြောင်းအရာ တူ။

---

၁။ ၄ ဇန်နဝါရီ ၁၈၇၃ ၂။ ၂၀ နိုဝင်ဘာ ၁၈၇၂

၁၂၃၄ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ငစီလေး၊ ငရွှေဘဲတို့ကို အင်္ဂလိပ် အစိုးရတို့က မစီရင် လွှတ်ထားကြောင်းနှင့် ငကာ၊ ငဥ၊ ငပေဇော့တို့ အစစ်ခံသည့်အတိုင်းမှန်လျှင် ငကာတို့ကို အကျဉ်းမှလွှတ်မည့် အကြောင်းအရာ။ ငစီလေး၊ ငရွှေဘဲတို့ကို ချုပ်ထားရှိလျှင် ဆင့်ဆိုစေလွှတ် တိုက်ဆိုင်စစ်မေးရမှ နေရာကျရန်ရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၂]။

၁၈၇၂ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ထိန်တောနယ်တွင် လေ့စီး ငထွန်းအောင်နှင့် သားမယားပါ လူ ၁၀ တို့ တိုက်ခိုက်သတ်ဖြတ်သူ ၆ တို့ကို နှစ်ကာလမည်မျှ ထောင်အကျဉ်း စီရင်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့။

မိုးကောင်းမြို့ဝန်သို့ ပေးမှာစာ။

၇။ ။ လေ့စီး ငထွန်းအောင်တို့ကို တိုက်ခိုက်သတ်ဖြတ်သူ ငမညီ၊ ငထွန်းအောင်၊ ငဆိုးတို့ကို အထက်လူတို့နည်း ထိန်းထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ လေ့စီး ငထွန်းအောင်နှင့် သားမယားပါ လူ ၁၀ တို့ တိုက်ခိုက်သတ်ဖြတ်သူ လူ ၆ တို့ကို မိုးကောင်းမြို့သို့ ပို့၍ ထောင်တစ်သက် အကျဉ်းချထား စီရင်ကြောင်း။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့။

မိုးကောင်းမြို့ဝန်သို့ ပေးမှာစာ။

၉။ ။ လေ့စီး ငထွန်းအောင်တို့ကို သတ်ဖြတ်ရာပါ ဓားပြ ငတိုး၊ ငဆန်း၊ ငဘိုးဦးတို့ကို အထက်လူတို့နည်း ထိန်းသိမ်းထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ မြဲဇာမဏ္ဍလီ၊ ဒူကနီ၊ ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ ခံဝန်စာချုပ် လက်မှတ်စောင်ရေ ၄ များသည် လွှတ်တော် ရုံးတော်မှာ ချုပ်လုပ်သည့်စာချုပ် ဟုတ် မဟုတ် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် စာရေးနှင့် ၎င်းမြို့ခံတို့ မေးချက်။

၁၁။ ။ မြဲဇာမဏ္ဍလီ၊ ဒူကနီ၊ ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ ခံဝန်စာချုပ် လက်မှတ်များကို လွှတ်တော်မှာစာအရ ၂ မြို့ဝန်က ရုံးတံဆိပ် ခတ်မှတ်စေ၍ ဂေါ်ရင်ဘတ်တို့သို့ ပေးအပ်ရသည်မှန်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ မြဲဇာမဏ္ဍလီ၊ ဒူကနီ၊ ဂေါ်ရင်ဘတ်တို့ ခံဝန်စာချုပ်များမှာ တောင်ငူမြို့ရုံးတွင် ချုပ်ဆိုသည့် စာချုပ်အမှန်ဖြစ်သည့် အကြောင်းအရာ။

---

၁။ ၇ ဇန်နဝါရီ ၁၈၇၃ ၂။ ၁၂၃၄ ခု၊ နတ်တော်လဆန်း ၉ ရက် ဖြစ်မည်။ ၃။ ၂၂ ဇန်နဝါရီ ၁၈၇၃

၁၂၃၄ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ ဘင်္ဂလားမြို့သို့ ပညာတော်သင် စေလွှတ်သူများအနက် မည်မျှပြန်၍၊ မည်မျှကျန်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဘင်္ဂလားမြို့မှာ ပညာတော်သင်များ မကျန်မရှိ၊ အကုန်ပြန်ရောက်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ကျွန်တော်မျိုး သေဘထား၊ လှိုင်း၊ စေိတို့ကို ဘင်္ဂလား၊ မဒရပ်၊ ဘုံဘိုင်မြို့များသို့ ပညာတော်သင် စေလွှတ်ရာ၊ အလိုရှိရာ ထွက်ဝင်ကြည့်ရှု သင်ကြားနိုင်အောင် သင့်ရာစာပေးမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ ၉ ခရိုင် ညောင်ပင်သာရွာတွင် ကုန်သည် အင်္ဂလိပ် ကျွန်တော်မျိုး အာစစ်ကို ငရိုင်းက သမီးနှင့် ထိမ်းမြားမည်ဆို၍ အသွင်းငွေ ၈ဝ ကျော် ခံယူသုံးစားပြီးမှ မထိမ်းမြားရှိသောကြောင့် တရားစွဲဆို မီးပြိုင်ကြရာ၊ တရားခံမီးတိုင်လဲသွားလျက် အာစစ်က စွပ်ပြစ်ငွေ၊ စရိတ်ငွေ ၂ ရပ် ထပ်မံပေးရဦးမည် အချုပ်အကိုင် ပြုလုပ်ခံနေရသည့် အမှုကို နေရာကျပြုလုပ် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၁၃ ရက်နေ့။

လွှတ်တော်က ဝန်ထောက်တော် မင်းကြီး မဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၁၇။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အာစစ်နှင့် ငရိုင်းတို့ အသွင်းဥစ္စာ ခံယူသုံးစားမှုကို ၉ ခရိုင် ခုံတော် စီရင်သည့်အတိုင်း ပြီးပြတ်သင့်လျှင် ပြီးပြတ်သင့်ကြောင်း၊ မပြီးပြတ်သင့်၍ သစ်လင်းစီရင်လျှင် မည်သို့စီရင် ပြီးပြတ်ကြောင်းများကို အသေအချာ အမှုအကြောင်းအရာကုန် နေရာကျ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့။

ဝန်ထောက်တော် မင်းကြီး မဟာရာဇသင်္ကြံက လွှတ်တော်လျှောက်စာ။

၁၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အာစစ်နှင့် ငရိုင်းတို့ အမှုကို သစ်လင်းမစီရင်ထိုက်၊ အထက် ၉ ခရိုင် ခုံတော် စီရင်ချက်အတိုင်းသာ ပြီးပြတ်သင့်သည့် အကြောင်းအရာ၊ အမှုအဆို ဆင်ခြေကောက်ချက်များကို တင်ပို့လျှောက်ထားသည့် အကြောင်းအရာ။

---

## ၂၀၉ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အာစစ်နှင့် ငရိုင်းတို့ အမှုစကားကို ၉ ခရိုင် ခုံတော် စီရင်ချက်အတိုင်း ပြီးပြတ်သင့်ကြောင်းနှင့် ဝန်ထောက်တော် မင်းကြီး မဟာရာဇသင်္ကြံက အမှုစီရင်ချက် အမှတ်အသားများနှင့် တကွ တင်ပို့လျှောက်ထားရှိကြောင်း။

---

၁။ ၁၉ ဇန်နဝါရီ ၁၈၇၃ ၂။ ၂၃ ဇန်နဝါရီ ၁၈၇၃

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မာမတ်ဟူဆင်ကို မည်သည့်အမှုရှိသည် မပြောမဆို မင်းလှ အစိုးရတို့က သဘော်ပေါ်မှ အတင်းခေါ်ငင် ခြေချင်းစွဲခတ်၊ လွှတ်တော်သို့ တင်ပို့၍ အချုပ်ခံနေရသည့် အကြောင်းအရာကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကုန်သည်တော် ငဘိုးမောင်၊ ငဆိုင်း၊ ငဘိုးသာ၊ ငညွန့်တို့ ကုန်ဖိုးငွေ ၇၄ဝ ကျော်ကို မပေး၊ တိတ်တဆိတ် ထွက်သွားကြောင်း လျှောက်ချက်အရ မာမတ်ဟူဆင်ကို ကြေးနန်းရိုက်ကြား ဆင့်ဆိုခေါ်ယူ လွှတ်တော်သို့ ပို့အပ်ခံဝန်သူ မပေးနိုင်၍ ချုပ်ထားသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့။

မာမတ်ဟူဆင် အစစ်ခံချက်။

၄။ ။ မင်းလှ အစိုးရတို့က တန်းတွင် ရက်ပေါင်း ၄ဝ ကျော် ချထားပြီးနောက် လွှတ်တော်သို့ ပို့အပ်ရာ ခံဝန်သူ မပေးနိုင်၍ အချုပ်ခံနေရသည့် အကြောင်းအရာ။ ငဘိုးမောင်၊ ငဘိုးညွန့်၊ ငဘိုးသာတို့ ကုန်ဖိုးငွေ ၇၄ဝ ကျော်ကို ထွက်ဝင်စာရင်းများ ကြည့်ရှုပြီးမှ ရှင်းလင်းနိုင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ရတနာပုံ အကောက်လက်မှတ်ရပြီး အင်္ဂလိပ် ကျွန်တော်မျိုး ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ကုန်များကို ဗန်းမော်မြို့ဝန်က အတင်းအကျပ် ချုပ်နှောင် ကောက်ခံရှိသည်ကို ဆင့်ဆိုမေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့။

ဗန်းမော်မြို့ဝန်၊ စစ်ကဲတို့သို့ ပေးမှာစာ။

၆။ ။ ရတနာပုံ အကောက်တော် ပြေစာလက်မှတ်ရပြီး တရုတ်ကုန်သည် ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ကုန်များကို ထပ်မံကောက်ခံမိလျှင် ပြန်ပေးရမည့် အကြောင်းအရာ၊ မကောက်မခံမိလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ တရုတ်ကုန်သည် ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ကုန်များကို ထပ်မံကောက်ခံမိလျှင် ပြန်ပေး၍ အကြောင်းအရာကို လျှောက်ထားရမည်၊ ဗန်းမော်မြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၆ ရက်နေ့[၂]။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံပေးစာ။

၈။ ။ ရေနံချောင်း ၄ မြို့ဝန်ကို တွဲဖက်ရုံးတွင် သက်သေခံရန်ရှိ၍ လာရောက်အောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

---

၁။ ၂၃ ဇန်နဝါရီ ၁၈၇၃ ၂။ ၁၂၃၄ ခု၊ တပို့တွဲလဆန်း ၇ ရက် ဖြစ်မည်။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့။

အရေးပိုင်သို့ ပြန်ပေးစာ။

၉။ ။ မြန်မာတို့ ထုံးစံရှိရာ ရေနံချောင်း ၄ မြို့ဝန်က ရှုံးရေး နိုင်ရေးနှင့်တကွ လွှဲအပ်ရှင်းလင်း ပြောဆိုစေသူတို့နှင့်သာ တရားထိုက်သက်ရာ မေးစစ်စီရင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ နိုးရာပါ ဂါလစ္စတင် ကုမ္ပဏီပိုင် ဆင်မ ၁ မှာ မှားယွင်းသည့် ဆင်မ ၂ တွင် ပါရန်ရှိကြောင်း ဝန်ရှင်တော်မင်းကြီး ပြန်စာအရ ခိုးသူ၊ ဝယ်သူ ထင်ရှားရှိသည့်အတိုင်း ဆင်ရှင် အတော်အသင့် ကျေနပ်အောင် ပြုလုပ်လျှင် သင့်မည်ထင်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရောင်းသူ ထင်ရှားရှိလျှင် ဝယ်သူကို အပြစ်မစီရင်သင့်သည့်အတိုင်း ဆင်ခိုးယူရောင်းချသူ လှိုင်း၊ သံတိုင်၊ ပေါ်လာတို့ကို ဝယ်ရင်းငွေများ မပေးနိုင်၍ အချုပ်နှင့်ထားသည့် အကြောင်းအရာ။ လှိုင်း၊ သံတိုင်၊ ပေါ်လာတို့ကလည်း အပေါင်းပါ ကျောက်တိုင်တောင်ဘက်နေ မေးတို၊ ရွှေညှင်းတို့နှင့် အတူ ထိုက်သက်ရာ ပေးလျော်သင့်ကြောင်းနှင့် အစစ်ခံ ထွက်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ လောမြို့သူကြီး မောင်ကွန်ထံ အာပဒူကနီက ငွေ ၁၂၀ ရရန်ရှိကြောင်း လျှောက်ထားရှိ၍ လာရောက်ရှင်းလင်းစေရန် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ရွှေဘွားတော်အောက်တွင် တရားခံ မရှိမနေသည့် ကြွေးမြီမှုများကို တရားခံရှိနေရာ မြို့ရုံးအရာရှိ၊ ခုံတော်ထံတွင်သာ စွဲဆိုလျှောက်ထားစေမည် ဥပဒေရှိကြောင်း။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ ရတနာပုံက ကောက်ပြီး ကုန်များကို ဇန်းမော်မြို့က ထပ်မံကောက်ခံမည် ရှိသောကြောင့် မည်သို့ ဥပဒေထားသည်ကို စာပြန်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ရတနာပုံက ကောက်ခံပြီး တစ်ဆင့်ခံ သင်္ဘော အထည်အလိပ် ကုန်များကို ဇန်းမော်က ထပ်မံကောက်ခံ မရှိစေရအောင် ဒေဝန်းတိုက်တော်တွင် စာရင်းချမှတ် လက်မှတ်ပေးအပ်၍ တင်ဆောင်စေမည်။ ဝွမ်းကုန်မှာ ဒေဝန်းတိုက်က ကောက်ခံစေမည်။ ဆားငါးပိ ကုန်များမှာ ငါးပိဂိုင်းက ကောက်ခံစေမည် ဥပဒေရှိသည့်အတိုင်း ရတနာပုံ အကောက်အရာရှိ၊ ဒေဝန်း အကောက်အရာရှိ၊ ဇန်းမော်မြို့ဝန်တို့သို့ မှာထားဆင့်ဆိုရှိကြောင်း။

---

၁။ ၅ ဖေဖော်ဝါရီ ၁၈၇၃

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၇ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ ကုန်ထုပ် သေတ္တာများကို ရတနာပုံက အထုပ်စေ့ ဖွင့်လှစ်ကြည့်ရှုကြောင်း၊ ငွေတောင်းခံယူကြောင်း၊ ပိုမိုကောက်ခံကြောင်းများနှင့် အီဗျံဟင်က လျှောက်ထားရှိ၍ မှန်လျှင် နေရာကျ ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၆ ရက်နေ့။

အကောက်တိုက် အရာရှိ မင်းလှရာဇကျော်ထင် မေးချက်။

၁၇။ ။ အီဗျံဟင်က ကုန်သေတ္တာစေ့ မဖွင့်ရန် ကြေးငွေပေးကမ်း ပြောဆိုသော်လည်း မယုံကြည်သည်နှင့် ဖွင့်လှစ်ကြည့်ရှု၍ ကုန်ထည်ကိုသာ ကောက်ခံသည့် အကြောင်းအရာ။ ငွေတောင်းယူသည် ဆိုသည်မှာ မတိုင်မပြော၊ မကြားမသိသည့် အကြောင်းအရာ။ အီဗျံဟင်ဆိုသူ စဉ်းလဲကောက်ကျစ် ပြောဆိုတတ်သူ ဖြစ်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ အီဗျံဟင် ကုန်သေတ္တာများကို မယုံကြည်၍ ဖွင့်လှစ်ကြည့်ရှုကြောင်း၊ ကုန်ထည်ကိုသာ ကောက်ခံကြောင်း၊ အီဗျံဟင်ဆိုသူ စဉ်းလဲကောက်ကျစ် အလိုရှိရာ ပြောဆိုတတ်သူ ဖြစ်ကြောင်းများနှင့် ရတနာပုံ အကောက်အရာရှိတို့က ပြောဆိုရှိကြောင်း။

---

၂၁၀ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၅ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ သရက်မော် ဆိပ်ကမ်းတွင် ဆရာဝန်ဂျွန်ဆင် အသုံးအဆောင်ထည့် သားရေသေတ္တာ ၁ ပျောက်ဆုံးရှိ၍ ထောက်လှမ်းပေးပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၆ ရက်နေ့။

ရတနာပုံ အကောက်တိုက်အရာရှိ မေးချက်။

၂။ ။ အရေးပိုင် သေတ္တာများကို ကြည့်ရှုမြဲ ကြည့်ရှု ပြန်အပ်သည့် အကြောင်းအရာ။ ဆရာဝန်ဂျွန်ဆင် သေတ္တာ ပျောက်ဆုံးစကားအရ မေးမြန်းရာ မည်သူ တစ်ဦးတစ်ယောက်မျှ တွေ့မြင်ရယူသူ မရှိကြောင်း၊ တိုင်တန်းပြုသ မရှိကြောင်းများနှင့် ဆိပ်စောင့်တို့ ပြောဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း၊ ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဆရာဂျွန်ဆင် သေတ္တာ ပျောက်ဆုံးသည်ကို ရတနာပုံ အကောက်တိုက် အရာရှိတို့က မည်သူမျှ တွေ့မြင်ရယူသူ မရှိကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အီကိုဝင်းက မြန်မာ ကျွန်တော်မျိုး ဘိုး အပေါ်တွင် စိန်ဖိုးငွေ ၄၅၀ ရရန်ရှိကြောင်းနှင့် လျှောက်ချက်ရှိ၍ ဘိုးကို တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေပါမည့် အကြောင်းအရာ။

---

၁။ ၈ ဖေဖော်ဝါရီ ၁၈၇၃ ၂။ ၂ ဖေဖော်ဝါရီ ၁၈၇၃ ဖြစ်မည်။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့[၁]။

မြို့စာရေး ငရွှေဘော် မေးချက်။

၅။ ။ ဘိုးမှာ သားမယားနှင့် ကွာခြား နေအိမ်အတည်မကျသူဖြစ်၍ မတွေ့မရှိ မအပ်နိုင်သည့် အကြောင်းအရာ။ သရက်ကာစင် ဆိုသူကိုလည်း အိမ်ကို နေရာကျသိရှိမှ ဖမ်းဆီးပေးအပ်နိုင်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဘိုးမှာ မယားနှင့်ကွာခြား အိုးအိမ်နေရာ အတည်မကျဖြစ်၍ ထောက်လှမ်း တွေ့ရှိကာလ ပို့အပ်ပါမည့် အကြောင်းနှင့် နောက်ပြင်ထောင်မှူး မြို့စာရေးတို့က ထွက်ဆိုလျှောက်ထား ရှိကြောင်း။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၃ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ တန်းတွင် ချုပ်ထားရာက ထွက်ပြေးသူ အင်္ဂလိပ် ကျွန်တော်မျိုး သရက်ကာစင်ကို ဆင့်ဆိုဖမ်းဆီး ပို့အပ်ပါစေမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ သရက်ကာစင်ကို ဆင့်ဆိုဖမ်းဆီးစေရာ နေအိမ် အတည်အကျနှင့် နေထိုင်သူဖြစ်လျှင် ဖမ်းဆီးပို့အပ် ပါမည့် အကြောင်းနှင့် နောက်ပြင်ထောင်မှူး မြို့စာရေးတို့က ထွက်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မာမတ်ဟူစင် အဘအိမ်တွင် ပစ္စည်းများကို ငဆိုင်း၊ ဘိုးမောင်၊ ညွှန့်၊ ဘိုးသာ တို့က အတင်းသိမ်းယူကြောင်း လျှောက်ထားရှိ၍ တရားထိုက်သက်ရာ စီရင်ရန် မေးမြန်းစာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၁၃ ရက်နေ့[၃]။

ငဆိုင်း၊ ဘိုးမောင်၊ ညွှန့်၊ ဘိုးသာတို့ အစစ်ခံချက်။

၁၀။ ။ မာမတ်ဟူစင် ပစ္စည်းများကို ၎င်းယောက္ခမ ငမှဲ့က မှတ်သား သိမ်းထားလိုပါသည်၊ မြီရှင် ဖြစ်ကြသည့် အလျှောက် ကြည့်ရှုပါ ပြောဆိုသည်ကို ငြင်းပယ်ပြောဆိုသည့် အကြောင်းအရာ။ ငမှဲ့က ပစ္စည်းများကို ၁၀ အိမ်ခေါင်းနှင့် အရပ်အုပ်ထံ အပ်ထားကြောင်းကိုသာ ကြားသိရသည့် အကြောင်းအရာ။ ပေးဆပ်ရန် ငွေများကို မပေးလို၍ ယောက္ခမနှင့် ပူးပေါင်းပြုလုပ်ခြင်းသာ ဖြစ်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

ချမ်းသာစံရပ် ၁၀ အိမ်ခေါင်း ငဘေ အစစ်ခံချက်။

၁၁။ ။ မာမတ်ဟူစင် ပစ္စည်းများကို ၎င်းယောက္ခမ ငမှဲ့က အပ်ထားပါရစေ ပြောဆိုသည်ကို လက်မခံလို၍ ကုန်သည် ငဆိုင်း၊ ဘိုးမောင်၊ ညွှန့်တို့နှင့် စုံညီ အရပ်အုပ် ငလင်းထံ စာရင်းနှင့် အပ်ထားသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

၎င်းအရပ်အုပ် ငလင်း အစစ်ခံချက်။

၁၂။ ။ မာမတ်ဟူစင် ယောက္ခမ ငမှဲ့ အပ်ထားလာသည့် ပစ္စည်းများကို မယူလာသောကြောင့် မြို့စာရေးထံ တိုင်တန်း၍ ငမှဲ့သို့ ပြန်အပ်လိုက်သည့် အကြောင်းအရာ။

---

၁။ ၄ ဖေဖော်ဝါရီ ၁၈၇၃ ၂။ ၁၃ ဖေဖော်ဝါရီ ၁၈၇၃ ၃။ ၁၀ ဖေဖော်ဝါရီ ၁၈၇၃

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ဆိုင်း၊ ငကိုးမောင်တို့ကို မေးရာ မာမတ်ဟူစင် ပစ္စည်းများကို မသိမ်းမယူ၊ ကြွေးမြီများကို မပေးလို၍ ယောက္ခမနှင့် ပူးပေါင်းပြုလုပ်ကြောင်း။ အရပ်အုပ်ကို မေးရာ မာမတ်ဟူစင် ယောက္ခမ ငမှဲ့ အပ်လာသည့် ပစ္စည်းများကို ငမှဲ့သို့ပင် ပြန်ပေးပြီး ဖြစ်ကြောင်းများနှင့် အစစ်ခံ ထွက်ဆိုရှိကြ၍ ငမှဲ့ထံရှိ ပစ္စည်းများကို မာမတ်ဟူစင်သို့ ပေးအပ်စေရမည် ထောင်မှူးတို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ရွှေမတ်စေ့ ၂၀၀ ကို ငွေဒင်္ဂါးနှင့် လဲလှယ်၍ ပေးလိုက်မည့်အကြောင်း။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ရွှေမတ်စေ့ ၁ လျှင် ၄ ကျပ် ၇ မူး ၁ ပဲကျ ၂၀၀ တွက်ငွေ ၉၅၀၊ တစ်စေ့လျှင် ပိုက်ဆံ တစ်ပုံ သင့်နုတ်၍ ကျန်ငွေ ၉၄၆ ကျပ် ၇ မူး ၁ ပဲကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့.

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ မြေထဲမြို့နေ ငရွှေအောင်ကို ဓားနှင့် ခုတ်သတ်ထွက်ပြေးသူ ငရွှေသင်း တောင်တွင်းကြီးမြို့ဝန်ထံ သား ငဘူးအောင်ကို ပေးအပ်ထမ်းရွက်ရှိနေကြောင်း ကြားသိရ၍ ဆင့်ဆိုပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလဆန်း ၁၃ ရက်နေ့။

ပညာရှိ တောင်တွင်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၁၇။ ။ မြေထဲမြို့နေ ငရွှေအောင်ကို ဓားနှင့် ခုတ်သတ် ထွက်ပြေးလာသူ ငရွှေသင်း ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ၊ ငရွှေသင်းသား ငဘူးအောင် တောင်တွင်းကြီးမြို့ဝန်ထံ ပေးအပ်စေခိုင်း ရှိ မရှိကိုလည်း လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ငရွှေအောင်ကို သတ်သူ ငရွှေသင်း ရှိလျှင် ဖမ်းဆီး ပို့အပ်လာစေရမည် တောင်တွင်းကြီးမြို့ဝန်သို့ မှာထား ဆင့်ဆိုရှိကြောင်း။ ပို့အပ် လျှောက်ထားကာလ စစ်မေး၍ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၉။ ။ အာလံမြို့နေ ပသီလူမျိုးစုံများကို သတ်ဖြတ်ထွက်ပြေး၍ နိုင်ငံတော် ဆင်ပေါင်ဝဲအဝင် ရေမဲ့ညိုရွာ မြောက်ဘက်ကုန်း ရေနက်ကင်းအိမ်တွင် ရှိနေသူ ငလှိုင်း၊ ဇကေရာဇ်ကုန်းရွာ မိငြိမ်းကြွယ် ညီမအိမ်တွင် ရှိနေသူ ငနီတို့ကို ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့[၁]။

အောက်မြစ်စဉ် စစ်ကဲ၊ မလွန် မြေထဲ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၂၀။ ။ ဆင်ပေါင်ဝဲအဝင် ရေမဲ့ညိုရွာတွင် ငလှိုင်း၊ ဇကေရာဇ်ကုန်းရွာတွင် ငနီတို့ ရှိနေလျှင် မထွက်မလွတ်စေရ

---

၁။ ၁၉ ဖေဖော်ဝါရီ ၁၈၇၃ ၂။ ၂၂ ဖေဖော်ဝါရီ ၁၈၇၃

ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။ မရှိမနေလျှင် အကြောင်းအရာကို ထောက်လှမ်း လျှောက်ထားရမည့် အကြောင်းအရာ။

---

## ၂၁၁ မှတ် ပုရပိုက်ထွက်။

**၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အာလံမြို့နေ ပသီလူမျိုးစံများကို သတ်ဖြတ်သူ ဆင်ပေါင်ဝဲအဝင် ရေမဲညိုရွာတွင် ငလှိုင်း၊ ဓကေရာဇ်ကုန်းရွာတွင် ငနီ ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့ မှာထားဆင့်ဆိုရှိကြောင်း။ လျှောက်ထားသိသာကာလ စစ်မေး၍ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့။**

**၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ အာပဒူကနီနှင့် ဇလာမြို့ သူကြီးတို့ ကြေးငွေ တရားမှုကို တရားခံရှိရာတွင်သာ ပြီးပြတ်သင့်သည့်အတိုင်း တွဲဖက်ရုံးတွင် နုတ်သိမ်းလိုက်ကြောင်း။ နောင် အင်္ဂလိပ် ကျွန်တော်မျိုးများက မြန်မာ ကျွန်တော်မျိုးများ အပေါ်တွင် ကြေးငွေမှုနှင့် လျှောက်ထားလျှင် တွဲဖက်ရုံး ဥပဒေအရ လက်ခံသင့် မခံသင့် စဉ်းစား၍ လက်ခံ ဆုံးဖြတ်နိုင်ကြောင်း။

**၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပြန်ပေးစာ။

၃။ ။ မြန်မာ ကျွန်တော်မျိုး ဖြစ်သည်၊ အင်္ဂလိပ် ကျွန်တော်မျိုး ဖြစ်သည် ကွဲပြား သဘောမထား။ နိုင်ငံတွင်း နေချင်း ဖြစ်သည့်အတိုင်း အမှုအလျောက်သာ စီရင်ဆုံးမသည့် အကြောင်းအရာ။ စာရင်းချလူချင်း ဖြစ်ပွားမှုကို အရေးပိုင်မင်း တစ်ဦးတည်း စီရင်ဆုံးဖြတ်သည်ကို မည်သို့သဘောမထားသည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။**

**၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ထွက်ပြေးသည့် မင်းသား မည်သည့်မင်းသား ဖြစ်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့။**

**၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့။**

ကပ္ပိတန် စတိုဝါက ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ရိုးရာမှု၊ အမွေမှု၊ ထိမ်းမြားမှု၊ ရဟန်းသံဃာတော်တို့ အမှုများ စီရင်ဆုံးဖြတ်သည့် ဥပဒေ၊ ရဟန်းတော်တို့ ကျင့်ဝတ်များနှင့် ကင်းဝန်မင်းကြီး ဓမ္မသတ်များကို ရှာယူပေးပါမည့် အကြောင်းအရာ။

**၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဤတာလျှံနှင့် မဟာမိတ်စာချုပ်ကို ပုံရိုက်ပြီးကာလ ပေးပို့မည့် အကြောင်းအရာ။ ထွက်ပြေးသည့်မင်းသားမှာ လှိုင်စားဟောင်းသား ငဖြူ ဖြစ်ကြောင်း။ ကင်းဝန်မင်းကြီးရေး အဋ္ဌသံခိပ် ဓမ္မသတ်ကို စေလွှတ်သူတွင် ပေးလိုက်သည့် အကြောင်းအရာ။

---

၁။ ၂၄ ဖေဖော်ဝါရီ ၁၈၇၃

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ ရေနံချောင်း ၄ မြို့ဝန် ငွေမှုစကားနှင့် ဒုတိယတရားခံ မောင်သိုင်းကို ကျမ်းတိုက်စစ်မေးရာ၊ ကောင်းမွန်စွာ မပြောသောကြောင့် ဆုံးမစီရင်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ မောင်သိုင်းကို တွဲဖက်ရုံးတွင် မေးမြန်းရာ ကောင်းမွန်စွာ မပြောမဆိုမှုနှင့် အပြစ်အလျောက် တန်းတွင် ချုပ်ထားကြောင်းနှင့် မြို့သာဝန်က လျှောက်ထားရှိ၍ အထူးစီရင်ရန် မရှိကြောင်း။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ရောင်းချရန် သစ်တော်များနှင့် ကျောက်တိုင်အောက်သို့ မျောပါသည့် သစ်တော်များကို ဆယ်ယူရွေးနုတ်စေရန် စေလွှတ်သူ နေမျိုးသီရိကျော်ထင်ကို ကျောက်တိုင်တောင်ဘက် မြို့ရှင် ရွာရှင်တို့က တားဆီးမရှိစေရန် လက်မှတ်ပေးအပ်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၁၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်က ပေးသည့် လက်မှတ်စာ။

၁၀။ ။ ရောင်းချရန် သစ်တော်များနှင့် ကျောက်တိုင်အောက် မျောပါသည့် သစ်တော်များကို ဆယ်ယူရွေးနုတ်ရန် စေလွှတ်သူ နေမျိုးသီရိကျော်ထင်ကို အင်္ဂလိပ်မင်းပိုင်နယ် အရာရှိတို့ သိရန် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၁၀ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အီဖျံဟင်ကို မြို့ဝန်မင်း ရှေ့လိုက်က ရိုက်နှက်ကြောင်း၊ ဓားနှင့် ရွယ်ကြောင်းများနှင့် လျှောက်ထားရှိ၍ မှန်လျှင် ဆုံးမစီရင်မည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

မြို့ဝန်မင်း ရှေ့လိုက် ငရွှေ မေးချက်။

၁၂။ ။ မြို့ဝန်မင်းရှေ့ ကုလားတစ်ယောက် ဖြတ်သွားမည်ပြု၍ ကြိမ်နှင့်တား၍ သွားမြဲသွားရာ၊ ကုလားက လှံနှင့်ခုတ်မည် လိုက်လာသည်ကို အရပ်ရပ်နေ ငလှိုင်းက ဟစ်အော်မှ သိမြင်သည်နှင့် ဓားကိုချွတ်၍ ပြကြောင်း။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

အရပ်နေ ငလှိုင်း မေးချက်။

၁၃။ ။ မြို့ဝန်မင်း ရှေ့လိုက်ကို လှံနှင့်ခုတ်မည် ကုလားတစ်ယောက် လိုက်လာသည်ကိုမြင်၍ ဟစ်အော်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ မြို့ဝန်မင်းရှေ့ ကုလားတစ်ယောက် ဖြတ်သွားမည်ပြု၍ ကြိမ်နှင့်တား၍ သွားမြဲသွားရာ၊ ကုလားက လှံနှင့်ခုတ်မည် လိုက်လာသည်ကို အရပ်နေ ငလှိုင်း ဟစ်အော်သိမြင်မှ ဓားနှင့်ပြကြောင်းနှင့် ရှေ့လိုက် ငရွှေ၊ အရပ်နေ ငလှိုင်းတို့ ထွက်ဆိုရှိကြကြောင်း။

[1]။ ၁ မတ် ၁၈၇၃ [2]။ ၁၄ မတ် ၁၈၇၃ ဖြစ်မည်။ [3]။ ၁၀ မတ် ၁၈၇၃ ဖြစ်မည်။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၃ ရက်နေ့[၁]။

မြေထဲမြို့ စီရင်စု ရေမဲညိုရွာသူကြီး မေးချက်။

၁၅။ ။ အုပ်စု ထိန်းစု ကျေးရွာတွင် လူသတ် ငလှိုင်း နေထိုင်သည့် အိမ်ရှင် ငရန်ကင်းဆိုသူ မရှိမနေသည့် အကြောင်းအရာ။ ကျေးရွာသို့ လူသတ် ငလှိုင်းဆိုသူ မလာမရောက် မရှိမနေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၃ ရက်နေ့[၁]။

ခွေးချို၊ ဇကရာဇ်ကုန်း ရွာသူကြီး မေးချက်။

၁၆။ ။ အုပ်စုထိန်းစု ကျေးရွာများတွင် မိငြိမ်းကြွယ် ညီမအိမ် မရှိမနေသည့် အကြောင်းအရာ။ လူသတ် ငနီဆိုသူ မလာမရောက် မရှိမနေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ အာလံမြို့နေ ပသီလူမျိုးစံများကို သတ်သူ ငနီ၊ ငလှိုင်းတို့ နိုင်ငံတော် ရေမဲညိုရွာ၊ ဇကရာဇ်ကုန်းရွာများမှာ မရှိမနေကြောင်းကို ကျေးရွာသူကြီးတို့ ထွက်ဆိုချက်များနှင့်တကွ ဆိုင်ရာက တင်ပို့လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၃]။

ငလှိုင်း အစစ်ခံချက်။

၁၈။ ။ ကျောက်တိုင်တောင်ဘက် နေရင်း ၁၂၃၀ ပြည့်နှစ်၊ နိုင်ငံတော် မြေထဲမြို့သို့ ရွှေ့ပြောင်း လယ်ယာလုပ်ကိုင် နေထိုင်သည့် အကြောင်းအရာ။ ရွှေတောင်နှင့် နမယ်အကြားတွင် အခွန်ငွေကို မတိုက်မယူ၊ ပြည်မြို့ တံခွန်တိုင်ရွာတွင် မနေမထိုင်၊ ၎င်းရွာနေ ငစံတို့နှင့် မသိဖူးသည့် အကြောင်းအရာ။ ကန်ပေါက်ရွာနေ ငအင်းနွား ပျောက်ရာ သင်္ကာမယင်မှုနှင့်သာ မင်းလှမြို့ထောင်တွင် အချုပ်ခံရသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၃]။

ငဆန်း အစစ်ခံချက်။

၁၉။ ။ ပြည်မြို့နေရင်း ၁၂၂၈ ခုနှစ်၊ နိုင်ငံတော် မြေထဲမြို့သို့ ရွှေ့ပြောင်း လယ်ယာလုပ်ကိုင် နေထိုင်သည့် အကြောင်းအရာ။ ရွှေတောင်နှင့် နမယ်အကြားတွင် အခွန်ငွေကို မတိုက်မယူ၊ ပြည်မြို့ တံခွန်တိုင်ရွာတွင် မနေမထိုင်၊ ၎င်းရွာနေ ငစံတို့နှင့် မသိဖူးသည့် အကြောင်းအရာ။ ငအင်း နွားပျောက်ရာ သင်္ကာမယင်မှုနှင့်သာ အကျဉ်းခံရသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ရွှေတောင် နမယ်တွင် အခွန်ငွေကို တိုက်ခိုက်သူ ငစံ၊ ငမြတ်သင်းတို့ မင်းလှထောင်တွင် မရှိ။ နွားခိုး သင်္ကာမယင်မှုနှင့် အချုပ်ခံရ၍ ရှိသူ ငလှိုင်း၊ ငဆန်းတို့ကိုသာ ပို့ရောက်စစ်မေးရာ နမယ်တွင် မတိုက်မခိုက်ရကြောင်း၊ နွားခိုး သင်္ကာမယင်မှုနှင့်သာ အချုပ်ခံရကြောင်းများနှင့် ထွက်ဆိုရှိ၍ အစစ်ခံရင်းသူတို့ စေလွှတ်ရှင်းလင်းစေမည် မရှင်းလင်းစေမည်ကို စာပြန်မည့် အကြောင်းအရာ။

---

## ၂၁၂ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မရှတီမေဒီက ငွေ ၄၅ ရှိ ရရန်ရှိကြောင်း စွဲဆိုရှိသူ ရေနံချောင်းမင်းကြီးလူ ကျောက်ဆည်မြို့နေ မောင်အိန္ဒာကို တွဲဖက်ရုံးသို့ လာရောက်ရှင်းလင်းပါစေမည့် အကြောင်းအရာ။

၁။ ၁၁ မတ် ၁၈၇၃ ၂။ ၂၆ မတ် ၁၈၇၃ ၃။ ၃ ဇန်နဝါရီ ၁၈၇၃ ၄။ ၄ မတ် ၁၈၇၃ ဖြစ်မည်။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မောင်အိန္ဒာကို ငွေမှုနှင့် တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်းနှင့် စာရောက်သည်မှာ အရပ်ရပ် ကြေးငွေမှု၊ အမွေ၊ နှုတ်လွန်လက်ရောက်မှုမှစ၍ လျှောက်ထားရန်ရှိလျှင် တရားခံရှိရာ မြို့ရုံးမှာ စွဲဆို လျှောက်ထားစေမည် ဥပဒေရှိကြောင်းကို လောမြို့သူကြီးနှင့် အင်္ဂလိပ် ကျွန်တော်မျိုး အပဒ္ဒုကနီတို့ ငွေမှုတွင် အသေအချာ စာပြန်ပေးရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၁]။

၁၈၇၃ ခု၊ မတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ဩစတီးရာ တိုင်းပြည်က လာရောက်သူ ကောင်းဘက်သလင်က အရေးပိုင်မင်းထံ မင်းလှမြို့က ရိုက်ကြား သည့် ကြေးနန်းစာ မရရှိ၍ ကြေးနန်းရုံ အကြီးအကြပ်တို့ကို မေးမြန်းစာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကောင်းဘက်သလင်က ရိုက်သည့် ကြေးနန်းစာမှာ အရေးပိုင်မင်း ပေးရန်ဆို၍ စာမပါသောကြောင့် မပို့၊ လွှတ်တော်လျှောက် ဖြစ်ကြောင်း စာပါ၍ လွှတ်တော်သို့ တင်ပို့ကြောင်း ထွက်ဆိုရှိ၍ တင်ပို့ရှိသည့် ကြေးနန်းစာကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၂]။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး စူဆွံမော်ဝါကာရာပိုင် သံခုတင်များကို ကြည်းဆောင်စေသူ လေ့ရှင် ငလူကလေးက ရောင်းချ အဖိုးငွေကို မပေးမရရှိ၍ နောက်ပြင်ခုံတော်ထံ စွဲတောင်းရာ ပေးစေ စီရင်ချက်အရ မပေး၊ ကသည်းဝန်နှင့်ကပ်၍ အောက်ပြန်ပြုလုပ်ရှိနေမှုကို မှန်လျှင် နေရာကျ ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၃]။

အောက်ပြန်စာရင်းချ ငလူကလေး အစစ်ခံထွက်ချက်။

၆။ ။ အရေးပိုင်စာပါ စူဆွံမော်ဝါကာရာနှင့် ခုံတော်ထံ သံခုတင်ဖိုးငွေမှု မပြီးမပြတ်ရဖူးပါ။ ရာကွတ်နှင့် လက်မှတ်ထိုးရင်း သံခုတင်ပျက်များကို အစွဲပြု၍ မဆိုင်သူ စတိုမာတင်ကိုက်က ခုံတော်ထံ စွဲဆိုရှိ၍သာ သဘောမတူဘဲ လက်ဖက်လှမ်းစားရဖူးသည့် အကြောင်းအရာ။ ကျောက်တိုင်တောင်ဘက်နေရင်း၊ ယခု ရွှေဘွားတော်အောက်တွင် ကသည်းဝန်မင်း အမအစနှင့် လုပ်ကိုင်နေထိုင်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[၄]။

နောက်ပြင်ခုံတော် ထွက်ဆိုချက်။

၇။ ။ သံခုတင်မှုတွင် ငလူကလေး ဖြောင့်ဆိုရှိ၍ ကျန်သံချိန်ကိုသာ ပေးစေ သဘောတူဖြတ်စာနှင့် စီရင်ပြေငြိမ်း သည့် အကြောင်းအရာ၊ ငလူကလေးကို အတင်း လက်ဖက်လှမ်းစား မစေခိုင်းရသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့။

ကသည်းဝန်နှင့် ငလူကလေးတို့တင် အမိန့်တော် မှတ်သားချက်။

၈။ ။ ကသည်းဝန် တင်စာရင်းပါ ကသည်းလူမျိုး၊ ကုလားလူမျိုး၊ အောက်ပြန်လူတို့ကို ကြေးမြီမှုများနှင့် လွှတ်တော် ရုံးတော် ၄ ပြင်ခုံတော်တို့က လက်ခံစစ်မေး ချုပ်နှောင်မရှိစေနှင့်။ တောင်းခံလိုလျှင် အမိန့် တော်ခံစေ အကြောင်းအရာ။

---

၁။ ၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ဖြစ်မည်။ ၂။ ၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၀ ရက် (၁၀ ဒီဇင်ဘာ ၁၈၇၂) ဖြစ်မည်။
၃။ ၁၉ ဇန်နဝါရီ ၁၈၇၃ ၄။ ၂၁ ဖေဖော်ဝါရီ ၁၈၇၃

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ငလူကလေးကို အောက်မြို့ကျေးရွာက ပြန်လည်သူတို့ကဲ့သို့ အမိန့်တော်တွင် မပါဝင်သင့်သည့် တစ်ရပ်၊ စဉ်းလဲဖောက်ပြန် ပြုလုပ်သူ ဖြစ်သည် တစ်ရပ်များကြောင့် သံခုတင်ဖိုးငွေကို အရတောင်းခံပေးစေရမည် နောက်ပြင်ခံတော်သို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ မာမတ်တကီက ရေနံအုပ် ငစံဝထံ ရရှိငွေရှိကြောင်း စွဲဆိုရှိ၍ ရေနံအုပ် ငစံဝကို ဆင့်ဆို ရှင်းလင်းစေပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့[2]။

အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရေနံတော်ကိစ္စနှင့် အောက်မြစ်စဉ် မြို့ရွာများသို့ သွားစေသူ ရေနံအုပ် ငစံဝ ပြန်ကာလ၊ မာမတ်တကီနှင့် ငွေမှုကို ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ရတနာပုံက ကောက်ပြီး တရုတ်ကုန်သည် ချူဟိန်တို့ ကုန်များတွင် ထပ်မံကောက်ခံမှုအကြောင်းနှင့် ဗန်းမော်မြို့ဝန်က မည်သို့စာပြန် လျှောက်ထားရှိသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကုန်ကောက်ခံမှု အကြောင်းနှင့် ဗန်းမော်မြို့ဝန်က အလျှောက်အထားစာ မရောက်သေး၍ ထပ်မံဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ သေသူ မဏိပူရမြို့နေ မဂိုလူမျိုး ကုန်သည် မော်ကွန်ဆာရစ် မယားက ရွှေဘွားတော်အောက်သို့ မလာမရောက်ဝံ့၍၊ သောင်သွပ်မြို့နေ လူများတွင် အမှန်ရရန်ရှိသည့် ကုန်ဖိုးငွေ ၂၀၀၀ ကို ၁၀၀၀ ရလျှင် ပြေငြိမ်းပါမည် လျှောက်ထားရှိကြောင်းနှင့် မဏိပူရရှိ အရေးပိုင်ထံက စာလာရောက်ရှိကြောင်း။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

သောင်သွပ်စော်ဘွား အမတ်တို့က လွှတ်တော်လျှောက်စာ။

၁၅။ ။ သေသူ မဏိပူရမြို့နေ မော်ကွန်ဆာရစ် ကုန်ဖိုးငွေကျန်များ တောင်းသူ မော်ကွန်ဆာရစ် မယားနှင့် ရွှေလွှတ်တော်မှာ ရှင်းလင်းရမှသာ ဆုံးခန်းပြတ်စဲပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မဏိပူရမြို့နေ မော်ကွန်ဆာရစ် မယားနှင့် ကုန်ဖိုးငွေမှုကို လွှတ်တော်မှာ ရှင်းလင်းရမှ ပြီးပြတ်နိုင်မည့် အကြောင်းနှင့် သောင်သွပ်မြို့ စော်ဘွားတို့က လျှောက်ထားရှိသည့် အကြောင်းအရာ။

---

၁။ ၁၇ မတ် ၁၈၇၃  ၂။ ၂၉ မတ် ၁၈၇၃  ၃။ ၃၀ မတ် ၁၈၇၃

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၂၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံ ပေးစာ။

၁၇။ ။ အာလံမြို့နေ ပသီလူမျိုးစံများကို သတ်သူ ငလှိုင်း၊ ငနီတို့ နိုင်ငံတော် ဆင်ပေါင်ဝဲနယ် ရေမဲညီရွာ၊ ကေရာဇ်ကုန်းရွာများတွင် ရှိနေကြောင်း သိရ၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်းအရာ။ ငရွှေအောင်ကို သတ်ဖြတ်ထွက်ပြေး၍ တောင်တွင်းကြီးမြို့မှာ ရှိနေသူ ငရွှေသင်း အကြောင်းကိုလည်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ပသီလူမျိုးစံများကို သတ်သူ ငလှိုင်း၊ ငနီတို့ကို မရမမိ မရှိစေရ ဖမ်းဆီးရမည် ကြပ်ကြည်တည်းတည်း ထပ်မံဆင့်ဆိုရှိသည့် အကြောင်းအရာ။ ငရွှေသင်း အကြောင်းအရာကိုလည်း တောင်တွင်းကြီးမြို့ဝန်က အလျှောက်အထား စာမရောက်သေး၍ ထပ်မံ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၃၇ ခု၊ မတ်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၉။ ။ အာလံမြို့ စီရင်စု၊ စမ်းချောင်းရွာ အနီးတွင် မယားဟောင်း မိစိုးကို ဓားနှင့်ထိုးသတ် ထွက်ပြေးပြီးလျှင် နိုင်ငံတော် ဆင်ပေါင်ဝဲ စီရင်စု ကန်လှရွာ၊ ကန်ပေါက်ရွာများတွင် နေထိုင်ရှိသူ ငသာကျစ်ကို ဆင့်ဆို ဖမ်းဆီး ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ မိစိုးကို ဓားနှင့်ထိုးသတ် ထွက်ပြေးလာသူ အင်္ဂလိပ် ကျွန်တော်မျိုး ငသာကျစ် နိုင်ငံတော် ဆင်ပေါင်ဝဲ စီရင်စု ကန်လှရွာတွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး အကျဉ်းပို့အပ်ရမည်၊ အောက်မြစ်စဉ် စစ်ကဲ တို့သို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

---

၂၁၃ မှတ် ပုရပိုက်ထွက်။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့[၂]။

အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်နေ အာလံမြို့ စီရင်စု စမ်းချောင်းရွာအနီး မိစိုးကို ဓားနှင့်ထိုးသတ်သူ ငသာကျစ် နိုင်ငံတော် ကန်လှရွာ၊ ကန်ပေါက်ရွာများမှာ ရှိနေလျှင် ရမိအောင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ဓာတ်ပုံကူးရိုက် ပေးပို့လိုက်သူမှာ လှိုင်မင်းသား မောင်ဖြူ ဟုတ် မဟုတ်၊ ရှမ်းပြည် မြို့ရွာများနှင့် ကျောက်တိုင်တောင်ဘက်များတွင် မင်းသားများ ရှိသေးသည် မရှိသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

---

၁။ ၁ ဧပြီ ၁၈၇၃ ၂။ ၂ ဧပြီ ၁၈၇၃

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မင်းသား မောင်ဖြူ ဓာတ်ပုံမှာ ဟုတ်မှန်ရန်ရှိကြောင်း။ မြင်ကွန်းစား၊ မြင်းခုံတိုင်စားတို့ပြင် ဆွေတော် မျိုးတော် မင်းညီမင်းသားများ ကျောက်တိုင်တောင်ဘက် ရှမ်းမြို့ ကျေးရွာများမှာ မရှိကြောင်း။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ တရားလို မရှတီမေဒီနှင့် ငွေမှုတရားခံ ကျောက်ဆည်မြို့သို့ ထွက်ပြေးနေသူ မောင်အိန္ဒာ အကြောင်းနှင့် ပြန်စာတွင် ကြွေးမြီမှုကို တရားခံရှိရာ မြို့ရုံးတွင် လျှောက်ထားရမည် ဥပဒေရှိကြောင်း၊ တွဲဖက် မြန်မာ တရားသူကြီးမင်းလည်း တရားမှုတွင် မဆင့်ဆိုနိုင်ကြောင်းများနှင့် ပါသည်မှာ မဟာမိတ်စာချုပ်နှင့် မညီ၍ နေရာကျ မလုပ်နိုင်လျှင် အမိန့်တော်ခံမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မရှတီမေဒီက လျှောက်ထားမှ မြန်မာ ကျွန်တော်မျိုး ငအိန္ဒာ ကျောက်ဆည်မြို့သို့ ထွက်ပြေးနေထိုင်သည် မဟုတ်၊ နှစ်လအရှည် ကျောက်ဆည်မြို့မှာ အိုးအိမ် သားမယားနှင့် နေထိုင်သူ ဖြစ်သည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ သံသင်္ဘောလုပ် စက်ဆရာဘိန်း ပစ္စည်းများကို သူခိုးတို့ ခိုးယူပြီးနောက် ထပ်မံ ခိုးယူဦးမည်၊ ခုခံလျှင် အသေသတ်မည် သူခိုးတို့ပြောသည်ကို ကြားကြောင်းနှင့် သကြားစက်ဆရာ အာသာကိုးသို့ အကောက် အရာရှိ ဂျေလီကိုးက ပြောကြောင်း သိရ၍ သင်္ဘောတည်လုပ်ရာ ရပ်ကွက်တွင် ထောက်လှမ်းဖမ်းဆီးမှ သူခိုးတို့ အကြံမမြောက်ရှိမည့် အကြောင်းအရာ။ ဂျေလီကိုးကို မေးမြန်းလိုလျှင် စေလွှတ်မည့် အကြောင်း အရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ သူခိုးတို့ တိုင်ပင်ပြောဆိုသည်ကို ကြားသိသည်ဆိုသူ ဂျေလီကိုး လာရောက်ကာလ မေးမြန်းသတင်းရမှ ဆင့်ဆိုဖမ်းဆီး စီရင်မည့် အကြောင်းအရာ။ ရာဇဝတ်တော်ရေး မပေါ်ပေါက်ရအောင် မြို့ဝန် မြို့စာရေး တို့ကို ထပ်မံ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး နီဇာမာလီခံနှင့် ဒါဝတ်ကုမ္ပဏီတို့က ခိုဒါပတ်ထံ ငွေ ၁၆၀ ကျော်ရရန် စွဲလျှောက်ချက် အရ မြို့သာဝန်မင်းထံ စာပေးရာ ခိုဒါပတ်မှာ ခံတော်တန်းတွင် အချုပ်ခံနေရ၍ မဆင့်ဆိုနိုင်ကြောင်း ပြောဆိုရှိသောကြောင့် ခိုဒါပတ်ကို ဆင့်ဆိုစေလွှတ် ရှင်းလင်းပါစေမည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကုန်သည်တော် ငကြည်တို့နှင့် ငွေမှုစကား မရှင်းမလင်းရှိ၍ ချုပ်ထားကြောင်း ခံတော်က လျှောက်ထားသူ

၁။ ၂ ဧပြီ ၁၈၇၃ ၂။ ၂၉ မတ် ၁၈၇၃ ၃။ ၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (၁၅ ဧပြီ ၁၈၇၃) ဖြစ်မည်။

နိဒါပတ်ကို ရှင်းလင်းပြီးပြတ်ကာလမှ နိဇာမာလီခံ၊ ဒါဝတ်ဏ္ဍဖျဂျီတို့နှင့် ရှင်းလင်းစေရန် ဆင့်ဆိုမည့် အကြောင်းအရာ။

---

## ၂၁၄ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နယုန်လဆန်း၊ ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ကြေးနန်း ဓာတ်အိုးများကို တင်ယူသည့် သင်္ဘောခ၊ လှည်းခငွေ ၁၉ ံ ကို ပေးမည့် အကြောင်းအရာ။ ကြေးနန်း ဓာတ်အိုးဖိုးငွေကို စာရေးကမ်မှ အသေအချာ ရေးသားပေးပို့မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လဆန်း၊ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကြေးနန်းဓာတ်အိုး တင်ယူသည့် သင်္ဘော၊ လှည်းခငွေ ၁၉ ံ ကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ဗန်းမော်မြို့ဝန်က တရုတ်ကုန်သည်တို့ ငွမ်းကုန်များ အတင်အယူတွင် နှောင့်ယှက်ရှိသည်ကို သံတော်ဦး တင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရုတ်ကုန်သည်တို့ ငွမ်းကုန်များကို နှောင့်ယှက်မရှိ ငှားရမ်းတင်ဆောင်စေရမည်၊ ဗန်းမော်မြို့ဝန်သို့ ကြပ်ကြပ်တည်းတည်း ထပ်မံ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ စော်ဘွားဟောင်း မောင်သာမြတ်၊ ဝီလျံ ကုမ္ပဏီတို့ သံစုံသေတ္တာမှုနှင့် ဝန်ရှင်တော်မင်းကြီး ပြန်စာတွင် အဘစော်ဘွားကြီးရှိစဉ် သံစုံသေတ္တာ မှာ မမှာကို မသိပါ မောင်သာမြတ် ထွက်ဆိုရှိကြောင်းနှင့် ပါသည့် အရ မည်သည့် နှစ် လ ရက်တွင် စော်ဘွားကြီး သေဆုံးသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ သီပေါစော်ဘွားကြီး သေဆုံးသည်မှာ လ ရက်ကို သတိမရ။ ၁၂၂၈ ခုနှစ် အရေးတော်ပြီးသည်နောက် ၃၀ မြို့တွင် သေဆုံးကြောင်းနှင့် သီပေါမြို့ အမတ်က ထွက်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲက လွှတ်တော်လျှောက်စာ။

၇။ ။ ရန်ကုန်မြို့ ပုဇွန်တောင်နေ ကြောခိုင်ကို သတ်ဖြတ်ထွက်ပြေးသူ ကြောညို၊ ၎င်းတည်းအိမ်ရှင် ရေစစ် လုပ်ဖူးသူ ငတေတို့ စီရင်စုတွင် မရှိမနေ မလာမရောက်ကြောင်းကို မြို့ကျေးရွာသူကြီး ရွာခေါင်းတို့ ထွက်ချက်များနှင့်တကွ တင်ပို့လျှောက်ထားသည့် အကြောင်းအရာ။

---

၁။ ၁၃ ဇွန် ၁၈၇၃ ၂။ ၁၇ ဇွန် ၁၈၇၃

**၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ဝန်စုပါ မင်းလှကျေးရွာတွင် ရေစစ်လုပ်ဖူးသူ ငတော၊ ၎င်းအိမ်တွင် တည်းနေသူ လူသတ် ကြောညိုတို့ မရှိမနေကြောင်းကို ရွာသူကြီး ရွာခေါင်းတို့ ထွက်ချက်နှင့်တကွ အောက်မြစ်စဉ် စစ်ကဲက တင်ပို့လျှောက် ထားရှိသည့် အကြောင်းအရာ။

**၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။**

တရုတ် ကာစင်က လွှတ်တော်လျှောက်စာ။

၉။ ။ အင်္ဂလိပ် အရေးပိုင် စာရေးနှင့် ကုလားအီဖျံဟင်တို့ အတင်းအဓမ္မ သိမ်းယူသည့် ကုန်အထည်ပစ္စည်း များကို ရပါအောင် အမိန့်စာ ကယ်မ သနားပါမည့် အကြောင်းအရာ။
(က) အသိမ်းအယူ ခံရသည့် ပစ္စည်းစာရင်း။

**၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။**

၁၀။ ။ တရုတ်ကာစင်ပိုင် ကုန်အထည်ပစ္စည်းများကို အီဖျံဟင်နှင့် အရေးပိုင်စာရေးတို့ မည်သည့်အကြောင်း ကြောင့် အတင်းအဓမ္မ သိမ်းယူသည်ကို စာပြန်ကြားမည့် အကြောင်းအရာ။

**၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၂]။**

**၁၈၇၃ ခု၊ ဇွန်လ ၇ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုးချင်း ဖြစ်ပွားမှုတွင် တွဲဖက်ရုံး စီရင်ချက်အရ တရားရှုံး ပစ္စည်းများကို တရားနိုင်က ထုံးစံရှိရာ သိမ်းယူရာ၊ မြန်မာ ကျွန်တော်မျိုး ပစ္စည်းပါသည်မှန်လျှင် ပြန်ပေးစေမည့် အကြောင်းအရာ။

**၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[၃]။**

တရုတ်ကာစင် လျှောက်ချက်။

၁၂။ ။ အင်္ဂလိပ် အရေးပိုင် အမိန့်နှင့် သိမ်းယူသည့် ကျွန်တော်မျိုးပိုင် ကုန်ပစ္စည်းများကို လေလံတင်ရောင်းမည် စာဆွဲကပ်ရှိပါ၍ အမိန့်ရှိတော်မူရာ ဦးထိပ်ထက် ဆင်ရွက်ပါရမည့် အကြောင်းအရာ။

**၁၂၃၅ ခု၊ ဝါဆိုလဆန်း ၃ ရက်နေ့။**

အရေးပိုင်သို့ ပြန်ပေးစာ။

၁၃။ ။ ပစ္စည်းများ ဝရမ်းကပ်၍ လေလံတင် ရောင်းချသည်မှာ တိုင်းပြည်ထုံးစံ မဟုတ်ကြောင်းကို ၃၄ ခုနှစ်က စာပြန်ပေးပြီး ဖြစ်သည့်အတိုင်း သိမ်းယူရာပါ ကာစင်ပိုင် ပစ္စည်းများကို ရောင်းချမရှိ၊ မပျောက်မပျက် ရအောင် သိမ်းထားမည့် အကြောင်းအရာ။

**၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။**

**၁၈၇၃ ခု၊ မေလ ၁၅ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ တွဲဖက်ရုံး တရားသူကြီး ၂ ဦး သဘောမညီလျှင် ခုံတင်၍ ဆုံးဖြတ်ရမည် တွဲဖက်ရုံး ဥပဒေအတိုင်း ဟာမြီဇာမဏ္ဍာလီနှင့် အာကာမဏ္ဍာလီတို့ ငွေမှုကို ခုံတင်စီရင် ပြီးပြတ်ပါရအောင် တွဲဖက်တရားသူကြီး မြို့သာဝန်ကို ဆင့်ဆိုပါမည့် အကြောင်းအရာ။

---

## ၂၁၅ မှတ် ပုရပိုက်ထွက်။

**၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။**

စာရေးတော်ကြီး မြို့သာဝန် မေးချက်။

၁။ ။ တရားလို ဟာမြီဇာမဏ္ဍာလီနှင့် အာကာမဏ္ဍာလီတို့ တရားမှုမှာ နှစ်ဦးနှစ်ဖက် အမျိုးဘာဝအလိုက် ပလီဝင်

၁။ ၁၇ ဇွန် ၁၈၇၃  ၂။ ၁၂၃၅ ခု၊ နယုန်လဆန်း ၁၂ ရက် ဖြစ်မည်။  ၃။ ၂၅ ဇွန် ၁၈၇၃

ကူရအံကျမ်း ကျိန်ဆိုစေပြီးမှ ခံတင်သင့်သည်ကို အင်္ဂလိပ် အရေးပိုင်က မပြုမလုပ်သောကြောင့် ကြန့်ကြာရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[1]။

တရားသူကြီး မဟာမင်းလှကျော်သူ ထွက်ဆိုချက်။

၂။ ။ ပသီလူမျိုး၊ မဂိုလူမျိုးတို့ကို တရားအလျောက် ကျမ်းပေးစစ်မေးရန်ရှိလျှင် ပလီတွင် ကူရအံကျမ်း ကျိန်ဆိုမြဲ ထုံးစံရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ တရားလို ဟာမြီဇာမဏ္ဍာလီနှင့် တရားခံ အာကာမဏ္ဍာလီတို့ ငွေမှုစကားမှာ တရားခံက တရားလိုသို့ လွှဲဆို ယုံပုံဝံ့သည်မှန်လျှင် မြို့သာဝန် စာရေးတော်ကြီးမင်း ထွက်ဆိုချက်အတိုင်း သင့်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံ ပေးစာ။

၄။ ။ မင်းလှအရပ်တွင် ရေစစ်လုပ်ဖူးသူ ငတေ ရှိကြောင်း၊ ၎င်းအိမ်နီးတွင် ပုစွန်တောင်ရပ်နေ ကြောခိုင်ကို သတ်သူ ကြောညို တည်းနေကြောင်း တပ်ရာသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ လူသတ် ကြောညိုကို ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့ ကြပ်ကြပ်တည်းတည်း ထပ်မံ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၄ ရက်နေ့။

အရေးပိုင်က ပေးစာ။

၆။ ။ နေဇာမာလီခံပိုင် ခိုးရာပါ သားမွေးအကျီ ၂ ထွေ့မိ၍ ချုပ်ထားသူ ငရုံးကို ရှာမတွေ့ကြောင်းနှင့် ဝန်ရှင်တော် မင်းကြီးက စာပြန်သည့်နောက် ပစ္စည်းရှင်က ထပ်မံလျှောက်ထားရှိ၍ လျှောက်လွှာနှင့်တကွ ငရွှေညို၊ ငရုံးတို့ အစစ်ခံချက်များကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၃ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အထက် ပြန်ပေးစာတွင် ငရုံးကို ရှာမတွေ့ကြောင်း မပါ၊ လားရှိုး ထမ့်ပေညာ သိန္နီမြို့တွင် မရှိမနေ ကြောင်းသာ ပါသည့် အကြောင်းအရာ။ ယခု ပေညာကို ထောက်လှမ်းလျှောက်ထားရမည် ထပ်မံ ဆင့်ဆိုဆဲရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ မေဒဝင် ချစ်တီးသို့ ရေနံချောင်း ၄ မြို့ဝန်က ပေးဆပ်ရန် ဒီဂရီ စီရင်ချက်အရ ငွေကို မပေးမဆပ် ရှိနေ သည်ကို မေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ရေနံချောင်း ၄ မြို့ဝန် ကိုယ်စားလှယ် ဝန်စာရေး ငပေါကို ဒီဂရီ စီရင်ချက်အရ ငွေပေးဆပ်ရန် ချုပ်

---

[1] ၁၆ ဇွန် ၁၈၇၃    [2] ၂၇ ဇွန် ၁၈၇၃

တောင်းဆဲရှိကြောင်းနှင့် မြို့သာဝန်က ထွက်ဆိုသော်လည်း တောင်းခံပေးရမည် မြို့သာဝန်သို့ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၂ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တောက်တီးနှင့် ဝပ်ဆင်တို့ အရှေ့နိုင်ငံများသို့ စီးပွားရှာသွားရာ လူဆိုးတို့ ဖမ်းဆီး၍ ၇ နှစ်ကျော်မှ လွတ်သည့်နောက် ဆေးဆရာ စတပ်ဘွတ်နှင့် တွေ့ရှိပြန်မည် ရှိသည့်အတွင်း ဝပ်ဆင်မှာ သေဆုံး၊ ကျန်လူနှင့် ဆေးဆရာ စတပ်ဘွတ်တို့ နိုင်ငံတော်အတွင်း ရှိ မရှိကို ထောက်လှမ်းစာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အင်္ဂလိပ်လူမျိုး တောက်တီးနှင့် ဆေးဆရာ စတပ်ဘွတ်တို့ နိုင်ငံတော်အတွင်း ရှိ မရှိကို ထောက်လှမ်းလျှောက်ထားရမည် အသီးအသီး မြို့ရှင်ရွာရှင်တို့သို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၇ ရက်နေ့[၂]။

အရပ်ရပ် မြို့ရှင် ရွာရှင်တို့သို့ လွှတ်တော်က ဆင့်စာ။

၁၂။ ။ အင်္ဂလိပ်လူမျိုး တောက်တီး ဆိုသူနှင့် ဆေးဆရာ စတပ်ဘွတ် ဆိုသူတို့ ထိန်းအုပ်စု မြို့ရွာနယ်မြေအတွင်း ရှိ မရှိကို ထောက်လှမ်းလျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၂ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ မင်းတုန်းမြို့၊ ဥယဉ်ရွာနေ သောလေးကို တိုက်ခိုက်သတ်ဖြတ် ထွက်ပြေးသူ ငရန်ကွင်း မင်းတပ်မြို့ ပေန်းဘူးအိမ်၊ ဆင်ပေါင်ဝဲ ငရန်ရှင်း အိမ်များတွင် တည်းခိုနေထိုင်တတ်ကြောင်း သိရ၍ ဆင့်ဆိုဖမ်းဆီးပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဓားပြ ငရန်ကွင်း စီရင်စု နယ်အတွင်းရှိလျှင် ဖမ်းဆီးပို့အပ်ရမည် ဆိုင်ရာ နယ်ရှင် အကြီးအအုပ်တို့သို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ၊ ရမိကာလ စစ်မေး၍ ပေးအပ်သင့်လျှင် ပေးအပ်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့[၁]။

အောက်မြစ်စဉ် စစ်ကဲတို့သို့ လွှတ်တော်က ပေးမှာစာ။

၁၅။ ။ သရက်မြို့ စီရင်စု သရက်အုပ်ရွာ ပေန်းဘူးအိမ်၊ ဆင်ပေါင်ဝဲရွာ ငရန်ရှင်း အိမ်များတွင် ဓားပြ ငရန်ကွင်း ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၂ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ ဗန်းမော်မြို့ဝန်က အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည် ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ချုပ်နှောင်မှု အကြောင်းနှင့် အလျှောက်အထား စာရောက်လျှင် စာပြန်ပါမည့် အကြောင်းအရာ။

---

၁။ ၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက် (၂၈ ဇွန် ၁၈၇၃) သာ ဖြစ်မည်။ ၂။ ၁ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၇။ ။ တရုတ်ကုန်သည် ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ချုပ်နှောင်မှုအကြောင်းနှင့် ဗန်းမော်မြို့ဝန်က အလျှောက်အထား စာမရောက်သေး၍ ကြပ်ကြပ်တည်းတည်း ထပ်မံဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၈။ ။ တရုတ်ကုန်သည် ချူဟိန်နှင့် အပေါင်းပါ ကုန်သည်တို့ ချုပ်နှောင်မှု အကြောင်းအရာနှင့် ၂ ကြိမ် ဆင့်ဆိုရာ လ ရက် အရှည် မလျှောက်မထားရှိသည့် အကြောင်းအရာ။ ယခု ပေါ်လျှော့ မလျှောက်မထား လျှင် ရာဇဝတ်ပြစ် စီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၉။ ။ တွဲဖက်ရုံးတွင် တရားမှုခင်းစီရင်ရာ မြို့သာဝန် မြန်မာတရားသူကြီးက အကြောင်းမဲ့ ကန့်ကွက် အစဉ် မပြတ် ဆန့်ကျင်ဘက်ပြုလုပ်၊ အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို ခြိမ်းခြောက်ပြောဆိုသည်များကို ပို့သည့် အကြောင်းအရာ။

---

## ၂၁၆ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

အရေးပိုင်က ကုန်သည်ကြီး ၅ ဦးတို့ကို မေးရာ ထွက်ချက်။

ပထမကုန်သည်ကြီး ထွက်ချက်။

၁။ ။ မြို့သာဝန်အိမ်သို့ သွားရာ အင်္ဂလိပ်ကျွန်တော်မျိုး စာရင်းချကိုဖျက်၍ မြန်မာကျွန်တော်မျိုး စာရင်းချလျှင် စောင်မမည်၊ အကျိုးစီးပွား ကြီးကျယ်မည်၊ တွဲဖက်ရုံးတွင် အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချ ဖျက်လို ကြောင်း လျှောက်လျှင် ပျက်အောင် စောင်မမည်၊ မြို့သာဝန် စာရေးတော်ကြီးက ပြောဆိုသည့် အကြောင်း အရာ။

ဒုတိယကုန်သည် ထွက်ချက်။

၂။ ။ အင်္ဂလိပ် အရေးပိုင်က မြန်မာ ကျွန်တော်မျိုးကို ငွေ ၁၀၀ တန် နာစေလျှင် ငါက အင်္ဂလိပ် ကျွန်တော်မျိုးကို ငွေ ၁၀၀၀၀ တန် နာစေနိုင်သည်၊ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချကို ဖျက်လျှင် စောင်မမည် မြို့သာဝန်က ကုန်သည်တစ်ဦးသို့ ပြောဆိုသည်ကို ကြားသိသည့် အကြောင်းအရာ။

တတိယကုန်သည် ထွက်ချက်။

၃။ ။ ငါ့ဆီသို့လာလျှင် မောင်မင်းအမှုကို နေရာကျအောင် စောင်မမည် မြို့သာဝန်က ပြောဆိုသည့် အကြောင်း အရာ။

စတုတ္ထကုန်သည် ထွက်ချက်။

၄။ ။ မြို့သာဝန်အိမ်သို့ သွားရာ မြန်မာ ကျွန်တော်မျိုးများကို တတ်နိုင်သလောက် တရားအနိုင်ပေးမည် မြို့သာဝန်က ပြောဆိုသည့် အကြောင်းအရာ။

ပဉ္စမကုန်သည် ထွက်ချက်။

၅။ ။ သေစရာရှိလျှင် အင်္ဂလိပ် ကျွန်တော်မျိုးများ အလျင်သေလိမ့်မည် မြို့သာဝန်က ပြောဆိုသည့် အကြောင်း အရာ။

---

[၁]။ ၈ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်းက ရွှေလက်တော်ရောက် ဆက်သရန် ပို့ရောက်သည့် စာကို ဆက်သသည့် အကြောင်းအရာ။ တွဲဖက်ရုံးတွင် မြန်မာ တရားသူကြီးက ဆန့်ကျင်ဘက်ပြုလုပ်၊ အင်္ဂလိပ် ကျွန်တော်မျိုးများကို ထိတ်လန့်အောင် ပြောဆိုသည် ထွက်ဆိုသူ ကုန်သည် ၅ ဦးတို့ အမည်၊ ပြောဆိုသည့် နေရာ၊ မည်သူ ကြားသိသည်များကို အသေအချာ စာပြန်ကြားမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ထွက်ဆိုသူ ကုန်သည် ၅ ဦးတို့မှာ (က) ဟာဇီမြီဇာမာမတ်ဒါလီ၊ (ခ) အာကာဂျာဝပ်၊ (ဂ) မရှတီမေတီ၊ (ဃ) ဟာဇီအာပဒူလတစ်၊ (င) မြီဇာဟာမာမတ်တို့ ဖြစ်ကြောင်း။ ၎င်းတို့ကို ထပ်မံမေးမြန်းလို၍ မေးမြန်းကာလ လာရောက်လိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ဝါဆိုလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကုန်သည်ကြီး ၅ ဦးတို့ အကြောင်းနှင့် ပြန်စာတွင် မြို့သာဝန်က ပြောဆိုသည့်အခါ မည်သူရှိသည်၊ မရှိသည် မပါသောကြောင့် အသေအချာ ရေးသားပြန်ကြားမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ မြို့သာဝန် ပြောဆိုသည့်အခါ မည်သူရှိသည် မရှိသည်ကို မသိသည့် အကြောင်းအရာ။ မြို့သာဝန်ကို စီရင်စေလိုသောသဘော မရှိသည့် အကြောင်းအရာ။ တရားသူကြီး လွှဲပြောင်းခန့်ထားလျှင် ကျေအေးနိုင်သည်ဖြစ်၍ စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မြို့သာဝန်ကို စီရင်စေလိုသည့်သဘော မရှိသော်လည်း ပြစ်ဝန်ရှိလျှင် ဆင့်ဆိုဆုံးမမြဲ ထုံးစံရှိရာ ဆင့်ဆိုဆုံးမမည်ဖြစ်၍၊ ပြောဆိုသည့်အခါ မည်သူ ရှိ မရှိကို အသေအချာမေးမြန်း စာပြန်ကြားမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ကုန်သည်ကြီး ၅ ဦးတို့ အစစ်အမေး ကြွင်းကျန်သည်ထင်လျှင် ခေါ်ယူမေးမြန်းနိုင်သည့် အကြောင်းအရာ။ တွဲဖက်ရုံးတွင် မြို့သာဝန်ကိုပင် ထားဦးမည်၊ လွှဲပြောင်းခန့်ထားမည်များကို စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ကုန်သည်ကြီး ၅ ဦးတို့ အထွက်အဆို ကြွင်းကျန် မရှင်းမလင်း ရှိသေးသည်ဖြစ်၍ တရားသူကြီး လွှဲပြောင်းခန့်ထားမည်၊ မခန့်ထားမည်ကို အသေအချာ စာပြန်နိုင်ရန် မရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ မြို့သာဝန်အကြောင်းနှင့် တိုင်ကြားရာ နေရာကျ မပြုမလုပ်ရှိသည်ကို အင်္ဂလိပ်မင်းထံ တင်လျှောက်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ ကုန်သည်ကြီး ၅ ဦးတို့ကို ထပ်မံစစ်မေးရာ မညီမညွတ် ထွက်ဆိုပြန်သည်ဖြစ်၍ ၎င်းအစစ်ခံ ထွက်ဆိုချက်များကို နုတ်သိမ်းသည့် အကြောင်းအရာ။ တွဲဖက်ရုံး အရာရှိကို လွှဲပြောင်းခန့်ထားပါလျှင် ၂ ဦး ဆင်းရဲသားတို့ အကျိုးဖြစ်ထွန်းမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မြို့သာဝန် စာရေးတော်ကြီးမှာ မှုပြစ်တစ်စုံတစ်ရာ မရှိသောကြောင့် မနုတ်မသိမ်း မလဲမပြောင်းနိုင်သည့် အကြောင်းအရာ။ မြို့သာဝန် အကြောင်းနှင့် အရပ်ရပ် ပေးစာများကို အရေးပိုင်မင်း ဆင်ခြင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ အင်္ဂလိပ် အရေးတော်ပိုင် မဟာဝန်ရှင်တော်မင်းကြီးက ပို့ရောက်သည့်စာကို ပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆုတ် ၄ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့။

အရေးပိုင်ကြီးက ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ အထက်ကာလကထက် မန္တလေးမြို့ရှိ တွဲဖက်ရုံး တရားအစီအရင် ကောင်းမြတ်ကြောင်းနှင့် ဘုရင်ခံထံ စာတင်ရာ ဝမ်းမြောက်တော်မူသည့် အကြောင်းအရာ။ ယခု တွဲဖက်ရုံး မကောင်းဟု စာမတင်ရအောင် ပြုလုပ်လိမ့်မည် ယုံကြည်စိတ်ချရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[၁]။

ပခန်းမင်းကြီးက အရေးပိုင်ကြီးထံ ထပ်မံ ပေးစာ။

၁၈။ ။ တွဲဖက်ရုံးနှင့်စပ်၍ ရွှေမြို့တော်ရှိ အရေးပိုင်က အရပ်ရပ် ပေးပို့သမျှ စာလက်ခံ၊ ကုန်သည် ၅ ဦးတို့ ထွက်ဆိုချက်များကို ပေးပို့လိုက်သည့် အကြောင်းအရာ။ ၎င်းစာများကို ပြန်လှန်ကြည့်ရှုလျှင် စဉ်းစား ဆင်ခြင်မိလိမ့်မည် ထင်မှတ်သည့် အကြောင်းအရာ။

---

၂၁၇ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ဝီလာဆာမိနှင့် ဂေါဘင်တူတို့ တရားမှုတွင် တရားခံပြေသက်သေ ငရွှေဘော် မကျန်းမမာ ရုံးသို့ မလာ

[၁]။ ၂ စက်တင်ဘာ ၁၈၇၃

မရောက်နိုင်ရှိ၍ ပို့လိုက်သည့် (သံသေတ္တာပြင်ရန် ဝိလာဆာမိသို့ အပ် မအပ် အကြောင်းအရာ)။ မေးခွန်း ၇ အတိုင်း သင့်ရာလူ စေလွှတ် မေးစစ် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အရေးပိုင်မင်းက ပို့ရောက်သည့် မေးခွန်း ၇ အတိုင်း ငရွှေဘော်ကို တရားစာရေး ဆင့်ဆိုစေလွှတ် မေးမြန်းစေ၍ (ပြင်ဆင်ရန် သံသေတ္တာ အပ်ဖူးသည်) ထွက်ဆိုချက်များကို ပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ မြီနတ်ခါသာဘွတ်နှင့် မာမတ်တာကီတို့ တရားမှုတွင် သက်သေ ရေနံအုပ် ငစံဝကို ထပ်မံမေးရန် ပို့လာစေသည့် (ရေနံပေးအပ် အကြောင်းအရာ) မေးခွန်း ၆ အတိုင်း မေးမြန်း၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်းက ပို့ရောက်သည့် မေးခွန်း ၆ အတိုင်း ရေနံအုပ် ငစံဝကို တရားနားခံတော်မင်း နေမျိုးမင်းလှကျော်သူ ဆင့်ဆိုစေလွှတ် မေးမြန်းစေ၍ (မာမတ်တာကီသို့ ရေနံအပ်ရကြောင်း) ထွက်ဆိုချက်များကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၅။ ။ မော်တင်မိုဆက် ဣဗျဲဟင်နှင့် အရေးပိုင်မင်း စာရေးတို့ သိမ်းယူသည့် ကုန်ပစ္စည်းများမှာ တရုတ်လူမျိုး ကာစင်ပိုင် မှန်ကြောင်း သက်သေတို့ ထွက်ဆိုရှိ၍ တရုတ်ကာစင်သို့ ပေးအပ်လိုက်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[၃]။

ပသီလူမျိုး ခံစပ် မေးချက်။

၆။ ။ အရေးပိုင်မင်း စာရေးတို့ သိမ်းယူသည့် ကုန်ပစ္စည်းများမှာ တရုတ်လူမျိုး ကာစင်ပိုင် မှန်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[၃]။

ပသီလူမျိုး အပဒူရဟင် မေးချက်။

၇။ ။ အရေးပိုင်စာရေးတို့ သိမ်းယူသည့် ကုန်ပစ္စည်းများမှာ တရုတ်လူမျိုး ကာစင်ပိုင် မှန်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ နိုင်ငံတော်က တိုက်ခိုက်ထွက်ပြေး၊ အင်္ဂလိပ်နယ်တွင် တွေ့မိဖမ်းဆီး၍ မောက်တင်ရွာတပ်ဗိုလ် ငစုရထံ အပ်နှံထားရှိသူ ဓားပြ ငစံရနှင့် အပေါင်းပါလူတို့ကို စေလွှတ်တောင်းယူမည် ဖြစ်သောကြောင့် အမြန်ပေးအပ်အောင် သင့်ရာစာပေး မှာထားမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

ပခန်းကြီးမြို့စား မင်းကြီးထံ အရေးပိုင်က ပြန်ပေးစာ။

၉။ ။ ဓားပြ ငစံရတို့ အကြောင်းနှင့် ပေးစာတွင် တိုက်ခိုက်ကြောင်း စစ်တမ်းစစ်ချက်များ ပါသင့်သည်ဖြစ်၍ စစ်တမ်းများ ပို့ရောက်စစ်မေး သိသာကာလ၊ လူစေလွှတ်တောင်းယူရန် ဝန်ရှင်တော်မင်းကြီးထံ စာပြန်မှ စေလွှတ်မည့် အကြောင်းအရာ။

---

၁။ ၁၃ ဇူလိုင် ၁၈၇၃ ၂။ ၁၈ ဇူလိုင် ၁၈၇၃ ၃။ ၁၄ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ဓားပြ ငစံရ နိုင်ငံတော်တွင် အရပ်ရပ် ဆိုးသွမ်း တိုက်ခိုက်သည့် အမှုအရင်းအမြစ်ကို အပေါင်းပါ ဖမ်းဆီးရမိလူတို့ ထွက်ဆိုအစစ်ခံချက်။ လိုက်လံဖမ်းဆီးသူ ကျောက်အိုးရွာသူကြီး၊ ထောက်မရွာသူကြီးတို့ ထွက်ချက်များကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၂]။

ဓားပြ ငစံရ အပေါင်းပါ ငရွှေအပ် အစစ်ခံချက်။

၁၁။ ။ ငစံရနှင့် အတူပေါင်းသင်း၍ နိုင်ငံတော် မြို့ရွာများတွင် အရပ်ရပ် တိုက်ခိုက်ပုံ၊ လူစုကွဲပြား ဖမ်းဆီးခံရပုံ အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့[၃]။

ရွှေဓားစွဲဗိုလ် ကျောက်အိုးရွာသူကြီး မေးချက်။

၁၂။ ။ ဓားပြ ငစံရနှင့် အပေါင်းပါလူတို့ကို ဖမ်းဆီးရာ ခုခံ၍ သစ္စာခံ လူ ၃ ယောက် ထိခိုက်သေဆုံး၊ ဓားပြတို့ကို မရမမိ၊ သစ္စာခံလူတို့ကိုသာ ဆင့်ဆိုလိုက်သွားစေ၍ အကြောင်းအရာလျှောက်ရန် ရွှေဘွားတော်အောက်သို့ ပြန်ခဲ့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

ထောက်မရွာသူကြီး သစ္စာခံ ငလှိုင်း မေးချက်။

၁၃။ ။ ဓားပြ ငစံရနှင့် အပေါင်းပါလူတို့ကို လိုက်လံဖမ်းဆီးရာ ကျောက်တိုင်တောင်ဘက်တွင် တွေ့မိ၍ မောက်တင်တပ်ဗိုလ် ငစုရထံ အပ်နှံထားခဲ့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးရန်ပို့လိုက်သည့် စာအိတ် ၁ ကို ပေးပို့၍ မည်သည့်နေ့ ပေးပို့သည် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၃၀ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ ဆင်ဖြူကျွန်းအရပ်တွင် အင်္ဂလိပ် ကျွန်တော်မျိုး အီစမ်အင်မာလစ်နှင့် အပေါင်းပါ ကုန်သည်တို့ တိုက်ခိုက်သည့် ဓားပြများ ရမိသည် မရမိသည်၊ နယ်ရှင်တို့က မည်သို့ လျှောက်ထားရှိသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဆင်ဖြူကျွန်းမှာ အီစမ်အင်မာလစ်တို့ ဓားပြတိုက်မှု အကြောင်းအရာကို နယ်ရှင် အကြီးအအုပ်တို့က အလျှောက်အထား စာမရောက်သေး၍ ထပ်မံ ဆင့်ဆိုဆဲရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ သာယာဝတီမြို့၊ ရေကင်းမင်းကြီးရွာတွင် လောကဓေယာ ဘုရားကို ပြင်ဆင်စေတော်မူလျှင် အလိုရှိရာ ငွားရမ်းဝယ်ယူ ပြင်ဆင်နိုင်အောင် သင့်ရာစာပေး မှာထား၍ စာပြန်ပါမည့် အကြောင်းအရာ။

---

၁။ ၁၉ ဇူလိုင် ၁၈၇၃ ၂။ ၁၃ ဇူလိုင် ၁၈၇၃ ၃။ ၄ ဇူလိုင် ၁၈၇၃ ၄။ ၁ စက်တင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလဆန်း၊ ၁ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၂၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံ ပေးစာ။

၁၈။ ။ ရန်ကုန်မြို့နေ တရားလို ဆူဆွံမော်ကောရာက လှေကလေးထံ ဖြတ်စာထွက်ရသင့် သံခုတင်ဖိုးငွေများကို နှစ်အရှည် မပေး မရရှိ၍ နေရာကျ ပြုလုပ်တောင်းခံပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

နောက်ပြင်ခုံတော် မေးချက်။

၁၉။ ။ ဆူဆွံမော်ကောရာသို့ သံခုတင် သံချိန် ၁၁၃၀၀ ပေးအပ်စေရန် လှေကလေးကို ချုပ်ထားတောင်းခံရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

လှေကလေး ထွက်ဆိုချက်။

၂၀။ ။ ရာကွတ်ပိုင် အရပ်ရပ် သံခုတင် သံချိန်မှာ ၈၀၀၀ သာ ရရှိ၍၊ အဝမြို့ ပွဲစား ဘိုးသစ်ထံ ၁၀၀ လျှင် ၁၀ နှုန်း ရောင်းချ၍ သင့်ငွေ ၈၀ ဒိ ကိုသာ ပေးချေရယူ သုံးစားရကြောင်း။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့[၂]။

ပွဲစား ဘိုးသစ် ထွက်ဆိုချက်။

၂၁။ ။ လှေကလေးထံက သံခုတင်ပျက် သံချိန် ၈၀၀၀ ဝယ်ယူရောင်းချရာ၊ သံချိန် ၅၀၀ ခန့် ကျန်ရှိသေးသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ သံခုတင်ပျက်ရောင်းသူ လှေကလေးနှင့် ဝယ်သူ ဘိုးသစ်တို့ကို မေးရာ သံချိန် ၈၀၀၀ သာ ရောင်းချ ဝယ်ယူရကြောင်း၊ နောက်ပြင်ခုံတော်ကို ထပ်မံမေးရာ လှေကလေးကို ချုပ်ထား၍ ဖြတ်စာထွက် သံခုတင် သံချိန် ၁၁၃၀၀ ကို တောင်းခံဆဲ ရှိကြောင်းများနှင့် ထွက်ဆိုရှိကြသည့် အကြောင်းအရာ။

---

၂၁၈ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ကြောခိုင်ကို သတ်ဖြတ် ထွက်ပြေးသူ ကြောညို ရွှေမြို့တော် အိမ်တော်ရာ ဘုရားအနီးတွင် နောင်တွေ့ရှိကာလ အရပ်အုပ်ထံ တိုင်တန်းအပ်ထားရမည် ဒိုင်းခေါင်းကို ဆင့်ဆိုထားလျှင် ဖမ်းဆီးနိုင်မည် ထင်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့[၄]။

ဒိုင်းခေါင်း ငချိန်သို့ ပေးအပ်သည့်စာချွန်။

၂။ ။ ကြောညိုကို တွေ့ရှိ၍ တိုင်တန်းလိုကြောင်း ပြောဆိုရှိလျှင် တွေ့ရင်းသူနှင့် ဒိုင်းသား ၂ ယောက်တန်သည် ၃ ယောက်တန်သည် ဘက်ထည့်၊ အရပ်အုပ် ၁၀ အိမ်ခေါင်းတို့ထံ တိုင်တန်းအပ်ထားစေ၍ အကြောင်းအရာကို အမြန် လျှောက်ထားရမည့် အကြောင်းအရာ။

---

၁။ ၂၃ မေ ၁၈၇၃ ၂။ ၂၀ ဇွန် ၁၈၇၃ ၃။ ၁၁ ဇူလိုင် ၁၈၇၃ ၄။ ၁၈ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ တရားခံ ရေနံချောင်း ၄ မြို့ဝန်က အင်္ဂလိပ် ကျွန်တော်မျိုးမ မိဘွားသို့ လစဉ်ဆပ် ဒီဂရီ စီရင်ချက်အရ ဝါဆိုလတွက် ပေးသင့်ငွေကို နေ့ရက်ကျူးလွန် မပေးမရရှိ၍ ဆင့်ဆိုတောင်းခံပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၄။ ။ ရေနံချောင်း ၄ မြို့ဝန်မင်း ကိုယ်စားလှယ် မောင်သာမောင်ကို ချုပ်ထားတောင်းခံ ပေးဆပ်စေရမည်၊ မြို့သာဝန် စာရေးတော်ကြီးမင်းသို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ ဒုတိယ ကြေးနန်းဆရာကြီးကို လခငွေ ၅၀၀ လစဉ်ပေးမည် ဖြစ်လျှင် မှာထားခေါ်ယူ လာရောက်စေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၆။ ။ ဒုတိယ ကြေးနန်းဆရာကြီးကို လခငွေ ၅၀၀ လစဉ်ပေးကမ်း ထမ်းရွက်စေမည်ဖြစ်၍ မှာထားခေါ်ယူ ပေးမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

သဘော်သူကြီး သရက်ဒူရမ် လျှောက်ချက်။

၇။ ။ ဌာန်းကုမ္ပဏီ ကိုယ်စားလှယ်ထံ စာချုပ်ဆို ဝယ်ယူသည့် ယမ်းဘူး၊ တူဆန်၊ ယမ်းတောင့်များကို နေ့ရက် ကျူးလွန် မပေးမရရှိ၍ တွဲဖက်ရုံးမှာ လျှောက်ထားရာ တင်ပေးရသည့် စာချုပ်ကိုလည်း မရ၊ စာချုပ်ပါ ပစ္စည်းများကိုလည်း တောင်းခံမပေးရှိ၍ ပစ္စည်းဖြစ်စေ၊ စာချုပ်ဖြစ်စေ တောင်းခံ ပြန်ပေးပါအောင် ဆင့်ဆိုတော်မူပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ သရက်ဒူရမ် လျှောက်ထားချက်အတိုင်း မှန်လျှင် လက်မှတ်ထိုး စာချုပ်ပါ ပစ္စည်းများကို ဌာန်းကုမ္ပဏီ ကိုယ်စားလှယ်ထံ တောင်းခံပေးအပ်မည့် အကြောင်းအရာ၊ တောင်းခံမရတည့်နိုင်ရှိလျှင် စာချုပ်ကို ပေးအပ်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့[၃]။

တရုတ်ကာစင် လျှောက်ချက်။

၉။ ။ အင်္ဂလိပ် အရေးပိုင် စာရေးနှင့် ဣဇ္ဇာပ်ဟင်တို့က သိမ်းယူသည့် ကျွန်တော်ပိုင် ပစ္စည်းများကို ပြန်အပ်ရာမပါ ကျန်ပစ္စည်း၊ ပို့ရောက်သည့်အနက် အချို့ ဟောင်းနွမ်းပျက်စီးသည့် ပစ္စည်းများအတွက် ငွေ ၃၇၅-၃-၁ ကို တောင်းခံပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ တရုတ်ကာစင်ပိုင် ပစ္စည်းများကို သိမ်းယူရင်းလူတို့ မေးမြန်း၍ စာရင်းပါအတိုင်း နေရာကျပြုလုပ်မည့် အကြောင်းအရာ၊ ပစ္စည်းများကို အခြားသူတို့က တရုတ်ကာစင်ပိုင် မဟုတ်ကြောင်း ပြောဆိုမရှိ၍ တရုတ်ကာစင်သို့သာ ပေးအပ်မည့် အကြောင်းအရာ။

---

၁။ ၂၂ ဇူလိုင် ၁၈၇၃ ၂။ ၂၇ ဇူလိုင် ၁၈၇၃ ၃။ ၃၀ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၁၁။ ။ တရုတ်ကာစင်ပိုင် သိမ်းယူရာပါ ကုန်ပစ္စည်းများကို အရေးပိုင်က ပို့ရောက်သည့်အတိုင်း ကာစင် ကိုယ်စားလှယ်သို့ ပြန်အပ်သည့် အမှတ်အသား ကုန်ပစ္စည်းစာရင်း။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ နောက်ပြင်ထောင်မှူးက ရုံးတော် ပို့အပ်ရှိသည့် ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ကြောခိုင် သတ်သူ ကြောညိုကို ပေးအပ်ပါမည့် အကြောင်းအရာ။

မြို့ဝန်တို့က လွှတ်တော်လျှောက်စာ။

၁၃။ ။ နောက်ပြင်ထောင်မှူးက ဖမ်းဆီးပို့အပ်သည့် ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ကြောခိုင် သတ်သူ ကြောညို ကို စစ်မေးထွက်ဆိုချက်များနှင့်တကွ ပို့အပ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။

ကြောညို အစစ်ခံချက်။

၁၄။ ။ ရန်ကုန်မြို့ ပုဇွန်တောင်အရပ်တွင် ကြောခိုင်နှင့် ခိုက်ရန်ဖြစ်ပွား ရိုက်နှက်ရာ ကြောခိုင် သေဆုံးရှိ၍ ထွက်ပြေးလာပြီးလျှင် ရွှေမြို့တော်နောက်ပြင် ရွှေလောင်းကြီးရပ်တွင် တည်းခိုနေထိုင်သည့် အကြောင်း အရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၂]။

မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲက လွှတ်တော်လျှောက်စာ။

၁၅။ ။ လွှတ်တော်မှာစာပါ ငရန်ရှင်းအိမ်သို့ လာဖူးသူ ငရန်ကွင်းနှင့် အမည်တူလူကို ဖမ်းဆီးစစ်မေး၍ အစစ်ခံ နှင့် တကွ ပို့အပ်သည့် အကြောင်းအရာ။

---

## ၂၁၉ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့[၃]။

ဆင်ပေါင်ဝဲရွာနေ ငရန်ကွင်း အစစ်ခံချက်။

၁။ ။ သောလေးကို မတိုက်မခိုက်၊ မဆိုးသွမ်းကြောင်း အကြောင်းအရာ။ တောင်တွင်းကြီး ညာတောရွာတွင် လယ်ယာ လုပ်ကိုင်စားသောက် နေထိုင်သည်ကို ကျေးရွာသူကြီးတို့ အသိအထင်ဖြစ်သည့် အကြောင်း အရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငရန်ကွင်း ဆိုသူကို ဖမ်းဆီးစစ်မေးရာ တောင်တွင်းကြီး ညာတောရွာတွင် လယ်ယာလုပ်ကိုင် စားသောက် နေထိုင်ကြောင်း၊ သောလေးကို မတိုက်မခိုက်၊ ဆိုးသွမ်းဖူးသူ မဟုတ်ကြောင်း အစစ်ခံရှိ၍ သက်သေတို့နှင့် တိုက်ဆိုင်ရှင်းလင်းရမှ နေရာကျမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ပြည်မြို့နှင့် ရွှေတောင်မြို့အကြား အခွန်ငွေကို တိုက်ခိုက်ဆိုသူ ငလှိုင်း၊ ငဆန်းတို့နှင့် အမည်တူ လူတို့ကို အရေးပိုင်မင်း ပေးစာအရ ချုပ်ထားရာ လရက်အရှည် မရှင်းမလင်းရှိ၍ ထပ်မံဆိုင်းငံ့ရန် မရှိ၊ အကျဉ်းမှ လွှတ်မည့် အကြောင်းအရာ။

---

၁။ ၂၂ ဇူလိုင် ၁၈၇၃ ၂။ ၂ ဩဂုတ် ၁၈၇၃ ၃။ ၇ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ တရားလို မြို့နတ်ခါစာတွတ်၊ တရားခံ မာမတ်တာကီတို့ အမှုတွင် တရားခံပြသက်သေ ရေနံအုပ် မောင်စံဝကို ပို့လိုက်သည့် (အိမ်သို့ တရားလို တရားခံတို့ လာ မလာ အကြောင်းအရာ) မေးခွန်း ၃ အတိုင်း မေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ တရားလို မြို့နတ်ခါစာတွတ်၊ တရားခံ မြို့မာမတ်တာကီတို့ အမှုတွင် တရားလိုပြသက်သေ ရေနံအုပ် မောင်စံဝကို ပို့လိုက်သည့် (တရားလို တရားခံတို့သို့ ရေနံပေးအပ် အကြောင်းအရာ) မေးခွန်းစကား အတိုင်း မေးမြန်း၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့။

၆။ ။ အရေးပိုင်က ပထမ ပို့ရောက်သည့် မေးခွန်းအတိုင်း ရေနံအုပ် မောင်စံဝကို မေးမြန်းရာ (အိမ်သို့ တရားလို တရားခံတို့ လာရောက်ကြောင်း) ထွက်ဆိုချက်။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁ ရက်နေ့[၁]။

၇။ ။ အရေးပိုင်က ဒုတိယ ပို့ရောက်သည့် မေးခွန်းအတိုင်း ရေနံအုပ် မောင်စံဝကို မေးမြန်းရာ (တရားလို တရားခံတို့သို့ ရေနံပေးအပ်ရကြောင်း) ထွက်ဆိုချက်။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်က ၂ ကြိမ် ပို့ရောက်သည့် မေးခွန်းအတိုင်း ရေနံအုပ် မောင်စံဝကို မေးမြန်း၍ ထွက်ဆိုချက်များကို ပေးပို့စေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ ဓားပြ ငရန်ကွင်း ဆိုးသွမ်းတိုက်ခိုက်သည့် အကြောင်းအရာ အစစ်ခံ ထွက်ချက်များကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၂]။

ငရန်ကွင်း ထပ်မံ မေးချက်။

၁၀။ ။ ဥယာဉ်ရွာနေ သောလေးကို တိုက်ခိုက်ရန် လက်နက်ပေး၍ စေခိုင်းသည်၊ ပစ္စည်းဝေစုယူသည် ငရွှေပြင်၊ ငနက်ပေးတို့ ထွက်ဆိုချက်သည် အမှုရာကြုံ ထွက်ဆိုခြင်းသာ ဖြစ်သည့် အကြောင်းအရာ (အကျယ်)။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့။

ငရန်ကွင်း ထပ်မံ မေးချက်။

၁၁။ ။ သက်သေ ငရွှေပြင်၊ ဓားပြ သောထွန်းအောင်တို့ ထွက်ချက်ပါ ပစ္စည်းများကို မရမယူရကြောင်း။ သောထွန်းအောင် စွဲကိုင်သည့် သေနတ်လည်း ရွာထောင်သေနတ် ဖြစ်ကြောင်းကို လူပေါင်း ၆၀ တို့ ကျမ်းဆို၍ မြေထဲမြို့ရုံးတွင် သိမ်းထားရှိကြောင်း။

---

၁။ ၂၃ ဩဂုတ် ၁၈၇၃    ၂။ ၆ နိုဝင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငရန်ကွင်းကို အစစ်ခံရင်းလူတို့နှင့် တိုက်ဆိုင်ရှင်းလင်းရမှ နေရာကျမည်ဖြစ်၍ နေ့ရက်မကြာ စေလွှတ် ရှင်းလင်းစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၇ ရက်နေ့[၂]။

ဗန်းမော်မြို့ဝန်က လွှတ်တော်လျှောက်စာ။

၁၃။ ။ ဗန်းမော်မြို့ရောက် ကုန်များတွင် အမိန့်တော်မှာစာအရ ကောက်ခံမိငွေများကို ပြန်ပေးကြောင်း၊ ကုန်သည် တို့ကို ချုပ်နှောင်တောင်းခံ မပြုမလုပ်ကြောင်းနှင့် အထက်လျှောက်ရင်း စာလက်ခံကိုလည်း ဆက်သ လျှောက်ထားသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဗန်းမော်မြို့ရောက် ကုန်များတွင် ကောက်ခံမိငွေများကို ပြန်ပေးကြောင်း၊ ကုန်သည်တို့ကို ချုပ်နှောင် တောင်းခံ မပြုမလုပ်ကြောင်းနှင့် ဗန်းမော်မြို့ဝန်က လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၁၆ ရက်နေ့။

အရေးပိုင်က ပေးစာ။

၁၅။ ။ မြန်အောင်မြို့ ဖန်ခါးပင်ရွာအနီး မိရွှေမိကို ဓားနှင့် ထိုးသတ်ထွက်ပြေးသူ ငရွှေကြွတ်ကို ထပ်မံထောက် လှမ်းရာ၊ ရေနံချောင်းမြို့တွင် ဘိုးအမည်နှင့် မိန်းမထိန်း ပြုလုပ်ရှိနေသည် သိရ၍ ဆင့်ဆိုဖမ်းဆီး ပို့အပ်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

ရေနံချောင်း ၄ မြို့ဝန်က လွှတ်တော်လျှောက်စာ။

၁၆။ ။ ဘိုးအမည်နှင့် မိန်းမထိန်း မရှိ၍ မိန်းမထိန်း ငစံထွန်း၊ ငမြိုင်တို့ကို ကြည့်ရှုစစ်မေးသာအောင် တင်ပို့ ပါမည့် အကြောင်း။

---

၂၂၀ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ရေနံချောင်းမြို့မှာ ဘိုးအမည်နှင့် မိန်းမထိန်း ပြုလုပ်နေထိုင်သူ မရှိ၍ မိန်းမထိန်း ငစံထွန်း၊ ငမြိုင်တို့ကိုသာ စစ်မေးသာအောင် တင်ပို့မည့်အကြောင်းနှင့် ရေနံချောင်းမြို့ဝန်က လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ်လူမျိုး တောက်တီ ဆိုသူနှင့် စတပ်ဘွတ် ဆိုသူတို့ နိုင်ငံတော်အတွင်း ရှိ မရှိကို ထောက်လှမ်း မေးမြန်း၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ်လူမျိုး တောက်တီနှင့် စတပ်ဘွတ်တို့ အကြောင်းကို နိုင်ငံတော်အချို့ မြို့ရှင်ရွာရှင်တို့က မေးမြန်း မရရှိကြောင်းနှင့် လျှောက်ထားရှိကြောင်း၊ ကျန်မြို့ရွာရှင်တို့က လျှောက်ထားကာလ စာပြန်မည့်အကြောင်း။

---

၁။ ၂၉ ဩဂုတ် ၁၈၇၃ ၂။ ၃၁ ဇူလိုင် ၁၈၇၃

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ သီပေါ်ဖိုင်ခွဲ အစိုးရမင်းတို့ အလိုရှိသည့် မဟာဝံသ ဋီကာကျမ်းစာကို ပေးနိုင်မည်၊ မပေးနိုင်မည်ကို စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ သီပေါ်ဖိုင်ခွဲ အစိုးရတို့ထံ ပို့ရန် မဟာဝံသ ဋီကာကျမ်းစာကို ပို့လာစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ သီပေါ်ဖိုင်ခွဲ အစိုးရတို့ထံ ရဟန်းတော် ရှင်သာရမေဓ ယူသုံးငွေ ၂၀၀ ကို ပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ သီပေါ်ဖိုင်ခွဲ အစိုးရတို့ထံ ရဟန်းတော် ရှင်သာရမေဓ ယူသုံးငွေ ၂၀၀ ကို ပေးပို့လာစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ သာယာဝတီ ရေကောင်းမင်းကြီးရွာတွင် လောကဇေယျာ ဘုရားကို ပြင်ဆင်တော်မူရန် စာပေးသည်အရ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ အစီရင်ခံစာ ပေးပို့ကြောင်း၊ အမိန့်စာ ပြန်ရောက်ကာလ စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ရေကောင်းမင်းကြီးရွာမှာ လောကဇေယျာဘုရား ပြင်ဆင်တော်မူရန်အကြောင်းကို လရက်အရှည် မသိရ ရှိသောကြောင့် ရန်ကုန်မြို့ အရေးပိုင်ကြီးထံ စာထပ်မံပေးပို့၍ စာပြန်ကြားမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ်စကားပြော ကြေးနန်းဓာတ်ရုံတော်များမှာ အရပ်ရပ် နားလည်သိကျွမ်းသည့် ဆရာကြီးတစ်ယောက်ကို ထားရလျှင် အကျိုးများစွာ ရှိမည်ဖြစ်၍ ရန်ကုန်မြို့သို့ စာပေးသာအောင် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အင်္ဂလိပ်စကားပြော ကြေးနန်းဆရာအကြောင်းနှင့် ပေးစာအရ ကျေးဇူးအထူး တင်ရှိသော်လည်း ပညာတော်သင်တို့က ထမ်းရွက်နိုင်ကြောင်း လျှောက်ထားရှိ၍ အလိုရှိသည့်ကာလမှ စာပေးပြောဆိုမည့် အကြောင်းအရာ။

---

၁။ ၅ စက်တင်ဘာ ၁၈၇၃

ရာပြည့်စာအုပ်တိုက်

၁၂၃၅ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ မိုးမျဉ်းမြို့ဝန် တာစခုံ နိုင်ငံတော်အတွင်း ခိုဝင်ရှိလျှင် တရုတ်ပြည် အစိုးရမင်းများသို့ ဖမ်းဆီးပေးမည်၊ သို့မဟုတ် ကောင်းမွန်နေထိုင်စေမည်၊ မည်ကဲ့သို့ အမိန့်ထုတ်သည်များကို သိလိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၃ ရက်နေ့[၁]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ ပို့လိုက်သည့် သံတော်ဦးတင်ရန်စာကို ဆက်ပါမည့် အကြောင်းအရာ၊ ၎င်းစာလက်ခံကိုလည်း ဝန်ရှင်တော်မင်းကြီး သိရန် ပေးပို့သည့် အကြောင်းအရာ။

အရေးပိုင် စတိုဝါက သံတော်ဦးတင်စာ။

၁၄။ ။ မိုးမျဉ်းမြို့ဝန် တာစခုံ နိုင်ငံတော်သို့ ခိုဝင်လာရောက်ရှိလျှင် အင်္ဂလိပ်နယ်သို့ ခေါ်ယူပါရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ မိုးမျဉ်းမြို့ဝန် တာစခုံ အကြောင်း တင်စာအရ စာပြန်ပါမည့် အကြောင်းအရာ၊ မိုးမျဉ်းမြို့ဝန်ကို တရုတ်ပြည် အစိုးရမင်းများထံ ပေးအပ်လျှင် မကြည်မသာရှိကြမည် ဖြစ်သည့် အကြောင်းအရာ၊ အိန္ဒိယအစိုးရတို့က မိုးမျဉ်းမြို့ဝန် ချမ်းသာကြောင်းကိုသာ ကြားလိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အင်္ဂလိပ်မင်းနှင့် မဟာမိတ် ဖြစ်သကဲ့သို့ တရုတ်မင်းနှင့်လည်း မဟာမိတ် ဖြစ်သောကြောင့် မိုးမျဉ်းမြို့ဝန် ခိုဝင်ရှိလျှင် ဖမ်းဆီးပေးရမည် ဗန်းမော်မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း၊ မိုးမျဉ်းမြို့ဝန်ကို ခေါ်ယူလိုကြောင်း တင်လျှောက်သည်မှာ မသင့်ကြောင်း၊ တင်သည့်အတိုင်းလည်း အခွင့်ပေး၍ မသင့်ကြောင်း။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၂]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၇။ ။ ဗန်းမော်မြို့သို့ မကြာမီ သင်္ဘောတော် ဆန်တက်မည်ဖြစ်လျှင် ဗန်းမော်မြို့တွင် နေထိုင်မည့် ဒုတိယအရေးပိုင် လိုက်ပါစေလိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ဗန်းမော်မြို့သို့ သင်္ဘောတော် ဆန်တက်မည့်နေ့ရက် မသေချာသေးကြောင်းနှင့် သင်္ဘောတော်စီးတို့က လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့[၃]။

၁၈၇၃ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၉။ ။ ဘုရင်ခံမင်းက ပို့ရောက်သည့် ပဏ္ဏာတော်များနှင့် အင်္ဂလိပ်မင်း ရုပ်ပုံတော်များကို ဆက်သရန် ခင်ယင်နိုင်မည့် နေ့ရက်ကို စာပြန်ပါမည့် အကြောင်းအရာ။

---

[၁]။ ၉ စက်တင်ဘာ ၁၈၇၃ ဖြစ်မည်။ [၂]။ ၂၂ စက်တင်ဘာ ၁၈၇၃ [၃]။ ၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက် ဖြစ်မည်။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ဘုရင်ခံမင်းက ပို့ရောက်သည့် ပဏ္ဏာတော်များနှင့် အင်္ဂလိပ်မင်း ရုပ်ပုံတော်များကို တပ်ဝင်း အခင်းအကျင်း နှင့် ယခုလဆန်း ၁၀ ရက်နေ့ အထက်ရာဇသံ ကြိုယူမြဲအချိန် ကြိုယူမည့် အကြောင်းအရာ။

၁၂၃၅ မှ၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၂၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂၁။ ။ အင်္ဂလိပ်မင်း ရုပ်ပုံတော်နှင့် ဘုရင်ခံမင်း ပဏ္ဏာတော်များ ဆက်သွင်းရန်ကို မှူးတော်မတ်တော်များနှင့် တွေ့ဆုံတိုင်ပင်လိုသည့် အကြောင်းအရာ။ အရေးပိုင်ကြီးထံက ပို့ရောက်သည့်စာကိုလည်း ပို့လာစေ သည့် အကြောင်းအရာ၊ ဗန်းမော်မြို့ အရေးပိုင် ကပ္ပိတန်လောင်းအစား မစ္စတာကူပယ် လာရောက်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၃ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်ကြီးက ပခန်းမင်းကြီးထံ ပေးစာ။

၂၂။ ။ အင်္ဂလိပ်မင်းက ပို့ရောက်သည့် ရုပ်ပုံတော်၊ ဘုရင်ခံမင်းက ပို့ရောက်သည့် ပဏ္ဏာတော်များကို မဟာမိတ် အဖြစ် ထင်ရှားစေရန် အရေးပိုင် ကူပယ်တွင် ပေးအပ်မှာထား ဆက်သရသည်ကို နှစ်သက်ဝမ်းမြောက် သည့် အကြောင်းအရာ။

---

## ၂၂၁ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်ကြီးသို့ ပေးစာ။

၁။ ။ ဘုရင်မ ရုပ်ပုံတော်၊ ဘုရင်ခံမင်းမြွတ် ပဏ္ဏာတော်များကို တင့်တယ်ထူးမြတ်အောင် ကြိုယူ၍ မြို့တော်ရှိ အရေးပိုင်၊ ဗန်းမော်မြို့တွင် ရပ်တန့်နေမည့် အရေးပိုင် ကူပယ်တို့ကိုယ်တိုင် ဝင်ရောက်ဆက်သစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရန်ကုန်မြို့ အရေးပိုင်ကြီးထံပေးရန် ပို့လိုက်သည့်စာကို အမြန်ပေးပို့၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ မောင်စံဝကို မည်သည့် နှစ်လရက်နေ့တွင် အညာဆန် ရေနံအုပ် ခန့်သည်ကို စာပြန်ပါမည့် အကြောင်း အရာ။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့။

ရေနံအုပ်ခန့် စာချွန်။

၄။ ။ ငစံဝကို အညာဆန် ရေနံအုပ်ခန့်၊ တစ်နှစ်လျှင် အခွန်တော် ၂ သိန်း ဆက်သွင်းထမ်းရွက်ရမည့် အကြောင်း အရာ။

---

၁။ ၂၀ စက်တင်ဘာ ၁၈၇၃ ၂။ ၁၁ စက်တင်ဘာ ၁၈၇၃ ဖြစ်မည်။ ၃။ ၂ အောက်တိုဘာ ၁၈၇၃

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ငစံဝကို ၁၂၃၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့ စာချွန်ပေးအပ် ရေနံအုပ် ခန့်ထားထမ်းရွက်စေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ဆင်ဖြူကျွန်းတွင် အင်္ဂလိပ် ကျွန်တော်မျိုး အီစမ်အင်မာလစ်၊ အီစွပ်တို့နှင့် အပေါင်းပါ ကုန်သည်တို့ တိုက်ခိုက်သည့် ဓားပြများ ရမိသည် မရမိသည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဆင်ဖြူကျွန်းတွင် အီစွပ်၊ အီစမ်မာလစ်တို့နှင့် အပေါင်းပါ ကုန်သည်တို့ တိုက်ခိုက်သည့် ဓားပြများကို ထပ်မံဆင့်ဆို ထောက်လှမ်း ဖမ်းဆီးဆဲရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

အမိန့်တော်။

၈။ ။ အရေးပိုင် ကူပယ်ကို ဗန်းမော်မြို့မှာ ထမ်းရွက်သည့်အတွင်း ရွှေထီး သနားတော်ခံစေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၉။ ။ မင်းလှကင်းတော် ရောက်မှ အကောက်တော် ဆောင်မည်ရှိသည့် အောက်မြို့ရွာတင် ဘိုးမင်း ထန်းလျက်ကုန်တွင် မြို့တော်ဆိပ်ကမ်းက ကောက်ခံရှိပါ၍ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အောက်မြို့ရွာတင် ဘိုးမင်း ထန်းလျက်ကုန် မြို့တော်ဆိပ်ကမ်းက ကောက်ခံပြီးများကို မင်းလှမြို့က ကောက်ခံမရှိကြောင်းနှင့် အကောက်အရာရှိတို့က ထွက်ဆိုရှိကြောင်း။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မြဲဇာဟာမတ်က အင်ထောက်သာ ၅ မြို့စစ်ကဲနှင့် ပင်းသာမြို့အုပ် မောင်ပြား တို့ထံ ငွေရရန်ရှိကြောင်း လျှောက်ထားရှိ၍ တွဲဖက်ရုံးသို့ လာရောက်ရှင်းလင်းအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ယခု အင်ထောက်သာ ၅ မြို့စစ်ကဲ ခန့်ထားမရှိ၍ မည်သူဖြစ်သည်၊ မယား မည်သူဖြစ်သည်၊ ပင်းသာမြို့အုပ်ဆိုသူ မည်သည့်ကာလက အုပ်ဖူးသည်၊ မယား မည်သူဖြစ်သည်ကို အသေအချာ စာပြန်မည့် အကြောင်းအရာ။

---

၁။ ၁၀ အောက်တိုဘာ ၁၈၇၃ ၂။ ၂၁ အောက်တိုဘာ ၁၈၇၃

၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ သာယာဝတီ ရေကင်းမင်းကြီးရွာတွင် လောကဗျေယာဘုရား ပြင်ဆင်တော်မူရန် အကြောင်းကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ထပ်မံ စာပေးပို့ရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ထပ်မံပေးစာ။

၁၄။ ။ သာယာဝတီမြို့ ရေကင်းမင်းကြီးရွာမှာ လောကဗျေယာ ဘုရားကို ပြင်ဆင်တော်မူရန် အကြောင်းကို မကြား မသိရဖြစ်၍ စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံ ပေးစာ။

၁၅။ ။ အာလံမြို့ စောင်းလျားကျင်းရွာ အနီးတွင် ပသီလူမျိုးစုံများကို သတ်ဖြတ်ထွက်ပြေးသူ ငလှိုင်း၊ ငနီတို့ကို နိုင်ငံတော်အတွင်း ထောက်လှမ်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဆင်ပေါင်ဝဲအဝင် ရေမဲညိုရွာ၊ ကေရာဇ်ကုန်းရွာများသို့ ငလှိုင်း၊ ငနီတို့ မည်သည့်ကာလကမှ မလာ မရောက်ဖူးကြောင်း၊ မေးမြန်းထောက်လှမ်း မရရှိကြောင်းများနှင့် အောက်မြစ်စဉ် စစ်ကဲတို့က လျှောက်ထား ရှိကြောင်း။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ထပ်မံ ပေးစာ။

၁၇။ ။ နိုင်ငံတော်အတွင်း ကြေးနန်းရိုက်ကြားခနှုန်း မည်ရွေ့မည်မျှ ထားသည်၊ ယခု ပို့လိုက်သည့် ကြေးနန်းစာပါ နှုန်း မှန်သည် မမှန်သည်များကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ကြေးနန်းရုံ အရာရှိတို့ကိုမေးရာ ဆာဒလင်မက္ကင်စီတို့လူ ငပေါက ကြေးနန်းစကားခွန်းရေ၊ နှုန်းငွေဂဏန်း များ မရေးပါနှင့် ဆိုသောကြောင့် မရေးမိကြောင်း ထွက်ဆိုရှိ၍ ငစိန်ကို အပြစ်အလျောက်. ခြေချင်း စွဲခတ် စီရင်ရှိသည် ထွက်ဆိုရှိကြောင်း၊ ငစိန် ထွက်ချက်တွင် ငပေါက စကားခွန်းရေများ မရေးပါနှင့် တော့ ဆိုကြောင်း ပါရှိသည့်အရမှန်လျှင် စီရင်ရန် ငပေါကို အရေးပိုင်မင်းက ဆာဒလင်မက္ကင်စီတို့ထံ ဆင့်ဆိုတောင်းယူ ပို့အပ်မည့် အကြောင်းအရာ။

---

## ၂၂၂ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

ကြေးနန်းရုံ အကြီးအကြပ်တို့ အစစ်ခံချက်။

၁။ ။ ဆာဒလင်မက္ကင်စီတို့လူ ငပေါက ကြေးနန်းစကားခွန်းရေ၊ အခငွေများ မရေးပါနှင့်တော့ ဆိုသောကြောင့် မရေးမသား ပေးအပ်မိကြောင်း ငစိန် ထွက်ဆို၍ ငစိန်ကို ခြေချင်းစွဲခတ် စီရင်ရှိကြောင်း။ ငပေါက

၁။ ၂၃ အောက်တိုဘာ ၁၈၇၃ ၂။ ၂၀ အောက်တိုဘာ ၁၈၇၃

လိမ်လည်ခိုးယူပြီးလျှင် ကြေးနန်းရုံကို မကောင်းအောင် ပြောဆိုခြင်းသာ ဖြစ်ကြောင်း၊ ငပေါ လိမ်လည်ကြောင်း ထင်ရှား၍ ဆာဒလင်မက္ကင်စီတို့က နှင်ထုတ်လိုက်ကြောင်း။

၁၂၃၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၁]။

စာရေး ငဘိုးစိန် အစစ်ခံချက်။

၂။ ။ ကြေးနန်းရိုက်ကြားခငွေကို ဥပဒေတော်ရှိသည်ထက် ပိုမို မတောင်းမယူ၊ ကြေးနန်းစကားခွန်းရေ အခနှုန်းများကို ငပေါက မရေးပါနှင့်တော့ ဆိုသောကြောင့် ရေးလိုက်မိ၍ ငပေါ အလိုရှိရာ ထည့်သွင်းရေးသားခြင်းသာ ဖြစ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေကို၊ ဘိုးတို့က ရေနံချောင်းမြို့ ပင်ဝရွာနေ မိအပ်၊ ငသိုင်း၊ ညီမောင်တို့အပေါ်တွင် ငွေ ၇၀၀၀ ကျော် ရရန်ရှိကြောင်း လျှောက်ထားရှိ၍ တရားခံများကို တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

ရေနံချောင်းမြို့ ပင်ဝရွာသူကြီး ညီရောင် ခံဝန်ချက်။

၄။ ။ မိအပ်၊ သား ငသိုင်း၊ ညီမောင်တို့ ဟင်္သာတမြို့သို့ စုန်သွားကြောင်း။ ပြန်လာကာလ လွှတ်တော်မှာ လျှောက်ထား ပို့အပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ တရားခံ မိအပ်၊ သား ငသိုင်း၊ ညီ ညီမောင်တို့ ဟင်္သာတမြို့သို့ စုန်သွားကြောင်း။ ပြန်ကာလ ပို့အပ်ပါမည့် အကြောင်းနှင့် ပင်ဝရွာသူကြီးက ခံဝန်လျှောက်ထားရှိကြောင်း။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ မင်းတုန်းမြို့ ဥယာဉ်ရွာနေ သောလေးကို တိုက်ခိုက်သတ်ဖြတ် ထွက်ပြေးသူ ငရန်ကွင်းနှင့် ရှင်းလင်းရန် သက်သေတို့ လာရောက်ရှိ၍ မည်သည့်နေ့ ရှင်းလင်းရန် ခင်ယင်နိုင်မည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အကျဉ်းချုပ်ထားသူ ငရန်ကွင်းကို သက်သေတို့နှင့် ရှင်းလင်းရန် လာရောက်သည့်နေ့ရက် ခင်ယင်နိုင်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ်လူမျိုး တောက်တီနှင့် စတပ်ဘွတ်တို့ အကြောင်းအရာကို နိုင်ငံတော် ကျန်အချို့ မြို့ရွာရှင်တို့က အလျှောက်အထားစာ ရောက်တန်ပြီဖြစ်၍ မေးမြန်းရ မရကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အင်္ဂလိပ်လူမျိုး တောက်တီနှင့် စတပ်ဘွတ်တို့ အကြောင်းကို မေးမြန်းမရရှိကြောင်းနှင့် ကျန်မြို့ရှင်ရွာရှင်တို့က လျှောက်ထားရှိကြောင်း။

---

၁။ ၁၉ အောက်တိုဘာ ၁၈၇၃ ၂။ ၃၀ အောက်တိုဘာ ၁၈၇၃

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည်ကြင်ခိုက ဆားကုန်အကောက်သင့်ငွေ ၆၅၀ အကျ နိုင်ငံတော်ဖြစ် ရွှေမတ်စေ့ကို ပေးသွင်းရာ လက်မခံကြောင်း လျှောက်ထားရှိ၍ ရွှေမတ်စေ့ကို အခွန်တော် သွင်းရမည် မသွင်းရမည်၊ အဖိုးနှုန်း မည်မျှနှင့် ကုန်သည်တို့ သုံးရမည်များကို စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရွှေဒင်္ဂါး ၁ လျှင် နှုန်း ၅ ကျနှင့် အကောက်အခွန်တော်များကို ခံယူစေရမည် ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ရေနံချောင်း ၄ မြို့ဝန်က ငမိဘွားသို့ လစဉ်ဆပ် ဒီဂရီ စီရင်ချက်အရ ၂ လတွက် မပေးမဆပ်ရှိ၍ ဆင့်ဆို တောင်းခံပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ရေနံချောင်း ၄ မြို့ဝန် ကိုယ်စားလှယ် ငပေါကို ကြပ်ကြပ်တည်းတည်း တောင်းခံပေးဆပ်ရမည်၊ မြို့သာဝန် စာရေးတော်ကြီးကို ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဓားပြ ငရန်ကွင်းနှင့် ရှင်းလင်းစေရန် သက်သေ ငသာထွန်းအောင်၊ ငပန်းသူတို့ကို တွဲဖက်ရုံး အရာရှိ ဘက်ထည့်စေလွှတ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ငရန်ကွင်းနှင့် ရှင်းလင်းရန် အထက်ပို့ရောက်သည့် ထွက်ချက်ပါ ငသာထွန်းအောင်၊ ငရွှေပြင်၊ ငနတ်ပေး၊ ငထွန်းကောင်းတို့အနက် ငသာထွန်းအောင်သာ ပို့ရောက်ရှိသောကြောင့် ထွက်ချက်ပါလူတို့နှင့် အစုံအညီ ရှင်းလင်းရမှ နေရာကျရန်ရှိ၍ စုံညီစေလွှတ် ရှင်းလင်းမည်၊ မရှင်းလင်းမည်ကို စာပြန်မည့်အကြောင်း။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ တရားလို မြီနတ်ခါဆာတွတ်က တရားခံ အာကာမဏ္ဍာလီ၊ မောင်ရွှေပွင့်တို့ အပေါ်တွင် စာချုပ်ပျက် ဒဏ်ငွေ လျှောက်ထားတောင်းခံရှိ၍ မောင်ရွှေပွင့်ကို ဆင့်ဆိုစေလွှတ် ရှင်းလင်းပါစေမည့် အကြောင်း အရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[၁]။

ပခန်းကြီးမြို့စား မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၇။ ။ တရားခံ မောင်ရွှေပွင့်ကို ငဘေသို့ ရွှေဒင်္ဂါး ၁၀၀ ပေးရန် ချုပ်ထားတောင်းခံမှု ပြေငြိမ်းရှင်းလင်းမှ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်းအရာ။

---

၁။ ၂ နိုဝင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၈။ ။ မရှတီမေဒီက သရက်မာမွတ် နာရာ ပြုစုရစရိတ်၊ သေရာ သင်္ဂြိုဟ်ရစရိတ်များကို ရလိုကြောင်း လျှောက်ထားရှိ၍ ဝန်ရှင်တော်မင်းကြီးထံ ပို့ပြီး သရက်မာမွတ်ပိုင် ပစ္စည်းက နုတ်ယူပေးမည့် အကြောင်းအရာ၊ မရှတီမေဒီ တင်ပေးသည့် စာရင်းများကို ပူးတွဲပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[^၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ သရက်မာမွတ် မယား မိငွေကို မေးရာ အမွေခံမယား ဖြစ်သည့်အတိုင်း ပစ္စည်းများ မသိမ်းမယူရ၊ နှောင့်ယှက်သူ မရှတီမေဒီနှင့် တွဲဖက်ရုံးတွင် စကားပြောဆို မရှင်းမလင်းသေးကြောင်း လျှောက်ထားရှိ၍ အရေးပိုင်မင်းက ၎င်းအမှု မည်သို့ပြီးပြတ် ရှင်းလင်းကြောင်း စာပေးကာလမှ ချင့်ထောက်၍ မရှတီမေဒီ လျှောက်ချက်အရ စရိတ်ငွေကို နုတ်ယူပေးမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့။

အရေးပိုင်က ပခန်းကြီးမြို့စား မင်းကြီးထံ ပေးစာ။

၂၀။ ။ ငရန်ကွင်းနှင့် ရှင်းလင်းရန် စေလွှတ်သူ မစုံညီသော်လည်း အထက်ပို့ရောက်သည့် အစစ်ခံနှင့်ပင် ထင်ရှား၍ နေရာမကျ ဆိုရန် မရှိသည့် အကြောင်းအရာ။ ငသာထွန်းအောင်၊ ငပန်းသူတို့နှင့် အရေးပိုင်မင်းကိုယ် လာရောက်ရှင်းလင်းပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

ငရန်ကွင်း အစစ်ခံချက်။

၂၁။ ။ ယခု ရှင်းလင်းရန် လာရောက်သည့် ငသာထွန်းအောင် ဆိုသူမှာ ကျွန်တော်နှင့် ကြီးရိုးမှုလုဆိုရန်ဘက် ဖြစ်သည် တစ်ကြောင်း၊ ငပန်းသူ ဆိုသူမှာ သက်သေ အငှားလိုက်သူဖြစ်၍ ကျောက်တိုင်တောင်ဘက်ရုံးများက ပယ်ရှားသူ ဖြစ်သည် တစ်ကြောင်းများကြောင့် ၎င်းတို့နှင့် မရှင်းမလင်းနိုင်သည့် အကြောင်းအရာ။

---

## ၂၂၃ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[^၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ရှင်းလင်းစေရန် ငရန်ကွင်းကို မေးရာ ကြီးရိုးမှုလုဆိုရန်ဘက် ဖြစ်သူ ငသာထွန်းအောင်၊ သက်သေအငှားလိုက်စား၍ ကျောက်တိုင်တောင်ဘက် ရုံးများက ပယ်သူ ငပန်းသူတို့နှင့် မရှင်းမလင်းနိုင်ကြောင်း လျှောက်ထားရှိ၍ အစစ်ခံရင်း သူတို့နှင့် စုံညီ ရှင်းလင်းသင့်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ သဘော်သူကြီး ဟာဇီအပဒူလတစ်သို့ ပေးသည့် စာသည် ရေနံချောင်းမြို့ဝန်က ပေးသည့်စာ မှန် မမှန်။ မှန်လျှင် စာပါ အကြောင်းအရာများ ဟုတ် မဟုတ် မေးမြန်း၍ စာပြန်ပါမည့် အကြောင်းအရာ။

[^၁]: ၂ နိုဝင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ရေနံချောင်း ၄ မြို့ဝန်ဟောင်းကို ကျန်းမာကာလမှ မြို့တော်သို့ ဆင့်ခေါ်မေးမြန်း စာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ ဆင်ဖြူကျွန်းရွာတွင် ဓားပြတိုက်ခိုက်ခံရသူ အီဗျာဟင်၊ အီစွပ်ဟာမတ်တို့ ကျန်ပစ္စည်းရပ်များကို ပွဲပြတ်ငတေ ထိမ်ဝှက်မှု အကြောင်းနှင့် အထက်ပေးစာအရ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အီဗျာဟင်၊ အီစွပ်ဟာမတ်တို့ကို လွှတ်တော်သို့ လာရောက် လျှောက်ထားစေမည် အရေးပိုင်မင်းက ပြောဆိုကြောင်းနှင့် ကင်းစဉ်ဝန်ထောက်က လျှောက်ထားရှိ၍ အထက်ပေးစာအရ စာမပြန်သည့် အကြောင်းအရာ။ အီဗျာဟင်တို့ လျှောက်ထားလာလျှင် စစ်မေးစီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ ပေါ်လျှော၍ ပြစ်ဒဏ်စီရင်ခံရသူ ကြေးနန်းစာရေး ငစိန်ထံ ဆာဒလင် ကုမ္ပဏီတို့က ပိုမို ကျကုန်ရငွေကို တောင်းခံပြန်ပေးမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၇။ ။ ကြေးနန်းစာရေး ငစိန်မှာ အပြစ်အလျှောက် စီရင်ခံရသည် တစ်ကြောင်း၊ ငွေပိုမို မခံမယူရ ထွက်ဆိုရှိသည် တစ်ကြောင်းများကြောင့် ငစိန်မှာ တောင်းခံပြန်ပေးရန် မသင့်။ ငပေါ်ကို ဖမ်းဆီးရမိ တိုက်ဆိုင်စစ်မေးသိသာမှသာ ပိုမိုရယူသူမှာ တောင်းခံ ပြန်ပေးစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

အရေးပိုင်မင်းက ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ ပုသိမ်မြို့နယ်တွင် ဆရာခေါ် ငဘိုးမောင်က နေသူရိန် ရွှေဘုန်းရောင် စက်ရှင်ဘီလူးဘွဲ့ရသည်၊ မြစ်သာမိဖုရားသား ဖြစ်သည် ပြောဆို၍ မင်းသား ဟုတ် မဟုတ်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ မြင်ကွန်းစား၊ မြင်းခုံတိုင်စား ၂ ယောက်ပြင် သားတော်တစ်ပါးမျှ မထွက်မသွားသည့် အကြောင်းအရာ။ မြစ်သာမိဖုရား ဟူ၍လည်း လက်ထက်တော်တွင် ယခုတိုင် မရှိဖူးသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ တရားလို မာမက်ကာမံနှင့် တရားခံ ဟာဇီကြမ်းတို့ အမှုတွင် သက်သေ ရေနံချောင်း ၄ မြို့ဝန်မှာ မကျန်းမာ၍ မလာမရောက်နိုင်ရှိလျှင် သင့်ရာအရာရှိ စေလွှတ်မေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ (ရေနံချောင်း ၄ မြို့ဝန်က ဟာဒီကြမ်းသို့ သစ်အပ် မအပ် အကြောင်းအရာ၊ စာပေး မပေး အကြောင်းအရာ။) မေးခွန်းအတိုင်း ၄ မြို့ဝန်ကို မေးမြန်းရာ (သစ်အပ်ကြောင်း၊ စာပေးကြောင်း) ထွက်ချက်များ ပို့စေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ရေနံချောင်း ၄ မြို့ဝန်က ဒီဂရီ စီရင်ချက်အရ မိဘွားသို့ ပေးဆပ်သည့် ရွှေမတ်စေ့ကို ငွေနှင့် လဲလှယ်ပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ အရေးပိုင်မင်းက ငွေနှင့်လဲလှယ်ရန် ပို့ရောက်သည့် ရွှေမတ်စေ့များကို လဲလှယ်၍ ပို့စေသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၄။ ။ ထားဝယ်မြို့သား ငပွင့်၊ ငထွန်း၊ ငထွန်းပြည့်တို့ကို စကြာယာဉ်ပျံ သင်္ဘောတော်စီးတို့က လခနှင့် ငှားရမ်း လိုက်လာရာ လခငွေများ မရကြောင်း၊ ပြန်မည်ရှိရာ ကွမ်းရေတော် မောင်ဖုံးက အဓမ္မချုပ်နှောင် မသွားမလာရကြောင်း လျှောက်ထားရှိသောကြောင့် မှန်လျှင် လခငွေများကို ပေးစေ၍ အလိုရှိရာ သွားလာစေမည့် အကြောင်း။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ စကြာယာဉ်ပျံ သင်္ဘောတော်စီးတို့က ထားဝယ်မြို့သား ငပွင့်၊ ငထွန်း၊ ငထွန်းပြည့်တို့ကို မငှားမရမ်းကြောင်း၊ သူကောင်းဖြစ် ထမ်းရွက်သူများ ဖြစ်ကြောင်း ထွက်ဆိုရာ၊ ငပွင့်က သက်သေမပြ မပေးနိုင်ရှိကြောင်း။ ကွမ်းရေတော် မောင်ဖုံးကို မေးရာ၊ ငပွင့်တွင် ငွေ ၃ဝ ရရန်ရှိ၍ ခုံတော်ထံ စွဲဆိုရှိကြောင်း၊ မချုပ်မနှောင်ကြောင်းနှင့် လျှောက်ထားရှိ၍ မှန်လျှင် ပေးဆပ်ပြေငြိမ်းမှ အလိုရှိရာ သွားလာစေမည့် အကြောင်းအရာ။

---

## ၂၂၄ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ မြင်းခြံဝန်က သင်္ဘောထည် ကုန်ပြင် အခြား ဝင်ကုန်ထွက်ကုန် အဖိုး ၁ တန်လျှင် ၆ ကျ အတင်းအကျပ် ကောက်ခံကြောင်း တရုတ်ကုန်သည်တို့ လျှောက်ထားရှိ၍ ကောက်ခံမိငွေကို ပြန်ပေးအောင် ဆင့်ဆိုမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရုတ်ကုန်သည်တို့ အပေါ်တွင် မြင်းခြံဝန်က ကုန်ဖိုး ၁ တန်လျှင် ၆ ကျ ကောက်ခံသည်မှန်လျှင်

၁။ ၂ နိုဝင်ဘာ ၁၈၇၃ ၂။ ၂၂ နိုဝင်ဘာ ၁၈၇၃ ၃။ ၂၅ နိုဝင်ဘာ ၁၈၇၃

ဆင့်ဆိုစီရင် ပြန်ပေးစေမည့် အကြောင်းအရာ။ ပိုမိုကောက်ခံ မရှိရအောင်လည်း အရပ်ရပ် ဆိပ်ပွဲများမှာ ကမ္ပည်းတိုင် စိုက်မှတ် ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့။

တရုတ်မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ တရုတ်ကုန်သည်တို့အပေါ်တွင် ၅ ခိုင်ပြင် ကောက်ခံမိလျှင် ပြန်ပေး၍ အကြောင်းအရာကို နေ့ရက်မကြာ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့[1]။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ နိုင်ငံတော် မြစ်စဉ်တစ်လျှောက် မြို့ရွာများတွင် ကုန်ဖိုး ၁ တန်လျှင် ၆ ကျ ကောက်ခံရှိသည့်အရာ၊ ဆားကုန်တွင် ၁၀ ခိုင်ကျ ကောက်ခံမည် ရှိသည့်အရာ၊ မဟာမိတ်စာချုပ်နှင့် မညီဖြစ်၍ ရတနာပုံ ၅ ခိုင်ကျပြင် ပိုမိုကောက်ခံ မရှိရအောင် ဆင့်ဆိုစာပြန်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ၅ ခိုင်ကျပြင် ပိုမိုမကောက်မခံစေရ ကမ္ပည်းတိုင် စိုက်မှတ်ဆင့်ဆိုရှိသည်ကို နိုင်ငံတော် မြစ်စဉ်တစ်လျှောက် မြို့ရွာများတွင် ပိုမိုကောက်ခံသည် မှန်လျှင် နေရာကျ စစ်မေးစီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့[2]။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၆။ ။ ရတနာပုံ ၅ ခိုင်ကျသာ ကောက်ခံစေ အမိန့်တော် ဥပဒေ ကမ္ပည်းတိုင်တွင် ကပ်ထားသည့် စာလက်ခံများ ရလိုကြောင်းနှင့် ပေးစာ၊ ဆားကုန်အကြောင်းနှင့် ပေးစာများအရ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကုန်အကောက်အခံ အကြောင်းအရာ ကမ္ပည်းစာလက်ခံကို ကူးရေးပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။

ကမ္ပည်းလက်ခံ။

၈။ ။ ကုန်ဖိုး ၁ တန်လျှင် ၅ ပြင် ပိုမိုအကောက်ခံရသူတို့က ဆိုင်ရာ မြို့ရုံးမှာဖြစ်စေ၊ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ ထံမှာ ဖြစ်စေ လျှောက်ရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ တရားလို မိုဇယ်အီကိုဝင်း၊ တရားခံ ဟာဇီမြီဇာမဏ္ဍလီတို့ စိန်ဖိုးငွေမှုကို လွှတ်တော် ရုံးတော်များမှာ အလျှောက်အထား ရှိ မရှိ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နယုန်လဆန်း ၇ ရက်နေ့[3]။

မိုဇယ်အီကိုဝင်း လွှတ်တော်လျှောက်ချက်။

၁၀။ ။ စိန်ဖိုးငွေကျန်ကို မထုတ်မပေးသေးကြောင်း ဟာဇီမြီဇာမဏ္ဍလီ ပြောသည့်အတိုင်း မှန်လျှင် အလယ်နန်းတော်ဘုရားထံ တင်လျှောက်တောင်းခံ သနားပါမည့် အကြောင်းအရာ။

---

၁။ ၁၂၃၅ ခု၊ နတ်တော်လဆန်း ၄ ရက် ဖြစ်မည်။ ၂။ ၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက် ဖြစ်မည်။ ၃။ ၂ ဇွန် ၁၈၇၃

၁၂၃၅ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မိဖယ်အီကိုဝင်းက ဟာဗီမြို့ဇာမဏ္ဍာလီထံ စိန်ဖိုးငွေကျန် မရရှိနေကြောင်းကို ပခန်းမင်းကြီးထံ လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့။

၁၈၇၃ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့။

အရေးပိုင်ကြီးက ပခန်းမင်းကြီးထံ ပေးစာ။

၁၂။ ။ ပေးပို့သည့် ဟသ်ာတမြို့ ဈေးပုံစံကို ကြည့်ရှု ပြန်ပို့ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ အရေးပိုင်မင်းက ပေးပို့လာသည့် ဟသ်ာတမြို့ ဈေးပုံစံကို ပြန်ပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဟာဗီကြမ်းတို့ အမှုတွင် ရေနံချောင်း ၄ မြို့ဝန် မေးခွန်းထွက်ချက်များကို ဝန်ရှင်တော်မင်းကြီးက ပြန်ပို့ရာ ဟာဗီကြမ်းသို့ ၄ မြို့ဝန်က ပေးရင်းစာ မပါလာ၍ ပြန်ပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ဟာဗီကြမ်းသို့ ရေနံချောင်း ၄ မြို့ဝန်က ရေးပေးရင်းစာကို ပြန်ပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၆။ ။ ဓားပြ ငရန်ကွင်းကို ပေးအပ်စေ အမိန့်တော်မြတ်အရ ဆင့်ဆိုပို့အပ်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့။[၁]

၁၇။ ။ အင်္ဂလိပ် အရေးပိုင်နှင့် စုံညီ ငရန်ကွင်းကို စစ်မေးရာ ဓားပြ မတိုက်မခိုက်ကြောင်း အကျယ်ထွက်ဆိုချက် (၄)။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။[၂]

ငပန်းသူ မေးချက်။

၁၈။ ။ ငထွန်းကောင်း၊ ငနတ်ပေး၊ ငရွှေပြင်၊ ငသာထွန်းအောင်တို့ အစစ်ခံချက်ပါ ငရန်ကွင်းကိုယ်တိုင် တိုက်ခိုက်သည်။ ငရန်ကွင်းက စေခိုင်းတိုက်ခိုက်သည်။ ပစ္စည်းဝေပုံ ခံယူသည် ဆိုသည်များကို မသိမမြင်။ ဝေပုံပေးရကြောင်း ငနတ်ပေးတို့ ပြောဆိုသည်ကိုသာ ကြားသိသည့် အကြောင်းအရာ။ ငရန်ကွင်း အာလံမြို့ ဂုံတောရွာသူကြီးဖြစ်ကြောင်း သိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ကျောက်တိုင်တောင်ဘက်ရှိ သက်သေတို့နှင့် စုံညီတိုက်ဆိုင်စစ်မေးရန် ပို့လာစေသူ ငရန်ကွင်းကို စစ်မေး၍ မှန်လျှင် အသေအချာ စာပြန်ကြားမည့် အကြောင်းအရာ။ မမှန်လျှင် တိုက်ဆိုင် ထွက်ဆိုချက်များနှင့် တကွ ငရန်ကွင်းကို ရွှေဘွားတော်အောက်သို့ ပြန်ပို့မည့် အကြောင်းအရာ။

---

၁။ ၁၁ နိုဝင်ဘာ ၁၈၇၃ ၂။ ၆ နိုဝင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ တရားလို မြီမာမတ်တကီ၊ တရားခံ ဟာဇီအပဒူလတစ်တို့ စိန်နားတောင်းမှုတွင် တရားလို မယား မိလေးစိုက ရန်အောင်မြင်မင်းသမီး အပျိုတော် ခင်တုတ်၊ ခင်ဥတို့ထံက စိန်နားတောင်းကို ဝယ်ယူရကြောင်း ထွက်ဆိုရှိ၍ မေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

မှာတမ်း။

၂၁။ ။ အနောက်ဝန်ကို မေးစေရာ၊ စမ္ဘာယ်နဂိုရ် မင်းသမီးက မိအို၊ မိတုတ်တို့ မရှိကြောင်း။ ကာလရှည်လျား၍ မည်သည့်အရပ်တွင် နေသည် မသိကြောင်း ထွက်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ တရားလို မြီမတ်တကီနှင့် တရားခံ ဟာဇီကြမ်းတို့ စိန်နားတောင်းမှုနှင့် ပေးစာအရ အနောက်ဝန်ကို ဆင့်ဆို၍ စမ္ဘာယ်နဂိုရ် မင်းသမီးကို တင်လျှောက်စေရာ မိအို၊ မိဥ၊ မတုတ်တို့ ရောင်း မရောင်း မသိ။ ၎င်းတို့ မည်သည့်အရပ်တွင် နေသည်ကိုလည်း မသိ ပြောဆိုကြောင်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၃။ ။ ဓမ္မသတ်ကြီး အသစ်တစ်စောင် ပြုလုပ် ပုံရိုက်ကြောင်း ကြားသိရ၍ အလိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ နန်းစဉ် မဟာရာဇသတ်တော်ကြီးကို ပုံရိုက်မည် ပြင်ဆင်ဆဲဖြစ်၍ ပြီးပြေကာလ ပေးပို့မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၈ ရက်နေ့။

၂၅။ ။ ဆင်ဖြူကျွန်းတွင် အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို ဓားပြတိုက်ရာပါ ပစ္စည်းများ ထိမ်ချန်သူ ပွဲစားငတေနှင့် စုံညီမေးစစ်ရန် လာရောက်သည့် အမှုသည်တို့ကို စေလွှတ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၆။ ။ ဆင်ဖြူကျွန်းတွင် အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို ဓားပြတိုက်ရာပါ ပစ္စည်းများ ထိမ်ချန်ဆိုသူ ပွဲစားငတေကို အမှုသည်တို့နှင့် စုံညီစစ်မေး စီရင်ရန် ဆင့်ခေါ်ရှိသည့် အကြောင်းအရာ။

---

## ၂၂၅ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ သင်္ဘောတော် ကပ္ပိတန် မောင်တိုးက ငှားရမ်းခဲ့ကြောင်းများကို ကျမ်းဆိုဝံ့ကြောင်း၊ အေုန်းခိုင်အတွက် ငွေကိုလည်း မခံဝန်ကြောင်းများနှင့် ထားဝယ်မြို့သား ပွင့်၊ ငထွန်းအေး၊ ငထွန်းပြည့်တို့က ထွက်ဆို။

၁။ ၂၆ နိုဝင်ဘာ ၁၈၇၃ ဖြစ်မည်။

ငှင်းတို့လည်း မငှားမရမ်းဘဲ မလိုက်တန်ရာ အထင်ရှိ၍ မေတ္တာနှင့် ကူညီစစ်မေး နေရာကျ ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့[၁]။

လက်ဖက်ရည်တော် ဖေဖုံး မေးချက်။

၂။ ။ ပွေင့်က အေုန်းခိုင်အတွက် ငွေ ၃ဝ ကို နှုတ်ကတိနှင့် မခံဝန်ကြောင်း ကျမ်းဆိုဝံ့လျှင် ရကောင်းသည် မပြောမဆိုပါ ထွက်ဆိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့[၁]။

ကပ္ပိတန် တေိုး မေးချက်။

၃။ ။ ပွေင့်၊ ထွေန်းပြည့်၊ ထွေန်းအေးတို့ သူကောင်းဖြစ် လိုက်ပါထမ်းရွက်သူများ အမှန်ဖြစ်သည့် အကြောင်းအရာ၊ ကျွန်တော်က နှုတ်ကတိနှင့် ငှားရမ်းခဲ့ကြောင်းကို ပွေင့်တို့ ကျမ်းဆိုဝံ့သော်လည်း မငှမ်းရမ်းကြောင်းကို ကျွန်တော်က ကမ္ဘာ ၄ ရပ် ပေးအပ်စီရင်ရာ ရှုံးနိုင်ခံဝံ့ပါသည် ထွက်ဆိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့[၂]။

အရေးပိုင်သို့ ကင်းဝန်မင်းကြီးက ပေးစာ။

၄။ ။ သင်္ဘောတော် ကပ္ပိတန် မောင်တိုးကို မေးရာ၊ ပွေင့်တို့ကို မငှားမရမ်း သူကောင်းဖြစ် လိုက်ပါထမ်းရွက်သူများ ဖြစ်ကြောင်းကို ကျမ်းကျိန်ဆိုဝံ့ကြောင်း။ လက်ဖက်ရည်တော် မောင်ဖုံးကို မေးရာ အေုန်းခိုင်အတွက် ငွေ ၃ဝ ကို နှုတ်ကတိနှင့် မခံဝန်ကြောင်းကို ပွေင့် ကျမ်းဆိုဝံ့လျှင် ရကောင်းသည် မပြောမဆိုကြောင်းများနှင့် ထွက်ဆိုရှိကြသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ တရားလို မြီနပ်ခါဆာတွတ်သို့ ဒီဂရီ စီရင်ချက်အရ ငွေ ၇၉ ကို မပေး တိမ်းရှောင်နေသူ တရားခံ ဝါးနွယ်ခုံမြို့သူကြီး မောင်ကြီး၊ ယခု ရမည်းသင်း နင်းကြမ်းရပ်တွင် တွေ့ရှိကြောင်း တရားလိုက လျှောက်ထားရှိ၍ ဆင့်ဆိုတောင်းခံပေးမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ တရားလို မြီနပ်ခါဆာတွတ်နှင့် ငွေမှုတရားခံ မောင်ကြီးကို ဆင့်ခေါ် လာရောက်ကာလ စစ်ဆေး၍ မှန်လျှင် တောင်းခံ ပေးဆပ်စေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ အင်ထောက်သာ ၅ မြို့ စစ်ကဲဟောင်း ဆိုသူနှင့် ပင်းသာမြို့အုပ် ဆိုသူတို့ကို ဆင့်ဆိုသာအောင် မေးမြန်းစာပြန်ရန် ဝန်ရှင်တော်မင်းကြီးက ပေးစာအရ စစ်ကဲဟောင်းမှာ ဆားကျင်းပင်းသာမြို့သူကြီး မောင်ရန်နိုင်၊ ငှင်းမယားကြီး မိမယ်၊ မယားငယ် မိအို၊ ပြောမှာ ပင်းသာမြို့နေ၊ ငှင်းမယားကြီး မိငါး၊ မယားငယ် မိမဲ၊ ဆိုင်ရာ မြို့ခံမှာ မင်္ဂလာဈေးရပ်နေ ငရွှေသီး ဖြစ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ပြောမှာ ဆင့်ခေါ် ပို့ရောက်ရှိ၍ မြို့သာဝန် တရားသူကြီးသို့ ထည့်အပ်ရှိသည့် အကြောင်းအရာ၊ ငရန်နိုင်ကို ထပ်မံဆင့်ခေါ်ဆဲရှိသည့် အကြောင်းအရာ။

---

၁။ ၂၇ နိုဝင်ဘာ ၁၈၇၃    ၂။ ၃၀ နိုဝင်ဘာ ၁၈၇၃    ၃။ ၃ ဒီဇင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၉။ ။ အကောက်အခွန်မှုနှင့် ထုတ်ပြန်တော်မူသည့် အမိန့်တော်ဥပဒေ ကမ္ပည်းတိုင် ကပ်စာများတွင် ရတနာပုံ ၅ ခိုင် ကောက်ဆောင်ရမည် အသေအချာ မပါ၍ နေရာကျ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့[၁]။

အရေးပိုင်သို့ ကင်းဝန်မင်းကြီးက ပေးစာ။

၁၀။ ။ အထက် ထုံးစံရှိသည့်အတိုင်း ကုန်ဖိုး ၁ တန်လျှင် ၅ ပြင် ပိုမိုကောက်ခံ မရှိကြောင်း၊ ပြေစာလက်မှတ်ပါ ကုန်များမှာလည်း ကောက်ခံမရှိ အလိုရှိရာ ဆောင်ယူနိုင်ကြောင်း။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၂]။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ထပ်မံ ပေးစာ။

၁၁။ ။ ရေနံချောင်းမြို့ ပင်ဝရွာတွင် မရှိမနေကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပြန်စာပါ မိအပ်၊ ငသိုင်း၊ ငညိုမောင်တို့က ရွှေမြို့တော်နေ မဘွားထံ ပင်ဝရွာကပင် ပို့ရောက်ရှိသည့်စာကို ဆင်ခြင်သာအောင် ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ တရားလို ဘိုးတို့နှင့် ငွေမှုတရားခံ မိအပ်၊ ငသိုင်း၊ ငညိုမောင်တို့ ပင်ဝရွာတွင် ရှိနေလျှင် နေ့ရက်မကြာ ဆင့်ဆိုပို့အပ်မည့် အကြောင်း။ မရှိမနေလျှင် အကြောင်းအရာကို စာပြန်မည့် အကြောင်းများနှင့် ရေနံချောင်းမြို့စား မြင်းဝန်ဗိုလ်မှူး မင်းကြီးထံ မှာထားဆဲရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ အီဒင် မီးသင်္ဘောတွင် အင်္ဂလိပ် သစ်တောဝန် ကိုင်ဆောင်သည့် သေနတ် ၅ များကို တားဆီးမရှိ ချယူရအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အင်္ဂလိပ် သစ်တောဝန်ကိုင် သေနတ် ၅ ကို သင်္ဘောက ချယူရန် ရတနာပုံ အကောက်တိုက်သို့ ဆင့်စာ၊ ရုံးတော် ကင်းတော်တို့ ဆင့်ဆိုသည့် လက်မှတ်စာများကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၅။ ။ မြင်းခြံတွင် ပွဲပြတ် ဘိုးမောင်က တရုတ်ကုန်သည်တို့အပေါ်တွင် ပိုမိုကောက်ခံကြောင်း ကြားသိရ၍ မှန်လျှင် ပြန်ပေးစေမည့် အကြောင်းအရာ။ မြစ်စဉ်တစ်လျှောက်တွင် ပွဲအုပ် ပွဲပြတ်တို့က ကောက်ခံနိုင်သည်၊ သို့မဟုတ် ရတနာပုံ ၅ ခိုင်ကောက် ပြေစာရလျှင် နှောင့်ယှက်မရှိ သွားလာနိုင်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့။

အရေးပိုင်သို့ ကင်းဝန်မင်းကြီးက ပေးစာ။

၁၆။ ။ မြင်းခြံတွင် ပွဲပြတ် ဘိုးမောင်က ၅ ခိုင်ပြင် ပိုမိုကောက်ခံသည် မှန်လျှင် ပြန်ပေးစေမည့် အကြောင်း

၁။ ၃ ဒီဇင်ဘာ ၁၈၇၃ ၂။ ၁၂၃၅ ခု၊ နတ်တော်လဆန်း ၂ ရက် ဖြစ်မည်။ ၃။ ၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၅ ရက် ဖြစ်မည်။

အရာ။ ကုန်များတွင် ရတနာပုံက ဖြစ်စေ၊ မြစ်စဉ်တစ်လျှောက် ပွဲပြတ်ပွဲအုပ်တို့က ဖြစ်စေ တစ်ဦးဦးက ကောက်ခံ ပြေစာလက်မှတ် ပေးအပ်လျှင် ထပ်မံ ကောက်ခံမရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့။

တလုပ်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၇။ ။ မြင်းခြံမြို့ တရုတ်ကုန်သည်တို့အပေါ်တွင် ပွဲပြတ် ဘိုးမောင်က ၅ ခိုင်ပြင် ပိုမိုကောက်ခံသည် မှန်လျှင် ပြန်ပေးစေ၍ အကြောင်းအရာကို အသေအချာ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၈။ ။ တရားလို မိဇယ်အီကိုဝင်း၊ တရားခံ ဟာဓိမြိဇာမဏ္ဍလီတို့ စိန်ဖိုးငွေမှုတွင် တရားလိုပြသက်သေ အလယ်နန်းတော်ဘုရား စာရေးကြီး နေမျိုးမင်းတင်ရာဇာနှင့် မောင်သန့်တို့ကို ပို့လိုက်သည့် (စိန်ဝယ်၊ စိန်ဖိုး အပေးအချေ အကြောင်းအရာ။) မေးခွန်းအတိုင်း မေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ တရားလို မိဇယ်အီကိုဝင်း၊ တရားခံ ဟာဓိမြိဇာမဏ္ဍလီတို့ စိန်ဖိုးငွေမှုတွင် တရားလိုပြသက်သေ အလယ်နန်းတော်စုဘုရား စာရေးကြီးနှင့် မောင်သန့်တို့ကို ပို့ရောက်သည့် မေးခွန်း ၃ အတိုင်း မေးမြန်းရာ (စိန်ဖိုး ငွေပြေကြောင်း) စာရေးကြီး ထွက်ချက်၊ (မသိကြောင်း) မောင်သန့် ထွက်ချက်များကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၀။ ။ ဗန်းမော်မြို့၊ မိုးကောင်းမြို့များသို့ ကြက်ပေါင်စေးပင်များ ကြည့်ရှုသွားလာလိုသူ အင်္ဂလိပ် သစ်တောဝန်ကို မြို့ရှင် ရွာရှင်တို့က တားဆီးနှောင့်ယှက်မရှိ ကြိုးကြပ်လိုက်ပိုက်ပါအောင် ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ မိုးကောင်းမြို့၊ ဗန်းမော်မြို့များသို့ ကြက်ပေါင်စေးပင်များ သွားရောက်ကြည့်ရှုလိုသူ အင်္ဂလိပ် သစ်တောဝန်ကို တားဆီးနှောင့်ယှက် မရှိရအောင် ကင်းစာ။ ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့သို့ ပေးမှာစာများကို ပေးပို့သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

မိုးကောင်းမြို့ဝန်၊ ဗန်းမော်မြို့ဝန်တို့သို့ လွှတ်တော်က ပေးမှာစာ။

၂၂။ ။ ကြက်ပေါင်စေးပင်များ အကြည့်အရှု လာရောက်သူ အင်္ဂလိပ် သစ်တောဝန်ကို တားဆီးနှောင့်ယှက်မရှိ သင့်ရာလူ ဘက်ထည့်လိုက်ပို့ ကြည့်ရှုစေရမည့် အကြောင်းအရာ။ သစ်တောဝန် မည်သည့်နေ့ရောက်၍ မည်သူကို ဘက်ထည့်သွားလာစေသည်ကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့သို့ ထပ်မံ ပေးမှာစာ။

၂၃။ ။ ရေးခြားလိမ္မာသူကို အင်္ဂလိပ် သစ်တောဝန်နှင့် ဘက်ထည့်၍ မည်သို့ သွားလာလှည့်ပတ်သည်၊ မည်သို့ အကဲအလေး ရှိသည်များကို မှတ်သားစေပြီးလျှင် သဘောထင်ချက်များနှင့်တကွ လျှောက်ထားရမည့် အကြောင်းအရာ။

---

၁။ ၈ ဒီဇင်ဘာ ၁၈၇၃

## ၂၂၆ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည်ကြီးတို့ကို တိုက်အိမ်တွင် ရောင်းဝယ်ပြုလုပ် မရှိစေရ၊ ဈေးကြိုတော်သို့ ပြောင်းရွှေ့ရမည် ထောင်မှူး၊ မြို့စာရေးတို့က ဆင့်ဆိုကြောင်း လျှောက်ထားရှိ၍ ၂၄ ခုနစ်၊ မဟာမိတ် စာချုပ်အရ အလိုရှိရာတွင် ရောင်းဝယ်နေထိုင်နိုင်အောင် ပြုလုပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မြို့ဝန်ကို မေးရာ အင်္ဂလိပ် ကျွန်တော်မျိုး ကုန်သည်တို့ကို ဈေးကြိုတော်သို့ ရွှေ့ပြောင်းရောင်းချစေရမည် ထောင်မှူး၊ မြို့စာရေးတို့ကို မဆင့်မဆိုကြောင်း။ ထောင်မှူး၊ မြို့စာရေးတို့ကို မေးရာလည်း ဈေးကြိုတော်တွင် ရောင်းဝယ်လို၍ စာရင်းချမှတ်သူတို့ကိုသာ နေရာချထား ရောင်းဝယ်စေကြောင်းများနှင့် ထွက်ဆိုလျှောက်ထား ရှိကြကြောင်း။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၃။ ။ ရတနာပုံ ၅ ခိုင်ပြင် ကောက်ခံမရှိသည်ကို အရေးပိုင်ကြီးက ဝမ်းမြောက်ရှိကြောင်း။ သာယာဝတီ၊ ရေကင်းမင်းကြီးရွာတွင် လောကဇေယျာ ဘုရားကို ပြင်ဆင်တော်မူလိုလျှင် ပြင်ဆင်နိုင်ကြောင်းများနှင့် အရေးပိုင်ကြီးက ကြေးနန်းရောက်ကြောင်းများကို တင်လျှောက်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ရတနာပုံ ၅ ခိုင်ပြင် ကောက်ခံမရှိသည်ကို အရေးပိုင်ကြီးက ဝမ်းမြောက်ကြောင်း၊ လောကဇေယျာ ဘုရားကို အလိုရှိရာ ပြင်ဆင်နိုင်ကြောင်းများနှင့် ပေးစာကို အမိန့်တော်မြတ်ခံပြီးကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၅။ ။ တရားလို မြီစာမာမတ်နှင့် တရားခံ ဟာဇီအပဒူလတစ်တို့ စိန်နားတောင်း၊ ကျောက်နီတင် လက်စွပ်မှုတွင် တရားခံကိုယ် လိမ်လည်ထွက်ဆိုသည့် အရာ၊ သက်သေလိမ်တည်ပြသည့်အရာ ထင်ရှား၍ ဖွဲ့ချက်ပါ ပစ္စည်းများကို ပေးရမည် စီရင်သည့် အကြောင်းအရာ။ လိမ်လည်သူ တရားခံနှင့် သက်သေတို့ကို ရာဇဝတ်မှု ထိုက်သက်ရာ စစ်မေးစီရင်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် စာရင်းချ ကုန်သည်ကြီးတို့က လွှတ်တော်မှာ လျှောက်ချက်။

၆။ ။ ဟာဇီကြမ်းတို့ စိန်နားတောင်းမှု၊ ကျောက်နီတင် လက်စွပ်မှုတွင် မဟုတ်မလျား သက်သေတို့ ထွက်ချက်ကိုသာ အခိုင်အမာ အစွဲအမြဲပြု၍ အင်္ဂလိပ် အရေးပိုင်က ဟာဇီကြမ်းကို တရားရှုံး စီရင်ရှိပါသောကြောင့် ဟုတ်မှန်ရာ ဖြစ်ပါရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဟာဇီကြမ်းတို့ စိန်နားတောင်းမှုနှင့် အရေးပိုင်မင်းက ပို့ရောက်စာ၊ ကုန်သည်ကြီးတို့ လျှောက်ချက်များကို ဆင်ခြင်လျှင် တရားလို၊ တရားခံ တစ်ဦးဦးက စဉ်းလဲသည့်သဘော ယူရန်ရှိသည့် အကြောင်းအရာ။

၁။ ၁၉ ဒီဇင်ဘာ ၁၈၇၃

ၚင်းအမှုလည်း တရားမှု သက်သက်ဖြစ်၍ ဟာဇီကြမ်းအပေါ်တွင် ရာဇဝတ်မှု ပြုလုပ်စစ်မေး စီရင်ရန် မရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

တရုတ်မြို့ ပွဲပြတ် ငဘိုးမောင်ကြီး၊ ငဘိုးမောင်ကလေးတို့ ထွက်ဆိုချက်။

၈။ ။ မြင်းခြံမြို့ တရုတ်ကုန်သည် ငစောစစ်၊ ငလင်စု၊ ငစစ်လှိုင်၊ ငဟုရန်တို့ ရောင်းဝယ်ကုန်များတွင် ဆွဲပွဲခ သင့်ပြင် အပိုအမို မကောက်မယူရကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ တရုတ် ငစောစစ်၊ ငလင်စုတို့ထံ မကောက်မခံရကြောင်း မြင်းခြံမြို့ ပွဲပြတ်တို့ ထွက်ချက်၊ ပိုမိုကောက်ခံကြောင်း တရုတ်ကုန်သည်တို့ လျှောက်ချက် ကွဲပြားရှိ၍ အရေးပိုင်မင်းက တရုတ်ကုန်သည်တို့ကို စေလွှတ်တိုက်ဆိုင် စစ်မေးသိသာမှ ထိုက်သက်ရာ စီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၁၅ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၀။ ။ ဗန်းမော်မြို့တွင် ပွဲအုပ် ပွဲပြတ်တို့က အမြတ်တော်တွက်ဆို၍ ပိုမိုကောက်ခံကြောင်း ထပ်မံ ကြားသိရ၍ ဆင့်ဆိုမေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၁။ ။ ဗန်းမော်မြို့တွင် ပွဲအုပ် ပွဲပြတ်တို့က ပိုမိုကောက်ခံသည်မှန်လျှင် အမြန်ဆင့်ဆို ပြန်ပေးစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ဗန်းမော်မြို့တွင် ကုန်အကောက်အခံ အကြောင်းအရာနှင့် အရေးပိုင်မင်း ပေးစာအရ ဗန်းမော်မြို့ဝန်သို့ ဆင့်ဆိုပြီး ဖြစ်သော်လည်း ထပ်မံဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၃။ ။ ပြည်ကြီးမွန် ကရဝိက် ဖောင်တော်ကြီးသဏ္ဍာန် အရှည်နှစ်တောင်ခန့် လုပ်ဆောင်မည့် လက်သမားတိုက်သူကြီး ငအေပ်ကို ပြောဆိုရာ အမိန့်မရလျှင် မလုပ်ဝံ့ကြောင်း ပြောဆိုရှိ၍ အမိန့်စာပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ပြည်ကြီးမွန် ကရဝိက် ဖောင်တော်ပုံကို နှောင့်ယှက်မရှိ လုပ်ဆောင်နိုင်သည့် အကြောင်းအရာ၊ လက်သမား ငအေပ် ဆိုသူကို နေရပ် အသေအချာ ဆင့်ဆိုသာအောင် ပို့အပ်လာစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၅။ ။ နိုင်ငံတော် မြစ်စဉ်တစ်လျှောက် မြို့ရွာများတွင် ပွဲပြတ် ပွဲအုပ်တို့က ၅ ခိုင်ကျပြင် ပိုမိုကောက်ခံသည့် ပြေစာလက်မှတ်ကို တွေ့မြင်ရ၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁။ ၂၁ ဒီဇင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၁]။

၁၆။ ။ မြစ်စဉ်တစ်လျှောက် မြို့ရွာများတွင် ဥပဒေကမွှည်းတိုင်စိုက်၍ ရတနာပုံ ၅ ခိုင်ကျပြင် ပိုမိုကောက်ခံမရှိစေရအောင် ဆင့်ဆိုရှိကြောင်း၊ ကောက်ခံသူတို့ကို တွေ့မိထင်ရှားလျှင် အပြစ်အလျောက် စီရင်မည့်အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့[၂]။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးစာ။

၁၇။ ။ ဗန်းမော်တွင် ပိုမိုကောက်ခံမှု အကြောင်းနှင့် ဆင့်ဆိုရာ လရက်အရှည် မလျှောက်မထားရှိ၍ ထပ်မံဆင့်ဆိုသည့် အကြောင်းအရာ။ တိုင်းတစ်ပါးနှင့် စပ်သည့်အမှုဖြစ်၍ အမြန်လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၈။ ။ နိုင်ငံတော်ထွက် ငွမ်း၊ ဝါ၊ ဂျုံ၊ ကုလားပဲ၊ နှမ်း၊ ဆီ၊ ထန်းလျက်ကုန်များကို ကုန်သည်တို့ အလိုရှိရာရောင်းဝယ်နိုင်သည်၊ မရောင်းဝယ်နိုင်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ နိုင်ငံတော်ထွက် ငွမ်း၊ ဝါ၊ ဂျုံ၊ ကုလားပဲ၊ နှမ်း၊ ဆီ၊ ထန်းလျက်ကုန်များကို ကုန်သည်တို့ အလိုရှိရာဆင့်ဆို နှောင့်ယှက်မရှိ ရောင်းဝယ်နိုင်သည့် အကြောင်းအရာ။

---

## ၂၂၇ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ တရားလို တရုတ် အလျှံရှုပ်ကို တရားခံ အစီရှုပ်၊ အချုရှုပ်တို့က သတ်ရန် သွေးစည်းစာချုပ်၍ ဓားနှင့်ခုတ်မှုကို နေ့ရက်မကြာ ပြီးပြတ်အောင် စီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့။

ကောက်တော်မှုချက်။

၂။ ။ အလျှံရှုပ်သို့ အစီရှုပ်က ဓားခုတ်ပြစ်ငွေ ၁၅၀ လျော်စေရမည့် အကြောင်းအရာ။ အလျှံရှုပ်နှင့် ကောဘောရှုပ်တို့ ဥစ္စာပျောက် လက်ရောက်မှု မီးပြိုင်ရာ အလျှံရှုပ်က နိုင်၍ ဖြတ်စာထွက်ငွေ ၂၀၀ ကို ကောဘောရှုပ်ကပေးစေရမည့် အကြောင်းအရာ။ မင်ဘူရှုပ်ပါ လူပေါင်း ၈ တို့ကို ခံဝန်သူ မရလျှင် တန်းမှာထား၍သွေးစည်းစာချုပ် ဟုတ် မဟုတ်ကို ရှင်းလင်းစေရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့[၁]။

၃။ ။ အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။ (၂ မှတ် အကြောင်းအရာ အတိုင်း။)

၁၂၃၅ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၄။ ။ ငွမ်း၊ ဝါ၊ ဂျုံ၊ ကုလားပဲ၊ နှမ်း၊ ပဲ၊ ဆီ၊ ထန်းလျက်ကုန်များကို မည်သူမဆို ရောင်းဝယ်ကူးသန်းနိုင်ကြောင်းကို မြို့ရှင်ရွာရှင်တို့ အကြေအညာဖြစ်အောင် ဆင့်ဆိုပြုလုပ်မည့် အကြောင်းအရာ။

---

၁။ ၂၂ ဒီဇင်ဘာ ၁၈၇၃ ၂။ ၁၆ ဖေဖော်ဝါရီ ၁၈၇၄

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ (၂၂၆ မှတ် ပုရပိုက်ထွက် ၁၉ မှတ်ပါ) အရေးပိုင်မင်းထံ ပေးစာ အဓိပ္ပာယ်အတိုင်း မြို့ရှင်ရွာရှင်တို့သို့ ဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၆။ ။ ၅ ခိုင်ကောက်မှာ နိုင်ငံတော် အထွက်အဝင်သာ ဖြစ်သည်။ နိုင်ငံတော်အတွင်း တစ်မြို့နှင့်တစ်မြို့ အပြောင်းအရွှေ့ပါ ဖြစ်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၁]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၇။ ။ နိုင်ငံတော် အထွက်အဝင်ကုန်၊ တစ်မြို့နှင့်တစ်မြို့ ပြောင်းရွှေ့ရောင်းဝယ်ကုန်များတွင် ၅ ခိုင်ကျ တစ်ကြိမ်ပြင် ထပ်မံကောက်ခံ မရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၈။ ။ မောင်စိန်ဘူး ဆိုသူက ဆင်ဖြူများရှင် မင်းတရားကြီး သမီးတော် သုဝဏ္ဏဝတီဘွဲ့ခံ ကင်းတော်စား မင်းသမီးနှင့် ဆင်ဖြူများရှင် ညီတော် ဗဒုံမင်းသားတော် မင်းရဲဇေယသူတို့က မြင်သူ မင်းရဲညွန့်ဘွဲ့ခံ သားတော် ဖြစ်ကြောင်း။ မိုင်းပျဉ်းမြို့၊ ပဋ္ဌနဂိုမြို့များ စားရကြောင်း ပြောဆိုရှိ၍ ၎င်းသူ မဟာဆွေတော် ဟုတ် မဟုတ် စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

မိုးမိတ်မင်းသား၊ မိုးညှင်းမင်းသားတို့ မေးချက်။

၉။ ။ ဆင်ဖြူရှင် မင်းတရားကြီးတွင် သုဝဏ္ဏဝတီဘွဲ့နှင့် ကင်းတော်စား သမီးတော်၊ ဘေးတော် ဗဒုံဘုရားတွင်လည်း မင်းရဲဇေယသူဘွဲ့နှင့် သားတော် မရှိသည့် အကြောင်းအရာ။ အလောင်းမင်းတရားကြီး သားတော် မလွန်မင်းသား ၁၊ ၎င်းမြေးတော် ၁၊ မိုးညှင်းမင်းသား ဆွေတော်အုပ်မင်းသား ၁ ပြင် မင်းရဲညွန့်ဘွဲ့ခံသူ မရှိသည့် အကြောင်းအရာ။ ဘုရားခမည်းတော်၊ ဘုရားနောင်တော် ရွှေလက်ထက် ပဋ္ဌနဂိုမြို့၊ မိုင်းပျဉ်းမြို့များကို အစား သနားခံရသူ မင်းရဲညွန့် မရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ရန်ကုန်မြို့သို့ လာရောက်ရှိသည့် မောင်စိန်ဘူး ဆိုသူ မဟာဆွေတော် မျိုးတော် မဟုတ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၁။ ။ နမယ်တွင် တိုက်ခိုက်သူ စားပြ ငလှိုင်း၊ ဆန်းတို့နှင့် တိုက်ဆိုင်မေးရန် သက်သေတို့ လာရောက်ရှိ၍ မည်သည့်နေ့ စေလွှတ်ရမည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁။ ၃၀ ဒီဇင်ဘာ ၁၈၇၃ ၂။ ၂၅ ဒီဇင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ၅ လကျော် ၆ လကြာတိုင် မရှင်းမလင်းရနိုင်ရှိ၍ လွှတ်မည် အထက်ပေးစာအရ ငလှိုင်း၊ ငဆန်းတို့ကို လွှတ်ထား၊ နေရပ်သို့ ပြန်သွားရှိ၍ ယခု ကြေးနန်းနှင့် ဆင့်ခေါ်ဆဲရှိကြောင်း။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ပခန်းမင်းကြီး ကွယ်လွန်ကြောင်း ကြားသိရ၍ အလွန်နှမြောကြောင်းနှင့် ရန်ကုန်မြို့ အရေးပိုင်ကြီးက စာရောက်ကြောင်းကို သံတော်ဦးတင်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၄။ ။ သီဟိုဠ် အစိုးရတို့က မဟာဝံသ ဋီကာကျမ်းကို ရရှိ ကျေးဇူးတင်ကြောင်းနှင့် စာရောက်ကြောင်းကို သံတော်ဦးတင်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ပခန်းမင်းကြီး ကွယ်လွန်သည်ကို နှမြောကြောင်း အရေးပိုင်ကြီးက စာ ၁၊ မဟာဝံသဋီကာကို ရရှိကြောင်း သီဟိုဠ် အစိုးရတို့က စာ ၁၊ ၂ စု စာ ၂ ကို အမိန့်တော်မြတ် ခံပြီးဖြစ်ကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၆။ ။ မြေထဲမြို့၊ လှည်းကာရွာတွင် ငတောင်ကို ဓားနှင့် ခုတ်သတ် ထွက်ပြေးသူ ငပုံ နိုင်ငံတော် တောင်တွင်းကြီး စီရင်စု၊ မြို့ကိုင်းရွာ၊ ဘိုးတော်သူ ချင်းငကွယ်အိမ်တွင် ရှိကြောင်း ကြားသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ ပေးမှာစာ။

၁၇။ ။ တောင်တွင်းကြီး စီရင်စု၊ မြို့ကိုင်းရွာနေ ချင်းငကွယ် အိမ်တွင် ကျောက်တိုင်တောင်ဘက်နေ လူသတ် ငပုံ ရှိနေလျှင် ဖမ်းဆီး အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ လူသတ် ငပုံကို ဖမ်းဆီးပို့အပ်လာစေရမည် တောင်တွင်းကြီးမြို့ ဝန်ထောက်တော်မင်းသို့ မှာထားဆင့်ဆိုရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့[၃]။

တောင်တွင်းကြီးမြို့ ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၁၉။ ။ လူသတ် ငပုံကို ဖမ်းဆီးရန် ဆင့်ဆိုရာ ရွာနေ ငကွယ်၊ လူသတ် ငပုံတို့ မည်သည့်ကာလကမှ မရှိမနေကြောင်းကို မြို့ကိုင်းရွာ ရွာအုပ် သွေးသောက်ကြီးတို့ ထွက်ဆိုချက်၊ ခံဝန်ချက်များနှင့်တကွ တင်ပို့ လျှောက်ထားကြောင်း အကြောင်းအရာ။

---

၁။ ၃၀ ဒီဇင်ဘာ ၁၈၇၃ ၂။ ၄ ဇန်နဝါရီ ၁၈၇၄ ၃။ ၈ ဖေဖော်ဝါရီ ၁၈၇၄

(က) ထိန်းအုပ်စုတွင် ငကွယ်၊ ငပုံတို့ မရှိမနေကြောင်း ရွာအုပ်၊ သွေးသောက်ကြီးတို့ အစစ်ခံ ထွက်ဆိုချက်၊ ခံဝန်ချက်။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[1]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၂၀။ ။ တောင်တွင်းကြီး စီရင်စု၊ မြို့ကိုင်းရွာတွင် ရွာနေ ငကွယ်၊ လူသတ် ငပုံတို့ မရှိမနေကြောင်းကို ရွာအုပ် သွေးသောက်ကြီးတို့ ထွက်ချက်၊ ခံဝန်ချက်များနှင့်တကွ တောင်တွင်းကြီးမြို့ ဝန်ထောက်က တင်ပို့လျှောက်ထားရှိသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၃ ရက်နေ့။

၁၈၇၃ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၁။ ။ ကျောက်တိုင်တောင်ဘက်သို့ ဝင်ထွက် ရောင်းချသည့် ရှမ်းနွားဝန်တင်၊ မြန်မာနယ် နင်းကြမ်းတွင် ရောင်းဝယ်သည့် နွားဝန်တင်များတွင် ကောက်ခံမြဲပြင် ဆယ်ခိုင် ပြည့်မီအောင် အမိန့်တော်နှင့် ကောက်ခံကြောင်း ကြားသိရ၍ မှန် မမှန် စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[2]။

နင်းကြမ်းမြို့ အကောက်အုပ် ထွက်ချက်။

၂၂။ ။ အရပ်ရပ် နွားဝန်တင် ၁ လျှင် ပါကုန်အဖိုး ၂၅ ထား၍ ဒိ ၂။ ၁ ဲ သာ ကောက်ခံသည့် အကြောင်းအရာ၊ ကျောက်တိုင်တောင်ဘက်က လာရောက်သည့် လေ့လှည်းတင် အရပ်ရပ် ဝင်ကုန်များတွင်လည်း ၅ ခိုင်ပြင် အမိန့်တော်နှင့် ဆို၍ ပိုမို မကောက်မခံသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၂၃။ ။ အရပ်ရပ် နွားဝန်တင် ၁ လျှင် ပါကုန်အဖိုး ၂၅ ထား၍ ဒိ ၂။ ၁ ဲ သာ ကောက်ခံကြောင်း၊ ကျောက်တိုင်တောင်ဘက်ကရောက် လေ့လှည်းတင် အရပ်ရပ် ကုန်များတွင်လည်း ၅ ခိုင်ကျပြင် ပိုမို မကောက်မခံကြောင်းများနှင့် နင်းကြမ်း အကောက်အုပ်က ထွက်ဆိုလျှောက်ထားရှိသည့် အကြောင်းအရာ။

---

၂၂၀ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ အထက်က ရန်ကုန်မြို့ အကျဉ်းထောင်မှ ထွက်ပြေး၊ နှစ်တိုင်းနှစ်ပြည် အကြား ဗိုလ်ပြုလုပ် တိုက်ခိုက်၊ ယခု မြေထဲမြို့၊ မိုးပုံးရွာ၊ ရွာထောင်ရွာ၊ ကျားသေဝရွာများကို ဗိုလ်ပြုလုပ် တိုက်ခိုက်ပြန်၍ ထွက်ပြေးသူ ငစံထွန်းကို ထောက်လှမ်းရာ ဆင်ပေါင်ဝဲ အစိုးရများထံ အမှုထမ်း၍ရှိကြောင်း သိရ၍ ဆင့်ဆိုဖမ်းဆီးပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[3]။

အောက်မြစ်စဉ် စစ်ကဲသို့ လွှတ်တော်က ပေးမှာစာ။

၂။ ။ ဓားပြဗိုလ် ငစံထွန်း ဆိုသူ ဝန်စုပါ နယ်မြေတွင် ရှိနေလျှင် မထွက် မလွတ်စေရ ဖမ်းဆီးအကျဉ်းပို့အပ်ရမည့် အကြောင်းအရာ၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

---

၁။ ၁၃ ဖေဖော်ဝါရီ ၁၈၇၄ ၂။ ၄ ဇန်နဝါရီ ၁၈၇၄ ၃။ ၁၃ ဇန်နဝါရီ ၁၈၇၄

၁၂၃၅ ခု၊ ဖြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ စားပြဗိုလ် ငစံထွန်း ဆိုသူကို ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲသို့ ဆင့်ဆိုမှာထား၊ ရမိပို့အပ်လျှောက်ထားကာလ မေးမြန်း၍ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့[၂]။

အောက်မြစ်စဉ် စစ်ကဲက လွှတ်တော် လျှောက်စာ။

၄။ ။ အင်္ဂလိပ် အရေးပိုင်က တောင်းသူ ငစံထွန်းကို ဖမ်းဆီး၍ အကျဉ်းပို့အပ်ကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၃]။

ငစံထွန်း အစစ်ခံချက်။

၅။ ။ သောင်တင်းကြီးလေ့တော် အမှုထမ်း နောက်ထောက် ဖြစ်ကြောင်း၊ မည်သည့်ကာလကမှ စားပြဗိုလ် ပြုလုပ် မတိုက်မခိုက်ဖူးကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ငစံထွန်း အကြောင်းအရာ ပေးစာနှင့် အတူပါသက်သေတို့ ထွက်ချက်တွင် မည်သည့်ခုနှစ်က၊ မည်သည့် အမှုနှင့် အကျဉ်းခံရ၍ မည်သည့်ခုနှစ်က အကျဉ်းမှ ထွက်ပြေးကြောင်းများ မပါသောကြောင့် မေးစစ်သာအောင် စာထပ်မံပေးပို့မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၇။ ။ ငစံထွန်းကို ရန်ကုန်မြို့ ထောင်က ထွက်ပြေးမှုနှင့် တောင်းသည် မဟုတ်၊ စားပြတိုက်မှုနှင့်သာ တောင်းသည် ဖြစ်၍ ငစံထွန်း မှန်လျှင် ပေးအပ်မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ (၁ မှတ်ပါ) အရေးပိုင်မင်း ပေးစာများ အတိုင်းပင် ငစံထွန်းက ဖြောင့်မှန်ထွက်ဆိုသော်လည်း ပေးစာနှင့် အတူပါ သက်သေတို့ ထွက်ချက်တွင် ၁၂၂၆ ခု၊ ၂၇ ခု၊ ၂၈ ခုနှစ်များက တိုက်ခိုက်ကြောင်း ပါရှိသောကြောင့် မဟာမိတ်စာချုပ်အတွင်း မပါမဝင်သင့်ဖြစ်၍ ပေးအပ်ရန် မရှိကြောင်း အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၄ ခု၊ မတ်လ ၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၉။ ။ မဟာမိတ်စာချုပ် မချုပ်မီ ဆိုးသွမ်းဖူးသူတို့ကို မပေးမအပ်ရကြောင်းနှင့် မဟာမိတ်စာချုပ်မှာ မပါသည် ဖြစ်၍ ငစံထွန်းကို ပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့[၄]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မဟာမိတ်စာမချုပ်မီ ဆိုးသွမ်းသူတို့ ကျောက်တိုင်တောင်ဘက်မှာ ရှိလျှင် ပေးပါမည့်အကြောင်း၊ ငစံထွန်းကိုသာ ပေးအပ်ပါမည့် အကြောင်းနှင့် စာပေးပါမည် အရေးပိုင်မင်း ပြောဆိုကတိအတိုင်း စာမပေး၍သာ ငစံထွန်းကို လရက်အရှည် ချုပ်ထားရသည့် အကြောင်းအရာ၊ ကတိအတိုင်း စာမပေးလျှင် ငစံထွန်းကို အပြစ်မှ ကင်းလွတ်စေမည့် အကြောင်းအရာ။

---

၁။ ၁၃ ဇန်နဝါရီ ၁၈၇၄ ၂။ ၂၀ ဇန်နဝါရီ ၁၈၇၄ ၃။ ၂၁ ဖေဖော်ဝါရီ ၁၈၇၄ ၄။ ၂၇ မတ် ၁၈၇၄

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၁။ ။ ဆင်ဖြူကျွန်းအရပ်တွင် ကုန်သည် အီစွပ်တို့ တိုက်ခိုက်သည့် ဓားပြ ၂ ယောက် ရမိကြောင်း၊ တိုက်ရာပါ ပစ္စည်းများ အတော်အသင့် ရကြောင်းကို ပဲ့နင်းနှင့် ငှင်းစာရေး ငချိန်တို့က ပြောလျက်၊ လရက်အရှည် မရှင်းမလင်းရ ရှိ၍ နေရာကျ မေးမြန်းရှင်းလင်း တောင်းခံပေးပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့။

တောင်လုံးမှိုင်းယဉ်ကျော်လှေတော် ပဲ့နင်း ထွက်ချက်။

၁၂။ ။ ကျပင်းမြို့အုပ်က ခိုးမှုနှင့် ပို့အပ်သည့် ငပေပေါင်းကြီး၊ ငရွှေသီးတို့ကို အတိုက်ခံရသူ အီစွပ်တို့က ကြည့်ရှုလို၍ ပြသရာ တပ်ရာ မစွဲမဆိုနိုင်ကြောင်း၊ တိုက်ရာပါပစ္စည်းများ အတော်အသင့်ရသည် ငချိန်က ပြောသည် မပြောသည်ကိုလည်း မကြားမသိရကြောင်း။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ပွဲစား ငတေ ထွက်ဆိုချက်။

၁၃။ ။ ဓားပြတို့ ရမိ၍ တိုက်ရာပါပစ္စည်းများ ရရှိကြောင်းနှင့် သွေးသောက်ကြီး ငချိန်က ပြသပြောဆိုသည်ကို မကြားမသိ၊ အခြားဆိုင်က အထည်များ ယူငင်ပြသ၍ ဤအထည်အလိပ်မျိုး ပါ မပါ ထောက်လှမ်းသာ အောင် ပြောဆိုပါ မေးမြန်းသည်ကိုသာ ကြားသိကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဆင်ဖြူကျွန်းတွင် ကုန်သည် အီစွပ်တို့ ဓားပြတိုက်ခိုက်မှုနှင့် ပေးစာအရ တောင်လုံးမှိုင်းယဉ်ကျော် လှေတော် ပဲ့နင်းကို မေးရာ၊ (၁၂ မှတ်) အတိုင်း၊ ပွဲစား ငတေကို မေးရာ (၁၃ မှတ်) အတိုင်း ထွက်ဆို ရှိကြကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၅။ ။ ဓားပြတိုက်ခံရသူတို့က ငချိန် အိမ်တွင် ပြသသည့် ပစ္စည်းများ တိုက်ရာပါပစ္စည်းများ မှန်ကြောင်း ပြောဆိုရှိပါ၍ ငချိန်ကိုသာ မေးစစ် နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ငချိန်ကို ဆင့်ဆိုခေါ်ယူရောက်ကာလ အတိုက်ခံရသူ အီစွပ်တို့နှင့် စုံညီစစ်မေး၍ အကြောင်းအရာ စာပြန် မည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၇။ ။ ရွှေဘွားတော်အောက်သို့ ငချိန် လာရောက်ကြောင်း လျှောက်ထားရှိ၍ ငချိန်ကို နေရာကျ မေးမြန်းပြုလုပ် ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ငချိန်ကို မေးရာ၊ တောင်လုံးမှိုင်းယဉ်ကျော် လှေတော် ပဲ့နင်း၊ ပွဲစား ငတေတို့ ထွက်ဆိုချက်အတိုင်း အညီအညွတ် ထွက်ဆိုရှိကြောင်း။

---

၁။ ၁၃ ဇန်နဝါရီ ၁၈၇၄ ၂။ ၂၆ ဇန်နဝါရီ ၁၈၇၄ ၃။ ၂၃ ဇန်နဝါရီ ၁၈၇၄

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ထပ်မံ ပေးစာ။

၁၉။ ။ သက်သေတို့နှင့် ရှင်းလင်းရန် ထည့်အပ်လိုက်သူ ငရန်ကွင်းကို စစ်မေးပြီးတန် သင့်ပြီဖြစ်၍ စစ်မေးမှန်ကန်လျှင် စစ်မေးထွက်ချက်များကို ပေးပို့မည့်အကြောင်း၊ မမှန်လျှင် ငရန်ကွင်းကို နေ့ရက်မကြာ ပြန်ပို့မည့်အကြောင်း။

---

## ၂၂၉ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ မတ်လ ၂၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ ငရန်ကွင်းကို ၎င်းပြသက်သေ မစုံမလင်၍ မစီရင်ရသေးကြောင်းနှင့် ရန်ကုန်မြို့ အရေးပိုင်ကြီးထံက စာလာရောက်ရှိကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငရန်ကွင်းကို ၄ လကျော် ၅ လခန့်တိုင် ကြန့်ကြာ မရှင်းမလင်းရနိုင် ရှိသောကြောင့် လရက်မကြာ ရှင်းလင်းရအောင် စာပေးမှာထား၍ စစ်မေးမှန်လျှင် အထက်ပေးစာအတိုင်း သက်သေတို့ ထွက်ချက်များကို ပေးပို့မည့်အကြောင်း၊ မမှန်လျှင် ငရန်ကွင်းကို ပြန်ပို့မည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၂]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၃။ ။ ၁၂၃၅ ခု၊ တပေါင်းလဆန်းလျှင် ပြင်သစ်နိုင်ငံသို့ ပြင်သစ်မင်း သံအရာရှိတို့နှင့် ရာဇသံလက်ဆောင်တော်များနှင့် ကျွန်ုပ်ကို ဘက်ထည့်လိုက်သွားရမည်ဖြစ်၍ အင်္ဂလိပ်မင်းပိုင် မြို့ရွာများ ဆိပ်ကမ်းသို့ ဝင်ထွက်နိုင်အောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မြင်းခြံက ရန်ကုန်၊ ဘင်္ဂလား၊ ဘိလပ်မြို့များထိ အင်္ဂလိပ်ဘာသာနှင့် ကြေးနန်း ရိုက်ကြားနိုင်သည်၊ မရိုက်ကြားနိုင်သည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့။

ကြေးနန်းရုံ အကြီးအကြပ်တို့ ထွက်ဆိုချက်။

၅။ ။ အလိုရှိရာ အင်္ဂလိပ်ဘာသာနှင့် ကြေးနန်းရိုက်ကြားနိုင်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အလိုရှိရာ အင်္ဂလိပ်ဘာသာနှင့် ကြေးနန်းရိုက်ကြားနိုင်ကြောင်းနှင့် ကြေးနန်းရုံ အကြီးအကြပ် ဆရာတို့က ထွက်ဆိုလျှောက်ထား ရှိကြောင်း။

၁၂၃၅ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၃]။

အရေးပိုင်သို့ လွှတ်တော်က ပေးစာ။

၇။ ။ ကင်းဝန်မင်းကြီးမှာ အထက်ဘွဲ့ထက်တိုး၍ သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့ သနားတော်မြတ်ခံရကြောင်းကို အရေးပိုင်မင်း သိရန် အကြောင်းအရာ။

---

၁။ ၃၁ ဇန်နဝါရီ ၁၈၇၄ ၂။ ၁၁ ဖေဖော်ဝါရီ ၁၈၇၄ ၃။ ၈ မတ် ၁၈၇၄

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ဤယံမင်းက လက်ဆောင်တော်များနှင့် စေလွှတ်သူ မြီစာဘွာဇလိုလခံနှင့်အတူ လိုက်သွားစေသည့် ဤယံသွား မြန်မာသံတော်တို့ကို အင်္ဂလိပ်မင်းပိုင် မြို့ရွာများသို့ ထွက်ဝင်သွားလာနိုင်အောင် သင့်ရာ စာပေး မှာထားမည့်အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ မတ်လ ၂၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၉။ ။ အာလံမြို့ စီရင်စု၊ စမ်းချောင်းရွာအနီးတွင် မယားဟောင်း မိစိုးကို သတ်ဖြတ်ထွက်ပြေးသူ သောကျစ်ကို ထပ်မံထောက်လှမ်းရာ တောင်တွင်းကြီးမြို့ စီရင်စု၊ ကျားမီးတိုက်ရွာ မိခိုအိမ်တွင် နေထိုင်ကြောင်း ကြားသိရ၍ ဖမ်းဆီး ပို့အပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ကျားမီးတိုက်ရွာတွင် သောကျစ် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီးမြို့ရှိ ဝန်ထောက်တော်မင်းသို့ မှာထားဆင့်ဆိုရှိကြောင်း။ ပို့အပ်ကာလ မေးမြန်း၍ အပ်သင့်လျှင်အပ်၊ စီရင်သင့်လျှင် စီရင်မည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့မှာ ရပ်နေစီရင်သူ ဝန်ထောက်သို့ လွှတ်တော်က ပေးမှာစာ။

၁၁။ ။ တောင်တွင်းကြီးမြို့ စီရင်စု၊ ကျားမီးတိုက်ရွာတွင် လူသတ် သောကျစ် ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီး ပို့အပ်ရမည့် အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၈ ရက်နေ့။

အရေးပိုင်က ပေးစာ။

၁၂။ ။ အာလံမြို့၊ စောင်းလျားကျောင်းရွာအနီး ပသီလူမျိုးစုံများကို သတ်ဖြတ်ထွက်ပြေးသူ ငလှိုင်း၊ ငနီတို့ကို ထပ်မံထောက်လှမ်းရာ တောင်တွင်းကြီးမြို့၊ သစ်ခုတ်ကွင်းရွာ မိလေးအိမ်တွင် ရှိနေကြောင်းနှင့် အရေးပိုင်ကြီး ထံက စာရရှိ၍ ဆင့်ဆိုဖမ်းဆီး ပို့အပ်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၃]။

တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ ပေးစာ။

၁၃။ ။ တောင်တွင်းကြီးမြို့ စီရင်စု၊ သစ်ခုတ်ကွင်းရွာ မိလေးအိမ်တွင် လူသတ် ငလှိုင်း၊ ငနီတို့ ရှိနေလျှင် ဖမ်းဆီးပို့ရမည့်အကြောင်း။ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ လူသတ် ငလှိုင်း၊ ငနီတို့ကို ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ မှာထားရှိကြောင်း၊ ရမိ ပို့အပ်ကာလ မေးမြန်း၍ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၉ ရက်နေ့။

အရေးပိုင်က ပေးစာ။

၁၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငချိပ်၊ ငဆိုင်းကလေး၊ ငရွှေရီး၊ ငရွှေဖျင်းတို့ နိုင်ငံတော်ဘက်က နွားဝယ်ယူ

---

၁။ ၂၀ မတ် ၁၈၇၄ ၂။ ၂၀ မတ် ၁၈၇၄ ၃။ ၁၁ ဧပြီ ၁၈၇၄

ပြန်လာရာ ထောက်မရွာသူကြီး ဗိုလ်ငလိုင်းလူ သောပြားနှင့် ချောင်းကောက်ရွာသူကြီးတို့က ဖမ်းဆီး၊ မင်းလှရုံးသို့ ပို့အပ်၊ ကြေးငွေ ကုန်ကျရှိကြောင်း လျှောက်ထားရှိသောကြောင့် မှန်လျှင် ငွေကို တောင်းခံပြန်ပေး၊ အလိုရှိရာ သွားလာစေမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၁]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငချိပ်တို့ နွားဝယ်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် နွားရောင်းသူတို့ အမည်သညာနှင့် နွားဖိုးငွေစာရင်း မပါမရှိ၍ စစ်မေးသာအောင် လျှောက်ရင်းသူတို့ကို နွားဖိုးစာရင်းနှင့်တကွ ဆင့်ဆိုစေလွှတ် မေးမြန်း၊ ဟုတ်မှန်လျှင် နွားနှင့် ကုန်သမျှ စရိတ်ငွေများကို ပြန်ပေးစေမည့်အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၉ ရက်နေ့။

အရေးပိုင်က ပေးစာ။

၁၇။ ။ နိုင်ငံတော်က မြင်း၊ နွား၊ ကျွဲ အထုတ်အယူကို အထက်က တားမြစ်ဖူးသည် မရှိ၍ အင်္ဂလိပ်နယ်မြေသို့ ထုတ်ယူ ရောင်းချနိုင်အောင် ဆင့်ဆိုမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၁]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၈။ ။ မြင်းမ၊ မြင်းလား၊ နွား၊ ကျွဲများကို နိုင်ငံပြင်သို့ ထုတ်ယူရောင်းချ မရှိစေရ နိုင်ငံဥဒေ အမြဲရှိ၍ နောင်သည်ကဲ့သို့ စာအပေးအပို့ မရှိမည့်အကြောင်း။

---

## ၂၂၉-က မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ ဘေရီခေါ် မီးသင်္ဘောတော် အာလံမြို့ အကောက်တိုက်တွင် အစစ်အကြောမခံ ဆန်တက်ရှိသည့် အကြောင်း။

၁၂၃၅ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့[၂]။

အန္ဒြီနောနှင့် ဆာဒလင်မက္ကင်စီ ကုမ္ပဏီတို့ ထွက်ချက်။

၂။ ။ ဘေရီ မီးသင်္ဘောတော်နှင့် ဆန်တက်လာရာ အာလံမြို့ အကောက်တိုက်တွင် တိုင်တန်း စာရင်းချမှတ်မြဲ ချမှတ်၊ အကောက်တိုက် အရာရှိတို့ မလာမရောက်၊ အထူးကုန်စည်လည်း မပါသည်နှင့် ဆန်တက် ထွက်လာကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဘေရီ မီးသင်္ဘောတော် အကောက်တိုက် အရာရှိများထံ တိုင်တန်းမြဲ တိုင်တန်း စာရင်းချမှတ်၊ ၎င်းအရာရှိတို့ လာရောက် မကြည့်မရှု၊ အထူးကုန်စည်လည်း မပါ၍ ဆန်တက်၊ ရွှေမြို့တော်သို့ရောက်မှ အင်္ဂလိပ် အကောက်စာရေး ဆိုသူက မည်သည့်ကုန်ပါသည် မေးမြန်းလာကြောင်းနှင့် အန္ဒြီနောနှင့် ဆာဒလင်မက္ကင်စီ ကုမ္ပဏီတို့က ထွက်ဆိုရှိကြောင်း။

---

၁။ ၁၁ ဧပြီ ၁၈၇၄ ၂။ ၅ ဧပြီ ၁၈၇၄ ၃။ ၉ မေ ၁၈၇၃

၁၂၃၅ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၂၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၄။ ။ မယားဟောင်း မိစိုးကိုသတ်၍ ထွက်ပြေးသူ သောကျစ်နှင့် ငရွှေအောင်ကိုသတ်သူ ငရွှေသင်းတို့အကြောင်းနှင့် ပေးစာများအရ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၅။ ။ လူသတ် သောကျစ်မှာ နိုင်ငံတော် ကန်လှရွာ၊ ကန်ပေါက်ရွာများတွင် မရှိမနေကြောင်းနှင့် လျှောက်ထားရှိကြောင်း။ ငရွှေသင်မှာ တောင်တွင်းကြီးမြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုမှာထားဆဲရှိကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့။

တောင်တွင်းကြီး မြို့ဝန်သို့ ပေးမှာစာ။

၆။ ။ ငရွှေအောင်ကို သတ်၍ ကျောက်တိုင်တောင်ဘက်က ထွက်ပြေးလာသူ ငရွှေသင် ကန်ကြီးရွာတွင် ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[1]။

၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၇။ ။ ကန္နီဆိပ် လှေတိုက်စားပြစာရင်းပါ ငမြိုင် အကြောင်းနှင့် စာပေးရာ၊ အမည်တူ ငမြိုင်သာ ရှိကြောင်းနှင့် ပြန်စာပြင်၊ ထပ်မံ မကြားမသိရသည့် အကြောင်းအရာ။ ၎င်းငမြိုင် အင်္ဂလိပ် ကျွန်တော်မျိုး မှန်သည့်အတိုင်း ဖမ်းဆီးပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[2]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၈။ ။ ပိသုလိမ်းကန္နီဆိပ် လှေတိုက်စားပြစာရင်းပါ သရက်မြို့ စီရင်စု၊ မုန်းချောင်းရွာနေ ငမြိုင် ရောဂါ ကပ်ရောက် သေဆုံးကြောင်းနှင့် မလွန် မြေထဲ သရက် ၃ မြို့ဝန် မြစ်စဉ် စစ်ကဲတို့က လျှောက်ထားရှိကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[2]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၉။ ။ ပိသုလိမ်းကန္နီဆိပ် လှေတိုက်ရာပါ ဆိုသူ အမည်တူ ငဥ၊ ငပေစွေ၊ ငကာတို့ကို မရှင်းမလင်းရ ၃ လကျော် ၄ လခန့် ကြန့်ကြာရှိ၍ အချုပ်မှ လွှတ်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၂၉ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၀။ ။ ဗန်းမော်မြို့ရှိ တရုတ် ငွမ်းကုန်သည်တို့က ငွမ်းကုန်များ အလိုရှိရာ တင်ယူရန် အမိန့်လက်မှတ်ကို ၎င်းမြို့ဝန်က ငွမ်းတော်များ ဝယ်ယူမှ ပေးမည် ပြောဆိုကြောင်း လျှောက်ထားရှိ၍ ကုန်သည်တို့ အလိုရှိရာ သွားလာရအောင် နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ငွမ်းတော်များကို ဝယ်ယူမှ လက်မှတ်ပေးမည် ပြောဆိုမရှိစေရ၊ ငွမ်းကုန်သည်တို့ အလိုရှိရာ ဆောင်ယူရောင်းချနိုင်အောင် လက်မှတ် ပေးအပ်ရမည် ဗန်းမော်မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

---

၁။ ၁၂၃၄ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက် ဖြစ်မည်။ ၂။ ၃ မေ ၁၈၇၃ ၃။ ၇ မေ ၁၈၇၃

၁၂၃၅ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁၂။ ။ ရတနာပုံဒေးဝန်း အကောက်တိုက်တော်များက ပြေစာလက်မှတ် ရရှိပြီး ဂွမ်းကုန်သည်၊ ဆားကုန်သည်များကို အကောက်အခံ မရှိ၊ လက်မှတ်ပေးအပ်၊ အလိုရှိရာ ထုတ်ယူစေရမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့။

၁၈၇၃ ခု၊ ဧပြီလ ၃၀ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး နေဇံအာလိခံပိုင် ခိုးရာပါ ပစ္စည်းများအနက် သားမွေးအင်္ကျီ ငရွှေညိုတွင် တွေ့ရှိစစ်မေးရာ၊ ၎င်းက အစစ်ခံသူ ငရုံး၊ ငရုံးက အစစ်ခံသူ လားရှိုး ထမုံတို့ကို ဆင့်ဆိုခေါ်ငင် နေရာကျပြုလုပ်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ လားရှိုး ထမုံ ငပညာကို ဆင့်ခေါ်ရာ တိမ်းရှောင်နေကြောင်း လျှောက်ထားရှိ၍ ထောက်လှမ်းလျှောက်ထားရမည် ဆင့်ဆိုဆဲရှိကြောင်း၊ တွေ့မိကြောင်း လျှောက်ထားကာလ ငပညာနှင့် ငရုံးတို့ကို ဆင့်ခေါ်စစ်မေး စာပြန်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၄ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မရှိတီမေတိက စစ်ကိုင်းမြို့တွင် နေထိုင်သူ မိုင်းပုစော်ဘွားဟောင်းတွင် ငွေရရန်ရှိကြောင်း လျှောက်ထားရှိ၍ ၎င်းကို ဆင့်ဆို လာရောက်စေပါမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၂]။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မိုင်းပုစော်ဘွားဟောင်းကို စစ်ကိုင်းမြို့တွင် မေးမြန်းမရရှိ၍ စစ်ကိုင်းမြို့ မည်သည့်ရပ်ကွက်နေ ဖြစ်သည် အသေအချာ စာပြန်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ အင်္ဂလိပ်မင်း သံတော်တို့ မည်သည့်လရက် ရန်ကုန်မြို့သို့ ရောက်၍၊ မည်သည့်လရက် ရွှေဘွားတော်အောက် ဆန်တက်မည်ကို တင်ရင် ကြားသိလိုကြောင်း။

---

## ၂၂၉-ခ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၁ ရက်နေ့[၃]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁။ ။ အင်္ဂလိပ်မင်းသံတော် ကာရနယ်ပြောင်းတို့ ဆက်သရန် လက်ဆောင်တော်၊ ရာဇသံများနှင့် ၂ ရက် ၃ ရက် အတွင်း ရွှေဘွားတော်အောက် ဆိုက်ရောက်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့။

ကင်းဝန်မင်းကြီးက ပြည်မြို့ အရေးပိုင် မေဇာမက္ကမေဟန် ပေးစာ။

၂။ ။ အင်္ဂလိပ် သံတော်တို့ လာမည့်နေ့ရက်ကို တင်ရင်မသိရ၍ နှမြောတသ ရှိသော်လည်း၊ သံတော်တို့ကို

---

၁။ ၈ မေ ၁၈၇၃ ၂။ ၁၅ မေ ၁၈၇၃ ၃။ ၁၇ မေ ၁၈၇၃ ဖြစ်မည်။

တပ်ဝင်းအခင်းအကျင်းနှင့် ကြိုယူလိုသည်ဖြစ်၍ စစ်ကိုင်းမြို့ သံတဲမှာ တစ်ည ရပ်နားဆိုင်းငံ့အောင် နှိုးဆော်တိုက်တွန်းစေလိုသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၁၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ရန်ကုန်မြို့ ပုဇွန်တောင်နေ ကြောခိုင်ကို သတ်ဖြတ်သူ ကြောညို မင်းလှမြို့ ငတောအိမ်တွင် နေထိုင်ကြောင်း ကြားသိရ၍ ၎င်းကို ဖမ်းဆီးပေးအပ်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၄။ ။ ကြောညိုကို ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲတို့သို့ မှာထားဆင့်ဆိုရှိကြောင်း၊ ဖမ်းဆီးပို့ရောက် စစ်မေး ဟုတ်မှန်ကာလ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၁၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မမိထူးက ပွဲပြတ် ငနီတွင် ရှိငွေနှင့် ချယူသည့် လက်ဖက်တင်များကို အမိန့် လက်မှတ်နှင့် တင်ယူစုန်ဆင်းရာ၊ မင်းလှမြို့က တားဆီးကြောင်း လျှောက်ထားရှိသည့်အရ မှန်လျှင် မသင့်ဖြစ်၍ စုန်ဆင်းစေမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

၁၈၇၃ ခု၊ မေလ ၂၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ပုသိမ်မြို့နေ ငဘဲတွင် မိထူးအတွက် ငွေမှုစကားပြောရန်ရှိလျှင် တွဲဖက်ရုံးမှာသာ ပြောဆိုသင့်၍ ငဘဲကို ချုပ်ထားမရှိစေမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ လက်ဖက်ဖိုးငွေများ ပြေကျေအောင် မပေးမချေဘဲ မိထူး တိတ်တဆိတ် ထွက်သွားရှိ၍ တားဆီးရာ၊ မိထူးက လက်ဖက်ဖိုးငွေမှု ရှင်းလင်းရန် ကိုယ်စားလှယ်ထည့်လိုက်သူ ငဘဲကို ခံဝန်သူ မပေးနိုင်၍ ချုပ်ထားကြောင်း ပွဲစားတော်တို့ ထွက်ဆိုရှိ၍ အခြားတစ်ပါးသို့ မသွားစေရ၊ ရှင်းလင်းစေမည်ဖြစ်လျှင် ပို့အပ်လာစေမည့် အကြောင်း။

၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၂၂ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အီစမံအင်မာလစ်၊ အီစွပ်တို့ကို ဆင်ဖြူကျွန်းတွင် ဓားပြတိုက်ခိုက်ရာ မြို့ရှင် ရွာရှင်တို့က မကူမညီကြောင်း လျှောက်ထားရှိ၍ မြို့ရှင်ရွာရှင်ကို ဆင့်ဆိုမည့်အကြောင်း၊ စစ်ဆေးစီရင် သာအောင် လျှောက်လွှာရင်းနှင့် တိုက်ရာပါ ပစ္စည်းစာရင်းများကို ပို့လိုက်ကြောင်း။

ကုန်သည်ကုလား အီစမံအင်မာလစ်တို့ လျှောက်ချက်။

၉။ ။ ဓားပြတိုက်ခိုက်၍ ၁၄၀၀၀ ကျော်တန် ပစ္စည်း ပါသွားကြောင်းနှင့်တကွ မြို့ရွာအစိုးရတို့ မကူမညီပုံ အရပ်ရပ် အကြောင်းအရာ။

---

၁။ ၁၂၃၅ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ဖြစ်မည်။ ၂။ ၂၆ မေ ၁၈၇၃

၁၂၃၅ ခု၊ နယုန်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ဆင်ဖြူကျွန်းတွင် ကုလားကုန်သည်တို့ တိုက်ခိုက်သည့် ဓားပြတို့ကို ရမိအောင် ထောက်လှမ်းဖမ်းဆီးရမည် ဆင်ဖြူကျွန်း အစိုးရများသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၅ ရက်နေ့။

၁၈၇၃ ခု၊ မေလ ၃၁ ရက်နေ့[၁]။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို မေဒဝင်ချစ်တီးက ရေနံချောင်း ၄ မြို့ဝန်တွင် ရရန် ဒီဂရီ စီရင်ချက်အရ ငွေ ၇၇၅၅ ကို ၄ မြို့ဝန် မသွားမီ ရအောင်၊ ထုံးစံရှိရာ တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ရေနံချောင်း ၄ မြို့ဝန်က မေဒဝင်ချစ်တီးနှင့် ရှင်းလင်းရန်ကို ဝန်စာရေး ငပေါ်ကို ကိုယ်စားလှယ်လွှဲအပ်ရှင်းလင်းပါစေမည် လျှောက်ထားရှိကြောင်းနှင့် မြို့သာဝန်က လျှောက်ထားကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မယားခိုး ငရွှေအောင်ကို သတ်သူ ငရွှေသင်ကို ဖမ်းဆီးရမိ စစ်မေးရာ ဖြောင့်ဆိုရှိ၍၊ အလိုရှိသည့်နေ့ရက် ပေးအပ်မည့်အကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၈ ရက်နေ့။

၁၈၇၃ ခု၊ ဇွန်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ငရွှေအောင် သတ်သူ ငရွှေသင်ကို ၁၂၃၅ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့ ပို့အပ်မည့်အကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ငရွှေအောင်ကို သတ်သူ ငရွှေသင်ကို အကျဉ်းပို့လာစေကြောင်း။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၂၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၁၆။ ။ ပြည်နှင့် ရွှေတောင်အကြား နမယ်တွင် အခွန်တော်ငွေများကို တိုက်ခိုက်ထွက်ပြေးသူ ငလှိုင်း၊ ငဆန်း၊ ငမြတ်သင်းတို့ကို သက်သေတို့နှင့် ရှင်းလင်းရန် ချုပ်ထားပါမည့် အကြောင်း။

၁၂၃၅ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ငလှိုင်း၊ ငဆန်း၊ ငမြတ်သင်းတို့ကို အကျဉ်းချထား၊ ၂ လကျော် ၃ လခန့် ကြန့်ကြာ၊ လူစေလွှတ် မရှင်းမလင်းရ ရှိ၍ အကျဉ်းမှ လွှတ်မည့်အကြောင်း။

၁၂၃၅ ခုနှစ်၊ ဆူရေ ၁၈ အသန့် ပြီး၏။

၁၂၃၅ ခုနှစ်၊ အထက်ကောက်ပြီး ပုရပိုက်ဆူရေ ၁၈ ပြင် လက်ခံကြမ်း ပုရပိုက်များမှ ကောက်ပြီးနှင့် ထပ်သည်ကိုချန်၍ ကောက်နုတ်ချက်။

၂၃၀ မှတ်ပုရပိုက်ထွက်မှာ ကရင်နီ ဒီပါက အရှေ့ဘက် ကရင်နီ စောလဘော်ကြီးကို တိုက်ခိုက်မည်ကြားသိရ၍ ဒီပါက မြန်မာအစိုးရတို့က မည်သို့ အခွင့်ပေးသည်၊ ဘုန်းတော်ကြီးဘုရားက သဘောတော်

၁။ ၃၁ မေ ၁၈၇၃ ဖြစ်မည်။ ၂။ ၅ ဇွန် ၁၈၇၃ ၃။ ၇ ဇွန် ၁၈၇၃

ရာပြည့်စာအုပ်တိုက်

တူသည် မတူသည်ကို သိလိုပါကြောင်း။ အနောက်ဘက် အရှေ့ဘက် ကရင်နီတို့လည်း အင်္ဂလိပ်မင်းနှင့် မဟာမိတ်ဖြစ်၍ နှောင့်ယှက်မရှိကြမည်ကို ယုံကြည်ကြောင်းနှင့် ၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက် (၁၈၇၃ ခု၊ အောက်တိုဘာလ ၂၉ ရက်) နေ့ အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာသက်သက်ရှိ။

---

## ၂၃၁ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ စောလဘော်နှင့် ငဒီပါကို သင့်တင့်အောင် ဆုံးမရှိကြောင်း၊ နိုင်ငံတော်စွန်နေ စောလဘော်နှင့် ခွဲတီးတို့ကို ပျပ်ဝပ်ရှိအောင် နှုတ်ရေး လက်ရေး သင့်ရာနှင့် သိမ်းပိုက်ဆဲ ဖြစ်သည့်အတွင်း ၎င်းတို့ လာရောက်တွေ့ကြုံလျှင် အများစော်ဘွား မြို့စားတို့နည်း ပျပ်ဝပ်ရှိအောင်ကိုသာ မဟာမိတ် ဖြစ်သည်နှင့်အညီ အင်္ဂလိပ် အစိုးရမင်းများက ကူညီပြောဆိုလိမ့်မည်ကို ယုံကြည်စိတ်ချ ရှိကြောင်း။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

၁၈၇၃ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၂။ ။ ကရင်နီ နယ်စပ်တွင် မော်လမြိုင်မြို့က သစ်ကုန်သည်တို့ သွားလာကူးသန်း ရှိကြသည်ဖြစ်၍ ကရင်နီနယ် သံလွင်ချောင်းဖျားသို့ စစ်သည် ရဲမက်တော်များကို မည်သည့်အတွက် စေလွှတ်သည်ကို စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကရင်နီနယ် သံလွင်ချောင်းဖျားသို့ စစ်သည်တော်တို့ကို မစေမလွှတ်။ အရှေ့အနောက် ကရင်နီကျေးရွာ၊ ရှမ်းပြည် မြေလတ်မြို့ရွာများကို အုပ်ချုပ်သည့် မိုးဗြဲ ဖယ်ခုံ တပ်ရုံးများသို့သာ စေလွှတ်မြဲ စေလွှတ်သည့် အကြောင်းအရာ။

---

## ၂၃၂ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

(၂၃၁ မှတ် ပုရပိုက်ထွက် ၁ မှတ်ပေးစာ) အရ အရေးပိုင်က ထပ်မံ ပြန်ပေးစာ။

၁။ ။ ကရင်နီ ငဒီပါက စောလဘော်ကြီးကို တိုက်ခိုက်မည် လူသူစုရုံး ရှိသည်ကို ဘုန်းတော်ကြီးဘုရားက သဘောတော်တူသည် မတူသည်၊ ငဒီပါကို မည်သို့ အရေးအခွင့် ပေးသည်များကို သိလိုကြောင်း။ ကရင်နီနယ်တွင် အင်္ဂလိပ် ကျွန်တော်မျိုး သစ်ကုန်သည်တို့ကို ထိခိုက်မရှိရအောင် စောင့်ရှောက်ပါမည့် အကြောင်း။ ကရင်နီ ခွဲတီးတို့နယ်ပယ် တောတောင်များကို မြန်မာအစိုးရမင်းတို့က အုပ်ချုပ်မရှိစေလိုကြောင်း။ အရှေ့ဘက် ကရင်နီနယ်စပ်သို့ ရဲမက်တော်များ စေလွှတ်သည်ကို သိလိုကြောင်းနှင့် ပေးစာအရ နေရာကျ စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကန္တရဝတီ မြို့စား ပပ္ပတကျော်ခေါင်နှင့် ရွာအုပ် နေမျိုးကျော်ထင်သူရိန်တို့ကို သင့်တင့်အောင် သိမ်းပိုက်ဆုံးမမည်ဖြစ်ကြောင်း။ အနောက်ဘက် ကရင်နီ ခွဲတီးတို့ နယ်ပယ်များကို အုပ်ချုပ်မရှိစေလိုကြောင်းနှင့်

---

၁။ ၃ နိုဝင်ဘာ ၁၈၇၃ ၂။ ၁၂ နိုဝင်ဘာ ၁၈၇၃ ၃။ ၂၄ နိုဝင်ဘာ ၁၈၇၃

စာပေးသည်မှာ ၎င်းတို့ အရှေ့အနောက်နယ်ပယ် နိုင်ငံတော်ဖြစ်၍ သိမ်းပိုက်ဆဲဖြစ်ကြောင်း အရေးပိုင်မင်း အသိဖြစ်၍ မသင့်ကြောင်း။

၁၂၃၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၃ ခု၊ နိုဝင်ဘာလ ၆ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ကရင်နီ ဒီပါသို့ အရှေ့ဘက် ကရင်နီ သစ်တောများ ပေးသည်၊ မပေးသည်ကို စာပြန်ပါမည့် အကြောင်း အရာ။

၁၂၃၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ရွာအုပ် နေမျိုးကျော်ထင်သူရိန်မှာ ထိန်းအုပ်စု နယ်မြေအတွင်း သစ်တော ဝါးတောမှ စ၍ ဆင့်ဆို လုပ်ဆောင်ရန် ရှိသည်များကို ဆင့်ဆိုလုပ်ဆောင်နိုင်ကြောင်း။

---

## ၂၃၃ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ အနောက်ဘက် ကရင်နီနယ်ကို မြန်မာအစိုးရမင်းတို့က အအုပ်အချုပ်မရှိရန် ပြောဆိုသည်ကို ပခန်းမင်းကြီး က အင်္ဂလိပ်မင်းတို့ အလိုအတိုင်း စောင့်ရှောက်ပါမည် ပြောဆိုဖူးသည့်အတိုင်း မပြောင်းမလွဲဘဲ ၎င်းတို့ အလျောက် နေထိုင်စေလိုကြောင်း။ အရှေ့ဘက် ကရင်နီတို့ မငြိမ်မဝပ်သည်ကို ငြိမ်ဝပ်အောင် သိမ်းပိုက် မည် စာပို့ရောက်သည်ကို အရေးပိုင်ကြီးက ဝမ်းမြောက်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၂]။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၂။ ။ အနောက်ဘက် ကရင်နီနယ် အကြောင်းအရာကို အရေးပိုင်မင်းနှင့် မြန်မာအစိုးရတို့ အထက်က ပြောဆို ဖူးသည့် အမှတ်အသား မရှိကြောင်း။ ၎င်းကရင်နီနယ်နှင့်စပ်၍ အင်္ဂလိပ် အစိုးရမင်းတို့ အလိုရှိသည့် အတိုင်း စောင့်ရှောက်ပါမည် မပြောသင့်သည့်အတိုင်း ပခန်းမင်းကြီး ပြောဆိုရန် မရှိကြောင်း။

---

## ၂၃၄ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ တရားလို ဤဗျာဟင်မှုစွန်နှင့် ကပ္ပိတန် ရိုက်လီတို့ ဟွန်ဒီလက်မှတ်တွက် ငွေမှုတွင် တရားလိုက ရေနံချောင်း ၄ မြို့ဝန် သက်သေတည်ပြုရှိ၍ ၄ မြို့ဝန်ကို ယခု ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း၍ ထွက်ချက် များကို ပြန်ပို့ပါမည့်အကြောင်း။ ဟွန်ဒီလက်ခံကိုလည်း ပို့လိုက်ကြောင်း။

(က) ပေးစာနှင့်အတူပါ ဟွန်ဒီစာလက်ခံ၊ ပုံစံတံဆိပ် အမှတ်အသား။

(ခ) တရားလိုပြသက်သေ ၄ မြို့ဝန်ကို မေးရန် (ဟွန်ဒီလက်မှတ်အကြောင်း) မေးခွန်းရေ (၁၀)။ တရားခံ က ၄ မြို့ဝန်ကို မေးရန် (ဟွန်ဒီလက်မှတ်အကြောင်း) မေးခွန်းရေ (၉)။

---

၁။ ၂၄ နိုဝင်ဘာ ၁၈၇၃ ၂။ ၁၉ ဇန်နဝါရီ ၁၈၇၄

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရေနံချောင်း ၄ မြို့ဝန်ကို မေးခွန်းအတိုင်း မေးမြန်း၍ ထွက်ချက်များကို ပို့လာစေကြောင်း။
(က) (ဟွန်ဒီလက်မှတ်အကြောင်း) ၄ မြို့ဝန် ထွက်ချက် ၁၀ တစ်ရပ်၊ ၉ တစ်ရပ်။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့။

အာကာမန္ဒလီ လျှောက်ချက်။

၃။ ။ လွှတ်တော်အမိန့်နှင့်ဆို၍ ကျွန်တော်ပိုင် ဝင်းမြေနေအိမ်ကို နေဇာမိုတင်ပိုင် ဖြစ်သည် တရုတ်မြို့ဝန်က မှတ်သားနှောင့်ယှက်ရှိပါ၍ နှောင့်ယှက်မရှိပါရအောင် မ စ ပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရုတ်မြို့ဝန် မှတ်သားသိမ်းထားသည့် ဝင်းမြေနေအိမ်မှာ နေဇာမိုတင်ပိုင် ဟုတ် မဟုတ် မေးမြန်းရန် နေဇာမိုတင်ကို ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ တရားလို မြဲဇာဟာမတ်က ရွေးလက်ယာ အစုရေးတွင် ရရန် တွဲဖက်ရုံး ဒီဂရီစီရင်ချက် ငွေ ၁၀ဝ–၅ျူး ကို ဆင့်ဆို တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ရွေးလက်ယာ အစုရေးတွင် မြဲဇာဟာမတ်က ရသင့်ငွေ ၁၀ဝ–၅ျူး ကို တရားထုံးစံ နေ့ရက်မရောက်သေး ကြောင်း မြို့သာဝန်က လျှောက်ထားရှိ၍ နေ့ရက်စေ့ရောက်ကာလ ချုပ်ထားတောင်းခံပေးရမည် မြို့သာဝန် ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့။

ရေနံချောင်း မင်းကြီးက လွှတ်တော်သို့ ပေးစာ။

၇။ ။ ရေနံချောင်းမြို့ စီရင်စု၊ ပင်ဝရွာနေ မိအပ်၊ သိုင်း၊ ညိုမောင်တို့ အောက်မြို့ကျေးရွာသို့ စုန်သွား ကြောင်း ရွာသူကြီး ညိုရောင် လွှဲဆိုအစစ်ခံရှိ၍ အစစ်ခံနှင့်တကွ ညိုရောင်ကို ရှင်းလင်းစေရန် ပို့အပ် လာပါစေကြောင်း။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၀ ရက်နေ့[၁]။

ပင်ဝရွာသူကြီး ညိုရောင် မေးချက်။

၈။ ။ မိအပ်၊ သိုင်း၊ ညိုမောင်တို့ ပင်ဝရွာတွင် မရှိမနေ၊ အောက်မြို့ကျေးရွာသို့ စုန်ဆင်းသွားကြောင်း အကြောင်းအရာ။

---

## ၂၃၅ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ မိအပ်၊ သိုင်း၊ ညိုမောင်တို့ ပင်ဝရွာတွင် မရှိမနေကြောင်းနှင့်တကွ ပင်ဝရွာသူကြီးကို ရေနံချောင်း မင်းကြီးက ပို့အပ်ရှိ၍ မေးမြန်းကွဲပြားကာလ စာပြန်ကြားမည့် အကြောင်း။

---

၁။ ၂၀ ဒီဇင်ဘာ ၁၈၇၃

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့။

ကပ္ပိတန် စတိုဝါက ကင်းဝန်မင်းကြီးထံ ပေးစာ။

၂။ ။ လာရောက်သူ ဆရာမေဆင်ကို အမိန့်တော်မြတ်ခံ၍ ရှေ့တော်သို့ ဝင်ပါစေမည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဆရာမေဆင်ဆိုသူ မည်သည့်လူမျိုး၊ မည်သည့်ဆရာ ဖြစ်သည်ကို အသေအချာ စာပြန်မည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၄။ ။ မြိဇာဟာမတ်နှင့် ရွှေလက်ယာ အစုရေး နေမျိုးမင်းလှရာဇာတို့ ငွေမှုနှင့် ပေးစာအရ ပြန်စာတွင်ပါသည့် တရားထုံးစံ နေ့ရက်ကို သိလိုပါကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ စီရင်ပြီးနောက် တစ်လကျော်၍ ချုပ်တောင်းသင့်သည် မှန်လျှင် တရားထုံးစံကို မြို့သာဝန်မင်းမှာသာ မေး၍၊ ညှိနှိုင်းတိုင်ပင် ပြုလုပ်မည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့။

၆။ ။ မောင်ခကြီး (နေမျိုးသီရိကျော်ထင်) နှင့် မူစွန်တို့ ငွေချေးလက်မှတ်ထိုး တရားမှုမှာ ရန်ကုန်မြို့တွင် ဖြစ်ပျက်ရင်းဖြစ်၍ မြန်မာ လွှတ်တော် ရုံးတော်များက လက်ခံ မစီရင်သင့်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့[၂]။

အရေးပိုင်သို့ ပေးစာ။

၇။ ။ နေမျိုးသီရိကျော်ထင်နှင့် မူစွန်တို့ အမှုမှာ ရွှေဘွားတော်အောက်တွင် လျှောက်ထားရင်း ဖြစ်သည် တစ်ကြောင်း၊ လက်မှတ်ရေးထိုးရင်းသူ မူစွန်မှာ တောင်းသင့်သည် တစ်ကြောင်း၊ ရန်ကုန်မြို့တွင် ဖြစ်ပျက်ရင်း ကြေးငွေမှုကို ရွှေမြို့တော် တွဲဖက်ရုံးက စီရင်သည့်အရာ အများအပြားရှိသည် တစ်ကြောင်း၊ တွဲဖက်ရုံး မဖွင့်မီက အမှုဖြစ်သည် တစ်ကြောင်းများကြောင့် မြန်မာ လွှတ်တော် ရုံးတော်များက လက်ခံ မစီရင်သင့်ကြောင်းနှင့် စာမပေးသင့်ကြောင်း။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့[၃]။

တရုတ်မြို့ဝန်က လွှတ်တော် လျှောက်စာ။

၈။ ။ ကုလား နေဇာမိုတင် နေထိုင်သည့် ဝင်းအိမ်ပစ္စည်းများကို ကုန်သည်ကြီးတို့နှင့် စုံညီမှတ်သားစေ၍ ၎င်းမှတ်သားစာရင်းကို တင်ပို့ကြောင်း၊ ၎င်းဝင်းမြေနေအိမ် အာကာမန္ဒလီပိုင် ဖြစ်ကြောင်းနှင့် ဟာဇီမြိဇာဟိုဆင်က ပြောဆိုရှိကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၄ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ တရုတ်မြို့ဝန်က နေဇာမိုတင်ပိုင် ဝင်းအိမ်ပစ္စည်းများ စာရင်းကို တင်ပို့၍၊ ၎င်းဝင်းမြေနေအိမ် အာကာမန္ဒလီပိုင် ဖြစ်သည် ဟာဇီမြိဇာဟိုဆင်က ပြောဆိုရှိကြောင်းနှင့် လျှောက်ထားရှိကြောင်း။

---

၁။ ၂၄ ဇန်နဝါရီ ၁၈၇၄ ၂။ ၂၈ ဇန်နဝါရီ ၁၈၇၄ ၃။ ၆ ဇန်နဝါရီ ၁၈၇၄ ၄။ ၃၁ ဇန်နဝါရီ ၁၈၇၄

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၀။ ။ ရွှေမြို့တော်က ဗန်းမော်မြို့သို့ ကုန်သေးကုန်နုပ်များကို တင်မည်ရှိရာ၊ အကောက်တိုက် အရာရှိတို့က လက်မှတ်မပေးကြောင်း ကုန်သည် ဗဟာဟိုဒင်ခံက လျှောက်ထားရှိ၍ ကုန်သည်တို့ ရောင်းဝယ်သာအောင် အမိန့်စာ ထုတ်ပေးပါမည့် အကြောင်း။

---

## ၂၃၆ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဗဟာဟိုဒင်ခံကို ပါကုန်များ လမ်းစဉ်တစ်လျှောက် နှောင့်ယှက်ကောက်ခံမရှိ ဗန်းမော်မြို့ရောက် တင်ယူ၊ အလိုရှိရာတွင် ရောင်းချနိုင်အောင် စာချွန်ပေးအပ်လိုက်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငပုတ်ကို မည်သည့်အမှုကြောင့် အရပ်အုပ်က ချုပ်ထားသည်ကို မေးစစ် စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငပုတ်ကို ချုပ်ထားသူ မည်သည့်အရပ်အုပ်၊ မည်သူ ဖြစ်သည်ကို ဆင့်ဆိုစစ်ဆေး မေးမြန်းသာအောင် စာပြန်မည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မြင်းခြံတွင် တရုတ်မြို့ဝန် သိမ်းထားသည့် ဝင်းမြေနေအိမ် ပစ္စည်းများသည် အာကာမန္ဒလီပိုင် မှန်လျှင် ပြန်၍ ပေးမည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့[၁]။

နေဇာမိုတင် ထွက်ဆိုချက်။

၅။ ။ တရုတ်မြို့ မြင်းခြံရွာတွင် ယခု သိမ်းထားသည့် ဝင်းမြေနေအိမ် ပစ္စည်းများသည် အာကာမန္ဒလီပိုင် ဖြစ်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့[၂]။

အာကာမန္ဒလီ ထွက်ဆိုချက်။

၆။ ။ တရုတ်မြို့ဝန် သိမ်းထားသော ဝင်းမြေနေအိမ် ပစ္စည်းများသည် ကျွန်တော်ပိုင် မှန်ကြောင်းကို ကျေးရွာ သူကြီးတို့ အသိဖြစ်ကြောင်း။

၁၂၃၅ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၃]။

၇။ ။ သဘော်သူကြီး အာကာမိုဟာမတ်အလီခိုရာစာနီနှင့် ၎င်းကိုယ်စားလှယ် နေဇာမိုတင်တို့ အရပ်ရပ် ကုန်စည် ရောင်းဝယ် စာရင်းအင်းများကို ရှင်းလင်းပြီးလျှင် နောင်ပြောဆိုမရှိ ပြေငြိမ်းကြောင်း ၂ ဦး လက်မှတ်ထိုး စာချုပ်။

---

၁။ ၂၀ ဇန်နဝါရီ ၁၈၇၄ ၂။ ၂၆ ဇန်နဝါရီ ၁၈၇၄ ၃။ ၅ ဩဂုတ် ၁၈၇၃

ရာပြည့်စာအုပ်တိုက်

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့[၁]။

တရုတ်ကုန်သည် ဆရာခို၊ ဆရာရွှဲတို့ အစစ်ခံချက်။

၈။ ။ နေဇာမိုတင်နှင့် ငွမ်းအိတ်မှုကို တွဲဖက်ရုံးက တစ်တန် လွှတ်တော်သို့ စာပေးပို့ရှိ၍ ၎င်းအမိန့်အရ အိမ်ဝင်းပစ္စည်းများကို သိမ်းယူမှ နေဇာမိုတင်ပိုင် မဟုတ်ကြောင်း လျှောက်ချက် မေးချက် ရှိကြောင်း၊ ၎င်းတို့ကိုယ်စားလှယ် ကုန်ဘက်ဖြစ်သည် မသိကြောင်း၊ ယခုပေးအပ်သင့် ငွမ်းဖိုးငွေများမှာ အာကာမန္ဒလီနှင့် မသက်ဆိုင်သင့်ကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့[၂]။

ခန်းပတ်မင်းကြီး၊ ကင်းဝန်မင်းကြီး ၂ ပါး အမိန့် မှတ်သားချက်။

၉။ ။ အာကာမန္ဒလီခိုရာစံနီ၊ ၎င်းကိုယ်စားလှယ် နေဇာမိုတင်တို့နှင့် တရုတ်ကုန်သည်တို့ အမှုစကားမှာ အဆိုပါ ပစ္စည်းအနက် ငွမ်းအိတ်ရေ ၅၀ ကို စစ်မေးမရှင်းလင်းမီ တရုတ်မြို့ဝန်က သိမ်းထား၍ တစ်ခန်းရှင်းစေ၊ ကျန်ဝင်းခြံနေအိမ် ကုန်ပစ္စည်းများကို အာကာမန္ဒလီခိုရာစံနီက ရယူစေ၊ တရုတ်မြို့ဝန်ကို ဆင့်ဆိုရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့[၂]။

နေဇာမိုတင် အစစ်ခံချက်။

၁၀။ ။ တရုတ်ကုန်သည် ငခို၊ ငရွှဲတို့ လဲလျှောက်ရာပါ ငွမ်းအိတ်ရေ ၅၀ မှာ ၎င်းတို့ပိုင် မဟုတ်ကြောင်း။ အာကာမန္ဒလီခိုရာစံနီပိုင် ဖြစ်ကြောင်းကို တွဲဖက်ရုံးတွင် အမျိုးဘာသာ ကျမ်းကျိန်ထွက်ချက် ထင်ရှားနှင့် ဖြစ်ကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့[၂]။

တရုတ်ကုန်သည် ငခို၊ ငရွှဲတို့ အစစ်ခံချက်။

၁၁။ ။ နေဇာမိုတင်ပိုင် သိမ်းရာပါ ပစ္စည်းများအနက် ငွမ်းအိတ်လုံးရေ ၅၀ မှာ ကျွန်တော်ပိုင် ဖြစ်ကြောင်း၊ တံဆိပ်များကိုလည်း ဖျက်သိမ်းရှိကြောင်းများနှင့် တွဲဖက်ရုံးတွင် အမျိုးဘာသာ ကျမ်းကျိန်ဆို ထွက်ချက် ထင်ရှားနှင့် ဖြစ်ကြာင်း။

---

## ၂၃၇ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ နေဇာမိုတင်နှင့် တရုတ်ကုန်သည်တို့ ငွမ်းမှုစကားမှာ တရုတ်ကုန်သည် ဆရာရွှဲ အစစ်ခံတွင် ယခု နေဇာမိုတင်ရုံရှိ ငွမ်းအိတ် မည်သူ့အိတ်ဖြစ်သည် မသိကြောင်း။ ဆရာခို အစစ်ခံတွင် ငွမ်းအိတ်များကို မကြည့်ရ၍ မသိကြောင်း။ နေဇာမိုတင် အစစ်ခံတွင် ၂ နှစ်လောက်က ဝယ်ယူရအိတ် ဖြစ်ကြောင်းများနှင့် အသီးအသီး ထွက်ဆိုရှိကြသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၃]။

အရေးပိုင်သို့ ပေးစာ။

၂။ ။ ငွမ်းအိတ်လုံးရေ ၅၀ ကိုယ်ပိုင် ဖြစ်ကြောင်းကို တရားလို ဆရာခို၊ ဆရာရွှဲတို့နှင့် တရားခံ နေဇာမိုတင်တို့ တွဲဖက်ရုံးတွင် အမျိုးဘာသာ ကျမ်းကျိန်ချက်များနှင့် အရပ်ရပ် မေးချက်ထွက်ချက် အမှတ်အသားများကိုသာ စစ်ဆေးသာအောင် ရေးပို့မည့်အကြောင်း။

---

၁။ ၂၀ ဇန်နဝါရီ ၁၈၇၄ ၂။ ၁၆ ဖေဖော်ဝါရီ ၁၈၇၄ ၃။ ၂၄ ဖေဖော်ဝါရီ ၁၈၇၄

၁၂၃၅ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၃။ ။ အာဇင်နာနာနှင့် ဣဗျုဟင်မျက်မှန် ဆိုသူတို့ ဗန်းမော်မြို့အထက် ကုန်ရောင်းသွားရာ၊ ဣဗျုဟင်မျက်မှန် ဆိုသူသာ အာဇင်နာနာပိုင် ပစ္စည်းများနှင့် ပြန်ရောက်လာ၍ မေးရာ၊ လူဆိုးလက္ခဏာနှင့် ပြောလိုရာ ပြောဆိုရှိကြောင်း လျှောက်ထားရှိ၍ အာဇင်နာနာကို ထောက်လှမ်းမေးမြန်း စာပြန်ပါမည့်အကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၄။ ။ အာဇင်နာနာနှင့် ဣဗျုဟင်မျက်မှန် ဆိုသူတို့ ဗန်းမော်မြို့သို့ လာရောက် ရောင်းဝယ်သည့် အကြောင်း အရာ၊ အာဇင်နာနာ သေ မသေ အကြောင်းအရာများကို ထောက်လှမ်း လျှောက်ထားရမည့်အကြောင်း၊ အာဇင်နာနာ သေသည် မှန်လျှင် သေပုံအကြောင်းနှင့်တကွ ကျန်ပစ္စည်းများကို တင်ပို့လျှောက်ထား ရမည့် အကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင် ပေးစာ။

၅။ ။ အာဇင်နာနာနှင့် ဣဗျုဟင်မျက်မှန် ဆိုသူတို့ အကြောင်းအရာ အရပ်ရပ်ကို ထောက်လှမ်းမေးမြန်း လျှောက် ထားရမည် ဗန်းမော်မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

---

## ၂၃၈ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နောင်းတန်ခူးလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ မတ်လ ၂၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ ဝန်ရှင်တော်မင်းကြီး ပြန်စာတွင် အနောက်ဘက် ကရင်နီနယ်နှင့်စပ်၍ မပြောသင့်သည်ကို ပခန်းမင်းကြီး ပြောဆိုရန် မရှိကြောင်းစကား၊ ၎င်းနယ်မြေ နိုင်ငံတော်အတွင်း အဝင်အပါ ဆိုစကားများကို အင်္ဂလိပ် အစိုးရမင်းတို့က သဘောမတူ အယူမရှိနိုင်ကြောင်း။

၁၂၃၅ ခု၊ နောင်းတန်ခူးလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မဟာမိတ် ဖြစ်ကြသည့်အတိုင်း ကရင်နီနယ်မြေ နိုင်ငံတော်အတွင်း အဝင်အပါ ဖြစ်သည်ကို အင်္ဂလိပ် အစိုးရမင်းတို့က သဘောမတူ မရှိသင့်ကြောင်း။

၁၂၃၅ ခု၊ နောင်းတန်ခူးလဆန်း ၁၃ ရက်နေ့[၂]။

ဗန်းမော်မြို့ဝန်က လွှတ်တော် လျှောက်စာ။

၃။ ။ ဣဗျုဟင်မျက်မှန် ဆိုသူနှင့် အာဇင်နာနာတို့ ရွှေဘွားတော်အောက်သို့ စုန်ဆင်းလိုက်ပါသွားကြကြောင်း။

၁၂၃၅ ခု၊ နောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဣဗျုဟင်မျက်မှန် ဆိုသူနှင့် အာဇင်နာနာတို့ ရွှေဘွားတော်အောက်သို့ စုန်ဆင်းလိုက်ပါသွားကြောင်းနှင့် ဗန်းမော်မြို့ဝန်က လျှောက်ထားရှိကြောင်း။

---

၁။ ၂၅ ဖေဖော်ဝါရီ ၁၈၇၄ ၂။ ၃၀ မတ် ၁၈၇၄ ၃။ ၂ ဧပြီ ၁၈၇၄

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၅။ ။ တရားလို ပစန္နး၊ တရားခံ ကာလီတို့ ငွေ ၉ဝ ကျော်ရရန် အမှုကို နောက်ပြင်ခုံတော်ထံ စွဲဆိုချက် ရှိ မရှိ မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၆။ ။ တရားလို မြိဇာဟာမတ်နှင့် တရားခံ အင်ထောက်သာ ၅ မြို့စစ်ကဲဟောင်း မောင်ရန်နိုင်၊ ငပြားတို့ ငွေမှုတွင် မောင်ရန်နိုင် မလာမရောက် ရှိ၍ ဆင့်ဆိုစေလွှတ်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့။

နောက်ပြင်ခုံတော် မေးချက်။

၇။ ။ တရားလို ပစန္နး၊ တရားခံ ကာလီတို့ ငွေမှု မစွဲမဆိုဖူးသည့် အကြောင်းအရာ၊ မိသုံလင် ကွဲတူနှင့် ကောလီ အပြန်အလှန် ယှက်တင်ရှိသည့် ငွေမှုကိုသာ စွဲဆိုပြိုင်ဆိုသည့်အတွင်း တွဲဖက်ရုံးက စီရင်သည် ဆို၍ ရပ်ဆိုင်းနေရသည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့[၁]။

ကာလီ မေးချက်။

၈။ ။ ကျွန်တော်နှင့် နောက်ပြင်ခုံတော်ထံ ကြေးငွေမှု ပြောဆိုရှင်းလင်းသူ ကွဲတူသည်ပင် အရေးပိုင်မင်းပေးစာ ပါ ပစန္နး ဆိုသူ ဖြစ်သည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ တရားလို ပစန္နး၊ တရားခံ ကာလီတို့ အမှုကို နောက်ပြင်ခုံတော်ကို မေးရာ၊ ၎င်းတို့ မစွဲဆိုဖူးကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ ကာလီကို မေးရာ ကွဲတူသည်ပင် ပစန္နး ဖြစ်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အင်ထောက်သာ ၅ မြို့ စစ်ကဲဟောင်း မောင်ရန်နိုင်ကို ဆိုင်ရာသို့ ဆင့်ဆိုတောင်းခေါ်ဆဲရှိကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၁။ ။ တရားခံ အင်္ဂလိပ် ကျွန်တော်မျိုး ငမဲတူကို တရားလို ညီမြောင်က ငွေမှုနှင့် လျှောက်ထားလိုလျှင် တွဲဖက်ရုံးမှာသာ လျှောက်ထားသင့်ကြောင်း၊ ငမဲတူ မယား မိဘူးကို ခုံတော်က မည်သည့်အတွက် ချုပ်ထားသည်ကို မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့။

တောင်ပြင်ခုံတော် မေးချက်။

၁၂။ ။ ငမဲတူကို အကြိမ်ကြိမ်ခေါ်ရာ အင်္ဂလိပ်စာရင်းချ ဖြစ်သည် မပြောမဆို ကပ်ခိုရှိ၍ မယား မိဘူးကို ခေါ်ငင် ချုပ်ထားကြောင်း၊ ၎င်းအမှုလည်း ယခုနေ့ စီရင်ချက်ကို ၂ ဦး သဘောတူ လက်ဖက်စား ဖြတ်စာထင်ရှား နှင့် ဖြစ်ကြောင်း။

---

[၁] ၆ ဧပြီ ၁၈၇၄

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[၁]။

လုလင် ငမြတ်အေး မေးချက်။

၁၃။ ။ ငမဲတူကို အကြိမ်ကြိမ် ခေါ်ငင်ရာ အင်္ဂလိပ်စာရင်းချ ဖြစ်သည် မပြောမဆိုကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့။

ငမဲတူတို့ ငွေမှု လက်ဖက်စား ဖြတ်စာ။

၁၄။ ။ စွဲရင်းငွေ ၅၅ အနက် တစ်ဝက်ငွေကို ငမဲတူက ညီမြောင်သို့ ပေးစေ၍ တရားကို ငမဲတူက ခံစေရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ငမဲတူကို လျှောက်ထားစွဲဆိုရှိ၍ ခေါ်ငင်ရာ အင်္ဂလိပ်စာရင်းချ ဖြစ်သည် မပြောမဆို ကပ်ခိုရှိ၍ မယားမိဘူးကို ချုပ်ထားကြောင်း၊ ၎င်းအမှုလည်း စီရင်ပြီးပြတ်ကြောင်းများနှင့် ခုံတော်က ထွက်ဆိုရှိကြောင်း၊ နှောင် လွှတ်ရုံးတော်များက ဆင့်ဆိုသာအောင် အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချလူတို့ စာရင်းကို အသေအချာ ရေးပို့မည့် အကြောင်း။

---

## ၂၃၉ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[၂]။

၁၈၇၄ ခု၊ မတ်လ ၅ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ မော်လမြိုင်မြို့နေ သစ်ကုန်သည် သောတုတ်ကို ခေန်းမိုး ဆိုသူက ငွေရရန်ရှိသည် မဟုတ်မမှန်စွဲဆို၊ အချုပ်ခံနေရကြောင်း လျှောက်ထားရှိ၍ မေးမြန်းစာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[၁]။

တရားစာရေး နေမျိုးသခ်ယာ မေးချက်။

၂။ ။ မိုင်းစိတ်စော်ဘွားရိုး ဟဲလုံမြို့စားက သောတုတ်တွင် ငွေရရန်ရှိကြောင်း လျှောက်ချက်အရ ခေါ်ငင်လာရောက်ရာ၊ ခံဝန်သူ မပေးနိုင်၍ ချုပ်ထားကြောင်း။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့[၃]။

ဟဲလုံမြို့စား လျှောက်ချက်။

၃။ ။ မော်လမြိုင်မြို့နေ သောတုတ်တွင် ရရန် သစ်ဖိုးငွေ ၅၈၀၀၀ ကို တောင်းခံ ကယ်မပါမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့။

ဟဲလုံမြို့စား မေးချက်။

၄။ ။ သောတုတ် ဆိုသူ သစ်ဖိုးငွေများကို မပေး လိမ်လည်သူ ဖြစ်ကြောင်း။ ၎င်းလည်း မော်လမြိုင်မြို့ဇာတိ မဟုတ်၊ နိုင်ငံတော် စလင်းမြို့ မုန်းရွာဇာတိ ဖြစ်ကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ သောတုတ်တို့အမှုမှာ ၁၂၂၃ ခုနှစ်က ဖြစ်ပျက်ရင်း ဖြစ်သည် တစ်ကြောင်း၊ သောတုတ်လည်း နိုင်ငံတော်သား ဖြစ်သည် တစ်ကြောင်းများကြောင့် တရားရုံးတော်သို့ မည်သို့ ထူးထွေဆင့်ဆိုရန် မရှိကြောင်း။

၁။ ၁၀ ဧပြီ ၁၈၇၄ ၂။ ၁၂၃၅ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက် ဖြစ်မည်။ ၃။ ၁၁ ဇန်နဝါရီ ၁၈၇၄

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၁]။
အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း အလိုရှိသည့် အနောက်ကရင်နီ ခွံတီး၊ ခွံရှားတို့က သံတော်ဦးတင်စာကို အမိန့်တော်အရ ပေးပို့ကြောင်း။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၂]။
အနောက်ကရင်နီ ခွံရှား၊ ခွံတီးတို့က သံတော်ဦးတင်စာ။

၇။ ။ အရှေ့ဘက် ကရင်နီနယ်တွင် အထိန်းအအုပ်ထားသည့်နည်း၊ ကျွန်တော်မျိုးတို့နယ်တွင် ထားတော်မူပါမည့် အကြောင်းအရာ။

၂၄၀ မှတ် ပုရပိုက်ထွက်မှာ ၁၂၃၅ ခု၊ နယုန်လဆန်း ၂ ရက်နေ့၊ အင်္ဂလိပ်မင်း သံတော် အရေးပိုင် ကာရနယ်ပြောင်းနှင့် မေဇာမဏ္ဍလေမဟန်တို့ ရွှေတော်သို့ ဝင်ရောက်ရာ မေးတော်မူချက်များ။ သံတော်တို့က ဆက်သသည့် ရာဇသံ။ လက်ဆောင်တော် အထည်အလိပ်စာရင်းနှင့် ၎င်းတို့သို့ အထိုက်အလျောက် သနားတော်မူသည့် အကွင်းအခြည် အထည်အလိပ် စာရင်းများ။

၂၄၀-က မှတ် ပုရပိုက်ထွက်မှာ အင်္ဂလိပ်မင်းသံ၊ ပြင်သစ်မင်းသံတို့နှင့် ဤယံနိုင်ငံ ပါရှာမင်းက စေလွှတ်သူ ကောင်စစ်တို့ကို မေးတော်မူချက်၊ သံတို့က တင်လျှောက်ချက်များ။

---

**၁၂၃၅ ခုနှစ်၊ ၃၆ ခုနှစ်များက ၄၁ ခုနှစ်က ကြေးနန်းကြိုး အကြောင်းအရာနှင့် ပေးစာ ပြန်စာ။**

**၂၄၁ မှတ် ပုရပိုက်ထွက်။**

၁၂၃၅ ခု၊ ဝါဆိုလဆန်း ၂ ရက်နေ့။
၁၈၇၃ ခု၊ ဇွန်လ ၂၇ ရက်နေ့[၃]။
အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ ကြေးနန်းဆရာကြီးများမှာ ပထမဆရာ တစ်လ ၁၀၀ဝိ၊ ဒုတိယဆရာ တစ်လ ၅၀ဝိ နှင့် ရနိုင်၍ မည်သည့် ဆရာကို လိုသည် စာပြန်ပါမည့်အကြောင်း။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။
ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒုတိယ ကြေးနန်းဆရာကို အလိုရှိသည်ဖြစ်၍ စာပေး မှာထား ခေါ်ယူမည့်အကြောင်း။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။
၁၈၇၃ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့။
အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၃။ ။ ကြေးနန်းဆရာ လခ ၅၀ဝိ ကို အင်္ဂလိပ်မင်းများ ပေးမြဲကဲ့သို့ လစဉ် အလျော့မရှိ ပေးရလိမ့်မည့်အကြောင်း။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။
အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကြေးနန်းဆရာကို ရွှေဘွားတော်အောက်ရှိ နိုင်ငံခြား စက်ဆရာကြီးတို့နည်း တစ်လ ၅၀ဝိ ကျ ပေးကမ်း ထမ်းရွက်စေမည့် အကြောင်း။

---

၁။ ၂၂ မေ ၁၈၇၃ ၂။ ၃၀ ဒီဇင်ဘာ ၁၈၇၃ ၃။ ၂၆ ဇွန် ၁၈၇၃ ဖြစ်မည်။

၁၂၃၄ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၃ ခု၊ မတ်လ ၁၇ ရက်နေ့။

အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။

၅။ ။ အင်္ဂလိပ် စကားပြော ကြေးနန်းကြိုး၊ မြန်မာ စကားပြော ကြေးနန်းကြိုးမှာ အရှည်မည်မျှစီ၊ ၎င်းကိရိယာ စုံရေမှာ မည်မျှစီ အလိုရှိသည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့။

ပခန်းမင်းကြီးက အရေးပိုင်သို့ ပေးစာ။

၆။ ။ မြန်မာစကားပြော ကြေးနန်းကိရိယာစုံမှာ ၁၂၊ ကြေးနန်းကြိုးရှည်မှာ မြန်မာတာ ၁၀၀၀၀၀ အလိုရှိကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ကြေးနန်းကိရိယာ ၁၆ ကို စေလွှတ်ယူလာစေမည့် အကြောင်း။

၁၂၃၅ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကြေးနန်းကိရိယာများကို ယူစေရာ ၁၆ မရ၊ လက်နှိပ်ခုံ ၆ သာ ရရှိကြောင်းနှင့် ကြေးနန်းရုံ အကြီးအကြပ် တို့က ပြသလျှောက်ထား ရှိကြောင်း။

၁၂၃၅ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကျန်ကြေးနန်းကိရိယာများကို အမြန်ပို့ရောက်အောင် ထပ်မံ မှာထားပါမည့်အကြောင်း၊ ကြေးနန်းကိရိယာ ရောက် ကျန်စာရင်းများကို ပို့လိုက်ကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့[၂]။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၀။ ။ မြင်းခြံ၊ မန္တလေး တတ်ရုံတော်များကဲ့သို့ အခြား တတ်ရုံတော်များက အင်္ဂလိပ်ကြေးနန်းနှင့် ဆက်လက် ရိုက်ကြားနိုင်ခွင့် ရှိသည် မရှိသည်၊ ရှိလျှင် မည်သည့်တတ်ရုံများ ဖြစ်သည် စာပြန်ပါမည့်အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မန္တလေးနှင့် မြင်းခြံ တတ်ရုံပြင် အခြား တတ်ရုံတော်များမှာ အင်္ဂလိပ်ကြေးနန်းနှင့် ဆက်လက်ရိုက်ကြား ခွင့် ရှိသော်လည်း ကိရိယာ မစုံလင်သေး၍ မရိုက်မကြားနိုင်သေး ရှိကြောင်း၊ မြို့တော်က ဒဂုံမော်ရောက် တတ်ရုံတော် (ဂ) စာရင်းကို ပို့လိုက်ကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ဝါဆိုလက တန်ခူးလထိ မြန်မာကြေးနန်းရုံသို့ အင်္ဂလိပ်ကြေးနန်းရုံက ပေးအမ်းသင့် ကြေးနန်းခငွေ ၉၄၅ိ–၉။ကို တောင်းခံပေးပို့မည့်အကြောင်း၊ နောင် ၇ ရက်တစ်ကြိမ် ခုနှိမ်ပေးအမ်း ရှင်းလင်းစေအောင် မှာထားမည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ အရေးပိုင်မင်းက ပို့ရောက်သည့် ကြေးနန်းခ အမ်းငွေစာရင်းမှာ မမှန်မကန်၊ ၉ လတွက်သာ ဖြစ်၍ သင့်ရာမေးမြန်း စာပြန်ကြားမည့် အကြောင်း။

---

၁။ ၁၆ ဇန်နဝါရီ ၁၈၇၄ ၂။ ၁၂၃၅ ခု၊ တပို့တွဲလဆန်း ၁၃ ရက် ဖြစ်မည်။ ၃။ ၂၀ ဧပြီ ၁၈၇၄

## ၂၄၂ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မင်းလှမြို့သို့ ကြေးနန်း ရိုက်ကြားနိုင်သည်၊ မရိုက်ကြားနိုင်သည်များကို စာပြန်ပါမည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရွှေမြို့တော်က ဖြစ်စေ၊ ဒဂုံမော်က ဖြစ်စေ မင်းလှသို့ ကြေးနန်းရိုက်ကြားလိုလျှင် တိုင်ပြောက် ဓာတ်ရုံးတော်က လက်ခံ ရိုက်ကြားနိုင်ပါသည် ကြေးနန်းရုံ အကြီးအကြပ်တို့ ထွက်ဆိုရှိကြောင်း။

[အမှတ် ၃ က ၁၀ ထိမှာ အင်္ဂလိပ် ကြေးနန်းရုံက မြန်မာ ကြေးနန်းရုံသို့ အရပ်ရပ် ပေးအမ်းသင့် ကြေးနန်းခငွေများကို ပို့ကြောင်းနှင့် အရေးပိုင်က ပေးစာများ၊ ၎င်းစာများရ ပို့ရောက်သည့်ငွေများ ရကြောင်းနှင့် မြန်မာဝန်ရှင်တော်မင်းကြီးက ပြန်စာများ။]

၁၂၃၆ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ မှာထားသည့် ကြေးနန်းကိရိယာများအနက် အမည် မရှင်းမလင်း ရှိသည်များကို ရှင်းလင်းအောင် ရေးသားပေးပို့မည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အမည် မရှင်းမလင်းသည့် ကြေးနန်းကြိုး ကိရိယာများကို ရှင်းလင်းကွဲပြားအောင် ရေးသားပေးပို့ လာစေကြောင်း။

[၁၃ က ၁၆ ထိမှာ (၃ က ၁၀ ထိ) ပါ အကြောင်းအရာမျိုး။]

---

## ၂၄၃ မှတ် ပုရပိုက်ထွက်။

[အမှတ် ၁ က ၁၂ ထိနှင့် အမှတ် ၁၇ မှာ အင်္ဂလိပ် ကြေးနန်းရုံက မြန်မာ ကြေးနန်းရုံသို့ ပေးအမ်းသင့် ကြေးနန်းခငွေများကို ပေးပို့ကြောင်းနှင့် အရေးပိုင်က ပေးစာများ၊ ၎င်းစာများအရ ပို့ရောက်သည့် ငွေများကို ရကြောင်းနှင့် မြန်မာဝန်ရှင်တော်မင်းကြီးက ပြန်စာများ။]

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၃။ ။ ရန်ကုန်မြို့က မန္တလေးသို့ ကြေးနန်း မရိုက်မကြားရ၊ ရပ်ဆိုင်းနေရသည့် အကြောင်းအရာကို မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ကြေးနန်း အရာရှိများကို မေးမြန်းဆင့်ဆိုသာအောင် ရန်ကုန်မြို့က မန္တလေးသို့ ကြေးနန်း မရိုက်မကြားရ ရပ်ဆိုင်းရသူ အမည်ကို မေးမြန်း စာပြန်မည့်အကြောင်း။

---

၁။ ၂ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၂၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၅။ ။ ကြေးနန်း ရုံတော်များတွင် မရိုက်မကြားရ ရပ်ဆိုင်းရှိသည့် အကြောင်းအရာကို မေးမြန်းစာပြန်ပါမည့် အကြောင်း။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ကရင်ချောင်းတွင်းရှိ ကြေးနန်းတိုင်များ ပျက်စီးရှိ၍ ၈ ရက်၊ ၉ ရက် ရပ်ဆိုင်းရကြောင်းနှင့် ကြေးနန်း အရာရှိတို့က ထွက်ဆိုလျှောက်ထား ရှိကြောင်း။

**၂၄၃–က မှတ် ပုရပိုက်ထွက်မှာ** အင်္ဂလိပ်ကြေးနန်းရုံနှင့် မြန်မာကြေးနန်းရုံ အပြန်အလှန် ပေးအမ်းသင့် ကြေးနန်းခငွေများ ပေးအမ်းပို့ရောက် ရယူကြောင်း အရေးပိုင်နှင့် ကင်းဝန်မင်းကြီး ပေးစာ ပြန်စာများ။ မြန်မာအစိုးရတို့ထံ အင်္ဂလိပ် အစိုးရတို့က ကြေးနန်းကြိုးများ သုံးနှင့်ရန် ငှားရမ်းလိုကြောင်း တင်လျှာ၊ ငှားရမ်းစေ အမိန့်တော်၊ အမိန့်တော်အရ အရေးပိုင်သို့ ပေးစာများ။

**၂၄၄ မှတ် ပုရပိုက်ထွက်မှာ** ကုန်အကောက်အခံ အကြောင်းနှင့် အရေးပိုင်ကြီးက မြို့တော်ရှိ အရေးပိုင်ထံ စာပေး မပေးကို ထောက်လှမ်းရမည့် အကြောင်း။ နိုင်ငံတော်တွင် ကုန်ရောင်းကုန်ဝယ် အကောက်အခံနှင့် စပ်လျဉ်း၍ နစ်နာမရှိအောင် ထုတ်ပြန်တော်မူသည့် အမိန့်တော်၊ ဥပဒေတော် အရပ်ရပ်ကို အရေးပိုင်ကြီး နှင့် အခြား ပြောသင့်ရာ ကုန်သည်ကြီးတို့ သိနားလည်အောင် နေရာကျ ပြောဆို၍ ၎င်းတို့က ပြန်ပြောချက် အရပ်ရပ်ကို မှတ်သား လျှောက်ထားရမည့် အကြောင်းနှင့် ၁၂၃၅ ခု နတ်တော်လပြည့်ကျော် ၅ ရက်နေ့၊ စာရေးကြီး မင်းလှဇေယသူသို့ ပေးမှာစာ။

---

## ၂၄၅ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁။ ။ ဆန်တော်လှူရန် တစ်နှစ်သင့် စပါး တစ်သန်းကို ဝယ်ယူဆက်သရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့[၃]။

အမိန့်တော်။

၂။ ။ သာရကျစ်မာနွတ်က အခြားသူတို့ထံ ပေါင်နှံသည့် ရန်ကုန်မြို့ရှိ အိမ်ဝင်းဥယျာဉ် လယ်ယာမြေများကို ငွေတော်နှင့် ရွေးနုတ် အစုအခွန်များကို သာရကျစ်မာနွတ်သို့ သူဌေး မဟာသီရိဘောဂသာရက ပေးအပ် သနားတော်မြတ် ခံစေရမည့် အကြောင်းအရာ။

၁၂၃၅ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့။

၃။ ။ (၂) ပါ အမိန့်တော်အရ လွှတ်တော်က သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့[၄]။

သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၄။ ။ သီဟိုဠ်ကျွန်း ရဟန်းတော်များ လှူရန် ငွေတော် ၃၀၀၀ဝိ၊ အိန္ဒိယနိုင်ငံတွင် အစားအစာ ရှားပါးသူတို့ သနားတော်မူရန် ငွေ ၇၀၀၀ဝိ၊ ၂ စုငွေ ၁၀၀၀၀ဝိ ကို အခွန်ဝန်ဟောင်း မူလာအီဗျာဟင်ထံ တောင်းယူ၊ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးပို့၍ မည်သို့ ပြောဆိုသည်များကို မှတ်သား လျှောက်ထားရမည့်အကြောင်း။

---

၁။ ၁၉ ဇန်နဝါရီ ၁၈၇၄ ၂။ ၁၅ ဒီဇင်ဘာ ၁၈၇၃ ၃။ ၂၀ မတ် ၁၈၇၄ ၄။ ၁၆ ဇွန် ၁၈၇၄

၂၄၆ မှတ် ပုရပိုက်ထွက်မှာ ၁၂၃၅ ခုနှစ်၊ ကင်းဝန်မင်းကြီး အနောက်နိုင်ငံများသို့ သွားရောက်ရာ လန်ဒန်မြို့ အရပ်ရပ် အင်္ဂလိပ် အရာရှိ၊ မှူးမတ် ကုန်သည်ကြီးတို့က ကင်းဝန်မင်းကြီးသို့ ပေးစာ၊ ကင်းဝန်မင်းကြီးက ပြန်စာ၊ ၎င်းစာများ ရေးသားသည့် စက္ကူ စာလုံးအခြယ်အလှယ်များနှင့်တကွ သက္ကရာဇ် နေ့စွဲပါ အတိုကောက်မှတ်ပုံ။ ကင်းဝန်မင်းကြီးသို့ ပေးအပ်ရင်း ရာဇသံစာ၊ ပေးစာများအနက် ပြန်ပါလာသည့် ရာဇသံစာ၊ ပေးစာစုစု ၁၄၊ ၎င်းစာများ ရေးသားသည့် စက္ကူ စာလုံး အခြယ်အလှယ်နှင့်တကွ သက္ကရာဇ် နေ့စွဲပါ အတိုကောက် မှတ်ပုံများနှင့် ၎င်းပုရပိုက်ကို ကောင်းမွန်စွာ သိမ်းရမည် ဝန်ရှင်တော်မင်းကြီးများ အမိန့်မှတ်ချက်များ သက်သက် ရှိ။

---

၂၄၆–က မှတ် ပုရပိုက်ထွက်။
၁၂၃၆ ခုနှစ် တော်သလင်းလက ၃၈ ခုနှစ်၊ ကဆုန်လထိ
တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြောင်းအရာ။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရုတ်ပြည်သို့ သံတမန် စေလွှတ်လိုပါ၍ နိုင်ငံတော် ရှမ်းပြည် မည်သည့်လမ်းက သွားလာရလျှင် သင့်မည်ကို စာပြန်ပါမည့်အကြောင်း၊ လမ်းခရီး နေရာကျလျှင် ရှမ်းပြည် အစိုးရတို့က ကူညီအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရုတ်ပြည်သို့ စေလွှတ်မည့် အင်္ဂလိပ်သံတို့ကို တရုတ်ပြည်သို့ မြန်မာသံတော်တို့ စေလွှတ်သွားလာမြဲ သိန္နီလမ်း၊ ဗန်းမော်လမ်း ၂ ရပ်အနက် ဗန်းမော်လမ်းက သွားလာစေလျှင် သင့်မည့်အကြောင်း။ သိန္နီလမ်းက သွားလာစေလိုလျှင် တောအားတောင်အား ကိုးကားဆိုးသွမ်းသူ ငဆန်ဟဲ ဖမ်းဆီးရမိ ငြိမ်ဝပ်မှ စာပြန်မည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို ဗန်းမော်မြို့လမ်းက သွားစေမည် အရေးပိုင်ကြီး အမိန့်စာရောက်၍ ဗန်းမော်မြို့ အရာရှိတို့ကို စောင်မကူညီ ထောက်ပံ့အောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို မဟာမိတ်လက္ခဏာနှင့်အညီ ကူညီထောက်ပံ့ရမည်၊ ဗန်းမော်မြို့ အရာရှိတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၂]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၅။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို စောင်မကြည့်ရှု၊ နိုင်ငံတော် နယ်ကုန်ရောက် သင့်ရာအရာရှိ ကြပ်မတ် လိုက်ပို့စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၄ အောက်တိုဘာ ၁၈၇၄ ၂။ ၁၁ နိုဝင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၆။ ။ ဗန်းမော်မြို့ရှိ ဒုတိယအရေးပိုင်က တရုတ်ပြည်သွား သံတို့အတွက် ငှားရမ်းရန်များရှိလျှင် ဗန်းမော်မြို့ အရာရှိတို့က ကူညီအောင် ဆင့်ဆိုပါလျှင် အထူး ကျေးဇူးတင်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဗန်းမော်မြို့ရှိ ဒုတိယ အရေးပိုင်ကို ကူညီရန် ဗန်းမော်မြို့ဝန်သို့ မှာထားရှိကြောင်း၊ ၎င်းလွှတ်တော်မှာစာကိုလည်း အင်္ဂလိပ်သံတို့ကို ပေးအပ်လိုက်ရန် ပေးပို့မည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[1]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ ဗန်းမော်မြို့ရှိ အရေးပိုင်ကို သံတို့အတွက် အလိုရှိရာ ဝယ်ခြမ်းငှားရမ်း ရရှိပြည့်စုံအောင် ဆင့်ဆိုကူညီ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ အစောင့်အရံ လက်နက်ကိုင်လူ ၃၀ ခန့် ပါမည့်အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ သံတော်တို့ လက်နက်ကိုင်လူနှင့် သွားမြဲ မဟုတ်သည် တစ်ကြောင်း၊ ပြည်သူတို့ ထင်ယောင်ထင်မှား ရှိမည် တစ်ကြောင်း၊ သလေဒင် သွားစဉ် လမ်းခရီး မငြိမ်မသက် ရှိသည်ကိုမှ လက်နက်ကို မခေါ်မယူရသည် တစ်ကြောင်းများကြောင့် တရုတ်ပြည်သွား သံတို့မှာ လက်နက်ကိုင်လူ အခေါ်အယူ မရှိမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

မလွန် မြေထဲ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၁။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ ဆိုက်ရောက်လျှင် လူလက်နက် အဆောင်အယူ မရှိစေရမည့် အကြောင်းကို ချေင်သာယာ ပြောဆို၍၊ လိုက်ပို့စေလိုလျှင် သင့်ရာအရာရှိကို လူလက်နက် ပေးအပ်လိုက်ပို့စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲကလျှောက် ကြေးနန်းစာ။

၁၂။ ။ အင်္ဂလိပ်သံတို့ ဆိုက်ရောက်ရှိလျှင် လက်နက်ကိုင်လူ မပါစေရ၊ ချေင်သာယာ ပြောဆို၍၊ လိုက်ပို့စေလိုလျှင် သင့်ရာ အရာရှိကို ကြီးကြပ်လိုက်ပို့ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့[3]။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၃။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ အစောင့်အရံ လက်နက်ကိုင် ၁၅ ပါလာ၍၊ ခင်ယင်နိုင်လျှင် ယခုနေ့စာပြန်ပါမည့် အကြောင်း။

---

၁။ ၁၇ နိုဝင်ဘာ ၁၈၇၄ ၂။ ၉ ဒီဇင်ဘာ ၁၈၇၄ ၃။ ၁၀ ဒီဇင်ဘာ ၁၈၇၄ ဖြစ်မည်။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ တရုတ်ပြည်သွား သံတို့ကို မင်းလှကင်းတော်က လူ လက်နက်နှင့် လိုက်ပို့စေလိုလျှင် လိုက်ပို့ရန် ဆိုင်ရာသို့ ဆင့်ဆိုပြီး ဖြစ်ကြောင်း၊ သံတို့မှာ လူလက်နက် အဆောင်အယူ မရှိ၊ နိုင်ငံထုံးစံ ရှိရာသာ ဆန်တက်မည့်အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့။

၁၅။ ။ အင်္ဂလိပ်သံတို့တွင် ပါသည့် အစောင့်အရံ လက်နက် ၁၅ ကို မဟာမိတ် ဖြစ်သည်နှင့်အညီ မလွန် မြေထဲ သရက် ၃ မြို့ဝန်က တားဆီးမရှိရအောင် ကြေးနန်းနှင့် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ထိုင်းနိုင်ငံ ဆိုသည့်အရာ နိုင်ငံထုံးစံ စည်းကမ်းဥပဒေအတိုင်း စောင့်ရှောက်ထိန်းသိမ်းမှ ပြည်သူတို့ စိတ်နှလုံးချမ်းသာရန်ရှိ၍ အင်္ဂလိပ်သံတို့ နိုင်ငံတော်အတွင်း လူ လက်နက်နှင့် ဝင်ထွက်သွားလာရန် ၃ မြို့ဝန်သို့ ဆင့်ဆိုခွင့် မရှိကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၇။ ။ အထက် သလေဒင် သွားစဉ် လူလက်နက် ၅၀ ပါရပါ၍၊ ယခု အင်္ဂလိပ်သံတို့လည်း အစောင့်အရံ လက်နက် ကိုင် ၁၅ နှင့် သွားလာခွင့်ရလိမ့်မည် မျှော်လင့်ကြောင်းနှင့် ရန်ကုန် အရေးပိုင်ကြီးက စာရောက်ကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ လူလက်နက် အဆောင်အယူ မရှိစေမည့်အကြောင်း။ အထက် သလေဒင် သွားစဉ် မြန်မာအစိုးရတို့ မသိအောင် လက်နက်များ လျှို့ဝှက်ယူသည် မယူသည်ကို မသိကြောင်း။ အလိုရှိလျှင် နိုင်ငံတော်နယ်ကုန် လူလက်နက်နှင့် လိုက်ပို့မည့်အကြောင်း။ တရုတ်နိုင်ငံ လမ်းခရီးတွင် စိုးရိမ်ရန်ရှိလျှင် တရုတ်အစိုးရတို့ ကြိုယူအောင်သာ စာပေးမှာထားသင့်ကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ၁၂၃၆ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့ ပေးစာကို ပြင်ဆင်ရေးပေးလို၍ ပြန်ပေးလိုက်မည့်အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ အထက်ပေးပို့ပြီးစာကို ပြန်ပေးရန် မရှိ၊ စာပါ အဓိပ္ပာယ်ကို ပြင်ဆင်ပေးလိုလျှင်သာ အထက်စကားကို ဖျက်၍ ထပ်မံရေးပို့မည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ပြင်သစ်သွား မြန်မာသံတော်တို့အကြောင်းနှင့် ၃၅ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့ အရေးပိုင်မင်းက ပေးပြီးစာကို ပြင်ဆင်ရေးသားရန် ပြန်တောင်းရာ၊ အရေးပိုင်မင်း အလိုအတိုင်း ပြန်ပေးသကဲ့သို့ အထက် ပေးရင်းစာကို ပြန်ပေးလိုက်မည့် အကြောင်း။

---

[၁] ၁၁ ဒီဇင်ဘာ ၁၈၇၄

၂၄၆–ခ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

ဘင်္ဂလားမြို့သွား ဝန်ထောက်က ကင်းဝန်မင်းကြီးထံလျှောက် ကြေးနန်းစာ။

မြန်မာပြန်ချက်။

၁။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို သေနတ် ၁၅ ဆောင်ယူခွင့်မရလျှင် ပြန်ခေါ်မည် အကြံအစည်ရှိကြောင်း။ (ဤအမှုကြောင့်) မြန်မာသံတော်တို့ကို မပြုမစုနိုင်ရှိသည်ကို နမြောကြောင်း။ သလေဒင် သွားစဉ် တရုတ်နယ်စပ်မြို့ရွာ မငြိမ်မသက်၍ လက်နက်ယူခွင့်မပြု၊ ငြိမ်သက်လျှင် ခွင့်ပြုမည် ကတိအတိုင်း ခွင့်ရအောင် ကင်းဝန်မင်းကြီးထံ လျှောက်ထားမည့် အကြောင်းများနှင့် အရေးပိုင်ကြီး အီဒင် မကြည်မလင် ပြောဆိုရှိပါ၍ ကြေးနန်းပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ သေနတ် ၁၅ အဆောင်အယူနှင့် စပ်၍ ဝန်ရှင်တော်မင်းကြီး ပေးစာကို ပြင်ဆင်ရန် ပြန်တောင်းယူသည့်နောက် မကြားမသိရကြောင်း။ သံတို့လည်း နိုင်ငံတော်အတွင်း ရောက်တော့မည် ဖြစ်၍ အလျင်အမြန် စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြောင်းအရာနှင့် အထက်က အရေးပိုင်မင်းထံ ပေးပို့ပြီး ၃၆ ခု၊ နတ်တော်လဆန်း ၅ ရက် နေ့စွဲပါစာ၊ ၁ ရက် နေ့စွဲပါ စာများကို နေရာကျ ပြင်ဆင်ရေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို တရုတ်နယ်စပ်ရောက် လူ လက်နက်နှင့် လိုက်ပို့စေမည် အရေးပိုင်မင်းထံ စာပေးပြီးဖြစ်၍ သေနတ်လက်နက် ၁၅ ဆောင်ယူခွင့် မရှိကြောင်း၊ သံတော်တို့ စိုးရိမ်ရန်ရှိလျှင် တရုတ် အစိုးရတို့က နိုင်ငံတော်နယ်စပ်ရောက် ကြိုယူအောင်သာ မှာထားသင့်ကြောင်း။ (၂၄၆–က မှတ် ပုရပိုက်ထွက် ၁၈ မှတ်စာအစား ပြင်ဆင်ရေးပေးစာ။)

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ သံတော်အရာရှိတို့ လက်နက်ကိုင်နှင့် သွားလာမြဲထုံးစံ မရှိသည် တစ်ကြောင်း၊ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ လူလက်နက်ပါလျှင် ပြည်သူတို့ တွေးထင်မကင်း ရှိမည် တစ်ကြောင်း၊ အထက် သလေဒင် သွားစဉ်ကကဲ့သို့ မဟုတ်၊ ယခု လမ်းခရီး သာယာရှိသည် တစ်ကြောင်းများကြောင့် နိုင်ငံတော်အတွင်း လက်နက်ကိုင် လူအခေါ်အယူ မရှိမည့်အကြောင်း။ (၂၄၆–က မှတ် ပုရပိုက်ကို ၁၀ မှတ်စာအစား ပြင်ဆင်ရေးပေးစာ။)

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၆။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ သေနတ်လက်နက် ၁၅ ဆောင်ယူစေ အမိန့်တော်ကို သံတော်တို့ထံ ပေးရန် ပေးပို့ပါမည့် အကြောင်း၊ ၎င်းစာလက်ခံကိုလည်း ပေးပို့ပါမည့် အကြောင်း။

၁။ ၁၃ ဒီဇင်ဘာ ၁၈၇၄ ၂။ ၉ ဒီဇင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

၆ မှတ်ပါ အရေးပိုင်က ပေးစာအရ ၎င်းသို့ ပြန်ပေးစာ။

၇။ ။ အင်္ဂလိပ်သံတို့ လက်နက်ဆောင်ယူခွင့် အမိန့်တော်အရ ဗန်းမော်မြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုသည့် မှာစာ၊ အင်္ဂလိပ်သံတို့ ပေးလိုက်ရန် အင်္ဂလိပ်သံတို့ စောင်မကြည့်ရှုရမည် ၎င်းတို့သို့ ထပ်မံဆင့်ဆိုစာများကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ သေနတ် ၁၅ ပြင် အပိုအပွား မပါစေရ စစ်ဆေး၍၊ ၎င်းသေနတ်များကို နိုင်ငံတော်ပြင်ကျမှ စွဲကိုင်ဆောင်ယူစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို ကောင်းမွန်စွာ ကြိုယူလက်ခံ၍ နိုင်ငံတော် နယ်ကုန်ရောက် သင့်ရာ ရုံးအရာရှိကို လူလက်နက် ပေးအပ်လိုက်ပို့စေ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲ မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၀။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ မင်းလှကင်းသို့ ဆိုက်ရောက်လျှင် ဆောင်ယူခဲ့သည့် သေနတ် ၁၅ ကို တားဆီးမရှိ၊ မထင်မရှား ဆောင်ယူဆန်တက်စေရမည့် အကြောင်း၊ ပိုမိုပါရှိလျှင် သိမ်းထား၍ လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့[၁]။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၁။ ။ အမိန့်တော်မြတ်နှင့် တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ သေနတ်လက်နက် ဆောင်ယူခွင့်ပြုသည်ကို အရေးပိုင်ကြီးက ဝမ်းမြောက်ကြောင်း။ ၎င်း သေနတ် ၁၅ ကို ခြုံမာအစိုးရတို့ အလိုအတိုင်း မထင်မရှား ဆောင်ယူစေပါမည် ဖြစ်၍ ကင်းတော်များက တားဆီးမရှိရန် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့တွင် ပါသည့် သေနတ် ၁၅ ကို တားဆီးမရှိစေရ၊ မထင်မရှား ဆောင်ယူဆန်တက်စေရမည်၊ အောက်မြစ်စဉ် မြို့ရွာအရာရှိတို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၃။ ။ အထက် သံတော်ဦးတင်လွှာ နေရာမကျ၍ ပြင်ဆင်ရေးသား ဆက်သပါကြောင်း၊ တရုတ်ပြည်သွား သံတော်တို့မှာ ဗန်းမော်မြို့ကစ၍ တရုတ်ပြည်ရောက် သေနတ် ၁၅ ကို အထင်အရှား စွဲကိုင်ဆောင်ယူရမည် ဖြစ်၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၄။ ။ သံတော်တို့မှာ တရုတ်နယ်ရောက်မှ သေနတ်လက်နက် ကိုင်ဆောင်စေမည် စာကို မလိုမရှိ၊ ဗန်းမော်မြို့က စ၍ တရုတ်ပြည်တိုင် လက်နက်ကိုင်ဆောင်စေရမည် စာကိုသာ အလိုရှိကြောင်း။

၁။ ၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၁ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ တရုတ်ပြည်သွား သံတော်တို့ ဗန်းမော်မြို့နယ်ကုန် တရုတ်ပြည်နယ်စပ်ရောက် သေနတ်များကို ကိုင်ဆောင် သွားစေရမည် မှာစာကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ထပ်မံ ပေးမှာစာ။

၁၆။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ သေနတ် ၁၅ ကို ဗန်းမော်မြို့နယ်ကုန် တရုတ်ပြည် နယ်စပ်ရောက် ကိုင်ဆောင်သွားစေရမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၇။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ သေနတ်ကြီး ၁၅ ပြင်၊ မြင်း သေနတ်များပါလျှင် တားဆီးမရှိ ပါစေမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ တရုတ်ပြည်သွား သံတော်တို့မှာ သေနတ်ကြီး ၁၅ ပြင် မြင်းသေနတ် ၅ ဖြစ်စေ၊ ၁၀ ဖြစ်စေ သည့်ထက် မပိုလျှင် တားဆီးမရှိစေရမည့် အကြောင်းနှင့် အောက်မြစ်စဉ် စစ်ကဲတို့သို့ ဆင့်ဆိုပေးမှာစာကို ပို့လာစေကြောင်း။ [၎င်းအတိုင်း ၎င်းနေ့ အောက်မြစ်စဉ် စစ်ကဲ မလွန် ၃ မြို့ဝန်တို့သို့ ကြေးနန်းနှင့်ဆင့်စာ။]

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

တရုတ်မြို့ဝန်က လွှတ်တော်လျှောက် ကြေးနန်းစာ။

၁၉။ ။ အင်္ဂလိပ်သံတို့မှာ လက်နက်ကိုင်ဗိုလ် ၄၊ လူငယ် ၅၀ ပါကြောင်း။ ဗန်းမော်မြို့တွင် ထားခဲ့ရန် လက်နက်များ ပါကြောင်းနှင့် ထောက်လှမ်းသိရကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာ ၂၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၀။ ။ တရုတ်ပြည်သွား သံတို့မှာ သေနတ် ၁၅ ပြင်၊ အမှန်မသိ ပါတန်ရာသည့် မြင်းသေနတ် ၁၅ ပါခဲ့ပါလျှင် ခွင့်ပြုပါမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ တရုတ်ပြည်သွား သံတို့မှာ သေနတ်ကြီး ၁၅ ပြင်၊ မြင်းသေနတ် ၁၅ ပါလျှင် တားဆီးမရှိစေရမည့် အကြောင်းနှင့် မလွန် မြေထဲ သရက် ၃ မြို့ဝန် စစ်ကဲတို့သို့ မှာထားဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၂။ ။ တရုတ်ပြည်သွား သံတို့မှာ မြင်းသေနတ် ၁၅ ပါကြောင်း၊ လက်ဆောင်ပေးရန် သေနတ်ကြီးငယ် ၁၀ ခန့်ကိုလည်း တားဆီးမရှိ ဆောင်ယူပါရမည့် အကြောင်း။

---

၁။ ၄ ဇန်နဝါရီ ၁၈၇၅ ၂။ ၂၄ ဒီဇင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ တရုတ်ပြည်သွား သံတို့မှာ အစောင့်အရံ သေနတ်ပြင် မြင်းသေနတ်၊ လက်ဆောင်ပေးရန် သေနတ်များကို တားဆီးမရှိ ဆောင်ယူစေရမည် ဗန်းမော်မြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုသည့်မှာစာကို ပေးပို့ကြောင်း။

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၂၄။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့မှာ အစောင့်အရံ သေနတ်ပြင် မြင်းသေနတ်၊ လက်ဆောင်ပေးရန် သေနတ်များကို တားဆီးမရှိ ဆောင်ယူစေရမည့် အကြောင်း။

---

## ၂၄၆–က မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၁ ရက်နေ့[၂]။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို မသက်မသာ ပြုလုပ်သည့် အကြောင်းအရာ၊ ကချင် တောင်စားတို့သို့ ရေးပေးသည့် ဆင့်စာ၊ ကောင်းတုံမြို့ ဂိုဏ်းအုပ် ရေးပေးသည် မှန် မမှန်၊ မှန်လျှင် ၎င်းကို မည်သို့စီရင်သည် စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့။

ကောင်းတုံမြို့ဂိုဏ်းအုပ် ရှင်သီလာစာရကို သုဓမ္မာဆရာတော်တို့ စီရင်ချက်။

၂။ ။ ရှင်သီလာစာရသည် အင်္ဂလိပ် သံတော်တို့ကို မင်းဇကရာဇ် အမိန့်တော် မဟုတ်ဘဲ အမိန့်တော်ပြုလုပ် နှောင့်ယှက်သည် ဖြစ်သောကြောင့် အာဟက် လက်ဖြတ် စီရင်ထုံးရှိသော်လည်း၊ ရဟန်းဖြစ်၍ သင့်သည့် ဒုက္ကဋ်အာပတ်ကို ဒေသနာကံဖြင့် ကုစားစေ၍ ဂိုဏ်းအုပ်အရာကနုတ်၊ သုဓမ္မာတွင် ရေဒဏ် ၁၀၀ ထမ်းစေ။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကောင်းတုံမြို့ ဂိုဏ်းအုပ် ရှင်သီလာစာရကို အပြစ်အလျောက် ဂိုဏ်းအုပ်အရာက နုတ်၍၊ ရေဒဏ် အခေါက် ၁၀၀ ထမ်းစေ စီရင်ဆုံးဖြတ်သည် သုဓမ္မာဆရာတော်တို့ မိန့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၄]။

အရေးပိုင်ကြီးသို့ ကင်းဝန်မင်းကြီးက ပေးစာ။

၄။ ။ တရုတ်ဗိုလ် လီဆီတာရင်းနှင့် ပြောဆိုကမ်းလှမ်းမြဲ မြို့ရွာမှု၊ ရောင်းဝယ်မှု စသည်များပြင် အခြားပြောဆိုရန် မရှိကြောင်း။ တရုတ်ပြည်သို့ သံတမန် ထပ်မံစေလွှတ်လျှင် လက်နက်ကိုင် ခေါ်ယူခွင့်ပြုကြောင်း၊ လက်နက်ကိုင် မည်မျှပါမည်ကို တင်ရင်သိလိုကြောင်း။ အင်္ဂလိပ်သံတို့ တိုက်ခိုက်ခံရသည့် အကြောင်းကို မေးမြန်းရာ အရိုင်းလူမျိုးတို့က ပစ္စည်းများကိုလို၍ တိုက်ခိုက်သည့် လက္ခဏာရှိကြောင်းနှင့် တရုတ်ဗိုလ် လီဆီတာရင်းက ဗန်းမော်မြို့ဝန်ထံ အစီရင်ခံစာ ပို့ရောက်ကြောင်း။ ယခုလည်း တပ်ရာသေချာ သိရအောင် ထောက်လှမ်းဆဲရှိကြောင်း။

၁၂၃၇ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့။

၁၈၇၅ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့။

အရေးပိုင်ကြီးက ကင်းဝန်မင်းကြီးထံ ပေးစာ။

၅။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ ဗန်းမော်မြို့က ပြန်လာခဲ့၍ ရန်ကုန်မြို့၊ မိုးမျဉ်းမြို့များသို့ ရောက်လျှင်

---

၁။ ၂၈ ဒီဇင်ဘာ ၁၈၇၄ ၂။ ၁၇ ဇွန် ၁၈၇၅ ဖြစ်မည်။ ၃။ ၂၀ ဇွန် ၁၈၇၅ ၄။ ၄ စက်တင်ဘာ ၁၈၇၅

ဗန်းမော်မြို့ရှိ အရေးပိုင်နှင့် စာပေးစာယူ ကိစ္စများကို ဗန်းမော်မြို့ဝန် အရာရှိတို့က ကူညီအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့[၁]။

အရေးပိုင်ကြီးသို့ ပေးစာ။

၆။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ ရန်မြို့၊ မိုးမျဉ်းမြို့များသို့ ရောက်လျှင် ဗန်းမော်ရှိ အင်္ဂလိပ် အရေးပိုင်နှင့် စာပေးစာယူကိစ္စကို ကူညီရမည် ဗန်းမော်မြို့တွင် ရပ်နေ စီရင်သူ ဝန်ထောက်သို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့[၂]။

အရေးပိုင်ကြီးက ကင်းဝန်မင်းကြီးထံ ပေးစာ။

၇။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြံအယူ လက်နက်ကိုင် လူ ၃၀၀ ကို ဘုရင်ခံမင်းအမိန့် သေချာ၍ စေလွှတ်ရှိလျှင် ၎င်းတို့နေထိုင်ရန်တဲများ ဆောက်လုပ်ကာလ၊ ဗန်းမော်မြို့ ဝန်ထောက်က ကူညီအောင် ဆင့်ဆို၍ ၎င်းစာလက်ခံကို ပို့မည့်အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

အရေးပိုင်ကြီးသို့ ပေးစာ။

၈။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြံအယူ လက်နက်ကိုင်တို့ နေထိုင်ရန် တဲများ ဆောက်လုပ်ရာ ကူညီရမည် ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ မှာထားရှိ၍ စေလွှတ်မည့် နေ့ရက်ကိုသာ တင်ရင်စာပေးပို့မည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၉။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြံအယူ လက်နက်ကိုင်လူတို့ နေထိုင်ရန် တဲကနား ဆောက်လုပ်ရန် ရှိသည်များကို ဆင့်ဆိုကူညီ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၆ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။

အရေးပိုင်ကြီးက ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၀။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ ပြန်လာ၍ ရန်မြို့၊ မိုးမျဉ်းမြို့များသို့ရောက်လျှင် ဗန်းမော်မြို့ အရေးပိုင်နှင့် စာပေးစာယူကိစ္စကို ဗန်းမော်မြို့ အရာရှိတို့က ကူညီရမည် ဆင့်ဆိုသည်ကို ဘုရင်ခံမင်းမြတ်က နှစ်သက်ဝမ်းသာ ရှိတော်မူကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့[၃]။

အရေးပိုင်ကြီးသို့ ပေးစာ။

၁၁။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြံအယူ လက်နက်ကိုင်တို့ ရောက်၍ ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင်က ဝန်တင်နွားများ ငှားရမ်းလိုလျှင် ပြည့်စုံအောင် ဆင့်ဆိုကူညီရမည် ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ မှာထားရှိကြောင်း၊ ၎င်းစာလက်ခံကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့[၃]။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၁၂။ ။ အင်္ဂလိပ် အရေးပိုင်က ဝန်တင်နွားများ ငှားရမ်းလိုလျှင် ပြည့်စုံအောင် မဟာမိတ်လက္ခဏာနှင့် အညီ ဆင့်ဆိုကူညီ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၁၄ ဒီဇင်ဘာ ၁၈၇၅ ၂။ ၁၂ ဇန်နဝါရီ ၁၈၇၆ ဖြစ်မည်။ ၃။ ၁၀ မေ ၁၈၇၆

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၁၃။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ အကြိုအယူ လက်နက်ကိုင် လူ ၃၀၀ ဆိုက်ရောက်လျှင် တားဆီးမရှိ ကြည့်ရှုမေးမြန်း၊ မဟာမိတ်လက္ခဏာနှင့်အညီ နှုတ်ခွန်းဆက်လက်၍ ဆန်တက်စေရမည့်အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၆ ခု၊ ဧပြီလ ၁၁ ရက်နေ့။

အရေးပိုင်ကြီးက ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၄။ ။ တရုတ်ပြည်သွား သံတို့ အကြိုအယူ လက်နက်ကိုင်လူတို့ ဧပြီလ ၁၈ ရက်နေ့၊ ၂၀ ရက်နေ့ခန့်တွင် ဆိုက်ရောက်ရန် ရှိကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့။

အရေးပိုင်ကြီးထံ ပေးစာ။

၁၅။ ။ သံတို့ အကြိုအယူ လက်နက်ကိုင်များအကြောင်းနှင့် ၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့ အရေးပိုင်ကြီး ပေးစာအရ အောက်မြစ်စဉ် စစ်ကဲ ဗန်းမော်မြို့ရှိ ဝန်ထောက်တို့သို့ ဆင့်ဆိုမှာထား ရှိကြောင်း။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၆ ခု၊ ဧပြီလ ၂၀ ရက်နေ့။

အရေးပိုင်ကြီးက ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၆။ ။ ဗန်းမော်မြို့မှာ အင်္ဂလိပ် လက်နက်ကိုင်တို့ နေထိုင်ရန် တဲကနား ဆောက်လုပ်ရန် ရှိသည်များကို အဆော တလျင် ဆောက်လုပ်ပြီးပြေအောင် ဗန်းမော်မြို့ အရာရှိတို့ကို ဆင့်ဆို၍၊ ၎င်းစာလက်ခံကို ပေးပို့ပါမည့် အကြောင်း။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။

အရေးပိုင်ကြီးသို့ ပေးစာ။

၁၇။ ။ အင်္ဂလိပ် လက်နက်ကိုင်တို့ နေထိုင်ရန် တဲဆောက်လုပ်ရန် ရှိသည်များကို အလျင်အမြန် ပြီးပြေအောင် ဆင့်ဆိုကူညီရမည်၊ ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ မှာထားရှိကြောင်း၊ ၎င်း စာလက်ခံကိုလည်း ပို့လိုက် ကြောင်း။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၁၈။ ။ အင်္ဂလိပ် လက်နက်ကိုင်တို့ နေထိုင်ရန် တဲကနား ဆောက်လုပ်ရန် ရှိသည်များကို နေ့ရက်မကြာ ပြီးပြေ အောင် ဆင့်ဆိုကူညီ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၂၄၆–ဃ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ တရုတ်ပြည်သွား သံတော်အရာရှိ ကာရနယ်ပြောင်း ရုတ်တရက် ပြန်သွားသည်မှာ ကာရနယ်ပြောင်းက မြန်မာအစိုးရတို့ကို တွေးထင်မကောင်းသည့် လက္ခဏာရှိရာရောက်၍ ရှိလျှင် ရှင်းလင်းရန်၊ မည်သို့ တွေးထင် မကောင်း ရှိသည်ကို အရေးပိုင်မင်း ကြားသိ ထင်မြင်သမျှ စာပြန်မည့်အကြောင်း။

၁။ ၁၂ မတ် ၁၈၇၅

၁၂၃၆ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ်သံတို့ တရုတ်ပြည် သွားရာ မတက် မသွားနိုင်အောင် ကချင်စော်ဘွားတို့သို့ ၃ မြို့နယ်အတွင်းက ရေးပေးစာကို မေးမြန်းရန် ရွှေဂူ ၃ မြို့ဝန်ကို ဆင့်ခေါ်ဆဲရှိကြောင်း၊ ရောက်ကာလ မေးမြန်း၍ ထိုက်သက်ရာ ပြုလုပ်မည့်အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကာရနယ်ပြောင်း အသုံးအဆောင်များကို မင်းလှကင်းတော်က တားဆီးမရှိစေရန် ကြေးနန်းနှင့် ဆင့်ဆိုရှိကြောင်း။

၂၄၆–င မှတ် ပုရပိုက်ထွက်မှာ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို မံဝိန်းရွာတွင် အတိုက်အခိုက်ခံရသည့် အကြောင်းအရာနှင့်စပ်၍ သံတို့ကို လိုက်ပို့သူ ဗန်းမော်မြို့နားခံ၊ မြို့စာရေးတို့က ၁၂၃၆ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့၊ ဗန်းမော်မြို့ဝန်ထံ လျှောက်စာ။ (အကျယ်။)

---

## ၂၄၇ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၄ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ သေသူ ကာလာဂရတီ ဝင်းမြေကို မြန်မာအစိုးရတို့က သိမ်းယူကြောင်း၊ မြီရှင်များမြေ ဖြစ်ကြောင်းများနှင့် လျှောက်ထားရှိ၍ မသိမ်းမယူရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကာလာဂရတီ ဝင်းမြေကို ယောမြို့စား အတွင်းဝန်ဟောင်းက ကြွေးနှင့် အပိုင်ရ၍ ဆက်သရှိသောကြောင့် ဆက်ကြောင်း သံတော်ဦးတင်စာ၊ ပေါင်ရင်းစာချုပ်များကို ပေးပို့လာစေကြောင်း။

ယောမြို့စား အတွင်းဝန်ဟောင်းက သံတော်ဦးတင်စာ။

၃။ ။ ကာလာဂရတီ ဝင်းမြေကို ငွေ ၃၀၀ဝိ နှင့် အပေါင်ခံရာ၊ သက္ကရာဇ် စာချုပ်အတိုင်း ရရှိပါ၍ ၎င်းမြေကို သက္ကရာဇ် စာချုပ်နှင့်တကွ ဆက်သပါကြောင်း။

၄။ ။ ကာလာဂရတီက ယောမြို့စား အတွင်းဝန်ဟောင်းထံ ဝင်းအိမ် ဥယျာဉ်များကို အရှင်သူဟောင်း မင်းနတ်စိုးယူ မရှိပါစေရ။ ငွေ ၃၀၀ဝိ နှင့် ၁ဝိ လျှင် ၃ျတိုး၊ ၃ လနှင့် မရွေးနိုင်လျှင် အဆုံးပြု၍ ၁၂၃၁ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့ ပေါင်နှံသည့် ဆက်သရာပါ စာချုပ်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ယောမြို့စားဟောင်းထံ ကာလာဂရတီက ဝင်းအိမ်များကို ပေါင်နှံသည်မှာ မြီဇာဟာမတ်ထံ ပေါင်ပြီးနောက်မှ ဖြစ်ကြောင်းကို သိရန် ပေါင်ရင်းစာချုပ်ကို ပေးပို့လိုက်ကြောင်း။

---

၁။ ၁၂ မတ် ၁၈၇၅ ၂။ ၁၅ ဧပြီ ၁၈၇၄ ၃။ ၁၇ ဧပြီ ၁၈၇၄ ဖြစ်မည်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ယောမြို့စား အတွင်းဝန်ဟောင်းက ဆက်သသည့် ဝင်းအိမ်ဖြစ်၍ မြဲဇာဟာမတ်က ရှင်းလင်းပြောဆိုလိုလျှင် ကာလာဂရတီ သားမယား၊ ယောမြို့စား အတွင်းဝန်ဟောင်းတို့နှင့်သာ ရှင်းလင်းပြောဆိုသင့်ကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ကာလာဂရတီ မယားနှင့် ကပ္ပိတန်အန္တရဲ မယားတို့ကို အိမ်သို့မဝင်ရ တားဆီးချုပ်နှောင် နှိပ်စက်မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။ ယောမြို့စား အတွင်းဝန်ဟောင်းထံ ပေါင်ပစ္စည်းဖြစ်၍ သိမ်းယူနိုင်လျှင် အင်္ဂလိပ်ကျွန်တော်မျိုးထံ အပေါင်ဦးသောကြောင့် အရေးပိုင်မင်းကသာ သိမ်းယူသင့်ကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကာလာဂရတီ သားမယားနှင့် ကပ္ပိတန်အန္တရဲ မယားတို့ကို မည်သူက တားဆီးချုပ်နှောင်သည်ကို ဆင့်ဆိုသာအောင် စာပြန်မည့်အကြောင်း။ ဝင်းမြေနှင့်စပ်၍ အထက်ပေးစာကို အရေးပိုင်မင်း ဆင်ခြင်မိလျှင် အရေးပိုင်မင်းကသာ သိမ်းယူသင့်ကြောင်းနှင့် စာပေးပို့မည် မထင်ကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ကာလာဂရတီပိုင် ဝင်းအိမ်ပစ္စည်းများကို တွဲဖက်ရုံး စီရင်ချက်အရ ရောင်းချ၍၊ အပေါင်ခံသူ မြဲဇာဟာမတ်နှင့် အရပ်ရပ် မြီရှင်များသို့ ဆပ်ပေးရမည် ဖြစ်သည့် အကြောင်းအရာ။ ကာလာဂရတီ သားမယားနှင့် ကပ္ပိတန်အန္တရဲ မယားများကို သူရဲဝန်လူတို့ နှောင့်ယှက်ရှိ၍ ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၀။ ။ အရေးပိုင်က ပို့ရောက်သည့် ကာလာဂရတီက မြဲဇာဟာမတ်ထံ ဝင်းအိမ်ဥယျာဉ် ခြံမြေများကို ငွေ ၃၀၀၀ိ နှင့် ၃ လ စေ့ကုန်၍ မရွေးမယူနိုင်လျှင် အဆုံးပြု၍ ၁၂၃၀၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့၊ ပေါင်နှံသည့်စာချုပ်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ကာလာဂရတီ သားမယားများကို ဝင်းမြေအတွင်း ဝင်ရောက်နှောင့်ယှက်ကြောင်း ထပ်မံကြားသိရ၍ နှောင့်ယှက်မရှိ နေနိုင်အောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ကာလာဂရတီ မယား သားသမီးတို့ကို နှောင့်ယှက်မရှိပါ၊ ခဝါရုံတော်ကိုသာ ဆောက်လုပ်ပါသည်ကောင်ဟန်ဝန်က ထွက်ဆိုရှိကြောင်း။ အရေးပိုင်မင်းက ပေးပို့သည့် မြဲဇာဟာမတ်က ဝင်းအိမ် အပေါင်ခံစာချုပ်မှာ စာဝင်သက်သေခံလက်မှတ် မပါ၊ အင်္ဂါမညီသောကြောင့် ကဝါရုံတော် ဆောက်လုပ်သူတို့ကို ကာလာဂရတီ မယား သားတို့က ပြောဆိုမရှိစေရအောင် ဆင့်ဆိုမည့် အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။**

**၁၈၇၄ ခု၊ ဧပြီလ ၂၈ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ကာလာဂရုတီ ဝင်းအိမ်ခြံမြေ စကားကို တွဲဖက်ရုံးတွင် စီရင်ပြီး ဖြစ်၍ ခဝါတော် အမှုထမ်းတို့က ကလာဂရုတီ ဝင်းအတွင်း နှောင့်ယှက်မရှိစေရအောင် ဆင့်ဆိုပါမည့် အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၁]။**

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ပိတ်အုပ်တော်များ ရွှံ့နွံလူးလဲ၊ ခဝါဖွပ်ခုံနှင့် ပေါင်းအိုးများ ကျိုးပဲ့ကွဲပျက်၊ ရာဇဝတ်မကင်းအောင် ပြုလုပ်သူ ကာလာဂရုတီ သားနှင့် အပေါင်းပါလူတို့ကို မည်သို့စီရင်သင့်သည် စာပြန်မည့်အကြောင်း။ မြို့ဇာဟာမတ် တင်ပြစာချုပ်တွင် စာဝင်သက်သေခံ ပါ မပါ၊ ပါလျှင် စစ်မေးထွက်ဆိုချက်များကို ပေးပို့ကာလ နေရာကျ ပြုလုပ်မည့်အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။**

**၁၈၇၄ ခု၊ မေလ ၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ သစ်ပင်ခုတ်ရာ မတော်၍ ပိတ်အုပ်တော်များ ထိခိုက်ရှိကြောင်း ထွက်ဆို၍၊ ခဝါတော်တို့ နေရာသို့ ကာလာဂရုတီ မယား သားသမီးတို့ ဝင်ထွက်မရှိစေရအောင် ဆင့်ဆိုပါမည့် အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဘဏ္ဍာတော်များကို ပျက်စီးအောင် ပြုလုပ်စေသူ ကာလာဂရုတီ သား ငတူနှင့် ဆီးဖြူပင်ကို ခုတ်သူ မိန်းမကို မည်သို့စီရင်သင့်သည်၊ ၎င်းမိန်းမ မည်သူဖြစ်သည်များကို နေရာကျ စာပြန်မည့်အကြောင်း။

---

## ၂၄၈ မှတ် ပုရပိုက်ထွက်။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။**

**၁၈၇၄ ခု၊ မေလ ၇ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ကာလာဂရုတီ သား ငတူနှင့် ဆီးဖြူပင်ခုတ်သူ မိန်းမတို့ကို မည်သို့စီရင်သင့်သည် အရေးပိုင်မင်းက မပြောနိုင်ကြောင်း၊ စီရင်လိုလျှင် နှစ်ဖက်ကျူးလွန်သူတို့ကို စစ်ဆေး၍ ထိုက်သက်ရာ စီရင်သင့်ကြောင်း။ မြို့ဇာဟာမတ်က တွဲဖက်ရုံး ဒီဂရီ စီရင်ချက်ကျငွေ ၃၀၀ဝိ ကျော်ကို ၃၃ ခုနှစ်က ဘင်္ဂလားမြို့ဘဏ်တိုက်သို့ လွှဲအပ်ပေးသွင်းကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၂]။**

ကင်းဝန်မင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဝင်းတော်အတွင်း ကျူးလွန်ပြုလုပ်သူ ကာလာဂရုတီ သားမယားတို့ကို ဝင်းတော်အတွင်း မနေစေရ၊ အခြားသို့ ဆင့်ဆို ပြောင်းရွှေ့စေမည့်အကြောင်း။ ဝင်းအိမ်မြေမှာ နိုင်ငံတော်အတွင်း ရေမြေဖြစ်၍ အစိုးရတို့ အခွင့်မရဘဲ မြို့ဇာဟာမတ်က ငွေ ၃၀၀ဝိ တွင် ထည့်၍ ဘင်္ဂလားဘဏ်တိုက်သို့ မလွှဲသင့်ကြောင်း။ နောင် လွှဲသူလည်း မလွှဲရန်၊ လက်ခံသူလည်း လက်မခံရန် သင့်ရာမှာထား၍ စာပြန်မည့် အကြောင်း။

---

၁။ ၁ မေ ၁၈၇၄ ၂။ ၉ မေ ၁၈၇၄

ရာပြည့်စာအုပ်တိုက်

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ မြိဇာဟာမတ်က ကာလာဂရတီ ဝင်းမြေကို ဘဏ်သို့လွှဲသည်မှာ အရေးပိုင်မင်းက လွှဲခွင့်ပြုသည် မဟုတ်ကြောင်း။ ကာလာဂရတီက သူတစ်ထူးထံ စာချုပ်နှင့် ဝယ်ယူရ ဝင်းမြေကို မြန်မာအစိုးရတို့က မသိမ်းသင့်ကြောင်း၊ ၎င်းစာချုပ်များကို ပို့လိုက်ကြောင်း၊ ခဝါတော်များ နှောင့်ယှက်မှုကို စစ်ဆေးစီရင်လိုလျှင် စစ်ဆေးနိုင်ကြောင်း။ ကာလာဂရတီ သားမယားတို့ကို နေမြဲ နေစေပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ရာဇဝတ်တော် ကျူးလွန်သူ ကာလာဂရတီ သားမယားတို့ကို အရေးပိုင်မင်းက ဆင့်ဆို မရွှေ့မပြောင်းစေလျှင် ထုံးစံရှိရာ ရှေ့ရုံးက ဆင့်ဆို ရွှေ့ပြောင်းစေမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ကာလာဂရတီ မယားက ဝင်းထရံ ပြင်ဆင်စေသူတို့ကို ခဝါတော်ဘက်နေ အစိုးရတို့က ဖမ်းဆီး ချည်နှောင် ပြုလုပ်ခံရကြောင်း ကြားသိရ၍ မှန်လျှင် နေရာကျ ပြုလုပ်စီရင်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

ခဝါတော် အကြီးအကြပ်တို့ကို မေးချက်။

၆။ ။ ကာလာဂရတီ မယားက စေခိုင်းသူ ၂ တို့ ဝင်းတော်တိုင်များကို ဓားနှင့်ခုတ်ဖြတ် ပြုလုပ်သည်ကို တွေ့မိ၍ လွှတ်တော်သို့ ဖမ်းဆီးပို့အပ်ကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၆ ရက်နေ့။

ငဆိုး၊ ငစံတို့ အစစ်ခံချက်။

၇။ ။ ကျွန်တော်တို့ ကာလာဂရတီ မယားအိမ်တွင် အစေခံ၊ ကာလာဂရတီ မယားက ပျက်စီးရှိသည့် ဝင်းတိုင်ကို ပြင်ဆင်ရမည် စေခိုင်း၍ ပြင်ဆင်ရာ၊ ဖမ်းဆီးပို့အပ် အစစ်အမေးခံရသည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကာလာဂရတီ ဝင်းတွင် စောင့်ရှောက်ရသူ အရာရှိတို့က ဝင်းတော်ဖျက်ဆီး၍ ဖမ်းဆီးပို့အပ်သူတို့ကို စစ်မေးရာ ကာလာဂရတီ မယားက စေခိုင်း၍ ပြင်ဆင်ရကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ ဝင်းမှာ ဝင်းတော်ဖြစ်၍ ကာလာဂရတီ မယား သားသမီးတို့က ပြင်ဆင်ရမည် မစေမခိုင်းသင့်ကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဝင်းတော်အတွင်းက မပြောင်းမရွှေ့နေသူ ကာလာဂရတီ မယား သားသမီးတို့ကို ထုံးစံရှိရာ ရှေ့ရုံးတော်က ဆင့်ဆို ရွှေ့ပြောင်းစေမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ စက်ဆရာ ဟာဝစ်ဝီလျမ်ဂျွန်း၊ ဂရေဟောင်း၊ ဟော်ရာစ်တို့ကို အမရပူရမြို့ဟောင်း ကင်းစောင့်တို့က ခဲနှင့်ပစ်ခတ်၊ ကျိုးယုတ်ရှက်ရပြုလုပ်၊ ဖမ်းဆီးပို့အပ်ခံနေရသည့် အမှုကို နေရာကျ ပြုလုပ်ပါမည့်အကြောင်း။

---

၁။ ၁၆ မေ ၁၈၇၄ ၂။ ၂၂ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အမရပူရမြို့ဟောင်း ကင်းတော် အစောင့်အနေတို့နှင့် စက်ဆရာ ဟာဝစ်ဝီလျမ်တို့ လက်ရောက်ဖြစ်ပွားမှုကို ဟာဝစ်ဝီလျမ်က လျှောက်ထားရှိ၍၊ လျှောက်ချက် မေးချက် အရပ်ရပ်ကို ပေးပို့ကြောင်း။ ၎င်းအမှုကို စုံညီစစ်မေးစီရင်ရန် ဟာဝစ်ဝီလျမ်တို့ကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်နေ့[1]။

၁၈၇၄ ခု၊ ဧပြီလ ၁၂ ရက်နေ့။

ဟာဝစ်ဝီလျမ်က လွှတ်တော်တွင် လျှောက်ချက်။

၁၂။ ။ မြို့ဟောင်း ကင်းတော် အစောင့်အနေတို့က အကြောင်းမဲ့ ဖမ်းဆီးရိုက်နှက်မှုကို နေရာကျ မစီရင်လျှင် ရန်ကုန်မြို့ အရေးပိုင်ကြီးထံ လျှောက်ထားမည် ကြံစည်ရှိကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့။

၁၃။ ။ ဟာဝစ်ဝီလျမ်တို့ ကိုယ်မှာရှိသည့် ဒဏ်ရာအမှတ်အသား။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့။

ကဲမိုးတံခါးဗိုလ်နှင့် တံခါးစောင့် သွေးသောက်ကြီး ငတေ မေးချက်။

၁၄။ ။ ကုလား ၂ တို့ မြို့ရိုးတော်ကို ကျော်နင်း၍ ဖမ်းဆီးရာ ကုလား ၂ က မြင်းကြိမ်နှင့် ရိုက်နှက်သောကြောင့် ၄ ယောက်လုံးကို ဖမ်းဆီးပို့အပ်ကြောင်း၊ ၎င်းတို့ကို မရိုက်မနှက်ရကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့။

၁၅။ ။ တံခါးဗိုလ်နှင့် တံခါးစောင့်တို့ ကိုယ်တွင်ရှိ ဒဏ်ရာဒဏ်ချက် အမှတ်အသား။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ စက်ဆရာ ဟာဝစ်ဝီလျမ်တို့ အမှုကို စီရင်သည့်နေ့မှ ဝင်ရောက်သင့်ကြောင်းနှင့် ပြန်စာမှာ လွှတ်တော်ရုံးတော်များတွင် အထင်အရှား စီရင်သည် သဘောရ၍သာ စာပေးကြောင်း၊ သို့သော်လည်း စီရင်မည့်နေ့ကိုသာ စာပေးပို့မည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ဆရာ ဟာဝစ်ဝီလျမ်တို့နှင့် ကင်းတော်စောင့်တို့ စကားမှာ အချင်းချင်း ခံဝန်လက်မှတ် ရေးထိုးပြေငြိမ်းကြ၍ ၎င်းလက်ခံများကို ပို့လိုက်ကြောင်း။

---

## ၂၄၉ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဟာဝစ်ဝီလျမ်တို့နှင့် ကင်းတော်စောင့်တို့ အမှုကို မေးမြန်းသည့်နေ့ နားထောင်ရန် အခွင့်ရှိလျှင် ဝင်လိုကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ၊

၂။ ။ ဟာဝစ်ဝီလျမ်တို့ အမှုကို မေးမြန်းရုံမျှနှင့် မဝင်သင့်သေး၊ စီရင်မည့်နေ့မှ ဝင်လိုလျှင် စာပေးမည်ဖြစ်၍ ဟာဝစ်ဝီလျမ်တို့ကိုသာ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

---

[1]။ ၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၄ ရက်နေ့။

၃။ ။ ဟာဝစ်ဝီလျမ်တို့ အမှုကို မည်သို့ ဆုံးဖြတ်သည်၊ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ လျှောက်ထားသာအောင် စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဟာဝစ်ဝီလျမ်တို့ အမှုပြီးပြီးပြငြိမ်း ဖြစ်သည်ကို ထပ်မံ စီရင်စေလိုလျှင် မြို့ရိုးတော် ကျော်နင်းသူ ဟာဝစ်ဝီလျမ်တို့နှင့် ကင်းတော်စောင့်တို့ကို ထပ်မံစစ်မေး၊ အပြစ်ထိုက်သက်ရာ စီရင်၍ မည်သို့စီရင်သည့် အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ဟာဝစ်ဝီလျမ်တို့ မြို့ရိုးတော်ကို ကျော်နင်းဝင်ထွက်မိသည်မှာ မြို့ရိုးအမှတ်အသား အထင်အရှား မရှိ၊ မြန်မာအရာရှိတို့နှင့် ဆင်းရဲသားတို့လည်း ဝင်ထွက်ရှိကြ၍ သွားလာမိကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ပြင်မြို့တော်ကြီး တံခါးတော် ၃၂ ရပ် အသီးသီးတွင် ကင်းတဲ၊ အစောင့်အနေလူ၊ စတုဒိသာ ဇရပ်များနှင့် အထင်အရှား ဖြစ်ကြောင်း။ မြန်မာအရာရှိ မည်သူ၊ ဆင်းရဲသားကုန်သည် မည်သူတို့ မြို့ရိုးကို ကျော်နင်းဝင်ထွက်သည်ကို အသေအချာ စာပေးပို့ကာလ မှန်ရာကို စစ်ဆေး၍ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ဟာဝစ်ဝီလျမ်တို့ကို မည်သည့်နေ့ စေလွှတ်ရမည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ပြီးငြိမ်းပြီး ဟာဝစ်ဝီလျမ်တို့ အမှုကို အရေးပိုင်မင်းက ထပ်မံစီရင်စေလိုလျှင် နယုန်လဆန်း ၁၀ ရက်နေ့၊ ၁၀ နာရီအချိန် ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ဟာဝစ်ဝီလျမ်တို့ကို ကင်းတော်စောင့်တို့က ရိုက်နှက်မှုတွင် သက်သေခံရန် ဟာဝစ်ဝီလျမ်တို့ကို စေလွှတ်မည့် အကြောင်း၊ ၎င်းအမှုကို စီရင်သည့်နေ့ ဝင်ခွင့်ရလျှင် ဝင်လိုကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အမှုသည်ကို သက်သေ၊ သက်သေကို အမှုသည် ပြုလုပ်မြဲထုံးစံ မရှိကြောင်း။ ဟာဝစ်ဝီလျမ်တို့ အမှုသည် ရာဇဝတ်တော်ကြီး ၆ ပါးတွင် တစ်ပါး ဖြစ်ကြောင်း။ ဖြစ်ပွားရင်း ကာယကံရှင်တို့ ပေါ်ထွက်မှလည်း စစ်မေးစီရင်ရန် ရှိသည်ဖြစ်၍ ကာယကံရှင်တို့ကိုသာ စေလွှတ်၊ တိုက်ဆိုင်စစ်မေး ထိုက်သက်ရာစီရင်မှ နေရာကျ ဖြစ်မည့်အကြောင်း။

---

၁။ ၁ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ဟာဝစ်ဝီလျမ်တို့ အမှုနှင့် ဝန်ရှင်တော်မင်းကြီးထံ ပေးစာတွင် ဟာဝစ်ဝီလျမ်တို့ မြို့ရိုးမှန်းသိလျက် ကျော်နင်းသည် မပါသည်ကို သိပါမည့်အကြောင်း။ ကင်းစောင့်တို့က ရိုက်နှက်မှုတွင် အရေးပိုင်မင်းက တရားလို၊ ဟာဝစ်ဝီလျမ်တို့က သက်သေ ဖြစ်သည်ကို သိပါမည့်အကြောင်း။ မြို့ရိုးမှန်း မသိ၍ ဝင်ထွက်မိ အမှုမှာ မြန်မာအစိုးရတို့နှင့် ပြေငြိမ်းပြီးဖြစ်၍ ၎င်းတို့တွင် အပြစ်မရှိကြောင်း၊ ကင်းစောင့်တို့က ရိုက်နှက်မှုတွင် သက်သေခံရန် ဟာဝစ်ဝီလျမ်တို့ကို ခေါ်ခဲ့မည့်အကြောင်း။ ကင်းစောင့်တို့က ရိုက်နှက်သည် မှန်လျှင် ထိုက်သက်ရာ စီရင်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်ထံ ပေးစာ။

၁၂။ ။ ပြေငြိမ်းပြီး ဟာဝစ်ဝီလျမ်တို့ အမှုကို ၎င်းတို့ ခံဝန်လက်မှတ်ကို ဖောက်ပြန်လျှောက်ထားမှ တံခါးဗိုလ်တို့နှင့် တိုက်ဆိုင် ထပ်မံစစ်မေး၍ နေရာကျ စီရင်ရန် ရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ဟာဝစ်ဝီလျမ်တို့ အမှုအကြောင်းအရာကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ အစီရင်ခံရမည် ဖြစ်၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့[၂]။

ကုလားဝန် ရွှေတိုက်စိုးသို့ လွှတ်တော်က ဆင့်စာ။

၁၄။ ။ ဝီလျမ်တို့ အမှုတွင် မန္တလေးမြို့ရှိ အရေးပိုင် စတိုဝါက ထုံးစံကို နားမလည် သဘောမထားမိ၍ ရှိသည်ကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပြောဆို၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

---

၂၅၀ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဟာဝစ်ဝီလျမ်တို့နှင့် တံခါးဗိုလ် တံခါးမှူးတို့ အမှုအကြောင်းအရာကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ အမိန့်တော်မြတ်နှင့် ပြောဆိုစေသူ ကုလားဝန်က တင်လျှောက်ကာလ၊ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ ဟာဝစ်ဝီလျံတို့ အမှုအကြောင်းအရာများကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ အစီရင်ခံရန် အထက်ပေးစာ အရ ပြန်စာမရ၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်ထံ ပေးစာ။

၃။ ။ ဟာဝစ်ဝီလျမ်တို့ အမှုအကြောင်းကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပြောဆိုစေသူ ကုလားဝန်က လျှောက်ထားကာလ စာပြန်မည့်အကြောင်း။

---

၁။ ၃ ဇွန် ၁၈၇၄ ၂။ ၃၀ ဇွန် ၁၈၇၄

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်သို့ ထုတ်ယူရောင်းချမည့် ရှမ်းပြည်ကျွဲ ချိပ်ကုန်များကို အဝယ်တော်တို့က တားဆီးဝယ်ယူကြောင်း။ ကျောက်တိုင်တောင်ဘက်သို့သွား နွားဝန်တင်၊ ကျောက်တိုင်တောင်ဘက်က လာ ကုန်တင်လှည်း၊ လှေနှင့် မိုးဖြဲကျမြင်း၊ နွားဝန်တင်များတွင် နင်းကြမ်းဝန်က ပိုမိုကောက်ခံကြောင်း သိရ၍ ဆင့်ဆိုစာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ နိုင်ငံတော်အတွင်း အရပ်ရပ် ကုန်အကောက်များကို ဥပဒေပေးအပ် ကောက်ခံစေ၍ ရှိသော်လည်း ယခု အရေးပိုင်မင်း ပေးစာအရ နင်းကြမ်းဝန်၊ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် အခွန်တော်ကောက်တို့ကို ၁၂၂၈ ခုနှစ် ဆင့်ဆိုပေးအပ်သည့် ဥပဒေအတိုင်းသာ ကောက်ခံစေရမည် ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့[၁]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၆။ ။ ချိပ်များ တားဆီးဝယ်သည် မဝယ်သည်၊ အကောက်အခွန် ပိုမိုကောက်ခံသည်၊ မကောက်သည်များကို လျှောက်ထားရမည့်အကြောင်း။ အရပ်ရပ်ကုန်များတွင် ၁၂၂၈ ခုနှစ် ပေးအပ်ဆင့်ဆိုသည့် ဥပဒေအတိုင်းသာ ကောက်ခံစေရမည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ စားပြဗိုလ် ငစံထွန်း ဆိုးသွမ်းမှုမှာ မဟာမိတ် စာမချုပ်မီက ဖြစ်၍ မပေးမအပ်လိုလျှင် ငစံထွန်းကို ကျောက်တိုင်အနီး နယ်မြေများမှာ မနေမထိုင်စေမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ စားပြ ငစံထွန်းကို ကျောက်တိုင် အနီးအစပ်မှာ မနေစေရ၊ နှောင် ဆိုးသွမ်းမရှိရအောင် ခံဝန်ချုပ် ချုပ်မှတ်စေ၍ အကျဉ်းက လွှတ်ကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဤယံကောင်စစ်နှင့် အတူလိုက်သွားစေသူ မြန်မာအရာရှိတို့ အင်္ဂလိပ်မင်းပိုင် မြို့ရွာဆိပ်ကမ်းများသို့ အလိုရှိရာ ဝင်ထွက်သွားလာနိုင်ရန် အရေးပိုင်မင်းက သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[၃]။

၁၈၇၄ ခု၊ မေလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ဤယံနိုင်ငံသွား မြန်မာအရာရှိတို့ အင်္ဂလိပ်မင်းပိုင်နယ် မြို့ရွာဆိပ်ကမ်းများသို့ သွားလာဝင်ထွက်နိုင် အောင် အိန္ဒိယ အစိုးရများထံ စာတင်ကြောင်းနှင့် ရန်ကုန်မြို့ အရေးပိုင်ကြီးက စာရောက်ကြောင်း။ ပြင်သစ် နိုင်ငံသွား မြန်မာသံတော်တို့ အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးထံ အထက်ပေးစာ အရေးမှားသည် ဖြစ်၍ ပြန်ပို့ပါမည့် အကြောင်း။

---

၁။ ၂၄ ဧပြီ ၁၈၇၄  ၂။ ၃၁ မေ ၁၈၇၄  ၃။ ၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ပြင်သစ်နိုင်ငံသွား မြန်မာသံတော်တို့ အကြောင်းနှင့် အထက်ပေးစာကို ပြန်ပို့လာစေကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဆိုင်းကလေးတို့ ၃၅ ခုနှစ်က နွားဝယ် ထုတ်ယူမှုတွင် ပွဲစားပြုလုပ် ဝယ်ပေးသူ ငထပ်၊ မေင်းတို့က ထွက်ဆိုလျက် ကြန့်ကြာရှိကြောင်း လျှောက်ထားရှိ၍ ၎င်းအမှုကို မည်သည့်နေ့ ရှင်းလင်းနိုင်မည် စာပြန်ပါမည့် အကြောင်း။

---

## ၂၅၁ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်သို့ နွားဝယ် ထုတ်ယူမှုကို အမှုသည်တို့ စုံညီကာလ စီရင်မည့်အကြောင်း။ နွားဝယ် ဆိုင်းကလေး၊ ငရွှေရိုးတို့က လွှတ်တော်သို့ အထက်တင်ပေးသည့် နွားဝယ်ပေး လူစာရင်း မှားယွင်းသည်ဆို၍ ပြင်ဆင်တင်ပေး စာရင်းပါ ကျောက်တိုင်တောင်ဘက်နေ တေလိုင်း၊ ကြီးသာ တို့ကိုသာ နွားရောင်းသူ၊ ဝယ်ပေးသူ၊ ထုတ်သူတို့နှင့် တိုက်ဆိုင်စစ်မေးရန် နေ့ရက်မကြာ ဆင့်ခေါ် ပေးအပ်မည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက်သို့ လာရောက်နေထိုင်သူ တေလိုင်း၊ ကြီးသာတို့ကို ခေါ်ငင်ပေးရန် မရှိ၍ ၎င်းနွားဝယ်မှုကို မည်သို့ပြုလုပ်မည် စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ နွားဝယ် ထုတ်ယူမှုကို ရောင်းသူ၊ ဝယ်ပေးသူတို့ အရောက်စုံညီမှ နွားဝယ် ဆိုင်းကလေးတို့နှင့် တိုက်ဆိုင် စစ်မေး၊ အမှုအလျောက် စီရင်မည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ နွားဝယ် ငချိတ်၊ ငဆိုင်းကလေး၊ ငရွှေရိုး၊ ငရွှေပြင်တို့ နွားဖိုးငွေအနက် ငွေ ၈၀ဝိ လွှတ်တော်သို့ ရောက် ကြောင်း လျှောက်ထားရှိ၍ ၎င်းတို့သို့ ပေးပါမည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ နွားဝယ်လူ ၄ အရောက် မစုံမညီသော်လည်း လာရောက်သူတို့က ခံဝန်ချက် ချမှတ်ရှိ၍ နွားဖိုးငွေ ၈၀ဝိ ကို ၎င်းတို့သို့ ပေးအပ်ပြီးလျှင် လွှတ်စေလုလင်ဘက်ထည့်၍ အရေးပိုင်မင်းထံ ပို့လာစေကြောင်း။

---

၁။ ၃၁ မေ ၁၈၇၄

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ နွားဝယ် ငချိတ်၊ ငဆိုင်းကလေးတို့ နွားဖိုးငွေကျန် ၆၀ဝိ ကျော် လွှတ်တော်သို့ရောက်ကြောင်း လျှောက်ထားရှိ၍ မှန်လျှင် ၎င်းတို့သို့ ပေးပါမည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ နွားဝယ်လူတို့ အရောက် မစုံညီသော်လည်း လာရောက်သူတို့က ခံဝန်ချက် ချမှတ်ရှိ၍ နွားဖိုးငွေ ၆၀ဝိ ကျော်ကို ၎င်းတို့သို့ ပေးအပ်ပြီးလျှင် လွှတ်စေလုလင် ဘက်ထည့်၍ အရေးပိုင်မင်းထံ ပို့လာစေကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ကျောက်တိုင်တောင်ဘက်နေ ငသက်၊ ငရောက်တို့ လှည်းနွားများကို ဝယ်ယူလာရာ နင်းကြမ်းစစ်ကဲက ပစ္စည်းကိုလည်း သိမ်းယူ၊ လူကိုလည်း အကျဉ်းချထား၊ တောင်ငူမြို့ဝန် လာရောက်မှ အကျဉ်းမှ လွတ်ရကြောင်း။ ကြေးငွေပေးကမ်း ကုန်ကျရကြောင်း လျှောက်ထားရှိ၍ မှန်လျှင် နေရာကျ ဆင့်ဆိုပြုလုပ်မည့်အကြောင်း။ သိမ်းယူသည့် ပစ္စည်းစာရင်းကိုလည်း ပို့လိုက်ကြောင်း။ (စာရင်း။)

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်နေ ငသက်၊ ငရောက်တို့ လှည်းနွားများကို တောင်ငူစစ်ကဲက သိမ်းယူ၊ ကြေးငွေစားယူသည် မှန်လျှင် ဆင့်ဆိုတောင်းယူ၍ အရေးပိုင်မင်းထံ ပို့မည့်အကြောင်း။ တောင်ငူမြို့ရုံးတွင် လှည်းနွားဝယ်သူတို့ တင်စာရင်းပါ နွားရောင်းသူတို့နှင့် တိုက်ဆိုင်စစ်မေးရန် နွားဝယ်ရင်းသူတို့ကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၀။ ။ ကျောက်တိုင်တောင်ဘက်နေ ငသက်၊ ငရောက်တို့ လှည်းနွားများကို တောင်ငူစစ်ကဲက သိမ်းယူ၊ ကြေးငွေစားယူသည် မှန်လျှင် ငွေကို လွှတ်တော်သို့ တင်ပို့၍၊ နွားများကို ပျောက်ပျက်မရှိစေရ သိမ်းထားရမည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့[၁]။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၁။ ။ လှည်းနွားများကို အသိမ်းခံရသူတို့ကို ရွှေမြို့တော်သို့ ခေါ်ရလျှင် ခရီးကွာဝေး ကြန့်ကြာမည်ဖြစ်၍ အထက်ပေးစာ စာရင်းအတိုင်းသာ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်ကို မေးမြန်း ပြန်ပေးပါစေမည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငသက်၊ ငရောက်တို့ နွားဝယ်ထုတ်ယူမှုကို လွှတ်တော်က မေးမြန်းပြုလုပ်မှသာ နေရာကျမည်ဖြစ်ကြောင်း။ မည်သည့်မြို့ရွာနေ မည်သူထံက ဝယ်ယူသည် မေးမြန်းသာအောင် အရေးပိုင်မင်း ပေးစာ စာရင်းပါ လှည်းနွားဝယ် လူတို့ကို ဆင့်ဆိုလာရောက်စေမှ နေရာကျ ပြုလုပ်နိုင်ရန် ရှိကြောင်း။

---

၁။ ၂၁ နိုဝင်ဘာ ၁၈၇၄ ဖြစ်မည်။ ၂။ ၂၉ နိုဝင်ဘာ ၁၈၇၄

**၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။**

**၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့။**

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၃။ ။ အင်္ဂလိပ်မင်းပိုင်နယ်နေ လူတို့ လှည်းနွားများကို မြန်မာအစိုးရတို့ သိမ်းယူသည် မှန် မမှန် မေးမြန်း၍၊ မှန်လျှင် သိမ်းယူသည့် အစိုးရတို့မှာသာ ဆင့်ဆိုတောင်းခံ ပြန်ပေးစေမည့် အကြောင်း။

**၁၂၃၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အထက်က နိုင်ငံတော် ဥပဒေကို ကျူးလွန်၍ နွားဝယ်ယူ ထုတ်ဆောင်ရာ တစ်ကြိမ်တစ်ခါဖြစ်၍ ရာဇဝတ်တော် မရှိ၊ သိမ်းယူပြီး နွားများကိုသာ အရာတော် ဖြစ်သည့်အတိုင်း ပြန်မပေးစေရ၊ နွားရောင်းရင်းသူထံ အဖိုးငွေကို တောင်းယူပြန်ပေးရရှိသူ ချော်၊ ဆိုင်းကလေးတို့ကဲ့သို့ ယခု လူတို့ကိုလည်း ဆင့်ဆိုလာရောက်စေမည့် အကြောင်း။ နောင် သည်ကဲ့သို့ ကျူးလွန်ဝယ်ယူမှုမရှိရန် ဆင့်ဆိုအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။**

**၁၈၇၄ ခု၊ မေလ ၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ မိုးကောင်းမြို့တွင် အိန္ဒိယတိုင်းသား ပသီလူမျိုး ၃ ကို ကချင်တို့က သတ်ကြောင်း ကြားသိရ၍ ဆင့်ဆိုမေးမြန်း စာပြန်ပါမည့် အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။**

မိုးကောင်းမြို့ဝန်သို့ ပေးမှာစာ။

၁၆။ ။ မိုးကောင်းမြို့နယ်အတွင်း ပသီလူမျိုး ၃ ယောက်ကို ကချင်တို့က သတ် မသတ်၊ သတ်လျှင် မည်သူဖြစ်မည်၊ မည်သည့် အထည်အလိပ် ပစ္စည်းများ ပါရှိသည် ထောက်လှမ်း လျှောက်ထားရမည့်အကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ပသီလူမျိုး ၃ ယောက်ကို မိုးကောင်းမြို့တွင် ကချင်တို့က သတ် မသတ် အကြောင်းအရာကို နေရာကျထောက်လှမ်း လျှောက်ထားရမည်၊ မိုးကောင်းမြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

**၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့[၂]။**

မိုးကောင်းမြို့ဝန်က လွှတ်တော် လျှောက်စာ။

၁၈။ ။ မိုးကောင်းမြို့နယ် အရပ်ရပ်တွင် ပသီလူမျိုး ၃ ယောက်ကို ကချင်တို့က သတ်ကြောင်း ထောက်လှမ်း၍ တစ်စုံတစ်ရာ မရ မကြား မသိကြောင်း။

**၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့[၃]။**

အရေးပိုင်သို့ ပေးစာ။

၁၉။ ။ မိုးကောင်းမြို့နယ်အတွင်း ပသီလူမျိုးတို့ကို ကချင်တို့ သတ်ကြောင်း မကြားမသိ ထောက်လှမ်းမရကြောင်းနှင့် မိုးကောင်းမြို့ဝန်၊ စစ်ကဲတို့က လျှောက်ထားရှိကြောင်း။

**၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။**

**၁၈၇၄ ခု၊ မေလ ၇ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ကျောက်တိုင်တောင်ဘက်သို့ နွားထုတ်ယူသူတို့အနက် နိုင်ငံတော်နေ ကြီးသာ၊ တေလိုင်းတို့မှာ အင်္ဂလိပ်နယ်မြေအတွင်း ခိုဝင်နေသူဖြစ်၍ ဆင့်ခေါ်မပေးနိုင်ကြောင်း။ ၎င်းတို့နွားများကိုချန်၍ ကျန် ဆိုင်းကလေးတို့ နွားများကို ပေးအပ် ပြန်သွားစေမည်၊ မည်သို့ ပြုလုပ်မည်များကို စာပြန်မည့်အကြောင်း။

---

၁။ ၁၀ ဒီဇင်ဘာ ၁၈၇၄ ၂။ ၁၈ ဇွန် ၁၈၇၄ ၃။ ၂၃ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ နွားဝယ်ပေးသူ၊ နွားရောင်းသူတို့ကို မြို့ဝန် အကြီးအအုပ်တို့ထံ တောင်းခေါ် အပို့အရောက် စုံညီကာလ နွားဝယ် ငချိတ်၊ ငဆိုင်းကလေး၊ ငရွှေရီး၊ ငရွှေပြင်တို့နှင့် တိုက်ဆိုင်စစ်မေး အမှုအလျောက် စီရင်မည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၂။ ။ သီဟိုဠ် ရဟန်းတော်များ လှူရန် ငွေတော် ၃၀၀၀ိ ကို သီဟိုဠ်ကျွန်း ရဟန်းတော်များမှာ ဆွမ်း၊ ကွမ်း ပြည့်စုံကြသည် တစ်ကြောင်း၊ အချို့ လှူလျှင် အချို့က ပြူစုရှိမည် တစ်ကြောင်းများကြောင့် မလှူဒါန်းဘဲ ကလံဘိုမြို့ သင်္ကရိုက် ဘာသာသင်ကျောင်း ဆောက်လုပ်ရာ၊ ကဏ္ဍီမြို့ ပိဋကတ်တိုက်တွင် ပိဋကတ် ရေးရာ၊ အနုရာဓမြို့ ရုဝံဝေလီ စေတီတော် ပြင်ဆင်ရာများတွင် ၁၀၀၀ိ စီ လှူမည် ရှိသည်ကို ဘုန်းတော် ကြီးဘုရား သဘောတော်တူ မတူ စာပြန်ပါမည့် အကြောင်းနှင့် သီဟိုဠ် အစိုးရတို့က စာရောက်၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ သီဟိုဠ် ရဟန်းတော်များ လှူရန် ငွေတော် ၃၀၀၀ိ ကို စာသင်ကျောင်း ဆောက်လုပ်ရာ၊ ပိဋကတ်စာပေ ရေးရာ၊ စေတီတော် ပြင်ဆင်ရာများတွင် လှူဒါန်းမည် တင်လျှောက်သည်ကို အထူးနှစ်သက်တော် မူကြောင်း။ မလောက်မငရှိလျှင် ထပ်ဖြည့်လှူဒါန်းတော်မူမည် အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက် ရကြောင်း။

---

## ၂၅၂ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု။

တောင်တွင်းကြီးမြို့တွင် ရပ်နေ စီရင်သူ ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၁။ ။ ကျောက်တိုင်တောင်ဘက်နေ လူသတ် သောကျစ် ဆိုသူကို တောင်တွင်းကြီးမြို့နယ်၊ ကျားမီးတိုက်ရွာနှင့် အခြားရပ်ရွာများတွင် ထောက်လှမ်း ဖမ်းဆီးစေရာ သွေးသောက်ကြီး၊ သူကြီးတို့က မရှိမနေကြောင်း ထွက်ဆိုရှိကြ၍ ထွက်ဆိုချက်များကို တင်ပို့ကြောင်း။ ဖမ်းဆီးရမိကာလ ရွှေဘွားတော်အောက် ပို့ပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၃]။

ဝန်ထောက် တင်ရာပါ သားတိုးတန်း သွေးသောက်ကြီး၊ စစ်တလင်းသူကြီးတို့ ခံဝန်ချက်။

၂။ ။ စီရင်စုတိုက်နယ်မြေ ကျားမီးတိုက်ရွာများမှာ သောကျစ် ဆိုသူ မလာမရောက် မရှိမနေဖူးကြောင်း၊ နှောင် လာရောက်ရှိနေကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ရာဇဝတ်အပြစ် စီရင်ရာ ခံပါမည့် အကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၃]။

၃။ ။ (ဝန်ထောက် တင်ရာပါ) ကျေးရွာတွင် သောကျစ် မရှိမနေကြောင်း ကျားမီးတိုက်ရွာခေါင်း၊ ကွင်းရွာ ရွာခေါင်း၊ ကွင်းရွာနေလူ ငလွန်း၊ ငဟန်၊ ငပေါက်တူးတို့ အစစ်ခံ ထွက်ဆိုခံဝန်ချက်များ။

---

၁။ ၉ မေ ၁၈၇၄ ၂။ ၂၅ နိုဝင်ဘာ ၁၈၇၄ ၃။ ၂၅ ဧပြီ ၁၈၇၃

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တောင်တွင်းကြီးမြို့၊ ကျားမီးတိုက်ရွာတွင် သောကျစ် မရှိမနေကြောင်းကို သွေးသောက်ကြီး၊ သူကြီး၊ ရွာခေါင်း၊ ရွာနေလူတို့ ခံဝန်ချက်နှင့်တကွ တောင်တွင်းကြီးမြို့တွင် ရပ်နေ စီရင်သူ ဝန်ထောက်က တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၃၅ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၅။ ။ မြိဇာမဏ္ဍာလီ၊ ဒုကရနီတို့နှင့် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ (သစ်အကြောင်းအရာ) ခံဝန်စာချုပ် ၄ သည် မြန်မာအစိုးရမင်းတို့နှင့် ချုပ်လုပ်သည် မှန် မမှန် မေးမြန်းစာပြန်သာအောင် စာချုပ်များကို ပေးပို့လိုက်ကြောင်း။

၆။ ။ အရေးပိုင်က ပို့ရောက်သည့် ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့နှင့် မြိဇာမဏ္ဍာလီ၊ ဒုကရနီတို့ သစ်မှုကောက်ချက် ၁၊ ဒုကရနီတို့က မြန်မာအစိုးရတို့သို့ သစ်ရောင်း လက်မှတ်ထိုး ခံဝန်စာချုပ် ၃ များနှင့် ၎င်းစာချုပ်စက္ကူများကို ပြသ၍ ၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့၊ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်ကို မေးမြန်းရာ ဟုတ်မှန်ကြောင်း ထွက်ဆိုချက် ၁။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ သစ်မှုကောက်ချက် ၁၊ (သစ်ရောင်း အကြောင်းအရာ) ခံဝန်ချက် ၃ မှာ တောင်ငူ၊ ရမည်းသင်း မြို့ရုံးက တံဆိပ်ခတ်မှတ် ပေးအပ်သည့် စာချုပ် ဖြစ်သည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်နှင့် စစ်ကဲတို့က ထွက်ဆိုရှိကြောင်း။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို စူဆွဲမာဒါကာရာနှင့် တရားခံ ငလူကလေးတို့ သံခုတင် ရောင်းဝယ်မှုကို နောက်ပြင်ခံတော် စီရင်ချက်အတိုင်း ဖြတ်စာထွက်ငွေကို ဖြစ်စေ၊ သံခုတင်ကို ဖြစ်စေ တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၅ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့[၂]။

စူဆွဲမာဒါကာရာနှင့် ငလူကလေးတို့ သံခုတင်မှု ခုံတော်စီရင်ချက် ဖြတ်စာ။

၉။ ။ ငလူကလေးက ရောင်းသုံး သံချိန်ကိုနှိမ်၍ ကျန်သံချိန်များကို စူဆွဲမာဒါကာရာသို့ ပေးစေ၊ စူဆွဲမာဒါကာရာကလည်း စာချုပ်တွက်အရ အကောက်ငွေ၊ လေ့ထိုးတက်ခကျန်ငွေ ၂၄၂ ကို ငလူကလေးသို့ ပေးစေ၍ တရားကို ညီမျှခံစေရမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ စူဆွဲမာဒါကာရာသို့ ဖြတ်စာတွက်အရ ပေးရန် ငလူကလေးကို ချုပ်နှောင်၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုတောင်းခံစေကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၃ ရက်နေ့။

ကပ္ပိတန် စတိုဝါက ပေးစာ။

၁၁။ ။ မြန်မာသံတော်ကြီးတို့ ဘိလပ်မြို့က ပြန်စဉ် အက်တမံဂျွန်းက ဘင်္ဂလားမြို့ ဟယ်မာလတံ ကုမ္ပဏီတို့ထံ

---

၁။ ၁၁ မေ ၁၈၇၄ ၂။ ၁၈ ဇူလိုင် ၁၈၇၃ ၃။ ၂၁ မေ ၁၈၇၄

ရွှေဖလား ၃ လုံးကို (မရိကာ) ခေါ် သားရေအဖုံး လုပ်ရန် ပေးအပ်လုပ်ကိုင်စေရာ ၎င်းအခ မရသေးကြောင်း စာရောက်ပါ၍ မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၈ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အက်တမ်ဂျွန်းက ဘင်္ဂလားမြို့ ဟယ်မာလတ် ကုမ္ပဏီတို့ထံ ရွှေဖလား ၃ လုံး သားရေအဖုံးလုပ်ရန် အပ်နှံခဲ့သည် ဆိုသည့် အကြောင်းအရာများကို သံကြီး ကင်း၀န်မင်းကြီး ပြင်သစ်နိုင်ငံက ပြန်ရောက်မှ နေရာကျ စာပြန်နိုင်မည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ဒီဂရီ စီရင်ချက် ငွေများကို နှစ်ဦးနှစ်ဖက် သာနာညီမျှဖြစ်အောင် တွဲဖက်ရုံးတွင်ထားရန် ဥပဒေသစ် ၆ ကို ရေးပို့လိုက်ကြောင်း၊ ၎င်းကို ကြည့်ရှုဆင်ခြင်၍ စာပြန်ပါမည့် အကြောင်း။

၁၄။ ။ အရေးပိုင်က ပို့ရောက်သည့် တွဲဖက်ရုံးတွင် စီရင်ရန် ဥပဒေသစ် ပထမက ဆဋ္ဌမထိ။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မုဒ္ဒါဘိသိက်တော်ခံ အခမ်းအနား၊ ဥကင်တော်ဖွင့် အခမ်းအနား၊ မြို့တော်သိမ်း အခမ်းအနားပြီးမှ အရေးပိုင်မင်း ပေးပို့သော ဥပဒေ ၆ ချက်ကို ဆင်ခြင်စဉ်းစား၍ စာပြန်မည့်အကြောင်း။

---

၂၅၃ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[၃]။

၁၈၇၄ ခု၊ မေလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ တရားခံ ငထွန်းဦးနှင့် တရားလို မူစာအူစမ်တို့ ငွေ ၁၃၀၀ိ မှုကို တရားလိုက ငွေ ၅၀၀ိ လျှော့ပေါ့၍ စုံရာစီရင်ချက်နှင့် ပြီးပြတ်ကြသည့်အရ ပေးဆပ်စေရာ၊ တရားခံက စဉ်းလဲ ဖောက်ပြန်ပြုလုပ်၍ စီရင်ချက် အတိုင်း ငွေဒင်္ဂါးကို မပေး၊ ရွှေဒင်္ဂါးကို ပေး၍ရှိကြောင်း၊ တရားခံကို မြို့သာ၀န်က အားပေးထောက်မ ပြုလုပ်ရှိကြောင်း၊ မြို့သာ၀န် ရေးပေးစာကို ပို့လိုက်ကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၂။ ။ တွဲဖက်ရုံးတွင် ငွေဒင်္ဂါးကိုသာ ပေးစေ အထက်က စီရင်ချက်များ ရှိ မရှိ အကြောင်းအရာ စာနှင့်တကွ တရားလို မူစာအူစမ်၊ တရားခံ ငထွန်းဦးတို့ ငွေ ၈၀၀ိ မှု စုံရာစီရင်ချက်ကို ကြည့်ရှုရန် ပေးပို့။ ကြည့်ရှု သိသာကာလ မြို့သာ၀န် တရားသူကြီးမင်းကို နေရာကျ ဆင့်ဆိုမည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တရားလို မူစာအူစမ်၊ တရားခံ ငထွန်းဦးတို့ ငွေမှုအကြောင်းနှင့် အထက်ပေးစာတွင် ငွေ ၅၀၀ိ လျှော့ပေါ့ ကြောင်းနှင့် ပါသည်မှာ မှားကြောင်း။ တွဲဖက်ရုံးတွင် ငွေဒင်္ဂါးကိုသာ ပေးရမည် ဥပဒေ မရှိသော်လည်း ယခု အမှုစုံရာ စီရင်ချက်တွင် ငွေကိုပေးစေ ပါရှိ၍ ငွေကိုသာ ပေးသင့်ကြောင်း။

---

၁။ ၂၃ မေ ၁၈၇၄ ၂။ ၃၁ မေ ၁၈၇၄ ၃။ ၁၂၃၆ ခု၊ နယုန်လဆန်း ၁၅ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မှုစာအုစမံနှင့် ထွန်းဦးတို့ ငွေမှုတွင် စာချုပ်ရေးစုံရာ တရားနားခံတော်ကို မေးရာ၊ ရွှေဒင်္ဂါးပေး ငွေဒင်္ဂါးပေး မည်သို့ ပြောဆိုမရှိ ရေးသားကြောင်းနှင့် ထွက်ဆိုသော်လည်း ငွေကိုသာ ပေးစေရမည် မြို့သာဝန် တရားသူကြီးကို ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား မုဒ္ဓါဘိသိက်ခံပွဲကြီးသဘင် ရင်တော်မူ၍ ၎င်းလပြည့်ကျော် ၉ ရက်နေ့ ဥကင်သ ဖွင့်တော်မူပြီးလျှင် ၎င်း ၁၂ ရက်နေ့ မြို့သိမ်းထွက်တော်မူကာလ၊ မြန်မာမှူးမတ်တို့နည်း ထွက်ဝင်ဖူးမြော်လိုလျှင် အမိန့်တော်ခံ၍ စကားပြန်မည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ မုဒ္ဓါဘိသိက်ခံ၊ ဥကင်တော်ဖွင့်၊ မြို့တော်သိမ်း အခမ်းအနားများကို ကြည့်ရှုဖူးမြော်ရန် ၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့ ဝင်လို၍ ခင်ယင်နိုင်လျှင် စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဥကင်တော်ဖွင့် အခမ်းအနားကို ကြည့်ရှုဖူးမြော်ရန် ၃၆ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့ ဝင်လိုလျှင် နံနက် ၇ နာရီအချိန် လွှတ်တော်သို့ လာရောက်မည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ဘိသိက်ခံတော်မူ၍ ထောင်တန်းအကျဉ်းထား လူတို့ကို လွှတ်ရာ နှစ်တိုင်းနှစ်ပြည်အကြား ဆိုးသွမ်းသူ မည်မျှလွှတ်သည် စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဘိသိက်ခံတော်မူသည့် အခါတော်နှင့် တစ်ပြိုင်နက် ထောင်တန်း အကျဉ်းအမြှောင်းထား လူတို့ကို အပြစ် လေးပေါ့မရွေး ချမ်းသာစေတော်မူကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ သီဟိုဠ်ကျွန်း ရဟန်းတော်များနှင့် အိန္ဒိယနိုင်ငံ အစားဆန်ရေ ငတ်မွတ်ခေါင်းပါးသူတို့ကို လှူဒါန်း ပေးကမ်းရန် အလှူတော် ငွေဒင်္ဂါး ၁၀၀၀၀ ကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးပို့စေကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးစာ။

၁၁။ ။ သီဟိုဠ်ကျွန်း ရဟန်းတော်တို့လှူရန် ငွေ ၃၀၀၀၊ အိန္ဒိယနိုင်ငံ ငတ်မွတ်သူတို့ကို ပေးကမ်းရန် ငွေ ၇၀၀၀၊ ၂ စုငွေ ၁၀၀၀၀ ကို လှူဒါန်းပေးကမ်း၍ အကြောင်းအရာကို ရွှေနားတော်ကြား တင်လျှောက်မည့်အကြောင်း။ အရေးပိုင်ကြီးသို့ သနားတော်မူသည့် သရက်သီးမှည့် ၅၀၀ ကို ပေးပို့လိုက်ကြောင်း။

---

၁။ ၂၁ ဇွန် ၁၈၇၄ ၂။ ၂၉ ဇွန် ၁၈၇၄ ၃။ ၁၇ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ သီဟိုဠ်ကျွန်း ရဟန်းတော်များနှင့် အိန္ဒိယနိုင်ငံ ငတ်မွတ်သူတို့ကို ပေးလှူရန် ပို့တော်မူသည့် ငွေ ၁၀၀၀ဝိ ကို အိန္ဒိယသို့ ပို့ကြောင်း၊ လှူဒါန်းပေးကမ်း ပြီးပြေကာလ အကြောင်းအရာကို တင်လျှောက်မည့် အကြောင်းများနှင့် အရေးပိုင်ကြီးက စာရောက်ပါ၍ သံတော်ဦးတင်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ သီဟိုဠ်ကျွန်း ရဟန်းတော်များနှင့် အိန္ဒိယနိုင်ငံ ငတ်မွတ်သူတို့ကို လှူဒါန်းပေးကမ်းရန် ငွေ ၁၀၀၀ဝိ အကြောင်းနှင့် ရန်ကုန်မြို့ အရေးပိုင်ကြီးက စာရောက်ကြောင်း ပေးစာအရ သံတော်ဦးတင်ရာ ဝမ်းမြောက်တော်မူကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ သရက်မြို့ စီရင်စု အုံမွှန်းတောရွာတွင် တိုက်ခိုက်၊ နိုင်ငံတော်ဘက်သို့ ထွက်ပြေး၍ ၃၂ ခုနစ်၊ ၃၄ ခုနစ် များက စာ ၃ ကြိမ် ပေးပို့တောင်းဖူးသူ ငလေ ခေါ် ငတေ ယခု နင်းကြမ်းမြို့ထောင်တွင် ဝင်း အမည်နှင့် ချုပ်ထားတွေ့ရှိပါ၍ ဆင့်ဆိုပေးအပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၅။ ။ ငလေခေါ် ငတေ ဆိုသူ၊ ယခု ဝင်း အမည်နှင့် ထောင်မှာ ချုပ်ထားရှိလျှင် မထွက်မလွတ်စေရ၊ အကျဉ်း ပို့လာစေရမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ သရက်မြို့ အုံမွှန်းတောရွာမှာ တိုက်ခိုက်ထွက်ပြေးလာသူ ငလေ ငတေ ၂ မည်ခေါ် ဝင်းဆိုသူ နင်းကြမ်းမြို့ ထောင်တွင် ချုပ်ထားရှိလျှင် အကျဉ်းပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ မှာထားရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ အထက်ပေးစာပါ ငလေခေါ် ငတေ ရောက်သင့်ပြီဖြစ်၍ အကြောင်းအရာ စာပြန်ပါမည့်အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ငလေ ငတေ ၂ မည်ခေါ် ဝင်း အကြောင်းအရာကို တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်ထား မရှိသေး၍ ထပ်မံဆင့်ဆိုဆဲရှိကြောင်း။ လျှောက်ထားကာလ အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၃]။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ အုံမွှန်းတောရွာ တိုက်ခိုက်သူ ငလေခေါ် ငတေကို အကြိမ်ကြိမ် စာပေးပို့တောင်းသည့်အရ ၎င်းသူ ရောက်ထောက်သင့်ပြီ ဖြစ်၍ စာပြန်ပါမည့် အကြောင်း။

---

၁။ ၁၃ ဩဂုတ် ၁၈၇၄ ၂။ ၂၉ ဇူလိုင် ၁၈၇၄ ၃။ ၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့[၁]။

အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ဓားပြ ငလေခေါ် ငတေ အကြောင်းအရာကို တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က တင်စာလျှောက်စာ မလာ မရောက်သေး၍ ထပ်မံ ဆင့်ဆိုဆဲ ရှိကြောင်း။

---

## ၂၅၄ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ သာယာဝတီနယ်တွင် မကွေးမြို့နေ လေ့စီး ငထွန်းအောင်နှင့် မိန်းမ ယောကျ်ား လူ ၁၀ တို့ကို တိုက်ခိုက်သတ်ဖြတ်သူ ငရင်ကြီးနှင့် လူ ၆ ယောက်တို့ကို မည်သို့ထားသည် စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဓားပြတိုက်ခိုက်၊ လူကိုသတ်သူ ငရင်ကြီးနှင့် လူ ၆ ယောက်တို့ကို မိုးကောင်းသို့ပို့၍ ထောင်တစ်သက် အကျဉ်းချထားကြောင်းနှင့် ၃၄ ခုနှစ်က စာပြန်ပေးဖူးကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ပုထိုးရွာတောအရပ်တွင် ဓားပြတိုက်ခိုက်ရာ ဖမ်းဆီးရမိသူ ငကူး၊ အစစ်ခံရာပါ လူများအနက် ငမိုးကို ဖမ်းဆီးပေးအပ်၍ ကျန်လူတို့ကို စီရင်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်း တောင်းစာပါ ငမိုးပါ ဓားပြပေါင်း ၆ တို့ကို ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည် မလွန်မြေထဲ သရက် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။ ရမိကာလ နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

မလွန် မြေထဲ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၅။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်သူ ဓားပြ ငမိုးပါ လူ ၆ တို့ ဝန်စုပါ နယ်မြေတွင် ရှိနေလျှင် ဖမ်းဆီး၍ လမ်းခရီး မထွက်မလွတ်စေရ ပို့လာစေရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ တရုတ်ကုန်သည် ဟိုစင်က အခွန်ဝန် အီဗျာဟင်ထံ ဆားကုန် အကောက်ငွေ ၁၆၀ဝိ အကျ ရွှေဒင်္ဂါးကို ပေးဆောင်ရာ လက်မခံရှိ၍ ရွှေဒင်္ဂါး သွင်းသင့် မသွင်းသင့်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ တရုတ်ကုန်သည် ဟိုစင်က ပေးဆောင်သည့် ဆားကုန် အကောက်ငွေ ၁၆၀ဝိ အကျ ရွှေဒင်္ဂါးကို ခံယူရမည် အခွန်ဝန် အီဗျာဟင်သို့ ဆင့်ဆိုရှိကြောင်း။

---

၁။ ၂၅ ဩဂုတ် ၁၈၇၄ ၂။ ၂၉ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၄ ရက်နေ့။

အရေးပိုင်က ပေးစာ။

၈။ ။ မြေထဲမြို့ ဘွက်ကြီးရွာတွင် ပုလိပ် ငထွန်းကို သေနတ်နှင့် ပစ်သတ်ထွက်ပြေးသူ ငခင် နိုင်ငံတော် ဆင်ပေါင်ဝဲ၊ ဒူးလေးကွဲရွာတွင် ခိုဝင်နေထိုင်ကြောင်း ကြားသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အောက်မြစ်စဉ် စစ်ကဲ၊ မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်က ရဲသားငထွန်းကို သေနတ်နှင့်ပစ်သတ် ထွက်ပြေးလာသူ ငခင် ဆင်ပေါင်ဝဲ၊ ဒူးလေးကွဲရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ လမ်းခရီး မထွက်မလွတ်စေရ ပို့လာစေရမည့်အကြောင်း။ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ လူသတ် ငခင် ဝန်စုပါနယ်တွင် ရှိနေလျှင် ဖမ်းဆီးပို့ရမည် အောက်မြစ်စဉ် စစ်ကဲ၊ မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။ ရမိပို့အပ် လျှောက်ထားကာလ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လွှတ်တော် လျှောက်စာ။

၁၁။ ။ အထက်တောင်းစာပါ ဓားပြ ငမိုးပါ လူပေါင်း ၆ အနက် ညိုမြ၊ ငမိုး၊ ငအင်တို့ မရှိမနေ။ ငပြောင်းမှာ စကုမြို့ ထောင်တွင် အကျဉ်းခံနေ၊ ကြောမှာ သေဆုံး၊ အသီးအသီး ဖြစ်ပါ၍ ငနှင်းကိုသာ ပို့အပ်ရကြောင်း။ တစ်ရပ် ကျောက်တိုင်တောင်ဘက်က ငထွန်းကို သတ်ဖြတ် ထွက်ပြေးလာ၍ ဆင်ပေါင်ဝဲ ဒူးလေးကွဲရွာတွင် ရှိသည်ဆိုသူ ငခင်မှာ ကျေးရွာတွင် မရှိမနေကြောင်းနှင့် ကျေးရွာသူကြီး ခေါင်းအကြီးတို့ ထွက်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ လူသတ် ငခင် ဒူးလေးကွဲရွာမှာ မရှိမနေ၊ ထောက်လှမ်းမေးမြန်း မရကြောင်းနှင့် အောက်မြစ်စဉ် စစ်ကဲ၊ မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လျှောက်ထားရှိကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ လူသတ် ငခင်ကို ထပ်မံထောက်လှမ်းရာ တောင်တွင်းကြီးမြို့ စီရင်စု အနောက်စမုံရွာ မိရှမ်းမအိမ်တွင် ရှိနေကြောင်း ကြားသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ လူသတ် ငခင် တောင်တွင်းကြီးမြို့ စီရင်စု၊ အနောက်စမုံရွာတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီးမြို့တွင် ရပ်နေ စီရင်စေသူ ဝန်ထောက်တော်မင်းသို့ မှာထားရှိကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၃]။

တောင်တွင်းကြီးမြို့မှာ ရပ်နေ စီရင်သည့် ပုဂ္ဂဝန်ထောက်သို့ ပေးမှာစာ။

၁၅။ ။ ကျောက်တိုင်တောင်ဘက်က ရဲသားငထွန်းကို သေနတ်နှင့်ပစ်သတ် ထွက်ပြေးလာသူ ငခင် တောင်တွင်း

၁။ ၂၉ ဇွန် ၁၈၇၄ ၂။ ၈ ဩဂုတ် ၁၈၇၄ ၃။ ၅ အောက်တိုဘာ ၁၈၇၄

ကြီးမြို့ စီရင်စု၊ အနောက်စမုံရွာနေ မိရှမ်းမအိမ်တွင် ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီး၍ အကျဉ်း ပို့လာစေရမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂ ရက်နေ့[၁]။

အရေးပိုင်က ပေးစာ။

၁၆။ ။ ရဲသားငထွန်းကို သေနတ်နှင့် ပစ်သတ်ထွက်ပြေးသူ ငခင် တောင်တွင်းကြီးမြို့နယ် အတွင်းမှာပင် ရှိမည်ဖြစ်၍ ဖမ်းဆီးပို့အပ်သာအောင် ထောက်လှမ်းချက်များကို ပို့ပါကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ပုလိပ်ငထွန်းကို သတ်သူ ငခင်ကို ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီးမြို့မှာ ရပ်နေစီရင်သည့် ဝန်ထောက် သို့ မှာထားဆင့်ဆို ရှိကြောင်း။

၁၂၃၇ ခု။

တောင်တွင်းကြီးမြို့မှာ ရပ်နေစီရင်သည့် ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၁၈။ ။ ငခင် အကြောင်းအရာ ကျေးရွာသူကြီး သွေးသောက်ကြီးတို့ ခံဝန်ထွက်ဆိုချက်၊ ဆုတောင်းပြည့်ကျောင်း ဘုန်းကြီး မိန့်ဆိုချက်များကို တင်ပို့ကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

ဆုတောင်းပြည့်ကျောင်း ဆရာတော် မိန့်ချက်။

၁၉။ ။ ငခင် ဆိုသူ မလာမရောက်ဖူးကြောင်း၊ မတ္တရာက လာနေသူ ငစောဥကို ငခင် ထင်၍ သိမြင်သည် ထွက်ဆိုသူတို့က ပြောဆိုသည့် လက္ခဏာရှိကြောင်း၊ ငစောဥလည်း သေဆုံး၍ သင်္ဂြိုဟ်ပြီးကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

တောင်တွင်းကြီးမြို့ သူကြီး၊ သွေးသောက်ကြီးတို့ ခံဝန်ချက်။

၂၀။ ။ ငခင် ဆိုသူ မရှိမနေပါ၊ တွေ့ရှိလျှင် ဖမ်းဆီးပို့အပ်ပါမည့် အကြောင်း၊ ခံဝန်ချက်အတိုင်း မတည်လျှင် ရာဇဝတ်အပြစ် ခံပါမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၃]။

အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ငခင်ဆိုသူ တောင်တွင်းကြီးမြို့တွင် မရှိမနေကြောင်းကို ဆုတောင်းပြည့်ကျောင်း ရဟန်းတော် မိန့်ချက်၊ ကျေးရွာသူကြီး ခေါင်းအကြီးတို့ ထွက်ချက်များနှင့်တကွ တောင်တွင်းကြီးမြို့မှာ ရပ်နေစီရင်သည့် ဝန်ထောက်က လျှောက်ထားရှိကြောင်း။

၁၂၃၈ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၅ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၂၂။ ။ အထက် တောင်းဆိုသည့် ငခင်သည် ပင်းမြို့၊ ၃ အိမ် ရွာသူကြီးအိမ်တွင် ငကံကြီး အမည်နှင့် ခိုဝင် ရှိနေကြောင်း သိရ၍ ဖမ်းဆီးပို့အပ်ပါမည့် အကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၂၃။ ။ ပင်းမြို့ ၃ အိမ်ရွာတွင် လူသတ် ငခင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် ပင်း၊ နတ်မောက်၊ ကျောက်ပန်း တောင်း ၃ မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁။ ၁၃ စက်တင်ဘာ ၁၈၇၄ ဖြစ်မည်။ ၂။ ၂၆ စက်တင်ဘာ ၁၈၇၅ ၃။ ၂၁ နိုဝင်ဘာ ၁၈၇၅

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၁]။

ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း ၃ မြို့ဝန်သို့ ပေးမှာစာ။

၂၄။ ။ ကျောက်တိုင်တောင်ဘက်က ငထွန်းကို သေနတ်နှင့် ပစ်သတ် ထွက်ပြေးလာသူ ခေင်၊ ငကံကြီး အမည် နှင့် ပင်းမြို့၊ ၃ အိမ်ရွာသူကြီးအိမ်တွင် ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေမည့် အကြောင်း။

---

## ၂၅၅ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

ငကံကြီးခေါ် ခေင် အစစ်ခံချက်။

၁။ ။ အာလံမြို့ ဘွက်ကြီးရွာ ငလူ အိမ်တွင် အငှားအရမ်း လုပ်ကိုင်နေထိုင်သည့်အတွင်း ပုလိပ်ငထွန်းကို အခြားသူတို့ သေနတ်နှင့် ပစ်သတ်သည်ကြား၍ ၎င်းနှင့် ခိုက်ရန်ဖြစ်ဖူးသောကြောင့် အခြားလူတို့ မဟုတ်မလျား ပြောမည်ကို စိုးရိမ်သည်နှင့် ထွက်ပြေးခဲ့၍ ပင်းမြို့ ၃ အိမ်ရွာသူကြီးအိမ်တွင် နေခိုက် ဖမ်းဆီးပို့အပ် စစ်မေးခံရကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[၂]။

အရေးပိုင်သို့ ပေးစာ။

၂။ ။ ဖမ်းဆီးချုပ်ထားရှိသူ ခေင်ကို နေရာကျ စစ်မေးရန်၊ ခေင်က ငထွန်းကို သေနတ်နှင့် ပစ်သတ်သည် တပ်ရာ သိသူတို့ကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့။

၁၈၇၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့[၃]။

အရေးပိုင်က ပေးစာ။

၃။ ။ ခေင်က ငထွန်းကို သေနတ်နှင့် ပစ်သတ်မှုတွင် သိသူ သက်သေ ၅ လာရောက်သည်ဖြစ်၍ တိုက်ဆိုင်ရန် နေ့ရက်ကို ချိန်းချက်မည့်အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ခေင်နှင့် တိုက်ဆိုင်မေးမြန်းရန် သက်သေတို့ကို ယခုလဆန်း ၃ ရက်နေ့၊ နံနက် ၁၀ နာရီအချိန် စေလွှတ်မည့်အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၅။ ။ ဤတာလျံနိုင်ငံရှိ မြန်မာသံတော် အရာရှိတို့ထံ ရာဇသံ လက်ဆောင်တော်များကို စေလွှတ်ပေးပို့စေမည် ဖြစ်၍ အရေးပိုင်မင်းက အကောက်ဝန်သို့ ပေးရန်စာကို ပေးအပ်လိုက်ရန် လွှတ်တော်သို့ ပို့မည့်အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၄]။

အရေးပိုင် ပေးစာ။

၆။ ။ ခေင်တို့ အမှုတွင် သက်သေ ၅ ဦးတို့ ထွက်ချက် မရှင်းမလင်း ကြွင်းကျန်၍၊ ပထမ သက်သေထွက်ချက် ပါ ငအောင် ဆိုသူနှင့် တိုက်ဆိုင်စစ်မေးရန် ဆင့်ဆိုစေလွှတ်၊ မေးမြန်းသိသာမှ စာပြန်မည့်အကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၆ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၇။ ။ ခေင်တို့ အမှုတွင် ငအောင်ကို မေးသော်လည်း ပထမသက်သေထက် ထူးထွေ ထွက်ဆိုနိုင်မည် မဟုတ်၊ အထက်သက်သေ ၅ ဦး ထွက်ချက်အတိုင်း အမှန်ယူသင့်သည်ဖြစ်၍ ခေင်ကိုသာ ပို့အပ်ပါမည့်အကြောင်း။

---

၁။ ၈ ဇွန် ၁၈၇၆ ၂။ ၇ ဩဂုတ် ၁၈၇၆ ၃။ ၁၀ စက်တင်ဘာ ၁၈၇၆ ဖြစ်မည်။ ၄။ ၁၁ အောက်တိုဘာ ၁၈၇၆

၁၂၃၀ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

အရေးပိုင်သို့ ပေးစာ။

၈။ ။ငခင် ထွက်ဆိုချက် လက္ခဏာ ပျက်ယွင်းရှိ၍၊ ၎င်းကို အလိုရှိသည့်နေ့ ပို့လာစေမည့်အကြောင်း။

၁၂၃၀ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၆ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့[၁]။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၉။ ။ပြည်မြို့ သရက်ကုန်းရွာနေ ငအောင်ကြီး သတ်သူ ငခိုင်၊ ပုလိပ်ငထွန်း သတ်သူ ငခင်တို့ကို ယခုလပြည့်ကျော် ၁၂ ရက်နေ့ ပို့အပ်မည့်အကြောင်း။

၁၂၃၀ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့။

အရေးပိုင်မင်းကြီး ပေးစာ။

၁၀။ ။ငထွန်းသတ်သူ ငခင်၊ ငအောင်ကြီးသတ်သူ ငခိုင်တို့ကို အကြီးအကြပ်နှင့် ပို့လာစေကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၁ ရက်နေ့။

အရေးပိုင်က ပေးစာ။

၁၁။ ။အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည် ခိုကျူတို့က ငါးခြောက်ကုန် အကောက်ငွေအကျ ရွှေမတ်စေ့ကို နှုန်းတော်အတိုင်း ပေးဆောင်ရာ၊ အခွန်ကောက်သူတို့က လက်မခံရှိသည်ကို မေးမြန်းပါမည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။အရေးပိုင်မင်း ပေးစာပါ တရုတ်ကုန်သည် ခိုကျူတို့ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းတွင် မပါမဝင်ရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။တရုတ်ကုန်သည် ခိုကျူတို့မှာ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းကျမှန်ကြောင်း၊ အမည် အရေးအသားကွဲလွဲ၍သာ ဖြစ်ရန်ရှိကြောင်း၊ ၎င်းတို့ အခွန်မှုကိုသာ နေရာကျပြုလုပ် စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ပေးစာပါ တရုတ်ကုန်သည်တို့ အမည်၊ မည်သည့်နှစ် စာရင်းတွင် ပါသည်၊ အကောက်အခွန်များကို မည်သူက တောင်းသည် အသေအချာ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။အခွန်ကောက်ခံသူမှာ မူလာအီဗျာဟင် ဖြစ်ကြောင်း၊ တရုတ်ကုန်သည်တို့ ချရင်း အမည်စာရင်းကို ပို့လာစေကြောင်း။ (စာရင်း။)

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။တရုတ်ကုန်သည်တို့က ငါးခြောက်ကုန် အကောက်ငွေအကျ ပေးဆောင်သည့် ရွှေမတ်စေ့ကို ခံယူရမည့် အခွန်ဝန် အီဗျာဟင်ကို ဆင့်ဆိုရှိကြောင်း။

---

၁။ ၁၂ ဒီဇင်ဘာ ၁၈၇၆ ဖြစ်မည်။ ၂။ ၁၅ ဇူလိုင် ၁၈၇၄

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ သံတဲတွင် အထက်က တစ်ကြိမ်၊ ယခုလည်း တစ်ကြိမ် သူခိုး ခိုးယူရှိပါသောကြောင့် အစောင့်ဒိုင်းခေါင်းကို မေးစစ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

ဒိုင်းခေါင်း အစစ်ခံချက်။

၁၈။ ။ သံတဲမှာ စောင့်နေထမ်းရွက်သည့်အတွင်း သူခိုးဝင်ဖူးသည် မရှိကြောင်း၊ ဝင်းတွင်းနေ လူတို့လည်း မည်သည့်အခါမှ မတိုင်တန်းဖူးကြောင်း၊ ၎င်းဝင်းတွင်းနေ ဆရာဝန် စကားပြန် မောင်ကလေးက ဒိုင်းဝန်မင်းကို ဆရာဝန် ဆေးကုသည့်အတွက် ဆုလာဘ်ရအောင် လျှောက်ထားပေးပါ ပြောဆိုသည်ကို မလျှောက်မထား၍ မှူခင်းရှာကြံ ပြုလုပ်သည့်အရာ ဖြစ်ကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ သံတဲဝင်းစောင့် ဒိုင်းခေါင်း ငချိန်ကို မေးရာ မည်သည့်အခါကမျှ သူခိုးဝင်ရောက်ဖူးသည် မရှိကြောင်း၊ ဝင်းတွင်းနေ လူတို့လည်း တိုင်တန်းဖူးသည် မရှိကြောင်းနှင့် ထွက်ဆိုရှိသော်လည်း ရာဇဝတ်တော်ရေး လုံခြုံအောင် စောင့်ရှောက်ရမည် ဆင့်ဆိုစေလွှတ် ပြန်လာစေကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည် စင်လျိုကြင် ကုမ္ပဏီက ဆားကုန် အကောက်ငွေ ၉၀ဝိ အကျ ရွှေဒင်္ဂါးကို ပေးသွင်းရအောင် နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း၊ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ စင်လျိုကြင် ကုမ္ပဏီက ပေးဆောင်သည့် ဆားကုန် အကောက်ငွေအကျ ရွှေဒင်္ဂါးကို လက်ခံရမည် အခွန်ဝန် မှူလာအီဗျာဟင်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။[၁]

၁၈၇၄ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ ရန်ကုန်ခေါ် မီးသင်္ဘောတွင် အမြောက်တပ်နှင့် ဆိုင်သည့် စာရင်းပါ ကိရိယာများ သတိမေ့လျော့ ရွှေမြို့တော်ရောက် ပါလာသည်ဖြစ်၍ ၎င်းများကို တားဆီးမရှိ ပြန်ယူပါရအောင် ဆင့်ဆိုပါမည့်အကြောင်း။ (စာရင်း။)

---

## ၂၅၆ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အမိန့်တော်။

၁။ ။ ရန်ကုန်ခေါ် ကြားသင်္ဘောမှာ စစ်ကိရိယာများ သတိမေ့လျော့ ပါလာသည့်အပြစ်ကို ချမ်းသာ ကယ်မပါမည့်အကြောင်းနှင့် သင်္ဘောကိုယ်စားလှယ် ဆာဒလင်မက္ကင်စီက သံတော်ဦးတင်ချက်အတိုင်း အပြစ်မှ ချမ်းသာစေရမည့် အကြောင်းအရာ။

---

၁။ ၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် ဖြစ်မည်။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရန်ကုန်ခေါ် ကြားသင်္ဘောတွင် ပါလာ သိမ်းယူရှိသည့် စစ်ကိုရီယာများကို ပြန်ပေးစေ၊ ကိုယ်စားလှယ် ဆာဒလင်မက္ကင်စီကိုလည်း တစ်ကြိမ်တစ်ခါဖြစ်၍ အပြစ်မှ ချမ်းသာစေ အမိန့်တော်မြွက်အတိုင်း ပြန်ပေး ချမ်းသာစေကြောင်း၊ နောင် သည်ကဲ့သို့ မဖြစ်ရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၃။ ။ ၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့၊ ရန်ကုန်မြို့ အရေးပိုင်ကြီး ပေးစာ။ (အထက် ၂ မှတ်နှင့် အကြောင်းအရာ တူ။)

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၁]။

ကုလားရွှေတိုက်စိုးသို့ ဆင့်စာ။

၄။ ။ ရန်ကုန်ခေါ် သင်္ဘောတွင် ပါလာသည့် စစ်ကိုရီယာများကို မဟာမိတ်ဖြစ်သည်ကို ထောက်၍ အမိန့်တော် မြွက်နှင့် ပြန်အပ်သည့်အကြောင်း၊ သင်္ဘောကိုယ်စားလှယ်ကို အပြစ်မှ ချမ်းသာပေးတော်မူသည့် အကြောင်း စာကို အရေးပိုင်ကြီးထံ သွားရောက်ပေးပို့၊ စကားယုတ်လွန်မရှိ ပြောဆို၍ နေ့ရက်မကြာ အကြောင်းအရာ ကို တင်လျှောက်ရမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ရန်ကုန်ခေါ် သင်္ဘောတွင် မေ့လျော့ပါလာသည့် စစ်ကိုရီယာများ အကြောင်းနှင့် အရေးပိုင်ကြီးပေးရန် စာ၊ ကုလားဝန် ရွှေတိုက်စိုးသို့ ဆင့်ဆိုရန် စာများကို နေ့ရက်မကြာ ပေးပို့၍ အကြောင်းအရာကို စာပြန် မည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ရန်ကုန်ခေါ် သင်္ဘောတွင် ပါလာသည့် စစ်ကိုရီယာများ အကြောင်းနှင့် အရေးကြီးပေးစာ၊ ကုလားဝန် ရွှေတိုက်စိုးသို့ ဆင့်စာများကို ယခုနေ့ထွက် အီဒင်သင်္ဘောတွင် ပေးလိုက်ကြောင်း။ နောင် သည်ကဲ့သို့ လက်နက်ကိရိယာများ မပါ မရှိရအောင် ရန်ကုန်မြို့သို့ မှာထားရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့[၂]။

ကုလားဝန် ရွှေတိုက်စိုးက သံတော်ဦးတင်စာ။

၇။ ။ အထက်ကာလ ဘုန်းတော်ကြီးဘုရား ဝယ်ယူတော်မူသည့် သေနတ် ၁၅၀၀၀ ကို နိုင်ငံတော်သို့ သွင်းယူ စေကြောင်း၊ ယခု သေနတ် ၆ လက်မျှနှင့် ကိရိယာများ မှားယွင်းပါသည်ကို ဝန်ရှင်တော်မင်းကြီးများက အရေးမယူသင့်ကြောင်း၊ ၎င်းများကို ပြန်ပေးပါအောင် ရွှေတိုက်စိုးက သံတော်ဦးတင်မည့် အကြောင်း များနှင့် အရေးပိုင်ကြီး အီဒင်က ခေါ်၍ ပြောဆိုရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ အာလံမြို့ စောင်းလျားကျင်းရွာအနီး ပသီလူမျိုးစံများကို သတ်ဖြတ်သူ ငနီကို တစ်လကျော်ခန့်က တောင်းသည့်အရ ဆိုင်ရာ အစိုးရတို့က လျှောက်စာရောက်ထောက် သင့်ပြီဖြစ်၍ စာပြန်ပါမည့် အကြောင်း။

---

၁။ ၁၅ ဇူလိုင် ၁၈၇၄ ၂။ ၂၃ ဇူလိုင် ၁၈၇၄

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ တောင်တွင်းကြီးမြို့နယ် ကျေးရွာတွင် လူသတ် ငနီ ရှိနေလျှင် ရမိအောင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည် တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ မှာထားဆဲရှိ၍၊ လျှောက်ထားကာလမှ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့ ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၁၀။ ။ သစ်ခုတ်ကွင်းရွာ မိလေးအိမ်တွင် ငနီ၊ ငလှိုင်းတို့ မရှိမနေ။ ငရွှေပေါ် ဆိုသူသာ တွေ့ရှိ၍ မေးမြန်းရာ အာလံမြို့တွင် မြန်မာတစ်ယောက်ကို ရိုက်နှက် ထွက်ပြေးလာကြောင်း အစစ်ခံရှိ၍ ၎င်းကို အကျဉ်းထားပြီးလျှင် ၎င်းအစစ်ခံချက်၊ ၎င်းရွာသူကြီး၊ ရွာနေလူတို့ အစစ်ခံချက်များကို တင်ပို့ပါကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၃]။

သစ်ခုတ်ကွင်း ရွာသူကြီး ငတက်ခါး အစစ်ခံချက်။

၁၁။ ။ ကျေးရွာတွင် ငနီ၊ ငလှိုင်းတို့ မရှိမနေ။ မိလေးအိမ်တွင် ငရွှေပေါ် ဆိုသူသာ ရှိနေကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၃]။

မိလေး အစစ်ခံချက်။

၁၂။ ။ အိမ်တွင် ငနီ၊ ငလှိုင်းတို့ မရှိမနေ။ ငရွှေပေါ် ဆိုသူသာ သူရင်းငှား လုပ်ကိုင် နေထိုင်ပြီးနောက်၊ ယခု လယ်ရဲရွာတွင် ငရောက်သမီးနှင့် သင့်မြတ်နေထိုင်ရှိကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၃]။

လယ်ရဲရွာနေ ငရောက် အစစ်ခံချက်။

၁၃။ ။ သမီးနှင့် ငရွှေပေါ် သင့်မြတ်သည်ကို သဘောမတူ၍ နှင်ထုတ်လိုက်ကြောင်း။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

၎င်းရွာနေ ငရွှေပေါ် အစစ်ခံချက်။

၁၄။ ။ အာလံမြို့တွင် လူတစ်ယောက်ကို ရိုက်နှက် ထွက်ပြေးခဲ့၍ မိလေးအိမ်တွင် သူရင်းငှား လုပ်ကိုင်နေထိုင်ကြောင်း၊ လယ်ရဲရွာနေ ဆရာရောက် သမီးနှင့် သင့်မြတ်နေထိုင်ကြောင်း၊ ရိုက်နှက်ခဲ့လူမှာ မြန်မာလူမျိုးဖြစ်ကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ တောင်တွင်းကြီးမြို့ စီရင်စု၊ သစ်ခုတ်ကွင်းရွာနေ မိလေးကို စစ်မေးရာ အိမ်တွင် ငနီ၊ ငလှိုင်းတို့ မရှိမနေပါ အစစ်ခံ ထွက်ဆိုရှိကြောင်းနှင့် တောင်တွင်းကြီးမြို့ ဝန်ထောက်က လျှောက်ထားရှိကြောင်း။

တောင်တွင်းကြီးမြို့ ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၁၆။ ။ သစ်ခုတ်ကွင်းရွာ မိလေးအိမ်တွင် ငနီ စစ်မေးစဉ် ငနီ မရှိမနေ၊ ငရွှေပေါ် ဖြစ်ကြောင်း အစစ်ခံရှိ၍ ချုပ်ထားသူ ငရွှေပေါ်ကို ပို့အပ်ပါကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း၊ ၃ ရက်နေ့[၄]။

ငရွှေပေါ်ခေါ် ငနီ အစစ်ခံချက်။

၁၇။ ။ ကျွန်တော် ဆင်ပေါင်ဝဲရွာဇာတိ၊ ယခု သစ်ခုတ်ကွင်းရွာတွင်နေ၊ ၅ နှစ်ခန့်အတွင်း အောက်မြို့ကျေးရွာများသို့ မသွားမရောက်ဖူးကြောင်း၊ ပသီလူမျိုးစံများ သတ်မှုတွင် သက်ာမကင်းကြောင်း ထွက်ဆိုသူတို့နှင့် တိုက်ဆိုင် ရှင်းလင်းဝံ့ကြောင်း။

---

၁။ ၂၉ ဇူလိုင် ၁၈၇၄ ၂။ ၅ ဩဂုတ် ၁၈၇၄ ၃။ ၅ ဇွန် ၁၈၇၄ ၄။ ၈ မေ ၁၈၇၅

**၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ တောင်တွင်းကြီးမြို့ ဝန်ထောက်က ပို့ရောက်သူ ငနီကို စစ်မေးရာ ၅ နှစ်အတွင်း အောက်မြို့ကျေးရွာသို့ မသွားမရောက်ကြောင်း၊ စံများကို လှိုင်းနှင့် ပေါင်းသင်း မသတ်မဖြတ်ကြောင်း၊ အစစ်ခံရင်းသူတို့နှင့် တိုက်ဆိုင် စစ်မေးခံဝံ့ကြောင်းများနှင့် လျှောက်ထားရှိ၍ အစစ်ခံရင်းသူတို့ကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

**၁၂၃၇ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့။**

**၁၈၇၅ ခု၊ ဇွန်လ ၁၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ ငနီကို တပ်ရာသိသူတို့ လာရောက်ရှိ၍ မည်သည့်နေ့ တိုက်ဆိုင်ရန် ခင်ယင်နိုင်မည်ကို စာပြန်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ငနီကို တပ်ရာသိသူတို့ကို နယုန်လပြည့်ကျော် ၁ ရက်နေ့၊ နံနက် လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

---

## ၂၅၇ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့။**

**၁၈၇၅ ခု၊ ဇူလိုင်လ ၈ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ငနီကို သိသူတို့နှင့် တိုက်ဆိုင်မေးမြန်း၍ အကြောင်းအရာကို စာပြန်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငနီသည် စံများကို မသတ်မဖြတ်ရပါ ကန့်ကွက်သော်လည်း သက်သေတို့ ထွက်ချက်အရ ငနီအမည် မှန်သည် တစ်ချက်၊ လှိုင်းတို့နှင့် ပေါင်းသင်းသူ မှန်သည် တစ်ချက်များကြောင့် ကျောက်တိုင် တောင်ဘက်တွင် သိသူတို့နှင့် ထပ်မံစစ်မေးရန် ငနီကို အလိုရှိ၍ စာပေးတောင်းကာလ ပို့အပ်မည့်အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။**

**၁၈၇၅ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့။**

၃။ ။ အာလံမြို့ ပသီလူမျိုး စံများကိုသတ်သူ လှိုင်း ခိုဝင်ရှိနေသည့် ၃ မြေဆုံရွာ ဆိုသည်မှာ စကုမြို့ အဝင် ဖြစ်၍ ဆင့်ဆိုဖမ်းဆီး ပို့အပ်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ နိုင်ငံတော် စကုမြို့၊ ၃ မြေဆုံရွာတွင် လူသတ် လှိုင်း ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ မရှိမနေ လျှင် အကြောင်းအရာကို လျှောက်ထားရမည်၊ စကုမြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့။**

စကုမြို့ဝန်သို့ ပေးမှာစာ။

၅။ ။ ဝန်စုပါ ၃ မြေဆုံရွာတွင် ကျောက်တိုင်တောင်ဘက်က ပသီလူမျိုးစံများကို သတ်ဖြတ်ထွက်ပြေးလာသူ

---

၁။ ၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက် (၁၉ ဧပြီ ၁၈၇၅) ဖြစ်မည်။

လှိုင်း ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ လူသတ်ငနီကို ဆောင်ယူမည့် ပုလိပ်သားတို့ လာရောက်မှ ပို့ပါမည့်အကြောင်း၊ ၎င်းပုလိပ်များတွင် ပါသည့် လက်နက်များကို မင်းလှကင်းတော်က တားဆီးမရှိအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကျောက်တိုင် တောင်ဘက်၊ မြောက်ဘက် အပြန်အလှန် လူဆိုးများ ပေးအပ်ရာ လက်နက်များနှင့် ဆောင်ယူမြဲ ထုံးစံမရှိ၍ ငနီကိုလည်း အထက်လူများကို ကျောက်တိုင် တောင်ဘက်သို့ ပို့အပ်သည့်နည်း ပို့အပ်ရန် ပို့လာစေမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ငနီကို ပို့စေရန် လူမရှိ၍ ပုလိပ်အမှုထမ်းတို့ကို မှာထားရကြောင်း၊ ၎င်းလူတို့ ရောက်ကာလ သဘော မှာသာ နေစေပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ငနီကို ဆောင်ယူမည့် ပုလိပ်များတွင် သေနတ်လက်နက် မပါလျှင် တားဆီးမရှိ ဆန့်တက်စေရမည် အောက်မြစ်စဉ် စစ်ကဲသို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ မြေထဲမြို့ ပသီလူမျိုး စံများကို သတ်ရာပါ ငနီကို ယခုနေ့ ပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ငနီကို ပို့အပ်လာစေကြောင်း၊ မေးမြန်း၍ ပသီလူမျိုး စံများကို သတ်သူ မဟုတ်လျှင် လွှတ်တော်သို့ ပြန်ပို့မည့်အကြောင်း၊ မှန်လျှင် အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၈ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၂။ ။ ပသီလူမျိုး စံများကို သတ်ရာပါ လှိုင်း ပုပ္ပားမြို့တွင် ခိုဝင်နေကြောင်း ထပ်မံထောက်လှမ်း ကြားသိရ၍ မြို့ရှင်ရွာရှင်တို့ကို ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ လူသတ် လှိုင်း ဝန်စုပါနယ်တွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည် ပုဂံမြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

---

၁။ ၁၁ ဩဂုတ် ၁၈၇၅ ၂။ ၂၀ ဇန်နဝါရီ ၁၈၇၆

၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၀ ရက်နေ့[၁]။

ပုဂံမြို့ဝန်သို့ ပေးမှာစာ။

၁၄။ ။ ပသီလူမျိုးစံများကို သတ်၍ ကျောက်တိုင်တောင်ဘက်က ထွက်ပြေးခိုဝင်လာသူ လှိုင်း ပုပ္ပားမြို့တွင် ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့အပ်ရမည့် အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ မဂိုလူမျိုး မရှဒီမေဒီက သားငယ်နှင့် အောက်မြို့ကျေးရွာသို့ သွားမည် သင်္ဘောသို့ဆင်းရာ၊ သစ်တောဝန် ဆရာဝန် မာဘီက မိစာ တိုင်ချက်အရ သားငယ်ကို ပေးရမည် လူအများနှင့် ဝန်းဝိုင်းရိုက်နှက် အနာတရ ပြုလုပ်မှုကို နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့။

လွှတ်တော်တွင် မဂိုကုန်သည်တို့ လျှောက်ချက်။

၁၆။ ။ မိစာ တိုင်ချက်အရဆို၍ သင်္ဘောတွင် ကုန်သည် မရှဒီမေဒီကို ကျိုးယုတ်ရှက်ရ ပြုလုပ် ခေါ်ငင်ချုပ်ထား၊ မရှဒီမေဒီပိုင် ပစ္စည်းများကိုလည်း သိမ်းယူသူ သစ်တောဝန်မာဘီနှင့် မှန်ရာ ဖြစ်ပါရမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ သစ်တောဝန် မာဘီနှင့် မရှဒီမေဒီတို့ ဖြစ်ပွားမှုကို လွှတ်တော်တွင် လျှောက်ထားရှိ၍ စစ်မေးဆဲရှိကြောင်း၊ ၎င်းအမှု မပြီးပြတ်မီ အောက်မြို့ကျေးရွာသို့ မရှဒီမေဒီ အလိုက်အသွား မရှိရအောင် ဆင့်ဆိုမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ မရှဒီမေဒီနှင့် သစ်တောဝန်တို့ ဖြစ်ပွားမှုအကြောင်းကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ မရှဒီမေဒီတို့ အမှုတွင် အမှုသည်တို့ လဲလျှောက်ချက်အရ နိုင်ငံထုံးစံအတိုင်း နှစ်ဦးနှစ်ဖက်ဆိုရန် ထုတ်နုတ်သည့်အချုပ်၊ ကောက်တော်မူချက်များကို သဘောတူ လက်ဖက်လှမ်းစားကြ၍ ၎င်းအချုပ် ကောက်တော်မူချက်များကို ပေးပို့လိုက်ကြောင်း။

မရှဒီမေဒီ ဆိုရန် အချုပ်။

(က) သစ်တောဝန်က လက်သီးနှင့် ထိုးသည်၊ ၎င်းလူတို့ကလည်း ချည်နှောင်ထောင်းထုသည် မှန်သည်၊ ၎င်းလူများကို ကျွန်တော်က ခြေနှင့် မကျောက်မကန်၊ မထိုးမသတ်ပါ၊ မှန်ပါသည်။

ဘိုးသက် ဆိုရန် အချုပ်။

(ခ) သစ်တောဝန်မင်းက လက်သီးနှင့် ထိုးသတ်သည်ကို မမြင်၊ မရှဒီမေဒီကသာ ကျွန်တော်ကို ခြေနှင့် ကျောက်ကန်သည် မှန်သည်။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၄]။

ကောက်တော်မူချက်။

(ဂ) မရှဒီမေဒီက အချုပ်အတိုင်း ကျမ်းကိုင်ဆိုဝံ့လျှင် သစ်တောဝန်က ငွေ ၁၅ဝ လျော်စေ။ ဘိုးသက်က

---

၁။ ၅ ဇန်နဝါရီ ၁၈၇၆ ၂။ ၅ ဩဂုတ် ၁၈၇၄ ၃။ ၁၅ ဩဂုတ် ၁၈၇၄ ၄။ ၈ ဩဂုတ် ၁၈၇၄

အချုပ်အတိုင်း ကျမ်းကျိန်ဆိုဝံ့လျှင် မရှဒီမေဒီက ငွေ ဖိုဝိ လျော်စေ၊ သိမ်းယူ ဆိုသည့် ပစ္စည်းများမှာ မရှဒီမေဒီသို့ ပေးအပ်စေ၊ ကျန်သည်ဆိုလျှင် အပ်ရင်း ကပ္ပိတန်ရောက်မှ စုံညီ တစ်ခန်းရှင်းလင်းစေ။ သားငယ်မှာ အရွယ်မရောက်မီ အဘက စရိတ်ပေး၍ အမိက ကျွေးမွေးပြုစုစေ။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

၂၀။ ။ သစ်တောဝန် မာဘိ သိမ်းယူသည့် မရှဒီမေဒီ ပစ္စည်းများကို လွှတ်တော်တွင် မရှဒီမေဒီသို့ ပေးအပ်သည့် အမှတ်အသား။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ မရှဒီမေဒီကို ကျိုးယုတ်ရက်ရ ပြုလုပ်သူတို့ကို ထိုက်သက်ရာ စီရင်သင့်ကြောင်း၊ ၎င်းသို့ ပေးလျော်ရန် ငွေကို မရှဒီမေဒီသို့ ဖြစ်စေ၊ အရေးပိုင်မင်းထံ ဖြစ်စေ ပေးစေလိုကြောင်း။ နောင် သည်ကဲ့သို့ မဖြစ်ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည့်အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ မရှဒီမေဒီတို့ အမှု ကောက်တော်မူချက်များကို အရေးပိုင်မင်းထံ ပို့ပြီးဖြစ်ကြောင်း၊ ကျမ်းမကျိန်ဘဲ သဘောတူ ပြေငြိမ်းလျှင် ပြေစာ တင်ပြလျှောက်ထားပါမည်၊ မပြေမငြိမ်းလျှင် ကျမ်းကျိန်ဆိုပါမည် မရှဒီမေဒီက လျှောက်ထားရှိကြောင်း။ ကောက်တော်မူချက်အတိုင်း မရှဒီမေဒီ ကျမ်းကျိန်ဆို ပြီးပြေလျှင် သစ်တောဝန်က ပေးလျော်ရန်ငွေကို အရေးပိုင်မင်းထံ ပို့လာစေမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့။

မရှဒီမေဒီက လက်မှတ်ထိုး လျှောက်စာ။

၂၃။ ။ ကျွန်တော်နှင့် သစ်တောဝန်တို့ ဖြစ်ပွားမှုမှာ ကျမ်းအကျိန်အဆို ကြေးငွေ အပေးအလျော် မရှိ၊ အချင်းချင်း ပြေငြိမ်းကြကြောင်း။

---

## ၂၅၈ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ မရှဒီမေဒီနှင့် သစ်တောဝန် မာဘိတို့ အမှုမှာ အချင်းချင်း ပြေငြိမ်းပြီးပြတ်ရှိကြောင်းနှင့် မရှဒီမေဒီက လက်မှတ်ရေးထိုး လျှောက်ထားရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်ကြီးသို့ ပေးစာ။

၂။ ။ ရန်ကုန်မြို့တွင် ကုန်တော်မှုနှင့် ထမ်းရွက်နေထိုင်စေသူ သူဌေး မဟာသိရိဘောဂသာရနှင့် လဲလှယ် ထမ်းရွက်စေမည် စေလွှတ်သူ နန်းမတော်ဘုရား စာရေးတော်ကြီး မင်းကျော်ရာဇာကို ကြည့်ရှုပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

ကင်းဝန်မင်းကြီးက အရေးပိုင်သို့ ပေးစာ။

၃။ ။ ရန်ကုန်မြို့တွင် ကုန်တော်မှုနှင့် ထမ်းရွက်နေထိုင်သူ သူဌေးနှင့် လဲလှယ်ထမ်းရွက်စေမည် စေလွှတ်သူ

---

၁။ ၂၉ ဇူလိုင် ၁၈၇၄ ၂။ ၁၇ ဩဂုတ် ၁၈၇၄ ဖြစ်မည် ၃။ ၁၀ ဩဂုတ် ၁၈၇၄

နန်းမတော်ဘုရား စာရေးတော်ကြီးကို ကြည့်ရှုပါမည့် အကြောင်းနှင့် အရေးပိုင်ကြီးထံ ပေးရန်စာကို ပေးပို့၍၊ မည်သည့်နေ့ရက် ပို့သည် စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ နွားရေကုန်များကို ဗန်းမော်မြို့က တစ်တန်၊ ရတနာပုံက တစ်တန် ကောက်ကြောင်း။ ကြက်ပေါင်စေးများကိုလည်း အမိန့်တော်နှင့်ဆို၍ ဟင်ဒရီက တားဆီး မထုတ်မယူရကြောင်းများနှင့် တရုတ်ကုန်သည် စင်ဟို ကုမ္ပဏီက လျှောက်ထားရှိ၍၊ ထုံးစံ ဥပဒေအတိုင်း ဖြစ်ရအောင် ဆင့်ဆို၍ ပိုမိုယူမိငွေများကို ပြန်ပေးစေပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၁]။

ဒေးဝန်း အကောက်စာရေး ငဘိုးမောင် မေးချက်။

၅။ ။ တရုတ်ပြည်ကျ ကုန်များမှာ ဗန်းမော်မြို့တွင် ရောင်းချလျှင် ဗန်းမော်မြို့ အကောက်အုပ်က ကောက်ခံကြောင်း၊ စုန်မျှောလျှင် မျှောစာလက်မှတ်သာ ပေးအပ်မြဲဖြစ်ကြောင်း၊ ယခု ဆိုက်ရောက်သည့် နွားရေကုန်များကို ၅ ခိုင်သင့်သာ ကောက်ခံကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၁]။

အရေးပိုင်သို့ ပေးစာ။

၆။ ။ တရုတ်ကုန်သည် စင်ဟိုကုမ္ပဏီတို့ နွားရေကုန်တွင် ဗန်းမော်မြို့က ကောက်ခံပြီးဖြစ်လျက် ထပ်မံကောက်သည် မှန် မမှန် မေးမြန်းဆင့်ဆိုမည့် အကြောင်း၊ ကြက်ပေါင်စေးများမှာ ဘဏ္ဍာတော်ဖြစ်၍ ဆင်းရဲသားတို့ မဝယ်ခြမ်း မထုတ်ယူရကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၇။ ။ တရုတ်ကုန်သည် စင်ဟို ကုမ္ပဏီပိုင် နွားရေကုန်ကို ဗန်းမော်မြို့ အကောက်အုပ်က ကောက်ခံသည် မှန် မမှန် မေးမြန်းလျှောက်ထားရမည့်အကြောင်း။ ဝန်စုပါအတွင်း ပေါက်ရောက်ထွက်ရှိသည့် ညောင်၊ ကြက်ပေါင်စေးများကို ငွေတော်ပေးအပ် လုပ်ဆောင်သူတို့ပြင် အခြားသူတို့ လုပ်ဆောင်မရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အပဒူဟူဆင်က မိုးကောင်းမြို့နယ်တွင် ဝယ်ယူပြီး ကြက်ပေါင်စေးများကို မထုတ်မယူရ မြို့ဝန်အရာရှိတို့က တားဆီးကြောင်း လျှောက်ထားရှိ၍ ကုန်သည်တို့ မနာမကြည်းရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကြက်ပေါင်စေး ဝယ်ယူသူ အပဒူဟူဆင်ကို ဆင့်ဆိုမေးမြန်းသာအောင် စေလွှတ်မည့်အကြောင်း၊ ရောက်ကာလ မေးမြန်း၍ နေရာကျ ပြုလုပ်မည့်အကြောင်း။

---

၁။ ၁၅ ဩဂုတ် ၁၈၇၄

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ အပဒူဟူဆင်က မိုးကောင်းမြို့နယ်တွင် ဝယ်ယူပြီး ကြက်ပေါင်စေးများ ထုတ်ယူနိုင်ရန် ထပ်မံလျှောက်ထားရှိပါ၍ နေရာကျ ဆင့်ဆိုမည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ စင်ဟို ကုမ္ပဏီ၊ အပဒူဟူဆင်တို့ ကြက်ပေါင်စေး အကြောင်းနှင့် အရေးပိုင်မင်း ပေးစာများအရ ပြန်စာပေးရှိကြောင်း။ ကြက်ပေါင်စေးများမှာ ဘဏ္ဍာတော် ဖြစ်သည် အရေးပိုင်မင်း အသိဖြစ်၍ ထုတ်ယူခွင့်မပေးနိုင်ကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၆ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အပဒူဟူဆင်က ကြက်ပေါင်စေးများမှာ ဘဏ္ဍာတော် မပြုလုပ်မီ ဝယ်ယူသည်ဖြစ်၍ ထုတ်ယူရန် ထပ်မံလျှောက်ထား ရှိပါသောကြောင့် နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကြက်ပေါင်စေးများမှာ ဘဏ္ဍာတော်ဖြစ်၍ ရောင်းသူဝယ်သူတို့ အလျောက် ရှင်းလင်းစေသင့်သော်လည်း ကျကုန်သမျှငွေကို ပေးကမ်းမည်ဖြစ်၍ အပဒူဟူဆင်ကိုသာ လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၄။ ။ အာစင်ကာစင်နာနာက ကြက်ပေါင်စေးများကို မိုးကောင်းမြို့မှ ရွှေမြို့တော်သို့ ဆောင်ယူပါရမည့်အကြောင်း၊ ကုန်တော်ဖြစ်၍ မရောင်းရလျှင် အဖိုးငွေကို ရလိုကြောင်းများနှင့် လျှောက်ထားရှိ၍ မှန်လျှင်နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မိုးကောင်းမြို့ရှိ အာစင်ကာစင်နာနာ ကြက်ပေါင်စေးများကို ရွှေမြို့တော်သို့ မဆောင်မယူဘဲ မိုးကောင်းမြို့ဝန်ထံတွင်သာ ချိန်တွယ်ပေးအပ်စေမည့်အကြောင်း၊ ဝယ်ယူရင်း အဖိုးငွေကို ပေးမည်ဖြစ်၍ အာစင်ကာစင်နာနာကို စာရင်းနှင့်တကွ လွှတ်တော်သို့ စေလွှတ်တင်ပို့မည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ တရုတ်ကုန်သည် စင်ဟို ကုမ္ပဏီပိုင် ဗန်းမော်မြို့၊ မိုးကောင်းမြို့များတွင်ရှိ ကြက်ပေါင်စေးကုန်များကို ထုတ်ယူပါရအောင် နေရာကျ ပြုလုပ်လိမ့်မည် မျှော်လင့်ကြောင်း။

---

၁။ ၁၀ နိုဝင်ဘာ ၁၈၇၄ ၂။ ၁၆ နိုဝင်ဘာ ၁၈၇၄ ဖြစ်မည်။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ကြက်ပေါင်စေးမှာ ဘဏ္ဍာတော်ဖြစ်၍ ဝယ်ယူသူ တရုတ်ကုန်သည် စင်ဟို ကုမ္ပဏီကို မေးမြန်းရန် လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့[၂]။

အရေးပိုင်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁၈။ ။မိုးကောင်းမြို့နယ်အတွင်း အင်္ဂလိပ် ကျွန်တော်မျိုး စစ်ကဲဒါ ဝယ်ယူထားသည့် ကြက်ပေါင်စေးများကို အလိုရှိရာ ထုတ်ယူစေပါမည့် အကြောင်း။ ။

၁။ ၂၇ နိုဝင်ဘာ ၁၈၇၄ ၂။ ၁၀ ဇန်နဝါရီ ၁၈၇၆ ဖြစ်မည်။

## ဒုတိယတွဲ

### ၂၅၉ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မဏိပူရနယ်မြေနှင့် နိုင်ငံတော်နယ်မြေ ပိုင်းခြားသတ်မှတ်ရန် နတ်တော်၊ ပြာသိုလအတွင်း မည်သည့် အရာရှိကို စေလွှတ်မည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မဏိပူရနယ်၊ မြန်မာနယ် အပိုင်းအခြားမှာ ၁၁၉၅ ခုနှစ်က အင်္ဂလိပ်အစိုးရ၊ မြန်မာအစိုးရတို့ စုံညီ မှတ်သားပိုင်းခြားပြီးဖြစ်၍ အသစ်မှတ်သားရန် မရှိကြောင်း၊ တစ်နယ်နှင့်တစ်နယ် မကျူးမလွန်ရအောင်သာ နယ်စပ်တွင် ခန့်ထားသည့် အရာရှိတို့ကို ဆင့်ဆိုမည့်အကြောင်း၊ အင်္ဂလိပ် အစိုးရမင်းတို့ကလည်း ဆင့် ဆိုမည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကြက်ပေါင်စေးမှာ ဘဏ္ဍာတော်ဖြစ်ကြောင်း မသိမီ ကြက်ပေါင်စေး ဝယ်ယူမိသူ စစ်ကံဒါကို ငွေတော် ပေးကမ်း သနားတော်မြတ် ခံစေမည် ဖြစ်၍ လွှတ်တော်သို့ လာရောက်စေမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

၁၈၇၆ ခု၊ မတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ကုန်တော် မပြုမလုပ်မီ ဗန်းမော် ၄ မြို့၊ မိုးကောင်းမြို့နယ်များတွင် ဝယ်ယူမိ ကြက်ပေါင်စေးများကို ထုတ်ယူရမည့် အကြောင်းနှင့် အစုမဟာမတ်က လျှောက်ထားရှိ၍ လျှောက်ချက်အတိုင်း မှန်လျှင် အလိုရှိရာ ထုတ်ယူစေမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ကြက်ပေါင်စေးများကို ကုန်တော်ဖြစ်ကြောင်း မသိမီ၊ အစုမဟာမတ် ဝယ်ယူသည်မှန်လျှင် မနာမကြည်း စေရအောင် နေရာကျမေးမြန်း ပြုလုပ်မည့်အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့။

၁၈၇၆ ခု၊ ဧပြီလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ဥပဒေမပြုမလုပ်မီ ဗန်းမော် ၄ မြို့အတွင်း ကြက်ပေါင်စေးများကို အင်္ဂလိပ် ကျွန်တော်မျိုး အပဒူမာမက် ဝယ်ယူထားသည် မှန်လျှင် အလိုရှိရာ ထုတ်ယူစေမည့် အကြောင်း။

---

၁။ ၁၅ ဩဂုတ် ၁၈၇၄ ၂။ ၁၅ ဇန်နဝါရီ ၁၈၇၆ ၃။ ၂၂ မတ် ၁၈၇၆

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကြက်ပေါင်စေး၀ယ်သည့် ကုန်သည်တို့ကို ဥပဒေ မပြုမလုပ်မီက ၀ယ်ယူသည်မှန်လျှင် မနှာမကြည်းစေရ၊ နေရာကျပြုလုပ်မည် ဖြစ်၍ အပဒူမာမက်ကို လွှတ်တော်သို့ လာရောက်စေမည့် အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကြက်ပေါင်စေး ၀ယ်ယူသည့် ကုန်သည်တို့ကို အရေးပိုင်မင်း ပေးစာအတိုင်း မဟာမိတ်ဖြစ်သည်ကို ထောက်၍ ထုတ်ယူစေသည့်အကြောင်း၊ နောင် ထုတ်ယူရန် အခွင့်မပေးနိုင်ကြောင်း။

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ မဏိပူရ အစိုးရတို့က အထက် နယ်နိမိတ် သတ်မှတ်ရာ ပါရှိသည့် (ပင်ဘေတန်လိုင်) ခေါ် မဟာနာလ လမ်းဟောင်းကို အလိုရှိသည့်အတိုင်း သဘောကျ၍ မြန်မာအစိုးရတို့က သဘောကျ မကျကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မဏိပူရနယ်မြေနှင့် နိုင်ငံတော်နယ် အပိုင်းအခြားစာချုပ် အမှတ်အသားဟောင်းတွင် (ပင်ဘေတန်လိုင်) ခေါ် မဟာနာလ လမ်းဟောင်း မပါမရှိ၍ သဘောကျရန် မရှိကြောင်း။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ နိုင်ငံတော်နှင့် မဏိပူရနယ်မြေ အပိုင်းအခြား မြေပုံ အမှတ်အသားများကို ပေးပို့မည် ဆိုသည့်အတိုင်း ပေးပို့မည့်အကြောင်း။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ နိုင်ငံတော်နှင့် မဏိပူရနယ်မြေ အပိုင်းအခြား မြေပုံ အမှတ်အသားများကို အသေအချာ ပုံစံရေးသား လျှောက်ထားရမည် တမူး ခန်းပတ်မြို့ဝန်သို့ မှာထားဆဲရှိကြောင်း၊ ပို့ရောက်ကာလ ပေးပို့မည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့ (ရောက်)။

သောင်သွပ်စော်ဘွားက တင်လျှောက်စာ။

၁၃။ ။ ကသည်း စစ်ဗာရီတို့ ဘွားစုပါနယ် ကျေးရွာများသို့ ဝင်ရောက်တိုက်ခိုက်၊ လူ ၄၅ သေဆုံးရှိ၍ ကုလားဗိုလ်တို့နှင့် နေရာကျပြောဆိုရန် အမတ်စောခန်းကို စေလွှတ်ပြောဆိုစေရာ၊ နေရာမကျ မပြေမလည် ပြန်သွားနောက်၊ ရွှေဘွားတော်အောက်ရှိ အင်္ဂလိပ် အရေးပိုင်နှင့်သာ ပြောဆိုပါတော့ စကားပြန် ဆေင့်ကို စေလွှတ်ပြောဆိုလာကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ နိုင်ငံတော် အစွန်အဖျား ကျေးရွာများကို ကသည်း စစ်ဗာရီတို့ ဝင်ရောက်တိုက်ခိုက်၊ လူ ၄၅ ဦး သေဆုံးရှိကြောင်း သောင်သွပ်စော်ဘွားက လျှောက်ထားရှိ၍ ၎င်းအမှုကို နေရာကျ ပြုလုပ်မည့်အကြောင်း။

---

၁။ ၁ ဇူလိုင် ၁၈၇၆ ၂။ ၂၆ ဇန်နဝါရီ ၁၈၇၅ ဖြစ်မည်။ ၃။ ၁၆ ဖေဖော်ဝါရီ ၁၈၇၅ ဖြစ်မည်။ ၄။ ၂၁ ဧပြီ ၁၈၇၄

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

တမူးခန်းပတ် နတ်ကျွန်းအောင်မြေ မြို့ဝန်၊ ကင်းတပ်မှူးတို့က လျှောက်စာ။

၁၅။ ။ မဏိပူရ ကသည်းနယ်နှင့် နိုင်ငံတော်နယ်စပ် မြို့ရွာအခြေအနေ၊ တောတောင်ခရီးတိုင်ကွာ အရပ်ရပ်များကို ချင်းနင်းတိုင်းတာ၍ ပုံစံရေးသား လျှောက်ထားတင်ပို့ကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မဏိပူရနယ်နှင့် နိုင်ငံတော်နယ်မြေ အစပ်များကို ပုံစံရေးသား တင်ပို့သည့်အတိုင်း လက်ခံရေးသား ပေးပို့လာစေကြောင်း၊ ၎င်းနယ်မြေ အပိုင်းအခြားမှာ ၁၁၉၅ ခုနှစ်က နှစ်ဖက်အစိုးရစုံညီ နယ်မြေ အပိုင်းအခြား ချုပ်ဆိုကြသည့် စာချုပ်ကို ကျူးလွန်ပိုမို ပြောဆိုနိုင်ရန် မရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၁]။

၁၈၇၅ ခု၊ မေလ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ မဏိပူရက စစ်ဗာရီတို့ ဝင်ရောက်တိုက်ခိုက်ကြောင်းနှင့် စာပေးရှိသည်မှာ မဏိပူရမြို့ စစ်ဗာရီများ မဟုတ်၊ မည်သည့်သူများ ဖြစ်သည်ကို ထောက်လှမ်းဆဲရှိကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့။

သောင်သွပ်စော်ဘွား၊ အမတ်တို့က လျှောက်စာ။

၁၈။ ။ ဘွားစားပါ ကျေးရွာများ တိုက်ခိုက်သူတို့ကို ထောက်လှမ်းစေရာ ဟူမိုင်းရွာမှာ လူခေါင်း ၄၀ ကျော် ဆွဲထား၊ အမျိုးဘာသာပွဲလမ်း ပြုလုပ်သည်ကို တွေ့မြင်ခဲ့ရကြောင်း၊ မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်တို့ လည်း ၎င်းအမှုကို ပြီးပြတ်အောင် မပြောမဆိုနိုင်ကြောင်းနှင့် စကားပြန် ဆော့ကို စေလွှတ် စာပေးပို့ ရှိကြောင်း၊ ၎င်းစာကို တင်ပို့ပါကြောင်း။

၁၂၃၆ ခု၊ တန်ခူးလဆန်း ၆ ရက်နေ့[၂]။

၁၈၇၅ ခု၊ ဧပြီလ ၉ ရက်နေ့။

မဏိပူရမြို့ရှိ အင်္ဂလိပ်ဗိုလ်က သောင်သွပ်စော်ဘွား ပေးစာ။

၁၉။ ။ လူ ၄၅ သေဆုံးမှုတွင် ရွာသူကြီးများ မေးရာ တပ်ရာသေချာ မထွက်ဆိုနိုင်၍ မစီရင်နိုင်ကြောင်း၊ မြန်မာနိုင်ငံတော်အနီးသို့ ချင်းများ စေလွှတ်သည့်အရာ မသင့်ကြောင်း၊ နောင်ကို မတိုင်မကြားဘဲ နိုင်ငံတော်အနီးသို့ မသွားမလာစေရ တားမြစ်ရန် အကြောင်းများကို မဏိပူရ မဟာရာဇာကို ပြောမည့် အကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ သက်သက်ပေးစာ။

၂၀။ ။ သောင်သွပ်မြို့ စီရင်စု၊ နံပြီးချင်းရွာကို ကသည်းစစ်ဗာရီ၊ မဏိပူရနယ်နေ ချင်းတို့ အကြိမ်ကြိမ် ဝင်ရောက် တိုက်ခိုက် ပစ္စည်းသိမ်းယူမှု၊ လူ ၄၅ ကို သတ်မှုများကို အရေးပိုင်မင်းက စစ်ဆေးမေးမြန်း နေရာကျ ပြုလုပ်၍ စာပြန်မည့်အကြောင်း။

၁၂၄၀ ခု၊ ဝါဆိုလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ မဏိပူရနယ်တွင်းနေ ခေါင်ဆယ်ချင်းတို့ နိုင်ငံတော် သောင်သွပ်မြို့နယ် ချင်းရွာသို့ ၃ ကြိမ် ၃ တန် ဝင်ရောက်တိုက်ခိုက်။ ပစ္စည်း၊ လူအများအပြား ပျက်စီးသေဆုံးရှိသည့် အမှုများကို ဘုရင်ခံမင်းက မည်သို့ စစ်ဆေးမေးမြန်း ပြုလုပ်သည်ကို စာပြန်မည့်အကြောင်း။

---

၁။ ၁၂၃၇ ခု၊ ကဆုန်လဆန်း ၃ ရက် ဖြစ်မည်။ ၂။ ၁၂၃၆ ခု၊ တန်ခူးလဆန်း ၄ ရက် ဖြစ်မည်။ ၃။ ၂၁ စက်တင်ဘာ ၁၈၇၅

## ၂၆၀ မှတ် ပုရပိုက်ထွက်။

**၁၂၃၉ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[1]။**

**အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။**

၁။ ။ မဏိပူရမြို့ မဟာရာဇာနှင့် အင်္ဂလိပ်ဗိုလ်တို့က နိုင်ငံတော် သောင်သွပ်မြို့ကို နိုင်နင်းအောင် တိုက်ခိုက်မည် လူ လက်နက် စည်းကြပ်ကြောင်း၊ ရှမ်းမြန်မာလူမျိုး ကုန်သည်တို့ မဏိပူရမြို့သို့ ဝင်ထွက်သွားလာ မရှိစေရကြောင်း သောင်သွပ်မြို့ ဂိုဏ်းထောက်ဆရာတော်က မေတ္တာစာဆက်သွင်း၊ မဏိပူရမြို့က ပြန်ရောက်သူတို့လည်း ထွက်ဆိုကြားသိရ၍ ၎င်းသွင်းစာ၊ ထွက်ဆိုချက်များကို အရေးပိုင်ကြီး သိရန် ပို့ကြောင်း။ သောင်သွပ်စော်ဘွားကြီးကို ကောင်းကန်ဌာနာ တိုက်ခိုက်မှု မေးမြန်းရန် ရွှေဘွားတော်အောက်သို့ ခေါ်ယူဆဲရှိကြောင်း။

**၁၂၃၉ ခု၊ တပေါင်းလဆန်း ၁၃ ရက်နေ့။**

**၁၈၇၇ ခု၊ မတ်လ ၁၂ ရက်နေ့[2]။**

**အင်္ဂလိပ် အရေးပိုင်က ပေးစာ။**

၂။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာသို့ သောင်သွပ်မြို့က မြန်မာ လူ ၁၀၀ ခန့် ဝင်ရောက်တိုက်ခိုက်၊ အစောင့်အနေ လူ ၈ ယောက် သေဆုံးရှိကြောင်း။ ၎င်းတိုက်ခိုက်သည်မှာ သောင်သွပ်စော်ဘွားက ခိုင်းသည် ထင်ကြောင်းနှင့် မဏိပူရမြို့ရှိ အရေးပိုင်က စာပေးပို့ရှိကြောင်း။ မဏိပူရက သောင်သွပ်မြို့သို့ ဝင်ရောက်တိုက်ခိုက်သည့် အကြောင်းကို စစ်ဆေးရမည် ဆင့်ဆိုရှိကြောင်း။ နှစ်ဦးနှစ်ဖက် မေးမြန်းစစ်ဆေးဆဲအတွင်း ထပ်မံတိုက်ခိုက် မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

**၁၂၄၀ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[3]။**

**သောင်သွပ်စော်ဘွား ထွက်ဆိုချက်။**

၃။ ။ ဘွားစုပါ ကျေးရွာများတွင် ချင်းတို့ အကြိမ်ကြိမ် တိုက်ခိုက်နှောင့်ယှက်၊ လူပစ္စည်း ဆုံးရှုံးပျက်စီးများပြားရှိ၍ ချင်းတို့ တိုက်ခိုက်လုယက် သတ်ဖြတ်မရှိ ရာဇဝတ်တော်ရေး လုံခြုံအောင် မြို့ရွာ ပေါ်မိုင်း၊ တမုံသူကြီးတို့ကို ဆင့်ဆိုရှိကြောင်း။ ကောင်းကန်ဌာနာစောင့် လူတို့ကို သောင်သွပ်မြို့နေ လူတို့ မသတ်မဖြတ်ရကြောင်း။

**၁၂၄၀ ခု၊ ဝါဆိုလဆန်း ၇ ရက်နေ့။**

**အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။**

၄။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာ တိုက်ခိုက်မှုတွင် [(၃) မှတ်အတိုင်း] စော်ဘွားကြီးက ထွက်ဆိုရှိ၍၊ ၎င်းတိုက်ခိုက်လူတို့ မည်သည့်မြို့ရွာနေဖြစ်သည် အသေအချာ စာပေးပို့လျှင် ဆင့်ဆို တောင်းယူမေးမြန်း၊ သိသာကာလ အပြစ်အလျောက် စီရင်သင့်ရာ စီရင်မည့်အကြောင်း။

**၁၂၄၀ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့။**

**၁၈၇၈ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့။**

**အင်္ဂလိပ် အရေးပိုင်က ပေးစာ။**

၅။ ။ မဏိပူရမြို့ ကင်းတပ်သို့ မြန်မာနယ်နေ လူတို့ ဝင်ရောက်တိုက်ခိုက်သည်ဖြစ်၍ မြန်မာနယ်သို့ ဝင်ရောက်ထောက်လှမ်းရန် ခဲယဉ်းကြောင်း၊ တိုက်ခိုက်သူ သောင်သွပ်စော်ဘွား ဖြစ်မည်၊ အခြားလူများ ဖြစ်မည်ကို ထောက်လှမ်းမေးမြန်း စာပြန်မည့်အကြောင်း။

**၁၂၄၀ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့[4]။**

**အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။**

၆။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာကို သောင်သွပ်မြို့နေလူတို့ မတိုက်မခိုက်ကြောင်းနှင့် ၎င်းစော်ဘွားကြီး ထွက်ဆိုပြီးဖြစ်၍ မေးမြန်းရန် မရှိသော်လည်း မဟာမိတ် ဖြစ်သည့်အတိုင်း မြန်မာနယ်က တိုက်ခိုက်

---

[1]။ ၄ မတ် ၁၈၇၈ [2]။ ၁၅ မတ် ၁၈၇၈ ဖြစ်မည်။ [3]။ ၁၆ ဇွန် ၁၈၇၈ [4]။ ၁၄ ဇူလိုင် ၁၈၇၈

သည် ဖြစ်မည်၊ အခြားက ဖြစ်မည်များကို မေးမြန်းလျှောက်ထားရမည် မြို့ရွာအစိုးရမင်းများသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာစောင့် လူများ တိုက်ခိုက်သတ်ဖြတ်ရာပါသူ ၄ ကို သိသူတို့ကို စေလွှတ်ကြောင်းနှင့် မဏိပူရမြို့ အရာရှိတို့က စာပို့ရောက်ရှိကြောင်း လျှောက်ထားရှိသည့်အရ နေရာကျပြနိုင်လျှင် စစ်ဆေးမေးမြန်း၍ လျှောက်ထားရမည် ချင်းတွင်းမြစ်စဉ်ဆိုင်ရာ ဝန်ထောက်တော်မင်းသို့ မှာထားရှိကြောင်း။

၁၂၄၀ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ မဏိပူရမြို့က စေလွှတ်သူ ကသည်းအရာရှိတို့နှင့် အကြောင်းမညီညွတ်၍ တစ်ဦးနှင့်တစ်ဦး မတွေ့ဆုံရရှိကြောင်းကို မဏိပူရ အတွင်းဝန်ထံ စာပေးပို့ကြောင်းနှင့် ချင်းတွင်းမြစ်စဉ်ဆိုင်ရာ ဝန်ထောက်တော်မင်းက လျှောက်ထားရှိကြောင်း။

ချင်းတွင်းမြစ်စဉ်ဆိုင်ရာ ဝန်ထောက်တော်မင်းက

မဏိပူရမြို့ အတွင်းဝန်ထံ ပေးစာ။

၉။ ။ မဏိပူရမြို့ အရာရှိတို့က ပေးစာတွင် မဏိပူရမြို့ ကောင်းကန်ဌာနာစောင့်လူကို သတ်ဖြတ်သူကို ပြသနိုင်ကြောင်းနှင့် ပါသည့်အရ ပြသနိုင်လျှင် ၄ ခရိုင်အုပ်မင်းနှင့် စုံညီ ပြသဖမ်းဆီး၊ စစ်မေး ထွက်ဆိုချက်များကို ဝန်ရှင်တော်မင်းကြီးများထံ တင်ပို့လျှောက်ထား၍ အပြစ်အလျောက် စီရင်ရမည် ၄ ခရိုင်အုပ်မင်းကို ဆင့်ဆိုရှိကြောင်း။ တစ်ဦးနှင့်တစ်ဦး မတွေ့မကြုံရရှိသည်ကို မည်သို့ သဘောမထားဘဲ ထပ်မံစေလွှတ်မည့်အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ဆားကုန် အကြောင်းနှင့် ပေးပို့လိုက်သည့် ထန်းရွက်လက်မှတ်မှာ ဝန်ရှင်တော်မင်းကြီး သိရန်သာ ပို့လိုက်ကြောင်း၊ ဆားကုန်များမှာ ၅ ခိုင်ပြင် ပိုမိုကောက်ခံ မရှိစေရအောင်သာ ဆင့်ဆိုမည့်အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ဆားကုန်များကို မည်သူက ၅ ခိုင်ကျပြင် ပိုမိုကောက်ခံသည်ကို ဆင့်ဆိုသာအောင် အသေအချာ စာပြန်ကြားမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာစောင့် လူ ၈ ယောက် သေဆုံးမှုကို ကြေးငွေပေးလျော်၊ လက်မှတ်ရေးထိုးပြီးငြိမ်းပြီးကို ကသည်းအရာရှိတို့ ဖောက်ပြန်ပြောဆို၊ ၎င်း လူသေဆုံးမှု မရှင်းမလင်းမီ မဏိပူရမြို့သို့ မြန်မာနိုင်ငံက ဝင်ထွက်မရှိစေရ တားမြစ်ရှိကြောင်းနှင့် ဝန်ထောက် ရန်အောင်မြင်မြို့စားက လျှောက်ထားရှိ၍ သည်ကဲ့သို့ လျှောက်ချက်ပါ အရာများသည် တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့် မညီဖြစ်၍ သင့်ရာ စာပေးမှာထားမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ ဩဂုတ်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ မဏိပူရမြို့ ကောင်းကန်ဌာနာစောင့် လူ ၈ သေဆုံးမှုကို မြန်မာအစိုးရမင်းတို့က ငွေ ၁၀၀၀၀ ပေးလျော်

၁။ ၈ စက်တင်ဘာ ၁၈၇၈ ၂။ ၂၈ စက်တင်ဘာ ၁၈၇၈ ၃။ ၁၁ အောက်တိုဘာ ၁၈၇၄

လျှင် ပြီးငြိမ်းမည်၊ ကသည်းအရာရှိတို့ လက်မှတ်ထိုးစာချုပ်ကို ကြည့်ရှုလို၍ ရေးကူးပေးပို့ပါမည် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ကသည်းအရာရှိ အောင်တာဆူပြီတာရာက တမူးမြို့ ဂိုဏ်းအုပ်ဆရာတော်ထံ လျှောက်ထားပြောဆိုသည့် စကား အမှတ်အသား၊ ကသည်းအရာရှိတို့ လက်မှတ်ထိုးစာချုပ်၊ လျော်ငွေပေး အမှတ်အသားများကို ရေးကူး ပေးပို့လာစေကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့[၂]။

တမူးမြို့ အတွင်းချောင် ဂိုဏ်းအုပ်ဆရာတော် မိန့်ချက်။

၁၅။ ။ကောင်ကန်ဌာနာစောင့် လူ ၈ ယောက် သေဆုံးမှုစကားကို ပြေငြိမ်းမှုကောင်းမည် ပြောဆိုရာ၊ ကသည်းအရာရှိ အောင်တာဆူပြီတာရာက စုစုငွေဒင်္ဂါး ၁၀၄၀ ပေးလျှင် ပြေငြိမ်းပါမည်၊ ဓားနှင့် မြေကိုတူးဆွ၊ ဓားကို ကိုက်ပြီးလျှင် သစ္စာမှု၍ ပြောဆိုပြန်သွားကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့။

ငှင်းဆရာတော် မိန့်ချက်။

၁၆။ ။ကသည်းအရာရှိ အောင်တာဆူပြီတာရာနှင့် ချင်းစော်ဘွား တံခွန်နိမ်တော်တို့က ကောင်ကန်ဌာနာတွင် လူသတ်မှုစကားကို အထက်စကားအတိုင်း ပြီးငြိမ်းပါမည် လက်မှတ်ရေးထိုး ခံဝန်ချုပ်ထားကြကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၁၅ ရက်နေ့[၃]။

တမူးမြို့ အတွင်းချောင် ဂိုဏ်းအုပ်ဆရာတော် မိန့်ချက်။

၁၇။ ။ကသည်းအရာရှိ၊ ချင်းစော်ဘွားတို့ ကောင်ကန်ဌာနာစောင့် လူသတ်မှုစကားကို ထူးထွေပြောဆို မရှိပါ၊ အထက်စကားအတိုင်း ပြေငြိမ်းပါမည် လက်မှတ်ရေးထိုးကြကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ဗန်းမော်မြို့ အရေးပိုင်ကို ချီးမြှင့်တော်မူ၍ ရွှေထီး သနားတော်မြတ် ခံရသည့်အတိုင်း အမိန့်တော်စာချွန် ထုတ်ပေး ရရှိပါအောင် ကျေးဇူးပြုပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့။

အမိန့်တော်။

(က) အင်္ဂလိပ်အရာရှိ ကွတ်ကို ဗန်းမော်မြို့တွင် ထမ်းရွက်သည့်အတွင်း ရွှေထီးသနားတော်ခံစေ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၄]။

ဗန်းမော်မြို့ဝန်သို့ ပေးစာ။

၁၉။ ။အင်္ဂလိပ်အရာရှိ ကွတ်ကို ဗန်းမော်မြို့မှာ ထမ်းရွက်သည့်အတွင်း ရွှေထီးသနားတော်မြတ်ခံစေ၊ အမိန့်တော်မြတ်နှင့်အညီ ဆောင်ရွက်စေရမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၅]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ဗန်းမော်မြို့ရှိ အရေးပိုင်ကို ရွှေထီးသနားတော်ခံစေ အမိန့်တော်စာချွန်၊ ဗန်းမော်မြို့ဝန်သို့ ပေးမှာစာများကို ပေးပို့လာစေကြောင်း။

---

၁။ ၁၅ ဩဂုတ် ၁၈၇၉ ၂။ ၁၂ ဖေဖော်ဝါရီ ၁၈၇၉ ၃။ ၆ မတ် ၁၈၇၉ ၄။ ၁၆ ဩဂုတ် ၁၈၇၄

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ ဗန်းမော်မြို့သို့ သွားရောက် ရောင်းဝယ်သည့် ဆားကုန်သည်များမှာ ၅ နိုင်ကျပြင် အကောက် ပိုမိုပေးရကြောင်း ကြားသိရ၍ ဘယ်ပုံဘယ်နည်း ကောက်ခံသည်ကိုလည်း သိရန် ထန်းရွက်လက်မှတ် စာကို ပေးပို့ပါကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ အရေးပိုင်မင်းက ပို့ရောက်သည့် ဆားကုန် အကောက် ထန်းရွက် လက်မှတ်စာမှာ မည်သူက ပေးအပ်သည် မေးမြန်း၍ ဆင့်ဆိုသာအောင် စာပြန်ကြားမည့် အကြောင်း။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့[၂]။

သောင်သွပ်စော်ဘွားက သံတော်ဦးတင်စာ။

၂၃။ ။ ဘွားစားစုပါ နယ်ပယ်ကျေးရွာများကို မဏိပူရမြို့ ကသည်းတို့က စေခိုင်း၍ ချင်းတို့ ဝင်ရောက်တိုက်ခိုက်၊ အရပ်ရပ် လူ ၁၀၀ ကျော် သေဆုံး၊ ကျေးရွာ ပျက်ပြားရှိကြောင်း။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ သောင်သွပ်စော်ဘွားက ဘွားစုပါ ချင်းရွာများကို မဏိပူရမြို့ ကသည်းတို့က ခေါင်ဆယ်ချင်းတို့ကို အားပေးအားမြှောက်ပြုလုပ် တိုက်ခိုက်စေသောကြောင့် လူအများ သေဆုံး၊ ကျေးရွာ ပျက်ပြားရှိကြောင်း တင်လျှောက်၍ သည်ကဲ့သို့ နယ်စွန်နယ်ဖျားမှာ မငြိမ်မသက်ရှိလျှင် တစ်စတစ်စ ကြီးပွားရန်ရှိသောကြောင့် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုစောင့်ထိန်းအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

တမူး ခန်းပတ် မြို့ဝန်က တင်လျှောက်စာ။

၂၅။ ။ မဏိပူရမြို့ အကြောင်းအရာနှင့် ၃၇ ရွာ ဂိုဏ်းထောက် ဆရာတော် သွင်းစာ။ မဏိပူရမြို့က ပြန်ရောက်သူ ငစံ၊ ငပိန်တို့ ထွက်ချက်များကို တင်ပို့ပါကြောင်း။

တမူး ခန်းပတ်မြို့အတွင်း ၃၇ ရွာ ဂိုဏ်းထောက် ဆရာတော်က

အတွင်းတော် သွင်းစာ။

၂၆။ ။ မဏိပူရမြို့ ကောင်ကန်ဌာနကို သောင်သွပ်မြို့က တိုက်ခိုက် လူ ၈ ယောက် သေဆုံးသည်ဆို၍ သောင်သွပ်မြို့ကို တိုက်ခိုက်ရန် လက်နက်များ ဘင်္ဂလားမြို့က ဆောင်ယူ စည်းကြပ်ရှိကြောင်း၊ ရှမ်းမြန်မာတို့ကိုလည်း မဏိပူရမြို့သို့ ဝင်ထွက်မရှိစေရ တားဆီးရမည် ဆင့်ဆိုကြောင်း၊ မိုးလေးဌာနာကင်းများမှာလည်း လူတိုးတက်ထားကြောင်းများနှင့် မိုးလေးဌာနာ ကင်းစောင့် ပူလင် ပြောဆိုကြားသိရကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၄]။

ငပိန်၊ ငစံတို့ မေးချက်။

၂၇။ ။ မဏိပူရမြို့ ကောင်ကန်ဌာနကို သောင်သွပ်မြို့က တိုက်ခိုက်၍ လူ ၈ ယောက် သေဆုံးသောကြောင့် သောင်သွပ်မြို့ကို တိုက်ခိုက်မည် ကသည်းအရာရှိတို့ လူ ၅၀၀ နှင့် စည်းကြပ်ထွက်လာကြောင်း။ ဘင်္ဂလားသို့ ယမ်း၊ သေနတ်မှာယူကြောင်း။ မဏိပူရသို့လည်း ရှမ်းမြန်မာတို့ ဝင်ထွက်မရှိရ တားဆီးရမည် ဆင့်ဆိုကြောင်းနှင့် မိုးလေးဌာနာက ကင်းစောင့်ဗိုလ်တို့က ပြောဆိုတားဆီး၍ ပြန်လာရကြောင်း။ မိုးလေးဌာနာတွင်လည်း လူ ၁၀၀ ကျော်ခန့် တပ်တည်လုပ် စောင့်နေရှိကြောင်း။

---

၁။ ၄ အောက်တိုဘာ ၁၈၇၄ ၂။ ၁၁ ဇန်နဝါရီ ၁၈၇၈ ၃။ ၁၆ ဇန်နဝါရီ ၁၈၇၈ ၄။ ၁၇ ဖေဖော်ဝါရီ ၁၈၇၈

## ၂၆၁ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၁၄ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အရောင်းအဝယ် ရှုပ်ထွေးမှုနှင့် မြို့ဝန်က ခေါ်ရာ မလိုက်ဝံ့၍ အစားထည့်သူကို သံခြေချင်း ခတ်ထားခံရကြောင်း သရက်ကာစင်က လျှောက်ထားရှိ၍၊ မှန်လျှင် ၎င်းလူကိုလွှတ်၍ တွဲဖက်ရုံးမှာ ပြောဆိုပါစေမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ သရက်ကာစင် အကြောင်းကို ဈေးကြိုတော် အကြီးအကြပ် မြို့စာရေးကို မေးရာ၊ ဈေးကြိုတော်တွင် ဆိုင်တည်သူ ဘိုးမြ၊ မယား မိကျေးတို့က ပိတ်အုပ်ရေ ၄ ကို သရက်ကာစင် လိမ်လည်ယူသွားကြောင်း စွဲလျှောက်ချက်ရှိ၍ ခေါ်ရာ၊ အစားထည့်သူ ငကြံကို ရာဇဝတ်ကြောင်းအလျောက် ချုပ်ထား၍ သရက်ကာစင်ကို တောင်းခံပါရသည် ထွက်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

ဈေးကြိုတော် အကြီးအကြပ် မြို့စာရေး ထွက်ချက်။

၃။ ။ ဈေးကြိုတော်တွင် ဆိုင်တည်သူ လင် ဘိုးမြ၊ မယား မိကျေးတို့က ပိတ်အုပ် ၄ ကို သရက်ကာစင် လိမ်လည်လှုပ်ဖြတ် ရောင်းစားကြောင်း လျှောက်ထားရှိ၍ ခေါ်ရာ မလိုက်မလာ၊ ငကြံကို အစား ထည့်အပ်သည်နှင့် ၎င်းငကြံကို သရက်ကာစင် ပေးအပ်ရမည် ချုပ်ထားတောင်းဆိုကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ဘက်တရာလီခေါ် ငရွှေမောင်၊ ယောက္ခမ ငစုတို့က ပခန်းမင်းကြီးထံ ရွှေမတ်စေ့ ၅၅၀ ကို ငွေဒင်္ဂါး ၅ ကျ ပေးမည်အဆိုအရ သွင်းထား၊ ပခန်းမင်းကြီး မရှိနောက် ကျန် ၁၇၂၈ ကို ခန်းပတ်မင်းကြီးထံ လျှောက်တောင်းရာ မရကြောင်း လျှောက်ထားရှိ၍ မှန်လျှင် နေရာကျ ပြုလုပ်ပါမည့်အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ရွှေမတ်စေ့ သွင်းထားသည့် ကုန်သည်တို့ကို မရမရှိစေရ၊ သွင်းထားရင်း နှစ် လ ရက် စာရင်း ထွက်ရှိသည့် အတိုင်း ဆင့်ခေါ်ပေးကမ်းမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ သရက်မြို့၊ ခွေးချိုရွာတောအရပ်တွင် ငကွန်ကို သတ်ဖြတ် ထွက်ပြေးသူ ငကျဲ နိုင်ငံတော် သပြေစမ်းရွာတွင် ရှိနေကြောင်း ထောက်လှမ်းရရှိ၍ ၎င်းကို ဖမ်းဆီးပေးအပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ငကွန်ကို သတ်ဖြတ်ထွက်ပြေးသူ ငကျဲ ဝန်စုပါနယ်မြေ ကျေးရွာများတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ မှာထားရှိကြောင်း။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ သရက်မြို့၊ ခွေးချိုရွာတောအရပ်တွင် ငကွန်ကို သတ်ဖြတ်ထွက်ပြေးသူ ငကျဲ နိုင်ငံတော် သပြေစမ်းရွာတွင်

ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့အပ်ရမည့် အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လျှောက်စာ။

၉။ ။ လွှတ်တော်အမိန့်မှာစာပါ လူသတ် ငကျွဲကို မြောက်မြီးကုန်းရွာတွင် ငရင်ကြီး ဆိုသူကို မြင်းကရွာတွင် ဖမ်းဆီးရမိ၍ ၎င်းတို့ အစစ်ခံချက်နှင့်တကွ အကျဉ်းပို့အပ်ပါကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၂]။

ငကျွဲ အစစ်ခံချက်။

၁၀။ ။ ကျွန်တော် ဆင်တုတ်တိုက် တစမ်းလက်မြောက်ရွာတွင် နေထိုင်ကြောင်း၊ ခွေးချိုရွာသို့ ကေုန်းအိုနှင့် အတူ သွားလာ၊ ချင်း ငပေါ်လာအိမ်တွင် ခေါင်ရည်သောက်ရာ ကေုန်းအို၊ ငပေါ်လာတို့ ခိုက်ရန်ဖြစ်ပွား၊ ငပေါ်လာက ကေုန်းအိုကို ဓားနှင့်ခုတ်သတ် သေပြီးနောက် ငပေါ်လာက သက်သေခံပြုလုပ်၊ တရင်တဗိုလ် တပ် စာဇင်ထံ သွားရောက်ပြောဆို၊ မရှင်းမလင်း မထုချေဝံ့၍ ထွက်ပြေးလာကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့။

မြင်းကရွာနေ ငရင်ကြီး အစစ်ခံချက်။

၁၁။ ။ မြေထဲမြို့ စမ်းချောင်းရွာတွင် မိစိုးနှင့် သင့်နေရာ၊ မစိုးသည် ငပိန်နှင့် ချစ်ကြိုက်ကျူးလွန် ရှိကြသည်ကို သိ၍ မိစိုးမျက်လုံးကို ဓားနှင့်ထိုး၍ ထွက်ပြေးနောက်၊ သေဆုံးသည် ကြားသိရကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငကွန်ကို သတ်ဖြတ်ဆိုသူ ငကျွဲကို ဖမ်းဆီးရမိ၍ ပို့အပ်လာစေကြောင်း၊ တိုက်ဆိုင်စစ်မေး၍ ထွက်ဆိုချက်များကို ပေးပို့ပြန်ကြားမည့် အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကျောက်တိုင်တောင်ဘက် စမ်းချောင်းရွာအနီးတွင် မယားမိစိုးကို ဓားနှင့်ထိုးသတ်၊ နိုင်ငံတော်သို့ ထွက်ပြေးလာသူ သောကျစ်ကို ဖမ်းဆီးရမိ၍ ပို့အပ်လာစေကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ပို့အပ်မည့်သူ သောကျစ်၊ ငကျွဲတို့ကို ထားရန်မရှိ၍ သောကြာနေ့ နံနက်စောစောမှ အရေးပိုင်မင်းထံ ပို့ပါမည့်အကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ သောကျစ်ခေါ် ငရင်ကြီးနှင့် ငကျွဲတို့ကို နတ်တော်လဆန်း ၁၀ ရက်နေ့၊ အရေးပိုင်မင်းထံ အကျဉ်းပို့လာစေမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ စက်တင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ မြန်အောင်မြို့နယ်အတွင်း ငကြာဘူးကို တုတ်နှင့် ရိုက်သတ်ထွက်ပြေးသူ ငရွှေအုပ် နိုင်ငံတော် ဆင်ပေါင်ဝဲနယ် လင်းချောင်းရွာ ငမှိုင်းအိမ်တွင် ခိုဝင်ရှိနေကြောင်း သိရ၍ ဖမ်းဆီးပေးအပ်မည့် အကြောင်း။

---

၁။ ၅ နိုဝင်ဘာ ၁၈၇၄ ၂။ ၂၉ အောက်တိုဘာ ၁၈၇၄ ၃။ ၁၂ ဒီဇင်ဘာ ၁၈၇၄ ဖြစ်မည်။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ အင်္ဂလိပ် အရေးပိုင်မင်း တောင်းစာပါ ငွေအုပ် ဝန်စုပါနယ်တွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ မှာထားဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၈။ ။ ဆင်ပေါင်ဝဲ စီရင်စု၊ လင်းချောင်းရွာ ငမှိုင်းအိမ်တွင် မြန်အောင်မြို့က ကြော့ဘူးကို သတ်၍ ထွက်ပြေးလာသူ ငွေအုပ် ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အင်္ဂလိပ် အရေးပိုင်မင်း တောင်းစာပါ ငွေအုပ်ကို ထောက်လှမ်းမေးမြန်း မရကြောင်းနှင့် မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က လျှောက်ထားရှိကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ကင်းဝန်မင်းကြီးထံ ပေးရန်စာအိတ်ကို ပို့လာပါစေကြောင်း၊ စာကို နုတ်ယူ၍ စာအိတ်ကို စာတိုက်သို့ ပြန်ပေးပါမည့် အကြောင်း၊ စာတိုက်ခငွေ ၃-၅ ပဲကိုလည်း ပေးပါမည့်အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ အရေးပိုင်မင်းထံက ပေးပို့သည့်စာအိတ်ကို ရရှိ၊ စာကို နုတ်ယူ၍ စာအိတ်နှင့် ငွေ ၃-၅ ပဲကို ပို့လာစေကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ တရုတ်ကုန်သည် ဒူအင်ကိုင်ကို အများကုန်သည်တို့နည်း အကောက်တော်ကို ရွှေဒင်္ဂါး ပေးဆောင်ပါရအောင် အခွန်ဝန်သို့ ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ တရုတ်ကုန်သည် ဒူအင်ကိုင်က အခွန်တော်တွက်ကို ရွှေဒင်္ဂါးပေးသွင်းလျှင် ခံယူရမည် အခွန်ဝန် မှူလာအီဗျာဟင်ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၄။ ။ ဘုန်းတော်ကြီးလှသော ဘုရားက ဆောက်လုပ်တော်မူသော အင်္ဂလိပ်ကျောင်းကို အင်္ဂလိပ်မင်းပိုင် ဖြစ်စေ၍ ထာဝရကုသိုလ်ဖြစ်စေရန် အခွင့်သနားတော်မူမည့်အကြောင်းကို တင်လျှောက်ပေးပါမည့်အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ ဆောက်လုပ်တော်မူသည့် အင်္ဂလိပ်ကျောင်းတော်မှာ အင်္ဂလိပ်လူမျိုးတို့ အမျိုးဘာသာ တရားနာရန်

၁။ ၅ အောက်တိုဘာ ၁၈၇၄ ၂။ ၁၉ နိုဝင်ဘာ ၁၈၇၄ ၃။ ၂၁ အောက်တိုဘာ ၁၈၇၄

ရည်သန်တော်မူသောကြောင့် တစ်ဦးတစ်ယောက်သို့ အပိုင်ပေးလျှင် ရည်သန်တော်မူရင်း ပျက်ရန်ရှိ၍ အင်္ဂလိပ်မင်းပိုင် ဖြစ်စေရန် အခွင့်မပေးနိုင်ကြောင်း။

---

## ၂၆၂ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တွဲဖက်ရုံးတွင် အစောင့်အနေ လူ ၇ ယောက်အနက် လူ ၄ သာ ရှိကြောင်း၊ ဥယျာဉ်ခြံမြေများကို ဝက်များ ဖျက်ဆီးရှိ၍ သည်ကဲ့သို့ ဖျက်ဆီးမရှိရအောင် မည်သို့ ပြုလုပ်ရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

တွဲဖက်ရုံးစောင့် စို့ ၄၀ ဒိုင်းစာရေး၊ ဒိုင်းခေါင်း ငချိန်တို့ ထွက်ဆိုချက်။

၂။ ။ သံတဲဝင်းတွင် တံခါး ၁ လျှင် လူ ၁၀ ကျစီ၊ တွဲဖက်ရုံးတွင် အမှုထမ်းလူ ၇ တို့ မပြတ်စောင့်ထိန်း ရှိကြောင်း။ နောက်ပြင်ထောင်မှူး ကျွေးမွေးရသည့် ဝက်တော်တို့ ဝင်ရောက်သည်မှာ စောင့်ထိန်းသည့် တံခါးက ဝင်ရောက်သည် မဟုတ်ကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ သံဝင်း၊ တွဲဖက်ရုံးစောင့်တို့က အလစ်အလပ်မရှိ စောင့်ထိန်းကြောင်းနှင့် ထွက်ဆိုကြောင်း။ နောင် သံဝင်း အတွင်း ဝက်များ မဝင်ရအောင် တွဲဖက်ရုံးစောင့် ဒိုင်းခေါင်း ငချိန်နှင့် နောက်ပြင်ထောင်မှူးကို ဆင့်ဆို ရှိကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ရန်ကုန်မြို့က ပါသည့် စာရေးမောင်ရွှေမောင်ကလေး မယား သေဆုံးသင်္ဂြိုဟ်ရာ သုသာန်တွင် အုတ်ကို အမှတ်ပြုလုပ်လိုပါ၍ အမိန့်ထုတ်ဆင့်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့[1]။

သုသာန်စောင့် တောခေါင်း ငခိုင်၊ ငမြိုင်တို့ ထွက်ချက်။

၅။ ။ ကျွန်တော်တို့ စောင့်နေသည့် သုသာန်မှာ မြစ်ရေကြီးသည့်အခါ သင်္ဂြိုဟ်ရန် သုသာန်ဖြစ်၍ အမှတ် အသား လုပ်မြဲထုံးစံ မဟုတ်ကြောင်း၊ ရှိဟောင်း အမှတ်အသား တစ်ခုကိုလည်း ဆိုင်ရာ ဆင့်ချက်အရ ဖျက်သိမ်းရပါကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ စာရေး မောင်ရွှေမောင်ကလေး မယား သုသာန်တွင် အမှတ်အသား ပြုလုပ်လိုကြောင်းနှင့် ပေးစာအရ ဆင့်ဆိုမေးမြန်းရာ၊ ရေကြီးသည့်အခါ သင်္ဂြိုဟ်ရန် ပြုလုပ်သီးသန့်ထားသည့် သုသာန်ဖြစ်၍ ပြုလုပ်မြဲ ထုံးစံမဟုတ်၊ ရှိဟောင်း အမှတ်အသားကိုပင် ဖျက်သိမ်းရကြောင်း သုသာန်စောင့် တောခေါင်းတို့ ထွက်ချက် နှင့် တကွ ရှေ့ရုံးတော်က တင်ပေးလျှောက်ထားရှိကြောင်း။

---

[1]။ ၁၄ နိုဝင်ဘာ ၁၈၇၄ [2]။ ၁၇ နိုဝင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ညောင်ဦးဆိပ်ကမ်းတွင် လှေကို မီးသင်္ဘော တိုက်ခိုက် ပျက်စီးကြောင်းနှင့် တွဲဖက်ရုံးတွင် လျှောက်ထားရှိ၍ မည်သည့်သင်္ဘော ဖြစ်သည်ကို မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

ပုဂံမြို့ဝန်က လျှောက် (ကြေးနန်းစာ။)

၈။ ။ ညောင်ဦးဆိပ်ကမ်းတွင် လှေကို တိုက်ခိုက်သည့် သင်္ဘောမှာ ဂျမနာခေါ် သင်္ဘောဖြစ်ကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ညောင်ဦးဆိပ်ကမ်း လှေကို တိုက်ခိုက်သည့် သင်္ဘောသည် ဂျမနာခေါ် သင်္ဘောဖြစ်ကြောင်းနှင့် ပုဂံမြို့ဝန်က ကြေးနန်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ နိုင်ငံတော် တောင်ငူမြို့နေ တေိုက်၊ ငပြော့တို့ နွား ၃ ပျောက်ဆုံးရှိ၍ လိုက်လံရာ လိန်ပင်ကင်း၊ မြို့လှကင်းများတွင် တိုင်တန်းပြောဆို၊ ၎င်းကင်းက ရဲသားဘက်ထည့်၊ စုံညီလိုက်သွား၊ နွားနှင့်တကွ သူခိုးတို့ကို တွေ့မိ၍ တောင်ငူမြို့ရုံးသို့ ပို့အပ်ရာ အရေးပိုင်က တရားရုံးမှာ စွဲရမည် ပြောဆိုပြန်လာရကြောင်း လျှောက်ထားရှိ၍၊ မှန်လျှင် နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ အင်္ဂလိပ်အရာရှိ ပေါ်တာ ရခိုင်ပြည်က မြန်မာနိုင်ငံတော်သို့ လှည့်ပတ် လာရောက်မည်ဖြစ်၍ လောင်းရှည်မြို့၊ စလင်းမြို့ အစိုးရတို့က နှောင့်ယှက်မရှိ အလိုရှိရာ သွားလာနိုင်အောင် ဆင့်ဆိုပါမည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အင်္ဂလိပ်အရာရှိ ပေါ်တာ မြန်မာနိုင်ငံတော်သို့လာရာ အလိုရှိရာ သွားလာနိုင်ရန် စလင်း၊ ကျပင်း ၂ မြို့ဝန်၊ ဆော၊ ထီးလင်း၊ လောင်းရှည် ၃ မြို့အုပ်တို့သို့ ဆင့်ဆိုသည့် စာချွန်များကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

စလင်း၊ ကျပင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၃။ ။ အင်္ဂလိပ်အရာရှိ ပေါ်တာ ဝန်စုပါနယ်မြေသို့ လှည့်ပတ်လာရောက်လျှင် မဟာမိတ်လက္ခဏာနှင့်အညီ တွေ့ကြုံလက်ခံ၍ အလိုရှိရာ ငှားရမ်းဝယ်ယူနိုင်အောင်၊ အလိုရှိရာ လှည့်ပတ်သွားလာ ဝင်ထွက်နိုင်အောင် စောင်မကြည့်ရှု၍ အကြောင်းအရာများကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

စလင်း၊ ကျပင်း ၂ မြို့ဝန်၊ ဆော၊ ထီးလင်း၊ လောင်းရှည် ၃ မြို့အုပ်တို့ကို
အတွင်းစကားပေးသည့် စက္ကူစာ။

၁၄။ ။ အင်္ဂလိပ်အရာရှိ ပေါ်တာ လာရောက်ကာလ ကောင်းမွန်စွာ လက်ခံတွေ့ကြုံ၍ တောတောင်သို့ လှည့်လည်သွားလာလိုသည့်အခါ စလင်းမြို့သူကြီး၊ မြို့စာရေးနှင့် လွှတ်တော်ကစေလွှတ်သူ ခုံတော် ငခဲ၊ ညှင်းတို့ကို ဘက်ထည့်လိုက်ပြစေရမည့်အကြောင်း။ မြို့ရွာနေလူတို့ ဝင်ထွက်သွားလာမရှိစေရ ဆင့်ဆိုရမည့် အကြောင်း။ ပေါ်တာ ပြောဆိုပြုမူပုံ အခြေအနေများကို မှတ်သားလျှောက်ထားရမည့် အကြောင်း။

---

၁။ ၂၀ နိုဝင်ဘာ ၁၈၇၄ ၂။ ၂၇ နိုဝင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ်အရာရှိ ပေါ်တာနှင့်အတူ တောတောင်လှည့်ပတ်ရာ
လိုက်ပါစေမည့် ခုံတော် ငခဲ၊ ညောင်းတို့သို့ ပေးမှာစာ။

၁၅။ ။ အင်္ဂလိပ်အရာရှိ ပေါ်တာနှင့် မြန်မာအရာရှိတို့ တွေ့ဆုံ စကားပြောဆိုပုံ၊ အင်္ဂလိပ်အရာရှိ ပေါ်တာ အမူအရာ လက္ခဏာများကို စေ့စုံစွာ မှတ်သားခဲ့ရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ နိုဝင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ရှက်ဘိုးထွန်းက ရွှေစာရံမြစ်ငယ် ဝဲယာသစ်တောကို စာချုပ် ချုပ်ဆို ခုတ်လုပ် သစ်များကို မြန်မာအစိုးရတို့က သိမ်းယူရောင်းချရှိ၍ ၁၀ ခိုင်တွက်ငွေပြင် ကျန်ငွေကို တောင်းခံပေးပါမည့် အကြောင်း။ မုံတောရွာနေလူတို့ သစ်ကို ခိုးယူရောင်းစားသည့် အမှုလည်း ယခုတိုင် မပြီးသေးကြောင်း လျှောက်ထားရှိ၍ ၎င်းအမှုများကို နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ရှက်ဘိုးထွန်း အမှုကို စစ်ဆေးရှင်းလင်းရန် များပြားသည်ဖြစ်၍ ၎င်းကို စေလွှတ်ရှင်းလင်းစေမှ နေရာကျ ဖြစ်မည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၄ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ဘုရင်ခံမင်းမြတ်ထံ ရာဇသံများနှင့် သံတော် စေလွှတ်သည့်အရာတွင် ရာဇသံ လက်ခံစာများကို ရန်ကုန် အရေးပိုင်ဝန်ကြီးထံ ပေးရန် ထုံးစံရှိသည့်အတိုင်း ပေးပို့ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့၊ သံတော်စေလွှတ်ရာ ဘုရင်ခံမင်းသို့ပေးရန် ရာဇသံ လက်ခံ၊ အတွင်းဝန်မင်း အာချစ်စင်သို့ ပေးရန် စာလက်ခံများကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု။

တောင်တွင်းကြီးမြို့ ဝန်ထောက်က လျှောက်စာ။

၂၀။ ။ ကြခပ်ကန်ရွာသူကြီးငချိန် အိမ်ကို ဓားပြတိုက်ခိုက် ထောက်လှမ်းရာ ငရန်ရှင်း၊ ငဆိုးပုံ၊ ငမြိုင်တို့ကို တိုက်ရာပါပစ္စည်းနှင့်တကွ ဖမ်းမိ၍ ထောင်အကျဉ်းချထား။ ၎င်းတို့အပေါင်းပါ ငလှိုင်းမှာ တောကျောင်း မြို့၊ မန်ကျည်းတောရွာမှာ နေထိုင်ကြောင်းနှင့် အစစ်ခံ ထွက်ဆိုရှိကြောင်း။

ကြခပ်ကန်ရွာ သူကြီးဟောင်း ငချိန်၊ သမက် ရေလျှံ၊
သွေးသောက်ကြီးဟောင်း ငရွှေရိန်တို့ လျှောက်ချက်။

၂၁။ ။ ကျွန်တော်တို့အိမ်ကို ဓားပြတိုက်ခိုက်ရာပါ ပစ္စည်းများအနက် ကျောက်နီ ၁၊ မြ ၁၊ မိုးကြိုးခဲများကို ငပုံ၊ ငရန်ရှင်း၊ ငလှိုင်း၊ ငဆိုးပုံ၊ ငမြိုင်ကြီးတို့ ပေါင်းသင်းတိုက်ခိုက်ကြောင်းနှင့် ငပုံက မြို့ရုံးမှာ တင်ပေး ပြသ ထွက်ဆိုရှိ၍ ကျန်ပစ္စည်းများကို ငရန်ရှင်း၊ ငမြိုင်ကြီး၊ ငဆိုးပုံတို့ထံ တောင်းခံပေးပါမည့်အကြောင်း။

တိုက်ရာပါ ပစ္စည်းစာရင်း။

(က) သေနတ် ၂ နှင့် အကွင်းအခြည် အထည်အလိပ် စုစု အဖိုးတန် ၁၅၃၄– ၅ကျပ်။

---

၁။ ၂၇ နိုဝင်ဘာ ၁၈၇၄

## ၂၆၃ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့[၁]။

ငပုံ အစစ်ခံချက်။

၁။ ။ကြခပ်ကန်ရွာသူကြီး ငချိန်အိမ်ကို တိုက်ခိုက်သူ ငရန်ရှင်း ဝေပုံရ တိုက်ရာပါ မိုးကြိုးခဲကို ကျွန်တော် တိတ်တဆိတ်ယူ၍ မြို့ရုံးမှာ ပြသ အစစ်ခံကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့[၁]။

ငရန်ရှင်း အစစ်ခံချက်။

၂။ ။ကြခပ်ကန်ရွာသူကြီး ငချိန်အိမ်ကို တိုက်ခိုက်ရာ၊ ကျွန်တော် ဝေပုံရ ပစ္စည်းများကို ညီ ငပုံက မြို့ရုံးမှာ တင်ပေး ပြသသည့်အတိုင်း မှန်ကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့[၁]။

ငမြိုင်ကြီး အစစ်ခံချက်။

၃။ ။ကျွန်တော်နှင့် ငဆိုးပုံ၊ ငရန်ရှင်း၊ ငလှိုင်းတို့ ငချိန်အိမ်ကို တိုက်ခိုက်ကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့[၁]။

ငဆိုးပုံ အစစ်ခံချက်။

၄။ ။ကျွန်တော်နှင့် ငရန်ရှင်း၊ ငမြိုင်ကြီး၊ ငလှိုင်းတို့ ငချိန်အိမ်ကို တိုက်ခိုက်မည်သွားရာ၊ မတိုက်မီ ကျွန်တော် မျက်နှာသိဖြစ်၍ ဝင်းပြင်ဘက်က နေရစ်ကြောင်း။ အပေါင်းပါလူတို့ တိုက်ခိုက်၍ ၂ ရက်ခန့်ကြာမှ ကျွန်တော် သွားရောက်ရာ ငရန်ရှင်း မယားက ငွေ ၂၀ ပေး၍ ရကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ကြခပ်ကန်ရွာ သူကြီးဟောင်း ငချိန်အိမ်ကို ဓားပြတိုက်ခိုက်ရာ၊ တောကျောင်းမြို့ မန်ကျည်းတောရွာနေ ငလှိုင်း ပါကြောင်းနှင့် ဓားပြတို့ အစစ်ခံများနှင့်တကွ တောင်တွင်းကြီးမြို့ဝန်ထောက်က လျှောက်ထားရှိ၍ ၎င်းငလှိုင်းကို ဖမ်းဆီး၊ အပြစ်အလျောက် စီရင်၍ အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[၃]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်စာ။

၆။ ။သဲကောရွာနေ သောပိုပိုင် နွား ၂ ကို လူခိုး၍ လိုက်လံရာ ကျောက်တိုင်တောင်ဘက် ဒေါင်းလန်းကျရွာ အနီး တောအရပ်တွင် သူခိုး ၃ ကို နွားနှင့်တကွတွေ့မိ၊ ခုခံသောကြောင့် လိုက်လံသူ ငပုံက သေနတ်နှင့် ပစ်ခတ်ရာ သူခိုး ၁ သေဆုံး၊ နွားများကို ရယူပြန်လာ၊ သေဆုံးသူလည်း ဒေါင်းလန်းကျ ရွာနေ ငကိုင်း ဖြစ်ကြောင်း ငပုံတို့ အစစ်ခံရှိ၍ ၎င်းအစစ်ခံများကို တင်ပို့ကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့[၃]။

နွားကို လိုက်လံရှာဖွေသူ ငပုံ၊ ငရှမ်းကြီး၊ ငရွှေသီးတို့ အစစ်ခံချက်။

၇။ ။သောပို နွားကို သူခိုးခိုး၍ လိုက်လံရာ ကျောက်တိုင်တောင်ဘက် ဒေါင်းလန်းကျရွာအနီး တောအရပ်တွင် သူခိုး ၃ ကို နွားနှင့်တကွ တွေ့မိ၊ ခုခံသောကြောင့် သေနတ်နှင့်ပစ်ခတ်၊ သူခိုး ၁ သေဆုံး၊ နွားနှင့် ဓားမြှောင်များကို ရယူပြန်လာကြောင်း၊ သေဆုံးသူလည်း ဒေါင်းလန်းကျရွာနေ ငကိုင်း ဖြစ်ကြောင်း။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။နိုင်ငံတော် သဲကောရွာနေ ငပိုပိုင် နွား ၂ ပျောက်ဆုံး၍ လိုက်လံရာ၊ လိုက်လံသူတို့ သေနတ်နှင့်ပစ်ခတ် ထိခိုက်သေဆုံးသူ ကျောက်တိုင်တောင်ဘက် ဒေါင်းလန်းကျရွာနေ ငကိုင်းဖြစ်ကြောင်း သိသာသည့် အတိုင်း၊ ကျန်လူ ၂ တို့ကိုလည်း ထောက်လှမ်းဖမ်းဆီး နေရာကျစီရင်၍ အကြောင်းအရာကို စာပြန်ကြား အောင် အရေးပိုင်မင်းက သင့်ရာ မှာထားမည့်အကြောင်း။

---

၁။ ၂၁ ဇူလိုင် ၁၈၇၄ ၂။ ၁၅ ဒီဇင်ဘာ ၁၈၇၄ ၃။ ၂၁ နိုဝင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ပဲခူး ရွှေမော်ဓောဘုရားကို ထပ်မံ ပြင်ဆင်တော်မူလိုသည်ကို ရန်ကုန်မြို့ရှိ စာရေးတော်ကြီးမင်းက ရန်ကုန်မြို့နေ ကျောင်းဒကာ၊ ဘုရားဒကာတို့နှင့် တိုင်ပင်။ အလွယ်တကူ ပြင်ဆင်နိုင်အောင် သင့်ရာမှာထား၍ အကြောင်းအရာ စာပြန်ကြားမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၂]။

၁၀။ ။ ကူးသန်းရောင်းဝယ်မှုနှင့် နေထိုင်ထမ်းရွက်စေရန် သူဌေး မဟာဘောဂသေဋ္ဌကို ဘင်္ဂလားမြို့သို့ စေလွှတ်တော်မူမည် ဖြစ်ကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ဘုရင်ခံမင်းမြတ်ထံက သံတော်ကြီး ဟော်နာရာဘီ ဆယ်တော် မတ် ဒုကလတ်တော်ရဆိုက် အမြောက် ၆ လုံးတင် နိပစစ်ခေါ် မီးသင်္ဘောနှင့် ဆန်တက်လာမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ဘုရင်ခံမင်းမြတ်ထံက သံတော်ကြီး မည်သည့်နေ့ ရန်ကုန်မြို့သို့ ရောက်၍၊ မည်သည့်နေ့ ရွှေဘွားတော်အောက်သို့ ဆန်တက်လာရောက်မည်ကို တင်ရင်သိလိုကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ဘုရင်ခံမင်းမြတ်ထံက သံတော်ကြီး လာမည့်အကြောင်းကို ၂ ကြိမ် စာပေးရာ ပြန်စာမရကြောင်း၊ ကြိုဆိုမြဲ ကြိုဆိုယူလိမ့်မည် သဘောရသော်လည်း ထုံးစံအတိုင်း စာပြန်သင့်ကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဘုရင်ခံမင်းမြတ်ထံက လာရောက်မည့် သံတော်ကြီးကို ထုံးစံအတိုင်း ကောင်းမွန်စွာ ကြိုယူမည်ဖြစ်၍ မည်သည့်နေ့ ရွှေဘွားတော်အောက်သို့ ဆန်တက်လာမည်ကိုသာ သိလိုကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ ဘုရင်ခံမင်းမြတ်ထံက လာရောက်မည့် သံတော်ကြီး ရန်ကုန်မြို့က ၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့၊ ရွှေမြို့တော်သို့ ဆန်တက်လာမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဘုရင်ခံမင်းမြတ်ထံက ရောက်မည့် သံတော်ကြီးနှင့် အရာရှိ လူကြီး လူငယ် မည်မျှပါမည်ကို တင်ရင်၍ စာပေးမည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၅ ရက်နေ့။

အမိန့်တော်။

(က) အင်္ဂလိပ်သံတော်ကြီး ရဆိုက် ရွှေထီး ၂ သနားတော်ခံစေ။

---

၁။ ၁၅ ဖေဖော်ဝါရီ ၁၈၇၅ ၂။ ၁၅ မတ် ၁၈၇၅

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ဘုရင်ခံမင်းမြတ်ထံက ရောက်သည့် သံတော်ကြီးကို ရွှေထီး ၂ သနားတော်ခံစေသည်ဖြစ်၍ ရွှေထီး ၂ နှင့် အမိန့်တော် စာချွန်ကို သဘော်ရောက် ပို့စေမည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ သံတော်ကြီးတွင် ပါသည့် ဝန်စည်များကို အလျင်ဆောင်ယူရန် ဝန်တင်လှည်းများကို ဆင့်ဆိုစေလွှတ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ သံတော်ကြီးတွင် ပါသည့် ဝန်စည်များကို လှည်းစီးရေ ၄၀ နှင့် ဝန်ထောက်၊ မြို့ဝန်၊ ထောင်မှူး၊ မြို့စာရေးတို့က ကြပ်မတ် သယ်ယူစေမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၁]။

မှတ်သားချက်။

၂၀။ ။ ယခုလာရောက်သည့် သံတော်ကြီး ပြောဆိုမည့် စကားမှာ တွဲဖက်ရုံးတွင် မြို့သာဝန်ထောက်နှင့် လဲ၍ ကုလားဝန်ကို ထားစေလိုကြောင်း တစ်ရပ်။

လွှတ်တော်က အင်္ဂလိပ် အရေးပိုင်သို့ ပေးစာတွင် "မှာလိုက်သည်" ပါသည်ကို "ကြားလိုက်သည်" ပြင်စေလိုကြောင်း တစ်ရပ်။

၎င်းစကား ၂ ရပ်ကို ပြောဆိုမည့်လက္ခဏာ ထင်ကြောင်းနှင့် သံတော်ဦးတင်ရာ၊ အခွင့်ပေးစေ အမိန့်တော်အရ သွားရောက်ပြောဆို အခွင့်ပေးခဲ့ပြီး၍ သံတော်ဦးတင်ရာ၊ သင့်ပြီ အမိန့်တော်ရှိကြောင်းနှင့် ကင်းဝန်မင်းကြီး မိန့်ဆိုသည်ကို မှတ်သားချက်။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့၊ ရာဇသံကို ကြိုယူမည်တွင် မိုးသည်းထန်စွာ ရွာသောကြောင့် မိုးစဲသည့်နေ့မှ ကြိုယူမည့်အကြောင်း။

၁၂၃၆ ခု၊ လက်ခံသန့် ပုရပိုက်ဆူရေ ၁၇ ပြီး၏။

၁၂၃၆ ခု၊ အထက်ကောက်နုတ်ပြီး လက်ခံသန့်ပုရပိုက်ဆူရေ ၁၇ ပြင်၊ လက်ခံကြမ်း ပုရပိုက်များမှ လက်ခံသန့်တွင် ကောက်နုတ်ပြီးနှင့် ထပ်သည်ကို ချန်၍ ကောက်နုတ်ချက်။

---

## ၂၆၄ မှတ် ပုရပိုက်ထွက်။

၁၂၃၅ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဈေးကြိုတော်တွင် ဆိုင်ခေါင်းပြုလုပ်ကောက်ခံသူ ကုန်သည် ဤဖုံဟင်ကို အကောက်ငွေခိုင် ငွေနုတ်ယူသည့်အတွက် ဈေးကြိုတော်အုပ် မြို့စာရေး မောင်လွှားက ရိုက်နှက်၊ တန်းတွင် ချုပ်ထားခံနေရကြောင်း လျှောက်ထားရှိ၍ မှန်လျှင် နေရာကျ စီရင်ပါမည့် အကြောင်း။

---

၁။ ၂၃ ဇွန် ၁၈၇၅ ၂။ ၁၂ ဩဂုတ် ၁၈၇၅

၁၂၃၅ ခု၊ နောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့[၁]။

မြို့စာရေး နေမျိုးသီရိကျော်ထင် အစစ်ခံချက်။

၂။ ။ ဆိုင် ၂၀ တွင် ခေါင်းပြုလုပ် ခံဝန်ချုပ်နှင့် ချထားသူ ဤဖုံဟင်ကလဝါးသည် ဆိုင်ခွန် ၉၀ ကို မပေး၊ ပြောလိုရာ ပြောကြောင်း၊ ကောက်ခံရဆိုင် ၅၀ ပြည့်မှ ရာခိုင်တွက်ရသည့် ဥပဒေရှိ၍ ခေါင်းစားစု တစ်ဆိုင်တွက်သာ ရသင့်ကြောင်း ပြောဆိုရာ၊ ဤဖုံဟင် မရှိမသေ နှုတ်အကျူးအလွန် ဆဲရေးပြုလုပ်၍ တန်းမှာချုပ်ထား၊ ဆဲရေးကြောင်းကိုလည်း မြို့ဝန်မင်းထံ တိုင်လျှောက်ရာ ဤဖုံဟင်က မှန်ကြောင်း ဖြောင့်ဆိုရှိကြောင်း၊ ဤဖုံဟင်ကလဝါးကို မရိုက်မနက်ရကြောင်း။

၁၂၃၅ ခု၊ နောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဤဖုံဟင်ကလဝါးက မြို့စာရေးကို နှုတ်အကျူးအလွန် ဆဲရေးမိပါသည် ထွက်ဆိုကြောင်းနှင့် လျှောက်ထားရှိ၍ ၂ ဦး တိုက်ဆိုင်စစ်ဆေးမေးမြန်း မှန်လျှင် သူကောင်းပြုတော်မူသည့် မှူးတော် မတ်တော်များ အရှက်ရအောင် ပြောဆိုသူ ဤဖုံဟင်ကို ကြားမြင်သမျှ ကြောက်ရွံ့အောင် ရာဇဝတ်အပြစ် စီရင်ရန် ရှိသောကြောင့် ၎င်းကို လွှတ်တော်သို့ ပို့အပ်လာစေမည့် အကြောင်း။

---

## ၂၆၅ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငမဲတူ၊ မယား မိဘူးတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ပြန်ပေးစာတွင် အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချလူတို့ စာရင်းကို အသေအချာ ပေးပို့ရမည့်အကြောင်းနှင့် ပါသည်ကို အရေးပိုင်မင်းက မပို့မရောက်၍ တရားရုံးတော်၊ ၄ ပြင် ၄ ရပ် ခုံတော်တို့ကို မဆင့်မဆိုရ ရှိသောကြောင့် ဆင့်ဆိုသာအောင် စာရင်းအသေအချာ ပေးပို့မည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့။

၁၈၇၄ ခု၊ ဧပြီလ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ မြန်မာကျွန်တော်မျိုး ငမောင်ကို အင်္ဂလိပ် ကျွန်တော်မျိုး ရောင်ရှုံက ငွေမှုနှင့် လျှောက်ချက်ရှိ၍ မြန်မာ တရားသူကြီးထံ စာပေးတောင်းရာ၊ ငမောင်ကို ရာဇဝတ်ရုံးက ချုပ်ထားရှိကြောင်း စာပြန်ရှိပါ၍ ငမောင် ကို အစောင့်အကြပ် လူတို့နှင့် တွဲဖက်ရုံးသို့ ဆင့်ဆို စေလွှတ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့[၃]။

မြို့ဝန်တို့ လျှောက်ချက်။

၃။ ။ နောက်ပြင်ထောင်မှူး၊ မြို့စာရေးတို့က ထန်းရည်ခါး သောက်မှုနှင့် ဖမ်းဆီးပို့အပ်သူ ငမောင်၊ ငဆုတ်တို့ကို မေးချက်၊ ထွက်ချက်နှင့် တင်ပို့သည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့[၄]။

ငမောင် မေးချက်။

(က) ကျွန်တော် အမရပူရမြို့တွင် အမြဲနေ၊ မြနန်းယဉ်သာ သဘော်တော် အမှုထမ်း တရားမှုစကား ပြောဆိုရန်ရှိ၍ ရွှေမြို့တော် နောက်ပြင် သီရိဟေမာရပ်နေ ညီဖြိုးအိမ်သို့ လာရောက်ရာ၊ ၎င်းအရပ်နေ ငဆုတ်အိမ်တွင် ပခန်းနတ် တင်ကြားပသရာပါသည့် ထန်းရည်ချိုကို ညီကြ နတ်ရေစင် ပြောဆို ပေးကမ်း၍ သောက်သည့်အတွင်း ထောင်မှူးလူတို့က ထန်းရည်ခါး သောက်စားသူဆို၍ ဖမ်းဆီး ပို့အပ်ကြောင်း။

---

၁။ ၇ ဧပြီ ၁၈၇၄ ၂။ ၁၁ ဧပြီ ၁၈၇၄ ၃။ ၂၀ ဧပြီ ၁၈၇၄ ၄။ ၁၀ ဧပြီ ၁၈၇၄

၁၂၃၆ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[1]။

ငဆုတ် မေးချက်။

(ခ) ကျွန်တော် ရွှေမြို့တော် နောက်မျက်နှာ သီရိဟေမာရပ်တွင် အမြဲနေ၊ ၎င်းလဆန်း ၂ ရက်နေ့ ပခန်းနတ် တင်ကြားပသမြဲ တင်ကြားပသရာတွင် ပါသည့် ထန်းရည်ချို တစ်မြူကို နတ်တင်ပြီး နောက် အရပ်နေ ညို၊ ငမောင် ဆိုသူတို့ သောက်ကြကြောင်း။ ကျွန်တော်နှင့် ညို၊ ငမောင်၊ အမည်မသိ အခြားလူ ၂ တို့ ထန်းရည်ခါး မသောက်ကြောင်း၊ ငမောင်ကို ကျွန်တော်က ထန်းရည်ခါး မပေးရကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ငမောင် ဆိုသူကို ရှေ့ရုံးသို့ ဆင့်ဆိုမေးမြန်းရာ၊ ထန်းရည်ခါး သောက်မှုနှင့် ဖမ်းဆီးပို့အပ်ရှိ၍၊ စစ်မေး ကာလ မသောက်မမျိုကြောင်း သိသာ၍ အပြစ်မှ ကင်းလွတ်ရှိကြောင်း မြို့တော်စာရေးက လျှောက်ထား ရှိသောကြောင့် ငမောင်ကို မြို့သာဝန် တရားသူကြီးသို့ ပေးအပ်ရှိကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ဟဲလုံ မြို့စားက သစ်လုံးရေ ၁၀၀၀ (အဖိုးသင့်ငွေ ၅၀၀၀ဝိ) ကျော် ရှိသည် စွဲဆိုမှုသည် မဟုတ်မလျား စွဲဆိုမှုဖြစ်ကြောင်း သစ်ခေါင်း သောတုတ်က လျှောက်ထားရှိ၍ ၎င်းအမှုအဆို ဆင်ခြေ၊ သက်သေထွက်ချက်၊ စာချုပ်များကို ပေးပို့မည့်အကြောင်းနှင့် ၁၂၃၅ ခု၊ နှောင်းတန်ခူးလဆုတ် ၁၂ ရက်နေ့ တစ်ကြိမ်၊ ၃၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့ တစ်ကြိမ် စာပေးရာ ပြန်စာမရ၍ သောတုတ်အပေါ်တွင် စွဲဆိုသည့် သစ်လုံးရေ ၁၀၀၀ တင်ရှိသည့် စာချုပ်များကို အင်္ဂလိပ် အစိုးရမင်းတို့ထံ ပို့ရန် ရေးကူးပေးပို့မည့်အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဟဲလုံ မြို့စားနှင့် သောတုတ်တို့ သစ်မှုနှင့် အရေးပိုင်မင်း ပေးစာအရ ဟဲလုံမြို့စားကို မေးရာ၊ စွဲဆိုသည့် နေ့က ယခုတိုင် သောတုတ်က မချေမဆို ကပ်ခိုရှိသည် ထွက်ဆိုရှိကြောင်း။ သောတုတ်တို့ သစ်လုံးရေ ၁၀၀၀၊ တစ်လုံးလျှင် အဖိုး ၅ဝိ ကျနှင့် မည်သည့်အခါက ပေးအပ်ရောင်းချရသည်ကို မေးမြန်းစာပြန်ရန် ပေးစာအရ သောတုတ်က အစစ်ခံ ချေဆိုချက်ရှိမှ စာပြန်ရန်ရှိကြောင်း။ ၎င်းတို့ သစ်ရောင်းစာချုပ်များ ပို့ရန် ပေးစာအရလည်း ဟဲလုံမြို့စား လျှောက်ချက်အရ သောတုတ် ကွယ်ဆိုလျှင်သာ ပို့ရန်ရှိကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ရေနံချောင်း ၄ မြို့ဝန် အပေါ်တွင် တွဲဖက်ရုံး စီရင်ချက်အရ ရရန်ငွေ ၁၂၆ဝိ ကို တောင်းခံပေးရန် မြန်မာ တရားသူကြီးထံ အတန်တန် စာပေးပါသည်ကို တောင်းခံမပေး မရရှိသေးကြောင်းနှင့် ငွေရှင် အင်္ဂလိပ် ကျွန်တော်မျိုး မူစာအူစမ်က ထပ်မံလျှောက်ထားရှိ၍ နေရာကျ ဆင့်ဆိုတောင်းခံပေးမည့် အကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ငွေရှင် မူစာအူစမ်တို့ ငွေမှုနှင့် ပေးစာအရ မြို့သာဝန် တရားသူကြီးကို မေးရာ၊ ထုံးစံရှိရာ တောင်းခံဆဲ ရှိကြောင်း ထွက်ဆိုသော်လည်း ရအောင် တောင်းခံပေးဆပ်စေရမည် ဆင့်ဆိုရှိကြောင်း။

---

၁။ ၂၂ ဧပြီ ၁၈၇၄

## ၂၆၆ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၆ ရက်နေ့။

### အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အင်္ဂလိပ် ကျွန်တော်မျိုး မြိဇာဟာမတ်နှင့် တရားခံ ပင်းသာမြို့သူကြီး ပြောတို့ သစ်မှုစကားတွင် တရားလိုပြသက်သေ သစ်တောဝန် ဆရာဝန်မာဘီကို ယခုပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း၍ ထွက်ချက်များကို ပို့ပါမည့် အကြောင်း၊ သက်သေစရိတ်ကိုလည်း မြန်မာတရားသူကြီးသို့ ပေးပြီးဖြစ်ကြောင်း။

မေးခွန်း ၄။

(က) သစ်တောများကို ပင်းသာမြို့သူကြီး ပြောက မြိဇာဟာမတ်ပိုင် တံဆိပ်ရိုက်ခတ် တွေ့မိ၍ ငရွှေဘို၊ ငပို၊ ငရွှေညံ့တို့က လျှောက်ချက်ကို တင်ပြစေမည့် အကြောင်း။

(ခ) မြိဇာဟာမတ် တံဆိပ်နှင့် တွေ့မိသည့်သစ် မည်မျှ။

(ဂ) ၎င်းတံဆိပ်နှင့် သစ်ကို မြိဇာဟာမတ်က ထုတ်ယူသည်၊ မည်သို့ ပြုသည်။

(ဃ) ၎င်းသစ်မှုနှင့် ပြောကို ဆုံးမခြင်း ရှိ မရှိ။

၁၂၃၆ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၁]။

### အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရားလို မြိဇာဟာမတ်နှင့် တရားခံ ပြောတို့ သစ်မှုတွင် သက်သေ သစ်တောဝန် မာဘီကို ပို့ရောက်ရင်း မေးခွန်းအတိုင်း မေးမြန်း၊ ထွက်ဆိုချက်များကို ပို့လာစေကြောင်း။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၂]။

### သစ်တောဝန်မာဘီ ထွက်ချက်။

(က) မေးချက်အရ။

ငရွှေဘို၊ ငပို၊ ငရွှေညံ့တို့ လျှောက်ချက်လက်ခံ။

(၁) ပင်းသာမြို့သူကြီး ပြော သစ်ဖောင် ၃ စုံမျှော၊ ထုတ်တလုပ်ကင်းသို့ဆိုက်ရောက်၊ တံဆိပ်ပျက်ပါရှိ၍ မေးမြန်းရာ မြိဇာဟာမတ်သို့ သစ်သွင်းရန်ရှိ၍ တော်သစ်များကို မြိဇာဟာမတ်ပိုင် တံဆိပ်ရိုက်နှိပ်ကြောင်း ဖြောင့်ဆိုရှိသောကြောင့် သစ်များကို သိမ်းယူထားကြောင်း။ ပြောလည်း ခံဝန်ချက်နှင့် အရှင်ထံ လျှောက်ထားရန် ရွှေဘွားတော်အောက်သို့ သွားကြောင်း။

(ခ) မေးချက် အရမှာ – မြိဇာဟာမတ် တံဆိပ်နှင် သစ်ကို ကျွန်တော် မရိုက်မခတ်မိပါ။

(ဂ) မေးချက် အရမှာ – မြိဇာဟာမတ် တံဆိပ်နှင့် မခတ်မရိုက်၍ မည်သို့ မသိပါ။

(ဃ) ပြောကို မည်သို့ဆုံးမခြင်း မရှိ။

---

## ၂၆၇ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၇ ရက်နေ့။

### အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အရေးပိုင်မင်းက ဝန်ရှင်တော်မင်းကြီးထံ အပ်နှံထားသည့် သေသူ သရက်မာမွတ်ပိုင် ပစ္စည်းများကို ပို့အပ်ပါမည့် အကြောင်း။

---

၁။ ၁၆ မေ ၁၈၇၄ ၂။ ၁၃ မေ ၁၈၇၄

၁၂၃၆ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ သေသူ သရက်မာမွတ်ပိုင် ပစ္စည်းများပို့ရန် ပေးစာအရ ပြန်စာမရကြောင်း၊ ဘုံဘိုင်မြို့နေ ဤယ်မင်း ကိုယ်စားလှယ်က ၎င်းပစ္စည်းများကို ၎င်းမယားသားထံ ပို့မည့်အကြောင်းနှင့် စာရောက်ပါ၍ ပို့ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မရှတီမေဒီသို့ စီရင်ချက်အရ ဆေးဖိုးငွေ ၇၆ အမွေပုံမှ နုတ်ယူပေးကမ်း၊ မိငွေသို့လည်း သင်းသီးပစ္စည်း နှင့် အမွေပုံတွင် ပေးသင့်အတိုင်း ၃ ပုံ တစ်ပုံကျ ၁၀၁၊ ဖြူးတန် ပစ္စည်းကို အမွေပုံမှ နုတ်ယူပေးကမ်းရာ မိငွေက ၃ ပုံ ၁ ပုံကျ မပြည့်မီ၍ ၁၂၀၀ တန် မဂိုဘာသာရေးမြီစာချုပ်ကို ပေးအပ်ပါ၊ နောင် မြီရှင်များနှင့် ရှင်းလင်း၍ ၃ ပုံ ၁ ပုံကျ ပြည့်မီအောင် နုတ်ယူ၊ ကျန်ငွေကို တွဲဖက်ရုံးသို့ တင်ပေးပါမည် ခံဝန်လျှောက်ထား ချက်အရ ပေးအပ်ရှိသောကြောင့် ကျန်စာချုပ်စက္ကူများနှင့် အရေးပိုင်မင်းက ပို့ရောက်ပစ္စည်းစာရင်း။ ၎င်းမှ မရှတီမေဒီ၊ မိငွေတို့သို့ နုတ်ပေးသည့် အမှတ်အသား။ မိငွေ ခံဝန်ချက်များကို ပို့လာစေကြောင်း။

(က) ၁၂၃၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့၊ တွဲဖက်ရုံးဘီလစ်ခြေတယ် ပို့ရောက်ရင်း သရက်မာမွတ်ပိုင် အကွင်းအခြည် အထည်အလိပ် ပစ္စည်းစာရင်း။

၁၂၃၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

မရှတီမေဒီသို့ ပေးသည့် အမှတ်အသား။

(ခ) သရက်မာမွတ်အတွက် မရှတီမေဒီက ကုန်ကျရငွေ ၇၆ ကို သရက်မာမွတ် ပစ္စည်းမှ နုတ်ပေးရန် အရေးပိုင်မင်းက စာပို့ရောက်၍ သရက်မာမွတ်ပိုင် ပစ္စည်းတွင် နီလာလက်စွပ် ၁ ကို အဖိုး ၁၀၀ တန် စုံညီပြတ်ဆို၍ မိငွေနှင့် ၎င်းနောက်နေလင် လှိုင်တို့သို့ ပေးအပ်။ ငွေ ၇၆ ကို မရှတီမေဒီ သို့ ပေးစေပြီးလျှင် ကျန်ငွေ ၂၄ ကို မိငွေ အမွေပုံတွင် ခုနှိမ်ရမည် ဆင့်ဆိုသည့် အကြောင်းအရာ။

(ဂ) မိငွေ ရသင့်အမွေ ၃ ပုံ ၁ ပုံကျတွင် အဝင်ပြု၍ ၎င်းသို့ သရက်မာမွတ် ပစ္စည်းမှ နုတ်ယူပေးကမ်း သည့် အကွင်းအခြည် အထည်အလိပ် ပစ္စည်းစာရင်း။

မိငွေ ခံဝန်ချက်။

၁၂၃၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၃]။

(ဃ) ကျွန်တော်မ ပုတီး နားတောင်းနှင့် အမွေ ၃ ပုံ ၁ ပုံ ရရန်အနက် ၁၀၁–ဖြူးသာ ရရှိ၊ ၃ ပုံ ၁ ပုံ မပြည့်မမီ၊ ပြည့်မီအောင် ၁၂၀၀ တန် မဂိုဘာသာရေးစာချုပ်ကို ပေးအပ်လျှင် တွဲဖက်ရုံးတွင် မြီကားတို့နှင့် ရှင်းလင်းတောင်းခံ၊ ၃ ပုံ ၁ ပုံကျ ပြည့်မီအောင် နုတ်ယူ၍ ကျန်ငွေကို တွဲဖက်ရုံးသို့ တင်ပေးပါမည့် အကြောင်းအရာ။

(င) ကျန်ပစ္စည်း အထည်အလိပ်စာရင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၄ ရက်နေ့[၁]။

တရုတ်ကုန်သည် ဆရာခို လျှောက်ချက်။

၄။ ။ နေဇာမိုတင်နှင့် ကျွန်တော်တို့ ယုက်တင်ရှိသည့် ဥမ်းအိတ်၊ ဝင်းခြံပစ္စည်းမှုကို အရေးပိုင်မင်းက ဥမ်းအိတ်မှု ကိုသာ စီရင်မည်၊ ကျန်ဝင်းခြံပစ္စည်းမှာ လွှတ်တော်က စာရင်းမပါ ဆို၍ မစစ်ဆေး မစီရင် ရှိပါ သောကြောင့် အမိန့်ကို နာခံပါရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နယုန်လဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ နေဇာမိုတင်နှင့် ဥမ်းအိတ်မှု ယုက်တင်ရှိသူ တရုတ်ကုန်သည် ဆရာခိုတို့က [၄ မှတ်အတိုင်း] လျှောက်ထား

---
၁။ ၁၉ မေ ၁၈၇၄ ၂။ ၂၅ ဒီဇင်ဘာ ၁၈၇၃ ၃။ ၁၉ ဇန်နဝါရီ ၁၈၇၄

ရှိ၍ ဝှမ်းအိတ်နှင့်တကွ တလုပ်မြို့ဝန် တင်ပေးစာရင်းပါ ဝင်းခြံပစ္စည်းများကို အရေးပိုင်မင်းက နေ့ရက်မကြာ စစ်ဆေးမေးမြန်း နေရာကျ ဆုံးဖြတ်မည့်အကြောင်း။

---

## ၂၆၈ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ နယုန်လဆန်း ၅ ရက်နေ့ (ရောက်)။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အထက် ဝန်ရှင်တော်မင်းကြီး ပေးစာတွင် မိငွေသို့ ပေးအပ်သည်ဆိုသည့် ၁၂၀၀ တန် မဂိုဘာသာရေး စာချုပ်ကို ပို့ပါမည့်အကြောင်း၊ မိငွေ ရရန်ကို နောင်မှ အရေးပိုင်မင်း ရှင်းလင်းပေးကမ်းမည့်အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ၁၂၀၀ တန် မြီစာချုပ်ကို မိငွေသို့ ပေးအပ်ပြီးဖြစ်၍ မိငွေရစုကို ဝေငှပေးကမ်းလိုလျှင် မိငွေကို မြို့သာဝန် တရားသူကြီးထံ တောင်းခေါ်၍ မြို့သာဝန် တရားသူကြီးနှင့်သာ ညှိနှိုင်းပေးကမ်းမည့် အကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ နေဇာမိုတင်နှင့် တရုတ်ကုန်သည် ဆရာခိုတို့ ယှက်တင်ရှိသည့် ဝှမ်းအိတ်နှင့် နေအိမ်ဝင်းခြံမှုတွင် ဝှမ်းအိတ်ပြင် ကျန်နေအိမ် ဝင်းခြံပစ္စည်းများကို လွှတ်တော်က အာကာမန္နလီခိုရာစာနီသို့ ပေးအပ်ပြီးဖြစ်၍ ဝှမ်းအိတ်လုံးရေ ၅၀ မျှကိုသာ ဆုံးဖြတ်စီရင်ရန် ရှိကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ နေဇာမိုတင်တို့ အမှုတွင် ဝင်းခြံပစ္စည်းများကို အာကာမန္နလီခိုရာစာနီသို့ ပေးအပ်သည်မှာ နေဇာမိုတင်က ကိုယ်ပိုင်ပစ္စည်း မဟုတ်ကြောင်း ကျမ်းကျိန်ဆိုခြင်း မရှိ၊ သာမည လျှောက်ဆိုပေးအပ်သည့် အရာဖြစ်ကြောင်း။ ပြည်သူ အမှုသည်တို့ အဆိုအလဲ ကြွင်းကျန်၍ လွှတ်တော်တွင် အယူခံလိုလျှင် အယူခံဝင်မြဲဖြစ်ကြောင်း။ နေဇာမိုတင်နှင့် အာကာမန္နလီတို့ ကျမ်းကျိန်ဆိုခြင်းရှိမှ ပေးအပ်ရယူသင့်ကြောင်းများနှင့် ဆရာခိုတို့ လျှောက်ချက်အတိုင်း တရားမှု ဖြစ်သည်နှင့်အညီ ဆရာခိုတို့ စိတ်ကျေအေးအောင် နေဇာမိုတင်တို့ကို ပလီဝင်ခြင်း၊ ကျမ်းကျိန်ခြင်း ထုံးစံရှိရာ အရေးပိုင်မင်းက ထပ်မံပြုလုပ် စစ်ဆေးစီရင်လျှင် ၎င်းအမှု ပြီးပြတ်လွယ်ရန် ရှိကြောင်း။

---

## ၂၆၉ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အိမ်ငှားနေ ယာမဆာမိတွင် အိမ်ရှင် ဂေါ်ရင်တော်က အိမ်ခငွေရရန် နောက်ပြင်ခုံတော်ထံ စွဲလျှောက်၊ ခေါ်ချ ချုပ်ထားမည်ရှိကြောင်း။ လျှောက်ထားရှိသည့်အမှုကို တွဲဖက်ရုံးတွင် ပြောဆိုစေမည့် အကြောင်း။

---

၁။ ၂၆ မေ ၁၈၇၄

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ယာမဆာမိနှင့် ဂေါ်ရင်တော်တို့ အမှုကို တွဲဖက်ရုံးမှာ ပြောဆိုစေရမည် နောက်ပြင်ခုံတော်ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အစ္စမံအင်က မတ္တရာမြို့နေ ငရွှေသားအပေါ်တွင် ကုန်ဖိုးငွေ ရရန်ရှိကြောင်း လျှောက်ထားရှိ၍ ငရွှေသားကို တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မတ္တရာမြို့မှာ ငရွှေသား အမည်နှင့် အများရှိ၍ မည်သည့်ရပ်ကွက်နေ၊ သားမယား မည်သူဖြစ်သည်ကို ဆင့်ဆိုသာအောင် အသေအချာ စာပေးပို့၊ တပ်ရာသေချာသိကာလ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

---

## ၂၇၀ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အာကာဂျာဘွယ်က တရားခံ မောင်ဘော၊ မောင်ရွှေဝတို့ အပေါ်တွင် ရရန် တွဲဖက်ရုံး စီရင်ချက်ကျငွေကို ထုံးစံရှိရာ ချုပ်နှောင် တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တွဲဖက်ရုံး စီရင်ချက်ကျငွေကို မောင်ဘော၊ မောင်ရွှေဝတို့ထံ ချုပ်နှောင်တောင်းခံရမည် မြို့သာဝန် တရားသူကြီးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မော်လမြိုင်မြို့နေ သောာတုတ်နှင့် မိုင်းစိတ်စော်ဘွားရိုး ဟဲလုံမြို့စား မဟာသီရိသိုစံဘွားတို့ သစ်မှုစကားနှင့် အရေးပိုင် ပေးစာ-၈ တွင် သိုစံဘွားကို ခေန်းမိုး၊ သား ရွှေဓားစွဲဗိုလ် မင်းလှခန်းမိုင်းရာဇာကို သားခေန်း ဟူ၍ လူသေးလူနုပ်ကဲ့သို့ မည်သည့်အကြောင်းကြောင့် ရေးသားသည်များကို နေ့ရက်မကြာ စာပြန်ကြားမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မော်လမြိုင်မြို့နေ သောာတုတ်မှာ ညှိသည်ဖြစ်၍ ငွေ ၅၀၀၀၀ဝိ တန် ခံဝန်သူ မပေးနိုင်၊ တော်သင့်သည့် ခံဝန်သူနှင့် လွှတ်သင့်ကြောင်း။ ခေန်းက တင်သည့်စာချုပ်ကို ခေတ္တပေးလိုက်ပါမည့် အကြောင်း။

---

[၁] ၂၄ ဇွန် ၁၈၇၄

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ မော်လမြိုင်မြို့နေ သောတုတ်ကို သင့်ရာခံဝန်သူနှင့် အချုပ်ကလွတ်၍ ရှင်းလင်းပြောဆိုစေရမည် မြို့သာဝန် တရားသူကြီးကို ဆင့်ဆိုရှိကြောင်း၊ ဟဲလုံမြို့စား မဟာသီရိသိစံဘွားက တင်သည့် စာချုပ်ကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၂ ရက်။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ တရားလို မောင်ဘ၊ မောင်ဘိုးတို့က ရေနံချောင်း ၄ မြို့ဝန်အပေါ်တွင် တွဲဖက်ရုံး စီရင်ချက်ကျ ရရန် ငွေကို ထုံးစံရှိရာ ချုပ်နှောင် တောင်းခံပေးပါမည့်အကြောင်း လျှောက်ထားရှိ၍ ထုံးစံရှိရာ ချုပ်နှောင် တောင်းခံပေးရန် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ရေနံချောင်း ၄ မြို့ဝန်အပေါ်တွင် မောင်ဘတို့က ရရန် စီရင်ချက်ကျငွေများကို ထုံးစံရှိရာ တောင်းခံ ပေးဆပ်စေရမည် မြို့သာဝန် တရားသူကြီးကို ဆင့်ဆိုရှိကြောင်း။

---

## ၂၇၁ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အစ္စမ်အင်နှင့် ကုန်ဖိုးငွေမှု ရှင်းလင်းရန်ရှိသူ ငရွှေသားကို တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ်ပါမည့်အကြောင်းနှင့် ယခုလဆန်း ၉ ရက်နေ့ တစ်ကြိမ်၊ ၁၃ ရက်နေ့ တစ်ကြိမ် ပေးစာအရ မတ္တရာမြို့ဝန်သို့ ဆင့်ဆို တောင်းခေါ်ဆဲရှိ၍ ပို့ရောက်ကာလ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၄ ခု၊ ဂျူလိုင်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ စီရင်ချက်ကျငွေ ၂၇၅၀ ကို တရားခံ ရေနံချောင်း ၄ မြို့ဝန် မပေးမဆပ်သေးကြောင်းနှင့် တရားလို အင်္ဂလိပ် ကျွန်တော်မျိုး ငဘေတို့က ထပ်မံလျှောက်ထားရှိ၍ ဆင့်ဆိုတောင်းခံပေးပါမည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငဘေသို့ ရေနံချောင်း ၄ မြို့ဝန်က ပေးဆပ်ရန် စီရင်ချက်ကျငွေများကို ထုံးစံရှိရာ တောင်းခံပေးဆပ်စေရမည် မြို့သာဝန် တရားသူကြီးသို့ ထပ်မံဆင့်ဆိုရှိကြောင်း။

---

## ၂၇၂ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အစ္စမ်အင်နှင့် ကုန်ဖိုးငွေမှု ရှင်းလင်းရန်ရှိသူ မောင်ရွှေသား ဆိုသူသည် ပသီလူမျိုး၊ ပလီဒကာ၊ မတ္တရာမြို့ ဈေးတန်းရပ်နေဖြစ်၍ မတ္တရာမြို့ ခုံတော်ထံ မေးမြန်းလျှင် ရနိုင်ကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မတ္တရာမြို့နေ ပလီဒကာ မောင်ရွှေသားကို မတ္တရာမြို့ဝန်က စေလွှတ်လာရောက်ရှိသည်ဖြစ်၍ အစွမ်အင်နှင့် ရှင်းလင်းရန် မြို့သာဝန် တရားသူကြီးသို့ ဆင့်ဆိုပေးအပ်ရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ မြန်မာ ကျွန်တော်မျိုးရှေ့နေ ငပိုက်က အင်္ဂလိပ် ကျွန်တော်မျိုး ဂင်္ဂါဘရုပ်သို့ စီရင်ချက်အရ ဆပ်ပေးရန်ငွေကို မဆပ်မပေး၍ ဆင့်ဆိုတောင်းခံပါမည့်အကြောင်းနှင့် စာပေးရာ၊ တောင်းခံ မပေးမရရှိကြောင်း။ သည်ကဲ့သို့သာ တောင်းခံမပေးပါလျှင် အင်္ဂလိပ် ကျွန်တော်မျိုးတို့ နာကြည်းရန် ရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ရှေ့နေ ငပိုက်က ဂင်္ဂါဘရုပ်သို့ စီရင်ချက်အရ ပေးဆပ်ရန်ငွေကို ကြပ်ကြပ်တည်းတည်း ချုပ်ထားတောင်းခံ ပေးဆပ်စေရမည် မြို့သာဝန် တရားသူကြီးသို့ ထပ်မံဆင့်ဆိုရှိကြောင်း။

---

## ၂၇၃ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဟဲလုံမြို့စားက လျှောက်ထားသူ မော်လမြိုင်မြို့နေ အိုမင်းမစွမ်းသူ သောတုတ်ကို ခြေချင်းစွဲခတ်၊ ထောင်အကျဉ်းချထား၊ တရားမှုဖြစ်လျက် ရာဇဝတ်မှုကဲ့သို့ မပြုမလုပ်သင့် ထင်ပါ၍ နေရာကျ ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မော်လမြိုင်မြို့နေ သောတုတ်ကို ယုံကြည်လောက်သည့် ခံဝန်သူမရှိ၍ တန်းတွင်သာ ချုပ်ထား၊ မည်သည့်ကာလမှ ခြေချင်းစွဲခတ် ထောင်အကျဉ်း မချမထားကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တရားလို သောမောင်က ငွေရရန်ရှိ၍ လျှောက်ထားစွဲဆိုရှိသူ တရားခံ ဘဘိုး၊ ငရိုးတို့က ကုန်ဖိုးကြွေးမြီ မဆပ်မပေးရန် စာချွန်ရကြောင်းနှင့် ပြောဆိုရှိ၍ ၎င်းအကြောင်းအရာကို စာပြန်ပါမည့်အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ နိုင်ငံတော်အတွင်းမှ အခြား မြို့ကျေးရွာသို့ ထွက်သွားပြန်လာသူတို့ကို ၅ နှစ်အတွင်း သဿမေဓမှုစ၍ အသေးအဖွဲ့ အခွဲအခန့် ကြွေးမြီ၊ ကုန်ဖိုးဖြတ်စာတွက်၊ လယ်ယာပေါင်မှု၊ ကျွန်ပေါင်မှုများကို အတောင်းအခံ အခေါ်အချမရှိ၊ လွတ်ငြိမ်းစေ အမိန့်တော်မြတ်ရင်းနှင့်အညီ ဘဘိုး၊ ငရိုးတို့ကို လွှတ်တော်စာချွန် ပေးအပ်ရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

ငဘိုး၊ ငရိုးတို့ မေးချက်။

၅။ ။ ၁၂၂၉ ခုနှစ်က ပြည်မြို့သို့ ထွက်သွား၊ ၁၂၃၆ ခုနှစ်အတွင်း နေရင်း ရွှေမြို့တော်သို့ ပြန်လာ၊ ရှေ့ရုံးတော်တွင် စာရင်းချမှတ် လွှတ်တော်စာချွန် ခံယူ၊ သောမောင်က တွဲဖက်ရုံးမှာ ကြွေးမှုနှင့် လျှောက်ထား၊ ၅ နှစ် လွတ်ငြိမ်းစေ အမိန့်တော် စာချွန်တော်ကို တင်ပြ လွတ်ငြိမ်းချမ်းသာရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ မော်လမြိုင်မြို့နေ သောတုတ်ကို တရားမှုနှင့် ချုပ်ထားရာ၊ ခြေချင်းခတ် မခတ်ကို သိလိုကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

ကောင်ဟန်တန်းစစ်ကဲ ကြော့ဘူး မေးချက်။

၇။ ။ မော်လမြိုင်မြို့နေ သောတုတ်ကို ချုပ်ထားရာ၊ ၎င်းတူ ညှာဆိုသူ အကြိမ်ကြိမ်လာရောက် တီးတိုးစကားပြောဆို၊ တိမ်းရှောင်မည့် ရိပ်ယောင်ထင်၍ အမှုအလျောက် ၃ ရက် ၄ ရက်ခန့် ခြေချင်းစွဲခတ်ထားကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ မော်လမြိုင်မြို့နေ သောတုတ်ကို တိမ်းရှောင်မည့် ရိပ်ယောင်ထင်၍ ၃ ရက် ၄ ရက်ခန့် ခြေချင်းစွဲခတ်ထားကြောင်းနှင့် ကောင်ဟန်တန်းစစ်ကဲ ကြော့ဘူးက ထွက်ဆိုရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ မော်လမြိုင်မြို့နေ မောင်သာတုတ်ကို ဈေးကြိုတော်ရပ်နေ မယ်ရင်က ခံဝန်နုတ်ယူမည့် အကြောင်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၀။ ။ မော်လမြိုင်မြို့နေ မောင်သာတုတ်ကို ခံဝန်မည့်သူ မယ်ရင်ဆိုသူ ယုံကြည်ရသူ ဟုတ် မဟုတ် ရွှေမြို့တော် မြို့စာရေးမင်းတို့ကို ဆင့်ဆိုမေးမြန်းဆဲ ရှိကြောင်း။

---

၂၇၄ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

ကုလားဝန် ရွှေတိုက်စိုးက လျှောက်စာ။

၁။ ။ အနောက်ဘက် ကရင်နီ ခွန်တီးခွန်ရှားတို့ စကားကို အမိန့်တော်မြွက်ရင်းအတိုင်း အရေးပိုင်မင်းကြီး အီဒင်ထံ ပြောဆိုရာ၊ ၁၂၁၉ ခုနှစ် အရေးပိုင်မင်းကြီး ဘယ်ရာ လက်ထက် (ကြယ်ဘိုးကြီးတို့က အနောက်ကရင်နီနယ်၊ မြန်မာနိုင်ငံအဝင် မဟုတ်၊ သီးခြားဖြစ်၍ အင်္ဂလိပ်အစိုးရမင်းတို့နှင့် မဟာမိတ်ဖွဲ့လိုသည် ပြောဆိုသည်) အရ ၎င်းတို့နှင့် အင်္ဂလိပ် အစိုးရမင်းတို့ ကရင်နီတို့ ထုံးစံအတိုင်း မဟာမိတ်စာချုပ်ကြသည့် အမှတ်အသား ကျွဲချို။ ကရင်နီနယ် လော်တော်ကူရွာကျောင်းနေ ဦးဒီပ၊ အိန္ဒာကွေ့ကျောင်းနေ ဦးသုမနတို့က ကရင်နီတို့ ရွှေစက်တော်အောက် ရောက်လိုသည် မဟုတ်မလျား ပြောဆို၍ ခေါ်ယူသည့် လွှတ်တော်မှာစာများကို အီဒင်က ပြသ။ အရေးပိုင် ဘယ်ရာ ပထမ တက်ရောက်စဉ် စစ်သူကြီးမင်းများက မပြောမဆိုသည် ဖြစ်၍ ပြုပြင်နိုင်ရန်မရှိကြောင်း ပြောဆို။ အနောက်ဘက် ကရင်နီတို့ ရွှေစက်တော်အောက် မလာ

---

[၁]။ ၂၉ ဇူလိုင် ၁၈၇၄

မရောက်၍ လက်နက်ကိုင် အမှုထမ်း စေလွှတ်ကြောင်းနှင့် တောင်ငူအရေးပိုင်က ပို့ရောက်ကြေးနန်းစာ။ အနောက်ဘက် ကရင်နီတို့ကို မတိုက်ခိုက်ရအောင် သံတော်ဦးတင်ရန် အရေးပိုင် စတိုဝါသို့ အကြိမ်ကြိမ် ပေးမှာသည့် စာများကိုလည်း ပြသပြီးလျှင် ကရင်နီတို့ကို မတိုက်မခိုက်ရန် သံတော်ဦးတင်ပါ အရေးပိုင် မင်းကြီး အီဒင်က ပြောဆိုရှိကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

သူဌေး မဟာသီရိဘောဂသာရက တင်ပေးသည့် စကားမှတ်သားချက်။

အတွင်းဝန် ဒန်ကင်း ပြောဆိုချက်။

၂။ ။ ၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့၊ အတွင်းဝန် ဒန်ကင်းအိမ်သို့ သွားရောက်နှုတ်ခွန်းဆက်ရာ၊ နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်ကြသည့်အတိုင်း ကောင်းအောင် သဘောထားတော်မူသောကြောင့် ဘုန်းတော်ကြီးလှသောဘုရား သက်တော်ရှည်၍ ဘုန်းတော်ကြီးကြောင်းကို ဆုတောင်းဆုပြုပါကြောင်းကို သံတော်ဦးတင်ပါမည့် အကြောင်းအရာ။

အရေးပိုင်ဝန်ကြီး အီဒင် ပြောဆို စကားချက်။

၃။ ။ ကရင်နီများနှင့် ကျွန်ုပ်တို့ မဟာမိတ်ဖြစ်ကြ၍ စစ်ကူတောင်းသောကြောင့် စစ်သားများ ပေးရ၍၊ နောင် တပ်တော် စစ်သားတို့နှင့် ခိုက်ရန်ဖြစ်ပွား မရှိရအောင် သံတော်ဦးတင်ပါမည့် အကြောင်းအရာ။

ရန်ကုန်နှင့် ပြည်သွား မီးရထားလမ်း ယခု စတင်ဖောက်လုပ်ရာ ၃ နှစ်တိုင်လျှင် ပြီးစီးရန် စရိတ်ငွေ ၇ သန်း ၅ သိန်းခန့် ကုန်ရန်ရှိသည့် အကြောင်းအရာ။ သူဌေးကြီးများထံ ချေးငှားရ ငွေတိုးမှာ ငွေ ၁၀၀၀ဝိ၊ တစ်နှစ် ၄ဝိ ကျပ် အတိုးအတွက် ၃ သိန်းခန့် ပေးသည့်ပြင် တစ်နှစ် ၃ သိန်းခန့် မြတ်စွန်း၍ နိုင်ငံတော်နှင့် မီးရထားလမ်းဖောက်အောင် တင်ပါမည့် အကြောင်းအရာ။

ကျောင်းတော်ရာမြေမှာ ကျောင်းတော်လာ မလာကို အမှန်သိလို၍ ကျွန်ုပ်ထံ စာပေးပါစေမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

ကုလားဝန် ရွှေတိုက်စိုးသို့ ပေးအပ်သည့် ဆင့်စာ။

၄။ ။ အနောက်ကရင်နီ ခွန်တီးခွန်ရှားတို့ ကျေးရွာများသို့ အင်္ဂလိပ် အစိုးရတို့က လက်နက်ကိုင် စစ်သားများ စေလွှတ်မရှိမည့်အကြောင်း။ စေလွှတ်လျှင် စောင့်နေသည့် ရဲမက်တော်တို့နှင့် ခိုက်ရန်ဖြစ်ပွား၊ ရွာသိမ် ရွာငယ်ကို အကြောင်းပြု၍ မပြောတန် ပြောဆိုကြရမည် ဖြစ်သောကြောင့် စစ်သား အပေးအကမ်း အစေအလွှတ်မရှိရန် အကြောင်းအရာများကို အရေးပိုင်ကြီးထံ ပြောဆို၍ ၎င်းက ပြန်ပြောသည့် အကြောင်း အရာကို မှတ်သားလျှောက်ထားရမည့် အကြောင်းအရာ။

---

## ၂၇၅ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

၁၈၇၄ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို မြိဇာဟာမတ်နှင့် ပင်းသာ မြို့သူကြီး မောင်ပြားတို့ သစ်မှုတွင် တရားလိုပြသက်သေ ဆရာဝန် မာဘီ မကျန်းမာသေးကြောင်းနှင့် စာပြန်၍ ရပ်ဆိုင်းရကြောင်း၊ ၎င်းအမှုကို ယခုလဆုတ် ၃ ရက်နေ့ စီရင်မည်ဖြစ်၍ အထက်ပို့ပြီး မေးခွန်းအတိုင်း မေးမြန်း၊ ထွက်ချက်များကို ပို့ပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ သက်သေစရိတ်ပေးပုံ ထုံးစံကို တွဲဖက်ရုံး စာရေးကြီး မောင်ကာကို မေးရာ၊ ကုန်သည်ကြီးမှာ တစ်နေ့

၁။ ၂၉ ဇူလိုင် ၁၈၇၄ ၂။ ၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် ဖြစ်မည်။

ဉ၊ ကုန်သည်လတ်မှာ တစ်နေ့ ဒိ၊ ကုန်သည်ငယ်မှာ ၅ူး၊ အရာရှိတို့မှာ မည်မျှပေးကမ်းမည် ညှိနှိုင်းချက် မရှိသေး ထွက်ဆို၍ ဆရာဝန်သို့ ပေးရန်ကို ညှိနှိုင်းပြီးရှိလျှင် ပေးပို့မည့်အကြောင်း။ မရှိလျှင် ညှိနှိုင်း၍ ညှိနှိုင်းချက် ပို့ရောက်မှ မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ ဇူလိုင်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တရားလို အင်္ဂလိပ်ကျွန်တော်မျိုး သောမောင်က မြို့မှုနှင့် လျှောက်ချက်အရ တရားခံ မြန်မာကျွန်တော်မျိုး ဘိုး၊ ငရိုးတို့ကို ဆင့်ခေါ်၊ မည်သို့ မချေမဆို၊ စာချွန်ကို ပြသပြန်သွားရှိ၍ စာပေးရာ၊ ဘိုး၊ ငရိုးတို့ ၎င်းအမှုမျိုးမှ လွတ်ငြိမ်းစေ စာချွန်ရ ဖြစ်ကြောင်းနှင့် စာပြန်ရှိကြောင်း။ သို့စာချွန်ခံယူ ကပ်ခိုပြုလုပ်သည့် အရာသည် မတရားသဖြင့် ဖြစ်ပါ၍ ဘိုး၊ ငရိုးတို့ကို ဆင့်ဆိုစေလွှတ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

ဘိုး၊ ငရိုးတို့တင် စာချွန်လက်ခံ။

၄။ ။ အောက်မြို့ကျေးရွာသို့ ထွက်သွား ပြန်ရောက်သူတို့မှာ ပြန်ရောက်သည်က ၅ နှစ်အတွင်း သဿမေဓမှ စ၍ အမှုသေးဖွဲ့ အခွဲအခန့် လူအစေအခိုင်း၊ ကြေးဟောင်းမြီးဟောင်း အတောင်းအခံ၊ စုရှင်၊ ငန်းရှင်တို့ ကလည်း ဆိုင်ရာဆို၍ အခေါ်အငင် အခွဲအတောင်း အခန့်အတားမရှိ လွတ်ငြိမ်းစေ အမိန့်တော်မြတ်ရင်း နှင့်အညီ ဘိုး၊ ငရိုးတို့ ၁၂၃၆ ခု၊ ကဆုန်လအတွင်း ရွှေဘွားတော်အောက်ပြန်ရောက်၊ ရှေ့ရုံးစာရင်းတင် ရာပါ မှန်သည့်အတိုင်း သဿမေဓမှစ၍ အမှုသေးဖွဲ့ အခွဲအခန့်၊ လူအစေအခိုင်း၊ ကြေးဟောင်းမြီဟောင်း အတောင်းအခံ အခေါ်အချ မရှိစေနှင့်၊ ၅ နှစ် လွတ်ငြိမ်းစေရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဘိုး၊ ငရိုးတို့ အကြောင်းနှင့် ၂ ကြိမ် ပေးစာအရ မေးမြန်းရာ ၎င်းတို့ အောက်မြို့ကျေးရွာသို့ ထွက်သွား၊ ပြန်လည်လာရောက်။ ရှေ့ရုံးစာရင်းတင်ရာပါ အမိန့်တော်စာချွန်ရ ဖြစ်ကြောင်း ထွက်ဆို၊ သိသာသည့် အတိုင်း ၁၂၂၉ ခုနှစ်၊ ထုတ်ပြန်တော်မူသည့် အမိန့်တော် ဥပဒေတော် ပြဋ္ဌာန်းပိုင်းခြားသည့် နှစ် လအတွင်း ဘိုး၊ ငရိုးတို့ကို မည်သို့ ဆင့်ဆိုနိုင်ခွင့် မရှိကြောင်း။

---

## ၂၇၆ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ပုဆိုး၊ အင်္ကျီ အထည်အလိပ်နှင့် ခြေနင်း၊ ထီး၊ ငွေများကို အိမ်တွင်ငှားရမ်းနေသူ ငချို ခိုးယူကြောင်း။ ငချို နေရင်းအိမ်ရှင် ပုဏ္ဏားက ငချိုကို မအပ်ကြောင်းများနှင့် ဗိုလ်ဟိန်းက လျှောက်ထား၍ စစ်မေး ပါမည့် အကြောင်း၊ ၎င်းလျှောက်လွှာကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဗိုလ်ဟိန်း လျှောက်လွှာတွင် ပုဏ္ဏားစုရပ်၊ ပုဏ္ဏား မည်သူဖြစ်သည် မပါမရှိ၍ ဆင့်ဆိုစစ်မေးသာအောင် နေရပ်အသေအချာနှင့် ထပ်မံ စာပြန်ကြားမည့် အကြောင်းအရာ။

---

[၁]။ ၈ ဇူလိုင် ၁၈၇၄

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ပြည်မြို့နေ အင်္ဂလိပ်ကျွန်တော်မျိုး မောင်ကြင်က ရေနံချောင်းမြို့နေ မြန်မာကျွန်တော်မျိုး မောင်ရွှေကြင်တို့ အပေါ်တွင် ငွေရရန်ရှိကြောင်း လျှောက်ထားရှိ၍ မြို့သာဝန်ထံ စာပေးရာ၊ ရွှေမြို့တော်နေ မဟုတ်၍ မခေါ်နိုင်ကြောင်း စာပြန်ရှိပါ၍ ငရွှေကြင်ကို ဆင့်ဆိုစေလွှတ် ရှင်းလင်းပါစေမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရားမှု စကားကို တရားခံရှိရာ မြို့ရွာအကြီးအအုပ်၊ မြို့ရုံးအရာရှိ၊ ခုံတော်တို့ထံ စွဲဆိုလျှောက်ထားရမည် ဥပဒေရှိကြောင်း။ သည်ကဲ့သို့ ဥပဒေရှိသည့်အတိုင်း ရေနံချောင်းမြို့ရုံး အရာရှိများထံ စွဲဆိုလျှောက်ထား ကာလ မဟာမိတ်ဖြစ်သည်နှင့်အညီ ပြီးပြတ်လွယ်အောင် စစ်မေးစီရင်ရမည် ရေနံချောင်းမြို့ရွာ အကြီး အအုပ် မြို့ရုံးအရာရှိတို့ကို ဆင့်ဆိုမည့် အကြောင်းအရာ။

---

## ၂၇၇ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၄ ခု၊ ဇွန်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဘင်္ဂလားမြို့နေ လင်ဂျီပိုင် ဒံဂျီပိုင် ဆိုသူက မြင်းခြံနေ စာပူကြီကာဝါကြီသို့ ရိုက်ကြားသည့် ကြေးနန်းစာ မရောက်၍ ရိုက်ခငွေ ၄–ဂဲ ကို ပြန်ရလိုကြောင်းနှင့် လျှောက်ထားရှိသောကြောင့် ၎င်းအကြောင်းအရာကို မေးစစ် စာပြန်ပါမည့် အကြောင်းအရာ။ ကြေးနန်းနှင့်စပ်၍ ကြေးနန်းအစိုးရချင်း ဆက်ဆံသင့်သည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

ကြေးနန်းဆရာ ငအုန်း ထွက်ချက်

(က) ကာလကတ္တားမြို့နေ လင်ဂျီပိုင် ဒံဂျီပိုင်တို့က ရိုက်ကြားသည့် ကြေးနန်းစာကို မြောက်ထားဝယ်ဗိုလ် ဝင်း မြောက်ဘက်နေ ဆာပူကျီထံ ပေးပို့ကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

မြင်းခြံ ဓာတ်ရုံဆရာ ငလူးကြီး ထွက်ချက်။

(ခ) ဆာပူကျီသို့ ပေးရန်စာကို တဂုံမော် ဓာတ်ရုံက ကျွန်တော်ထံ မကြား မပြောကြောင်း။

ရိုက်ရင်း ကြေးနန်းလက်ခံ။

(ဂ) ကာလကတ္တားမြို့၊ လည်မဂျီဘွယ် ဒီဂျံဘွယ်က ဆာပူကျီကောက်အပ်ဂျီပေး။ ချိပ်ချိန်မံ ၁၀၀၀ ကို တင်လိုက်ကြောင်း။ ချိပ်ဈေးတမံကို ၂၅ိ စကားပြန်မည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

တဂုံမော် ဓာတ်ရုံဆရာ ငကျီးညို ထွက်ချက်။

(ဃ) မြင်းခြံနေ ဆာပူကျီ ပေးရန်စာကို ရွှေမြို့တော် ဓာတ်ရုံသို့ ရိုက်ကြားလိုက်ကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၈ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဘင်္ဂလားမြို့နေ လင်ဂျီပိုင် ဒံဂျီပိုင်က မြင်းခြံနေ စာပူကြီကာဝါကြီသို့ ရိုက်ကြားသည့် ကြေးနန်းစာကို

---

[၁]။ ၁၈ ဩဂုတ် ၁၈၇၄ [၂]။ ၂၀ ဩဂုတ် ၁၈၇၄

တဂုံမော် ဓာတ်ရုံက မန္တလေးမြို့သို့ ရိုက်မိကြောင်း ထွက်ဆိုရှိ၍၊ ရိုက်ခငွေ ၄-၈ ကို ပေးပို့လာစေကြောင်း။ ကြေးနန်းအစိုးရချင်း ဆက်ဆံရန် စကားမှာ ညှိနှိုင်းစဉ်းစား၍ စာပြန်မည့်အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ စက်ဆရာ ဗိုလ်ဟိန်း ဥစ္စာပစ္စည်းများကို ခိုးယူသူ ငချိန့်မ လက်တွင် ပစ္စည်းတွေ့ရှိကြောင်းနှင့် လျှောက်ထားရှိကြောင်း၊ ၎င်းကို စစ်မေးသာအောင် နေရပ်အသေအချာ စာပြန်ရန် ဝန်ရှင်တော်မင်းကြီး ပြန်ပေးစာအရ ငချို သိသူကို စေလွှတ်လာပါစေကြောင်း။

စက်ဆံရာဗိုလ်ဟိန်း လျှောက်ချက်။

၄။ ။ ကျွန်တော် ၄ားရမ်းနေထိုင်သူ ငချိုသည် အိမ်ရှိ ဥစ္စာပစ္စည်းများကို ခိုးယူထွက်သွားကြောင်း၊ ငချို နေရင်း အိမ်ရှင်ပုဏ္ဏားက ငချိုကို ရှာပေးမည်ပြောဆို မပေးမအပ်ရှိနေ၍ ပုဏ္ဏားနှင့် မှန်ရာ ဖြစ်ပါရမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့။

ငချို အစစ်ခံချက်။

၅။ ။ ကျွန်တော် ဗိုလ်ဟိန်းထံ ၄ားရမ်းနေသသူ မဟုတ်၊ ထီးလင်းမင်းသားက အမိန့်တော်ခံ၍ ငွေတော် ၅ဝိသနားတော်မြတ်ခံစေပြီးလျှင် ဗိုလ်ဟိန်းနှင့်ဘက်တွဲ အင်္ဂလိပ်စကား ပြန်ဆိုထမ်းရွက်သူဖြစ်ကြောင်း၊ ဗိုလ်ဟိန်း ဥစ္စာပစ္စည်းများကို မခိုးမယူရကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဗိုလ်ဟိန်း ပစ္စည်းဥစ္စာများကို ငချိုက မခိုးမယူရကြောင်း ထွက်ဆိုရှိ၍ စုံညီစစ်မေးရန် ဗိုလ်ဟိန်းကို လွှတ်တော်သို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ တရားလို အင်္ဂလိပ် ကျွန်တော်မျိုး မောင်ကြင်က စွဲလျှောက်ချက်အရ ရှင်းလင်းရန် တရားခံ ရေနံချောင်းမြို့နေ မြန်မာ ကျွန်တော်မျိုး မောင်ရွှေကြင်၊ မယား မိအေးညိုတို့က ကိုယ်စားလှယ် ပြုလုပ်စေလွှတ်သူ ၎င်းတို့သမက် ဘိုးအောင်ကို တွဲဖက်ရုံးသို့ စေလွှတ်ရှင်းလင်းစေပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ တရားခံ ငရွှေကြင်က ကိုယ်စားလှယ်ပြုလုပ် စေလွှတ်သူ ဘိုးအောင် မည်သည့်ရပ်ကွက်၊ မည်သူ့အိမ် တည်းခိုသည်ကို တပ်ရာသိသူ စေလွှတ်ပြသစေမှ ဆင့်ဆိုနိုင်ရန်ရှိ၍ စေလွှတ်ပြသတွေ့ရှိ၊ မေးမြန်း၊ မှန်လျှင် တွဲဖက်ရုံးသို့ ရှင်းလင်းစေရန် ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငသာမောင်က မြန်မာ ကျွန်တော်မျိုး ငဘိုး၊ ငရိုးတို့အပေါ်မှာ ငွေရရန်ရှိ၍ လျှောက်ထားရာ ငဘိုး၊ ငရိုးတို့ အောက်မြို့ရွာပြန် ဖြစ်သည်နှင့် ၅ နှစ် လွှတ်ငြိမ်းစေ ဆိုသည်မှာ မတရားသဖြင့် ဖြစ်ရန်ရှိကြောင်း။ ၎င်းအကြောင်းအရာ မဟာမိတ်စာချုပ်တွင် မပါသောကြောင့် စဉ်းစား၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မဟာမိတ်စာချုပ်တွင် မပါသည့် အရာများကို နိုင်ငံရှင် ပြဋ္ဌာန်းတော်မူရာဖြစ်၍ အထူးဆင့်ဆိုနိုင်ရန် အခွင့်မရှိကြောင်း၊ မတရားဆိုသည့် စာပါစကားမှာ "အင်္ဂလိပ်မင်းနိုင်ငံက ဖြစ်ခဲ့ရင်း ကြေးငွေမှုများကို မြန်မာနိုင်ငံတွင် စစ်မေးစီရင် မရှိမည့်အကြောင်း၊ ဖြစ်ပျက်ရင်း မြို့ရွာမှာသာ လျှောက်ထားရှင်းလင်း ပါစေမည့် အကြောင်းများ" နှင့် နောက်နောက်က အရေးပိုင်မင်း ပေးစာအရ စစ်ဆေးမရှိ လွတ်ငြိမ်းစေသည့် အတိုင်း မောင်သာမောင်က ဘိုး၊ ငရီးတို့အပေါ်မှာ စွဲလျှောက်လိုလျှင် ငွေချေးယူချုပ်ဆို ဖြစ်ပျက်ခဲ့ရင်း အောက်မြို့ အောက်ရွာများမှာ တွေ့ရှိမှ စွဲလျှောက်ရန် ဆင့်ဆိုမည့်အကြောင်း။

---

## ၂၇၈ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ပြည်မြို့နေ ငရွှေကြင်က ငစံနှင့် မိဇင်တို့မှာ ငွေ ၃၉၀ ကျော် ရရန်ရှိကြောင်း တွဲဖက်ရုံးတွင် စွဲလျှောက်ရှိ၍ စစ်မေးရာ ငစံ၊ မိဇင်တို့က အောက်မြို့ပြန်လူတို့ကို ၅ နှစ် လွတ်ငြိမ်းစေ အမိန့်တော်ကို တင်ပြရှိ၍ သည်ကဲ့သို့ လွတ်ငြိမ်းရလျှင် မဟာမိတ်စာချုပ်နှင့်မညီ၊ တစ်ဖက်အမှုသည်တို့ နာကြည်းရန်ရှိသောကြောင့် ငစံ၊ မိဇင်တို့ကို ဆင့်ဆို ရှင်းလင်းပါစေမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ စာချွန်တော် တင်ပြသူ အောက်မြို့ရွာပြန် ငစံ၊ မိဇင်တို့ကို အထက် ဘိုး၊ ငရီးတို့အကြောင်းနှင့် ပေးစာ အတိုင်း ဆင့်ဆိုနိုင်ရန် အခွင့်မရှိကြောင်း။ မဟာမိတ်စာချုပ်နှင့်မညီ ဆိုသည့်စကားကို စာရေးသား မပေး မပို့သင့်ကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ သေသူ သရက်မာမွတ် အမွေရပ်များကို မရှာတီမေဒီနှင့် မိငွေတို့ ပြောဆိုကြသည့်အတွင်း လွှတ်တော်မှာ အပ်ထားသည့်အနက် ကျန်ငွေ ၅၀၀ိ စာချုပ်ကို အရေးပိုင်မင်းထံ ပေးပို့ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ လွှတ်တော်မှာ အပ်ထားသည့် သေသူ သရက်မာမွတ် အမွေပစ္စည်းများတွင် ငွေ ၅၀၀ိ စာချုပ် မပါ၊ မကျန်မရှိ၊ ပါရှိသမျှ အရပ်ရပ်ပစ္စည်း စက္ကူစာများလည်း အရေးပိုင်မင်းထံ ပေးစာနှင့်အတူ အသေအချာ ပါရှိကြောင်း။

၁၂၃၆ ခု၊ နယုန်လဆန်း ၆ ရက်နေ့။

၁၈၇၄ ခု၊ မေလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ တရားလို မြဇာဟာမတ်နှင့် တရားခံ မောင်ပြားတို့ သစ်ဖိုးငွေမှုတွင် ဆရာ၀န် သစ်တော၀န် မာဘီကို သက်သေ တင်ပြရှိသောကြောင့် ပေးပို့သည့် မေးခွန်း ၃ အတိုင်း မာဘီကို မေးမြန်းစာပြန်ပါမည့်အကြောင်း။

---

၁။ ၂၀ ဩဂုတ် ၁၈၇၄

မေးခွန်း ၃။

(က) ငရွှေဘို၊ ငပို၊ ငရွှေညံ့တို့ လျှောက်ရာပါ သစ်ဖောင် ၃ တွင် သစ်လုံးရေမည်မျှ။ ၎င်းသစ်များကို မြိဇာဟာမတ်က ရသင့်သည်အမိန့် ပေးဖူး၊ မပေးဖူး။ သစ်များကို ပြေား၊ မြိဇာဟာမတ် တစ်ဦးဦးသို့ ပေး မပေး။ တော်ဆို၍ သိမ်းထား၊ မထား။ ပြေားတို့က သစ်ကို တော်စာရင်း သွင်း မသွင်း အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ တရားလို မြိဇာဟာမတ်နှင့် တရားခံ မောင်ပြေားတို့ သစ်ဖိုးငွေမှုတွင် သစ်တောဝန်မင်း မင်းကျော်သိဒ္ဓိ ဘိသက္ကပညာကို ပို့ရောက်သည့် မေးခွန်း ၃ အတိုင်း မေးမြန်း၍ ထွက်ချက်များကို ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[1]။

ဆရာဝန် ထွက်ချက် ၃။

(က) သစ်ဖောင် ၃ တွင် သစ်လုံးရေ ၁၅၈၊ သစ်ကို မြိဇာဟာမတ် ရသင့်သည် အမိန့် ပေးဖူးသည်၊ သစ် ၁၅၈ အနက် တော်တံဆိပ်ပါသစ် ၈၈ ကိုသာ သိမ်းယူ။ ကျန်သစ်ကို ပြေားသို့ အပ်သည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ အာလီအာဂပယ်ရွှတ်ထရီက မြင်းမူရွာနေ မိဆုံ၊ သား ငပေါ်ရတို့တွင် ငွေရရန်ရှိကြောင်း လျှောက်ထားရှိ၍ ၎င်းတရားခံတို့ကို တွဲဖက်ရုံးသို့ ဆင့်ဆိုလာရောက်စေမည့် အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ နိုင်ငံဥပဒေ ရှိသည့်အတိုင်း တရားခံရှိရာ သွားရောက်စွဲဆိုလျှင် တရားလို အာလီအာဂပယ်ရွှတ်ထရီကို စာချွန်ပေးအပ်၊ မြင်းမူရွာ အကြီးအအုပ် ခံတော်တို့ကို နေရာကျ နေ့ရက်မရှည် ပြီးပြတ်အောင် စီရင်ရမည် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ အစွမ်အင် ကုန်အထည်အလိပ်နှင့် မတ္တရာမြို့သို့ သွားရောက်၊ ပလီဒကာ မောင်ရွှေသားအိမ်တွင် တည်းခိုရာ ကုန်အထည်အလိပ်ပျောက်ကြောင်း လျှောက်ထား၍ ခိုးယူသူတို့ကို ရမိအောင် ဆင့်ဆိုပြုလုပ်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အစွမ်အင် ကုန်အထည်အလိပ် ပျောက်ဆုံးမှုနှင့်စပ်၍ မတ္တရာမြို့နေ မောင်ရွှေသားကို မေးရာ၊ တွဲဖက်ရုံး တရားသူကြီးတို့ စီရင်ချက်အရ ကျွန်တော်အပေါ်မှာ ပြစ်မှုမရှိ၊ ၎င်းအမှု ပြီးငြိမ်းပြီး ဖြစ်ကြောင်းနှင့် လျှောက်ထားရှိကြောင်း။

---

၁။ ၂ စက်တင်ဘာ ၁၈၇၄ ၂။ ၃ ဩဂုတ် ၁၈၇၄

## ၂၇၉ မှတ် ပုရပိုက်ထွက်။

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့။**

**၁၈၇၄ ခု၊ အောက်တိုဘာလ ၃ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တောင်ငူမြို့၊ ဝါးရုံကလေးရွာနေ ငကောင်းသည် ကျောက်တိုင်မြောက်ဘက်၊ မည်ဟော်ရွာနေ မိနန်းတုံနှင့် သင့်နေရာ မည်ဟော်ကင်းတပ်မှူးက နိုင်ငံတော်ဘက်နေ မိန်းမဖြစ်၍ ကွာရှင်းရမည် ခြိမ်းခြောက်ပြုလုပ်။ ကြေးငွေတောင်းယူမှုကို နေရာကျပြုလုပ် စာပြန်ပါမည့် အကြောင်း။

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မိနန်းတုံတို့ အကြောင်းနှင့် ပေးစာအရ မည်ဟော်ကင်းတပ်မှူး ငမှတ်ကို မေးမြန်း၍ ထွက်ချက်နှင့်တကွ လျှောက်ထားရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။**

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးစာ။

၃။ ။ အထက် [၁ မှတ်ပါ အမှုအကြောင်းအရာ] ကို ကင်းတပ်မှူး ငမှတ်ကို မေးမြန်း၊ ထွက်ချက်နှင့်တကွ လျှောက်ထားရမည့် အကြောင်း။

---

## ၂၈၀ မှတ် ပုရပိုက်ထွက်။

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့။**

**၁၈၇၄ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ကလီဘွာအစီလတင်နှင့် အပဒူတို့အမှုတွင် ၂ ဦး ၂ ချုပ်နှင့် ရေငုပ်ရမည် စီရင်ချက်ကို သဘောမတူကြောင်း လျှောက်ထားရှိ၍ အခြားထိုက်သက်ရာ စီရင်သင့်ကြောင်း။

**၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့။**

၂။ ။ ကလီဘွာအစီလတင်နှင့် အပဒူတို့ ဥစ္စာပျောက်ဆုံး ယိုးစွပ်မှုစကားကို ရာဇဝတ်ကြောင်းနှင့် ဆိုင်သည်ဖြစ်၍ စီရင်ထုံး ဥပဒေအတိုင်းသာ စီရင်နိုင်ရန် ရှိကြောင်း။

**၁၂၃၆ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၁]။**

**၁၈၇၄ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့။**

ကပ္ပိတန် စတိုဝါက ပေးစာ။

၃။ ။ မနုသိက္ခာတိတြာခေါ် စာစောင်ရေ ၁၊ ဇ စောင်ချုပ်ခေါ် စာစောင်ရေ ၁၊ ဗိလာဘောဇနခေါ် စာစောင်ရေ ၁ များကို အလိုရှိ၍ ကြံဖန်ပေးပါမည့် အကြောင်း။

**၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အလိုရှိသော စာများအနက် မနုသိက္ခာတိတြာ၊ ဗိလာဘောဇန စာများကို မေးမြန်းမရ။ ဇ စောင်ချုပ် ဓမ္မသတ်ကို ရေးသား၍ ပြီးပြေကာလ ပို့လာစေမည့်အကြောင်း။ မေးမြန်းမရသောစာမှာ အမည်သညာ ကွဲပြားသည်ထင်၍ သေချာစွာ ထပ်မံစာပြန်မည့် အကြောင်း။

---

၁။ ၁၂၃၆ ခု၊ တော်သလင်းလဆန်း ၁၄ ရက် ဖြစ်မည်။ ၂။ ၁၂ အောက်တိုဘာ ၁၈၇၄

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ မြိဇာဟာမတ်တကီနှင့် ရေနံအုပ် မောင်စံဝတို့ အမှုစကားကို ခုံတို့က ယခုလဆန်း ၁၃ ရက်နေ့ စီရင်မည်ဖြစ်၍ မောင်စံဝကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ရေနံအုပ် မောင်စံဝကို ခုံပြုလုပ်စီရင်မည့်သူ ရေနံချောင်း ၄ မြို့ဝန် အိမ်သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

---

## ၂၈၁ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ရေနံချောင်း ၄ မြို့ဝန် အပေါ်တွင် စီရင်ချက်အရ ရရန်ငွေကို မရသေးကြောင်း အင်္ဂလိပ် ကျွန်တော်မျိုး မောင်ဘောက အကြိမ်ကြိမ် လျှောက်ထားရှိ၍ မြို့သာဝန်သို့ စာပေးသော်လည်း တောင်းခံမပေး မရရှိသောကြောင့် ဆင့်ဆို တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရေနံချောင်း ၄ မြို့ဝန်နှင့် မောင်ဘောတို့ ငွေမှုစကားကို မြို့သာဝန်ကို မေးရာ၊ မြန်မာ ကျွန်တော်မျိုးတို့က အင်္ဂလိပ် ကျွန်တော်မျိုးတို့အပေါ်တွင် ရရန်ငွေကို လျှောက်တောင်းကာလ ထမင်းဖိုးပေးမှ ချုပ်တောင်းပေးမည် အရေးပိုင်မင်းက ပြောဆိုဖူးသောကြောင့် ၂ ဦး ကျွန်တော်မျိုး အမှုသည်တို့ အချင်းချင်း ငွေအပေးအဆပ်တွင် ထမင်းဖိုးစကား မကွဲမပြား ရှိသည့်အတွင်း ၄ မြို့ဝန် အကျဉ်းအချုပ် ခံနေရ၍ တောင်းခံမပေးနိုင်သေးရှိကြောင်း လျှောက်ထားရှိသော်လည်း ၄ မြို့ဝန် အပြစ်မှ လွတ်ငြိမ်းသည့်အခါ တောင်းခံပေးရမည် မြို့သာဝန်ကို ဆင့်ဆိုရှိကြောင်း။

---

## ၂၈၂ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁၃ ရက်နေ့။

၁၈၇၅ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ယခုပို့လိုက်သည့် မှာစာလက်ခံသည် မြိဇာမန္တလီ၊ ဂေါ်ရင်ဘတ်၊ ဇန္တာဝတ်တို့ သစ်မှုအကြောင်းနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် ဓနက်ပလာ ဆင်ဝန်မင်းသို့ လွှတ်တော်က ပေးမှာသည့် မှာစာရင်း မှန်သည် မမှန်သည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အရေးပိုင်မင်းက ပို့ရောက်သည့် မြိဇာမန္တလီတို့ သစ်မှုအကြောင်းအရာ လွှတ်တော်မှာစာ လက်ခံကို လွှတ်တော်ရှိ ၎င်းမှာစာလက်ခံနှင့် တိုက်ဆိုင်ရာ အရေးအသား အနည်းငယ်သာ ချွတ်ယွင်း၍ ၎င်းမှာစာရင်းလက်ခံကို ကူးရေးပို့လာစေကြောင်း။

---

၁။ ၆ ဖေဖော်ဝါရီ ၁၈၇၅ ၂။ ၄ မတ် ၁၈၇၅

အရေးပိုင်ထံ ရေးကူးပေးပို့သည့်
(တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးအပ်ရင်း) မှာစာ လက်ခံ။

၃။ ။ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က ဇန္တာဝတ်တို့ သစ်မှုအကြောင်းအရာ လျှောက်စာတွင် "ကိုယ်ပိုင်တံဆိပ်ပါ စာချုပ်မဝင် သစ်များကို ဇန္တာဝတ်တို့က ပေါက်ဈေးတွင် ၅ လျှော့နှင့် ယူလိုလျှင်သာ ယူရန်၊ မယူလိုလျှင် ၎င်းတို့ သစ်တောစာချုပ်အတိုင်း အဖိုးရရာ ထုတ်ယူရောင်းချလိုကြောင်း" နှင့် မြိဇာမန္ဒလီက ၂ မြို့ဝန်ထံ လျှောက်ထားရှိသည် ဆိုသည်မှာ ဇန္တာဝတ်တို့နှင့် ဒုတိယ သစ်တောစာချုပ်တွင် "၁၂၂၉ ခုနှစ်၊ တန်ဆောင်မုန်းလကစ၍ စာချုပ်မဝင် ဆုတ်ပတ်တောင်တာမမီ သစ်များကို မခုတ်ရန် ဆင့်ဆိုပါမည့် အကြောင်း၊ အထက် ခုတ်လုပ်ပြီး စာချုပ်မဝင်၊ တောင်တာမမီ သစ်များကိုလည်း ပေါက်ဈေးတွင် ၅ လျှော့နှင့် ယူလိုလျှင် ယူမည့်အကြောင်း၊ မယူလိုလျှင် အလိုရှိရာ ပေးအပ်ထုတ်ယူသည်ကို မည်သို့ မပြောမဆိုပါ" ပါရှိ၍ ၎င်းစာချုပ် လက်ခံကို ပို့လိုက်ကြောင်း။ စာချုပ်ပါအတိုင်း ကြည့်ရှု၍ ယုတ်လွန် မရှိစေရ၊ မြိဇာမန္ဒလီပိုင် သစ်များကို ရောင်းဝယ်စေရမည့် အကြောင်းအရာ။

---

## ၂၈၃ မှတ် ပုရပိုက်ထွက်။

**၁၂၃၆ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့။**

**၁၈၇၅ ခု၊ မတ်လ ၁၃ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တီဒါဝတ်သည် အလီပိုင်နှုမာမတ်နှင့် ဖြစ်ပွားသည့် ငွေမှု စီရင်ချက်ကို ဒါဝတ်သို့မပြမီ၊ ရုံးတွင်မစွဲမီ၊ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချယူဖြစ်၍ တွဲဖက်ရုံးသို့ လာရောက် မပြောမဆိုလျှင် ဒါဝတ်ကို အရောင်း အဝယ်ပျက် တာရှည်မထားနိုင်ကြောင်း။

**၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒါဝတ် အင်္ဂလိပ် ကျွန်တော်မျိုးအဖြစ် စာရင်းချပုံ အရေးပိုင်မင်း ပေးစာတွင် မကွဲမပြားရှိ၍ သိသာကွဲပြား ဆင့်ဆိုသာအောင် စာပြန်မည့်အကြောင်း။

**၁၂၃၆ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့။**

**၁၈၇၅ ခု၊ မတ်လ ၁၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အစီရတင်ကာလီဘားနှင့် အပဒူတို့ ငွေ ၇၀ဝ ကျော် ပျောက်မှုကို လက်ဖက်စား ပဋိညာဉ်အတိုင်း ပြီးအောင် စာပေးသည့်နောက် ပဋိညာဉ်အတိုင်း မပြီးရ၊ သက်သေအသစ်လဲပြောင်း ပြပေးစေရမည် စီရင်ပြန်ကြောင်း နှင့် လျှောက်ထားရှိ၍ ၂ ဖက်ပြ သက်သေတို့နှင့် ရှုံးနိုင်ရမည်၊ အထက်လက်ဖက်စား ပဋိညာဉ်အတိုင်း နှင့်ပင် ပြီးပြတ်အောင် ပြုလုပ်ပါမည့် အကြောင်း။

**၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကာလီဘားတို့ ဥစ္စာပျောက်မှု စကားမှာ ကာလီဘားက အပဒူပြ သက်သေနှင့် မပြီးနိုင်ကြောင်း လဲလျှောက်ချက်အရ အပဒူက သက်သေအသစ် လဲပြောင်းပြစေ ကောက်ယူ စီရင်သည့် အရာမှာ ၎င်းအမှု ရာဇဝတ်နှင့်ဆိုင်၍ တရားမကြောင်းရှိရာ ညှိနှိုင်းစီရင်ဆုံးဖြတ်ပြီးအရာဖြစ်၍ ထပ်မံပြင်ဆင်နိုင်ရန် မရှိကြောင်း။

---
၁။ ၂၃ မတ် ၁၈၇၅

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၅ ခု၊ မတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ တီဒါဝတ်သည် ၁၂၃၆ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့၊ ၁၀ နာရီအချိန် အင်္ဂလိပ် ကျွန်တော်မျိုး စာရင်း ချမှတ်ကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ တီဒါဝတ်သည် အလီပိုင်နှမာမတ်တို့က ငွေမှု မစွဲမလျှောက်မီက အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချသူ မဟုတ်။ တရားစွဲဆိုသည်မှာ ၁၂၃၆ ခု၊ ပြာသိုလတွင် စွဲဆိုသည်ဖြစ်၍ ၎င်းထံ တောင်းခံရရှိသည့် ဖြတ်စာထွက် ငွေခိုင်ငွေများ တောင်းခံရန် အရေးပိုင်မင်းက တီဒါဝတ်ကို ဆင့်ခေါ်ပို့အပ်လာစေမည့်အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ မတ်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ဘိုး ဆိုသူတွင် ကျွန်တော့် ယောက္ခမထံက ချေးငွေ ၇၀ ရှိ၍ တောင်းရာ အောက်ပြန် အမိန့်တော်ရသည် ဆို၍ ကပ်ခိုရှိနေကြောင်း၊ အင်္ဂလိပ် ကျွန်တော်မျိုး ရာဇရှိန်က လျှောက်ထားရှိ၍ မှန်လျှင် နေရာကျ ဆင့်ဆိုပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ဘိုး အကြောင်းကို တရားရုံးတော်သို့ ဆင့်ဆိုမေးမြန်းရာ၊ အောက်မြို့ရွာပြန် ရှေ့ရုံးစာရင်းတင်ရာပါ အမိန့်တော် စာချွန်တော် ရသူဖြစ်၍ ဘိုးအပေါ်တွင် ရာဇရှိန်က ချေးငွေရရန် စွဲလျှောက်မှုကို ရပ်ဆိုင်း ရကြောင်း လျှောက်ထားရှိ၍ အမိန့်တော် ဥပဒေတော် ပြဋ္ဌာန်းသည့် နှစ် လ အတွင်း ထုးထွေဆင့်ဆိုနိုင် ရန် မရှိကြောင်း၊ ဘိုး ရရှိသည့် စာချွန်တော် လက်ခံကိုလည်း ပို့လာစေကြောင်း။

စာချွန်တော် လက်ခံ။

၉။ ။ ရွှေမြို့တော် နောက်မျက်နှာ အောင်မြေရန်လုံရပ်နေ ဘိုး အောက်မြို့ရွာပြန် မှန်သည့်အတိုင်း ၅ နှစ်အတွင်း သဿမေမှစ၍ အမှုသေးဖွဲ့ အခွဲအခန့် လူအစေအခိုင်း၊ တရားရာဇဝတ်မှု၊ ကြွေးဟောင်းမြီဟောင်း၊ ကုန်ဖိုးဖြတ်စာထွက်၊ ကျွန်ပေါင် လယ်ပေါင် ယာပေါင်မှုများကို စစ်မေးဆင့်ဆို တောင်းခံ၊ စုရှင်ငန်းရှင် တို့ကလည်း ဆိုင်ရာဆို၍ အခေါ်အငင် အခွဲအတောင်း အခန့်အထားမရှိ လွတ်ငြိမ်းစေ အမိန့်တော်မြတ်ရင်း နှင့် အညီ လွတ်ငြိမ်းရမည့် အကြောင်းအရာ။

---

၂၈၄ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တီဒါဝတ်နှင့် စပ်၍ ဝန်ရှင်တော်မင်းကြီးထံ အရောင်းအဝယ်ပျက် မထားနိုင်ကြောင်း အထက်စာပေးသည့် အတိုင်း ၎င်းအရောင်းအဝယ် ရှိရာ မြင်းခြံသို့ ပြန်သွားစေကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တီဒါဝတ်သည် စီရင်ချက် ဖြတ်စာထွက်ငွေ၊ ခိုင်တော်ငွေများကို ပေးဆောင်သင့်သူ မှန်သည့်အတိုင်း လွှတ်တော်သို့ နေ့ရက်မရှည် ခေါ်ယူပို့လာစေမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို ရှင်မင်းရာ၊ တရားခံ မောင်ရွှေညိုတို့ တွဲဖက်ရုံးတွင် အမှုစကား ပြောဆိုဆဲတွင် တရားခံ မောင်ရွှေညို၊ မယား ရှင်စာတို့ တိမ်းရှောင်၊ မြင်းခြံ ပခုက္ကူအရပ်များတွင် ခိုဝင်မည် အထင်ရှိ၍ ထောက်လှမ်း ဖမ်းဆီးပေးပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရားခံ မောင်ရွှေညို၊ မယား ရှင်စာတို့ ဝန်စုပါ နယ်မြေမြို့ရွာတွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်လာစေရမည် တလုပ်မြို့ဝန် အရာရှိတို့နှင့် ပခန်းကြီးမြို့အုပ် အရာရှိတို့သို့ မှာထားရှိကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

တလုပ်မြို့ဝန်၊ ပခန်းကြီး မြို့အုပ် စစ်ကဲတို့သို့ ပေးမှာစာ။ (ကြေးနန်း)

၅။ ။ အင်္ဂလိပ် စာရင်းချုပ်လူချင်း တရားပြောဆိုကြရာ တရားခံ ငရွှေညို၊ မယား မိစာတို့ တိမ်းရှောင်ရှိ၍ ၎င်းတို့ လာရောက်ရှိလျှင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ဘုရင်ခံမင်းက ပို့ရောက်သည့် ရာဇသံ၊ နောက် အင်္ဂါနေ့ ဆိုက်ရောက်မည်ဖြစ်၍ ကြိုယူမြဲ ကြိုယူပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဘုရင်ခံမင်း ရာဇသံကို မဟာမိတ်လက္ခဏာနှင့်အညီ ကြိုယူမြဲ ကြိုယူမည့်အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၅ ခု၊ မတ်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကာလီဘားနှင့် အပဒူတို့ ဥစ္စာအပ်နံ့ပျောက်ဆုံး ယိုးစွပ်မှုမှာ ရာဇဝတ်မှုဖြစ်သော်လည်း တရားကြောင်းချ၍ ၂ ဦး ပဋိညာဉ်အတိုင်းသာ ရှုံးနိုင်စီရင်သင့်သည့် အကြောင်းအရာ။ ၎င်းတို့ ပဋိညာဉ် ခံဝန်ချက်ကိုလည်း ပို့လိုက်သည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့။

ကာလီဘား ပဋိညာဉ်ခံဝန်ချက်။

၉။ ။ ကျွန်တော်ပြ သက်သေကို အပဒူက ငွေပေးကမ်း ယူငင်ကြောင်း သိသူဆို၍ ကျွန်တော် တင်ပြသက်သေတို့ ကျမ်းကျိန်ထွက်ဆိုရာ တရားသူကြီး မဟာမင်းကျော်စည်သူ ကောက်ချက်အရ ရှုံးနိုင်ခံပါမည်၊ ဖောက်ပြန် လျှောက်ထားလျှင် တရားကို အရှုံးခံ၍ ရာဇဝတ်စီရင်ရာ ခံပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁၀ ရက်နေ့[၁]။

အပဒူ ပဋိညာဉ်ခံဝန်ချက်။

၁၀။ ။ ကျွန်တော်က ကာလီဘားပြ သက်သေကို ငွေပေးကမ်းယူငင်ကြောင်း သိသူဆို၍၊ ကာလီဘားပြ သက်သေများလည်း ကာလီဘားက ငွေပေးကမ်း ပြပေးသည်ကို သိသူဆို၍ ကျွန်တော်တင်ပြ သက်သေတို့ ကျမ်းကျိန်ထွက်ဆိုရာ တရားသူကြီး မဟာမင်းကျော်စည်သူ ကောက်ချက်အရ ရှုံးနိုင်ခံပါမည်၊ ဖောက်ပြန်လျှောက်ထားရှိလျှင် တရားကို အရှုံးခံ၍ ရာဇဝတ်စီရင်ရာ ခံပါမည့် အကြောင်းအရာ။

---

၁။ ၁၀ ဒီဇင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကာလီဘားနှင့် အပဒူတို့ ဥစ္စာအပ်နှံ ပျောက်ဆုံး ယိုးစွပ်မှုစကားကို တရား ထိုက်သက်ရာ စီရင်ပြီးဖြစ်၍ ထပ်မံပြင်ဆင် ဆုံးဖြတ်ရန် မရှိကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အိန္ဒိယဘုရင်ခံမင်း ရာဇသံကို ဘုန်းတော်ကြီးလှသော ဘုရားက မည်သည့်နေ့ လက်ခံတော်မူ၍ ဆက်သွင်း ရမည်များကို စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ အိန္ဒိယဘုရင်ခံမင်း ရာဇသံကို တပ်ဝင်းခင်းကျင်း၍ ကြိုယူမြဲအချိန် ကြိုယူလာစေမည့် အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ အိန္ဒိယဘုရင်ခံမင်း ရာဇသံ ဆောင်ယူလာသူ အာဒံဆန် စွဲကိုင်သည့် သေနတ် ၁၊ ဓား ၁၊ မြန်မာဓား ၂ စင်း၊ ၃ စင်းများကို အကောက်တိုက် အရာရှိတို့က သိမ်းထားရှိ၍ ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ အိန္ဒိယဘုရင်ခံမင်း ရာဇသံ ဆောင်ယူလာသူ အာဒံဆန် စွဲကိုင်သည့် သေနတ်၊ ဓားများကို ဆောင်ယူရန် လွှတ်တော်စာချွန်၊ ရုံးလက်မှတ်များကို ပို့လာစေကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အိန္ဒိယဘုရင်ခံမင်း ရာဇသံတွင် [ကြားရောက်သည်] ပါမြဲနေရာတွင် [ကြားလိုက်သည်] ပါသည့်အချက်။ အိန္ဒိယဘုရင်ခံမင်းမြတ် ဟူသော ပညတ်နာမကို ရပြီးလျက် [မင်းတိုင်ပင် မှူးမတ်သေနာပတိ] ဟူ၍ ပါသည့် အချက်များကို မြန်မာမှူးတော်မတ်တော်တို့ စုံညီညှိနှိုင်း၊ ပြင်ဆင်နုတ်ပယ်၊ ဆက်သွင်းကြောင်း။ ၎င်းရာဇသံ လက်ခံကိုလည်း ပေးပို့လာစေကြောင်း။

ဒီလီမြို့။

၁၂၃၆ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၅ ခု၊ မတ်လ ၁၈ ရက်နေ့။

အိန္ဒိယ ဘုရင်ခံမင်း ရာဇသံစာ။

၁၇။ ။ အနောက်ကရင်နီ နယ်မြေမှုစကားကို ၂ ဦး ကျေနပ်အောင် မြန်မာသံတော်တို့ နေရာကျစီမံရန် အခွင့် မရမရှိ၍ ထိုအမှု၌ မည်သို့ကြံစည်တော်မူကြောင်းကို အကြောင်းကြားရန်၊ အိန္ဒိယစလွယ်ကြယ်တံဆိပ်ရ အရာရှိကြီး ဟော်နာရာဘီ ဆယ်တော်မတ်ဒူကလတ်ဘော်ရဆိုက်ကို မြန်မာမင်းမြတ်ထံ ရာဇသံနှင့် စေလွှတ် ရောက်ကာလ၊ အမှုပြီးငြိမ်းအောင် ဘုရင်ခံမင်းနှင့် သဘောတူ ကြံစည်တော်မူမည် ယုံကြည်သည့် အကြောင်းအရာ။

---

## ၂၈၅ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[1]။

ဟာဇီအဒူလာက လွှတ်တော် လျှောက်စာ။

၁။ ။ ကျွန်တော်ထံ မရှတီမေဒီက ငွေ ၅၀၀၀ိ ကျော် စာချုပ်ကို အပေါင်ပြုလုပ်ငွေ ၁၀၀၀ိ ချေးယူ၊ မဆပ်မပေး၍ တွဲဖက်ရုံးမှာ လျှောက်ထား၊ ပေးစေ စီရင်ချက်ကျပြီးနောက် နေ့ရက်အရှည် မပေးမဆပ်၊ မရှတီမေဒီကို အရေးပိုင်က မစကြည့်ရှုပါသောကြောင့် စီရင်ချက်ကျငွေများကို အတိုးနှင့်တကွ ရအောင် မစပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဟာဇီအဒူလာ လျှောက်ရာပါ မရှတီမေဒီတွင် ရရန် တွဲဖက်ရုံး စီရင်ချက် ကျပြီး ငွေများကို နေ့ရက် မကြာ နေရာကျ စီရင်ပေးမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

ဤယ်နိုင်ငံသား ဟာဇီအဘူစံ လျှောက်ချက်။

၃။ ။ ယောက္ခမ အာကာမန္ဒလီ သေကွယ်ရာ ကျန်အမွေပစ္စည်းဥစ္စာ ၁၀၀၀၀ိ ခန့်၊ သက္ကရာဇ် စာချုပ်များကို တွဲဖက်ရုံးက မဆိုင်သူ မရှတီမေဒီကို ကိုယ်စားလှယ်လွှဲအပ်၊ ၎င်းထံ တောင်းခံမရ၍ တရားစွဲဆိုရာ ငွေ ၃၀၀၀ိ ကျော်သာ ဒီဂရီချပေး၊ ၎င်းချပေးငွေလည်း မရမရှိပါ၍ မရှတီမေဒီထံ တောင်းခံပေးဆပ်စေပါမည့် အကြောင်းအရာ။ ၎င်းက မပေးမဆပ်နိုင်လျှင် တွဲဖက်ရုံးအရာရှိတို့နှင့် မှန်ရာဖြစ်ပါရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မရှတီမေဒီ အပေါ်တွင် ဟာဇီအဘူစံက [၃ မှတ်အတိုင်း] လျှောက်ချက်ရှိ၍ မှန်လျှင် စီရင်ချက်ကျပြီးငွေ ၃၀၀၀ိ ကျော်ကို နေ့ရက်မကြာ တောင်းခံပေးဆပ်စေမည့်အကြောင်း၊ ၎င်းက မပေးမဆပ်လျှင် တွဲဖက်ရုံးက မဆိုင်သူကို ကိုယ်စားလှယ် လွှဲအပ်သည်နှင့်အညီ ထုံးစံရှိသည့်အတိုင်း အရေးပိုင်မင်းက နေရာကျ ပြုလုပ်ရယူစေမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

စလေမြို့ ဆိတ်ဖြူရွာနေ လှေစီး ငစံကြော့၊ ထွန်းဦးတို့ လျှောက်ချက်။

၅။ ။ အဖိုးငွေ ၇၀ိ တန်၊ ၆ – ၇ လှေနှင့် စပါးပြောင်းများ တင်ဆောင် စုန်ဆင်းလာရာ ညောင်ဦးဆိပ်ကမ်းတွင် ဆိုက်ကပ်ရှိသည့်အတွင်း ဂျမနာခေါ် သင်္ဘော တိုက်ခိုက် ပျက်စီးဆုံးပါးကြောင်း။

ပုဂံမြို့ ဓာတ်ရုံတော်ကလျှောက် ကြေးနန်း။

(က) ညောင်ဦးဆိပ်ကမ်းတွင် ဂျမနာခေါ်သင်္ဘော တိုက်ခိုက်၍ ဆိပ်ဖြူမြို့နေ ငစံကြော့တို့ ကုန်လှေ နစ်မြုပ်ပျက်စီးကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ညောင်ဦးဆိပ်ကမ်းတွင် ဆိုက်ကပ်ရှိသည့် လှေကို ဂျမနာခေါ် သင်္ဘော တိုက်ခိုက်ပျက်စီးရှိကြောင်း လျှောက်ထားရှိ၍ နေရာကျ မေးမြန်းပြုလုပ်၊ အကြောင်းအရာကို စာပြန်ကြားမည့် အကြောင်း။

၁၂၃၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၄ ခု၊ ဩဂုတ်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ညောင်ဦးဆိပ်ကမ်းတွင် ဆိုက်ကပ်ရှိသည့် လှေကို ဂျမနာခေါ် သင်္ဘော တိုက်ခိုက်ပျက်စီးသည့် အမှုကို တွဲဖက်ရုံးတွင် စွဲဆို လျှောက်ထားသင့်ကြောင်း။

[1] ၆ ဇူလိုင် ၁၈၇၄

၁၂၃၆ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ညောင်ဦးဆိပ်ကမ်းတွင် ဂျမနာခေါ် မီးသင်္ဘော တိုက်ခိုက် လှေပျက်စီးကြောင်း လျှောက်ထားသူ လှေစီးကုန်သည် ငထွန်းဦး၊ ငစံကြော့တို့ကို တွဲဖက်ရုံးမှာ ပြောဆိုစေရန် မြို့သာဝန် တရားသူကြီးထံ ထည့်အပ်ရှိကြောင်း။

၁၂၃၆ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ သီဟိုဠ်ကျွန်းက ဆေးဆရာ ၂ ကို အလိုတော်ရှိ၍ ဂါလုတိတ္ထမြို့အနီး ပရမာနန္ဒကျောင်းတိုက် အစိုးရရဟန်းတော် အမရဝံသဝရဓမ္မာလင်္ကာရ သုမနတိဿထေရ်ထံ လျှောက်ထားရန်၊ သန္ဒေသကထာနှင့် ၎င်းဆေးဆရာတို့လာရန် စရိတ်ငွေ ၄၀၀ ကို ပို့လာစေကြောင်း။ ၎င်းစာနှင့် ငွေများကိုပို့၍ အကြောင်းအရာကို စာပြန်ကြားမည့် အကြောင်း။

၁၀။ ။ အတွင်းဝန် သေနာပတိ မှူးမတ်တို့က သီဟိုဠ်ကျွန်း ဂါလုတိတ္ထမြို့၊ ပရမာနန္ဒ ကျောင်းတိုက်နေ အမရဝံသဝရဓမ္မာလင်္ကာရ သီရိသုမနတိဿထေရ်ထံ လျှောက်ထားသည့် သန္ဒေသကထာ ပါဠိအနက်မှာ (ဗြိန္ဒော ဆေးဆရာ၊ ပယောဂ ဆေးဆရာ ၂ ယောက်ကို အလိုတော်မြတ်ရှိ၍ စေလွှတ်တော်မူပါမည့် အကြောင်းအရာ။)

---

၂၈၆ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၃]။

သင်္ဘောခရာသီ ပွတ်တရာလီ လျှောက်ချက်။

၁။ ။ ကျွန်တော် မန္တလေး သင်္ဘောတွင် လုပ်ကိုင်သူ၊ ကပ္ပိတန်က လခများကို မပေးသည်သာမက မှုပြစ်မရှိ ရိုက်နှက်ပြုလုပ်ရှိ၍ ထွက်သွား၊ ယူနန်းသင်္ဘောတွင် နေရာ ယူနန်းသင်္ဘော ကပ္ပိတန်သို့ စာပေး ဖမ်းဆီး တွဲဖက်ရုံးသို့ ပို့အပ်၊ တွဲဖက်ရုံးက ထောင်မှူးအိမ်သို့ ပို့အပ်ချုပ်ထားရှိပါ၍ ခံဝန်သူနှင့် လွှတ်ငြိမ်းပြီးလျှင် မန္တလေးသင်္ဘော ကပ္ပိတန်နှင့် မှန်ရာ ဖြစ်ပါရမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ သင်္ဘောခရာသီ ပွတ်တရာလီက အထက် [၁ မှတ်ပါ]အတိုင်း လျှောက်ထားရှိ၍ မန္တလေးသင်္ဘော ကပ္ပိတန်နှင့် ယူနန်းသင်္ဘော ကပ္ပိတန်တို့ကို လွှတ်တော်သို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့်အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့[၄]။

မန္တလေးသင်္ဘော ကပ္ပိတန် ပတ္တဆင် လျှောက်ချက်။

၃။ ။ ခရာသီ ပွတ်တရာလီ ကျွန်တော် ပစ္စည်းများကို ခိုးယူရှိ၍ ရှာဖွေရာ ကျွန်တော်ပိုင် ရွှေခေါင်တံ ၁ တွေ့ရှိကြောင်း၊ တစ်ရပ် ကျွန်တော်ပိုင် ပျောက်ဆုံးရာပါ ငွေ ၅၀၀ ကျော်နှင့် သင်္ဘောသားတို့ထံ ချေးငှားငွေ ၁၄၅–၅ူး များကိုလည်း စစ်မေး တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့[၄]။

မန္တလေးသင်္ဘော ကပ္ပိတန် ပတ္တဆင်နှင့်
ခရာသီ ပွတ်တရာလီတို့အမှု ကောက်တော်မူချက်။

၄။ ။ မန္တလေးသင်္ဘော ကပ္ပိတန်က အဖိုး ၁၅ တန် ရွှေခေါင်တံနှင့် ငွေ ၅၀၀ ကို ခရာသီပွတ်တရာလီ ခိုးယူကြောင်း အမျိုးဘာသာ ကျမ်းကျိန်ဆိုဝံ့လျှင် ပွတ်တရာလီက ပေးလျော်စေ၊ မဆိုဝံ့လျှင် ပွတ်တရာလီမှာ ဥစ္စာပျောက်မှုနှင့် စွဲဆိုမရှိ ကင်းလပ်စေ အကြောင်းအရာ။

---

၁။ ၁၅ ဩဂုတ် ၁၈၇၄ ၂။ ၃၁ ဩဂုတ် ၁၈၇၄ ၃။ ၂၆ စက်တင်ဘာ ၁၈၇၄ ၄။ ၁ အောက်တိုဘာ ၁၈၇၄

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ကပ္ပိတန် ပတ္တဆင်နှင့် ခရာသီပွတ်တရာလီတို့ အမှုစကား ကောက်ယူစီရင်ချက်တွင် ကပ္ပိတန် ပတ္တဆင်က ကျမ်းကျိန်ဆိုစေ ပါရှိ၍ အမျိုးဘာသာ ကျမ်းကျိန်ဆိုဝံ့သည်၊ မဆိုဝံ့သည်ကို စာပြန်ကြားမည့်အကြောင်း။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

ကပ္ပိတန် ပတ္တဆင် ကျမ်းကျိန်ဆိုသည့် အမှတ်အသား။

၆။ ။ တွဲဖက်ရုံးတွင် အင်္ဂလိပ် အရေးပိုင်မင်းရှေ့ ၂ ဖက် အမှုဆောင် ရှေ့နေရှေ့ရပ်တို့ အစုံအညီ ကပ္ပိတန် ပတ္တဆင် အမျိုးဘာသာ ထုံးစံအတိုင်း ကျမ်းစာအုပ်ကို ထိပ်ထက်တင်ပြီးလျှင် နမ်းရှုပ်ရဲဝံ့ ကျိန်ဆိုသည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၄ ခု၊ အောက်တိုဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ကပ္ပိတန် ပတ္တဆင်နှင့် ပွတ်တရာလီတို့ အမှုကောက်ချက်တွင် ကပ္ပိတန် ပတ္တဆင်က အမျိုးဘာသာ ကျမ်းကျိန်ဆိုစေရမည့် ပါသည့်အတိုင်း ကပ္ပိတန် ပတ္တဆင် ကျိန်ဆိုဝံ့ကြောင်း။

---

## ၂၈၆–က မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[1]။

အင်္ဂလိပ်လူမျိုး ဘောက်ကဆဲက လျှောက်စာ။

၁။ ။ ဗန်းမော်မြို့နယ်သို့ သွားရောက်၊ သစ်ခွပန်းများကို တားဆီးမရှိ ရှာယူပါရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[1]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၂။ ။ အင်္ဂလိပ်လူမျိုး ဘောက်ကဆဲ ဗန်းမော်မြို့နယ် တောတောင်များသို့ သစ်ခွပန်း အရှာအယူ လာရောက်ရှိလျှင် အလိုရှိရာ သွားလာ ရှာယူစေရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ အကျယ်ပေးမှာစာ။

၃။ ။ ပန်းကုန်သည် အင်္ဂလိပ်လူမျိုး ဘောက်ကဆဲ ဗန်းမော်မြို့သို့ လာရောက်၊ ပန်းအရှာအယူ သွားလျှင် လူဘက်ထည့်၊ အလိုရှိရာပန်းများကို ဆွတ်ခူးစေ၍ ၎င်း၏ အကြံအစည်၊ အမူအရာများကို မှတ်သားကြည့်ရှု ထောက်လှမ်း လျှောက်ထားလိုက်ရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[2]။

မှာတမ်း။

၄။ ။ ဗန်းမော်မြို့၊ မိုးကောင်းမြို့နယ်များတွင် မဂိုလူမျိုး ကာစင်စပ်၊ အပဒုဟူဆင်တို့ ဝယ်ယူသည့် ကြက်ပေါင်စေးချိန် ၄၀၀၀ ကို ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့က တားဆီးမရှိ ခံဝန်လက်မှတ် ထိုးစေ၍ ရွှေဘွားတော်အောက်သို့ ချဆောင်စေ အမိန့်တော်မြတ်ရင်းနှင့်အညီ ဆင့်ဆိုချဆောင်စေရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

အပဒုဟူဆင်နှင့် ကိုယ်စားလှယ် ကာစင်စပ်တို့ ခံဝန်ချက်။

၅။ ။ လျှောက်ရာပါ ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၄၀၀၀ ပြင် ထပ်မံဝယ်ယူရှိလျှင် ကြက်ပေါင်စေးကို သိမ်းယူ၍ အပြစ်စီရင်ရာ ခံပါမည့် အကြောင်းအရာ။

---

၁။ ၂၇ နိုဝင်ဘာ ၁၈၇၄ ၂။ ၃ ဒီဇင်ဘာ ၁၈၇၄

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၆။ ။ အပဒ္ဒူဟူဆင်၊ ကာစင်စပ်တို့ ဆောင်ယူမည့် ကြက်ပေါင်စေးချိန် ၄၀၀၀ ကို တားဆီးမရှိစေရ၊ ရွှေဘွားတော်အောက် စုန်မျှောစေရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၇။ ။ အင်္ဂလိပ်အရာရှိ ကွတ် လာရောက်ကာလ ကောင်းမွန်စွာ လောကဝတ်ပျူငှာ မပြုမလုပ်ကြောင်း ကြားသိရသည်။ မဟာမိတ်ပြုလုပ် ပေါင်းသင်းဆက်ဆံကြသည် တစ်ကြောင်း၊ လူမျိုးခြား တစ်နိုင်ငံသားဖြစ်သည် တစ်ကြောင်းများကို ထောက်၍ နောင် သည်ကဲ့သို့ မကြားမသိစေရ၊ လောကဝတ် ကျေပွန်စေရမည့် အကြောင်းအရာ။ တရုတ်ပြည်သွားမည့် သံတို့ ရောက်ကာလလည်း ကျေပွန်အောင် လက်ခံပြုစု၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့။

မှာတမ်း။

၈။ ။ ဥပဒေ မသိ၍ ဗန်းမော်မြို့၊ မိုးကောင်းမြို့များတွင် စူရတီလူမျိုး အာစီကာစင်နာနာ ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၁၂၀၀ ကို အသိမ်းအယူ မရှိ၊ ချဆောင်စေ အမိန့်တော်ရင်းနှင့်အညီ ချဆောင်စေရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၂]။

စူရတီလူမျိုး အာစီကာစင်နာနာ ခံဝန်ချက်။

၉။ ။ ဗန်းမော်၊ မိုးကောင်းနယ်များတွင် ဝယ်ယူမိ လျှောက်ရာပါ ကြက်ပေါင်စေးချိန် ၁၂၀၀ ပြင် ထပ်မံဝယ်ယူရှိလျှင် ကြက်ပေါင်စေးကို သိမ်းယူ၍ ရာဇဝတ်အပြစ်စီရင်ရာ ခံပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့။

ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့သို့ ပေးမှာစာ။

၁၀။ ။ စူရတီလူမျိုး အာစီကာစင်နာနာ ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၁၂၀၀ ကို အသိမ်းအယူ အတားဆီးမရှိ ချဆောင်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့။

မှာတမ်း။

၁၁။ ။ တရုတ်ကုန်သည် ငစိန်ခို၊ ငစက်အင်တို့ မိုးကောင်းမြို့၊ ဗန်းမော်မြို့များတွင် ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၁၅၂၅၈၊ ပေးပြီး ကုန်ဖိုးသင့် ၄၂၃၄၀ က ဝယ်ယူမိသမျှများကို အသိမ်းအယူမရှိ ရွှေဘွားတော်အောက် ချဆောင်စေ အမိန့်တော်မြတ်ရင်းနှင့်အညီ ချဆောင်စေရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

တရုတ်ကုန်သည် ငစိန်ခို၊ ငစက်အင်တို့ ခံဝန်ချက်။

၁၂။ ။ လျှောက်ရာပါ ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၁၅၂၅၈၊ ပေးပြီး ကုန်ဖိုးသင့် ၄၂၃၄၀ က ဝယ်ယူမိသမျှများပြင် ထပ်မံဝယ်ယူရှိလျှင် ကြက်ပေါင်စေးကို သိမ်းယူ၍ ရာဇဝတ်အပြစ် စီရင်ရာ ခံပါမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့သို့ ပေးမှာစာ။

၁၃။ ။ တရုတ်ကုန်သည် ငစိန်ခို၊ ငစက်အင်တို့ ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၁၅၂၅၈၊ ပေးပြီး ကုန်ဖိုးသင့်

---

၁။ ၄ ဒီဇင်ဘာ ၁၈၇၄ ၂။ ၉ ဒီဇင်ဘာ ၁၈၇၄ ၃။ ၁၃ ဒီဇင်ဘာ ၁၈၇၄

၄၂၃၄ဝိ က ဝယ်ယူမိသမျှများကို သိမ်းယူတားဆီးမရှိ ချဆောင်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

၁၄။ ။ တရုတ်ပြည်သွား အင်္ဂလိပ် သံအရာရှိတို့ကို စီညိုရေအန္တိနော၊ ဆာဒလင်တို့ တစ်ယောက်ယောက် လိုက်ပါ ကျွေးမွေး ပြုစုစေရမည် ဆင့်ဆိုရမည့် အကြောင်းအရာ။ (အန္တိနောတို့ကို ၎င်းအတိုင်း ဆင့်စာချွန်။)

---

## ၂၈၆–၈ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[၂]။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်က သံတော်ဦးတင်စာ။

၁။ ။ ယခုလဆန်း ၈ ရက်နေ့ တောကျောင်းမြို့က ဂေါ်ရာ လက်နက်ကိုင် ၂၀၀ ခန့် တောင်ငူလမ်း ချီတက်သွားကြောင်း ကြားသိ၍ အဆောင်တော်မြဲ ငခိုင်ကို ထောက်လှမ်းစေရာ၊ ၎င်းကြားသိ ထွက်ဆိုချက်များကို တင်ဆက်သည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၃]။

ငခိုင် ထွက်ချက်။

(က) ငွေတောင်နောင်ပုလဲ ကရင်လည်မဲ လူမျိုးတို့က ကုလားတို့ စိုက်မှတ်သည့် ကျောက်တိုင်ကို ဖြိုဖျက်၊ စစ်ဗိုလ် ၂ နှင့် စစ်သား ၂၀၀ ကိုလည်း ဖမ်းဆီးသတ်ဖြတ်ရှိ၍ သရက်မြို့ အရှေ့ပိုင် တက်သွား၊ ပြန်လာ၊ နောက် ဗိုလ် ၄၊ စစ်သား ၂၀၀ ကျော် ၃၀၀ ခန့် တောင်ငူသို့ ချီတက်ရကြောင်း။ အာလံမြို့နေ ကုလားကုန်သည် ဓိဝါကြီး၊ ဘိုးမြ၊ မြန်မာကုန်သည် ပေန်းတို့ ပြောဆို ကြားသိရသည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၂။ ။ အထက် [၁ မှတ်ပါ မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန် တင်လျှောက်ချက်ပါ] ဇကားရပ်များကို တပ်ရာ သေချာသိအောင် အမြန်ထောက်လှမ်း၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့[၄]။

စလင်း၊ ကျပင်း ၂ မြို့ဝန်က လျှောက်ကြေးနန်း။

၃။ ။ ရခိုင်မြို့ ရာဇဝတ်ဝန်ထောက် ပေါ်တာ၊ နောက်ပါ လူတို့နှင့်တကွ စလင်းမြို့သို့ ဆိုက်ရောက်လာရာ တည်းနေအိမ်၊ အစားအစာ ချထားပေးကျွေး ပြုစုပါကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့[၄]။

ဖောင်ဝန်၊ လက်ဖက်ရည်တော်တို့က လျှောက်စာ။

၄။ ။ ယခုလဆုတ် ၉ ရက်နေ့၊ အဆောင်တော်မြဲ ငတုတ် မင်းလှသို့ ဆိုက်ရောက်မေးမြန်းရာ၊ ရွှေမြို့တော်က တပ်တော်ချီလာသည်၊ အင်္ဂလိပ်တို့ကလည်း တောင်ငူသို့ ရှိရင်းလက်နက်ကိုင်များ စေလွှတ်သည်၊ မဒရပ်က စစ်သား ၃၀၀၀ ကျော်လည်း ရောက်၍ တောင်ငူသို့ ချီတက်စေသည်၊ မဒရပ် လက်နက်ကိုင် ထပ်မံရောက်မည် သတင်းဖြစ်ပွား။ မြို့ရွာနေလူတို့ တုန်လှုပ်ရှိကြကြောင်း။ ကိုယ်တိုင်မြင်ရသည်မှာ လက်နက်ကိုင် ၃၀၀ ခန့်သာ မြင်ကြောင်း။ ဘုရင်ခံက ရာဇသံပေးပို့၊ မိတ်ကြီးဖြစ်၍ စစ်ဖြစ်နိုင်ရန်မရှိ အီတင်က ပြောဆိုသည်။ ဖြောင်းကလည်း တရုတ်တို့နှင့် တိုက်ခိုက်ရာ မြန်မာတပ်တော်က ကူညီသည်ကို ကျေးဇူးတင်ကြောင်းကို ပြောဆိုသည်။ ဝန်ထောက်မင်းက ပြောဆို ကြားသိကြောင်း၊ ဝန်ထောက်မင်းကို သံတဲနှင့် ကောင်းမွန်စွာ လက်ခံကြောင်း၊ အထောက်တော် ကျွန်တော်မျိုးတို့က ပေးအပ်လိုက် စာများလည်း ပါကြောင်းများနှင့် ထွက်ဆို၍ ရွှေဘွားအောက်သို့ ဆန်တက်သွားကြောင်း။

၁။ ၂ ဇန်နဝါရီ ၁၈၇၅ .- ၂။ ၁ မတ် ၁၈၇၅ ၃။ ၉ ဖေဖော်ဝါရီ ၁၈၇၅ ၄။ ၁ ဧပြီ ၁၈၇၅

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၁]။

မော်လမြိုင်မြို့ သစ်တောအုပ် မောင်မွန်ထော်၊ တန်ဆောင်းအမ မဘွားတို့က သံတော်ဦးတင်လွှာ။

၅။ ။ နိုင်ငံတော်အတွင်း သစ်တောများကို အကျိုးတော်ဖြစ် ခုတ်လုပ်၊ အမြဲနေထိုင် ထမ်းရွက်ပါရမည့် အကြောင်းအရာ။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

အမှာတော်ရေး နေမျိုးမင်းထင်ကျော်ခေါင်က မောင်မွန်ထော်သို့ ပေးစာ။

၆။ ။ မောင်မွန်ထော်ကိုယ် လာရောက်တွေ့ကြုံ၍ သစ်တောအလုပ်နှင့် စပ်သမျှ အရပ်ရပ်စကားများကို ပြောဆိုရမှ နေရာကျနိုင်ရန်ရှိမည် ဝန်ရှင်တော် ကင်းဝန်မင်းကြီး အမိန့်ကို နာခံရကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့[၂]။

အမေရိကန်ပြည်သား ဆရာရိုး၊ စကောတလပ်ပြည်သား ဆရာစတီဝင်စင်၊
အင်္ဂလန်ပြည်သား ဆရာစောလတို့က သံတော်ဦးတင်စာ။

၇။ ။ ခရစ်ယာန် သာသနာကို ယုံကြည် လူ့ဒါန်းသူတို့က စေလွှတ်၍ တရားဟော လာရောက်ကြောင်း၊ ဗန်းမော်မြို့တွင် အတည်ကျ နေထိုင်နိုင်ရန် အိမ်ရာ မြေတစ်ကွက်ကို သနားတော်မြတ် ခံပါရမည့်အကြောင်း။ ကျွန်တော်မျိုးတို့ အစိုးရ၊ ကုန်သည်တို့နှင့် တစ်စုံတစ်ရာ မဆိုင်၊ သာသနာနှင့်သာ ဆိုင်ကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့[၂]။

ဗန်းမော်မြို့ ဝန်ထောက်သို့ ပေးမှာစာ။

၈။ ။ တရားဟောဆရာ ဆရာရိုး၊ ဆရာ စတီဝင်စင်၊ ဆရာ စောလတို့ကို ဗန်းမော်မြို့တွင် အိမ်ရာ ဆောက်လုပ်နေထိုင်စေရန် သင့်ရာ မြေရာမှာချထား၊ စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၃]။

ဗန်းမော်မြို့ ဝန်ထောက်သို့ ပေးမှာစာ။

၉။ ။ အင်္ဂလိပ်လူမျိုးတို့ကို နိုင်နင်းအောင် တိုက်ခိုက်ရန် ဗန်းမော်၊ မိုးကောင်းမြို့များတွင် လူစည်းကြပ်ရှိသည် ဗန်းမော်မြို့ အရာရှိတို့က ပြောဆိုကြောင်း ကြားသိရ၍ မည်သူဖြစ်သည် ထောက်လှမ်းလျှောက်ထားရမည့်အကြောင်း။ နောင် သည်ကဲ့သို့ ပြောဆိုမရှိရအောင် ဆင့်ဆိုရမည့် အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

ပြင်သစ်ခင်ကြီး ဒေါင်လက်ကောင်းက ဆက်သွင်းစာ။

၁၀။ ။ ဗန်းမော်မြို့မှာ နေထိုင်ရန် အိမ်မြေရာ အလိုရှိကြောင်း၊ ၂ လုံးပူးသေနတ် ၁ ကို ဆက်သရန် စလင်းဝန်ဟောင်းတွင် အပ်နှံလိုက်ကြောင်း၊ အင်္ဂလိပ်လူမျိုးတို့က တရုတ်ပြည် အနောက်ပိုင်းတွင် လမ်းတောင်းရာ တရုတ်တို့က မပေးလို၍ မိုးမျဉ်းမြို့၊ ရုံချန်မြို့မှာ လက်နက်ကိုင် ၄ သောင်း စည်းကြပ်ထားသည် စာရကြောင်း။ တရုတ်ပြည်အကြောင်းကို သိတော်မူလိုလျှင် သိန္နီဝန်ထောက်နှင့် တိုင်ပင်တင်ဆက်နိုင်ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[၄]။

ဗန်းမော်မြို့ ဝန်ထောက်သို့ ပေးမှာစာ။

၁၁။ ။ ပြင်သစ်ခင်ကြီး ဒေါင်လက်ကောင်းကို ဗန်းမော်မြို့ သင့်ရာမြေကွက်မှာ အိမ်ဆောက်လုပ် နေထိုင်စေရန် နေရာချထား၊ စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းအရာ။

---

၁။ ၂၉ မတ် ၁၈၇၅ ၂။ ၂၅ စက်တင်ဘာ ၁၈၇၅ ၃။ ၆ အောက်တိုဘာ ၁၈၇၅ ၄။ ၃၁ အောက်တိုဘာ ၁၈၇၅

## ၁၂၃၇ ခုနှစ်။

---

### ၂၈၇ မှတ် ပုရပိုက်ထွက်။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင် နေထိုင်သည့် သံတဲဝင်းရှိ ပန်းသေး တရုတ်လူမျိုးတို့ အကြောင်းအရာနှင့် ဗန်းမော်မြို့ဝန်သို့ ဆင့်စာကိုတောင်းရာ မပေးမရမရှိ။ ၎င်းဆင့်စာကို မပေးလို၍ မန်းဝိန်းမြို့၊ နံ့ပေါင်ချောင်းများတွင် စုရုံးရှိသည့် တရုတ်တို့က သံတဲဝင်းကို တစ်စုံတစ်ရာ ပြုလုပ်လျှင် မြန်မာအစိုးရမင်းတို့ တာဝန် ဖြစ်လိမ့်မည့်အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၂။ ။ ဗန်းမော်မြို့ အင်္ဂလိပ် အရေးပိုင် ဝင်းတွင်းရှိ ပန်းသေး တရုတ်လူမျိုးများတွင် လက်နက်ကိရိယာများကိုသာ သိမ်းဆည်း၍ ၎င်းတို့ကို အင်္ဂလိပ် အရေးပိုင်က မထင်မရှား ခေါ်ယူစေရမည့်အကြောင်း၊ နောက် ဗန်းမော် အရေးပိုင်က ထပ်မံ လက်ခံပြုလုပ် ခေါ်ယူမရှိစေရအောင် နေရာကျပြောဆို၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင်မင်း ဝင်းအတွင်းရှိ ပန်းသေးလူမျိုးတို့ အကြောင်းအရာနှင့် ဗန်းမော်မြို့ဝန် အရာရှိတို့သို့ အထက်ဆင့်ဆိုရင်း မှာစာကို ၎င်းမြို့ဝန်ထံ ထပ်မံတင်ပို့ရန် ပေးပို့လာစေကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ အရေးပိုင်မင်း တောင်းရင်း ပန်းသေးလူမျိုးတို့ အကြောင်းအရာနှင့် ဗန်းမော်မြို့ဝန်သို့ ဆင့်စာ၊ အမိန့်တော်စာများကို သင်္ဘောမထွက်သေး၍ ဝန်ရှင်တော်မင်းကြီးက အလျင်အမြန် ပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၀ ရက်နေ့[၁]။

ဗန်းမော်မြို့စာရေး ငဆေး မေးချက်။

၅။ ။ တရုတ်ပြည်က ထွက်ရှောင်လာသည့် ပန်းသေးလူမျိုးတို့ကို အင်္ဂလိပ်နယ်ရောက် ခေါ်ယူလိုလျှင် တရုတ်နိုင်ငံ၊ မိုးမျှဉ်းမြို့နယ် ကူရုံရွာ၊ စမ်းစီးရွာများကဆင်း၍ ဗန်းမော်မြို့အထက် နိုင်ငံတော်အစွန်အဖျား ကွေ့တူရွာ၊ မိုင်းနားရွာများက ခန္တီးနယ် ကချင်တို့နေရာ တောတောင်လမ်းကသွားလျှင် အာသံနယ်သို့ ပေါက်ရောက်နိုင်ကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ တရုတ်နိုင်ငံက တိမ်းရှောင်လာသည့် ပန်းသေးလူမျိုးတို့ကို အင်္ဂလိပ်နိုင်ငံသို့ ခေါ်ယူကြောင်း တရုတ်အစိုးရတို့ ကြားသိလျှင် မြန်မာ အစိုးရတို့နှင့် မဟာမိတ်ပျက်ရန် ရှိကြောင်း၊ ၎င်းတို့ကို ဗန်းမော်မြို့အထက် နိုင်ငံတော် အစွန်အဖျားက မထင်မရှား ခေါ်ယူလျှင် အာသံနယ်သို့ လမ်းခရီးပေါက်ရောက်ကြောင်း၊ နောင် ဗန်းမော်မြို့ရှိ အရေးပိုင်က ပန်းသေးတရုတ်တို့ကို လက်ခံခေါ်ယူ မရှိရအောင် စာပေးမှာထား၍ အကြောင်းအရာကို ပြန်ကြားမည့်အကြောင်း။

---

၁။ ၁၅ ဧပြီ ၁၈၇၅

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ တရုတ်နိုင်ငံက တိမ်းရှောင်ထွက်လာသည့် ပန်းသေး တရုတ်လူမျိုးတို့ကို မထင်မရှား ခေါ်ယူရန် အကြောင်း စာပေးရာ၊ စာပြန်မရ၍ အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ တန့်ခူးလဆန်း၊ ၁၀ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ မြန်မာနိုင်ငံတော်က မဏိပူရ နယ်မြေများသို့ မည်သည့်အကြောင်းကြောင့် မြင်းများ မထုတ်မယူရသည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ တန့်ခူးလဆန်း၊ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ မဏိပူရ အက္ကပတ်နိုင်ငံ မြို့ရွာများနှင့် မြန်မာနိုင်ငံတော်သည် ယခုမှ မြင်း၊ ကျွဲ၊ နွားများကို မထုတ်မယူရသည် မဟုတ်။ အစဉ်အဆက်ပင် ခိုင်ခံ့မြဲမြံသော နိုင်ငံဥပဒေ ရှိသည်ဖြစ်၍ မဏိပူရနယ်မြေသို့ မြင်း၊ ကျွဲ၊ နွားများကို မထုတ်မယူရကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၈ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ မဏိပူရ အင်္ဂလိပ် အရေးပိုင်က နိုင်ငံတော်တွင် ဝယ်ယူသည့် မြင်းစီးရေ ၂ ကို ထုတ်ယူပါရအောင် အမိန့်ရလိုကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၁၀ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မဏိပူရမြို့ အရေးပိုင်သို့ မြင်းစီးရေ ၂ ပေးစေ အမိန့်တော်မြတ်ရင်းနှင့်အညီ မြင်းစီးရေ ၂ ကို အဖိုးငွေ မပေးရဘဲ ပေးလိုက်မည့်အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၁၁ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ မဏိပူရမြို့ အင်္ဂလိပ် အရေးပိုင်သို့ မြင်းစီးရေ ၂ ပေးမည့်အကြောင်း ပေးစာကိုရ၍ ဝမ်းမြောက်ဝမ်းသာ ရှိသော်လည်း၊ မဏိပူရ အရေးပိုင်က မြင်းဝယ် စေလွှတ်လိုက်သူက အဖိုးချေပေး ဝယ်ယူလိုကြောင်းနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မဏိပူရ အရေးပိုင်က မြင်းဝယ်စေလွှတ်သူ ဆူပြီတာရာ၊ ငအောင်ချာတို့ကို မေးမြန်းရာ ဝယ်ယူလိုသည် မပြောမဆိုကြောင်း၊ နိုင်ငံတော်ပြင်ပသို့ မြင်းများကို ထုတ်ယူခွင့် မပေးနိုင်၍ မိတ်သဟာယ ဖြစ်သည့်အတိုင်း အမိန့်တော်မြတ်ခံပြီးလျှင် မြင်းနက်စီးရေ ၂ ကို အဖိုးချေပေး မရှိစေရ ပေးလိုက်ကြောင်း။

၁၂၃၇ ခု၊ တန့်ခူးလဆန်း၊ ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ဗန်းမော်မြို့ မြန်မာအရာရှိတို့က အင်္ဂလိပ်အရေးပိုင်ဝင်းကို လူ ၁၀၀ ကျော် ၂၀၀ ခန့်နှင့် ဝန်းဝိုင်းသည်

၁။ ၁၅ မေ ၁၈၇၅ ဖြစ်မည်။

တစ်ရပ်။ တို့ အတင်းလုပ်လျှင် မင်း ဘာလုပ်နိုင်မလဲ ဆိုသည် တစ်ရပ်။ ၎င်းစကားရပ်များကို နားမလည်နိုင်ပါ၍ အဓိပ္ပာယ်ဆို ပြန်ကြားပါမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ အင်္ဂလိပ် အရေးပိုင်ဝင်းကို ဗန်းမော်မြို့ အရာရှိတို့က မည်သည့်အကြောင်းကြောင့် ဝန်းဝိုင်းသည်၊ မည်သို့ ပြောဆိုသည်များကို မှာစာပေးအပ် ဆင့်ဆိုမေးမြန်း လျှောက်ထား ကြားသိရကာလ အကြောင်းအရာကို စာပြန်ကြားမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁၆။ ။ အင်္ဂလိပ် အရေးပိုင်ဝင်းကို ဝန်းဝိုင်းသည် မဝန်းဝိုင်းသည်၊ ဝန်းဝိုင်းလျှင်လည်း မည်သည့်အကြောင်းကြောင့် ဝန်းဝိုင်းသည်၊ မည်သည့်အရာရှိက မည်သို့ပြောဆို ပြုလုပ်သည်များကို လျှောက်ထားလိုက်မည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ ဗန်းမော်မြို့ အရာရှိတို့က အင်္ဂလိပ် အရေးပိုင်ဝင်းကို ဝန်းဝိုင်းသည့် အကြောင်းအရာနှင့် စာပေးရာ ပြန်စာမရ၍ စာပြန်ပါမည့် အကြောင်းအရာ။

ဗန်းမော်မြို့ဝန်က လျှောက်စာ။

၁၈။ ။ အင်္ဂလိပ် အရေးပိုင်ဝင်းကို မဝန်းမဝိုင်း၊ မည်သည့်အရာရှိမျှ မည်သို့ မပြောမဆို၊ တရုတ်လူမျိုးတို့ နိုင်ငံတော် အစွန်အဖျား မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးမည် ကြားသိရ၍ အမှုထမ်းလူတို့ကို ဆင့်ဆိုစည်းကြပ်သည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အင်္ဂလိပ် အရေးပိုင်ကို မည်သို့ မပြောမဆို၊ သံဝင်းကိုလည်း မဝန်းမဝိုင်း၊ တရုတ်လူမျိုးတို့ နိုင်ငံတော် အစွန်အဖျား မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးမည် ကြားသိရ၍ အမှုထမ်းလူတို့ကို ဆင့်ဆိုစည်းကြပ် ကြောင်းနှင့် ဗန်းမော်မြို့ဝန်က လျှောက်ထားရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ မဟာမိတ် ဖြစ်သည့်အတိုင်း ဗန်းမော်မြို့ရှိ အရေးပိုင်နှင့် သင့်တင့်အောင် ပေါင်းသင်းရန် ဗန်းမော်မြို့ဝန်ကို ဆင့်ဆိုမည့်အကြောင်း၊ အရေးပိုင်မင်းကလည်း ဗန်းမော်မြို့ရှိ အရေးပိုင်ကို ထပ်မံဆင့်ဆို မှာထားမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ ဗန်းမော်မြို့ရှိ အရေးပိုင် ကွတ်က အထက်ပေးစာအတိုင်း ဗန်းမော်မြို့ဝန်မင်းက ပြုလုပ်သည် အမှန် ဖြစ်ကြောင်းနှင့် ထွက်ဆိုရှိ၍ ၎င်းအမှုကို မည်သို့ပြီးပြတ်အောင် ပြုလုပ်မည့် အကြောင်းအရာ။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ ဗန်းမော်မြို့ဝန်ကို အရာကနုတ်၍ ဝန်ထောက်တော် မင်းကြီးမင်းခေါင်မဟာကျော်ထင်ကို ရပ်နေစီရင်

၁။ ၁၉ ဧပြီ ၁၈၇၅ ၂။ ၂၁ မေ ၁၈၇၅ ၃။ ၂၇ မေ ၁၈၇၅

စေမည် ဖြစ်သောကြောင့် ၎င်းနှင့် အသင့်အတင့်ဖြစ်အောင် ဗန်းမော်မြို့ရှိ အရေးပိုင်ကို ဆင့်ဆိုမှာထားမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၃။ ။ ဗန်းမော်မြို့ရှိ ဒုတိယ အင်္ဂလိပ် အရေးပိုင် ကပ္ပိတန်ကွတ် အခွင့်ခံယူသည့်အတွင်း၊ ဝန်ထောက် ဤလျက်ကို ခေတ္တခန့်ထားမည်ဖြစ်၍ ဗန်းမော်မြို့ အစိုးရမင်းများကို မှာထားပြီးလျှင် ၎င်းမှာစာကို ဤလျက်သို့ ပေးလိုက်ရန် ပေးပို့ပါမည့် အကြောင်း။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၂၄။ ။ ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင်ကွတ် အခွင့်ခံယူသည့်အတွင်း ဤလျက်ကို ခန့်ထား နေထိုင်စေမည် ဖြစ်၍ မဟာမိတ် လက္ခဏာနှင့်အညီ ကူညီစောင်မသင့်ရာ ကူညီစောင်မရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ ဗန်းမော်မြို့တွင် ကပ္ပိတန်ကွတ် အခွင့်ခံယူသည့်အတွင်း ခေတ္တခန့်ထား နေထိုင်စေသူ ဤလျက်ကို စောင်မကြည့်ရှုရမည့် အကြောင်းနှင့် ဗန်းမော်မြို့ဝန်သို့ ပေးမှာစာကို ပို့လာစေကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၆။ ။ ၁၂၃၇ ခုနှစ်တွင် နိုင်ငံတော်အတွင်း အကောက်နှုန်းနှင့် အင်္ဂလိပ်နိုင်ငံ အကောက်နှုန်း မညီမညွတ်၊ ဆင်းရဲသားတို့ နာကြည်းရန်ရှိ၍ ဈေးနှုန်းစာရင်း ၂ ရပ်ကို ပို့လာစေကြောင်း။

(က) မြန်မာနိုင်ငံ အကောက်ဈေးနှုန်း ကုန်စာရင်းနှင့် အင်္ဂလိပ်နိုင်ငံ အကောက်ဈေးနှုန်း ကုန်စာရင်း ၂ ရပ်။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[၂]။

ကုန်သည်ကြီးတို့နှင့် ပွဲပြတ်တို့ကို မေးချက်။

၂၇။ ။ နိုင်ငံတော်အတွင်း အကောက်တော် ကောက်ခံရန် အနှုန်းအစံများကို ကုန်သည်ကြီးတို့ ညှိနှိုင်းတင်ပေးရမည် လွှတ်တော်ဆင့်ဆိုချက်အရ ၁၂၂၉ ခုနှစ်၊ မဟာမိတ်စာချုပ်သည်က ယခုနှစ်တိုင် အနှုန်းအစံတင်ပေးရသည်မှာ အောက်မြို့ကျေးရွာ ပေါက်ဈေး အနှုန်းအစံနှင့် မည်သည့်ကာလမှ စာရင်းတင်ပေး ရောင်းဝယ် ပြတ်ဆို ပေးဆောင်ရမြဲ မဟုတ်။ နိုင်ငံတော်အတွင်း ကုန်အကျအရောက် အနည်းအများ အပေါ်အရှားကို ထောက်၍ တစ်နှစ်အဖို့ ကောက်ခံပုံ စာရင်းကိုသာ ညှိနှိုင်းတင်ပေးရကြောင်း။

---

## ၂၈၈ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၃]။

### အင်္ဂလိပ် အရေးပိုင်နှင့် မြန်မာ မှူးတော်မတ်တော်တို့ အကောက်အခွန် စကားပြောဆိုချက်။

၁။ ။ ၁၂၃၇ ခုနှစ်၊ ကောက်ခံရန် အနှုန်းအစံ စာရင်းမှာ ၃၅ ခု၊ ၃၆ ခုနှစ် စာရင်းများထက် အလွန် ပိုမိုယုတ်လျော့ မြင့်မြောက်သည် မဟုတ်။ အခွန်အုပ် အခွန်ထိန်း ပွဲစားပွဲပြတ် ကုန်သည်ကြီးတို့နှင့် စုံညီညှိနှိုင်း ခန့်မှန်း

၁။ ၂၇ ဧပြီ ၁၈၇၅ ဖြစ်မည်။ ၂။ ၅ မေ ၁၈၇၅ ၃။ ၈ မေ ၁၈၇၅

ထားသည့် စာရင်းဖြစ်၍ ၎င်းစာရင်းကို အရေးပိုင်မင်း ကြည့်ရှုဆင်ခြင်စေလိုသည် ပြောဆိုရာ ကြည့်ရှုပါမည်၊ ၎င်းအကြောင်းကို စာပေးပါ ပြောဆိုသည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အကောက်အခွန် ကောက်ခံရန် ဈေးနှုန်းနှင့်စပ်၍ ကုန်သည်ကြီး ပွဲစားပွဲပြတ်တို့ကို မေးရာ [၂၈၇ မှတ် ပုရပိုက်ထွက် ၂၇ မှတ်] အတိုင်း ထွက်ဆိုရှိ၍ မေးချက်များကို ပေးပို့လာစေကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အရေးပိုင်မင်းထံ အင်္ဂလိပ် ကျွန်တော်မျိုး လျှောက်ရင်းစာကို ပေးပို့လိုက်သည့် အကြောင်းအရာ။

မော်လီမဟာမတ်ရီစွပ် လျှောက်ချက်။

(က) ယင်းတော်မြို့ စီရင်စု၊ ကုလားရွာတွင် ခေတ္တတည်းနေသည့်အတွင်း မြင်းကို သူခိုး ခိုးယူ၍ ခြေရာခံရာ ကျီရွာသို့ ကျရောက်၊ ခြေရာဆုံးငုပ်လျှက် နယ်ရှင်တို့က မြင်းဖိုးငွေကို မပေးမလျော်ရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မော်လီမဟာမတ်ရီစွပ် မြင်းပျောက်ဆုံးမှုကို မှန် မမှန် စစ်ဆေး၍ နယ်ရှင်သူကြီးတို့ကို ရှင်းလင်းစေရမည့် အကြောင်းနှင့် ယင်းတော်၊ ရနောင်၊ ထရံကာ ၃ မြို့ဝန်သို့ မှာထားဆင့်ဆို ရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၂]။

ကုလားရွာ အစီရင် ငအို မေးချက်။

၅။ ။ ၁၂၃၆ ခုနှစ်၊ ပြာသိုလအတွင်း ကုလားလူမျိုး မော်လီမြင်းကို သူခိုးခိုးရာ ကျီရွာနယ်သို့ ခြေရာကျရောက်၊ ၎င်းရွာအုပ် ၁၀ အိမ်ခေါင်းတို့ ခြေရာကို မထုတ်မပြနိုင်ကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၂]။

ကျီရွာအုပ် ငပို မေးချက်။

၆။ ။ အမည်မသိ ကုလားမြင်း ၁၊ ငမုတ်ပိုင် မြင်း ၁ ကို လူခိုးသည်ဆို၍ ကုလားရွာနေလူတို့ ခြေရာလိုက်ခံ။ ကျွန်တော်နယ်သို့ ကျရောက်ကြောင်း ပြောဆို၍ ခြေရာကိုထုတ်ခံရာ မြင်း၊ နွားအများ သွားလာသည့်လမ်း ဖြစ်၍ ခြေရာကို မထုတ်မပြန်နိုင်ကြောင်း။ ကျွန်တော်ရွာက မြင်းကို မခိုးမယူကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ မော်လီမဟာမတ်ရီစွပ် မြင်းပျောက်မှုကို မေးမြန်းရာ ကျီရွာအစီအရင် ရွာအုပ်တို့က မြင်းနွားအများ သွားလာသည့်လမ်းဖြစ်၍ ခြေရာကို မထုတ်မပြနိုင်ကြောင်း၊ မြင်းကို မခိုးမယူကြောင်း ထွက်ဆိုလျှောက်ထားရှိ၍ မော်လီမဟာမတ်ရီစွပ်ကို တိုက်ဆိုင်ရှင်းလင်းရန် လွှတ်တော်သို့ လာရောက်စေမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ရန်ကုန်မြို့နေ မောင်ဘိုးမြိုင်က ၅ ခိုင်ကျ ကောက်ပြီး ဆားများကို မြင်းခြံအရပ်တွင် ရောင်းရာ၊ ပွဲစားတော်တို့က ဝယ်သူဘက်က ၅ ခိုင်ကျ ကောက်ယူမည်ရှိ၍ မရောင်းမဝယ်ရ ပျက်လပ်ကြောင်း ကြားသိရပါ၍ မတရားသဖြင့် ကောက်ခံမရှိရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ မောင်ဘိုးမြိုင် ၅ ခိုင် ကောက် ပေးဆောင်ပြီး ဆားကိုရောင်းရာ မြင်းခြံ ပွဲစားတော်တို့က ဝယ်သူဘက်က

---

၁။ ၁၀ မေ ၁၈၇၅ ၂။ ၁ ဇွန် ၁၈၇၅ ၃။ ၆ ဇွန် ၁၈၇၅

၅ ခိုင်ကျ ကောက်ခံဦးမည်ဆို၍ အရောင်းအဝယ် ပျက်ကွက်သည် မှန် မမှန် လျှောက်ထားရမည် တလုပ်မြို့ဝန်သို့ မှာထားဆင့်ဆိုရှိကြောင်း၊ မှန်လျှင် နေရာကျ ဆင့်ဆိုစာပြန်မည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

တလုပ်မြို့ဝန်သို့ ပေးမှာစာ (ကြေးနန်း)။

၁၀။ ။ ရန်ကုန်မြို့နေ ကုန်သည် ငမြိုင် ၅ ခိုင်ကျ အကောက်ဆောင်ပြီး ဆားကို ရောင်းချရာ ပွဲပြတ်တို့က ဝယ်သူတွင် ကောက်ခံသည်၊ မကောက်ခံသည်များကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ဖန်ချက်ကုလားခေါ် တာဘာတ်က အရေးပိုင်မင်းထံ လျှောက်ချက်အတိုင်း မှန်လျှင် နေရာကျ ပြုလုပ်ပါမည့် အကြောင်းအရာ။

ဖန်ချက်ကုလားခေါ် တာဘာတ် လျှောက်ချက်။

(က) ဘင်္ဂလားမြို့က လာရောက်၊ တောင်ထားဝယ်ဗိုလ်ထံ တစ်လလျှင် လခ ၄၀ိ နှင့် ဖန်ချက်အလုပ်တွင် ထမ်းရွက်ရာ ၁၀ လတွက်ငွေ ၄၀၀ိ မပေးမရရှိပါ၍ တောင်းခံ မစပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

တောင်ထားဝယ် သေနတ်ဗိုလ်ကို မေးချက်။

၁၂။ ။ ဖန်ချက်ကုလားခေါ် တာဘာတ်ကို တစ်လ ၄၀ိ ကျနှင့် ဖန်ချက်လုပ်စေရာ အရက်၊ ဘိန်း သောက်စားသည်ကို တွေ့ရှိ၍ ချက်လုပ်ရ ၇ လတွက်ငွေကို ပေးပြီးနောက် မစေမခိုင်းကြောင်း။ ၎င်းသို့ လခငွေ ပေးရန်လည်း မကျန်မရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ဖန်ချက်ကုလားခေါ် တာဘာတ် လျှောက်ချက်အရ တောင်ထားဝယ်ဗိုလ်ကို မေးရာ၊ ဘိန်းစားသောက်သည်ကို တွေ့ရှိ၍ စေခိုင်းသည့် ၇ လတွက်ငွေကို ပေးပြီးနောက် မစေခိုင်းကြောင်း၊ ပေးရန်ငွေလည်း မကျန် မရှိကြောင်းများနှင့် ထွက်ဆိုကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ဖန်ချက်ကုလားခေါ် တာဘာတ်ကို မည်သည့်လရက်ကစ၍ စေခိုင်းသည်၊ လခငွေ မည်မျှပေးကမ်းရသည်ကို အသေအချာမေးမြန်း စာပြန်ပါမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ကုလားခေါ် တာဘာတ်သို့ လခငွေ၊ ချေးငွေ စုစု ၂၇၉ိ ၅ူး ပေးပြီးဖြစ်၍၊ ၎င်းလုပ်ကိုင်ရက် စုစု ၁၁၃ ရက်၊ တစ်လ ၄၀ိ ကျနှင့် ပေးသင့်ငွေကို နှိမ်လျှင် ၎င်းတွင် ပြန်တောင်းယူရန်ငွေ ရှိကြောင်းနှင့် ထားဝယ်ဗိုလ်က စာရင်းတင်ပြ လျှောက်ထားရှိ၍ ၎င်းစာရင်းကို သိသာရန် ပေးပို့လိုက်ကြောင်း။

(က) ကုလားခေါ် တာဘာတ်သို့ ၃ ရပ်ပေး လခငွေ ၂၄၅ိ၊ ချေးငွေ ၃၄ိ ၅ူး စာရင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ တောင်ခွင်မြို့တွင် နွားဝယ်သူ မိုးကောင်းရွာနေ သောအောင်၊ ငရွှေဘောင်တို့ကို မြစ်စဉ် စစ်ကဲက

---

၁။ ၂၂ မေ ၁၈၇၅ ၂။ ၁ ဇွန် ၁၈၇၅

ဖမ်းဆီး၊ ရွှေမြို့တော်သို့ ပို့အပ်၊ ခြေချင်းစွဲခတ် အကျဉ်းခံနေရကြောင်း လျှောက်ထားရှိသောကြောင့် လူကို အချုပ်က လွှတ်၍ နွားဝယ်သည် ငွေများကို ပြန်ပေးစေမည့်အကြောင်း။ ရောင်းသူတို့ စာရင်းကို လည်း ပို့လိုက်ကြောင်း။

(က) နွား ရောင်းသူ၊ ဝယ်သူ စာရင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ နွားဝယ်သူ သောအောင်၊ ငရွှေဘောင်တို့ကို အချုပ်ကလွှတ်၍ နွားရောင်းသူတို့ကို ဆင့်ဆိုခေါ်ယူဆဲ ရှိကြောင်း။ ရောက်ကာလ တိုက်ဆိုင်စစ်မေး၍ မှန်လျှင် နွားဖိုးငွေကို ပြန်ပေးစေမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ မြေထဲမြို့ မိုးကောင်းရွာနေ သောအောင်၊ ငရွှေဘောင်တို့က နွားဖိုးငွေများကို စရိတ်နှင့်တကွ ရလိုကြောင်း ထပ်မံလျှောက်ထားရှိ၍ ၎င်းအမှုကို နေ့ရက်မကြာ ပြီးပြတ်အောင် စစ်မေးတောင်းခံ ပြန်ပေးစေပါမည့် အကြောင်း။

(က) နွားဖိုးငွေ၊ စရိတ်ငွေ ဆို၍ နွားဝယ်သူတို့တင် စာရင်း (ငွေ ၄၃၀)။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ နွားရောင်းသူတို့ကို ဆင့်ဆိုခေါ်ယူဆဲရှိကြောင်း၊ ရောက်ကာလ တိုက်ဆိုင်မေးမြန်း၊ မှန်လျှင် ဆင့်ဆို ပြန်ပေးစေမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ပေးမှာစာ။

၂၀။ ။ မြေထဲမြို့က နွားဝယ်သူတို့အနက် သောအောင်၊ ငရွှေဘောင်တို့နှင့် နွားစပ်ဟပ် ဝယ်ပေးသူ ငရွှေဝင်းတို့ ဖြောင့်ဆိုချက်အရ တောင်ခွင်မြို့သူကြီး သိမ်းယူထားသည့် နွား ၁၄ ကို ဘဏ္ဍာတော် ဖြစ်သည့်အတိုင်း သိမ်းထားပြီးလျှင် ပေးအပ်စာရင်းပါ နွားရောင်းသူတို့ကို အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ ကျောက်တိုင်တောင်ဘက်နေ နွားဝယ်သူ သောအောင်၊ ငရွှေဘောင်တို့ကို အကျဉ်းအချုပ် ချထားသည်ကို သိလိုကြောင်း။ ၎င်းတို့နွားဖိုးနှင့် စရိတ်ငွေများကို နေ့ရက်မကြာ တောင်းခံပြန်ပေးစေပါမည့် အကြောင်း အရာ။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ ကျောက်တိုင်တောင်ဘက်နေ နွားဝယ်သူတို့အနက် ငရွှေဘောင်၊ သောအောင်တို့ကို ဥပဒေကျူးလွန်သူ များ ဖြစ်၍ အကျဉ်းချထားကြောင်း။ နိုင်ငံတော်ပြင်သို့ မြင်း ကျွဲနွားများကို မထုတ်မယူရ ဥပဒေ ရှိကြောင်းကို အရေးပိုင်မင်းအသိ ဖြစ်သည့်အတိုင်း နောင် သည်ကဲ့သို့ ပေါ်ပေါက်လျှင် အထက်ဝယ်ယူသူ တို့ကဲ့သို့ ရာဇဝတ်တော်မှု ချမ်းသာ၊ နွားဖိုးငွေများကို ပြန်ရအောင် ခွင့်ပေးပြုလုပ်နိုင်ရန် မရှိကြောင်း။

---

၁။ ၁၉ ဇွန် ၁၈၇၅ ၂။ ၂၀ ဇွန် ၁၈၇၅

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၃။ ။ နွားဝယ်သူ ငွေဘောင်တို့ကို ပေးရန်၊ နွားရောင်းသူတို့ထံက တောင်းခံရငွေများကို ပို့ပါမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ နွားရောင်းသူတို့ထံက ရငွေ ၃၄၅ ကို ပို့လာစေကြောင်း၊ ကျန်ငွေ ၅၅ ကို တောင်းခံဆဲရှိကြောင်း၊ နောင် သည်ကဲ့သို့အမှု မပေါ်ပေါက်ရအောင် အရေးပိုင်မင်းက နေရာကျ ပြုလုပ်မည့်အကြောင်း။

---

## ၂၈၉ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အလံတရာခေါ် မီးသင်္ဘောပေါ်က အင်္ဂလိပ် အကောက်အရာရှိ မိုးဆိုသူ ရေထဲသို့ လိမ့်ကျသေဆုံးသည် ထင်၍ တွေ့ရှိရာဆိပ်ကမ်းတွင် ဆယ်ယူသင်္ဂြိုဟ်ပါရအောင် ဆင့်ဆိုပါမည့်အကြောင်း၊ ၎င်းအကြောင်းကို ကြားသိလျှင်လည်း စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ် အကောက်အရာရှိ မိုးဆိုသူ အလောင်းတွေ့ရှိလျှင် ဆယ်ယူသင်္ဂြိုဟ်ရမည်၊ မတွေ့မရှိလျှင်လည်း မတွေ့မရှိကြောင်း လျှောက်ထားရမည်၊ အောက်မြစ်စဉ် ဝဲယာမြို့ရွာ အစိုးရအရာရှိတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

အမရပူရ၊ အင်းဝ၊ စစ်ကိုင်းမြို့ကစ၍ မြစ်စဉ်ဝဲယာ မြို့များသို့ ဆင့်စာ။ (ကြေးနန်း)

၃။ ။ အင်္ဂလိပ် အကောက်အရာရှိ မိုးဆိုသူ အလောင်း မျောလာတွေ့ရှိလျှင် ဆယ်ယူ၊ ထုံးစံရှိရာ မြေမြှုပ်သင်္ဂြိုဟ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ်အရာရှိ မိုးဆိုသူ အလောင်းကို စစ်ကိုင်းမြို့ဆိပ်ကမ်းက ဆယ်ယူထားကြောင်း ကြားသိရ၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပါအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အင်္ဂလိပ်အရာရှိ မိုးဆိုသူ အလောင်းကို ထုံးစံနှင့်အညီ သင်္ဂြိုဟ်ရမည် စစ်ကိုင်းမြို့ရုံးသို့ ဆင့်ဆိုရန် စာချွန်ကို ပေးအပ်လိုက်ကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၃ ရက်နေ့[၂]။

၁၈၇၅ ခု၊ ဇွန်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ရခိုင်နယ်၊ ဒလက်စီရင်စု၊ ကွေ့ဝရွာကို ဓားပြ ချင်းတောင် ဗိုလ်ပြုလုပ်တိုက်ခိုက်။ လူ ၆ ကို ဖမ်းဆီး

---

၁။ ၇ ဩဂုတ် ၁၈၇၅ ၂။ ၁၂၃၇ ခု၊ နယုန်လဆန်း ၄ ရက် ဖြစ်မည်။

ခေါ်သွား၊ လူ ၂ ကို သတ်ဖြတ်ထွက်ပြေး၊ နိုင်ငံတော် လောင်းရှည်မြို့ ဒရင်ချောင်းရွာတွင် ခိုဝင်ရှိနေကြောင်း ကြားသိရ၍ ၎င်းတိုက်ရာပါလူတို့ကို ဖမ်းဆီး၍ စီရင်သင့်သူကို စီရင်၊ ပေးအပ်သင့်သူကို ပေးအပ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ရခိုင်နယ်အဝင် ဒလက်စီရင်စု၊ ကွေ့ဝရွာကို တိုက်ခိုက်သည့် ဓားပြ ငချင်းတောင် လာရောက်ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်။ ယော၊ ထီးလင်း၊ လောင်းရှည် ၃ မြို့အုပ်သို့ မှာထားဆင့်ဆိုရှိကြောင်း။ ဖမ်းဆီးပို့အပ် ဟုတ်မှန်ကာလ ပေးအပ်သင့်လျှင် ပေးအပ်၊ စီရင်သင့်လျှင် စီရင်မည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၁]။

ဆော၊ ထီးလင်း၊ လောင်းရှည် ၃ မြို့အုပ်သို့ ဆင့်စာ။

၈။ ။ ရခိုင်နယ်၊ ဒလက်စီရင်စု၊ ကွေ့ဝရွာကို တိုက်ခိုက် ထွက်ပြေးလာသူ ဓားပြဗိုလ် ငချင်းတောင် ခိုဝင်ရှိနေလျှင် ဖမ်းဆီး အကျဉ်းပို့လာစေရမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ရခိုင်ပြည်၊ ဒလက်စီရင်စု၊ ကွေ့ဝရွာကို တိုက်ခိုက်သည့် ဓားပြဗိုလ် ငချင်းတောင်တို့ ဒရင်ချောင်းရွာများသို့ ဝင်ရောက်ခိုဝင်လာလျှင် ဖမ်းဆီး၍ အကျဉ်းပို့အပ်လာစေရမည်။ လောင်းရှည်၊ ဆော၊ ထီးလင်း ၃ မြို့အုပ်သို့ ဆင့်ဆိုရာ ဒရင်ချောင်းရွာ မည်သည့်ကာလမှ မရှိကြောင်း၊ ၎င်းဓားပြတို့လည်း မရှိမနေကြောင်းများနှင့် လျှောက်ထားရှိကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ရခိုင်နယ်အဝင် ဒလက်စီရင်စု၊ ကွေ့ဝရွာကို ဓားပြဗိုလ် ငချင်းတောင် တိုက်ခိုက်၍ ဖမ်းဆီးခေါ်ငင်သွားသည့် မိန်းမ ယောကျ်ား လူ ၆ ယောက်တို့ကို ကွေ့ဝရွာနှင့် စလင်း၊ လောင်းရှည်၊ ယော၊ ဆော၊ ထီးလင်းမြို့များသာ နယ်စပ်ဖြစ်ပါ၍ မြို့ရှင်နယ်ရှင်တို့ကို ဆင့်ဆိုထောက်လှမ်း ပြန်အပ်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မိန်းမ ယောကျ်ား လူ ၆ ယောက်တို့ကို ဖမ်းဆီးခေါ်သွားသူ ဓားပြဗိုလ် ငချင်းတောင် ဝင်ရောက်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်းနှင့် စလင်း၊ ယော၊ ဆော၊ ထီးလင်းမြို့ အစိုးရများသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ သီဟိုဠ်ကျွန်းသို့ ပေးရန်စာနှင့် ဆေးဆရာ ၂ အခေါ်အယူ စရိတ်ငွေ ၄၀ဝိ ကို ပေးပို့မည့်အကြောင်း ကြားသိရ၍ ဝမ်းမြောက်ကြောင်း။ ဆေးဆရာတို့ မလာမရောက်၊ အကြောင်းအရာ မသိရ၍ မေးမြန်းစာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ သီဟိုဠ်ကျွန်းက ဆေးဆရာ ၂ အခေါ်အယူစရိတ် အထက်ပေးငွေ ၄၀ဝိ နှင့် မပြည့်မစုံကြောင်း လျှောက်ထားရှိ၍ အရေးပိုင်မင်းထံ ယခု ထပ်မံပို့လာစေသည့် ငွေ ၇၀ဝိ ကို သီဟိုဠ်ကျွန်း၊ အမရဝံသပဝရ ဓမ္မာလင်္ကာရ သုမနတိဿထေရ်ထံ အမြန်ပို့၍ အကြောင်းအရာကို စာပြန်ပါမည့် အကြောင်း။

---

၁။ ၉ ဇွန် ၁၈၇၅ ၂။ ၂၇ ဇွန် ၁၈၇၅ ၃။ ၂၀ ဩဂုတ် ၁၈၇၅

၁၂၃၇ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ သီပေါ်ဟိုဦးကျွန်းက ဆေးဆရာ ၂ အခေါ်အယူစရိတ် ထပ်မံပေးပို့ငွေ ၇၀ဝ ကို မည်သည့်နေ့ ပို့ရောက်ရရှိသည်၊ ဆေးဆရာ ၂ လည်း မည်သည့် လ ရက် လောက် ရောက်မည်များကို မေးမြန်းစာပြန်ပါမည့် အကြောင်း။

သီဟိုဠ်ကျွန်း ဂါလုတီတ္တမြို့၊ ပရမာနန္ဒကျောင်းနေ
ဓမ္မာလင်္ကာရ သီရိသုမနတိဿထေရ်က ပေးစာ။

(က) ၁၂၃၇ ခု၊ ဝါခေါင်လက ဆေးဆရာ ၂ အခေါ်အယူ စရိတ်ငွေတော် ၇၀ဝ ကို ထပ်မံပေးပို့လိုက်ကြောင်းသာ ကြားသိရ၍ လက်သို့ မရောက်သေးကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ သီဟိုဠ်ကျွန်း ဆေးဆရာ ၂ ယောက် အခေါ်အယူစရိတ် ထပ်မံပေးပို့သည့်ငွေ ၇၀ဝ မရသေးကြောင်း စာလာရောက်ရှိ၍ ၎င်းငွေကို အမရဝံသပဝရ ဓမ္မာလင်္ကာရ သီရိသုမနတိဿထေရ်ထံ အလျင်အမြန် ရောက်အောင် မှာထားပေးပို့ပါမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ ပြည်မြို့နေ ဘိုးကို သတ်ဖြတ်ထွက်ပြေးသူ ငရွှေကိုင်းသည် ဘိုး အမည်နှင့် တောင်တွင်းကြီးမြို့မ၊ ဘိုးမောင် အိမ်တွင် ရှိနေကြောင်း ကြားသိရ၍ ဘိုးခေါ် ငရွှေကိုင်းကို ဖမ်းဆီးပို့အပ်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ပြည်မြို့နေ ဘိုးကို သတ်ဖြတ်ထွက်ပြေးသူ ဘိုးခေါ် ငရွှေကိုင်း ဝန်စုပါ မြို့နယ်ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ တောင်တွင်းကြီးမြို့တွင် ရပ်နေစီရင်သူ ဝန်ထောက်တော်မင်းသို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့[3]။

တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ ပေးမှာစာ (ကြေးနန်း)။

၁၈။ ။ ငရွှေကိုင်းဆိုသူ ဘိုး အမည်နှင့် တောင်တွင်းကြီးမြို့မတွင် ရှိလျှင် ဖမ်းဆီး ပို့အပ်လာစေရမည့် အကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[4]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ဘိုးကို သတ်ဖြတ်ဆိုသူ ငရွှေကိုင်းကို ဖမ်းဆီးရမိရှိ၍ ကျောက်တိုင်တောင်ဘက် အစစ်ခံရင်းသူတို့နှင့် တိုက်ဆိုင်စစ်မေးရန် လွှတ်တော်သို့ ဆင့်ဆို လာရောက်စေမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့။

၁၈၇၅ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ငရွှေကိုင်းကို စစ်မေးရန် သက်သေတို့ လာရောက်ရှိ၍ မည်သည့်နေ့ စေလွှတ်ရမည်ကို စာပြန်ပါမည့် အကြောင်း။

---

၁။ ၄ မတ် ၁၈၇၆ ၂။ ၂၉ ဇူလိုင် ၁၈၇၆ ၃။ ၁၈ ဇူလိုင် ၁၈၇၅ ၄။ ၄ စက်တင်ဘာ ၁၈၇၅

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ငရွှေကိုင်းကို စစ်မေးရန် သက်သေတို့ကို ၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့၊ နံနက် ၁၀ နာရီအချိန် လွှတ်တော်သို့ လာရောက်စေမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၂]။

ငရွှေကိုင်း ပထမ အစစ်ခံချက်။

၂၂။ ။ ကျွန်တော် ပြည်မြို့ ရွာဘဲရပ်တွင် မွေးဖွား၊ ပန်းထိမ်လုပ်စား၊ ၎င်း နှစ် လ ရက်ကို သတိမရ၊ ပြည်မြို့ အရှေ့ ထန်းရည်ခါးဆိုင်တွင် ငသင်း၊ ဘိုးသောင်တို့နှင့် သောက်စားရာ အမည်မသိ လူ ၂ လာ၍ လူ ၁ က ကျွန်တော်ခေါင်းကို ပုတ်ခတ်၊ အချင်းဖြစ်ပွား၊ ပြေငြိမ်း၊ ပြန်လာ။ တစ်တန် ၎င်းလူ ၂ နှင့် တွေ့ကြုံရာ အမည်မသိ လူ ၁ ထပ်မံလာ၍ ကျွန်တော်ကို ရိုက်နှက်၊ ကျွန်တော် ထွက်ပြေး၊ တာ ၁၅ ခန့်တွင် မှူးယစ်လဲနေရာ ကြေယ် တွဲထူ၊ သတိရ၍ ကြေယ် ပြန်သွားနောက်၊ ခိုက်ရန်ဖြစ်သူ လူ ၂ အနက် လူ ၁ မှာ အနာဒဏ်ရာရရှိ၍ ဆေးရုံသို့ယူသွား၊ ကျွန်တော်မှာ တောတွင် အိပ်နေ၊ လင်းမှ တောင်တွင်းကြီးမြို့မသို့ ထွက်လာ၊ ထေပ်ကြီးအိမ်တွင် ဘိုးအမည်နှင့် နေထိုင် ဖမ်းဆီးစစ်မေးခံရ ကြောင်း။ ဘိုးကို ကျွန်တော် မရိုက်မသတ်ရကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

ငရွှေကိုင်း ဒုတိယ အစစ်ခံချက်။

၂၃။ ။ ဘိုးကို ကျွန်တော် မရိုက်မသတ်ရကြောင်း၊ အမည်မသိ လူတစ်ယောက် ရိုက်သည်ကို ဘိုးနှင့်အတူပါ ငစံရာတို့ အသိအမြင် ဖြစ်ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

သက်သေ ငစံရာ ထွက်ချက်။

၂၄။ ။ ဘိုးနှင့် ငရွှေကိုင်းတို့ လုံးထွေးကြသည့်အတွင်း အမည်မသိ လူတစ်ယောက်က ဘိုးကို ရိုက်နှက် သည်ကို မြင်ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

သက်သေ ဘိုးသောင်၊ ငကျော်စံတို့ ထွက်ချက်။

၂၅။ ။ ကျွန်တော် ငရွှေကိုင်းတို့ ထန်းရည်သောက်သွားရာ၊ ငရွှေကိုင်းနှင့် ဘိုးတို့ ခိုက်ရန်ဖြစ်ပွား ပြောဆို ပြီးနောက် ငရွှေကိုင်းမှာ ၎င်းဘမိတို့အိမ် ရှိရာ ရွာဘဲရွာတွင် ဝင်နေရစ်ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

ငရွှေသောင် ထွက်ဆိုချက်။

၂၆။ ။ ငမှုံ ဆိုသူက တံတားနားတွင် ခိုက်ရန်ဖြစ်ပွားနေကြောင်း ပြောဆို၍ သွားရောက်ကြည့်ရှုရာ ငရွှေကိုင်းမှာ မှူးယစ်လဲနေသည်ကို တွေ့မြင်၊ တံတားအောက်တွင် ဘိုး လဲ၍နေသည်ကိုလည်း တွေ့မြင်၍ ဌာနာမှာ တိုင်တန်း ပြန်လာကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၇။ ။ ပြည်မြို့ ရွာဘဲရပ်နေ ဘိုးကို ရိုက်နှက်သတ်ဖြတ် ထွက်ပြေးဆိုသူ ငရွှေကိုင်းကို သက်သေတို့နှင့် တိုက်ဆိုင် မေးမြန်းရာ ဘိုးကို သတ်ဖြတ်သူ မဟုတ်ကြောင်း ထင်လင်းသိသာသည်ဖြစ်၍ ငရွှေကိုင်းကို ပေးအပ် နိုင်ရန် မရှိကြောင်း၊ ငရွှေကိုင်းနှင့် သက်သေတို့ ထွက်ချက်များကို ပို့လာစေကြောင်း။

---

၁။ ၇ နိုဝင်ဘာ ၁၈၇၅ ၂။ ၂၂ ဩဂုတ် ၁၈၇၅ ၃။ ၁၃ နိုဝင်ဘာ ၁၈၇၅

## ၂၉၀ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၅ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ငွေကိုင်း အပေါ်တွင် ပြစ်ဝန်တင် ရှိသည်များကို ပြည်မြို့သို့ သွားရောက်ရှင်းလင်းပါရမည့် အကြောင်းနှင့် ငွေကိုင်းအမိ မိကေးက လျှောက်ထားရှိ၍ ငွေကိုင်းကို ပြည်မြို့သို့ ပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငွေကိုင်းကို မေးရာ (ကျွန်တော် ဘိုးကို မသတ်ကြောင်း သက်သေတို့ ထွက်ဆိုရှင်းလင်း၍ အရေးပိုင်ထံ လွှတ်တော်က စာပြန်ပေးပို့၊ မကွဲမပြား ချုပ်ထားခံနေရသောကြောင့် ပြစ်ဝန်မရှိသည့်အတိုင်း အချုပ်မှ လွှတ်၍ နေရပ်သို့ပြန်ရန် အမိ မိကေးကို အရေးပိုင်မင်းထံ လျှောက်ထားစေကြောင်းနှင့်) ထွက်ဆိုရှိ၍ ငွေကိုင်းကို အချုပ်ကလွှတ်၍ ပို့အပ်လာစေကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ရန်ကုန်ခေါ် မီးသင်္ဘော မြင်းခြံဆိပ်ကမ်းတွင် ဆိုက်ကပ်ရှိရာ၊ ကုန်းပေါ်က လူအများ ခဲနှင့် ပစ်ခတ်ပြုလုပ်။ သင်္ဘောကပ္ပိတန်၊ မာလိန်၊ အကောက်အရာရှိတို့ကို ထိခိုက်ရှိ၍ ၎င်းအမှုကို စစ်ဆေးစီရင်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မြင်းခြံဆိပ်ကမ်းတွင် ရန်ကုန်ခေါ် မီးသင်္ဘော ဆိုက်ကပ်ရာ ခဲနှင့် ပစ်ခတ်မှုကို တလုပ်မြို့ဝန်သို့ ဆင့်ဆို မေးမြန်းဆဲရှိကြောင်း၊ မှန်လျှင် စီရင်၍ စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့။

တလုပ်မြို့ဝန်သို့ ပေးမှာစာ (ကြေးနန်း)။

၅။ ။ ရန်ကုန်ခေါ် မီးသင်္ဘောကို ခဲ အုတ် ကျောက်နှင့် မည်သူတို့က မည်သည့်အကြောင်းကြောင့် ပစ်ခတ်သည်ကို စစ်မေးလျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့။

တလုပ်မြို့ဝန်က လျှောက်စာ (ကြေးနန်း)။

၆။ ။ ရန်ကုန်ခေါ် မီးသင်္ဘော ဆိုက်ကပ်၍ ကုလီတို့ သယ်ယူမည်ရှိရာ သင်္ဘောမာလိန်၊ ခရာသီတို့က ကျွန်တော်တို့ ၂ ယောက်ကို ဆံကိုဆွဲငင်မွှေ့ယမ်း တွန်းချ၊ အနာဒဏ် ခံနေရသောကြောင့် ခဲနှင့်ပစ်ခတ်ရာ မာလိန် ခရာသီတို့ကို မထိမမှန်၊ သင်္ဘော သမ္ဗန်ကိုသာ ထိမှန်ကြောင်းနှင့် ကုလီ ဘိုးခန့်၊ ဘောဘကြီးတို့က ထွက်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ရန်ကုန်ခေါ် မီးသင်္ဘောကို ခဲပစ်မှုမှာ ရာဇဝတ်မှုဖြစ်၍ တိုက်ဆိုင်ရှင်းလင်းရန် မာလိန်၊ ဆလင်၊ ခရာသီတို့ကို အခြားတစ်ပါးသို့ သွားလာမရှိစေရ ဆင့်ဆို အသင့်ရှိစေမည့် အကြောင်း။

---

၁။ ၃ ဇူလိုင် ၁၈၇၅

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[1]။

တလုပ်မြို့ဝန်သို့ ပေးမှာစာ (ကြေးနန်း)။

၈။ ။ ရန်ကုန်ခေါ် မီးသင်္ဘောကို ခံနှင့်ပစ်ခတ်သူ ငဘိုးခန့်၊ ဘောအကြီးတို့ကို ရှင်းလင်းစေရန် အလျင်အမြန် ပို့အပ်ရမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ရန်ကုန်ခေါ် မီးသင်္ဘောကို ခံနှင့်ပစ်ခတ်မှုကို ၎င်းသင်္ဘော ဗန်းမော်မြို့သို့ မဆန်မတက်မီ စစ်ဆေးမေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ရန်ကုန်ခေါ် မီးသင်္ဘောကို ခံနှင့်ပစ်ခတ်မှုကို ရာဇဝတ်မှု ဖြစ်သည်နှင့်အညီ စစ်ဆေးမည်ဖြစ်၍ ရှင်းလင်းနိုင်မည့်သူကို အရေးပိုင်မင်းက စေလွှတ်၊ လာရောက်ကာလ စစ်ဆေး၍ စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ပဲခူးမြို့ ဘုရားကလေးနယ်တွင် ရာဇဝတ်မင်းကြီးနှင့် အမှုထမ်းလူ ၁ တို့ကို သတ်ဖြတ်သူ ဓားပြ ၇ အနက် ရမိသူ ၂၊ သေသူ ၂၊ လွတ်ထွက်သူ ၃ အနက် ညိုဆိုသူ ရမည်းသင်းမြို့ ဆွေမျိုးများရှိရာတွင် ခိုဝင်ရန် လက္ခဏာရှိကြောင်း။ ညိုနှင့် အပေါင်းပါ ငစံ၊ ငဆောင်း တို့ကိုလည်း ထောက်လှမ်းမည့်အကြောင်း။ ၎င်းတို့ကို ဖမ်းဆီးပို့အပ်ရန် ပုံစံအချက် ကြော်ငြာစာများကိုလည်း ပေးပို့ပါကြောင်း။

ပုံစံကြော်ငြာစာ။

(က) ပဲခူး ဘုရားကလေးရွာတိုက် ဓားပြ ထွက်လွတ်သူ ၃ ရမိလျှင် တစ်ယောက် ဆုငွေ ၅၀ဝိ၊ ငဆောင်းမှာ မြန်မာ၊ အသက် ၄၀ ခန့်။ ငစံမှာ မွန်၊ အသက် ၂၀ ခန့်။ ညိုမှာ ရှမ်း၊ အသက် ၂၀ ခန့်။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ရာဇဝတ်မင်းကြီးနှင့် အမှုထမ်း ၁ ကို သတ်ဖြတ်ထွက်ပြေးသူ ဓားပြ ညို၊ ငစံ၊ ငဆောင်းတို့ လာရောက်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ တောင်ငူ ရမည်းသင်း ၂ မြို့တွင် ရပ်နေစီရင်သူ လက်ဝဲဝင်းတော်မှူးသူရဲဝန်သို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ဓားပြ ငဆောင်း၊ ငစံ၊ ညိုတို့ ဖမ်းဆီးပေးနိုင်သူကို ဆုငွေ ၅၀ဝိ ကျ ပေးမည်ဆိုသည့် ကြော်ငြာစာကို ထပ်မံဆင့်ဆို ပေးစေပါမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဓားပြ ငဆောင်း၊ ငစံ၊ ညိုတို့ကို ဖမ်းဆီးပေးအပ်နိုင်လျှင် ဓားပြတစ်ယောက် ငွေ ၅၀ဝိ ကျ ဆုပေးမည်ဆိုသည့် ကြော်ငြာစာကို အစေ့အနှံ့ ပေးအပ်ဆင့်ဆိုရန် ကျောက်တိုင်အနီး မြို့ရွာ အစိုးရများသို့ ပေးအပ်၍ ထပ်မံမှာထား ဆင့်ဆိုရှိကြောင်း။

---

[1]။ ၃ ဇူလိုင် ၁၈၇၅ [2]။ ၁၁ ဇူလိုင် ၁၈၇၅

တောင်တွင်းကြီးမြို့တွင် ရပ်နေစီရင်သူ ဝန်ထောက်သို့ ပေးမှာစာ။

၁၅။ ။ စားပြ ငဆောင်း၊ ညို၊ စံစံတို့ကို ဖမ်းဆီးပေးအပ်နိုင်လျှင် စားပြတစ်ယောက် ငွေ ၅၀ဝိ ဆုပေးမည် ဆိုသည့် ကြော်ငြာစာကို အစေ့အနှံ့ ဝေငှပေးအပ်ဆင့်ဆို၊ ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီး၍ အကျဉ်းပို့လာစေရမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ စားပြ ညိုတို့ အကြောင်းကို ပြန်စာမရ၊ မကြားသိရ၍၊ အကြောင်းအရာကို စာပြန်ကြားပါမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ အထက်ပေးစာပါ စားပြ ညို၊ ငဆောင်း၊ စံစံတို့ မလာမရောက် မရှိမနေကြောင်းကို မြို့ရှင်နယ်ရှင် အကြီးအအုပ်တို့က ခံဝန်ထွက်ဆိုရှိကြောင်းနှင့် လက်ဝဲဝင်းတော်မှူးက လျှောက်ထားရှိကြောင်း။

၁၂၃၀ ခု၊ ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ရာဇဝတ်မင်းကြီးနှင့် ပုလိပ်အမှုထမ်းတို့ကို သတ်ရာ အပေါင်းပါ ညိုဆိုသူ နင်းကြမ်းမြို့အဝင် ဝါးနွယ်ကုန်း စီရင်ပါ ကြို့ပင်သာရွာတွင် ရှိနေကြောင်း သိရ၍ ဆင့်ဆိုဖမ်းဆီး ပို့အပ်ပါမည့်အကြောင်း။

၁၂၃၀ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ စားပြညိုဆိုသူ ဝါးနွယ်ကုန်း အစီရင်ပါ ကြို့ပင်သာရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့အစိုးရ နောက်ဝင်းတော်မှူးသို့ မှာထားရှိကြောင်း။

၁၂၃၀ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့။

နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၂၀။ ။ ဝါးနွယ်ကုန်းအဝင် ကြို့ပင်သာရွာတွင် စားပြညိုဆိုသူ ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့အပ်လာစေရမည့် အကြောင်းအရာ။

၁၂၃၀ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့။

နောက်ဝင်းတော်မှူးက လျှောက်စာ။

၂၁။ ။ ဝါးနွယ်ကုန်းအဝင် ကြို့ပင်သာရွာတွင် အင်္ဂလိပ် ရာဇဝတ်မင်းကြီးနှင့် ပုလိပ်အမှုထမ်းတို့ကို သတ်ဖြတ်သူ ညို မရှိမနေကြောင်းနှင့် ဝါးနွယ်ကုန်းမြို့သူကြီး ထွက်ဆိုရှိ၍ ၎င်းထွက်ဆိုချက်ကို တင်ပို့ပါကြောင်း။

၁၂၃၀ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့[၃]။

ဝါးနွယ်ကုန်းမြို့သူကြီး ထွက်ဆိုချက်။

၂၂။ ။ အင်္ဂလိပ် ရာဇဝတ်မင်းကြီးနှင့် ပုလိပ်အမှုထမ်းတို့ကို သတ်သူ ညို စီရင်စု ကြို့ပင်သာကျေးရွာတွင် မရှိ မနေကြောင်း။

၁၂၃၀ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ ရာဇဝတ်မင်းကြီးနှင့် ပုလိပ်အမှုထမ်းတို့ကို သတ်ရာပါ ညိုဆိုသူ နင်းကြမ်းမြို့အဝင် ဝါးနွယ်ကုန်းမြို့

---

၁။ ၃၀ အောက်တိုဘာ ၁၈၇၅   ၂။ ၁၁ ဇန်နဝါရီ ၁၈၇၇ ဖြစ်မည်။   ၃။ ၄ ဖေဖော်ဝါရီ ၁၈၇၇

စီရင်စု ကြို့ပင်သာရွာတွင် မရှိမနေပါ၊ ဝါးနွယ်ကုန်းမြို့သူကြီး ထွက်ဆိုရှိကြောင်းနှင့် နောက်ဝင်းတော်မှူးက မြို့သူကြီး ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၄။ ။ တရုတ်ကုန်သည်တို့က အရေးပိုင်ထံ လျှောက်ထားသည့် လျှောက်လွှာကို ပို့လိုက်ကြောင်း။

တရုတ်ကုန်သည်တို့ လျှောက်လွှာ။

(က) ရတနာပုံ အကောက်တော်ပေးဆောင်ပြီး ကုန်များကို တိုင်းရေးပြည်မှု ရှုပ်ထွေးရှိ၍ အောက်မြို့သို့ ပြန်တင်သည့်နောက်၊ ၎င်းပြန်တင် စာရင်းချ ကုန်များကို တစ်ဖန် မြို့တော်သို့ ပြန်တင်လိုပါသောကြောင့် ထပ်မံ မကောက်ခံရအောင် မစပါမည့် အကြောင်းအရာ။ (လျှောက်သူ ၁၁ စာရင်း)။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ တရုတ်ကုန်သည်တို့က ကုန်များကို ပြန်ယူတင်ဆောင်ရန် လူမည်၊ ကုန်ချိန်လုံးရေချုပ်ပြားစာရင်း မချ မမှတ်ဖူးကြောင်းနှင့် ရတနာပုံ အကောက်တိုက် အရာရှိတို့ ထွက်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရုတ်ကုန်သည်တို့က ရတနာပုံ အကောက်အရာရှိတို့ ပေးအပ်သည့် မျှောစာ တံဆိပ် လက်မှတ်နှင့် ပြန်ယူကုန်များကို တစ်ဖန်ပြန်ယူရာ၊ ထပ်မံ ကောက်ခံရှိကြောင်း လျှောက်ထားရှိ၍ လျှောက်သူတို့ကို ရတနာပုံ အကောက်တိုက်က ပေးအပ်ရင်း မျှောစာလက်မှတ်နှင့်တကွ စေလွှတ်လိုက်ကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၇။ ။ တရုတ်ကုန်သည်တို့ တင်ပြလက်မှတ်မှာ ကောက်ခံပြီး ကုန်များကို ပြန်ယူရာ မင်းလှကတစ်တန် ကောက်ခံ မရှိရအောင်သာ ပေးသည့်လက်မှတ် ဖြစ်ကြောင်း။ တရုတ်ကုန်သည်တို့ စာရင်းချကုန်မှာ နိုင်ငံတော်အတွင်း ရှိစဉ် နှစ်တန် ကောက်ခံသည့်အရာ မဟုတ်၍ နိုင်ငံတော်ပြင်ပက ဝင်ကုန် မှန်သည့်အတိုင်း ကောက်ခံမြဲ ကောက်ခံစေမှ သင့်မည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၈။ ။ ကောက်ခံပြီး မျှောစာလက်မှတ်ရ ကုန်များကို ရွှေဘွားတော်အောက် ပြန်ယူရာ အကောက်လွတ်ငြိမ်းလို ကြောင်းနှင့် ကျွန်တော်တို့လျှောက်ရာ ရန်သဘော်တွင်ပါ ပထမတစ်ရပ်ရောက် ကုန်များကိုသာ ကောက်ခံ။ ၎င်းကောက်ခံပြီး အကောက်သင့် ကုန်များကိုလည်း မဆက်မသွင်း သိမ်းထား၊ နောက်ရောက် ကုန်များမှာ အကောက်လွတ်ငြိမ်းကြောင်း။ အထက်ကောက်ခံပြီး တိုက်တော်ရှိ ကုန်များကို ပြန်ပေးစေ အမိန့်တော် ရှိသည် ကြားသိရသည့်အတိုင်း ပြန်ရအောင် စာပေးပါမည့် အကြောင်းများနှင့် တရုတ်ကုန်သည်တို့ လျှောက်ထားရှိ၍ မှန်လျှင် ကုန်သည်တို့ စိတ်ကြည်သာအောင် ဆင့်ဆိုပြုလုပ်မည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[1]။

ရတနာပုံ အကောက်အုပ် သံတော်ဆင့် ထွက်ဆိုချက်။

၂၉။ ။ ကုန်များကို အကောက်တွက်သာချန်၍ လုံခြုံရာသို့ ရွှေ့ယူပါစေ တရုတ်ကုန်သည်တို့ အဆိုအရ ရွှေ့ယူ

[1] ၅ ဩဂုတ် ၁၈၇၅

စေကြောင်း။ အကောက်တော်သင့် ကုန်များမှာ အဆင့်အဆိုမရှိ၍ မဆက်မသွင်းသေး၊ သိမ်းထားကြောင်း။ တစ်ရပ်ရောက် တာလီဘူး သဘော်ပါ ၎င်းတို့ပိုင် ပြန်ယူကုန်များကိုလည်း ယခုလဆုတ် ၅ ရက်နေ့မှ အကောက်ပေးပါမည် ၎င်းတို့ ဝန်ခံချက် ချမှတ်ရှိ၍ ပေးအပ်ကြောင်း။ ရွှေဘွားတော်အောက်သို့ ပြန်ယူခဲ့သည် ကုန်များကို မည်သည့်ကာလမှ အကောက်အခံ လွတ်ငြိမ်းစေသည် မရှိပါကြောင်း။

---

## ၂၉၁ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ရွှေဘွားတော်အောက်သို့ တင်ဆောင်ပြန်ယူခဲ့သည့် ကုန်အကောက်အခံ အကြောင်းအရာနှင့်စပ်၍ ရတနာပုံ အကောက်အရာရှိကို မေးရာ၊ [၂၉၀ မှတ် ပုရပိုက်ထွက် ၂၉ မှတ်] ပါအတိုင်း ထွက်ဆိုရှိကြောင်း။

**၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့။**

**၁၈၇၅ ခု၊ မေလ ၃၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး စူမံကို ဤစွပ်က အမြောက်အမှုထမ်းလုပ်ပါ၊ ငွေ ၈ဝ နှင့် စပါး ၁ဝဝ် ပေးမည်ဆို၍၊ ၅ လကျော် ၆ လ လုပ်ရာ ငွေ ၃ဝ သာပေး၍ ကျန်ငွေကို မပေးသည်သာမက ဒိုင်ရင်းပြုလုပ်ရမည် အပူအပြင်း ခေါ်ငင်ပြောဆိုရှိကြောင်းနှင့် လျှောက်ထားရှိ၍ အကြောင်းအရာကို မေးစစ် စာပြန်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အမြောက်အမှုထမ်း ဤစွပ်ကို မေးရာ စူမံက သားစဉ်မြေးဆက် ထမ်းရွက်ပါမည်၊ ငွေ ၈ဝ သာ ပေးပါ စာချုပ်ဆို၍ ငွေ ၈ဝ အနက် ၄၃ဝ အဝင်ပြုလုပ် ပေးကမ်းထမ်းရွက်စေကြောင်း။ စပါး ၁ဝဝ် ပေးမည် မဆိုကြောင်းနှင့် ထွက်ဆို။ စာချုပ်ကိုလည်း တင်ပေးရှိ၍ မှန် မမှန် စစ်မေးသာအောင် စူမံကို လွှတ်တော်သို့ လာရောက်စေမည့် အကြောင်း။

**၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။**

အမြောက်အမှုထမ်း ငရေစွပ် ထွက်ဆိုချက်။

၄။ ။ ငစူမံ အင်္ဂလိပ်စာရင်းချ ဟုတ် မဟုတ် မသိ၊ ၎င်းလင်မယားတို့က ငွေ ၈ဝ အပိုင်ပေးပါ၊ အမြောက်အမှုထမ်း သားစဉ်မြေးဆက် လုပ်ပါမည် အဆိုအရ ငွေ ၄၃ဝ ကို အဝင်ပြုလုပ်ပေးကမ်း၊ ကျန်ငွေကို တစ်နှစ်စေ့မှ ပေးမည်၊ မထမ်းမရွက်ရှိလျှင် ဝင်ငွေကို တပိုးပြန်ပေးပါမည် သဘောတူစာချုပ်ဆို ထမ်းရွက်စေကြောင်း၊ စပါး ၁ဝဝ် ပေးမည် စာချုပ်တွင် မပါမရှိကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။ (တင်)**

၁၂၃၆ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့ ငစူမံနှင့် ငရေစွပ်တို့ အမှုထမ်းစာချုပ်။

၅။ ။ အမြောက်သွေ့ကြီး ဦးရန်နိုင်သွေ့ကတွင် သေရှောင်လူတို့အစား သားစဉ်မြေးဆက် ဒိုင်စိုက် စာရင်းချမှတ် ထမ်းရွက်ပါမည်၊ ငွေ ၈ဝ ပေး မ ပါ၊ နောင် စာချုပ်အတိုင်း မတည်လျှင် ပေးမနှင့်ငွေကို တပိုး ပြန်ပါမည်။ လင်စူမံ၊ မယား မိသက်တို့ အဆိုအရ စာချုပ်ဆို။ ရေစွပ်က ငွေ ၈ဝ အနက် ၄၃ဝ အဝင်ပြုလုပ် ပေးကမ်း။ ဒိုင်စိုက်စာရင်းချသွင်း ထမ်းရွက်ကာလ သိသူ ကိုအုန်းခိုင်၊ မောင်မြ၊ စာစီ ငွေရှင်ရီစွပ်၊ စာရေး မောင်လူကြီး။

---

၁။ ၁၂ ဩဂုတ် ၁၈၇၅ ၂။ ၂၂ ဇူလိုင် ၁၈၇၅

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၃ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ငွေမောင်က သဘော်တော်တွင် စက်ဆရာ စူနီသေလက်ထောက်လူ ၁၀ ကျော်နှင့် စောင့်နေထမ်းရွက်ရသည့် ၂ လတွက် ၄၉၀ိ အနက် ၁၅၀ိ သာ ရ၍၊ ကျန် ၃၄၀ိ ကို မပေးမရကြောင်းနှင့် စုံညီ ငှားရမ်းစာချုပ်များကို တင်ပြလျှောက်ထားရှိ၍ မှန်လျှင် နေရာကျ ပြုပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ စက်ဆရာ စူနီနှင့် လက်ထောက် တပည့်တို့အတွက် လခငွေ အကြောင်းအရာကို မေးမြန်းဆဲရှိ၍ ရှင်းလင်းကာလ စာပြန်ပေးမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ သဘော်တော်တွင် ထမ်းရွက်သူတို့ လခငွေကို မှန် မမှန် တိုက်ဆိုင် ရှင်းလင်းစေရန် စက်ဆရာစူနီ၊ တပည့်လက်ထောက် ငွေမောင်တို့ကို လွှတ်တော်သို့ လာရောက်စေမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၂]။

ငွေမောင် ထွက်ဆိုချက်။

၉။ ။ ကျွန်တော်နှင့် တပည့်လူ ၁၀ တို့က သဘော်တော်တွင် လုပ်ကိုင်သည့်အတွက် ငွေကျန် ၃၄၀ိ ရှိကြောင်း လျှောက်ထားမိသည်မှာ စာရင်းကို မကြည့်မိ၍ ဖြစ်ပါကြောင်း၊ နောက် စာရင်းရှင်းလင်းကာလ ၂၆၀ိ သာ ကျန်ရှိပါကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၃]။

စက်ဆရာစူနီ၊ ဆလင်ခေါင်း မော်ပါအာလီတို့ပါ လူ ၁၀ တို့ လက်မှတ်ထိုး ခံဝန်စာချုပ်။

၁၀။ ။ ကျွန်တော်တို့ကို လခအမှန် ပေးတော်မူပါ၊ သံသဘော်တော် ၄ စင်း ရေသို့ချသည်တိုင် ဆေးသုတ်၊ ဆေးလူး၊ စက်ပြင်၊ စက်တပ် အလုပ်များကို ထွက်ရှောင်မရှိ လုပ်ဆောင်ပါမည့် အကြောင်းအရာ။

အတွင်းတော်သို့ သွင်းသည့် မှာတမ်း။

၁၁။ ။ သံသဘော်တော်တွင် လုပ်ဆောင်သူ လူ ၁၀ တို့ လခငွေကျန် ၂၆၀ိ ကို အမိန့်တော်ခံ၍ ထုတ်ပေးရမည့် အကြောင်းအရာ။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ သဘော်တော်တွင် လုပ်ဆောင်ထမ်းရွက်သည့် လုပ်သားလူ ၁၀ တို့သို့ပေးရန် လခကျန်ငွေ ၂၆၀ိ ကို အရေးပိုင်မင်းထံ ပို့လာစေသည်ဖြစ်၍၊ ရလျှင် စာပြန်မည့် အကြောင်းအရာ။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ သရက်မြို့၊ မန်ကျည်းချောင်းရွာနေ မောင်ရွှေရစ်သမီး မသုံကို ၁၂၃၀၊ သီတင်းကျွတ်လအတွင်း သတ်ဖြတ်ထွက်ပြေးသူ ငဖြူ တပ်တော်သာရွာအဝင် ရွှေလောင်းကိုင်ကြီးရွာတွင် နေထိုင်ကြောင်း ကြားသိရ၍ ၎င်းကို ဖမ်းဆီးပို့အပ်ပါမည့် အကြောင်း။

---

၁။ ၂၂ ဇူလိုင် ၁၈၇၅ ၂။ ၂ ဩဂုတ် ၁၈၇၅ ၃။ ၄ စက်တင်ဘာ ၁၈၇၅ ၄။ ၈ စက်တင်ဘာ ၁၈၇၅

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ မသံုကို သတ်ဖြတ်ထွက်ပြေးသူ ငဖြူ တပ်တော်သာရွာတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် စစ်ကဲသို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မဟာဗောဓိတွင် ပြင်ဆင်သင့်ရာ အဆောက်အဦများကို ပြင်ဆင်ရန်၊ ဗောဓိရင်္ဂဏာ ဝတ်ပြုရဟန်း ၂၀ နေထိုင်ရန် မီးတားနှင့်တကွ ကျောင်းဆောက်ရန်၊ မဟာဗောဓိ ပရိဘောဂတိုက်တည်ရန် အလိုတော်ရှိ၍ ဘင်္ဂလားရှိ စာရေးကြီးသို့ ဆင့်ဆိုရှိသည်ကို ဘုရင်ခံမင်းက ကူညီလိုကြောင်းနှင့် အရေးပိုင်မင်းထံ သံတော်ဦး တင်ချက်အတိုင်း ကူညီအောင် အရေးပိုင်မင်းက ဘုရင်ခံထံ တင်လျှောက်လိမ့်မည်ကို ယုံကြည်စိတ်ချ ရှိကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မဟာဗောဓိကို အတင်တော်၊ အလှူတော်များနှင့် စေလွှတ်တော်မူရာ အရပ်ရပ် ကူညီဆောင်ရွက် အားထုတ်သူ မဟာန္တဇော်ဂျီကို အထိုက်အလျောက် ချီးမြှောက်သင့်သည့်အတိုင်း ဘင်္ဂလားမြို့ရုံး စာရင်းချ ဂုဏ်ကျက်သရေရှိ လူကြီးလူကောင်းတို့နည်းဖြစ်အောင် ဘုရင်ခံမင်းမြတ်မှာ စောင်မ တင်လျှောက်ပေးစေ လိုကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့[၄]။

ကင်းဝန်မင်းကြီး အိမ်သို့ အရေးပိုင်ဒန်ကင်း လာရာ

ရန်ကုန်က ပို့ရောက်စာ ဆို၍ တင်ပေးသည့် စာလက်ခံများ။

(အမိန့်တော်)

၁၇။ ။ နောင်တော် ပခန်းမင်းသား၏ သားတော်၊ ငယ်မည် ထိပ်တင်ဘိုး၊ ရွှေယင်းမာမြို့စား၊ မင်းသတိုးသီရိ တန်ဆောင်၊ ရဟန်းဘွဲ့ ဦးနန္ဒသာရဓဇကို အင်္ဂလိပ် အစိုးရမင်းတို့က ကြည့်ရှုစောင်မစေလိုသည့် အကြောင်း အရာ။

(ခင်စာက ပေးစာ)

၁၈။ ။ ပခန်းကြီးမြို့စား မင်းသား၏ မြောက်ဆောင်တင် ကျွန်မခင်စာ သား ဦးနန္ဒသာရဓဇကို အင်္ဂလိပ် အစိုးရ မင်းတို့က စောင်မစေလိုသည့် အကြောင်းအရာ။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့။

ပခန်းမင်းသား သံဆင့်ဟောင်း၊

ခေါင်းကွဲရွာစား မင်းတင်ရာဇာ ထွက်ဆိုချက်။

၁၉။ ။ ၁၁၉၅ ခုနှစ်၊ ပခန်းမင်းသား၊ ပခန်းမင်းသမီးတို့ လက်ထပ်သည်က မင်းသား လွန်သည်တိုင် အမြဲထမ်းရွက် ကြောင်း။ ပခန်းမင်းသားတွင် ကိုယ်လုပ်မစာ အမည်၊ သား မောင်ဘိုးအမည်နှင့် တစ်ဦးတစ်ယောက် မရှိ။ ကိုယ်လုပ်မညာက မြင် သား မောင်ဦးစွန်းလည်း ပခန်းမင်းသမီးဝင်းတွင် ရှိ၊ ပခန်းမင်းသမီးက မြင် ချောင်းဆုံမင်းသား အထိန်း မိမင်းဖြူ ညီမ မိစောသေ။ လင် ငမှိုင်း၊ ညီ သေိုင်း၊ လှိုင်းတို့ အောက်မြို့ကျေးရာတွင် နေထိုင်သည်ကြားသိ။ တစ်ရပ်ငွေ ၄၀ိ နှင့် စေခိုင်းဖူးသူ ချင်းငယ် ငချို့ကို ပခန်း မင်းကြီးက တောင်း၍ ပေးပြီးနောက် ငချို့ အောက်မြို့ကျေးရွာသို့ ထွက်သွား၊ ပခန်းမင်းသား အခေါ်ခံ ပြုကြောင်းနှင့် ကြားသိရပါကြောင်း။

---

၁။ ၂၇ ဇူလိုင် ၁၈၇၅ ၂။ ၁၀ ဩဂုတ် ၁၈၇၅ ၃။ ၁၃ အောက်တိုဘာ ၁၈၇၅ ၄။ ၁ စက်တင်ဘာ ၁၈၇၅

ရာပြည့်စာအုပ်တိုက်

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ပခန်းမင်းသားတွင် မြောက်ဆောင်ကိုယ်လုပ် မစာ၊ သား မောင်ဘိုး မရှိဖြစ်၍ တင်ပြသည့် အမိန့်တော်စာများမှာ မဟုတ်မမှန် ရေးသားပြုလုပ်သည်ကို သိရ၍ ၂ တိုင်း ၂ ပြည်၊ ၂ ဦး ၂ ဖက်ကပင် အထူးသဘောထားသင့်သည့်အရာ ဖြစ်သည့်အတိုင်း အထူးသဘောထားမည့်အကြောင်း၊ နောင် သည်ကဲ့သို့ ဖြစ်ပြန်လျှင် အထူးသဘောထားမည့် အကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲက လျှောက်စာ။

၂၁။ ။ လက်သီးကုန်းတပ် အမှုထမ်း ငရန်ကင်းခေါ် ငကွက်ကို သတ်သူ ငရွှေလှ သားမယားပါ ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေး၊ ထောက်လှမ်းစေရာ သိသာသည်နှင့် သရက်မြို့ အရေးပိုင်ထံ တိုင်တန်း၊ ဖမ်းဆီးချုပ်ထား ရှိပါ၍ ၎င်းကို အင်္ဂလိပ် အစိုးရတို့ထံ တောင်းယူသာအောင် သိမြင်သူတို့ မေးချက်၊ ထွက်ချက်များနှင့်တကွ တင်ပို့လျှောက်ထားသည့် အကြောင်းအရာ။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၂]။

လက်သီးကုန်းတပ် အမှုထမ်း ငမေး အစစ်ခံချက်။

၂၂။ ။ ငရန်ကင်းခေါ် ငကွက်၊ မောက်တင်ကျေးရွာ ငရွှေလှအိမ်သို့ ခေတ္တ သွားရောက်နေထိုင်ရာ၊ ညအခါ အမှုထမ်း ငကြီး၊ ငမှူး၊ ငရွှေလှတို့ ရိုက်နှက်၍ သေဆုံးသည် ကြားသိရပါကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၂]။

မောက်တင်ရွာ ကင်းတင်မှူး ငမိတ် အစစ်ခံချက်။

၂၃။ ။ ငရွှေလှနှင့် ကျောက်တိုင်တောင်ဘက် ဗိုလ်ငရွှေတုတ်တို့ ပူးပေါင်း၍ ငရန်ကင်းခေါ် ငကွက်ကို သတ်ဖြတ်၊ ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေးကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၂]။

မောက်တင်တပ်ရွာနေ ငကြီး၊ ငမှူးတို့ အစစ်ခံချက်။

၂၄။ ။ ငရွှေလှအိမ်တွင် ငရန်ကင်းခေါ် ငကွက် ရှိနေသည်ကို သိမြင်၊ နံနက်လင်းကာလ ငရွှေလှ၊ ငကွက်တို့ မရှိ၍ ကြည့်ရာ ငရွှေလှ အိမ်ပေါ်အိမ်အောက်တွင် သွေးစက်များကို တွေ့မြင်၊ ကျောက်တိုင်ပြင်ဘက်တွင် သွေးစက် သွေးကွက်များကိုလည်း မောက်တင် တပ်စာရေး ငမြတ်ဖြူ၊ အမှုထမ်း ငကြွက်တို့ကို ပြသတိုင်တန်း၍ ၎င်းတို့ ကြည့်ရှုမှတ်သားသည်ကို မြင်ကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၂]။

ငထိုက်၊ ငစံဝင်း၊ ငလှဘဲ၊ ငမို့ကြီး၊ ငတက်ခါးတို့ အစစ်ခံချက်။

၂၅။ ။ အထက် ၂၂၊ ၂၃၊ ၂၄ များတွင်ပါ ထွက်ချက်များနှင့် တူ။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၆။ ။ ငကွက်ကို နိုင်ငံတော် မောက်တင်တပ် အမှုထမ်း ငရွှေလှနှင့် ကျောက်တိုင်တောင်ဘက် တပ်ဗိုလ်ရွှေတုတ်၊ အမှုထမ်း ငအစ်၊ ငရွှေရည်တို့ တိုင်ပင်သတ်ဖြတ်။ ငရွှေလှ ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေး တပ်အမှုထမ်း ပြုလုပ်နေထိုင်သည် ကြားသိရ၍ ၎င်းငရွှေလှကို ပေးအပ်၊ ကျန်လူတို့ကို ဥပဒေရှိရာ စီရင်မည့်အကြောင်း။ အောက်မြစ်စဉ်ဝန်က တင်လျှောက်စာ၊ သက်သေထွက်ချက်များကို ပို့လိုက်ကြောင်း။

---

၁။ ၃ စက်တင်ဘာ ၁၈၇၅ ၂။ ၉ ဇွန် ၁၈၇၅ ၃။ ၁၅ စက်တင်ဘာ ၁၈၇၅

## ၂၉၂ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၀ ရက်နေ့။**

**၁၈၇၆ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ကွေက် ဆိုသူကို ရွှေလှက သတ်သည် မဟုတ်၊ ကွေက်သည် ကျောက်တိုင်တောင်ဘက်တွင် နွားကိုခိုးယူ ထက်ကြပ်မိ၍ ရာဇဝတ်အုပ်က ပစ်သတ်ကြောင်း ထင်ရှား၍ ရွှေလှကို မအပ်နိုင်ကြောင်း ရန်ကုန် အရေးပိုင်မင်းကြီးက စာရောက်ကြောင်း။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကွေက် သေဆုံးသည့် အကြောင်းအရာများကို အောက်မြစ်စဉ် စစ်ကဲသို့ ထပ်မံမှာထား မေးမြန်းဆဲ ရှိကြောင်း။

**၁၂၃၇ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကလေမံဝီလျမ်းတွင် ငွေတော်ချေးပေး ဝယ်ယူသည့် သံဖိုစက်ကိရိယာများကို စာချုပ်ပါ လရက်အလွန် ယခုတိုင် မပေး မအပ်ရှိ၍ သင့်ရာစာပေး မှာထား တောင်းခံပေးအပ်မည့် အကြောင်း။

**၁၂၃၇ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့[၂]။**

**၁၈၇၅ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ကလေမံဝီလျမ်း ဘိလပ်မြို့သို့ သွားခိုက်ဖြစ်၍ ၎င်းညီ ဟာဝစ်ဝီလျမ်းက ကင်းဝန်မင်းကြီး လက်မှတ်ပါ ဟွန္ဒဝီအကြောင်းကို အရေးပိုင်မင်းကြီးထံ ရှင်းလိုကြောင်း၊ သံဖိုစက်ဖိုးငွေကျန်ကို အတိုးနှင့်တကွ မြန်မာ အစိုးရမင်းများထံ ရရန်ရှိကြောင်းနှင့် လျှောက်ထားရှိ၍ ၎င်းလျှောက်ချက်များကို ပေးပို့လာစေကြောင်း။

**၁၂၃၇ ခု၊ နတ်တော်လဆန်း ၁၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ကလေမံဝီလျမ်းနှင့် ချုပ်ဆိုသည့် သံဖိုစက်ဝယ်စာချုပ်၊ ခံဝန်ချက်၊ စက်ကိရိယာဖိုး၊ စက်ဆရာတို့လခ၊ သင်္ဘောခ၊ ကလေမံဝီလျမ်းသို့ ပေးငွေစာရင်းများကို အရေးပိုင်မင်းသိရန် ရေးသားပေးပို့လာစေကြောင်း။

**၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့။**

**၁၈၇၆ ခု၊ စက်တင်ဘာလလ ၂၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ရန်ကုန် အရေးပိုင်မင်းကြီးထံက ပို့ရောက်ရှိသည့် ကလေမံဝီလျမ်း လျှောက်ချက်လက်ခံများကို ပေးပို့ လိုက်ကြောင်း။

**၁၂၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့[၃]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ သံဖိုစက်ကိရိယာနှင့်စပ်၍ ကလေမံဝီလျမ်း၊ ၎င်းညီ တစ်ဦးဦးက ရွှေမြို့တော်ရှိ အရေးပိုင်မင်းကြီး ဆုံးဖြတ်ချက်အတိုင်း ပြီးပြတ်နိုင်လျှင် မြန်မာအစိုးရမင်းတို့ကလည်း ပြီးပြတ်နိုင်ကြောင်း။

**၁၂၃၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။**

**၁၈၇၇ခု၊ စက်တင်ဘာလ ၄ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ကလေမံဝီလျမ်းနှင့် မြန်မာ အစိုးရတို့ စွဲဆိုရှိသည့် သံဖိုတော် စွဲချက်စကားများကို ဆင်ခြင်စဉ်းစား၍ ဖျန်ဖြေစီရင်ချက်ကို ရေးသားပေးပို့လိုက်ကြောင်း။

---

၁။ ၁၅ ဇန်နဝါရီ ၁၈၇၆ ၂။ ၁၂၃၇ ခု၊ နတ်တော်လဆန်း ၇ ရက် ဖြစ်မည်။ ၃။ ၄ အောက်တိုဘာ ၁၈၇၆

၁၂၃၉ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ (စီရင်သည့်နေ့က ရက်ပေါင်း ၃၀ အတွင်း စက်ကိရိယာကို အပ်စေ၊ အပ်သည့်နောက် ၁၀ ရက်အတွင်း ကျန်ငွေကို ပေးစေ) အရေးပိုင်မင်း စီရင်ချက်အရ ကလေမံဝီလျမ်းက ရန်ကုန်မြို့ရှိ စာရေးတော်ကြီးသို့ ကျန်စက်ကိရိယာများကို ပေးအပ်အောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မွန်ရှည်အီကိုဝင်း နေအိမ်ကို မဂိုလူမျိုးတို့ ဝန်းဝိုင်းရိုက်နှက်ရာ၊ သူရင်းငှားလူငယ်တို့ အရိုက်ခံရ၍ ၎င်းအိမ်ကို အစောင့်အရှောက်လူ ၁၀ တန်သည် ၁၂ ယောက်တန်သည် ထားပါမည့်အကြောင်း။ ၎င်းစရိတ်ကို မွန်ရှည်အီကိုဝင်းက ပေးပါစေမည့် အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မွန်ရှည်အီကိုဝင်းကို မဂိုလူမျိုးတို့ ထပ်မံနှောင့်ယှက် မရှိရအောင် ထောင်မှူး၊ မြို့စာရေးတို့ကို ဆင့်ဆို စောင့်နေစေရမည် ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မိုးဇက်ကိုဟင်ကို မည်သည့်အကြောင်းကြောင့် မင်းလှအစိုးရတို့က ရာဇဝတ်မှုကဲ့သို့ ဖမ်းဆီးတားမြစ်ရှိသည်ကို စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မဂိုလူမျိုး ကုန်သည်ကြီးတို့က ငွေဒင်္ဂါး ၁၀၀၀၀ ကျော်ကို ရဟူဒီလူမျိုး မူရှည် လိမ်လည်ယူသွားကြောင်း လျှောက်ထားရှိ၍ လွှတ်တော်၊ တွဲဖက်ရုံး သင့်ရာတွင် ရှင်းလင်းစေရန် တားဆီးတင်ပို့ရမည် မင်းလှမြို့ အစိုးရတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၅ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ မင်းလှအစိုးရတို့ တားဆီးတင်ပို့သူ မိုးဇက်ကိုဟင် အပေါ်တွင် ရာဇဝတ်၊ တရားမ ထိုက်သက်ရာ စီရင်သည့် အမိန့်ကောက်ချက် အရပ်ရပ်ကို လက်ခံပေးပို့မည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မင်းလှအစိုးရတို့ တားဆီးပို့အပ်သူ မိုးဇက်ကိုဟင်နှင့် မဂိုကုန်သည်တို့ လျှောက်ထား ပြောဆိုကြသည့် စကားနှင့် စီရင်ချက်များကို လက်ခံရေးပေး ပို့လာစေကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

လွှတ်တော် ကောက်တော်မူချက်။

၁၆။ ။ မိုးဇက်ကိုဟင်က မဂိုကုန်သည်တို့သို့ ပေးရန်ရှိသည့်ငွေ ၁၀၀၀၀ ကျော်ကို ပေးစေ။ လိမ်လည်ထွက်သွားသည့် ရာဇဝတ်မှုကို အမိန့်တော်ခံနိုင်လျှင် ကင်းလွှတ်စေ။

---

၁။ ၁၉ စက်တင်ဘာ ၁၈၇၇ ၂။ ၂၆ အောက်တိုဘာ ၁၈၇၅ ဖြစ်မည်။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ အိန္ဒိယဘုရင်ခံမင်းမြတ် ကိုယ်စားတော် အရေးပိုင်မင်းကြီး အမည်နှင့် ရန်ကုန်သင်္ဘောတွင် တင်ဆောင်ပါလာသည့် အသုံးအဆောင်ထည့်သေတ္တာကို ရတနာပုံ အကောက်တိုက်က ဖွင့်လှစ်ကြည့်ရှုရှိပါ၍ နောင်သည်ကဲ့သို့ မကြည့် မရှုရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ဘုရင်ခံမင်း ကိုယ်စားလှယ် အရေးပိုင်မင်းကြီး အမည်နှင့် အသုံးအဆောင်ထည့် သေတ္တာများကို နောင်သည်ကဲ့သို့ ဖွင့်လှစ် မကြည့်မရှုရအောင် ရတနာပုံတိုက်တော် အရာရှိကို ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အိန္ဒိယနိုင်ငံသို့ အိမ်ရှေ့မင်း လာရောက်လျှင် တွေ့ကြုံနှုတ်ခွန်းဆက်ရန် သေနတ်ဝန် ကင်းဝန်မင်းကြီး မင်းသတိုး မင်းကြီးမဟာ မင်းလှစည်သူကျော်နှင့် သံတော်အရာရှိစုံ ခန့်ထား။ ရာဇသံ လက်ဆောင်တော်များနှင့် အမိန့်တော်မြတ်ရင်းနှင့်အညီ စေလွှတ်မည်ဖြစ်၍ ဘုရင်ခံမင်းမြတ်မှာ တင်လျှောက်၊ ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက်စေလိုကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၁]။

၁၈၇၅ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ဗန်းမော်မြို့ အရေးပိုင်မင်း သေနတ် ၁၊ ဓား ၁ ကို သံတဲသို့ တားဆီးမရှိ ဆောင်ယူစေရန် ဆင့်စာကိုရ၍ ကျေးဇူးတင်ကြောင်း။ ၎င်း သေနတ် ၁ ကို ဗန်းမော်မြို့သို့ ဆောင်ယူရန် အမိန့်စာမပါ၍ ပေးပါမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ဗန်းမော်မြို့ အရေးပိုင် ကိုင်ဆောင်သည့် သေနတ် ၁ ကို တားဆီးမရှိ ဗန်းမော်မြို့သို့ ဆောင်ယူစေရန် ကင်းအစောင့်အနေတို့ကို ဆင့်စာ၊ ဗန်းမော်မြို့ဝန်သို့ မှာစာများကို ပို့လာစေကြောင်း။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ မန္တလေးမြို့ အလည်အပတ် လာရောက်သူ၊ သရက်မြို့ အင်္ဂလိပ်ဝန်ထောက် ဝယ်ယူသည့် မြင်းမစီးရေ ၁ ကို တားဆီးမရှိ ထုတ်ယူရအောင် အမိန့်စာ ပေးပါမည့်အကြောင်း။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ နိုင်ငံတော်ပြင်သို့ မြင်းလား မြင်းမများကို ထုတ်ယူရန် ဥပဒေ မရှိသော်လည်း တစ်ကြိမ်တစ်ခါ တစ်စီးတည်း ဖြစ်၍ မဟာမိတ် လက္ခဏာနှင့်အညီ ထုတ်ယူရန် အမိန့်စာကို ပေးပို့လာစေကြောင်း။

အောက်မြစ်စဉ် စစ်ကဲတို့သို့ ပေးမှာစာ။

၂၄။ ။ သရက်မြို့ဝန်ထောက် ဝယ်ယူသည့် မြင်းမစီးရေ ၁ ကို တားဆီးမရှိ ထုတ်ယူစုန်ဆင်းစေရမည့်အကြောင်း။

---

[၁]။ ၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ဖြစ်မည်။

## ၂၉၃ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၆ ခု၊ မတ်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဘုန်းတော်ကြီးလှသောဘုရားက ဘုရင်ခံမင်းမြတ်သို့ပေးသည့် မြင်းလားစီးရေ ၁ ကို သင်္ဘောနှင့်ပို့ရာ အတားအဆီး မရှိရအောင် ထုံးစံရှိရာ ဆင့်ဆိုပါမည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဘုရင်ခံမင်းမြတ်သို့ပေးရန် ဆောင်ယူသည့် မြင်းလားစီးရေ ၁ ကို တားဆီးမရှိစေရအောင် အောက်မြစ်စဉ် စစ်ကဲတော်ကြီးသို့ မှာထားရှိကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၃။ ။ ဘုရင်ခံမင်းသို့ ပေးရန် ဆောင်ယူလာသည့် မြင်းလားစီးရေ ၁ ကို တားဆီးမရှိ တင်ဆောင် ယူသွားစေရမည့်အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ရေးကြောင်းကိစ္စကြီးသည့်စာကို ဗန်းမော်မြို့ အင်္ဂလိပ် အရေးပိုင်ထံ ပေးပို့ရန်ရှိ၍ လှေ လူ ဆင့်ဆိုပေးပါမည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဗန်းမော်မြို့ အရေးပိုင်ထံ စာပေးစေလွှတ်ရန် ရွှေတုံးလှေတော် သွေးသောက်ကြီး ငသိုင်းနှင့် လှေလောင်း ၁၊ ကြည်းလူ ၉ တို့ကို အရေးပိုင်မင်းထံ ဆင့်ဆိုစေလွှတ်ကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၆။ ။ အင်္ဂလိပ် အရေးပိုင်က ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင်ထံ ပေးပို့ရန်စာကို လှေလူ ဆင့်ဆို ပေးပို့လာစေသည်။ မည်သည့်အကြောင်းနှင့် မည်သည့်စာ ဖြစ်သည် လျှို့ဝှက်ထောက်လှမ်း၍ လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ရန်ကုန်မြို့ မဟာဝန်ရှင်တော်မင်းကြီးက အရေးပိုင်မင်းထံ ရိုက်ကြားသော ကြေးနန်းစာကို ဓာတ်ရုံတော်က မပေး မပို့ရှိ၍ မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

ကြေးနန်းဆရာ ငအုံး မေးချက်။

၈။ ။ ကြေးနန်းအမှုထမ်း ငကြာအုံက အင်္ဂလိပ် အရေးပိုင်ထံပေးရန် ကြေးနန်းစာကို အရေးပိုင်အိမ်အောက်တွင် စောင့်နေသူ မြန်မာလူမျိုးတစ်ယောက်ကို ပေးခဲ့ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင်မင်းထံပေးရန် ကြေးနန်းစာကို အရေးပိုင် အိမ်အောက်တွင် စောင့်နေသူ မြန်မာတစ်ယောက်ကို ပေးခဲ့ကြောင်းနှင့် ဓာတ်ရုံဆရာက ထွက်ဆိုကြောင်း၊ နောင် မည်သူကို စာပေးရမည်ကို စာပြန်ကြားမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့။

၁၈၇၆ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ရန်းသဘော်တွင် တင်ဆောင်ပါလာသည့် တရားမ အရေးပိုင်မင်း စွဲကိုင်ရန် သေနတ် ၂ ကို သံတဲဝင်းသို့ ဆောင်ယူရန် အမိန့်စာ ပေးပါမည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရန်းသဘော်တွင်ပါ သေနတ် ၂ ကို တားဆီးမရှိ သံတဲသို့ ဆောင်ယူစေရန် ရတနာပုံ အကောက်တိုက် အရာရှိတို့ကို ဆင့်ဆိုရှိကြောင်း။

ရတနာပုံ အကောက်တိုက် အရာရှိတို့ကို ဆင့်စာ။

၁၂။ ။ ရန်းသဘော်တွင် ပါသည့် သေနတ် ၂ ကို သံတဲဝင်းသို့ တင်ယူစေရမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ လယ်ကိုင်းမြို့ ပြည်လုံးကျော်ရွာနေ ငနီ၊ ငနိုင်၊ တောတေ၊ ငထွေးတို့ နွား ၂၀ ကျော်ကို ကာမမြို့ ခုံညင်းမြောင်ရွာနေ ငပျို၊ ငရွှေပု၊ ငရွှေလှောက်၊ ငမှတ်၊ မြေထဲမြို့ ပေါက်တောရွာနေ ငရွှေရ၊ ငထွေး၊ ငမွေး၊ ငပြား၊ ကျည်ကန်ရွာနေ ငရွှေစိုတို့ တိုက်ခိုက်ယူသွား။ နွား ၂ သာ ပြန်ရ။ လယ်ကိုင်းမြို့ ဗောဓိကုန်းရွာနေ ရွာခေါင်း ငရွှေကိုင်း၊ ရွာနေ ငပွေး၊ ငရွှေရုံတို့ နွားထီးမ ၇၀ ကျော်ကိုလည်း တိုက်ခိုက်ယူသွား။ ကာမမြို့ ခုံညင်းမြောင်ရွာနေ ငပျို၊ မန်ကျည်းပင်ရွာနေ ငအပ်၊ ကတူပြင်ရွာနေ ငရွှေထွန်း၊ အောင်ကဆိုင်ရွာနေ သောရောက်၊ ကျောက်ကြီးရွာနေ ငရွှေသာကြီး၊ ငမြိုင်၊ ငအုပ်၊ ငဆောင်းတို့ထံ တွေ့ရှိ။ တောကျောင်းမြို့ အရေးပိုင်ထံ တိုင်တန်း၊ နေရာကျ မစီရင်ရှိ၍ မဟာမိတ် စာချုပ်အရ နေရာကျ ပြုလုပ်ပြီးလျှင် အကြောင်းအရာကို စာပြန်ကြားမည့် အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့[၃]။

လယ်ကိုင်းမြို့ ဗောဓိကုန်းရွာခေါင်း ငရွှေကိုင်း၊ ရွာနေ ငပွေး၊

ငရွှေရုံ၊ ငကံကြီး၊ ငပေ၊ ငကျော်တို့ အစစ်ခံချက်။

၁၄။ ။ ကျွန်တော်တို့ပိုင် နွားထီးမကောင်ရေ ၇၀ ကျော် စားကျက်တွင်ပျောက်ဆုံး၍ လိုက်လံရာ ကာမမြို့ စီရင်စု ခုံညင်းမြောင်ရွာနေ ငပျို၊ မန်ကျည်းပင်ရွာနေ ငအပ်၊ ကတူပြင်ရွာနေ ငရွှေထွန်း၊ အောက်ကဆိုင်ရွာနေ သောရောက်၊ ကျောက်ကြီးရွာနေ ငရွှေသာကြီး၊ ငအုပ်၊ ငဆောင်း၊ ငမြိုင်တို့လက်မှာ ခိုးရာပါ နွား ၇၀ ကျော်ကိုတွေ့ရှိ။ တောကျောင်း အရေးပိုင်ထံ ပြောဆိုရာ မပေးမအပ်ရှိကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၄]။

နွားလိုက်သူ ငပိုက် အစစ်ခံချက်။

၁၅။ ။ ပြည်လုံးကျော်ရွာနေ ငနီ၊ ငနိုင်တို့ နွားကောင်ရေ ၂၀ ကို ဓားပြတိုက်ခိုက်ယူသွား၊ လိုက်လံရာ နွား ၂ သာ ရကြောင်း၊ တိုက်သူတို့လည်း ကာမမြို့ ခုံညင်းမြောင်ရွာနေ ငပျို၊ ငရွှေပု၊ ငရွှေလှောက်၊ ငမှတ်၊ မြေထဲမြို့ ပေါက်တောရွာနေ ငရွှေရ၊ ငလေး၊ ငမွေး၊ ငပျား၊ ကန်ကြီးရွာနေ ငရွှေနီးတို့ ဖြစ်ကြောင်း။

---

၁။ ၂၉ ဇန်နဝါရီ ၁၈၇၆ ၂။ ၄ မတ် ၁၈၇၆ ၃။ ၃၀ မတ် ၁၈၇၆ ၄။ ၈ စက်တင်ဘာ ၁၈၇၅

၁၂၃၆ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ကင်းဝန်မင်းကြီးနှင့် သံတော်အရာရှိတို့ လန်ဒန်မြို့သို့ သွားသည့်အတွင်း သုံးငွေစာရင်းကို အက်ဒမ်ဂျွန်းနှင့် ကုန်ဘက် ကာဝီနှင့် ရှင်းလင်းရာ လွှတ်တော်စီရင်ချက်ကို ကာဝီ လက်မှတ်ထိုးပြီးနောက် ကာဝီက ဂျွန်းမသေမီ ရေးသားခဲ့ သုံးငွေဆိုစာရင်းကို တင်ပေးလက်ခံ ရှင်းလင်းရာ၊ ဂျွန်းသို့ အပ်ရင်း ငွေတော် ၄၆၉၉၉၉-၂။ တွင် ၂၉၉၄၈၁-၇။-ခဲ သုံးကုန်သင့်စာရင်း ထွက်ရှိ။ ၁၇၀၅၁၇-၄။-ခဲ ပိုမိုကြောင်း ထင်ရှားသည့်အရ ၎င်းငွေများကို တောင်းခံပေးမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ဂျွန်းအပေါ်တွင် ကလေမံဝီလျမ်းက ငွေတစ်သိန်းရရန် ပြောသည်နှင့် မည်သူထံမှ တင်ပြငွေထုတ်ရန် မဟုတ်၊ အမှုတော်ကို ထမ်းရွက်ကြသည့်အတွင်း ကြေးငွေရှာကြံသာရုံမျှ ပြောဆို။ ၎င်းတို့နှစ်ဦး ကတိထားကြသည့်အရ ကင်းဝန်မင်းကြီး လက်မှတ်ရေးထိုးသည့် ကလေမံဝီလျမ်းထံရှိ ဟွန်ဒီစာ ၄ စောင်ကို ကျွန်တော် တောင်းခံ၍ ကင်းဝန်မင်းကြီးသို့ ပေးပါမည်၊ မက္ကဖေကာဝီ ခံဝန်ရှိသည့်အတိုင်း မပေးမအပ်ရှိ၍ တောင်းခံပေးမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၆ ခု၊ မတ်လ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ကျောက်တိုင်တောင်ဘက် လှေကြီးတန်းအရပ်တွင် ကူလီလုပ်ပြန်သူတို့ကို ဓားပြတိုက်ခိုက်သည် တစ်ကြိမ်၊ မြန်မာနယ်နေ ငမောက် ဗိုလ်ပြုလုပ်၍ ဆွာရွာမြောက်တွင် တောင်ငူက မြန်မာနိုင်ငံပြန် မြင်းကုန်သည် မြန်မာ ၃ ယောက်ကို တိုက်ခိုက်သည် တစ်ကြိမ်ဖြစ်၍ နိုင်နင်းအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ဓားပြဗိုလ် ငမောက်ကို အပေါင်းပါ လူတို့ပါ ရမိအောင် ဖမ်းဆီးရမည်၊ ကျောက်တိုင် အနီးအစပ် မြို့ရွာ အစိုးရမင်းများသို့ မှာထားရှိကြောင်း။

တောင်တွင်းကြီး၊ တောင်ခွင်၊ မြေထဲ၊ သရက်၊ မင်းတုန်း၊

တောင်စဉ့် မြို့ရွာအစိုးရများသို့ ပေးမှာစာ။

၂၀။ ။ ဓားပြဗိုလ် ငမောက်ကို အပေါင်းပါလူတို့ပါ ရမိအောင် ထောက်လှမ်းဖမ်းဆီးရမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၃]။

၁၈၇၆ ခု၊ မတ်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ အာလံမြို့နှင့် သနပ်ရွာအကြား ကုန်သည်တို့ကို တိုက်ခိုက်သူ ဓားပြ ငပိုက်ကြီး၊ ငမေးတို့ ထွက်ပြေး။ တောင်တွင်းကြီးမြို့ မန်ကျည်းကန်ရွာ သံပြတ်ဗိုလ်ခေါ် ငထွန်းအောင်အိမ်၊ နောက် ဆင်ပေါင်ဝဲ စမ်းအိုင်ရွာ ငသာအောင် အိမ်များတွင် ရှိနေကြောင်း ကြားသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ တောင်တွင်းကြီး မန်ကျည်းကန်ရွာ၊ ဆင်ပေါင်ဝဲ စမ်းအိုင်ရွာများတွင် ဓားပြ ငပိုက်ကြီး၊ ငမေးတို့ ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် ေ–ာ်တွင်းကြီးမြို့ ဝန်ထောက်နှင့် အောက်မြစ်စဉ် စစ်ကဲတို့သို့ ဆင့်ဆို မှာထားရှိကြောင်း။

---

၁။ ၅ မတ် ၁၈၇၆ ၂။ ၂၂ မတ် ၁၈၇၆ ၃။ ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ဖြစ်မည်။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့[၁]။

တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ ပေးမှာစာ။

၂၃။ ။ တောင်တွင်းကြီး မန်ကျည်းကန်ရွာတွင် ဓားပြ ငပိုက်ကြီး၊ ငမှေးတို့ ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ ပို့အပ်ရမည့် အကြောင်း။ (အောက်မြစ်စဉ် စစ်ကဲ့သို့ ၎င်းနည်း ပေး။)

၁၂၃၇ ခုနှစ်၊ လက်ခံသန့် ပုရပိုက်ဆူရေ ၇ ပြီး၏။

---

၂၉၃-က မှတ် ပုရပိုက်ထွက်။

(ငကွက် သေဆုံးမှုနှင့် စပ်၍ အောက်မြစ်စဉ်ဝန်က တင်ပေးစာစုနှင့် တူ။)

၁၂၃၇ ခု၊ နယုန်လဆန်း ၄ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၇ ရက်နေ့။

ချင်းငကွက် သေမှုတွင် ထွက်ချက် (၃)။

၁။ ။ မောက်တင်ရွာ မြောက်ကျောင်းအနီး ကျောက်တိုင်တောင်ဘက်တွင် သူခိုး ချင်းလူမျိုး ငကွက်ဆိုသူ မှောက်လျက် သေနတ်မှန်သည့် ဒဏ်ရာနှင့် သေဆုံးနေသည်ကို တွေ့ကြောင်း။

မောက်တင်ဌာနာ၊ ဒုတိယရာဇဝတ်အုပ် မောင်ရွှေတုတ် လျှောက်စာ။

၂။ ။ အမှုထမ်း မောင်ရွှေရည်၊ ငပိန်၊ ငမြိုင်၊ ငဝါဆို တို့နှင့် ကျွန်တော် လိုက်လံ။ သူခိုး ၃ ကို ခိုးရာပါနွား ၁ နှင့်တကွ တွေ့ရှိ၊ သေနတ်နှင့်ပစ်ခတ်၊ သူခိုး ချင်းငကွက်မှာ သေဆုံး၊ ကျန်လူ ၂ ယောက် သေနတ်ထိမှန် ဒဏ်ရာနှင့် ထွက်ပြေးကြောင်း။

မောက်တင်ဌာနာ၊ ဟိက္ကဲ့စဘက် မောင်ရွှေတုတ် လျှောက်စာ။

၂-က ။ မောက်တင်ရွာ ငရွှေလှ သတင်းပေးအရ အမှုထမ်း ငပိန်တို့နှင့် စောင့်နေသည့်အတွင်း သူခိုး ၃ ကို ခိုးရာပါနွားနှင့် တွေ့ရှိ၍ သေနတ်နှင့် ကျွန်တော် ပစ်ခတ်၊ သူခိုး ငကွက်ဆိုသူ သေဆုံး၊ အမှုထမ်း ငပိန်၊ ငဝါဆိုတို့ ပစ်ခတ်သည့်ဒဏ်ရာနှင့် သူခိုး ၂ ယောက် ထွက်ပြေးကြောင်း၊ ၎င်းသူခိုးတို့ လာရောက်မည် သတင်းပေးသူ ငရွှေလှကို ဆုတော်ပေးသင့်ပါကြောင်း။

အာလံမြို့ ကြေးခေါင်းမောင်ဘိုးကြီးက မြေထဲမြို့ ရာဇဝတ်ရုံးသို့ လျှောက်စာ။

၃။ ။ ဟိက္ကဲ့စဘက် မောင်ရွှေတုတ် သေနတ်နှင့်ပစ်ခတ် သေဆုံးသည့် သူခိုးငကွက် အလောင်းကို သင်္ဂြိုဟ်ရသည့် ကူလီစရိတ်ငွေ ထုတ်ပေးပါမည့် အကြောင်း။

မောက်တင်ဌာနာ ဟိက္ကဲ့စဘက် မောင်ရွှေတုတ် လျှောက်ချက်။

၄။ ။ သေသူ ချင်းငကွက်အစ်ကို ချင်းငလေးနှင့် အပေါင်းပါ ချင်းငမှေးကြီးတို့ မောက်တင်ဌာနာကို မီးရှို့မည်၊ အမှုထမ်းတို့ကိုလည်း သေနတ်နှင့် ပစ်သတ်မည်၊ ဓားပြဗိုလ် ငစံထွန်းတို့နှင့် တိုင်ပင်၊ အကြံအစည် ပြုလုပ်သည်ကို ကြားသိရကြောင်း။

သရက်၊ မြေထဲ၊ မင်းတုန်း၊ ကာမမြို့ အရေးပိုင်က မလွန်၊ မြေထဲ၊

သရက်၊ မြင်ကွန်းမြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ ပေးစာ။

၅။ ။ ရာဇဝတ် အမှုထမ်းတို့ သေနတ်နှင့်ပစ်ခတ်သေသူ ငကွက်အစ်ကို ငမှေးကြီးသည် ဓားပြဗိုလ် ငစံထွန်းတို့နှင့် ပူးပေါင်း၍ မောက်တင်ဌာနာကို မီးရှို့မည်၊ အမှုထမ်းများကိုလည်း သေနတ်နှင့် ပစ်သတ်မည် ကြံစည်ကြောင်း ကြားသိရ၍ ၎င်းတို့ကို အာမခံနှင့် ထားပါမည့်အကြောင်း။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန် မြစ်စဉ်စစ်ကဲက

သရက်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း ပေးစာအရ စာပါလူတို့ကို ဆင့်ခေါ်မေးမြန်းရာ၊ စာပါအတိုင်း မကြံမစည်ကြောင်း၊

---

၁။ ၂၃ မတ် ၁၈၇၆

ဟိကွဲစဘက်မောင်ရွှေတုတ်နှင့် အမှုထမ်းတို့ တိုင်ပင်လိမ်လည်၍ ကွေက်ကို သတ်ဖြတ်ကြောင်း လျှောက်ထားရှိ၍ မဟုတ်မလျား အမှုမပြုမလုပ်စေရအောင် ဆင့်ဆိုစီရင်မည့် အကြောင်း။

သရက်မြို့ အရေးပိုင်က ၎င်းအမှုနှင့် ပြန်ပေးစာ။

၇။ ။ ဟိကွဲစဘက် မောင်ရွှေတုတ်ကို တစ်စုံတစ်ရာ စီရင်ရန်မရှိ၊ သေသူ ကွေက်သည် နွားများကို ခိုးယူသည် အတွက် သေနတ်နှင့်ပစ်ခတ်သည် အမှန်ဖြစ်ကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၁]။

ကျောက်တိုင်မြောက်ဘက် မောက်တင်ရွာနေ ကြီး၊ မှူးတို့ ထွက်ချက်။

၈။ ။ ၎င်းလဆန်း ၄ ရက်နေ့ ဗိုလ်ရွှေတုတ်၊ အမှုထမ်း ရွှေရည်၊ အေစ်တို့ ဓားလှံများနှင့် မောက်တင်ရွာ ရွှေလှအိမ်သို့ လာရောက် စကားပြောဆိုနေသည်ကို သိမြင်။ ၎င်းအိမ်တွင် ချင်းကွေက်လည်းရှိ၊ ၅ ရက်နေ့ ရွှေလှ အိမ်တွင်မရှိ၍ကြည့်ရာ အိမ်ပေါ်အိမ်အောက်များတွင် သွေးကွက်သွေးစက် အများ တွေ့မြင်၍ မောက်တင်တပ်စာရေး မြေတ်ဖြူ၊ အမှုထမ်း ကြွက်၊ မိုးတို့ကို ပြသကြည့်ရှု မှတ်သား ကြောင်း။

၁၂၃၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၁]။

ထိုက်၊ စံဝင်းတို့ ထွက်ချက်။

၉။ ။ ၎င်းလဆန်း ၅ ရက်နေ့ ရွှေလှ အိမ်တွင်မရှိ၍ ကြည့်ရာ ၎င်းအိမ်ပေါ် အိမ်အောက်များတွင် သွေးစက် အများ တွေ့ရှိ၊ သွေးစက်ကို ၎င်းမောက်တင်တပ်စာရေး မြေတ်ဖြူတို့ ကြည့်ရှုမှတ်သားသည်ကို သိမြင်၊ သွေးစက်ကျရာ လိုက်ပြန်ရာ မောက်တင်ရွာအနီး မြင်းသေလယ်ကျင်းတောတွင် သွေးစက်အများ၊ သူကောင် ထမ်း ထမ်းပိုး၊ ဆို့ပိတ်သည့် ပဝါများကို တွေ့ရှိ၊ ၎င်းသူကောင် ချရာ တောအရပ်ကလည်း မိုးမလင်းမီ သေနတ်သံ ကြားပါကြောင်း။

နယ်စွန်းဝန်ထောက် မောင်ရွှေပေါ်က မြေထဲမြို့ ဝန်ထောက်ရုံးမှာ လျှောက်ချက်။

၁၀။ ။ တရားလို ဒေါက္ကူးပိုင် နွားကို ခိုးသူကို ဟိကွဲစဘက် မောင်ရွှေတုတ် သေနတ်နှင့်ပစ်သတ်၊ နွားကို ပြန်ရ၍ ၎င်းနွားနှင့်တကွ သက်သေတို့ကို ပို့ဆက်ပါကြောင်း။

မောင်ရွှေတုတ် လျှောက်ချက်။

၁၁။ ။ ကျွန်တော်တို့ ဌာနကို လူဆိုးတို့ တိုက်ခိုက်မည် သတင်းအရ မှန်မည်ထင်ကြောင်း၊ ကွေက် နွားခိုးမှုကို အစစ်အမေး ခံပါရမည့် အကြောင်း။

နွားရှင် ဒေါက္ကူး လျှောက်ချက်။

၁၂။ ။ ရုံးတော်က ပြန်ပေးသည့် ခိုးရာပါ နွားကို ရရှိပါကြောင်း။

အောက်မြစ်စဉ် စစ်ကဲက သရက်မြို့ အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကွေက်ကိုသတ်သူ ရွှေလှနှင့် အပေါင်းပါလူတို့ကို လွှတ်တော်မှာ လျှောက်ထား တောင်းခေါ်မည် ဖြစ်၍ ဖမ်းဆီးချုပ်ထားပါမည့်အကြောင်း၊ မောင်ရွှေတုတ်လည်း မဟုတ်မလျား ပြုလုပ်သူဖြစ်၍ စီရင်မည့် အကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

မောင်ရွှေတုတ် လျှောက်ချက်။

၁၄။ ။ ဝရမ်းပြေး ကွေက်အပေါ်တွင် သိသူ သက်သေဦးရေ (၁၀) စာရင်းကို ပို့ဆက်ပါကြောင်း။

၎င်းနေ့။

မလွန်၊ မြေထဲ၊ သရက်မြို့ဝန် အောက်မြစ်စဉ် စစ်ကဲက

သရက်၊ မြေထဲ၊ မင်းတုန်းမြို့ အရေးပိုင်သို့ ပေးစာ။

၁၅။ ။ အရေးပိုင်မင်းက ပေးစာကို ရှေ့နောက်ဆင်ခြင်လျှင် ချင်းကွေက်သည် ရွှေလှ ပယောဂနှင့် သေဆုံး

၁။ ၁၀ ဇွန် ၁၈၇၅ ၂။ ၂၇ စက်တင်ဘာ ၁၈၇၅

ကြောင်း သိသာ၍ ငွေလုကို လွှတ်တော်မှာ လျှောက်ထားတောင်းဆိုမည် ဖြစ်သောကြောင့် ချုပ်ထားပါမည့် အကြောင်း။

မလွန်၊ မြေထဲ၊ သရက်မြို့ဝန် အောက်မြစ်စဉ် စစ်ကဲက လွှတ်တော် လျှောက်စာ။

၁၆။ ။ အထက်အဆိုပါ ငွေလုကို တောင်းခေါ်ရန် ကွေက်အစ်ကို မေး၊ ကင်းတပ်မှူးမင်းတိတ်တို့ ထွက်ဆိုချက် အရပ်ရပ်ကို တင်ပို့ပါကြောင်း။

သရက်မြို့ အရေးပိုင်က မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်
အောက်မြစ်စဉ် စစ်ကဲသို့ ပေးစာ။

၁၇။ ။ ချင်းကွေက်သည် ငွေလု ပယောဂနှင့် သေသည်မဟုတ်၊ ဟိက္ကဲ့စဘက် မောင်ရွှေတုတ်က သူခိုးဖြစ်၍ ပစ်သတ်သည် အမှန်ဖြစ်သောကြောင့် မောင်ရွှေတုတ်တွင် မှုပြစ်မရှိကြောင်း။

---

## ၁၂၃၇ ခုနှစ်၊ လက်ခံသန့် ပုရပိုက်ထွက် ကောက်နုတ်ပြီးစာကို ချန်၍ လက်ခံကြမ်း ပုရပိုက်များမှ ကောက်နုတ်ချက်။

### ၂၉၄ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရုတ်ပြည်သွား အင်္ဂလိပ်မင်း သံတော်အရာရှိ၊ ဆရာဝန် အခြွေအရံတို့ကို ၃ မြို့ဝန်က မသက်မသာ ပြုလုပ်သည့်အရာနှင့် ၂ ကြိမ် ပေးစာအရ ထိုက်သက်ရာ စီရင်မည့်အကြောင်းနှင့် စာပြန်သည့်နောက် ထပ်မံ မကြားမသိရ၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့[၁]။

မိုးညှင်း၊ ရွှေကူ၊ ကောင်းတုံ ၃ မြို့ဝန် ထွက်ချက်။

၂။ ။ တရုတ်ပြည်သွား အင်္ဂလိပ် သံအရာရှိတို့ကို ကောင်းမွန်စွာဆီးကြို ပွဲလမ်းသဘင် ပြသ၍ မဟာမိတ်လက္ခဏာနှင့် အညီ ပြုလုပ်ကြောင်း၊ စိတ်နှလုံးညစ်ညူးအောင် တစ်စုံတစ်ရာ မပြုမလုပ်ကြောင်း။

၁၂၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့[၂]။

ကောင်းတုံမြို့မ ဂိုဏ်းအုပ်ဆရာ ဦးသီလာစာရ မိန့်ဆိုချက်။

၃။ ။ အင်္ဂလိပ်သံတို့ အကြောင်းအရာနှင့် အမိန့်တော်၊ လွှတ်တော်စာ၊ ၃ မြို့ဝန်က လျှောက်စာ တစ်စုံတစ်ရာ မရမရှိ။ ၎င်းသံတို့နှင့် ကချင်တောင်စားတို့ သဘောဝင်ဆံ့၍ တက်သွားရှိလျှင် အပြစ်တင်မကင်း ရှိမည် ဖြစ်၍ ယခုဖတ်ပြ မြင်ရသည့် အမိန့်တော်စာကို ဆရာ ရေးသားပြီးလျှင် မံစေရွာ ရဟန်းတော် ဦးလော်ကို ပေးအပ်၊ ကချင်တောင်စားတို့ထံ သွားရောက်ဆင့်ဆိုစေကြောင်း။

၁၂၃၆ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ၃ မြို့ဝန်က အင်္ဂလိပ်သံတော်တို့ကို စိတ်ညစ်ညူးအောင် မပြုမလုပ်၊ ကောင်းမွန်စွာ လက်ခံပြုစုကြောင်း ထွက်ဆိုရှိသော်လည်း ပေးစာအရ အရာကနုတ်၍ အကျဉ်းချုပ်ထားကြောင်း၊ ၎င်းထွက်ချက်များကို ပို့လိုက်ကြောင်း၊ ကောင်းတုံမြို့ ဂိုဏ်းအုပ်ဆရာတော်ကိုလည်း သုဓမ္မာတော်သို့ ပို့အပ်မေးမြန်းဆဲရှိကြောင်း။

---

[၁]။ ၁၁ ဧပြီ ၁၈၇၅ [၂]။ ၈ ဧပြီ ၁၈၇၅ [၃]။ ၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက် (၂၃ ဧပြီ ၁၈၇၅) ဖြစ်မည်။

## ၂၉၅ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကွိုင်လပ်က မြန်မာ ကျွန်တော်မျိုး ဂေါ်ရင်တော် အပေါ်တွင် ငွေရရန်ရှိ၍ တရားစွဲဆိုဆဲတွင် ဂေါ်ရင်တော်သည် ကျွန်တော်မျိုးနေအိမ်ကို ဖျက်ဆီးကြောင်း ကွိုင်လပ်က လျှောက်ထားရှိ၍ မဖျက်မဆီးရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့။

ဂေါ်ရင်တော် ထွက်ဆိုချက်။

၂။ ။ ကျွန်တော်ထံ ကွိုင်လပ်က ငွေရရန် မရှိပါ၊ ကျွန်တော်ထံ ၎င်းနေအိမ်ကို အပေါင်ပြု၍ ငွေ ၉၀ိ ချေးငှား၊ အပေါင်ပါအိမ် ဖြစ်သည်နှင့် ပြင်ဆင်နေထိုင်ကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကျွန်တော်က ကွိုင်လပ်ကို ပေးရန်ငွေမရှိကြောင်း၊ ကွိုင်လပ်ကသာ ကျွန်တော်ထံ အိမ်ကို ၉၀ိ နှင့် ပေါင်နှံ ချေးငှား၊ ၎င်းအပေါင်ပါအိမ် ဖြစ်သည်နှင့် ပြင်ဆင်နေထိုင်ပါသည် ဂေါ်ရင်တော်က ထွက်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အိန္ဒိယ ဘုရင်ခံမင်းက ကရင်နီ နယ်မှုပြောရန် စေလွှတ်သည့် သံတော်ကြီး (ဟော်နာရီဘီဆယ်တော် မတ်ဒူလကတ် ဘော်ရဆိုက်) လာရောက်လျှင် မလွန် မင်းလှ ကင်းတော်ရောက် ကြိုယူမည်ဖြစ်၍ မည်သည့်နေ့ရက် ရန်ကုန်သို့ ဆိုက်ရောက်၊ မည်သည့်နေ့ ရွှေမြို့တော်သို့ ဆန်တက်လိမ့်မည်ကို တင်ရင်၍ စာ ပေးပို့မည့်အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ စကားခွန်းရေ ၂၀ လျှင် ၆ိ နှုန်းအကျ ယခုရိုက်ကြားသည့် စကားခွန်းရေ ၂၉ သင့်အခကို ထပိုးဖြစ်လျှင် အများဆုံး ၁၅ိ သာ သင့်လျက် ကြေးနန်းဆရာက ၂၄ိ တောင်းခံရှိ၍ မေးမြန်းစာပြန်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့။

ကြေးနန်းဆရာ အဒုံး မေးချက်။

၆။ ။ ညဥ့် ၄ ချက်တီးက နံနက် ၄ ချက်တီးအတွင်းအခါ၊ တစ်လ ၄ သီတင်းရက်၊ သင်္ကြန်နေ့ရက်၊ ၁၂ ရာသီ မင်္ဂလာအခါ နေ့ရက်များနှင့် ကြုံကြိုက်လျှင် ဥပဒေနှင့်အညီ ကြေးနန်းခကို ထပိုးတောင်းခံမြဲအတိုင်း စကားခွန်းရေ ၂၀ ကို ၁၅ိ ကျ တောင်းခံပါသည်။ စကားခွန်းရေ ၂၉ ကို ငွေ ၂၄ိ မတောင်းမခံပါကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကြေးနန်းဆရာက အခါမင်္ဂလာနေ့ရက်နှင့် ကြုံကြိုက်လျှင် ကြေးနန်းခကို ထပိုးတောင်းခံမြဲ ဥပဒေအရ တောင်းကြောင်း၊ စကားခွန်းရေ ၂၉ ကို ငွေ ၂၄ိ မတောင်းကြောင်း ထွက်ဆိုရှိ၍ မည်သည့်နေ့ရက်၊ မည်သူ့ကို စေလွှတ် ရိုက်ကြားသည်ကို အသေအချာ စာပြန်ကြားမည့် အကြောင်း။

---

၁။ ၂၂ ဧပြီ ၁၈၇၅ ၂။ ၂၅ ဧပြီ ၁၈၇၅

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၂ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ အလီပိုင်နူမာမတ်နှင့် အမှုဖြစ်ပွားသူ မြင်းခြံနေ တီဒါဝတ် ရောက်လာ၍ ၎င်းတို့အမှု အကြောင်းအရာကို ဝန်ရှင်တော်မင်းကြီး ကိုယ်တိုင် မေးစေလိုလျှင် မေးနိုင်ကြောင်း၊ ၎င်းတို့အမှုကို တွဲဖက်ရုံးမှာသာ စစ်ဆေးသင့်သည် ထင်ကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ တီဒါဝတ်၊ အလီပိုင်နူမာမတ်တို့ကို စုံညီစစ်ဆေးရန် လွှတ်တော်သို့ လာရောက်စေမည့်အကြောင်း။

---

## ၂၉၆ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မြိမာမတ်တာကီက မြန်မာ ကျွန်တော်မျိုး အာကာမန္တလီအပေါ်တွင် ရရန် စီရင်ချက်ကျငွေကို တောင်းခံပေးရန် မြို့သာဝန်ထံ အကြိမ်ကြိမ် စာပေးလျက်၊ တောင်းခံ မပေးမရရှိပါ၍ တောင်းခံပေးပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မြိမာမတ်တာကီတို့ ငွေမှုနှင့် ပေးစာအရ မြို့သာဝန်ကို မေးရာ၊ အင်္ဂလိပ် ကျွန်တော်မျိုးတို့အပေါ်တွင် ရရန်ငွေကို နှစ်ဦးနှစ်ဖက်ကပင် ချုပ်နှောင်မရှိ၊ ဆင့်ဆိုတောင်းခံမြဲသာ ဆင့်ဆိုတောင်းခံရကြောင်း ထွက်ဆိုရှိ၍ နှစ်ဦးနှစ်ဖက် မနာကြည်းရအောင် နေရာကျ ပြောဆို တောင်းခံပေးရမည် မြို့သာဝန်ကို ဆင့်ဆိုရှိကြောင်း။

---

## ၂၉၇ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဆတ်သားခြောက်၊ ငါးရံ့ခြောက် ကုန်အကောက်တော်သင့် အကျ ရွှေမတ်စေ့ကို ဆောင်ရာ ငွေကိုသာ ပေးရမည် အခွန်ဝန်က အပူအပြင်း တောင်းခံကြောင်း။ တာလီဘု သင်္ဘောတွင်ပါ ဆတ်သားခြောက်၊ ငါးခြောက်၊ ပုစွန်ခြောက် ကုန်များကိုလည်း ကုန်းသို့မတင်ရ တားဆီးကြောင်းနှင့် တရုတ်ကုန်သည် တံအစ်က လျှောက်ထားရှိ၍ အကောက်ကိုလည်း အများနည်း ပေးဆောင်နိုင်အောင်၊ ကုန်းသို့တင်ရန် ကုန်များကိုလည်း တင်နိုင်အောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရုတ်ကုန်သည် တံအစ်က အခွန်တွက် ဆောင်သည့် မတ်သုံးရွှေဒင်္ဂါး ၁ ကို ရွှေဒင်္ဂါး ၅ နှုန်းနှင့် ခံယူရမည် အခွန်ဝန်သို့ ဆင့်ဆိုရှိကြောင်း။ ကုန်မတင်ရန် တားဆီးသည်ကို မေးရာ လူငယ်တို့ တားဆီး

၁။ ၃ မေ ၁၈၇၅ ၂။ ၇ မေ ၁၈၇၅

ကြောင်း ကြားသိ၍ မတားမဆီးရန် ဆင့်ဆိုပြီးကြောင်းနှင့် အခွန်ဝန် ထွက်ဆိုရှိသောကြောင့် တားဆီးမရှိ တင်စေရန် ထပ်မံဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၈ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တောင်ငူမြို့ ဝါးရုံလဲရွာနေ ငကောင်းကို မြန်မာနယ် မဲဟော် ကင်းတပ်မှူးက အကျဉ်းထားသည်ကို ၂ ကြိမ် စာပေးရာ သိသာကွဲပြား ပြန်စာမရရှိ၍ မြန်မာအစိုးရတို့ထံ မေးမြန်း စာပြန်ရမည်၊ အရေးပိုင်ကြီးက စာရောက်ပါ၍ စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မဲဟော် ကင်းတပ်မှူးက ငကောင်းကို ထိပ်အကျဉ်း ခတ် မခတ်ကို မေးမြန်းလျှောက်ရမည်၊ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ ဆင့်ဆိုရာ ပြန်စာ လျှောက်စာ မရမရှိသေး၍ လူထပ်မံစေလွှတ် မေးမြန်းဆဲ ရှိကြောင်း၊ လာရောက်လျှောက်ထား သိရလျှင် စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့။

တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးစာ။

(က) မဲဟော် ကင်းတပ်မှူးက အင်္ဂလိပ်ပိုင် တောင်ငူမြို့ ဝါးရုံလဲရွာနေ ငကောင်းကို ထိတ်အကျဉ်း ခတ်သည် မခတ်သည်၊ ခတ်လျှင် ခတ်သည့်အကြောင်းအရာကို စေလွှတ်သူတွင် အမြန်တင်ပေး လျှောက်ထားလိုက်ရမည့် အကြောင်း။

---

၂၉၈ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ပွဲစား မောင်အောင်ဘထံ ကွမ်းသီးဖိုးငွေကျန်၊ ပတ္တမြားကျောက်ဖိုးငွေကျန် ရရန်ရှိ၍ မြို့သာဝန်ထံ လျှောက်ရာ အကျဉ်းအချုပ် ၂ ကြိမ် ချထားကြောင်း၊ နင်အသေခံရလိမ့်မည် ကြိမ်းမောင်းခြိမ်းခြောက် ပြုလုပ်၍ ရွံ့ကြောက် ထွက်ပြေးခဲ့ရကြောင်းနှင့် ကုန်သည် ငစံထွန်းက လျှောက်ထားရှိသည် ရန်ကုန် အရေးပိုင်ကြီးထံက စာရောက်ပါ၍ ၎င်းအမှု အကြောင်းအရာကို စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

ပွဲစားတော် မောင်အောင်ဘ မေးချက်။

(က) ကျွန်တော်ထံ စာချုပ်လက်မှတ်နှင့် ငစံထွန်း ချေးယူငွေကို နေ့ရက်အလွန် မပေးနိုင်ရှိ၍ တောင်းရာ ငစံထွန်းက ကျွန်တော်အပေါ်တွင် ငွေရှိကြောင်း မဟုတ်မလျားကာကြို၊ တရားရုံးတော်တွင် လျှောက်ထား။ အကောက်အယူခံကြရာ ကျွန်တော် တရားအနိုင်ရ၍ တရားရုံးတော်က ချုပ်နှောင် တောင်းခံရာ ရခိုင်ကုန်သည် ငချေးရည်တို့ ခံဝန်သည်နှင့် အချုပ်မှလွှတ်ထား၊ တိမ်းရှောင်၊ ထောက် လှမ်းဆဲအတွင်း ငစံထွန်းက ရန်ကုန် အရေးပိုင်မင်းကြီးထံ လျှောက်ထားရှိသည် ကြားသိရကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[၁]။

တရားနာခံတော် နေမျိုးမင်းထင်ကျော်သူကို မေးချက်။

(ခ) ငစံထွန်းက ငအောင်ဘထံ ငွေရရန်ရှိကြောင်း လျှောက်ချက်ရှိ၍ စစ်မေးရာ ငစံထွန်း အဆိုအတိုင်း

---

၁။ ၂၂ မေ ၁၈၇၅

ကျမ်းမကျိန် မဆိုဝံ့၊ တရားရှုံးနိမ့် ပြီးပြတ်သည့်အရ ငအောင်ဘက ငစံထွန်းသို့ ချေးငွေကို ချုပ်တောင်းရာ ရခိုင်ကုန်သည်တို့ ခံဝန်ပြောဆိုရှိ၍ အချုပ်မှ လွတ်ထားသည့်အတွင်း ထွက်ပြေးသည် ကြားသိရကြောင်း။ သဘောတူ စာချုပ်ဖြတ်စာနှင့် လက်ဖက်လှမ်းစား ပြီးပြတ်ပြီး အမှုမှန်သည့်အတိုင်း တရားသစ်လင်း မပြောဆိုထိုက်ကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ရခိုင်ကုန်သည် ငစံထွန်းနှင့် ပွဲစားတော် ငအောင်ဘတို့ ငွေယူက်တင်မှုတွင် ငအောင်ဘ ထွက်ချက်၊ တရားနားခံတော် ထွက်ချက်များကို ပေးပို့လာစေကြောင်း။

---

## ၂၉၉ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ကဆုန်လဆန်း၊ ၁၁ ရက်နေ့။

၁၈၇၅ ခု၊ မေလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မြိမာမတ်တကီက အကာမန္တလီအပေါ်တွင် စီရင်ချက်ကျငွေကို မြို့သာဝန် တရားသူကြီးက တောင်းခံမပေးမရ လရက်အရှည်ရှိကြောင်း လျှောက်ထားရှိ၍ ရအောင် ဆင့်ဆို တောင်းခံပေးပါမည့်အကြောင်း။

၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မြိမာမတ်တကီတို့ ငွေမှုနှင့် ထပ်မံပေးစာအရ မြို့သာဝန်ကိုမေးရာ၊ မာမတ်တကီက အကာမန္တလီအပေါ်တွင် ငွေရရန်ရှိကြောင်း တွဲဖက်ရုံး ထုံးစံနှင့်အညီ အရေးပိုင်မင်းက စာမပို့မရောက်သောကြောင့် မတောင်းခံရရှိကြောင်း ထွက်ဆိုရှိ၍ တွဲဖက်ရုံးထုံးစံ ညှိနှိုင်းချက်အရ စာပေးပို့ တောင်းခံမည့်အကြောင်း။

---

## ၃၀၀ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ နယုန်လဆန်း၊ ၄ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အာကာမန္တလီထံ စီရင်ချက်ကျငွေကို မြို့သာဝန်ထံ စာပေးရာ တောင်းခံ မပေးမရ၍ ဝန်ရှင်တော်မင်းကြီးထံ အတန်တန် စာပေးပြန်ရာလည်း တောင်းခံမပေးမရ၊ ၎င်းငွေလည်း တရားခံက ဝန်ရှင်တော်မင်းကြီးထံ အပ်ထားရှိကြောင်းနှင့် မြိမာမတ်တကီက လျှောက်ထားရှိ၍ ၎င်းငွေကိုရအောင် တောင်းခံပေးပါမည့်အကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရားနိုင်သို့ ပေးရန်ငွေကို မအပ်မထားကြောင်း၊ မြို့သာဝန်ကို မေးရာလည်း တွဲဖက်ရုံးထုံးစံ ဥပဒေအတိုင်း စာပေး တောင်းခံလျှင် တရားခံမှာ ဆင့်ဆိုတောင်းခံပေးမည့်အကြောင်းနှင့် ထွက်ဆိုရှိ၍ တွဲဖက်ရုံးထုံးစံ ဥပဒေအတိုင်း စာပေးတောင်းခံမည့် အကြောင်း။

---

၁။ ၂၀ မေ ၁၈၇၅ ၂။ ၂၀ ဇွန် ၁၈၇၅

### ၃၀၁ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့[၁]။**

မဲဟော် ကင်းတပ်မှူး ငမှတ် ထွက်ချက်။

၁။ ။ မယားမိနန်းတွန်က လင်ငခေါင် ညှဉ်းပန်းနှိပ်စက်၍ ကွာရှင်းလိုကြောင်း ပြောဆိုသည့်အရ ငခေါင်ကို မေးမြန်းရာ မကွယ်မဆို၊ လင်မယား မသင့်တင့်မှု အနည်းငယ်ဖြစ်၍ သင့်တင့်အောင် ပြောဆိုစီရင်သည်ကို ၂ ဦး မကြိုက်မညီ၊ တရားကျစီရင်ပါ ပြောဆိုသည်နှင့် ပြန်၍စီရင်ရာ၊ ငခေါင်က မကြိုက်မညီ၊ တခုံတပညာ ညီရန် ထွက်သွားလိုကြောင်း ပြောဆို။ ခံဝန်သူ တောင်းရာ မပေးနိုင်၍ ချုပ်ထား၊ မဲဟော်ရွာနေ ငအောင်ကြီး ခံဝန်သည်နှင့် အချုပ်မှ လွှတ်ထားသည့်အတွင်း သစ်ခေါင်းငကွဲ ဆုံးမဖျန်ဖြေချက်အရ လင်မယား ကွာခြား တရားထုံးစံရှိရာ ကြေးငွေကိုသာ ပေးဆောင် ပြန်သွားကြောင်း၊ ကြေးငွေအပို မတောင်းမယူ ကြောင်း၊ ထိတ်ခတ်အချုပ် မပြုမလုပ်ကြောင်း။

**၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မဲဟော် ကင်းတပ်မှူးက ငခေါင်ကို ချုပ်ထားမှုကို မေးမြန်းရန် စေလွှတ်သူတို့ ပြန်ရောက်၊ ပါရှိသည့် တောင်ငူ ရမည်းသင်း ၂ မြို့ဝန် လျှောက်ချက်၊ ကင်းတပ်မှူး ငမှတ် ထွက်ချက်တွင် ငခေါင်တို့ လင်မယား ကွာရှင်းလိုသည့်အတိုင်း တရားရှိရာ စီရင်သည်ကို ငခေါင်က မကြိုက်မညီ၊ တခုံပညာ ညီရန် ထွက်သွား လိုကြောင်း ပြောဆိုရှိ၍ ခံဝန်သူတောင်းရာ မပေးနိုင်သည်နှင့် ချုပ်ထားကြောင်း။ နောက် ခံဝန်သူနှင့် လွှတ်ထားသည့်အတွင်း သစ်ခေါင်းငကွဲ ဖျန်ဖြေချက်နှင့် လင်မယား ကွာခြားရာ တရားထုံးစံရှိရာ ကြေးငွေ ပြင် ပိုမို မတောင်းမယူကြောင်း၊ ထိတ်ခတ်အချုပ် မပြုမလုပ်ကြောင်းများနှင့် ပါရှိကြောင်း။

---

### ၃၀၂ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။**

**၁၈၇၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ညောင်ဦးမြို့နေ မောင်ခြင်းတွင် ပြည်မြို့နေ မောင်ဘော့က ကုန်ဖိုးငွေကျန်ရှိ၍ ပုဂံမြို့ရုံးတွင် စွဲတောင်းရာ ကြပ်ကြပ်တည်းတည်း မဆင့်ဆို မတောင်းခံ၊ တရားခံနှင့် အလိုတူပြုလုပ် လွှတ်ထားကြောင်း လျှောက် ထားရှိ၍၊ တောင်းခံပေးအောင် ပုဂံမြို့ အစိုးရတို့ကို ဆင့်ဆိုပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[၃]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ညောင်ဦးမြို့နေ မောင်ခြင်းတွင် ပြည်မြို့နေ မောင်ဘော့က ကုန်ဖိုးငွေကျန်ရှိ၍ စွဲလျှောက်သည်မှန်လျှင် ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုတောင်းခံ ပေးဆပ်စေရမည် ပုဂံမြို့ဝန် မဟာမင်းကျော်မင်းထင် သို့ ဆင့်ဆိုရှိကြောင်း။

ပုဂံမြို့ဝန် မဟာမင်းကျော်မင်းထင်သို့ ပေးမှာစာ။

၃။ ။ ညောင်ဦးမြို့နေ မောင်ခြင်းတွင် ပြည်မြို့နေ မောင်ဘော့က ကုန်ဖိုးငွေကျန်ရှိ၍ လျှောက်တောင်းသည် မှန်လျှင် ရအောင် ဆင့်ဆိုတောင်းခံ ပေးဆပ်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

**၁၂၃၇ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။**

**၁၈၇၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့။**

အရေးပိုင်က ပေးစာ။

၄။ ။ မော်လမြိုင်မြို့နေ သစ်ခေါင်း မောင်သာတုတ်က ဟဲလုံမြို့စားနှင့် သစ်ရောင်းမှုစကားကို ရန်ကုန်မြို့တွင် လျှောက်ထားရှိသည် ရန်ကုန် အရေးပိုင်မင်းကြီးက စာရောက်ပါ၍ မေးစစ်စာပြန်ပါမည့်အကြောင်း။

---

၁။ ၃ ဇွန် ၁၈၇၅ ၂။ ၂၇ ဇွန် ၁၈၇၅ ၃။ ၁၁ ဇူလိုင် ၁၈၇၅

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဟဲလုံမြို့စား သိစံဘွားလည်း ဗန်းမော်မြို့သို့ တက်သွား၊ သား မောင်ခန်းလည်း ဟဲလုံမြို့သို့ တက်သွားခိုက်ဖြစ်၍ မမေးမမြန်းရ ရှိကြောင်း၊ ရောက်ကာလ မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ အီဗျံဟင်က အင်္ဂလိပ် ကျွန်တော်မျိုး တိုရတ်တွင် ငွေရရန်အမှုနှင့် မြန်မာရုံးတော်တွင် စွဲလျှောက်ရာ၊ အင်္ဂလိပ် ကျွန်တော်မျိုးဖြစ်သည် ပြောဆိုလျက် မလွတ်မငြိမ်းရ ချုပ်ထားမည်ပြုကြောင်း လျှောက်ထားရှိ၍ အချုပ်အကိုင် မရှိ၊ တွဲဖက်ရုံးတွင်သာ ပြောဆိုစေရန် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အီဗျံဟင်နှင့် တိုရတ်တို့ ငွေမှုနှင့် ပေးစာအရ တရားရုံးတော်သို့ ဆင့်ဆိုမေးမြန်းရာ၊ အီဗျံဟင်က တိုရတ်တွင် ငွေရရန် ရှိသည်ဆို၍ တရားရုံးတော်တွင် အစွဲအလျှောက် မရှိကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

---

## ၃၀၃ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဒေဝါနာလီက အင်္ဂလိပ် ကျွန်တော်မျိုး အာစကာအလီတွင် ငွေရရန်ရှိကြောင်း တွဲဖက်ရုံးတွင် လျှောက်ထား၊ စီရင်ချက်ကျပြီးငွေ ၃၀ိ မှုကို ဒေဝါနာလီက တရားရုံးတော်တွင် ထပ်မံလျှောက်ထား၊ ချေဆိုရမည် အတင်းအဓမ္မ ရိုက်နှက်ပြုလုပ်ကြောင်း လျှောက်ထားရှိ၍ မည်သည့်အတွက် ပြုလုပ်သည်ကို မေးစစ်စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒေဝါနာလီတို့ ငွေမှုနှင့် ပေးစာအရ တရားရုံးတော်သို့ ဆင့်ဆိုမေးမြန်းရာ၊ ဒေဝါနာလီက အာစကာအလီတွင် လက်ရောက်မှုတစ်ရပ်၊ ငွေမှုတစ်ရပ် လျှောက်ချက် ၂ အနက် လက်ရောက်မှုကိုသာ ချေဆို၊ ငွေမှုကို မချေမဆို ကပ်ခိုပြုလုပ်ရှိ၍ ခံဝန်သူ စကားပြန် သောကြွယ်က ဆွဲငင်ခေါ်သည် ကြားသိကြောင်း။ တရားရုံးတော်တွင် ဖြတ်စာထွက်ငွေဆို၍ လျှောက်ထားလျှင်သာ လက်ခံစစ်မေးကြောင်း။ ယခု လွှတ်တော်က ဆင့်ဆိုသည့်အရ ဒေဝါနာလီကို ထပ်မံစစ်ဆေးမှ တွဲဖက်ရုံး စီရင်ချက်ကျငွေဖြစ်ကြောင်း သိရသည် ထွက်ဆိုရှိ၍ တွဲဖက်ရုံး စီရင်ချက်ကျငွေကို ဒေဝါနာလီက တောင်းခံလိုလျှင် တွဲဖက်ရုံးတွင် လျှောက်ထားစေရမည် ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

တရားနားခံတော် နေမျိုးမင်းထင်ကျော်သူ မေးချက်။

၃။ ။ ဒေဝါနာလီက အာစကာအလီတွင် လက်ရောက်မှု တစ်ရပ်၊ ဖြတ်စာထွက်ငွေမှု တစ်ရပ် လျှောက်ချက် ၂ အနက် လက်ရောက်မှုကိုသာ ချေဆို၊ ငွေမှုကို မချေမဆို ကပ်ခိုပြုလုပ်ရှိ၍ ငွေမှုချေဆိုရန် ခံဝန်သူ သောကြွယ်ကသာ ဆွဲငင်ခေါ်သည် ကြားသိကြောင်း။ တရားရုံးတော်တွင် ဖြတ်စာထွက်ဆို၍ လျှောက်

---

[၁]။ ၁၂ ဇူလိုင် ၁၈၇၅

ထားလျှင်သာ လက်ခံစစ်မေးမြဲ စစ်မေးကြောင်း။ တွဲဖက်ရုံး စီရင်ချက်ကျငွေဆို၍ ယခု လွှတ်တော်က ဆင့်ဆိုမှ သိရကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ညောင်ဦးမြို့နေ မောင်ခြင်းတွင် ရရန်ငွေမှုကို ပြည်မြို့နေ မောင်ဘော့က ထပ်မံလျှောက်ထားရှိပါ၍ ပုဂံမြို့ အစိုးရများထံ ၎င်းအမှုအကြောင်းနှင့် ဆင့်ဆိုရန်စာကို အရေးပိုင်မင်းထံ ပေးပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ပြည်မြို့နေ မောင်ဘော့က ညောင်ဦးမြို့နေ မောင်ခြင်းတွင် ငွေရရန် အမှုအကြောင်းနှင့် ပုဂံမြို့ အစိုးရများသို့ ဆင့်ဆိုသည့် အမိန့်ဆင့်စာကို ရေးသားပေးပို့လာစေကြောင်း။

---

## ၃၀၄ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဘလုပ်ဘရာသာ ကုမ္ပဏီ ကိုယ်စားလှယ်က စေလွှတ်သူ မောင်အောင်ပန်းက ပခန်းကြီးမြို့ လေ့ခုတ်ရွာနေ မောင်မြတ်သာ၊ မောင်သာစံ၊ မောင်လန်းတို့တွင် ငွေရရန်ရှိကြောင်း လျှောက်ထားရှိပါ၍ ဆင့်ခေါ်စေလွှတ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ လေ့ခုတ်ရွာနေ မောင်သာစံ၊ မောင်လန်းတို့ကို ကြေးနန်းနှင့် ဆင့်ခေါ်ရှိကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

ပခန်းကြီးမြို့ အရာရှိတို့သို့ ပေးမှာစာ (ကြေးနန်း)။

၃။ ။ ပခန်းကြီးမြို့ လေ့ခုတ်ရွာနေ မောင်သာစံ၊ မောင်လန်းတို့ကို ငအောင်ပန်းနှင့် ငွေမှုရှင်းလင်းရန် အမြန် လွှတ်တော်သို့ ပို့အပ်ရမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မြန်မာ ကျွန်တော်မျိုး အာကာမန္ဒလီက စီရင်ချက်ကျငွေကို ပေးဆပ်ရာ ရွှေမတ်စေ့ကိုသာ ကပ်ခိုပေးသွင်း၊ သို့ပေးချေလျှင်လည်း ရောင်းဝယ်ကြသည့် နှုန်းအတိုင်း ပေးသွင်းမှ ယူနိုင်မည့်အကြောင်းနှင့် မြို့မာမတ် တကီက လျှောက်ထားရှိသောကြောင့် ငွေကိုရအောင် ဆင့်ဆိုတောင်းခံပေးပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ မြို့မာမတ်တကီနှင့် အာကာမန္ဒလီတို့ ငွေအပေးအဆပ်မှုကို မြို့သာဝန်ကို မေးရာ စီရင်ချက်တွင် ရွှေ မတ်စေ့ကို ပေးစေပါသည့်အရ တောင်းခံပေးဆပ်စေကြောင်း ထွက်ဆို၊ အာကာမန္ဒလီကို မေးရာလည်း စီရင်ချက်တွင် ရွှေမတ်စေ့ တစ်စေ့လျှင် ငွေဒင်္ဂါး ၅ ပြားကျနှင့် ပေးစေပါသည့်အရ ပေးဆပ်ကြောင်းနှင့် ထွက်ဆိုရှိကြကြောင်း။

---

၁။ ၂၁ ဇူလိုင် ၁၈၇၅

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အာကာမန္တလီ မေးချက်။

၆။ ။ မြို့မာမတ်တကီသို့ ပေးဆပ်ရန် ငွေမှုစုံရာ စီရင်ချက်တွင် ရွှေမတ်စေ့ တစ်စေ့လျှင် ငွေဒင်္ဂါး ၅ ပြားကျနှင့် ပေးဆပ်စေပါသည့်အရ ပေးဆပ်ပါကြောင်း၊ စီရင်ချက်လည်း တွဲဖက်ရုံးတွင် တင်ပေးထင်ရှားနှင့် ဖြစ်ပါကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ မောင်အောင်ပန်း၊ မောင်လန်းတို့ ငွေမှုနှင့် ဝန်ရှင်တော်မင်းကြီး ပြန်စာတွင် မောင်လန်း၊ မောင်သာစံ တို့ကိုသာ ဆင့်ခေါ်မည်ပါရှိ၊ မောင်မြတ်သာကို ဆင့်ခေါ်မည် မပါမရှိ၍ မောင်မြတ်သာလည်း တရားခံ ဖြစ်သည့်အတိုင်း ဆင့်ခေါ် စေလွှတ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ပခန်းကြီးမြို့ လေ့ခုတ်ရွာနေ မောင်မြတ်သာ၊ မောင်သာစံ၊ ပေါင်းလောင်းရွာနေ မောင်လန်းတို့ကို ဆင့်ခေါ်ရှိ၍ ရောက်ကာလ စေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

---

## ၃၀၅ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အာကာမဟာမတ် ဇဘွယ်အင်ဒါနီနှင့် အာကာသရက်ဂျာဝပ်တို့ ငွေမှုတွင် တည်ပြသက်သေ မန္တလေး မြို့နေ၊ ယခု မကွေးမြို့နေ အပ္ပဒူဝဟတ်အစ္စပါနီကို မေးမြန်းရန်ရှိပါ၍ ဆင့်ဆို စေလွှတ်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အပ္ပဒူဝဟတ်အစ္စပါနီမှာ တရားခံမဟုတ်၊ သက်သေဖြစ်၍ သက်သေစရိတ်နှင့်တကွ မေးရန် မေးခွန်းများကို ပေးပို့၊ ရောက်ကာလ မေးမြန်းစာပြန်မည့် အကြောင်း။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

ပခန်းကြီးမြို့အုပ်က လျှောက်စာ (ကြေးနန်း)။

၃။ ။ ငမြတ်သာ၊ ငသာစံ၊ ငလန်းတို့ကို လူအကြီးအကြပ်နှင့် ပို့ပါကြောင်း။

---

## ၃၀၆ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အပ္ပဒူဝဟတ်အစ္စပါနီကို ကျကုန်သမျှ စရိတ်ကို ပေးပါမည့်အကြောင်း၊ အစစ်အမေးခံအောင် ဆင့်ခေါ် ပါမည့် အကြောင်းနှင့် အမှုသည်တို့က ထပ်မံလျှောက်ထားရှိပါ၍ ၎င်းကို ဆင့်ခေါ်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အပ္ပဒူဝဟာတ်အစ္စပါနီကို ရွှေဘွားတော်အောက်သို့ လာရောက်ရန် ကြေးနန်းနှင့် ဆင့်ခေါ်ရှိကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

မကွေးမြို့ဝန်သို့ဆင့် (ကြေးနန်း)။

၃။ ။ အပ္ပဒူဝဟာတ်အစ္စပါနီကို သက်သေမှုနှင့် မေးမြန်းရန်ရှိ၍ အမြန်ပို့ရမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

မကွေးမြို့ဝန်ရုံး အရာရှိတို့သို့ ထပ်မံဆင့် (ကြေးနန်း)။

၃–က ။ မကွေးမြို့တွင် အပ္ပဒူဝဟာတ်အစ္စပါနီ ရှိနေလျှင် အလျင်အမြန် တင်ပို့ရမည့်အကြောင်း၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ထပ်မံပေးစာ။

၄။ ။ ငွေမှုရှင်းလင်းရန်ရှိသူ ပခန်းကြီးမြို့ မောင်မြတ်သာ၊ မောင်လန်း၊ မောင်သာစံတို့ကို ထပ်မံဆင့်ခေါ် စေလွှတ်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ပခန်းမြို့အုပ် အရာရှိမင်းတို့က မောင်မြတ်သာတို့ကို စေလွှတ်ပါမည့် အကြောင်းနှင့် လျှောက်ထားရှိ၍ ရောက်ကာလ စေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

---

### ၃၀၇ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားခံ ကာလီဘားတွင် စီရင်ချက်ကျ ငွေကျန်သေးကြောင်း၊ တရားခံမှာလည်း သားတော် ထီးလင်းမင်းသား စေခိုင်းသည့်အတွက် လခငွေတော် ရရန်ရှိကြောင်းနှင့် တရားလို အစီရဒင်ကာလီဘားက လျှောက်ထားရှိ၍ မှန်လျှင် ကာလီဘားသို့ ပေးရန်ရှိသည့် လခငွေတော်ကို မေးစစ်၍ အရေးပိုင်မင်းထံ ပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကာလီဘားကို အလုပ်လုပ်ကိုင်ရန် ကြီးကြပ်စေခိုင်းသူ သားတော် ထီးလင်းမင်းသား အကြီးတော် အကြီး စာရေးတို့ကို မေးရာ၊ လက်ငင်း ပေးကမ်းစေခိုင်းသည်ဖြစ်၍ ပေးရန် လခငွေတော် အကြွင်းအကျန် မရှိကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ငွေမှု တရားလို မောင်အောင်ပန်း၊ တရားခံ မောင်မြတ်သာတို့ အကြောင်းနှင့် ၂ ကြိမ် စာပေးရာ တရားခံ

တို့ ရောက် မရောက် မကြားမသိ၊ တရားခံတို့လည်း ၎င်းငွေအတွက် အချင်းဖြစ်ပွား၊ မြို့ရုံးတွင် ပြောဆိုကြရာ မြို့အုပ်က အချင်းဖြစ်ငွေ ၃၀ဝ ကို သိမ်းယူ၊ မြို့အုပ်လည်း ရွှေဘွားတော်အောက်သို့ တက်ရောက်၊ ငွေကို တွဲဖက်ရုံးတွင် တင်ထားမည် ပြောဆိုရှိကြောင်းနှင့် ထပ်မံလျှောက်ထားရှိပါ၍ တရားခံတို့ ရောက်လျှင် တရားလိုနှင့် တိုက်ဆိုင်ရှင်းလင်းစေရန် စေလွှတ်၊ မြို့အုပ်တွင်ရှိသည့် ငွေ ၃၀ဝ ကိုလည်း တွဲဖက်ရုံးတွင် တင်ထားရန် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ပခန်းကြီးမြို့နေ မောင်မြတ်သာ၊ မောင်သာစံ၊ မောင်လန်းတို့ကို မေးရာ ပခန်းကြီး မြို့အုပ်မင်းကို ငွေ ၃၀ဝ မပေးရကြောင်း၊ မြို့အုပ်ကို မေးရာလည်း ၎င်းတို့ထံက ငွေ ၃၀ဝ ကို သိမ်းယူမထားကြောင်းများနှင့် ထွက်ဆိုရှိကြကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့။

၁၈၇၅ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ အာကာမဟာမတ်ဇဘွယ်အင်ဒါနီတို့ ငွေမှုတွင် သက်သေ မကွေးမြို့နေ အပ္ပဒူဝဟာတ်အစ္စပါနီ ရောက် မရောက်ကို စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အပ္ပဒူဝဟာတ်အစ္စပါနီ မကွေးမြို့တွင် မည်သည့်ကာလကမှ မရှိမနေပါ၊ ရွှေသူဌေးညီ အပ္ပဒူအာဟွက် ဆိုသူသာ ရှိကြောင်းနှင့် မကွေးမြို့ဝန်က လျှောက်ထားရှိကြောင်း။

---

## ၃၀၈ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဟဲလုံမြို့စားနှင့် သောတုတ်တို့ သစ်မှု အကြောင်းအရာ ပေးစာအရ ဟဲလုံမြို့စားကို မေးရာ သောတုတ်ကလည်း ကွယ်ရာကွယ်၊ ဖြောင့်ရာဖြောင့် ထွက်ဆို။ သက်သေတို့ကလည်း ကျမ်းအစစ်အမေး မခံဝံ့ကြ၍ ကောက်ချက် လက်ဖက်စား ၂ ရပ်အရ သောတုတ် သစ်ဖိုးငွေမှုစကား ရှုံးနိမ့်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ လိမ်လည်သူ သောတုတ်နှင့် ရန်ကုန်မြို့တွင် သစ်ဖိုးငွေမှုစကား ရှင်းလင်းရန် ဟဲလုံမြို့စားက ခံဝန်သူ ပေးအပ် လျှောက်ထားချက်အရ ၂ ဖက်တင် သစ်မှုစကား အရပ်ရပ် အဆိုဆင်ခြေ ကောက်ချက်ရင်းများကို ပေးပို့လိုက်ကြောင်း။ ဟဲလုံမြို့စားက ရှင်းလင်းရန် စေလွှတ်သူ ၎င်းသား ၂ တို့ နေရာကျ ရှင်းလင်းနိုင်အောင် ပေးပို့လိုက်သည့် သစ်မှု ကောက်ချက်ရင်းများနှင့်တကွ အရေးပိုင်မင်းက ရန်ကုန် အရေးပိုင်ကြီးထံ အကြောင်းအရာ စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၂]။

မင်္ဂလာဈေးရပ်နေ ရွှေပြည်ရန်အောင် မြင်းအမှုထမ်း ငရွှေမင်း ခံဝန်ချက်။

၂။ ။ သောတုတ်နှင့် သစ်ဖိုးငွေမှုစကားကို ရန်ကုန်မြို့သို့ ဟဲလုံမြို့စားသား (၂) တို့ သွားရောက်ရှင်းလင်းစေပါမည့်အကြောင်း၊ မရှင်းမလင်း ရှိနေလျှင် ကျွန်တော်က ရှုံးရေးနိုင်ရေး ပေးသင့်ယူရန်နှင့်တကွ တရားဆုံးခန်းရောက် ရန်ကုန်မြို့သို့ စုန်ဆင်းပြောဆိုပါမည် ခံဝန်သည့်အရ ဟဲလုံမြို့စားသား မင်းလှခန်းမိုင်းရန်အောင်၊ ညီ မင်းလှခန်းမိုင်းရာဇာတို့ကို အချုပ်ကလွှတ်၍ ငရွှေမင်းသို့ ပေးအပ်သည့် အကြောင်းအရာ။

---

၁။ ၁၆ နိုဝင်ဘာ ၁၈၇၅ ၂။ ၁၉ နိုဝင်ဘာ ၁၈၇၅

## ၃၀၉ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၅ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အာကာမာမတ်ဇဘွယ်အင်တာနီနှင့် တရားခံ အာကာသရက်ကာစင်မေဒီတို့ ငွေမှုတွင် မြင်းခြံ ရွာနေ ပွဲစား မောင်ရဲပေါ်၊ လှည်းခေါင်း ငမောင်ကြီးတို့ကို သက်သေတည်ပြသည် ဖြစ်ပါ၍ ဆင့်ဆို စေလွှတ်ပါမည့် အကြောင်း၊ သက်သေစရိတ်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့။

တလုပ်မြို့ဝန် မင်းထင်မင်းလှရဲခေါင်သို့ ပေးမှာစာ။

၂။ ။ မြင်းခြံရွာနေ ပွဲစား ငရဲပေါ်၊ လှည်းခေါင်း ငမောင်ကြီးတို့ကို တွဲဖက်ရုံးတွင် သက်သေခံရန် ရှိသည်ဖြစ်၍ စေလွှတ်လိုက်သူ ငရွှေမိတ်နှင့် အတူပါအောင် ဆင့်ဆို ထည့်အပ်လိုက်ရမည့် အကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မြင်းခြံရွာနေ ပွဲစား ငရဲပေါ်၊ လှည်းခေါင်း ငမောင်ကြီးတို့ကို တွဲဖက်ရုံးတွင် သက်သေလိုက်ရန်ရှိ၍ လွှတ်တော်သို့ ဆင့်ဆိုစေလွှတ် လာရောက်စေရမည် တလုပ်မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

---

## ၃၁၀ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၅ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို မိသိုင်း၊ တရားခံ ငရွှေပျော်တို့ ငွေမှုစကားတွင် ပြသက်သေတို့ကို မေးရန်မေးခွန်းကို သက်သေ စရိတ်နှင့်တကွ ပေးပို့ပါကြောင်း။

မြောက်ထားဝယ်ဗိုလ်နှင့် သံတော်ဦးဆင့်၊ ဦးဘိတို့ကို မေးရန်

တရားလိုတင်ပေး မေးခွန်း ၄။

(က) (တရားလိုနှင့် တရားခံ မည်သူက မည်သူ အခိုင်းခံသလဲ။ တရားခံထံ မည်သည့်ငွေကို မည်သို့ ကြေးနန်းရိုက်သလဲ။ တရားခံ အလိုအတိုင်း ကုန်ရောင်းဝယ်သည်ကို သိ မသိ။ ၎င်း ၂ ဦး မည်သူက မဖြောင့်သလဲ။)

၎င်းတို့ကို မေးရန် တရားခံတင်ပေး မေးခွန်း ၄။

(ခ) (တရားလို တရားခံတို့ မည်ကဲ့သို့ ကတိနှင့် အလုပ်လုပ်သလဲ။ အမြတ်အစွန်းရရန် ၎င်းတို့ မည်သို့ ကတိရှိသလဲ။ လွှဲငွေ မည်မျှလဲ။ မည်သည့်အရပ်တွင် အလုပ်ကို တရားခံ လုပ်သလဲ)။

၁၂၃၇ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ သက်သေမေးခွန်းအတိုင်း စာပါ အရာရှိတို့ကို မေးမြန်းထွက်ချက်များကို ပေးပို့လာစေကြောင်း။

၁၂၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့။

တရားလို တရားခံ တင်မေးခွန်း ၂ ရပ်တွင်

မြောက်ထားဝယ်ဗိုလ် ထွက်ချက်။

(က) တရားလိုမ အဆိုအရ စပါးဖိုးငွေ ၆၀၀၀ ကျော်ကို သံတော်ဆင့်မင်းထံက ယူ၍ ငရွှေပျော်သို့ ပေးအပ်ရကြောင်း၊ ၎င်းပြင် မသိကြောင်း။

---

၁။ ၃၀ စက်တင်ဘာ ၁၈၇၅

ငှင်းမေးခွန်း ၂ ရပ်တွင် သံတော်ဆင့်မင်း ထွက်ချက်။
(ခ) စပါးဖိုးငွေကို မြောက်ထားဝယ်မိုလ်မင်းသို့ ပေးအပ်ရကြောင်း။ ငှင်းပြင် မသိ။

---

## ၃၁၁ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ်ကျွန်တော် အီဖျံဟင်မူဆာက ဓာတ်ရုံတော်တွင် ရိုက်နက်ခံရကြောင်း လျှောက်လွှာကို ဝန်ရှင်တော်မင်းကြီး သိရန် အီဖျံဟင်နှင့်တကွ စေလွှတ်ပေးပို့လိုက်ကြောင်း။

အရေးပိုင်ထံ အီဖျံဟင်က လျှောက်လွှာ။

(က) မြင်းခြံမြို့ ဓာတ်ရုံဆရာ အမည်မသိလူ ၁ တွင် မုန့်သေတ္တာဖိုး တောင်းရာ၊ ဝန်းဝိုင်းရိုက်နက် ပြုလုပ်ပါ၍ အစိုးရကြီးများထံ စာပေးတော်မူပါမည့် အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

စာရေးတော်ကြီး မင်းလှကျော်ထင်ရာဇာ ကောက်ချက်။

၂။ ။ အီဖျံဟင်မူဆာနှင့် ငကွန်း၊ ငအုံးတို့ စကားမှာ ကျွန်တော်တို့ပြင် လူအများ မဝန်းဝိုင်းကြောင်း ကျမ်းဆိုဝံ့လျှင် ဝန်းဝိုင်းပြစ် ကင်းလပ်စေ။ လက်ရောက်ပြစ် တစ်ယောက်လျှင် ၃ဝ ကျစီ၊ ၂ ယောက် ၆ဝ။ ကျမ်းမဆိုဝံ့လျှင် ဝန်းဝိုင်းပြစ်လူ ၃ အတွက် လူ ၁ လျှင် ၁၅ ကျ ၄၅ နှင့် လက်ရောက်ပြစ် ၆ဝ၊ ၂ စု ၁ဝ၅ ကို အီဖျံဟင်မူဆာသို့ ငကွန်း၊ ငအုံးတို့က ပေးလျော်စေရမည့် အကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အီဖျံဟင်မူဆာတို့ အမှုမှာ (၄) မှတ်ပါ ကောက်ယူ စီရင်ချက် ၂ ဦးသဘောတူ လက်မှတ်ရေးထိုးပြီးငြိမ်းကြကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မကွေးမြို့နေ အင်္ဂလိပ်ကျွန်တော်မျိုး ဂျီဝါအူရမာဂျီ၊ အစ္စမာအီအူရမာဂျီတို့က (မကွေးမြို့တွင် ဖြစ်ပျက်ကြောင်းရာနှင့်) အရေးပိုင်မင်းထံ လျှောက်ထားရှိ၍ မေးစစ် စာပြန်ပါမည့်အကြောင်း။ လျှောက်သူကိုလည်း လျှောက်လွှာနှင့်တကွ စေလွှတ်လိုက်ကြောင်း။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဂျီဝါအူရမာဂျီတို့အကြောင်းနှင့် ပေးစာအရ ရှင်းလင်းရန် မကွေးမြို့သူကြီးနှင့် လျှောက်ချက်ပါ ခိုက်ရန်ဖြစ်ပွားရင်းလူတို့ကို ဆင့်ဆို လာရောက်စေရမည် မကွေးမြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

---

## ၃၁၂ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၅ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အာကာကြားဘက်ပင်ဒါနီ၊ တရားခံ သရက်ကြာဝက်ကစရနီတို့ ငွေမှုတွင် မြင်းခြံနေ ဟာဇီ

၁။ ၁၂၃၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ဖြစ်မည်။

မြေဇာဟိုစင်ကို သက်သေတည်ပြသည် ဖြစ်ပါ၍ ဆင့်ခေါ်စေလွှတ်ပါမည့်အကြောင်း။ ၎င်းစရိတ်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဟာဇီမြေဇာဟိုစင်ကို ငွေမှုတွင် သက်သေခံရန်ရှိ၍ ဆင့်ဆိုစေလွှတ် လာရောက်စေရမည်၊ တလုပ်မြို့ဝန်သို့ ကြေးနန်းနှင့် မှာထားဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။

တလုပ်မြို့ဝန်သို့ ပေးမှာစာ (ကြေးနန်း)။

၃။ ။ ဟာဇီမြေဇာဟိုစင်ကို တွဲဖက်ရုံးတွင် သက်သေခံရန်ရှိ၍ ရွှေဘွားတော်အောက် တင်ပို့ရမည့်အကြောင်း၊ မည်သည့်နေ့ တင်ပို့သည် လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

တလုပ်မြို့ဝန်က လျှောက်စာ (ကြေးနန်း)။

၄။ ။ ဟာဇီမြေဇာဟိုစင်ကို အမျိုးဘာသာ ဥပုသ်ထွက်နောက် သင်္ဘောအပတ်မှ တင်ပို့ပါမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

၁၈၇၅ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ဟာဇီမြေဇာဟိုစင်က အရောင်းအဝယ် ကိုယ်စားလှယ် လွှဲအပ်ရန်လူ မရှိပါ၍ မလိုက်မလာနိုင်ကြောင်း အရေးပိုင်မင်းထံ လျှောက်ထားရှိပါသောကြောင့် ၎င်းကိုမေးမြန်းရန် ပူးတွဲပို့လိုက်သည့် မေးခွန်းကိုသာ မေးမြန်း စာပြန်ပါမည့် အကြောင်း။

ဟာဇီမြေဇာဟိုစင်ကို မေးရန် မေးခွန်း။

(က) တရားလို၊ တရားခံတို့ မြင်းခြံတွင် စာရင်းရှင်းသလား။ တရားခံနှင့် ၎င်းမယား မြင်းခြံတွင် အတူရှိသလား။ ဂိုလံအလီဆိုသူ တရားခံအလုပ်တွင် ရှိသလား။ ပွဲစားအိမ် မည်သည့်အပိုင်းတွင် မောင်မင်းနေသလဲ။ တရားလို၊ တရားခံတို့ မြင်းခြံက ထွက်သွားသည်ကို သိသလား။ မည်သည့်အရပ်သို့ သွားသလဲ။ ကွဲးရွာက ပြန်ကာလ အတူလား။ နောက် မည်သို့ သွားသလဲ။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဟာဇီမြေဇာဟိုစင်ကို (၅) ပါ မေးခွန်းအတိုင်း မေးမြန်းလျှောက်ထားလိုက်ရမည်၊ တလုပ်မြို့ဝန်သို့ ဆင့်ဆိုပေးအပ် မှာထားရှိကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၂]။

တလုပ်မြို့ဝန် မင်းထင်မင်းလှရဲခေါင်သို့ ပေးမှာစာ။

၇။ ။ ဟာဇီမြေဇာဟိုစင်ကို ဆင့်ဆိုပေးအပ်လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း၍ နေ့ရက်မကြာ လွှတ်တော်သို့ တင်ပို့ လျှောက်ထားလိုက်ရမည့် အကြောင်း။

---

## ၃၁၃ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၅ ခု၊ နိုဝင်ဘာလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တွဲဖက်ရုံးတွင် လျှောက်ထားသူ တရားလို မြေဇာဟာမတ်နှင့် ရှင်းလင်းရန် တရားခံ အမရပူရမြို့ ဆင်ရွာနေ

---

၁။ ၃၀ အောက်တိုဘာ ၁၈၇၅ ၂။ ၃၃ နိုဝင်ဘာ ၁၈၇၅

ငပေါ်ရစ်၊ မယား မိလှ၊ တေပ်၊ မယား မိရွှေဥ၊ ငခြုံ၊ မယား မိငွေ၊ မိမင်း၀၊ သောအောင်တို့ကို ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မြေဇာဟာမတ်က လျှောက်ထားသူ အမရပူရမြို့ ဆင်ရွာနေ တရားခံ ငပေါ်ရစ်၊ မယား မိလှ၊ တေပ်၊ မယား မိရွှေဥ၊ ငခြုံ၊ မယား မိငွေ၊ မိမင်း၀၊ သောအောင်တို့ကို ဆင့်ဆိုစေလွှတ်ရမည် အမရပူရမြို့အုပ် မင်းကျော်ရဲခေါင်သူရိန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

တလုပ်မြို့ဝန်က လျှောက်စာ။

၃။ ။ အာကာမာမတ်ကြဘွယ် အင်တာနီကြာဝတ်တို့ အမှုနှင့် မြင်းခြံရွာနေ သက်သေ ဟာဇီမြေဇာဟိုစင် မေးမြန်း ထွက်ဆိုချက်များကို တင်ပို့ကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့[၂]။

ဟာဇီမြေဇာဟိုစင် ထွက်ချက်။

(က) တရားလို၊ တရားခံတို့ ရှင်းလင်းသည်ကို မသိ။ သည်ကာလ တရားခံသည် မယားနှင့်အတူ ရှိ မရှိ မသိ။ သည်ကာလ ဂိုလ်အလီ ရှိ မရှိကို မသိ။ သည်ကာလ ပွဲစားတိုက်တွင် ကျွန်တော် မနေ။ တရားလို၊ တရားခံတို့ မြင်းခြံက ထွက်သွားသည်ကိုသိ။ ကွဲ့ရွာသို့သွားမည် ၂ ဦး ပြောသည်ကိုကြား။ ကွဲ့ရွာက ရွှေဘွားတော်အောက်သို့ သွားသည်ကို သိ။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဆရက်ကြာဝတ်တို့ အမှုတွင် မြင်းခြံရွာနေ သက်သေ မြေဇာဟိုစင် ထွက်ချက်များကို တလုပ်မြို့ဝန်က ပို့ရောက်ရှိ၍ ပို့လာစေကြောင်း။

---

၃၁၄ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၅ ရက်နေ့။

၁၈၇၅ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားခံ မိုဇယ်ကိုဟင်းနှင့် တရားလို အာကာမန္ဒလီတို့ ဆိုင်နေရာ လုယက်မှုတွင် မြို့စာရေးက မည်သို့ပြုလုပ်သည် မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့[၄]။

ဈေးကြိုတော်အုပ် မြို့စာရေး နေမျိုးကျော်ထင်ရာဇာ မေးချက်။

၂။ ။ တမိုဇာကိုဟင်းတို့ လုယက်ပြောဆိုသည့်ဆိုင်မှ အာကာမန္ဒလီကို နှင်ထုတ်မည့်အကြောင်း ဇေါ်ကိုဟင်းက ပြောဆို၍ နှင်ထုတ်မည်ခေါ်ရာ မလိုက်မလာ ရှိနေ နောက်။ ဆိုင်ကို ပိတ်ထားပါ ဇေါ်ကိုဟင်း ပြောဆို လာ၍ ပိတ်ထားကြောင်း။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မိုဇယ်ကိုဟင်းတို့ ဆင်နေရာ လုယက်မှုတွင် မြို့စာရေးကို မေးရာ၊ အထက် (၂) ပါအတိုင်း ထွက်ဆို ရှိကြောင်း။

---

၁။ ၂၆ နိုဝင်ဘာ ၁၈၇၅ ၂။ ၁၇ နိုဝင်ဘာ ၁၈၇၅ ၃။ ၁၀ ဇန်နဝါရီ ၁၈၇၆ ဖြစ်မည်။ ၄။ ၁၄ ဇန်နဝါရီ ၁၈၇၆

## ၃၁၅ မှတ် ပုရပိုက်ထွက်။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့ (ရောက်)[၁]။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မာမတ်တကီက လျှောက်ထားသူ တရားခံ မတ္တရာမြို့ ရွာသစ်ရွာနေ ငကံဆယ်၊ မယား မိပုံ၊ မိဥ။ အင်္ဂလိပ် ကျွန်တော်မျိုး ပဟိုလတင်က လျှောက်ထားသူ တရားခံ ရွှေဂူမြို့နေ မိရိတ်၊ ဒွေးဂုံ၊ ငလုံး၊ ငကျော်စံတို့ကို တွဲဖက်ရုံးသို့ ဆင့်ခေါ်စေလွှတ်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မာမတ်တကီက လျှောက်ထားသူ မတ္တရာမြို့နေ တရားခံ၊ ပဟိုလတင်က လျှောက်ထားသူ ရွှေဂူမြို့နေ တရားခံတို့ကို နေ့ရက်မကြာ ဆင့်ဆိုစေလွှတ် လာရောက်စေရမည် မတ္တရာမြို့ဝန်၊ ရွှေဂူမြို့အုပ်မင်းတို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။**

မတ္တရာမြို့ဝန်သို့ ပေးမှာစာ။

၃။ ။ မတ္တရာမြို့ ရွာသစ်ရွာနေ ငကံဆယ်၊ မယား မိပုံ၊ မိဥတို့ကို တွဲဖက်ရုံးတွင် မာမတ်တကီနှင့် အမှုရှင်းလင်း ပြောဆိုရန်ရှိ၍ နေ့ရက်မကြာ ဆင့်ဆိုစေလွှတ်ရမည့် အကြောင်း။ (ရွှေဂူမြို့ဝန်သို့ ၎င်းနည်း။)

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့။**

**၁၈၇၆ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မာမတ်စလေမံက လျှောက်ထားရှိသူ တရားခံ ဆင်ဖြူကျွန်းရွာနေ မောင်လှကျော်ကို ဆင့်ခေါ်စေလွှတ် ရှင်းလင်းစေပါမည့် အကြောင်း။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဆင်ဖြူကျွန်းရွာနေ ငလှကျော်ကို တွဲဖက်ရုံးတွင် မာမတ်စလေမံနှင့် အမှုစကား ရှင်းလင်းရန်ရှိ၍ ဆင့်ခေါ် စေလွှတ်ရမည် ဆင်ဖြူကျွန်းရွာ အစိုးရတို့ကို ဆင့်ဆိုရှိကြောင်း။

**၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။**

ဆင်ဖြူကျွန်းရွာ အစိုးရတို့ကို ဆင့် (ကြေးနန်း)။

၆။ ။ ဆင်ဖြူကျွန်းရွာနေ ပွဲစား ငလှကျော်ကို တွဲဖက်ရုံးတွင် အမှုစကား ရှင်းလင်းပြောဆိုရန်ရှိ၍ အမြန်ဆင့်ဆို လာရောက်စေရမည့် အကြောင်း။

**၁၂၃၇ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့။**

**၁၈၇၆ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ တရားလို မြန်မာ ကျွန်တော်မျိုး ရံဘာလျှပ်ဘာဘူ၊ တရားခံ အင်္ဂလိပ် ကျွန်တော်မျိုး လွှတ်ကီကံတာတို့ အမှုတွင် တရားခံပြသက်သေ ရွှေကြက်ယက်ခံမြို့နေ ချစ်လီနှင့် မိငြိမ်းတို့ကို ဆင့်ခေါ်စေလွှတ်ပါမည့် အကြောင်း။

**၁၂၃၇ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ရံဘာလျှပ်ဘာဘူတို့ အမှုတွင် ပြသက်သေ ရွှေကြက်ယက်ခံမြို့နေ ချစ်လီနှင့် မိငြိမ်းတို့ကို ဆင့်ဆို လာရောက် စေရမည် အမရပူရ မြို့အုပ်မင်းကို ဆင့်ဆိုရှိကြောင်း။

---

၁။ ၁၅ ဇန်နဝါရီ ၁၈၇၆ ၂။ ၂၁ ဇန်နဝါရီ ၁၈၇၆

## ၃၁၆ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မန္တလေး မီးသင်္ဘော ဗန်းမော်မြို့သို့ ဆန်တက်ရာ ငကဲကြီးလှေကို တိုက်ခိုက်မိ၍ ပျက်စီး၊ တွဲဖက်ရုံးတွင် လျှောက်ထားပြောဆိုမှုတွင် သင်္ဘောပေါ်တွင် ပါရှိသည့် မြန်မာအရာရှိ စာရေးတော်ကြီး ဦးကဲ၊ အသုံးစာရေး ဦးပုတ်တို့ကို သက်သေအဖြစ် မေးမြန်းရန် မေးခွန်းများ ပို့လာပါစေကြောင်း၊ မေးခွန်းအတိုင်း မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ လှေနှင့်သင်္ဘော တိုက်ခိုက်မှုတွင် စာပါ အရာရှိ ၂ အနက် မေးခွန်းအတိုင်း စာရေးတော်ကြီး ဦးကဲကို မေးမြန်း ပို့လာစေကြောင်း၊ အသုံးစာရေးကြီးမှာ မန်းစက်တော်ရာဘုရားသို့ အမိန့်တော်မြတ်နှင့် တန်ဆောင်းတော် အဆောက်အလုပ် သွားလာရ၍ မမေးမမြန်းရ ရှိကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့[2]။

မြို့သာဝန်မင်း တင်ပေး မေးခွန်းအရ စာရေးတော်ကြီး ဦးကဲ ထွက်ချက်။

(က) လှေနှင့်သင်္ဘော တိုက်ခိုက်စဉ် မသိမမြင်၊ လှေနစ်၍ ဆယ်ယူမှ မြင်ကြောင်း၊ ပျက်စီးဆုံးပါးသူကိုသာ ပေးကမ်းကြမြဲ ထုံးစံဖြစ်ကြောင်း။

(ခ) တရားလိုတင် မေးခွန်း ၇၊ တရားခံတင် မေးခွန်း ၅ အတိုင်း စာရေးတော် ဦးကဲ ထွက်ဆိုချက်။ (လှေနှင့်သင်္ဘော တိုက်ခိုက်စဉ် အခန်းထဲတွင် နေသည်ဖြစ်၍ မသိမမြင်။)

---

## ၃၁၆–က မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[3]။

၁။ ။ ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင် စွဲကိုင်ရန် သေနတ် ၁၊ ပြင်သစ်ခင်ကြီး ဒေါင်လက်ကောင်း စွဲကိုင်ရန် သေနတ် ၁ များကို ဗန်းမော်သို့ ဆောင်ယူရာ တားဆီးမရှိစေရမည့် အကြောင်းနှင့် ဗန်းမော်မြို့ဝန်နှင့် မင်းကွန်း၊ စမ္ပာယ်နဂိုကင်း အစောင့်အနေတို့နှင့် အကောက်အရာရှိတို့ကို ဆင့်စာ။ (စောင်ရေ ၅။)

ပြင်သစ်ဂိုဏ်းအုပ် ဘူရဒွန်းက ခန်းပတ်မင်းကြီးထံ သွင်းစာ။

၂။ ။ ဗန်းမော်မြို့မှစ၍ မြို့ရွာ အရပ်ရပ်များမှာ ရှိနေသည့် တပည့်များထံ လှည့်လည်လို၍ အတူပါသည့် တပည့်များနှင့် ဆောင်ယူပါသည့် သေနတ် ၁ ကို ကင်းတော်များက တားဆီး ကောက်ခံမရှိ ဆောင်ယူပါရမည့်အကြောင်း။

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၃။ ။ ပြင်သစ်ခင်ကြီး မေတ္တာစာပါအတိုင်း လွှတ်က စာပေးအပ် ဆောင်ယူသွားစေရမည့် အကြောင်းအရာ၊

၁၂၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[4]။

မြို့ဝန် စစ်ကဲတို့ကို ဆင့်စာ။

၄။ ။ ပြင်သစ်ခင်ကြီး ဘူရဒွန်း တပည့်များရှိရာသို့ လှည့်လည်သွားလာ ဆောင်ယူပါလာသည့် သေနတ်နှင့် လူငယ် ၄ တို့ကို တားဆီးမရှိစေရမည့် အကြောင်းအရာ။

---

၁။ ၂၀ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၂၆ ဇန်နဝါရီ ၁၈၇၆ ၃။ ၂၂ နိုဝင်ဘာ ၁၈၇၅ ၄။ ၂၄ ဒီဇင်ဘာ ၁၈၇၅

၁၂၃၇ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့[၁]။

ဗန်းမော်မြို့တွင် ရပ်တန့်သည့် ဝန်ထောက်သို့ ပေးမှာစာ။

၅။ ။ တရုတ်ပြည်က ဗန်းမော်မြို့လမ်း ပြန်လာမည့် အင်္ဂလိပ်သံတို့နှင့် အကြံအယူ အင်္ဂလိပ်အရာရှိ၊ စစ်သားလူ ၃၀၀ တို့ကို ကချင်တို့ ထိပါးနှောင့်ယှက် မရှိရအောင် မြန်မာ လက်နက်ကိုင်လူ ၁၀၀၀ အစောင့်အနေ စေလွှတ်မည်ဖြစ်၍ နေထိုင်ရန်တဲ ဆောက်လုပ် အသင့်ရှိစေရမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၂]။

မြို့သာဝန်ထောက်နှင့် မိုးဗြဲတပ် စစ်ကဲသို့ ပေးမှာစာ။

၆။ ။ တောင်ငူအရေးပိုင်၊ ဘာပွန်ဝန်ထောက်တို့ နှောင်ပုလဲရွာတွင် ရှမ်း၊ မြန်မာ၊ ကရင် လူ ၁၀၀၀ ကျော်ခန့်နှင့် ချီတက်စွဲရပ်။ နံ့ပဲချောင်းမှာ သစ်တိုင်ကျောက်ပုံ စိုက်မှတ်ကြောင်းနှင့် မိုးဗြဲတပ်စစ်ကဲ၊ တပ်နားခံ တပ်ရေးတို့က လျှောက်ထားရှိသည့်စာကို ပို့လိုက်ကြောင်း။ ၎င်းစာကိုကြည့်၍ တောင်ငူမြို့ရှိ အရေးပိုင်ဝန်ကြီးနှင့် ယုတ်လွန်ပိုမို မရှိစေရ ပြောဆို၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၃]။

ဗန်းမော်မြို့တွင် ရပ်တန့်သည့် ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၇။ ။ အမေရိကန်ပြည်သား ဆရာရိုး၊ စကော့တလန်ပြည်သား ဆရာစတီဝင်စင်တို့ နေအိမ်ရာမြေချထားရန် ဗန်းမော်မြို့တွင်းမှာ နေရာမလစ်မလပ် ရှိကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၈။ ။ အမေရိကန်ပြည်သား ဆရာရိုး၊ စကော့တလန်ပြည်သား ဆရာစတီဝင်စင်တို့ နေထိုင်ရန် အိမ်ရာမြေကို ဗန်းမော်မြို့တွင်းမှာ ရအောင်ရှာ၍ ချပေးရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

ဗန်းမော်မြို့ ဝန်ထောက်သို့ ပေးမှာစာ။

၉။ ။ အမေရိကန်ပြည်သား ဆရာရိုးတို့ကို မြို့တွင်းမှာ နေရာချထား၍ မည်သို့ချထားသည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၁၀။ ။ တရုတ်ကုန်သည်ကြီး ငစိန်ခိုတို့ ကြက်ပေါင်စေးများကို အထက်လွှတ်တော်မှာ စာရင်းတင်ပေးရာ ပါရှိလျှင် ထုတ်ယူစေရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

တရုတ်ကုန်သည်ကြီး ငစိန်ခိုတို့ လက်မှတ်ထိုး ခံဝန်ချက်။

၁၁။ ။ စာရင်းတင်ရာပါ ကြက်ပေါင်စေးချိန် ၄၂၃၄၀ များပြင် ထပ်မံဝယ်ယူ တွေ့မိလျှင် ကုန်ကိုသိမ်းယူ၊ လူကို ထောင်ထား ရာဇဝတ်တော် ခံပါမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

ဗန်းမော်မြို့ရှိ ဝန်ထောက်သို့ ပေးမှာစာ။

၁၂။ ။ တရုတ်ကုန်သည်ကြီး ငစိန်ခိုတို့ ကြက်ပေါင်စေးချိန် ၄၂၃၄၀ ကို အမိန့်တော်မြတ်ရင်းနှင့်အညီ ထုတ်ယူ စုန်မျှောစေရမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

အရပ်ရပ် မြို့ရွာအကြီးအအုပ် ကင်းအစောင့်အနေတို့သို့ ဆင့်စာ။

၁၃။ ။ အမေရိကန်ပြည်သား ဆရာရိုး တောင်ငူမြို့သို့ ခရီးသွားရာ လမ်းခရီး ဝယ်ယူစီးနင်းပါရှိသည့် လှည်း၊ နွား၊ မြင်းများကို အကောက်အယူ အနှောင့်အယှက်မရှိ ယူဆောင်သွားစေရမည့် အကြောင်း။

---

၁။ ၁၃ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၅ မတ် ၁၈၇၆ ၃။ ၁ နိုဝင်ဘာ ၁၈၇၅ ၄။ ၂၁ နိုဝင်ဘာ ၁၈၇၅

## ၃၁၇ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[၁]။

စကားမြို့စားဟောင်း ခွန်နဲက စော်ဘွားကတော်ထံ ပေးစာ။

၁။ ။ တောင်ငူမြို့ အရေးပိုင်တို့က ခွန်တီးတိုး ပြသသည့်အတိုင်း ကြယ်ဘိုးကြီးနယ်မြေ အပိုင်းအခြားကို ကျောက်တိုင် စိုက်မှတ် ပြုလုပ်သည်ကို အခြားကရင်တို့က သဘောမတူ ခိုက်ရန်ဖြစ်ပွား၍ ကုလားတို့ သေကျေရှိသည်နှင့် ၎င်းအရေးပိုင် အရာရှိတို့က ကရင်တို့ကို တိုက်ခိုက်မည် အကြပ်အတည်းဆင့်ဆို၊ ၎င်းတွင် လိုက်စားမိလျှင် ရာဇဝတ်တော်မကင်း ရှိမည်ကို ကြောက်ရွံ့သောကြောင့် ရွှေစက်တော်အောက်သို့ လာရောက်လို၍ ကင်းဝန်မင်းကြီးထံ လျှောက်ထားပြီးလျှင် လူစေလွှတ် အကြောင်းအရာ ပြန်ကြားမည့် အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့[၂]။

ကင်းဝန်မင်းကြီးက စကားမြို့စားဟောင်း ကမ္ဘောစမဟာသီရိဝံသရာဇာသို့ ပေးစာ။

၂။ ။ စော်ဘွားကတော်က တင်ပြလျှောက်ထားသည့်စာအရ ရွှေနားတော်မြတ်ကြား အမိန့်တော်ခံရာ၊ စကားမြို့စားဟောင်းကို ကင်းဝန်မင်းကြီးက စာပေးခေါ်ယူစေ အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရ၍ အမိန့်တော်မြတ်ရင်းနှင့်အညီ ရွှေဘွားတော်အောက်သို့ လာရောက်ရမည့် အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်နေ့။ (အပ်)[၃]

ဝန်ထောက် မင်းကြီးမင်းခေါင်မဟာကျော်ထင်က သံတော်ဦးတင်စာ။

၃။ ။ ကောင်းတုံမြို့ စီရင်စု မံစီရွာ ထမုံသား ငမြတ်စံ ရှမ်းမြို့ရွာနေ လူတို့ကို သွေးဆောင်၍ အောက်မြို့သို့ တင်ပို့၊ အထက်မြစ်စဉ်တစ်လျှောက် မြို့ရွာ အကြောင်းအရာကိုလည်း ဗန်းမော်မြို့ရှိ အင်္ဂလိပ် အရေးပိုင်ထံ မပြတ် ဝင်ထွက်ပြောဆို၊ အကြံအဖန် လမ်းပေးလမ်းပြ ပြုလုပ်သူ ဖြစ်ပါ၍ ငမြတ်စံကို ရွှေဘွားတော်အောက်သို့ ခေါ်ယူ၊ သင့်ရာ စေခိုင်းတော်မူပါမည့် အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့။

မိုးညှင်း၊ ရွှေဂူ၊ ကောင်းတုံ ၃ မြို့အုပ်သို့ပေး (အတွင်းစာ)။

၄။ ။ ကောင်းတုံမြို့စီရင်စု မံစီရွာ ထမုံသား ငမြတ်စံကို အကြည်အသာ လာရောက်အောင် အမှုတော်ကို ထမ်းရွက်ရန် အားပေးအားမြှောက် ပြုလုပ်ပြောဆို သိမ်းပိုက်ခေါ်ယူပြီးလျှင် သင့်ရာလူ ဘက်ထည့်၍ ရွှေဘွားတော်အောက်သို့ တင်ပို့ရမည့်အကြောင်း၊ သိမ်းပိုက်ခေါ်ယူရင်း အကြောင်းအရာကို ငမြတ်စံမှ စ၍ အခြားလူတို့ မသိရအောင် ပြုလုပ်၍ မည်သို့ ခေါ်ယူသိမ်းပိုက်သည်၊ မည်သည်နေ့ စေလွှတ်သည်ကို စာပြန် လျှောက်ထားရမည့် အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့။

ရှုရတီလူမျိုး အစုမဟာမတ် ခံဝန်ချက်။

၅။ ။ ဗန်းမော်မြို့ ဝိုင်းမော်ရွာ၊ မိုင်းနားရွာ၊ မိုးကောင်းမြို့ ကာမိုင်းရွာ၊ လောစုံရွာ၊ နံ့ကောင်ချောင်းများတွင် ဝယ်ယူထပ်လဲမိသည့် ကြက်ပေါင်စေးမှာ နိုင်ငံဥပဒေကို မသိမိ ဝယ်ယူထပ်လဲမိသည့် ကြက်ပေါင်စေး မဟုတ်လျှင် ထုတ်ယူလိုသည် အပြောအဆို မရှိပါကြောင်း။ ဟုတ်လျှင်သာ အလိုရှိရာ ထုတ်ယူပါရမည့် အကြောင်း။ နှောင် ထပ်မံဝယ်ယူ ထပ်လဲသည် ပေါ်ပေါက်လျှင် ကုန်ကို သိမ်းယူ၊ လူကို ထောင်ထား ရာဇဝတ်တော် ခံပါမည့်အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့[၄]။

မိုးကောင်းမြို့ဝန်သို့ ပေးစာ။

၆။ ။ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်အတွင်း ထပ်လဲဝယ်ယူသည့် ကြက်ပေါင်စေးချိန် ၂၁၅၀ မှာ နိုင်ငံဥပဒေကို မသိမိ ဝယ်ယူထပ်လဲသည့် ကြက်ပေါင်စေး မဟုတ်လျှင် ထုတ်ယူလိုသည် လျှောက်ထား

---

၁။ ၃ မတ် ၁၈၇၆ ၂။ ၁၃ မတ် ၁၈၇၆ ၃။ ၅ ဧပြီ ၁၈၇၆ ၄။ ၉ ဧပြီ ၁၈၇၆

မရှိပါ။ ဟုတ်လျှင်သာ နှောင့်ယှက်မရှိ အလိုရှိရာ ထုတ်ယူပါရမည့်အကြောင်း။ နှောင် ဝယ်ယူထပ်လဲသည်ကို တွေ့မိပေါ်ပေါက်လျှင် ကုန်ကို သိမ်းယူ၊ လူကို ထောင်ထား ရာဇဝတ်တော် ခံပါမည် ခံဝန်လျှောက်ထား ရှိသည့်အတိုင်း မှန် မမှန် မေးမြန်း၊ မှန်လျှင် နှောင့်ယှက်မရှိ ထုတ်ယူစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[၁]။

အညာမြစ်စဉ်တစ်လျှောက် မြို့ဝန်၊ စစ်ကဲ၊ မြို့အုပ်၊ မြို့သူကြီး၊
ကျေးရွာအစီရင်သူကြီး၊ ခေါင်း၊ အကြီးတို့သို့ ဆင့်စာ။

၇။ ။ အမိန့်တော်မြတ်ရင်းနှင့်အညီ ဗန်းမော်မြို့သို့ ဆန်တက်လာစေသည့် တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို အကြိုအယူ အရာရှိနှင့် လက်နက်ကိုင်တို့ကို ရောက်ရာမြို့ရွာတွင် ကောင်းမွန်စွာ လက်ခံ၍ အစားအသောက်၊ ကံကျွေးလှူ၊ ဝန်တင်နွား၊ မြင်း၊ လှည်း၊ လှေများကို ငွေးရမ်း ဝယ်ခြမ်းလိုလျှင် အလိုရှိရာ ပြည့်စုံအောင် စောင်မ သင့်ရာ စောင်မ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[၁]။

ဝန်ထောက် မင်းကြီးမင်းခေါင်ကျော်ထင်သို့ ပေးစာ။

၈။ ။ တရုတ်ပြည်သွား အင်္ဂလိပ်သံတို့ကို ကြိုယူမည့် အင်္ဂလိပ် အရာရှိနှင့် လက်နက်ကိုင်တို့ ဗန်းမော်မြို့သို့ ရောက်ကာလ ကောင်းမွန်စွာ ကူညီသင့်ရာ ကူညီ၊ ၎င်းတို့ကိုလိုက်ပို့ရန် စေလွှတ်သည့် အမှုထမ်း ၅၅၀ နှင့် လက်ယာကြောင်းဗိုလ်ကိုလည်း ဗန်းမော်မြို့ စမ္ဗာနဂရကုန်းအတွင်း နေရာချထား၊ လိုက်ပို့ကြိုယူရန်မှာလည်း လက်ယာကြောင်းဗိုလ်နှင့် တိုင်ပင်၍ နိုင်ငံတော် နယ်ကုန်သာ လိုက်ပို့ကြိုယူ၊ အင်္ဂလိပ်အရာရှိတို့ အစားအသောက်၊ ကံကျွေးလှူ၊ ဝန်တင်နွား၊ မြင်း၊ လှည်း၊ လှေ အလိုရှိရာ ငွေးရမ်းဝယ်ခြမ်းလိုလျှင် ပြည့်စုံအောင် ကူညီသင့်ရာ ငွေးရမ်းဝယ်ခြမ်း ကူညီ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။

ညောင်ရွှေစော်ဘွား အမတ်တို့ကို ဆင့်စာ။

၉။ ။ ဘော်တွင်းတော်ရောက် သွယ်တန်းသည့် ကြေးနန်းအလုပ်အဆောင်တော် မပြီးမပြေ ရှိသည်ကို ဆက်လက်သွယ်တန်း လုပ်ဆောင်စေရန် စေလွှတ်သူတို့ အလိုရှိရာ ပြည့်စုံအောင် ကူညီဆောင်မရမည့်အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့[၂]။

ကြားသင်္ဘော ကိုယ်စားလှယ် ဆာဒလင်သို့ ဆင့်စာ။

၁၀။ ။ ကနဘိုက်သင်္ဘောတွင်ပါ သေတ္တာ၊ သမ္ဗန်တွင်ပါ သေတ္တာများကို မပြမသ မကြည့်မရှုရ ရှိကြောင်းနှင့် ရတနာပုံ အကောက်တိုက် အရာရှိတို့က လျှောက်ထားရှိ၍ လျှောက်ရာပါ သေတ္တာများကို မပြမသ မကြည့်မရှုရမိ သင်္ဘော အထွက်အခွာ မရှိရမည့်အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

ဒေးဝန်း အကောက်အရာရှိတို့ လျှောက်ချက်။

၁၁။ ။ ဗန်းမော်မြို့က ဆိုက်ရောက်လာသည့် ကနဘိုက်သင်္ဘော၊ သမ္ဗန်တွင် ကုန်ရှင် အမည်မသိ ကုန်များကို စာရင်းမချမမှတ်၊ အကောက်တော်ဆောင် မကောက်မခံရ၊ သင်္ဘောလည်း အောက်မြို့သို့ စုန်တော့မည်ဖြစ်ပါ၍ ဆင့်ဆိုရာ နာခံပါရမည့် အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

ကြားသင်္ဘော ကိုယ်စားလှယ် ဆာဒလင်သို့ ဆင့်စာ။

၁၂။ ။ ဒေးဝန်း အကောက်အရာရှိ လျှောက်ချက်အရ ကနဘိုက် ကြားသင်္ဘောတွင်ပါ ကုန်ရှင် အမည်မသိ ကုန်များကို ကပ္ပီတန်က စာရင်းချမှတ်စေ၍ ကုန်ရှင်၊ ကိုယ်စားလှယ် တစ်ဦးဦးက အကောက်တော်ချိန်ဆောင်စေပြီးမှ စုန်ဆင်းစေရမည့်အကြောင်း၊ အကောက်မခံလျှင်လည်း ၎င်းကုန်များကို မတဲဒေးဝန်းတိုက် အကောက်အရာရှိတို့ထံ မှတ်သားပေးအပ်ခဲ့စေရမည့် အကြောင်း။

၁။ ၂၃ ဧပြီ ၁၈၇၆ ၂။ ၉ မေ ၁၈၇၆ ၃။ ၂၁ မေ ၁၈၇၆

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

စစ်ကန်ဒါ လွှဲဆိုချက်။

၁၃။ ။ ကျွန်တော် လျှောက်ရာပါ ကြက်ပေါင်စေးချိန် ၁၂၀၀ နှင့် စပ်သမျှကို ကျွန်တော်အတွက် ပြောဆိုရန်၊ ခံဝန်ချက် ချမှတ်ရန်၊ မှာစားပေးအပ် ယူစေရန် အာကာဟာစီနာလီသို့ ကိုယ်စားလှယ် လွှဲအပ်ပါကြောင်း။

---

## ၁၂၃၆ ခု၊ ၃၇ ခုနှစ် ကရင်နီ နယ်မြေမှုနှင့် ပေးစာ၊ ပြန်စာ။
## (အသန့်ရေး ပုရပိုက်ဆူရေ ၂)

### ၃၁၈ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

၁၈၇၅ ခု၊ ဧပြီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အိန္ဒိယဘုရင်ခံမင်းမြတ် ရာဇသံတော် နောက်အင်္ဂါနေ့ ဆိုက်ရောက်မည်ဖြစ်၍ သင်္ဘောဆိပ်က သံတဲရောက် ထုံးစံရှိသည့်အတိုင်း ကြိုယူပါမည့် အကြောင်း။

၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အိန္ဒိယဘုရင်ခံမင်းမြတ် ရာဇသံဆိုက်ရောက်လျှင် အမိန့်တော်မြတ်ရင်းနှင့်အညီ တပ်ဝင်းခင်းကျင်း ကြိုဆိုရန် အသင့်ဆင့်ဆို မျှော်လင့်ရှိကြောင်း၊ ရာဇသံရောက်၍ အရေးပိုင်မင်း စာပို့ရောက်ကာလ မဟာမိတ် လက္ခဏာနှင့်အညီ ကြိုယူမည့်အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၄ ရက်နေ့။

၁၈၇၅ ခု၊ ဧပြီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အနောက်ဘက် ကရင်နီ ခွန်တီးသားကို မိုးဗြဲတပ် အစိုးရတို့က ဖမ်းဆီးမှုကို အကြိမ်ကြိမ် စာပေးရာ ပြန်စာမရ မကြားမသိရ၍ စာပြန်ကြားမည့် အကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[၃]။

ညောင်ရွှေစော်ဘွား၊ ရပ်စောက်စော်ဘွားတို့ကို မေးချက်။

၄။ ။ အနောက်ဘက်ကရင်နီ ခွန်တီးသား မိုးဗြဲတပ်ရုံးတော်သို့ မလာမရောက်၊ ၎င်းကို တပ်ရုံး အရာရှိတို့က မဖမ်းမဆီး၊ ခွန်တီးခွန်ရှားတို့က အဘ ကြယ်ဘိုးကြီးကဲ့သို့ သူကောင်းပြုတော်မူရာခံ၍ အမှုတော်ကို ထမ်းရွက်ပါရအောင် တူခွန်ရဲ၊ ခွန်ကူပြာ၊ ဘထွေးလေပေတို့ကို ကိုယ်စားလှယ်လွှဲအပ်။ စော်ဘွားကြီးတို့နှင့်အတူ ရွှေဘွားတော်အောက်သို့ ထည့်လိုက်ပါရစေ မ စဘင်လျှောက်ပေးပါ သံတော်ဦးတင်လွှာ။ ရှိခိုးလက်ဆောင်များနှင့် စေလွှတ် လာရောက်ရှိ၍ ၎င်းတို့ကို ရွှေဘွားတော်အောက်သို့ ကြပ်မတ်ဆောင်ယူ ဆင်းလာဆက်သရကြောင်း။

၁၂၃၇ ခု၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အနောက်ဘက် ကရင်နီ ခွန်တီးသားကို မိုးဗြဲတပ်ရုံးတော်က ဖမ်းဆီးသည် အရေးပိုင်မင်း ပေးစာအရ မိုးဗြဲတပ်ရုံးတော်တွင် ရပ်နေထမ်းရွက်စေသူ ညောင်ရွှေစော်ဘွား၊ ရပ်စောက်စော်ဘွားတို့ကို မေးရာ (၄) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ ၎င်းထွက်ချက်ကိုလည်း ရေးကူးပေးပို့လာစေကြောင်း။

---

၁။ ၁ ဇူလိုင် ၁၈၇၆ ၊ ၂။ ၁၂၃၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက် ဖြစ်မည်။ ၃။ ၂၂ ဧပြီ ၁၈၇၅

၁၂၃၇ ခု၊ နောင်းတန်ခူးလဆန်း ၉ ရက်နေ့[၁]။

လွှတ်တော်ရောက် ခွန်တီးခွန်ရှားတို့က သံတော်ဦးတင်လွှာ လက်ခံ။

၆။ ။ ဘေးဘိုးမိဘက ဆင်းသက်၍ ကျေးဇူးသစ္စာတော်ခံ မှန်သည့်အတိုင်း အမှုတော်ကို ထမ်းရွက်လိုသော်လည်း အိုမင်းကြီးရင့်၊ ရွှေဘွားတော်အောက် မဆင်းမလာနိုင်ရှိပါ၍ တူ ငခွန်ကူ၊ ငခွန်ရဲတို့နှင့် အမတ်လူကြီးတို့ကို ရှိခိုးလက်ဆောင်တော်များနှင့် ရွှေဘွားတော်အောက်သို့ စေလွှတ်ဆက်သ တင်လျှောက်ပါကြောင်း။ အလိုတော်ရှိရာ အမိန့်တော်ကို နာခံ၍ သားစဉ်မြေးဆက် အမှုတော်ကို မဖောက်မပြန် ထမ်းရွက်ပါမည့် အကြောင်း။

၁၂၃၆ ခု၊ တန်ခူးလဆန်း ၄ ရက်နေ့[၂]။

ခွန်တီး၊ ခွန်ရှားတို့က ကိုယ်စားလှယ် လွှဲအပ်စေလွှတ်သူ၊
ငင်းတူ ခွန်ရဲ၊ ခွန်ကူပြာတို့ ထွက်ချက်။

(က) ယခုနှစ်က ပြန်၍ရေသော် နှစ်ပေါင်း ၁၂၀ ကျော်အတွင်း အလောင်းမင်းတရားကြီး လက်ထက် အနောက်ကရင်အကြီး ကြယ်ဘိုးကြီးက ရှိခိုး လက်ဆောင်တော်များနှင့် လူစေလွှတ် ဆက်သ။ သစ္စာတော်ခံသောက်၊ အမှုတော်ကို ထမ်းရွက်။ နောက် ထီးနန်း အဆက်ဆက်လည်း မဖောက်မပြန် ထမ်းရွက်ကြောင်း။ ၁၁၆၄ ခုနှစ် လက်ဆောင်တော်များနှင့် လူစေလွှတ်ဆက်သ၊ သစ္စာတော်ခံ သောက်၊ အမှုတော်ကို ထမ်းရွက်ရကြောင်း။ ဘုရားခမည်းတော် လက်ထက် ကြယ်ဘိုးကြီးက လက်ဆောင်တော်များနှင့် ဆင်းလာဆက်သ၊ ကြယ်ဘိုးကြီးကို ပပ္ပတဒေဝရာဇာဘွဲ့ သနားတော်မြတ်ခံရကြောင်း။ နောင်တော် ပုဂံမင်းလက်ထက် အထက်နည်း လူစေလွှတ်ဆက်သ၊ စေလွှတ်သူ ငကြေကို ပပ္ပတဒေဝစည်သူဘွဲ့ သနားတော်မြတ်ခံရကြောင်း။ ရွှေလက်ထက်တော်တိုင်ရောက်လျှင် ငကြေသား လဲဘားကို အထက်နည်း စေလွှတ်ဆက်သရာ၊ စေလွှတ်သူကို ပပ္ပတဒေဝနော်ရထာဘွဲ့ သနားတော်မြတ်ခံရကြောင်း။ နောက် ကြယ်ဘိုးကြီး သေဆုံး၍ သား ခွန်တီးကို ခေါ်ယူ၊ မိုးဗြဲတပ် အရာရှိတို့နှင့် သစ္စာတော်ရေတိုက်ရာ သစ္စာတော်သောက်ခံ၍ ငင်းက ရှိခိုးလက်ဆောင်တော်များ နှင့် လူစေလွှတ်ဆင်းလာ ဆက်သ။ နောက်ကိုလည်း အထက်နည်း ၃ ကြိမ် အဆက်အသ ရောက်ကြောင်း။ ယခု အမှုတော်ကို မဖောက်မပြန် ထမ်းရွက်ပါရအောင် ကျွန်တော်တို့ကို လက်ဆောင် တော်များနှင့် စေလွှတ်၍ အဆက်အသ၊ အတင်အလျှောက် ရောက်ရပါကြောင်း။

---

## ၃၁၉ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့။

၁၈၇၅ ခု၊ ဇွန်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ယခုနှစ် နယုန်လပြည့်ကျော် ၃ ရက်နေ့၊ အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့ စာချုပ်ထားသည့်အခါ အမှတ်အသားထားသည်မှာ အနောက်ဘက် ကရင်နီတို့ကို အလျောက်နေထိုင်ရန် အင်္ဂလိပ်အစိုးရတို့က ပိုင်းခြားထားလိမ့်မည့်အကြောင်း။ ငင်းနယ်မြေကို ပိုင်းခြားရန် အရာရှိ စေလွှတ်သည့်အခါ မြန်မာဘုရင်မင်းမြတ်က အရာရှိဘက်ထည့်လိုလျှင် ဘက်ထည့်ရန် ဘုရင်ခံမင်းမြတ်က စာပေးလိမ့်မည့်အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့။

၁၈၇၅ ခု၊ ဒီဇင်ဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ ကရင်နီ နယ်မြေကို သတ်မှတ်ရန် ခန့်ထားစေလွှတ်သည့် အင်္ဂလိပ် အရာရှိတို့ ဇန်နဝါရီလ ၂၀ ရက်နေ့

---

၁။ ၁၄ ဧပြီ ၁၈၇၅ ၂။ ၉ ဧပြီ ၁၈၇၅

ခန့်တွင် ကွဲဘီးရွာသို့ ထွက်သွားစေမည်ဖြစ်၍ မြန်မာအစိုးရတို့က အရာရှိ ဘက်ထည့်လိုလျှင် ၎င်းလ ၃၀ ရက်နေ့ခန့်တွင် နောင်ပုလဲရွာတွင် ဆုံနိုင်သည့်အကြောင်းနှင့် ရန်ကုန်အရေးပိုင်ကြီးထံက စာရောက်ကြောင်း၊ စေလွှတ်မည့် မြန်မာအရာရှိအမည်ကို အရေးပိုင်ကြီးထံ ပြန်ကြားရန် စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အနောက်ဘက် ကရင်နီ နယ်မြေကျေးရွာများကို အပိုင်းအခြား အမှတ်အသားလူ ဘက်ထည့်ရန် အကြောင်းမရှိကြောင်း။

၁၂၃၇ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၆ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ အနောက်ဘက် ကရင်နီ နယ်မြေအတွင်းနှင့် အနီးအစပ် ဒေါကူ၊ မောက်ပေကုန်းခေါ် အရပ်များတွင် ယခုတိုင် မြန်မာတပ် ရှိသေးသည် တစ်ရပ်။ အရေးအခွင့်ပိုင်သကဲ့သို့ ပြုလုပ်သူတို့ အနောက်ကရင်နီ နယ်မြေ သတ်မှတ်စေသူ အင်္ဂလိပ် အရာရှိတို့ကို နှောင့်ယှက်၍ရှိသည် တစ်ရပ်များကြောင့် နယ်မြေ မသတ်မှတ်နိုင် ရှိကြောင်းနှင့် တနင်္သာရီ အစိုးရတို့က ပို့ရောက်ရင်း ကြေးနန်းစာနှင့်တကွ ရန်ကုန် အရေးပိုင်ကြီးက စာရောက်ကြောင်း။ ၎င်းနှစ် နယုန်လပြည့်ကျော် ၃ ရက်၊ ၂ ဦး အစိုးရတို့ ချုပ်ဆိုသည့် စာချုပ်နှင့်အညီ နယ်မြေ အပိုင်းအခြား သတ်မှတ်ဆဲအတွင်း နှောင့်ယှက်မရှိရအောင် ဆင့်ဆိုမည့် အကြောင်း။ ကရင်နီ နယ်မြေအတွင်း မြန်မာအစိုးရတို့က အရေးအခွင့် လွှဲအပ်သူ ရှိ မရှိကိုလည်း စာပြန်မည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အနောက်ကရင်နီ နယ်မြေအတွင်းနှင့် နယ်အနီးအစပ်ရှိ ဒေါကူ၊ မောက်ပေကုန်းခေါ် အရပ်များတွင် မြန်မာတပ်တော် မရှိကြောင်း။ ကရင်နယ်မြေ သတ်မှတ်သည့် အင်္ဂလိပ် အရာရှိတို့ကို နှောင့်ယှက်သူတို့ကို ဆင့်ဆိုသာအောင် မည်သည့်အရပ်က မည်သူ မည်သို့နှောင့်ယှက်သည် စာပြန်မည့်အကြောင်း။ အနောက် ကရင်နီနယ်နှင့် အနီးအစပ်တွင်ထားသည့် တပ်တော်ကို အနှောင့်အယှက် မပြုမလုပ်ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည် မိုးဗြဲတပ်ရုံးတော်သို့ ဆင့်ဆိုမည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့။

မိုးဗြဲတပ်စစ်ကဲ မင်းကြီးမဟာမင်းထင်မင်းခေါင်သို့ ပေးမှာစာ။

၆။ ။ အနောက်ကရင်နီ နယ်မြေ အပိုင်းအခြား စကားကို ဝန်ထောက်မြို့သာဝန်နှင့် ညှိနှိုင်းပြောဆို ထမ်းရွက်ရမည်ဖြစ်၍ တပ်ရုံးတော်တွင် ညောင်ရွှေစော်ဘွား၊ မိုးဗြဲစော်ဘွားတို့ကို ဆင့်ဆိုထိန်းသိမ်းစေပြီးလျှင် မိုးဗြဲတပ်စစ်ကဲ မင်းကြီးမဟာမင်းထင်မင်းခေါင်မှာ မြို့သာဝန်ထောက်နှင့် တွေ့ဆုံမိရန် နင်းကြမ်းသို့ ဆင်းခဲ့ရမည့်အကြောင်း၊ မြို့သာဝန်ထောက် ဆင့်ဆိုရာ နာခံ၍ ယုတ်လွန်မရှိရအောင် အမိန့်တော် မြွက်ရင်းနှင့် အညီ ညှိနှိုင်းပြောဆို ထမ်းရွက်ရမည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၂]။

ညောင်ရွှေစော်ဘွား အမတ်ထံကို ပေးမှာစာ။

၇။ ။ တပ်ရုံးတော် ဆင့်စုပါ မြို့ရွာများမှာ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် ဆင့်ဆိုစောင့်ထိန်းရမည့် အကြောင်း။ အနောက်ဘက် ကရင်နီနယ် ကျေးရွာများသို့ စော်ဘွားမြို့စား အကြီးအအုပ်တို့က လူ အစေ အလွှတ် မရှိရအောင် ဆင့်ဆို၍ တပ်ရုံးတော်တွင် စောင့်ထိန်း၊ ထမ်းရွက်၊ အကြောင်းအရာရှိသည်ကို လျှောက်ထားရမည့် အကြောင်း။

၁။ ၆ ဇန်နဝါရီ ၁၈၇၆ ၂။ ၂၅ ဖေဖော်ဝါရီ ၁၈၇၆

၁၂၃၇ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ကရင်နီနယ်မြေ သတ်မှတ်ရာ မြန်မာအစိုးရမင်းတို့ဘက်က နှောင့်ယှက်မရှိရအောင် ဆင့်ဆိုကူညီရန် အမိန့်တော်မြတ်ရင်းနှင့်အညီ မြို့သာဝန်ထောက်နှင့် မိုးဗြဲတပ်ရုံး စစ်ကဲကို ဆင့်ဆိုစေလွှတ်ရှိကြောင်း။

၁၂၃၈ ခု၊ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ၁၁၃၆ ခုနှစ်၊ မိုးဗြဲမြို့စစ်တမ်းနယ် သတ်မှတ်ရာအတွင်း ပါဝင်သည့် အနောက်ဘက် ကရင်တို့ ငြိမ်ဝပ်အောင် နှစ် လ အရှည် အစောင့်အထိန်းထားသည့် နံ့မယ်ခံတပ်တော်၊ တော်လော်ကူတပ်တော်များသည် မိုးဗြဲမြို့နယ် ဖြစ်သော်လည်း မဟာမိတ်ဖြစ်သည်ကိုထောက်၍ အမိန့်တော်မြတ်ရင်းနှင့်အညီ သင့်ရာသို့ ဆင့်ဆို ရွှေ့ပြောင်းစေမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ နှစ်ဖက်အစိုးရတို့က အုပ်ချုပ်မရှိ၊ အလျောက်ဘာသာ နေထိုင်စေမည် သဘောတူ စာချုပ်ဆိုပြီးနောက် ကရင်နီတို့ကို ညောင်ရွှေစော်ဘွားက တစ်စတစ်စ ကျူးလွန်သိမ်းပိုက်၊ အုပ်စိုးပြုလုပ်သည့်အရာ သိသာ၍ သည်ကဲ့သို့ ချုပ်ဆိုပြီး စာချုပ်ကို ဖောက်ပြန်ပြုလုပ်လျှင် အင်္ဂလိပ် အစိုးရတို့က မိမိတို့အကျိုးကို စောင့်ရှောက်ရန် ပြုလုပ်ခွင့် သင့်ရာ သဘောအတိုင်း ပြုလုပ်လိမ့်မည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အထက် သဘောတူညီသည့်အတိုင်း အနောက်ဘက် ကရင်တို့ကို မြန်မာအစိုးရမင်းတို့က အုပ်ချုပ်မရှိ။ ၁၂၃၇ ခုနှစ်ကစ၍ အလျောက်ဘာသာ နေထိုင်စေကြောင်း။ ကရင်နီနယ်မြေကို ညောင်ရွှေစော်ဘွားကြီးက တစ်စတစ်စ သိမ်းပိုက်ပြုလုပ်မည် မထင်သော်လည်း ကရင်နီနယ်မြေ မည်သည့်ကျေးရွာကို စော်ဘွားကြီးက အုပ်စိုးပြုလုပ်သည်ကို ထပ်မံသေချာ စာပြန်မည့်အကြောင်း။ နောင် ပေးစာများတွင် အမှုလည်းပြီးရန်၊ ၂ ဦးလည်း မငြိုမငြင်ရန် အစိပ္ပာယ် ယဉ်ကျေးဖွယ်ရာရှိအောင် ရေးပေးလိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့[၄]။

ညောင်ရွှေစော်ဘွားက တင်လျှောက်စာ။

၁၂။ ။ ကုလားတို့က ကန္တာရဝတီမြို့စားထံ စာလူ စေလွှတ်ခေါ်ယူ၍ ဆင်းသွားကြောင်း၊ ကန္တာရဝတီမြို့ လဝပ်ခေါ် ကျေးရွာကို ကုလားတို့က အမည်သစ် ခေါ်ဝေါ်စေကြောင်းများနှင့် ကန္တာရဝတီမြို့စားထံ ကုလားတို့က ပေးစာလက်ခံနှင့်တကွ ငွေတောင် ကရင်အကြီးက ပို့ရောက်လျှောက်ထားရှိ၍ ပို့ရောက်ရင်း လက်ခံများနှင့်တကွ တင်လျှောက်ပါကြောင်း။

တနင်္သာရီတိုင်း အင်္ဂလိပ် ဝန်ရှင်တော်မင်းကြီးက

ကန္တာရဝတီမြို့စားထံ ပေးစာလက်ခံ။

၁၃။ ။ ၂ ဦး မိတ်သဟာယဖြစ်သည်နှင့်အညီ အလိုရှိရာကို ကြည့်ရှုမစမည်ဖြစ်၍ မကြောက်မရွံ့ စော်လဘော်ကြီးကိုယ် ဖြစ်စေ၊ ကတော်ဖြစ်စေ၊ စော်လမြီဖြစ်စေ အလျင်အမြန် စေလွှတ်လာရောက်စေလိုကြောင်း။ နံ့မယ်ဟိတ်မွန်ချောင်းရှိ သစ်များကို ညှိနှိုင်းလုပ်ဆောင်ရန် ဆင်၊ ငွေ၊ လက်နက် မပြည့်မစုံလျှင် ပေးမည့်အကြောင်း။ ၂ ဦး အကျိုးဖြစ်ထွန်းရန်ရှိသောကြောင့် မော်လမြိုင်မြို့ရောက် ဆင်းလာ၍ ကတိသစ္စာ ထားရန်အကြောင်း။ သင်တို့ အလိုရှိသည့်အတိုင်း နယ်ပယ်ကျောက်တိုင် စိုက်မှတ်၍ အစောင့်အနေ လက်နက်ကိုင် ရဲမက်တော်တို့ကို နေထိုင်ရန် တပ်ရုံးနှင့်တကွ ဆောက်လုပ်ပေးမည့်အကြောင်း။

---

၁။ ၂၆ ဖေဖော်ဝါရီ ၁၈၇၆ ၂။ ၂၂ မတ် ၁၈၇၇ ၃။ ၉ ဇူလိုင် ၁၈၇၉ ၄။ ၁၈ အောက်တိုဘာ ၁၈၇၉

၁၂၄၁ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ကရင်တို့ကို ၂ ဦး အစိုးရတို့ ကောင်းစွာစောင့်ရှောက် ရှိနေသည့်အတွင်း တနင်္သာရီတိုင်း အရေးပိုင်ကြီးက နိုင်ငံတော် ထီးရုံနန်းရုံ ကန္တာရဝတီမြို့စားကို ပေးကမ်းဖြားယောင်း ပြုလုပ်ကြောင်းနှင့် ပို့ရောက်သည့် စာကိုရကြောင်း။ မဟာမိတ်မင်းတစ်ပါး နိုင်ငံအတွင်း ထီးရုံနန်းရုံ စော်ဘွားမြို့စားတို့ စိတ်ဝမ်းကွဲပြား မငြိမ်မဝပ်ရှိအောင် မဟာမိတ်မင်းတစ်ပါး နိုင်ငံအစိုးရတို့က မပြုသင့်ဖြစ်၍ သည်ကဲ့သို့ တနင်္သာရီတိုင်း အရေးပိုင်ကြီး ပြုလုပ်လိမ့်မည် ယုံကြည်ရန် ဆင်ခြင်၍ မရနိုင်သော်လည်း ၎င်းမင်းကြီး တံဆိပ်နှင့်တကွ ပို့ရောက်ရရှိသောကြောင့် အရေးပိုင်မင်းသိရန် ပို့လိုက်ကြောင်း။ ၎င်းများကို ကြည့်ရှု၍ သင့်ရာစာပေး မှာထားပြုလုပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၉ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ ကရင်နီနယ်အကြောင်းကို အထက်အရေးပိုင်ရှောနှင့် မြို့သာဝန်ထောက်တို့ ပြောကြရာ၊ ကရင်နီ စော်ဘွားသည် မြန်မာမင်း လက်အောက်ဖြစ်၍ ၎င်းတို့သို့ မဟာမိတ်မင်း နိုင်ငံတစ်ပါးက စာရေးပေး သည့်အရာ မသင့်ကြောင်းနှင့် မြို့သာဝန်ထောက်က ပြောဆို။ နောက် ၎င်းတို့ တစ်ကြိမ် ပြောဆိုကြ ပြန်ရာ အရေးပိုင်ရှောက ပြသ ပြောဆိုသည့် အင်္ဂလိပ်၊ မြန်မာ ၂ နိုင်ငံခြား ကြိုးလမ်းအရ အရှေ့ အနောက် ကရင်နီနယ်သည် မြန်မာနိုင်ငံအဝင် မဟုတ်ကြောင်း သိသာရ၍ အချင်းဖြစ်ပွား မရှိသည့် ကရင်နီနယ်ကို အင်္ဂလိပ် အစိုးရတို့က အုပ်ချုပ်ခြင်း အလိုမရှိသည့်အတိုင်း ၎င်းနယ်အတွင်း ထပ်မံ မတိုင်းမမှတ်ကြောင်း။ အရှေ့ဘက် ကရင်နီ စော်ဘွားသို့ တနင်္သာရီတိုင်း အရေးပိုင်ကြီးက စာပေး ဆိုသည်မှာ မဟုတ်၊ အကယ်ပေးသည် မှန်စေကာ ၂ နိုင်ငံအခြားတွင် တောင်ဘက်ကျသည်နှင့် အရှေ့ ကရင်နီနယ်ကို မြန်မာအစိုးရတို့က အုပ်စိုးထိုက်သည် မဟုတ်၍ မြန်မာအစိုးရတို့က တားမြစ်နိုင်ခွင့် ရှိမည် အင်္ဂလိပ်အစိုးရတို့ ထင်မှတ်နိုင်ရန် မရှိကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အရှေ့ဘက် ကရင်နယ်မြေသည် နိုင်ငံတော် အဝင်ဖြစ်၍ ကန္တာရဝတီမြို့ သမုတ်ပြဋ္ဌာန်းပြီးလျှင် စောလဘော်ကို မြို့စားခန့်ထား ကျွန်တော်မျိုးအစစ် ဖြစ်သည်ကို အရေးပိုင်မင်း ပေးစာတွင် ငြိမ်ဝပ်ပြီး ၂ နိုင်ငံ အပိုင်းအခြားစကား ပါသည်မှာ ၎င်းအပိုင်းအခြား ထားရင်းအချက်၊ နောက် စာချုပ်ဆို ပေါင်းသင်း ကြသည့် အချက်မှစ၍ အရပ်ရပ် အရင်းမူလ အကြောင်းအရာများနှင့် နိုင်ငံတကာ ထုံးစံဓလေ့ကို အရေးပိုင်မင်း နှလုံးမသွင်းမိ၍သာ သည်ကဲ့သို့ ပါသည် အထင်အယူရှိကြောင်း။

---

## ၃၁၉ (က) မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့[၃]။

၁။ ။ ဝန်ထောက် မြို့သာမြို့စားကို ပေးအပ်သည့် အင်္ဂလိပ် အစိုးရများနှင့် ပြောဆိုရန် ကရင်နီနယ် အကြောင်း အရာ။ စကားချက်ရေ–၆။

၂။ ။ ကရင်နီမြေ အကြောင်းနှင့်စပ်၍ ရွှေဘွားတော်အောက်သို့ လျှို့ဝှက်စကားနှင့် လျှောက်ရန် ရေးသားပုံ စကားချက်။

၁။ ၃ မေ ၁၈၇၉ ၂။ ၁၇ ဩဂုတ် ၁၈၇၉ ၃။ ၂၆ ဖေဖော်ဝါရီ ၁၈၇၆

၁၂၃၇ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့။

လယ်မိုင်း၊ မှိုင်းခုံပါလိုက်မြို့စား မဟာသီရိသိပဟုံဘွားက တင်လျှောက်စာ။

၃။ ။ ကုလားတို့ ချီတက်လာကြောင်းကို ထောက်လှမ်းစေရာ အင်္ဂလိပ် ၄ နှင့် ရှမ်း၊ ကရင် လူ ၂၀၀ ကျော်တို့ လက်နက်ကိုယ်စေ့နှင့် လောတော်ကူအရပ်တွင် တွေ့ရှိ မေးမြန်းကာလ၊ ခွန်တီးသည် သစ်ကို ငွေ ၄၀၀၀၀ နှင့် ရောင်းချ၊ သစ်ကိုလည်း မပေး၊ ငွေကိုလည်း မပေးနိုင်၊ ကျွန်တော်တို့ ကြယ်ဘိုးကြီးနယ်အဆုံး မှိုင်းခုံပါလိုက်မြို့ အနောက်လွယ်ပန်းစုံဘုရားတွင် ကျောက်တိုင်စိုက်ပါ ခွန်တီးက ပြောဆိုရှိ၍ တက်လာသည် ပြောကြောင်း။ အနောက်ကရင် ဘိုးပြားကလေးက တားဆီးကြောင်း။ အရှေ့ဘက် ကရင်စစ်ခေါင်း ငကွယ်ပေး၊ ငခိုဘားတို့က ကျောက်တိုင်စိုက်ရန် ခံဝန်သည် ကြားသိကြောင်းနှင့် ထောက်လှမ်းစေသူတို့ ပြောချက်အတိုင်း တင်လျှောက်ပါကြောင်း။

---

၁၂၃၈ ခုနှစ်။

၃၂၀ မှတ် ပုရပိုက်ထွက်။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၈ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အာလံမြို့နေ ပသီလူမျိုးစံများကို သတ်သူ ငလှိုင်း ပုပ္ပားမြို့တွင် ရှိနေ၍ ဖမ်းဆီးပို့အပ်ပါမည့်အကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့[၁]။

ငလှိုင်း အစစ်ခံချက်။

၂။ ။ ပသီလူမျိုးစံများကို မသတ်မဖြတ်ကြောင်း၊ ကျောက်တိုင်တောင်ဘက်သို့ မည်သည့်အခါကမှ မသွားမရောက်ဖူးကြောင်း။

၁၂၃၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့[၁]။

ငလှိုင်းကြီး အစစ်ခံချက်။

၃။ ။ ပသီလူမျိုးစံများကို မသတ်မဖြတ်ကြောင်း၊ ကျောက်တိုင်တောင်ဘက်သို့ မည်သည့်အခါကမှ မသွားမရောက်ဖူးကြောင်း။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ပုပ္ပားမြို့နေ အမည်တူ ငလှိုင်းဆိုသူ ၂ ယောက်ကို စစ်မေးရာ၊ ကျောက်တိုင်တောင်ဘက်သို့ မည်သည့်အခါမှ မသွားမရောက်ဖူးကြောင်း ထွက်ဆိုရှိ၍ တပ်ရာသေချာသိသူကို စေလွှတ်မည့်အကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၈ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ငလှိုင်းကို သိသူ ငရွှေနှစ်၊ ငပိုတို့ကို စေလွှတ်ကြောင်း။

၁၂၃၇ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ငလှိုင်းဆိုသူ ၂ ယောက်ကို အကျဉ်းချုပ်ထား ရှိသည့်အတွင်း ငလှိုင်းကလေးမှာ ကျောက်ရောဂါ၊ ငလှိုင်းကြီးမှာ အဖျားရောဂါ ကပ်ရောက်၍ ကြမ္မာအလျောက် သေဆုံးရှိကြကြောင်း။

---

၁။ ၁၁ ဧပြီ ၁၈၇၆ ၂။ ၂၁ ဧပြီ ၁၈၇၆ ၃။ ၉ ဇွန် ၁၈၇၆ ဖြစ်မည်။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၆ ခု၊ ဧပြီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ကျောက်ဖြူမြို့ ချင်းပေါင်း ဆိုသူကို သားဖြစ်သူ သောဘုက တုတ်နှင့်ရိုက်သတ် ထွက်ပြေး၊ မဘဲမြို့ မိုန်စိန်ရွာတွင် နေထိုင်ရှိ၍ ၎င်းကို ဖမ်းဆီးပေးအပ်ပါမည့်အကြောင်း၊ သက်သေထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၇ ခု၊ ပြာသိုလဆန်း ၁၀ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့။

ကျောက်ဖြူမြို့ အရေးပိုင်ရုံးတွင် သက်သေတို့ကို စစ်မေးချက်။

၈။ ။ ပေါင်းကို ဘုက ရိုက်နှက် သေဆုံးကြောင်း၊ ပထမသက်သေ ဘု မယားနှင့် ဒုတိယ၊ တတိယ၊ စတုတ္ထ သက်သေ ရွာနေမိန်းမ ၃ တို့ ထွက်ချက်များ။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အဘဖြစ်သူ ပေါင်းကို ရိုက်သတ်ထွက်ပြေးသူ ဘု ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ မှာထားရှိကြောင်း။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[၂]။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၁၀။ ။ မဘဲမြို့ မိုန်စိန်ရွာတွင် ဘု ရှိနေလျှင် ဖမ်းဆီး၍ အကျဉ်းပို့အပ်လာစေရမည့် အကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ အထက်တောင်းစာပါ အဘ ပေါင်းကို သတ်သူ ဘုသည် တိုင်တားမြို့စီရင်စု ကျောက်တိုင်ရွာ ဒေါင်းအိမ်မှာ ခိုဝင်နေကြောင်းများနှင့် ထပ်မံစာရောက်၍ ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ တိုင်တားမြို့ ကျောက်တိုင်ရွာ ဒေါင်းအိမ်တွင် အဘကိုသတ်သူ ဘု ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ထပ်မံ မှာထားရှိကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့[၃]။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၁၃။ ။ ကျောက်တိုင်တောင်ဘက်က အဘဖြစ်သူ ပေါင်းကို သတ်ဖြတ်ထွက်ပြေးလာသူ ဘု ကျောက်တိုင်ရွာ ဒေါင်းအိမ်တွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်က လျှောက်စာ။

၁၄။ ။ အမိန့်မှာစာရ ဘု ရှိနေလျှင် ပေးအပ်ရမည် မိုန်စိန်ရွာ အစီရင်သူကြီး ခေါင်းအကြီးတို့ကို တောင်းရာ ဘု မရှိမနေ၊ ခေတ္တလာရောက်ဖူးသူ ဘုလည်း အမ်းမြို့နေ အမိဖြစ်သူက ခေါ်သွားကြောင်းနှင့် ခံဝန်ချက် ချုပ်မှတ်ရှိပါ၍ ၎င်းခံဝန်ချုပ်မှတ်များကို တင်ဆက်ပါကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၄]။

သူကြီး ငအောင်မှန်းနှင့် မိုန်စိန်ရွာခေါင်း ငသွေးတို့ ခံဝန်ချက်။

၁၅။ ။ ဘုဆိုသူ မိုန်စိန်ရွာတွင် ခေတ္တလာရောက် နေထိုင်သည့်အတွင်း မည်သို့မှုပြစ်ရှိသည် မသိ။ အမ်းမြို့စီရင်စု

---

၁။ ၂၃ ဧပြီ ၁၈၇၆ ၂။ ၂ မေ ၁၈၇၆ ၃။ ၂ ဂျူလိုင် ၁၈၇၆ ၄။ ၉ ဂျူလိုင် ၁၈၇၆

စရုံရွာခေါင်း ဘေွနှင့် ဘေ အမိ မိဘာမွေး ဆိုသူတို့ လာရောက်ခေါ်သွား။ ယခု ကျေးရွာနယ်မြေအတွင်း မရှိမနေ၊ နောင် ရှိနေသည် ပေါ်ပေါက်ကြားသိရလျှင် ရာဇဝတ်အပြစ် စီရင်ရာ ခံပါမည့်အကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ဘေ ဆိုသူ အကြောင်းအရာနှင့်စပ်၍ အထက် (၁၅) မှတ်နှင့်တကွ (၁၄) မှတ်ပါအတိုင်း မင်းတုန်း တောင်စဉ် ၇ ခရိုင်ဝန်က လျှောက်ထားရှိကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၂]။ (တင်)

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်က လျှောက်စာ။

၁၇။ ။ အမိန့်မှာစာအရ ဘေဆိုသူ တိုင်တားမြို့ ကျောက်တိုင်ရွာမှာ တွေ့ရှိဖမ်းဆီး စစ်မေးရာ၊ ကျောက်ဖြူမြို့က အဘပေါင်းကို သတ်ဖြတ်ထွက်ပြေးလာသူဖြစ်ကြောင်း ထွက်ဆိုရှိ၍ ဖမ်းဆီးချုပ်ထားပါကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့[၂]။

ငဝါဘူး အစစ်ခံချက်။

၁၈။ ။ ကျွန်တော်မယား မိဘခြာက ယောက္ခမ နေ့င်းကြာအိမ်သို့ လာရောက် မယားပြုလုပ်သည် ပြောဆိုသည်နှင့် မှန် မမှန် ချောင်းမြောင်းရာ မှန်၍ ရိုက်နှက်ပြီးလျှင် ကျောက်ဖြူမြို့က ထွက်ပြေး၊ တိုင်တားမြို့ ပဇွန်ညုပ် ရွာ ဦးရီးဒေါင်း အိမ်တွင် နေသည့်အတွင်း ဖမ်းဆီးစစ်မေးခံရကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အဘပေါင်းကို သတ်သူ ငဝါဘူးကို ဖမ်းဆီးရမိ ချုပ်ထားရှိ၍ အလိုရှိသည့်နေ့ ပို့ရောက်စေမည့်အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ အဘသတ်သူ ငဝါဘူးကို ၎င်းလပြည့်ကျော် ၇ ရက်နေ့ ပို့အပ်ပါမည့် အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ အဘသတ်သူ ငဝါဘူးကို ပို့အပ်လာစေကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ ရန်ကုန်ခေါ်သင်္ဘော မင်းလှကင်းတော်မှာ မဆိုက်မရပ် တက်သွားကြောင်း မလွန် ၃ မြို့ဝန်က လျှောက်ထား ရှိ၍ ၎င်းကပ္ပိတန်ကို မေးမြန်းရန် လွှတ်တော်သို့ လာရောက်စေရမည့် အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၂၃။ ။ ရန်ကုန်ခေါ်သင်္ဘော ကပ္ပိတန်ကို မေးရာ မင်းလှကင်းတော်မှာ တစ်နာရီခွဲခန့် ရပ်ဆိုင်းပြီးမှ ဆန်တက် ကြောင်း ထွက်ဆို၊ နောင် အကောက်တော် အစိုးရတို့က အခွင့်မရဘဲ မဆန်မတက်ပါ ခံဝန်ချက်ချသော ကြောင့် မြန်မာ ၂ နာရီထက် မလွန်စေရ ကြည့်ရှုပြီးလျှင် စုန်ဆင်း ဆန်တက်စေရမည့်အကြောင်း။

၁၂၃၈ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ ဤတာလျံနိုင်ငံသွား မြန်မာသံတော် အရာရှိတို့ပြန်လျှင် လန်ဒန်မြို့တော်မှစ၍ ဝင်ထွက်လိုရာ ဝင်ထွက်၊ မဟာမိတ် လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံအောင် စာပေးမှာထားမည့် အကြောင်း။

---

၁။ ၁၂ ဇူလိုင် ၁၈၇၆ ၂။ ၃ စက်တင်ဘာ ၁၈၇၆ ၃။ ၂၀ မေ ၁၈၇၆ ၄။ ၅ ဇွန် ၁၈၇၆

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ ဤတာလျံနိုင်ငံသား မြန်မာသံတော်တို့ ၎င်းနိုင်ငံက ပြန်လာလျှင် ဝင်ထွက်သင့်ရာ ဝင်ထွက်ရန် ရာဇသံလက်ဆောင်တော်များကို မြဲတိုက်သံတော်ဆင့် နေမျိုးသိဒ္ဓိကျော်စွာကို ပေးအပ်၊ ၎င်းနိုင်ငံရှိ သံတော်တို့ထံ စေလွှတ်ပေးပို့စေမည်ဖြစ်၍ နှောင့်ယှက်မရှိ ဆောင်ယူသွားလာနိုင်အောင် စာပေးမှာထားမည့်အကြောင်း။

---

## ၃၂၁ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဤတာလျံနိုင်ငံရှိ သံတော်အရာရှိတို့ထံ ရာဇသံ လက်ဆောင်တော် အပို့စေလွှတ်သူကို ယခုလဆန်း ၈ ရက်နေ့ စေလွှတ်မည်ဖြစ်၍၊ ၎င်းသူတွင် အပ်လိုက်ရန် အရေးပိုင်မင်းက ရန်ကုန်မြို့ရှိ အကောက်ဝန်မင်းသို့ ပေးရန်စာကို လွှတ်တော်သို့ ပေးပို့လာစေလိုကြောင်း။

၁၂၃၈ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ ဘင်္ဂလားမြို့အပိုင် ဆီလွှတ်မြို့နေ ပသီလူမျိုး အာပဒူမဂျီ၊ သား မာမတ်ဒလင်တို့ အရောင်းအဝယ်လာရာ ခန်းပတ်မြို့ ထောင်မှူးအိမ်အနီး ဓားပြတိုက်ခိုက်၊ မာမတ်ဒလင်ကို သတ်ဖြတ်သေဆုံး၊ ဥစ္စာအများ ပါသွားရှိ၍ ၎င်းအမှုကို စစ်ဆေးမေးမြန်း နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ပသီလူမျိုး အာပဒူမဂျီ၊ သား မာမတ်ဒလင်တို့ကို ဓားပြတိုက်ခိုက်သည့် အကြောင်းအရာ မေးမြန်းရန် ခန်းပတ်မြို့ ထောင်မှူးဆိုသူကို ဆင့်ခေါ်ဆဲရှိကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့[2]။

ကလေးထိမ်းငြင်း၊ တမူးခန်းပတ် နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးသို့ လွှတ်တော်က ပေးမှာစာ။

၄။ ။ ဘင်္ဂလားမြို့ ဆီလွှတ်မြို့နေ ပသီလူမျိုး အပဒူမဂျီ၊ သား မာမတ်ဒလင်တို့ အရောင်းအဝယ်လာရာ၊ ခန်းပတ်မြို့ ထောင်မှူးရွာသို့ နေ့အခါဆိုက်ရောက်။ ထောင်မှူးအိမ်နှင့် မြို့ဝန်အိမ်အကြားတွင် မြန်မာ ၃ ယောက်တို့ ပါပစ္စည်းများကို တိုက်ခိုက်လုယက်၊ မာမတ်ဒလင်ကိုလည်း သတ်ဖြတ် သေဆုံးရှိ၍ နေရာကျ ပြုလုပ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိသည့်အရ ၎င်းအမှုကို မေးမြန်းရန် ထောင်မှူးဆိုသူကို ရွှေဘွားတော်အောက်သို့ ဆင့်ဆိုစေလွှတ်၍ မည်သည့်နေ့ စေလွှတ်သည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[3]။

ဓားသွေးကျောက် ကင်းတပ်မှူးဟောင်း ငကျီကို ထပ်မံမေးချက်။

၅။ ။ ခန်းပတ်မြို့ကျေးရွာတွင် ကချင်တို့ မငြိမ်မဝပ်ရှိ၍ စစ်ကဲ ငကျောက်၊ နားခံ ငထောက်တို့နှင့် တက်နေထမ်းရွက်ရမည် ခန်းပတ်မြို့ဝန် အမိန့်နှင့် ထမ်းရွက်သည့်အတွင်း ၁၂၃၅ ခုနှစ်၊ ကင်းစာရေး ငဖြူက ကင်းဝန်း ကင်းပတ်လှည့်ရမည် ဆင့်ဆိုသည့်အရ ကျွန်တော်နှင့် ကင်းတော်နေ ငအောင်မင်း၊ ငမြတ်သာ၊ ငဝိုက်ကြီး၊ ထိမ်းကရား ကင်းတပ်မှူး ငသယ်တို့ ခန်းပတ်မြို့က အတူပြန်လာ။ ကင်းတော်သို့ ဆိုက်ရောက်။ ၂ ရက် ၃ ရက် နားပြီးနောက် ကင်းဝန်း ကင်းပတ်လှည့်ရာ ကင်းတော်နှင့် ၃ တိုင်ကွာ တောစခန်း

---

၁။ ၁၉ စက်တင်ဘာ ၁၈၇၆ ၂။ ၉ ဇွန် ၁၈၇၆ ၃။ ၁၀ ဩဂုတ် ၁၈၇၆

ဓားသွေးကျောက်ချောင်းအနီးတွင် ကုလား ၁ လည်ပင်းမှာ ၂ သစ်ခန့် ပေါက်ပြတ်သည့် ဒဏ်ရာနှင့် သေဆုံး တွေ့မြင်သည်ကို မှတ်သား၊ အထက်အစိုးရကြီးများထံ လျှောက်ထားကာလ သဂြိုဟ်ရမည် ဆင့်ဆို၍ ရဟန်းသံဃာ မြို့ရွာနေလူတို့ အသိအမြင် သင်္ဂြိုဟ်ရကြောင်း။

မည်သည့်အကြောင်းကြောင့် သေဆုံးသည် မကြားမသိ။ ထောင်မှူးအိမ်နှင့် မြို့ဝန်အိမ်အကြားတွင် ဓားပြတိုက်ခိုက်ခံရကြောင်း၊ သား မာမတ်ဒလင်ကို သတ်ဖြတ်ခံရကြောင်းနှင့် အဘ အပဒူမဂျီ ဆိုသူက မည်သည့်အခါမှ မတိုင်တန်းဖူးကြောင်း။ နောက်မကြာမီ ကျွန်တော် ကင်းတပ်မှူး မလုပ်လို၍ ကင်းစာရေးနှင့် ရွှေဘွားတော်အောက်သို့ လိုက်လာ၊ ဆိုင်ရာ ကင်းတပ်ဗိုလ်ထံ ပြောဆို၊ နေရင်း ခန်းပတ်မြို့သို့ ပြန်သွား၊ ၂ နှစ်ကျော် ၃ နှစ်ခန့်ရှိမှ ခန်းပတ်မြို့ဝန်က မှာစာပါရှိသည်ဆို၍ ရွှေဘွားတော်အောက်တင်ပို့၊ မေးမြန်းခံရကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ခန်းပတ်မြို့သို့ အရောင်းအဝယ်လာသူ၊ ဘင်္ဂလားမြို့နေ အပဒူမဂျီတို့ ဓားပြတိုက်ခိုက်ခံရမှုတွင် ကင်းတပ်မှူးဟောင်း ငကျီကို မေးရာ အထက် (၅) မှတ်ပါအတိုင်း ထွက်ဆိုရှိကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့။

၁၈၇၆ ခု၊ ဩဂုတ်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ အပဒူမဂျီတို့ ဓားပြတိုက်ခိုက်မှု အကြောင်းအရာ ယခုလဆန်း ၃ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပြန်စာတွင် ၁၂၃၅ ခုနှစ်အတွင်း အလောင်းကိုတွေ့ရှိ သင်္ဂြိုဟ်ရကြောင်းနှင့် ပါရှိသည်။ ၃၇ ခုနှစ်အတွင်း တိုက်ခိုက်ခံရကြောင်း၊ ၇ လခန့်သာ ရှိသေးကြောင်းနှင့် တိုက်ခိုက်ခံရသူက လျှောက်ထားရှိသည်။ သို့ဖြစ်၍ အကြောင်းအရာကုန် မေးဆေးရန် တိုက်ခိုက်ခံရသူကို စေလွှတ်လိုက်ကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။ [2]

အပဒူမဂျီကို အာကာဟာခံနာလီ စကားပြန်စေ၍ မေးချက်။

၈။ ။ ကျွန်တော်နှင့် သား မာမတ်ဒလင်တို့ အဖိုး ၆၂၅ တန် နံ့သာဆီချိန် ၂၈၀၊ ၅၄ တန် သက္ကလတ်အကျီ ၂၊ ၅ တန် ဘာသာရေးကျမ်းစာအုပ် ၁၊ ကုန်ဝယ်ရန် ငွေ ၅၀၀ိ နှင့် ၁၂၃၇ ခုနှစ်၊ သီတင်းကျွတ်လအတွင်း နေရင်း ဆီလွှတ်မြို့မှ ထွက်လာ။ ရက်ပေါင်း ၁၂ ရက်နှင့် မဏိပူရသို့ ဆိုက်ရောက်၊ မကျန်းမာရှိ၍ ပါပစ္စည်းများကို မဏိပူရ အရေးပိုင်ထံအပ်နှံ၊ ၃ လခန့် ရပ်ဆိုင်းနေထိုင်ပြီးမှ တမူး ခန်းပတ်မြို့သို့ ထွက်လာ၊ တမူးကင်းတော်သို့ ဆိုက်ရောက်၊ တစ်ညအိပ်နေ၊ ၎င်းက ထွက်လာ၊ ကင်းတော်နှင့် ခရီး ၂ တိုင်ခန့်ကွာ တောစခန်းတွင် ဓားပြ ၃ တို့ ပါပစ္စည်းများကို လုယူ၊ သေနတ်နှင့်ပစ်၍ သားမာမတ်ဒလင် သေဆုံး၊ ကျွန်တော် တမူးကင်းတော်သို့ ထွက်ပြေးပြန်လာ၊ တိုင်တန်းရာ ည ၄ ချက်တီးကျော် အချိန်ဖြစ်၍ ကင်းတော်နေလူ ၂ တို့ မီးစည်းနှင့်လိုက်လာ၊ သွေးစက်သွေးကွက်နှင့် သေဆုံးသည့်နေရာကိုသာ တွေ့ရှိ၊ ကင်းတော်သို့ပင် ပြန်လာ၊ ၂ ရက် ရပ်ဆိုင်း၍ မဏိပူရသို့ ပြန်သွား၊ အရေးပိုင်ထံ ပြောဆိုရာ ၎င်းက မန္တလေးရှိ အရေးပိုင်ထံပေး ဘာသာရေးစာ ၁၊ မဟာရာဇာက သောင်သွပ်စော်ဘွားကြီးထံ ဘာသာရေး ပေးစာ ၁၊ မဏိပူရနေ ဆာပူက သောင်သွပ်စော်ဘွားကြီးထံ မြန်မာရေး ပေးစာ ၁ များနှင့် ရွှေဘွားတော် အောက် စေလွှတ်၍လာရာ တမူးကင်းတော်သို့ ဆိုက်ရောက်၊ ကင်းတော်က ဘာသာရေးစာ ၂ ကို သိမ်းယူ၊ စာ ၁ နှင့် စော်ဘွားကြီးထံ ဆိုက်ရောက်၊ စာကို တင်ပြ၊ စော်ဘွားကြီးက တစ်လခန့် နေစေပြီးမှ ရွှေဘွားတော်အောက်သို့ စေလွှတ်တက်လာ၊ အကြောင်းအရာကို အင်္ဂလိပ် အရေးပိုင်ထံ လျှောက်ထား ရကြောင်း။ ကျွန်တော်တို့ တမူးကင်းတော်ကထွက်စဉ် အဖော်မပါ၊ ဓားပြမတိုက်မီ လမ်းခရီးတွင် ကျေးရွာ

၁။ ၂၁ ဩဂုတ် ၁၈၇၆ ၂။ ၂၄ ဩဂုတ် ၁၈၇၆

မရှိ၊ တိုက်ခိုက်သည့်နေရာက ၅၀၀ တာခန့် ကွာတွင်သာ ကျေးရွာရှိသည် ထင်ကြောင်း၊ ၎င်းကျေးရွာ အမည်ကို တပ်ရာ မသိကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ အပဒူမဂျီကို အရေးပိုင်မင်းက ဆင့်ဆိုစေလွှတ်၍ မေးရာ၊ အထက် (၈) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ ၎င်းထွက်ချက်နှင့် အထက်အရေးပိုင်က ၎င်းအကြောင်းအရာပေးစာ မညီရှိသောကြောင့် ထွက်ချက်များကို ပေးအပ်ပြီးလျှင် နီးစပ်သည့် မြို့ရွာအကြီးအအုပ်တို့နှင့် ကင်းတော်နေလူတို့ကို မေးမြန်းလျှောက်ထား ရမည် တမူးခန်းပတ်မြို့ဝန် နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[1]။

ကလေးထိမ်းငြင်း တမူးခန်းပတ်မြို့ဝန် နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးသို့ ပေးမှာစာ။

၁၀။ ။ အပဒူမဂျီတို့ အကြောင်းနှင့် နတ်ကျွန်းအောင်မြေ ကင်းတပ်မှူး မဟာမင်းကျော်မင်းတင်တန်ဆောင်းက ပို့အပ်သူ စားသွေးကျောက် ကင်းတပ်မှူးဟောင်း ငကျီကို မေးရာ၊ အထက် (၅) မှတ်ပါအတိုင်း ထွက်ဆို ခံဝန်သည့်အရ အင်္ဂလိပ် အရေးပိုင်ထံ စာပြန်ရာ၊ ဝန်ရှင်တော်မင်းကြီး ပြန်စာနှင့် အပဒူမဂျီ လျှောက်ချက် ကွဲလွဲရှိ၍ သိသာကွဲပြား မေးဆေးရန် အပဒူမဂျီကို စေလွှတ်ကြောင်းနှင့် စာပြန်စေလွှတ်ရှိ၍ မေးမြန်းကာလ အထက် (၈) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ ၎င်းထွက်ချက်ပါ တိုက်ခိုက်ခံရသည့် ရပ်ကွက်နှင့် နီးစပ်သည့် မြို့ရွာအကြီးအအုပ်တို့နှင့် စစ်မေးသင့်သူတို့ကို စစ်မေး၍ ထွက်ချက်များနှင့်တကွ နေရာကျ လျှောက်ထား ရမည့် အကြောင်း။

၁၂၃၈ ခု ၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[1]။

သောင်သွပ်စော်ဘွား အမတ်တို့ကို ပေးမှာစာ။

၁၁။ ။ အင်္ဂလိပ် အရေးပိုင်က ဆင့်ဆိုစေလွှတ်သည့် အပဒူမဂျီကို မေးရာ၊ အထက် (၈) မှတ်ပါအတိုင်း ထွက်ဆို ရှိ၍ ၎င်းထွက်ချက်ပါအတိုင်း မဏိပူရမြို့နေ ဆာပူက သောင်သွပ်စော်ဘွားကြီးထံ ပေးစာဆို၍ အပဒူမဂျီက တင်ပြသည် မတင်ပြသည်၊ တင်ပြလျှင် မည်သည့်နှစ် လ ရက်က ဖြစ်သည်၊ မည်သည့်အကြောင်းနှင့် ပေးစာ ဖြစ်သည်များကို ဆာပူက ပေးစာလက်ခံနှင့်တကွ နေ့ရက်မကြာ တင်ပို့လျှောက်ထားရမည့်အကြောင်း။

၁၂၃၈ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ (တင်)[2]။

နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးက လွှတ်တော် လျှောက်စာ။

၁၂။ ။ အပဒူမဂျီနှင့် သား မာမတ်ဒလင်တို့ တိုက်ခိုက်ခံရမှုတွင် ကင်းတပ်မှူး ငရန်အောင်၊ ရွာတော်နေ လူတို့နှင့် အခြားစစ်မေးသင့် မြို့သူကြီး ငစောနေ၊ တပ်အုပ် ငနိုင်၊ တပ်ရေး ဘိုးကာတို့ အစစ်ခံ ထွက်ဆိုချက်များကို တင်ပို့ ဆက်သပါကြောင်း။

၁၂၃၈ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ (တင်)[2]။

သောင်သွပ်စော်ဘွား အမတ်တို့က လွှတ်တော် လျှောက်စာ။

၁၃။ ။ တမူး ခန်းပတ်မြို့နယ် ကျေးရွာများတွင် ကြောင်းရာထူးတွေ့ရှိလျှင် ကျွန်တော်မျိုးတို့ သိရပါကြောင်း၊ အပဒူမဂျီက ရှေ့လွှတ်တော်တွင် လျှောက်ထားသည့် စားပြမှု ဆိုသည်ကို မကြားမသိပါကြောင်း၊ ၁၂၃၇ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့ ကုလားဟာစီ ဆိုသူ လာရောက်၊ ဘာဘူက ပေးစာဆို၍ တင်ပြ၊ ၎င်းစာလည်း ကုလားဟာစီကို သခင်စော်ဘွားက စောင်မကြည့်ရှုမည့်အကြောင်းနှင့် ပေးစာဖြစ်ကြောင်း၊ ဟာစီကို မေးရာတွင်လည်း အကြောင်းထူးမရှိ၊ ဆွေမျိုးရှိရာ မန္တလေးမြို့သို့သွားပြီးလျှင် မဟာမုနိဘုရားကို ဖူးမြော်လို၍ လာရောက်ပါသည် ထွက်ဆိုရှိ၍ ဟာစီ တင်သည့် ဘာဘူ ပေးစာနှင့်တကွ ပို့ဆက်ပါကြောင်း။

---

၁။ ၅ စက်တင်ဘာ ၁၈၇၆ ၂။ ၂၉ ဇန်နဝါရီ ၁၈၇၇

၁၂၃၀ ခု ၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ အပဒ္ဒမင်္ဂါတို့ အမှုအကြောင်းအရာကို အသီးအသီး ဆင့်ဆိုမေးမြန်းရာ နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးက (၁၂) မှတ်ပါအတိုင်း၊ သောင်သွပ်စော်ဘွား အမတ်တို့က (၁၃) မှတ်ပါအတိုင်း တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၃၀ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ ရခိုင်အဝင် အမ်းရွာနေ ငရွှေအိုင်၊ ငကော်တို့ နေအိမ်ကို ၁၂၃၆ ခု တပို့တွဲလဆန်း ၆ ရက်နေ့ တိုက်ခိုက်သည့် ဓားပြတို့အနက် ဖမ်းဆီးရမိသူ ငကောက်ကြီးက အထက် အမ်းနေရင်းလူတို့နှင့် လူပေါင်း ၁၁၊ ငချူ ဗိုလ်ပြုလုပ် တိုက်ခိုက်ကြောင်း ထွက်ဆိုရှိ၍ ၎င်းတို့အနက် ပေးအပ်သင့်သူကို ပေးအပ်၊ စီရင်သင့်သူကို စီရင်မည့်အကြောင်း၊ ဓားပြတို့ အမည်နေရပ်စာရင်း၊ အစစ်ခံထွက်ချက်များကို ပေးပို့လိုက်ကြောင်း။

ကျောက်ဖြူမြို့ အရေးပိုင်ရုံးတွင် အမ်းရွာတိုက် ဓားပြမှု
ဘာသာရေးအတိုက်ခံရသူ ငရွှေအိုင်ကို စစ်မေးချက်၊ မြန်မာပြန်ချက်။

၁၆။ ။ ၁၂၃၆ ခု၊ တပို့တွဲလဆန်း ၆ ရက်နေ့ ကျွန်တော်တို့နေအိမ်တိုက် ဓားပြတို့အနက် မြို့သစ်မြို့နေ ငချူကို မှတ်မိသည်။ ၎င်းလည်း မဘဲမြို့ဝန် ယောက်ဖဟု ပြောကြသည်။ တိုက်ရာပါပစ္စည်း တစ်စုံတစ်ရာ ပြန်၍ မရပါ။ အထက် ၂ နှစ်လောက်က အမ်းရွာတွင် နေထိုင်ဖူးသူ ငချိန် အသံကိုလည်း မှတ်မိလိုက်သည်။

၁၂၃၀ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ အမ်းရွာတွင် ဗိုလ်ပြုလုပ် တိုက်ခိုက်သူ ငချူနှင့် အပေါင်းပါလူ ၁၀ တို့ ဝန်စုပါ နယ်မြေကျေးရွာအတွင်း ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည်၊ မင်းတုန်းတောင်စဉ် ၇ ခုနစ်ခရိုင် မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၀ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၁၈။ ။ ဆင့်ဆိုပေးအပ်လိုက်သည့် အမည်စာရင်းပါ ဓားပြတို့ ဝန်စုပါ မြို့ရွာနယ်မြေအတွင်း ရှိနေလျှင် နေ့ရက်မကြာ ဖမ်းဆီးပို့အပ်ရမည့် အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အမ်းရွာတိုက် ဓားပြအမည်စာရင်းပါ ငထွန်းဦး၊ ငတောင်ရိုး၊ ငကျောက်ခဲ၊ ငကျောက်ဘူး ဆိုသူတို့ စာပါ မြို့ရွာများတွင် မည်သည့်အခါကမှ မရှိမနေ။ ငချူ၊ ငကြာရိုး၊ ငထွန်းအောင်၊ ငအောင်သာ၊ ငချိန်၊ ငအောင် ဆိုသူတို့ကိုသာ တွေ့ရှိပို့အပ်ရကြောင်းနှင့် လျှောက်ထား ပို့အပ်ရှိ၍ စစ်မေးရာ ကျွန်တော်တို့ အမ်းရွာနေ မဟုတ်၊ နိုင်ငံတော် မဘဲမြို့၊ ပတိမ်းမြို့အဝင် မောင်းတိုင်ရွာတွင် အိုးအိမ် အတည်အကျနှင့် ထာဝရ ရောင်းဝယ်ကူးသန်း လယ်ယာလုပ်ကိုင် စားသောက်နေထိုင်သည်ကို ရဟန်းသံဃာ မြို့ရွာနေလူတို့ အသိ။ ငရွှေအိမ်၊ ငကော်တို့အိမ်ကို မည်သည့်အခါကမှ မတိုက်မခိုက်။ အပေါင်းအပါဆိုသူ ထွန်းတို့နှင့်လည်း မသိမကျွမ်း မပေါင်းမသင်းဖူးဖြစ်၍ တိုက်ခိုက်စဉ် သိမြင်သည်စုံသူတို့နှင့် စုံညီရှင်းလင်းဝံ့ကြောင်း အစစ်ခံ ထွက်ဆိုကြ၍ ရှိသော်လည်း နေရာကျ မသိရသောကြောင့် ချုပ်ထားရှိကြောင်း။ ၎င်းတို့ကို တိုက်ခိုက်စဉ် သိမြင်သူတို့နှင့် တိုက်ဆိုင် ထပ်မံရှင်းလင်းရမှ စီရင်နိုင်ရန်ရှိ၍ သိမြင်သူတို့ကို လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

---

၁။ ၇ ဖေဖော်ဝါရီ ၁၈၇၇ ၂။ ၁၅ ဩဂုတ် ၁၈၇၆

## ၃၂၂ မှတ် ပုရပိုက်တွက်။

၁၂၃၈ ခု။

မဘဲမြို့နေ ငရူ၊ ငချိန်၊ ငအောင်သာတို့ လျှောက်ချက်။

၁။ ။ အမ်းရွာတိုက် စားပြမှုကို သိသူတို့နှင့် စုံညီစစ်မေးခံရမည်ဆို၍ ၈ လကျော် ၉ လခန့် ရှည်ကြာစောင့်ဆိုင်း၊ စရိတ်ကျကုန်သည် တစ်ရပ်၊ မကျန်းမာသည် တစ်ရပ်များကြောင့် အမှုသည် မလာမရောက်မီ ခံဝန်သူနှင့် နေရင်းမြို့ရွာသို့ ပြန်သွားပါရမည့် အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငရူတို့ကို ရှင်းလင်းရန် ချုပ်ထားရှိကြောင်း စာပြန်ပေးရှိသည်ကို ၆ လကျော်ခန့်ရှိမှ သိသူတို့ကို မစေလွှတ်၊ အကြောင်းအရာ မကြားမသိရဖြစ်၍ ဆင်းရဲသားတို့ စီးပွားအလုပ်အဆောင်ပျက် စောင့်ဆိုင်းနိုင်ရန် မရှိသောကြောင့် နေရင်းမြို့သို့ ဆင့်ဆိုပြန်သွားစေမည့် အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ငရူတို့အကြောင်းနှင့် အထက် (၂) မှတ်ပါ စာကို အရေးပိုင်မင်းထံ ထပ်မံပေးရာ ရန်ကုန် အရေးပိုင်ကြီးထံ ပေးပို့ဆဲဖြစ်၍ ငရူတို့ကို အချုပ်မှမလွှတ် ရပ်ဆိုင်းမည့်အကြောင်း စာတစ်ကြိမ်၊ သိသူတို့ကို မစေလွှတ်နိုင်ရှိ၍ အမှုကိုသာ မှန်ရာစီရင်မည့်အကြောင်း စာတစ်ကြိမ် ပို့ရောက်သည်မှာ သိသူတို့ကို မစေလွှတ်နိုင်ရှိသည့်အတိုင်း ချုပ်ထားသူ ၆ ဦးတို့တွင် မှုဘက်ပြစ်ဝန်တင်ရှိအောင် မပြောမဆိုနိုင်ဖြစ်၍ ပြန်လွှတ်သင့်သော်လည်း ၎င်းတို့ထွက်ချက်အရ မြို့ရွာ ရဟန်းသံဃာတို့ကို လျှောက်ထား၊ မြို့ရှင်ရွာရှင်တို့ကို ထပ်မံမေးမြန်းရာ မည်သည့်အခါကမှ ဆိုးသွမ်းဖူးသည် မရှိ၊ နိုင်ငံတော် မြို့ရွာများတွင် ထာဝရနေထိုင် လုပ်ကိုင်စားသောက်သူဖြစ်ကြောင်း ဂိုဏ်းအုပ် ဂိုဏ်းထောက် သံဃာတော်တို့ မိန့်ဆိုချက်၊ မြို့ရှင်ရွာရှင်တို့ ထွက်ဆို လျှောက်ထားချက်များတွင် သိသာသည့်အတိုင်း ငရူတို့ကို နေရင်း မြို့ကျေးရွာသို့ ပြန်သွားနေထိုင်စေမည့် အကြောင်း။

၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့[၃]။

၁၈၇၆ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မြစ်စဉ်တစ်လျှောက် ညအခါ အစုန်အဆန် သင်္ဘောတော်များမှာ ရှောင်လွှဲသာအောင် ပေးပို့လိုက် ထုံးစံဥပဒေအတိုင်း မီးထွန်းလင်းစေမည့် အကြောင်း။

မီးထွန်းရန် ဥပဒေချက်

ပထမ။ ။ ညအခါသွားသင်္ဘော လက်ယာဘက် စက်ပေါင်းပေါ်တွင် မီးစိမ်း၊ လက်ဝဲဘက် စက်ပေါင်းပေါ်တွင် မီးနီ၊ ရွက်တိုင်များတွင် မီးဖြူ၊ သင်္ဘောချင်းတွေ့၍ ရှောင်လျှင် မီးနီဘက်။

ဒုတိယ။ ။ သင်္ဘောဆိုက်ရပ်လျှင် ရွက်တိုင်များတွင် ထွန်းမီးကို ရွက်တိုင် တစ်ဝက်တွင် လျှော့ချ ထွန်းရမည်။ အခြားမီးများကို မထွန်းရ။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အရေးပိုင်မင်းက ပေးပို့လိုက်သည့် သင်္ဘောတော်များတွင် မီးထွန်းလင်းရန် ထုံးစံဥပဒေအတိုင်း သင်္ဘောတော် အကြီးအကြပ်တို့ကို ဆင့်ဆိုရှိကြောင်း။

---

၁။ ၃၀ ဒီဇင်ဘာ ၁၈၇၆ ၂။ ၂၇ ဖေဖော်ဝါရီ ၁၈၇၇ ၃။ ၁၂၃၈ ခု၊ တန်ခူးလပြည့်ကျော် ၉ ရက် ဖြစ်မည်။ ၄။ ၁၅ ဇွန် ၁၈၇၆

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ မြေထဲမြို့ အာလံနှင့် သနပ်ရွာအကြား ကုန်သည်တို့ကို တိုက်ခိုက်ထွက်ပြေးသည့် ငပိုက်ကြီး၊ ငမေးတို့ တောင်တွင်းမြို့တွင် ခိုဝင်ရှိနေ၍ ပေးအပ်မည့် အကြောင်းနှင့် ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ ပေးစာအရ စာပြန်မည့်အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့[၁]။ (တင်)

အောက်မြစ်စဉ် စစ်ကဲ မလွန် ၃ မြို့ဝန်၊ မြစ်စဉ်အခွန်က လျှောက်စာ။

၇။ ။ လွှတ်တော်မှာစာ လာရောက်နာခံပါရသည့်အတိုင်း ကူလီလုပ်လာသူတို့နှင့် မြင်းကုန်သည်တို့ကို ဗိုလ်ပြုလုပ်တိုက်ခိုက်သူ မြန်မာနယ်နေ ငမောက်၊ အာလံနှင့် သနပ်ရွာအကြား ကုန်သည်တို့ကို တိုက်ခိုက်သူတို့အနက် ထွက်ပြေး၍ ဆင်ပေါင်ဝဲ စီရင်စု စမ်းအိုင်ရွာတွင် ခိုဝင်ရှိနေသူ ငပိုက်ကြီး၊ ငမေးတို့ကို ထောက်လှမ်းရာ ငမောက်မှာ ဝန်စုပါမြို့ရွာတွင် မရှိမနေဖူးကြောင်း။ ငပိုက်ကြီးမှာ ငပိုက်ထွေးအမည်နှင့် တောင်တွင်းကြီးမြို့တွင် သစ္စာခံ ပြုလုပ်နေထိုင်ကြောင်း၊ ငမေးမှာ ဆင်ပေါင်ဝဲ စီရင်စု စမ်းအိုင်ရွာ သောအောင်အိမ်တွင် မနေဖူးကြောင်း၊ ကျေးရွာတွင် အမြဲနေ ငမေးသာရှိကြောင်း၊ လက်သည်းကုန်းရွာတွင်လည်း ချင်းလူမျိုး ငမေး ရှိကြောင်းများနှင့် ရွာသူကြီး ရွာခေါင်းတို့ ထွက်ဆိုရှိ၍ စစ်မေးရာ မဟုတ်မမှန်ကြောင်း ထွက်ဆို၍ရှိသော်လည်း စာပါ ငမေးနှင့် အမည်တူ ငမေးတို့ကို ချုပ်ထားရှိပါ၍ ငမေး ၂ ယောက် အနက် မည်သူကို ပို့အပ်ရမည် အမိန့်ဆင့်ဆိုရာ နာခံပါရမည့် အကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်မင်း တောင်းစာပါ ဓားပြ ငပိုက်ကြီး၊ ငမဲ့တို့ အကြောင်းအရာကို အထက် (၇) မှတ်ပါအတိုင်း အောက်မြစ်စဉ် စစ်ကဲ မလွန် ၃ မြို့ဝန်က လျှောက်ထားရှိ၍ ဟုတ် မဟုတ်ကို ကျောက်တိုင်တောင်ဘက်နေ သိသူတို့နှင့် စုံညီမေးမြန်းရမှ ရှင်းလင်းသိသာမည် ဖြစ်သောကြောင့် သိသူတို့ကို အရေးပိုင်မင်းက လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[၃]။

အောက်မြစ်စဉ် စစ်ကဲ မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ ဓားပြ ငမေးကို သိသူ ကျောက်တိုင်တောင်ဘက်နေ လူတို့ လာရောက်ကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ ဓားပြ ငမေး ဟုတ် မဟုတ်ကို သိသူတို့နှင့် စုံညီမေးမြန်းရန် ချုပ်ထားသည့် အမည်တူ ငမေး ၂ တို့ကို သင့်ရာလူဘက်ထည့်၊ ရွှေဘွားတော်အောက်ပို့၍ မည်သည့်နေ့ တင်ပို့သည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ငမေးနှင့် စုံညီစစ်မေးရန် ကျောက်တိုင်တောင်ဘက်က လာရောက်သူ သက်သေ ငအို၊ ငမြတ်ကြွင်းတို့ကို ၎င်းလပြည့်ကျော် ၁၂ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်တွင် လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၆ ခု၊ ဩဂုတ်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ဝန်ရှင်တော်မင်းကြီး ပေးစာအရ ငမေးနှင့် စုံညီစစ်မေးရန် သိသူ သက်သေ ငအို၊ ငမြတ်ကြွင်းတို့ကို စေလွှတ်လိုက်ကြောင်း။

---

၁။ ၁၄ မေ ၁၈၇၆ ၂။ ၁၅ ဇွန် ၁၈၇၆ ၃။ ၃ ဩဂုတ် ၁၈၇၆

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

အာလံမြို့ ပုဏ္ဏားရွာ တပ်အမှုထမ်း မြေတ်ကြွင်း၊ ၎င်းမြို့ ရေနံကြီးရွာ အိုတို့ကို မေးချက်။

၁၂။ ။ အာလံမြို့နှင့် သနပ်ရွာအကြား ကုန်သည်တို့ကို တိုက်ခိုက်သူတို့ကို သိ မသိ သရက်အရေးပိုင်က မေးမြန်း၍၊ မြင်လျှင် သိရန်ရှိကြောင်း ပြောဆိုသည့်အရ ဆင့်ဆိုစေလွှတ် လာရောက်ရကြောင်း။ တိုက်ခိုက်သူလည်း ငမေး မဟုတ်၊ ငမဲ့ ဖြစ်ကြောင်း၊ တိုက်ခိုက်သူ ငမေး ဖြစ်ကြောင်း၊ ငမေးကို သိကြောင်း မပြောမဆို။ ယခုပြသည့် ငမေး ၂ ယောက်ကို မသိဖူးကြောင်း၊ တိုက်ခိုက်သူလည်း မဟုတ်ကြောင်း၊ သိသူ ငမဲ့ မည်သည့်မြို့ရွာတွင် နေသည်ကို မသိကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ မြေတ်ကြွင်းတို့ကို ငမေးတို့နှင့် စုံညီပြသ မေးမြန်းရာ၊ အထက် (၁၂) မှတ်ပါအတိုင်း မြေတ်ကြွင်းတို့ ထွက်ဆိုရှိ၍ ၎င်းတို့ ထွက်ချက်နှင့်တကွ ပို့လာစေကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့။

၁၈၇၆ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့။

၁၄။ ။ မြေတ်ကြွင်းတို့ ထွက်ချက်ပါ တာ:ပြ ငမဲ့ကိုပင် ငမေးနှင့် ငမဲ့ အင်္ဂလိပ်ဘာသာက မြန်မာ အပြန်အဆို ကွဲသည်ဖြစ်၍ ငပိုက်ကြီး၊ ငမဲ့တို့ကို နယ်ရှင်တို့သို့ ထပ်မံဆင့်ဆို ဖမ်းဆီးပါမည့် အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ အထက် (၁၄) မှတ်ပါ အရေးပိုင်မင်း ပို့ရောက်စာအရ ငမဲ့ဆိုသူ ဝန်စုပါ မြို့ရွာတွင် ရှိနေလျှင် ဖမ်းဆီး ပို့အပ်ရမည် မလွန် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။ ငပိုက်ကြီးမှာ တောင်းစာပါ မြို့ရွာတွင် မရှိမနေကြောင်း နှင့် မလွန် ၃ မြို့ဝန် လျှောက်ထားရှိသည့်အတိုင်း ၁၂၃၈ ခု နယုန်လပြည့်ကျော် ၉ ရက်နေ့ တစ်ကြိမ်၊ ၎င်းနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့ တစ်ကြိမ် အရေးပိုင်မင်းထံ စာပြန်ပေးပို့ရှိကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့။

မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၁၆။ ။ ကျောက်တိုင်တောင်ဘက် အာလံနှင့် သနပ်ရွာအကြားတွင် ကုန်သည်တို့ကို တိုက်ခိုက်သူ တာ:ပြငမဲ့ ဝန်စုပါ မြို့ရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၂]။ (တင်)

မလွန် ၃ မြို့ဝန်က လျှောက်စာ။

၁၇။ ။ အာလံ သနပ်ရွာအကြား တိုက်တာ:ပြ ငမဲ့ ရှိ မရှိ ဆင့်ဆိုထောက်လှမ်း မေးမြန်းရာ၊ ငမဲ့ မရှိနေကြောင်း နှင့် မြို့သူကြီး ရွာသူကြီးတို့ ထွက်ဆို၊ ထောက်လှမ်း မေးမြန်းမရ ရှိပါကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ တာ:ပြငမဲ့ အကြောင်းနှင့် မလွန် ၃ မြို့ဝန် ဆင့်ဆိုရာ၊ အထက် (၁၇) မှတ်ပါအတိုင်း လျှောက်ထားရှိကြောင်း။

၁၂၃၉ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့။

၁၈၇၇ ခု၊ မေလ ၁၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ တာ:ပြ ငပိုက်ကြီး၊ ငမဲ့တို့ကို ဖမ်းဆီးရမိ ချုပ်ထားရှိကြောင်းနှင့် မလွန် ၃ မြို့ဝန်က ပို့ရောက်စာနှင့်တကွ သရက် အရေးပိုင်က စာပို့ရောက်ရှိပါ၍ ငမဲ့တို့နှင့် ရှင်းလင်းရန် သက်သေတို့ကို အရေးပိုင်မင်းက

၁။ ၁၆ ဩဂုတ် ၁၈၇၆ ၂။ ၁၂ စက်တင်ဘာ ၁၈၇၆ ၃။ ၉ မေ ၁၈၇၇ ဖြစ်မည်။

ထပ်မံဆင့်ဆို မှာထားရှိကြောင်း။ ချုပ်ထားသူ ငမဲ့တို့ကို မြို့တော်သို့ ပို့အပ်ရန် ဝန်ရှင်တော်မင်းကြီးက ဆင့်ဆိုခေါ်ယူမည့်အကြောင်း။ သရက်မြို့ အရေးပိုင်ထံ မလွန် ၃ မြို့ဝန်က ပို့ရောက်သည့် စာလက်ခံကိုလည်း ကူးယူပေးပို့လိုက်ကြောင်း။

၁၂၃၉ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ဓားပြ ငပိုက်ကြီး၊ ငမဲ့တို့ကို ဖမ်းဆီးရမိ ချုပ်ထားသည်မှန်လျှင် နေ့ရက်မကြာ ရွှေဘွားတော်အောက်သို့ ပို့အပ်လာစေရမည့် အကြောင်းနှင့် မလွန် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ နယုန်လဆန်း ၂ ရက်နေ့[၂]။

မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၂၁။ ။ ဓားပြ ငမဲ့တို့အကြောင်းနှင့် ရွှေမြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်က အထက် (၁၉) မှတ်ပါ ပို့ရောက်သည့် စာအတိုင်းမှန်လျှင် ငမဲ့တို့ကို နေ့ရက်မကြာ ရွှေဘွားတော်အောက် ပို့အပ်လာစေ၍ မည်သည့်နေ့ ပို့အပ်လာစေသည်ကို လျှောက်ထားရမည့် အကြောင်း။

---

## ၃၂၃ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

၁၈၇၇ ခု၊ မေလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဓားပြငမဲ့တို့နှင့် စုံညီစစ်မေးရန် သက်သေ ငတိုး၊ ငမြတ်ဦး၊ ငသာထွန်းအောင်၊ ငလူကြီးတို့ကို သရက်မြို့ အရေးပိုင်က စေလွှတ်ပို့ရောက်ရှိ၍ မည်သည့်နေ့ တိုက်ဆိုင် ရှင်းလင်းနိုင်မည်ကို စာပြန်မည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဖမ်းဆီးရမိသူ ဓားပြ ငပိုက်ကြီး၊ ငမဲ့တို့ကို မလွန် ၄ မြို့ဝန်က ရွှေဘွားတော်အောက်သို့ ပို့စေရာ၊ လမ်းခရီး ထွက်ပြေးရှိကြောင်း ကြားသိရ၍ ဖမ်းဆီးရမည် မလွန် ၄ မြို့ဝန်သို့ ထပ်မံဆင့်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့။

ငပိုက်ကြီး အစစ်ခံချက်။

(က) နိုင်ငံတော် မြေထဲမြို့သပြေသာရွာတွင် အစ်မ မိဒါလီ၊ လင် ဘားတို့နှင့် နေထိုင်သည့်နောက် နိုင်ငံတော် သရက်မြို့ မိုးနတ်ကုန်းရွာသို့ ရွှေ့ပြောင်း။ မယား၊ အမိတို့နှင့် ၂ နှစ်ကျော် ၃ နှစ်ခန့် လယ်ယာလုပ်ကိုင် စားသောက်နေထိုင်။ စီးပွားမဖြစ်၊ မပျော်ပိုက်၍ မိဒါလီရှိရာ တောင်တွင်းကြီးမြို့ မန်းကျည်းကန်ရွာသို့ လိုက်သွား။ သံပြားဗိုလ်ခေါ် ငထွန်းအောင်နှင့် တွေ့ရှိ၊ ရွှေဘွားတော်အောက်သို့ ခေါ်ငင်လိုက်ပါ၊ အမှုတော်ကို တစ်နှစ်ကျော်ခန့် ထမ်းရွက်၊ သစ္စာခံ အမှုထမ်းတို့ ပျက်ပြားရှိလျှင် ကျေးရွာသို့ ပြန်လာ။ မယား မိခင်နှင့် မလွန်မြို့ တောင်ဘက်တိုက် ပိတောက်ပင်ရွာသို့ ကူးပြောင်း၊ လယ်ယာလုပ်ကိုင် စားသောက်နေထိုင်၊ မည်သည့်အခါမှ ဆိုးသွမ်း မတိုက်မခိုက်ဖူးကြောင်း။ ၁၂၃၇ ခု နတ်တော်လအတွင်း ကျွန်တော်နှင့် ငရဲ၊ ငမေး၊ ငမြိုင်၊ အမည်မသိလူ ၁ တို့ ပူးပေါင်း မတိုက်မခိုက်ရကြောင်း။ ၎င်းနှစ်အတွင်း အရပ်တစ်ပါး မသွားမလာသည်ကို ရဟန်းသံဃာ မြို့ရွာနေလူတို့ အသိဖြစ်ကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ လမ်းခရီးထွက်ပြေးသူ ဓားပြ ငပိုက်ကြီး၊ ငမဲ့တို့ကို ဖမ်းဆီးစေရာ ငပိုက်ကြီးမှာ ရမိ၊ ငမဲ့မှာ ခုခံ၍

---

၁။ ၁၀ မေ ၁၈၇၇ ၂။ ၁၃ မေ ၁၈၇၇ ၃။ ၁၂ ဇွန် ၁၈၇၇ ၄။ ၂ နိုဝင်ဘာ ၁၈၇၇

ဓားနှင့် ထိုးခုတ်ဖမ်းဆီး လက်လွန်သေဆုံးကြောင်းနှင့် မြို့ရှင်ရွာရှင်တို့ ထွက်ချက်နှင့်တကွ မလွန် ၄ မြို့ဝန်က လျှောက်ထားပို့အပ်ရှိသောကြောင့် ငပိုက်ကြီးကို စစ်မေးရာ၊ အထက် (၂) မှတ် (က) ပါအတိုင်း ထွက်ဆိုရှိ၍ အထက် အရေးပိုင်မင်း ပေးစာပါ သက်သေတို့ကို ငပိုက်ကြီးနှင့် တိုက်ဆိုင်စစ်မေးရန် ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၉ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့[၁]။ (တင်)

မလွန်၊ မြေထဲ၊ သရက်၊ မကွေး ၄ မြို့ဝန်က လျှောက်စာ။

၄။ ။ ဓားပြ ဘိုးခေါ် ငပိုက်ကြီး၊ ငအောင်မင်းခေါ် ငမဲ့တို့ကို ဖောင်ဝန်မင်းသဘော် အဆန်တွင် အကြီးအကြပ်နှင့် အကျဉ်းပို့ရာ ကွဲ့ရွာဆိပ်ကမ်းတွင် ခြေချင်းကို ချိုးဖြတ်ထွက်ပြေး ဖမ်းဆီးရာ ငပိုက်ကြီးကိုသာ ရမိ၍ ထပ်မံပို့ရကြောင်း။ ငမဲ့မှာ မရမမိ၍ ဖမ်းဆီးရင်းကျေးရွာသို့ လာရောက်လျှင် ဖမ်းဆီးရမည် ၎င်းကျေးရွာသူကြီးတို့ကို ဆင့်ဆိုထားရာ ငမဲ့သည် ငနောင်ဆိုသူနှင့် ပေါင်းသင်း၍ မလွန်မြို့ တောင်ဘက်တိုက် ပိတောက်ပင်ရွာ ငဆင်၊ ငရွှေတူ၊ မိဥ၊ မိညံတို့နေအိမ်တွင် အဖိုး ၂၀၀ ကျော်တန် ရွှေထည်များကို ခိုးယူ တပ်ရာသိ၍ ငမဲ့နှင့် ပေါင်းသင်းသူ သရက်မြို့ မုန်းချောင်းရွာ စီရင်စု ကုလုရွာ ပြေးနေအိမ်သို့ ငဆင်၊ ငဝဲ၊ ငရွှေတူ၊ ငညိုလုတို့ကို စေလွှတ်ဖမ်းဆီးစေရာ ခိုးရာပါပစ္စည်းနှင့် တွေ့ရှိ ဖမ်းဆီးခုခံ ပြုလုပ်၊ ရမိအောင် ဖမ်းဆီးရပါသောကြောင့် လက်လွန်သေဆုံးရှိ၍ မတင်မပို့နိုင်ပါကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၇ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ဓားပြ ငပိုက်ကြီးနှင့် စုံညီစစ်မေးရန် သက်သေ ဘိုး၊ ငရဲ၊ ငလူကြီး၊ ငမြတ်ဦးတို့ လာရောက်ရှိပါ၍ တိုက်ဆိုင်ရှင်းလင်းရန် ခင်ရင်နိုင်မည့် နေ့ရက်ကို စာပြန်ပါမည့် အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ငပိုက်ကြီးနှင့် တိုက်ဆိုင်ရှင်းလင်းရန် သက်သေတို့ကို ၎င်းလပြည့်ကျော် ၆ ရက်နေ့ နံနက် ၁၁ နာရီ အချိန် လွှတ်တော်သို့ စေလွှတ်မည့်အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ငပိုက်ကြီးနှင့် တိုက်ဆိုင်စစ်မေးရန် အရေးပိုင်မင်းက စေလွှတ်သူ ဘိုး၊ ငရဲ၊ ငမြတ်ဦး၊ ငလူကြီးတို့ကို မေးရာ ထွက်ဆိုချက်။ အရေးပိုင်မင်းက အထက်ပို့ရောက်ရင်း ထွက်ချက်များကို ကြည့်ရှုရာ၊ အထက်ပို့ရောက်ရင်း ဘိုး ထွက်ချက်တွင် ပုဆိုးဝယ်လာရင်း နွား ၁ ဝယ်မည် အာလံမြို့သို့လာရာ ငွေ ၅၀ ပါကြောင်း၊ ဓားပြ ၄ တိုက်ခိုက်ရာ ဓားမြှောင် ၁၊ ပုဆိုး၊ ခေါင်းပေါင်း၊ တင်းထိမ် ၁၊ ဖိနပ် ၁၊ ကြေးအိုး ၂၊ ငွေ ၈၀ ပါ ဆုံးကြောင်းနှင့် ပါရှိ။ ယခု ဘိုးကို လွှတ်တော်တွင် ထပ်မံမေးရာ ယခု ၇ မှတ်ပါ (က) အတိုင်း ထွက်ဆို။ ၂ ရပ် မညီသည် တစ်ရပ်။ ငရဲကို မေးရန်လည်း ယခု ၇ မှတ်ပါ (ခ) မှတ်ပါအတိုင်း။ ငမြတ်ဦးကို မေးရာလည်း ယခု ၇ မှတ်ပါ (ဂ) အတိုင်း ထွက်ဆို၊ မညီညွတ်သည် တစ်ရပ်။ ငပိုက်ကြီးကို မေးရာလည်း အထက် (၂) မှတ်ပါ (က) အတိုင်း ထွက်ဆိုရှိ၍ ထွက်ဆိုချက်များကို အရေးပိုင်မင်း သိရန် ပို့လိုက်ကြောင်း။ ငပိုက်ကြီး ထွက်ချက်ပါအတိုင်း ၁၂၃၇ ခု နတ်တော်လအတွင်း နေရင်း ပိတောက်ပင်ရွာတွင် ရှိနေသည် မှန် မမှန်ကို မေးမြန်းသင့်သည့်အတိုင်း ဆင့်ခေါ်မေးမြန်းမည့်အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

ကြက်ရုံးကလေးရွာနေ ဘိုး မေးချက်။

(က) အဘ ဘဒူး၊ အမိ မိချို၊ မယား မိညိုနှင့် ကြက်ရုံးကလေးရွာတွင် ကျေးခေါင်းပြုလုပ်နေထိုင်။ ၁၂၃၇

---

၁။ ၂ အောက်တိုဘာ ၁၈၇၇ ၂။ ၃၀ နိုဝင်ဘာ ၁၈၇၇

ခု နတ်တော်လအတွင်း နိုင်ငံတော်ဘက် ရေမည်းညို့ရွာသို့ ထွက်သွားသူ တော့၊ လေင်းတို့ကို ကျေးရွာသို့ ပြန်ခေါ် သိမ်းသွင်းသွားရန် လက်မှတ်ကို ကျောက်တိုင်ပြင်ဘက် အင်္ဂလိပ် အရေးပိုင်က ထားသည့် အာလံမြို့ ရာဇဝတ်ဝန်ထောက် မောင်ရွှေဘော် အတောင်းအယူ သွားရောက်၊ လက်မှတ် မရ ပြန်လာ၊ အာလံမြို့ရှိ အရှေ့စည်ကြောလက်ကြားသို့ ရောက်ကာလ ငပိုက်ကြီး၊ ငမဲ့တို့နှင့် အပေါင်းပါလူ ၃ တို့ ကျွန်တော်သျှောင်ကို ဆွဲငင်ရိုက်နက် ချည်ထားရာ အာလံမြို့သို့ ထွက်ပြေးလာခဲ့၍ ဌာနာတွင် တိုင်တန်းကြောင်း။ တိုက်ရာပါပစ္စည်းမှာ ငွေ ၄၀၊ ဓားမြှောင် ၁၊ ပိုးပဝါ ၁၊ ပိုးဗလာပုဆိုး ၁၊ သက္ကလတ်စောင် ၁၊ ဖိနပ် ၁၊ ဖဲထီး ၁၊ ကွမ်းညှပ် ၁ ဖြစ်ကြောင်း။ ကျေးရွာက ထွက်စဉ် ယောက်ဖတော်သူ ငရွှေရောက်လည်း ပါကြောင်း။ ၎င်းပစ္စည်းများအနက် ပုဆိုး၊ ငွေပါကြောင်းကို ရွာနေလူ လေင်း၊ ငရွှေမှုံ၊ ငကျော်ခေါင်တို့ သိကြောင်း။ ငပိုက်ကြီးမှာ ဆွေမျိုးတော်သူဖြစ်၍ အမှန်သိကြောင်း။ ကျွန်တော်ကို ချည်ထားစဉ် ငရဲ၊ ငမြတ်ဦးတို့ လာရာ ၎င်းတို့ကိုယ်ပင် တိုက်ခိုက်ပြန်၍ ငမြတ်ဦးတို့က ပါငွေအနက် တစ်ဝက်ကိုပေးရန် ငပိုက်ကြီးတို့ထံ လိုက်သွား တောင်းဆိုကြောင်းနှင့် ငမြတ်ဦးတို့ ပြောဆိုကြားသိရကြောင်း။ ငမဲ့တို့ မှန်ကြောင်းကို ကျမ်းကျိန်ဆိုဝံ့ကြောင်း။ ငပိုက်ကြီးမှာ ကျောက်တိုင်ပြင်ဘက် ကြို့ချောင်း၊ ရွှေပန်းတော ကျေးရွာများတွင်နေစဉ် သနပ်ရွာတွင် သေနတ် ၂ လုယူထွက်ပြေးမှုနှင့် ဝရမ်းထုတ်ထားသူ ဖြစ်ကြောင်း။ ငမဲ့မှာ မည်သည့်ကျေးရွာနေ ဖြစ်သည် မသိ၊ အာလံမြို့ ကြို့ချောင်းတွင် ငပိုက်ကြီး၊ အဘ ငရုံးကလေး၊ အမိ မိနင်းနွယ်၊ အဘလည်း ယခု ထင်ရှားရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့[၁]။

ကြက်ရုံးကလေးရွာနေ ငရဲ မေးချက်။

(ခ) အဘ ငပျား၊ အမိ သေးသေးတို့ ကြက်ရုံးကလေးရွာတွင်ရှိ။ မယား မိခိုနှင့်အတူ လယ်ယာ လုပ်ကိုင်စားသောက်နေထိုင်၊ ငမြတ်ဦးနှင့် ကျွန်တော် ရွှေပန်းတောရွာတွင် ဖက်စပ်ဝယ်သည့် နွား ၂ ကို အာလံမြို့သို့ သွားရောက်ရောင်းချ၊ နွားဖိုးငွေ ၈၅ နှင့် ပြန်လာ၊ အာလံမြို့ရှေ့ တောချုပ်သို့ ရောက်ကာလ ငပိုက်ကြီး၊ ငမဲ့တို့နှင့် အမည်မသိလူ ၃ တို့ ငွေကိုလုယူ၊ လူကို ချည်ထား၊ နေဝင်နီးမှာ လွှတ်လိုက်၍ ပြန်လာ၊ ကျေးရွာသို့ရောက်ကြောင်း၊ ငပိုက်ကြီးတို့ကို ဆွေမျိုးတော်စပ်၍ တပ်ရာသိကြောင်း၊ ၎င်းတို့က ကွယ်ဆိုလျှင် ကျမ်းကျိန်ရုံးနိုင်ခံဝံ့ကြောင်း။ ငပိုက်ကြီး၊ ငမဲ့တို့ ကြို့ချောင်း၊ ရွှေပန်းတောရွာ မွေးဖွားရင်း၊ ငပိုက်ကြီးအဘ ငရုံးကလေး ကြို့ချောင်းရွာတွင် ယခုရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

ကြက်ရုံးကလေးရွာနေ ငမြတ်ဦး မေးချက်။

(ဂ) အဘ ငနေထွန်း၊ အမိ မိငယ်မ၊ မယား မိလှဝင်းနှင့်အတူ လယ်ယာလုပ်ကိုင် စားသောက်နေထိုင်။ ၁၂၃၇ ခုနှစ်အတွင်း ကိုယ်ပိုင်နွား ၃ ကို အာလံမြို့သို့ သွားရောက်ရောင်းချ၊ နွားဖိုးငွေ ၈၅ နှင့် ပြန်လာ၊ အာလံမြို့ အရှေ့မြေစဉ်ကြော တောချုပ်သို့ ရောက်ကာလ ငပိုက်ကြီးတို့ ကျွန်တော်ပါ ပစ္စည်းများကို လုယူ၊ လူကို ချည်ထား၊ နေဝင်နီးမှ ငပိုက်ကြီးတို့ အပေါင်းအပါလူတို့က ကြိုးကို ဖြေလွှတ်ပြီးနောက် ၎င်းတို့ ရှေ့ကထွက်သွား၊ ကျွန်တော်တို့ နောက်က လိုက်ပါသိမြင်ပြန်လျှင် ငရဲ ပုဆိုးကိုချွတ်ယူကြောင်း၊ ၎င်းတို့မှာ ၎င်းအမှုပြင် ဆိုးသွမ်းဖူးသည် မကြားမသိ။ ငပိုက်ကြီးတို့ သနပ်ရွာ ဖွားရင်း။ ငမဲ့အမိ မိငယ်မ၊ ငပိုက်ကြီးအဘ ငရုံးကလေးတို့ ယခုရှိ။ ငပိုက်ကြီး၊ ငမဲ့တို့ မှန်ကြောင်း ကျမ်းကျိန်ဆိုဝံ့ကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

ဆမိတ်ကုန်းရွာနေ ငလူကြီး မေးချက်။

(ဃ) အဘ ငစံလုပေါ်၊ အမိ မိထုံး၊ မယား မိဇရက်နှင့်အတူ လယ်ယာလုပ်ကိုင် စားသောက်နေထိုင်။ ကြက်ရုံးကလေးရွာနေ ငဘိုးတို့ကို ငပိုက်ကြီး တိုက်ခိုက်သည်ကို မသိမမြင်။ တိုက်ခိုက်သည် ကြားဖူးသည်မှာ

---

၁။ ၂၅ နိုဝင်ဘာ ၁၈၇၇

၂ နှစ်ခန့်လောက် ရှိပြီထင်ကြောင်း။ ၂ နှစ်ခန့်လောက်က လကို မမှတ်မိ၊ ပူသည့်လအတွင်း ကျွန်တော် တောလည်သေနတ် ၁ နှင့်သွားရာ ငပိုက်ကြီး၊ ငမဲ့တို့ပါ လူ ၁၄ တို့ သေနတ်ကိုလုယူ၊ နိုင်ငံတော်ဘက်သို့ ကူးသွား၊ ယခုတိုင် သေနတ်မရကြောင်း။ ငဘိုး၊ ငရံတို့ကို တိုက်ခိုက်ပြီးနောက်မှ ကျွန်တော် သေနတ်ကို လုယူသည်ထင်ကြောင်း။ ငပိုက်ကြီးတို့နေ ကျေးရွာနှင့် ကျွန်တော်တို့ကျေးရွာ ၂ တိုင်ခန့်သာကွာ၍ ၎င်းတို့ဖြစ်သည် အမှန်သိကြောင်း။ ၎င်းတို့ နိုင်ငံတော်နေ ဖြစ်သည်၊ အင်္ဂလိပ်မင်းပိုင်နယ်နေ ဖြစ်သည်၊ အာလံမြို့တွင် အမြဲနေဖြစ်သည် မသိ။ ၎င်းတို့မှာ ၎င်းမှုပြစ်ပြင် အခြားဆိုးသွမ်းမှုပြစ် ရှိဖူးသည် မကြား မသိ။ သေနတ်မယူပါ ကွယ်ဆိုလျှင် ကျမ်းကျိန်ဆို ရှုံးနိုင်ခံဝံ့ကြောင်း။

၁၂၄၀ ပြည့်၊ ဝါခေါင်လဆန်း ၂ ရက်နေ့[1]။

မလွန် ၄ မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ ငပိုက်ကြီး၊ ငလှည်းအိမ်ကောက်တို့နှင့် သက်သေတို့ကို တိုက်ဆိုင်မေးမြန်းရာ သက်သေတို့ အညီအညွတ် မထွက်မဆိုနိုင်၊ ငပိုက်ကြီးတို့ကလည်း တိုက်ခိုက်ဆိုသည့် နှစ်အတွင်း ကျောက်တိုင်တောင်ဘက်သို့ မသွားမရောက်ကြောင်းကို သက်သေတင်ပြနိုင်ကြောင်း လျှောက်ထားရှိသည့်အတိုင်း မှန် မမှန် မေးမြန်းရန် ပေးအပ်ဆင့်ဆို စာရင်းပါ သက်သေတို့ကို နေ့ရက်မကြာ ဆင့်ဆိုစေလွှတ်၍ မည်သည့်နေ့ စေလွှတ်သည်ကို လျှောက်ထားရမည့် အကြောင်း။

ငပိုက်ကြီးတင် သက်သေစာရင်း။

(က) ငသာဘူး၊ မလွန်မြို့ ဘင်္ဂရွာသူကြီး။ ငရွှေရီ၊ မယား မိကူး၊ ငဖျော်၊ မယား မိထေး၊ မလွန်မြို့ ပိတောက်ရွာ။

ငလှည်းအိမ်ကောက်တင် သက်သေစာရင်း။

(ခ) ငရွှေပို၊ မြေထဲမြို့ ရေမဲညိုရွာသူကြီး။ ငအောင်၊ မယား မိမှဲ့၊ ငရွှေမောင်၊ မယား မိမြိုင်၊ မြေထဲမြို့ သပြေစမ်းရွာ။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ငပိုက်ကြီးတို့အကြောင်းနှင့် ၁၂၄၁ ခု တန်ခူးလပြည့်ကျော် ၁၄ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာမှာ ငပိုက်ကြီးတို့ အကြောင်းအရာ သက်သေတို့ထွက်ချက် အနည်းငယ် ချွတ်ယွင်းသည်ကို အရေး မယူထိုက်၊ ဓားပြဖြစ်ကြောင်း သက်သေတို့ ထွက်ဆိုချက်အရကိုသာ ငပိုက်ကြီး ချေဆိုရန်ရှိကြောင်း။ ငပိုက်ကြီး အင်္ဂလိပ် ကျွန်တော်မျိုး ဟုတ် မဟုတ်မှာ အင်္ဂလိပ်နယ်မြေဖွား ဖြစ်သည် သက်သေတို့က ထွက်ဆိုရှိကြောင်း၊ ငပိုက်ကြီးက ဓားပြ မဟုတ်ကြောင်း တင်ပြသက်သေတို့ ထွက်ချက်လည်း ခိုင်ခံ့သည် မဟုတ်၊ တိုက်ခိုက်စဉ် နေရင်းကျေးရွာတွင် မရှိကြောင်း ပါရှိ၍ အင်္ဂလိပ်နယ်မြေသို့ ခေါ်ယူစစ်မေးရန် ပေးအပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[2]။

လယ်လျားရွာသူကြီး ငဖြန် မေးချက်။

(က) မလွန်မြို့ ဘင်္ဂရွာနေရင်း ငပိုက်ကြီးက ဘေးမဲ့စာရင်းတွင် ပါဝင်သည့်အတိုင်း ခံဝင်နှုတ်ယူပါ ပြောဆို၍ ခံဝန်နှုတ်ယူ၊ လယ်လျားစီရင်စု ကြေးကိုင်မရွာတွင် နေစေရာ စွဲကပ်ရင်း ဝမ်းရောဂါနှင့် ၎င်းနှစ် ဝါခေါင်လဆန်း ၆ ရက်နေ့ သေဆုံး၊ မြို့ရွာထုံးစံအတိုင်း ရဟန်းသံဃာ ပင့်ဆောင်သင်္ဂြိုဟ် ပါရကြောင်း၊ ၎င်းထွက်ချက်အတိုင်း မမှန်လျှင် စီရင်ရာ ရာဇဝတ်ပြစ်ဒဏ် ခံပါမည့်အကြောင်း။

---

၁။ ၃၀ ဇူလိုင် ၁၈၇၈ ၂။ ၂၆ ဩဂုတ် ၁၈၇၉

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့[၁]။

ရွှေမြို့တော်တွင် ခေတ္တအရေးပိုင် အဖြစ်နှင့် ရပ်တန့်သူ ဗန်းမော်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အထက်အရေးပိုင်မင်း ပို့ရောက်သည့် သက်သေတို့နှင့် ငပိုက်ကြီးတို့ စုံညီမေးရာ သက်သေတို့ အထွက် အဆို မညီမညွတ် ကွဲပြားရှိ၍ ငပိုက်ကြီးပြသက်သေ ငသာဘူး၊ ငဖျော်၊ ငရွှေစိုတို့ကို မေးရာ ငပိုက်ကြီး ကျောက်တိုင်တောင်ဘက်သို့ မသွားမရောက်၊ ကုန်သည်တို့ကို မတိုက်ခိုက်ကြောင်း ကျမ်းသစ္စာနှင့် ထွက်ဆို၊ ချုပ်ထားဆဲအတွင်း မကျန်းမမာရှိ၍ ငပိုက်ကြီး လျှောက်ချက်အရ ခံဝန်သူနှင့်လွှတ်၍ ဆေးဝါး စားသောက်စေသည့်အတွင်း ကြမ္မာအလျောက် ဝမ်းရောဂါ စွဲကပ်သေဆုံးကြောင်းနှင့် ခံဝန်သူ လယ်လျားရွာသူကြီးက လျှောက်ထားရှိကြောင်း။

၁၂၄၀ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၂]။

တုလွှတ်ယဉ်ပျံ သင်္ဘောတော်စီး နေမျိုးမင်းလှကျော်သူကို မေးချက်။

၁၁။ ။ တုလွှတ်ယဉ်ပျံ သင်္ဘောတော်နှင့် ရန်ကုန်မြို့က ဆန်တက်လာရာ ညောင်တုံးချောင်းသို့ ရောက်ကာလ သင်္ဘောဥပဒေအတိုင်း မီးထွန်းပြ၊ ဥသြသံပေးပြီးလျှင် ရေတက်လိုက်၍ ညအခါ ဆန်တက်လာသည့် အတွင်း မအူပင်ရွာအနီး ရောက်ကာလ ဒီရေလျှောကျသည်နှင့် လှေ ၂ စုန်လာသည်ကို မြင်သောကြောင့် စိုးရိမ်၍ စက်ကိုရပ်တန့်၊ သင်္ဘောသားတို့ ဟစ်အော်ရာ လှေ ၁ မှာ နိုင်နင်းအောင် လှော်ခတ်နိုင်၍ လွတ်ကင်း၊ လှေ ၁ မှာ တိုက်ခိုက်နစ်မြုပ်၊ လှေတွင်ပါ လူ ၃ အနက် လင်မယား ၂ မှာ ဆယ်ယူရရှိ၊ သားငယ် ၁ မှာ ကြမ္မာအလျောက် ရှာမတွေ့ရှိသည်နှင့် ၎င်းည မဆန်တက်၊ မိုးလင်းမှ ဆန်တက်လာရာ တောကျောင်း ဆိပ်ကမ်းသို့ ရောက်ကာလ အင်စပက်တော်ဆိုသူ သင်္ဘောတော်ပေါ်သို့ တက်ရောက်၊ ကပ္ပီတန်ဘိုးကို အလျောက်ခေါ်ငင်၊ လက်ထိတ်ခတ်၍ ခေါ်သွားသောကြောင့် မေးရာ၊ မအူပင် အရေးပိုင်က ဖမ်းရမည် ကြေးနန်းရောက်၍ ဖမ်းကြောင်း ပြောဆိုသောကြောင့် တောကျောင်း ရာဇဝတ်ဝန်ထံ ပြောဆိုရာ၊ အာမခံ ပေးလျှင် လွှတ်မည် ပြောဆိုသည်နှင့် မူလာကိုယ်စားလှယ် ငချိန်ကို ခံဝန်စေပါမည် ပြောဆို ခံဝန်ချက် ရေးသား၍ တောကျောင်း အရေးပိုင်ထံ ပြောဆိုရာ မလွှတ်နှင့်၊ ဆင့်ဆိုကြောင်း ပြောဆိုပြန်သောကြောင့် ၎င်းအရေးပိုင်ထံ ကျွန်တော် ထပ်မံ ပြောဆိုပြန်ရာ မအူပင်ရုံးသို့ ပို့ရမည်ပြောဆို။ ဘိုးကို ချုပ်ထားမြဲ ချုပ်ထားသောကြောင့် သင်္ဘောတော်နှင့် ကျွန်တော် ဆန်တက်ခဲ့ရကြောင်း၊ ရှာမတွေ့ဆိုသူ လူငယ်မှာ ဘိုး သတ်ရသည် မဟုတ်၊ လှေက တိုက်ခိုက်နစ်မြုပ်၊ ကြမ္မာအလျောက် ရှာမတွေ့ရှိသေးသည် ပြောဆို ကြားသိရကြောင်း။

၁၂၄၀ ခု၊နယုန်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ညောင်တုံးချောင်းတွင် တုလွှတ်ယဉ်ပျံ သင်္ဘောတော်ကို လှေ ၁ တိုက်ခိုက်နစ်မြုပ်သည့် အကြောင်းအရာကို ၎င်းသင်္ဘောတော်စီးက အထက် (၁၁) မှတ်ပါအတိုင်း လျှောက်ထားရှိသောကြောင့် မှန်ရာရှင်းလင်းရန် အရေးပိုင်မင်းထံ မြို့သာဝန်ထောက်တော်မင်း ပြောဆိုရာ၊ အရေးပိုင်မင်းက ရန်ကုန် အရေးပိုင်မင်းကြီး၊ သရက် အရေးပိုင်မင်းတို့ထံ မှန်ရာဖြစ်အောင် စာပေးမည် ပြောဆိုယုံကြည် စိတ်ချရှိသည့်အတွင်း ကပ္ပီတန် ဘိုးကို ခံဝန်သူနှင့် နုတ်၍ ရှင်းလင်းရန် အရေးပိုင်မင်းထံ မပြောမီ မလွန် ၃ မြို့ဝန်က သရက်မြို့ အရေးပိုင်မင်းထံ စာပေးပို့၊ ၅ဝဝိ တန် ပွဲစား ငနောင်ကို ခံဝန်စေ၍ လွတ်ငြိမ်းရှိသည့်နောက် ဘိုးကို ယခု မအူပင်ရုံးသို့ ပို့မည်ရှိကြောင်းနှင့် မလွန် ၃ မြို့ဝန်က ထပ်မံလျှောက်ထားရှိ၍ ကြမ္မာအလျောက် လူငယ် ၁ ရှာမတွေ့မှုကို မြို့သာဝန်ထောက်သို့ အရေးပိုင်မင်းက အထက် ပြောရင်းအတိုင်း တရားဥပဒေ ထိုက်သက်ရာ ပြီးပြတ်အောင် သင့်ရာစာပေးမည့် အကြောင်း။

---

၁။ ၃ စက်တင်ဘာ ၁၈၇၉ ၂။ ၂၀ မေ ၁၈၇၆ ၃။ ၂၀ ဇွန် ၁၈၇၆

၃၂၄ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မော်လမြိုင်မြို့နေ သစ်ကုန်သည် မောင်ရွှေအောင်၊ မောင်ဆောင်းတို့ သစ်ရောင်းဝယ်မည် မိုးနဲ ကျိုင်းတောင်းသို့ မန္တလေးက တက်သွား။ ညောင်ရွှေမြို့ မှိုင်းသော်ရွာအနီးတွင် ဓားပြတိုက်ခိုက်၊ ပစ္စည်းအများ ဆုံးပါကြောင်း စာရင်းတင်ပြ လျှောက်ထားရှိ၍ နေရာကျ ပြုလုပ်မည့်အကြောင်း။ ၎င်းတို့ လျှောက်လွှာကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

မောင်ရွှေအောင်၊ မောင်ဆောင်းတို့က အင်္ဂလိပ် အရေးပိုင်ထံ လျှောက်လွှာလက်ခံ။

(က) သစ်အရောင်းအဝယ် မိုးနဲ ကျိုင်းတောင်းသို့တက်သွား၊ လမ်းခရီး ညောင်ရွှေစော်ဘွားအစ်ကို မှိုင်းသော်ရွာအုပ် ငစောဥအိမ်သို့ရောက်လျှင် မောင်ဆောင်းတွင် ရွှေချိန် ၅၊ မောင်ရွှေအောင်တွင် ငွေ ၁၀၁၅၀၊ အထည်အလိပ်ပါကြောင်း တိုင်ကြား၍ တည်းခိုရန်ပြောဆိုရာ ၎င်းက နေရာချထားရာ အိမ်တွင် တည်းခို။ ၎င်းလဆန်း ၅ ရက်နေ့ ဝန်ထမ်းလူ ငှားရမ်းတက်သွား၊ ငါးရာတွင်းခန့် ရောက်လျှင် ဓားပြတိုက်ခိုက်သောကြောင့် ၎င်းရွာအုပ်ထံ တိုင်တန်း၊ ၎င်းတို့လိုက်လံရာ ဓားပြလည်း ရမိ၊ ငွေလည်း ၈၀၀ဝ ကျော်ခန့် ရကြောင်း ကြားသိသော်လည်း မပြောဝံ့၍ မြို့တော်သို့ တက်လာရရကြောင်း။ ညောင်ရွှေစော်ဘွားလည်း ယနေ့ နက်ဖြန် ရောက်မည့်အကြောင်း၊ အင်္ဂလိပ်စာရင်းကျ ကျွန်တော်မျိုး မဟုတ်သော်လည်း အင်္ဂလိပ်မင်းပိုင် မြို့နယ်နေ ဖြစ်ပါ၍ မြန်မာအစိုးရမင်းများထံ စာပေးပါမည့် အကြောင်း။

ဓာပြတိုက်ရာပါ မောင်ရွှေအောင် ပစ္စည်းစာရင်း။

(ခ) ငွေဒင်္ဂါး ၁၀၁၅၀ဝ နှင့် အဖိုး ၁၄၃ဝ ၅ဤ တန် အထည်အလိပ်။

ဓားပြတိုက်ရာပါ မောင်ဆောင်း ပစ္စည်းစာရင်း။

(ဂ) ပုရပိုက်ခေါက် ရွှေချိန် ၅ နှင့် အဖိုး ၅၄၂ဝ ၅ဤ တန် အထည်အလိပ်။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[1]။

ညောင်ရွှေစော်ဘွား ကမ္ဘောဇရဋ္ဌသီရိပဝရ မဟာဝံသ သုဓမ္မရာဇာ မေးချက်။

၂။ ။ မှိုင်းသော်ရွာအနီးတွင် ငရွှေအောင်၊ ငဆောင်းတို့ကို ဓားပြတိုက်ခိုက်ခံရသည် မတိုင်တန်းဖူး။ ရွာအုပ်ထံ တိုင်တန်းသည် မတိုင်တန်းသည် မသိ။ ငရွှေအောင်တို့က တိုင်ကြားခဲ့သည်ဆိုသူ ရွာအုပ်ကို မေးမြန်းပြီးမှ နေရာကျ ရှင်းလင်းနိုင်မည့် အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ငရွှေအောင်တို့ ဓားပြတိုက်ခံရမှုကို ညောင်ရွှေစော်ဘွားကြီးကို မေးရာ၊ အထက် (၂) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ နေရာကျ ရှင်းလင်းနိုင်အောင် မှိုင်းသော်ရွာအုပ် မောင်စောဥကို ဆင့်ခေါ်ဆဲရှိကြောင်း။

၁၂၃၀ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ငရွှေအောင်တို့ ဓားပြတိုက်ခိုက်ခံရမှုကို မှိုင်းသော်ရွာအုပ် မောင်စောဥ လာရောက်ရှိ၍ မေးရာ၊ မိုးနဲ ကျိုင်းတောင်းသွား ငရွှေအောင်တို့ ကျေးရွာသို့ လာရောက်တည်းခိုရန် ပြောဆိုရှိ၍ ကျေးရွာနေ ငချိန် အိမ်တွင် ချထားတည်းခိုစေရာ ပစ္စည်း အထည်အလိပ် ပါသည် မတိုင်မပြော၊ ငချိန်အိမ်က ဝန်ထမ်းလူ ငှားရမ်းသည်ကိုလည်း မသိ၊ ဓားပြတိုက်ခိုက်ခံရကြောင်းနှင့်လည်း မတိုင်တန်း၍ မဖမ်းဆီးရကြောင်း

---

၁။ ၂၁ ဇွန် ၁၈၇၆ ၂။ ၂၁ ဇူလိုင် ၁၈၇၆

ထွက်ဆို။ ငရွှေအောင်တို့ကို ထပ်မံမေးရာလည်း၊ ငစောဥက နေရာချထားရာ ငချိန်အိမ်တွင် တည်းခိုပြီးလျှင် ငချိန်က ပေးအပ်သူ ရွာနေ ငမှုံနှင့် အမည်မသိလူ ၅ တို့ကို ဝန်ထမ်းငှားရမ်းထွက်လာ၊ ၅၀၀ တွင်းခန့် ရောက်လျှင် ဓားပြတိုက်ခိုက်၍ ထွက်ပြေးရာ ကျွန်တော် ငဆောင်းမှာ မိုးနဲမြို့သို့ ဆိုက်ရောက်၊ ကျွန်တော် ငရွှေအောင်မှာ ညောင်ရွှေမြို့နယ် ကူကြူ ဆရာတော်ကျောင်းတွင် တည်းနေသည့်အတွင်း ရွာအုပ် စာရေးဆိုသူနှင့် ဝန်ထမ်းငှားရမ်းလူတို့ လာရောက်၊ တိုက်ရာပါပစ္စည်းများကို မေးလာ၍ စာရင်း ချမှတ် ရပါသည်။ ငစောဥထံ စာရင်းမချပါ။ ပစ္စည်းများလည်း ဝန်ထမ်းလုယူသည်၊ ဓားပြတို့ယူသည် မသိ ကြောင်းနှင့် ထွက်ဆိုရှိ၍ ငချိန်နှင့် ဝန်ထမ်းလူတို့ကို မေးမြန်းရန် ဆင့်ခေါ်ရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၆ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ မိုင်းသော်ရွာအနီး ငရွှေအောင်တို့ ဓားပြတိုက်ခိုက်ခံရသည့် အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက ၎င်းနှစ် ဝါဆိုလဆန်း ၃ ရက်နေ့ တစ်ကြိမ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့ တစ်ကြိမ် စာပေးနောက်၊ ရန်ကုန် အရေးပိုင်မင်းကြီးက အတိုက်ခံရသူတို့ကို မေးမြန်းရာ ၂၂၀၀၀ ခန့် ငွေ၊ အထည်အလိပ်နှင့် မြန်မာနိုင်ငံသို့ သစ်အကူးအသန်းသွားသည် မှန်ကြောင်းနှင့် စာရောက်ပါ၍ ၎င်းအမှုကို မည်သို့ပြုလုပ်သည် သိလိုကြောင်း။

၁၂၃၈ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ငရွှေအောင်တို့ ဓားပြတိုက်ခိုက်ခံရမှုကို မိုင်းသော်ရွာအုပ် ငစောဥ၊ ဝန်ထမ်းလူ ငှားရမ်းပေးသူ ငချိန်တို့ကို တောင်းခေါ်၍ ငရွှေအောင်တို့နှင့် စုံညီရှင်းလင်းစေမည် ရှိသည့်အတွင်း ငရွှေအောင်တို့ မလျှောက်မထား၊ နေရင်းမြို့သို့ပြန်သွား၊ ၅ လခန့် ကြာရှိသောကြောင့် ငစောဥ၊ ငချိန်တို့လည်း ပြန်သွားရှိကြောင်း။ ငစောဥ တို့ကို ထပ်မံမှာထား၍ ထိုက်သက်ရာ စစ်မေးစီရင်မည့် အကြောင်း။

၁၂၃၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၇ ခု၊ ဧပြီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ငရွှေအောင်တို့က ဓားပြတိုက်ခံရသည့် အမှုကို ရှင်းလင်းရန် အသုံးတော်ခံ တရုတ် ကိုရွှေလုံးကို ကိုယ်စား လွှဲအပ်လိုကြောင်း လျှောက်ထားရှိ၍ ကိုယ်စားလှယ် လွှဲအပ်ခံမည် မခံမည်၊ တရားခံတို့ကို ထပ်မံ ဆင့်ခေါ်ကြောင်း ပေးစာအရ ၎င်းတို့ ရောက်သည်၊ မရောက်သည်များကို စာပြန်မည့်အကြောင်း။

၁၂၃၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ငရွှေအောင်တို့နှင့် ကိုယ်စားလှယ်စာ ပြုလုပ်လိုသူတို့ လွှတ်တော်သို့ စုံညီလာရောက် လက်မှတ်ရေးထိုး လွှဲအပ်လျှင် ပြောဆိုနိုင်ကြောင်း၊ တရားခံတို့လည်း ညောင်ရွှေစော်ဘွားကြီးနှင့်အတူ ရောက်မည်ဖြစ်၍ ဆိုက်ရောက်ကာလ စာပေးမည့်အကြောင်း။

၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၆ ခု၊ မတ်လ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ညောင်တုံးမြို့ ပေါက်အင်းရွာနေ ငရွှေမင်းကို ငရွှေပျော်ဆိုသူ ဓားနှင့်ထိုးသတ် ထွက်ပြေး၊ မန္တလေးမြို့ သဘော်ဆိပ်တွင် ကူလီ လုပ်ကိုင် ရှိနေကြောင်းနှင့် တစ်လလောက်က အရေးပိုင်မင်းထံ လျှောက်ထား ရှိ၍ ၎င်းသူကို ဖမ်းဆီးပေးအပ်မည့်အကြောင်း၊ သက်သေတို့ အစစ်ခံထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁။ ၂၀ နိုဝင်ဘာ ၁၈၇၆

၁၂၃၀ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ လူသတ် ငရွှေပျော်ကို ရွှေမြို့တော် သဘော်ဆိပ် ရပ်ကွက်တွင် ရွှေမြို့တော် နောက်ပြင်ထောင်မှူး နေမျိုး သီဟတေဇရန်အောင်ကို ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးစေရာ၊ မရှိမနေကြောင်းနှင့် ၎င်းထောင်မှူးက လျှောက်ထားရှိကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၆ ခု၊ ဇွန်လ ၂၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ မင်းတုန်းမြို့ ညောင်ခြေထောက်ရွာ ချင်းငပု နေအိမ်ကို ၁၂၃၇ ခု နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့ တိုက်ခိုက်သည့် ဓားပြ ၄ တို့အနက် ချင်း ငကွတ်၊ ငကံတို့ မြန်မာနယ်သို့ ထွက်ပြေးရှိ၍ မင်းလှ အစိုးရတို့ကို စာပေးရာ၊ ၎င်းအစိုးရတို့က ငကွတ်တို့ကို ဖမ်းဆီး၊ လွှတ်တော်သို့ ပို့အပ်ကြောင်း စာပြန် ရှိပါ၍ ငကွတ်တို့ကို ပေးအပ်မည့်အကြောင်း၊ ပို့လိုက်သည့် စစ်မေးထွက်ချက် အမှုတွဲကိုလည်း ပြန်ပို့ မည့် အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

မလွန် ၃ မြို့ဝန်က ပို့အပ်သူ ငကွတ် မေးချက်။

(က) ကျွန်တော် ချင်းလူမျိုး၊ မလွန်မြို့အဝင် နင်းကြမ်းရွာ စီရင်ပါ လူဖြူရွာတွင် မယား မိရင်နှင့် လုပ်ကိုင်စားသောက်နေထိုင်။ ကျောက်တိုင်ပြင် တောကျောင်းနှင့် အနီးဖြစ်၍ ၁၂၃၅ ခုနှစ် တစ်ကြိမ်၊ ၃၇ ခုနှစ် တစ်ကြိမ် ဈေးဝယ်သွားရာ၊ ဦးရီး ငလီ နေအိမ်တွင် ၂ ရက် ၃ ရက်ခန့် တည်းခိုပြန်လာ သည့်နောက် မသွားမရောက်။ ငပုအိမ်ကို မတိုက်မခိုက်၊ ငပုနှင့်လည်း မသိ။ ငရောင်နီ၊ သောမောင် တို့ကလည်း တိုက်ခိုက်ရန်မခေါ်၊ တိုက်ရာပါ စောင် ၂ ကိုလည်း ငနီသို့ မရောင်း၊ အထက်က ရန်ဘက်ဖြစ်သူ ငရောင်နီ၊ ငနီတို့ အမှုရာကြံ ပြောဆိုလျှင်သာ ၃ မြို့ဝန်က တင်ပို့ စစ်မေးခံရကြောင်း။ လယ်ယာလုပ်ကိုင်စားသောက်ကြောင်းကို ရဟန်းသံဃာ မြို့ရွာနေ လူတို့အသိ ဖြစ်ကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၎င်း ၃ မြို့ဝန်က တင်ပို့သူ ငကံ မေးချက်။

(ခ) ကျွန်တော် အသည်၊ မလွန်မြို့ လူဖြူရွာတွင် မယား မိအုံနှင့် လုပ်ကိုင်စားသောက် နေထိုင်။ စကုမြို့ လက်ဘလရွာ မွေးဖွားရင်း၊ ၁၂၃၀ ပြည့်နှစ် အောက်မြို့ကျေးရွာသို့ ငပို၊ ငလူ၊ ကြောတင်တို့နှင့် အတူသွားရောက်။ အရှေ့ဘက်ချောင်း ထနောင်းတိုင်ရွာ ဘိုးခန့်အိမ်တွင် ၃ လခန့် စပါးရိတ် ငှားရမ်း လုပ်ကိုင်နေရာ မကျန်းမာ၍ လက်ဘလရွာသို့ ပြန်လာ၊ ၃၅ ခုနှစ်အတွင်း လူဖြူရွာသို့ သွားရောက်နေထိုင်ကြောင်း၊ ဆင်ပေါင်ဝဲရွာနေ ငနီ၊ တောက်စိန်တို့နှင့် မသိ၊ ၎င်းတို့ ထွက်ချက်ပါ လူဖြူရွာသို့လည်း ငနီ မလာမရောက်၊ ငရွှေလှနှင့် ပေါင်းသင်း၍ အမည်မသိလူ ၃ တို့နှင့် ငကံ အိမ်တွင် ခေါင်ရည် မသောက်မစား၊ ချင်းငပုကို မတိုက်မခိုက်၊ တိုက်ရာပါ စောင် ၂ ကို ၁ လျှင် အဖိုး ၃ိ နှင့် ငကွတ်ထံ ဝယ်ယူသည်ကိုလည်း မသိ၊ ကျောက်တိုင်ပြင်ဘက်သို့ မရောင်းပါနှင့် ငကွတ်က ဆိုသည်ကိုလည်း မကြား၊ ကျွန်တော် ငကွတ်အိမ်တွင် နေသည်မဟုတ်၊ မည်သည့်အခါ ကမှ မတိုက်မခိုက်ဖူးပါ၊ ယခု ၃ မြို့ဝန်က ပို့အပ်လျှင်သာ စစ်မေးခံရကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငကွတ်တို့အမှုတွင် အရေးပိုင်မင်းက ပို့ရောက်သည့် အင်စပက်တော် မောင်ဝက် တင်ရာပါ သက်သေ သောမောင်၊ ငနီ၊ တောက်စိန်တို့ ထွက်ချက်များတွင် ငကွတ်တို့ နိုင်ငံတော် လူဖြူရွာနေဖြစ်ကြောင်း

---

၁။ ၂၃ ဇူလိုင် ၁၈၇၆ ၂။ ၂၉ ဇွန် ၁၈၇၆ ဖြစ်မည်။ ၃။ ၈ ဇူလိုင် ၁၈၇၆

ထင်လင်းပါရှိ၍ ပေးအပ်ခွင့်မရှိ၊ မြန်မာအစိုးရမင်းတို့ကသာ ထိုက်သက်ရာ စီရင်ခွင့်ရှိကြောင်း၊ ၎င်းတို့ကို စစ်မေးရာလည်း မတိုက်ခိုက်ရကြောင်း ထွက်ဆိုရှိ၍ အမှုသည် သက်သေတို့နှင့် စုံညီရှင်းလင်းရမှ နေရာကျ စီရင်နိုင်ရန် ရှိသောကြောင့် အမှုသည် သက်သေတို့ကို ဆင့်ဆိုစေလွှတ်မည့်အကြောင်း။ အရေးပိုင်မင်းက ပို့ရောက်သည့် ကွေတ်တို့ အမှုတွဲများကိုလည်း ပြန်ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့။

၁၈၇၆ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ ကွေတ်တို့တွင် ညောင်ခြေထောက်ရွာ တိုက်မှုမက အုတ်ပုံရွာ တိုက်မှုလည်းရှိကြောင်း သိသူ သက်သေတို့ လာရောက်ရှိကြောင်း၊ စစ်မေးကာလ မဟာမိတ်စာချုပ် ကော ၁ သမ အချက်အရ နားထောင်ရန် တရားမ အရေးပိုင်မင်းကို ထည့်ရမည် ရန်ကုန် အရေးပိုင်မင်းကြီးက စာရောက်သောကြောင့် မည်သည့်နေ့ တိုက်ဆိုင် စစ်မေးနိုင်မည်ကို စာပြန်မည့်အကြောင်း၊ အုတ်ပုံရွာတိုက်မှု စစ်ချက်စစ်တမ်းများကိုလည်း ပို့လိုက်ကြောင်း။

ညောင်ခြေထောက်ရွာတိုက်မှု သိသူ သက်သေ။

(က) ငပု (အတိုက်ခံရသူ)၊ သောမောင်၊ ငရွှေလုံ၊ သောအောင်၊ သေီး၊ တောက်စိန်။

အုတ်ပုံရွာတိုက်မှု သိသူ သက်သေ။

(ခ) ငရွှေဝိုင်း၊ ငရွှေရင်း၊ ငရော၊ ငလုံး၊ တောက်စိန်။

၁၂၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ယခုလပြည့်ကျော် ၁ ရက်နေ့က ၃ ရက်နေ့တိုင် ဝါကျွတ်ကန်တော့ပွဲနေ့ ဖြစ်၍ ကွေတ်တို့အမှုကို ယခုလပြည့်ကျော် ၄ ရက်နေ့မှ တိုက်ဆိုင်စစ်မေးနိုင်မည့် အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၆ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ ဓားပြ ကွေတ်၊ ငကံတို့ကို မည်သို့စီရင်သည် အင်္ဂလိပ်အစိုးရမင်းတို့သိရန် စာပြန်မည့်အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ သက်သေတို့ ထွက်ချက်အရ ကွေတ်၊ ငကံတို့ ဓားပြလက္ခဏာ မကင်းရန်ရှိ၍ ဓားပြတို့ကို စီရင်သည့် ဥပဒေအတိုင်း ထောင်တွင် အကျဉ်းချထားရှိကြောင်း။

---

## ၃၂၅ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ကာလကတ္တားမြို့တွင် အမှုတော်ကို ထမ်းရွက်နေထိုင်စေသူ စာရေးတော်ကြီး မင်းလှမင်းကျော်ထင်စည်သူကို အထက်ဘုရင်ခံက ကြည့်ရှု စောင်မသကဲ့သို့ ယခု ဘုရင်ခံမင်းကလည်း စောင်မကြည့်ရှုအောင် မဟာမိတ် လက္ခဏာနှင့်အညီ သင့်ရာစာပေးမည့် အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

၁၈၇၆ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ မင်းတပ်နံ့တယ် မြို့သူကြီး မောင်ဆွဲသည် အထက်က ဓားပြပြုလုပ်တိုက်ခိုက်၊ ယခုလည်း လူဆိုးတို့ကို

၁။ ၄ အောက်တိုဘာ ၁၈၇၆ ၂။ ၃ ဇန်နဝါရီ ၁၈၇၇ ဖြစ်မည်။ ၃။ ၁၂ ဇန်နဝါရီ ၁၈၇၇

လက်ခံတိုက်ခိုက်ကြောင်းနှင့် လက်အောက်အရာရှိတို့ လျှောက်ချက်ရှိ၍ မင်းလှဝန်ကို ပြောဆိုရာ တတ်နိုင်သရွေ့ ပြုလုပ်မည် ပြောသော်လည်း ဝန်စုပါ မဟုတ်၍ မဆင့်ဆိုနိုင်ရှိသည့် အကြောင်းနှင့် သရက်အရေးပိုင်က လက်အောက်အရာရှိတို့ လျှောက်ချက်နှင့်တကွ စာပို့ရောက်ရှိ၍ မောင်ဆွဲကို ကျောက်တိုင်အနီးမှ ရွှေ့ပြောင်းလျှင် ကျောက်တိုင်အနီး မြို့ရွာသာယာမည့်အကြောင်း။ ယခုပို့လိုက်သည့် လက်အောက်အရာရှိတို့ လျှောက်ချက် စက္ကူများကို ကြည့်ရှုပြီးလျှင် ပြန်ပို့မည့်အကြောင်း။

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မင်းတပ်မြို့သူကြီး မောင်ဆွဲကို နေ့ရက်မကြာ ရွှေဘွားတော်အောက်သို့ ဆင့်ဆို လာရောက်စေရမည်၊ မင်းတပ်မြို့ အစိုးရ၊ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းတို့သို့ ဆင့်ဆိုရှိကြောင်း၊ ပို့ရောက်သည့် လျှောက်ချက်စက္ကူများကိုလည်း ပြန်ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့ ဝန်ထောက်က လွှတ်တော် လျှောက်စာ။

၄။ ။ တောင်တွင်းကြီးမြို့ ကွေ့ကြီးရွာ ငရွှေဘူးနွားကို ခိုးယူမှု ထင်ရှား၍ ငရွှေသာကို ထောင်အကျဉ်းချထားရာ ငစံရာ၊ ငရာမတို့နှင့် အပေါင်းပါ ငရွှေသာခေါ် ငကောက်ရ ဖြစ်ကြောင်း သိသူတို့ ပြောဆိုရှိ၍ လွှတ်တော်သို့ လျှောက်ထား။ လွှတ်တော်က ပို့ရမည်ဆင့်ဆို နာခံရသည့်အတွင်း ကျောက်ပန်းတောင်းမြို့ မဲတီးတိုင် ကျောက်စရစ်ကုန်းရွာနေ ငခိုင်၊ ဒဝါးရွာသူကြီး ငအောင်တိုးတို့ကို တိုက်ခိုက်သူ ဖြစ်ကြောင်းနှင့် ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း ၃ မြို့ဝန်က တောင်းဆိုရှိ၍ လွှတ်တော်သို့ ထပ်မံလျှောက်ထား။ လွှတ်တော်သို့သာ ပို့အပ်ရမည် ဆင့်ဆိုသည့်အရ ပို့အပ်မည်ရှိသည့်အတွင်း ငရွှေသာခေါ် ငကောက်ရ၊ မယားကို ဓားနှင့်ခုတ်သတ်မှုနှင့် အကျဉ်းထားသူ လဲလှူရွာနေ ငလွန်းပင်တို့ ထွက်ပြေးရှိ၍ ထောက်လှမ်းရာ အာလံမြို့ မန်ကျည်းကုန်းရွာ ဗွမ်းရုံတွင်ရှိကြောင်းသိ၍ သရက် ၄ မြို့ အရေးပိုင်မင်းထံ စာပေးတောင်းဆိုရာ၊ ငလွန်းပင်တို့ကို ဖမ်းဆီးရမိချုပ်ထားကြောင်း။ လွှတ်တော်က မန္တလေးမြို့ရှိ အရေးပိုင်ထံ တောင်းဆို၊ ၎င်းအရေးပိုင်က စာပေးရှိမှ ထည့်အပ်နိုင်မည့်အကြောင်း စာပို့ရောက်ပါသောကြောင့် ရွှေမြို့တော်ရှိ အရေးပိုင်ထံ စာပေးတော်မူပါမည့် အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဓားပြ ငရွှေသာခေါ် ငကောက်ရ၊ လူသတ် ငလွန်းပင်တို့ အကြောင်းကို အထက် (၄) မှတ်ပါအတိုင်း တောင်တွင်းကြီးမြို့တွင် ရပ်နေစီရင်သူ ဝန်ထောက်တော်မင်းက လျှောက်ထားရှိ၍ သရက်မြို့ အရေးပိုင်မင်းက ဖမ်းဆီးချုပ်ထားသူ ငကောက်ရ၊ ငလွန်းပင်တို့ကို သင့်ရာစာပေးမှာထား၍ လွှတ်တော်သို့ ပို့အပ်မည့်အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့။

၁၈၇၆ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ငကောက်ရ၊ ငလွန်းပင်တို့နှင့် စုံညီမေးရန် သက်သေတို့ကို တောင်တွင်းကြီးမြို့ ဝန်ထောက်က သရက်မြို့ အရေးပိုင်ထံ စေလွှတ်အောင် ဆင့်ဆို၊ စေလွှတ် စုံညီမေးမြန်းပြီးမှ အပ်သင့်လျှင် ရန်ကုန် အရေးပိုင်မင်းကြီး အခွင့်နှင့် သရက်မြို့ အရေးပိုင်က ငကောက်ရတို့ကို တောင်တွင်းကြီးမြို့ ဝန်ထောက်က စေလွှတ်သူ အရာရှိတို့ထံ ထည့်အပ်ရန် စာပေးမည့်အကြောင်း။

---

၁။ ၂၅ ဇွန် ၁၈၇၆ ၂။ ၂၄ ဇူလိုင် ၁၈၇၆

၁၂၃၀ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ငကောက်ရ၊ ငလွန်းပင်တို့ကို သိသူ မြို့ရုံးအရာရှိတို့ကို နေ့ရက်မကြာ သရက်မြို့ အရေးပိုင်ထံ စေလွှတ်ရမည် တောင်တွင်းကြီးမြို့ ဝန်ထောက်တော်မင်း မင်းကြီးသီရိမဟာရာဇသင်္ကြံသို့ မှာထားရှိကြောင်း။

၁၂၃၀ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၁]။

ဝန်ထောက်တော် မင်းကြီးသီရိမဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၈။ ။ငကောက်ရတို့ အကြောင်းနှင့် အထက် (၆) မှတ်ပါအတိုင်း ရွှေမြို့တော်ရှိ အရေးပိုင်က စာပို့ရောက်ရှိ၍ မြို့ရုံးအရာရှိဖြစ်စေ၊ သင့်ရာရေးခြား လိမ္မာသူကိုဖြစ်စေ သရက်မြို့ အရေးပိုင်ထံ စေလွှတ် တောင်းဆို၍ မည်သူကို မည်သည့်နေ့ စေလွှတ်သည်ကို ကြေးနန်းနှင့် လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့။

၁၈၇၆ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ငကောက်ရကို သက်သေတို့နှင့် စစ်မေးရာ၊ ငကောက်ရ အကျဉ်းခံရကြောင်း သက်သေတို့ ထွက်ဆိုသော်လည်း မည်သည့်အမှုနှင့်ဖြစ်သည် တပ်ရာ မထွက်ဆိုနိုင်ရှိကြောင်း။ ငကောက်ရကလည်း မြန်မာနိုင်ငံတွင် မည်သည့်အမှုနှင့်မျှ အကျဉ်းမခံရကြောင်း ငြင်းပယ်သောကြောင့် ပေးအပ်ခွင့် မရှိသေးကြောင်း။ ၎င်းငကောက်ရကိုလည်း ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်မှုနှင့် ချုပ်ထားဆဲရှိကြောင်း။ သက်သေ ၂ တို့ ထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၀ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။အထက် (၉) မှတ်ပါ အရေးပိုင်မင်း ပေးစာအရ တောင်တွင်းကြီးမြို့ ဝန်ထောက်သို့ ထပ်မံဆင့်ဆိုမေးမြန်းရာ ကျောက်ပန်းတောင်းမြို့ တွင်းနီရွာသူကြီး အေနှန်းခိုင်ကို သတ်ဖြတ်၊ ဒဝါးရွာသူကြီး ငအောင်တိုးအိမ်ကိုလည်း တိုက်ခိုက်၊ တောင်တွင်းကြီးမြို့ ကွေ့ကြီးရွာ ငရွှေဘူး နွား ၂ ကိုလည်း ခိုးယူသူ ငကောက်ရနှင့် မယား မိအိမ်ရှင်ကိုသတ်သူ ငလွန်းပင်တို့ကို စီရင်မည် အကျဉ်းချထား။ သေနတ် ၂ ကို ခိုးယူထွက်ပြေး၍ ထောက်လှမ်းရာ အာလံမြို့ မန်ကျည်းကုန်းရွာ ဥမ်းရုံတွင် တွေ့ရှိသည်နှင့် အာလံမြို့ အရေးပိုင်ထံ တောင်းကာလ ရွှေမြို့တော်ရှိ အရေးပိုင်ဆင့်ဆိုမှ ပေးအပ်နိုင်မည် စာပေးအပ်။ စေလွှတ်သူတို့ ပြန်လာရကြောင်း လျှောက်ထားရှိသောကြောင့် တပ်ရာသိသူတို့ကို သရက်မြို့ အရေးပိုင်ထံ ထပ်မံ စေလွှတ် တောင်းဆိုစေမည်ဖြစ်၍ ငကောက်ရတို့ကို စေလွှတ်သူတို့တွင် ထည့်အပ်ရန် အရေးပိုင်မင်းက သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၀ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၃]။

ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း ၃ မြို့ခံ ငအိုင် ခံဝန်ချက်။

(က) ငကောက်ရ အကြောင်းအရာကို စဆုံးရှင်းဖျားသိ၍ ကျမ်းအစစ်အမေးနှင့် ခံနိုင်သူ၊ တစ်မှုလျှင် ၂ ယောက်တန်သည်၊ ၃ ယောက်တန်သည်ကို ချုပ်နေ့က ရက်ပေါင်း ၂၀ နှင့် တောင်တွင်းကြီးမြို့ ဝန်ထောက်တော်မင်းထံသို့ ရောက်အောင် ၃ မြို့ဝန်က စေလွှတ်ပါစေမည်။ ခံဝန်ချက်အတိုင်း မတည်လျှင် ရာဇဝတ်အပြစ် စီရင်ရာ ခံပါမည့်အကြောင်း။

၁၂၃၀ ခု။

တောင်တွင်းကြီးမြို့ ဝန်ထောက်တော်မင်း မင်းကြီးသီရိမဟာရာဇသင်္ကြံသို့ ပေးမှာစာ။

၁၁။ ။ငကောက်ရတို့ အကြောင်းနှင့် ရွှေမြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်ထံ အထက် (၁၀) မှတ်ပါအတိုင်း စာထပ်မံပေးပို့ရှိ၍ ၎င်းစာလက်ခံ၊ မြို့ခံ ငအိုင် ခံဝန်ချက်များကို ပို့လိုက်ကြောင်း။ ခံဝန်ချက်အတိုင်း

[၁]။ ၁ ဩဂုတ် ၁၈၇၆ [၂]။ ၃၀ ဒီဇင်ဘာ ၁၈၇၆ [၃]။ ၁၉ ဒီဇင်ဘာ ၁၈၇၆

သက်သေတို့ မရောက်လျှင် ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း ၃ မြို့ဝန်ထံ တောင်းဆိုစေလွှတ် လာရောက်သူ အမှုသည် သက်သေတို့ကို အထက်က စေလွှတ်သူတို့ကဲ့သို့ မဖြစ်ရအောင် နေရာကျ ဆင့်ဆို၍ အမှုသည် သက်သေတို့နှင့် သင့်ရာမြို့ရုံး အရာရှိကို စစ်ချက်မေးချက် အပြည့်အစုံပေးအပ်။ သရက်မြို့ အရေးပိုင်ထံ နေ့ရက်မကြာ စေလွှတ်ပြောဆို တောင်းခံ၍ မည်သည့်နေ့ မြို့ရုံးအရာရှိ မည်သူကို စေလွှတ်သည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု။

အသျှင် နန်းမတော်ဘုရား စာရေးတော်ကြီး စစ်ကဲ နေမျိုးမင်းလှစည်သူ၊
စာရေးတော်ကြီး မင်းကျော်ရာဇာ၊ အကောက်အုပ် စစ်ကဲ
နေမျိုးဇေယကျော်ထင်တို့က လွှတ်တော် လျှောက်စာ။

၁၂။ ။ လွှတ်တော်မှာစာအရ စစ်ကဲတော်မင်း နေမျိုးဇေယကျော်ထင်ကို ထပ်မံစေလွှတ်၍ ငကောက်ရတို့ကို သရက်မြို့ အရေးပိုင်ထံ တောင်းခံစေရာ သရက်မြို့ အရေးပိုင်က ငလွှန်းပင်ကို မရမမိ၊ ငကောက်ရကိုသာ ရမိချုပ်ထား၊ ၎င်းလည်း အာလံမြို့ သံရွှာသူကြီး ခံဝန်ချက်နှင့် လွှတ်ထား၍ ခံဝန်သူကို ချုပ်တောင်း ပေးအပ်မည် ပြောဆို၊ နေ့ရက်အရှည် ဆိုင်းငံ့ မပေးမအပ်။ ထပ်မံပြောဆိုရာ ၁၂၃၉ ခု ကဆုန်လဆန်း ၂ ရက်နေ့က လပြည့်ကျော်တိုင် ဆိုင်းပါ၊ ပေးအပ်ပါမည် ပြောဆိုပြန်၍ ဆိုင်းငံ့ရာလည်း မပေးမအပ်။ သရက်မြို့ ရာဇဝတ်ဝန်ထောက်က ပြန်စာ ပေးလိုက်ရမည် ဆင့်ဆိုပြီးလျှင် ၎င်းအရေးပိုင်မင်းပင် ကာမ မြို့သို့ စုန်သွား၍ ရာဇဝတ်ဝန်ထောက်ထံ ပြောဆိုပြန်ရာ သရက်မြို့အုပ်က ပြန်စာပေးလိုက်ရမည် ပြောဆိုသည်အရ မြို့အုပ်တွင်ပြောဆိုရာ မြို့အုပ်ကလည်း ငကောက်ရတို့ အကြောင်းကို မသိ၊ ပြန်စာ မပေးနိုင်ကြောင်း ပြောဆို၊ စရိတ်ကြေးငွေအများ ကုန်ကျ ပြန်လာရကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ငကောက်ရတို့ကို သရက်မြို့ အရေးပိုင်ထံသို့ တောင်တွင်းကြီးမြို့ စစ်ကဲတော်မင်း နေမျိုးဇေယကျော်ထင်ကို ထပ်မံစေလွှတ် တောင်းစေရာ၊ အထက် (၁၂) မှတ်ပါအတိုင်း လျှောက်ထားရှိ၍ ငကောက်ရတို့ကို အရေးပိုင်မင်းက မဟာမိတ်လက္ခဏာနှင့်အညီ သင့်ရာစာပေး မှာထားခေါ်ယူ ပေးအပ်မည့်အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

၁၈၇၆ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ကျောက်တိုင်တောင်ဘက်တွင် ကူလီ လုပ်ကိုင် နေထိုင်သူ နိုင်ငံတော် အလုံမြို့ ကျောက်ကာရွာနေ မြန်မာ ကျွန်တော်မျိုး ငစော၊ ငချော့၊ ငဘော့၊ လေး၊ ထွန်းကျော်၊ ထွန်းပြည့်၊ ငစော၊ ထွန်းဇံ၊ ညို၊ ငတော၊ ငအောင်တင်၊ ထွန်းမျှင်၊ ငချို၊ ငစံရ၊ ငခေါင်တို့က ဘွတ်လည်ရွာ မန်ကျည်းပင်စည် ခေါ် တောအရပ်တွင် ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ ဓားပြတိုက်ခိုက်ခံရကြောင်း လျှောက်ချက် အရ ထောက်လှမ်းဖမ်းဆီးရာ ရမိရှိ၍ စုံညီစစ်မေးရန် အမှုသည် ၁၅ ကို ဆင့်ဆိုစေလွှတ်မည့်အကြောင်း နှင့် သရက်မြို့ အရေးပိုင်မင်းက စာရောက်၍ ဝန်ရှင်တော်မင်းကြီးက ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ကျောက်တိုင်တောင်ဘက် ဘွတ်လည်ရွာ တောအရပ်တွင် ဓားပြတိုက်ခံရသူ အလုံမြို့ ကျောက်ကာရွာ နေ ငစော၊ ငချော့တို့ပါ လူပေါင်း ၁၅ တို့ကို လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်ရမည် အလုံမြို့ဝန်၊ အမြင့် ၄ မြို့ဝန်၊ ရွှေပြည်ရန်အောင် မြင်းဝန်–မင်းကြီး မဟာသက်တော်ရှည်သို့ ဆင့်ဆိုရှိ၍ ရောက် ကာလ စေလွှတ်မည့်အကြောင်း။

---

၁။ ၁၁ ဇွန် ၁၈၇၇    ၂။ ၃၀ ဇူလိုင် ၁၈၇၆

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့။

အလုံမြို့ဝန်၊ အမြင့် ၄ မြို့ဝန်၊ ရွှေပြည်ရန်အောင် မြင်းဝန်စာရေး ငလှော် ခံဝန်ချက်။

(က) အလုံမြို့၊ ကျောက်ကာရွာနေ ဓားပြတိုက်ခိုက်ခံရသူ ငစော၊ ငချော့တို့ပါ လူပေါင်း ၁၅ တို့ကို ချုပ်နေ့က ၁၅ ရက်နှင့် ပေးအပ်ပါမည့်အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ကျောက်တိုင်တောင်ဘက် ဘွတ်လည်ရွာ၊ မန်ကျည်းပင်စည် တောအရပ်တွင် ဓားပြတိုက်ခံရသူ လူ ၁၅ တို့အနက် ငထွန်းကျော်၊ ငထွန်းပြည့်တို့ကို ကျန်လူ ၁၃ တို့က ကိုယ်စားလှယ်လွှဲအပ် ရှိသည့်အတိုင်း ၎င်းလူ ၂ တို့ကို ယနေ့ စေလွှတ်မည့်အကြောင်း၊ တိုက်ရာပါပစ္စည်းများ ပြန်ရအောင် သရက်မြို့ အရေးပိုင်ထံ စာပေးမည့်အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့။

၁၈၇၆ ခု၊ ဇူလိုင်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ အာလံမြို့ သရက်ချောင်း တောအရပ်တွင် ငရွှေရောင်၊ ငအေးညိုတို့ကို တိုက်ခိုက်၊ ငအေးညိုကို သတ်ဖြတ် ထွက်ပြေး၊ နိုင်ငံတော် ဆင်ပေါင်ဝဲ စီရင်စု တောင်ဘွေတပ်ရွာတွင် ခိုဝင်ရှိနေသူ ကျောက်တိုင်တောင်ဘက် မန်ကျည်းကုန်းရွာနေ ငဆိုးပေကို တောင်းရမည် ရန်ကုန် အရေးပိုင်မင်းကြီးက စာရောက်၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ သက်သေတို့ အစစ်ခံချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ဆင်ပေါင်ဝဲ၊ တောင်ဘွေတပ်ရွာတွင် လူသတ်ဓားပြ ငဆိုးပေ လာရောက်ခိုဝင် ရှိနေလျှင် မထွက်မလွတ်စေရ၊ ဆင့်ဆိုဖမ်းဆီး ပို့အပ်ရမည်။ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည် မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

---

၃၂၆ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[၂]။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ လွှတ်တော်က ပေးမှာစာ။

၁။ ။ ဆင်ပေါင်ဝဲ တောင်ဘွေတပ်ရွာတွင် ကျောက်တိုင်တောင်ဘက်ကလူကို သတ်ဖြတ် တိုက်ခိုက် ထွက်ပြေးလာသူ ငဆိုးပေ လာရောက်ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ သက်သက်ပေးစာ။

၂။ ။ ကပ္ပိတန်ဖြောင်းက စကြာယဉ်ပျံ သင်္ဘောတော်ကို ရွှေဘွားတော်အောက်တွင် ဆိုက်ရပ်ထားသည်ထက် ဘင်္ဂလားနှင့် ရန်ကုန် ကုန်တင်ပို့ရလျှင် အကျိုးတော်ဖြစ်ထွန်းရန်ရှိကြောင်း။ ကုန်တင်ခငွေများကို ၆ လ တစ်ကြိမ် ရှင်းလင်း ဆက်သွင်းမည့်အကြောင်း။ သင်္ဘောတော်တွင် ပြင်ဆင်ရန်ရှိလျှင်လည်း ပြင်ဆင်ရန် တစ်နှစ်တစ်ကြိမ် ရွှေမြို့တော်သို့ ဆန်တက်မည့် အကြောင်းများနှင့် လျှောက်ချက်အရ ဖြောင်းကို နေမျိုးနာဝိကကျော်ခေါင်ဘွဲ့ သနားတော်ခံစေ၍ သင်္ဘောတော်ကပ္ပိတန်။ သင်္ဘောတော်တွင် တိုင်ပင်ထမ်းရွက်ရန် ဖြတ်တိုက် သံတော်ဆင့်မင်း နေမျိုးသိဒ္ဓိကျော်စွာကို သင်္ဘောတော်စီး ခန့်ထားထမ်းရွက်စေသည်ကို လျှောက်ချက်အတိုင်း မတည်၊ ဆင့်ခေါ်ရာလည်း မလာမရောက်သည် တစ်ကြောင်း၊ ကုန်တင်မှု

၁။ ၂၈ ဩဂုတ် ၁၈၇၆ ၂။ ၁၄ ဩဂုတ် ၁၈၇၆ ၃။ ၉ ဩဂုတ် ၁၈၇၆

ကြေးငွေခံမှုများကို သဘော်ာတော်စီးကို မတိုင်မပြော၊ အစိုးရတို့ကိုလည်း မလျှောက်မထား၊ အလိုရှိရာ စီးနင်းသွားလာ၊ ကြေးငွေများကိုလည်း သုံးစွဲပြုလုပ်သည် တစ်ကြောင်းများကြောင့် ဗြောင်းအပေါ်တွင် ယခု မှုဝန်ပြစ်ဒဏ်ပြင် တိုးပွားမဖြစ်ရအောင် သဘောထားပြီးလျှင် ကပ္ပိတန်အရာက နုတ်၍ ရန်ကုန်မြို့ရှိ အရှင်နန်းမတော်စာရေးတော်ကြီးကို သဘော်ာတော်အုပ်အရာ အမိန့်တော်မြတ်နှင့် ခန့်တော်မူ၍ ရှိသောကြောင့် ဗြောင်းက နှောင့်ယှက်မရှိ သဘော်ာတော် အရာရှိတို့ သဘော်ာတော်ကို သိမ်းယူစီးနင်းရန် အမှု။ အင်္ဂလိပ်မင်းပိုင် နိုင်ငံမြို့ရွာနေ ကုန်သည်တို့နှင့် သဘော်ာတော်အရာရှိတို့ ဆက်လက်ကမ်းလှမ်း ကူးသန်းသွားလာရန်အမှု။ ရွှေဘွားတော်အောက်သို့ သဘော်ာတော် ဆန်တက်လိုသည့်အခါ ကောင်းမွန်စွာ ဆန်တက်ရန် အမှု။ ဗြောင်းက တစ်စုံတစ်ရာ ပြောဆိုလိုလျှင် ရွှေဘွားတော်အောက်သို့သာ လာရောက်ပြောဆိုရန် အမှုများကို နေရာကျဖြစ်အောင် မဟာမိတ်လက္ခဏာနှင့်အညီ သင့်ရာစာပေး မှာထားမည့် အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဗြောင်းကို သဘော်ာတော် ကပ္ပိတန် အရာကနုတ်၍ အသျှင်နန်းမတော်ဘုရား စာရေးတော်ကြီးမင်းကို အုပ်ထိန်းစေရာ သဘော်ာတော်အတွက် ငွေ ၈၀၀၀ ပေးရန်ရှိကြောင်းနှင့် ဗြောင်းက စာရင်းတင်ပေးချက် အရ ပေးဆပ်၊ သဘော်ာတော်ကို သိမ်းယူမည်ဆိုလျှင် မော်လမြိုင်သို့ပို့ရန် ဘင်္ဂလားက တင်ယူခဲ့သည့် ကုန်များကို ပို့ပါရစေ ဗြောင်းက ပြောဆို၍ လူဘက်ထည့် ပို့စေရာ မော်လမြိုင်မြို့သို့ ရောက်ကာလ ဘက်ထည့်သည့် လူများကို နှင်ထုတ်ချထားခဲ့၍ အလိုရှိရာ စီးနင်းသွားလာကြောင်း ရန်ကုန်ရှိ စာရေးကြီးက လျှောက်ထားရှိ၍ သဘော်ာတော်နှင့် ဗြောင်းအလိုရှိရာ မသွားလာနိုင်ရန် အင်္ဂလိပ်မင်းပိုင် သဘော်ာ ဆိပ်ကမ်းများကို ဆင့်ဆိုတားဆီးအောင် သင့်ရာစာပေးမည့် အကြောင်း။

၁၂၃၈ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၇ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ စကြာယဉ်ပျံ သဘော်ာတော် အကြောင်းနှင့် အိန္ဒိယ အစိုးရမင်းတို့ထံ ၁၈၇၆ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲနှင့် ကြေးနန်းစာ ၁၊ ရေးစာ ၁ ပို့ရာ၊ ကြေးနန်းမှာ မရကြောင်းနှင့် အိန္ဒိယ အစိုးရတို့ထံမှ စာရောက်ပါ၍ ကြေးနန်းအရာရှိတို့ကို ဆင့်ဆို မေးမြန်းမည့်အကြောင်း။ ကြေးနန်း မရိုက်မကြားလျှင် ရိုက်ခငွေ ၁၈–၁၅ ပဲ–၂ ပိုင်ကို တောင်းခံ ပြန်ပေးမည့်အကြောင်း။

၁၂၃၈ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အထက် (၄) မှတ်ပါ အရေးပိုင်မင်း ပေးစာအရ ဒဂုံမော် ဓာတ်ရုံတော်သို့ ဆင့်ဆို မေးမြန်းရာ လမ်းခရီး ကြေးနန်းပျက်ယွင်း၊ တစ်ဖြောင့်တည်း မပေါက်နိုင်သောကြောင့် မြင်းခြံ ဓာတ်ရုံတော်သို့ ထောက်၍ ရိုက်ပြောကြောင်း လျှောက်ထား၊ မြင်းခြံ ဓာတ်ရုံတော်သို့ မေးရာလည်း ၎င်းကြေးနန်းစာ မရောက်ကြောင်း လျှောက်ထားရှိ၍ ကြေးနန်းပျက်ယွင်း မပေါက်ရောက်ကြောင်း သိသာသည့်အတိုင်း ကြေးနန်း ရိုက်ကြားခ ပေးရင်းငွေ ၁၈–၁၅ ပဲ–၂ ပိုင်ကို ပြန်ပေးမြဲ ပေးမည့်အကြောင်း။

၁၂၃၈ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က လက်မှတ်ထိုးရန် လွှတ်တော်က ပေးစာ။

၆။ ။ စကြာယဉ်ပျံ သဘော်ာအကြောင်းနှင့် အိန္ဒိယ အစိုးရမင်းတို့ထံ ရိုက်ကြားရန် ကြေးနန်းခငွေ ၁၈–၁၅ပဲ –၂ ပိုင်ကို ကြေးနန်း မပေါက်ရောက်၍ မြန်မာ အစိုးရမင်းတို့က ပြန်ပေးလာရာ၊ ရကြောင်း လက်မှတ် ရေးထိုးကြောင်း။

---

၁။ ၃ ဒီဇင်ဘာ ၁၈၇၆ ၂။ ၆ ဖေဖော်ဝါရီ ၁၈၇၇ ၃။ ၁၀ ဖေဖော်ဝါရီ ၁၈၇၇

၁၂၃၈ ခု၊ တော်သလင်းလဆန်း၊ ၄ ရက်နေ့[၁]။ (တင်)

ရွှေပြည့်မှန်ကင်း သေနတ်ဗိုလ် ပခန်းကြီးမြို့ဝန်
မဟာမင်းကျော်မင်းခေါင်က လွှတ်တော် လျှောက်စာ။

၇။ ။ ပြည်မြို့ဈေးရုံတွင် ခိုးယူ ထွက်ပြေးလာသူ ငဘောကို ပခုက္ကူဆိပ်ကမ်းတွင် ခိုးရာပါ ပစ္စည်းနှင့်တကွ တွေ့မိချုပ်ထားရာ၊ ပြည်မြို့ အရေးပိုင်က ငဘောကို ပေးအပ်လျှင်ပေးအပ်၊ မပေးအပ်လျှင် စီရင်ပါမည့် အကြောင်းနှင့် စာရောက်ပါ၍ ၎င်းစာနှင့်တကွ ပို့ဆက်၊ အမိန့်ရှိတော်မူရာ နာခံပါမည့်အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၆ ခု၊ မေလ ၁၇ ရက်နေ့။

ပြည်မြို့အရေးပိုင်က ပခန်းကြီးမြို့ဝန်ထံ ပေးစာ။ (လက်ခံ)

(က) ပြည်မြို့ဈေးရုံတွင် ညအခါ စုစုအဖိုး ၁၂ဝ–၄ ပဲတန် အထည်ပစ္စည်းများကို ခိုးယူပျောက်ဆုံး၍ ထောက်လှမ်းရာ ပခုက္ကူ ခံတော်ရှာ အမည်မသိလူ ၁ အိမ်တွင် ပြည်မြို့က ထွက်သွားနေထိုင်သူ ငဘော လက်၌ ပျောက်ဆုံး ပစ္စည်း အချို့အဝက် တွေ့ရှိကြောင်း ပစ္စည်းရှင် ငသာအောင် လျှောက်ချက်အရ ၎င်းအမှုသိသူ သက်သေတို့ကို ပြည်မြို့သို့ပို့ရန် စာပေးရာ ပြန်စာမရကြောင်း၊ ငဘောကို မဟာမိတ်ဖြစ်သည့်အလျောက် အထက်ပေးစာအရ သိသူတို့နှင့်တကွ ပို့အပ်လျှင်လည်း ပို့အပ်၊ မပို့အပ်လျှင်လည်း ဝန်မင်းက စီရင်မည့် အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။

ရွှေပြည့်မှန်ကင်း သေနတ်ဗိုလ် ပခန်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၈။ ။ ပြည်မြို့ဈေးရုံတွင် ခိုးယူသူ ငဘော ကျောက်တိုင်တောင်ဘက် ထာဝရနေဖြစ်လျှင် ပြည်မြို့ အရေးပိုင်ထံ မှတ်သားပေးအပ်၊ နိုင်ငံတော်တွင် ထာဝရဖြစ်နေလျှင် အပေးအအပ်မရှိ စစ်မေး ထွက်ဆိုချက်များနှင့် တကွ ငဘောကို နေ့ရက်မကြာ ရွှေဘွားတော်အောက် ပို့ရမည့်အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း၊ ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ သီဟိုဠ်ကျွန်းရှိ ဓာတ်တော်မွေတော် စေတီတော်များကို အဖူးအမြော်သွား ရဟန်းတော်တို့ သီဟိုဠ်ကျွန်းသို့ ရောက်ကာလ သီတင်းသုံးရန် ကျောင်းဆောက်လုပ်တော်မူလို၍ ဂါလုတိတ္တရမြို့အနီး မင်းနှင့် ဆိုင်သည့်မြေတွင် စတုရန်း ၅ ဝါ မြေရအောင် သင့်ရာစာပေး မှာထား၍၊ မြေမည်မျှရသည်ကို စာပြန်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လဆန်း၊ ၈ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ၁၂၃၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့၊ သိုးဆောင်းလူမျိုးတစ်ဦး မန္တလေးတောင်က မြင်းနှင့်လာရာ လမ်းခရီး တပ်ဝင်း ခင်းကျင်းလာသည့် အရာရှိ လက်ယာတောင်တို့ ရိုက်နှက်သည့် အကြောင်းအရာ မေးချက်ကို မြို့သာဝန်ထောက်သို့ ပေးအပ်လိုက်သည့်အရ မြို့တော်စာရေးကို မေးရာ၊ နှစ်စဉ် ဂရုစမ္မ စည်လည် အမိန့်တော်မြတ်ကို တပ်ဝင်းခင်းကျင်း၊ ရှေ့ရုံးတော် တရားရုံးတော် အရာရှိ မှူးတော် မတ်တော်တို့ ကြီးကြပ်၍ ရွှေမြို့တော် မြောက်မျက်နှာ ရပ်ကွက်သို့ လှည့်လည်ပြန်လာရာ မည်သည့် အမျိုးသားမဆို ရိုသေစွာ နာခံရှိကြသည့်အတွင်း သိုးဆောင်းလူတစ်ဦး မြင်းစီးနင်းလာသည်နှင့် တွေ့ကြုံ၊ ရှောင်လွှဲရန် ပြောဆိုသည်ကို မရ၊ ဦးထုပ် မချွတ်၊ မြင်းပေါ်က မဆင်း၊ ရှေ့လိုက်အာဏာတို့အတွင်း ဝင်မည်ကဲ့သို့ ပြုလုပ်သောကြောင့် နတ်ရှင်ရွှေ မြို့ဝန်မင်းအာဏာတို့က ကြိမ်နှင့် ဖယ်ရှားလိုက်ကြောင်း ထွက်ဆိုချက်အရ ဥပဒေကို ကျူးလွန်သူ တွေ့မိလျှင် အစိုးရမင်းတို့ကိုသာ လျှောက်ရမည်ကို မလျှောက်၊

၁။ ၂၂ ဩဂုတ် ၁၈၇၆ ၂။ ၁၉ စက်တင်ဘာ ၁၈၇၆ ၃။ ၂၅ စက်တင်ဘာ ၁၈၇၆

ပေါ့လျော့ပြုလုပ်သူ အာဏာ ၂ တို့ကို အပြစ်အလျောက် ထောင် ၃ လ စီရင်ကြောင်း။ နောင် သည်ကဲ့သို့ အလျောက် မပြုမလုပ်ရအောင် အသီးအသီး ဆင့်ဆိုရှိကြောင်း၊ အရေးပိုင်မင်းကလည်း အင်္ဂလိပ် ကျွန်တော်မျိုးတို့ သည်ကဲ့သို့ နောင်မကျူးလွန်ရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၆ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ၁၈၇၆ ခု၊ ဖေဖော်ဝါရီလအတွင်း ရွှေကျင်မြို့ တောင်ကြီးစုရွာတွင် ငနိုင်၊ ဘိုးတို့နှင့်အတူ တိုက်ခိုက် ထွက်ပြေး၍ နိုင်ငံတော် ဝါးနွယ်ခုံမြို့ တပ်မှူး သေိုင်းအိမ်တွင် ခိုဝင်ရှိနေသူ ဓားပြ ငရွှေပိုင်းကို ဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ ဖမ်းဆီးသာအောင် ပုံစံအမှတ်အသားကို ပို့လိုက်ကြောင်း၊ တိုက်ဆိုင်စစ်မေးရန် စစ်ချက် မေးချက်များနှင့်တကွ သက်သေတို့ကိုလည်း စေလွှတ်ပေးပို့မည့် အကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ကျောက်တိုင်တောင်ဘက်က ဓားပြပြုလုပ် တိုက်ခိုက် ထွက်ပြေးလာသူ ငရွှေပိုင်း ဝါးနွယ်ခုံမြို့ တပ်မှူး အိမ်တွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်းမြို့တွင် ရပ်နေစီရင်သူ နောက်ဝင်းတော်မှူး သို့ မှာထားရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

နောက်ဝင်းတော်မှူး ပျဉ်းမနားမြို့စားသို့ ပေးစာ။

၁၃။ ။ ကျောက်တိုင်တောင်ဘက်က ဓားပြပြုလုပ် တိုက်ခိုက် ထွက်ပြေးလာသူ ငရွှေပိုင်း ဝါးနွယ်ခုံမြို့ တပ်မှူး အိမ်တွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း၊ ၎င်းကို ဖမ်းဆီးသာအောင် လူပုံစံ အမှတ်အသားကိုလည်း ပို့လိုက်ကြောင်း။

ဓားပြ ငရွှေပိုင်း ပုံစံ။

(က) အသက် ၃၀၊ အရပ် ၅ ပေ ၂ လက်မ၊ မွန်၊ အသားညို၊ မျက်စိစောင်း၊ နဖူးတွင် အဖုရှိ၊ မင်ကြောင် ၂ ဖက်၊ တောင်ငူ တံခွန်တိုင်ရွာနေ။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၆ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ၁၈၇၄ ခုနှစ်အတွင်း ပုသိမ်မြို့ချောင်းတွင် လှေကို တိုက်ခိုက်၊ လူကို သတ်ဖြတ်သူကို ဖမ်းဆီးရမိရှိ၍ တိုက်ခိုက်စဉ် ရိုက်နှက်ခံရသူ ပခုက္ကူ ပေါင်လောင်ရွာနေ ငဖြူပြိုင်းကို သက်သေအဖြစ်မေးရန် ရန်ကုန် သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။ ဆင့်ဆိုစေလွှတ်သာအောင် ငဖြူပြိုင်း ပုံစံ အမှတ်အသားကိုလည်း ပို့လိုက်ကြောင်း။

ငဖြူပြိုင်း ပုံစံ။

(က) အသက် ၂၆၊ ခေါင်းတွင် ဓားပြရိုက်သည့် ဒဏ်ရာ ၃ ရှိ၊ အရပ်ပျပ်ပျပ်၊ အသားဖြူ၊ မင်ကြောင်ရှိ၊ ပေါင်လောင် ရွာနေ။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ပခုက္ကူ ပေါင်လောင်ရွာနေ ငဖြူပြိုင်းကို နေ့ရက်မကြာ လွှတ်တော်သို့ ဆင့်ဆို စေလွှတ်ရမည် ပခန်းကြီး မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

---

၁။ ၁၀ အောက်တိုဘာ ၁၈၇၆

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့[၁]။

ပခန်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၁၆။ ။ ပခုက္ကူမြို့ ပေါင်လောင်ရွာနေ ဖြေုပြိုင်းကို လွှတ်တော်သို့ နေ့ရက်မကြာ ဆင့်ဆိုစေလွှတ်၍၊ မည်သည့်နေ့ စေလွှတ်ရမည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၆ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ ပခုက္ကူရွာနေ ဖြေုပြိုင်း ရောက်သည်၊ မရောက်သည်ကို စာပြန်မည့်အကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့။ (တင်)

ပခန်းကြီးမြို့ဝန်က လျှောက်စာ။

၁၈။ ။ ပခုက္ကူ ပေါင်လောင်ရွာတွင် ဖြေုပြိုင်း မရှိမနေကြောင်းနှင့် ပခုက္ကူရွာ၊ ပေါင်လောင်ရွာ၊ ပေါင်လောင်ကန်ရွာ သူကြီး အစီရင်ခေါင်းအကြီးတို့က ခံဝန်ချက် ချမှတ်ထွက်ဆိုရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ဖြေုပြိုင်း အကြောင်းကို အထက် (၁၈) မှတ်ပါအတိုင်း ပခန်းကြီးမြို့ဝန်က လျှောက်ထားရှိကြောင်း။

---

## ၃၂၇ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

၁၈၇၆ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက် ပြည်မြို့နယ် သရက်ကုန်းရွာနေ ငအောင်ကြီးကို ဓားနှင့် ထိုးသတ်ထွက်ပြေး၊ နိုင်ငံတော် စကုမြို့ မြောင်းဦးခွန်သာရွာတွင် ခိုဝင်ရှိနေကြောင်း၊ တစ်ခါတစ်ရံ မလွန်မြို့တွင် နေထိုင်ကြောင်း ထောက်လှမ်းသိရသူ လူသတ် ငခိုင်ကို ဖမ်းဆီးပေးအပ်မည့် အကြောင်း။ ဖမ်းဆီးသာအောင် အစစ်ခံ ထွက်ချက်များကိုလည်း ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငခိုင် စကုမြို့ မြောင်းဦးခွန်သာရွာနှင့် မလွန်မြို့များတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် စကုမြို့ဝန်၊ မလွန် ၃ မြို့ဝန်တို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

မလွန်၊ မြေထဲ၊ သရက် ၃ မြို့ဝန်နှင့် စကုမြို့ဝန်၊ လယ်ကိုင်း မြို့ဝန်တို့သို့ ပေးမှာစာ။

၃။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငခိုင် ဝန်စုပါ မြို့ရွာနယ်မြေများတွင် လာရောက်ခိုဝင်ရှိနေလျှင် လွှတ်တော်သို့ ဖမ်းဆီးပို့အပ်၊ မရှိမနေလျှင်လည်း မြို့ရွာနယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်များနှင့်တကွ လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်က ထွက်ပြေးလာသူ လူသတ်ငခိုင်ကို လယ်ကိုင်းမြို့ဝန်က ဖမ်းဆီး ပို့အပ်ရှိ၍ စစ်မေးရာ၊ ပန်းတောင်းမြို့ သရက်ကုန်းရွာတွင် မယား မိဖော့နှင့်အတူ လုပ်ကိုင်စားသောက် နေထိုင်

---

၁။ ၂၃ အောက်တိုဘာ ၁၈၇၆ ၂။ ၁၁ ဒီဇင်ဘာ ၁၈၇၆

သည့်အတွင်း ငအောင်ကြီး၊ တေက်ပုတို့ နေအိမ်သို့ လာရောက်၊ ငအောင်ကြီးက ဓားနှင့်ဝန်းဝိုင်း ဖမ်းဆီး၊ ဆံကို ဆွဲငင်ပြုလုပ်သောကြောင့် ငအောင်ကြီးကို ဓားနှင့် ထိုးသတ် ထွက်ပြေးလာကြောင်း အစစ်ခံ ဖြောင့်ဆိုရှိ၍ အလိုရှိသည်နေ့ ပေးပို့စေမည့် အကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

၁၈၇၆ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ပြည်မြို့နယ် ကမြိုင်ရွာတွင် ၁၈၇၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ မိကူးဆိုသူကို ဓားနှင့် ခုတ်သတ်ထွက်ပြေး၊ နိုင်ငံတော် မင်းတုန်းမြို့ကျန် မျှုံးတပ်ရွာတွင် ခိုဝင်ရှိနေကြောင်း ထောက်လှမ်းသိသာရသူ လူသတ် ငရွှေသာကို ဖမ်းဆီးပေးအပ်မည့်အကြောင်း၊ ဖမ်းဆီးသာအောင် အစစ်ခံ ထွက်ချက်များကို ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ကျောက်တိုင်တောင်ဘက်နေ လူသတ် ငရွှေသာ၊ မင်းတုန်းမြို့ မျှုံးတပ်ရွာတွင် ရှိနေလျှင် နေ့ရက်မကြာ လွှတ်တော်သို့ ဖမ်းဆီးပို့အပ်ရမည် မင်းတုန်းတောင်စဥ် ၇ ခရိုင် မြို့အုပ်မင်းသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

မင်းတုန်း တောင်စဥ် ၇ ခရိုင် မြို့အုပ်သို့ ပေးမှာစာ။

၇။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရွှေသာ၊ မင်းတုန်းမြို့ မျှုံးတပ်ရွာတွင် ရှိနေလျှင် မထွက်မလွတ်စေရ ဆင့်ဆိုဖမ်းဆီး ပို့အပ်ရမည့်အကြောင်း။ မရှိမနေလျှင်လည်း မြို့ရွာ နယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့်တကွ အမြန်လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[၁]။ (တင်)

မင်းတုန်းတောင်စဥ် ၇ ခရိုင် မြို့အုပ်က လျှောက်စာ။

၈။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရွှေသာ၊ မြို့နယ်ကျေးရွာများတွင် မရှိမနေကြောင်း မြို့ရွာသူကြီး၊ ကင်းတပ်မှူးတို့ ထွက်ဆိုရှိပါ၍ ၎င်းတို့ထွက်ချက်ကို ပူးတွဲပို့ဆက်ပါကြောင်း။

၁၂၃၈ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရွှေသာ အကြောင်းကို အထက် (၈) မှတ်ပါအတိုင်း မင်းတုန်း တောင်စဥ် ၇ ခရိုင် မြို့အုပ်မင်း နေမျိုးမင်းလှရာဇာကျော်ခေါင်က လျှောက်ထား ရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၆ ခု၊ နိုဝင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ ပြည်မြို့နယ် ဖွဲကွင်းရွာနေ ငအားကို ဓားနှင့် ထိုးသတ်ထွက်ပြေး၊ နိုင်ငံတော် တောင်တွင်းကြီးမြို့ ဆည်စုရွာတွင် ခိုဝင်ရှိနေကြောင်း ထောက်လှမ်းသိသာသူ လူသတ် ငရဲကို ဆင့်ဆိုဖမ်းဆီး ပေးအပ်မည့် အကြောင်း၊ ဖမ်းဆီးသာအောင် အစစ်ခံ ထွက်ချက်များကို ပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရဲ၊ တောင်တွင်းကြီးမြို့ ဆည်စုရွာ တွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီးမြို့တွင် ရပ်နေစီရင်သူ ဝန်ထောက်တော်မင်းသို့ မှာထားရှိကြောင်း။

---

၁။ ၁၂ ဒီဇင်ဘာ ၁၈၇၆ ၂။ ၁၆ ဒီဇင်ဘာ ၁၈၇၆ ၃။ ၁၁ နိုဝင်ဘာ ၁၈၇၆

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။

တောင်တွင်းကြီးမြို့ရှိ ဝန်ထောက်တော် မင်းကြီးမဟာရာဇသကြ်သို့ ပေးမှာစာ။

၁၂။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရဲ၊ တောင်တွင်းကြီးမြို့ ဆည်စုရွာတွင် ရှိနေလျှင် ဖမ်းဆီးပို့အပ်၊ မရှိမနေလျှင်လည်း မြို့ရွာနယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့်တကွ လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့ ဝန်ထောက်၊ စစ်ကဲတို့က လျှောက်စာ။

၁၃။ ။ ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ် ထွက်ပြေးလာသူ ငရဲ တောင်တွင်းကြီးမြို့ ဆည်စုရွာတွင် မရှိမနေကြောင်းကို မြို့သူကြီးရွာသူကြီး ဆည်စုရွာခေါင်းတို့ အစစ်ခံထွက်ဆိုရှိ၍၊ ၎င်းတို့ ထွက်ချက်ကို ပူးတွဲပို့ဆက်ပါကြောင်း။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ လူသတ် ငရဲ အကြောင်းကို တောင်တွင်းကြီးမြို့ အစိုးရဝန်ထောက်က အထက် (၁၃) မှတ်ပါအတိုင်း လျှောက်ထားရှိကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် ပဋ္ဌမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား၏ ထီးဖြူဆောင်းဖက်၊ ဘိသိက်ခံဖက်၊ ပြည်ထောင်ဖက် ဖြစ်တော်မူသော မြတ်သော အသျှင်မိဖုရားခေါင်ကြီးဘုရားသည် ယခု လပြည့်ကျော် ၁၂ ရက်နေ့ နံနက် တစ်ချက်တီးကျော် ၅ မောင်းအချိန် နတ်ပြည်စံတော်မူသည်ကို လွန်ကဲထူးမြတ်သော အခမ်းအနား အကြီးအကျယ် ကျင်းပရှိကြောင်းကို အရေးပိုင်မင်း သိရန်အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မြတ်သော အသျှင် မိဖုရားခေါင်ကြီးဘုရား နတ်ပြည်စံတော်မူသည့် အလောင်းတော်ကို လွန်ကဲ မြင့်မြတ်လှသော အခမ်းအနား ခင်းကျင်း ကျင်းပ ဆောင်ယူပြီးလျှင် နောင်အခွန့်ရှည်စွာ ဘုန်းတော် ဂုဏ်တော် ကျေးဇူးတော် ထင်ရှားတည်ထွန်းတော်မူရန် မြောက်ဥယျာဉ်တော်အတွင်း တည်လုပ်တော်မူသည့် ဘုံ ၇ ဆင့် အုတ်ပြာသာဒ်တော်တွင် ၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့၊ သွင်းထားတော်မူသည့် အကြောင်းကို အရေးပိုင်မင်း သိရန်အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလဆန်း ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ သက်သက် ပေးစာ။

၁၇။ ။ ပြည်သူတို့၏အမိ၊ ပြည်သူတို့၏အသျှင် ဖြစ်တော်မူသော် မြတ်သော အသျှင်မိဖုရားခေါင်ကြီးဘုရား နတ်ပြည်စံတော်မူသည့် အလောင်းတော်ကို ရှေးမင်းကောင်းမင်းမြတ်တို့ ထုံးနှုန်းအတိုင်း ကောင်းမွန်စွာ မြောက်ဥယျာဉ်တော်အတွင်း ဘုံ ၇ ဆင့်ရှိသော ပြာသာဒ်တော်တွင် အခမ်းအနား ကြီးကျယ်စွာ ခင်းကျင်း သွင်းထားတော်မူပြီးလျှင် တံဆိပ်တော်ရ ဆရာတော် အမှူးရှိသော ဆရာတော် သံဃာတော်မြတ်တို့အား ဆွမ်းစသော အထူးထူးသော လှူဖွယ်တို့ဖြင့် နေ့စဉ်လှူဒါန်းတော်မူသည်ကို မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်တို့မှစ၍ ကျွန်တော်မျိုးတို့ နေ့ညဝင်ထွက် ခစားဖူးမြော်ကြရသည့်အခါ ဖြစ်သောကြောင့် ပြည်သူတို့ မှုခင်းရှိသည်များမှာ နိုင်ငံတော်ထုံးစံအတိုင်း ကျွန်မှု၊ နှုတ်လွန်မှု၊ လက်ရောက်မှု၊ ရာဇဝတ်မှုပြင် ကြွေးမြီကုန်ဖိုး ဖြတ်စာထွက်မှစ၍ မှုခင်းတရားစကား ရှိသည်များကို အလျှောက်အထား၊ အပြောအဆို၊

၁။ ၁၀ နိုဝင်ဘာ ၁၈၇၆ ၂။ ၁၉ ဒီဇင်ဘာ ၁၈၇၆ ၃။ ၄ ဇန်နဝါရီ ၁၈၇၇ ၄။ ၁ ဒီဇင်ဘာ ၁၈၇၆

အခေါ်အငင်၊ အတောင်းအခံ မရှိစေရ။ ၁၂၃၈ ခုနှစ်အတွင်း ရပ်ဆိုင်းစေရမည့်အကြောင်းနှင့် ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း မြို့ရွာအစိုးရမင်းများသို့ အသီးအသီး ဆင့်ဆိုမှာထား ရပ်ဆိုင်းစေကြောင်းကို အရေးပိုင်မင်း သိရန်အကြောင်း။

**၁၂၃၈ ခု၊ နတ်တော်လဆန်း ၁၅ ရက်နေ့။**

**၁၈၇၆ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ လွန်ခဲ့သည့် ၁၂ လအတွင်း တောင်ငူမြို့နယ်မှာ မြန်မာနယ်ဘက်နေလူတို့ ဝင်ရောက်ဆိုးသွမ်း တိုက်ခိုက်ရှိ၍ ထောက်လှမ်းရာ၊ ကျောက်တိုင်အနီး နင်ကြမ်းအစိုးရတို့က အထင်အရှား ဆိုးသွမ်းသူတို့ကို မဖမ်းမဆီးကြောင်း၊ ဓားပြဗိုလ် ငမောက်ဆိုသူလည်း နင်းကြမ်းဝန်ထံ နေကြောင်း၊ ဝါးနွယ်ခုံ မြို့သူကြီးကလည်း လူဆိုးတို့ကို မနှိပ်မကွပ်ကြောင်း၊ အောင်သာရွာအစိုးရ ငသိုင်း ဆိုသူကလည်း လူဆိုးတို့ကို လက်ခံကြောင်း သိရ၍ ၎င်းအကြောင်းကို မြန်မာအစိုးရမင်းတို့က မဟာမိတ် ဖြစ်သည့်အရ ရွှေနားတော်မြတ်ကြားတင်လျှောက်။ နိုင်နင်းအောင် စိတ်ပါကိုယ်ရောက် နှိပ်ကွပ်မည်ကို ယုံကြည်ကြောင်း။

**၁၂၃၈ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့[၁]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ဓားပြငမောက် ရှိနေသည် မနေသည်ကို တောင်ငူ ရမည်းသင်း ၂ မြို့ အစိုးရ လက်ဝဲဝင်းတော်မှူးသို့ မေးရာ မရှိမနေကြောင်း လျှောက်ထားရှိသောကြောင့် အောင်သာရွာသူကြီး ငသိုင်းနှင့် ကျောက်တိုင်အနီးအစပ် ဝါးနွယ်ခုံမြို့မှစ၍ မြို့ရွာ အကြီးအအုပ်တို့ကိုလည်း လူဆိုးတို့ကို လက်ခံ တိုက်ခိုက် ခိုးယူမရှိစေရ၊ နိုင်နင်းအောင် ဆင့်ဆိုစောင့်ထိန်းစေရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း။

**၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။**

**၁၈၇၆ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ဆရာဝန်ဂျွန်ဆင် ကွယ်လွန်သေဆုံးရာ ကျန် အိမ်ရှိပစ္စည်းများကို စက်ဆရာ မယ်ဆယ်ဘိန်း၊ တရားမ အရေးပိုင်တို့နှင့် စုံညီသိမ်းထားကြောင်း၊ ၎င်းအလောင်းကို ယနေ့ညနေ ၅ နာရီအချိန် အင်္ဂလိပ် သုသာန်တွင် သင်္ဂြိုဟ်မည် သိုးဆောင်းလူမျိုးတို့ကို ဖိတ်မန်ပြီး ဖြစ်သည့်အတိုင်း သံတော်ဦးတင်လျှောင် အခွင့်ပေးတော်မူမည်ကို ယုံကြည်ကြောင်း။

**၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ သစ်တောဝန် မင်းကျော်သိဒ္ဓိဘိသင်္က သေလွန်သည်ကို မြန်မာ ကျွန်တော်မျိုး မှူးတော်မတ်တော်နှင့်မခြား သစ်တောဝန်အရာ အစီးအနင်း အဆောင်အရွက်နှင့် သူကောင်းပြုတော်မူသည့် ကျွန်တော်မျိုးဖြစ်၍ တော်နေရာနေတို့ သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း ဝင်းအတွင်း သင်္ဂြိုဟ်စေ အမိန့်တော်မြတ်ရင်းအတိုင်း အခမ်းအနား ကျင်းပလုပ်ဆောင် သင်္ဂြိုဟ်မည်ဖြစ်၍ ယခုလပြည့်ကျော် ၃ ရက်နေ့မှ မှူးတော်မတ်တော်တို့နှင့် အစုံအညီ သင်္ဂြိုဟ်နိုင်မည့် အကြောင်း။

**၁၂၃၉ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့။**

**၁၈၇၇ ခု၊ မေလ ၂၂ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ ဆရာဝန်မာဘီ သေလွန်ရာ ကျန်အမွေပစ္စည်း အကြောင်းအရာကို မေးမြန်းရမည်၊ ဂျာမန်အစိုးရတို့က ဆင့်ဆို၍ ၎င်းပစ္စည်း မည်မျှကျန်သည်၊ ဆွေမျိုးတို့ကို မည်သို့ ခွဲဝေပေးသည် မေးမြန်းစာပြန်မည့်

---

**၁။ ၁၉ ဒီဇင်ဘာ ၁၈၇၆**

အကြောင်းနှင့် ရန်ကုန်မြို့ရှိ ဂျာမန်ကိုယ်စားလှယ် ကောင်စစ်က ပို့ရောက်သည့် ဘာသာရေးစာကို ရေးကူး ပို့လိုက်ကြောင်း။

---

### ၃၂၇–က မှတ် ပုရပိုက်ထွက်။

၁။ ။ ၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့၊ ဆရာဝန်မာဘီသေ ကျန်အိမ်ထောင်ပစ္စည်းများကို အကြွင်းအကျန်မရှိ မှတ်သားထိန်းသိမ်းထားရမည် ဆင့်ဆိုသည့်အရ ဆရာဝန် ဘဏ္ဍာစိုး ငရေအေးနှင့် စုံညီမှတ်သားသည့် အိမ်ထောင်ပစ္စည်းစာရင်း။ (၎င်းတွင် ရွှေငွေ အကွင်းအခြည် အတွင်းပစ္စည်း မပါ။)

---

### ၃၂၈ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဆရာဝန်မာဘီသေ ကျန်ပစ္စည်းအကြောင်းနှင့် ဂျာမန်ကိုယ်စားလှယ်က ပို့ရောက်စာနှင့်တကွ အရေးပိုင်မင်းက စာပို့ရောက်သည်မှာ မာဘီ သေဆုံးသည်ကို ကောင်းမွန်လှပစွာ သင်္ဂြိုဟ်ပြီးလျှင် မာဘီပစ္စည်းများကို ဂျာမန်နိုင်ငံရှိ အမွေခံတို့ ခံစေရန် ဂျာမန် နိုင်ငံခြားဝန်ကြီးထံ ကြေးနန်းရိုက်ကြား၊ ၎င်းဝန်ကြီးက ကောင်းမွန်စွာ သင်္ဂြိုဟ်သည်ကို ကျေးဇူးတင်ကြောင်းနှင့်သာ ကြေးနန်းပြန်ပြီးနောက် မိဘသားချင်း အမွေခံရှိသည် မရှိသည်၊ မည်သို့ပြုလုပ်ရမည် ထပ်မံ စာမရသေးဖြစ်၍ ထပ်မံပေးမည့်စာကို မျှော်လင့်ဆဲရှိကြောင်း။

၁ –က ။ ရန်ကုန်ရှိ ဂျာမန်ကိုယ်စားလှယ်က မာဘီအကြောင်းနှင့် ပို့ရောက်စာ ဆို၍ ရွှေမြို့တော်ရှိ အရေးပိုင်က ပို့ရောက်သည့် ဘာသာရေးစာ မြန်မာပြန်ချက် (စာသား) ကို မျက်နှာနံပါတ် ၄၆၀ တွင် ကြည့်။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၇ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ မြို့ကြီးပြင်တွင်နေ သိုးဆောင်းလူမျိုးတို့ သေဆုံးလျှင် မြို့တွင်းသုသာန်သို့ ဆောင်ယူသင်္ဂြိုဟ်ရသည့်အရာ ခဲယဉ်းရှိမည်ဖြစ်၍ မြို့ကြီးပြင်ဘက် သင့်ရာတွင် ဝန်ရှင်တော်မင်းကြီးက အမိန့်တော်ခံ၍ သုသာန်နေရာ တစ်ခု သတ်မှတ်ထားမည့် အကြောင်း။

၁၂၃၈ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မြို့ကြီးပြင်တွင်နေ သိုးဆောင်းလူမျိုးတို့ သေဆုံးလျှင် သင်္ဂြိုဟ်ရန် သုသာန်မြေရာကို ပြင်မြို့ရိုးတော်ကြီး နောက်မျက်နှာ နတ်ရွာကုန်းရွာ အနောက်မြေတွင် သတ်မှတ်ပြဋ္ဌာန်းရှိ၍ ၎င်းမြေပုံစံကို ပို့လိုက်ကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့။

၁၈၇၀ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မြို့ကြီးပြင်ဘက် သိုးဆောင်းလူမျိုးတို့ သုသာန်မြေရာကို နယ်နိမိတ် ၄ ရပ် အလားအလာ နေရာကျ ဆင့်ဆိုသတ်မှတ်မည့် အကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ အထက်ပုံစံပါ နတ်ရွာကုန်းရွာ အနောက်တွင် သိုးဆောင်းလူမျိုးတို့အဖို့ ချထားသည့် သုသာန်မြေရာမှာ

---

၁။ ၂၄ မေ ၁၈၇၇ ၂။ ၁၀ ဇန်နဝါရီ ၁၈၇၇

အရှေ့အနောက် တောင်မြောက် စတုရန်း ၂၅၊ စီ မြေအပိုင်းအခြား နယ်နိမိတ် ၄ ရပ်ကို အထင်အရှား မှတ်တိုင်စိုက်ထားရမည် ရွှေမြို့တော်ဝန် ထောင်မှူး၊ ရွှေမြို့တော် စာရေးတို့ကို ဆင့်စိုက်မှတ်ရှိကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့။

၁၈၇၇ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ နိုင်ငံတော် အောင်သာကင်းတပ်မှူးဟောင်း ငသိုင်း၊ ဖရဲကုန်းခေါ် အင်္ဂလိပ် ကင်းတပ်အနီး မြန်မာနယ်ဘက် ချောင်းခွရွာတွင် ရွှေ့ပြောင်းနေထိုင်၊ လူဆိုးတို့ကို စုရုံးတိုက်ခိုက်မည် အကြံအစည်ပြုကြောင်း ကြားသိရ၍ ငသိုင်းကို ချောင်းခွရွာမှ အခြားသို့ ရွှေ့ပြောင်းစေမှ နှစ်တိုင်းနှစ်ပြည် ငြိမ်ဝပ်မည်ဖြစ်ကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အောင်သာကင်းတပ်မှူးဟောင်း ငသိုင်းကို ရွှေဘွားတော်အောက်သို့ စေလွှတ်လာစေရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရ နောက်ဝင်းတော်မှူးသို့ မှာထားရှိကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၈။ ။ အောင်သာရွာနေရင်း၊ ချောင်းခွရွာနေ ကင်းတပ်မှူးဟောင်း ငသိုင်းကို နေ့ရက်မကြာ ရွှေဘွားတော်အောက်သို့ စေလွှတ် လာရောက်စေရမည့် အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၇ ခု၊ မတ်လ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့ နတ်စင်ကူးရွာတွင် ၁၂၃၈ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့၊ နိုင်ငံတော်ဘက်နေ လူဆိုးတို့ ဝင်ရောက်တိုက်ခိုက်၍ ထောက်လှမ်းရာ ငမြတ်အောင် ဗိုလ်ပြုလုပ် တိုက်ခိုက်ကြောင်း၊ ၎င်း ငမြတ်အောင်လည်း အထက် ၁၂၃၈ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့ တောင်စားပါ ငမှုံအိမ်တိုက် ဓားပြတွင်အပါ သာဝတ္ထိရွာနေ ငမြတ်အောင်ဖြစ်ကြောင်း သိရ၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆို၊ ငမြတ်အောင်ကို ဖမ်းဆီးစီရင်မည့် အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ သာဝတ္ထိရွာတွင် ငမြတ်အောင် နေထိုင်ရှိလျှင် ရမိအောင် ထောက်လှမ်းဖမ်းဆီးရမည် နောက်ဝင်းတော်မှူးသို့ မှာထားရှိကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၁၁။ ။ ဓားပြပြုလုပ် တိုက်ခိုက်သူ ငမြတ်အောင် သာဝတ္ထိရွာတွင် နေထိုင်ရှိလျှင် မထွက်မလွှတ်စေရ၊ ရမိအောင် ဖမ်းဆီး၍ ရွှေဘွားတော်အောက်သို့ ပို့ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့။

၁၈၇၇ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့၊ မဲဟော်နယ်၊ တံတားဦးရွာတွင် ၁၂၃၈ ခုနှစ်အတွင်း ခိုးယူပျောက်ဆုံးသည့် နွား ၂ ကို နိုင်ငံတော်အတွင်း တွေ့မိ၊ မဲဇလီ ကင်းတော်တွင် အပ်ထား၊ ၎င်းကင်းတော်က

နင်းကြမ်းဝန်ထံ ပို့အပ်၊ ၎င်းဝန်က နွားရှင်တို့ လျှောက်တောင်းလျှင်ပေးမည် ဆင့်ဆိုပြီး နောက်တစ်နေ့ တွင်ပင် နင်းကြမ်းဝန်လည်း ရွှေဘွားတော်အောက် တက်လာ၊ နွားများကို မရရှိသေးဖြစ်၍ ရရှိအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၁၃ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူး သူရဲဝန် ကျောက်ပန်းတောင်းမြို့စား မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ထင် မေးချက်။

(က) တံတားဦးရွာနေ လူတို့ပိုင် ခိုးရာပါ နွား ၂ ကို နယ်သီး ၉ ရွာအဝင် မဲဇလီ ကင်းတပ်မှူးက ကျွန်တော်ထံ မအပ်၊ နွားရှင်တို့ လျှောက်ထားရှိ၍ မဲဇလီကင်းမှူး ငစံဦးကို မေးရာ၊ ခိုးရာပါ နွား ၂ ကို ကင်းတပ်ရေး ငဘေသို့ ပေးအပ်၊ ရွှေဘွားတော်အောက်သို့ ဆောင်ယူသွားကြောင်း ပြောဆို ကြားသိရကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၂]။

အင်ပင်ရေထွက် ကင်းတပ်ရေး ငဘေ မေးချက်။

(ခ) ကင်းဝန် ကင်းပတ်လှည့်ရာ နွား ၂ နှင့် သူခိုးတို့ကို တွေ့မိ၍ သေနတ်နှင့် ပစ်ခတ်ဖမ်းဆီးရာ သူခိုး ၂ အနက် ၁ မှာ သေနတ်ထိမှန် သေဆုံး၊ ၁ မှာ မရမမိ၊ နွား ၂ ကိုသာ ရရှိကြောင်းနှင့် မဲဇလီ ကင်းတပ်မှူး ငစံဦးက ပြောဆိုပေးအပ်ရှိ၍ ဆိုင်ရာမှာ လျှောက်ထား ကျွေးမွေးထိန်းသိမ်း ထားသည့်အတွင်း နွား ၂ အနက် ၁ မှာ စားခုတ်ဒဏ်ရာနှင့် သေဆုံး၊ ၁ မှာ ကင်းတပ်မှူးထံ အပ်နှံ ထိန်းသိမ်းထားပါစေကြောင်း။

၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ တံတားဦးရွာနေ လူတို့ပိုင် ခိုးရာပါ နွား ၂ အကြောင်းအရာကို လက်ဝဲဝင်းတော်မှူးကို မေးရာ အထက် (က) မှတ်ပါအတိုင်း၊ ကင်းတပ်ရေး ငဘေကို မေးရာလည်း အထက် (ခ) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ ကျန်နွား ၁ မှာ တံတားဦးရွာနေ လူတို့ပိုင် ခိုးရာပါနွား မှန်လျှင် ကင်းတပ်ရေးထံ မြို့ရွာထုံးစံရှိရာ ကျွေးမွေး ထိန်းသိမ်းခ ပေးရွေး နုတ်ယူလာလျှင် ပြန်ပေးရမည် ကင်းတပ်ရေးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

၁၈၇၈ ခု၊ မေလ ၂၁ ရက်နေ့

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ တံတားဦးရွာနေ လူတို့ပိုင် ခိုးရာပါ နွား ၂ အကြောင်းအရာနှင့် အထက် (၁၃) မှတ်ပါ ဝန်ရှင်တော်မင်းကြီး ပေးစာအရ တောင်ငူအရေးပိုင်က နွားရှင်တို့ကို စာပေးအပ်၊ နင်းကြမ်းဝန်ထံ စေလွှတ် တောင်းစေရာ ယခုအမှု ဖြစ်သည့်ကာလက မရှိ၍ မည်သို့ပြုရမည် မသိကြောင်းနှင့် ယခုလက်ရှိ နင်းကြမ်းဝန်က စာပြန်ရှိကြောင်း၊ ၎င်းအမှုလည်း တစ်နှစ်ကျော် ကြာပြီးဖြစ်၍ နေရာကျအောင် ဆင့်ဆိုပြုလုပ်မည့်အကြောင်း။

၁၂၄၀ ပြည့်၊ နယုန်လဆန်း ၇ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ တံတားဦးရွာနေ လူတို့ပိုင် ခိုးရာပါ နွား ၂ အကြောင်းနှင့် အထက် (၁၄) မှတ်ပါ အရေးပိုင်မင်း ပေးစာအရ ကင်းတပ်ရေး ငဘေကို မေးရာ၊ နွားရှင်တို့က မရွေးမယူလာ၍ မပေးရကြောင်း ထွက်ဆိုသောကြောင့် နွားကို တောင်ငူ ရမည်းသင်း ၂ မြို့ အစိုးရ အတွင်းဝန် လယ်ဝန် ယောမြို့စား မင်းကြီးမင်းခေါင်ကျော်ထံ အပ်ရမည် ကင်းတပ်ရေးသို့ ဆင့်ဆို၊ ကင်းတပ်ရေးက အပ်သည့်နွားကို နွားရှင်တို့ ထုံးစံရှိရာ ပေးရွေး ယူလာလျှင် ပြန်ပေးရမည် တောင်ငူ ရမည်းသင်း ၂ မြို့ အစိုးရသို့ မှာထားရှိကြောင်း။

၁။ ၂၄ ဖေဖော်ဝါရီ ၁၈၇၇ ၂။ ၂၇ ဖေဖော်ဝါရီ ၁၈၇၇ ၃။ ၇ မတ် ၁၈၇၇ ၄။ ၆ ဇွန် ၁၈၇၈

၁၂၄၀၊ ကဆုန်လဆန်း ၁ ရက်နေ့[၁]။

အတွင်းဝန် လယ်ဝန် ယောမြို့စားသို့ ပေးမှာစာ။

၁၆။ ။ကင်းတပ်ရေး ငဘေက အပ်သည့် နွား ၁ ကို ကျောက်တိုင်တောင်ဘက် တံတားဦးရွာနေ နွားရှင် ဘော့ ဆိုသူ လာရောက် လျှောက်ထား၊ ထုံးစံရှိရာ ကျွေးမွေးခ ပေးရွေးယူလာလျှင် မှတ်သားပေးအပ်ရမည့် အကြောင်း။ မည်သည့်နေ့ ကင်းတပ်ရေး ငဘေက နွားကို ပေးအပ်လာသည်၊ မည်သည့်နေ့ နွားရှင် လာရောက် ရွေးယူလာ၍ မည်သို့ မှတ်သားပေးအပ်သည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၇ ခု၊ ဧပြီလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။အင်္ဂလိပ်ဆရာဝန် ဂျွန်ဆင်က မြင်းမစီးရေ ၁ ကို အောက်မြို့သို့ ဆောင်ယူလိုပါ၍ တားဆီးမရှိ ဆောင်ယူနိုင်အောင် အမိန့်စာ ပေးပါမည့်အကြောင်း။

၁၂၃၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။မြင်းလား၊ မြင်းမများကို နိုင်ငံတော်ပြင်သို့ ထုတ်ယူစေရန် နိုင်ငံဥပဒေ မရှိသော်လည်း မဟာမိတ်ဖြစ်သည်ကို ထောက်၍ ဆရာဝန်ဂျွန်ဆင်ပိုင် မြင်းမ စီးရေ ၁ ကို အောက်မြို့သို့ ဆောင်ယူရာ တားဆီးမရှိ ဆောင်ယူစေရမည် အောက်မြစ်စဉ် မြို့ရွာအစိုးရတို့ကို ဆင့်ဆိုသည့် စာလက်ခံနှင့်တကွ ပို့လာစေကြောင်း။

ပေးမှာစာလက်ခံ။

(က) အင်္ဂလိပ်ဆရာဝန် ဂျွန်ဆင်ပိုင် မြင်းမ စီးရေ ၁ ကို အောက်မြို့ကျေးရွာသို့ သင်္ဘောနှင့် ဆောင်ယူရာ မြစ်စဉ်တစ်လျှောက် မြို့ရွာများက တားဆီးမရှိ ဆောင်ယူစုန်ဆင်းစေရမည့် အကြောင်း။

၁၂၃၀ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့။

၁၈၇၇ ခု၊ ဧပြီလ ၁၁ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ဗန်းမော်မြို့သို့ လဲလှယ်နေထိုင်ရန်သွားမည့် အရေးပိုင်တွင်ပါ ကိုင်ဆောင်ရန် သေနတ်ကိရိယာစုံ ၄ ကို ဗန်းမော်မြို့ရောက် ဆောင်ယူနိုင်ရန် တားဆီးမရှိအောင် အမိန့်လက်မှတ် ပေးပါမည့်အကြောင်း။

၁၂၃၀ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ဗန်းမော်မြို့သို့ လဲလှယ်နေထိုင်ရန်သွားမည့် အရေးပိုင်တွင်ပါ ကိုင်ဆောင်ရန် သေနတ်ကိရိယာစုံ ၄ ကို ဗန်းမော်မြို့သို့ ဆောင်ယူရာ တားဆီးမရှိ ဆောင်ယူစေရမည် အညာမြစ်စဉ် မြို့ရွာအစိုးရတို့ကို ဆင့်ဆို ပေးမှာစာ လက်ခံနှင့်တကွ ပို့လာစေကြောင်း။

၁၂၃၀ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၃]။

စာချွန်လက်ခံ။

(က) ရွှေမြို့တော်ရှိ အရေးပိုင်က ဗန်းမော်မြို့သို့ လဲလှယ်နေထိုင်ရန်သွားမည့် အင်္ဂလိပ် အရေးပိုင်တွင်ပါ ကိုင်ဆောင်ရန် သေနတ်ကိရိယာစုံ ၄ ကို တားဆီးမရှိ ဗန်းမော်မြို့ရောက် ဆောင်ယူရန် အမိန့်စာ ပေးမည့်အကြောင်းနှင့် စာပို့ရောက်ရှိ၍၊ အညာမြစ်စဉ် မြို့ဝန်စစ်ကဲ အရာရှိတို့နှင့် လမ်းစဉ် ကင်းတော်တို့က တားဆီးမရှိ၊ ဗန်းမော်မြို့ရောက် ဆောင်ယူစေရမည့် အကြောင်း။

၁၂၃၈ ခုနှစ်၊ လက်ခံသန့် ပုရပိုက်ဆူရေ ၉ ပြီး၏။

လက်ခံသန့် ပုရပိုက်ဆူရေ ၉ တွင် ကောက်ပြီးစာများကို ချန်၍

လက်ခံကြမ်း ပုရပိုက်များမှ ကောက်နုတ်ချက်။

---

၁။ ၁ မေ ၁၈၇၀ ၂။ ၁၂ ဧပြီ ၁၈၇၇ ဖြစ်မည်။ ၃။ ၁၂၃၀ ခု၊ ကဆုန်လဆန်း ၁ ရက် ဖြစ်မည်။

## ၃၂၉ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့။

၁၈၇၆ ခု၊ မေလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဆာဒလင် ကုမ္ပဏီနှင့် ပိဝင်းဒဟမ်းတို့ ငွေမှုတွင် အန္တရီနေသကို မေးဆေးရန်ရှိပါ၍ တွဲဖက်ရုံးသို့ ဆင့်ဆို စေလွှတ်ပါမည့် အကြောင်း။

၁၂၃၈ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဆာဒလင် ကုမ္ပဏီနှင့် ပိဝင်းဒဟမ်းတို့ ငွေမှုတွင် အန္တရီနေသကို မေးဆေးရန်ရှိလျှင် မေးခွန်းများကို ပေးပို့မည့်အကြောင်း၊ ပို့ရောက်ကာလ မေးမြန်း၍ ထွက်ချက်များကို ပေးပို့မည့်အကြောင်း။

---

## ၃၃၀ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[၁]။

အီစွပ်မယား စီမက လွှတ်တော် လျှောက်စာ။

၁။ ။ ကျွန်တော်မျိုးမသည် မြန်မာကျွန်တော်မျိုး ဖြစ်ကြောင်း၊ အမျိုးအဆွေလည်း မင်္ဂလာအိမ်တော်ပါ အမှုထမ်း ဖြစ်ကြောင်း၊ အီစွပ်နှင့် အင်္ဂလိပ်စာရင်းချ ဟာဒီမြီဇာမန္တလီတို့ တရားစကားတွင် ကျွန်တော်မပိုင် ပစ္စည်း များကို တွဲဖက်ရုံးစာရေးနှင့် မြီဇာမန္တလီတို့ အိပ်ခန်းအတွင်း တက်ရောက်သိမ်းယူရှိ၍ တွဲဖက်ရုံးတွင် လျှောက်ထား ပြန်ပေးစေ အမိန့်ချမှတ်သည့်အရ တောင်းရာ မပေးမရ ရှိပါသောကြောင့် အရေးပိုင်ဒန်ကင်းထံ စာပေးတောင်းခံ ပေးပါမည့်အကြောင်း။

၁၂၃၈ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တွဲဖက်ရုံး ဘိလစ်စာရေးနှင့် မြီဇာမန္တလီတို့ သိမ်းယူသည့် မိစီမပိုင် အကွင်းအခြည် အထည်အလိပ် ပစ္စည်းများကို တွဲဖက်ရုံး တရားသူကြီးမင်းတို့ အမိန့်အတိုင်း ဖြစ်အောင် နေရာကျ ထပ်မံဆင့်ဆိုမည့် အကြောင်း၊ နောင် မြန်မာကျွန်တော်မျိုးတို့ ပစ္စည်းနှင့်စပ်၍ သည်ကဲ့သို့ မဖြစ်ရအောင် သင့်ရာဆင့်ဆိုမည့် အကြောင်း။

---

## ၃၃၁ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။

၁၈၇၆ ခု၊ အောက်တိုဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို ဂူလာဟူဆင်နှင့် ဆင်ဖြူကျွန်းရွာနေ ပွဲစား ဦးလုကျော်တို့ အမှုတွင် တရားလိုပြသက်သေ ဆင်ဖြူကျွန်းရွာနေ မောင်ရွှေရေး၊ မောင်နှင်း၊ မောင်စူး၊ မြင်းခြံရွာနေ မောင်ကြာခိုင် တို့ကို ဆင့်ဆိုစေလွှတ်မည့်အကြောင်း၊ ၎င်းတို့ စရိတ်ငွေကိုလည်း ပေးပို့လိုက်ကြောင်း။

၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဂူလာဟူဆင်နှင့် နိုင်ငံတော် ဆင်ဖြူကျွန်းရွာနေ ပွဲစား မောင်လုကျော်တို့အမှုတွင် တရားလိုပြသက်သေ ဆင်ဖြူကျွန်းရွာနေ မောင်ရွှေရေး၊ မောင်နှင်း၊ မောင်စူးတို့ကို ဆင့်ဆိုစေလွှတ်

---

[၁]။ ၄ ဇူလိုင် ၁၈၇၆ [၂]။ ၂၇ ဩဂုတ် ၁၈၇၆

လာရောက်စေရမည် ဆင်ဖြူကျွန်း အစိုးရသို့ ဆင့်ဆိုရှိ၍၊ ရောက်ကာလ မြို့သာဝန်ထောက်သို့ ပေးအပ်မြဲ ပေးအပ်မည့်အကြောင်း။

၁၂၃၀ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့[၁]။

တောင်လုံးမှိုင်းယဉ်ကျော် လေ့တော်ပဲ့နင်းသို့ လွှတ်တော်ကပေး ကြေးနန်းစာ။

၃။ ။ ဆင်ဖြူကျွန်းရွာနေ မောင်ရွှေရေး၊ မောင်နှင်း၊ မောင်စူးတို့ကို နေ့ရက်မကြာ ရွှေဘွားတော်အောက်သို့ ဆင့်ဆိုလာရောက်စေရမည့် အကြောင်း။ (ကြောခိုင်ကိုလည်း ၎င်းနည်း ဆိုင်ရာသို့ ဆင့်။)

---

## ၃၃၂ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၆ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အဝမြို့တွင်ဝယ်ယူ ဆီအချို့ကို ရွှေမြို့တော်သို့ ဆောင်ယူစေသူ ငဘိုးမောင်ကို မြန်မာအစိုးရတို့က တားဆီး၊ ငဘိုးမောင်က ဆီရုံတော် အစိုးရတို့တွင် မြိဇာဟာမတ် ဝယ်ယူဆီ ဖြစ်သည် ထွက်ဆိုလျက် မယုံမကြည်ဆို၍ အကျဉ်းချထားရှိကြောင်း။ နောင် နိုင်ငံတော် ထွက်ကုန်များကို နှောင့်ယှက်မရှိ ရောင်းဝယ်နိုင်ရန် ကယ်မပါမည့် အကြောင်းနှင့် အင်္ဂလိပ် ကျွန်တော်မျိုး မြိဇာဟာမတ်က လျှောက်ထားရှိ၍ ၎င်းအကြောင်းကို မေးစစ်ပြီးလျှင် နေရာကျ ဆင့်ဆိုပြုလုပ်ပါမည့် အကြောင်း။

၁၂၃၀ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့[၂]။

အဝမြို့ မြစ်သားရပ်နေ ဆီကုန်သည် ငဘိုးမောင် မေးချက်။

၂။ ။ ကိုယ်ပိုင်ဆီချိန် ၁၁၅၀ ကို နှုန်း ၅ဂိ–၅ူးနှင့် ဆီရုံတော်တွင် ရောင်းချကြောင်း၊ မြိဇာဟာမတ် ဆီဆို၍ မရောင်းမချကြောင်း။

၁၂၃၀ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ငဘိုးမောင် ဆီရောင်းဝယ်မှုနှင့်စပ်၍ ဆီရုံတော် အကြီးအကြပ်တို့ကိုမေးရာ၊ ငဘိုးမောင် ရောင်းလိုသည့် ဆီချိန် ၁၁၅၀ ကို နှုန်း ၅ဂိ–၅ူးနှင့် ဝယ်ယူကြောင်း ထွက်ချက်အရ ငဘိုးမောင်ကို မေးရာလည်း ကိုယ်ပိုင်ဆီကိုသာ ရောင်းကြောင်း၊ မြိဇာဟာမတ် ဆီဆို၍ မရောင်းမချကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

---

## ၃၃၃ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၃]။

လွှတ်တော်က သစ်တောဝန်သို့ ဆင့်စာ။

၁။ ။ ဗန်းမော်မြို့က စုန်ဆင်းလာသည့် အင်္ဂလိပ် သံအရာရှိတို့အနက် စုန်သွားသည့် သံအရာရှိများပြင် ရွှေမြို့တော်တွင်ကျန် သံအရာရှိ ၃ ကို မပြန်မီ ကောင်းမွန်စွာ ကျွေးမွေးပြုစုရမည့် အကြောင်း။

၁၂၃၀ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၃]။

လွှတ်တော်က သစ်တောဝန်သို့ ထပ်မံ ဆင့်စာ။

၂။ ။ အင်္ဂလိပ် သံတော်အရာရှိတို့ကို အထက်ဆင့်ချက်အရ ကောင်းမွန်စွာ ပြုစုကျွေးမွေးသည်၊ မကျွေးမွေးသည်ကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့[၄]။

အမိန့်တော် မှတ်သားချက်။

၃။ ။ ကုန်ရှင် စစ်ကန်ဒါ၊ အပ္ပဒူမာမတ်၊ အစ္စမံအင်တို့ ဥပဒေ မဆင့်မဆိုမီ ကြက်ပေါင်စေးများကို ဝယ်ယူမိသည်

---

၁။ ၂၃ အောက်တိုဘာ ၁၈၇၆ ၂။ ၂၀ ဒီဇင်ဘာ ၁၈၇၆ ၃။ ၂၀ မေ ၁၈၇၆ ၄။ ၄ ဇူလိုင် ၁၈၇၆

မှန်လျှင် ရတနာပုံ အကောက်ခံစေ၍ တားဆီးမရှိ ထုတ်ယူစေရမည့်အကြောင်း။ နောင် အင်္ဂလိပ်စာရင်းချ လူတို့ ကြက်ပေါင်စေးများကို မဝယ်မယူစေရ ဆင့်ဆိုအောင် အရေးပိုင်ကို ပြောဆိုစေရမည့်အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

စစ်ကန်ဒါ လက်မှတ်ထိုးစေရန် စာချုပ်။

၄။ ။ ဗန်းမော်မြို့နယ်တွင် ဥပဒေတော် မထုတ်မဆင့်မီ ဝယ်ယူမိသည့် ကြက်ပေါင်စေးချိန် ၁၂၀၀ ကိုသာ အကောက်တော်ဆောင်၍ ထုတ်ယူပါမည်။ ထပ်မံဝယ်ခြမ်း အပိုအမို ထုတ်ယူတွေ့မိလျှင် ကုန်ကို သိမ်းယူ၊ လူကို ထောင်အကျဉ်းထား ရာဇဝတ်ဒဏ် ခံပါမည့်အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၅။ ။ ဗန်းမော်မြို့နယ်တွင် မဂိုလူမျိုး စစ်ကန်ဒါ ဝယ်ယူသည့် ကြက်ပေါင်စေးချိန် ၁၂၀၀ မှာ ဥပဒေတော် မထုတ်မဆင့်မီက လဲလှယ်ဝယ်ယူမိသည် မှန် မမှန်ကို ရောင်းရင်းသူတို့နှင့် တိုက်ဆိုင်မေးမြန်း၍ မှန်လျှင် တားဆီးမရှိ ထုတ်ယူစေရမည့် အကြောင်း။

(က) မဂိုလူမျိုး စစ်ကန်ဒါ၊ အပ္ပဒူမာမတ်၊ စူရတီလူမျိုး အစ္စမံအင်တို့ ဗန်းမော် ၄ မြို့၊ မိုးကောင်းမြို့နယ် များတွင် လဲလှယ်ဝယ်ယူသည်ဆို၍ အသီးအသီး တင်ပေးသည့် ကြက်ပေါင်စေးချိန် ၇၅၀၀ စာရင်း။

---

## ၃၃၄ မှတ် ပုရပိုက်ထွက်။

၁၂၃၀ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

မဂိုလူမျိုး အပ္ပဒူမာမတ် ကိုယ်စားလှယ် ဟာဇံနာလီ ခံဝန်ချက်။

၁။ ။ ဗန်းမော်မြို့ မိုးကောင်းမြို့နယ်များတွင် ဥပဒေတော် မထုတ်မီ ကုန်နှင့် လဲလှယ်ဝယ်ယူမိ ကြက်ပေါင်စေးချိန် ၃၅၀၀ ကိုသာ အကောက်တော်ဆောင်၍ ထုတ်ယူပါမည်၊ ထပ်မံလဲလှယ်ဝယ်ခြမ်းခြင်း ပိုမိုထုတ်ယူ တွေ့မိလျှင် ကုန်ကို သိမ်းယူ၊ လူကို ထောင်အကျဉ်းထား ရာဇဝတ်ဒဏ် ခံပါမည့်အကြောင်း။

၁၂၃၀ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

စူရတီလူမျိုး အစ္စမံအင် ခံဝန်ချက်။

၂။ ။ အထက် (၁) မှတ်ပါ ဟာဇံနာလီ ခံဝန်ချက်နှင့် တူ။ (၎င်း ကြက်ပေါင်စေးချိန်မှာ ၂၈၀၀)။

၁၂၃၀ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။

မိုးကောင်းမြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ပြင်သစ် ကျွန်တော်မျိုး ဒီပါရှိုက မိုးကောင်းမြို့နယ်တွင် ပိုးကောင်း ပိုးချော ထွက်သည့် ပိုးအိမ်အများ ရှိကြောင်း၊ ၎င်းပိုးအိမ်များလည်း စွဲလုပ်သည်က ၄၂ ရက်တွင် တစ်ကြိမ် ကောက်ယူနိုင်ကြောင်း၊ တစ်နှစ် ၅ ကြိမ်ကျ ကောက်ယူနိုင်ကြောင်းနှင့် လျှောက်ထားရှိ၍ ၎င်းပိုးအိမ် စွဲလုပ်ရာ တောတောင်အရပ်ဒေသနှင့် တကွ ကောက်ယူလျှင် စရိတ်မည်မျှကုန်မည်ကို ပိုးအကောက်အယူ သိနားလည်သူတို့ကို မေးမြန်း လျှောက်ထားရမည့် အကြောင်း။

၁၂၃၀ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့[၂]။

ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၄။ ။ ပြင်သစ် ကျွန်တော်မျိုး ဒီပါရှိုက မိုးကောင်းမြို့နယ်တွင် ပိုးကောင်း ပိုးချော ထွက်သည့် ပိုးအိမ်အများ ရှိကြောင်း၊ ၎င်းပိုးအိမ်များလည်း စွဲလုပ်သည်က ၄၂ ရက်တွင် တစ်ကြိမ် ကောက်ယူနိုင်ကြောင်း၊ တစ်နှစ် ၅ ကြိမ်ကျ ကောက်ယူနိုင်ကြောင်းနှင့် လျှောက်ထားရှိ၍ ၎င်းပိုးအိမ် စွဲလုပ်ရာ တောတောင် အရပ်ဒေသနှင့်တကွ ကောက်ယူလျှင် စရိတ်မည်မျှကုန်မည်(၊) ပိုးအကောက်အယူ သိနားလည်သူတို့ကို မေးမြန်းလျှောက်ထားရမည့် အကြောင်း။

---

[၁]။ ၉ ဇူလိုင် ၁၈၇၆ [၂]။ ၈ အောက်တိုဘာ ၁၈၇၆

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

မိုးညှင်း၊ ရွှေဂူ၊ ကောင်းတုံ၊ ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၅။ ။ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်များသို့ သစ်ခွပန်း အရှာအယူလာသူ အင်္ဂလိပ်လူမျိုး ဘောချောကို အလိုရှိရာ ဝယ်ခြမ်း ငှားရမ်းရရှိအောင် ကူညီစောင်မ၍ မြို့နယ်သို့ ဘောချော မည်သည့်နေ့ရက် ရောက်သည်၊ မည်သို့ ရှာယူသည်၊ မည်သည့်နေ့ ဗန်းမော်က ပြန်သွားသည်ကို လျှောက်ထားရမည့်အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

မိုးညှင်း၊ ရွှေဂူ၊ ကောင်းတုံ၊ ဗန်းမော် ၄ မြို့ဝန်သို့ ပေးစာ။

၆။ ။ အမေရိကန်လူမျိုး တရားဟောဆရာ ကူရှင်ကို ဗန်းမော်မြို့ သင့်ရာတွင် နေရာချထား အိမ်ဆောက်လုပ်နေထိုင်စေရမည်။ အိမ်ဆောက်လုပ်ရာ ဝယ်ခြမ်းငှားရမ်းလိုသည်များကို မပြည့်မစုံ မရှိရအောင် ကြည့်ရှုစောင်မ ဆောက်လုပ်နေထိုင်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့။

သစ်ခွပန်း ရှာယူသူ ဘောချောသို့ပေး စာချွန်လက်ခံ။

၇။ ။ သစ်ခွပန်း အရှာအယူသွားသူ ဘောချောတွင်ပါသည့် သေနတ် ၂ ကိရိယာစုံကို စမွါယ်နဂိုကင်း၊ မြစ်စဉ်တစ်လျှောက် ကင်းကူးတို့ အစောင့်အနေ အကြီးအကြပ်တို့က တားဆီးမရှိ ဆောင်ယူစေရမည့်အကြောင်း။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့။

မှတ်သားချက်။

၈။ ။ ဆရာ ကူရှင်နှင့် ဘောချောတို့ လျှောက်စာကို အမိန့်တော်ခံရာ မင်းကြီးများက သင့်လျှင် သွားလာစေ အမိန့်တော်မြွက်ကို ဦးထိပ်တင်ဆင်ရွက်ရကြောင်းနှင့် ကင်းဝန်မင်းကြီးက ခန်းပတ်မင်းကြီးကို တိုင်ပြောရာ အထက်သွားလာသူတို့နည်း စာရေးသား ပေးအပ်ရမည် ခန်းပတ်မင်းကြီး မိန့်ဆိုသည့် အကြောင်းအရာ။

၁၂၃၈ ခု၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့။

ရွှေဆောင်တော်တွင် စုံညီ ညှိနှိုင်းချက်။

၉။ ။ ယိုးဒယား ရဟန်းတော်က နိုင်ငံတော်နှင့် ယိုးဒယားနိုင်ငံ ဆက်လက်ရအောင် ညှိနှိုင်းလာခဲ့ကြောင်း ထွက်ချက်အရ ရဟန်းချင်း၊ မှူးမတ်ချင်းပေးရန် စာတစ်စုံတစ်ရာ မပါ။ ၎င်းထွက်ချက်ကို အစွဲပြု၍ စတင်စာပေးရန် မသင့်ကြောင်း။ ၎င်းရဟန်းတော်ကို သုဓမ္မာဆရာတော်တို့ရှေ့ သွင်းပြီးလျှင် အကြောင်းကို လျှောက်ထားစေ၍ ဆရာတော်များက လျှောက်ချက်သည် အလွန်သင့်သော်လည်း ယိုးဒယား သာသနာပြုစာ၊ ယိုးဒယား အမတ်ကြီးစာ မပါသေး ဖြစ်သည်။ ၎င်းတို့စာနှင့် လာရောက်ကာလမှ ၂ နိုင်ငံ ဆက်လက်မိရန် အကြောင်းကို ဝန်ရှင်တော်မင်းကြီးများထံ ကူညီပြောဆိုမည့် အကြောင်းနှင့် မှာထား ပြန်သွားစေသင့်ကြောင်း။

၁၂၃၈ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့[၂]။

သုဓမ္မာဆရာတော်တို့ မိန့်ဆိုချက် အမှတ်အသား။

၁၀။ ။ ငါတို့ဧကရာဇ်မင်းမြတ်သည် သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို အလိုရှိတော်မူကြောင်း။ ဆရာတော်တို့လည်း အလိုရှိကြောင်းများနှင့် ဓမ္မကထာ မင်္ဂလာတရားစကား ပြောပြီးလျှင်၊ ယခု ၂ နိုင်ငံ ဆက်လက်ရန် ငါ့ရှင်လျှောက်သောစကားသည် အလွန်ကောင်းသော်လည်း ယိုးဒယားသာသနာပြုစာ၊ အမတ်ကြီးစာ တစ်စုံတစ်ရာ မပါသေးဖြစ်သည်။ သင်တို့နိုင်ငံသို့သွား၍ သာသနာပြုစာ၊ အမတ်ကြီးစာများနှင့် လာရောက်ကာလမှ ၂ နိုင်ငံ ဆက်လက်ရန် မင်းကြီးများထံ ကူညီပြောဆိုမည့်အကြောင်းနှင့် ပြောဆိုရာ ယိုးဒယား ရဟန်းတော် ရှင်သာသနဝံသက ဆရာတော်တို့ထံကစာ၊ မှူးမတ်တို့စာ တစ်စုံတစ်ရာ မပေးမရရှိသော်

---

၁။ ၁၂ ဒီဇင်ဘာ ၁၈၇၆ ၂။ ၁၅ ဒီဇင်ဘာ ၁၈၇၆

လည်း ယခု ဆရာတော်တို့ ညှိနှိုင်းပြောဆိုချက်ကို ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာ ပြန်ရန်သာ ရှိကြောင်းနှင့် လျှောက်ထားကြောင်း။

၁၂၃၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့[1]။

မြို့သာဝန်ထောက်နှင့် အင်္ဂလိပ် အရေးပိုင် ဒန်ကင်းတို့ စုံညီပြောဆို စကားမှတ်သားချက်။

၁၁။ ။ နိုင်ငံတော်အတွင်း စပါးဈေးနှုန်း ၁၀၀ ဝိ ထိ ကြီးမြင့်သည်နှင့် သင်္ဂဟတရားအလျောက် အရင်းအနှီးပေးမ၊ ဆက်သမြဲ ငွေတော်များကို လွတ်ငြိမ်းစေ၍ မ စ လုပ်ဆောင်စေမည့် ပဲမျိုးစုံ၊ ဂျုံ၊ ထန်းလျက်များကို ကုန်သည်တို့အလိုရှိရာ ထုတ်ယူရောင်းချနိုင်ကြကြောင်း။ ကျောက်တိုင်တောင်ဘက်က ဆိုးသွမ်း ထွက်ပြေး၍ ရမည်းသင်း၊ တောင်ငူ၊ နင်းကြမ်းနယ်များတွင် ခိုဝင်ရှိသည့် လူဆိုးတို့ကို ကင်းတပ်မှူး ထွေန်းလှ၊ ဝါးနွယ်ခုံမြို့သူကြီး မောင်ကြီးတို့ကို ဖမ်းဆီးစေရလျှင် စီရင်သင့်၊ အရေးပိုင်မင်းကြီးတို့သို့ ပေးအပ်သင့်ကို အမြန်ဆင့်ဆိုနိုင်ရန်၊ သို့မဟုတ် အရေးပိုင်မင်း တောင်းစာပါ လူတို့ကို မရမမိရှိလျှင် ၂ ဦး တွေးထင်မကင်းရန်ရှိကြောင်း စကားချက် ၂ ကို မြို့သာဝန်ထောက်က ပြောရာ အင်္ဂလိပ် အရေးပိုင်က ပထမ ကုန်စကားမှာ ဝန်ထောက်မင်း ပြောချက်အတိုင်း ဘုရင်ခံမင်း၊ အရေးပိုင်ကြီးတို့ထံ စာပေး၍ ရှိပါပြီ၊ နောက်ကိုလည်း ကုန်သည်တို့သို့ အပိတ်အပင်မရှိ ရောင်းဝယ်ရန် လွှတ်တော်ပေးမှာစာ လက်ခံများကို ပေးပို့မည့်အကြောင်း ပြန်ပြောရာ မြို့သာဝန်ထောက်က ဝန်ရှင်တော်မင်းကြီးများမှာ လျှောက်ထား ပေးပို့မည် ပြန်ပြောသည်တွင် ဒုတိယ လူဆိုးစကားမှာ ကင်းတပ်မှူး၊ မြို့သူကြီးတို့ကို ဆင့်ဆို၊ နိုင်ငံခြား ကင်းဝန်မင်းကြီး သဘောရှိသမျှ ဖမ်းဆီးပါစေ၊ ကျောက်တိုင်တစ်လျှောက် မြို့ရွာများတွင်လည်း ရာဇဝတ် ရေး လုံခြုံအောင် အကြီးအအုပ်တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆိုပါစေ အင်္ဂလိပ် အရေးပိုင်က ပြန်ပြောကြောင်း။

၁၂၃၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[2]။

နောက်ဝင်းတော်မှူး ပျဉ်းမနားမြို့စားသို့ ပေးမှာစာ။

၁၂။ ။ ကျောက်တိုင်မြောက်ဘက် တောင်ငူမြို့ ကျေးရွာများမှာ အစိုးရတို့က လူဆိုးတို့ကို လက်ခံ၊ ကျောက်တိုင် တောင်ဘက် မြို့ကျေးရွာများတွင် တိုက်ခိုက်စေပါ၍ ဖမ်းဆီးစီရင်ပါမည့်အကြောင်းနှင့် မြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်က အကြိမ်ကြိမ်စာရောက်၍ ထောက်လှမ်းစေရာ၊ ကျောက်တိုင်တောင်ဘက်က လာရောက်သူ လူဆိုးတို့ကို အကြီးအအုပ်တို့က လက်ခံ ဆိုးသွမ်းစေကြောင်းကို ထောက်လှမ်းသူတို့က စာရင်းနှင့်တကွ တင်လျှောက်ချက်အရ စာရင်းပါ လူတို့ကိုလည်း ဖမ်းဆီးစေရန် ဝါးနွယ်ခုံ မြို့သူကြီး၊ ၈ ဌာန ကင်းအုပ် တို့ကို ဖမ်းဆီးရန် လူစာရင်းနှင့်တကွ အတွင်းစာ ပေးအပ်စေလွှတ်။ ဖမ်းဆီးရမိ လူတို့ကို နောက် ဝင်းတော်မှူးထံ ပို့အပ်စေမည်ဖြစ်၍၊ ပို့အပ်ကာလ စစ်မေးပြီးလျှင် ထွက်ဆိုချက်များနှင့်တကွ ရွှေဘွား တော်အောက်သို့ ပို့ရမည့်အကြောင်း။

(က) ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်၍ ကျောက်တိုင်မြောက်ဘက်သို့ ဝင်ရောက်သည့် ဓားပြ ၁၇ စာရင်း။

---

**၃၃၅ မှတ် ပုရပိုက်ထွက်။**

၁၂၃၉ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

၁၈၇၇ ခု၊ မေလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက် ပုထိုးရွာနှင့် ပြည်ရွာအကြား တောအရပ်တွင် ငရွှေနကို တိုက်ခိုက်သူ ဓားပြ

---

[1] ၃ မေ ၁၈၇၈ [2] ၆ မေ ၁၈၇၈

တို့အနက် နိုင်ငံတော် သရက်ကျန် ထီးရိုးရွာတွင် ငနို့ရှည်၊ ရေချိုရွာတွင် တေရတ်တို့ ခိုဝင်ရှိနေကြောင်း သိရ၍ ထောက်လှမ်းဖမ်းဆီး စီရင်သာအောင် သက်သေထွက်ချက်များနှင့်တကွ ပို့လိုက်ကြောင်း။

၁၂၃၉ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်ထွက်ပြေးလာသူ ဓားပြ ငနို့ရှည်၊ တေရတ်တို့ နိုင်ငံတော် သရက်ကျန် ထီးရိုးရွာ၊ ရေချိုရွာများတွင် ခိုဝင်ရှိနေလျှင် ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပို့အပ်ရမည်၊ မလွန် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ နယုန်လဆန်း ၂ ရက်နေ့။

မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ကျောက်တိုင်တောင်ဘက်က တိုက်ခိုက်ထွက်ပြေးလာသူ ဓားပြ ငနို့ရှည်၊ တေရတ်တို့ သရက်ကျန် ထီးရိုးရွာ၊ ရေချိုရွာများတွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်း ဖမ်းဆီး ပို့အပ်ရမည့်အကြောင်း၊ မရှိမနေ လျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်နေ့[2]။ (တင်)

မလွန် ၃ မြို့ဝန်က လျှောက်စာ။

၄။ ။ ဓားပြ ငနို့ရှည်၊ တေရတ်တို့ သရက်ကျန် ထီးရိုးရွာ၊ ရေချိုရွာများတွင် မရှိမနေကြောင်းကို ကျေးရွာ သူကြီးတို့ ခံဝန်ထွက်ဆိုရှိ၍၊ ၎င်းခံဝန် ထွက်ချက်နှင့်တကွ တင်လျှောက်ပါကြောင်း။

၁၂၃၉ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[3]။

ထီးရိုးရွာ၊ ရေချိုရွာ၊ ပုဂံစစ်ရွာ သူကြီး ၃ တို့ ခံဝန်ထွက်ဆိုချက်။

၅။ ။ ထိန်းအုပ်စု ကျေးရွာတွင် ဓားပြ ငနို့ရှည်၊ တေရတ်တို့ မည်သည့်ကာလကမှ မနေမထိုင်ဖူးကြောင်း၊ နောင်ထွက်ပေါ်လျှင် ရာဇဝတ်ပြစ်ဒဏ် ခံပါမည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဓားပြ ငနို့ရှည်၊ တေရတ်တို့ ထီးရိုးရွာ၊ ရေချိုရွာများတွင် မရှိမနေကြောင်းကို ရွာသူကြီးတို့ ထွက်ချက်နှင့် တကွ မလွန် ၃ မြို့ဝန်က အထက် (၄) မှတ်ပါအတိုင်း တင်လျှောက်ရှိကြောင်း။

၁၂၃၉ ခု၊ နယုန်လဆန်း ၄ ရက်နေ့။

၁၀၇၇ ခု၊ မေလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ကျောက်တိုင်တောင်ဘက်တွင် လူအိုကို ဓားနှင့် ထိုးသတ်ထွက်ပြေးသူ ငပို ခေါ် ဘိုး နိုင်ငံတော် တောင်တွင်းကြီး၊ မိတ္ထီလာ၊ ယင်းတော်စီရင်စု၊ သို့မဟုတ် ဆင်ပေါင်ဝဲ၊ မင်းရွာတွင် ခိုဝင်ရှိနေကြောင်း သိရ၍ ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပေးအပ်မည့်အကြောင်း။ သက်သေထွက်ချက်နှင့် ၎င်းသူ ပုံစံကို လည်း ပို့လိုက်ကြောင်း။

(က) ဘိုး၊ ချင်းတိမ်လူမျိုး၊ ပုပု၊ ခပ်ဝဝ၊ အသားလတ်၊ အသက် ၃၀ ကျော်၊ အရပ် ၅ ပေ ၂ လက်မ၊ စာရင်းအင်း အရေးကောင်း၊ ထန်းရည် အရက် သောက်တတ်။

၁၂၃၉ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ လူသတ် ဘိုးဆိုသူ တောင်တွင်းကြီး၊ မိတ္ထီလာ၊ ယင်းတော်၊ ဆင်ပေါင်ဝဲ မြို့ရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ ဆိုင်ရာ မြို့ရွာ အစိုးရတို့ကို အသီးအသီး ဆင့်ဆိုရှိကြောင်း။

---

[1]။ ၉ မေ ၁၈၇၇ [2]။ ၁၆ ဇွန် ၁၈၇၇ [3]။ ၂၃ မေ ၁၈၇၇

၁၂၃၉ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့[၁]။

ယင်းတော်၊ ရနောင်၊ ထရံကာ ၃ မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ကျောက်တိုင်တောင်ဘက်က လူကို သတ်ဖြတ်ထွက်ပြေးလာသူ (ပုံစံပါ) ငပို ခေါ် ဘိုး ဝန်စုပါ မြို့ရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့လာစေရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။ [ဘိုးပုံစံမှာ အထက် (၇) မှတ်တွင် ပါသည့်အတိုင်း။]

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်နေ့။ (တင်)

မလွန်၊ မြေထဲ၊ သရက်၊ မကွေး ၄ မြို့ဝန်က လျှောက်စာ။

၁၀။ ။လူသတ် ဘိုး အကြောင်းနှင့် လွှတ်တော်က မဆင့်ဆိုမီ ပြည်မြို့ အရေးပိုင်က လူသတ် ဘိုး တောင်တွင်းကြီး၊ မိတ္ထီလာ မြို့ရွာများတွင် ရှိနေကြောင်းနှင့် စာလူ စေလွှတ်ရှိ၍၊ ဆင့်ဆိုရှာဖွေရာ မတွေ့မရှိသည်နှင့် မတွေ့မရှိကြောင်း စာကိုသာ စေလွှတ်သူတို့သို့ ပေးအပ်ပြန်သွားစေပါကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၁၂ ရက်[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ယင်းတော်၊ ရနောင်၊ ထရံကာ ၃ မြို့ဝန်က လူသတ် ဘိုး မရှိမနေကြောင်းကို လျှောက်ထားသည့်နောက် မလွန် ၄ မြို့ဝန်ကို ဆင့်ဆိုရာ၊ ၎င်းက အထက် (၁၀) မှတ်ပါအတိုင်း လျှောက်ထားရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့[၃]။

မြို့သစ်မြို့၊ သရက်ခုံရွာနေ လူတို့ လျှောက်ချက်။

၁၂။ ။ကျွန်တော်တို့ပိုင် ကျွဲထီးမ ၇၊ နွားပိုက် ၁ များကို ခိုးယူတွေ့မိသူ ကျောက်တိုင်တောင်ဘက် သရက်မြို့ စီရင်စု တောက်ပွဲရွာခေါင်း ငမေး၊ ငရွှေရာ၊ ညှာတို့နှင့် လွှတ်တော်တွင် ရှင်းလင်းပါရမည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။မြို့သစ်မြို့ သရက်ခုံရွာနေ လူတို့က နွားကျွဲများကို ခိုးယူရောင်းချ တွေ့မိကြောင်း အထက် (၁၂) မှတ်အတိုင်း လျှောက်ထားရှိသူ သရက်မြို့၊ တောက်ပွဲရွာခေါင်း ငမေး၊ ငရွှေရာ၊ ညှာတို့ကို ရှင်းလင်းရန် လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၆ ရက်နေ့။

၁၈၇၇ ခု၊ ဇွန်လ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။မဟာသမန်းမြို့၊ ဇလုံရွာနေ ငရွှေမွန်းကို ဓားနှင့်ထိုးသတ်ထွက်ပြေးသူ ငထူး နိုင်ငံတော် ဆင်ပေါင်ဝဲ စီရင်ပါ၊ ထောက်မရွာတွင် ခိုဝင်ရှိနေသည် သိရ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်း၊ သက်သေတို့ ထွက်ချက်နှင့်တကွ ငထူးပုံစံ အမှတ်အသားကိုလည်း ပို့လိုက်ကြောင်း။

(က) ငထူး မယား မိဆယ်၊ ယောက္ခမ မိပို၊ အဘ ငတော၊ အမိ မိချို။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။လူသတ် ငထူး ဝန်စုပါ ထောက်မကျေးရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် ဆင်ပေါင်ဝဲအစိုးရ၊ မလွန် ၄ မြို့ဝန်တို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၇ ခု၊ ဇူလိုင်လ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။နွားခိုး ငမေး၊ ငရွှေရာ၊ ညှာ ဆိုသူတို့ကို စစ်မေးရာ၊ နိုင်ငံတော် တောင်ဘုံရွာခေါ် ဘွေကြီးရွာနေ

၁။ ၂၁ မေ ၁၈၇၇ ၂။ ၂၁ ဇွန် ၁၈၇၇ ၃။ ၁၁ ဇွန် ၁၈၇၇

ရာပြည့်စာအုပ်တိုက်

လှူ၊ သေက်ရှည်၊ သေက်ဝေတို့ထံက ဝယ်ယူရ ကျွဲနွားဖြစ်ကြောင်း။ ဝယ်ယူသည်ကို ဘွေကြီးရွာနေ ငထွေးခေါ် ငဆန်း၊ ငရွှဲတို့ သိမြင်ကြောင်းများနှင့် အစစ်ခံ ထွက်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ နွားကျွဲရောင်းဝယ်ရာ အသိသက်သေဆိုသူ ငထွေးခေါ် ငဆန်း၊ ငရွှဲတို့ကို မေးရာ ငမှေးတို့ မည်သည့် ကာလကမှ ကျွဲနွားဝယ်သည်ကို မသိမမြင်ကြောင်း ထွက်ဆိုရှိ၍ ခိုးယူရောင်းစားသည် အမှန်ဖြစ်သော ကြောင့် ကျွဲနွားများကို ပြန်အပ်ပေးလျော်ရန် စာပေးမှာထားမည့် အကြောင်း။

၁၂၃၉ ခု။

မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၈။ ။ လူသတ် ငထူး ဆင်ပေါင်ဝဲ ထောက်မရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီး ပို့အပ်ရမည့်အကြောင်း၊ မရှိမနေ လျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့[၂]။ (တင်)

မလွန် ၄ မြို့ဝန်က လျှောက်စာ။

၁၉။ ။ လူသတ် ငထူး ထောက်မရွာတွင် မရှိမနေကြောင်းကို ၎င်းရွာသူကြီး ငလှိုင်း အစစ်ခံ ထွက်ဆိုရှိ၍ ၎င်းထွက်ချက်နှင့်တကွ ပို့လျှောက်ပါကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၃]။

ထောက်မရွာသူကြီး ငလှိုင်း အစစ်ခံချက်။

၂၀။ ။ လူသတ် ငထူး အုပ်စုထိန်းစု ကျေးရွာတွင် မရှိမနေဖူးပါ၊ နောင် ပေါ်ပေါက်ရှိလျှင် ထိုက်သက်ရာ အပြစ်ကို ခံပါမည့်အကြောင်း။

၁၂၃၉ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ လူသတ် ငထူး အကြောင်းအရာကို မလွန် ၄ မြို့ဝန်က အထက် (၁၉) မှတ်အတိုင်း လျှောက်ထားရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၇ ခု၊ ဇွန်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ တရားမ အရေးပိုင်မင်း ရန်ကုန်မြို့သို့ ပြန်သွားရာ၊ မြင်းစီးရေ ၁ ယူဆောင်ခွင့်ရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ မြင်းလား၊ မြင်းမများကို နိုင်ငံတော်ပြင်သို့ ထုတ်ယူရန် နိုင်ငံဥပဒေ မရှိသော်လည်း မဟာမိတ် ဖြစ် သည်ကို ထောက်၍ တရားမ အရေးပိုင်မင်း မြင်းစီးရေ ၁ ကို တားဆီးမရှိ ဆောင်ယူရန် အောက်မြစ်စဉ် စစ်ကဲသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

အောက်မြစ်စဉ်စစ်ကဲ မလွန် ၄ မြို့ဝန်သို့ မှာစာ။

၂၄။ ။ အင်္ဂလိပ် တရားမ အရေးပိုင်တွင် ဆောင်ယူပါလာသည့် မြင်းစီးရေ ၁ ကို တားဆီးမရှိစေရ ဆောင်ယူ စေရမည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ ဇန္တာဝတ်၊ ဂေါ်ရင်ဘတ်တို့ လျှောက်ချက်အရ သစ်ကြိတ်ကြီး သစ်တောကို ၎င်းတို့သို့ တစ်ဝတည်း

---

၁။ ၃၀ နိုဝင်ဘာ ၁၈၇၇ ၂။ ၁၃ ဇူလိုင် ၁၈၇၇ ၃။ ၅ ဇူလိုင် ၁၈၇၇

ချထားခုတ်လုပ်စေသည် ဖြစ်ကြောင်း၊ အထက်ချထား ခုတ်လုပ်စေသူ သစ်ခေါင်း တေရုတ်၊ လေှူကလေး၊ ငကျေး၊ ငလင်းတို့ ခုတ်လုပ်။ ကိုယ်စီ တံဆိပ်ရိုက်ခတ်မိ သစ်များကိုလည်း ငွေတော်နှင့်ဝယ်ယူ၊ တော် တံဆိပ် ခတ်နှိပ်ပြီးလျှင် ဇန္တာဝတ်တို့သို့ ပေးအပ်ထုတ်ယူစေမည် ဖြစ်သောကြောင့် ကျောက်တိုင် တောင် ဘက်သို့ ရောက်လျှင် သစ်ရှင်ဆို၍ နှောင့်ယှက်မရှိရအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၆။ ။ သစ်ခေါင်း ငမိုးစွေ၊ ကြောင့်၊ သူကြွယ် သီရိသာခမဟာသာလ၊ အဆောင်တော်မြဲ သောဘိန်းတို့ လျှောက်ချက်အရ တောင်တွင်းကြီးနယ်ရှိ သစ်တောကို ၎င်းတို့သို့ တစ်ဝတည်း ချထားခုတ်လုပ်စေသည် ဖြစ်ကြောင်း။ အထက်ချထား ခုတ်လုပ်သူ ငခ ခုတ်လုပ်မိ တောကျန်ရေကျန် သစ်များကိုလည်း ငွေတော် နှင့် ဝယ်ယူ၊ တော်တံဆိပ် ခတ်နှိပ်ပြီးလျှင် ငမိုးစွေတို့ကို ပေးအပ်ထုတ်ယူစေမည် ဖြစ်သောကြောင့် ကျောက်တိုင်တောင်ဘက်သို့ ရောက်လျှင် သစ်ရှင်ဆို၍ နှောင့်ယှက်မရှိရအောင် သင့်ရာစာပေး မှာ ထားမည့်အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့။

၁၈၇၇ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၇။ ။ တောင်ငူမြို့ ကြံခင်းရွာနေ ငမှုံအိမ်ကို တိုက်ခိုက်သည့် ဓားပြတို့အနက် ဖမ်းဆီးရမိသူ ငရွှေသီးကို မေးရာ နိုင်ငံတော် သာဝတ္ထိရွာနေ ငမြတ်အောင်၊ ငစံဥ၊ ငဟန်၊ ပြောင်းကုန်းရွာနေ ငရွှေကြာတို့ ပါသည် ထွက်ဆိုရှိကြောင်း စာရ၍ ၎င်းတို့ကို မထွက်မလွတ်ရအောင် ထောက်လှမ်းဖမ်းဆီးမည့်အကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၈။ ။ ဓားပြ ငမြတ်အောင်၊ ငစံဥ၊ ငဟန်၊ ငရွှေကြာတို့ သာဝတ္ထိရွာတွင် ရှိနေလျှင် မထွက်မလွတ်ရအောင် ဖမ်းဆီးပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရ နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၂၉။ ။ သာဝတ္ထိရွာတွင် ဓားပြ ငမြတ်အောင်၊ ငစံဥ၊ ငဟန်၊ ငရွှေကြာတို့ ရှိနေလျှင် မထွက်မလွတ်စေရ ဆင့်ဆို ဖမ်းဆီး ပို့အပ်ရမည့်အကြောင်း။ မရှိမနေလျှင်လည်း နယ်ရှင် အကြီးအအုပ်တို့ ထွက်ဆိုချက် များနှင့် တကွ တင်ပို့ လျှောက်ထားရမည့် အကြောင်း။

---

## ၃၃၆ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ကြံခင်းရွာနေ ငမှုံအိမ်တိုက် ဓားပြတို့ မရှိမနေပါ။ သာဝတ္ထိရွာတွင် ထာဝရနေ အမည်တူ ငမြတ်အောင်၊ ငဟန်၊ ငစံဥ၊ ငရွှေကြာတို့ကိုသာ ပို့အပ်ရကြောင်းနှင့် နယ်ရှင်တို့က ပို့အပ်လျှောက်ထားရှိ၍ ငမြတ်အောင် ကို မေးရာ ဓားပြတိုက်ခိုက် သတ်ဖြတ်ခံရသူ ငမှုံမှာ ဦးရီးရင်းချာဖြစ်၍ ကျွန်တော်ညီ ငရွှေရက ထောက် လှမ်းပါ ပြောဆိုသည့်အရ ထောက်လှမ်းရာ ကျောက်တိုင်တောင်ဘက် သာဂရရွာနေ ချစ်လယ်၊ ငအောင်၊ မန်ကျည်းကွေ့ရွာနေ ငခိုင်၊ ညို၊ ဝဲကြီးထောင့်ရွာနေ ငရွှေသီးတို့ တိုက်ခိုက်ကြောင်းကို တပ်ရာသိကြောင်း ထွက်ဆို။ ငဟန်၊ ငစံဥတို့ကို မေးရာလည်း ကျွန်တော်တို့ ငမြတ်အောင်နှင့် မတိုက်

---

[၁] ၂၇ ဇွန် ၁၈၇၇ [၂] ၉ စက်တင်ဘာ ၁၈၇၇

နိုက်၊ အထက် ကျောက်တိုင်တောင်ဘက်က ငရွှေသီး ဆိုသူ ကျွန်တော်ပိုင် ကျွဲ ၂ ကို ခိုးယူ တွေ့မိ၊ ဖမ်းဆီးလက်လွတ်ထွက်ပြေး၍ အင်ပင်ရေထွက်ကင်းမှာ တိုင်တန်းခံရဖူးသူများ ဖြစ်ကြောင်းနှင့် အသီးအသီး ထွက်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကြံခင်းရွာ ငမှုံအိမ် တိုက်ခိုက်မှု မရှင်းမလင်းသေး၍ ချုပ်ထားသူ ငမြတ်အောင်၊ ငစံဥ၊ ဟောန်၊ ငရွှေကြာတို့ အနက် ငမြတ်အောင်မှာ ဝမ်းရောဂါနှင့် သေဆုံးရှိကြောင်း။

၁၂၃၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၇ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ သုံးခွမြို့နယ် ဝန်ထောက်မောင်ကြီး ညီ သူကြီး ငပေါ်လွန်းကို သားမယားနှင့်တကွ သတ်ဖြတ် တိုက်ခိုက်သူ ငဘစိုး၊ ငလှတို့ အကြောင်းနှင့် စာ ၃ ကြိမ်ပေးရာ ပြန်စာမရမရှိကြောင်း။ ၎င်းတို့ တိုက်ရာပါ ပစ္စည်းများကို ပြန်ပေးစေ၍ ၎င်းတို့ကို မည်သို့စီရင်သည်ကို စာပြန်မည့်အကြောင်း။

၁၂၃၉ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ သူကြီး ငပေါ်လွန်းကို တိုက်ခိုက်သူ ငဘစိုး၊ ငလှတို့ထံက ပြန်ရသည့် ငွေ ၅၅၆၊ စိန်တုလက်စွပ် ၂ များကို သူကြီးအစ်ကို ဆိုသူသို့ ပြန်ပေးရန် အရေးပိုင်မင်းထံ ပေးပို့လိုက်ကြောင်း။ ငလှ၊ ငဘတို့ကိုလည်း အကျဉ်းချထားကြောင်း။

အင်္ဂလိပ် အရေးပိုင် လက်မှတ်ထိုးရန် လက်ခံ။

(က) ငပေါ်လွန်း သတ်ဖြတ် တိုက်ခိုက်မှုနှင့် အရပ်ရပ် တောင်းရငွေ ၅၅၆၊ စိန်တုလက်စွပ် ၂ ကို ၁၂၃၉ ခု တော်သလင်းလပြည့်ကျော် ၆ ရက်နေ့ ပို့ရောက်ရရှိကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၇ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ကျောက်တိုင်နယ်စပ်တွင် ကုလား ၃ တို့ကို ဓားပြတိုက်ခိုက်၍ တောင်ငူမြို့ ကြို့ပင်ကင်း အရာရှိတို့ ထောက်လှမ်းရာ ငထွန်းလှ ကြီးကြပ်သည့် အင်ပင်ရေထွက်ကင်း အနီး ခြေရာကျရောက်ကြောင်း။ ကျောက်တိုင်တောင်ဘက်တွင် လူကို သတ်ဖြတ် ထွက်ပြေးသူ ငမောင်၊ အထင်အရှား ဆိုးသွမ်းသူ ငမောင်ကလေး၊ ငတိုးကြီးတို့ကို အင်ပင်ရေထွက် ကင်းအရာရှိ ငထွန်းလှက လက်ခံထားသည်ကို တွေ့ရှိကြောင်းများနှင့် စာရ၍ ငထွန်းလှကို ဆင့်ဆိုမေးမြန်းပြီးလျှင် သည်ကဲ့သို့ လက်ခံပြုလုပ်မရှိ၊ နယ်စပ်တွင် ငြိမ်ဝပ်ရှိအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အင်ပင်ရေထွက် ကင်းအရာရှိ ငထွန်းလှကို မေးမြန်းရန်ရှိ၍ ဆင့်ဆို လာရောက်စေရမည့်အကြောင်း၊ နယ်စပ်တွင် ငြိမ်ဝပ်ရှိအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည့် အကြောင်းများနှင့် တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရသို့ မှာထားရှိကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ အစိုးရသို့ ပေးမှာစာ။

၇။ ။ အင်ပင်ရေထွက် ကင်းအရာရှိ ငထွန်းလှကို ဆင့်ဆိုစေလွှတ် လာရောက်စေရမည့်အကြောင်း၊ နယ်စပ်တွင်

---

၁။ ၁၃ စက်တင်ဘာ ၁၈၇၇ ၂။ ၂၇ စက်တင်ဘာ ၁၈၇၇ ၃။ ၈ နိုဝင်ဘာ ၁၈၇၇

ရာဇဝတ်တော်ရေး ကင်းလွှတ်လုံခြုံအောင် နယ်ရှင် အကြီးအအုပ်တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည့် အကြောင်း။

၁၂၃၉ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အင်ပင်ရေထွက် ကင်းအရာရှိ ငထွန်းလှကို မေးရာ၊ ကုလား ၃ ကို ကင်းတော်က တိုက်ခိုက်ကြောင်း၊ ကင်းတော်အနီး ခြေရာရောက်ကြောင်းနှင့် ကြို့ပင်ကင်း အရာရှိတို့ မတိုင်တန်းဖူးကြောင်း၊ ကျောက်တိုင်တောင်ဘက်တွင် ဆိုးသွမ်းထွက်ပြေးလာသူတို့ကို လက်မခံကြောင်း၊ တိုက်ခိုက်စဉ် ကင်းမှူးစကားပြောရန် ရွှေဘွားတော်အောက်သို့ သွားရ၍ ကင်းတပ်မှူး ငမြစ်ကို လွှဲအပ်ခဲ့ကြောင်းများနှင့် အစစ်ခံရှိသည့်အရ ကင်းတပ်မှူး ငမြစ်ကို မေးရာ၊ ကုလား ၃ တို့ကို မတိုက်ခိုက်၊ ကင်းတော်အနီး ခြေရာ မကျမရောက်၊ ငတိုးကြီးဆိုသူ ကင်းတော်ရွာတွင် မရှိမနေ၊ ငမောင်ကလေး ဆိုသူကိုသာ သာဝတ္ထိရွာက ကျွဲခိုးမှုနှင့် တိုင်တန်းရှိ၍ မြို့ရုံးသို့ ပို့အပ်မည် ရှိနေသည့်အတွင်း နေရင်း ကျောက်တိုင်တောင်ဘက် ယောက္ခမ၊ မယားတို့ရှိရာ ဆတ်သေရွာသို့ ထွက်ပြေးရှိကြောင်း။ ကင်းတော်ရွာတွင် ရှမ်းငမောင်ဆိုသူသာ ရှိကြောင်းများနှင့် ထွက်ဆိုရှိ၍ ရှမ်းငမောင်ကို ခေါ်ငင်မေးရာ မည်သည့်အခါမှ မဆိုးသွမ်းဖူးကြောင်းကို ရှင်လူအသိ ဖြစ်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ ငမြစ် ထွက်ချက်ပါ ငမောင်ကလေး ဆိုသူကိုသာ အရေးပိုင်မင်းက သင့်ရာစာပေး တောင်းခံမည့်အကြောင်း၊ ကျောက်တိုင်နယ်စပ်တွင် ရာဇဝတ်တော်ရေး လုံခြုံအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့တွင် ရပ်နေစီရင်သူ အတွင်းဝန် ယောမြို့စားသို့ မှာထားရှိကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၈ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ကင်းတပ်မှူး ငမြစ် ထွက်ချက်ပါ ရှမ်းငမောင်ဆိုသူ ကျောက်တိုင်တောင်ဘက်တွင် ဆိုးသွမ်းထွက်ပြေးသူ ဖြစ်၍ သက်သေတို့နှင့် ရှင်းလင်းရန် ချုပ်ထားမည့်အကြောင်း။

အတွင်းဝန် ယောမြို့စားက လျှောက်စာ။

၁၀။ ။ ကျောက်တိုင်တောင်ဘက် ကြို့ပင်ကင်းတပ် စာဇင်ပေါ်နော တိုင်ချက်အရ ထောင်ကထွက်ပြေးသူ ဓားပြ ငပွင့်၊ အထက်တောင်းစာပါ လူသတ် ငမောင်တို့ကို ဖမ်းဆီး၊ ရုံးသို့ပို့လာရာ လမ်းခရီး ငမောင် ထွက်ပြေးခုခံသောကြောင့် ပစ်ခတ်ဖမ်းဆီး၊ လက်လွန် သေဆုံးရှိ၍ ငပွင့်ကိုသာ ပို့ရကြောင်းနှင့် ၈ ဌာနာ ကင်းအုပ်က ပို့အပ် လျှောက်ထားရှိ၍ ငပွင့်ကို အကျဉ်းချထားကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ လူသတ် ငမောင်၊ ဓားပြ ငပွင့်တို့ အကြောင်းအရာကို အထက် (၁၀) မှတ်ပါအတိုင်း အတွင်းဝန် ယောမြို့စားက လျှောက်ထားရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

၁၈၇၇ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အာလံမြို့ ဂုံတောရွာတွင် ကုလားဘိုးကို သတ်ဖြတ်ထွက်ပြေးသူ ငမှူ တောင်တွင်းကြီးမြို့ လယ်ရဲရွာ၊ ထန်းတပင်ရွာများတွင် ခိုဝင်ရှိနေကြောင်း သိရ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်း။ သက်သေတို့ ထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

[1] ၉ မတ် ၁၈၇၈

၁၂၃၉ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ လယ်ရဲရွာ၊ ထန်းတပင်ရွာများတွင် လူသတ်ငမှုံ ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်းနှင့် တောင်တွင်းကြီးမြို့ အစိုးရသို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

တောင်တွင်းကြီးမြို့တွင် ရပ်နေစီရင်သူ ဝန်ထောက်နှင့်
မလွန် ၄ မြို့ဝန်တို့သို့ ပေးမှာစာ။

၁၄။ ။ လယ်ရဲရွာ၊ ထန်းတပင်ရွာများတွင် လူသတ်ငမှုံ ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိ မနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့။

၁၈၇၈ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ လူသတ်ငမှုံ အကြောင်းအရာကို ထပ်မံ စာပြန်ပါမည့် အကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ လယ်ရဲရွာ၊ ထန်းတပင်ရွာများတွင် လူသတ်ငမှုံ မည်သည့် ကာလကမှ မရှိမနေဖူးပါ ကျေးရွာသူကြီးတို့ ထွက်ဆိုရှိကြောင်းကို သူကြီးတို့ ထွက်ချက်နှင့်တကွ တောင်တွင်းကြီးမြို့ အစိုးရနှင့် မလွန် ၄ မြို့ဝန်တို့က ပို့ရောက် လျှောက်ထားရှိကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့[၂]။

၁၈၇၇ ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ မြေထဲမြို့၊ မိုးကောင်းရွာ၊ တိုက်သူကြီး ငစံမင်းအိမ်ကို တိုက်ခိုက်သူ ငလှည်းအိမ်ကောက်နှင့် အမည်မသိလူ ၁ တို့ ဆင်ပေါင်ဝဲ စီရင်စု သပွတ်ကုန်းရွာ၊ သပြေစမ်းရွာ၊ ရေမဲညိုရွာ၊ တောင်ဘွေတပ်ရွာများတွင် ခိုဝင်ရှိနေကြောင်း။ တိုက်ရာပါ သေနတ်ကိုလည်း ငလှည်းအိမ်ကောက်က သပွတ်ကုန်းရွာ တပ်ဗိုလ်ငမွန်းထံ ရောင်းကြောင်းများ သိရ၍ ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ သပွတ်ကုန်းရွာ၊ ရေမဲညိုရွာ၊ သပြေစမ်းရွာ၊ တောင်ဘွေတပ်ရွာများတွင် ဓားပြ ငလှည်းအိမ်ကောက်တို့ ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မလွန် ၄ မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့။

မလွန် ၄ မြို့ဝန်သို့ ပေးမှာစာ။

၁၉။ ။ ဝန်စုပါ သပွတ်ကုန်းရွာ၊ ရေမဲညိုရွာ၊ သပြေစမ်းရွာ၊ တောင်ဘွေတပ်ရွာများတွင် ဓားပြ ငလှည်းအိမ်ကောက် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း။ မရှိမနေလျှင်လည်း နယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့်တကွ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့[၃]။

ငလှည်းအိမ်ကောက် မေးချက်။

(က) ကျွန်တော် သပြေစမ်းရွာတွင် သားမယားနှင့် အတူနေ။ ကျွန်တော်ပိုင် ပုဆိုး၊ ထဘီများကို သူကြီး

၁။ ၁၅ နိုဝင်ဘာ ၁၈၇၇ ၂။ ၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ဖြစ်မည်။ ၃။ ၂၄ ဒီဇင်ဘာ ၁၈၇၇

ငစံမင်းယောက်ဖ ငရိုး ခိုးယူရှိ၍ သူကြီးထံ စာပေးတောင်းရာ မပေးမရှိသောကြောင့် သူကြီးအိမ်သို့ သွားရောက်ပြီးလျှင် သေနတ် ၁၊ ဓားလွယ် ၁၊ ပုဆိုး ၁ များကို ယူခဲ့ပြီးလျှင် သေနတ်ကို တပ်ဗိုလ်ထံ ရောင်းချ။ ဓားကို ရှားစေးဘိုရွာ ကျွန်တော်ဘကြီး ငမန်းထံထားရာ ပျောက်ဆုံး၊ ပုဆိုးမှာ ကျွန်တော် ဝတ်ဆင်၊ ရောင်းသည့် သေနတ်လည်း တပ်ဗိုလ်က သေနတ်ရှင် သူကြီးသို့ ပြန်ပေးကြောင်း၊ ကျွန်တော် ပစ္စည်းများကို ငရိုး ခိုးယူကြောင်းကို ငဘူး၊ ငအောင်တို့ သိကြောင်း။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ငလှည်းအိမ်ကောက်ကို မေးရာ အထက် (၁၉) မှတ်ပါ (က) အတိုင်း ထွက်ဆိုရှိ၍ ငလှည်းအိမ်ကောက် ယူ အဖိုး ၆ဝိ ကျော်တန် ပစ္စည်းအနက် ပြန်ပေး သေနတ်ပြင် ပျောက်ဆုံးသည့် ဓား၊ ဝတ်ဆင်သည့် ပုဆိုး အဖိုးအကျငွေ ၄ဝိ ကို သူကြီးသို့ ပေးစေရန် ချုပ်ထားတောင်းခံဆဲ ရှိကြောင်း။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့။

၁၈၇၈ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၁။ ။ အာလံမြို့ ပျဉ်ပေါက်ရွာအနီး ပုလိပ်ရဲသား အမှုထမ်းတို့ကို တိုက်ခိုက်၊ သေနတ်၊ အင်္ကျီများကို ယူသွားသူ ဓားပြ ၇ တို့အနက် ငမေးကြီးမှာ ဆင်ပေါင်ဝဲ စီရင်စု လက်သီးကုန်းရွာတွင်၊ သောပုခေါ် ဘူးကြီးမှာ တောင်တွင်းကြီးမြို့ ပန်းတောရွာတွင် ရှိနေကြောင်း။ ငမေးကြီးလည်း ဆင်ပေါင်ဝဲ ထောင်အကျဉ်းမှ ဗိုလ်ငချိန်က ခံဝန်နုတ်ထားကြောင်း သိရ၍ ထောက်လှမ်းဖမ်းဆီး စစ်မေးစီရင်ပြီးလျှင် အကြောင်းအရာကို စာပြန်မည့်အကြောင်း။

---

## ၃၃၇ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဓားပြ ငမေးကြီး၊ သောပုခေါ် ဘူးကြီးတို့ တောင်တွင်းကြီးမြို့ ပန်းတောရွာ၊ ဆင်ပေါင်ဝဲ စီရင်စု လက်သီးကုန်းရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်တွင်းကြီး အစိုးရ ဝန်ထောက်မင်းနှင့် ဆင်ပေါင်ဝဲ အစိုးရ မလွန် ၄ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲတော်ကြီးတို့သို့ မှာထားရှိကြောင်း။

၁၂၃၉ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့။

တောင်တွင်းကြီးမြို့ အစိုးရနှင့် ဆင်ပေါင်ဝဲ အစိုးရတို့သို့ ပေးမှာစာ။

၂။ ။ ဓားပြ ငမေးကြီး၊ သောပုခေါ် ဘူးကြီးတို့ စီရင်စုပါ ပန်းတောရွာ၊ လက်သီးကုန်းရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း နယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့် တကွ လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၈ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ရွှေလောင်းမြို့တွင် ငကျိုင်းကို ဓားနှင့် ခုတ်သတ်ထွက်ပြေး၊ မန္တလေးမြို့တော်တွင် ဖမ်းဆီးရမိ ချုပ်ထားသူ ငပလူအောင်နှင့် တိုက်ဆိုင်မေးမြန်းရန် သက်သေ ငရွှေမြို့၊ သောစံ၊ ငရိတ်တို့ လာရောက်ရှိပါ၍ မည်သည့်နေ့ မေးမြန်းရန် ခင်ယင်နိုင်မည်ကို စာပြန်မည့်အကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ပေလူအောင်နှင့် တိုက်ဆိုင်စစ်မေးရန် သက်သေတို့ကို ၎င်းလဆန်း ၂ ရက်နေ့ စေလွှတ်မည့်အကြောင်း။

၁၂၃၉ ခု၊ မြဲသိုလဆန်း ၄ ရက်နေ့[၂]။

ရှေ့ရုံးက တင်ပေးသည့် ပေလူအောင် မေးချက်။

(က) ပုသိမ်မြို့ စီရင်စု၊ ရွှေလောင်းမြို့မှ ၃၅ ခုနှစ်၊ ဝါဆိုလ ရွှေမြို့တော်သို့ မယားပါ ဆန်တက်လာရောက်၍ ရွှေလောင်းကြီးစုတွင် ပဲ့နင်း ငဥ ဆင့်ဆိုရာ နာခံထမ်းရွက် နေထိုင်ကြောင်း၊ ရွာတော်ရွာတွင် ၆ လ ထမ်းရွက်နေထိုင်၊ နောက် ရွာတော်ရွာ ပျက်ပြား၍ ရွှေလောင်းကြီးစုသို့ ပြန်လာနေထိုင်သည့်အတွင်း ဖမ်းဆီးစစ်မေးခံရကြောင်း၊ ငကျိုင်းကို မသတ်မဖြတ်ကြောင်း၊ ယခုသက်သေတို့ကိုလည်း မသိကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

သက်သေ ငရွှေမြို့ ထွက်ချက်။

(ခ) ရွှေလောင်းမြို့တွင် ကျွန်တော် ရာဇဝတ်အုပ် ပြုလုပ်နေစဉ် အမှုထမ်း ငအောင်ဖြူတွင် မှုပြစ်ရှိ၍ အခေါ်စေလွှတ်သူ အမှုထမ်း ငပွင့်၊ ငကျိုင်းတို့ပြန်လာ၊ ငကျိုင်းတွင် ဓားဒဏ်ရာနှင့် မြင်၍မေးရာ ပေလူအောင် ခုတ်ကြောင်း ပြောဆိုသည့်အရ ဖမ်းဆီးကာလ ထွက်ပြေး၊ ယခုမှ တွေ့ကြောင်း။ ၎င်းမယားမိနှစ်၊ ရွှေလောင်းကြီးမြို့တွင် ရှိကြောင်း။ ၎င်းအမှုပြင် အပြစ်ရှိဖူးသည် မကြားမသိကြောင်း၊ ဓားနှင့်ခုတ်သည်ကို မမြင်၊ ငကျိုင်းပြော၍ ကြားသိကြောင်း။ ငရိတ်၊ သောစံတို့က ဓားနှင့်ခုတ်ကြောင်း သိမြင်သည်ကို ကျမ်းကျိန် ထွက်ဆိုဝံ့ကြောင်းနှင့် ပြောဆိုကြားသိကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့။

သက်သေ သောစံ ထွက်ချက်။

(ဂ) ကျွန်တော်တို့ ရပ်စုံပွဲ ရွှေလောင်းကြီးမြို့တွင် ကပြစဉ် ပေလူအောင်နှင့် တရုတ်လူမျိုးတစ်ဦး ခိုက်ရန်ဖြစ်ပွားပြီးနောက် အမှုထမ်း ၂ လက်ထိတ်လက်ကျဉ်းနှင့် ပေလူအောင်အိမ်သို့ တက်ရာ၊ ပေလူအောင်က အမှုထမ်း ငကျိုင်း လက်မောင်းကို ဓားနှင့်ခုတ်ကြောင်း၊ နောက် ငကျိုင်း သေဆုံးသည် ကြားသိကြောင်း၊ ဓားနှင့်ခုတ်သည်ကို ငရိတ်နှင့် ကျွန်တော် သိမြင်ကြောင်း။ (သက်သေ ငရိတ် ထွက်ချက်လည်း နည်းတူ)။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ပေလူအောင်နှင့် သက်သေတို့ကို တိုက်ဆိုင်မေးမြန်းရာ မညီမညွတ် ထွက်ဆိုရှိ၍ အသီးသီး ထွက်ဆိုချက်များကို အရေးပိုင်မင်း သိရန် ပို့လိုက်ကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့။

၁၈၇၈ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ သက်သေ ငရွှေမြို့၊ သောစံတို့က ၁၂၃၅ ခု၊ တပေါင်းလအတွင်း ငကျိုင်းကို ပေလူအောင်က ဓားနှင့်ခုတ်ကြောင်း သိမြင်သည် တပ်ရာ ထွက်ဆိုချက်အရ မေးစစ်စီရင်ရန် ပေးအပ်သင့်ကြောင်း။

၁၂၃၉ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ပေလူအောင် ထွက်ချက်၊ သက်သေတို့ ထွက်ချက်၊ အရေးပိုင်မင်း ပေးစာပါ ပေလူအောင် ဓားနှင့်ခုတ်သတ် ထွက်ပြေးသည့် နှစ်လအပိုင်းအခြား မညီမညွတ်သည်ဖြစ်၍ ရွှေလောင်းမြို့တွင် ၁၂၃၅ ခုနှစ်၊

၁။ ၂ ဖေဖော်ဝါရီ ၁၈၇၈ ၂။ ၆ ဇန်နဝါရီ ၁၈၇၈ ၃။ ၉ မတ် ၁၈၇၈

တပေါင်းလဆန်းအတွင်း ပေလူအောင် ရှိသည် တပ်ရာထွက်ဆိုနိုင်မည့် သူတို့ကို သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၄၀၊ နယုန်လဆန်း ၆ ရက်နေ့။

၁၈၇၈ ခု၊ ဇွန်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ပေလူအောင်နှင့် တိုက်ဆိုင်မေးမြန်းရန် ထပ်မံခေါ်ယူသည့် သက်သေ ကြေင်၊ ငရွှေအေး၊ ငဘောတို့ လာရောက်ရှိ၍ မေးမြန်းရန် ခင်ယင်နိုင်မည့် နေ့ရက်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ပေလူအောင်နှင့် တိုက်ဆိုင်မေးမြန်းရန် သက်သေတို့ကို ယခု လပြည့်ကျော် ၃ ရက်နေ့ လာရောက်စေမည့် အကြောင်း။

၁၂၄၀၊ ဝါဆိုလဆန်း ၁၂ ရက်နေ့[2]။

သက်သေ ကြေင် ထွက်ချက်။

(က) ကျွန်တော် ဒုတိယရဲအမှုထမ်း လုပ်ဖူးကြောင်း၊ ပေလူအောင်က ကျိုင်းကို ဓားနှင့်ခုတ်သည် အခြားသူတို့ ပြောသည်ကိုသာ ကြားသိကြောင်း၊ ၎င်းအမှု ၁၂၃၆ ခု၊ နတ်တော်လ အတွင်းလောက်က ဖြစ်ပွားသည်ထင်ကြောင်း၊ အခြားထူးထွေ မထွက်မဆိုနိုင်ကြောင်း။ (သက်သေ ငရွှေပေ၊ ငဘောတို့ ထွက်ချက်လည်း နည်းတူ။)

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ပေလူအောင် အမှုတွင် ဒုတိယ စေလွှတ်သူ သက်သေတို့ ထွက်ချက်များကို အထက်သက်သေတို့ ထွက်ချက်နှင့် တိုက်ဆိုင် ဆင်ခြင်သာအောင် ပို့လိုက်ကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၈ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ပေလူအောင်က မည်သို့ပင် ထွက်ဆိုသော်လည်း ဖြစ်ပွားရင်း မြို့ရွာတွင် စစ်မေးသင့်သည့်အတိုင်း ပေးအပ်မည့်အကြောင်း၊ ပေးအပ် စစ်မေးကာလ မဟုတ်ကြောင်း ထင်ရှားပြသနိုင်လျှင် အပြစ်မှ လွှတ်မည့် အကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ပေလူအောင်ကို ထပ်မံမေးမြန်းရာ ၁၂၃၅ ခုနှစ် နယုန်လအတွင်း ရွှေလောင်းမြို့က မြို့တော်သို့ ထွက်လာ၍ ၎င်းနှစ် ဝါဆိုလအတွင်း ရွှေလောင်းကြီးစုတွင် နေထိုင်ကြောင်းကို သက်သေပြနိုင်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ပေလူအောင်က ပြသက်သေ ရွှေလောင်းကြီး လေ့တော် ပဲ့ချိတ် မင်းမောင်ကော်တူ၊ မောင်သာတိုး၊ သွေးသောက်ကြီး မင်းမောင်အုံ့တို့ကို ကျမ်းကျိန်ဆိုစေပြီးလျှင် မေးမြန်းမည်ဖြစ်၍ နားထောင်ရန် သင့်ရာအရာရှိကို စေလွှတ်မည့်အကြောင်း။

---

၁။ ၁၆ ဇွန် ၁၈၇၈  ၂။ ၁၀ ဇူလိုင် ၁၈၇၈  ၃။ ၈ စက်တင်ဘာ ၁၈၇၈

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ မဟာမိတ်ဖြစ်သည့်အရ ငပလူအောင်ကို ပေးအပ်မည် ယုံကြည်ကြောင်း၊ မပေးမအပ်လျှင် မဟာမိတ်လက္ခဏာနှင့်မညီ ရှိမည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မဟာမိတ်ဖြစ်သည် တစ်ကြောင်း၊ အရေးပိုင်မင်း စာတွင် မဟုတ်မမှန်လျှင် အပြစ်မှလွတ်လိမ့်မည် ပါရှိသည် တစ်ကြောင်းများကြောင့် ငပလူအောင်ကို အလိုရှိသည့်နေ့ ပေးအပ်မည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ ငပလူအောင်ကို ယခု လပြည့်ကျော် ၁၃ ရက်နေ့ သင်္ဘောရောက် ပေးအပ်မည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ငပလူအောင်ကို ရွှေမြို့တော် မြို့စာရေး ကြီးကြပ်စေ၍ ပို့လာစေကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ သီဟိုဠ်ကျွန်းရှိ မြတ်စွာဘုရား စွယ်တော်နှင့် မဟာစေတီတော်၊ မဟာဗောဓိတော်၊ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်များကို ပူဇော်တွေ့ကြုံရန် လက်ဖက်ရည်တော် စိန်တုန်းလှေအုပ်မင်း နေမျိုးမင်းလှဇေယသူကို စေလွှတ်မည်ဖြစ်၍ ၎င်းကို သီဟိုဠ်အစိုးရတို့က စောင်မကြည့်ရှုအောင် စာပေးမှာထားမည့် အကြောင်း။

၁၂၃၉ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၈ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ ပုသိမ်မြို့နေ အမေရိကန် သာသနာပြုဆရာ ကာပင်တာ တပည့် ဆရာရှူး၊ ဘိုးကေ၊ ငတူပေါ်တို့ မုန်းချောင်းတွင် ဆာဒလင် သစ်အလုပ်ကို လုပ်ကိုင်နေရာ မုန်းချောင်းဖျားတွင် ချင်းတို့ ဖမ်းဆီးခေါ်သွား၊ ငွေနှင့် ရွေးယူမည် ဆိုသော်လည်း မရမလွတ်ရှိကြောင်းနှင့် ဆရာကြီး ကာပင်တာက စာရောက်၍ ၎င်းကို နေရာကျ ဆင့်ဆိုပြုလုပ် စာပြန်မည့်အကြောင်း။

၁၂၃၉ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ဆာဒလင်က သစ်ခေါင်း ၃ တို့ကို ချင်းတို့ ဖမ်းဆီးခေါ်သွားကြောင်း လျှောက်ချက်ရှိ၍ ယော ၄ မြို့ဝန်က ကူညီစောင်မရမည်၊ ၎င်းဝန်သို့ ဆင့်ဆိုရန် စာကို ဆာဒလင်သို့ ပေးအပ်မည် ပြောဆိုပြီးနောက် ဆာဒလင် မလာမရောက်၍ မပေးမအပ်ရရှိကြောင်း၊ ဆာဒလင်ကို ဆင့်ဆို စေလွှတ်ကာလ ယော ၄ မြို့ဝန်သို့ ဆင့်ဆိုရန် စာကို ပေးအပ်မည့်အကြောင်း။

၁၂၃၉ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ကာလကတ္တားမြို့နေ မဟာရာဇာညီ စူရင်ဒရိုမိုဟန်တေဂိုးက ဆက်သရန်ဖြစ်ကြောင်းနှင့် အရေးပိုင်မင်းက ပို့ရောက်သည့် အမျိုးဘာသာ သီချင်းအုပ်နှင့်တကွ ဘာသာတီးမှုတ်မျိုးများကို ဆက်သရာ၊ ၎င်းဆက်သ

---

၁။ ၈ ဖေဖော်ဝါရီ ၁၈၇၈ ၂။ ၇ မတ် ၁၈၇၈ ၃။ ၂၅ မတ် ၁၈၇၈

သည့် တီးမှုတ်မျိုးသည် ဆန်းကြယ်နှစ်သက်ဖွယ်ရှိကြောင်း၊ ၎င်း စူရင်ဒရိုမိုဟန်တေဂိုးသည် တီးမှုတ်မျိုးကို လေ့ကျက်တတ်မြောက်သူ ဖြစ်သည့်အတိုင်း နိုင်ငံတော်က ထူးဆန်းသည့် အတီး တူရိယာများကို သနားတော်ခံစေ အမိန့်တော်မြတ်နှင့်အညီ ၎င်းသို့ပေးရန် စောင်း၊ မိကျောင်း၊ တယော အတီး တူရိယာများကို ပို့လာစေကြောင်း။

၁၂၃၉ ခုနှစ်၊ လက်ခံသန့် ၃ ပြီး၏။

---

လက်ခံသန့်တွင် ကောက်ပြီးများကို ချန်၍ ၎င်းနှစ် လက်ခံကြမ်း ပုရပိုက်များမှ ကောက်နုတ်ချက်။

---

**၃၃၈ မှတ် ပုရပိုက်ထွက်။**

**၁၂၃၈ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။**

**၁၈၇၆ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို မိခန်းစန္ဒာနှင့် တရားခံ ဂြိစက်အာရီဂြိုစက်တို့ အမှုတွင် တရားလိုပြ သက်သေတို့ကို သက်သေ စရိတ်နှင့်တကွ ပေးပို့သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့မည့်အကြောင်း။

**၁၂၃၉ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့[1]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရားလို မိခန်းစန္ဒာ ပြသက်သေတို့ကို မေးမြန်း၍ ထွက်ချက်များကို ပို့လာစေကြောင်း။

လက်မိုင်းစော်ဘွားသား မောင်ကလေး ထွက်ချက် ၇။

(က) အဘ လက်မိုင်းစော်ဘွားနှင့် အမိ စော်ဘွားကတော်တို့က မခန်းစန္ဒာထံ ချေးယူငွေ ၁၀ဝိ၊ ရင်းပွားပါ ၁၅ဝိ ကို မခန်းစန္ဒာ လက်ရောက်ပေးပါ ပြောဆို၍ ငွေတောင်းလာသူ မခန်းစန္ဒာ သမက် ရီစွပ်သို့ အမိ စော်ဘွားကတော်က ပေးသည်ကို သိမြင်ကြောင်း။

ကန္နီမောင်ကြီး ထွက်ချက် ၉။

(ခ) တရားလို မခန်းစန္ဒာနှင့် တရားခံ ဇန္တာဝတ်တို့ ငွေမှုတွင် ရှေ့နေပြုလုပ် ပြောဆိုကြောင်း။ မခန်းစန္ဒာက သမက် ရီစွပ်ကို ကိုယ်စားလှယ်လွှဲ၍ လွှတ်တော်တွင် ပြောဆိုသည့် ငွေမှုပြီး၍ ငွေ ၃၀၁၉ိ အကျ ၂ မူး-၁ ပဲသုံး ရွှေဒင်္ဂါး တစ်ဝက်၊ ငွေဒင်္ဂါး တစ်ဝက် ရီစွပ် ရယူရှိကြောင်း။

---

**၃၃၉ မှတ် ပုရပိုက်ထွက်။**

ရန်ကုန်မြို့နေ ဂျာမန်ကောင်စစ်က

မန္တလေးမြို့ရှိ အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ (မြန်မာပြန်ချက်)။

**၁၈၇၇ ခု၊ မတ်လ ၃၁ ရက်နေ့။**

**၁၂၃၉ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[2]။**

၁။ ။ မြန်မာမင်း အမှုတော်ကို ထမ်းရွက်သူ မာဘီ သေကျန်ပစ္စည်းများကို ဂျာမန်အစိုးရတို့က ကျွန်ုပ်ထံ မေးမြန်းရှိပါ၍ ၎င်းပစ္စည်းများကို ဂျာမန်နိုင်ငံရှိ အမွေခံတို့ ခံယူနိုင်အောင် မည်သို့ပြုလုပ်ရမည် အရေးပိုင်မင်းက မေးမြန်းစာပြန်မည့်အကြောင်း၊ ၎င်းအမွေခံ ၂ ဦးအနက် တစ်ယောက်မှာ ဒုစက်ဒေါ်မြို့တွင် ဟိုတယ် တိုက်ရှင် ဖြစ်ကြောင်း၊ တစ်ယောက်မှာ ကော်လံမြို့ ဓာတ်မီးရုံတွင် လုပ်ဆောင်ရှိနေကြောင်း။

---

၁။ ၂၅ ဧပြီ ၁၈၇၇ ၂။ ၁၂၃၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် ဖြစ်မည်။

၁၂၃၉ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၇ ခု၊ ဇွန်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁-က ။ တရားလို အာပတ်နှင့် တရားခံ ဂျီဝါမာလိန်တို့ ငွေမှုတွင် တရားလိုပြသက်သေ မဟာ ၄၀ တော် မောင်ကလေးကို သက်သေစရိတ်နှင့်တကွ ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့မည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလဆန်း ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အာပတ်နှင့် ဂျီဝါမာလိန်တို့ ငွေမှုတွင် ပြသက်သေ မဟာ ၄၀ တော် မောင်ကလေး မေးမြန်း ထွက်ဆိုချက်များကို ပို့လာစေကြောင်း။

မဟာ ၄၀ တော် မောင်ကလေး ထွက်ချက် ၇။

(က) ဂျီဝါမာလိန်အပေါ်တွင် အာပတ်က ဘိန်း အရက်ဖိုး သက်သက်ချေးငွေ ၂၀၀၀ ကျော် ရရန်ရှိ၍ ရှင်းလင်းရာ ငွေကိုဖြစ်စေ၊ ကုန်ကိုဖြစ်စေ ၁၀ ရက်အတွင်း ပေးမည် ပြောဆိုသည်ကို ကြားသိရကြောင်း။

---

၃၄၀ မှတ် ပုရပိုက်ထွက်။

၁၂၃၈ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၆ ခု၊ ဩဂုတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အင်္ဂလိပ် ကျွန်တော်မျိုး လတ်တူးက ငွေရရန်ရှိကြောင်း လျှောက်ထားသူ ဇ ခရိုင်၊ ခပိုရွာနေ စို့ ၄၀ ဒိုင်းခေါင်းဟောင်း ငရွှေအုံကို ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငရွှေအုံကို ပေးအပ်ရမည် ကျောက်ဆည်ရုံးတော်သို့ ဆင့်ရာ ဇ ခရိုင်နယ်တွင် ခပိုရွာ မရှိ၊ ရွာပို့ရွာသာ ရှိကြောင်း၊ ၎င်းရွာတွင်လည်း ငရွှေအုံ မရှိ၊ ဘုန်းသာ ရှိ၍ ပို့ရကြောင်း လျှောက်ထား ပို့ရောက်ရှိ၍ မေးရာ လတ်တူးနှင့် မသိကြောင်း ထွက်ဆိုသည့်အရ ငရွှေအုံ ဟုတ် မဟုတ် ဒိုင်းစာရေးတို့ကို ပြသ မေးမြန်းရာ မဟုတ်ကြောင်း၊ ရွှေမြို့တော် စို့ ၄၀ အိမ်ထောင်စုံ ရပ်ကွက်များတွင် မရှိကြောင်းနှင့် ခံဝန် ထွက်ဆိုရှိကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၇ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ပွဲစား ငလှကျော်နှင့် ဂိုလာဟိုစင်တို့ တရားမှုမှာ စုံရာ ဖျန်ဖြေချက်နှင့် ပြီးပြတ်ရှိ၍ ဂိုလာဟိုစင်ပြ သက်သေစရိတ်တွက် ပေးပို့သည့်ငွေ မကုန်မကျရသေးလျှင် ပြန်ပေးရန် ပေးပို့မည့်အကြောင်း။

၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ၁၂၃၈ ခုနှစ်အတွင်း မှုခင်း တရားစကားများကို ရပ်ဆိုင်းရသောကြောင့် ဂိုလာဟိုစင်ပြ သက်သေတွက် စရိတ်ငွေ မသုံးမကုန်ရ ရှိသည့်အတိုင်း ပြန်ပို့လာစေကြောင်း။

---

၁။ ၁၀ ဇွန် ၁၈၇၇

**၃၄၁ မှတ် ပုရပိုက်ထွက်။**

**၁၂၃၉ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့။**

**၁၈၇၇ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အာကာဇဘွယ်တေရာနီနှင့် ဟာဇီမြိဇာမန္တလီတို့ အမှုတွင် တင်ပြသက်သေ အခွန်ဝန် မူလာအီဗျံဟင်၊ ရန္တပိုရှာစား အာကာမန္တလီ အစ္စပါနီတို့ကို သက်သေစရိတ်နှင့်တကွ ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်းပြန်ပို့မည့် အကြောင်း။

**၁၂၃၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[1]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အာကာဇဘွယ်တေရာနီတို့ အမှုတွင် တင်ပြသက်သေ အခွန်ဝန်နှင့် ရန္တပိုရှာစားတို့ကို မေးမြန်း ထွက်ဆိုချက်များကို ပို့လာစေကြောင်း။

တရားလိုပြသက်သေ ရန္တပိုရှာစား ထွက်ချက် ၁။

(က) တပေါင်းလက ဝါဆိုလတိုင် အတွင်း ရန်ကုန်မြို့တွင် ကြက်ပေါင်စေးချိန် ၁ လျှင် ၂၃၀ ဈေး ရောင်းရကြောင်းကို ရန်ကုန်မြို့နေ ကျွန်တော် ကိုယ်စားလှယ်က ပေးစာကို ရကြောင်း။

တရားခံပြသက်သေ အခွန်ဝန်မင်းနှင့် ၎င်းသားတို့ ထွက်ချက် ၉။

(ခ) တရားလို အာကာဇဘွယ်တေရာနီက ရန်ကုန်မြို့ ဟာရှင်အာရစ်ဗရာဒယ် ကုမ္ပဏီတို့ထံ ရောင်းရန် ကြက်ပေါင်စေး ပေးပို့သည်ကို သိကြောင်း အကြောင်းအရာ။

**၁၂၃၉ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အာကာဇဘွယ်တေရာနီတို့ အမှုတွင် တင်ပြသက်သေ ရန္တပိုရှာစားက သက်သေစရိတ်ငွေ ၃ိ နှင့် မလိုက် သင့်ကြောင်းနှင့် လျှောက်ထားရှိ၍ မမေးမမြန်းရ ရှိကြောင်း။

**၁၂၃၉ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။**

**၁၈၇၇ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ တရားလို ဟာဇီအဒူလာနှင့် တရားခံ သရက်ကြီးရိတို့ အမှုတွင် တရားခံ တင်ပြသက်သေ ရန္တပိုရှာစားကို ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့ပါမည့် အကြောင်း။

**၁၂၃၉ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့[2]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဟာဇီအဒူလာတို့ အမှုတွင် တင်ပြသက်သေ ရန္တပိုရှာစားက သက်သေစရိတ်ငွေ အထက်နည်း ၅ိ ရမှ မေးမြန်းခံနိုင်မည် လျှောက်ထားရှိကြောင်း။

**၁၂၃၉ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့[3]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ဟာဇီအဒူလာတို့ အမှုတွင် တင်ပြသက်သေ ရန္တပိုရှာစားကို မေးမြန်းထွက်ဆိုချက်များကို ပို့လာစေ ကြောင်း။

ရန္တပိုရှာစား ထွက်ဆိုချက် ၇။

(က) သရက်ကြီးရိပိုင် ဥစ္စာပစ္စည်းများကို ဟာဇီအဒူလာထံ အပ်နှံ၍ သိမ်းထားကြောင်းကို ကြားဖူး ကြောင်း အကြောင်းအရာ။

---

၁။ ၂၄ ဩဂုတ် ၁၈၇၇ ၂။ ၂၈ ဩဂုတ် ၁၈၇၇ ၃။ ၅ စက်တင်ဘာ ၁၈၇၇

## ၃၄၂ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့။

၁၈၇၇ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ နောက်ပြင်ခုံတော်ရှေ့ တရားခံ အီစွပ်အလီနှင့် တရားလို မွန်စွပ်အလီတို့ ငွေမှုလျှောက်ချက်၊ ချေဆိုချက်များ ရှိ မရှိကို စာပြန်မည့်အကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၁]။

စာရေးတော် ငကြွယ် ထွက်ချက်။

(က) လွန်ခဲ့သည့် ၂ နှစ်ကျော် ၃ နှစ်ခန့်က အီစွပ်အလီတို့ အမှုလျှောက်ထားရှိ၍ အီစွပ်အလီကို မေးမြန်းရာ၊ တရားလိုတွင်သာ ငွေရရန် ရှိကြောင်းနှင့် ချေဆိုဖြစ်ပွားကြနောက် အီစွပ်အလီက အင်္ဂလိပ်ကျွန်တော်မျိုး ဖြစ်သည် ကပ်ခိုခေါ်ငင် မရရှိကြောင်း၊ ၎င်းလျှောက်ချက် ချေဆိုချက်များလည်း ကျွန်တော် နေအိမ်ကို မီးသင့်လောင်ရာပါ၍ မပေးမအပ်နိုင်ကြောင်း၊ ၎င်းအမှု ရှေ့နေ ငတုတ်၊ ညိုရောင်၊ ဘိုးကြီးတို့ သိနိုင်ရန် ရှိကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၂]။

အမိန့်တော်ရဟောင်း ညိုရောင် ထွက်ချက်။

(ခ) လွန်ခဲ့သည့် ၂ နှစ်ကျော် ၃ နှစ်ခန့်က အီစွပ်အလီတို့ အမှုဖြစ်ပွား လျှောက်ထား မပြီးမပြတ် ရှိနေသည့်နောက်၊ အီစွပ်အလီက တွဲဖက်ရုံး စာရင်းကျဖြစ်သည် ခေါ်ငင်မရ ကပ်ခိုရှိနေသည် သိရကြောင်း၊ နောက် ဆက်လက် ပြောဆိုသည် မပြောဆိုသည် မသိကြောင်း၊ မွန်စွပ်အလီဘက်က ကျွန်တော် ရှေ့ဆောင်ပြုလုပ်ကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မွန်စွပ်အလီတို့ အမှုတွင် စာရေးတော် ငကြွယ်၊ အမိန့်တော်ရဟောင်း ညိုရောင်တို့ကို မေးရာ [အထက် (၁) မှတ်ပါ (က)၊ (ခ)] ပါ အတိုင်း ထွက်ဆိုရှိကြကြောင်း။

---

## ၃၄၃ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၈ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို ဂိုလာဟာစင်နှင့် တရားခံ ဟာဇင်နာနာတို့ အမှုတွင် ဂိုလာဟာစင်ပြသက်သေ အခွန်ဝန်သား မောင်မောင်ကြီးကို စရိတ်နှင့်တကွ ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့ပါမည့်အကြောင်း။

မေးခွန်း ၂။

(က) ဟာစင်နာနာအပေါ်တွင် ဝရမ်းထုတ် ရပ်ဆိုင်းရန် ဂိုလာဟာစင်ထံ ကြေးနန်း ရိုက်ဖူးသည် မရိုက်ဖူးသည်၊ မည်သူက ပြော၍ ရိုက်သည်။

၁၂၃၉ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဂိုလာဟာစင်ပြ သက်သေ မောင်မောင်ကြီးကို မေးမြန်း ထွက်ဆိုချက်များကို ပို့လာစေကြောင်း။

---

၁။ ၂၀ အောက်တိုဘာ ၁၈၇၇ ၂။ ၃၀ အောက်တိုဘာ ၁၈၇၇ ၃။ ၃ ဖေဖော်ဝါရီ ၁၈၇၈

သူဌေး လောကသာရဗိမာန်လေ့အုပ် မဟာဘောဂရာဇာ ထွက်ချက် ၂။
(က) ဟာစင်နာနာက ကျွန်တော်အပေါ်တွင် ဝရမ်းရပ်ဆိုင်းရန် ကြေးနန်းရိုက်ကြားပါ ပြောဆို၍ ဂိုလာဟာစင်ထံ ရိုက်ကြားဖူးသည့် အကြောင်းအရာ။

---

## ၃၄၃–က မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့[၁]။

ဗန်းမော် ၄ မြို့ဝန်၊ စာရေးကြီး၊ အခွန်ဝန်သို့ ပေးမှာစာ။

၁။ ။ မိုးကောင်းမြို့ စီရင်စု မန်းဝိန်ရွာသို့ အရောင်းအဝယ်နှင့် ဆန်တက်နေထိုင်သည့် ကုလား နော်ရာဘတ်နှင့် အာကာဟိုစင်တို့ကို ကချင်တို့နှင့် ပေါင်းသင်း ဓားပြပြုလုပ် တိုက်ခိုက်မှု ထင်ရှား၍ ချုပ်ထားကြောင်းနှင့် ၄ မြို့ဝန်က လျှောက်ထားသူ အဝယ်တော် ငမြိုင်ကို အမိန့်တော်မြတ်ရင်းနှင့်အညီ သင့်ရာလူ ဘက်ထည့်၍ ရွှေဘွားတော်အောက် ပို့ရမည့်အကြောင်း။

၁၂၃၉ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

သံတော်ဆင့် အလုံမြို့အုပ် မင်းလှသီဟသူသို့ ပေးမှာစာ။

၂။ ။ အလုံမြို့ ကျေးရွာများတွင် သာသနာရေး သာသနာမှုနှင့် စပ်၍ ဆုံးမဟောပြောရန် ကြွရောက်သည့် ဆရာတော် ၆ ပါးတို့ အလုံမြို့ဌာနတွင် ရှင်လူပရိသတ်တို့ကို မည်သို့ ဟောပြောဆုံးမသည်၊ ဟောပြောသည်ကို တညီတညွတ် လိုက်နာသည် မနာသည် အကြောင်းအရာများနှင့်တကွ ဒုတိယ သာစည်ဌာန၊ တတိယ မင်းရွာဌာနများတွင် ဟောပြောဆုံးမမည့် အကြောင်းအရာများကို အမိန့်တော်မြတ်ခံသာအောင် အသေအချာ လျှောက်ထားရမည့် အကြောင်းအရာ။

၁၂၃၉ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ဗန်းမော်မြို့သို့ လာရောက်သူ သိုးဆောင်းဆရာတို့က ကချင်တို့နေရာ တောတောင်သို့ သွားရောက်နေထိုင်လိုသည် ပြောဆိုလျှင်၊ မှုခင်းရှုပ်ထွေး တစ်စုံတစ်ရာ ဖြစ်ပွားလျှင် မြန်မာအစိုးရမင်းတို့နှင့် တာဝန်ကင်းလွတ်ပါစေမည် ခံဝန်လက်မှတ်ပေးမှ သွားရောက်နေထိုင်စေရမည် အထက်မှာထား ဆင့်ဆိုရှိသော်လည်း၊ ၎င်းဆရာတို့ နေရင်းနိုင်ငံရှင် နိုင်ငံခြားဝန်ကြီးတို့က မည်သည့်ဆရာကို အလိုရှိရာ သွားလာနေထိုင်သည့်အတွက် မြန်မာအစိုးရတို့နှင့် တာဝန်ကင်းလွတ်ပါစေမည် စာပေးမှ အသီးအသီး ခံဝန်လက်မှတ်ရေးထိုး နေထိုင်စေမည် ဖြစ်၍ မှာစာပါအတိုင်း နေရာကျ ထပ်မံပြောဆိုပြီးလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

ရင်းဘော်ဗိုလ် ငမောင်က လျှောက်စာ။

၄။ ။ မိုးဗြဲမြို့၊ ဖယ်ခုံတပ်တော် အနီးအစပ်ရှိ ကရင်ကျေးရွာများတွင် ဆိုးသွမ်းသည့် ကရင်များကို သိမ်းပိုက်ရန် တပ်တော် ချီတက်သည်ကို ရင်းဘော်၊ ပတောင်ဗြဲ လူမျိုးတို့က ကျေးရွာကို တိုက်ခိုက်မည် ထင်မှတ် ထိတ်လန့်ရှိ၍၊ ထိတ်လန့်မရှိရအောင် ရင်းဘော်စော်ဘွားထံ ကျွန်တော်မျိုး ပြန်သွား၊ ပြောဆို ပြန်လာကာလ၊ ကျွန်တော်မျိုးနှင့်အတူ ရွှေမျက်နှာတော် အဖူးအမြော်လိုက်ပါသူ ကရင်တို့ကို တပ်ရုံးတော်က တားဆီးမရှိရအောင် အမိန့်စာ ကယ်မပါမည့် အကြောင်းအရာ။

၁၂၃၉ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

မိုးဗြဲတပ် စစ်ကဲသို့ ပေးမှာစာ။

၅။ ။ ရင်းဘော်ဗိုလ် ငမောင်က အထက် [၄ မှတ်ပါ] အတိုင်း လျှောက်ထားရှိ၍ ၎င်းနှင့်အတူ ပါလာသည့် ကရင်တို့ကို တပ်ရုံးတော်က တားဆီးမရှိ၊ စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု ခေါ်ယူလာစေရမည့် အကြောင်းအရာ။

---

၁။ ၁၂ မတ် ၁၈၇၈ ၂။ ၂၉ မတ် ၁၈၇၈

၁၂၃၉ ခု၊ နယုန်းတန်ခူးလဆန်း ၂ ရက်နေ့[၁]။

(ညညီလာခံ တောင်နန်းတော်)

အမိန့်တော် မှတ်သားချက်။

၆။ ။ သီဟိုဠ်ကျွန်း ဂါလုမြို့ ဂိုဏ်းအုပ်ဆရာ၊ ရဟန်းတော်နှင့် မြို့ရွာနေ ကုန်သည်ကြီး၊ ဘုရားဒကာ၊ ကျောင်းဒကာတို့လျှောက် ကြေးနန်းအရ ရွှေမြို့တော်သို့လာရန် စရိတ်ငွေ ၂၅၀၀ ကို အခွန်ဝန် မှူလာက ပေးစေရမည့် အကြောင်းအရာ။

၁၂၃၉ ခု၊ နယုန်းတန်ခူးလဆန်း ၈ ရက်နေ့။

အခွန်ဝန် မဟာဘောဂရာဇကျော်ထင်သို့ ပေးမှာစာ။

၆–က ။ အမိန့်တော်မြတ်ရင်းနှင့်အညီ အထက် [၆ မှတ်ပါ] ငွေ ၂၅၀၀ ကို သီဟိုဠ်ကျွန်းသို့ပို့ရန် ရန်ကုန်မြို့ရှိ ရွှေတိုက်စိုး စာရေးကြီးထံ မှတ်သားပေးအပ်၊ ၎င်းငွေကို လစဉ် ဆက်သွင်းသည့် အခွန်တော်က ခုနှိမ်ရမည့် အကြောင်းအရာ။

၁၂၄၀၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့[၂]။

သဘော်တော်စီး ကပ္ပိတန်တို့ကို ဆင့်စာ။

၇။ ။ ကျွန်တော်မျိုး ငရွှေစာ၊ ဘိုးချို၊ ညှာ၊ စံရာတို့နှင့်တကွ ၎င်း ၄ ဦးတို့က ဖြစ်စေ၊ တစ်ဦးဦးက ဖြစ်စေ လူ ၃၀ ထက် မပိုစေရ၊ ရွှေဘွားတော်အောက် စီးနင်းတင်ဆောင် လိုက်ပါစေသူတို့ကို သဘော်ခလာဘ်ပဏ္ဏာ အတောင်းအယူမရှိ စီးနင်းလိုက်ပါစေ၍၊ စီးနင်းလိုက်ပါသူတို့ အမည်နေရပ် စာရင်းကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၀၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့။

ဖောင်ဝန် ဖောင်စာရေးတို့ကို ဆင့်စာ။

၈။ ။ ရန်ကုန်မြို့သို့ စုန်ဆင်းမည့် သဘော်တော်များမှာ မစုန်မဆင်းမီ ၂ ရက် တင်ရင်၍ သဘော်တော်စီးတို့ ကိုယ် လွှတ်တော်သို့ လာရောက်၊ သဘော်အမည်၊ စုန်ဆင်းမည့် နေ့ရက်များကို စာရင်းချမှတ်ရမည့် အကြောင်းနှင့် ဆင့်ဆိုရမည့် အကြောင်းအရာ။

---

## ၃၄၄ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၇ ခု၊ မတ်လ ၂၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ်ပိုင် သရက်မြို့၊ မင်းတပ်ရွာနယ် တောင်ရိုးကြားတွင် ကုန်သည်တို့ တိုက်ခိုက်သူ ၅ အနက် ငဘန်၊ ငကျေး၊ ငရန်အောင်၊ ငဆိုးတို့မှာ နိုင်ငံတော် အရိုးတောင်ရွာ၊ သေးမှာ သရက်အုပ်ရွာများတွင် ခိုဝင်ရှိနေကြောင်း သိရ၍ ၎င်းတို့ကို ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁၂၃၉ ခု၊ နယုန်းတန်ခူးလဆန်း ၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အရိုးတောင်ရွာ၊ သရက်အုပ်ရွာများသည် မည်သည့်မြို့ စီရင်စုပါ ဖြစ်သည် စာပြန်မည့်အကြောင်း။

၁၂၄၀၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

၁၈၇၇ ခု၊ ဂျူလိုင်လ ၈ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အရိုးတောင်ရွာ၊ သရက်အုပ်ရွာများသည် မင်းတုန်း၊ နင်းကြမ်း၊ တိုင်တား၊ မင်းတပ်နယ် အဝင်အပါ ဖြစ်ကြောင်း။

---

၁။ ၃ ဧပြီ ၁၈၇၀ ၂။ ၁၉ မေ ၁၈၇၀ ၃။ ၂၃ မတ် ၁၈၇၈ ဖြစ်မည်။ ၄။ ၈ ဂျူလိုင် ၁၈၇၈ ဖြစ်မည်။

၁၂၄၀၊ ဝါဆိုလဆန်း ၁၀ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ နိုင်ငံတော် မင်းတုန်း၊ မင်းတပ် တိုက်နယ်အတွင်း အရိုးတောင်ရွာ၊ သရက်အုပ်ရွာများတွင် ဓားပြ ဘောန်၊ သော်၊ ကျေး၊ ရန်အောင်၊ ဆိုးတို့ ခိုဝင်ရှိနေလျှင် ဖမ်းဆီး ပို့အပ်ရမည် မင်းတုန်း တောင်စဉ် ၇ ခရိုင်ဝန်သို့ မှာထားရှိကြောင်း။

၁၂၄၀၊ ကဆုန်လဆန်း ၄ ရက်နေ့။

၁၈၇၈ ခု၊ မေလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ရာဇဝတ်ရုံးတော်က အမှုစစ်ဆေးရန် ချုပ်ထားသူ အင်္ဂလိပ် ကျွန်တော်မျိုး ကာရနယ်ဝင်ဒင်ကို အလိုရှိသည့်အခါ အရေးပိုင်မင်းက ပို့အပ်မည်ဖြစ်၍ အကျဉ်းအချုပ်မှ လွှတ်မည့်အကြောင်း။

၁၂၄၀၊ ကဆုန်လဆန်း ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ ကာရနယ်ဝင်ဒင်ကို စေလွှတ်သူတွင် ထည့်အပ်လိုက်ကြောင်း၊ အမှုမပြီးမီ အခြားသို့ သွားလာမရှိစေဘဲ အလိုရှိသည့်အခါ ပို့အပ်မည့်အကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဝင်ဒင်က ဤတာလျံကောင်စစ် အမြို့နောကို လက်သီးနှင့် ထိုးသတ်မှု ထင်ရှား၍ နိုင်ငံဥပဒေအတိုင်း ရွှေမြို့တော် ၄ ပြင် ၄ ရပ် မောင်းကြော် ရာဇဝတ်ဒဏ် စီရင်မည် ရှိသည့်အတွင်း ဝင်ဒင်က နောင်သည်ကဲ့သို့ မပြုမလုပ်ပါကြောင်း လျှောက်ချက်၊ ဤတာလျံကောင်စစ်ကလည်း ဝင်ဒင်ကို အပြစ်မှ ချမ်းသာရန် ကျေနပ်စွာ လျှောက်ချက်အရ ဝင်ဒင်ကို စီရင်မည့် ပြစ်ဒဏ်မှ ချမ်းသာစေကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇-က ။ ဝင်ဒင်က ဤတာလျံကောင်စစ်ကို နာကြည်းစွာ ပြုလုပ်ဦးမည် ကြိမ်းပသည်ကို ထိန်းသိမ်းစေသည့် လူတို့ ကြားကြောင်း လျှောက်ထားရှိ၍ ဝင်ဒင်ကို သင့်ရာ ပြောဆိုသာအောင် ပို့လာစေကြောင်း။

၁၂၄၀၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ သာဝတ္ထိရွာနေ မြန်မာ ကင်းအရာရှိ ငရိုးက အလျူဖိတ်၍ သွားသူ အင်္ဂလိပ် ကျွန်တော်မျိုး လေင်းကို ခေတ္တကင်းအုပ် သောပေါ်က နွားခိုး ဆို၍ နာကြည်းစွာ ရိုက်နှက်ပြုလုပ်သည့် အကြောင်းအရာကို စစ်မေး စာပြန်မည့်အကြောင်း။

၁၂၄၀၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ လေင်း ဆိုသူကို ကင်းအုပ် သောပေါ်က ဖမ်းဆီးရိုက်နှက် ပြုလုပ်သည် မှန် မမှန်ကို စစ်ဆေးမေးမြန်း လျှောက်ထားလိုက်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့တွင် ရပ်နေစီရင်စေသူ အတွင်းဝန် ယောမြို့စားသို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၀၊ နယုန်လဆန်း ၁ ရက်နေ့[၄]။

အတွင်းဝန် လယ်ဝန် ယောမြို့စား မင်းကြီးမင်းခေါင်ကျော်သို့ မှာစာ။

၁၀။ ။ လေင်း ဆိုသူကို ကင်းအုပ် သောပေါ်က ဖမ်းဆီးရိုက်နှက် ပြုလုပ်သည် မှန် မမှန်ကို စစ်ဆေးမေးမြန်း လျှောက်ထားရမည့် အကြောင်း။

---

၁။ ၈ ဇူလိုင် ၁၈၇၈ ၂။ ၁၄ ဩဂုတ် ၁၈၇၈ ၃။ ၂၁ မေ ၁၈၇၈ ၄။ ၃၁ မေ ၁၈၇၈

၁၂၄၀။

အတွင်းဝန် လယ်ဝန် ယောမြို့စား မင်းကြီးမင်းခေါင်ကျော်က လျှောက်စာ။

၁၁။ ။ငလင်း အကြောင်းကို မေးမြန်းရာ နိုင်ငံတော် သီတလမြို့ သက်ကယ်ကျင်းရွာနေ လှိုင်း၊ လူတို့ ကုန်သည်ဘာဝ လှည်းနှင့် တောင်ငူကပြန်လာ၊ လောမြို့စီရင်စု ကျွဲသေရွာအနီး ချရပ် အိပ်နေသည့်အတွင်း နွား ၄ ပျောက်ဆုံး၍ ထောက်လှမ်းကာလ ကျောက်တိုင်တောင်ဘက်နေ ငလင်း၊ ငတောင်ဗိုလ်တို့ ငရိုး အိမ်တွင် တည်းခို ခိုးယူကြောင်း သိသာ၍ ကင်းအုပ် ငသာပေါ်က ဖမ်းဆီးရာ ငလင်းကိုသာ ရမိ ချုပ်ထားသည့်အတွင်း တိတ်တဆိတ် ထွက်ပြေးသူ ဖြစ်ကြောင်းနှင့် အစစ်ခံ ထွက်ဆိုရှိကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ငလင်း အကြောင်းအရာကို အထက် (၁၁) မှတ်ပါအတိုင်း အတွင်းဝန် ယောမြို့စားက လျှောက်ထား ရှိကြောင်း။

၁၂၄၀၊ နယုန်လဆန်း ၅ ရက်နေ့။

၁၈၇၈ ခု၊ ဇွန်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၃။ ။ဗန်းမော်မြို့ အင်္ဂလိပ်အရေးပိုင် ကူပါကို သတ်သူ–ကဆင်ဆင်ကို အဆုံးစီရင်ရန် ပေးအပ်မည့်အကြောင်း။

၁၂၄၀၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။သူခိုး ငလင်းကို ဖမ်းဆီးရိုက်နှက်မှု အကြောင်းကို မေးမြန်းရှင်းလင်းစေရန် ကင်းအုပ် ငသာပေါ်ကို အတန်တန်ခေါ်ရာ မလာမရောက်၊ ကိုယ်စားလှယ်လည်း မထည့်မအပ်၊ မကျန်းမမာဆို၍ မလာမရောက်မှု၊ အစိုးရတို့ထံ ရှင်းလင်းသင့်သည်ကို မရှင်းမလင်း၊ ယိုးမယ်ဖောက်လွှဲ ပြောဆိုရှိနေသည့် အမှုများကြောင့် အပြစ်အလျောက် ကင်းအုပ်အရာက နုတ်ပယ်စီရင်ရှိကြောင်း။

၁၂၄၀၊ နယုန်လပြည့်ကျော် ၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ဗန်းမော်မြို့ အင်္ဂလိပ် အရေးပိုင် ကူပါကို သတ်သူ – ကဆင်ဆင်ကို အပြစ်အလျောက် မြန်မာအစိုးရတို့က ဖမ်းဆီးအကျဉ်းချထား စီရင်ကြောင်း၊ သည်ကဲ့သို့ စီရင်သည်ကို အဆုံးစီရင်မည့် အကြောင်းနှင့် စာပေးသည်မှာ နောင် မြန်မာအစိုးရတို့က အလိုရှိ၍ ပြောဆိုလျှင် အင်္ဂလိပ် အစိုးရတို့က နိုင်ငံဥပဒေကို လွှန်၍ ပြင်ဆင် ပြုလုပ်နိုင်မည်၊ မပြုလုပ်နိုင်မည်ကို သိလိုကြောင်း။

၁၂၄၀၊ ဝါဆိုလဆန်း ၇ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ဗန်းမော်မြို့ အင်္ဂလိပ် အရေးပိုင်အလောင်း သင်္ဂြိုဟ်ရာ သင်္ချိုင်းမြေရာကို သင်္ချိုင်းမြေအဖြစ် စတုရန်း ၁၅၊ စီ သတ်မှတ်ထားနိုင်အောင် ဗန်းမော်မြို့ဝန်သို့ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ ဝါဆိုလဆန်း ၁၂ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁၇။ ။ဗန်းမော်မြို့ အရေးပိုင်အလောင်း သင်္ဂြိုဟ်ရာ သင်္ချိုင်းတွင် ယခု ဗန်းမော်မြို့ အရေးပိုင်က အမှတ်အသား ပြုလုပ်သည်ကို နှောင့်ယှက်မရှိ၊ သင်္ချိုင်းမြေကို စတုရန်း ၁၅၊ စီထက် မပိုစေရ သတ်မှတ်ပေးအပ် လုပ်ဆောင်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၂ ဩဂုတ် ၁၈၇၈ ၂။ ၂၁ ဇန်နဝါရီ ၁၈၇၉ ၃။ ၁၆ ဇွန် ၁၈၇၈ ၄။ ၅ ဇူလိုင် ၁၈၇၈

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၈ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ဗန်းမော်မြို့ အင်္ဂလိပ် အရေးပိုင်ကို သတ်သူ – ကဆင်ဆင်ကို နှစ်ဦးနှစ်ဖက် ကြည်လင်ရန်ကိုထောက်၍ စာပေးတောင်းဆိုသည့်အတိုင်း အရေးပိုင်မင်းသို့ ပေးအပ်လိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ နိုင်ငံဥပဒေ၊ မဟာမိတ်စာချုပ်တွင် မပါသော်လည်း မဟာမိတ်နိုင်ငံချင်း ကူညီသည့်အဖြစ် ထင်ရှားရန် ဗန်းမော်မြို့ အရေးပိုင် ကူပါကို သတ်သူ – ကဆင်ဆင်ကို ဗန်းမော်မြို့က ပို့ရောက်ကာလ ပို့လာစေမည့် အကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့[1]။

၁၈၇၈ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ကဆင်ဆင်ကို တောင်းဆိုသည့်အတိုင်း မြန်မာ အစိုးရတို့က ခြွင်းချန်မရှိ ပေးအပ်မည်ဖြစ်လျှင် ၎င်း အရပ်တွင်ပင် စစ်ဆေးစီရင်ရန် အရေးပိုင်မင်းကိုယ် ဗန်းမော်မြို့သို့ ဆန့်တက်မည် ရှိသည့်အတွင်း ကဆင်ဆင်ကို ဗန်းမော်မြို့က ပို့လာကာလ ပေးအပ်မည့်အကြောင်းနှင့် စာပေးပို့ပြန်သည်ဖြစ်၍ ကဆင်ဆင် ကို တောင်းဆိုချက် ၂ ရပ်အနက် မည်သည့်အချက်ကို ခွင့်ပြုနိုင်မည်၊ နိုင်ငံတော်တွင် ရာဇဝတ်မှုကို မည်သို့ ပြဋ္ဌာန်းစီရင်သည်များကို သိလိုကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ပထမ တောင်းဆိုချက်ကို နိုင်ငံဥပဒေ မရှိ၍ ခွင့်မပေးနိုင်ရှိသည်ကို အရေးပိုင်မင်း သဘောတူညီ ရှိသည့် အတိုင်း ယခု လပြည့်ကျော် ၇ ရက်နေ့ အရေးပိုင်မင်းနှင့် တွေ့ကြုံပြောဆိုရာ၊ ကဆင်ဆင်ကို ဗန်းမော် မြို့တွင် စီရင်လိုကြောင်း တောင်းဆိုသည့် တတိယအချက်လည်း နိုင်ငံတော်ဥပဒေပင်ဖြစ်၍ အခွင့်မပေး နိုင်သည်ကို အရေးပိုင်မင်း သဘောတူလိမ့်မည် ယုံကြည်ကြောင်း၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့စွဲပါ တောင်းစာအရ ပေးအပ်ရန် အခွင့်မရှိကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့[2]။

၁၈၇၈ ခု၊ ဇူလိုင်လ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ အဆုံးစီရင်မည့် ပထမအချက်စကား နိုင်ငံတော်ဥပဒေ မရှိကြောင်း စာတွင်ပါ၍ အဆုံးစီရင်သည့်အရာ နိုင်ငံဥပဒေနှင့် ဆန့်ကျင်ဘက်ဖြစ်သည် ဆိုလိုသည် မဆိုလိုသည်၊ တောင်းဆိုသည်ကို သဘောမတူကြောင်း ပါသည့်အတိုင်း ကဆင်ဆင် ဗန်းမော်မြို့က မည်သည့်အခါ ရောက်မည်များကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၂ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ ကဆင်ဆင်ကို ဗန်းမော်မြို့ဝန်က ပို့ရောက်ကာလ အရေးပိုင်မင်း သိစေရန် စာပေးမည့်အကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ ကဆင်ဆင်ကို ဗန်းမော်မြို့ဝန်က ပို့ရောက်ရှိ၍ ချုပ်ထားကြောင်း၊ ၎င်းကို စစ်မေးရန် ရှိသေးသည်ဖြစ်၍ စုံညီစစ်မေးရန် အရေးပိုင်မင်းက သင့်ရာ အရာရှိကို စေလွှတ်မည့်အကြောင်း။

---

၁။ ၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၈ ရက် ဖြစ်မည်။ ၂။ ၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၁၅ ရက် ဖြစ်မည်။ ၃။ ၃၀ ဇူလိုင် ၁၈၇၈

၁၂၄၀၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ်အရေးပိုင်က စေလွှတ်သူ အင်္ဂလိပ်အရာရှိတို့နှင့် လွှတ်တော်အရာရှိတို့ရှေ့
ဗန်းမော်မြို့ သံဝင်းစောင့် စစ်ဘာရီ အမှုထမ်းခေါင်းထောက်လက်သည်
–ကဆင်ဆင် ထွက်ဆိုချက်။

၂၅။ ။ အရေးပိုင် ကူပါသည် ကျွန်တော်ကို မှုပြစ်ရှာ၍ ခြေနှင့်ကျောက်ကန်၊ လက်သီးနှင့် ထိုးသတ်၊ အတန်တန် ဝှေဒဏ်တပ်ရိုက်၊ အလွန်ရှက်လှသောကြောင့် ကူပါကို သေနတ်နှင့် ပစ်သတ်၊ နောက် တို့ပင့်ချဲ့ထွင် ပြုလုပ်သူ အမှုထမ်းခေါင်းကြီးကို ပစ်သတ်၊ နောက် အမှုထမ်းခေါင်းကြီးနှင့် ကျွန်တော်တို့အကြား ကုန်းတိုက်ပြောဆိုသူ အမှုထမ်း ထိပုလိုင်ကို ပစ်သတ်ကြောင်း၊ သေနတ်နှင့် ပစ်သတ်ရန် မည်သူကမျှ သို့ပင် စေခိုင်း မရှိကြောင်း။

---

## ၃၄၅ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ ဗန်းမော်မြို့ အရေးပိုင်ကို သတ်သူ ကဆင်ဆင်ကို စုံညီမေးမြန်း ပြီးပြေရှိ၍ မည်သည့်နေ့ရက် အလို ရှိကြောင်းကို စာရောက်ကာလ ပေးအပ်မည့်အကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကဆင်ဆင်မှုနှင့် မေးရန် ရန်ကုန်သို့ ခေါ်ယူမည်၊ ဗန်းမော်မြို့က အရေးပိုင်နှင့် အတူပါသူ ၎င်းမြို့ မင်းကျောင်းကုန်းရပ်နေ ငထယ်၊ ငကြီးတို့ကို ကဆင်ဆင်အမှုနှင့် စပ်လျဉ်း၍ အမှုရှိသည်မှန်လျှင် ကဆင်ဆင်နှင့် စုံညီမေးမြန်းရန် စေလွှတ်သူနှင့်အတူ ထည့်အပ်လိုက်မည့် အကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[၂]။

ငထယ်၊ ငကြီးတို့ကို မေးချက်။

၃။ ။ သေနတ်သံကြား၍ ကျွန်တော်တို့ ထမင်းချက်ဖိုက အိမ်ပေါ်သို့တက်ရာ လှေကားတွင် –ကဆင်ဆင်ကို သေနတ်နှင့် တွေ့ကြောင်း၊ အရေးပိုင်မင်းတွင် သွေးစီးသွေးယိုနှင့် တွေ့မြင်ကြည့်ရှု၊ နောက်မကြာမီ သေဆုံးကြောင်း၊ ကဆင်ဆင် အိမ်ထက်သို့ တက်သွားစဉ် သေနတ်ပစ်ဖောက်သည့်အခါ မမြင်ကြောင်း၊ ခေါင်းအကြီး ၁၊ အမှုထမ်း ၁ လည်း သေနတ်ထိခိုက် သေဆုံးကြောင်း၊ ကဆင်ဆင်နှင့် အရေးပိုင် မဖြစ်ပွားမီ မည်သို့ဖြစ်သည် မသိကြောင်း၊ ကဆင်ဆင်ကလည်း သူ ပစ်သတ်သည် ဖြောင့်ဆိုကြောင်း၊ အခြားထူးထွေ မသိကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ငထယ်၊ ငကြီးတို့ကို မေးမြန်းပြီးပြေရှိ၍ ၎င်းတို့ ထွက်ဆို လက်မှတ်ရေးထိုးစာများကို ပို့လိုက်ကြောင်း၊ ကဆင်ဆင်ကိုလည်း ပို့အပ်လာစေကြောင်း။

၁၂၄၀၊ နယုန်လဆန်း ၁၂ ရက်နေ့။

၁၈၇၈ ခု၊ ဇွန်လ ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ သရက်မြို့ ကျောက်တိုင်ရွာ ငမိတ်အိမ်တွင် တိုက်ခိုက်သည့် ဓားပြ ၅ အနက် ငထွန်းအောင်နှင့်ညီ ငလှူတို့ နိုင်ငံတော် တိုင်တားမြို့ ကတဲရွာတွင် ခိုဝင်ရှိနေကြောင်း သိရ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်း။

---

၁။ ၆ ဩဂုတ် ၁၈၇၈ ၂။ ၁၁ ဩဂုတ် ၁၈၇၈

၁၂၃၀၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အင်္ဂလိပ်ပိုင် မြို့ရွာတွင် တိုက်ခိုက်ထွက်ပြေးလာသူ ဓားပြ ငထွန်းအောင်၊ ငလူတို့ တိုင်တားမြို့၊ ကတဲရွာတွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည် မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၃၀၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၇။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက် ထွက်ပြေးလာသည့် ဓားပြ ငထွန်းအောင်၊ ငလူတို့ ဝန်စုပါ ကတဲရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း။

၁၂၃၀၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[2]။

တိုင်တားမြို့ ကတဲရွာနေ ငထွန်းအောင်၊ ငလူတို့ ထွက်ချက်။

၈။ ။ စာဇင် ငရွှေသား၊ ငမိတ်သမက် ငစံဝေတို့က ငမိတ်အိမ်ကို ကျွန်တော်က တိုက်ခိုက်သည် မင်းတပ်မြို့ အစိုးရင် မြို့စာရေးတို့ထံ အတန်တန် မမှန်စွပ်လျှပ် စွဲဆိုတိုင်တန်းရှိ၍ ရှင်းလင်းကြရာ နေရာကျ မရှင်း လင်းနိုင်ကြောင်း။ ကျွန်တော်တို့က ဆုံးခန်းရောက် ရှင်းမည်ရှိရာ နောက်မှ ရှင်းလင်းပါမည်၊ စာချုပ် နေ့ရက် ကျူးလွန်လျှင် စွဲသည့်ပြစ်ဒဏ် ပလပ်၍ စရိတ်ကိုပေးပါမည် သဘောတူစာချုပ်ဆိုကြပြီးနောက် နေ့ရက်ကျူးလွန် မရှင်းမလင်းနိုင်၍ စရိတ်ငွေပေးလျော် ရရှိပြီးပြတ်ပြီး ဖြစ်ကြောင်း။ ငမိတ်နေအိမ်ကို တိုက်ခိုက်သည့်နေ့ ကတဲရွာတွင် ရှိသည်ကို သက်သေပြနိုင်ကြောင်း၊ ငမိတ်တို့နှင့်လည်း စုံညီရှင်းလင်း ဝံ့ကြောင်း။

၁၂၃၀၊ ဝါခေါင်လဆန်း ၆ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ဓားပြ ငထွန်းအောင်၊ ငလူတို့ကို မေးရာ အထက် (၈) မှတ်ပါအတိုင်း ထွက်ဆိုရှိ၍ ၎င်းထွက်ဆိုချက်ကို ပေးပို့လိုက်ကြောင်း။

၁၂၃၀၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ငထွန်းအောင်တို့ကို အမှုသည်၊ သက်သေတို့နှင့် စုံညီမေးမြန်းရာ ငမိတ်ကသာ ၎င်းတို့ တိုက်ခိုက်သည် ထွက်ဆိုရှိ၍၊ ငမိတ်သမက် ငစံဝေနှင့် ငစု၊ စာဇင် ငရွှေသား၊ အမှုထမ်း ဘောနက်တို့က ငမိတ်ပြောလျှင်သာ ကြားရကြောင်း။ ငထွန်းအောင်ဆိုသူ ယခုအမှုမဖြစ်မီ မင်းတုန်းမြို့ ကတင်စောက်ရွာနေ မိမွေးနီ၊ မိထွေး တို့ကို လုံနှင့်ထိုးသတ် ထွက်ပြေးသူဖြစ်ကြောင်း ထွက်ချက်အရ ငထွန်းအောင်ကလည်း ဖြောင့်ဆိုသည် တစ်ကြောင်း၊ တိုက်ရာပါအနက် ငွေ ၁၀ဝိ ပေးလျော်ပါမည် ဖြတ်စာသားနား၍ ငမိတ်တို့နှင့် လက်ဖက် လှမ်းစားရှိသည် တစ်ကြောင်းများကြောင့် မိမွေးနီ၊ မိထွေးတို့ကို လုံနှင့်ထိုးသတ်သူ ငထွန်းအောင်ကို စာပေးတောင်းဆိုကာလ ပေးအပ်မည့်အကြောင်း။

၁၂၃၀၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၁။ ။ ဓားပြ ငထွန်းအောင်ကို တပို့တွဲလဆန်း ၂ ရက်နေ့ စုန်သင်္ဘောတွင် တင်ပို့နိုင်အောင် ဆင့်ဆိုပေးအပ်မည့် အကြောင်း။

၁၂၃၀၊ တပို့တွဲလဆန်း ၂ ရက်နေ့[4]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ငထွန်းအောင်ကို ပို့အပ်လာစေကြောင်း။

---

၁။ ၁၉ ဇွန် ၁၈၇၀ ၂။ ၂၄ ဇူလိုင် ၁၈၇၀ ၃။ ၃ ဩဂုတ် ၁၈၇၀ ၄။ ၂၃ ဇန်နဝါရီ ၁၈၇၉

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ရန်ကုန်မြို့တွင် လုပ်ဆောင်စေသည့် မီးစက်တင်ရထား ၁ လျှင် အဖိုးမည်မျှ၊ လူစီးကုန်တင်ရထား ၁ လျှင် အဖိုးမည်မျှနှင့် အင်္ဂလိပ် တစ်မိုင်လျှင် မီးရထားလမ်းလုပ်စရိတ် မည်မျှ ကုန်ဝင်စာရင်းကို ရလိုကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့။

၁၈၇၈ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ မြင်းခြံအရပ်တွင် သဘော်ာမာလိန်နှင့် ခရာသီတို့ ဖြစ်ပွားမှု လွှတ်တော်ကောက်ချက်ကို ဆင်ခြင်လို၍ ပေးပို့မည့်အကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ဗန်းမော်မြို့သွား တာပင်ခေါ် သဘော်ာမာလိန်ကို ခရာသီ ၁၇ တို့ ဝန်းဝိုင်း လက်ရောက်ကျူးလွန်သည့်အရာ မှန်ကြောင်း စစ်မေးသိသာ၍ သိမြင်သူတို့ ကြောက်ရွံ့အောင် ခရာသီတို့ကို မောင်းကြော် ရာဇဝတ်ဒဏ် စီရင်မည်ရှိရာ သဘော်ာကိုယ်စားလှယ် အန္တြီနော တောင်းပန်ချက်အရ လွှတ်ငြိမ်းချမ်းသာစေကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၈ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ ပုသိမ်မြို့ ကျားကိုက်ချောင်းတွင် တိုက်ခိုက်သည့် ဓားပြအနက် ဗိုလ်ပြုလုပ် တိုက်ခိုက်သူ ငရွှေနု၊ ညီ ငလူမောင်တို့ နိုင်ငံတော် မင်းလှမြို့တွင် ခိုဝင်ရှိနေကြောင်း သိရ၍ ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့် အကြောင်း၊ ၎င်းတို့ အကြောင်းအရာ မြန်မာပြန်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့။

ငရွှေနု၊ ငလူမောင်တို့ အကြောင်းအရာ ဘာသာရေး မြန်မာပြန်ဆိုချက်။

၁၇။ ။ ပုသိမ်မြို့ ကျောင်းကုန်းရွာအနီး မွေးဖွားသူ၊ အဘ ငလှပေါ်၊ ၎င်းမြို့ ယိုးဒယားကုန်းရွာ တိုက်ခိုက်မှုနှင့် ထောင် ၅ နှစ် စီရင်ရာ ထွက်ပြေး၊ ထပ်မံရမိ၍ တစ်ကျွန်းပို့ဒဏ်စီရင်၊ နှစ် လ စေ့၍ ပြန်လာရာ ကန်ကြီးထောင့်ရွာ စီရင်စုတွင် တိုက်ခိုက်မှုနှင့် ထောင်ဒဏ် ၆ နှစ် စီရင်၊ အယူခံ၍ လွှတ်ငြိမ်းနောက် ရာဇဝတ်မှုနှင့် ထောင်ဒဏ် ၁ နှစ် ခံရရာ အစောင့်လူကို ရိုက်မှုနှင့် ၆ လ ထပ်မံကျခံ၊ ၎င်းမှ လွတ်နောက်၊ ညီနှင့်အတူ ပေါင်တိုချောင်းရွာ၊ ကျားကိုက်ချောင်းရွာများကို တိုက်ခိုက်ရာတွင်ပါ။ ငရွှေနု အသက် ၃၉၊ ၎င်းညီ ငလူမောင် အသက် ၁၅ နှစ်က ကျွဲခိုးမှုနှင့် ထောင်ဒဏ် ၂ နှစ် စီရင်ခံရသူ၊ ၎င်းညီအစ်ကို ၂ ယောက် မြန်မာနယ် မင်းလှမြို့တွင် နေ။

၁၂၄၀၊ တော်သလင်းလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ဓားပြဗိုလ် ငရွှေနု၊ ငလူမောင် ဆိုသူတို့ မင်းလှမြို့တွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး အကျဉ်းပို့အပ်ရမည် မလွန် ၄ မြို့ဝန် စစ်ကဲတို့သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၆ ရက်နေ့[၃]။

မလွန် ၄ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ မှာစာ။

၁၉။ ။ ဓားပြ ငရွှေနု၊ ငလူမောင်တို့ မင်းလှမြို့တွင် ခိုဝင်ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့လာစေရမည့် အကြောင်း။

---

၁။ ၁၃ ဩဂုတ် ၁၈၇၈ ၂။ ၂၀ ဩဂုတ် ၁၈၇၈ ၃။ ၁ စက်တင်ဘာ ၁၈၇၈

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၈ ခု၊ နိဝင်ဘာလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ စားပြဗိုလ် ငရွှေနှ၊ ငလူမောင်တို့ကို ဖမ်းဆီး၍ ရ မရကို စာပြန်ပါမည့် အကြောင်း။

၁၂၄၀။

မလွန် ၄ မြို့ဝန်က လျှောက်စာ။

၂၁။ ။ စားပြ ငရွှေနှနှင့် ညီငလူမောင်တို့ အကြောင်းအရာ ဆင့်စာမရောက်မီ ဆင်ပေါင်ဝဲကျေးရွာတွင် ငလူမောင် တိုက်ခိုက်၊ ကျေးရွာက ခုခံပစ်ခတ် သေဆုံးကြောင်း၊ ငရွှေနှလည်း မင်းလှမြို့ ကျေးရွာတွင် မရှိမနေ၍ မတင် မပို့နိုင်ပါကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ စားပြဗိုလ် ငရွှေနှတို့ အကြောင်းအရာကို မလွန် ၄ မြို့ဝန်က အထက် (၂၁) မှတ်ပါအတိုင်း လျှောက်ထား ရှိကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၃ ရက်နေ့[၂]။

မလွန် ၄ မြို့ဝန်က လျှောက်စာ။

၂၃။ ။ စားပြဗိုလ် ငရွှေနှ ဆိုသူကို ယခု ဖမ်းဆီးရမိ၍ အကျဉ်းတင်ပို့ပါကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၃ ရက်နေ့[၂]။

စားပြဗိုလ် ငရွှေနှ မေးချက်။

၂၄။ ။ ပုသိမ်မြို့ စမွယ်ရုံရွာတွင် မွေးဖွားသူ။ ရာဇဝတ်အုပ် အလုပ်နှင့် ထမ်းရွက်စဉ် ငါးသိုင်းချောင်းရွာတွင် စားပြတိုက်ခိုက်မှုကို မသိ၍ ထောင်ဒဏ်စီရင်၊ အယူခံ၍လွတ်၊ အရာကနုတ်၍ ရောင်းဝယ်စားသောက်နေရာ ခိုးမှုနှင့် ချုပ်ထားရာမှ ထွက်ပြေးသူ ညီ ငမောင်ကို လက်ခံသူဆို၍ ဖမ်းဆီးရာ မယားပါ ထွက်ပြေးခဲ့၍ မင်းလှတွင် နေထိုင်ကြောင်း။ ကျားကိုက်ချောင်း၊ ပေါင်တိုချောင်းရွာများတွင် တိုက်ခိုက်မှုနှင့် ထောင်ဒဏ်၊ တစ်ကျွန်းပို့ဒဏ် မခံရဖူးကြောင်း၊ မင်းလှတွင် အထင်အရှား နေထိုင်ကြောင်း၊ အချို့က ငမောင်မှာ ဆင်ပေါင်ဝဲရွာတွင် စားပြ ပြုလုပ်တိုက်ရာ သေဆုံးကြောင်း၊ အချို့က အောက်ပြည်ကျေးရွာတွင် ရောဂါ နှင့် သေဆုံးကြောင်းကို ပြောဆိုကြားသိရကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၉ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၅။ ။ စားပြ ငရွှေနှကို မေးရာ၊ အထက် (၂၄) မှတ်ပါအတိုင်း ထွက်ဆိုရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၅ ရက်နေ့။

၁၈၇၈ ခု၊ ဩဂုတ်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၆။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဒိုဘီကုလား ၂ ယောက်ကို ထောင်မှူးက အကျဉ်းအချုပ်ထားကြောင်း၊ အစောင့်လူ တို့က ငွေတောင်းယူကြောင်း လျှောက်ထားရှိ၍ မေးမြန်း စာပြန်ပါမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၄ ရက်နေ့။

ဒိုဘီကုလား ၂ ယောက်ကို ဖမ်းဆီးသူ

ပုလဲငွေရောင်ရပ် ကင်းအမှုထမ်း ငကျုတ်၊ ငရန်ငြိမ်းတို့ ထွက်ချက်။

၂၇။ ။ ဒိုလာစံဘီ၊ လာမစံဘီ ဆိုသူ ကုလား ၂ တို့ ညဥ့် ၂ ချက်တီးကျော်အချိန် မတူတယူ လာရောက်ရှိ၍

---

၁။ ၂၁ နိဝင်ဘာ ၁၈၇၈ ၂။ ၂၅ ဒီဇင်ဘာ ၁၈၇၈ ၃။ ၃၁ ဒီဇင်ဘာ ၁၈၇၈

ဖမ်းဆီးမေးမြန်းရာ အရေးပိုင်က မြို့လှည့်စေခိုင်း၍ ပြန်လာကြောင်း ပြောဆိုသောကြောင့် ဖမ်းဆီးပို့အပ်ကြောင်း။

---

## ၃၄၆ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တော်သလင်းလဆန်း ၆ ရက်နေ့။

ဒိုဘီကုလား ၂ တို့ ထွက်ဆိုချက်။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချ၊ ဓားတန်းရပ်တွင်နေ၊ ခဝါ အလုပ်လုပ်၊ ယခုလဆန်း ၄ ရက်နေ့ည ရေနံချောင်း ၄ မြို့ဝန်ဟောင်းအိမ်တွင် သူခိုးခိုး၍ အရပ်နေလူတို့ ဝန်းဝိုင်းဖမ်းဆီးရာ ကျွန်တော်တို့လည်း ဝန်းဝိုင်းဖမ်းဆီးရမိ၍ အရပ်အုပ်အိမ်သို့ လိုက်ပို့ပြန်လာရာ ကင်းတော်က ဖမ်းဆီး၊ ထောင်မှူးအိမ်သို့ ပို့အပ် အချုပ်ခံရကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၆ ရက်နေ့။

ဒိုင်းခေါင်း ငကြယ် ထွက်ဆိုချက်။

၂။ ။ ရေနံချောင်း ၄ မြို့ဝန်ဟောင်းအိမ်တွင် ခိုးယူသည့် သူခိုးကို ကျွန်တော်တို့ပါ သွားရောက်၊ အရပ်နေလူတို့နှင့် ဝန်းဝိုင်းဖမ်းဆီး၊ အရပ်အုပ်အိမ်သို့ ပို့အပ်ရာ ၎င်းကုလား ၂ တို့ လိုက်ပါသည်ကို ကျွန်တော်နှင့်ပါသူ အမှုထမ်းတို့ မြင်ကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဒိုင်းခေါင်း မောင်ကြယ် ထွက်ချက်နှင့် ဒိုဘီကုလား ၂ တို့ လူကောင်းလက္ခဏာ သိသာ၍ ၎င်းတို့ကို အပြစ် ကင်းလွတ်စေကြောင်း၊ နောင် သည်ကဲ့သို့ အချိန်မတော် မသွားမလာရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၇ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ ရာဝတီကုမ္ပဏီ မီးသင်္ဘော ကပ္ပိတန် မစ္စတာဒွပိုင်းကို ကင်းတော်သားတို့က လမ်းကို ကျော်နင်းသည်ဆို၍ ဖမ်းဆီး၊ ထိတ်အကျဉ်း ခတ်ထားကြောင်း၊ ကြေးငွေ တောင်းခံကြောင်း သိရ၍ မေးမြန်း စာပြန်မည့် အကြောင်း၊ ၎င်းအတိုင်း မှန်လျှင် ထိုက်သက်ရာ စီရင်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၈ ရက်နေ့။

ရွှေမြို့တော် နောက်မျက်နှာ မြေမြို့တော်ကြီး

စံရှည်တံခါးမှူး ငပေါ်ကြွယ်နှင့် ရှေ့ဝင်းအကြပ် ငတုတ်တို့ ထွက်ချက်။

၅။ ။ အမည်မသိ ကုလား ၁၊ ဝန်ထမ်းသူ ၁ နှင့် တံခါးတော်သို့ လာရောက်၊ အများ သွားလာရာက မသွား၊ တားသည်ကိုလည်း မရ၊ မြို့ရိုးပေါ်သို့ တက်သွား၍ ခေါ်ယူချုပ်ထားမည် ရှိသည့်အတွင်း ငရွှေမောင်ဆိုသူလာရောက်၊ ၎င်းအမည်မသိ ကုလားနှင့် ဘာသာစကား ပြောဆို၊ ငရွှေမောင်က မသိ၍ သွားလာမိကြောင်း တောင်းပန်ပြောဆို၍ ပြန်သွားစေမည်ရှိရာ၊ မသွားရ တားသည်ကိုပင် ရှက်သည်ဆို၍ မပြန်မသွားသောကြောင့် ရုံးတော်သို့ ပို့မည်ခေါ်လာရာ သံတဲဝင်းသို့ ဝင်ပြေးရှိ၍ တံခါးလက်ကိုင် စာရေးတော်ထံ တိုင်တန်းကြောင်း၊ ၎င်းကို ထိတ်အကျဉ်းမခတ်၊ ကြေးငွေ မတောင်းမယူကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၉ ရက်နေ့။

ကုလား ငရွှေမောင် ထွက်ဆိုချက်။

၆။ ။ ကင်းတော်က ကပ္ပိတန် ဆိုသူကို ခေါ်သွားကာလ၊ ကပ္ပိတန်က ကျွန်တော်ကို သင်္ဘောစက်ဆရာ မစဘိန်းထံ

စာပို့ပေးပါ ပြောဆိုစေခိုင်း၍ ပေးပို့ကြောင်း၊ မစဘိန်း လာရောက်ကာလ မည်သည်ကို ပြောသည် ကြားသော်လည်း မသိ၊ မစဘိန်းထံ ကျွန်တော် မသွားမီ ကပ္ပိတန်ဆိုသူ ကင်းတော် ထိတ်တုံးအနီး မတ်ရပ်နေသည်ကို မြင်ကြောင်း၊ ပြန်လာကာလ ထိတ်တုံးပေါက်တွင် ခြေနင်းနှင့်တကွ ခြေဖျားလျှိုလျက် နေသည်ကို မြင်ကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ သဘော်ကပ္ပိတန်ဆိုသူ မြို့ရိုးတော်သို့ ကျော်နင်းသည်မှန်လျှင် ရာဇဝတ်တော်ကြီး ၆ ရပ်တွင် ပါဝင်သည့် အမှုဖြစ်၍ ကပ္ပိတန်ကပင် မြို့ရိုးတော်ကို ကျော်နင်းသည်ဖြစ်မည်၊ တံခါးတော်စောင့်တို့ကပင် အကြောင်းမဲ့ ထိတ်အကျဉ်းခတ်ထားသည် ဖြစ်မည်များကို စုံညီတိုက်ဆိုင် စစ်မေး စီရင်သင့်ရာ စီရင်မည်ဖြစ်၍ ကပ္ပိတန်ကို လွှတ်တော်သို့ ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၉ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ရောဝတီကုမ္ပဏီ မီးသဘော် ကပ္ပိတန်ကို ဖမ်းဆီးချုပ်နှောင်မှု၊ ဒိုဘီကုလား ၂ ကို ဖမ်းဆီးချုပ်နှောင် ကြေးငွေတောင်းယူမှုများအတွက် အင်္ဂလိပ် အစိုးရမင်းတို့က နာကြည်းသည်ဖြစ်၍ ပြေအေးအောင် ဒိုဘီ ၂ ကို ထိတ်အကျဉ်းခတ်သူတို့ကို အရေးပိုင်မင်းရှေ့ လာရောက် တောင်းပန်စေပြီးလျှင် ငွေ ၅ လျော်စေ ဒဏ်၊ ကပ္ပိတန်ကို ထိတ်အကျဉ်းခတ်သူတို့ကိုလည်း ထိတ်အကျဉ်းခတ်ဒဏ်၊ သို့မဟုတ် မောင်းကြော် ရာဇဝတ်ဒဏ် စီရင်ပြီးနောက် အရေးပိုင်မင်းရှေ့၊ သဘော်ကိုယ်စားလှယ်ရှေ့ လာရောက်တောင်းပန် စေမည့် အကြောင်း၊ သည်ကဲ့သို့ မစီရင်လျှင် မဟာမိတ် လက္ခဏာနှင့်မညီ ရှိမည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ညအချိန်မဲ့အခါ မီးအိမ် မီးပွင့်မပါ သွားလာသူတို့ကို ဖမ်းဆီးရန် ဥပဒေအတိုင်း ဒိုဘီ ၂ ကို ဖမ်းဆီးသည် ဖြစ်၍ ကင်းတော် အမှုထမ်းတို့ကို ပြစ်ဒဏ်စီရင်ရန် မရှိကြောင်း၊ ဒိုဘီကုလား ၂ တို့က ကြေးငွေပေးကမ်း ရသည်မှန်လျှင် နေရာကျ စီရင်မည်ဖြစ်၍ ဒိုဘီ ၂ တို့ကို လွှတ်တော်သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ သဘော် ကပ္ပိတန်ကို ကျူးလွန်စော်ကားမှုကို နားထောင်ရန် တရားမ အရေးပိုင်ကို လွှတ်လိုကြောင်း၊ ၎င်းအရေးပိုင်ကို အင်္ဂလိပ် ထုံးစံမပျက် ဂုဏ်သရေ မယုတ်ရအောင် သင့်ရာ နေရာဌာန တစ်ခုခုမှာ အမှုကို မေးမြန်းဖြစ်မည်၊ မမေးမြန်းဖြစ်မည်များကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကပ္ပိတန် အမှုကို သင့်ရာနေရာဌာနတွင် စစ်မေးမေးမြန်းမည် ဖြစ်၍ တရားမ အရေးပိုင်နှင့် ကပ္ပိတန် တို့ကို ယခု လဆုတ် ၁ ရက်နေ့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[2]။

မှတ်တော်မူချက်။

၁၂။ ။ ဒိုဘီကုလား ၂ ကို ညအခါ အချိန်မဲ့ မီးအိမ် မီးပွင့် မပါ သွားလာတွေ့မိ၍ ချုပ်ထားရုံမက ကြေးငွေ

---

၁။ ၈ စက်တင်ဘာ ၁၈၇၈    ၂။ ၂ နိုဝင်ဘာ ၁၈၇၈

တောင်းယူနှိပ်စက်ကြောင်း သိသာသည်ဖြစ်၍ တောင်းယူငွေ ၂ ဆဒဏ် ဒိုဘီတို့သို့ ပေးစေ၍၊ တန်းခေါင်း ငရဲကျော်ကို ရာဇဒဏ် ၁၀ ချက်ရိုက်၍ ခံဝန်သူနှင့် လွှတ်စေ ရှေ့ရုံးသို့ ဆင့်ဆိုရမည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်ကို ပေးစာ။

၁၃။ ။ ဒိုဘီ ၂ တို့ကို ကြေးငွေတောင်းယူကြောင်း သိသာသူ တန်းခေါင်း ငရဲကျော်ကို တောင်းယူငွေ ၂ ဆ ပြန်ပေးစေ၍၊ ရာဇဒဏ် ၁၀ ချက် ရိုက်၍ ခံဝန်သူနှင့် လွှတ်ရမည် ရှေ့ရုံးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

မှတ်တော်မူချက်။

၁၄။ ။ စံရှည် တံခါးမိုလ် ငပေါကြွယ်သည် သဘော်ကပ္ပိတန်ကို အကြောင်းမဲ့ နှိပ်စက် ထိတ်အကျဉ်းခတ်ထား မပြုမလုပ်ကြောင်း ထွက်ဆိုသော်လည်း အပြစ်ကို ကြောက်ရွံ့၍သာ ကွယ်ဆိုသည် ယူရန်ရှိသည်ဖြစ်၍ နောင်မပြုမလုပ်ဝံ့ ကြောက်ရွံ့အောင် တံခါးမိုလ် တံခါးမှူးတို့ စုံညီ တံခါးမိုလ်အရာက နုတ်၍ တန်းမှာ ထားစေ ရှေ့ရုံးသို့ ဆင့်ဆိုရမည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ သဘော်ကပ္ပိတန်ကို အကြောင်းမဲ့ ထိတ်အကျဉ်းခတ်ထား ပြုလုပ်သူ စံရှည်တံခါးမိုလ် ငပေါကြွယ်ကို တံခါးမိုလ် အရာကနုတ်၍ တန်းမှာထားရမည် ရှေ့ရုံးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅(က)။ ကပ္ပိတန် အမှုနှင့် တံခါးမိုလ်ကို ပြစ်ဒဏ်စီရင်ရန်၊ ဒိုဘီ ၂ ယောက် အမှုနှင့် တန်းခေါင်း ငရဲကျော်ကို ပြစ်ဒဏ်စီရင်ရန်မှာ အထက်ပေးစာများတွင် ပါသည့်အတိုင်း ယခုလဆန်း ၁၂ ရက်နေ့ စီရင်စေမည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

မြို့ဝန်တို့က လျှောက်စာ။

၁၆။ ။ စံရှည်တံခါးမိုလ်နှင့် တန်းခေါင်းတို့ကို အထက် (၁၂) မှတ်၊ (၁၄) မှတ်ပါ မှတ်တော်မူချက်များအရ စီရင်ပြီးပြေပါကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ စံရှည်တံခါးမိုလ်နှင့် တန်းခေါင်းတို့ကို အထက်ပေးစာပါ ပြစ်ဒဏ်အတိုင်း စီရင်ကြောင်းနှင့် မြို့ဝန်တို့က လျှောက်ထားရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၁ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ရွှေမြို့တော်တွင် ဆက်လက်နေထိုင် စာသင်ကြားရန် လာရောက်သည့် အင်္ဂလိပ်သာသနာ ဆရာဂျေ၊ အက်ကိုပလက်ကို ဝန်ရှင်တော်မင်းကြီးက လက်ခံတွေ့ကြုံမည့်အကြောင်း၊ တနင်္ဂနွေနေ့ကို လုပ်၍ တွေ့ကြုံရန် ခင်ယင်နိုင်မည့် နေ့ရက်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ အင်္ဂလိပ် သာသနာ ဆရာဂျေ၊ အက်ကိုပလက်ကို ယခုလဆုတ် ၁ ရက်နေ့ တွေ့ကြုံမည့်အကြောင်း။

---

[၁]။ ၄ နိုဝင်ဘာ ၁၈၇၈

၁၂၄၀၊ တော်သလင်းလဆန်း ၁၂ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ မြန်မာ အစိုးရမင်းများထံ ပန်းပဲလုပ်ကိုင်ရတွက် ငွေရရန်ပြောရာ အကြီးအကြပ်စာရေးက သံခဲနှင့် ဖိထား နိပ်စက်ကြောင်း၊ ချုပ်နှောင်ကြောင်း အင်္ဂလိပ် ကျွန်တော်မျိုး ဂျာမန်ဆိုသူက လျှောက်ထားရှိ၍ နေရာကျ မေးမြန်းပြုလုပ် စာပြန်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ ဂျာမန်ဆိုသူ့အမှုကို မေးမြန်းသိသာမှ နေရာကျ ပြုလုပ်နိုင်မည်ဖြစ်၍ ဂျာမန်ကို လွှတ်တော်သို့ ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့။

ကိုယ်စားလှယ်လက်မှတ်ထိုးလွှဲတမ်းစာချုပ်။

၂၂။ ။ နတ်ရွာစံ ဧကရာဇ်မင်းမြတ် အမိန့်တော်အတိုင်း ကျွန်ုပ်တို့ မှူးတော် မတ်တော်တို့က ရန်ကုန်မြို့နေ ဖဲဟောဇရဝတ်သို့ စာချုပ်လက်မှတ်နှင့် ၂ ကြိမ် ပေးအပ်ရောင်းချစေသည့် ပတ္တမြားကျောက်တော်ချိန် ၁၄၀–၉ မူး–၁ ပဲကို ဖြစ်စေ၊ ထားတော်မူရင်း အဖိုး ၂၀၂၅၂ ကို ဖြစ်စေ ကျွန်ုပ်တို့ပေးအပ်ရင်း မှူးတော် မတ်တော်တို့က တောင်းခံ ပြုလုပ်နိုင်သည့်အတိုင်း ရန်ကုန်မြို့နေ ကုန်သည်ကြီး ဟာရှင်အာရစ်က ဖဲဟောဇရဝတ်ထံ တောင်းခံ ပြုလုပ်နိုင်ရန် ကျွန်ုပ်တို့ ပေးအပ်ရင်း မှူးတော် မတ်တော်တို့က သဘောတူ လက်မှတ်ရေးထိုး၍ ဟာရှင်အာရစ်ကို ကိုယ်စားလှယ် လွှဲအပ်ကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ ရန်ကုန်မြို့နေ ဖဲဟောဇရဝတ်နှင့် ပတ္တမြားကျောက်တော်မှု စကားပြောဆိုရန် မြန်မာ မှူးတော် မတ်တော် တို့က ရန်ကုန်မြို့နေ ဟာရှင်အာရစ်ကို ကိုယ်စားလှယ် လွှဲအပ်သည့်အတိုင်း ထင်ရှားအောင် ပေးပို့လိုက် သည့် ကိုယ်စားလှယ်လွှဲစာကို နေရာကျ ပြုလုပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ ကျောက်တော်မှုနှင့် ဟာရှင်အာရစ်ကို ကိုယ်စားလှယ်လွှဲသည့်အတိုင်း အရေးပိုင်မင်းက နေရာကျပြုလုပ်ပြီး ကိုယ်စားလှယ်လွှဲစာကို နတ်တော်လဆန်း ၁ ရက်ထွက် သင်္ဘောမီးအောင် ပြန်ပို့မည့်အကြောင်း။

---

## ၃၄၇ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ သားတော် ၂ ပါး သံတဲဝင်းတွင် ခိုဝင်နေထိုင်ရှိ၍ ၎င်းတို့ကို ဘေးရန်မရှိ လုံခြုံ၊ မဖြစ်သင့်သည့်အရာ မဖြစ်ရအောင် အစောင့်အရန်လူ ပိုမိုထားသင့်သည်ထင်၍ ထားလျှင် သဘောတူမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ကြောက်လန့်ထွက်သွားသည့် သားတော် ၂ ပါးကို မဟာမိတ် လက္ခဏာနှင့်အညီ သိမ်းပိုက်ထားသည်ကို

---

၁။ ၂၂ နိုဝင်ဘာ ၁၈၇၈

ဝမ်းမြောက်ကြောင်း၊ သားတော် ၂ ပါးကို အများသားတော်တို့နည်း အတွင်းတော်သို့ ဝင်ထွက် စောင်မခံစေရန် အတင့်အတယ် အကြိုအယူလာသည့်အခါ အရေးပိုင်မင်းက နေရာကျ ပြောဆို၍ နန်းတော်သို့ ဝင်ရောက်လာစေမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ညောင်ရမ်းစား၊ ညောင်အုပ်စားတို့ကို အမိန့်တော်မြတ်နှင့်ခေါ်ရာ တိမ်းရှောင်ထွက်သွားသည် တစ်ကြိမ်၊ နောက် အရေးပိုင်မင်းထံ ရှိနေသည်ကို သိတော်မူ၍ ခေါ်တော်မူပြန်ရာ မလိုက်မလာသည် တစ်ကြိမ်၊ သို့ အကြိမ်ကြိမ် ငြင်းဆန်ကျူးလွန် ကြီးစွာသော ရာဇဝတ်ပြစ်ဒဏ်ရှိသူ သားတော်တို့ကို အရေးပိုင်မင်း လက်ခံသည့်အရာသည် အသက်ဘေးကြောင့် ခိုဝင်လာသူကို ကယ်ဆယ်မြဲထုံးစံရှိသည် ဆိုသော်လည်း မင်းသား ၂ ပါးကို အသက်ဘေးမဖြစ်အောင် ခွင့်ပေးနိုင်ကြောင်း၊ သည်ကဲ့သို့ အခွင့်ပေးနိုင်သည်ကို ယုံကြည်စိတ်ချပြီးလျှင် မဟာမိတ်ဖြစ်သည့်အတိုင်း မင်းသား ၂ ပါးကို ပေးအပ်သင့်ကြောင်း၊ မပေး မအပ်၍ နိုင်ငံရေးရာမှ တစ်စုံတစ်ရာပေါ်လျှင် လက်ခံသူ့တာဝန် အမှန်ဖြစ်၍ ၎င်းအချက်များကို စဉ်းစား ဆင်ခြင်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မင်းသား ၂ ပါးတို့က ပြန်ရန် သဘောတူလျှင်တူချင်း ပြန်အပ်မည့်အကြောင်း၊ အလံတော်အောက် ဝင်လာသူတို့ကို နှင်ထုတ်လျှင် အလံတော် ကျူးလွန်ခြင်းကို အခြားတိုင်းနိုင်ငံ တကာထက် အင်္ဂလန်တိုင်းနိုင်ငံကြီးက အထူးအလေးဂရုပြု၍ ရှိသောကြောင့် အရေးပိုင်မင်းကို အစိုးရကြီးများက ပြင်းစွာ အမျက်ထွက်ရန်ရှိကြောင်း၊ မင်းသား ၂ ပါးကို အတင်းအကျပ် မပြုနိုင်ကြောင်း၊ မင်းသား ၂ ပါးတို့ အလျောက် ခိုဝင်လာသည်ဖြစ်၍ အလျောက်မသွားသမျှ မထားမနေရ ထားရသည့်အရာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤကိစ္စအတွက် မည်သို့ပြုလုပ်လျှင် သင့်မည် အရေးပိုင်မင်းနှင့် တိုင်ပင်ရန်သာ ရှိကြောင်း။ မည်သူ ထီးနန်းရိုက်ရာ ခံစေရန်ကိုလည်း အင်္ဂလိပ် အစိုးရတို့က အရေးပြုခြင်း မရှိဘဲ ဆက်ခံ စိုးစံသူကိုသာ မေတ္တာပို့သမည် ဖြစ်ကြောင်း၊ မွေနှောက်သည့်ရေကို ကြည်လင်ရန် ဆိုင်းငံ့ရသကဲ့သို့ ဆိုင်းငံ့၍ မင်းသားတို့ စိုးရိမ်မရှိရဘဲ နန်းတော်သို့ဝင်ရန်ကို မည်သို့ပြုသင့်သည် တိုင်ပင်လျှင် ဝမ်းမြောက်ကြောင်း။ အစောင့်အနေ လူ တိုးတက်ပေးလျှင် ယခုနေရာမှာလည်း စိုးရိမ်ဖွယ်ကင်းအောင် လုံခြုံနိုင်ကြောင်း၊ မင်းသားတို့ကို မကောင်းနည်းပြု မကောင်းနည်းပေးလူတို့နှင့် အစပ်အယှက် အထွက်အဝင်မရှိ စိုးရိမ်ကင်းရအောင် စောင့်ရှောက်ရှိကြောင်း၊ သို့ ထိန်းသိမ်းထားကြောင်း အများသိထင်အောင် ကြော်ငြာစေလိုလျှင် ကြော်ငြာမည့် အကြောင်း၊ သို့ကြော်ငြာလျှင် မဟာမိတ်နှင့်အညီ ပြုလုပ်သည် အများလူတို့လည်း ယုံကြည်၊ မင်းသားများလည်း စိတ်အေးကြည်လင်ရှိ၍ အရေးပိုင်မင်းအလို၊ ဝန်ရှင်တော်မင်းကြီးအလို ပြည့်စုံရှိမည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့။

ဆင်ဖြူမရှင် မိဖုရားထံ ညောင်ရမ်းမင်းသားက တင်လွှာ။

၅။ ။ အသက်ဘေးကိုကြောက်၍ အင်္ဂလိပ် အလံတော်အောက်သို့ ခိုဝင်မိကြောင်း၊ ယခု ခမည်းတော် ရှိတော်မူလျှင် ပြန်လည်လိုပါ၍ မှူးမတ်တို့လက်တွင် တိမ်းယိမ်းမရှိရအောင် ကယ်ဆယ်တော်မူပါမည့်အကြောင်း။

ဆင်ဖြူမရှင် မိဖုရား အမိန့်။

(က) ဘုန်းတော်ကြီးဘုရား ရှိတော်မူသည်၊ အခွင့်ပေးတော်မူသည်၊ ထားထားကို ယုံကြည်စိတ်ချ၍ အမြန် ပြန်ခဲ့ရမည်။

ညောင်ရမ်းမင်းသားက မယ်တော်ထံ တင်လွှာ။

၆။ ။ ဘုန်းတော်ကြီးလှသောဘုရား မရှိလျှင် အင်္ဂလိပ်မင်းများထံ အသက်မွေးမည် အကြံရှိပါကြောင်း၊ ရှိတော်မူလျှင် အပါးတော်တွင် နေထိုင်မည် ကြံစည်ရှိပါကြောင်း။

မယ်တော် အမိန့်။

(က) ဘုန်းတော်ကြီးလှသောဘုရား ရှိတော်မူသည် အမှန်ဖြစ်၍ အမေ ပြောသည်ကို ယုံကြည်၍ အပြစ်မဖြစ်ရ ပြန်လာရမည်။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ဆင်ဖြူမရှင် အသျှင်မိဖုရားကြီးထံ မင်းသား ၂ ပါးတို့ တင်လျှောက်ချက်အရ အသျှင်မိဖုရားကြီးက သံတော်ဦးတင်ရာ၊ ခေါ်စေ အမိန့်တော်မြတ်ရင်းနှင့်အညီ ခေါ်သည်ကို မလိုက်မလာ ငြင်းဆန်၊ ရာဇဝတ်ပြစ်ဒဏ် မကင်းသူများဖြစ်၍ အရေးပိုင်မင်းက အမိန့်တော်မြတ်ကို ယုံကြည်စိတ်ချပြီးလျှင် မဟာမိတ်ဖြစ်သည့်အရ ပေးအပ်မည့်အကြောင်း။ တိုင်းပြည်နိုင်ငံ၏ ဆူးငြောင့်သဖွယ် ရာဇဝတ်မကင်းသူကို ထိန်းထားလျှင် ထိန်းထားသူ တာဝန်ဖြစ်ကြောင်း၊ မဟာမိတ် ဖြစ်သည့်အရ ၂ ဦး မငြိုငြင်ရအောင် သဘောညဏ်ကြီးသူ ဖြစ်သည့်အတိုင်း ရှေ့ရေးနောက်ရေးကို စဉ်းစား၍ မင်းသား ၂ ပါးကို ပေးအပ်လိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ သားတော်တို့အနက် သားတော် သီပေါမြို့စားမင်း သုသီရိမဟာဓမ္မရာဇာသည် နန်းရိုးနန်းနွယ်အစစ်ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် သုံးကြိမ်တိုင်တိုင် ပထမပြန်ဆို၍ သုံးကြိမ်တိုင် သာသနာတော်ကို ထမ်းဆောင်နိုင်ခြင်း စသော ဂုဏ်ထူးဝိသေသရှိသည့် သားတော်ဖြစ်၍ အိမ်ရှေ့မင်းတို့ တင့်တယ်ခြင်း ဆင်မြင်းအလုံးအရင်း ဗိုလ်ပါအပေါင်း ခြံရံလျက် အိမ်ရှေ့ဥပရာဇာအဖြစ် ယခု လပြည့်ကျော် ၉ ရက်နေ့ ဆောက်နန်းတော်မူကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ ၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၈ ရက် နေ့စွဲနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာကိုရ၍ အထူးကောင်းမွန်စွာ ဆင်ခြင်ကြောင်း။ မင်းသားနှစ်ပါး ကောင်းမွန်စွာ ပြန်သွားရန် ယခုတိုင် စိတ်လက်မချ ရှိရသည်ကို အရေးပိုင်မင်း အားလျော့ကြောင်း။ မင်းသားတို့ကို အင်္ဂလိပ် အစိုးရ၊ မြန်မာ အစိုးရ ၂ ဦး တစ်ဦးဦးက အတင်းမပြုလုပ်နိုင်ကြောင်းကို အထက်က စာပေးပြီးဖြစ်ကြောင်း။ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် ရှေ့ရေးနောက်ရေးကို ဆင်ခြင်မည့်အကြောင်းနှင့် ပါသည့်အရ ဆင်ခြင်ကြောင်း။ အရေးပိုင်မင်း ပေးကပေးစာအရပ်ရပ်ကို ဆင်ခြင်လျှင် နှစ်ဖက်ငြိုငြင်ရန် မရှိမည်ကို သိသာမည် ယုံကြည်ကြောင်း။ ဝန်ရှင်တော်မင်းကြီးများ နှလုံးရည်နှင့် အုပ်ထိန်းသဖြင့် ရေးကကဲ့သို့ မဟုတ်၊ ငြိမ်ဝပ်သာယာရှိကြောင်းကို အင်္ဂလိပ်အစိုးရတို့ ကြားသိလျှင် ဝမ်းမြောက်မည့်အကြောင်း။ ဘုရင်မင်းမြတ်အဖြစ်နှင့် ဆက်ဆံသည့် အရေးအရာ၊ အိမ်ရှေ့မင်းတင်မြှောက်သည့် အရေးအရာမှစ၍ ၎င်းနှင့် အလားတူ အရေးအရာများကို အခြားနိုင်ငံများနည်း ညွှာတာသဖြင့် စီမံပြုလုပ်၍ အင်္ဂလိပ် အလံတော်ကို လေးမြတ်သည့်အတွင်း မြန်မာအစိုးရတို့ ၎င်းအရေးအရာတွင် စီမံပြုလုပ်သည်ကို မသက်မဝင်၊ မေတ္တာနှင့် ကြည့်ရှုမည့်အကြောင်း။ အင်္ဂလိပ်အစိုးရတို့ကို ငြိုငြင်အောင် မပြုဘဲ မြန်မာအစိုးရမင်းတို့က ဆိုခဲ့သည့် အရေးအရာ အလိုရှိရာ စီမံပြုလုပ်

ပြည့်စုံနိုင်လျက် ရှိသည်ကို ဝန်ရှင်တော်မင်းကြီး ဆင်ခြင်လျှင် နှစ်ဦးနှစ်ဖက် ငြိုငြင်ရန် စိုးရိမ်ခွင့်မရှိမည်ကို ယုံကြည်ကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၁]။

ညောင်ရမ်းစား၊ ညောင်အုပ်စားတို့က တင်လွှာဆို၍ ဝီလျံပို့ရောက်စာ။

၁၀။ ။ နောင်တော် ၂ ဦးတို့၏ အသက်ကို စောင့်ရှောက်တော်မူပါမည့်အကြောင်း၊ နောင်တော်တို့လည်း ရောင်းဝယ်ဖောက်ကား စားသောက်ရန်ကိုသာ စွဲမြဲနှလုံးပိုက်ပါကြောင်း၊ သားမယား ဆွေမျိုး ကျေးကျွန် သက်ရှိသက်မဲ့တို့ကို နောင်တော်၌ ခွင့်ပြုသကဲ့သို့ ချမ်းသာခွင့် ပြုတော်မူပါမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ဆင်ဖြူမရှင် အသျှင်မိဖုရားကြီးထံ မင်းသားနှစ်ပါးတို့ တင်ချက်အရ အမိန့်တော်မြတ်နှင့်ခေါ်ရာ မလိုက်မလာသည် တစ်ကြိမ်။ သားတော် အိမ်ရှေ့မင်းထံ ၎င်းတို့တင်လွှာ ဆက်သွင်းရာ အလိုရှိသမျှ အကြောင်းအရာ ကုန်စင်အောင် ရေးသားဆက်သွင်းရမည် မှာထား၍ တင်လွှာကို ပြန်အပ်လိုက်သည့်နောက် ယခုတိုင်ထပ်မံ မတင်မရောက်သည် တစ်ကြိမ်။ သို့အကြိမ်ကြိမ် တင်လျှောက်ချက်အတိုင်း မတည်၊ ခိုင်ခံ့သောအမိန့်တော်များကိုလည်း မယုံကြည်ရှိ၍ မင်းသားနှစ်ပါးကို ရွှေဘွားတော်အောက် လာရောက်အောင်မည်သို့ပြုလုပ်သော်လည်း မင်းသားနှစ်ပါး ယုံကြည်တော့မည် မဟုတ်ကြောင်း။ မင်းသားများ ပြန်ရန်အားလျော့ကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ပါသည်ကိုထောက်လျှင် အရေးပိုင်မင်းလည်း ပြန်အောင်မည်သို့ ပြောဆိုနိုင်တော့မည် မဟုတ်။ သို့ နှစ်ဦးနှစ်ဖက်က ကောင်းမွန်စွာ ပြောဆိုသည်ကိုမှ သဘောမကျနိုင်ပြီဖြစ်၍ ၂ ဦး မငြိုငြင်ရအောင် မည်ကဲ့သို့ သဘောထားသည်ကို ပြန်လှန်စဉ်းစား၍ စာပြန်မည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ တော်သလင်းလပြည့်ကျော် ၁၅ ရက် နေ့စွဲပါ နှစ်ဦး မငြိုငြင်ရအောင် မည်ကဲ့သို့ သဘောထားကြောင်းနှင့် ပေးစာကို ရကြောင်း။ နှစ်ဦး ငြိုငြင်ရန် မရှိမည် အရေးပိုင်မင်း အမှန်ထင်ကြောင်း၊ မင်းသားများအကြောင်းမှာ ဧည့်သည်တစ်ဦးဦးကို အတင်းသွားစေရမည့်အရာသည် နိုင်ငံတို့ ဧည့်သည်လက်ခံ ဝတ္တရားမှစ၍ နိုင်ငံဂုဏ်သရေ ဝတ္တရားနှင့်မညီ ရှိသည့်အတွင်း မြန်မာအစိုးရတို့က မင်းသားများနှင့် မည်သည့်နည်းဆက်ဆံပြောဆိုဆုံးခန်း ရှိသည်ကို သဘောတူကြောင်း၊ ဆက်ဆံဆုံးခန်းလွယ်ရန်ကိုလည်း ကူညီမည့်အကြောင်း၊ နှစ်ဦး မည်သို့ ဆုံးခန်းရောက်ကြသည်ကိုသာ စာပြန်မည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ဘုန်းတော်ကြီးလှသော ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရားသည် စွဲကပ်သည့် ဝေဒနာတော်မလွတ်မငြိမ်း၊ ယခုလဆန်း ၆ ရက်နေ့၊ နေ ၂ ချက်တီးကျော် ၆ မောင်းအချိန် နတ်ပြည်စံတော်မူကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ဘုန်းတော်ကြီးလှသော ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား နတ်ပြည်စံလျှင် သားတော် အိမ်ရှေ့မင်းသည် အရိုက်အရာတော်ခံ နန်းရံ့ဥပရာဇ် ဖြစ်သည်နှင့်အညီ ရွှေထီးရွှေနန်း တိုင်းပြည်နိုင်ငံများကို ဆင်ဖြူမရှင် မိဖုရားကြီးနှင့်တကွ မှူးတော် မတ်တော်တို့ သဘောတူ၍ သိမ်းအုပ်စိုးစံ ကေရာဇ်မင်းမြတ်အဖြစ်ကို ယူတော်မူကြောင်း။

---

၁။ ၂၀ စက်တင်ဘာ ၁၈၇၈ ၂။ ၂၇ စက်တင်ဘာ ၁၈၇၈ ဖြစ်မည်။ ၃။ ၂ အောက်တိုဘာ ၁၈၇၈

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ မင်းသား ၂ ပါးကို အစွဲပြု၍ နိုင်ငံတော်တွင် ကြောင်းရာထူးထွေ တစ်စုံတစ်ရာ မရှိရအောင် မဟာမိတ်ဖြစ်သည့်အရ နှစ်ဦးနှစ်ဖက် ငြိုငြင်မရှိရအောင် စောင့်ရှောက်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

၁၈၇၈ ခု၊ အောက်တိုဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ မင်းသား ၂ ပါးကို အစွဲပြု၍၊ နှစ်ဦးနှစ်ဖက် ငြိုငြင်ရန်ကို အရေးပိုင်မင်းလည်း မပြုမလုပ်၊ ပြုလုပ်ရန်ကိုလည်း အခွင့်မပြု၊ တည်တံ့စွာ စောင့်ရှောက်မည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူသည့် အလောင်းတော်ကို ဘုန်းတော်ဂုဏ်တော် အရှည်တည်ထွန်းရန် ရွှေနန်းတော်ဦး လွှတ်တော်မြောက် ဘုံခုနစ်ဆင့် အုတ်နန်းပြာသာဒ်တော်တွင် ယခုလဆန်း ၁၂ ရက်နေ့ သွင်းထားတော်မူမည့် အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ညောင်ရမ်းမင်းသား ညီအစ်ကိုတို့နှင့်စပ်၍ ဝင်ထွက်လူ၊ နေထိုင်လူ ရှေးကထက်ပိုကြောင်း ကြားသိရ၍ သံဝင်းအတွင်း လူအများနေထိုင် စည်းဝေးပြုလျှင် ၂ ဦး ငြိုငြင်ရန်ရှိ၍ ပထမပါရင်း ယောကျ်ား၊ မိန်းမ၊ နောက်တိုးပွား နေထိုင်သူ ယောကျ်ား၊ မိန်းမ စာရင်းကို ပေးပို့မည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့။

၁၈၇၈ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ မင်းသား ၂ ပါးနှင့် စပ်လျဉ်းနေထိုင်သည့် ယောကျ်ား မိန်းမ စာရင်းကို အကျယ်ရေးသား၍ ဝန်ထောက်မင်းသို့ ပေးရမည် တရားမ အရေးပိုင်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့[၁]။

အမိန့်တော်။

၂၀။ ။ ညောင်ရမ်းမင်းသားကို ရှေးကပင် အထူးချစ်ခင်တော်မူသောကြောင့် ပြုစုတော်မူမည် ဖြစ်သည်။ ၎င်းတို့ အလိုရှိရာတင်ရန် ဝန်တို့ကမေး၍ တင်လျှာကို ရွှေလက်တော်ရောက် ဆက်ရမည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

ညောင်ရမ်းစား၊ ညောင်အုပ်စားတို့က တင်လျှာ။

၂၁။ ။ နောင်တော်အိမ်တွင် အစဉ်ကိုးကွယ်သော ဓာတ်တော် မွေတော် ရုပ်ပွားတော်များနှင့် စာပေများကို သနားတော်မြတ်ခံ၍ အောက်မြို့ကျေးရွာသို့ သွားခွင့်ကို ပြုပါမည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၂။ ။ မင်းသား ၂ ပါးတို့ အထက်က အမိန့်တော် အတန်တန်နှင့် ခေါ်ယူသိမ်းပိုက်တော်မူသည်ကို အကြိမ်ကြိမ်ငြင်းဆန်သည်သာမက၊ ယခုလည်း အထွတ်အမြတ်သို့ ရောက်တော်မူ၍ ရှေးက ချစ်ကြည်တော်မူရင်းဖြစ်သည်အရ အထူးပြုစုတော်မူလိုသောကြောင့် အမိန့်တော်မြတ်နှင့် ခေါ်ယူသိမ်းပိုက်တော်မူသည်ကို ငြင်းဆန်ပြီးလျှင် အောက်မြို့ကျေးရွာသို့ သွားလိုကြောင်း တင်လျှောက်ရှိသည်ကို မင်းသားများကိုစွဲ၍ စိုးရိမ်မရှိရအောင် မည်သို့ သဘောထားသည်ကို စာပြန်မည့်အကြောင်း။

---

၁။ ၂၆ အောက်တိုဘာ ၁၈၇၈

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

၁၈၇၈ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၃။ ။ မြန်မာအစိုးရများနှင့် မင်းသားတို့ ပြောဆိုကြသည့် စကားအကြောင်းအရာကိုသိရ၍ ကျေးဇူးတင်ကြောင်း၊ မင်းသားများ နိုင်ငံတော်က ထွက်သွားလျှင် သာ၍ကောင်းမည် မြို့သာဝန်ထောက်မင်း ပြောဆိုရှိ၍၊ မြန်မာအစိုးရမင်းတို့ ငြိုငြင်မရှိရအောင် သဘောထားရင်း ရှိသည့်အတိုင်း၊ သို့အကြောင်းကို မင်းသားများသို့ အရေးပိုင်မင်း ပြန်ပြောရာ သဘောတူညီကြ၍ ဘုရင်ခံထံ ကြေးနန်းရိုက်ကြားကြောင်း၊ ဘုရင်ခံမင်း အမိန့် ရောက်လျှင်ရောက်ချင်း စာပြန်မည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ ဘုရင်ခံအမိန့်ရောက်လျှင် စာပြန်မည် ပေးစာအရ ဆိုင်းငံ့နေရသည့်အတွင်း ပြည်သူတို့ စိုးရိမ်မကင်း ငြိုငြင်ရန် တိုင်းရေးပြည်မှု ပေါ်ထွက်ရှိကြောင်း၊ နောက်ကိုလည်း သည်ကဲ့သို့ အရှည်လက်ခံထားလျှင် သည်မျှမက အရေးအမှု ပေါ်ထွက်ရန်ရှိ၍ မင်းသားများကြောင့် ၂ တိုင်း ၂ ပြည် မကြည်မလင် မရှိရအောင်၊ ပြည်သည်တို့လည်း ငြိုငြင်မရှိရအောင် မည်သို့သဘောထား၍ ပြုလုပ်မည်ကို စာပြန်မည့်အကြောင်း။

---

၃၄၈ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မင်းသားတို့ အိန္ဒိယနိုင်ငံသို့ လာရောက်ရန်ကို သဘောမတူ မရှိကြောင်းနှင့် ဘုရင်ခံမင်းမြတ်က အမိန့်စာ ရောက်ကြောင်းကို မြို့သာဝန်ထောက်သို့ ပြောပြီးဖြစ်၍ အင်္ဂလိပ်မင်းပိုင် နယ်မြေထိ အစောင့်အရန်နှင့် လိုက်ပို့လျှင် သွားရန်အကြောင်း ကြန့်ကြာရန် မရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မင်းသားများကို နိုင်ငံတော်အတွင်း ရာဇဝတ်တော်ရေး လုံခြုံအောင် သင့်ရာအရာရှိကို လက်နက်ကိုင် ပေးအပ်၍ နိုင်ငံတော်နယ်ကုန် လိုက်ပို့စေမည့် အကြောင်း။

၁၂၄၀၊ ဝါခေါင်လဆန်း ၆ ရက်နေ့[2]။

အတွင်းဝန် လယ်ဝန် ယောမြို့စားက လျှောက်စာ။

၃။ ။ ကျောက်တိုင်တောင်ဘက်သို့ မျောထွက်သည့် သစ်တော်များကို သစ်တစ်လုံးလျှင် ဆယ်ယူခ အထက်ပေး ရွေးရန္နန်း ဒိ–၅ျူး နှင့် ဆယ်ယူသူတို့ထံ ပေးရွေးနုတ်ယူနိုင်ရန် သင့်ရာ စာပေးတော်မူပါမည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[3]။

အတွင်းဝန် ယောမြို့စားက ထပ်မံ လျှောက်စာ။

၄။ ။ အထက်လျှောက်ထားသည့် သစ်ဆယ်ယူခနှုန်း အကြောင်းအရာကို အမိန့်ကွဲပြား နာခံပါရမည့်အကြောင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ တောင်ငူ ရမည်းသင်း သစ်တောက ကျောက်တိုင်တောင်ဘက်သို့ မျောထွက်သည့် သစ်များကို အထက် ရွေးယူရမြဲ ဒိ–၅ျူး နှုန်းနှင့် ဆယ်ယူသူတို့ထံ ရွေးယူနိုင်အောင် ဆင့်စာပေး မှာထားမည့်အကြောင်း။

---

၁။ ၁၀ နိုဝင်ဘာ ၁၈၇၈ ၂။ ၃ ဩဂုတ် ၁၈၇၈ ၃။ ၂၇ စက်တင်ဘာ ၁၈၇၈

၁၂၄၀၊ တော်သလင်းလဆန်း ၁၂ ရက်နေ့[၁]။

မှာတမ်း။

၆။ ။ ကျောက်တိုင်တောင်ဘက်သို့ အနှစ်နှစ် မျောထွက်သည့် တော်တံဆိပ်ပါ သစ်များကို သောင်တင်းပုံလှေတော် ပဲ့နင်းဟောင်း ညှင်း၊ ဘိုးတင်၊ ငမော်တို့က ရွေးနုတ်ဆယ်ယူ ရောင်းချ၍ ၄ လ တစ်ကြိမ် ဆက်သွင်း ထမ်းရွက်စေရမည့် အကြောင်း။

(က) ကျောက်တိုင်တောင်ဘက် မျောထွက်သည့် သစ်တံဆိပ် ပုံစံ စာရင်း။

၁၂၄၀၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ သောင်တင်းပုံလှေတော် ပဲ့နင်းဟောင်း ညှင်း၊ ဘိုးတင်၊ ငမော်တို့က ကျောက်တိုင်တောင်ဘက်သို့ မျောထွက်သည့် သစ်များကို နှောင့်ယှက်မရှိ ရွေးနုတ်ဆယ်ယူနိုင်အောင် သင့်ရာ စာပေးစေလိုသည် ဖြစ်၍ သစ်တံဆိပ် ပုံစံစာရင်းနှင့်တကွ ပို့လာစေကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ မြင်းခြံအရပ်တွင် လူ ၂၀၀ ခန့်တို့ ဓားလက်နက်စွဲကိုင်၊ တလုပ်မြို့ဝန်မင်း စာနှင့်ဆို၍ သင်္ဘောပေါ်သို့ တက်ရောက်၊ လူ ၃၀ ကို အပ်ရမည် အတင်းအဓမ္မ တောင်းဆိုပြုလုပ်ကြောင်းနှင့် ရန်ကင်းတောင်ခေါ် သင်္ဘောကပ္ပိတန်က လျှောက်ချက်အရ မှန်လျှင် အကြောင်းမဲ့ ကြမ်းကြုတ်စွာ ပြုလုပ်မှုဖြစ်၍ မြင်းခြံသို့ သင့်ရာအရာရှိ စေလွှတ်၍ ဖြစ်စေ၊ တလုပ်မြို့ဝန်ကို မြို့တော်သို့ ခေါ်၍ဖြစ်စေ မေးမြန်းမည့်အကြောင်း။ ကပ္ပိတန်က ပို့ရောက်သည့် တလုပ်မြို့ဝန်ထံ လွှတ်တော်မှာစာ ဆိုသည်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၃] (ရောက်)။

တလုပ်မြို့ဝန်သို့ လွှတ်တော်က ပေးမှာစာ ဆို၍

ကပ္ပိတန်က အရေးပိုင်ထံ ပို့ရောက်စာ။

၉။ ။ ရန်ကင်းတော်ခေါ် သင်္ဘောတွင်ပါသည့် ငွေတော်ဝယ် အိမ်ထောင်စုံလူ ၃၀ ကို ကပ္ပိတန်တွင် တောင်းယူ သိမ်းထား၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ရန်ကင်းတောင်ခေါ် သင်္ဘောတွင် လူတောင်းခံမှု အကြောင်းကို စစ်မေးရန် တလုပ်မြို့ဝန်ကို ရွှေဘွားတော် အောက်သို့ ဆင့်ခေါ်ရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရန်ကင်းတောင်ခေါ် သင်္ဘောတွင် လူတောင်းယူမှု အကြောင်းအရာကို ယခု လပြည့်ကျော် ၁၀ ရက်နေ့ စစ်မေးမည်ဖြစ်၍ သင့်ရာအရာရှိ ၁ ကို နားထောင်ရန် စေလွှတ်မည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ရန်ကင်းတောင်ခေါ် သင်္ဘောတွင် လူတောင်းယူမှု အကြောင်းအရာကို စစ်မေးရာ တလုပ်မြို့ဝန် ထွက်ချက်၊ ကပ္ပိတန် ထွက်ချက်၊ သင်္ဘောကိုယ်စားလှယ် ထွက်ချက်၊ ကုန်သည်ကြီးတို့ ထွက်ချက်များကို ပေးလိုက်ကြောင်း။

---

၁။ ၇ စက်တင်ဘာ ၁၈၇၈ ၂။ ၁ အောက်တိုဘာ ၁၈၇၈ ၃။ ၁၅ နိုဝင်ဘာ ၁၈၇၈

၁၂၄၀၊ နတ်တော်လဆန်း ၅ ရက်နေ့[၁]။

ရန်ကင်းတောင်ခေါ် သင်္ဘောကပ္ပိတန် ပတ္တိဆင်ကို မေးချက်။

(က) ရွှေမြို့တော်တွင် သင်္ဘောပေါ်ရှိ လူ ၃၀ ကို သင်္ဘောကိုယ်စားလှယ်က နှုတ်နှင့်သာ တောင်းဆိုရှိ၍ မအပ်၊ စုန်ဆင်းခဲ့ရာ မြင်းခြံသို့ ဆိုက်ရောက်လျှင် တလုပ်မြို့ဝန်မင်းလူဆို၍ လူ ၂၀၀ ခန့် ဓား လက်နက် ကိုင်စွဲ၊ သင်္ဘောပေါ်သို့ တက်ရောက်ပြီးလျှင် လူ ၃၀ ကို ချည်နှောင်ခေါ်ယူသွားကြောင်း။ ကျွန်တော်ကို ဆွဲငင်၊ လက်စွပ်ကိုလည်း ချွတ်ယူကြကြောင်း၊ လူ ၃၀ ကို အပ်ရမည် ရွှေမြို့တော်က ရောက် ဆိုသည့် ကြေးနန်းတွင်လည်း မပါ၊ တလုပ်မြို့ဝန်မင်းကလည်း စာမပေးသောကြောင့် ကျွန်တော်က မအပ်ကြောင်း။ တလုပ်မြို့ဝန်မင်း ပါလျှင် ယခုကဲ့သို့ ဖြစ်ရန် မရှိကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၇ ရက်နေ့။

၎င်းကပ္ပိတန် ထပ်မံမေးချက်။

(ခ) သင်္ဘော စုန်ဆန်သွားလာရာ မည်သို့ စောင့်ရှောက်ရမည် သင်္ဘောကုမ္ပဏီတို့က မှာထားမရှိ၊ သဘော ရှိရာ ဆင်ခြင်ပြုလုပ်ကြောင်း။ အင်္ဂလိပ်မင်းနှင့် မြန်မာမင်းတို့ မဟာမိတ်စာချုပ် ရှိသည်ကို သိကြောင်း၊ နိုင်ငံတော်အတွင်း သင်္ဘောမှာ ရာဇဝတ်မကင်းလူ ပါလျှင် ပေးအပ်ရမည်ထင်ကြောင်း၊ အထက် စကားချက်တွင် သဘောရှိရာ ပြုလုပ်သည် ဆိုသည်မှာ သင်္ဘောနှင့် စပ်လျဉ်းသည်ကိုသာ ပြုလုပ် နိုင်ကြောင်း။ ရွှေမြို့တော်တွင် သင်္ဘောကိုယ်စားလှယ် မက္ကံစီက တစ်ဆင့်လွှဲထားသူ အန္တြီနောက သင်္ဘောတွင်ပါ လူ ၃၀ ကို အပ်မှသင့်မည် စာကိုမပြ၊ နှုတ်နှင့်သာ ပြောကြောင်း၊ မြင်းခြံရှိ သင်္ဘော ကိုယ်စားလှယ် မစ္စတာမူနီကလည်း လူ ၃၀ တောင်းကြောင်း သင်္ဘောကိုယ်စားလှယ်တို့သို့ မြန်မာ အစိုးရမင်းတို့က ဆင့်စာကိုသာပြ၍ ပေးအပ်မှကောင်းမည် မပြောကြောင်း၊ ကျွန်တော်ကို တလုပ် မြို့ဝန်မင်းက တွေ့လိုကြောင်း ဆိုသည့် စကားကိုလည်း မစ္စတာမူနီက မပြောကြောင်း၊ အထက် ထွက်ချက် ယခုထွက်ချက် ၂ အတိုင်း ကျမ်းကျိန်ဝံ့ကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၇ ရက်နေ့။

သင်္ဘောကိုယ်စားလှယ် အန္တြီနော ထွက်ချက်။

(ဂ) သင်္ဘောပေါ်ရှိ လူတို့ကို အခေါ်အယူ လာသူတို့ကို ကပ္ပိတန်သို့ ကျွန်တော် ပြသ၍ ၎င်းလူများကို အပ်မှ သင့်မည် ပြောဆိုကြောင်း၊ အခြား သင်္ဘောကပ္ပိတန်တို့ကို သည်ကဲ့သို့ ရာဇဝတ်မကင်းရှိ၍ ပြောလျှင် နာယူကြောင်း၊ ရှာရန် အပ်ရန် ၂ ရပ် ပြောသည့်အနက် ရှာရန်ကို အခွင့်မပေးကြောင်း၊ အပ်ရန် အခွင့်ပေး မပေးကို မသိကြောင်း၊ ကျွန်တော် စကားကို ကပ္ပိတန် မနာမယူကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[၂]။

တလုပ်မြို့ဝန် မင်းတင်မင်းလှရဲခေါင် မေးချက်။

(ဃ) ကပ္ပိတန်ကို တွန်းထိုးဆွဲငင် မပြုမလုပ်ကြောင်း၊ လက်စွပ်ကိုလည်း မချွတ်မယူကြောင်း၊ သင်္ဘော တွင်ပါ ငွေတော်ဝယ် လူ ၃၀ တို့ မထွက်မလွတ်ရအောင်သာ သေနတ်စာရေးနှင့် ပါရင်းလူ ၁၀၀ ခန့် အနက် ခွဲဝေစောင့်နေစေကြောင်း၊ သင်္ဘောပေါ်သို့ လူ လက်နက်အများနှင့် မတက်မရောက် ကြောင်းများနှင့် စေလွှတ်သူ သေနတ်စာရေးမှစ၍ အများလူတို့က အသီးအသီး ပြောဆိုရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[၃]။

တလုပ်မြို့ ခုံသဲတိုင်၊ ကုန်သည်ကြီး ငခွာနီးတို့ကို မေးချက်။

(င) တလုပ်မြို့ဝန်မင်း အမိန့်အရ သေနတ်စာရေး ငအပ်နှင့် သင်္ဘောသို့သွားရာ ကျွန်တော်တို့ ၂ သာ သင်္ဘောပေါ်သို့ တက်သွား၊ ကပ္ပိတန်က အတွေ့မခံ၊ မာလိန်နှင့်သာတွေ့၍ လွှတ်တော်ဆင့်စာ ကြေးနန်းကို ပြသရာ ကပ္ပိတန်ကို ပြောပါဦးမည် ပြောဆို၊ အခန်းတွင်းသို့ ဝင်သွား၊ မကြာမီ ကပ္ပိတန်၊ မာလိန်တို့ ထွက်လာ၊ ငွေတော်ဝယ်လူတို့ကို ပြပါတော့ဆို၍ ပြသ၊ ထည့်အပ်သည့်

---

၁။ ၂၈ နိုဝင်ဘာ ၁၈၇၈ ၂။ ၁၈ နိုဝင်ဘာ ၁၈၇၈ ၃။ ၃ နိုဝင်ဘာ ၁၈၇၈

ငွေတော်ဝယ် လူ ၂၇ ကို ခေါ်ယူပြီးလျှင် မြို့ဝန်မင်းထံ အပ်ရကြောင်း၊ သေနတ်စာရေး သင်္ဘောပေါ်သို့ လာရောက်ကာလ မြို့ရွာထုံးစံအတိုင်း သေနတ် ၂၊ ဓား ၃၊ လူ ၅၀ ခန့်သာ မြင်ကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ရန်ကင်းတောင်ခေါ် သင်္ဘောကပ္ပိတန် ပတ္တီဆင်သည် ငွေတော်ဝယ်လူတို့ကို မြို့တော်ဆိပ်ကမ်းတွင် ပေးအပ်သင့်လျက် မပေးမအပ်သည် တစ်ရပ်၊ မတင်မဆောင်သင့် လူတို့ကို တင်ဆောင်သည် တစ်ရပ်၊ သင်္ဘောကိုယ်စားလှယ် စကားကို မနာမယူ တင်ဆောင်သည် တစ်ရပ်၊ မြင်းခြံဆိပ်ကမ်းတွင် မပေးမအပ် ပြန်သည် တစ်ရပ်၊ ဆိပ်ကမ်း ၂ ဌာနမှာပင် မပေးမအပ် စကားလီးလွှဲယိုးမယ်ပြောသည် တစ်ရပ်များကြောင့် ကပ္ပိတန်ကို အစွဲပြု၍ သည်ကဲ့သို့ မဖြစ်ပွားတန် ဖြစ်ပွားရသည့်အရာ ဖြစ်ပွားရကြောင်း သိသာ၍ တလုပ်မြို့ဝန်နှင့် စုံညီစစ်မေး၊ အပြစ်ထိုက်သက်ရာစီရင်ရန် ကပ္ပိတန်ကို ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၆ ရက်နေ့။

၁၈၇၈ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ လူလက်နက်အများနှင့် ကြမ်းတမ်းစွာ ပြုလုပ်ရှိ၍ လူများကို အပ်ခဲ့ရကြောင်း ကပ္ပိတန် ထွက်ချက်ပြင်၊ အခြားသူတို့ကလည်း ကပ္ပိတန်တွင် အပြစ်တစ်စုံတစ်ရာရှိသည် တိုင်တန်းချက် တစ်စုံတစ်ရာ မရှိ၍ ကပ္ပိတန်အပေါ်တွင် အပြစ်စီရင်ရန် မရှိကြောင်း၊ လူတောင်းစဉ်အခါ အသာအယာ တောင်းယူသည်ဆိုသည့် အရာကိုသာ ထင်ရှားပြုလုပ် စာပြန်မည့်အကြောင်း။

---

## ၃၄၉ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တိုင်းနိုင်ငံရုပ်ထွေး မငြိမ်မသက်ရှိမည် လက္ခဏာရှိသည့် ဆွေတော်မျိုးတော်တို့ကို အရေးပိုင်မင်းသို့ ပေးအပ်လျှင် မဟာမိတ် ဖြစ်သည့်အရ လက်ခံထိန်းသိမ်းထားနိုင်၍ ပေးအပ်လိုသည်၊ မပေးအပ်လိုသည်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တိုင်းနိုင်ငံ ရုပ်ထွေးရှိမည့် ဆွေတော်မျိုးတော်များကို လက်ခံနိုင်ကြောင်းနှင့် ပေးစာမှာ မဟာမိတ်လက္ခဏာနှင့် ညီသော်လည်း၊ ဆွေတော်မျိုးတော်များကို အခြားနိုင်ငံသို့ ပေးအပ်နိုင်ခွင့်မရှိ၍ မပေးမအပ်ရသည်ကို နှမြောကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁] (ရောက်)။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အကျဉ်းချထား နှိပ်စက်ခံနေရသူ ဆွေတော်မျိုးတော်တို့ကို လွတ်ကင်းချမ်းသာအောင် မြန်မာအစိုးရတို့သို့ အထူးပြောရမည် အိန္ဒိယဘုရင်ခံမင်းမြတ် အမိန့်အရ စာပေးပို့ပါကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်း စာမရောက်မီပင် ထီးဆောင်းမင်္ဂလာ မဟာဥကင်ဖွင့်ပွဲတော်ကြီးတွင် အကျဉ်းနေလူတို့ကို ဘေးမဲ့ပေးတော်မူရာ၊ စာပါ ဆွေတော်မျိုးတော်များလည်း ပါဝင်လွတ်ငြိမ်းရှိကြကြောင်း။

---

၁။ ၁၃ ဇွန် ၁၈၇၉ ၂။ ၂၄ ဇွန် ၁၈၇၉

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့။

သဘော်ကိုယ်စားလှယ် အန္တြီနေဘသို့ ဆင့်စာ။

၅။ ။ မြို့တော်ဆိပ်ကမ်းတွင်ရှိ သဘော်များ ဆိုက်ရပ်နေသည့်အတွင်း သဘော်စက်မီးများကို ရပ်သိမ်းမြဲ ရပ်သိမ်းစေမည့် အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့။

ဧရာဝတီကုမ္ပဏီ ကိုယ်စားလှယ် အန္တြီနေဘ မေးချက်။

၆။ ။ သဘော်စက်မီး မရပ်မသိမ်းသည်မှာ ကုမ္ပဏီတို့က ကပ္ပိတန်တို့ကို ဆင့်ဆိုပြုလုပ်သည့် အရာဖြစ်၍ ကျွန်တော် မတားမြစ်နိုင်ကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ကြားသဘော်များတွင် စက်မီး မရပ်မသိမ်း ရှိသည့်အရာကို ပြည်သူတို့ တွေးထင်မကင်းရှိ၍ ရပ်သိမ်းမြဲ ရပ်သိမ်းအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၂၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ သဘော်စက်မီး မရပ်မသိမ်းသည့် အကြောင်းကို ကုမ္ပဏီ ပြောဆိုချက်အရ ပြုလုပ်သည့်အရာ သိသာရကြောင်း၊ ၎င်းအကြောင်းကြောင့် တွေးထင်မကင်းရှိပုံကို စာပြန်လျှင် သဘော်ရှင်တို့သို့ ပြန်ပြောရန် အရေးပိုင်မင်းက ရန်ကုန်မြို့သို့ ကြေးနန်းရိုက်ကြားမည့် အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ကြားသဘော် ၄ စင်းတွင် စက်မီး မရပ်မသိမ်း၍ ပြည်သူတို့ အထွေထွေ တွေးထင်မကင်း ငြိုငြင်ရှိကြ၍ စက်မီးများကို ရပ်သိမ်းမြဲ ရပ်သိမ်းအောင် သဘော်ရှင်တို့သို့ ဆင့်ဆိုစေလိုကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၈ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၂၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းသာယာရှိ၍ သဘော်များအတွက် အထူးသတိပြုမှုရန် မရှိကြောင်းနှင့် အရေးပိုင်မင်းက ကြေးနန်းရိုက်ကြားရှိကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ နိုင်ငံတော် သာယာငြိမ်ဝပ်ရှိသည်ကို အရေးပိုင်မင်း အသိဖြစ်ကြောင်း၊ သာယာအောင်ကိုလည်း အထူးအားထုတ်ကြောင်း၊ သည်ကဲ့သို့ အားထုတ်သောကြောင့် ရှေ့သို့လည်း သာယာလိမ့်မည် မျှော်လင့်ကြောင်းများနှင့် အထက်က စာပေးပို့ဖူးကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ ၁၂၄၁ ခုနှစ်တွက် ကုန်အဖိုးထားနှုန်းစာရင်းကို အပေးအပို့ နောက်ကျ၍ စဉ်းစားရန် အချိန်နည်းပါးကြောင်း၊ ၎င်းစာရင်း ၁၀ ခိုင်နှုန်း စာရင်းပါ ကျွဲရေ၊ နွားရေ၊ ကျွဲချို၊ ဆင်စွယ်၊ ဖယောင်း၊ ခဲ၊ စဉ့်အိုး၊ စဉ့်အင်၊ ကဲ့ကူဆံ၊ ပုရပိုက်၊ နီပါးဆေး၊ သစ်စေး၊ ရှား၊ နန္တင်းကုန်များသည် ၁၂၂၉ ခုနှစ် စာချုပ်တွင် ဘဏ္ဍာတော်နှင့်

---

[၁] ၂ ဧပြီ ၁၈၇၉

ဆိုင်သည့် ကုန်များ မဟုတ်၍ ၅ ခိုင်ထက် မပေးသင့်ကြောင်းကို ဝန်ရှင်တော်မင်းကြီး စဉ်းစားမည့်အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ကျွဲရေ နွားရေ စသည့်ကုန်များမှာ ၁၂၂၉ ခုနှစ် စာမချုပ်မီ၊ စာချုပ်ပြီးနောက် ကောက်ခံမြဲအတိုင်း ကောက်ခံသည့်အရာကို အထက်စာရင်းများကို ကြည့်လျှင် သိမည့်အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ချင်ဟိုကုမ္ပဏီ ကိုယ်စားလှယ် စင်ခိုနှင့် ဗျံစံကုမ္ပဏီ ကိုယ်စားလှယ် စစ်လျံတို့က ၎င်းတို့ပိုင် အကောက်တော် ထမ်းဆောင်ပြီး ဆင်စွယ်၊ ဖယောင်းကုန်များအပေါ်တွင် မြန်မာအစိုးရတို့က အကောက် ထပ်မံတောင်းခံရှိသည့်အရ ပေးသင့်လျှင် ပေးရန်ငွေကို အရေးပိုင်မင်းထံ ပေးအပ်ရှိ၍၊ ထပ်မံတောင်းသည် မတောင်းသည်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့။

ကောက်တော်မှုချက်။

၁၅။ ။ ၁၂ ရပ်အကောက်၊ သစ်တောအကောက်၊ ဒေးဝန်း အကောက်အရာရှိတို့နှင့် ချင်ဟိုကုမ္ပဏီ၊ ဗျံစံကုမ္ပဏီတို့ ကိုယ်စားလှယ် စင်ခို၊ စစ်လျံတို့ ကုန်ကောက်ခံမှုမှာ ၁၂ ရပ် အကောက်အရာရှိတို့ထံ ၅ ခိုင်ကျဆောင်ပြီး ကုန်တစ်ရပ်၊ ဒေးဝန်း အကောက်အရာရှိတို့ထံ ၅ ခိုင် မဆောင်ရသေး ကျန်ခဲကုန်တစ်ရပ် ဖြစ်ကြောင်းကို စင်ခို၊ စစ်လျံတို့ ထွက်ဆိုသည်။ အကောက်အရာရှိတို့ကို မေးရာလည်း ၎င်းအတိုင်း ထွက်ဆိုရှိ၍ ကောက်ခံပြီး ကုန်မှာ ထပ်မံ ကောက်ခံမရှိ ကင်းလပ်စေ၊ ခဲကုန်မှာ ၅ ခိုင်ကျ အကောက်ပေးဆောင်၊ ပြေစာလက်မှတ် ပေးအပ်စေ၊ အကောက်တွက်မှာ မည်သည့်အကောက်က ရသင့်သည်ကို အကောက်အရာရှိ ၃ ဦး စုံညီ ရှင်းလင်းစေရမည့် အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ကုန်ရှင် စင်ခို၊ စစ်လျံတို့နှင့် အကောက်အရာရှိတို့ ကောက်ခံမှုမှာ ထိုက်သက်ရာ စုံညီစီရင်ပြီးပြတ်ပြေငြိမ်းရှိကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ မင်းလှဆိပ်ကမ်းတွင် ရှင်စောပုခေါ် သင်္ဘော ကစတန်နှင့် ခလာသီတို့ကို ကုန်သယ်ယူသည့် ကူလီတို့က ရိုက်နှက်သည့် အမှုကို မဟာမိတ်လက္ခဏာနှင့်အညီ စစ်ဆေးမေးမြန်း စီရင်မည့်အကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ မင်းလှဆိပ်ကမ်းတွင် ရှင်စောပုခေါ် သင်္ဘောကပ္ပိတန်၊ ခလာသီတို့နှင့် ကူလီတို့ ဖြစ်ပွားမှုကို စစ်ဆေးမေးမြန်း စီရင်၍ အကြောင်းအရာကို လျှောက်ထားရမည် မလွန် ၃ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့။

မလွန် ၃ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ မှာစာ။

၁၉။ ။ ရှင်စောပုခေါ် မီးသင်္ဘောကပ္ပိတန်၊ ခလာသီတို့နှင့် ကူလီတို့ ဖြစ်ပွားမှုကို ပြီးပြတ်အောင်စီရင်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ ဩဂုတ်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ မင်းလှဆိပ်ကမ်းတွင် ရှင်စောပုခေါ် သင်္ဘော ဆိုက်ကပ်ရာ၊ ချည်သတ်ထားသည့် နပန်းကြိုးကို အီဗျဲဟင် လူတို့က ဖြတ်မျှော်ကြောင်း သင်္ဘောကပ္ပိတန်က လျှောက်ထားရှိ၍ စစ်ဆေးမေးမြန်း စီရင်မည့်အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၁။ ။ မင်းလှဆိပ်ကမ်းတွင် ရှင်စောပုခေါ် သင်္ဘော ချည်သတ်ထားသည့် ထိတ်ဆံနပန်းကြိုးများကို မည်သည့် အကြောင်းကြောင့် ဖြတ်မျှောသည် မေးမြန်းစီရင်၍ အကြောင်းအရာကို လျှောက်ထားရမည် မလွန် သရက် ၂ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့။

မလွန် သရက် ၂ မြို့ဝန်သို့ပေး ကြေးနန်းစာ။

၂၂။ ။ မင်းလှဆိပ်ကမ်းတွင် ရှင်စောပုခေါ် သင်္ဘော ချည်သတ်ထားသည့် ကြိုးများကို မည်သည့်အကြောင်း ကြောင့် ဖြတ်မျှောသည်ကို နေရာကျ စစ်မေးစီရင်၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

---

## ၃၅၀ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ နတ်တော်လဆန်း ၂ ရက်နေ့။

ကင်းဝန်မင်းကြီးက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ နတ်ပြည်စံ မင်းတရားကြီး သနားတော်မူရှင်း သတိုးမင်းကြီးမဟာမင်းလှစည်သူကျော် ဘွဲ့ထက်တိုး၍ သတိုးသုဓမ္မမဟာသက်တော်ရှည်ဘွဲ့ကို ထပ်မံတိုးတက် သနားတော်မြတ်ခံရကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ နိုင်ငံတော်သို့ ၄ ကြိမ် လာရောက်၍ သစ်ပင်မျိုးများကိုရှာရန် အမိန့်ရဖူးသူ အင်္ဂလိပ်လူမျိုး မစ္စတာ ဘောက်ဆောကို နိုင်ငံတော် ရှမ်းပြည်မြို့ရွာများတွင် ပန်းသစ်ပင်မျိုးကို ရှာယူနိုင်ရန် အမိန့်လက်မှတ် ပေးအပ်မည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ပန်းသစ်ပင် ရှာဖွေလိုသူ ဘောက်ဆော မည်သည့်မြို့ရွာသို့ သွားလိုသည်ကို ဆင့်ဆိုသာအောင် ထပ်မံ စာပေးမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၄ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ မစ္စတာဘောက်ဆောသည် သိန္နီ၊ သီပေါ၊ သုံးဆယ်၊ မြေလတ်မြို့ ကျေးရွာများသို့ သွားလိုကြောင်း။ ၎င်းတွင်ပါ သေနတ်များကို နှောင့်ယှက်မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ မစ္စတာဘောက်ဆော သွားလာမည့် မြို့ရွာ အကြီးအအုပ်တို့ကို ဆင့်ဆိုသည့် စာနှင့်တကွ ပို့လာစေကြောင်း။

---

၁။ ၂၃ နိုဝင်ဘာ ၁၈၇၈ ဖြစ်မည် ၂။ ၂၇ နိုဝင်ဘာ ၁၈၇၈ ဖြစ်မည်။

၁၂၄၀၊ နတ်တော်လဆန်း ၅ ရက်နေ့[၁]။

ရှမ်းပြည်မြို့ရွာ စော်ဘွားမြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ မြို့အုပ်တို့သို့ ဆင့်စာ။

၆။ ။ မစ္စတာဘောက်ဆောကို တားဆီးပြုလုပ် မရှိစေရ၊ စောင်မသင့်ရာ စောင်မ၍ အလိုရှိရာ လှည့်ပတ်သွားလာစေရမည့်အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ၁၂၄၀ နှစ်တွက် ကုန်အကောက်နှုန်း စာရင်းကို အပို့အရောက် နောက်ကျကြောင်း၊ ၎င်းစာရင်းတွင် ကောက်ခံရန် ပိုမိုပါသည့်အတိုင်း ယခု ကောက်ခံသည် ကြားသိရ၍ အထက် ၄၀ နှစ်ဆန်းစက နှုန်းထက် ပို၍ မကောက်ခံရန် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ ၁၂၃၉ ခုနှစ် အကောက်နှုန်းအတိုင်း ၁၂၄၀ နှစ်တွင် ကောက်ခံရမည် ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၄ ရက်နေ့။

မှတ်သားချက်။

၉။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့က ရွှေဘွားတော်အောက်သို့ လာရောက်လိုသည့် အမေရိကန် ခင်ကြီးတွင် ပါသည့် သေနတ်နှင့် နောက်ပါလူတို့ကို တားဆီးမရှိရအောင် ကင်းစာ ပေးရမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

ပဋ္ဌနဂိုရ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာက အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အမေရိကန် ခင်ကြီးများကို အနှောင့်အယှက်မရှိ၊ တောင်ငူမြို့က ရွှေဘွားတော်အောက်သို့ ဆန်တက်ရန် အကြောင်းနှင့် ဝန်ရှင်တော် နိုင်ငံခြားဝန်ကြီးမင်း အမိန့်စာကို ပို့လာစေကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၂ ရက်နေ့။

အမေရိကန် ခင်ကြီးအကြောင်းနှင့် ဆင့်စာ။

၁၁။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့က ရွှေဘွားတော်အောက် ဆန်တက်လာသည့် အမေရိကန်ခင်ကြီးကို တားဆီးမရှိ ဆန်တက်စေရမည့် အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၃ ရက်နေ့။

၁၈၇၈ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ နိုင်ငံနယ်စပ် အမှတ်အသား သေချာအောင် သစ်ပင်များကို ခေါက်ခွာသင်းသတ်၊ စာကပ်ထားရန် အကြောင်းအရာကို အရေးပိုင်မင်း ပြောဆိုရာ၊ မြန်မာအစိုးရတို့က စုံညီမှတ်သားမည် ပြောဆိုသည့်အရ၊ မည်သည့်အရပ်ကစ၍ ပြုလုပ်လိုသည် ရန်ကုန် အရေးပိုင်ကြီးထံ စာပေးရှိကြောင်း၊ နယ်ရှင်တို့ကို ၎င်းအကြောင်းနှင့် နောင် ထပ်မံ ဆင့်ဆိုမရှိရအောင် အရေးပိုင်မင်းကြီးက ပြန်စာမရောက်မီ ဆင့်ဆိုနှင့်မည့်အကြောင်း။

၁၂၄၀၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

မလွန်၊ မြေထဲ၊ သရက်၊ မကွေး ၄ မြို့ဝန် အခွန်ဝန်သို့ ပေးစာ။

၁၃။ ။ နယ်စပ်ကျောက်တိုင်အကြား ကြိုးဖြော့ဆွဲ၍ အင်္ဂလိပ် အရာရှိတို့နှင့် ဝန်စုပါ နယ်မြေ အပိုင်းအခြားကုန်အောင် မှတ်သားရမည့်အကြောင်း၊ ၎င်းအကြောင်းနှင့် မြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်က စာပေးကာလ ထပ်မံဆင့်ဆိုမည့် အကြောင်း။ (တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ၎င်းအတိုင်း ပေး။)

---

၁။ ၂၀ နိုဝင်ဘာ ၁၈၇၈ ၂။ ၁၀ ဒီဇင်ဘာ ၁၈၇၈

၁၂၄၀၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၄။ ။ [အထက် (၁၃) မှတ်ပါ စာအတိုင်း] မလွန် ၄ မြို့ဝန် အခွန်ဝန်၊ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်တို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ နှစ်နိုင်ငံစပ် နယ်နိမိတ်ကျောက်တိုင် သတ်မှတ်ရန် အင်္ဂလိပ် အစိုးရမင်းတို့က အရာရှိ ၂ ခန့်ထားစေလွှတ်၊ ၎င်းလပြည့်ကျော် ၁၀ ရက်နေ့ကစ၍ တိုင်းတာ မှတ်သားစေမည် ဖြစ်သောကြောင့် အထက် ဆင့်ဆိုသည့် မြန်မာအရာရှိတို့ကို ထပ်မံ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ အင်္ဂလိပ် အရာရှိတို့နှင့် စုံညီ နယ်စပ်အမှတ်အသားကို မှတ်သားရမည် မလွန် ၄ မြို့ဝန်၊ အခွန်ဝန်နှင့် တောင်ငူ ရမည်းသင်း ၂ မြို့ဝန်တို့ကို မှာထားရှိကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် မဟာမင်းလှမင်းခေါင်ကျော်ထင်သို့ ပေးမှာစာ။

၁၇။ ။ ကျောက်တိုင် နယ်စပ်အမှတ်အသားကို အင်္ဂလိပ် အရာရှိတို့နှင့် စုံညီ နေရာကျမှတ်သား၍ အကြောင်း အရာကို လျှောက်ထားရမည့်အကြောင်း။ (မလွန် ၄ မြို့ဝန်၊ အောက်မြစ်စဉ်ဝန်သို့ ၎င်းနည်းပေး။)

၁၂၄၀၊ နတ်တော်လဆန်း ၁ ရက်နေ့[၃]။

ရန်ကုန်မြို့ရှိ ရွှေတိုက်စိုး စာရေးကြီးက လျှောက်စာ။

၁၈။ ။ မြင်ကွန်းစား၊ မြင်းခုံတိုင်စားတို့နှင့် စပ်လျဉ်း၍ ထောက်လှမ်းရာ ရန်ကုန်မြို့ ကျောက်တံတားရပ်နေ ထွန်း၊ မောင်ကြီး၊ ရေပ်၊ သောကြာ၊ သိုင်း၊ ဘိုးမင်း၊ ပုဇွန်တောင်ရပ်နေ ရောင်း၊ ထွန်း၊ ရှိန်း၊ မှန်း၊ ရွှေမောင်၊ ကြွက်၊ ရမ်း၊ မှို၊ ဘော၊ တုတ်ပေါ၊ သိန်း၊ ရွှေဘုံးတော်အောက်က ထွက်ပြေးသူ မြတိုက် သံဆင့်ဟောင်း ပေါက်ကျိုင်း၊ ဗန့်ကျီဗိုလ်ဟောင်း ဒေဝမင်းခေါင်းခေါ် မောင်၊ မြေကလေး၊ ဘိုးကြီး၊ ကြေးကလေးနှင့် အမည်မသိ လူများပါ လူ ၄၁ ကျော် စာရင်းပါဝင်လျက်၊ ၎င်းတို့အနက် လူကြီး ၆ တို့ ရန်ကုန်မြို့၊ ကျောင်းတော်ရာအတွင်း တိုင်ပင်ကြသည်မှာ တောင်ငူလမ်း၊ ၉ ခရိုင်လမ်း၊ နွယ်လုံလမ်းများသို့ အထက်က စည်းကြပ်စေလွှတ်ပြီး လှူပြင် နောက် ရေလမ်း၊ ကြည်းလမ်း သင့်ရာက တိတ်တဆိတ် ဖွဲ့ကိုင် စေလွှတ်ရန် အင်္ဂလိပ်အစိုးရတို့ထံ သေနတ် ၂၆ ပတ္တာခံ၍ အသင့် ထားရမည် တိုင်ပင်ကြသည် ထောက်လှမ်း ကြားသိရကြောင်း။

၁၂၄၀၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ ရန်ကုန်မြို့ရှိ စာရေးကြီးက [အထက် (၁၈) မှတ်ပါအတိုင်း] လျှောက်ထားရှိ၍ စာပါ အကြောင်းအရာကို ရန်ကုန် အရေးပိုင်မင်းကြီး ဆင်ခြင်သိမ်းပိုက်နိုင်အောင် အရေးပိုင်မင်းက စာပေးမည့်အကြောင်း။

၁၂၄၀၊ တပို့တွဲလဆန်း ၆ ရက်နေ့။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၀။ ။ ဟင်္သာတမြို့၊ ထောင့်ကြီးရွာနေ ငရွှေအုံအိမ်ကို ဓားပြအကြီးပြုလုပ် တိုက်ခိုက်သူ ငရွှေပုံ၊ ငမြတ်သာ ခေါ် ငမြတ်မှုံတို့ နိုင်ငံတော် မင်းလှရွာ ကုန်သည်တန်းတွင် ခိုဝင်ရှိနေကြောင်း ထောက်လှမ်းကြားသိ ရ၍ ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁။ ၂၀ ဒီဇင်ဘာ ၁၈၇၈ ၂။ ၈ ဖေဖော်ဝါရီ ၁၈၇၉ ဖြစ်မည်။ ၃။ ၂၄ နိုဝင်ဘာ ၁၈၇၈ ၄။ ၂၇ ဇန်နဝါရီ ၁၈၇၉ ဖြစ်မည်။

၁၂၄၀၊ တပို့တွဲလဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ (ပထမ) ပေးစာ။

၂၁။ ။ ဓားပြ ငရွှေပုံနှင့် ငမြတ်သာခေါ် ငမြတ်မှုံတို့ ဝန်စုပါ မြို့ရွာနယ်ပယ်တွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မလွန် ၄ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တပို့တွဲလဆန်း ၈ ရက်နေ့။

မလွန် ၄ မြို့ဝန်သို့ ပေးမှာစာ။

၂၂။ ။ ဓားပြ ငရွှေပုံနှင့် ငမြတ်သာခေါ် ငမြတ်မှုံတို့ မင်းလှရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၃၅၁ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၂]။

မလွန် ၃ မြို့ဝန်က လျှောက်ကြေးနန်း။

၁။ ။ ဓားပြ ငရွှေပုံ၊ ငမြတ်မှုံတို့ မင်းလှရွာ ကုန်သည်တန်းတွင် မရှိမနေကြောင်း၊ ရှိနေသူ အောက်မြို့သား ငစံပေါ်၊ ဘဲတို့အနက် ဘဲမှာ ပြန်သွား၍ ငစံပေါ်ကိုသာ ပို့အပ်ပါကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၇ ရက်နေ့[၃]။

၂။ ။ ဓားပြ ငရွှေပုံတို့ အကြောင်းအရာကို မလွန် ၃ မြို့ဝန်က [အထက် (၁) မှတ်အတိုင်း] လျှောက်ထားရှိကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကာလကတ္တားမြို့တွင် အထက်နေထိုင် ထမ်းရွက်စေသူ စာရေးကြီး မဟာမင်းလှကျော်ထင်စည်သူအစား လဲလှယ်ထမ်းရွက်စေသည့် စာရေးကြီး မဟာမင်းလှသင်္ခယာကို အိန္ဒိယဘုရင်ခံမင်းက ကောင်းမွန်စွာ လက်ခံကြည့်ရှုအောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ မဟာဗောဓိညောင်တော်ကို ဘုရားဘိုးတော် မင်းတရားကြီးဘုရား အထူးထူးသော အလှူတို့ဖြင့် လှူဒါန်းတော်မူသည့် အကြောင်းအရာကို မဟာဗောဓိအနီး ကမ္ပည်းကျောက်စာ တည်လုပ် စိုက်ထူရှိသည့်အတိုင်း ဘုရားခမည်းတော် လှူဒါန်းတော်မူသည့် အကြောင်းအရာ ကျောက်စာကိုလည်း မဟန္တကီဇော်ဂီတိုက်ဝင်း အတွင်းရှိ ကျောက်စာထား အုတ်ပြာသာဒ်တော်တွင် စိုက်ထူရန် စေလွှတ်မည့်အကြောင်း။ ၎င်းကျောက်စာ လက်ခံကိုလည်း အရေးပိုင်မင်း ဝမ်းမြောက်ရန် ပို့လိုက်ကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ပျဉ်းမနားမြို့ နင်းကြမ်းရွာနေ တရုတ် ငစစ်ပိုင်၊ မယား မိဘွားတို့ တောင်ငူမြို့ကအပြန် လမ်းခရီးတွင် တိုက်ခိုက်ထွက်ပြေး၊ ကျောက်တိုင်တောင်ဘက် ဝါးရုံလဲရွာတွင် တွေ့မိ၍ ၎င်းရွာ တပ်မိုလ်ငသင်းထံ တိုင်တန်း အပ်ထားရှိကြောင်းနှင့် တောင်ငူ ရမည်းသင်း ၂ မြို့ဝန်က လျှောက်ထားသူ နင်းကြမ်းရွာနေ ငကြူး၊ နိုင်ငံတော် သစ်ကြိမ်ကင်းတပ်မှူး ငကျော်၊ အပေါင်းပါ ငရွှေလှ၊ ငလှိုင်း၊ ငရွှေစ၊ ငအောင်လှ တို့ကို မဟာမိတ်လက္ခဏာနှင့်အညီ တောင်းခေါ်ပေးအပ်မည့် အကြောင်း။

---

၁။ ၃၀ ဇန်နဝါရီ ၁၈၇၉ ၂။ ၉ မတ် ၁၈၇၉ ၃။ ၂၀ မတ် ၁၈၇၉ ၄။ ၁၄ ဖေဖော်ဝါရီ ၁၈၇၉

ရာပြည့်စာအုပ်တိုက်

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ သံဝင်းတန်းတွင် ချုပ်ထားသူ သရက်ကာစင် ထွက်ပြေးရာ၊ တန်းခေါင်း အမှုထမ်းတို့က မြန်မာတရားသူကြီး အမိန့်မရသေးဆို၍ မဖမ်းမဆီးကြောင်း၊ သရက်ကာစင် ချုပ်ထားရာ စောင့်နေသူမှာ အိမ်င်းသူ ဖြစ်၍ မဖမ်းဆီးနိုင်ရှိကြောင်း၊ သို့ဖြစ်၍ အမှုထမ်းတို့က မြန်မာတရားသူကြီး အမိန့်မရသေးဆို၍ ဆိုင်းငံ့မရှိရအောင်၊ အိမင်းသူတို့ကိုလည်း မထားရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ တွဲဖက်ရုံးတွင် ချုပ်ထားသူတို့ကို စောင့်ရှောက်ရန် တန်းခေါင်း၊ အမှုသည် အချုအခေါ် စေခိုင်းသည့် လုလင်တို့ကို နေရာကျဖြစ်အောင် အရေးပိုင်မင်းနှင့် တိုင်ပင်ပြုလုပ်ရမည် တွဲဖက်ရုံး မြန်မာတရားသူကြီး မြို့သာဝန်ထောက်တော်မင်းသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

မိဘုရား လျှောက်ချက်။

၈။ ။ ကျွန်တော်မလင်၊ စကြာယဉ်မှုန် သဘော်တော်ကပ္ပိတန် ငနီး ရှုံးသွပ်ရှိရာ ဓနုဖြူမြို့နေ ငနီးညီ ငလင်းက ခေါ်ယူ၊ မြို့တော်သို့ ခေါ်ယူကုသလိုသော်လည်း မထည့်မအပ် မကုသရရှိ၍ ထည့်အပ်ရန် တွဲဖက်ရုံး အမိန့်လက်မှတ် ရရှိအောင် မစပါမည့် အကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ စကြာယဉ်မှုန် သဘော်တော် ကပ္ပိတန်ငနီး မယား မိဘုရားက [အထက် (၈) မှတ်ပါအတိုင်း] လျှောက်ထားရှိ၍ ဓနုဖြူမြို့နေ ငလင်းကဖြစ်စေ၊ အခြားသူတို့ကဖြစ်စေ တားဆီးမရှိ၊ မယားမိဘုရားက လင်ငနီးကို ခေါ်ယူနိုင်အောင် သင့်ရာစာပေး မှာထားမည့်အကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၂]။

ရန်ကုန် အရေးပိုင်မင်းကြီးသို့ ပေးစာ။

၁၀။ ။ ရန်ကုန်မြို့တွင် ကုန်တော်မှုနှင့် အထက်ထမ်းရွက်စေသူ စာရေးတော်ကြီးအစား လဲလှယ်ထမ်းရွက်စေသူ သူဌေး မဟာသီရိဘောဂသာရကို မဟာမိတ် လက္ခဏာနှင့်အညီ စောင်မကြည့်ရှုလိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၂]။

မြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ရန်ကုန်မြို့တွင် ကုန်တော်မှုနှင့် လဲလှယ်ထမ်းရွက်စေသူ သူဌေး မဟာသီရိဘောဂသာရကို ရန်ကုန်မြို့ အရေးပိုင်မင်းကြီးက စောင်မကြည့်ရှုအောင် သင့်ရာစာပေးမည့် အကြောင်း။

---

## ၃၅၂ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ နိုင်ငံတော်က မဟာမိတ် မြဲမြံခိုင်ခံ့ တိုးတက်ကြောင်းကို အစဉ်ကောင်းမွန်စွာ အားထုတ်ရှိသည်ဖြစ်၍ ကပ္ပိတန် ပတ္တိဆင်နှင့် တလုပ်မြို့ဝန်တို့ ဖြစ်ပွားမှု အကြောင်းအရာ အရေးပိုင်မင်း ပေးစာတွင် အထက်

၁။ ၂၃ ဖေဖော်ဝါရီ ၁၈၇၉ ၂။ ၁၂ မတ် ၁၈၇၉ ၃။ ၃ ဇန်နဝါရီ ၁၈၇၉

ပေးပို့သည့် မှတ်ချက်အတိုင်း ပြုလုပ်မည် မပြုလုပ်မည် စာပြန်မည့် အကြောင်းအရာ စကားပါသည်ကို နှမြောကြောင်း။ ၎င်းတို့အမှုကို အထက်ပေးစာပါအတိုင်း ကပ္ပိတန်ကို စေလွှတ် လာရောက်ကာလ အပြစ်ထိုက်သက်ရာ ရွေးချယ်စီရင်မည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့။

၁၈၇၈ ခု၊ နိဝင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့ မြို့သာဝန်ထောက်မင်း လာရောက်၍ ညောင်ရမ်းစားတို့ကို အင်္ဂလိပ်နယ်မြေသို့ လမ်းခရီး ချမ်းသာစွာ သွားနိုင်ကြောင်းကို အရေးပိုင်မင်း မေးမြန်းသည့်အရ ပြန်ပြောသည့် စကားသည် မြန်မာအစိုးရတို့ အလိုအတိုင်း ပြောဆိုသည့် စကားပင် ဖြစ်သည်၊ အလွတ်သူ စကား ဖြစ်သည်၊ မည်သို့ စွဲမြဲမှတ်ယူရမည်ကို စာပြန်ပါမည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မြို့သာဝန်ထောက်မင်းနှင့် တွေ့ကြုံပြောဆိုသမျှ စကားတိုင်း မြန်မာအစိုးရမင်းတို့ စကား မှတ်ယူရန် မရှိ၊ မြန်မာအစိုးရမင်းတို့ စကားဖြစ်ကြောင်းနှင့် ဝန်ထောက်မင်းက သီးခြားထုတ်ဖော် ပြောဆိုသည့် စကားကို မြန်မာအစိုးရမင်းတို့ စကားဖြစ်သည် မှတ်ယူရန် ရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အိမ်ရှေ့မင်းသား ပတိမ်းစားဟောင်းနှင့် ကန္နီမင်းသမီးတို့ သားငယ်ကို အထိန်း မိစီတို့ တိတ်တဆိတ် ခေါ်သွားပြီးလျှင် ပြည်မြို့တွင် ခိုဝင်နေထိုင်ရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့[3]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ သက္ကယ်ပြင်ကင်း အကြောင်းအရာ ပေးစာတွင် ရန္တပိုစာချုပ်အရ ရိုးမတောင်တန်းသည် အင်္ဂလိပ်နယ်နှင့် မြန်မာနယ် အပိုင်းအခြား ဖြစ်ကြောင်းနှင့် ပါသည်မှာ ပုဂံမင်းလက်ထက် စစ်ဖြစ်ပြီးနောက် ၁၂၂၄ ခုနှစ် တစ်ကြိမ်၊ ၁၂၂၉ ခုနှစ် တစ်ကြိမ် ချုပ်ဆိုသည့် မဟာမိတ် စာချုပ်အနက် ၂၉ ခုနှစ် မဟာမိတ်စာချုပ် တေရသမ အချက်တွင် ၂၄ ခုနှစ် ချုပ်ဆိုသည့် စာချုပ်ကိုသာ ၂ ဦးက မပယ် တည်ငြိမ်ရမည်ပါ၍ ရန္တပိုစာချုပ်ကို စဉ်းစားရန်ရှိကြောင်း။ ယခု ရေးသားသည့်ပုံစံ၊ အုပ်စိုးမြဲနယ်မြေကို ဆင်ခြင်ရာ သက္ကယ်ပြင်ကင်းသည် နှစ်ပေါင်း ၉၀ ကျော် မြန်မာအစိုးရပိုင် စလင်းမြို့နယ် ဖြစ်ကြောင်း။ နယ်ပယ်စပ်သည်မှာ ထွက်တုံဝင်တုံသာများ၍ အစဉ်စိုးအုပ်မြဲ စိုးအုပ်ကြသည်ကို သဘောထားမည့်အကြောင်း။ ၎င်း ကင်း အကြောင်းကို ၂ ဦး ၂ ဖက်က စေလွှတ်ပုံစံ ရေးသားကြည့်ရှု ရွေးချယ်ရမှ နေရာကျမည် ထင်မြင်ကြောင်း။ နေရာမကျမီ ရှိမြဲရှိစေ၍ နယ်ပယ်မှု ဖြစ်သည့်အတိုင်း ဆေးဆေးလေးလေး ပြုလုပ်ကြရမှသာ နေရာကျရန် ရှိကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၈ ခု၊ နိဝင်ဘာလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် ရန္တပိုစာချုပ်ကို ငြင်းပယ်လိုသည် မလိုသည် မကွဲပြား၍ ကွဲပြားအောင် စာပြန်မည့်အကြောင်း။ ဒုတိယစစ်ဖြစ်ပြီးနောက် ၂ ကြိမ် ချုပ်ဆိုသည့် စာချုပ်များမှာ ရောင်းဝယ်မှုနှင့်သာ ဆိုင်ကြောင်း။ ရန္တပိုစာချုပ်၊ သောင်သွပ်နယ်မြေအကြောင်းနှင့် ၁၈၃၄ ခုနှစ် စာချုပ်များကဲ့သို့ အခြား အရေးအကြောင်းနှင့် ချုပ်ဆိုသည့် စာချုပ်များကို ၎င်းစာချုပ်တွင် ဖော်ပြရန်မရှိ၊ မဖော်မပြသော်လည်း

[1]။ ၁၀ နိဝင်ဘာ ၁၈၇၈ [2]။ ၁၅ နိဝင်ဘာ ၁၈၇၈ [3]။ ၁၈ နိဝင်ဘာ ၁၈၇၈

ငင်းစာချုပ် ခိုင်မာလျက် ရှိသည်ဖြစ်၍ ရန္တပိုစာချုပ်ကို ကွဲပြားအောင် စာပြန်မည့်အကြောင်း။ ဝန်ရှင်တော်မင်းကြီးက နယ်စပ်သို့ အရာရှိစေလွှတ်ရန် ပြောဆိုသည်ကို ဘုရင်ခံထံ လျှောက်မည့်အကြောင်း၊ သို့ရာတွင် နယ်ပယ်ပိုင်ဆိုင်သည့်အရာကို ဘုရင်ခံမင်းမြတ်က မေတ္တာနှင့် ဆင်ခြင်စေလိုလျှင် မြန်မာအစိုးရမင်းတို့က မေတ္တာသဘော ထားသည်ကို တင်ရင်ပြသ၍ အထက်မကြာမီ နှစ်များက ထားသည်မှန်ကြောင်းနှင့် မြန်မာအစိုးရတို့ အဆိုရှိသည့် သက္ကယ်ပြင်ကိုသာ နုတ်သိမ်းမည့်အကြောင်း။

၁၂၄၀၊ ပြာသိုလဆန်း ၂ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ ရန္တပိုစာချုပ် ချုပ်ဆိုကြသည့်အတိုင်း နှစ်ပေါင်း ၂၀၀ ကျော်တိုင် တည်တံ့ရှိသည်ကို ဘုရားဘကြီးတော် ပုဂံမင်းလက်ထက် စာချုပ်ကို မတည် စစ်ဖြစ်ပြီးနောက်၊ ဘုရားခမည်းတော် လက်ထက်တွင်မှ ပထမ မဟာမိတ်စာချုပ် ချုပ်ဆိုရသည်ဖြစ်၍ ရန္တပိုစာချုပ် တည်သင့် တည်ထိုက်သေးသည် မြန်မာအစိုးရတို့က အယူမရှိကြောင်း။ သက္ကယ်ပြင် ကင်းအကြောင်းကို ၂ ဖက်က အရာရှိစေလွှတ်၊ ပုံစံကြည့်ရှု ရွေးချယ်ရမှ နေရာကျရန် ရှိကြောင်း၊ သည်ကဲ့သို့ နေရာမကျမီ ကင်းကို နုတ်သိမ်းနိုင်ရန် မရှိကြောင်း။

၁၂၄၀၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ အခြားနိုင်ငံကြီးများတွင် ထားသည့် ကိုယ်စားတော် အရေးပိုင်တို့တွင် ပေးအပ်မြဲအတိုင်း အရေးပိုင်မင်းသို့ ဂုဏ်သရေရှိရန် ပေးအပ်သည့် အစောင့်အရံ လက်နက်ကိုင်လူတို့ အစိုးရသဘော်နှင့် ဇန်နဝါရီလ ၂၄ ရက်၊ ၂၅ ရက်တွင် ဆိုက်ရောက်မည့်အကြောင်း။

၁၂၄၀၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ နိုင်ငံတော်အတွင်း အစောင့်အရံ လက်နက်ကိုင်လူ ထားသည် ဆိုသည့်အရာသည် မြဲမြံသော ဥပဒေကြီးဖြစ်၍ ၎င်းဥပဒေကြီးကို မလွန်နိုင်သည် တစ်ကြောင်း၊ ၁၂၂၄ ခုနှစ်၊ ၂၉ ခုနှစ် မဟာမိတ် စာချုပ်တွင် အစောင့်အရံ လက်နက်ကိုင်လူ ထားရမည် မပါသည် တစ်ကြောင်းများကြောင့် ခွင့်မပြုနိုင်သည်ကို နှမြောကြောင်း။ ၂ ဦး ၂ ဖက် ငြိုငြင်မရှိရန် သဘောထား၍ လက်နက်ကိုင်လူထားရန် ထပ်မံပြောဆို၊ လက်နက်ကိုင်လူ ထားရန် အခွင့်မရှိကြောင်း။

၁၂၄၀၊ တပို့တွဲလဆန်း ၂ ရက်နေ့[2]။

စုံညီ ညှိနှိုင်းချက်။

၁၀။ ။ အစောင့်အရံ လက်နက်ကိုင်လူထား စကားကို အစွဲပြု၍ တစ်ဦးတစ်ဦး ပြန်လှန်ပြောဆို မကြည်မသာ ရှိလျှင် မသင့်သည့်အခါ ဖြစ်သည်တစ်ကြောင်း၊ နိုင်ငံတော်အင်အား တိုးတက်ငြိမ်ဝပ်အောင် အားထုတ်သိမ်းပိုက်သင့်သည့်အခါ၊ ပြုခွင့်ပြုဖွယ် များသည့်အခါ၊ တစ်ဦးနှင့်တစ်ဦး အကြည်အသာ ဖြစ်သင့်သည့်အခါ ဖြစ်သည် တစ်ကြောင်းများကို ထောက်၍ အစောင့်အရံလူ ၅၀ ထက် မများစေရ ထားခွင့်ပြုသင့်သည် ထင်ကြောင်း စုံညီညှိနှိုင်းချက်။

၁၂၄၀၊ တပို့တွဲလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ၁၂၂၄ ခုနှစ်၊ ၂၉ ခုနှစ် မဟာမိတ်စာချုပ် ၂ ရပ်တွင် အစောင့်အရံ လက်နက်ကိုင်လူ ထားရမည် မပါမရှိ၊ ခမည်းတော် လက်ထက်တော်က ရှေ့လက်ထက်တော်တိုင် ထားမြဲမရှိသော်လည်း မဟာမိတ်အဖြစ် ထင်ရှားအောင် ထားခွင့်ပြုကြောင်း၊ အစောင့်အရံ လူတို့ကို တားဆီးမရှိရန် ဆင့်ဆိုမည်ဖြစ်၍ မဆန့်တက်မိ စာပေးမည့်အကြောင်း။

---

[1] ၂၄ ဒီဇင်ဘာ ၁၈၇၈ [2] ၂၃ ဇန်နဝါရီ ၁၈၇၉

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ ဗန်းမော်မြို့တွင် ထားရန် အစောင့်အရံ လက်နက်ကိုင်လူ ၃၀၊ မန္တလေးမြို့တွင် ထားရန် အစောင့်အရံတို့ လက်နက်ကိုင်လူ ၂၅ တို့ ယခုလပြည့်ကျော် ၁၀ ရက်နေ့ တောကျောင်းက ဆန်တက်လာမည့်အကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ အရေးပိုင်မင်း ပေးစာအရ အစောင့်အရံ လက်နက်ကိုင် လူတို့ ဆန်တက်လာလျှင် တားဆီးမရှိစေရန် မလွန် ၃ မြို့ဝန်၊ စစ်ကဲတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့။

မလွန် ၃ မြို့ဝန်သို့ ပေးမှာစာ။

၁၄။ ။ မြို့တော်ရှိ အရေးပိုင်မင်းက အစောင့်အရံ လက်နက်ကိုင်လူ ထားခွင့်ပြုပါမည့် အကြောင်းနှင့် ပေးစာအရ ခွင့်ပြုရှိ၍ အင်္ဂလိပ် လက်နက်ကိုင်လူတို့ ဆန်တက်လာလျှင် တားဆီးမရှိစေရ၊ ထုံးစံရှိရာ ကြည့်ရှုမှတ်သား၍ မြို့ရွာနေလူတို့ မထိတ်မလန့်စေရ ဆန်တက်စေပြီးလျှင် အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၅။ ။ သားတော် သမီးတော်များမှစ၍ အခြားသူတို့ကို သတ်ဖြတ်သည် စက်ဆုပ်ရွံရှာဖွယ်ကို ကြားသိရကြောင်း။ ဥရောပတိုက် အရပ်ရပ် နိုင်ငံတို့က စက်ဆုပ်ဖွယ် ကြားသိမည့်အရာ၊ သည်ကဲ့သို့ သတ်ဖြတ်ခြင်းပြုသူတို့ကို အရေးပိုင်မင်း သိသာအောင် အခွင့်အခါ မရသော်လည်း ကျန်လူတို့ကို ချမ်းသာရန် ဝန်ရှင်တော်မင်းကြီးက အထူး စောင့်ရှောက်မည့်အကြောင်း။ နောင် ပိုမိုသတ်ဖြတ်ခဲ့လျှင် အင်္ဂလိပ် အလံတော်ကို ဆက်လက် ထူထောင်ထားရန် မသင့်မလျော် ဖြစ်မည့်အကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ မြန်မာနိုင်ငံသည် မကိုဋ္ဌဆောင်းဘုရင် သီးခြားအုပ်စိုးသည့်နိုင်ငံ ဖြစ်သည့်အတိုင်း တိုင်းပြည်နိုင်ငံ ရှုပ်ထွေးရန်ရှိလျှင် တိုင်းပြည်နိုင်ငံ ထုံးစံရှိရာကို တိုင်းကျိုးပြည်ကျိုး သာသနာကျိုးနှင့် စပ်၍ အကျိုးအပြစ် ထင်မြင်ရာပြုမြဲဖြစ်သည် တစ်ကြောင်း၊ တိုင်းပြည်နိုင်ငံ ရှုပ်ထွေးမည့်အရာဖြစ်က တစ်စုံတစ်ရာ ပြစ်တင်ရှိမည်ကို ငဲ့ညှာသင့်သည် မဟုတ်၊ တိုင်းပြည်သာသနာ အကျိုးရှိရာကိုသာ ပြုသင့်သည် တစ်ကြောင်း ဖြစ်၍ တိုင်းနိုင်ငံအကျိုး နိုင်ငံထုံးစံရှိရာ ပြုလုပ်သည့်အမှု ဖြစ်သည် သဘောထားမည့်အကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၁ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ ဆွေတော်မျိုးတော် မိန်းမသူငယ်မှစ၍ ကြွင်းကျန်သူတို့ကို အသက်ဘေးမှ ချမ်းသာရန် နေထွက်ဘုရင်ထံ တင်လျှောက်ရမည် ဘုရင်ခံမင်းအမိန့်ကို နာခံပါရ၍ တင်လျှောက်ပါမည့်အကြောင်း၊ ကြွင်းကျန်သူတို့ အနက် နိုင်ငံတော်တွင် မနေစေလို၍ အရေးပိုင်မင်းသို့ ပေးအပ်သူတို့ကို မြန်မာမင်းတို့ ကြောင့်ကြကင်းရာသို့ ပို့ထားမည့်အကြောင်း။

---

၁။ ၇ ဇန်နဝါရီ ၁၈၇၉ ဖြစ်မည်။

၁၂၄၀၊ တပေါင်းလဆန်း ၂ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ ပဥ္စမသင်္ဂါယနာတင် နေထွက်ဘုရင်၏ သားတော်၊ သမီးတော်၊ မြေးတော်တို့အတွက် အိန္ဒိယအစိုးရ အမည်နှင့် နေထွက်ဘုရင်ထံ ပြောဆိုရမည် ဘုရင်ခံမင်းအမိန့် ရရှိနာခံပါ၍၊ ထပ်မံသတိဖြတ် မရှိရအောင် ဝန်ရှင်တော်မင်းကြီးက ရေးခွင့်ကြီးစွာ တင်လျှောက်ပါမည့် အကြောင်းကို ရေးခွင့်ကြီးစွာ ပြောဆိုပါကြောင်း။

၁၂၄၀၊ တပေါင်းလဆန်း ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ မြန်မာမင်းက အင်္ဂလိပ်မင်းနိုင်ငံ သာယာခြင်းကို တောင့်တကြောင်း၊ အင်္ဂလိပ်မင်းကလည်း မြန်မာမင်းနိုင်ငံ သာယာခြင်းကို တောင့်တလိမ့်မည် ယုံကြည်ကြောင်း၊ ရှင်းလင်းသိမ်းဆည်းသည့် အရာလည်း ရှုပ်ထွေးရန်ရှိလျှင်သာ သိမ်းဆည်းရကြောင်း။ နိုင်ငံတော်တွင် မနေစေလိုသူတို့ကို သိမ်းထားမည် စာတွင် ပါသည်မှာ မဟာမိတ်လက္ခဏာနှင့်ပြီညီ၍ ဝမ်းမြောက်ကြောင်း။

၁၂၄၀ နှစ်၊ လက်ခံသန့် ပုရပိုက်ဆူရေ ၁၀ ပြီး၏။

---

၁၂၄၀ နှစ်၊ လက်ခံသန့် ပုရပိုက်တွင် ကောက်နုတ်ပြီး စာများကို ချန်၍ လက်ခံကြမ်းမှ ကောက်နုတ်ချက်။

## ၃၅၃ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

၁၈၇၆ ခု၊ မတ်လ ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို ဘိုးကျော်နှင့် တရားခံ ကာရမတ်တာလီတို့ ငွေမှုတွင် တရားခံက သက်သေတင်ပြသူ ပွဲစားတော် မောင်အောင်ဘနှင့် အကောက်ဝန် ဘောဂမနေရာဇာတို့ကို ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့ပါမည့် အကြောင်း။

၁၂၄၀၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ပွဲစားတော် မောင်အောင်ဘနှင့် အကောက်ဝန် ဘောဂမနေရာဇာတို့ကို ပို့ရောက်သည့် မေးခွန်းအတိုင်း မေးမြန်း ပို့လာစေကြောင်း။

ပွဲစားတော် မောင်အောင်ဘ ထွက်ချက်။

(က) တရားလိုကိုသိ။ (ခ) ၎င်းမိဘကို မသိ။ (ဂ) ၎င်းဘမိဆွေမျိုးတို့ ရန်ကုန်သို့သွားသည်ကို မသိ။ (ဃ) တရားလိုက ကုလားတစ်ဦးတွင် ငွေစွဲလျှောက်သည်ကို ကြားသိ။ (င) ၎င်းအမှု မည်သူစီရင်သည် မသိ။ (စ) ၎င်းအမှုတွင် မည်သို့ မထင်နိုင်။ (ဆ) ၎င်းအမှုကို ကျွန်တော် မစီရင်ပါ။ (ဇ) သရက်ယူဆင် ကျောက်ပွဲစားလုပ်သည်ကို သိ။

အကောက်ဝန် ဘောဂမနေရာဇာ ထွက်ချက်။

(က) တရားလို တရားခံကို သိ။ (ခ) ---- တရားခံပြော၍သိ။ (ဂ) တရားလိုနှင့် ၎င်းအမှုကို ပြောဖူးသည်။ (ဃ) တရားခံအပေါ်တွင် မဟုတ်မမှန် တရားစွဲမှုကို နုတ်သိမ်းပါ၊ ငွေ ၁၀ဝိ ပေးပါစေမည် တရားလိုသို့ ပြောရာ၊ ၅၀ဝိ ရလျှင် နုတ်သိမ်းမည် ပြန်ပြောသည်။ (င) သက်သေ သရက်ယူဆင်နှင့် ပြောဖူး

---

၁။ ၁၆ မတ် ၁၈၇၈ ဖြစ်မည်။ ၂။ ၁၆ ဇူလိုင် ၁၈၇၈

သည်။ (စ) သရက်ယူဆင်ကို မဟုတ်မမှန်မှုတွင် သက်သေမခံပါနှင့် ပြောရာ၊ တရားလိုက ငွေ ၂၀ဝိ ပေးမည်ပြောသည်၊ တရားခံက ငွေ ၃၀ဝိ ပေးအောင် ပြောဆိုပေးလျှင် အမှုကို နုတ်သိမ်းရန် ပြောမည် ပြန်ပြောသည်။ (ဆ) ၎င်းအမှုနှင့်စပ်၍ ဟာကြင်သာတက်ဆိုသူ ပြောသည်မှာ မဟုတ်မမှန် စွဲသည်ကို အကုန်သိ၊ တရားခံက ငွေ ၂၀ဝိ ပေးလျှင် တရားလိုနှင့်အတူ နုတ်သိမ်းပါမည် ပြောသည်။ (ဇ) အတွင်းတော်တွင် ရောင်းကုန်ဖိုးငွေမှာ ကုန်ကိုပင်ပေးမည်ကြားသိ။ (ဈ) ပတ္တမြား ကျောက်နှင့် လဲမည် အတွင်းတော်က ပြောသည်ကို ကြားသိ။ (ည) တရားခံက ပတ္တမြားကို အလိုမရှိ ပြောသည်ကို ကြားသိ။ (ဋ) ယခုအမှု မမှန်သက်သေတို့နှင့် ပူးပေါင်းလုပ်သည်ကို သိ။ (ဌ) တရားလိုနှင့် သရက်ယူဆင်တို့ တိုင်ပင်ပြုလုပ်။ (ဍ) တရားလိုလည်း အခြေမရှိ၊ သက်သေလည်း မည်သည့်ပွဲစား လုပ်သည်ကို မသိ။

---

## ၃၅၄ မှတ် ပုရပိုက်ထွက်။

**၁၂၄၀၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့[၁]။**

နောက်ပြင်ခုံတော် လျှောက်ချက်။

၁။ ။ကုလား နီရမိုဟာမတ်က ခဲနှင့် ပစ်ခတ်ကြောင်း လျှောက်ထားရှိ၍ တရားခံ ဘိုးမောင်ကို ခေါ်ရာ အရေးပိုင်က ထည့်မှ လိုက်မည် ပြောဆိုရှိပါ၍ အမိန့်ရှိရာ နာခံပါရမည့် အကြောင်း။

လုလင်အေနန်းခိုင် ထွက်။

(က) ဘိုးမောင်ကို ခေါ်ရာ၊ အရေးပိုင်မင်းက ထည့်မှ လိုက်မည် ပြောဆို၍ ပြန်လာရကြောင်း။

**၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့[၂]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။နီရမိုဟာမတ် လျှောက်မှုတွင် [အထက် (၁) မှတ်ပါအတိုင်း] နောက်ပြင်ခုံတော်က လျှောက်ထားရှိ၍ ဘိုးမောင်ကို ရာဇဝတ်ကြောင်းနှင့် စပ်သည့်အမှု ဖြစ်သည့်အတိုင်း ရှင်းလင်းရန် နောက်ပြင်ခုံတော်ထံ ဆင့်ဆိုစေလွှတ် ရှင်းလင်းစေမည့် အကြောင်း၊ နောင် ဆင့်ခေါ်လျှင် သည်ကဲ့သို့ အပြောအဆို မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

**၁၂၄၀၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။**

**၁၈၇၈ ခု၊ ဩဂုတ်လ ၈ ရက်နေ့။**

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။တရားလို မာလကြမ်းနှင့် တရားခံ နာနာပူစရီတို့ စိန်နားတောင်း ငှားရမ်းမှုကို မြန်မာရုံးတော်က မစီရင်သင့်ဘဲ စီရင်သည်ကို ဝန်ရှင်တော်မင်းကြီး သိရန်ရှိကြောင်း၊ ၎င်းအမှုကို တရားမှု ဖြစ်သည့်အတိုင်း တွဲဖက်ရုံးတွင် စွဲဆိုရန် ဆင့်ဆို လွှဲအပ်လိမ့်မည် ယုံကြည်ကြောင်း။

**၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့[၃]။**

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။မာလကြမ်းနှင့် နာနာပူစရီတို့ စိန်နားတောင်းမှုမှာ သဘောတူ ငှားရမ်းပေါင်နှံသည် မဟုတ်၊ ရရာရကြောင်း ပြောဆိုလိမ်လည် ပေါင်ထား ပေါ်ပေါက်ထင်ရှား၊ တရားမှု မဟုတ်၊ ရာဇဝတ်မှုဖြစ်၍ တွဲဖက်ရုံးသို့ လွှဲအပ်ရန် မရှိကြောင်း၊ နောင် ရာဇဝတ်မှုနှင့်စပ်၍ လွှတ်တော် ရုံးတော် ခုံတော်တို့က ဆင့်ခေါ်လျှင် ယိုးမယ်ပြုလုပ် ပြောဆိုမရှိရအောင် ဆင့်ဆိုသင့်သူတို့ကို နေရာကျ ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၁၀ ဩဂုတ် ၁၈၇၈ ၂။ ၂၂ ဩဂုတ် ၁၈၇၈ ၃။ ၂၅ ဩဂုတ် ၁၈၇၈

၁၂၄၀၊ တော်သလင်းလဆန်း ၄ ရက်နေ့။

၁၈၇၈ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ တွဲဖက်ရုံးတွင် တရားလို မြီဇာဟာမတ်နှင့် တရားခံ ငဘိုး၊ အနန်းခိုင်တို့ အမှုတွင် တရားလိုက ရန္တပိုရွာစားကို သက်သေတည်ပြ ရှိပါ၍၊ ပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်းစာပြန်ပါမည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း ပို့လိုက်သည့် မေးခွန်းအတိုင်း ရန္တပိုရွာစားကို မေးမြန်းပို့လာစေကြောင်း။

ရန္တပိုရွာစား ထွက်ချက်။

(က) တရားလိုအိမ်နှင့် ကပ်၍ နေထိုင်ပါသည်။ (ခ) တရားလိုအိမ်အတွင်း အုတ်တော်ကြီးနှင့်တူသည့် အုတ်များ မမြင်ဖူးပါ။ (ဂ) အုတ်တော်ကြီးနှင့် တူသည့်အုတ်များနှင့် တရားလိုအိမ်တွင် လုပ်သည်ကို မမြင်ဖူးပါ။ (ဃ) အုတ်ကို စုပုံထားလျှင် မြင်ရန်ရှိသည်။ (င) နေအိမ်တိုက်ချင်း တစ်ဆက်တည်း ဖြစ်၍ မြင်နိုင်ရန် ရှိ။

---

## ၃၅၅ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

၁၈၇၈ ခု၊ ဩဂုတ်လ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အာကာမန္တလီခိုရာဆာနီက တရုတ်လူမျိုး ငချို ဆိုသူအပေါ်တွင် လျှောက်ထားမှုမှာ အင်္ဂလိပ် ကျွန်တော်မျိုးချင်းအမှု ဖြစ်သည့်အတိုင်း တွဲဖက်ရုံးသို့ လွှဲအပ်ရန် ဆင့်ဆိုမည် ယုံကြည်ကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အာကာမန္တလီခိုရာဆာနီနှင့် တရုတ်လူမျိုး ငချိုသည် မည်သည့် နှစ် လ ရက်နေ့က အင်္ဂလိပ် စာရင်းချုပ်ပြုလုပ်သည်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၇ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ တရားလို ငဘိုးကျော်၊ တရားခံ ကရာမတ်တာလီတို့အမှုတွင် ဝန်ရှင်တော်မင်းကြီးကို ခုံတင်ရန် တွဲဖက်ရုံးတရားသူကြီး ၂ ဦးက သဘောတူပါ၍ လက်ခံစီရင်နိုင်မည် မစီရင်နိုင်မည်၊ လ ရက် မည်မျှနှင့် ပြီးပြတ်နိုင်မည်ကို စာပြန်မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ငဘိုးကျော်တို့အမှုကို စီရင်ရန် တွဲဖက်ရုံးတွင် စွဲဆိုရင်း အဆိုဆင်ခြေ သက်သေထွက်ချက်နှင့်တကွ အမှုတွဲကို ယခုလဆန်း ၁၂ ရက်နေ့ ပေးပို့မည့်အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၄ ရက်နေ့။

၁၈၇၈ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ မာလကြမ်းတို့ စိန်နားတောင်းမှုမှာ ရာဇဝတ်မှု မဟုတ်သည့်အလျောက် ၎င်းအမှု မြန်မာတရားသူကြီး

---

၁။ ၁၂၄၀၊ တော်သလင်းလဆန်း ၂ ရက် ဖြစ်မည်။

စီရင်ချက်တွင် ရာဇဝတ်ပြစ်ဒဏ်ခံရန် မပါကြောင်း၊ သို့ဖြစ်၍ ၎င်းအမှုကို တွဲဖက်ရုံးကသာ စီရင်သင့်ကြောင်း၊ အင်္ဂလိပ် ကျွန်တော်မျိုးများ အပေါ်တွင် ရာဇဝတ်မှုဖြစ်၍ စာပေးလျှင် အရေးပိုင်မင်းက နေရာကျပြုလုပ်မည့်အကြောင်း။ တရားမမှု ဖြစ်လျှင် မြန်မာရုံးတော်များက မစီရင်ရန် ဝန်ရှင်တော်မင်းကြီးက နေရာကျပြုလုပ်မည် မျှော်လင့်ကြောင်း၊ သို့ ပြုလုပ်မှသာ ၂ ဦး မဟာမိတ် တိုးပွားရန်ရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ မာလကြမ်း၊ မယား မိလည်ရောက်ကို ထပ်မံမေးမြန်းရာ စိန်နားတောင်းကို မိတိုသမီး မိပေတို့ အတင်းယူသွားစဉ် မာလကြမ်း မရှိ၍ မလျှောက်ထားနိုင်ရှိကြောင်း။ စာချုပ်ခံသည်မှာလည်း မိတိုသမီး မိပေတို့ အပေါ်တွင် နောင်သက်သေအဖြစ် တင်ပြနိုင်အောင် စာချုပ်ဆိုရကြောင်းနှင့် ထွက်ဆိုရှိကြောင်း။ အမှုရင်းမြစ်ကို ဆင်ခြင်ရာလည်း မာလကြမ်းက စိန်နားတောင်းကို မိတို၊ သမီး မိပေတို့ အတင်းယူသွားကြောင်း လျှောက်ရာ မိတိုက အတင်းမယူပါ၊ မိလည်ရောက်ထံ ငွေချေးကာလ စိန်နားတောင်းကို ပေါင်နှံစားသုံးပါ ဆိုသည်နှင့် ၅၀ဝိ နှင့် ပေါင်နှံ၍ ၂၀ဝိ မိလည်ရောက်သို့ ပေးရကြောင်း ချေဆိုချက်အရ ငွေ ၂၀ဝိ ပေးကြောင်း ရကြောင်းကို မိလည်ရောက်က မပြောမဆိုသည်ကို မာလကြမ်းက ဘာသာကျမ်းကျိန် ထွက်ဆို၍ ရှိသောကြောင့် ၎င်းကျမ်းကျိန်ထွက်ချက်ကို ထောက်၍လည်း ရာဇဝတ်မှု ဖြစ်သည်ကို အရေးပိုင်မင်း သဘောဉာဏ်ရှိသူ ဖြစ်သည်နှင့်အညီ သိမည် မျှော်လင့်ကြောင်း။

---

## ၃၅၆ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရုတ်ခေါ် ခူဆင်စီ၊ မြန်မာခေါ် ချေိုမှာ ၁၈၇၁ ခုနှစ်က အာကာမန္တလီခိုရာဆာနီမှာ ၁၈၇၃ ခုနှစ်က အင်္ဂလိပ် ကျွန်တော်မျိုး စာရင်းချမှတ်သူ ဖြစ်ကြကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရုတ်ချေိုနှင့် အာကာမန္တလီခိုရာဆာနီတို့ အင်္ဂလိပ် စာရင်းချ မှန်သည့်အတိုင်း ၎င်းတို့အမှုကို လက်ခံ၍ မစီရင်ရန် တရားရုံး အစိုးရတို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၁ ရက်နေ့။

၁၈၇၈ ခု၊ စက်တင်ဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ တရားလို ဘိုးကျော်နှင့် တရားခံ ကရာမတ်တာလီ အမှုကို ဝန်ရှင်တော်မင်းကြီး လက်ခံစီရင်မည်ကို ဝမ်းမြောက်ကြောင်း၊ ၎င်းအမှု အဆိုဆင်ခြေ သက်သေထွက်ချက်များကို မြန်မာပြန်ဆိုဆဲ ဖြစ်၍ နောက် တနင်္လာနေ့မှ ပို့လိုက်ပါမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ နောက်လာမည့် တနင်္လာနေ့မှာ သီတင်းနေ့ဖြစ်၍ ဘိုးကျော်တို့ အမှုကို ၎င်းလပြည့်ကျော် ၁ ရက်နေ့မှ စီရင်ဆုံးဖြတ်နိုင်မည့် အကြောင်း။

---

၁။ ၈ စက်တင်ဘာ ၁၈၇၈

၁၂၄၀၊ တော်သလင်းလဆန်း ၁၅ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ချင်းတွင်းခေါ် မီးသင်္ဘော ကပ္ပိတန်မှုနှင့် အရေးပိုင်မင်းကြီး၊ တရားမ အရေးပိုင်မင်းတို့ လာရောက်တွေ့ကြုံရန်၊ အင်္ဂလိပ် သာသနာဆရာ ဂျေဘက်ကိုလဘက်ကို တွေ့ကြုံရန်၊ ဘိုးကျော်တို့အမှုကို စီရင်ရန်မှာ ယခုလပြည့်ကျော် ၁ ရက်နေ့ မခင်ရင်နိုင်သေး၍ ခင်ရင်နိုင်မည့် နေ့ရက်ကို ထပ်မံစာပေးမည့် အကြောင်း။

---

## ၃၅၇ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို မာမတ်တကီက တွဲဖက်ရုံး စီရင်ချက်ကျငွေကို မပေးမကမ်း ခံဝန်သူပေး၍၊ တရားခံ မောင်စံဝ ထွက်ပြေးကြောင်း လျှောက်ထားရှိ၍ မှန်လျှင် ခံဝန်သူထံ ရအောင် တောင်းခံပေးမည့် အကြောင်း။

၁၂၄၀၊ တပို့တွဲလဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မောင်စံဝကို ဖမ်းဆီးပို့အပ်ရန် မလွန် ၄ မြို့ဝန်သို့ ဆင့်ဆိုရှိကြောင်း၊ ခံဝန်သူ မောင်ရွှေထွန်းလည်း အောက်မြို့ကျေးရွာက မပြန် မရောက်သေးကြောင်း။

၁၂၄၀၊ တပို့တွဲလဆန်း ၇ ရက်နေ့[၃]။

မလွန် ၄ မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ဝန်စုပါ မြို့ကျေးရွာများတွင် တွဲဖက်ရုံး စီရင်ချက်ကျငွေကို မပေးထွက်ပြေးသူ မောင်စံဝ ရှိနေလျှင် ထောက်လှမ်းဖမ်းဆီး ပို့အပ်ရမည့် အကြောင်း။

---

## ၃၅၈ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့။

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို သရက်ကေလီက ငွေရရန်ရှိကြောင်း လျှောက်ထားသူ မြန်မာ ကျွန်တော်မျိုး တရားခံ အဝမြို့နေ မိချို။ ငွေမှု တရားလို နာခေါ်ဒါပဟာဇီဇဘွယ်က ငွေရရန်ရှိကြောင်း လျှောက်ထားသူ တရားခံ ၎င်းမြို့နေ ငအစ်တို့ကို တွဲဖက်ရုံးသို့ ဆင့်ဆို စေလွှတ်ပါမည့် အကြောင်း။

၁၂၄၀၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အဝမြို့နေ တရားခံ မိချို၊ ငအစ်တို့ကို ဆင့်ဆိုသာအောင် အဝမြို့ မည်သည့် အရပ်အကွက်နေ ဖြစ်သည်ကို ၎င်းတို့နှင့်အတူနေ မိဘ သားမယား အမည်နှင့်တကွ ထပ်မံစာပြန်မည့် အကြောင်း။

---

၁။ ၁၀ စက်တင်ဘာ ၁၈၇၈ ၂။ ၂၃ ဇန်နဝါရီ ၁၈၇၉ ၃။ ၂၈ ဇန်နဝါရီ ၁၈၇၉

## ၃၅၉ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တပေါင်းလဆန်း ၁၄ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားခံ ဟာဗီမြဲဇာမနူလီနှင့် တရားလို အာကာဟိုစင်တို့ အမှုတွင် ပြသက်သေ ပွဲစားတော် မောင်အောင်ဘ၊ သူဌေး ဂမ္ဘီသာရတို့ကို မေးရန် မေးခွန်းအတိုင်း မေးမြန်းပြန်ပို့မည့် အကြောင်း။

မေးခွန်း ၃။

(က) ဤအမှုကို စီရင်ရာဖြတ်စာကို ဖတ်ပြီးမှ တရားလို လက်မှတ်ထိုးသည်။ လက်မှတ်ထိုးပြီးမှ ဖတ်သည်။ တရားခံက တရားလိုသို့ ငွေပေးရအောင် စီရင်ချက်ရေးမည် ပြောဖူးသည်၊ မပြောဖူးသည်။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အာကာဟိုစင်တို့ အမှုတွင် ပြသက်သေတို့က အများသက်သေထွက်နည်း စရိတ်ငွေ ရမှ မေးမြန်း ခံနိုင်မည် လျှောက်ထားရှိကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အာကာဟိုစင်တို့ အမှုတွင် ပြသက်သေတို့ စရိတ်ကို ပို့လာစေကြောင်း။

---

## ၃၆၀ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ အာကာဟိုစင်တို့ အမှုတွင် ပြသက်သေတို့ကို မေးခွန်းအတိုင်း မေးမြန်း၊ ထွက်ဆိုချက်များကို ပို့လာစေကြောင်း။

ပွဲစားတော် နေမျိုးသီရိကျော်ထင် ထွက်ချက် ၃။

(က) ဖြတ်စာကိုဖတ်ပြီးမှ တရားလို လက်မှတ်ထိုးကြောင်း၊ ဖြတ်စာကို လက်မှတ်ထိုးပြီးမှ အမှုသည်တို့ရှေ့ ဖတ်ကြောင်း၊ တရားလိုသို့ တရားခံက ငွေပေးစေရအောင် စီရင်ချက်ရေးမည် မပြောဖူးကြောင်း။

သူဌေးဂမ္ဘီသာရ ထွက်ချက် ၃။

(ခ) ဖြတ်စာကိုဖတ်ပြီးမှ လက်မှတ်ရေးထိုးကြောင်း၊ လက်မှတ်ထိုးပြီးမှ ဖြတ်စာဖတ်သည်ကို ကြားကြောင်း၊ တရားလိုသို့ တရားခံက ငွေပေးစေရအောင် စီရင်ချက်ရေးမည် ပွဲစားတော် ပြောသည်ကို မကြားကြောင်း။

---

## ၃၆၁ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ နယုန်းတန်ခူးလဆန်း ၇ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁။ ။ စိန်နားတောင်းမှုနှင့် အရေးပိုင်မင်းထံ စာပေးပို့သည့်အတွင်း ၎င်းအမှုကို မြို့သာဝန်ထောက်တော်မင်း စီရင်ချက်အရ စိန်နားတောင်းနှင့် ရရန်ငွေကို တွဲဖက်ရုံးတွင် လျှောက်တောင်းပါရမည့် အကြောင်းနှင့် လင် မာလကြမ်း၊ မယား မိလည်ရောက်တို့က လျှောက်ထားရှိ၍ ခွင့်ပြုကြောင်း။ ၎င်းအမှုကို မြို့သာ ဝန်ထောက်တော်မင်း စီရင်ချက်အရ နေရာကျ ပြုလုပ်လိမ့်မည် မျှော်လင့်ကြောင်း။

---

၁။ ၁၈ မတ် ၁၈၇၉ ၂။ ၂၈ မတ် ၁၈၇၉

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။

၁၈၇၉ ခု၊ မတ်လ ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ အဝမြို့နေ ငွေမှုတရားခံ မိချို၊ ငအစ်တို့အနက် မိချိုမှာ တရားလိုနှင့် သဘောတူ ပြီးပြတ်ကြ၍ ဆင့်ခေါ်ရန် မရှိကြောင်း၊ အဝမြို့ ငန်းစွန်ရွာဈေးတွင် မယား မိရွှေမိ၊ အမိ မိဆုံတို့နှင့် အတူနေ ငအစ်ကိုသာ ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့[၁]။

အဝမြို့ဝန်လျှောက် ကြေးနန်း။

(က) ငအစ်၊ မယားမိရွှေမိတို့ ငန်းစွန်ရွာတွင် ထာဝရနေ မဟုတ်၍ မထည့်အပ်နိုင်ကြောင်းကို သူကြီးတို့ ခံဝန်ချက် ချမှတ်ထွက်ဆိုရှိ၍ မတင်မပို့နိုင်ကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ငအစ်ကို စာပေးတောင်းဆိုရာ ထာဝရနေ မဟုတ်ကြောင်း၊ ယခုလည်း ငန်းစွန်ရွာတွင် မရှိ၍ မထည့်အပ် နိုင်ကြောင်းနှင့် အဝမြို့ဝန်က လျှောက်ထားရှိကြောင်း။

## ၃၆၂ မှတ် ပုရပိုက်ထွက်။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

လာလာမြို့ရဖံက လွှတ်တော် လျှောက်ချက်။

၁။ ။ နင်းကြမ်းနေ ကုလားအလီက ကျွန်တော်ထံ ချေးယူငွေ ၁၀၀၀ိ ကို အတိုးအရင်းနှင့်တကွ ရရန် တောင်းခံ ပေးပါအောင် ဆိုင်ရာသို့ ဆင့်ဆိုပါမည့် အကြောင်း။

၁၂၄၀၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့။

အတွင်းဝန် လယ်ဝန် ယောမြို့စားသို့ ပေးမှာစာ။

၂။ ။ နင်းကြမ်းနေ ကုလားအလီတွင် လာလာမြို့ရဖံက ငွေ ၁၀၀၀ိ ရှိကြောင်း လျှောက်ချက်အတိုင်း မှန်လျှင် နေ့ရက်မကြာ ရရှိအောင် ဆင့်ဆိုတောင်းခံ ပေးအပ်စေရမည့် အကြောင်း။

၁၂၄၀၊ တော်သလင်းလဆန်း ၃ ရက်နေ့[၃]။

မောက်မယ်စော်ဘွား အမတ်တို့သို့ ပေးမှာစာ။

၃။ ။ ဖင်းမယ်မြို့တွင် သီတင်းသုံးနေသည့် ရဟန်းတော် ဦးတိသကို ဗောဓိခင်ကြီး အမည်နှင့် ဖင်းမယ်မြို့က မောက်မယ်မြို့ရောက်၊ မောက်မယ်မြို့က ရွှေမြို့တော်ရောက် လမ်းခရီး မငြိုငြင်စေရ ပင့်ဆောင် ပို့လာ စေရမည့်အကြောင်း။ ဖင်းမယ်မြို့ရှာ အကြောင်းအရာကိုလည်း မှတ်သားခဲ့၍ လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၄၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၄]။

တုလွှတ်ယဉ်ကျော် သဘော်တော်စီး လျှောက်ချက်။

၄။ ။ ရန်ကုန်မြို့ စက်ရုံတော်ကျင်းတွင် တင်ထားသည့် သဘော်တော်ကို နေ့ရက်မကြာ ပြင်ဆင်ပါရအောင် မ စ ပါမည့် အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၇ ရက်နေ့။

မှတ်သားချက်။

၅။ ။ သဘော်တော် ပြင်ဆင်ရန် စရိတ်ငွေကို အခွန်ဝန်က ပေးရမည် ဆင့်ဆိုရှိသည့်အတိုင်း သဘော်တော်စီးက အခွန်ဝန်၊ ကိုယ်စားလှယ်တို့မှာ တောင်းယူပြင်ဆင်ရမည် စာပေးရမည့် အကြောင်း။

---

၁။ ၂၃ မတ် ၁၈၇၉   ၂။ ၂၂ ဩဂုတ် ၁၈၇၈   ၃။ ၂၉ ဩဂုတ် ၁၈၇၈   ၄။ ၁၀ နိုဝင်ဘာ ၁၈၇၈

၁၂၄၀၊ နတ်တော်လဆန်း ၁၃ ရက်နေ့[၁]။

အခွန်ဝန်သို့ ပေးမှာစာ။

၆။ ။ သင်္ဘောတော် ပြင်ဆင်ရန် စရိတ်ငွေကို သင်္ဘောတော်စီးက စာရင်းတင်ပြ တောင်းခံလျှင် နေ့ရက်မကြာ မှတ်သားပေးအပ် လုပ်ဆောင်စေ၍၊ မည်သည့်နေ့ ငွေမည်မျှ ပေးအပ် လုပ်ဆောင်စေသည်ကို လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၃ ရက်နေ့[၁]။

သင်္ဘောတော်စီးသို့ ဆင့်စာ။

၇။ ။ သင်္ဘောတော် ပြင်ဆင်ရန်ငွေကို အခွန်ဝန်ထံ စာရင်းတင်ပြ တောင်းယူပြီးလျှင် သင်္ဘောတော်ကို နေ့ရက်မကြာ ပြီးပြေကောင်းမွန်အောင် ပြင်ဆင်လုပ်ဆောင်၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လဆန်း ၁၄ ရက်နေ့။

ဆင့်စာ။

၈။ ။ ပသီလူမျိုး တရားဟောဆရာ မောင်လှိုတွင် ပါသည့် တရားစာအုပ်နှင့် အဖိုးတန် အထည်အလိပ်များကို လမ်းစဉ်တစ်လျှောက် ကင်းကူးတို့ အစောင့်အနေ အကြီးအကြပ်တို့က တားဆီးနှောင့်ယှက်မရှိ ဆောင်ယူစေရမည့်အကြောင်း။

၁၂၄၀၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၂]။

စလင်း၊ ကျပင်း ၂ မြို့ဝန်သို့ပေး အတွင်းစာ။

၉။ ။ စလင်း၊ ကျပင်း ၂ မြို့ဝန်ဟောင်း သောထွန်းသည် ညောင်ရမ်းစား၊ ညောင်အုပ်စား၊ ရေနံ့သာစားဟောင်းတို့နှင့် ပူးပေါင်းကြံစည်မည်။ ၎င်းတူ တောင်ငူစစ်ကဲဟောင်း ငငယ်၊ စလင်းစစ်ကဲဟောင်း ငလေးအို၊ ၎င်းအစ်ကို ဝန်စာရေးမောင်ကြီး၊ ရာဇဝတ်စာရေး သောထွန်း၊ ညောင်ရွာသူကြီး ငရွှန်း၊ စလင်းဝန်ဟောင်း ဘထွေး ဝန်စာရေး ငဆိုင် သမီးယောက်ဖ၊ ညောင်ရမ်းစား အကြီးစာရေး ငလူကလေး၊ ၎င်းလူ ရွာခိုင်သူကြီး ငကျွန်း၊ ရေနံ့သာစားဟောင်းသမက် ဆည်စာရေးဟောင်း ငစံ၊ ၎င်းညီ ငရွှေမြ၊ ၎င်းလူ မုံတလည်ရွာသူကြီး ငညွန့်၊ မင်းရွာသူကြီး သောရောက်၊ သမန်းရင်းရွာသူကြီး ငမိုးသီးတို့ကို ပေါင်းသင်း၍ သေနတ်၊ ဓား၊ လှံ၊ စိန်၊ လက်နက်ကိရိယာများ လုပ်ဆောင်ပြင်ဆင်ကြောင်း။ ၎င်းပိုင် ရွှေငွေများကို ကျောက်တိုင်တောင်ဘက်သို့ပို့ကြောင်း ကြားသိရ၍ စာပါလူတို့အနက် ရွှေဘွားတော်အောက်ရှိ လူများပြင် ၂ မြို့နယ်အတွင်းရှိ လူတို့ကို ဖမ်းဆီးချုပ်ထား၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၃]။

အမိန့်တော် မှတ်သားချက်။

၁၀။ ။ အီတာလျံနိုင်ငံသို့ ပြန်လိုသူ သေနတ်စက်ဆရာ စကာလာသို့ ပေးရန် ရန်ပုံလခငွေ တစ်လ ၆၀၀ ကျ ၈ လသင့် ၄၈၀၀ိ၊ ပြန်စရိတ် ၁၂၀၀ိ၊ ၂ စုငွေ ၆၀၀၀ိ ကို ရက်ကန်းစက်ဆရာ ကာနက်ပက တိုးပွားမရှိ စိုက်ထုတ်ပေးနှင့်ပါမည် လျှောက်ချက်အရ စိုက်ထုတ်ပေးနှင့်စေပြီးလျှင် ၎င်းငွေအစား ကာနက်ပသို့ သနားတော်မြတ်ခံစေမည် စာပေးအပ် ပေးကမ်းပါစေမည့်အကြောင်း အမိန့်တော်ခံရာ သင့်ပြီ အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၃]။

ရက်ကန်းစက်ဆရာသို့ ဆင့်စာ။

၁၁။ ။ ရက်ကန်းစက်ဆရာ ကာနက်ပ တင်လျှောက်ချက်အတိုင်း သေနတ်စက်ဆရာ စကာလာသို့ ငွေ ၆၀၀၀ိ စိုက်ထုတ် ပေးနှင့်ရမည့် အကြောင်း။

၁၂၄၀၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၂။ ။ ကျောက်တိုင်အနီးအစပ် မြို့ရွာများတွင် လူလက်နက် တိုးတက်ထားမည့် အကြောင်းနှင့် အရေးပိုင်မင်းက

၁။ ၆ ဒီဇင်ဘာ ၁၈၇၈ ၂။ ၇ မတ် ၁၈၇၉ ၃။ ၂၅ မတ် ၁၈၇၉

တိုင်ကြားပြောဆိုရှိ၍၊ တိုးတက်ထားသည်ကို ထိန်းအုပ်စု မြို့ရွာများမှာ ကြောက်ရွံ့ထိတ်လန့် မရှိရအောင်၊ လူဆိုးလူသွမ်းတို့ ခိုးယူတိုက်ခိုက် ထကြွမရှိရအောင်၊ ထိန်းအုပ်စု မြို့ရွာနေလူတို့ အကြောင်းမဲ့ ကျောက်တိုင်တောင်ဘက်သို့ ကူးသန်းသွားလာ တစ်စုံတစ်ရာ ခိုက်ရန်ဖြစ်ပွား မရှိရအောင် သိမ်းပိုက်ရမည့်အကြောင်း။ ကျောက်တိုင်အနီး မြို့ရွာကင်းတော်များသို့ ၂ မြို့ဝန်ကိုယ် မပြတ်လှည့်လည်သွားရောက် ကြည့်ရှု၊ ရာဇဝတ်ရေး လုံခြုံအောင် သိမ်းပိုက်၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။ ကျောက်တိုင်အနီး မြို့ရွာအကြီးအုပ်တို့ကိုလည်း ၎င်းအတိုင်း ဆင့်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့[၁]။

မှတ်သားချက်။

၁၃။ ။ နိုင်ငံတော်အတွင်းထွက် ကြက်ပေါင်စေးများမှာ ဘဏ္ဍာတော် ဖြစ်သည့်အတိုင်း ဆင်းရဲသား ကုန်သည်တို့ အလျောက်ဘာသာ ဝယ်ယူထုတ်ဆောင် မရှိစေရ။ အဝယ်တော်တို့ကသာ ဝယ်ယူ ရောင်းချရမည် အထက်ဆင့်ဆိုသည်ကို မြို့ရွာအစိုးရတို့နှင့် အကြောင်းသင့် ပြောဆိုထုတ်ယူကြောင်း ကြားသိရ၍ ဗန်းမော်၊ မိုးကောင်းမြို့နယ်ရှိ ကြက်ပေါင်စေးများကို အထုတ်အယူ မရှိရအောင် ၎င်းမြို့ဝန်တို့ကို ဆင့်ဆိုရမည့်အကြောင်း။ ဈေးကြီးတော် အရှေ့ဘက်တိုက်တော်တွင် ပြင်သစ် မြင်းတပ်ဗိုလ် တရာဘလက်က နေထိုင်ထမ်းရွက်စေ အမိန့်တော်မြတ်အရ နောင် အလိုရှိသည့်အခါ တိုက်ကို ပြင်ဆင်ရစရိတ်ကို လျှောက်ထားမရှိ တိုက်ကို ပြန်အပ်ပါမည် တရာဘလက် ခံဝန်လက်မှတ်ထိုးစေ၍ နေထိုင်စေရမည့် အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။

ဗန်းမော်မြို့ဝန်၊ မိုးကောင်းမြို့ဝန်တို့သို့ ပေးမှာစာ။ (၁–စီ)

၁၄။ ။ ဝန်စုပါ မြို့နယ်အတွင်း ကြက်ပေါင်စေးများကို ဘဏ္ဍာတော် ဖြစ်သည့်အတိုင်း အမိန့်တော်၊ လွှတ်တော်စာ မပါလျှင် ဝယ်ခြမ်းထုတ်ယူ မရှိစေရ၊ နိုင်နင်းအောင် ဆင့်ဆိုရမည့် အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့။

ဗန်းမော်မြို့ဝန်သို့ပေး အတွင်းစာ။

၁၅။ ။ မြန်မာအစိုးရတို့က အင်္ဂလိပ်အစိုးရတို့ကို တိုက်ခိုက်မည်ရှိရာ အင်္ဂလိပ်အစိုးရတို့က မတိုက်မခိုက်ရန် ကြေးငွေပေးကမ်း တောင်းပန်ကြောင်းနှင့် ဗန်းမော်မြို့နေလူတို့ ပြောဆိုကြကြောင်း ကြားသိရ၍ သည်ကဲ့သို့ ပြောဆိုမရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည့် အကြောင်း။

---

### ၃၆၃ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၅ ရက်နေ့[၂]။

၁၈၇၉ ခု၊ ဧပြီလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ မိတ်ဆွေတစ်ဦးက မိတ်ဆွေတစ်ဦး၏ မနှစ်သက်ဖွယ်သော အပြုအမူ အပြောအဆိုစကားကို ပြုမူပြောဆိုသည် ကြားသိလျှင် ပြောဆိုသည် ဆိုသူသို့ မေးမြန်းမှန်ကန်မှ ယုံကြည်မြဲအတိုင်း ယုံကြည်လိုပါ၍ (အင်္ဂလိပ် အစိုးရတို့ တောင်းဆိုသည့် အချက်အရာများကို ရှေးက စိုးရိမ်၍သာ သဘောတူကြောင်း၊ နောင် သည်ကဲ့သို သဘောမတူကြောင်း) နှင့် မြန်မာဘုရင်မင်းမြတ်က မျူးမတ်အစည်းအဝေးတွင် အမိန့်တော်ရှိသည် ဆိုသည့် အိန္ဒိယ တိုင်းသတင်းစာပါ စကား မှန်သည် မမှန်သည်ကို စာပြန်ပါမည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ အရေးပိုင်မင်းက တစ်ဦးနှင့်တစ်ဦး အမှန်သိရသဖြင့် တွေးထင်ကင်းရှင်းရန် စာပေးသည်ကို ဝမ်းမြောက်

---

၁။ ၁၃ မေ ၁၈၇၉ ၂။ ၁၂၄၁ ခု၊ ကဆုန်လဆန်း ၄ ရက် ဖြစ်မည်။ ၃။ ၂၆ ဧပြီ ၁၈၇၉

ကြောင်း။ အရေးပိုင်မင်း စာပါအတိုင်း ဟုတ်မှန်လျှင် နိုင်ငံခြားဝန်ကြီး ကြားသိသင့်လျက် မဟုတ်မမှန်၍ မကြားမသိကြောင်း။ မြန်မာနေထွက် ဘုရင်မင်းမြတ်နှင့် မှူးမတ်တို့ သဘောမှာ မဟာမိတ်ဖြစ်ပြီး နိုင်ငံနှင့် ခိုက်ရန်မဖြစ်၊ စစ်မက်မပွား၊ သားတော်အစဉ်၊ မြေးတော်အဆက် မဟာမိတ်ဖြစ်ရန်ကိုသာ နှလုံးသွင်းကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ကာလကတ္တားမြို့တွင် နေထိုင်ထမ်းရွက်စေရန် ရာဇသံ လက်ဆောင်တော်များနှင့် စေလွှတ်သူ စာရေးတော်ကြီးတို့ ဘုရင်ခံထံ မထွက်မဝင်ရ ရှိသည်မှာ နိုင်ငံတကာ ထုံးစံဓလေ့ မဟုတ်သည်ကို အရေးပိုင်မင်း သိသည့်အတိုင်း မဟာမိတ် လက္ခဏာနှင့်အညီ ဘုရင်ခံထံ သင့်ရာ စာပေးမည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့။

၁၈၇၉ ခု၊ ဧပြီလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၄။ ။ သံဝင်းတွင် နေထိုင်ရန် ကျဉ်းမြောင်းကျဉ်းကျပ်လျက်၊ သံဝင်း အနောက်မျက်နှာက ကုန်သည်တစ်ဦး ဝင်းခြံနေအိမ် ဆောက်လုပ်ရှိ၍၊ အရေးပိုင်မင်း အိမ်ဆောက်လုပ်ရန် အထက်ပြောဆိုပြီး မြစ်ကမ်းထိပ်တွင် မြေရာကိုပင် အလိုရှိပါသောကြောင့် မည်သည့်နေ့ ပေးအပ်နိုင်မည် စာပြန်ပါမည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၅။ ။ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် သင့်ရာမြေရာကို အရေးပိုင်မင်းသို့ ပြသစေရာ သဘောမကျကြောင်းနှင့် ပြောလိုက်သည် ကြားသိရနောက်၊ ရေပွဲသဘင်ကို ဧရာဝတီမြစ်အတွင်း ပြုလုပ်တော်မူမည် ဖြစ်သည်၊ ဆောက်လုပ်ပြီး ဝင်းခြံကိုသော်လည်း ရွှေ့ပြောင်းစေရမည် အမိန့်တော်မြတ်ရှိ၍ ၎င်းအကြောင်းကို အရေးပိုင်မင်းသို့ ပြောဆိုပြီး ဖြစ်သည့်အတိုင်း ၎င်းနေရာတွင် ခွင့်မပြုနိုင်ရှိသည်ကို နှမြောကြောင်း။ ဂေါဝိန်တံခါးတော်က တောင်ဘက်၊ ရေကြည့်တံခါးတော်က မြောက်ဘက် တစ်ရပ်ရပ်တွင် နှစ်သက်ရာ မြေရာကို ခွင့်ပြုနေရာ ချထားမည့်အကြောင်း။ သံဝင်းအနောက်ဘက် မြေရာကိုလည်း ဝင်းခြံကာရံ မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် အရေးပိုင်မင်း ဝင်းအိမ်မြေရာကို နေရာကျရရန် အင်္ဂလိပ်အစိုးရတို့ ဆင့်ဆိုရှိကြောင်း၊ ဇန်နဝါရီလအတွင်းက အရေးပိုင်မင်းသို့ မြေကွက်ကို ပြသကြည့်ရှုပြီးနောက် မပေးနိုင်ကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက ၁၂၄၁ ခု ကဆုန်လဆုတ် ၈ ရက် နေ့စွဲပါ စာပို့ရောက်၊ ၎င်းစာတွင်လည်း အရေးပိုင်မင်းက မြေကွက်ကို သဘောမကျကြောင်းနှင့် ပါသည်မှာ အထက် အရေးပိုင်ရှောက ၎င်းမြေကို သဘောမကျကြောင်းနှင့် မြန်မာအစိုးရတို့နှင့်စပ်သူ မည်သူကိုမျှ ပြောဆိုမရှိကြောင်းနှင့် အမှတ်အသား ရေးထားခဲ့၍ ဝန်ရှင်တော်မင်းကြီး အထင်လွဲရန်ရှိကြောင်း၊ ၎င်းအကြောင်း အမြန်ဆုံးခန်းရောက်အောင် မဟာမိတ် ဖြစ်သည့်အရ မြစ်ကမ်းနားရှိ အခွင့်သင့်သည့် ရပ်ကွက်ကို ပြသလျှင် အိမ်ဆောက်ရန် သင့်မသင့်ကို အရေးပိုင်မင်း ဆင်ခြင်နိုင်ရန် ရှိကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ အရေးပိုင်မင်းရှော ရှိစဉ် ၎င်းမြေကွက်အကြောင်းနှင့် ကဆုန်လဆုတ် ၈ ရက် နေ့စွဲပါ စာကိုပေးရာ စာ

---

၁။ ၁၁ မေ ၁၈၇၉ ၂။ ၁၃ မေ ၁၈၇၉

မပြန်သောကြောင့်သာ ယခုတိုင် ကြန့်ကြာကြောင်း။ ဂေါဝိန်တံခါးတော်က တောင်ဘက်၊ ရေကြည့်တံခါးတော်က မြောက်ဘက် တစ်ရပ်ရပ်တွင် နှစ်သက်သည့်နေရာကို ကြည့်ရှုပြသစေလိုလျှင် ကြည့်ရှုပြသနိုင်ရန် ရှိကြောင်း။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်စာ။

၈။ ။ နင်းကြမ်းတပ်ပြင်၊ ကျီတော်ကုန်းရပ်၊ ငမိုင်းအိမ်တိုက် ဓားပြတို့ ရွာကောက်ရွာ အနောက်မြောက်၊ နင်းဆိစမ်းတောကွက်ရပ် တောရကျောင်းအတွင်း ခိုဝင်ရှိ၍ ဖမ်းဆီးစေရာ ဓားပြ ငနီ၊ ငအောင်တို့မှာ လက်လွန်သေဆုံး။ ငထွန်းမွေးမှာ ထွက်ပြေး။ ကြောလန်း၊ ငဆန်း၊ ငဘော၊ ငရွှေရွဲ၊ ငအေး၊ ဆောက်တို့မှာ တိုက်ရာပါပစ္စည်းများနှင့်တကွ ရမိ၍ အကျဉ်းချထား။ ပစ္စည်းများကို ပစ္စည်းရှင်တို့သို့ ပြန်ပေးကြောင်း။ ၎င်းတို့ကို စစ်မေးရာ ကျောက်တိုင်တောင်ဘက်၊ သာဂရမြို့နှင့် ၎င်းစီရင်စု ကူသပိတ်ရွာ၊ ကန်ကြီးရွာတွင် နေထိုင်ကြောင်း၊ တိုက်ခိုက်ရန် တိုင်ပင်လာရောက်ကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ နင်းကြမ်းရွာ၊ ကျီတော်ကုန်းရပ် ငရွှေမှိုင်းအိမ်ကို တိုက်ခိုက်သည့် ဓားပြတို့ အကြောင်းအရာကို တောင်ငူ ရမည်းသင်း ၂ မြို့ဝန်က [အထက် ၈ မှတ်ပါ] အတိုင်း လျှောက်ထားရှိ၍၊ လျှောက်ရာပါ ထွက်ပြေးသူ ငထွန်းမွေးကို ထောက်လှမ်းဖမ်းဆီး၊ အများကြောက်ရွံ့အောင် စီရင်စေရန် သင့်ရာစာပေး မှာထားမည့် အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ မေလ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၀။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ကေလားနှင့် မြန်မာ ကျွန်တော်မျိုး ငငြိမ်းတို့ ဖြစ်ပွားသည့် ရေနံဖိုးငွေ ရလိုမှု၊ အင်္ဂလိပ် ကျွန်တော်မျိုး အီစွတ်အလီက မြန်မာ ကျွန်တော်မျိုး ဒေဝါနာလီထံ ဈေးဆိုင်ပေါင်နှံမှုများမှာ တွဲဖက်ရုံးက စစ်ဆေးစီရင်သင့်သည့် အမှုဖြစ်သောကြောင့် စဉ်းစား၍ စာပြန်မည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ငငြိမ်းတို့ ရေနံဖိုး ငွေမှုစကားကို မြန်မာလွှတ်တော် ရုံးတော်များက လက်ခံစီရင် မရှိစေရ၊ တွဲဖက်ရုံးမှာသာ ရှင်းလင်း ပြောဆိုစေရမည် ဆင့်ဆိုရှိကြောင်း။ မြန်မာ ကျွန်တော်မျိုး ဒေဝါနာလီ၊ အင်္ဂလိပ် ကျွန်တော်မျိုး အီစွတ်အလီတို့ အမှုမှာ လွှတ်တော် ရုံးတော်များကသာ စီရင်သင့်အမှု ဖြစ်သည့်အတိုင်း အီစွတ်အလီကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၁ ခု၊ နယုန်လဆန်း ၇ ရက်နေ့[2]။

၁၈၇၉ ခု၊ မေလ ၂၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ ငငြိမ်းတို့ ရေနံဖိုးငွေမှုကို တွဲဖက်ရုံးသို့ ဆင့်ဆိုလွှဲအပ်သည်ကို ဝမ်းမြောက်ကြောင်း၊ ဒေဝါနာလီတို့အမှုမှာ ပေါင်နှံသည့်ဆိုင်သည် ဘဏ္ဍာတော်မှန်လျှင် တရားခံက မပေါင်သင့်၊ တရားလိုက ဈေးငှားငွေကို အခြားနည်းသာရအောင် ပြုလုပ်သင့်ကြောင်း၊ သို့ရာတွင် ယခုစွဲချက်သည် ဈေးယူငွေတွက် တရားခံပိုင်ပစ္စည်းပေါ်တွင် စွဲဆိုချက် ဖြစ်ရမည်ဖြစ်၍ တွဲဖက်ရုံးမှာသာ ပြောဆိုသင့်ကြောင်း။ ဆိုင်ခန်းနှင့် နေရာမြေမှာ ဘဏ္ဍာတော်ဖြစ်လျှင် ပေါင်နှံခွင့်မရှိ၍ တရားခံပိုင် ဖြစ်သည်၊ ဘဏ္ဍာတော် ဖြစ်သည် ခွဲခြမ်း စာပြန်မည့် အကြောင်း။

---

၁။ ၁၃ မေ ၁၈၇၉ ၂။ ၁၂၄၁ ခု၊ နယုန်လဆန်း ၈ ရက် ဖြစ်မည်။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၃။ ။ ဒေဝါနာလီတို့အမှုမှာ ဈေးဆိုင်နေရာကို အရင်းပြု၍ ဖြစ်ပွားမှု ဖြစ်သောကြောင့် လွှတ်တော် ရုံးတော်များကသာ စီရင်သင့်သည် သဘောရကြောင်း။ ပေါင်နှံသည်မှာ မြန်မာအစိုးရတို့ အခွင့်နှင့်မဟုတ်၊ တိတ်တဆိတ် မပေါင်နှံသင့်သည်ကို ပေါင်နှံသည်ဖြစ်၍ နောင် ၂ ဦး စုံညီစစ်ဆေးသိသာ အပြစ်ထိုက်သက်ရာ ပေါ်ထွက်မည် ဖြစ်သောကြောင့် အီစွတ်အလီကိုသာ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၄။ ။ ငမြိမ်းနှင့် ရေနံဖိုးငွေ ရလိုမှု စကားပြောဆိုသူ ကုလားတို့ပိုင် ပစ္စည်းများကို မြန်မာအစိုးရတို့က သိမ်းယူထားကြောင်း လျှောက်ထားရှိ၍ ဆင့်ဆို ပြန်ပေးစေပါမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့[၂]။

ငမြိမ်းက လွှတ်တော်မှာ လျှောက်လွှာ။

၁၅။ ။ ကျွန်တော်မျိုးပိုင် ရေနံ ၁၄၀၀၀၀ အဖိုးစရိတ်ငွေ ၄၀၀ဝိ ကျော်ကို တိတ်တဆိတ် ထုတ်ယူထွက်ပြေးသူ ကုလားနှင့် လွှတ်တော် ရုံးတော်များတွင် ဖြစ်စေ၊ တွဲဖက်ရုံးတွင် ဖြစ်စေ မရှင်းမလင်းရမီ မင်းလှ ကင်းတော်ရှိ လှေနှင့် လှေတွင်ပါ ကုန်များကို ကုလားသို့ အပေးအအပ်မရှိ ထိန်းသိမ်းထားပါမည့်အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ကုလားတို့ပိုင် သိမ်းယူထားသည့် ပစ္စည်းများကို ပြန်ပေးရမည် ဆင့်ဆိုရှိသည့်အတွင်း၊ ငမြိမ်းက ထပ်မံလျှောက်ထားရှိ၍ လျှောက်လွှာလက်ခံကို အရေးပိုင်မင်း ဆင်ခြင်ရန် ပို့လိုက်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၇။ ။ ငမြိမ်းတို့အမှုမှာ တွဲဖက်ရုံးသို့ လွှဲအပ်ပြီးဖြစ်၍ အရပ်ရပ် ဆောင်မှုရွက်မှုကို တွဲဖက်ရုံးကသာ ပြုလုပ်ဆောင်ရွက်သင့်သည့်အတိုင်း မြန်မာအစိုးရတို့က ဖမ်းဆီးတားမြစ်ခြင်းကို နုတ်သိမ်းမည့်အကြောင်း၊ တရားလိုက လျှောက်ထားလိုလျှင် တွဲဖက်ရုံးမှာသာ လျှောက်ထားသင့်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ငမြိမ်းက ရေနံဖိုးငွေမှုနှင့် လွှတ်တော်တွင် ထပ်မံလျှောက်ထားရှိပြန်၍ ၎င်းလျှောက်လွှာ လက်ခံကို ပို့လာစေကြောင်း၊ ငမြိမ်း လျှောက်ချက်အတိုင်း မှန်လျှင် နေရာကျ ပြုလုပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု။

ငမြိမ်းက လွှတ်တော်မှာ လျှောက်လွှာလက်ခံ။

၁၉။ ။ ကုလား လိမ်လည်ထုတ်ယူသွားသည့် ကျွန်တော်မျိုးပိုင် ရေနံဖိုး စရိတ်ငွေများကို လွှတ်တော် ရုံးတော်များတွင် ဖြစ်စေ၊ တွဲဖက်ရုံးမှာ ဖြစ်စေ တင်ထားပါအောင် အရေးပိုင်သို့ စာပေးပါမည့်အကြောင်း၊ သိမ်းထားသည့် လှေနှင့် လှေတွင်ပါ ကုန်များကို ကုလားက ငွေတင်ပေးမှ ပြန်ပေးပါမည့် အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၄]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ နိုင်ငံအစွန်အဖျားတွင် အင်္ဂလိပ် အစိုးရတို့က ထားမြဲထက် ပိုမိုထားသည့် သဘော်သမွန်၊ စစ်သည်ရဲမက်

---

၁။ ၂၆ ဇွန် ၁၈၇၉ ၂။ ၁၁ ဇူလိုင် ၁၈၇၉ ၃။ ၁၅ ဩဂုတ် ၁၈၇၉ ၄။ ၁၇ မေ ၁၈၇၉

များကို ရုပ်သိမ်းအောင် အားထုတ်ပါမည် အရေးပိုင်မင်း ၂ ကြိမ် ပြောဆိုဖူးသည့်အတိုင်း အားထုတ်ပြုလုပ်၍ အကြောင်းအရာကို စာပြန်မည် မျှော်လင့်ကြောင်း။

---

### ၃၆၄ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ နယုန်လဆန်း ၈ ရက်နေ့[၁]။

၁၈၇၉ ခု၊ မေလ ၂၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားမ အရေးပိုင်မင်း လည်ပတ်၍ ရွှေတချောင်းမြောင်းပေါင်လမ်းက ပြန်လာရာ စည်ရှည်တံခါးတော် ပြလမ်းတွင် မြန်မာ ၆ ယောက်အနက် တစ်ယောက်က ကုလားဟု ဟစ်အော်သရော်ပြုလုပ်ရှိ၍ အနီးရှိ ကင်းတော် အကြီးအကြပ်ကို မေးမြန်းစေရာ၊ မြောက်ပြင် ကြွက် ဖြစ်ကြောင်း သိသာကြောင်း၊ မဟာမိတ် နိုင်ငံက အရာရှိတို့ကို သည်ကဲ့သို့ မပြုမလုပ်ရအောင် နေရာကျ စစ်မေး အရေးယူလိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မြို့တော်မြောက်ပြင်နေ ကြွက်ကို ဆင့်ခေါ်စစ်မေးရာ မဟုတ်ကြောင်း ထွက်ဆိုသော်လည်း ဟုတ်မည် အထင်အယူရှိ၍ တန်းထား ရာဇဝတ်စီရင်ကြောင်း။ နောင် သိုးဆောင်းလူမျိုးတို့ကို သည်ကဲ့သို့ မပြုမလုပ် ရအောင် ဆင့်ဆိုစေရန် တံခါးတော် ၁၂ ရပ် ဗိုလ်မင်းမှစ၍ အရပ်အုပ် ကင်းအစောင့်အနေတို့ကို ကြပ်ကြပ် တည်းတည်း ဆင့်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ဘိုးတော၊ ဘိုးမြစ်တို့ ထန်းလျက်ကုန်၊ ပဲမျိုးစုံ ကုန်များအပေါ်တွင် ရတနာပုံ အောက်စုန် ၁၂ ရပ် အကောက်ပြင် အပူအပြင်း ပွဲစားတော်တို့က ကောက်ခံရှိ၍ တလုပ်မြို့ဝန်မင်းထံ လျှောက်ထား၊ မလွတ်မငြိမ်းကြောင်း လျှောက်ထားရှိသောကြောင့် ပေးဆောင်ရငွေများကို ဆင့်ဆိုပြန်ပေး စေ၍ နောင် သည်ကဲ့သို့ မပြုမလုပ်ရအောင် ထပ်မံဆင့်ဆိုပါမည့် အကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဘိုးတော၊ ဘိုးမြစ်တို့ ထန်းလျက်ကုန်၊ ပဲမျိုးစုံ ကုန်များအပေါ်တွင် ရတနာပုံ အကောက်တော်ပြင် ကောက်ခံမိ ငွေများကို ဆင့်ဆိုပြန်ပေးစေရမည်၊ နောင်ကိုလည်း သည်ကဲ့သို့ ထပ်မံ ကောက်ခံမရှိရအောင် ဆင့်ဆိုရမည် တလုပ်မြို့ဝန်မင်းနှင့် အကောက်အရာရှိတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၂]။

တလုပ်မြို့ဝန်သို့ ပေးမှာစာ။

၅။ ။ ဘိုးတော၊ ဘိုးမြစ်တို့ ထန်းလျက်ကုန်၊ ပဲမျိုးစုံ ကုန်များအပေါ်တွင် ရတနာပုံ အကောက်တော်ပြင် ထပ်မံ ကောက်ခံမိငွေကို ပွဲစား ပွဲအုပ်တို့ထံ ဆင့်ဆို တောင်းခံပြန်ပေး၍၊ နောင် သည်ကဲ့သို့ မဖြစ်ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရမည့် အကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၂]။

အကောက်အရာရှိ ပွဲအုပ် ပွဲစားတို့ကို ဆင့်စာ။

၆။ ။ ဘိုးတော၊ ဘိုးမြစ်တို့ ထန်းလျက်ကုန်၊ ပဲမျိုးစုံ ကုန်များအပေါ်တွင် ရတနာပုံ အကောက်ပြင် ထပ်မံ

---

၁။ ၁၂၄၁ ခု၊ နယုန်လဆန်း ၉ ရက် ဖြစ်မည်။ ၂။ ၉ ဇွန် ၁၈၇၉

ကောက်ခံမိ ငွေများကို ပြန်ပေးရမည့်အကြောင်း၊ နောင် သည်ကဲ့သို့ ကောက်ခံကြောင်း ကြားသိရလျှင် ရာဇဝတ်အပြစ် ထင်ရှားအောင် စီရင်မည့်အကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၁]။

တလုပ်မြို့ဝန်က (ကိုယ်စား) လွှတ်၍ ခံဝန်ချက်။

၇။ ။ မြို့နယ်အတွင်း ရတနာပုံ အကောက်ပြင် ထပ်မံ ကောက်ခံမရှိရန် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုပါမည့်အကြောင်း။ ဘိုးတော၊ ဘိုးမြစ်တို့ ကုန်များတွင် ထပ်မံ ကောက်ခံမိငွေကို မပြန်မပေးကြောင်း။ မြို့နယ်အတွင်း ရတနာပုံ အကောက်ပြင် ထပ်မံကောက်ခံကြောင်းများကို ထပ်မံ ကြားသိရလျှင် ရာဇဝတ်အပြစ် စီရင်ရာ ခံပါမည့်အကြောင်း။

၁၂၄၁ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့[၂]။

၁၈၇၉ ခု၊ ဧပြီလ ၁၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ ရှင်စောပု ခေါ် သင်္ဘောကပ္ပိတန်၊ မာလိန်တို့က ဆင်ဖြူကျွန်းဆိပ်ကမ်း အဆိုက်အရပ်တွင် သင်္ဘောပါလူတို့ကို ကုန်အသယ်အယူ ကူလီတို့ တုတ်လက်နက်နှင့် ဝန်းဝိုင်းရိုက်နှက် ပြုလုပ်၍ ကုန်များကို မချရဘဲ ဆန်တက်ခဲ့ရကြောင်း၊ မြင်းစီးနင်း၍ မြန်မာအရာရှိ ထင်မှန်ရန် လူတစ်ဦးက ခရာသီကို ဖမ်းဆီးရန် အမိန့်ပေးကြောင်းများနှင့် လျှောက်ထားရှိ၍ ၎င်းအမှုကို ဆင့်ဆိုစစ်မေး၊ နေရာကျ ပြုလုပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၉။ ။ ခိုက်ရန်ဖြစ်ပွားရာ ဆိပ်ကမ်းသည် ဆင်ဖြူကျွန်းဆိပ်ကမ်း မဟုတ်၊ တောင်ဘလူစွန်ကျေးရွာ ဆိပ်ကမ်းဖြစ်၍ ခိုက်ရန်ဖြစ်ပွားရာ ပါဝင်သူတို့ကို စစ်မေး၍ လွှတ်တော်သို့ ပို့အပ်ရမည် တောင်ဘလူစွန်ကျေးရွာ အစိုးရတို့ကို ဆင့်ဆိုတောင်းခေါ်ဆဲ ရှိကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

ကူလီ ငဘား အစစ်ခံချက်။

၁၀။ ။ တွဲသမ္ဗန် ၁ တွင် ခိုက်ရန်ဖြစ်ပွားသံကို ကြား၍ ကုန်းသို့ တက်မည်၊ သင်္ဘောပေါ်သို့ သွားသည့်အခါ ကပ္ပိတန်နှင့် မာလိန်တို့က ဖမ်းဆီး၊ ဆံကို ဆွဲယမ်း၊ နဖူးကို သေနတ်ပြောင်းဝနှင့် ထိုးသောကြောင့် သွေးစီးသွေးယို ခံနေရသည်သာမက လက်ထိတ်ခတ်ပြီးလျှင် ခေါ်သွား၊ ၎င်းသင်္ဘောကိုယ်စားလှယ် ငစံမင်း တောင်းပန်သည်နှင့် ဆိပ်ကမ်းက တစ်တိုင်ကျော်ကွာ တောအရပ်ရောက်မှ လွှတ်၍ ချထားခဲ့ကြောင်း၊ မြင်းစီးလျက် မြန်မာအရာရှိ ဆိုသူကို မမြင်၊ သင်္ဘောပေါ်တွင် ခိုက်ရန်ဖြစ်ပွားရင်းကိုလည်း မသိ၊ သင်္ဘောချည်ထားသည့်တိုင်ကို မဖြုတ်ရအောင် မဝန်းမဝိုင်း မပြုမလုပ်ရကြောင်း၊ သေနတ်ပြောင်းဝနှင့် ထိုးသည့်ဒဏ်ကိုလည်း ရှုဝ်ခေါ် သင်္ဘောကပ္ပိတန် ဘေကင်းသို့ ပြသပြောဆိုကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

ကူလီ ငရွှေမောင် အစစ်ခံချက်။

၁၁။ ။ သမ္ဗန်တွင် ခိုက်ရန်ဖြစ်ပွားသံကြား၍ ငဘားနှင့် အတူသွားရာ ကပ္ပိတန်က ငဘားကို သေနတ်ပြောင်းဝနှင့် ထိုးကြောင်း၊ ကျွန်တော်ကို ခရာသီတို့က ဆွဲငင်မွေ့ယမ်းကြောင်း၊ ကျွန်တော်တို့ ၂ ယောက်ကို သင်္ဘောတိုင်တွင် ချည်နှောင်၊ လက်ထိတ်ခတ်ပြီးလျှင် ခေါ်သွား၊ ကိုယ်စားလှယ် ငစံမင်း တောင်းပန်သည်နှင့် ဆိပ်ကမ်းက တစ်တိုင်ကျော်ကွာ တောအရပ်ရောက်မှ လွှတ်၍ ချထားခဲ့ကြောင်း၊ မြင်းစီးနင်းသူကို မမြင်၊ သင်္ဘောပေါ်တွင် ခိုက်ရန်ဖြစ်ပွားရင်းကိုလည်း မသိကြောင်း၊ ကပ္ပိတန်နှင့် ခရာသီတို့ ပြုလုပ်သည့် ဒဏ်ရာကို ရှုဝ်ခေါ် သင်္ဘောကပ္ပိတန်သို့ ပြသပြောဆိုကြောင်း။

---

၁။ ၈ ဇွန် ၁၈၇၉ ၂။ ၁၂၄၁ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက် ဖြစ်မည်။ ၃။ ၁၄ မေ ၁၈၇၉

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ကူလီ ငကြွယ် အစစ်ခံချက်။

၁၂။ ။ ကျွန်တော်နှင့် ငပြား၊ ငလူ၊ ငဇေယတို့ သင်္ဘောမှ သေတ္တာ ၁ ကို ချရာ၊ သင်္ဘောစီးလူ ၁ ခင်းနီးသည့်ဖျာကို နင်းမိ၍ ခိုက်ရန်ဖြစ်ပွား။ သင်္ဘောစီး လူအများက ဝန်းဝိုင်းရိုက်နှက်မည် ပြုလုပ်ကာလ ကိုယ်စားလှယ် ငစံမင်း ဖျန်ဖြေပြောဆို၍ ပြေငြိမ်းကြောင်း၊ မြင်းစီးနင်း ရပ်နေသူကို မသိမမြင်၊ သင်္ဘောထိပ်ဆံကြိုးကို မဖြုတ်မဖြေ၊ သင်္ဘောစီးတို့ကိုလည်း မရိုက်မနှက်၊ အခြားသူ ရိုက်နှက်သည်ကိုလည်း မသိမမြင်ကြောင်း။ (ငပြား၊ ငလူ၊ ငဇေယတို့ ထွက်ချက်လည်း ၎င်းအတိုင်း။)

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ကူလီ ငစိန်မှုန် ထွက်ချက်။

၁၃။ ။ ငဘား၊ ငရွှေမောင်တို့ကို ကပ္ပိတန်၊ မာလိန်၊ ခရာသီတို့က အတင်းချည်နှောင်၊ သေနတ်ပြောင်းဝနှင့် နဖူးကိုထိုး၍ သွေးစီးသွေးယို အနာတရနှင့် ခေါ်သွားသည်ကို မြင်သောကြောင့် ခရာသီ ၁ ကို ကျွန်တော် ဖမ်းဆီးထားရာ၊ အစိုးရပွဲနင်းက လွှတ်ရမည်ဆို၍ လွှတ်လိုက်ရကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၂]။

သင်္ဘောကိုယ်စားလှယ် ငစံမင်း ထွက်ချက်။

၁၄။ ။ သင်္ဘောတွင်ပါ မြန်မာကူလီတို့နှင့် ရွာနေကူလီတို့ ခိုက်ရန်ဖြစ်ရာ၊ မြစ်ဆိပ်ရွာနေ ကူလီ ငဘား၊ ငရွှေမောင် တို့ကို ကပ္ပိတန်က သေနတ်ပြောင်းဝနှင့် ရွယ်ပြီးလျှင် လက်ထိတ်ခတ်၍ ခေါ်လာရာ၊ ၎င်းတို့ကို မလွှတ် လျှင် ကျွန်တော် မယားသား အချုပ်ခံရမည် မသိ ဖြစ်ပါသည် ပြောဆိုရှိမှ လွှတ်ခဲ့ကြောင်း။ ၎င်းတို့ကို အစိုးရတို့ထံ အပ်ခဲ့ရမည်လား မေးရာ ကပ္ပိတန်က မအပ်ပါနှင့်ဆို၍ မအပ်ရကြောင်း၊ ကပ္ပိတန်က ပြောင်းဝ နှင့် ထိုးသည့်ဒဏ်ရာကို ငဘား ပြသလာ၍ ဓူဝံ သင်္ဘောကပ္ပိတန်သို့ ပြသ ပြောဆိုလိုက်ကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့။

ချင်းတွင်းခေါ် သင်္ဘောတွဲသမ္ဗန်ဆလင် အာမတ်ဒူလာ ထွက်ချက်။

၁၅။ ။ ရှင်စောပုခေါ် သင်္ဘောတွင် ကူလီချင်း ခိုက်ရန်ဖြစ်ပွားရာ၊ မြင်းစီးနင်း၍ သမ္ဗန်စောင့် ကုလားကို ဖမ်းရ မည် အမိန့်ပေးသည် ဆိုသူကို ကျွန်တော်နှင့် သမ္ဗန်စောင့် ကုလားတို့ မကြားမမြင်ကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၆။ ။ ရှင်စောပုခေါ် သင်္ဘောတွင် ကူလီချင်း ခိုက်ရန်ဖြစ်ပွားမှုကို စစ်မေးရာ၊ အသီးအသီး ထွက်ဆိုကြ၍ ရှိသော် လည်း ရာဇဝတ်ပြစ်ဒဏ်ကို ကြောက်ရွံ့သောကြောင့်သာ ထွက်ဆို အစစ်ခံကြသည် ထင်ယူရှိ၍ နောင် သည်ကဲ့သို့ မဖြစ်ပွားရအောင် ကူလီ ၇ တို့ကို တန်းထား ရာဇဝတ်ပြစ် စီရင်ကြောင်း။ အရပ်ရပ် သင်္ဘော ဆိပ်ကမ်းများတွင် သည်ကဲ့သို့ မဖြစ်ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရှိကြောင်း၊ အရေးပိုင်မင်း ကလည်း သည်ကဲ့သို့ မဖြစ်ရအောင် သင်္ဘောအစိုးရ ကပ္ပိတန်တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည့် အကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၁၅ ရက်နေ့။

ဘုရင်ခံမင်းကိုယ်စား အရေးပိုင်မင်း ကိုယ်စားလှယ်

ခေတ္တပြုလုပ်သူ ဗန်းမော်အရေးပိုင်က ပေးစာ။

၁၇။ ။ ဘုရင်ခံမင်း ကိုယ်စားတော် အရေးပိုင်မင်းသည် အဖျားရောဂါနှင့် ယခုလပြည့်ကျော် ၁၂ ရက်နေ့၊ နံနက် ၄ ချက် မတီးမီ ကွယ်လွန်ကြောင်း၊ ၎င်းအလောင်းကို ၎င်းလပြည့်ကျော် ၁၃ ရက်နေ့ သင်္ဂြိုဟ်မည့်အကြောင်း။

---

၁။ ၁၄ မေ ၁၈၇၉ ၂။ ၂၃ ဧပြီ ၁၈၇၉ ၃။ ၁၁ ဇွန် ၁၈၇၉

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့[1]။

ဘုရင်ခံမင်းကိုယ်စား အရေးပိုင်မင်း ကိုယ်စားလှယ်
ခေတ္တပြုလုပ်သူ အရေးပိုင်သို့ ပေးစာ။

၁၈။ ။ ဘုရင်ခံမင်း ကိုယ်စားတော် အရေးပိုင်မင်း ကွယ်လွန်ကြောင်းကို နေထွက်ဘုရင် မြန်မာမင်းမြတ်သို့ သံတော်ဦးတင်ရာ၊ ပညာ သတိ ဝီရိယ စသော လူကြီးလူကောင်းတို့ လက္ခဏာ ရှိသူဖြစ်၍ နှမြောတသ တော်မူကြောင်း၊ ဝန်ရှင်တော်မင်းကြီးနှင့် မှူးတော်မတ်တော် အရာရှိတို့ကလည်း အလွန်နှမြောကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၂၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၉။ ။ ဗန်းမော်မြို့တွင် အရေးပိုင်မင်း အစောင့်အရံ လက်နက်ကိုင် လူတို့ကို လဲလှယ်ထားမည့်အကြောင်း၊ ဗန်းမော်မြို့က ရှိဟောင်း လက်နက်ကိုင်တို့ကို လက်နက်နှင့်တကွ ရန်ကုန်မြို့သို့ ပြန်လွှတ်စုန်ဆင်းစေရာ တားဆီးမရှိရအောင် ဆင့်ဆိုပါမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ ဗန်းမော်မြို့ရှိ အရေးပိုင်မင်းက ရန်ကုန်မြို့သို့ ပြန်လွှတ်သည့် အစောင့်အရံ လက်နက်ကိုင် လူတို့ကို တားဆီးမရှိ စုန်ဆင်းစေရမည် ဗန်းမော်မြို့ဝန် အရာရှိမင်းတို့သို့ ဆင့်ဆိုသည့်စာကို ပို့လာစေကြောင်း။ အညာမြစ်စဉ်တစ်လျှောက် မြို့ရွာ အကြီးအအုပ်တို့နှင့် ကင်းတော် အစောင့်အနေတို့ကလည်း တားဆီး မရှိရအောင် ဆင့်ဆိုရမည် အညာမြစ်စဉ် မြို့ရွာအစိုးရ နောက်ဝင်းတော်မှူးသို့ ကြေးနန်းနှင့် ဆင့်ဆို ရှိကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁၀ ရက်နေ့။

ဗန်းမော် မြို့ဝန်သို့ ပေးမှာစာ။

၂၁။ ။ ဗန်းမော်မြို့က ရန်ကုန်မြို့သို့ ပြန်လွှတ်စုန်ဆင်းစေသည့် အစောင့်အရံ အင်္ဂလိပ် လက်နက်ကိုင်တို့ကို တားဆီးနှောင့်ယှက်မရှိ စုန်ဆင်းစေရမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၂။ ။ သရက်မြို့နယ်၊ ဂူဖြူရွာစီရင်ပါ ဆင်မကြပ်တောတွင် ငမှုန်၊ ငအောင်ပေါ်၊ သောရဲတို့ နွားကို တိုက်ယူသည် တစ်ကြိမ်။ နောက် ၎င်းမြို့စီရင်စု ကွန်အောင်းရွာ၊ အုံမှုန်းရွာနယ်၊ ခွေးသေအင်းတောအရပ်တွင် ငလူပြေ၊ သောတုတ်၊ ငဥျုန်တို့ ပစ္စည်းကို တိုက်ယူသည် တစ်ကြိမ်။ ၂ ကြိမ် တိုက်ခိုက်သူ ၄ တို့အနက် ငတုတ်၊ ငပြားတို့ ထွက်ပြေး၊ နိုင်ငံတော် မင်းတပ်မြို့၊ ရေချိုရွာ၊ ကျောက်ကွဲရွာများတွင် ခိုဝင်ရှိနေကြောင်း သိရ၍ ဖမ်းဆီးပေးအပ်ပါမည့် အကြောင်း၊ သက်သေတို့ ထွက်ချက်များကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၃။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်ထွက်ပြေးလာသူ ငတုတ်၊ ငပြားတို့ မင်းတပ်မြို့နယ် ရေချိုရွာ၊ ကျောက်ကွဲရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည်၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည် မင်းတပ်မြို့ အစိုးရ မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းသို့ ဆင့်ဆိုမှာထား ရှိကြောင်း။

---

၁။ ၁၀ ဇွန် ၁၈၇၉ ၂။ ၈ ဇူလိုင် ၁၈၇၉

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့[၁]။

မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၂၄။ ။ ကျောက်တိုင်တောင်ဘက်တွင် တိုက်ခိုက်ထွက်ပြေးလာသူ ဓားပြ ငပြား၊ ငတုတ်တို့ မင်းတပ်မြို့နယ် ရေချိုရွာ၊ ကျောက်ကွဲရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း။ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့။ (ရောက်)

မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်က လျှောက်စာ။

၂၅။ ။ ဓားပြ ငပြား၊ ငတုတ်တို့ကို မင်းတပ်မြို့ သူကြီးမှာ ဆင့်ဆိုတောင်းခံရာ ငပြားမှာ သေဆုံးကြောင်း၊ ငတုတ်မှာ မရှိမနေကြောင်းနှင့် အစစ်ခံ ထွက်ဆိုရှိပါ၍ အစစ်ခံ ထွက်ချက်နှင့်တကွ တင်လျှောက်ပါကြောင်း။

---

## ၃၆၅ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

မင်းတပ်မြို့သူကြီး ငဆွဲ ထွက်ချက်။

၁။ ။ မင်းတပ်မြို့ ရေချိုရွာနေ ငပြား၊ ငတုတ်တို့အနက် ငပြားမှာ ကျောက်တိုင်တောင်ဘက် မီးပေါက်ရွာနေ လူတို့က နွားဝယ်ဆို၍ လှည့်ဖြားခေါ်သွား ပြန်လာရာ လမ်းခရီးတွင် သမ္ဘရာတိုင်း ကင်းတပ်မှူး ငထွန်းလှ၊ ငမှုန်တို့က ကျောက်တိုင်တောင်ဘက်နေ လူတို့နှင့် ပူးပေါင်း၍ သေနတ်နှင့် ပစ်သတ် သေဆုံးကြောင်း။ ငတုတ်မှာ မရှိမနေကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငပြား၊ ငတုတ်တို့ အကြောင်းအရာကို [အထက် (၁) မှတ်]ပါ မြို့သူကြီး ထွက်ချက်နှင့်တကွ [၃၆၄ မှတ် ပုရပိုက်ထွက် (၂၅) မှတ်]ပါအတိုင်း မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းက တင်ပို့လျှောက်ထား ရှိကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

၁၈၇၉ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ဇန်းမော်မြို့တွင် သေဆုံးသူ မစ္စတာကူပါပိုင် ဓား၊ သေနတ် လက်နက်များကို မြို့တော်က နိုင်ငံတော် နယ်ကုန် တားဆီးမရှိ ဆောင်ယူနိုင်ပါအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ဇန်းမော်မြို့တွင် သေဆုံးသူ မစ္စတာကူပါပိုင် ဓား၊ သေနတ်များကို တားဆီးမရှိ ဆောင်ယူစေရမည် အောက်မြစ်စဉ် မြို့ရွာအရာရှိ ကင်းတော်အစောင့်အနေ အကြီးအကြပ်တို့သို့ ဆင့်ဆိုသည့်စာကို ပို့လာ စေကြောင်း။

ဆင့်စာ လက်ခံ။

၅။ ။ သေဆုံးသူ မစ္စတာကူပါပိုင် ဓား၊ သေနတ်များကို အောက်မြစ်စဉ် မြို့ရွာအစိုးရ ကင်းတော် အစောင့်အနေ အကြီးအကြပ်တို့က တားဆီးနှောင့်ယှက်မရှိ ဆောင်ယူစေရမည့် အကြောင်း။

---

၁။ ၈ ဇူလိုင် ၁၈၇၉ ၂။ ၁၅ ဩဂုတ် ၁၈၇၉ ၃။ ၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် ဖြစ်မည်။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့[၁]။

၁၈၇၉ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၆။ ။ တောင်ငူနယ် ဘာပလဲရွာတွင် တိုက်ခိုက်သူတို့အနက် အချို့ နိုင်ငံတော် နင်းကြမ်းမြို့ တာတော်သာ နယ်နေဖြစ်ကြောင်း။ မေးချက်များကိုလည်း ပေးပို့မည် ရန်ကုန် အရေးပိုင်မင်းကြီးထံက စာရသည့်အတွင်း လေသာကုန်းရွာနေ ငဖြိုး၊ ငပိုင်၊ ညောင်ပင်ဝိုင်းရွာနေ ငကျားကလေး၊ ငအိုင်၊ ငရန်ပြေ၊ ငရွှေမင်း၊ ငဆိုး၊ ရွှေလောင်းမြို့နေ ငညိုအေး၊ ငပု၊ ငတုံး၊ မှိုင်းပလဲရွာနေ ငစံခဲ၊ ငပုံ၊ ငမိုးကြီး၊ သပြေတန်းရွာနေ ငထုံး၊ ဖြူကုန်းရွာနေ ငချို့တို့ အပေါင်းပါဖြစ်ကြောင်း ကြေးနန်းရပါ၍ ထောက်လှမ်း ဖမ်းဆီးမည့်အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၇။ ။ တောင်ငူနယ် ဘာပလဲရွာတွင် တိုက်ခိုက်သူ ဓားပြတို့ ဝန်စုပါ မြို့နယ်ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၈။ ။ တောင်ငူနယ် ဘာပလဲရွာတွင် တိုက်ခိုက်သူ ဓားပြတို့ ဝန်စုပါ တာတော်သာရွာ၊ လေသာကုန်းရွာမှစ၍ [အထက် (၆) မှတ်]ပါ ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့်အကြောင်း၊ မရှိမနေလျှင် လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့[၃]။

၁၈၇၉ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၉။ ။ အထက်ပေးစာပါ ဘာပလဲရွာကို တိုက်ခိုက်သူ ဓားပြတို့ ခိုဝင်ရှိနေသည့် လေသာကုန်း၊ ညောင်ပင်ဝိုင်း၊ မှိုင်းပလဲ၊ သပြေတန်း၊ ဖြူကုန်း၊ ရွှေလောင်း၊ ပေလယ် ကျေးရွာများသည် တောင်ငူ နင်းကြမ်းနယ် အဝင် မဟုတ်။ ဆင်ပေါင်ဝဲ စီရင်စုပါ ကျေးရွာများဖြစ်ကြောင်း ထပ်မံစာရရှိပါ၍ ထပ်မံဆင့်ဆို ဖမ်းဆီးပေးအပ် ပါမည့် အကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ဘာပလဲရွာတိုက် ဓားပြတို့ ဆင်ပေါင်ဝဲ စီရင်စုပါ လေသာကုန်း၊ ညောင်ပင်ဝိုင်းမှစ၍ [အထက် (၉) မှတ်]ပါ ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် မြို့ရွာအစိုးရတို့ကို ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့။

အောက်မြစ်စဉ်ဝန်သို့ ပေးမှာစာ။

၁၁။ ။ ဘာပလဲရွာတိုက် ဓားပြတို့ ဆင်ပေါင်ဝဲ စီရင်စုပါ လေသာကုန်း၊ ညောင်ပင်ဝိုင်းမှစ၍ [အထက် (၉) မှတ်]ပါ ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မိုနာမာမက်မေဒင်နှင့် အခြားလူတို့က အမျိုးအဆွေဖြစ်သူ မာဂုလာဆာ မြို့တော်

၁။ ၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် ဖြစ်မည်။ ၂။ ၁၉ ဇူလိုင် ၁၈၇၉ ၃။ ၁၂၄၁ ခု၊ တော်သလင်းလဆန်း ၄ ရက် ဖြစ်မည်။

ထောင်တွင် သေဆုံး သင်္ဂြိုဟ်ပြီးသည်ကို အမျိုးထုံးစံအလိုက် သင်္ဂြိုဟ်လိုကြောင်း လျှောက်ချက်အရ မှန်လျှင် သင်္ဂြိုဟ်ပြီးမှ ဖော်၍ သင်္ဂြိုဟ်ရန် ခွင့်ပြုမည့်အကြောင်း။

မြို့ဝန်တို့ လျှောက်ချက်။

(က) ကုလား ငတံဘီကို ထောင်တွင် ချုပ်ထားရာ ဘိန်းစား၍ သေဆုံးကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၁]။

ကုလား ငတံဘီ မေးချက်။

၁၃။ ။ ချမ်းဒေသာစံရပ် အမြောက်ဟန်း ဇော်ကြယ်အိမ်တွင်နေ၊ ကွာခြားပြီးမယား မိဘွားက အချဉ်းအကပ်မခံ ငြင်းဆန်ပြုလုပ်ရှိ၍ မိဘွားကို ဓားနှင့်ထိုးရာ ကင်းတော်က ဖမ်းဆီးပို့အပ် စစ်မေးခံရကြောင်း။

မိဘွားကိုယ်တွင် ဒဏ်ရာအမှတ်အသား။

၁၄။ ။ လက်ဝဲဘက်လည်ကုပ်၊ ရေမျှို၊ မေးဖျား၊ လက်ကောက်ဝတ်၊ လက်သန်းများတွင် ဓားစူးရှပေါက်ပြဲ သွေးစီး သွေးယိုနှင့် ဒဏ်ရာ ၁ စီ ရှိ။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၅။ ။ ထောင်တွင် သေဆုံး သင်္ဂြိုဟ်ပြီး မာဂူလာဆာ အလောင်းကို တစ်စုံတစ်ရာ ထပ်မံပြုလုပ်ရန် ခွင့်ပြုမြဲ မဟုတ်သော်လည်း မဟာမိတ် တစ်ဦးနှင့်တစ်ဦး စိတ်နှလုံး ကြည်လင်ရန် ခွင့်ပြုသင့်သည်နှင့်အညီ ခွင့်ပြုကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၉ ခု၊ ဩဂုတ်လ ၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၆။ ။ မြန်မာအစိုးရတို့က ပေးအပ်သည့် ကုန်အဖိုးထားစာရင်းတွင် မီးသွေး၊ အင်တွဲ၊ လျှော်၊ ကံ့ကူဆံ၊ ပုရပိုက်၊ နီပါးဆေး၊ ကျွဲနွားရေ၊ သစ်စေး၊ ချည်မှုန့်၊ တောက်ရပ်၊ သီးတင်း၊ ဆူးပန်း၊ သင်၊ ကြိမ်ဖျာ၊ ဆင်စွယ်၊ ဖယောင်း၊ ရှား၊ နွှင်း၊ လှည်းကိရိယာစုံ၊ ဆေးရိုး၊ ချိပ်၊ စဥ့်အိုး၊ စဥ့်အင်တုံများကို ၁၀ ခိုင်ကောက် စာရင်း တွင် တွေ့မြင်ရ၍ ၁၈၇၆ ခုနှစ် မဟာမိတ်စာချုပ်တွင် ကုန်တော်များပြင် အခြားကုန်များတွင် ၅ ခိုင်ကျ ထက် မပိုစေရ ပါရှိသည့်အတိုင်း နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၇။ ။ သစ်တောနှင့်ဆိုင်သည့် ကုန်ကောက်ခံမှု အကြောင်းအရာကို အထက် အရေးပိုင်မင်း မစ္စတာရှော ရှိစဉ် စာပို့ရောက်ရှိ၍ ၎င်းထံ ၎င်းအကြောင်းအရာ စာပြန်ပေးပို့ပြီး ဖြစ်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့။

၁၈၇၉ ခု၊ ဩဂုတ်လ ၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁၈။ ။ မင်းတပ်မြို့ နံတီသူကြီး မောင်ဆွဲသည် နေရင်းရပ်ရွာသို့ ယခု ပြန်ရောက်နေထိုင်ကြောင်း ကြားသိရ၍၊ ၎င်းသူရှိလျှင် ထကြွသောင်းကျန်းရန် အမှန်ဖြစ်၍ ရွှေမြို့တော်သို့ပင် ခေါ်ထားမြဲခေါ်ထား နေထိုင်စေမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၉။ ။ မင်းတပ်နံတီသူကြီး မောင်ဆွဲကို နေရင်းမြို့ရွာတွင် မနေမထိုင်စေရ၊ ရွှေဘွားတော်အောက်သို့ စေလွှတ် ပြန်လာစေရမည် မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းသို့ ဆင့်ဆိုမှာထားရှိကြောင်း။

[၁]။ ၂၉ ဇူလိုင် ၁၈၇၉ [၂]။ ၁၅ ဩဂုတ် ၁၈၇၉

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၀။ ။ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က [အောက် (၂၁) မှတ်]ပါအတိုင်း လျှောက်ထားရှိ၍ ၎င်းလျှောက်ချက်ပါ ကျောက်တိုင်တောင်ဘက်နေ လူတို့ကို ဖမ်းဆီးစစ်မေး စီရင်အောင်၊ တိုက်ရာပါ ပစ္စည်းများကိုလည်း ပြန်ပေးရရှိအောင် သင့်ရာစာပေးမည့် အကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန်က လျှောက်စာ။

၂၁။ ။ ဆင်အများ ပျောက်ဆုံး၍ ကျောက်တိုင်တောင်ဘက်သို့ စေလွှတ် စောင့်နေစေသူတို့က မင်းပြင်မြို့နယ် တောအရပ်တွင် ဓားပြတိုက်ခိုက်ခံရသူတို့ ပစ္စည်းများကို ကျောက်တိုင်တောင်ဘက် ချောင်းမကြီးရွာနေ ဓားပြ ငမှိုင်း၊ ငအစ်၊ ငပြားတို့လက်တွင် တွေ့ရှိမေးမြန်းရာ၊ မင်းပြင်မြို့ ကျေးတန်းကူးရွာနေ ငကျောက်ခဲ အိမ်တွင် တည်းခို။ ၎င်းရွာနေ ငမော်နှင့် ပူးပေါင်းတိုက်ခိုက်ကြောင်း ပြောဆို တပ်ရာသိရသည်နှင့် စေလွှတ် သူတို့ ပြန်ရောက် တိုင်တန်းရှိပါ၍၊ ၎င်းတိုင်တန်းချက်ပါ လူတို့ကို အရေးပိုင်မင်းထံ တောင်းခံမစမည့် အကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၂]။

ငမော် အစစ်ခံချက်။

၂၂။ ။ ကျွန်တော် မင်းပြင်မြို့၊ ကျေးတန်းကူးရွာတွင် မယား မိသဲနှင့်အတူ စားသောက်နေထိုင်ကြောင်း၊ မင်းပြင် မြို့နယ် ပိန်းတောကူးလမ်း တောအရပ်တွင် အထည်ကုန်သည် မိဖျော်၊ ရှမ်းငဝိုင်းတို့ကို ကျောက်တိုင် တောင်ဘက် ချောင်းမကြီးရွာနေ ငမှိုင်း၊ ငအစ်၊ ငပြားတို့နှင့် ပူးပေါင်းတိုက်ခိုက်၍ တိုက်ရပစ္စည်း အထည် အလိပ်များကို ဝေခြမ်းစားသောက်ကြောင်း။ ငဝိုင်းက မြို့ရုံးတွင်ပြသည့် ဓားဒဏ်ရာ ဆိုသည်မှာ ငပြားက တုတ်ချွန်နှင့် ရိုက်နှက်သည့်ဒဏ်ရာ ဖြစ်ကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့။

၁၈၇၉ ခု၊ စက်တင်ဘာလ ၃ ရက်နေ့[၃]။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂၃။ ။ ဆေးကုသရာက ဆရာဝန် ပြန်လာရာ၊ ရွှေမြို့တော်ဝန် ဖောင်ဝန်မင်းနှင့် တွေ့ကြုံ၊ ၎င်းဝန်မင်း ကြိမ်ကိုင်က ဆရာဝန်နောက်ပါ လူငယ်ကို ရိုက်နှက်သည်ဖြစ်၍ စိတ်လည်း ကျေနပ်အောင်၊ နောင်ကိုလည်း သည် ကဲ့သို့ မပြုဝံ့အောင် ပြုလုပ်လိမ့်မည် မျှော်လင့်ကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂၄။ ။ မြို့ဝန်မင်း ရှေ့လိုက် ကြိမ်ကိုင် ငပေဥ၊ ငကြင်စတို့ကို မေးရာ လမ်းတွင် ဆရာဝန်နှင့် မတွေ့မကြိမ်ကြောင်း ယခု ထွက်ဆိုသော်လည်း ထပ်မံစစ်မေး၍ မှန်လျှင် ထိုက်သက်ရာ စီရင်မည့်အကြောင်း၊ နောင်ကိုလည်း သည်ကဲ့သို့ မဖြစ်ရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၀ ရက်နေ့။

ရွှေမြို့တော်ဝန် ရှေ့လိုက်အာဏာ ငပေဥ၊ ငကြင်စတို့ အစစ်ခံချက်။

၂၅။ ။ မြို့ဝန်မင်း ထီးရုံတော်မှ ပြန်လာရာတွင် ဆရာ ဆိုသူနှင့် မတွေ့၊ ၎င်းနောက်ပါ လူကိုလည်း မတွေ့ မမြင် မရိုက်မနှက်ရကြောင်း။

---

၁။ ၁၁ စက်တင်ဘာ ၁၈၇၉ ၂။ ၂၄ ဩဂုတ် ၁၈၇၉ ၃။ ၂ စက်တင်ဘာ ၁၈၇၉ ဖြစ်မည်။

## ၃၆၆ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၉ ခု၊ ဝက်တင်ဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ရွှေမြို့တော်သို့ ခေတ္တလာသူ လန်ဒန်မြို့တော် တိုင်းသတင်းစာ ဆရာကြီး အော်စတင်က ဝန်ရှင်တော်မင်းကြီးထံ လာရောက်ဝင်ထွက် တွေ့ကြုံလိုပါ၍ တွေ့ကြုံရန် သဘောတူပါလျှင် ခင်ရင် တွေ့ကြုံနိုင်မည့် နေ့ရက်ကို စာပြန်မည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ လန်ဒန်မြို့ တိုင်းသတင်းစာ ဆရာကြီး အော်စတင် ယခုနေ့ ၂ ချက်တီးကျော်အချိန် လာရောက်လျှင် လက်ခံတွေ့ဆုံ နှုတ်ခွန်းဆက်လက်နိုင်ကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ မှုပြစ်မကင်းသူ တောင်သမန် လယ်စားဟောင်း ဘိုးကြီး သားမယားနှင့်တကွ တိတ်တဆိတ် ထွက်သွား၊ ရန်သင်္ဘောတွင် တက်ရောက်ရှိနေ၍ ၎င်းတို့ကို ဆိပ်ကမ်းစောင့်တို့က တောင်းလျှင် မဆိုင်းမရပ် ပေးအပ်အောင် သင်္ဘောကပ္ပိတန်တို့သို့ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့။

သင်္ဘောဆိပ်စောင့် မြို့စာရေး၊ ဂေါဝိန်တံခါးဗိုလ်တို့ လျှောက်ချက်။

၄။ ။ တောင်သမန်လယ်စားဟောင်း ဘိုးကြီး မယား သားနှင့်တကွ တိတ်တဆိတ် ထွက်သွားမည် ရန်သင်္ဘောသို့ တက်ရောက်ရှိနေကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

အီတာလျံကောင်စစ် ကြားသင်္ဘောကိုယ်စားလှယ် အန္တိနောသို့ ဆင့်စာ။

၅။ ။ ပြစ်မှုမကင်းသူ တောင်သမန် လယ်စားဟောင်း ဘိုးကြီး၊ ရန် သင်္ဘောတွင် တိတ်တဆိတ် လိုက်သွားမည် ကြားသိရ၍ ဘိုးကြီးတို့ကို ဆိပ်အရာရှိတို့က တောင်းလျှင် ပေးအပ်အောင် သင်္ဘော ကပ္ပိတန်၊ မာလိန်တို့ကို ဆင့်ဆိုရမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

သင်္ဘောဆိပ်စောင့် မြို့စာရေးသို့ ဆင့်စာ။

၆။ ။ ပြစ်မှုမကင်း တိတ်တဆိတ် ထွက်သွားမည် ရန် သင်္ဘောတွင် တက်ရောက်ရှိနေသူ တောင်သမန် လယ်စားဟောင်းကို ကပ္ပိတန်က အခေါ်အယူမရှိ ရာဇဝတ်ကြောင်း ကင်းလွတ်အောင် ပေးအပ်ရမည် စာရေးသား၍ ကပ္ပိတန်သို့ ပြသတောင်းဆိုရမည်၊ ဆင့်ဆိုသည်ကို နေရာကျ မသိပေါ့လျော့ ချွတ်ယွင်းရှိလျှင် အပြစ်စီရင်မည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

သင်္ဘောဆိပ်စောင့် မြို့စာရေးနှင့် ဂေါဝိန်တံခါးဗိုလ်တို့ လျှောက်ချက်။

၇။ ။ တောင်သမန်လယ်စားဟောင်းကို ရန်သင်္ဘော တွဲသမ္ဗန်တွင် တွေ့မိရှိကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၉ ခု၊ ဝက်တင်ဘာလ ၃၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၈။ ။ နိုင်ငံတော် ဥပဒေကို နားမလည်၍ တရုတ်တစ်ဦးထံမှ အရက်ဝယ်ယူ သောက်စားမိသည်နှင့် ဖမ်းဆီး

---

၁။ ၃ အောက်တိုဘာ ၁၈၇၉

ချုပ်ထား၊ ပါပစ္စည်းများကိုလည်း သိမ်းယူခံရသူ အင်္ဂလိပ် ကျွန်တော်မျိုး ဘိုးဆင်ကို အချုပ်မှလွှတ်၍ ပစ္စည်းများကို ပြန်ပေးအောင် ဆင့်ဆိုရမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့[၁]။

အမှတ်အသား။

၉။ ။ အရက်သောက်မှုနှင့် နောက်ပြင်ထောင်မှုးက ချုပ်ထားသူ ဘိုးဆင်ကို သိမ်းယူသည့် ပုဆိုး၊ ပဝါ၊ အင်္ကျီ၊ ခြေနင်းများနှင့်တကွ အရေးပိုင်က စေလွှတ်လျှောက်ထားသူ တွဲဖက်ရုံးစာရေး မောင်ကလေးသို့ ပေးအပ်ရမည် ကင်းဝန်မင်းကြီး မိန့်ချက်အရ ပေးအပ်သည့် အကြောင်းအရာ။

၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ကင်းတားဗိုလ်မင်း ငွေ ၂၀၀ဝ ကျော်ကို လိမ်လည်ယူငင်၍ တာလီဘူးသင်္ဘောတွင် လိုက်ပါရှိသူ တောင်ငူ စစ်ကဲဟောင်း မောင်ဖြူကို ပုဂံ၊ ရေနံချောင်း၊ မင်းလှ မြစ်စဉ်ရုံး အရာရှိတို့က တောင်းဆိုလျှင် အမြန် ပေးအပ်အောင် သင်္ဘောကပ္ပိတန်သို့ ဆင့်ဆိုမည့်အကြောင်း။

---

## ၃၆၇ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့[၃]။

စုံညီ မှတ်သားချက်။

၁။ ။ ရွှေမြို့တော်တွင် အင်္ဂလိပ် ကျွန်တော်မျိုးတို့ပိုင် အရပ်ရပ် သက်ရှိသက်မဲ့ ပစ္စည်းများကို ကုန်ဘက်ဖြစ်သည်၊ ဆွေမျိုးဖြစ်သည်၊ ကြွေးမြီရရန်ရှိသည်၊ အလွတ်အလပ် ဖြစ်သည်ဆို၍ ပစ္စည်းရှင် မဟုတ်သူတို့က အသိမ်းအယူ အနှောင့်အယှက် အစွဲအဆို အလျှောက်အထား မရှိစေရ ၁၂၄၁ ခုနှစ် မှတ်တော်မူချက်အရ ရပ်ဆိုင်းစေ။ တစ်စုံတစ်ရာ လျှောက်ထားစွဲဆိုလိုလျှင် ၄၄ ခုနှစ်၊ သီတင်းကျွတ်လ လွန်မှ လျှောက်ထား စွဲဆိုစေရမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

၁၈၇၉ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၂။ ။ ဘုရင်ခံထံက အမိန့်ကြေးနန်းအရ အရေးပိုင်မင်းနှင့် အင်္ဂလိပ်အရာရှိတို့ ရွှေမြို့တော်မှသွားရန် သင်္ဘောသို့ ဆင်းဆဲဖြစ်ကြောင်း၊ အင်္ဂလိပ်အရာရှိမင်း နောက်ထပ်မရောက်မီ အင်္ဂလိပ် ကျွန်တော်မျိုး၊ ပစ္စည်း၊ ကုန် အရပ်ရပ်ကို ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်မည် ယုံကြည်ကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မည်သူ၊ ကုန်ပစ္စည်း မည်မျှဖြစ်သည်ကို စာရင်းအသေအချာနှင့် ပြန်ကြားမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့။

မှတ်တော်မူချက်။

၄။ ။ ရွှေမြို့တော်ရှိ အင်္ဂလိပ် အရေးပိုင်က၊ အထက် [(၂) မှတ် ] ပါအတိုင်း စာပို့ရောက်ကြောင်း သိရသည် ဖြစ်သည်၊ ရွှေမြို့တော်တွင် ကျန်ရစ်သည့် အင်္ဂလိပ် ကျွန်တော်မျိုးတို့ပိုင် သက်ရှိသက်မဲ့ ပစ္စည်းများကို ပစ္စည်းရှင် မဟုတ်သူတို့က ကုန်ဘက်ဖြစ်သည်၊ ဆွေမျိုးတော်စပ်သည်၊ ကြွေးမြီရရန်ရှိသည်၊ အလွတ် အလပ်ဖြစ်သည် ဆို၍ အသိမ်းအယူ အနေအထိုင် အနှောင့်အယှက် အသုံးအစွဲ အဆိုအလျှောက်အထား

---

၁။ ၃ အောက်တိုဘာ ၁၈၇၉ ၂။ ၂၄ စက်တင်ဘာ ၁၈၇၉ ၃။ ၂၃ အောက်တိုဘာ ၁၈၇၉

မရှိစေနှင့်။ ပစ္စည်းရှင်တို့က စောင့်ရှောက်ရင်းအတိုင်း စောင့်ရှောက်စေရမည့် အကြောင်းနှင့် ထောင်မှူး၊ မြို့စာရေး၊ အရပ်အုပ်၊ ၁၀ အိမ်ခေါင်းတို့ကို ဇေ့နဲ့အောင် ဆင့်ဆိုစေ။ ရေ့ရုံးသို့ဆင့်၊ ဆိုင်ရာကုလားဝန်နှင့် အမရပူရ မြို့အုပ်တို့ကိုလည်း စာပေးရန် စာနှင့်လျှောက်။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

ရန်ကုန်မြို့ရှိ သူဌေးဦးစံက ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးရန် စာလက်ခံ။

၅။ ။ အင်္ဂလိပ်မင်းနှင့် မြန်မာမင်းတို့ မဟာမိတ် ဖြစ်သည့်အတိုင်း ကြည်လင်ပေါင်းသင်း ရှိနေသည့်အတွင်း ဘေးရန်ရှိသူတို့သည် ဘေးရန်မှလွတ်ကင်းအောင် ဆောဆောလျင်လျင် ထွက်သွားသကဲ့သို့ ရွှေမြို့တော်ရှိ အင်္ဂလိပ် အရာရှိတို့ ထွက်သွားကြသည်ကို ကြားသိသူတို့ အလွန်အံ့ဩရှိကြောင်း။ မြန်မာအစိုးရတို့က နှုတ်ခွန်းဆက်လက် မဟာမိတ်လက္ခဏာ ထင်ရှားအောင် မပြုရသည်ကို နှမြောကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။

ဇရာဝတီ သဘော်ာကုမ္ပဏီက အန္တြီနေသို့ပေး ကြေးနန်း။

၆။ ။ နေထွက်ဘုရင်မင်းမြတ်က နိုင်ငံတော်သို့ ကူးတို့သဘော်ာ ဆန်တက် ဝင်ထွက်သွားလာစေရန် အလိုတော် ရှိလျှင် သွားလာစေမည်ဖြစ်၍၊ သင့်ရာလျှောက်ထား ပြန်ကြားမည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

ဇရာဝတီ သဘော်ာကုမ္ပဏီ ကိုယ်စားလှယ် အန္တြီနော ခံဝန်ချက်။

၇။ ။ နိုင်ငံတော်သို့ ဝင်ထွက်သွားလာသည့် အစုန်အဆန် သဘော်ာများမှာ ဒဂုံမော်ဆိပ်ကမ်း၊ မင်းလှဆိပ်ကမ်း၊ ရွှေမြို့တော်ဆိပ်ကမ်း ဆင့်ဆိုရာ နေရာများတွင် ဆိုက်ရပ်၍ မြန်မာအရာရှိမင်းတို့ ကြည့်ရှု လက်မှတ်ပေးအပ်မှ စုန်ဆန်သွားလာပါစေမည့် အကြောင်း။ ရာဇဝတ်ကြောင်း မကင်းသည့်လူ၊ လက်နက် တစ်စုံတစ်ရာ ပါရှိတွေ့မိလျှင် နိုင်ငံတော် ထုံးစံရှိရာ ပြစ်ဒဏ်ကို ခံပါမည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့။

အောက်မြစ်စဉ်ဝန် စစ်ကဲတို့သို့ ပေးမှာစာ။

၈။ ။ နိုင်ငံတော်အတွင်း ဝင်ထွက် စုန်ဆန်သွားလာသည့် ဇရာဝတီ ကုမ္ပဏီ သဘော်ာများကို ဒဂုံမော်ဆိပ်ကမ်း၊ မင်းလှဆိပ်ကမ်းများသို့ ရောက်ကာလ အစောင့်အနေ အရာရှိကိုယ် သဘော်ာသို့ တက်ရောက်ကြည့်ရှု။ ရာဇဝတ်တော်ကြောင်းနှင့် မကင်းသည့်အရာ တစ်စုံတစ်ရာပါလျှင် အမြန်လျှောက်ထား၍ မပါလျှင် လက်မှတ်ပေးအပ် စုန်ဆန်သွားလာစေရမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်မင်းကြီးသို့ ပေးစာ။

၉။ ။ ရွှေမြို့တော်ရှိ အင်္ဂလိပ် အရာရှိမင်းတို့ ဆောဆောလျင်လျင် ထွက်သွားကြသောကြောင့် ကုန်သည်ဆင်းရဲသားတို့ တွေးထင်မကင်း ရှိကြသည်ဖြစ်၍၊ ဇရာဝတီမြစ်သွား သဘော်ာများကို နိုင်ငံတော်သို့ ဝင်ထွက်သွားလာမြဲ သွားလာလိုလျှင် မင်းလှဆိပ်ကမ်း၊ ဒဂုံမော်ဆိပ်ကမ်း၊ ရွှေမြို့တော်ဆိပ်ကမ်းများတွင် ဆိုက်ရပ်။ ကြည့်ရှု လက်မှတ်ပေးအပ် သွားလာစေမည်ဖြစ်၍ သဘော်ာတွင် ပါသမျှကို ရှိသေကောင်းမွန်စွာ ပြုသအောင် သဘော်ာကပ္ပိတန်တို့ကို မဟာမိတ်လက္ခဏာနှင့်အညီ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၂]။

ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁၀။ ။ ဇရာဝတီမြစ်သွား သဘော်ာများ နိုင်ငံတော်အတွင်း ဝင်ထွက်သွားလာမြဲ သွားလာစေရန် အကြောင်းနှင့် ရန်ကုန် အရေးပိုင်ကြီးထံ ပေးရန်စာကို ပေးပို့၍၊ အရေးပိုင်ကြီးက မည်သို့ ပြန်ပြောသည်၊ မြို့ရွာ ကြောင်းရာ ထူးထွေ ရှိသည် မရှိသည်များကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၈ အောက်တိုဘာ ၁၇၇၉ ၂။ ၁၀ အောက်တိုဘာ ၁၇၇၉

၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ။

၁၁။ ။ ရွှေမြို့တော်ရှိ အင်္ဂလိပ် အရာရှိတို့ အစောင့်အရံလူတို့ပါ ရှောင်တခင် ထွက်သွားကြသည့် အကြောင်းနှင့် စပ်၍ ရန်ကုန် သင့်ရာ သတင်းစာတွင် ထည့်သွင်းရန် ပို့လိုက်သည့် စာလက်ခံအတိုင်း ထည့်သွင်း၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

သတင်းစာတွင် ထည့်ရန် စာလက်ခံ။

(က) မြို့တော်ရှိ အရေးပိုင်နှင့် အင်္ဂလိပ်အရာရှိ ၃ တို့ ရွှေမြို့တော်တွင် နေရန်မသင့်၍ ထွက်သွားမည် မြန်မာအစိုးရတို့ထံ စာပေးပို့ပြီးလျှင်၊ စာပို့သည်နှင့် တစ်ပြိုင်နက် အစောင့်အရံလူတို့ပါ ရှောင်တခင် ထွက်သွား၊ အင်္ဂလိပ်စာရင်းကျ လူများကိုလည်း ခေါ်သွားကြောင်း။ မဟာမိတ်လက္ခဏာနှင့်အညီ အစိုးရမင်း ၂ ဦးတို့ ပေါင်းသင်းရှိနေသည့်အတွင်း ကြောင်းရာထူးထွေ မရှိဘဲ မန္တလေးမြို့တွင် နေရင်မသင့်ဟု သာမညစကား စာရေးသားပေးပို့ပြီးလျှင်၊ ဘေးရန်ရှိသူတို့သည် ဘေးရန်မှ လွတ်အောင် အဆောတလျင် သွားသကဲ့သို့ ဖြစ်၍ ကြားသိသမျှသူတို့ အလွန်အံ့ဩကြောင်း။ အင်္ဂလိပ် အရေးပိုင်တို့ အရေးတကြီး ထွက်သွားကြသည် ကို စွဲ၍ ၂ နိုင်ငံနေလူတို့ အရေးအရာ တွေးထင်မကင်း အရောင်းအဝယ် ပျက်စီး ဆုတ်ယုတ်ကြကြောင်း။ အင်္ဂလိပ်အရာရှိတို့ ထွက်သွားသည့်အရာကြောင့် ကုန်သည် ဆင်းရဲသားတို့ အရောင်းအဝယ် တန့်ရပ် ဆုတ်ယုတ်ရှိ၍ နိုင်ငံရှင် အစိုးရမင်းတို့ စောင့်ရှောက်ရန် အခွင့်အခါကြုံသည်နှင့်အညီ မလွန်၊ မင်းလှ၊ တောင်ငူ၊ ရမည်းသင်း၊ မိုးမြဲ၊ ဖယ်ခုံမြို့များ နှင့် နိုင်ငံတော် အစွန်အဖျား မြို့ရွာများတွင် မှူးကြီးမတ်ကြီး တို့ကို စေလွှတ် စောင့်ရှောက်ရကြောင်းနှင့် ကြားသိကြောင်း။ ရွှေမြို့တော်ရှိ အင်္ဂလိပ် စာရင်းကျလူတို့ ပစ္စည်းများကို စောင့်ရှောက်မည့် အကြောင်းနှင့် အရေးပိုင်က စာပေးပို့ရှိ၍ မြန်မာအစိုးရတို့က လူ ပစ္စည်း စာရင်းကိုပို့ရန် စာပြန်ရာ၊ တစ်စုံတစ်ရာ ပြန်စာမရသော်လည်း ကောင်းမွန်စွာ စောင့်ရှောက်ရှိကြောင်းနှင့် ကြားသိရကြောင်း။ သည်ကဲ့သို့ ကုန်သည် ဆင်းရဲသားတို့ ရောင်းဝယ်ကူးသန်း ရပ်တန့်ဆုတ်ယုတ်ခြင်း၊ ၂ နိုင်ငံနေ လူတို့ စိတ်လက်ချ၍ နေထိုင်ခွင့်မရခြင်း၊ မြန်မာအစိုးရတို့ အစောင့်အရှောက်ထားရခြင်း၊ အင်္ဂလိပ် စာရင်းကျလူတို့လည်း အခြေမငြိမ် ပြောင်းရွှေ့ ပင်ပန်းရခြင်းများသည် အခြားသူတို့အပေါ်၌ ပြစ်ဝန်တင်ရန် မရှိ၊ အင်္ဂလိပ်အစိုးရ အပေါ်၌သာ ပြစ်ဝန်ကျရောက်သည် အများ ထင်မြင်ကြကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၂]။

ဝန်ထောက် မြောင်လှမြို့စားသို့ ပေးမှာစာ။

၁၂။ ။ သရက်မြို့ အရေးပိုင် ဒေဝတ်နှင့် သင်္ဘောတော်တွင် သံတော်တို့ ပြောဆိုချက် ၁၇ ကို ရွှေနားတော်ကြား တင်ရာ သင့်မြတ်ကြောင်းနှင့် အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရကြောင်း၊ နောင် ပြောဆိုရန် များမှာ ၎င်းစကားချက် ၁၇ မှ မထွက်ရအောင် ပြောဆိုရမည့် အကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၂]။

အောက်မြစ်စဉ်ဝန်သို့ ပေးမှာစာ။

၁၃။ ။ သံတော်တို့ထံ ပေးရန်စာများကို လမ်းခရီး မကြန့်မကြာ ပေးပို့၍ အကြောင်းအရာကို ကြေးနန်းနှင့် လျှောက်ထားရမည့် အကြောင်း။

၁၂၄၁ ခုနှစ်၊ လက်ခံသန့် ပုရပိုက်ဆူရေ ၅ ပြီး၏။

---

လက်ခံသန့် ပုရပိုက် ၅ တွင် ကောက်နုတ်ပြီး စာများကို ချန်၍ ၎င်းနှစ် လက်ခံကြမ်း ပုရပိုက်မှ ကောက်နုတ်ချက်။

---

၁။ ၁၀ အောက်တိုဘာ ၁၈၇၉ ၂။ ၄ နိုဝင်ဘာ ၁၈၇၉

၃၆၈ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၇ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး တရားလို မောင်စံလှဖြူနှင့် တရားခံ သတင်းစာဆရာ အဟီးတို့ အမှုတွင် ၂ ဖက်ပြ သက်သေ ကုလားဝန်ရွှေတိုက်စိုးကို စရိတ်ငွေနှင့်တကွ ပေးပို့လိုက်သည့် မေးခွန်းအတိုင်း မေးမြန်း ပြန်ပို့မည့်အကြောင်း။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၁]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရားလို မောင်စံလှဖြူနှင့် တရားခံ သတင်းစာဆရာ အဟီးတို့အမှုတွင် ၂ ဖက်ပြ သက်သေ ရွှေတိုက်စိုး ဟောင်း ကုလားဝန်ကို ပို့ရောက်မည့် မေးခွန်းအတိုင်း မေးမြန်း၍ ထွက်ချက်များကို ပို့လာစေကြောင်း။

၃။ ။ တရားခံ တင်ပေးသည့် မေးခွန်းအရ ကုလားဝန် ရွှေတိုက်စိုးဟောင်း ထွက်ချက်။

(က) ရန်ကုန်တွင် မြန်မာသံတော်ဆင့် သတင်းစာတိုက်နှင့် စာအုပ်များကို လေလံရောင်းသည်ကို သိ။

(ခ) ၎င်းလေလံတွင် အဘိဓာန်စာအုပ် မဝယ်၊ အခြားသူထံ ဝယ်။

(ဂ) ၎င်းစာအုပ်အဖိုးမှာ ဒိ။

(ဃ) ၎င်းစာအုပ်ကို အခြားသူတို့ ဝယ်ယူသည်ကို မသိ။

(င) ၎င်းစာအုပ်ကို အဖိုးမည်မျှနှင့် ဝယ်သည် မသိ။

(စ) ၁၂၃၈ ခုနှစ်အတွင်း လေလံတင် လ ရက်ကို မမှတ်မိ။

၄။ ။ တရားလို တင်ပေးသည့် မေးခွန်းအရ ၎င်းထွက်ချက်။

(က) လစာငွေ အပြေမရ၍ လေလံတင်သည်ကို သိ။

(ခ) သတင်းစာဆရာ ဟာနိက အလုပ်လူတို့ လခငွေတွက် တရားစွဲဆို ဒီဂရီအရ လေလံတင်ရောင်းသည်ကို သိ။

(ဂ) လေလံရောင်း စာအုပ်ရေ မည်မျှဖြစ်သည် မသိ၊ စာအုပ်မျိုးစုံ ဖြစ်ကြောင်းသာ သိ။

---

၃၆၉ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် ကျွန်တော်မျိုး မာမတ်တာကီက မြို့မှုနှင့် လျှောက်ထားရှိ၍ ချုပ်ထားသူ မြန်မာ ကျွန်တော်မျိုး မောင်စံဝကို အချုပ်မှ ခံဝန်သူနှင့် လွှတ်ထားသည့်အရာ ထုံးစံနှင့်မညီကြောင်း၊ လွှတ်ထားရန်ကိုလည်း တရားမ အရေးပိုင်သို့ အကြောင်းမကြားကြောင်း။ အင်္ဂလိပ် ကျွန်တော်မျိုးများကို ငွေမှုနှင့် အချုပ်မှ ခေတ္တလွှတ်ရန် ပြောဆိုသည့်အခါ မြန်မာတရားသူကြီးက ခွင့်မပြုလိုရှိကြောင်း။ မြို့စားကို ဖြစ်စေ၊ ငွေကို ဖြစ်စေ ပေးအပ်အောင် ခံဝန်သူကို အတင်းအကျပ် တောင်းသင့်ကြောင်း၊ သည်ကဲ့သို့ မပေးမအပ်နိုင်လျှင် ခံဝန်သူကို ထောင်တွင်ထားရန် အမိန့်ပေးမှ ၂ ဖက်ညီမျှ ပြုလုပ်ခြင်း ဖြစ်မည့်အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[၂]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ မောင်စံဝကို အချုပ်မှ ခံဝန်သူနှင့် နုတ်ယူစေသည့်အရာမှာ မာမတ်တာကီက မောင်စံဝကို ခံဝန်နုတ်ယူစေ အောင် အင်္ဂလိပ် တရားမ အရေးပိုင်မင်းထံ လျှောက်သည့်အရ ၎င်းအရေးပိုင်မင်းက မောင်စံဝကို ခံဝန်

---

၁။ ၉ ဇွန် ၁၈၇၉ ၂။ ၂၆ ဇွန် ၁၈၇၉

နုတ်ယူစေမည့် အကြောင်းနှင့် စာပို့ရောက်ရှိ၍ ၂ ဖက်ကျေအေးအောင် နုတ်ယူစေသည့်အရာ ဖြစ်သည် တစ်ကြောင်း။ ခံဝန်သူ အဝယ်တော်မှာ ကုလားဝန်အရာခန့်ထား သူကောင်းပြုသည့် အရာရှိ ဖြစ်သည် တစ်ကြောင်းများကြောင့် မောင်စံဝကို အပ်ရမည် ကုလားဝန်က ကိုယ်စားလှယ် လွှဲအပ်သူကို ချုပ်ထား တောင်းခံစေမည် ဖြစ်၍၊ စရိတ်ပေးလျှင် ချုပ်ထားစေရန် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၀၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့။

၁၈၇၈ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ မြန်မာအစိုးရတို့ရှေ့ ဖြစ်ပွားလျှောက်ထားသည့် တရားမှု တစ်မှုတွင် အင်္ဂလိပ် ကျွန်တော်မျိုး အာကာမန္တလီခိုရာစာနီကို တရားခံအဖြစ်နှင့် စစ်မေးသည်မှာ မဟာမိတ်စာချုပ်နှင့် မညီ၍၊ စွဲဆိုလိုလျှင် တွဲဖက်ရုံးတွင် စွဲဆိုသင့်သည့်အတိုင်း မြန်မာအစိုးရများက လက်မခံ နုတ်ပယ်အောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၉ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ တရားလို ဟာစီမြီအလီနကီတို့ အမှုမှာ တရားလိုက တရားခံ ခိုရာစာနီထံ ကုန်ဖိုးငွေ ၄၀၀၀ဝိ ကျော် ရလိုကြောင်းနှင့် လွှတ်တော်မှာ လျှောက်ထားပြောဆို ရှိသည့်အတွင်း ခိုရာစာနီ အင်္ဂလိပ် စာရင်းချမှတ်ကြောင်း၊ အင်္ဂလိပ် စာရင်းချမှတ်ပြီးနောက်လည်း ခိုရာစာနီကပင် အမိန့်တော်ခံသောကြောင့် အမိန့်တော် မြတ်နှင့် ထိုက်သက်ရာစီရင်၊ တရားအရေး ရှုံးသင့်ရာရှုံး၊ နိုင်သင့်ရာနိုင် ရှိပြီးနောက် ဖောက်ပြန်မြဲမရှိ အမိန့်တော် ကောက်တော်မူချက်များကို ပျက်ကွက်စေလိုသမှု ယခုမှ အသစ်ပြုလုပ် ပြောဆိုသည့်အရာ ဖြစ်ကြောင်း။ အင်္ဂလိပ်၊ မြန်မာ အစိုးရ ၂ ဦး တစ်ဦးဦးထံ ပြောဆိုဆဲအမှု၊ တစ်ဦးဦးက စီရင်ပြီးအမှုများကို တစ်ဦးဦးက လက်ခံမရှိရန် အရေးပိုင်မင်း အဆက်ဆက်နှင့် မြန်မာတရားသူကြီးတို့ သဘောတူထားသည့် အမှတ်အသားလည်း ရှိကြောင်း။ သို့ဖြစ်၍ ခိုရာစာနီက ယခုမှ အင်္ဂလိပ် စာရင်းချဆို၍ ကပ်ခိုမရှိစေရ၊ လွှတ်တော်တွင် အပြီးအပြတ်ခံစေရန် ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၁၄ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၁ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၅။ ။ ဓားပြတိုက်ခံရသူ အင်္ဂလိပ် ကျွန်တော်မျိုး နရာဘတ်သို့ တိုက်ရာပါ ပစ္စည်းအနက် သက်သေထွက်ရာပါ ပစ္စည်း တန်ဖိုးငွေ ၁၃၉၀ိ ၃ မူးကို အဝယ်တော် ငမြိုင်က ပေးစေ ဝန်ရှင်တော် သေနတ်ဝန်မင်းကြီး၊ ခန်းပတ်မင်းကြီး အမိန့်အရ မပေးမရသေးကြောင်းနှင့် နရာဘတ်က လျှောက်ထားရှိ၍ ပေးကမ်းရရှိအောင် ဆင့်ဆိုတောင်းခံပေးမည့် အကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၆။ ။ အဝယ်တော် ငမြိုင်ကို လွှတ်တော် ရုံးတော် ဥပဒေအရ အကျဉ်းချထား ရိုက်နှက်တောင်းခံစေ၍ ရှိကြောင်း။ သည့်ပြင် အထူးပြုလုပ်နိုင်ရန် အခွင့်မရှိကြောင်း။ ယခုလည်း အကျဉ်းချထား တောင်းခံစေလျက်ရှိကြောင်း။

---

## ၃၇၀ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အာကာမန္တလီခိုရာစာနီသည် ၁၈၇၃ ခုနှစ်က အင်္ဂလိပ် စာရင်းချမှတ်သည်ဖြစ်၍ ၎င်းအပေါ်မှာ မြန်မာ

---

၁။ ၂၆ ဇွန် ၁၈၇၉ ၂။ ၆ ဇူလိုင် ၁၈၇၉

လွှတ်ရုံးတွင် မည်သည့်နေ့ တရားစွဲဆိုသည်ကို စာပြန်မည့်အကြောင်း။ ၎င်းတရားမှု စွဲဆိုစဉ် ချေဆိုခွင့် မရှိ၊ တွဲဖက်ရုံးတွင်သာ စွဲဆိုထိုက်သည်ကို ငြင်းပယ်ကြောင်း၊ မြန်မာအစိုးရမင်းတို့တွင် ကျွန်တော်က ရရန်ရှိ၍ ပေးစေ အမိန့်ပေးပြီးငွေကို ကျွန်တော်အပေါ်၌ စွဲဆိုသူတို့ပေးရန် မြန်မာရုံးတွင် ဖမ်းဆီးသိမ်းထား ရှိကြောင်းများနှင့် ခိုရာစာနီက လျှောက်ထားရှိကြောင်း။ တရားခံ ပစ္စည်းများကို ဖမ်းဆီး သိမ်းထားသည့် အရာ မြန်မာထုံးစံ မညီကြောင်းနှင့် တွဲဖက်ရုံး မြန်မာတရားသူကြီးက ပြောဆိုရှိသောကြောင့် ခိုရာစာနီ သည် မှားယွင်းလျှောက်ထားသည် ထင်မှတ်ရန်ရှိ၍ မြန်မာအစိုးရတို့က ခိုရာစာနီသို့ ပေးရန်ရှိသည့် ငွေကိုသာ ပေးနိုင် မပေးနိုင် စာပြန်မည့်အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဟာစိမြီအလီနကီတို့ ငွေမှုမှာ အလီနကီက ခိုရာစာနီတို့ထံ ငွေ ၄၀၀၀ဝိ ကျော် ရရန်ကို ရှင်းလင်းရန် အမိန့်တော်ခံသောကြောင့် အမိန့်တော်မြတ်နှင့် ဝန်ရှင်တော်ပခန်းကြီး မြို့စားမင်းကြီးသို့ အပ်၍ ၁၂၃၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်နေ့ ဆုံးဖြတ်ရကြောင်း။ အလီနကီသား သရက်မာမတ်ကို ထပ်မံ မေးရာ ငွေ ၄၀၀၀ဝိ ကျော်မှုမှာ လွှတ်တော်က စစ်မေးစီရင်သည် မှန်ကြောင်း၊ ၎င်းအမှု ပြောဆိုဆဲအတွင်း အာကာမန္တလီခိုရာစာနီ၊ ဟာစိမြီဇာမန္တလီတို့တွင် ငွေရရန်ရှိ၍ တွဲဖက်ရုံးမှာ လျှောက်ထား ရှင်းလင်းရာ တရားလို ကျွန်တော်အဘက တရားခံကို လွှတ်တော်တွင် လျှောက်ရင်းအမှုနှင့် စပ်သည်ဖြစ်၍ တရားလို တရားခံတို့ အမွေမှုကို လွှတ်တော် ရုံးတော်များမှာသာ လျှောက်ထားရမည် ၁၂၃၉ ခု တော်သလင်းလဆုတ် ၆ ရက်နေ့ တွဲဖက်ရုံး အမိန့်ဒီဂရီ ကျရောက်၊ ၎င်းရုံးတွင် ထင်ရှားရှိကြောင်း၊ ၎င်းအမှု ပြီးငြိမ်းရှိမှ တရားခံ က ချဲ့ထွင်သည့်အရာဖြစ်ကြောင်း ထွက်ဆိုရှိ၍ တရားလို လျှောက်ချက်နှင့် သိမ်းထားသည့် ငွေအကြောင်းမှ စ၍ အထက်စီရင်ချက်ပါ အမှုကို ရှင်းလင်းရန် ခိုရာစာနီကိုသာ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၃။ ။ ဘိုးကျော်နှင့် ကာရမတ်တာလီတို့ အမှုကို စီရင်မည့် အကြောင်းအရာ ၁၂၄၀၊ တော်သလင်းလဆန်း ၁၀ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပြန်စာအရ မည်သည့်နေ့ လက်ခံဆုံးဖြတ်နိုင်မည်ကို စာပြန်မည့် အကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၄။ ။ အမှုသည် ဘိုးကျော်နှင့် ကာရမတ်တာလီတို့ကို အမှုသည်တို့ အဆိုဆင်ခြေ သက်သေထွက်ချက်နှင့် တကွ ယခု လပြည့်ကျော် ၁ ရက်နေ့ အရေးပိုင်မင်းက စေလွှတ်ပေးပို့မည့် အကြောင်း။

---

## ၃၇၁ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၈ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ ဗန်းမော်မြို့ သံဝင်းစာရေး မောင်ထိုက်က ကျွန်တော်ကို ဈေးကြိုတော် အရာရှိတစ်ဦးက ညှဉ်းပန်းပြုလုပ် ချုပ်ထား၊ ပစ္စည်းကိုလည်း ယူငင်ကြောင်း လျှောက်ထား၍ သိမ်းယူ ပစ္စည်းကိုလည်း ပြန်ရအောင်၊ လက်ရောက်ပြစ်ကိုလည်း ပေးလျော်အောင် နေရာကျ ပြုလုပ်မည့်အကြောင်း။ မောင်ထိုက်လည်း သေ အရက် မမူးမယစ်ကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့[၁]။

ဈေးကြီးတော် အရှေ့တံခါးစောင့် အမှုထမ်း ၃ အစစ်ခံချက်။

၂။ ။ အမည်မသိလူ ၁ သေအရက်မူးယစ်၊ ကျွန်တော်တို့ကို ဆဲရေး ရိုက်နှက်မည် ပြုလုပ်၍ ဖမ်းဆီးပြီးလျှင် ဈေးခေါင်းထံ ပို့အပ်၊ ဈေးခေါင်းက တောင်းပန်ပြောဆိုရှိ၍ မြို့ဝန်ထံ မပို့လွှတ်လိုက်ကြောင်း၊ ၎င်းတွင် ငွေ ၅ဝိ မရ၊ ၎င်းက အပ်သည့် ပစ္စည်းများကို ဈေးကြီးတော် အကြီးအကြပ်ထံ အပ်ထားကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

ဈေးကြီးတော် ဈေးခေါင်း သေင်း မေးချက်။

၃။ ။ အမှုထမ်းလူတို့ အရက်မူးယစ်သူ လူ ၁ ကို ပို့လာရာ မှုပြစ်မရှိရန် ကျွန်တော်က တောင်းပန်ပြောဆိုကြောင်း၊ ၎င်းကို မငေါက်မငမ်းကြောင်း၊ ၎င်းတွင်ပါ ပစ္စည်းကို အမှုထမ်းတို့ ယူ မယူကို တပ်ရာမသိကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

ဈေးကြီးတော် အကြီးအကြပ် မြို့စာရေး နေမျိုးစည်သူနော်ရထာ မေးချက်။

၄။ ။ တွဲဖက်ရုံးစာရေး ငမောင်ကလေးက ဗန်းမော်မြို့ သံဝင်းစာရေး ငထိုက်ကို ဈေးကြီးတော် အရှေ့တံခါး အမှုထမ်းလူတို့ အမှုရှာကြံ ဖမ်းဆီးကြောင်း၊ ပါပစ္စည်းများကို ပေးအပ်ရကြောင်း တိုင်တန်းလာ၍ ခေါ်ငင်မေးမြန်းရာ အရက်မူးယစ်သူ ငထိုက်ကို ဈေးခေါင်းတောင်းပန်သည်ဖြစ်၍ လွှတ်လိုက်ကြောင်း၊ ငထိုက်ပေးသည့် ပစ္စည်းများကို ယူငင်ထားရကြောင်း ပြောဆိုသည့်အရ အရက်သောက်စားသူ အမှန်ဖြစ်၍ ရုံးသို့ပို့မည် ဈေးကြီးတော် အစိုးရထံ လျှောက်ထားရာ တွဲဖက်ရုံးစာရေး ငမောင်ကလေး ခံဝန်ချက်နှင့် လွှတ်ထားရမည် အမိန့်အရ လွှတ်ထားကြောင်း။ ငထိုက်ထံက အမှုထမ်းတို့ ရသည့် ပစ္စည်းကိုသာ မရှင်းလင်း၍ သိမ်းထားကြောင်း။ အမှုထမ်းတို့ ငွေရသည် မရသည်ကို မသိကြောင်း။

ဈေးကြီးတော် တံခါးစောင့် ငခေါင်၊ ငရောင်ကြီး၊ ဘဘတို့ ဆိုစေရန် သစ္စာမိဋ္ဌာန်ချုပ်။

၅။ ။ ငထိုက်တွင် ကြေးငွေ မပါ၊ ပဝါပေါင်းလျက် မဟုတ်၊ ပါသည် ဆိုသည့်ငွေကို ကျွန်တော်တို့ ၃ လည်း မယူ၊ အခြားသူ ယူသည်ကိုလည်း မသိမမြင် မှန်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

ဝန်ထောက်တော် မြို့သာမြို့ဝန် ပဋ္ဌနဂိုမြို့စားမင်း ကောက်ချက်။

၆။ ။ ငထိုက်တို့ အမှုမှာ တရားလိုက တရားခံတို့ ကျမ်းကျိန်ဆိုလျှင် ရှုံးနိုင်ခံဝံ့ကြောင်း လဲလျှောက်ချက်အရ အချုပ်နှင့် ကျမ်းဆိုစေ၊ မဆိုဝံ့လျှင် ငထိုက် အဆိုပါငွေ ၅ဝိ၊ ပဝါအဖိုး ၃ိ တန် အမှန်ဖြစ်စေ၍ ၂ ရပ်ငွေ ၅၄ိ ငထိုက်သို့ ပေးလျော်စေ။ ဆိုဝံ့လျှင် ပါပစ္စည်း ပျောက်ဆုံးအနက် အချို့ကို တရားခံတို့ လက်တွင် ရရှိသည့် အကြောင်းနှင့်ဖြစ်၍ စွပ်ယိုးစွဲပြစ် မဆိုသာ၊ လပ်စေ။ သေအရက် သောက်စားမှုမှာ ရာဇဝတ်မှုဖြစ်၍ တစ်ခန်းလျှောက်စေ ကောက်ချက်ကို သဘောတူ လက်မှတ်ရေးထိုးကြသည့် အကြောင်း။

ငခေါင်၊ ငရောင်ကြီး၊ ဘဘတို့ အစစ်ခံရာပါ ငထိုက်ပိုင် ပစ္စည်းစာရင်း။

(က) လက်စွပ် ၁၊ ပုဆိုး ၁၊ ထီး ၁၊ ဖိနပ် ၁၊ ဓားငယ် ၁၊ မွေးညှပ် ၁၊ ဆပ်ပြာခဲ ၁။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၁၈ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၇။ ။ ယခုစာပါ အကြောင်းအရာကို ဝန်ရှင်တော်မင်းကြီး ဆင့်ဆိုသင့်ရာ ဆင့်ဆိုရန် ဆင်ခြင်မည့်အကြောင်း၊ မြို့စားထံ မြို့ရှင်တို့က လွှဲအပ်သူတို့က တောင်းခံနိုင်ခွင့်မှာ အရပ်ရပ် တိုင်းနိုင်ငံ ထုံးစံလေ့ ဖြစ်ကြောင်း၊ သို့ဖြစ်သည်အရ တွဲဖက်ရုံးတွင် သည်ကဲ့သို့ အခွင့်မျိုးကို ရရှိ၊ မြန်မာတရားသူကြီးက ငြင်းပယ် လက်မခံမရှိရအောင် နေရာကျ ဆင့်ဆိုပြုလုပ်မည် မျှော်လင့်ကြောင်း။

---

[၁]။ ၁၁ ဇူလိုင် ၁၈၇၉

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ (မြီအကြောင်းနှင့်) ပေးစာ။

၈။ ။ မြီရှင်၊ မြီစား၊ မြီရှင်က လွှဲအပ်တောင်းခံစေမည့်သူ ၃ ဦးတို့ စုံညီ မြီရှင်က မြီကို လွှဲအပ်သူသို့ ပေးဆပ်ရမည်ဆိုခြင်း၊ မြီစားက ပေးဆပ်မည်ဆိုခြင်း၊ အလွှဲခံသူက တောင်းပါမည်ဆိုခြင်း လက္ခဏာ ၃ ပါး ပြည့်စုံစေပြီးလျှင် စုံညီအမှတ်အသား ထားမှသာ တောင်းခံနိုင်ကြောင်းကို မြန်မာနိုင်ငံ ဥပဒေထုံးစံ ကျမ်းဂန်များတွင် အထင်အရှား ရှိသည့်အတိုင်း စီရင်ဆုံးဖြတ်လျက် ရှိသည်ဖြစ်၍ စာပါစကားကို ဆင်ခြင်လျှင် နိုင်ငံတော်စီရင်ထုံး တရားကျမ်းဂန် ထုံးစံဥပဒေ ရှိသည့်အတိုင်း ထပ်တူသဘောရလိမ့်မည် မျှော်လင့်ကြောင်း။

---

## ၃၇၂ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့။

၁၈၇၉ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ အီစွပ်အလီနှင့် ဒေဝါနာလီတို့ ဈေးဆိုင်ပေါင်မှုအကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာကိုရကြောင်း၊ အီစွပ်အလီသည် တော်နှင့်စပ်သည့် မြေကို မပေါင်သင့်ဘဲ ပေါင်သော်လည်း ဆိုင်အဆောက်အဦမှာ ငင်းပစ္စည်းဖြစ်၍ တွဲဖက်ရုံး အမိန့်မရှိဘဲ မသိမ်းယူသင့်ကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့။

ဒေဝါနာလီ မေးချက်။

၂။ ။ ဈေးကြီးတော် အရှေ့မြောက်ဘက် ကျွန်တော်ပိုင် ဆိုင်ငှားရမ်းခငွေ၊ ဆိုင်ပြင်ဆင်ခ ငွေများကို ဆိုင်ငှားသူ အီစွပ်အလီ မပေးရှိနေ၍ တရားရုံးတွင် လျှောက်ထားရာ၊ အင်္ဂလိပ် စာရင်းချ ဖြစ်သည် ကပ်ခိုပြုလုပ်ခေါ်ငင် မလိုက်မပါရှိကြောင်း ကြားသိရကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့[2]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၃။ ။ ဒေဝါနာလီကိုမေးရာ [အထက် (၂) မှတ်] ပါအတိုင်း ထွက်ဆိုရှိ၍ အမှုမှာ ဈေးကြီးတော် ဆိုင်မြေမှု ဖြစ်သည့်အတိုင်း ဈေးကြီးတော်အစိုးရ၊ တရားရုံးအစိုးရ တစ်ဦးဦးတို့ထံတွင်သာ လျှောက်ထား ပြောဆိုသင့်ကြောင်း၊ တော်နှင့်ဆိုင်သည့် ဆိုင်မှုကို အခြား တရားမှုကဲ့သို့ အီစွပ်အလီ မရှင်းမလင်းရှိလျှင် ဈေးကြီးတော် အစိုးရတို့က ပြုသင့်ပြုရာ ပြုရန်ရှိကြောင်း။

---

## ၃၇၃ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့[3]။

၁၈၇၉ ခု၊ စက်တင်ဘာလ ၄ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို အင်္ဂလိပ် ကျွန်တော်မျိုး ဘာဟိုဒင်က ငွေရရန်ရှိကြောင်းနှင့် လျှောက်ထားရှိသူ တရားခံ အမရပူရမြို့၊ စကျင်ဝရွာနေ ဒွေးဂုံ၊ ဦးလုံး၊ မောင်ကျော်စံတို့ကို တွဲဖက်ရုံးသို့ ဆင့်ဆိုစေလွှတ် ရှင်းလင်းပါစေမည့် အကြောင်း။

---

၁။ ၄ ဩဂုတ် ၁၈၇၉ ၂။ ၂၁ ဩဂုတ် ၁၈၇၉ ၃။ ၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက် ဖြစ်မည်။

၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့[1]။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့ မည်သည့်ကာလကမှ အုပ်စုပါ စကျင်ဝရွာတွင် မရှိမနေကြောင်းကို [အောက် (၃) မှတ်] ပါအတိုင်း အမရပူရမြို့အုပ်က လျှောက်ထားရှိကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့[2]။

အမရပူရ မြို့အုပ်က လျှောက်စာ။

၃။ ။ အမိန့်မှာစာပါ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့ စကျင်ဝရွာတွင် မရှိမနေကြောင်းကို [အောက် (၄) မှတ်] ပါအတိုင်း ရွာခေါင်းတို့ ခံဝန်ထွက်ဆိုရှိ၍ ထွက်ချက်နှင့်တကွ တင်ပို့ပါကြောင်း၊ ၎င်းတို့ကို အနီးအစပ် ရွာများတွင် ထောက်လှမ်း မေးမြန်းဆဲရှိကြောင်း။

၁၂၄၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[3]။

စကျင်ဝရွာခေါင်း ငထွန်း ထွက်ချက်။

၄။ ။ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့ မည်သည့်ကာလကမှ စကျင်ဝရွာတွင် မရှိမနေကြောင်း၊ နောင် တွေ့မိလျှင် ရာဇဝတ်အပြစ် ခံပါမည့်အကြောင်း။

---

## ၃၇၄ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့။

၁၈၇၉ ခု၊ စက်တင်ဘာလ ၂၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်က ပေးစာ။

၁။ ။ တရားလို ဘာဟိုဒင်က ငွေမှုနှင့် လျှောက်ထားဖူးသူ တရားခံ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့မှာ ရွှေဂူမြို့နေ ဖြစ်ကြောင်း ထပ်မံ လျှောက်ထားရှိပါ၍ ၎င်းတို့ကို ဆင့်ဆိုစေလွှတ်ပါမည့် အကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့။

အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၂။ ။ တရားလို ဘာဟိုဒင်နှင့် တွဲဖက်ရုံးတွင် ငွေမှုရှင်းလင်းရန် ရွှေဂူမြို့နေ တရားခံ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့ကို ဆင့်ဆိုလာရောက်စေရမည် အညာမြစ်စဉ် မြို့ရွာအစိုးရ နောက်ဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့။

အညာမြစ်စဉ်ဆိုင်ရာ မြို့ရွာအစိုးရ နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၃။ ။ တရားလို ဘာဟိုဒင်နှင့် ငွေမှုရှင်းလင်းရန်ရှိသူ ရွှေဂူမြို့နေ ဒွေးဂုံ၊ မောင်လုံး၊ မောင်ကျော်စံတို့ကို နေ့ရက်မကြာ ဆင့်ဆိုစေလွှတ် လာရောက်စေရမည့် အကြောင်း။

---

## ၃၇၅ မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့[4]။

အီတာလျံကောင်စစ် အန္တိနောက အီတာလျံနိုင်ငံ ဝန်ကြီးသို့ ပြန်ပေးစာ (လက်ခံ)။

၁။ ။ မြန်မာနိုင်ငံတွင် သားတော် သမီးတော်တို့ကို ကွပ်ညှပ်စီရင်သည့်အရာကို သေနတ်ဝန်ကြီးထံ လျှောက်၍ စာပြန်ရန် အီတာလျံဝန်ကြီးမင်း ပေးစာအရ လျှောက်ရာ၊ သားတော် သီပေါမင်းသားကို ထီးနန်း အရိုက်အရာ တင်ပြီးနောက်၊ ကျန်သားတော် သမီးတော် မင်းဆွေမင်းမျိုးတို့အနက် အစွန်းအစဖြစ်အောင် ပြုလုပ်ကြံစည်သူတို့ကိုသာ မေတ္တာမကင်း ရှိလျက်နှင့်ပင် နိုင်ငံထုံးစံ ဥပဒေအလိုက် ရှင်းလင်းရကြောင်း။ အင်္ဂလိပ်

---

၁။ ၁၀ စက်တင်ဘာ ၁၈၇၉ ၂။ ၁၃ ဩဂုတ်ဘာ ၁၈၇၉ ၃။ ၉ စက်တင်ဘာ ၁၈၇၉ ၄။ ၃၀ မေ ၁၈၇၉

မင်းများနှင့် အကြောင်းမှာလည်း နိုင်ငံ မသင့်တင့်အောင် မလိမ္မာသူတို့ ကုန်းချောစကားကြောင့် အင်္ဂလိပ်မင်းများကသာ ကျောက်တိုင်အနီး လက်နက်ကိုင် ချီတက် စောင့်နေစေသောကြောင့် ပြည်သူတို့ တွေးထင်မကောင်း အရောင်းအဝယ် ပျက်လပ်ရှိရသည်မှာ ၎င်းတို့တာဝန် ဖြစ်ကြောင်း။ နိုင်ငံတော်က လက်နက်ကိုင်တို့ကို ရှေးကထက် ပိုမိုကြံစည်မရှိ၊ မဟာမိတ် ခိုင်ခံ့မြဲမြံရန် မြော်ခေါ်ရှိကြောင်း။ ရွှေလက်ထက်တော်တွင် နှလုံးမပြည့်ဝသူ လူငယ် လူနုတို့ကို သူကောင်းပြုသည် ဆိုသည်မှာလည်း ကျွန်ရင်းမှန်သူတို့ကို ထီးသစ်နန်းသစ် ထုံးနည်းအတိုင်း ချီးမြှင့်၍ မှူးကြီးမတ်ကြီးထံ အဆုံးမကို ခံစေကြောင်း။ ၎င်းတို့လည်း တိုင်းရေးပြည်မှုတွင် ဩဇာအာဏာ မပြုမလုပ်နိုင်ကြောင်းနှင့် အမိန့်ရှိကြောင်း။

၁၂၄၁ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့။

၁၈၇၉ ခု၊ ဇွန်လ ၂၅ ရက်နေ့။

ကျောက်ဖြူမြို့နေ ပြည်မြို့ဝန်ထောက်ဟောင်း ဟိုင်းက
လျှောက် (ဘာသာ) ရေးစာ မြန်မာပြန်ချက်။

၂။ ။ အရေနီမြန်း၍ လုပသော၊ အရပ် ၈ ပေ ၉ လပ်မ၊ တောင်သင့် ၅ ၂ ၄ ရှိ ဆင်ဖြူမ ၂ ကို အိန္ဒိယ ဘင်္ဂါခရိုင်နယ်တွင် မိတ်ဆွေတစ်ဦး ဖမ်းဆီးရမိ၍ အလိုတော်ရှိလျှင် နေရာကျအောင် စေ့စပ်ပြုလုပ်နိုင်ပါကြောင်း၊ ခမည်းတော်ဘုရားလက်ထက် ဖူးမြော်နှုတ်ခွန်းဆက်လက် ဆန်တက်မည် ကြံရည်လျက် မရောက်ရရှိသည်ကို နမြောကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[1]။

ကျောက်ဖြူမြို့နေ ပြည်မြို့ဝန်ထောက်ဟောင်း ဟိုင်းသို့ ပေးစာ။

၃။ ။ ပြည်မြို့ဝန်ထောက်ဟောင်း ဟိုင်း ပေးစာအရ နေထွက်ဘုရင်မင်းမြတ် အကျိုးတော်ကို အလိုရှိသည်အဖြစ်ထင်ရှား၍ ဝမ်းမြောက်ကြောင်း။ လျှောက်ရာပါ ဆင်ကဲ့သို့သော ဆင် ရွှေစက်တော်အောက်တွင် အများရှိကြောင်း။ ကိုယ်လုံး ဝါဂွမ်းကဲ့သို့ ဖြူခြင်း၊ မျက်လုံး ပုလဲကဲ့သို့ရှိခြင်း စသော လက္ခဏာမြတ်နှင့် ပြည့်စုံသည့်ဆင်ကို အလိုတော်ရှိ၍ ပြန်ကြားမှာထားခွင့်ရှိသည့်အတိုင်း မမှာထားရသည်ကို နမြောကြောင်း။

၁၂၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့[2]။

ဒိုင်းခေါင်း ငကြယ် လျှောက်ချက်။

(က) အင်္ဂလိပ် အရာရှိတို့ လမ်းအလည်အပတ်သွားရာ ရွှေကွပ်၊ ငွေကွပ် ဓားတစ်ရပ်ရပ် ဆောင်ထား သွားလာရလျှင် အရာရှိမှန်းသိ၍ ပြက်ချော်သရော် ကင်းလွတ်ရန် ရှိသည်ထင်သည်။ ၎င်းအကြောင်းကို လျှောက်ထားချေ စေခိုင်းသောကြောင့် လျှောက်ထားပါကြောင်း၊ (အင်္ဂလိပ် အရာရှိတို့ လည်ပတ်ရာ ပြက်ချော်သရော် ပြုလုပ်မရှိစေရအောင် ဆင့်ဆိုရမည် သေနတ်ဝန်ကြီး ဆင့်ဆိုချက်ရှိ။)

(ခ) ရှူးသွပ်ထွက်ပြေးသည့် စစ်ဗာရီ ၁ ကို ကင်းတော်များက တွေ့မိလျှင် ဖမ်းဆီး၍ တွဲဖက်ရုံးသို့ ပို့အပ်မည့်အကြောင်းကို လျှောက်ထားချေ စေခိုင်းသောကြောင့် လျှောက်ထားပါကြောင်း။ (ရှူးသွပ် ထွက်ပြေးသည့် စစ်ဗာရီကို ကင်းတော်များက တွေ့မြင်လျှင် အသာအယာ ဖမ်းဆီး၍ တွဲဖက်ရုံးသို့ ပို့ရမည် သေနတ်ဝန်ကြီး ဆင့်ဆိုချက်ရှိ။)

၁၂၄၁ ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့[3]။

အန္တိနော လျှောက်ချက်အရ ၎င်းသို့ ပေးစာ။

၄။ ။ အန္တိနောက နစ်စဉ် စေလွှတ်မြဲ စေလွှတ်သည့် ရေကြောင်းပြုလု ၁၅၊ သဘော်ငယ် ၁၊ သမ္ဗန်ငယ် ၁၊ လှေလောင်းကြီးငယ် ၂ နှင့် သေနတ် ၂၊ ဓားလွယ် ၂ များကို ကျောက်တစ်လုံး ကင်းတော်က တားဆီးမရှိ၊ ကင်းခွန်ကင်းခ တောင်းခံမရှိ စွဲကိုင်ဆောင်ယူ သွားလာပါရမည့်အကြောင်းနှင့် လျှောက်ချက်အရ တားဆီးမရှိ စေလွှတ်သွားလာစေရမည့် အကြောင်း။

---

၁။ ၄ ဩဂုတ် ၁၈၇၉ ၂။ ၁၄ ဩဂုတ် ၁၈၇၉ ၃။ ၂၄ နိုဝင်ဘာ ၁၈၇၉

၃၇၆ မှတ် ပုရပိုက်ထွက်။

[ရန်ကုန်မြို့ အရေးတော်ပိုင် မဟာဝန်ရှင်တော်မင်းကြီး အမိန့်အရ ၎င်း အတွင်းစာရေးကြီး ဘတ်ဂျက်က မြန်မာနိုင်ငံခြားဝန်ကြီးထံပေး ဘာသာရေးစာ မြန်မာပြန်ချက်စု။]

၁၂၄၁ ခု၊ နှောင်းကဆုန်လဆန်း ၂ ရက်နေ့[၁]။

၁၈၈၀၊ ဧပြီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ၁၂၄၁ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် နေ့စွဲနှင့် ဝန်ရှင်တော်မင်းကြီးက ပေးပို့သည့်စာအရ အရေးပိုင်မင်းကြီးက မြန်မာသံတော် အရေးပိုင်ကြီး ဝန်ထောက်တော် မြောင်လှမြို့စားမင်းကြီး သီရိမဟာကျော်ထင်ရာဇာ သိရန်ပေးသည့် စာလက်ခံကို ဝန်ရှင်တော်မင်းကြီး သိရန် ပို့ကြောင်း။

ရန်ကုန်မြို့ အရေးပိုင်က မြန်မာသံတော်ကြီး ဝန်ထောက်တော် မြောင်လှမြို့စားသို့ ပေးစာလက်ခံ။

(က) မြန်မာသံတော်ကြီးမင်းက သရက်မြို့ အရေးပိုင်မင်းသို့အပ်၍ အရေးပိုင်မင်းကြီးထံပေးစာ၊ မြန်မာနိုင်ငံခြားဝန်ကြီးမင်းက အရေးပိုင်မင်းကြီးထံ ပေးစာများနှင့် သံတော်ကြီးမင်းကို အရေးလွှဲအပ်အမိန့်တော်စာများကို ရကြောင်း။ သံတော်ဝန်ထောက်မင်း သိရန် အရေးပိုင်မင်းကြီးက ပေးပို့သည့် ၁၈၇၉ ခု နိုဝင်ဘာလ ၂၉ ရက် နေ့စွဲပါ စာအရ စကားချက်၊ ၁၈၈၀ ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲနှင့် ပေးစာပါ ၅၊ ၆ အချက်များအရ မည်သို့ သဘောရရှိ ပြုလုပ်ပြောဆိုလိုသည်၊ ၎င်းစကား ၂ ချက် ထက် အထူး။ ရွှေမြို့တော်တွင် အင်္ဂလိပ် အရေးပိုင်ကို မည်သို့ အခွင့်ရရှိ နေထိုင်စေမည်၊ မြန်မာမင်း ရှေ့ ဝင်ထွက်ရာ မည်သို့ လက်ခံမည်များကို သိလိုကြောင်း။ ၎င်းအချက်များကို မည်သို့ ပြုလုပ်လိုကြောင်းနှင့် သံတော်ကြီးက ပြန်ပေးစာတွင် လက်ခံနိုင်လောက်အောင် အချက် တစ်စုံတစ်ရာ ပါလျှင် အရေးပိုင်မင်းကြီးက သံတော်ကြီးနှင့် ဝမ်းမြောက်ဝမ်းသာ တွေ့ကြုံလက်ခံမည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့[၂]။

၁၈၈၀၊ မတ်လ ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က သံတော်တို့ထံ ပေးစာ။

၂။ ။ ကဆုန်လဆန်း ၉ ရက် နေ့စွဲနှင့် သံတော်ကြီးက ပေးစာကို ရကြောင်း။ ၂ နိုင်ငံအတွင်း ညှိနှိုင်းပြောဆိုရန်ကို အရေးပိုင် ၂ ဦး တွေ့မြင်ပြောဆို ပြုလုပ်ရမှ တွင်ကုန်လွယ်မည် သံတော်ကြီးမင်း သဘောရသည်နှင့် ထပ်တူဖြစ်သော်လည်း ပြောဆိုရန်ကို မပြောဆိုမီ အသင့်ရန်ထားပြီး မရှိက အကျိုးမရှိဖြစ်၍ ကျွန်ုပ်က အထက် ၁၈၇၉ ခု၊ နိုဝင်ဘာလ ၂၉ ရက် နေ့စွဲနှင့် ပေးစာပါ အကြောင်းအရာ။ ၁၈၈၀ ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲနှင့် ပေးစာပါ ၅ အချက်၊ ၆ အချက် အကြောင်းအရာ။ ရွှေမြို့တော်တွင် ကိုယ်စားလှယ် အင်္ဂလိပ် အရေးပိုင် နေထိုင်ပုံ၊ ရှေ့တော်သို့ ဝင်ထွက်လက်ခံပုံ အကြောင်းအရာများကို သံတော်ကြီး ဖြစ်သည်နှင့်အညီ မည်သို့ ပြုလုပ်ပြောဆိုမည်ကို ရန်ထားပြောဆိုကာလ လက်ခံနိုင်လောက်အောင် အချက်အဆစ်ပါလျှင် ဝမ်းမြောက်စွာ တွေ့ဆုံနိုင်ကြောင်းနှင့် သံတော်ကြီးထံ စာပေးပြီး ဖြစ်ကြောင်း။ အချက်အဆစ် တစ်စုံတစ်ရာ မပါလျှင် တွေ့ဆုံကမ်းလှမ်း ပြောဆိုသော်လည်း အကျိုးမရှိကြောင်း။ သံတော်ကြီး အလိုရှိသည့်အတိုင်း ရန်ကုန်မြို့တွင် တွေ့ဆုံခွင့် မပြုနိုင် ရှိသည်ကို အရေးပိုင်မင်းကြီးက နှမြောကြောင်း။ တစ်စုံတစ်ရာ ခြေမြစ်သည့် အရေးအရာကို မပြုနိုင်လျှင် ဧပြီလ ၂ ရက်နေ့ ကျွန်ုပ်က ပေးပို့စာ သဘောအတိုင်း ပြောရမည် ဆင့်ဆိုရှိကြောင်း။ ၎င်းစာလည်း ဧပြီလ ၁၂ ရက်နေ့ သရက်မြို့ အရေးပိုင်က သံတော်ကြီးထံ ပေးပြီး ဖြစ်ကြောင်း။

---

၁။ ၁၂၄၁ ခု၊ နှောင်းကဆုန်လဆန်း ၅ ရက် ဖြစ်မည်။ ၂။ ၁၂၄၁ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ဖြစ်မည်။

၁၂၄၁ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့[၁]။

၁၈၈၀၊ မတ်လ ၂၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ခရစ်နှစ် ၁၈၇၅ ခု၊ မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ်က အင်္ဂလိပ်မင်း၊ မြန်မာမင်းတို့ ကရင်နီနယ်မြေကို စာချုပ်ဆိုပြီးနောက် မြန်မာအစိုးရမင်းတို့က ကရင်နီနယ်ကို တစ်စုံတစ်ရာ မနှောင့်မယှက်ကြောင်း ပေးစာ အရ အရေးပိုင်မင်းကြီးက ဝမ်းမြောက်ကြောင်း။ အင်္ဂလိပ် အစိုးရမင်းတို့ကလည်း စာချုပ်နှင့်မညီ တစ်စုံ တစ်ရာ နှောင့်ယှက်မရှိကြောင်း။

၁၂၄၂ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

၁၈၈၀၊ မေလ ၁၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ အင်္ဂလိပ်နိုင်ငံတွင် တိုက်ခိုက်၍ မြန်မာနိုင်ငံသို့ ထွက်ပြေး ခိုဝင်သူ ဓားပြ ငရွှေနုကို စစ်မေးရန် တောင်းဆိုသည့်အတိုင်း မြန်မာအစိုးရမင်းတို့က သရက်မြို့ အရေးပိုင် သို့ ပေးအပ်ကြောင်း ပေးပို့စာကို ရကြောင်း၊ ငရွှေနုကို စစ်မေးပြီးကာလ စစ်မေး ထွက်ဆိုချက်နှင့်တကွ စာပြန်ပေးပို့မည့် အကြောင်း။

၁၂၄၂ ခု၊ နယုန်လဆန်း ၇ ရက်နေ့။

၁၈၈၀၊ မေလ ၁၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄-က ။ ကရင်နီစော်ဘွား ဘိုးပြားကလေးက မြန်မာအစိုးရမင်းတို့ အသိမ်းအပိုက် အမအစကိုခံ၍ အခွန်ဘဏ္ဍာ ဆက်သ ထမ်းရွက်မြဲ ထမ်းရွက်လိုကြောင်းနှင့် မြန်မာအစိုးရမင်းတို့ထံ လျှောက်သည့် စာလက်ခံနှင့်တကွ အရေးပိုင်မင်းကြီးသိရန် ပေးစာကိုရကြောင်း။ ၎င်းစာမှာ အထူးပြန်ပြောရန် မရှိ၊ ၁၂၃၇ ခုနှစ် အစိုးရမင်း ၂ ဦးတို့ ချုပ်ဆိုကြရင်း စာချုပ်အတိုင်းသာ ပြုလုပ်ရန် ရှိကြောင်း။

၁၂၄၂ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၈၀၊ မေလ ၂၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ နိုင်ငံတော် စလင်းမြို့ ကျေးရွာများသို့ ကျောက်ဖြူမြို့ အရေးပိုင်ဆိုသူ အမှုထမ်းလူတို့နှင့် လာရောက် အလံစိုက်ထူကြောင်းနှင့် မြို့ရွာနေလူတို့ လျှောက်ထားရှိ၍ နေရာကျပြုလုပ်မည့် အကြောင်းအရာ ပေးစာကို ရကြောင်း။ ၎င်းအကြောင်းသည် မဟုတ်မမှန် ဖြစ်မည် အရေးပိုင်မင်းကြီး သဘောရသော်လည်း မေးမြန်း၍ ဟုတ်မှန်ကာလ နေရာကျပြုလုပ်၍ အကြောင်းအရာကို ပြန်ကြားမည့်အကြောင်း။

၁၂၄၂ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့။

၁၈၈၀၊ မေလ ၂၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅-က ။ ဝန်ရှင်တော်မင်းကြီးက ပေးပို့သည့် ၁၂၄၂ ခုနှစ်တွက် ထွက်ကုန်ဝင်ကုန် ကောက်ခံရန် ကုန်အဖိုးနှုန်း စာရင်းစာအုပ်ကို ရရှိကြောင်း။

၁၂၄၂ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့။

၁၈၈၀၊ မေလ ၃၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ရောဝတီမြစ်သွား ရုန်ခေါ်သင်္ဘောကို စလေမြို့ အစိုးရတို့က တားဆီးနှောင့်ယှက် ပြုလုပ်သည့်အမှုကို နေရာကျစစ်မေး၍၊ ယခုနှစ် ဇွန်လကုန်ထက် မလွန်စေရအောင် စာပြန်ပါမည့် အကြောင်း။

၁။ ၁၂၄၁ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက် ဖြစ်မည်။

၁၂၄၂ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့။

၁၈၈၀၊ ဇွန်လ ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ညောင်ရမ်းစား၊ ညောင်အုပ်စားတို့ အကြောင်းကို ဘင်္ဂလားမြို့ အရေးပိုင်သို့မေးရာ ညောင်ရမ်းစားမှာ ရှိကြောင်း၊ ညောင်အုပ်စားသည် တိတ်တဆိတ် ထွက်သွားကြောင်းနှင့် ပြန်စာရကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလဆန်း ၁၂ ရက်နေ့။

၁၈၈၀၊ ဇွန်လ ၁၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲကျေးရွာကို ဓားပြတို့ ထပ်မံတိုက်ခိုက်၊ ကျောက်တိုင်တောင်ဘက်သို့ ခိုဝင်ရှိ၍ ဖမ်းဆီးမည့် အကြောင်းအရာ ပေးစာအရ ဓားပြဖြစ်လျှင် ၁၂၂၉ ခုနှစ် မဟာမိတ် စာချုပ်အရ တောင်းခံ ပြုလုပ်သင့်ကြောင်း၊ ယခုအမှုကို ဆင်ခြင်လျှင် ဓားပြ မဟုတ်၊ နိုင်ငံကို လို၍ ပုန်ကန်သည် ထင်သော ကြောင့် ပုန်ကန်ခိုဝင်သူကို ဖမ်းဆီးရန်အခွင့်၊ ဖမ်းဆီးမြဲ ထုံးစံမဟုတ်။ သို့သော်လည်း ကျောက်တိုင် တောင်ဘက်နေ အင်္ဂလိပ် ကျွန်တော်မျိုးတို့ ၎င်းအမှုတွင် မည်သည့်နည်းနှင့်မျှ မပါဝင်ရအောင် ဆင့်ဆို၊ အင်္ဂလိပ်နိုင်ငံသို့ ခိုဝင်ရမိသည့် သူပုန်တို့ကိုလည်း လက်နက်များကို သိမ်းယူပြီးကြောင်း၊ ရှေ့သို့လည်း အဝ ဘုရင်ကို ပုန်ကန်ရန်အကြံနှင့် အင်္ဂလိပ်နယ်စွန်နေ လူတို့ကို သိမ်းပိုက်နိုင်သမျှ သိမ်းပိုက်မည့် အကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၈၀၊ ဇူလိုင်လ ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ညောင်အုပ်စားကို ဖမ်းဆီးရမိရှိ၍ ဘင်္ဂလားသို့ ပြန်ပို့ကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၈၀၊ ဇူလိုင်လ ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉-က ။ ရန်ခေါ် သဘော်ကို တားဆီးမှု အကြောင်းအရာ ပြန်စာကို ၎င်းအကြောင်းအရာနှင့် အထက်ပေးစာပါ နေ့ရက်အတွင်း ရရှိ၍ အရေးပိုင်မင်းကြီးက ဝမ်းမြောက်ရှိကြောင်း၊ စလေမြို့ အစိုးရတို့ ပြုကျင့်သည့် အမှုအရာ စစ်မေး ထွက်ဆိုချက်များကို နေ့ရက်မကြာ ပေးပို့လိမ့်မည် မျှော်လင့်ကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

၁၈၈၀၊ ဇွန်လ ၂၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ဆင်ပေါင်ဝဲ ကျေးရွာတိုက် ဓားပြများအနက် ဖမ်းဆီးရလူ ၂ တို့ ထွက်ချက်နှင့်တကွ ပေးစာကိုရကြောင်း၊ ၎င်းပေးစာတွင် ကျောက်တိုင်တောင်ဘက်နေလူတို့ ဓားပြများတွင် ပါဝင်အားပေးအားမြှောက် မပြုမလုပ် ရအောင် သိမ်းပိုက်မည့်အကြောင်းနှင့် ပါသည်မှာ ၎င်းအကြောင်းအရာနှင့်စပ်၍ အထက်ပေးပို့စာများကို ကြည့်ရှုလျှင် တွေ့မြင်မည် ဖြစ်ကြောင်း၊ ရှေ့သို့လည်း ထပ်မံကြော်ငြာဆင့်ဆိုမည့်အကြောင်း။ အောက် မြစ်စဉ်ဝန်က သရက်မြို့ အရေးပိုင်ထံ ၄ ကြိမ်တိုင် စာပေးရာ ပြန်စာမရကြောင်းနှင့် တစ်ရပ် ပါသည့်အရ အရေးပိုင်က ပြန်စာပေးရမည် ဆင့်ဆိုရှိကြောင်း။ အောက်မြစ်စဉ်ဝန်မင်း ပေးစာတွင် ဖမ်းဆီးရမိသူ ကုလားမေကူနှင့် မြန်မာငကောက်တို့ကို စစ်မေးရာ အာလံမြို့ တရားမဝန်ထောက်၊ ရာဇဝတ်ဝန်ထောက် တို့က လက်နက်ကြေးငွေ ပေးကမ်းသည် ထွက်ဆိုကြောင်းနှင့် ပါသည်မှာ မဟုတ်မမှန်ကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့။

၁၈၈ဝ၊ ဇွန်လ ၂၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ နိုင်ငံတော် မင်းပြင်မြို့နယ်၊ ပိန်းတော ကူးတောအရပ်တွင် တိုက်ဓားပြ ငအစ်၊ ငမှိုင်း၊ ငပြားတို့ အကြောင်းနှင့် အထက် မန္တလေးမြို့ရှိ အရေးပိုင်ထံ ပေးစာအရ ထောက်လှမ်းရာ ငမှိုင်းမှာ ရှာဖွေမရ။ ငအစ်မှာ ကျောက်တိုင်တောင်ဘက်မှ နိုင်ငံတော်ဘက်သို့ ထွက်ပြေး၊ ချောင်းခွအရပ်တွင် ခိုဝင်ရှိနေသည်။ ငပြားမှာ နိုင်ငံတော် မြေထဲမြို့ ညောင်ပင်ဝိုင်းရွာတွင် ခိုဝင်ရှိနေသည် ထောက်လှမ်းသိရကြောင်း။

---

၃၇၆ (က) မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၁]။

၁၈၈ဝ၊ ဩဂုတ်လ ၂၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ မင်းပြင်မြို့၊ ပိန်းတောကူးလမ်းတွင်တိုက် ဓားပြမှုနှင့် သက်ဆိုင်၍ ချုပ်ထားသူ ငပြား၊ ငအစ်၊ မိငွေတို့ကို သိသူ သက်သေ မစေမလွှတ်၍ မိငွေကို ခံဝန်သူနှင့် လွှတ်ပြီးနောက် ကျန်လူ ၂ ကို နေ့ရက်အရှည် ချုပ်ထားသော်လည်း စာလူ ပို့ရောက်စေလွှတ်မရှိ၍ ၁၈၇၉ ခု၊ နိုဝင်ဘာလအတွင်းက အချုပ်မှလွှတ်ကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့။

၁၈၈ဝ၊ စက်တင်ဘာလ ၁၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ မြတ်သော ဝန်ရှင်တော်မင်းကြီးကို နိုင်ငံတော်ဝန်ကြီးချုပ် ခန့်ထားတော်မူကြောင်းနှင့် ပေးစာကို ရရှိကြားသိရ၍ အရေးပိုင်မင်းကြီးက ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့[၂]။

၁၈၈ဝ၊ စက်တင်ဘာလ ၁၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ညောင်အုပ်စား လာရောက်သည့်အရာသည် အင်္ဂလိပ် အစိုးရတို့အပေါ်မှာ ပြစ်ဝန်တင်ရန် ရှိကြောင်းနှင့် ပေးစာကိုရကြောင်း။ မင်းသားများကို အင်္ဂလိပ် နယ်မြေအတွင်း နေစေသည်မှာ မင်းသားများနှင့် မြန်မာ အစိုးရတို့အကြား အင်္ဂလိပ် အစိုးရတို့က တစ်စုံတစ်ရာ နှောင့်ယှက်လို၍ မဟုတ်၊ မင်းသားတို့ ဆန္ဒအတိုင်း မြန်မာအစိုးရတို့ သဘောတူ၍ နေစေသည့်အရာ ဖြစ်ကြောင်း။ မင်းသားတို့ အင်္ဂလိပ်မင်းပိုင်နယ်တွင် နေထိုင်သည့်အတွင်း အစောင့်အရှောက်နှင့်ထားရန်၊ ၎င်းတို့ သဘောရှိရာ မသွားမလာရန် ခံဝန်ပြောဆို မပြုမလုပ်ကြောင်း။ ညောင်အုပ်စား တိတ်တဆိတ် ထွက်သွား၍ လျှပ်ရှားထကြွ ပြုလုပ်မည်ကို သိလျှင် သိချင်း ဖမ်းဆီးရှိကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလဆန်း ၁၅ ရက်နေ့[၂]။

၁၈၈ဝ၊ စက်တင်ဘာလ ၁၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ညောင်အုပ်စား ပုန်ကန်ပြုလုပ်၍ နိုင်ငံတော်နေ ကျွန်တော်မျိုးတို့ နစ်နာကြောင်းနှင့် ပေးစာကိုရကြောင်း။ ပေးစာတွင် မင်းသားများသည် အင်္ဂလိပ် အစိုးရတို့ ထိန်းသိမ်းထားသူ ဖြစ်ကြောင်းနှင့် ပါသည်မှာ မင်းသားများ အသွားအလာ တားမြစ်ရန်၊ အစောင့်ထားရန်နှင့်စပ်၍ အထက်ပေးစာတွင် ပါရှိကြောင်း။ ပေးစာတွင် ညောင်အုပ်စား အပေါင်းပါလူတို့ကို ၁၂၂၉ ခုနှစ် စာချုပ် ဒသမအချက်အရ စီရင်စေလိုကြောင်း

---

၁။ ၁၂၄၂ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက် ဖြစ်မည်။ ၂။ ၁၂၄၂ ခု၊ တော်သလင်းလဆန်း ၁၄ ရက် ဖြစ်မည်။

နှင့် တစ်ရပ်ပါသည်မှာ တစ်နိုင်ငံသားတို့ နိုင်ငံပုန်ကန်မှုနှင့် အင်္ဂလိပ်နယ်သို့ ခိုဝင်လာသူတို့ကို ဖမ်းဆီးခွင့် အင်္ဂလိပ် တရားဥပဒေ မရှိကြောင်း။ ညောင်အုပ်စားနှင့် အပေါင်းပါလူတွင် အင်္ဂလိပ် ကျွန်တော်မျိုးပါလျှင် ပုန်ကန်ရာ ကူညီမှုနှင့်သာ စီရင်နိုင်၍ ဓားပြမှုနှင့် မစီရင်နိုင်ကြောင်း။ အလျောက် ဆိုးသွမ်းသူတို့ကို အပြစ်အလျောက် စီရင်မည်ဖြစ်ကြောင်း။ ပေးစာတွင် ညောင်အုပ်စားလူတို့ တိုက်ခိုက်၍ လူ ပစ္စည်း ပျက်စီးသေကျေကြောင်း စာရင်းတစ်ရပ် ပါရှိသည်မှာ ညောင်အုပ်စား အပေါင်းပါလူ မဟုတ်၊ အခြား လူတို့ တိုက်ခိုက်ပျက်စီး ဆုံးပါး ထင်ရှားလျှင်သာ အင်္ဂလိပ် အစိုးရမင်းတို့ ရုံးတော်များက အထိုက် အလျောက် ပြစ်ဒဏ် စီရင်သင့်ရာ စီရင်၊ ပေးလျော်သင့်ရာ ပေးလျော်စေလိမ့်မည် ဖြစ်ကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[၁]။

၁၈၈၀၊ အောက်တိုဘာလ ၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ အင်္ဂလိပ်မင်းပိုင်နယ်နေလူတို့ နိုင်ငံတော်အတွင်း ဓားပြပြုလုပ် ဝင်ရောက်တိုက်ခိုက်သည်ကို တွေ့မိလျှင် စီရင်မည့်အကြောင်း။ ထကြွသည့် သူပုန်များနှင့်စပ်၍ အထက် ၁၈၈၀၊ ဇွန်လ ၂ ရက်၊ ၁၈ ရက် နေ့စွဲပါ စာပါ စကားပြင် ထူးထွေပြောဆိုရန် မရှိကြောင်း။ သေသူ အရေးပိုင်မင်းရှောက မင်းသားတို့ ပုန်ကန်မပြု မလုပ်ရန် ခံဝန်ကတိ ရှိသည် ဆိုသည်မှာလည်း ၎င်းအရေးပိုင် ပေးစာမှတ်ပုံတွင် မတွေ့မရှိကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၁]။

၁၈၈၀၊ စက်တင်ဘာလ ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ မဏိပူရနယ်တွင်းရှိ ချင်းကဘိုရွာသို့ ချပ်စပ်ကူကစ်ခေါ် လူ ၃၀ ကျော်တို့ ဝင်ရောက်တိုက်ခိုက်၊ လူ ၄၅ သေဆုံး၊ လူ ၃ ကို ဖမ်းဆီးခေါ်သွား၊ ရွာကို မီးရှို့ဖျက်ဆီး၊ ၎င်းအကြောင်းအရာ အရပ်ရပ်ကို နေရာကျ ပြုလုပ် စာပြန်ပါမည့် အကြောင်း။

၁၂၄၂ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့[၁]။

၁၈၈၀၊ ဩဂုတ်လ ၁၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ အစိုးရစာပို့ ရန်ခေါ် မီးသင်္ဘောကို စလေမြို့ဝန်က ရပ်ဆိုင်းတားဆီး ပြုလုပ်မှုသည် အမှုကြီးဖြစ်၍ မည်ကဲ့သို့ စီရင်ဆုံးဖြတ်သည်ကို စာပြန်မည့်အကြောင်း။

၁၂၄၂ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၈၀၊ စက်တင်ဘာလ ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ နိုင်ငံတော်မှာ တရားဥပဒေ သေချာပြင်ဆင်ပြောင်းလဲ၍ တိုင်းရေးပြည်မှုကို ၉ ဌာန ခွဲဝေရာ၊ သေနတ်ဝန်ကြီးမင်းမှာ ဥပဒေဌာနတွင် အကြီးအချုပ်၊ ခန်းပတ်ဝန်ကြီးမင်းမှာ သာသနာ၊ ပညာ၊ နိုင်ငံခြားဌာနတွင် အကြီးအချုပ် ခန့်ထားကြောင်းကို စာပေးကြားသိရ၍ အရေးပိုင်မင်းကြီး ဝမ်းမြောက်စွာ ကောင်းချီးမင်္ဂလာ ပြုပါကြောင်း။ တရားဥပဒေ ပြင်ဆင်ပြုလုပ်သမျှ ပြီးစီးအောင်မြင်လိမ့်မည် အရေးပိုင်မင်းကြီး မျှော်လင့်ကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

၁၈၈၀၊ ဇူလိုင်လ ၁၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ စလင်းမြို့ ပိုးမုံညင်း ၉ ရွာသို့ ကျောက်ဖြူမြို့အရေးပိုင် လာရောက် ဆိုသည့် အကြောင်းအရာကို မေးမြန်းရာ၊ နိုင်ငံတော် နယ်စပ်သို့ ကျောက်ဖြူမြို့ အရေးပိုင် ပင်ဘာတင်ဆိုသူ တစ်ကြိမ်၊ မြို့အုပ် မောင်ဘိုး ဆိုသူ

---

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

တစ်ကြိမ်၊ အရေးပိုင် စင်ချွန်ဆိုသူ တစ်ကြိမ်၊ ကော်လော်နက်ဒေဘီဆိုသူ တစ်ကြိမ် သွားဖူးကြောင်း။ ဝန်ရှင်တော်မင်းကြီး ပေးစာပါ အကြောင်းမှာ ကော်လော်နက်ဒေဘီ သွားရောက်စဉ်အခါ ဖြစ်ရန်ရှိကြောင်း။ ၎င်းကိုလည်း အရေးပိုင် စတိုဝါက မြန်မာအစိုးရတို့ထံ တိုင်ကြားသွားစေသည် ဖြစ်ကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့[၁]။

၁၈၈၀၊ အောက်တိုဘာလ ၂၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ သမ္ဘာရာတိုင်းခေါ် မီးသဘော်ာ ကပ္ပီတန်၊ ခရာသီတို့နှင့် မိုင်းပျဉ်းမြို့ တရုတ်လူမျိုးတို့ ခိုက်ရန်ဖြစ်ပွားမှုနှင့် စပ်၍ နောင် သည်ကဲ့သို့ မဖြစ်ရန် ဆင့်ဆိုတားမြစ် စီရင်ပြုလုပ်ရှိကြောင်းကို သိရ၍ အရေးပိုင်မင်းကြီး ဝမ်းမြောက်ကြောင်း။

---

## ၃၇၇ မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

၁၈၈၀၊ အောက်တိုဘာလ ၁၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ငအောင်ကောင်းနှင့် အပေါင်းပါလူ ၅ တို့ ၁၂၄၁ ခု၊ တန်ခူးလအတွင်း ကျွဲနွားဝယ်ရန် ကိုယ်ပိုင်ငွေ ၁၇၉၅ ကို ဆောင်ယူထွက်သွား၊ တောင်တွင်းကြီးမြို့၊ ထန်းတပင်ရွာသူကြီး ငစံကေးနှင့် တွေ့ရှိ၊ ၎င်းကို ရှေ့ဆောင်ပြုလုပ်၊ မကွေးမြို့ သဘော်ာကျွန်းရွာတွင် ကျွဲ ၄၁ ဝယ်ယူ၊ ကျွဲ ၈ မှာ ငစံကေးနှင့် ငရွှေမောင်တို့ ဆောင်ယူသွားကြောင်း။ ကျန်ကျွဲ ၃၃ မှာ ကျွဲ ၁ လျှင် ၅ ကျ မကွေးမြို့ စစ်ကဲသို့ပေး၍ ဆောင်ယူလာရာ တောင်ခွင်မြို့ သူကြီးမယားက ပါသည့်ကျွဲနှင့် ငွေ ၁၂ဝ ကို သိမ်းယူ၊ လူကို ချုပ်ထားနောက်၊ မြစ်စဉ်ရုံးသို့ ပို့အပ်ကြောင်း လျှောက်ထားရှိ၍ ကုန်သည်တို့မှာ ပြစ်ဝန်မရှိ ညှဉ်းပန်းသူ မြန်မာအရာရှိတို့ကို စီရင်မည့် အကြောင်း။

သက်သေ ငအောင်ကောင်း ထွက်ချက်။

(က) ကျွန်တော်တွင် ငွေ ၇၆ဝ၊ ငရွှေဇင်၊ ငသာထွန်းတို့တွင် ငွေ ၅၀ဝ၊ ငရွှေအံ့တွင် ငွေ ၂၀ဝ၊ ငပန်းတွင် ငွေ ၂၈ဝ ကိုယ်စီနှင့် ကျွဲနွားဝယ် တက်သွားရာ တောင်တွင်းကြီးမြို့ ထန်းတပင်ရွာအုပ် ဆိုသူ ငစံကေးနှင့် တွေ့ရှိ၊ ၎င်းကို ရှေ့ဆောင်ပြုလုပ်၊ မကွေးမြို့ သဘော်ာကျွန်းရွာတွင် ကျွဲ ၄၁ ဝယ်ယူ၊ ကျွဲ ၈ မှာ ငစံကေးနှင့် ငရွှေမောင်တို့ ယူသွား၊ ကျန်ကျွဲ ၃၃ ကို ထုတ်ယူရန် ကျွဲ ၁ လျှင် ၅ ကျ ပေး၍ စစ်ကဲထံ လက်မှတ်ခံယူ၊ ပြန်လာ၊ တောင်ခွင်မြို့သို့ ရောက်ကာလ ၎င်းမြို့ သူကြီးမယားက ပါသည့်ကျွဲနှင့် ငွေများကို သိမ်းယူ။ ငအောင်ထွန်း၊ ငရွှေအံ့တို့ကို မြစ်စဉ်ရုံးသို့ ပို့ကြောင်း။

သက်သေ ငပန်း အစစ်ခံထွက်ချက်။

(ခ) ကျွန်တော်နှင့် အပေါင်းပါလူ ၅ တို့တွင် ပါသည့် ကျွဲ ၃၃ နှင့် ငွေ ၁၂ဝ ကို တောင်ခွင်မြို့ သူကြီး မယားက သိမ်းယူ၊ ငအောင်ထွန်းနှင့် ငရွှေအံ့တို့ကို မြစ်စဉ်ရုံးသို့ ပို့ကြောင်း။ [(ဂ) သက်သေ ငအောင်ထွန်း၊ (ဃ) သက်သေ ငရွှေအံ့၊ (င) သက်သေ ငရွှေဇင်တို့ ထွက်ချက်များမှာ ငပန်း ထွက်ချက်နှင့် တူ။]

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့[၁]။

၁၈၈၀၊ အောက်တိုဘာလ ၁၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ၁၂၄၂ ခု၊ နယုန်လအတွင်း စစ်ရွှေရွာတွင် ဓားပြတိုက်ခိုက်၍ ဖမ်းဆီးရာ လူ ၆ ယောက်အနက် ၃ ယောက်

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

ကို ရမိ၊ ၃ ယောက်မှာ မြန်မာနိုင်ငံသို့ ထွက်ပြေး၊ ၎င်းအနက် ငပုံ၊ သိုင်းတို့မှာ မြန်မာ ကျွန်တော်မျိုး ထင်ကြောင်း၊ ပြေစ်မှာ အင်္ဂလိပ် ကျွန်တော်မျိုး ဖြစ်၍ ပေးအပ်မည့်အကြောင်း။ ငပုံ၊ သိုင်းတို့ကို စစ်မေး ပြီးလျှင် မည်သို့ ထွက်ဆိုသည်များကို စာပြန်ပေးမည့် အကြောင်း။

သက်သေ ကြေး အစစ်ခံထွက်ချက်။

(က) ၁၂၄၁ ခု၊ တန်ခူးလအတွင်း မက္ကလာရွာသို့သွားရာ စစ်ရွှေရွာအနီးရောက်ကာလ လူ ၆ တို့နှင့် တွေ့ရှိ။ ၎င်းတို့အမည်မှာ ငပုံ၊ ပြေစ်၊ ငထွေး၊ ငကောက်ရ၊ သိုင်း။ လူ ၁ မှာ အမည်မသိ၊ ၎င်းတို့က မင်းတို့ချည်း ဖြစ်သည်၊ အဖော်ပါသည် မေးရာ လုလင် ၂ ယောက် ပါကြောင်းနှင့် ပြန်ပြောလိုက် ကြောင်း။

သက်သေ ငပိုင် အစစ်ခံထွက်ချက်။

(ခ) ၁၂၄၁ ခု၊ တန်ခူးလအတွင်း မက္ကလာရွာက စစ်ရွှေရွာသို့သွားရာ မရောက်မီ ၃ တိုင်ခန့်အကွာတွင် ဓားပြတို့နှင့် တွေ့ရှိ၊ သေနတ် လက်နက်များနှင့် အထုပ်အထည်များကို ယူသွားသည်ကို မြင်ပါသည်။ ၎င်းတို့အမည်မှာ ငပုံ၊ ပြေစ်၊ သိုင်း၊ ငလှိ၊ ငကောက်ရ၊ ငထွေး၊ လေန်းတို့ ဖြစ်ပါသည်။ ငပုံ၊ လေန်းမှာ လူတောင်ရွာ၊ သိုင်းမှာ ပေါင်းဝရွာ၊ ငလှိ၊ ငကောက်ရတို့မှာ ကမ်းပါးနီရွာနေ ဖြစ်ပါသည်။

ငဝဲ သက်သေခံထွက်ချက်။

(ဂ) ၁၂၄၁ ခု၊ တန်ခူးလအတွင်း စစ်ရွှေချောင်းတွင် တွေ့ရှိသည့် ဓားပြတို့အနက် သိုင်း၊ ငလှိ၊ ငရွှေလင်း၊ ငကောက်ရ၊ ပြေစ်၊ ငထွေးတို့ကို သိကြောင်း။

တိုး သက်သေခံထွက်ချက်။

(ဃ) အင်းရွာက ထွက်သွားရာ စစ်ရွှေရွာအနီးတွင် ဓားပြတို့နှင့် တွေ့ရှိ၊ ၎င်းတို့အနက် ငပုံ၊ သိုင်း၊ ငကောက်ရ၊ ငထွေးတို့ကို သိကြောင်း။

ငနီ သက်သေခံထွက်ချက်။

(င) သိုင်း စစ်ရွှေရွာကို တိုက်ခိုက် ထွက်ပြေးပါသည်။ ၎င်းသူ မြန်မာနိုင်ငံတော် တိုင်တားမြို့နေ၊ ၁၂၃၀ နှစ်အတွင်း ပေါင်းဝရွာသို့ သားမယားပါ ရွှေ့ပြောင်းနေထိုင်၊ ၁၂ နှစ်ခန့် ကြာရှိကြောင်း။

ငပြောင် သက်သေခံထွက်ချက်။

(စ) သိုင်း စစ်ရွှေရွာကို တိုက်ခိုက်ထွက်ပြေး၊ မြန်မာနိုင်ငံတော်နေ ဖြစ်သည် ထင်ကြောင်း၊ ပေါင်းဝရွာ တွင် သားမယားပါ လာရောက်နေထိုင် ၁၂ နှစ်ခန့် ကြာရှိကြောင်း။

ငဆောင်း သက်သေခံထွက်ချက်။

(ဆ) ငပုံနှင့် ပြေစ်တို့ စစ်ရွှေရွာကို တိုက်ခိုက်ထွက်ပြေး၊ ငပုံမှာ နိုင်ငံတော် ပန်းတိမ်းမြို့နေ၊ နောက် ကြက်တက်ရွာသို့ လာရောက်နေထိုင် ၁၃ နှစ်ခန့်ရှိ၊ ပြေစ်မှာ ကြက်တက်ရွာတွင် မွေးဖွား ထာဝရနေ ဖြစ်ကြောင်း။ [(ဇ) ငလွန်း၊ (ဈ) ငတောင်တို့ သက်သေခံထွက်ချက်မှာ ငဆောင်း ထွက်ချက်နှင့်တူ။]

ငထွန်းဘော် သက်သေခံထွက်ချက်။

(ည) ငပုံနှင့် သိုင်းတို့ မြန်မာနိုင်ငံတော်က ကြက်တက်ရွာသို့ လာရောက်နေထိုင်သည်မှာ ၁၃ နှစ်ခန့်ရှိ၊ ပြေစ်မှာ ကြက်တက်ရွာ ထာဝရနေ ဖြစ်ကြောင်း။

---

**၃၇၈ မှတ် ပုရပိုက်ထွက်။**

**၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[1]။**

**၁၈၈၀၊ အောက်တိုဘာလ ၆ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

။ ။ ၁၂၄၂ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့၊ ခရီးသွားလူ ၄ တို့ကို ဓားပြတိုက်ခိုက်၍ တိုက်ရာပါ နွား

[1] ၁၂၄၂ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက် ဖြစ်မည်။

ကောင်ရေ ၈၊ အထည်အလိပ် ပစ္စည်းများကို ကျောက်တိုင်မြောက်ဘက်သို့ ယူသွား၍ လိုက်လံရှာရာ သီဒုတ်မြောင်ရွာသို့ ဆိုက်ရောက်၊ မြန်မာအရာရှိ ဗိုလ်ခေါ်ခံ ငအေးနီက ချုပ်ထား၊ နောက်တစ်ရက်မှ ပြည်စိုးတိုက်အုပ် ဆိုသူထံ ပေးအပ်ချုပ်ထားသောကြောင့် ခံဝန်သူနှင့် ငွေ ၁ဝ ပေးမှ လွတ်ငြိမ်းသည်။ သို့ဖြစ်၍ ၎င်းအမှုကို ဖြောင့်မတ်မှန်ကန်အောင် မည်သို့ ဆုံးဖြတ်စီရင်မည် စာပြန်မည့်အကြောင်း။

ဗိုလ်လှူးကုန်းရွာနေ ငဆိုး အစစ်ခံထွက်ချက်။

(က) ၁၂၄၂ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်နေ့၊ သပြေစမ်းရွာက ဗိုလ်လှူးကုန်းသို့ ကျွန်တော် ပြန်လာ၊ လမ်းတွင် လှည်း ၃ ကို ဓားပြတိုက်ခိုက်၊ ဓားပြ ၈ တို့ကို မြင်လိုက်သောကြောင့် တပ်စဉ်ရွာသို့ သွားရောက်တိုင်တန်း၊ နောက်တစ်ရက်မှ လိုက်ရှာရာ လက်သည်းကုန်းရွာသို့ ဆိုက်ရောက်၊ တပ်မှူး ငစိုးထံ တိုင်တန်း၊ ခြေရာလိုက်ခံရာ သီဒုတ်မြောင်ရွာသို့ ရောက်ကာလ ဗိုလ်အေးနီ ဆိုသူက ဓားပြ ဆို၍ ဖမ်းဆီး၊ အပေါင်းပါလူ ၃ တို့ကို ချုပ်နှောင်၊ ဗတ်ခန်ရွာနေ ပြည်စိုးတိုက်အုပ်ထံ ပို့အပ်ချုပ်ထား၊ ကျောက်တိုင်တောင်ဘက် ချောင်းမြောင်ရွာသူကြီး ခံဝန်၍ ငွေ ၁ဝ ပေးဆောင်မှ လွတ်ကြောင်း။

(ခ) ၎င်းရွာနေ ငထွန်းအောင် အစစ်ခံထွက်ချက်မှာ (ငဆိုး အစစ်ခံနှင့်တူ)။

၎င်းရွာနေ ငအစ်မောင် အစစ်ခံ ထွက်ဆိုချက်။

(ဂ) ငဆိုးနှင့်အတူ ဓားပြတိုက်ခိုက်ခံရ၍ တိုက်ရာပါ နွားများကို လိုက်လံရာ သီဒုတ်မြောင်ရွာသို့ ရောက်ကာလ အပေါင်းပါလူတို့ကို ဖမ်းဆီးသည်ကိုမြင်၍ ထွက်ပြေး ပြန်လာရကြောင်း။

၎င်းရွာခေါင်း ငချိတ် အစစ်ခံထွက်ချက်။

(ဃ) ငဆိုးနှင့် အပေါင်းပါလူတို့ပိုင် ဓားပြတိုက်ရာပါ ပစ္စည်းများကို လိုက်လံရှာဖွေရမည် ရွာနေသူကြီး အမိန့်အရ ရှာဖွေရာ လက်သီးကုန်းရွာသို့ ဆိုက်ရောက်၊ တပ်ဗိုလ် ငရွှေစိုးထံ တိုင်တန်းလိုက်ရှာ၊ သီဒုတ်မြောင်ရွာသို့ ရောက်ကာလ အပေါင်းပါလူတို့ကို ဖမ်းဆီးသည်နှင့် ကြောက်ရွံ့ ထွက်ပြေး ပြန်လာရကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၁ဝ ရက်နေ့[၁]။

၁၈၈ဝ၊ အောက်တိုဘာလ ၁၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေတိုး၊ ငရွှေရင်း၊ ငရွှေထွန်းတို့ မြန်မာနိုင်ငံတော်အတွင်း လရက်အရှည် အကျဉ်းချုပ်ထား ခံနေရသည်ဖြစ်၍ ၎င်းအမှုကို သင့်လျော်မှန်ကန်အောင် မည်သို့ စီရင်ဆုံးဖြတ် ပြုလုပ်မည်ကို စာပြန်မည့်အကြောင်း။

ငတာနီ အစစ်ခံထွက်ချက်။

(က) သမက် ငရွှေရင်း၊ ငရွှေတိုး၊ ငထွန်းဦးတို့ နွားဝယ်ရန် တောင်တွင်းကြီးမြို့သို့ သွားရောက်၊ ဗိုလ်ခေါ်ခံ ငထွန်းအောင်၊ ညီကြေးတို့အိမ်တွင် တည်းခိုရာ များမကြာမီ ဗိုလ်ခေါ်ခံ ညီအစ်ကိုတို့နှင့် ၎င်းတို့ကို တောင်တွင်းကြီးမြို့ဝန်က ဖမ်းဆီး၊ ထောင်တွင် ချထား၊ ဗိုလ်ညီအစ်ကိုတို့ သတ်ဖြတ် သေဆုံးကြောင်းကို ငရဲကာ ပြောဆိုကြားသိ။ ငရွှေရင်း၊ ငရွှေတိုး၊ ငထွန်းဦးတို့မှာ တာပုံရွာနေ ဖြစ်ကြောင်း၊ ငရွှေရင်းတွင် ငွေ ၄ဝ ပါသွားကြောင်း။

ငပန်းသင် အစစ်ခံထွက်ချက်။

(ခ) ငရွှေရင်း၊ ငရွှေတိုး၊ ငထွန်းဦးတို့အနက် ငရွှေတိုးမှာ ဗိုလ်ခေါ်ခံ ငထွန်းအောင်တို့နှင့် ညီအစ်ကို တော်ကြောင်း၊ ၎င်းတို့ နွားဝယ်ရန် တောင်တွင်းကြီးမြို့ သွားရောက်၊ ဗိုလ်ခေါ်ခံလူ အိမ်တွင် တည်းခိုရာ ညောင်ရမ်းစားတို့ သူလျှိုဆို၍ မြို့ရုံးက ဖမ်းဆီး အကျဉ်းချထားကြောင်း။ ငရွှေတိုးတွင် ငွေ ၅ဝ ပါသွားကြောင်း။

[၁]။ ၁၂၄၂ ခု၊ သီတင်းကျွတ်လဆန်း ၁ဝ ရက် ဖြစ်မည်။

မိရွှေမိ အစစ်ခံထွက်ချက်။

(ဂ) လင် ငရွှေရင်း၊ ငရွှေတိုး၊ ငထွန်းဦးတို့ တောင်တွင်းကြီးမြို့သို့ နွားဝယ်ရန် ငွေ ၅ဝိ နှင့် သွားရာ များမကြာမီ ထောင်အကျဉ်းခံနေရကြောင်း။

ငရန်ကာ အစစ်ခံထွက်ချက်။

(ဃ) ငရွှေရင်းတို့ တောင်တွင်းကြီးမြို့သို့ နွားဝယ် လာရောက်၊ ဗိုလ်ခေါ်ခံလူအိမ်တွင် တည်းခိုရာ သြောင် ရမ်းစားတို့ သူလျှိုဆို၍ ဖမ်းဆီး အကျဉ်းချထားကြောင်း၊ ၎င်းတို့ အကျဉ်းမှ လွတ်ကြကြောင်းကို လည်း တောင်တွင်းကြီးမြို့နေ ကုန်သည် သောစ် ပြောဆို ကြားသိကြောင်း။

(င) ငကြဲလူ ထွက်ချက်မှာ (ငရန်ကာ ထွက်ချက်နှင့်တူ)။

၁၂၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့[၁]။

၁၈၈၀၊ နိုဝင်ဘာလ ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ်မင်းပိုင် မြေထဲမြို့ ပုဏ္ဏားရွာနေ ငစံထွန်း၊ ငမှတ်တို့ပိုင် နွားများ တိုက်ခိုက်၍ နိုင်ငံတော်သို့ ထွက်ပြေးနေထိုင်သူ ဓားပြ ရှမ်းငမိုး၊ ငလင်း၊ ငလီတို့အနက် ပေးအပ်သင့်သူကို ဖမ်းဆီးပေးအပ်၍ စီရင် သင့်သူကို စီရင်ပါမည့် အကြောင်း။

နွားရှင် ငမှတ် ထွက်ချက်။

(က) ကျွန်တော် လယ်ထွန်နေစဉ် ဓားပြ ငမိုး၊ ငလင်း၊ ငလီတို့ ကျွန်တော်ပိုင် နွား ၂၊ ငစံထွန်း နွား ၂ များကို လုယူသွားကြောင်း၊ နွား ၄ အနက် ၁ မှာ ထွက်ပြေး ပြန်လာ၍ ရရှိကြောင်း၊ ၃ မှာ ယခုတိုင် မရသေးကြောင်း။

နွားရှင် ငစံထွန်း ထွက်ချက်။

(ခ) ကျွန်တော် နွား ၂ ကို ဓားပြလုယူရာ ပါ၍ ကျောက်တိုင်မြောက်ဘက် အောင်မြင်ကုန်းရွာနေ ဆွေမျိုး တို့ထံ သွားရောက်ပြောဆို ရှာဖွေကာလ ဓားပြတို့နှင့် ထပ်မံတွေ့ရှိ၊ နွားကို ပြန်ပေးမည့်အကြောင်း ကို ပြောဆိုရာ မရ၊ ကျောက်တိုင်မြောက်ဘက်သို့ နွားများကို အတင်းယူသွားကြောင်း။

ငပေ သက်သေခံချက်။

(ဂ) ငမှတ်၊ ငစံထွန်းတို့ပိုင် နွား ၄ ကို ဓားပြ ရှမ်းငမိုး၊ ငလင်း၊ ငလီတို့ လုယူသွားသည်ကို မြင်ကြောင်း။

ငလေး သက်သေခံချက်။

(ဃ) ဆွေမျိုးတော်သူ ငမှတ်တို့ နွားများကို ဓားပြလုယူကြောင်း ပြောဆို၍ လိုက်လံရှာဖွေရာ ဓားပြငမိုး တို့နှင့် တွေ့ရှိ၊ လွှတ်ထားခဲ့ရန် ပြောဆိုရာ မစပ်မဆိုင်ကြောင်း ပြောဆို၍ နွားများကို ကျောက်တိုင် မြောက်ဘက်သို့ ယူငင်သွားသည်ကို သိမြင်ကြောင်း။

ငကွင်း သက်သေခံချက်။

(င) ငမှတ်တို့နှင့်အတူ ကူညီလိုက်လံရာ ဓားပြများက သေနတ်နှင့် ပစ်ခတ်မည်ပြု၍ ကြောက်ရွံ့သော ကြောင့် ပြန်လာရကြောင်း၊ နွားများကို ကျောက်တိုင်မြောက်ဘက်သို့ ယူသွားကြောင်း။

၁၂၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့[၁]။

၁၈၈၀၊ နိုဝင်ဘာလ ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး အက်ဒွါဂါဂျစ်က မန္တလေးမြို့ထောင်တွင် မှုပြစ်မရှိ အကျဉ်းချုပ်ထား ခံနေ ရကြောင်း လျှောက်ထားရှိ၍ မှုပြစ်မရှိ မှန်လျှင် လွှတ်ငြိမ်းချမ်းစေချင်ပါကြောင်း၊ ၎င်းစစ်မေး ထွက်ဆို ချက်များကို ပို့မည့်အကြောင်း။

---

၁။ ၁၂၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် ဖြစ်မည်။

အက်ဒွါဂါဂျစ် လျှောက်ချက်။

(က) မန္တလေးမြို့တွင် သီပေါစော်ဘွားနှင့် တွေ့ရှိ၊ လခငွေ ၃ဝ ပေးမည် ခေါ်သွားနေထိုင်ရာ ၎င်းစော်ဘွားနှင့် သိန္နီစော်ဘွားတို့ တိုက်ခိုက်ကြမည်ရှိ၍ ကြောက်ရွံ့ပြန်လာ၊ လမ်းခရီးတွင် ပါသည့်ငွေကို လူဆိုးတို့ လုယူရှိ၍ ၃၀ မြို့နယ် အမည်မသိကျောင်းတွင် နေထိုင်သည့်အတွင်း အမည်မသိ မြန်မာတပ်တော်အရာရှိက မြို့တော်သို့ရောက်လျှင် ဆုတော်ရစေမည် ပြောဆိုခေါ်ယူလိုက် လာရောက်ကာလ အမေးအမြန်းမရှိ ထောင်အကျဉ်း ချထားခံနေရကြောင်း။

၁၂၄၂ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၁]။

၅။ ။ အလုံမြို့ဝန်၊ နတ်စုလက်ဝဲဗိုလ်တို့က ပို့အပ်သည့် ကုလား အာရမဏီလူမျိုး ဝေရင် ဆိုသူကို အသာအယာမေးချက်။

ကျွန်တော် အာရမဏီလူမျိုး၊ ရွှေမြို့တော်က ၁၂၄၁ ခု၊ တပို့တွဲလအတွင်း အမည်မသိ ဇော်ဂီနှင့် မိုးနဲသို့ လိုက်သွား၊ ၎င်းမြို့တွင် ဇော်ဂီနေရစ်၊ ကျွန်တော် သီပေါမြို့ရောက် တက်သွား၊ ၎င်းစော်ဘွားထံ အမှုထမ်းရွက် နေထိုင်သည့်အတွင်း သီပေါစော်ဘွားက ကျွန်ုပ်ဖြင့် တိုက်မည်၊ မနိုင်လျှင် ပြေးမည်၊ အိမ်ရှေ့သံဆင့်ဟောင်း ဘိုးမောင် ဆိုသူသို့ ပြောသည်ကို ကြားသိကြောင်း။ သီပေါမြို့ဟိန်တစ်ဦး အိမ်ကို မိုင်းတိန်၊ မိုင်းလုံဟိန်းဟောင်းတို့ တိုက်ခိုက်သည်ကို သီပေါစော်ဘွား မဖမ်းမဆီး၊ ၎င်းဟိန်တို့ကို ယမ်းသေတ္တာ ပေးသည်ကို မြင်ကြောင်း။ နောက် သီပေါစော်ဘွားက ယောက္ခမ အမတ်ငခိုင်ကို လူ ၅၀၀ ပေးအပ်၊ ဓားပြဖမ်းရမည်ဆို၍ ကုတ်တိတ်ရွာရောက် ချီတက်စေကြောင်း။ ဟိန်ဟောင်း ၃ တို့နှင့် သီပေါမြို့ရွာ လူ ၃၀၀ တို့ သုံးဆယ်မြို့သို့ ချီတက်တိုက်ခိုက် မီးရှို့သည်ကို သိမြင်ကြောင်း။ ညောင်ရွှေ လဲခြား၊ မိုင်းကိုင်၊ မိုးနဲ စော်ဘွားများထံကလည်း သီပေါစော်ဘွားထံ လူမပြတ် လာရောက်တိုင်ပင်သည်ကို သိမြင်ကြောင်း။ ညောင်ရွှေ လဲခြား၊ မိုင်းကိုင်၊ မိုးနဲများက လူရောက်ညီလျှင် သုံးဆယ်မြို့ကို တိုက်ခိုက်ရယူ၊ ၃ ရက်ရှိလျှင် မန္တလေးမြို့ကို တိုက်မည် ၃၀ မြို့သို့ ချီတက်သည့် ဟိန်ဟောင်းဗိုလ်တို့ ပြောဆိုသည်ကို ကြားသိကြောင်း။ ရွှေဘွားတော်အောက်က တပ်တော် လာရောက်သည်ကြားလျှင် ၃၀ မြို့တွင် စွဲရပ်သည့် ဟိန်ဟောင်းတို့တပ် ကွက်ပြေးကြကြောင်း။ ကျွန်တော်မှာ ရွှေဘွားတော်အောက်သို့ ပြန်လာ၊ လမ်းခရီး ငုတ်ရွာမှာ ဓားပြတို့က သေနတ်နှင့်ပစ်ခတ်၊ ပေါင်တွင် ထိမှန်၊ ပါငွေများကို လုယူ၊ သုံးဆယ်မြို့သို့ ရောက်ကာလ ကျောင်းတွင် တည်းခိုနေသည့်အတွင်း တပ်တော်သားတို့နှင့် တွေ့ရှိ၊ ၎င်းတို့က ၃၀ မြို့ စစ်ကဲထံ ပို့အပ်၊ စစ်ကဲက စော်ဘွားကြီးထံ၊ စော်ဘွားကြီးက လွှတ်တော်သို့ ပို့အပ် စစ်မေးခံရကြောင်း။

၁၂၄၂ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့[၁]။

၎င်းဝန်တို့က ပို့သည့် ရှမ်းလူမျိုး ငပန်း မေးချက်။

၆။ ။ ကျွန်တော် ရှမ်းလူမျိုး၊ သီပေါနယ် ကျွဲကုန်းရွာ စီရင်ပါ ခူးခါးရွာတွင် နေထိုင်၊ သီပေါစော်ဘွားထံ ကျွဲကုန်းရွာ ဟိန်ငနတ်၊ ဓားပြဗိုလ် ငပို့၊ ဆေနံအောတို့ လာရောက်။ ၃၀ မြို့ကို တိုက်ရန် လူလက်နက် ပေးပါတောင်းရာ သင့်ရာလူတို့ကို စည်းကြပ်တိုက်ခိုက်တော့ဆို၍ စော်ဘွားက ၎င်းတို့ကို ဆုလာဘ်ပေးကမ်းပြန်သွား။ လူစည်းကြပ်ရာ ဟိန်ငနတ် စည်းကြပ်ရ ကျွဲကုန်းရွာက ဗိုလ်ငရီနှင့် ကျွန်တော်ပါ လူ ၁၅၊ သီပေါမြို့ ကျောင်းမဲရွာ အမည်မသိ ဟိန်ကဗိုလ်လေန်းနှင့် လူ ၂၅၊ မိုင်းလုံမြို့ ဓားပြဗိုလ် လေယ်နှင့် လူ ၆၀၊ ၃ စု လူ ၁၀၀ နှင့် အခြား စည်းကြပ်ရ လူ ၂၀၀၊ လက်နက်ကိုယ်စေနှင့် ရှိ၍ ငပို့၊ ဆေနံအောတို့ နေရင်းရွာက ချီတက်၊ ၎င်းမြို့ ပြောင်းခါးရွာမှာ ၂ ရက်၊ ၎င်းက ချီတက်၊ ၎င်းမြို့ နာပုံရွာမှာ ၃ ရက် စည်းကြပ်ချီတက်၊ သုံးဆယ်မြို့ ဟောင်ဆယ်ရွာကို မီးရှို့တိုက်ခိုက်ရာ မောင်း ၂၊ ဝန်ထမ်း ၁ ရသည်ကို သိမြင်ကြောင်း။ ကျွန်တော်မှာ သေနတ်ထိမှန်၍ ဘုန်းကြီး ဦးဥတ္တမကျောင်းမှာ ပုန်းအောင်းနေရစ်ကြောင်း၊ ဗိုလ်ငငို့တို့ ရှိရင်း လူ ၃၀၀၊ နောက်ထပ်ရသူ ၁၀၀ နှင့် သုံးဆယ်မြို့ ဆီးခူးရွာသို့ ချီတက်၊ ၎င်းက

[၁] ၁။ ၁၆ ဩဂုတ် ၁၈၈၀

သုံးဆယ်မြို့ရောက် ချီတက် မီးရှို့ တိုက်ခိုက်သည့်အတွင်း သီပေါစော်ဘွားက နယ်စောင့်စေသူ အမတ် ငခိုင်၊ လူ ၃၀၀ နှင့် ဗိုလ်ငငို့တို့ထံ ကူညီလာရောက် တိုက်ခိုက်ကြောင်း။ ကုလားဝေရင်လည်း အမတ် ငခိုင်နှင့် ပါလာကြောင်းကို တောင်ခမ်းရွာသားတို့ ပြောဆိုကြားသိကြောင်း၊ တပ်တော်ရောက်မှ ဗိုလ်ငငို့တို့ ပျက်ပြားထွက်ပြေး၊ ကျွန်တော်နှင့် ကုလားဝေရင်ကို သုံးဆယ်မြို့ စစ်ကဲက စော်ဘွားကြီးထံ၊ စော်ဘွားက လွှတ်တော်သို့ ပို့အပ် စစ်မေးခံရကြောင်း။

၁၂၄၂ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့[၁]။

ကုလား အာရမဏီလူမျိုး ဝေရင်ကို ထပ်မံမေးချက်။

၇။ ။ ကျွန်တော် အကျဉ်းခံနေရသည့်အတွင်း အကျဉ်းမှလွှတ်အောင် လျှောက်ထားရန် အကြောင်းအရာကို အင်္ဂလိပ် အစိုးရတို့ထံ စာပေးပို့မရှိ၊ အမျိုးတူ ဂါချစ်တူးဆိုသူ့ မိန်းမကိုသာ နှုတ်နှင့် ပြောဆိုဖူးကြောင်း၊ ကျွန်တော် အမည်ရင်းမှာ ဝီလျံအက်ဒွါဂါချစ်၊ အစစ်ခံတွင် ဝေရင်ဟု ပါသည်မှာ စစ်မေးရင်း အရာရှိတို့ သိနားလည်သမျှ ရေးသားပါရှိသည့် လက္ခဏာဖြစ်ကြောင်း။

---

## ၃၇၉ မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့[၂]။

၁၈၈၀၊ ဇန်နဝါရီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ်တွင် တိုက်ခိုက်သည့် ဓားပြတို့ အပေါင်းပါ ဆိုသူ မေကူးခေါ် ကုလား ၁၊ မြန်မာ ငကောက်တို့ အကြောင်းအရာပါ စာကို ရကြောင်း၊ ၎င်းတို့ ထွက်ချက်ပါ အကြောင်းအရာများ သည် အခြေအမြစ် မရှိကြောင်း၊ ၎င်းတို့ကို ထပ်မံမေးမြန်းလိုလျှင် ၎င်းတို့ကို သရက်မြို့သို့ စေလွှတ်၊ အင်္ဂလိပ် အစိုးရတို့နှင့် စုံညီမေးမြန်းရန် ရှိကြောင်း။

၁၂၄၂ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။

၁၈၈၀၊ ဒီဇင်ဘာလ ၃၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ရွှေကျင်မြို့ ကျောက်ကြီးရွာတွင် အကျဉ်းချုပ်ထားရာမှ သေနတ် ၅၊ ခဲယမ်းမီးကျောက်များကို ခိုးယူ ထွက်ပြေးသူ ငသာအေး၊ ငရွှေညှင်း၊ ငဆိုး၊ ငရွှေကျင်၊ ငစတို့ နင်းကြမ်းမြို့တွင် ခိုဝင်ရှိနေသည် သိရ၍ ၎င်းမြို့ဝန်ထံ တောင်းရာ သေနတ် ၅ ကိုသာ ပေးအပ်၊ လူကို မပေးမအပ် ရှိပါ၍ ဆင့်ဆိုပေးအပ်မည့် အကြောင်း။

၁၂၄၂ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့။

၁၈၈၀၊ ဒီဇင်ဘာလ ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက် နေ့စွဲပါ ရန်ခေါ် သင်္ဘောကို တားဆီးသည့် အကြောင်းအရာ နှင့် ပြန်ပေးသည့်စာကို အိန္ဒိယအစိုးရမင်းတို့က နှစ်သက်ကျေနပ်ဖွယ် မရှိဟု ထင်မြင်ကြောင်း။

၁၂၄၂ ခု၊ နတ်တော်လပြည့်ကျော် ၈ ရက်နေ့။

၁၈၈၀၊ ဒီဇင်ဘာလ ၂၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ်မင်းပိုင် မြန်မာနိုင်ငံ ကြေးနန်းဝန်ကြီးက နိုင်ငံတော်ဘက် နယ်ကြားကြေးနန်းရုံနှင့် ကျောက်တိုင် တောင်ဘက် နယ်ကြားကြေးနန်းရုံ ဆက်ဆံရသည့်အရာ အားရဖွယ်မရှိ၍ ကျောက်တိုင်တောင်ဘက်

---

၁။ ၅ ဒီဇင်ဘာ ၁၈၈၀ ၂။ ၁၂၄၂ ခု၊ ပြာသိုလဆန်း ၁၃ ရက် (၁၂ ဇန်နဝါရီ ၁၈၈၁) ဖြစ်မည်။

နယ်ကြား ကြေးနန်းရုံကို ရုပ်သိမ်းမည် ကြံစည်ရှိကြောင်း။ အကြောင်းမှာ မြန်မာနိုင်ငံ ကြေးနန်းရုံသို့ ကျောက်တိုင်တောင်ဘက် မြို့ရွာက ရိုက်သည့် ကြေးနန်းစာ ၅၀ ခန့်ကို လရက်အရှည် လက်ခံသိမ်းထားပြီးမှ ကျောက်တိုင်တောင်ဘက် နယ်ကြား ကြေးနန်းရုံသို့ အင်္ဂလိပ် စာပို့တိုက်က ပေးပို့ရာ လက်မခံ၍ စာပို့တိုက်တွင် သိမ်းထားရှိရခြင်း၊ ဘုံဘိုင်မြို့ရှိ ဘရမာ ကုမ္ပဏီက မြို့တော်ရှိ ကိုယ်စားလှယ်ထံ ရိုက်ကြားသည့် ကြေးနန်း ၃ ကိုလည်း မရိုက်မကြားရှိ၍ အခကို ပြန်ရရန် တောင်းခံရှိခြင်း၊ သို့ဖြစ်ရခြင်းမှာလည်း နိုင်ငံတောင်ဘက် ကြေးနန်းရုံတွင် ကြေးငွေ မလုံမလောက်သည်နှင့် နေရာကျ မလုပ်မဆောင်နိုင်ရှိ၍ ကြေးနန်းအရိုက်အကြား ရပ်တန့်ရှိရခြင်းများကြောင့် ဖြစ်ကြောင်း။ သည်ကဲ့သို့ ကျောက်တိုင်တောင်ဘက် နယ်ကြားကြေးနန်းရုံကို ရုပ်သိမ်းရန် အရေးပိုင်မင်းကြီးက အလိုမရှိ၊ နိုင်ငံတော် အဝမြို့ ကြေးနန်းရုံနှင့် တိုက်ရိုက်ဆက်ဆံရလျှင် ၂ နိုင်ငံ အကျိုးဖြစ်ထွန်းရန်ရှိ၍ ဆက်ဆံလိုကြောင်း။

ငှင်းအကြောင်းအရာကို အမိန့်တော်မြတ်ခံ၍ စေ့စပ်လျှင် ၂ လအတွင်း စာပြန်မည့်အကြောင်း။

၁၂၄၂ ခု၊ တပို့တွဲလဆန်း၊ ၁၁ ရက်နေ့[၁]။

မြေတိုင်းအမတ်၊ မြင်ကွန်း၊ တောင်ခွင်၊ ပဋ္ဌနဂိုရ် ၃ မြို့ဝန် အောက်မြစ်စဉ်စစ်ကဲ မဟာမင်းလှမင်းခေါင်ကျော်ထင်ကို မေးချက်။

၅။ ။ ငဆိုး၊ ကြောင်၊ သောအေး၊ ငစု၊ ငရွှေညှင်းတို့ သေနတ်စွဲကိုင်၊ အင်ပင်ရေထွက်ကင်းသို့ လာရောက်တွေ့ရှိ၍ ငှင်းကင်းတပ်မိုလ်တို့က ဖမ်းဆီး၊ သေနတ်နှင့်တကွ မြို့ရုံးသို့ ပို့အပ်စစ်မေးရာ ကျောက်ကြီးရွာဂါတ်တွင် ချုပ်ထားရာမှ သေနတ် ၅ ကို ခိုးယူထွက်လာကြောင်း အစစ်ခံရှိသောကြောင့် ချုပ်ထားသည့်အတွင်း ကျောက်တိုင်တောင်ဘက် မြို့လှမြို့နေ အင်စပက်ခေါ် ငတူက သေနတ်ကိုတောင်းရာ လွှတ်တော် အမိန့်အရ ပေးအပ်ပြီးနောက် ဝန်ထောက်တော် မြို့သစ်မြို့စားမင်း တောင်ငူသို့ ဆိုက်ရောက်၊ ငှင်းအမိန့်အရ ခနက်ပလာဆင်အုပ် ခံဝန်ချက်နှင့် လွှတ်ထားသည့်အတွင်း ငရွှေညှင်း၊ ငစု၊ သောအေးတို့ အင်ပင်ရေထွက် တောရကျောင်းတွင် သက်နန်းကို ခိုးယူ၍ ဖမ်းဆီးရာ ငရွှေညှင်း ထွက်ပြေး၊ ကျန်လူ ၂ ကိုသာ ရမိ ထပ်မံချုပ်ထားပြီးလျှင် ၂ မြို့ စစ်ကဲ သစ်တောဝန်သို့ အပ်ခဲ့ကြောင်း၊ ငှင်းလူတို့ကို ခံဝန်သူနှင့် လွှတ်ပြီးနောက်မှ တောင်ငူ အရေးပိုင်က စာရောက်၍ သေနတ် ၅ ကို ပေးအပ်ရှိကြောင်းနှင့်သာ စာပြန်ပေးရကြောင်း၊ ခနက်ပလာဆင်အုပ်လည်း ရွှေမြို့တော်တွင် ရှိကြောင်း။

၁၂၄၂ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

ခနက်ပလာဆင်အုပ် နေမျိုးမင်းလှဒိပ္ပကျော်ခေါင် မေးချက်။

၆။ ။ သောအေး၊ ငစုတို့က ခံဝန်နှုတ်ယူပါ ပြောဆိုရှိသောကြောင့် ၂ မြို့ ဝန်မင်းကို လျှောက်ထားရာ သေနတ်ကို ပေးအပ်ပြီးဖြစ်၍ ပြစ်ဝန်မရှိ၊ ခံဝန်လျှင် လွှတ်မည် ပြောဆိုသောကြောင့် ခံဝန် နှုတ်ယူထားသည့်အတွင်း ငစု၊ ငရွှေညှင်း၊ သောအေးတို့ သက်နန်းကို ခိုးယူ၍ ဖမ်းဆီးရာ ငရွှေညှင်း ထွက်ပြေး၊ ကျန်လူတို့ကိုသာ ရမိ မြို့ရုံးသို့ ပို့အပ်ကြောင်း။ ငဆိုး၊ ညီ ကြောင်တို့မှာ ဧယျဝတီမြို့၊ ကျောက်ဆောင်ရွာနေ ငှင်းအဘ ငရောက် တောင်းဆိုလာ၍ ထည့်အပ်လိုက်ကြောင်း။

၁၂၄၂ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

၁၈၈၁ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ထပ်မံပေးစာ။

၇။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေရင်၊ ငရွှေတိုး၊ ငရွှေထွန်းတို့ အကြောင်းအရာ အထက်ပေးစာအရ ပြန်စာ မရမရှိ၍ ငှင်းတို့ကို မည်သည့်အတွက် မြန်မာအစိုးရတို့က ချုပ်ထားသည်ကို အလွန်သိလိုကြောင်း။

၁၂၄၂ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

၁၈၈၁ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ မဏိပူရမြို့နယ် ကျေးရွာများတွင် ကူကစ်ခေါ် ချင်းလူမျိုးတို့ ဝင်ရောက်တိုက်ခိုက်မှုကို သောင်းသွပ်အစိုးရ

၁။ ၄ ဖေဖော်ဝါရီ ၁၈၈၁ ၂။ ၁၄ ဖေဖော်ဝါရီ ၁၈၈၁ ဖြစ်မည်။

တို့ထံ မေးမြန်းစာပြန်မည် ပြန်ပေးစာကို ရကြောင်း၊ ယခုလည်း ထပ်မံ ဝင်ရောက်တိုက်ခိုက်ရှိ၍ နေရာကျ ပြုလုပ်မည့်အကြောင်း၊ ၎င်းချင်းတို့ ပြုမူသည့်အရာ မြန်မာအစိုးရတို့နှင့် မစပ်ဆိုင်လျှင် အင်္ဂလိပ်အစိုးရ တို့က သင့်ရာ ပြုလုပ်မည့်အကြောင်း။

၁၂၄၂ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့။

သောင်သွပ်မြို့ခံ ငအဲပန်း မေးချက်။

၉။ ။ မဏိပူရနှင့် သောင်သွပ်နယ်စပ်တွင် သောင်သွပ် ဖွားစုပါ မော်နွဲ့ချင်း၊ မော်ကွတ်ချင်း၊ ဆုံရင်ချင်း၊ စွန်ရုံချင်း၊ စံလယ်ချင်း၊ တဆတ်ချင်း၊ စတဲချင်း၊ နံ့ပြီချင်း၊ ဆနံချင်း၊ ဆမွန်ဆာချင်း၊ ခွေပူချင်း၊ မလိန် ချင်း၊ စက်လည်ချင်း၊ စက်ဟောင်ချင်း၊ တုံးကျော်ချင်း လူမျိုးတို့နှင့် သနံ၊ လတာ၊ မော်လုံ၊ မော်နွဲ့၊ ပါကွေ့၊ နံ့တလန်၊ တုံးမနား၊ တုံကတင်၊ နောက်ကက်၊ လဲဆိပ်၊ မင်းသာရွာများနေ မြန်မာခေါ် ရှမ်းလူမျိုး၊ ကသည်းခေါ် ကပေါ်လူမျိုးတို့ နိုင်ငံတော်အဝင် ဘိုးခေါင်တောင်အနောက်၊ ရိုးမတောင် အရှေ့ဘက် အကြား တောင်ရိုး တောင်စဉ် ရပ်ကွက်များမှာ နေထိုင်ကြပါသည်။ ၎င်းတို့ပြင် မဏိပူရ နယ်တွင်းနေ ချင်း၊ ကသည်းလူမျိုးတို့နှင့် နီးစပ်သည့် ကျေးရွာ မရှိ။ အင်္ဂလိပ် အရေးပိုင် ပေးစာပါ ကူဘူကျေးရွာ ဆိုသည်မှာ ဖွားစုပါတွင် ၎င်းအမည်သညာ ကျေးရွာ မရှိ၊ ကသည်းတို့က ရှမ်းလူမျိုးတို့ကို ခေါ်ဝေါ်သည့် ကပေါ်ခေါ် အမည်သညာကိုပင် ကူဘူ ခေါ်သည် ထင်ကြောင်း။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၁]။

၁၈၈၁ ခု၊ မတ်လ ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ညောင်ရမ်း၊ ညောင်အုပ်တို့ အကြောင်းနှင့် ၁၂၄၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁ ရက် နေ့စွဲပါ ပေးစာကို ရကြောင်း။ မင်းသားတို့ကို အစောင့်အရံနှင့် ထိန်းသိမ်းမည်၊ အလိုရှိရာ မသွားမလာရအောင် တားမြစ်မည် အင်္ဂလိပ် အစိုးရတို့က ခံဝန်ပြောဆို မရှိကြောင်း။ ညောင်အုပ်စားနှင့် အပေါင်းပါ တိုက်ခိုက်သည့်လူတို့ကို စားပြတို့ကဲ့သို့ မစီရင်နိုင်ကြောင်းများနှင့် အိန္ဒိယ အစိုးရ သဘောအရ အထက်ပေးစာပါ အဓိပ္ပာယ်ပြင် ထူးထွေပြောဆိုရန် မရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလဆန်း ၁၃ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ နိုင်ငံတော်အတွင်း ထန်းလျက်ကုန်များကို တရက်ကုန်သည်တစ်ဦးသို့ တစ်ဝတည်း ချထားရောင်းဝယ် စေကြောင်း၊ ရန်ကင်းတောင်ခေါ် သင်္ဘောတွင် ပါသည့် ထန်းလျက်ပို ၉၀ ကို ၎င်းတရက်ကုန်သည်က လျှောက်ချက်အရ အောက်မြစ်စဉ်ဝန်က ချယူကြောင်းများနှင့် ကြားသိကြောင်း။ အောက်မြစ်စဉ်ဝန်က ထန်းလျက်ပို အကြောင်းနှင့် ရန်ကင်းတောင် သင်္ဘောကပ္ပိတန်သို့ ပေးစာကိုလည်း ပို့လိုက်ကြောင်း၊ ထန်းလျက်ကုန်များကို သည်ကဲ့သို့ ရောင်းချစေသည်မှန်လျှင် ကုန်သည်တို့ အရောင်းအဝယ် ဆုတ်ယုတ် ရန် အချက်၊ မဟာမိတ်စာချုပ်နှင့်မညီ ရှိသည့် အချက်များကို စဉ်းစားရန် ရှိကြောင်း။

အောက်မြစ်စဉ်ဝန်က ရန်ကင်းတောင်သင်္ဘော ကပ္ပိတန်သို့ ပေးစာလက်ခံ။

၁၂။ ။ သင်္ဘောတွင် မြင်းခြံနေ ကုလားမာမတ်ဆိုသူ ထန်းလျက်ပို ၉၀ တင်ရာ လက်မခံပါနှင့် ပြောသည်ကို မရ၊ အတင်း တင်ယူ စုန်သွားရှိ၍ မင်းလှသို့ရောက်လျှင် ကပ္ပိတန်ကို ပြောဆိုချထားမည့်အကြောင်း ကြေးနန်းရရှိ၍ ကျယ်ပွား မပြောမဆိုစေရ၊ ချထားခဲ့ရမည် ကပ္ပိတန် စမနွတ်။

၁၂၄၂ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဧပြီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေရင်၊ ငရွှေတိုး၊ ငရွှေထွန်းတို့ကို အကျဉ်းအချုပ်မှလွှတ်၍ နေရင်းမြို့သို့

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

ပြန်သွားစေကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပြန်ပေးစာအရ အရေးပိုင်မင်းကြီးက အထူး ကျေးဇူးတင်ကြောင်း။

---

၃၈၀ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့။

၁၈၈၁ ခု၊ မေလ ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ မြေထဲမြို့ စီရင်စု ပုဏ္ဏားရွာတွင် နွားများကို ခိုးယူသူ ငလင်း၊ ငမိုး၊ ငလှိုတို့ အကြောင်းနှင့် အထက်ပေးစာများကို ကြည့်ရှု၍ မည်သို့ စီရင်မည်ကို စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၈၁ ခု၊ ဧပြီလ ၂၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ နိုင်ငံတော်အတွင်း ကြေးနန်းရုံတော်များကို ကောင်းမွန်စွာ ရိုက်ကြားနိုင်အောင် ပြင်ဆင်ရန် ဆင့်ဆိုရှိကြောင်း ပေးစာကိုရ၍ ကျေးဇူးတင်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်ဘက် နယ်ကြား ဓာတ်ရုံတော်တွင် ကြေးငွေ မလုံမလောက်သဖြင့် ပေါက်ရောက်အောင် မရိုက်ကြားနိုင်၍ ရိုက်ကြားလိုသူ နည်းပါး၊ နစ်ဦးနစ်ဖက် အကျိုးယုတ်ရန်ရှိကြောင်း။ အရေးပိုင်မင်းကြီးက အထက်ပေးသည့် [၃၇၉ မှတ်ပုရပိုက်ထွက် (၄) မှတ်] စာပါ အကြောင်းအချက်များမှာလည်း နိုင်ငံတော်ဘက် နယ်ကြား ကြေးနန်းရုံတွင် ကြေးငွေ မလုံလောက်ခြင်းကြောင့်ဖြစ်၍ ၎င်းအထက်ပေးစာတွင် နိုင်ငံတော် အင်းဝမြို့ ဓာတ်ရုံတော်နှင့် ကျောက်တိုင်တောင်ဘက် လက်ာဓာတ်ရုံကို တိုက်ရိုက်ဆက်ဆံရန် ပါသည့်အချက်အရ ဝန်ရှင်တော်မင်းကြီး ပြန်စာတွင် တစ်စုံတစ်ရာ မပါမရှိ၍ စဉ်းစားပြီးလျှင် အမြန်စာပြန်မည့် အကြောင်း။

၁၂၄၃ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့။

၁၈၈၁ ခု၊ ဧပြီလ ၂၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ကျွန်တော်မျိုးအပေါ်တွင် တရားလို ငပြီမ်း လျှောက်ချက်အရ လွှတ်တော်အမိန့်နှင့်ဆို၍ မင်းလှကင်းတော်က ကျွန်တော်မျိုးပိုင် ရေနံကုန်၊ လှေများကို သိမ်းယူရှိ၍ တွဲဖက်ရုံးတွင် လျှောက်ထား၊ ၎င်းရုံး အရေးပိုင်က လွှတ်တော်သို့ စာပေးပြောဆိုသည့်အတွင်း ရွှေမြို့တော်ရှိ အင်္ဂလိပ်ကိုယ်စားလှယ်တော်တို့ကို ပြန်ခေါ် မပြီးမပြတ်။ ရေနံဖိုးငွေ ၆၃၀၄–၈ ပဲနှင့် စရိတ် ၈၃၄ များကို မရသေးဖြစ်၍ ရအောင် မစပါမည့်အကြောင်းနှင့် အင်္ဂလိပ် ကျွန်တော်မျိုး ငကုလားက ထပ်မံလျှောက်ထားရှိ၍ ပြန်ရရှိအောင် ကြည့်ရှုမစမည့်အကြောင်း။

၁၂၄၃ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

၁၈၈၁ ခု၊ မေလ ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ရဲအမှုထမ်း ရာဇဝတ်ထိန်း ငအောင်ကို သတ်ဖြတ်ထွက်ပြေး၍ နိုင်ငံတော် မြင်းခြံမြို့တွင် ခိုဝင်ရှိနေသူ သရက်မြို့၊ မီးလောင်ရွာနေ ငလုံးကို ဖမ်းဆီး၍ သရက်မြို့ အင်္ဂလိပ် အစိုးရထံ ပေးအပ်မည့်အကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့[၂]။

ငပိုက် သက်သေခံချက်။

(က) ငအောင်ကခေါ်၍ ကျွန်တော်နှင့် ငထွန်းမြ၊ ငရွှေမှန်၊ ငရွှေကြီးတို့ လိုက်သွားရာ တွင်းလှရွာနှင့် အုတ်ဘိုရွာအကြား ပါနီချောင်းတွင် ငလုံးနှင့်တွေ့ရှိ၊ ငလုံးက ကျွန်ုပ်ကို ဖမ်းမည်လား မေးပြီးနောက်၊ သေနတ်သံကြား၍ ကြည့်ရှုရာ၊ ငအောင် အူထွက်လျက်နေသည်၊ ငလုံး ပြေးသည်များကို မြင်ကြောင်း။

---

၁။ ၁၀ မေ ၁၈၈၁ ဖြစ်မည်။ ၂။ ၄ မေ ၁၈၇၉

ငအောင်ကို ရွာသားတို့ သရက်မြို့ လူနာရုံသို့ ပို့သည့်နောက် မကြာမီ ၎င်းဒဏ်ရာနှင့် သေသည်ကို သိကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့[၁]။

ငရွှေကြီး သက်သေခံချက်။

(ခ) ငအောင်က ခေါ်၍ ကျွန်တော်နှင့် ငရွှေမှန်၊ ငထွန်းမြတ်၊ ငရွှေကြီး၊ ငပြောင်းတို့ လိုက်သွားရာ ပါနီချောင်းတွင် ငလုံးနှင့်တွေ့ရှိ၊ ကျွန်တော်ကို ဖမ်းမည်လား ငလုံးက မေးရာ၊ ငရွှေကနှင့် ဖြစ်ပွားမှုကို စစ်မေးရန်လာသည် ပြောပြီးနောက် သေနတ်သံကြား၍၊ ငအောင်ကို ငလုံးက သတ်ပြီး ငထွန်းမြတ် အော်ဟစ်သည်နှင့် လိုက်လံဖမ်းဆီးရာ ငလုံးကို မရမမိကြောင်း၊ ငလုံး ပစ်ခတ်သည့် ဒဏ်ရာနှင့် ငအောင် သေဆုံးကြောင်း။

ငရွှေမှန် သက်သေခံချက်။

(ဂ) ငအောင်သည် ကျွန်တော် အဘရင်း ဖြစ်ကြောင်း၊ ငရွှေကက အနာတရ ပြုလုပ်ကြောင်း တိုင်ကြား၍ ငလုံးကို အခေါ်သွားရာ ကျွန်တော်နှင့် ငထွန်းမြတ်၊ ငပြောင်း၊ ငပိုက်တို့ အတူလိုက်သွား၊ ၁၂၄၁ ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့၊ ပါနီချောင်းတွင် ငလုံးနှင့်တွေ့ရှိ၊ ကျွန်တော်ကို ဖမ်းဆီးမည်လား ငလုံးက မေး၍ ဓားနှင့်ထိုးသည်ကို မြင်ကြောင်း၊ လပြည့်ကျော် ၁ ရက်နေ့ ၎င်းဒဏ်ရာနှင့် သေကြောင်း။

ငပြောင်း သက်သေခံချက်။

(ဃ) ငအောင်မှာ ဓားဒဏ်ရာနှင့် သေဆုံးကြောင်း၊ ၎င်းအမှု ဖြစ်ပွားစဉ် ကျွန်တော်နှင့် ပေ ၂၀၀ ခန့် ကွာကြောင်း၊ သေနတ်သံ ကြားပြီးနောက် ငလုံး ဓားနှင့်ထိုးသည် ငအောင် အော်ဟစ်သံ ကြားသောကြောင့် ကျွန်တော်နှင့် အပေါင်းပါလူတို့ သွားရောက်ကြည့်ရှု၊ ငအောင်ကို သရက်မြို့ ဆေးရုံသို့ ယူဆောင်၊ ကဆုန်လဆုတ် ၁ ရက်နေ့ သေဆုံးကြောင်း။

၁၂၄၁ ခု၊ ကဆုန်လဆန်း၊ ၁၅ ရက်နေ့[၁]။

ငထွန်းမြတ် အစစ်ခံချက်။

(င) ငရွှေကက ကျွန်တော်ကို ငလုံး အနာတရပြုလုပ်ကြောင်း တိုင်ချက်အရ၊ ငလုံးကိုခေါ်ရန် ၎င်းနေသည့် မဲလုံရွာသို့ ကျွန်တော် ငပြောင်း၊ ငပိုက်၊ ငမှန်၊ ငလူတို့နှင့်အတူ ရာဇဝတ်အုပ် ငအောင် သွားရောက်။ မတွေ့၍ ပြန်လာရာ ပါနီချောင်း အနီးတွင် ငလုံးနှင့်တွေ့ရှိ၊ ငရွှေကနှင့် ဖြစ်ပွားမှုကို ရှင်းလင်းရန် ခေါ်ရာ ငလုံးက ငအောင်ကို ဓားနှင့်ထိုးသည် မြင်ကြောင်း၊ ၎င်းဒဏ်ရာနှင့် ငအောင် သေကြောင်း။

၁၂၄၃ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့။

၁၈၈၁ ခု၊ ဇွန်လ ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ တောင်ငူမြို့ ကျောက်မြဖင်း သစ်တောက သစ်လုံးရေ ၈၂၀၀ ကျော်ကို နိုင်ငံတော်ကို ဖြတ်ယူ စုန်မျှော လိုကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလဆန်း ၃ ရက်နေ့[၃]။

အမိန့်တော် မှတ်သားချက်။

(က) ရန်ကုန်အရေးပိုင် ပေးစာနှင့် အမိန့်တော်ခံရာ၊ သစ်များကို နိုင်ငံတော်က ဖြတ်ယူစုန်မျှောစေ အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အကြောင်းအရာ။

၁၂၄၃ ခု၊ နယုန်လပြည့်ကျော် ၃ ရက်နေ့။

၁၈၈၁ ခု၊ ဇွန်လ ၁၁ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ မဏိပူရနယ်မြေသို့ သောင်းသွပ်နယ်နေလူတို့ ထပ်မံနှောင့်ယှက်ပြန်သည် ကြားသိရ၍ အင်္ဂလိပ် အစိုးရ

---

၁။ ၄ မေ ၁၈၇၉ ၂။ ၈ ဇွန် ၁၈၈၁ ဖြစ်မည်။ ၃။ ၂၀ ဇွန် ၁၈၈၁ ၄။ ၁၄ ဇွန် ၁၈၈၁ ဖြစ်မည်။

တို့နှင့် မဏိပူရမြို့ရွာ မိတ်ဖြစ်သည့်အတိုင်း ကြည့်ရှုသင့်ရာ ကြည့်ရှုလိမ့်မည့်အကြောင်း။ နိုင်ငံတော်နယ်မြေနှင့် မဏိပူရနယ်မြေ အပိုင်းအခြားကိုလည်း ထပ်မံသတ်မှတ်ရန် အင်္ဂလိပ် အစိုးရတို့က အရာရှိ စေလွှတ်မည် ဖြစ်၍ မြန်မာအစိုးရတို့ကလည်း သင့်ရာ အရာရှိကို ခန့်ထားစေလွှတ်မည့် အကြောင်း။
(က) မဏိပူရကျေးရွာကို သောင်သွပ်နေလူတို့ နှောင့်ယှက်ချက်။

၁၂၄၃ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဇူလိုင်လ ၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ကျောက်ကြီးရွာတွင် အကျဉ်းချုပ်ထားရာမှ ထွက်သွားသူ ငစုကို ၉ မြို့ဆိုင်ရာ ကင်းဝန်မြေဒူး မြို့စားထံ တောင်းရမည် ပေးစာအရ၊ မြေဒူး မြို့စားထံ လူစေလွှတ် တောင်းခေါ်မည်၊ တနင်္သာရီ အရေးပိုင်သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၃ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဇွန်လ ၂၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ နိုင်ငံတော်ကို ထိပါးနှောင့်ယှက်သူ ညောင်ရမ်းစား၊ ညောင်အုပ်စားတို့နှင့် စပ်လျဉ်းသည်ဆိုသူ အာလံမြို့ တရားမဝန်ထောက်၊ ရာဇဝတ်ဝန်ထောက်၊ ကြေးနန်းဗိုလ်တို့ အကြောင်းအရာများနှင့် ပေးစာကိုရကြောင်း။ ၎င်းအကြောင်းအရာများမှာ အိန္ဒိယ အစိုးရမင်းတို့က အထက်ပေးစာပါ စကားရပ်များပြင် ပြုပြင်နိုင်ရန် မရှိကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဇူလိုင်လ ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်က ကြေးနန်းစာရေ ဖ၀ ခန့်ကို မည်သူ စာပို့တိုက်က ထည့်ပို့သည်ကို သိလိုကြောင်းနှင့် ပေးစာကို ရကြောင်း၊ ၎င်းကြေးနန်းစာမှာ ဒဂုံမော် ဓာတ်ရုံရောက် ကြေးနန်းပျက်စီးသည်နှင့် ရွှေမြို့တော်က ကျောက်တိုင်တောင်ဘက်သို့ ရိုက်ရန် ကြေးနန်းစာများကို ၎င်း ဓာတ်ရုံရောက် လှေနှင့် တင်ပို့၊ ၎င်းက ကျောက်တိုင်တောင်ဘက် ကြေးနန်းရုံသို့ မရိုက်မကြား၊ စာပို့တိုက်သို့ ပေးပို့၊ ၎င်းက လက်ာဓာတ်ရုံသို့ ပို့ရာ လက်မခံ၍ စာပို့တိုက်တွင် စုပုံရှိကြောင်း။

---

## ၃၈၁ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၁]။

၁၈၈၁ ခု၊ ဇူလိုင်လ ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ဇရာဝတီခေါ် ကြားသဘော်ာ မင်းလှသို့ဆိုက်ရာ ခနက္ကရီ ဆိုသူသားတွင် မား ၄ စင်းတွေ့၍ မင်းလှဝန်က အထက်အစိုးရထံ တိုင်တန်း၊ မြန်မာ အစိုးရတို့က ပြင်သစ်လူမျိုး ဘုံဘိလန်းနှင့် အီတာလျံလူမျိုး ခနက္ကရီ တို့ကို ညှဉ်းပန်းနှိပ်စက်၊ အကျဉ်းချထားကြောင်း ကြားသိရ၍ နှောင် သည်ကဲ့သို့ မဖြစ်ရအောင် အရာရှိ ငယ်များကို ဆင့်ဆိုမေးမြန်း၊ အပြစ်အလျောက် စီရင်၍ ဘုရင်ခံထံ စာတင်ရန် စာပြန်မည့်အကြောင်း။

၁၈၈၁ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ အင်္ဂလိပ်နိုင်ငံတွင်းနေ လှေနှင့် ကုန်တင်ကူးသန်းသွားလာသည့် ကုန်သည်တို့အပေါ်တွင် ကွမ်းရွာဆိပ်ကမ်း၊

---

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

မင်းလှဆိပ်ကမ်းများက နိုင်ငံဥပဒေရှိသည့် အတိုင်းမှတစ်ပါး ကောက်ခံ၊ လျှပ်ဖြတ်တောင်းယူကြောင်း ကြားသိရ၍ သည်ကဲ့သို့ မပြုမလုပ်ရအောင် ဆင့်ဆိုမည့်အကြောင်း။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့[1]။

၁၈၈၁ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့။

အမေရိကန် ယူရေပွေနိုင်ငံ၊ အောတဝါမြို့နေ အရှေ့တိုင်းပြည်နိုင်ငံ
အစိုးရမင်းတို့ ကိုယ်စားလှယ် ချာလစ်အန္တာဆင်က
မြန်မာနိုင်ငံခြားဝန်ကြီးထံ လျှောက်စာ။

၃။ ။ အမေရိကန်နိုင်ငံတွင် နိုင်ငံတော် ကိုယ်စားလှယ်အဖြစ်နှင့် အကျိုးတော်ဖြစ် သက်သက် ထမ်းရွက်လိုပါ၍ ထမ်းရွက်ခွင့်ရပါလျှင် ကိုယ်စားလှယ်ခန့် အမိန့်တော်၊ နိုင်ငံတော် အလံများကို ပေးပို့၊ ရောက်ကာလ အမေရိကန်နိုင်ငံနှင့် နိုင်ငံတော် ရာဇ မဟာမိတ် ဆက်လက်မိအောင် ထမ်းရွက်နိုင်ပါကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[1]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ နိုင်ငံတော်နယ်မြေနှင့် မဏိပူရနယ်မြေ အပိုင်းအခြားကို ထပ်မံသတ်မှတ်ရန် မြန်မာအစိုးရတို့က အရာရှိ မစေမလွှတ်သည်ကို နှမြောကြောင်း၊ သို့ မစေလွှတ်လျှင် နယ်သတ်မှတ်မှုကို နေရာကျ ပြုလုပ်နိုင်ရန် သောင်သွပ်မြို့ အရာရှိတို့ကို ဆင့်ဆိုမည့်အကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[1]။

၁၈၈၁ ခု၊ ဩဂုတ်လ ၂၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ ရွှေကျင်မြို့ ဥနဲ့ပင်ရွာအနီးတွင် မြန်မာ ကျွန်တော်မျိုး ၆ ကို သတ်ဖြတ်၊ နိုင်ငံတော်ဘက်သို့ ထွက်ပြေး၍ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်က ဖမ်းဆီးချုပ်နှောင်ထားသူ ငမြင့်၊ ငချစ်ပံ၊ ငဘူး၊ ငရှာကြီးတို့ကို နောက် အသစ်လဲပြောင်းသည့်ဝန်က အချုပ်အနှောင်မှ လွှတ်ကြောင်း ကြားသိရ၍ ၎င်းတို့ကို နေရာကျ စစ်ဆေးမေးမြန်း စီရင်မည့်အကြောင်း။

၁၂၄၁ ခု၊ နှောင်းကဆုန်လဆန်း ၂ ရက်နေ့။

ရွှေကျင်မြို့ ထောင်မှူး အာရဘီဟော အစစ်ခံချက်။

(က) ရွှေကျင်မြို့ ဥနဲ့ပင်ရွာနှင့် လက်ပံရွာအကြား တောတွင် လူ ၆ သေဆုံးသည်ကိုတွေ့၍ ထောက်လှမ်းရာ သေသူ ၆ မှာ ဝတီးမြို့ သာပြောကုန်းရွာနေ ငပန်းကြီး၊ ငရှမ်းကြီး၊ ငရွှေကုန်း၊ ငမြတ်ခဲ၊ ငသိုင်း၊ ငစံပြားတို့ ဖြစ်ကြောင်း။ တရားခံ ၄ အနက် ငမြင့်မှာ မိတ္ထီလာမြို့နယ်နေ ဖြစ်ကြောင်းကို သေသူတို့ မယားများက မြို့သစ်ဝန်ထောက်မင်းထံ လျှောက်ချက်အရ ၎င်းဝန်ထောက်က ဖမ်းဆီးချုပ်ထားသည့်အတွင်း၊ နောက်ဝန်သစ် ခန့်ထားသည်နှင့် ငချစ်ပံ၊ ငဘူး၊ ငရှာကြီး၊ ငမြင့်တို့ အချုပ်မှ လွတ်ငြိမ်းကျရာ၊ ငမြင့်မှာ ရမည်းသင်း စီရင်စု ကျည်းပင်ရွာတွင် ကျွန်ဖြစ်၍နေသည် ကြားသိကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့[1]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ဆင်ပေါင်ဝဲ စီရင်စု၊ ရေမဲ့ညိုရွာတွင် ငလင်း၊ ရှမ်းငမိုး၊ ငလှီတို့နှင့် အမည်တူလူ မရှိ၊ ၎င်းတို့လည်း ယခု သူကြီး ငမိုး အစောင်အမကို ခံနေသူများ ဖြစ်ကြောင်း၊ ရှမ်းငမိုး မယားမှာ မိသော်၊ ငလင်း မယားမှာ မိကုလားမ၊ ငလှီမှာ မယားမရှိ၊ ငလှိုင်းနှင့် အတူနေဖြစ်၍ ၎င်းတို့ကို အထက်ပေးစာအရ နေရာကျ ပြုလုပ်ပါမည့် အကြောင်း။

---

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့[၁]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ပေါင်းတည်မြို့ စီရင်စု ရွှေပန်းတောရွာအနီး သစ်ခုတ်လုပ်သူ သောအောင်ကို သတ်ဖြတ်ထွက်ပြေး၍၊ နေရင်း တောင်တွင်းကြီးမြို့ မေင်ရွာတွင် ရှိနေကြောင်း ကြားသိရသူ ငရွှေလယ်ကို ဖမ်းဆီး၍ ပြည်မြို့ အရေးပိုင်ထံ ပေးအပ်မည့်အကြောင်း။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၂]။

ပေါင်းတည်မြို့ ရာဇဝတ်ဝန်ထောက်ဒေဘီ မေးချက်။

(က) ရွှေပန်းတောနှင့် မက္ကလာရွာအကြား လူသေအလောင်း တွေ့ရှိကြောင်း သတင်းအရ ကြည့်ရှုစေရာ တွေ့ရှိ၍ ဝက်ထီးကန်ဌာနသို့ ပို့ထားခဲ့ကြောင်းနှင့် စေလွှတ်ကြည့်ရှုစေသူ အမှုထမ်းတို့ ပြောဆိုရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၂]။

ပေါင်းတည်မြို့အုပ် အလက်စန္ဒာ မေးချက်။

(ခ) သောအောင်ကို လူသတ် သေဆုံးကြောင်းနှင့် ရာဇဝတ်ဝန်ထောက် ပြောဆိုကြားသိ၊ သောအောင်သည် သစ်တောရုံးက ငွေ ၂၅ဝ ယူဆောင်၍ သစ်တောရုံး ကံကျေး ငရွှေလယ်နှင့် သားမဲ့ရွာသို့ သွားရာ မြို့ကြီးရွာတွင် ရပ်နား၊ ထွက်သွားနောက်၊ ၎င်းနေ့ သောအောင် သေဆုံးကြောင်းနှင့် ရွှေပန်းတော ရွာသား ငရွှေကံ ပြောဆိုကြားသိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၂]။

စာရေး ငသိန်း မေးချက်။

(ဂ) သောအောင်သည် သစ်တောရုံးက ငွေ ၂၅ဝ ပေးကမ်းသည်ကိုယူ၍ ငရွှေလယ်နှင့် အတူထွက်သွားသည်ကို သိကြောင်း၊ ငရွှေလယ် အသားညိုညို အရပ်ပျပ်ပျပ်။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၂]။

ပေါင်းတည်မြို့နေ ငမြ မေးချက်။

(ဃ) သစ်တောရုံးက သစ်ခုတ်လုပ်ခငွေ ၂၅ဝ ယူ၍ ငရွှေလယ်နှင့်အတူ သောအောင် သွားသည်ကိုသိ၊ ငရွှေလယ် မည်သည့်မြို့ရွာသား ဖြစ်သည် မသိ။

၁၂၄၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့။

ပေါင်းတည်မြို့နေ ပုလိပ်အမှုထမ်း ငဘော မေးချက်။

(င) သောအောင်ကို သတ်ဖြတ်သူ ငရွှေလယ် တောင်တွင်းကြီးမြို့ မေင်ရွာတွင် ရှိသည် သတင်းအရ ၁၂၄၃ ခု ကဆုန်လအတွင်း သွားရောက် ထောက်လှမ်းတွေ့ရှိကြောင်း၊ ၎င်းလည်း အရပ်ပျပ်ပျပ်၊ အသားညိုညို ဖြစ်ကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၃]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ ရွှေမြို့တော်က ဒဂုံမော်ရောက် ကြေးနန်းမှာ ကောင်းမွန်စွာ ပေါက်ရောက်ကြောင်း စာကိုရ၍ ဝမ်းမြောက်ကြောင်း၊ သို့သော်လည်း ဒဂုံမော် ဓာတ်ရုံတော်တွင် ယခုတိုင် ကြေးငွေ မလုံလောက်၍ နိုင်ငံတော်က ရိုက်ကြားသည့် ကြေးနန်းများမှာ ကျောက်တိုင်တောင်ဘက်သို့ ကောင်းမွန်စွာ မပေါက်သေးရှိကြောင်း။

---

၁။ ၁၂၄၃ ခု၊ တော်သလင်းလဆန်း ၉ ရက် ဖြစ်မည်။ ၂။ ၂၂ မတ် ၁၈၈၁ ၃။ ၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက် ဖြစ်မည်။

၁၂၄၃ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့[၁]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ နိုင်ငံတော်ထွက် ထန်းလျက်၊ ဝါ၊ ငွမ်း၊ လက်ဖက်၊ ကျွဲရေကုန်များကို တစ်ဦးတည်းက အခွန်ထမ်းဆောင် ရောင်းဝယ်ခွင့်ပြုကြောင်း ကြားသိရ၍ အခြားကုန်များကိုလည်း ၎င်းနည်း ပြုလုပ်လိမ့်မည် ကုန်သည်တို့ စိုးရိမ်ရှိကြကြောင်း။ အထက်က ထန်းလျက်ကုန်ကို ကုန်တော်ပြုလုပ်ရှိ၍ စာပေးရာ ရောင်းဝယ်မှု ငြိုငြင်ရန်၊ မဟာမိတ်စာချုပ်နှင့်လည်း ဆန့်ကျင်ရန် မပြုမလုပ်ကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပြန်ပေးစာကို ရရှိသည်ဖြစ်၍ ကုန်များကို တစ်ဦးတည်း ရောင်းဝယ်စေလျှင် နှစ်နိုင်ငံအကျိုး ယုတ်လျော့ရှိမည်ကို ဆင်ခြင်သင့်ကြောင်း။ သည့်ကဲ့သို့ ရောင်းဝယ်စေသည့်အရာသည် ၁၂၂၉ ခုနှစ် မဟာမိတ်စာချုပ်ပါ သစ်ပျဉ်၊ ရေနံ၊ ပတ္တမြား ကုန်များပြင် ကုန်တော် မပြုမလုပ်ရ ဆိုသောအချက်နှင့် ဆန့်ကျင်သည် ဘုရင်ခံမင်းနှင့်တကွ သဘောရရှိကြကြောင်း။ ကုန်တော် ပြုလုပ်သည့်အရာမှာ အရှည်တည်သည်ဖြစ်စေ၊ ထပ်မံပြုလုပ်သည်ဖြစ်စေ ရှိခဲ့လျှင် ရောင်းဝယ်မှု ပျက်ကွက်ရပ်ဆိုင်းရန်သာ ရှိကြောင်းနှင့် အင်္ဂလိပ်နိုင်ငံနေ ကုန်သည်ကြီးငယ်တို့ လျှောက်စာတွင်ပါရှိ၍ ကုန်တင်သင်္ဘော အစုန်အဆန်လည်း ပျက်ကွက်ရန်ရှိကြောင်း။ ကုန်တော်ပြုလုပ်ခြင်းကြောင့် ရှေးအခါကထက် ထန်းလျက်ကုန်၊ လက်ဖက်ကုန်များမှာ အဖိုး တိုးတက်ကြီးမြင့်၍ နှစ်နိုင်ငံနေ ကုန်သည်တို့ ရောင်းဝယ်မှု ငြိုငြင်ရန် အမှန်ဖြစ်ကြောင်း။ သည့်ကဲ့သို့ ကုန်တော်ပြုလုပ်ခြင်းကြောင့် ငြိုငြင်ရန်အချက်မှာ မဟာမိတ်စာချုပ်နှင့် ဆန့်ကျင်သည် တစ်ရပ်၊ နှစ်နိုင်ငံနေ ကုန်သည်တို့ ရောင်းဝယ်မှု ငြိုငြင်သည် တစ်ရပ်ဖြစ်၍ အမြန်ရပ်သိမ်းစေလိုပါကြောင်း။ ရှေ့သို့လည်း အခွင့်မပေးစေလိုကြောင်း။ စာပါ စကားများကို စဉ်းစားပြီးလျှင် ဘုရင်ခံမင်းက အမြန်သိလိုပါ၍ အမြန်စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၁]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၂၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ရှင်စောပုခေါ် သင်္ဘောတွင် အင်္ဂလိပ်အစိုးရ ဘက်ထည့်သူ အရာရှိ ဟာဒိန်းကို ကြေးနန်းဆရာ ငကွန်းနှင့် အပေါင်းပါ လူ ၄ တို့ ဝန်းဝိုင်းရိုက်နှက်မှုကို မြို့ဝန်မင်းက ယခုတိုင် ငကွန်းကို မည်သို့ ပြစ်ပေးစီရင်သည် မကြား မသိရဖြစ်၍ စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၁]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၂၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ မြင်းခြံရွာနေ ငလုံးကို ထောက်လှမ်းဖမ်းဆီးရန် ခဲခက်ကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပြန်စာအရ ထောက်လှမ်းရာ ငလုံးမှာ သေဆုံးကြောင်းနှင့် ကြားသိရကြောင်း။

---

## ၃၈၂ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၁]။

၁၈၈၁ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ဝန်ရှင်တော်မင်းကြီးက ပို့သည့် ၁၂၄၃ ခုနှစ် ကောက်ခံရန် ကုန်စာရင်းစာအုပ်ကို ရရှိကြောင်း၊ ၁၈၈၁ ခု၊ ၈၂ ခုနှစ် ကောက်ခံရန် ကုန်နှုန်းအဖိုးထား ဘာသာရေး စာအုပ်ကိုလည်း ပေးပို့ကြောင်း။

---

၁။ မြန်မာရက်စွဲနှင့် ခရစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့[၁]။

၁၈၈၁ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ယခုနှစ် ဒီဇင်ဘာလ ၁၆ ရက် (၁၂၄၃ ခု နတ်တော်လပြည့်ကျော် ၁၁ ရက်) နေ့ ဘင်္ဂလားမြို့က ရန်ကုန်မြို့သို့ ဘုရင်ခံမင်း ထွက်လာ၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ဆိုက်ရောက်၊ ၅ ရက်ခန့် ရပ်တန့်၍ ပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[၁]။

၁၈၈၁ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ နိုင်ငံတော် နယ်မြေနှင့် မဏိပူရနယ်မြေ အပိုင်းအခြား ယုံမှားရန်ရှိသည့် ရပ်ကွက်များကို အထက်ပေးစာအတိုင်း သတ်မှတ်မည်ဖြစ်၍၊ သတ်မှတ်သည့်အတိုင်း နှစ်ဖက် နယ်ရှင် အစိုးရတို့နှင့် မြို့ရွာနေလူတို့ အတည်ပြုလိမ့်မည် မြော်ခေါ်ရှိကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့[၁]။

၁၈၈၁ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ်လူမျိုး ဟာဒိန်းနှင့် ကြေးနန်းဆရာ ငကွန်းတို့ ဖြစ်ပွားမှုကို မြို့စာရေး သဘော်ဆိပ်အုပ်မင်း ကောက်ယူ စီရင်သည့်အတိုင်း ကောက်ချက်ပါ လက်ရောက်လျော်ပြစ်ငွေ ၁၂၀ ကို ဟာဒိန်းသို့ ပေးလျော်ပြီးပြတ် ပြေငြိမ်းအောင် ပြုလုပ်မည့်အကြောင်း။

၁၂၄၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၁]။

၁၈၈၂ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ နိုင်ငံတော်ထွက် ကုန်စည်များကို အခွန်သေ ချထား ရောင်းဝယ်စေသည်ကို မဖျက်မသိမ်း၍ မဟာမိတ်အဖြစ်မှ ဆုတ်ယုတ်ပျက်ယွင်းရှိလျှင် မြန်မာအစိုးရတို့တာဝန် ဖြစ်မည့်အကြောင်း။

---

## ၃၀၃ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

၁၈၈၂ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက် (၂၁) ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်မင်းကြီးက ရန်ကုန်မြို့ရှိ မြန်မာကိုယ်စားလှယ်တော် သူဌေးသို့ ပေးစာ။

၁။ ။ အရေးပိုင်ကြီးက မြန်မာနိုင်ငံခြားဝန်ကြီးထံ ပေးစာလက်ခံကို ပေးပို့ကြောင်း၊ အရေးပိုင်ကြီးကလည်း မြန်မာသံတော်တို့ နေ့ရက်မကြာ ဆိုက်ရောက်မည်ကို မျှော်လင့်ကြောင်း၊ ဆိုက်ရောက်ကာလ ဘင်္ဂလားသို့ တင်ပို့ရန် မီးသင်္ဘော်များကို အသင့်ရှိစေရမည် ဆင့်ဆိုရှိကြောင်း။

၁၂၄၃ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

၁၈၈၂ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ မြန်မာ နေထွက်ဘုရင်မင်းမြတ်က သံစေလွှတ်တော်မူမည့် အကြောင်းအရာနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာအရ ဝမ်းမြောက်စွာ အိန္ဒိယ ဘုရင်ခံမင်းထံ လျှောက်ရာ၊ စေလွှတ်တော်မူသည့် သံတော်တို့ကို အိန္ဒိယ အစိုးရမင်းတို့က ကောင်းမွန်စွာ လက်ခံပြုစုတော်မူမည် ဘုရင်ခံမင်းအမိန့်ကို နာခံရကြောင်း။

---

[၁]။ မြန်မာရက်စွဲနှင့် ရေစ်နှစ် ရက်စွဲများ ကွဲလွဲမှု ရှိနေသည်။

အရေးပိုင်မင်းကြီးကလည်း အရေးပိုင်အခွင့်ရ သံကြီးဖြစ်လျှင် အိန္ဒိယရောက် ကောင်းမွန်စွာ လက်ခံပြုစုမည့် အကြောင်း။

**၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့[၁]။**

**၁၈၈၂ ခု၊ မတ်လ ၁၀ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ် အစိုးရတို့ သတ်မှတ်သည့် နိုင်ငံတော်နယ်နှင့် မဏိပူရ နယ်မြေ အပိုင်းအခြားကို ဖျက်သိမ်းစေမည် ပေးစာအရ ဖျက်သိမ်းလျှင် အမှုခဲခက်ရန်ရှိ၍၊ သံတော်တို့ရောက်မှ ၎င်းအကြောင်းကို ညှိနှိုင်းပြောဆိုပြုလုပ်မည် အင်္ဂလိပ် အစိုးရတို့က ယုံကြည်မျှော်လင့်ရှိကြောင်း။

**၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့။**

**၁၈၈၂ ခု၊ မတ်လ ၁၀ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငတိုက်၊ ငသိုက်တို့ နိုင်ငံတော်ဘက်သို့ နွားဝယ်သွားရာ တောင်တွင်းကြီးမြို့ အစိုးရတို့က လူကိုလည်း ချုပ်နှောင်၊ ငွေကိုလည်း သိမ်းယူမှု တစ်ရပ်။ ငဆောင်းနှင့် အပေါင်းပါလူ ၄ တို့ကို ဝန်ကုန်းအရပ်တွင် ကင်းတော်စောင့်တို့က ၂ ကြိမ် ၂ တန် ချုပ်ထားမှု တစ်ရပ်များကို စစ်ဆေးသိသာလျှင် သည်ကဲ့သို့ ချုပ်ထားသည့် အရာရှိတို့ကို စီရင်၍ စာပြန်မည့်အကြောင်း၊ အချုပ်အနှောင်ခံရသူ ငတိုက်၊ ငသိုက်တို့ ထွက်ချက်၊ လျှောက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

**၁၂၄၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂]။**

မြေထဲမြို့ ဒုတိယအရေးပိုင်ရှေ့ ငတိုက်ကို မေးချက်။

(က) ကျွန်တော် မြေထဲမြို့ စစ်တိန်းရွာတွင်နေ၊ တောင်သူ၊ ၎င်းနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ ညီမောင်သိုက်နှင့် နွားဝယ် ကျောက်တိုင်မြောက်ဘက်သို့ သွားရောက်၊ တောင်တွင်းကြီးမြို့ ခွေးတောက်ကုန်းရွာနေ ငတုတ်ဖြူ အိမ်အနီး ငရွှေသာအိမ်တွင် တည်းခိုရာ ဓား ၂ စင်း၊ ငွေ ၃၀ဝ ပါသည် ပေးရမည်ဆို၍ ၎င်းမြို့ အစိုးရတို့က ငတုတ်ဖြူပါ ဝန်းဝိုင်းဖမ်းဆီး ရိုက်နှက်ခေါ်သွား။ သက်န်းဖွပ်ရွာသို့ ဆိုက်ရောက်၊ ထိတ်အကျဉ်းခတ်ထား၊ ငတုတ်ဖြူမှာ ခံဝန်သူနှင့် လွှတ်ငြိမ်း၊ ကျွန်တော်တို့ ညီအစ်ကိုမှာ ထပ်မံ အကျဉ်းချထား၊ နောက် ၎င်းလဆုတ် ၇ ရက်နေ့ည မြို့သူကြီး မောင်မင်းရုံက ရိုက်နှက်စစ်မေး၊ နောက် အခွန်စာရေး ငကင်းက ထပ်မံစစ်မေး၊ မှုပြစ် မပေါ်သည်နှင့် ရက်ပေါင်း ၅၀ ခန့် ခြေချင်းစွဲခတ် အကျဉ်းချထား၊ ၎င်းနှစ် ပြာသိုလဆန်း ၈ ရက်နေ့မှ တန်းထိန်း တန်းခေါင်းတို့ကို ငွေ ၁၅ ပေးကမ်း လွှတ်ငြိမ်းရကြောင်း၊ ကျွန်တော်တို့ထံက သိမ်းယူငွေ ၈ဝ အနက် တစ်ဝက်သာ ပြန်ရကြောင်း။

**၁၂၄၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂]။**

မောင်တိုက်တို့ယောက်ဖ မောင်မြစ် မေးချက်။

(ခ) ကျောက်တိုင်မြောက်ဘက်သို့ နွားဝယ်သွားသူ ယောက်ဖ မောင်တိုက်၊ မောင်သိုက်တို့ကို တောင်တွင်းကြီးမြို့ရုံးက ချုပ်ထားကြောင်း ကြားသိသည်နှင့် လိုက်သွား၊ သက်န်းဖွပ်ရွာသို့ ဆိုက်ရောက်၊ ငတုတ်ဖြူနှင့် တွေ့ရှိ၊ အကြောင်းအရာကို မေးမြန်းသိရ၍ ငသိုက်တို့ စားသုံးရန် စရိတ် ၄၀ ငတုတ်ဖြူသို့ ပေးအပ် ပြန်လာခဲ့ကြောင်း။

စစ်တိန်းရွာနေ ကျေးခေါင်း မောင်ပြား လျှောက်ချက်။

(ဂ) တောင်တွင်းကြီးမြို့အုပ်က ချုပ်ထားသူ ကျွန်တော့်သမက် ငတိုက်၊ ငသိုက်တို့ကို အချုပ်မှ လွှတ်အောင် ၎င်းမြို့အုပ်ထံ စာပေးတောင်းယူပါမည့် အကြောင်း။

---

၁။ ၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက် ဖြစ်မည်။ ၂။ ၅ ဇန်နဝါရီ ၁၈၈၂

၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့။

၁၈၈၁ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့။

မြေထဲမြို့ ဒုတိယအရေးပိုင်က တောင်တွင်းကြီးမြို့အုပ်ထံ ပေးစာ။

[က]။ ။ အင်္ဂလိပ် ကျွန်တော်မျိုး သေိုက်၊ တေိုက်တို့ကို မည်သည့်မှုပြစ်နှင့် ချုပ်နှောင် အကျဉ်းချထားသည်ကို စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ နတ်တော်လဆန်း ၄ ရက်နေ့[1]။

တောင်တွင်းကြီးမြို့အုပ်က မြေထဲမြို့ အရေးပိုင်သို့ ပေးစာ။

[ခ]။ ။ သေိုက်၊ တေိုက်တို့ကို မေးမြန်းရာ အစစ်ခံ မညီကွဲပြား၊ သူကောင်းဖြစ်ကြောင်း ယုံကြည်ထိုက်အောင် မထွက်မဆိုနိုင်၍ မြို့ရုံးတွင် ချုပ်ထား၊ ၎င်းတို့ကို မည်သို့ ပြုလုပ်စေလိုသည်၊ မည်သည့်အမှုရှိသူများ ဖြစ်သည်ကို စာပြန်မည့်အကြောင်း။

၁၂၄၃ ခု။

၎င်းမြို့အုပ်သို့ မြေထဲမြို့ အရေးပိုင်က ပေးစာ။

[ဂ]။ ။ ချုပ်နှောင်အကျဉ်းချထားသူ သေိုက်၊ တေိုက်တို့ကို စစ်မေးရန်ရှိ၍ စေလွှတ်သူ ရွှေသီးတွင် ထည့်အပ်မည့် အကြောင်း။

၁၂၄၃ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့[2]။

မြေထဲမြို့ ဒုတိယအရေးပိုင်ထံ မြို့အုပ်က ပြန်စာ။

[ဃ]။ ။ တေိုက်တို့ကို ထည့်အပ်မည့် အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ထည့်အပ်မည် ပျာတာအမှုထမ်း မြေစ်ဆုံ၊ သောထွန်း၊ မြေစ်တို့ကို ပြောဆိုရာ လက်ခံရမည် အရေးပိုင်မင်းက ကျွန်တော်တို့ကို ဆင့်စာ မရှိ၊ ရွှေသီးကိုသာ ဆင့်ဆိုရှိကြောင်း ပြောဆို၍ မထည့်မအပ်ရ ရှိကြောင်း။

၁၂၄၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၈၂ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့။

ဝန်ကုန်းကင်းတော်က ချုပ်ထားသူတို့အနက် မောင်တောင်ကို
မြေထဲမြို့ ဒုတိယအရေးပိုင်ရှေ့ မေးချက်။

(က) ကျွန်တော်ပါ မောင်ပြေ၊ မောင်ပို၊ မောင်ရွှေတုတ်၊ မောင်ကျော် လူပေါင်း ၅ တို့ ၎င်းနှစ် သီတင်းကျွတ်လအတွင်း မိဘတို့ရှိရာ နိုင်ငံတော် ဆင်ပေါင်ဝဲ၊ ဆင်လူးရွာသို့ သွားရာ ဝန်ကုန်းကင်းသို့ ဆိုက်ရောက်၊ ကင်းစောင့်လူ ၁ က မောင်ပြေ၊ မောင်ပိုတို့ကို ထိတ်အကျဉ်းခတ်ထား၊ ငွေတောင်းခံသောကြောင့် ငွေ ၄ိ ပေးကမ်း၊ ဝန်ကုန်းရွာနေ မောင်ပြန့်ကို ခံဝန်စေ၍ ထွက်လာ၊ ဆင်လူးရွာသို့ ဆိုက်ရောက်၊ အပေါင်းပါလူ ၄ တို့ တောင်တွင်းကြီးမြို့သို့ တက်သွား၊ ကျွန်တော်မှာ ဆင်လူးရွာတွင် ၃ ရက် နေထိုင်၍ လာရင်းလူတို့နှင့် ပြန်လာ၊ ဝန်ကုန်းကင်းသို့ ရောက်လျှင် ဖမ်းဆီးချုပ်နှောင်၊ ငွေ ၂၃ိ ပေးမှ လွတ်ငြိမ်း ပြန်လာရကြောင်း။

၁၂၄၃ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့။

၁၈၈၂ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့။

မောင်ပြေ မေးချက်။

(ခ) ကျွန်တော်နှင့် မောင်တောင်၊ မောင်ရွှေတုတ်၊ မောင်ကျော်တို့ ကျောက်တိုင်မြောက်ဘက်သို့ သွားရာ ဝန်ကုန်းကင်းသို့ ရောက်လျှင် ကင်းတော်က ဖမ်းဆီးချုပ်နှောင်၊ ငွေပေးရမည် တောင်းသောကြောင့် ငွေ ၄ိ ပေးကမ်း၊ လာရင်းလမ်းအတိုင်း ပြန်ပါမည် ခံဝန်သူ ပေးအပ်ထွက်လာ၊ ဆင်လူးရွာသို့ရောက်လျှင် မောင်တောင်မှာ နေရစ်၊ ကျွန်တော်တို့မှာ တောင်တွင်းကြီးမြို့သို့ တက်သွား၊ နောက် လာရင်းလမ်းအတိုင်း မောင်တောင်နှင့် ပြန်ကြရာ ၎င်းကင်းသို့ရောက်လျှင် ဖမ်းဆီး၊ ငွေ ၁၀ိ ပေးရမည်

---

၁။ ၂၄ နိုဝင်ဘာ ၁၈၈၁　　၂။ ၁၁ ဒီဇင်ဘာ ၁၈၈၁

တောင်းခံ၊ ၅ဝိ နှင့် ပြေငြိမ်းပါ ပြောဆို၍ ဆင်လူးရွာနေ မပုတီးထံ ငွေ ၅ဝိ ချေးယူပေးကမ်း ပြန်လာရကြောင်း။

၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့။

၁၈၈၂ ခု၊ မတ်လ ၁၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ ကျောက်တိုင်တောင်ဘက် ဥန္နဲပင်ရွာအနီးတွင် လူသတ်မှုအကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက အထက်တစ်ကြိမ် စာပေးသည့်နောက် ထပ်မံ မသိရ၍ စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့။

၁၈၈၂ ခု၊ မတ်လ ၁၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ မင်းတပ်နံ့တည် မြို့သူကြီး မောင်ဆွဲကို မကောင်းသတင်း ကျော်စောသူဖြစ်၍ ရွှေမြို့တော်သို့ ထပ်မံခေါ်ယူ နေထိုင်စေမြဲ နေထိုင်စေမည့် အကြောင်း။

၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့။

၁၈၈၂ ခု၊ မတ်လ ၁၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ အင်္ဂလိပ်ပိုင် တောင်ငူမြို့ သစ်တောမှ သစ်လုံးရေ ၁၅၀၀ ကျော် ၂၀၀၀ ခန့်ကို နိုင်ငံတော် ပေါင်လောင်မြစ်က ချဆောင် စုန်မျှောခွင့် ရ မရ၊ ရလျှင် တားဆီးနှောင့်ယှက် မရှိရအောင် ဆင့်ဆိုသင့်ရာ ဆင့်ဆိုမည့်အကြောင်း။

၁၈၈၂ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့။

၁၂၄၃ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ အထက်ပေးစာပါ သစ်တော အလုပ်လုပ်သူ ငသာအောင်ကို သတ်ဖြတ်ထွက်ပြေးသူ ငရွှေလယ် အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက အထက် စာပေးပြီးနောက် အပြောအဆိုမရှိ၊ ရပ်ဆိုင်းနေရသည်နှင့် ၎င်းအကြောင်းအရာကို စာပြန်မည့်အကြောင်း။

---

## ၃၈၄ မှတ် ပုရပိုက်ထွက်။

၁၈၈၂ ခု၊ ဧပြီလ ၂၄ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ မြန်မာ ကျွန်တော်မျိုး ငချိုဆိုသူ နိုင်ငံတော်တွင် ရာဇဝတ်မှုနှင့် ချုပ်ထားရာက ထွက်ပြေး၊ ကျောက်တိုင်တောင်ဘက် ဝန်ကွဲထောင်ရွာတွင် ခိုဝင်ရှိနေသည့်အတွင်း မြေထဲမြို့၊ လေးထူးကွဲရွာသူကြီးသည် လူအများနှင့် လက်နက်စွဲကိုင် ဝင်ရောက်၊ ငချိုကို အဓမ္မ ခေါ်သွားရှိ၍ မြေထဲမြို့ဝန်ထံ အာလံ အရေးပိုင်က စာပေးပြောဆို၍ ငချိုကို တောင်းရာ နေရာကျ မပြောမဆို မပေးမအပ်ရှိကြောင်း။ ကျောက်တိုင် အနီးအစပ်တွင် ထိန်းသိမ်း အုပ်ကွပ်သည့် အစိုးရတို့ သည်ကဲ့သို့ မဟာမိတ်စာချုပ်ကို ကျူးလွန်ပြုလုပ်လျှင် ၂ တိုင်း ၂ ပြည် မဟာမိတ် ငြိုငြင်ရန်ရှိ၍ လေးထူးကွဲရွာသူကြီးကို ကြောင်းရာကုန်စင် စစ်မေး စာပြန်မည့်အကြောင်း။

---

၁။ ၁၂၄၃ ခု၊ တပေါင်းလဆန်း ၁၂ ရက် ဖြစ်မည်။ ၂။ ၁၂၄၄ ခု၊ ကဆုန်လဆန်း ၈ ရက် ဖြစ်မည်။

၁၈၈၂ ခု၊ ဇွန်လ ၂၆ ရက်နေ့။

၁၂၄၄ ခု၊ ဝါဆိုလဆန်း၊ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက် အောင်မြင်ကုန်းရွာနေ လူပု၊ ဖြူတို့ ကျောက်တိုင်မြောက်ဘက်က နွားဝယ်ခြမ်း ပြန်လာ၊ နိုင်ငံတော် လက်ယက် ရွာသူကြီးသားအိမ်တွင် တည်းခို၍ ရွာကထွက်လာ၊ ခရီးအနည်းငယ်ကွာလျှင် လက်ယက်ရွာသူကြီး လူအများနှင့် လိုက်လာဝန်းဝိုင်း၊ လူပုကို ဓားနှင့် ထိုးခုတ်ဖမ်းဆီး၊ ဆင်ပေါင်ဝဲရွာတွင် ချုပ်ထားရှိ၍ ကိုယ်စားလှယ်စေလွှတ် ငွေ ၄၉ ပေးမှ လွှတ်ငြိမ်းရကြောင်း၊ သူကြီးက ဖမ်းဆီးစဉ် သိမ်းယူသည့် ပစ္စည်းများကို ပြန်ရအောင် ငွေ ၅ ပေးရကြောင်း၊ လူပုက ညီ ဖြူကို စေလွှတ်၍ လက်ယက်ရွာသူကြီးတွင် ကျန်ပစ္စည်းများကို တောင်းစေရာ ဖြူကိုပင် ချုပ်ထား၊ ငွေ ၅၂ ပေးမှ လွှတ်ငြိမ်း ပြန်လာခဲ့ရကြောင်း ကြားသိရ၍၊ မှန် မမှန် နယ်ရှင်အစိုးရတို့ကို နေရာကျ စစ်မေး စာပြန်မည့်အကြောင်း။

၁၈၈၂ ခု၊ ဧပြီလ ၁၈ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ်နိုင်ငံနေ ကေဝိပိုင် ဆင်ကို ခိုးယူပျောက်ဆုံးရှိ၍ ထောက်လှမ်းရာ နိုင်ငံတော်ဘက် တောင်ငူနယ်ကျန် အောင်သာကင်းတပ်မှူး ထွန်းထံ တွေ့ရှိ၍ ဆင်ကိုရရန် အစိုးရတို့ထံ ပြောဆိုရာ မပေးမရရှိကြောင်းကို ဝန်ရှင်တော်မင်းကြီး သိသာရန် ၎င်းဆင်အကြောင်းနှင့် စပ်လျဉ်းသမျှ စာများပါ ပို့လိုက်ကြောင်း။ ကေဝိ ကိုယ်စားလှယ် ဝေိုက် မေးချက်တွင် ခိုးယူပျောက်ဆုံးကြောင်း ထွက်ဆို၍ ဝန်ရှင်တော်မင်းကြီး ထင်ရှားသိသာမည့်အကြောင်း။ ၎င်းဆင်ကို ထိန်းသိမ်းသူလည်း ကင်းတပ်မှူးဟောင်း ထွန်းပင် ဖြစ်ကြောင်း။ ထွန်း မေးချက်တွင် ဆင်ကို ဝယ်ယူကြောင်း ထွက်ဆိုသော်လည်း ဆင်ရှင်ကို မပြနိုင်၍ ၎င်းပင် အသိအမြင် ခိုးယူသည် ထင်ကြောင်း။ ထွန်းကိုယ် ခိုးသည်ဖြစ်စေ၊ အခြားသူ ခိုးသည်ဖြစ်စေ ခိုးပြစ်ကို နိုင်ငံဥပဒေအရ သင့်ရာစီရင်မည့်အကြောင်း။ ဆင်မှာ ခိုးရာပါ မှန်သည့်အတိုင်း စရိတ်ကုန်ကျမရှိ ဆင်ရှင်သို့ ပြန်ပေးရန် အင်္ဂလိပ်ဥပဒေ ရှိကြောင်း။ မည်သူထံက ရသော်လည်း အမှန် ဆင်ရှင်ပေါ်က ပြန်ပေးစေ၍ ဆင့်ကဲရသူတို့မှာ ၎င်းတို့အချင်းချင်းသာ ရှင်းလင်း၊ ဆင်ရှင်မှာ လွတ်ကင်းသည်ဖြစ်၍ ဆင်ကို ဆင်ရှင်သို့ ပြန်ပေးရန် ဆင့်ဆိုသင့်ရာ ဆင့်ဆို ပြန်ပေးစေမည့် အကြောင်း။

၁၈၈၂ ခု၊ အောက်တိုဘာလ ၅ ရက်နေ့။

၁၂၄၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ကေဝိပိုင် ဆင်အကြောင်းအရာနှင့် အထက် ၁၂၄၄ ခု ကဆုန်လပြည့်ကျော် ၆ ရက် နေ့စွဲပါ ပေးစာအရ စာပြန် မကြားမသိရ၍ နေ့ရက်မရှည် စာပြန်လိမ့်မည် မျှော်လင့်ရှိကြောင်း။

၁၈၈၂ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးဆာ။

၅။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက် နေ့စွဲပါ ကျောက်တိုင်တောင်ဘက် သရက်မြို့တွင် ချုပ်ထားသူ ငကျွဲ အကြောင်းအရာနှင့် ပေးစာကို ရကြောင်း။ ငကျွဲ ဆိုသူ နိုင်ငံတော်ဘက် မွေးဖွား၊ လူကိုသတ်ပြီးလျှင် အင်္ဂလိပ်နိုင်ငံသို့ ခိုဝင်ရှိ၍ အပြစ်အလျောက် ချုပ်ထားရှိသော်လည်း ငကျွဲ အပေါ်၌ အပြစ်စီရင်နိုင်ခွင့် မရှိကြောင်း။ ငကျွဲကို မြန်မာအစိုးရတို့က စစ်မေးရန် အလိုမရှိလျှင် အင်္ဂလိပ်အစိုးရတို့ တာဝန်ကင်းပြီဖြစ်၍ အချုပ်မှလွှတ်မည် ဖြစ်သောကြောင့် မလွှတ်မီ အကြောင်းအရာကို သိရန်

---

၁။ ၁၂၄၄ ခု၊ ကဆုန်လဆန်း ၂ ရက် ဖြစ်မည်။

စာပေးကြောင်း။ ငွေကြေးကို ၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်နေ့တိုင် ရောက်လျှင် အချုပ်မှ လွှတ်မည်ဖြစ်၍ ၎င်းနေ့ရက် မတိုင်မီ အလိုရှိလျှင် ပေးအပ်နိုင်မည့် အကြောင်း။

၁၈၈၂ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၄ ခု၊ တော်သလင်းလဆန်း ၇ ရက် နေ့စွဲနှင့် ပေးစာတွင် တောင်တွင်းကြီးနယ်မှာ တိုက်ခိုက်သည့် ဓားပြတို့အနက် စာရင်းပါ လူ ၂၅ မှာ ကျောက်တိုင်တောင်ဘက်နေဖြစ်၍ ဖမ်းဆီးစီရင်မည့်အကြောင်းနှင့် ပါသည့်အရ ဖမ်းဆီးရာ စာရင်းပါအနက် လူ ၈ ကို ဖမ်းဆီးရမိ။ ၎င်းတို့လည်း မြန်မာ ကျွန်တော်မျိုး ဖြစ်သည့်အတိုင်း ပေးအပ်လို၍ ၎င်းတို့ ဓားပြအဖြစ် ထင်ရှားအောင် ထွက်ဆိုနိုင်သည့် သက်သေတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်မည့်အကြောင်း။ ဖမ်းဆီးရမိ လူတို့ကို နေ့ရက်အရှည် ချုပ်ထားနိုင်ရန် အင်္ဂလိပ်ဥပဒေ မရှိ၍ မြန်မာအစိုးရမင်းတို့က သက်သေတို့ကို အမြန်စေလွှတ်၊ စုံညီမေးမြန်း၊ ဓားပြအဖြစ် ထင်ရှားကာလ ပေးအပ်မည့်အကြောင်း။

(က) ဖမ်းဆီးရမိ ချုပ်ထားသည့် ဓားပြလူ ၈ စာရင်း။

၁၈၈၂ ခု၊ မေလ ၁၂ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ပြင်သစ်နိုင်ငံရှိ ပညာတော်သင်တို့ကို စရိတ်ငွေတော် အမှန်အကန် ပို့ရန်အကြောင်းနှင့် အထက်က စာပေးဖူးကြောင်း။ ပညာတော်သင်လူတို့မှာ စစ်အတတ်ပညာသင်ကျောင်းသို့ မဝင်ရသေးကြောင်း၊ စရိတ်ငွေတော် အမှန်အကန် ရရှိပြည့်စုံလျှင် ယခုနှစ်မကုန်မီ စစ်အတတ်ပညာသင်ကျောင်းသို့ ဝင်နိုင်ရန်ရှိကြောင်း၊ ပညာသင်တို့မှာ ယခုကျောင်းတွင် ပညာသင်ခငွေကို မပေးရ ရှိသည့်အချက်၊ ကျောင်းဝင်စရိတ်ကို တင်ရင် မပေးနိုင်၍ စစ်အတတ်ပညာကျောင်းသို့ မဝင်နိုင်ရှိသည့် အချက်များကြောင့် ခဲခက်ရန်ရှိ၍ အရပ်ရပ်ကုန်သင့်ငွေ ၇၀၀၀ိ ကို အမြန်ပို့မှ အရပ်ရပ် နေထားကျမည့်အကြောင်း၊ ပညာသင်လူတို့လည်း အားထုတ်သင်ကြားကြသည် ဖြစ်၍ အမှုတော်ကို ကောင်းမွန်စွာ ထမ်းရွက်နိုင်ရန် ရှိကြောင်း။

၁၈၈၂ ခု၊ မေလ ၈ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ အိန္ဒိယဘုရင်ခံထံ ရာဇသံ လက်ဆောင်တော်များနှင့် သံတော် စေလွှတ်တော်မူမည့် အကြောင်းအရာနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာကို ရကြောင်း။ မြန်မာသံတော်တို့ကို အရေးပိုင်မင်းကြီးက ဝမ်းမြောက်စွာ ကြိုယူလက်ခံ၍ ၁၂၄၃ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့က အစိုးရသင်္ဘောနှင့် ကာလကတ္တားသို့ ကောင်းမွန်စွာ ပို့ကြောင်း။

၁၈၈၂ ခု၊ မေလ ၈ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ မန္တလေးမြို့တွင် နေထိုင်သည့် အမေရိက သိုးဆောင်းလူမျိုး မိန်းမတို့က မြန်မာအစိုးရတို့က ညှဉ်းပန်းနှိပ်စက်ကြောင်း၊ မိန်းမအချို့တို့ကို နန်းတော်အတွင်း ကြမ်းတမ်းနာကြည်းစွာ ရိုက်နှက်၊ အမျှားနှင့်ဆိုင်သည့် ထောင်တွင် ယောကျ်ား မိန်းမ ရောနှောချထားပြီးနောက် အဝေးမြို့သို့ ပို့ထား အကျဉ်းအချုပ်ခံနေရကြောင်း ကြားသိရ၍ ကြားသိရသည့်အတိုင်း မဟုတ်မမှန် လွဲပါစေဟု အရေးပိုင်မင်းကြီးက မြော်ခေါ်တောင့်တကြောင်း။ သည်ကဲ့သို့ ပြုလုပ်သည့် အကြောင်းအရာများကို အိန္ဒိယ အစိုးရမင်းတို့ အလွန်

နလုံးမသာ ရှိမည့်အကြောင်း။ သိုးဆောင်းမိန်းမတို့ကို ချုပ်ထားသည်မှန်လျှင် လွှတ်ရန်ကို မြန်မာအစိုးရမင်းတို့ ဆင်ခြင်၍ နေ့ရက်မကြာ စာပြန်လျှင် ကျေးဇူးတင်မည့်အကြောင်း။ ကြားသိသည့်အတိုင်း မှန်လျှင် အစိုးရမင်း ၂ ဦး ပြောဆိုဆဲ မဟာမိတ်စကား တိုးတက်ခဲယဥ်းရန် ရှိမည်ကို ဝန်ရှင်တော်မင်းကြီး သိနိုင်ရန် ရှိကြောင်း။

၁၈၈၂ ခု၊ ဇွန်လ ၂၁ ရက်နေ့။

၁၂၄၄ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ (၃)။

၁၀။ ။ (က) ဝန်ရှင်တော်မင်းကြီးက တစ်နှစ်တစ်ကြိမ် ပေးပို့မြဲအတိုင်း ပေးပို့သည့် ၁၂၄၄ ခုနှစ် အဖို့ ကုန်ဖိုးဈေးနှုန်း ပုံနှိပ်စာအုပ်ကို ရကြောင်း။ (ခ) မဟာမိတ် စာချုပ်အရ ၁၂၄၄ ခုနှစ်အတွင်း နိုင်ငံတော်သို့ ဝင်ကုန်၊ နိုင်ငံတော်က ထွက်ကုန် အဖိုးဈေးနှုန်း စာရင်းကိုလည်း ပို့လိုက်ကြောင်း။ (ဂ) သီဟိုဠ်ကျွန်းနေ ဝိမလသူရိန္ဒ ဆိုသူက ဆက်သရန် ပို့ရောက်သည့် သီဟိုဠ်ဘာသာရေး ပုံနှိပ်စာအုပ်များကိုလည်း ပို့လိုက်ကြောင်း။

၁၈၈၂ ခု၊ ဇွန်လ ၂၂ ရက်နေ့။

၁၂၄၄ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ အင်္ဂလိပ်ပိုင် တောင်ငူမြို့နယ် သစ်တောက သစ်များကို နိုင်ငံတော်ဘက်က ထုတ်ယူရန် အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာကို ရကြောင်း။ ထုတ်ယူမည့် သစ်များမှာ ကုန်သည်တို့နှင့် မဆိုင်ကြောင်း။ ဇွဲ့ဘဝတ်တို့လည်း သစ်များကို စာချုပ်နှင့်ချထား ခုတ်လုပ်စေသူ မဟုတ်၊ အင်္ဂလိပ် အစိုးရတို့က သစ်များကို စာချုပ်နှင့် ငွေးရမ်းချဆောင် ထုတ်ယူစေသူများသာ ဖြစ်ကြောင်း။ ထုတ်ယူမည့် သစ်များမှာ အစိုးရတံဆိပ် ခတ်နှိပ်ပြီး ဖြစ်သည့်အတိုင်း တံဆိပ်လက်ခံများကို နယ်ရှင် အကြီးအအုပ်တို့ထံ တင်ပြစေမည်ဖြစ်၍ မြန်မာအစိုးရတို့က ထုတ်ယူစေခွင့် ပြုလိမ့်မည် မျှော်လင့်ကြောင်း။

၁၈၈၂ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့။

၁၂၄၄ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၂။ ။ ၁၂၄၀ ပြည့်နှစ်အတွင်း ကျောက်ဖြူနယ် အမ်းမြို့စီရင်စု အုတ်ရွာတွင် တိုက်ခိုက်သည့် ဓားပြတို့အနက် အင်္ဂလိပ် ကျွန်တော်မျိုး ငရောက်၊ ငလင်းတို့ နိုင်ငံတော် တိုင်တားမြို့စီရင်စု ကျင်းနီရွာတွင် ခိုဝင်နေထိုင်ရှိသည် ကြားသိရ၍ ထောက်လှမ်းဆင့်ဆို ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁၈၈၂ ခု၊ မတ်လ ၂၃ ရက်နေ့။

၁၂၄၄ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ ၁၂၄၃ ခုနှစ်အတွင်း အမ်းဒလက်နှင့် ဝါးတပ်ကင်းအကြား သရွတ်အရပ်တွင် ကုန်သည်တို့ကို ဓားပြ ၄၀ ကျော်တို့ တိုက်ခိုက်၍ ဝါးတပ်ကင်းက လိုက်လံဖမ်းဆီးရာ ဓားပြတို့အနက် အထက် ပျာတာအမှုထမ်း ပြုလုပ်ဖူးသူ ငဝဲဆိုသူ ပါကြောင်း၊ ငဝဲလည်း အပေါင်းပါလူတို့နှင့် နိုင်ငံတော်ဘက်သို့ ထွက်ပြေးကူးသွားကြောင်း ကြားသိရ၍ ငဝဲကို ရမိအောင် ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ ငဝဲနှင့် အပေါင်းပါလူတို့ကိုလည်း ရမိအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးမည့်အကြောင်း။

၁၈၈၂ ခု၊ ဇွန်လ ၈ ရက်နေ့။

၁၂၄၄ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၄။ ။ ၁၂၄၃ ခုနှစ်အတွင်း ကျောက်တိုင်တောင်ဘက် သရက်မြို့နယ်တွင် ရာဇဝတ်ထိန်း ပုလိပ်ရဲသားတို့ကို

၁။ ၁၂၄၄ ခု၊ ဝါဆိုလဆန်း ၇ ရက် ဖြစ်မည်။ ၂။ ၁၂၄၄ ခု၊ တော်သလင်းလဆန်း ၃ ရက် ဖြစ်မည်။ ၃။ ၁၂၄၃ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက် ဖြစ်မည်။

ကြီးကြပ်သူ စာဇင် ငတုတ်ပေါကို ခိုးမှုနှင့် ထောင်တွင် ချုပ်ထားရှိသည့်အတွင်း အခြား အမှုတစ်မှုတွင် သက်သေခံရန်ရှိ၍ မြေထဲမြို့သို့ခေါ်ရာ လမ်းခရီး ထွက်ပြေး၊ နိုင်ငံတော် ဆင်ပေါင်ဝဲရွာတွင် ခိုဝင်ရှိနေသည် ကြားသိရ၍ ဆင့်ဆိုဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ ငတုတ်ပေါ၏ ပုံစံအချက်များကို ပို့လိုက်ကြောင်း။

၁၈၀၂ ခု၊ ဇွန်လ ၂၂ ရက်နေ့။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၅။ ။ နိုင်ငံတော်တွင် ဓားပြပြုလုပ် တိုက်ခိုက်သူ ငကျွဲကို သရက်မြို့ အရေးပိုင်က ဖမ်းဆီးရမိ စစ်မေးရာ၊ မြန်မာ ကျွန်တော်မျိုး ဖြစ်သည် အစစ်ခံ ထွက်ဆိုသည့်အရ အင်္ဂလိပ် ဥပဒေနှင့် စီရင်နိုင်ရန် မရှိသောကြောင့် ငကျွဲကို မြန်မာ အစိုးရမင်းတို့သို့ ပေးအပ်လို၍ မည်သည့်အရာရှိသို့ ပေးအပ်ရမည် စာပြန်မည့်အကြောင်း။

---

## ၃၈၅ မှတ် ပုရပိုက်ထွက်။

၁၈၈၂ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ နိုင်ငံတော် အစွန်အဖျား မြို့ရွာများကို တော်သလင်းလအတွင်းက တိုက်ခိုက်သူ ဓားပြတို့အနက် ကျောက်တိုင်တောင်ဘက်သို့ ပြေးဝင်လာသူ ငပြားကြီး၊ ငယိလေး၊ ငရွှေဘော်၊ ငကျောက်ကြီးတို့ ဖမ်းဆီးရမိ၊ မြန်မာအစိုးရမင်းတို့သို့ ပေးအပ်လို၍ ၎င်းတို့ကို ဓားပြအဖြစ် ထင်ရှားအောင် ထွက်ဆိုနိုင်မည့် သက်သေခံလူတို့ကို တောကျောင်း သရက်အရေးပိုင်ထံ စေလွှတ်မည့်အကြောင်း၊ အင်္ဂလိပ်ဥပဒေတွင် ၎င်းအမှုကဲ့သို့ မှုပြစ်ရှိသူတို့ကို ကာလအရှည် ချုပ်ထားနိုင်ခွင့် မရှိသည့်အတိုင်း ယခုနှစ် ပြာသိုလဆန်း ၈ ရက်တိုင်ရောက်လျှင် အချုပ်မှ လွှတ်မည်ဖြစ်၍ ၎င်းနေ့ရက်မတိုင်မီ အကြောင်းအရာပြန်ကြား၊ လူစေလွှတ် တောင်းယူစေလိုကြောင်း။

၁၈၈၂ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်ကြီးက တောကျောင်း သရက်အရေးပိုင်သို့ ပေးစာ (ကြေးနန်း)။

[က]။ ။ မင်းသားခေါ်ခံ လူများနှင့် လူဆိုးတို့ စုရုံးပြီးလျှင် နယ်စပ်သို့ဖြတ်၍ မြန်မာနိုင်ငံ မြို့ရွာများကို တိုက်ခိုက်ကြောင်း အိန္ဒိယ အစိုးရမင်းတို့ ကြားသိရသည်။ ကြားသိရသည့်အတိုင်း မှန်၍ တိုက်ခိုက်လူတို့ ကျောက်တိုင် တောင်ဘက်သို့ ကူးဝင်လာလျှင် ရမိအောင် ဖမ်းဆီး၊ ရမိလျှင် သက်သေခံလူတို့ကို စေလွှတ်ရန် နိုင်ငံတော်ဘက် မြန်မာအရာရှိထံ အကြောင်းကြား၍ နေရာကျ ပြုလုပ်ရမည့်အကြောင်း၊ နယ်စပ်အရှေ့ ပိုင်းသို့ ဂျေမစင် ဆိုသူကို စေလွှတ်မှတော်မည့်အကြောင်း။

၁၈၈၂ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ၁၂၃၇ ခုနှစ်အတွင်း ကျောက်တိုင်တောင်ဘက် တောင်ငူမြို့၊ ကပြားခေါ် ရွာ ကဂိကျွ ကရင်လူမျိုး လူပေါင်း ၃၀ ခန့် ကျောက်တိုင်မြောက်ဘက် သစ်ကြိတ်ကြီးရွာ စီရင်စု၊ ပလော့ခေါ် ကရင်ရွာသို့ သွားရောက်။ ၎င်းတို့အနက် လူ ၁ သေဆုံး သင်္ဂြိုဟ်သည့်အတွက် ငွေ ၁၀၀ ပေးရမည် ပလော့ခေါ် ကရင်ရွာအကြီး ပသုက ချုပ်နှောင်တောင်းခံ ပြုလုပ်သည်သာမက ကပြားရွာသို့ လာရောက်တိုက်ခိုက်။ ချုပ်ထားသူတို့ကို

---

၁။ ၁၂၄၄ ခု၊ ဝါဆိုလဆန်း ၈ ရက် ဖြစ်မည်။ ၂။ ၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ဖြစ်မည်။

မသတ်စေလိုလျှင် ငွေ ၁၀၀၀ိ ပေးရမည် ကြိမ်းမောင်းပြောဆို ပြုလုပ်ပြန်သည်နှင့် ပသုသို့ ငွေ ၁၀၀၀ိ ပေးကမ်း၍ ချုပ်ထားလူတို့ကို ရွေးနုတ်ခဲ့ရသည့်အမှုကို ယခု အရေးပိုင်မင်းကြီး ယုံတန်လောက်သည့် တောင်ငူအရေးပိုင်က ကရင်အကြီး ပသုသို့ ပေးစာလက်ခံများနှင့်တကွ တွေ့မြင် သိသာရ၍ ပသုသို့ ပေးရငွေများကို ပြန်ရအောင် ပြုလုပ်မည့်အကြောင်း။ သို့မဟုတ် ကရင်အကြီး ပသု သည်ကဲ့သို့ ပြုမှုသည့် အကြောင်းအရာများကို မေးမြန်း စာပြန်မည့်အကြောင်း။ ကျောက်တိုင် တောင်ဘက် မြောက်ဘက် ကရင် အကြီး ၂ ဦးတို့ သည်ကဲ့သို့ မသင့်မတင့် ရှိသည်ကို မြန်မာအစိုးရတို့က ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမှ ငြိမ်ဝပ်မည် ထင်ကြောင်း။

၁၈၈၂ ခု၊ စက်တင်ဘာလ ၁ ရက်နေ့။

၁၂၄၄ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့။

ရန်ကုန်မြို့ ချာတာဘဏ်တိုက်လူကြီး ကိုယ်စားလှယ်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁-က ။ အီတာလျံနိုင်ငံရှိ မြန်မာကောင်စစ်ထံက လွှဲပေးသည့် ငွေ ၄၁၆၅ လက်မှတ်ကို ရန်ကုန်မြို့ရှိ မြန်မာ ကိုယ်စားလှယ်ထံ တင်ပြရာ မည်သည့်ငွေ ဖြစ်သည် မသိ၊ လက်မခံနိုင် ပြောဆိုရှိပါ၍ လက်မှတ်ကို ဝန်ရှင်တော်မင်းကြီးထံ ပေးပို့ပါကြောင်း။ ၎င်းလက်မှတ်ပါငွေကို နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၈၈၂ ခု၊ စက်တင်ဘာလ ၆ ရက်နေ့။

၁၂၄၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့။

ရန်ကုန်မြို့ ချာတာဘဏ်တိုက်လူကြီး ကိုယ်စားလှယ်က ကင်းဝန်မင်းကြီးထံ ပေးစာ။

၁-ခ ။ အထက် စက်တင်ဘာလ ၁ ရက် နေ့စွဲနှင့် ပေးလျှောက်စာအရ ငွေလက်မှတ်ပါ ငွေ ၄၁၆၅ ကို ဘဏ်တိုက်သို့ ပေးချေ ပြီးပြတ်ကြောင်းနှင့် အီတာလျံနိုင်ငံရှိ မြန်မာကောင်စစ်ထံက ကြေးနန်းရရှိပါ၍ အရှင်ထံ အထက် ပေးပို့သည့် လက်မှတ်ကို ပြန်ပို့ပါမည့် အကြောင်း။

၁၈၈၃ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့။

၁၂၄၄ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ သရက်မြို့ထောင်တွင် ချုပ်ထားရာမှ ထွက်ပြေးသူ ငတုတ်ပေါ အကြောင်းနှင့် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် မေးမြန်းသင့်ရာ မေးမြန်း စာပြန်မည် ပါသည့်အရ နေ့ရက်မကြာ သိရလိမ့်မည် မျှော်လင့်ကြောင်း။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၂]။

လက်ဝဲဝင်းတော်မှူး မက္ခရာမြို့စားသို့ ပေးမှာစာ (ကြေးနန်း)။

[က]။ ။ သရက်မြို့ထောင်က ထွက်ပြေးလာသူ ငတုတ်ပေါ နိုင်ငံတော် ဆင်ပေါင်ဝဲရွာတွင် ခိုဝင်ရှိနေလျှင် ရမိအောင် ဖမ်းဆီးရမည်၊ မရှိမနေလျှင် အကြောင်းအရာကို လျှောက်ထားရမည် အထက်မှာစာအရ တစ်စုံတစ်ရာ မလျှောက်မထား မကြားမသိရ၍ ကွဲပြားအောင် အမြန် ကြေးနန်းနှင့် လျှောက်ရမည့်အကြောင်း။

၁၈၈၃ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့။

၁၂၄၄ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ငဖြူ၊ ငလူပုတို့ အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပြန်ပေးသည့် ၁၂၄၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ နေ့စွဲပါ စာ ၁၊ နတ်တော်လဆန်း ၅ ရက် နေ့စွဲပါ စာများတွင် လက်ယက် သူကြီးကို စစ်မေးရန်ရှိသည်ကို အမှုသည် ငဖြူ၊ ငလူပုတို့ ရွှေဘွားတော်အောက်ရောက်မှ ကွဲပြားအောင် စစ်မေးစီရင်မည် ပါသည်မှာ၊ ၎င်းလူတို့ အမှုဖြစ်ပွားရာ အရပ်ဒေသတွင် အစိုးရ ၂ ဦးတို့က သင့်ရာ အရာရှိကို စေလွှတ် စုံညီ မေးဆေးရမှ သင့်မည်ထင်ကြောင်း။ သည်ကဲ့သို့ မေးဆေးရာ သက်သေခံပြုလုပ်

---

၁။ ၁၂၄၄ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ဖြစ်မည်။ ၂။ ၇ ဩဂုတ် ၁၈၈၃

စေရန် သင့်ရာသူတစ်ဦးကို ဘက်ထည့်မည့်အကြောင်း။ သည်ကဲ့သို့ မေးဆေးလျှင် မှန်ကန်ရာ ပေါ်ထွက်လိမ့်မည် အရေးပိုင်မင်း ထင်မြင်သည့်အတိုင်း ဝန်ရှင်တော်မင်းကြီးကလည်း သဘောတူလိမ့်မည် ယုံကြည်စိတ်ချကြောင်း။ ရှေ့သို့လည်း ၎င်းကဲ့သို့သောအမှု ပေါ်ထွက်လျှင် ဤကဲ့သို့ပင် ဖြစ်စေရလျှင် သင့်မည် သဘောရကြောင်း။

၁၂၄၄ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူး မက္ခရာမြို့စားက လွှတ်တော်လျှောက်စာ (ကြေးနန်း)။

[ခ]။ ။ အမိန့်ဆင့်စာပါ တေတ်ပေါကို ဆင်ပေါင်ဝဲရွာတွင် ရှာဖွေမတွေ့မရှိ။ တွေ့ရှိကာလ ဖမ်းဆီး၍ ရွှေဘွားတော်အောက် အကျဉ်းပို့ပါမည့်အကြောင်း။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့ (တင်)။

နတ်စုလက်ယာ သေနတ်ဗိုလ် မိုးဖြတပ်စစ်ကဲက လွှတ်တော်လျှောက်စာ။

[က]။ ။ သစ်ကြိတ်ကြီး စီရင်စု၊ ပလော့ခေါ် ရွာနေ ကရင်အကြီး ပသုကို တပ်ရုံးတော်သို့ခေါ်၍ ကျောက်တိုင်တောင်ဘက်နေ ဂိက္ခုကရင်လူမျိုး ၃၀ တို့ မည်သည့် ခုနစ် လ ရက်အတွင်း ပလော့ရွာသို့ လာရောက်သည်၊ ၎င်းတို့လူ သေဆုံးမှုနှင့် စပ်၍ ကြေးငွေ ချုပ်နှောင်တောင်းခံ စားယူဖူးသည် မစားယူဖူးသည်ကို မေးမြန်းလျှောက်ထားရမည် လွှတ်တော် အမိန့်မှာစာအရ မိုးဖြဲစော်ဘွားကို ဆင့်ဆိုမေးမြန်းရာ၊ မိုးဖြဲစော်ဘွားက ရောက်သည့် [အောက်တွင် (ခ) မှတ်အတိုင်း အစီရင်ခံစာ၊ (၁) မှတ်အတိုင်း မေးချက်] လက်ခံများကို ပို့ဆက်လျှောက်ထားပါကြောင်း။

၎င်းနေ့ (တင်)။

မိုးဖြဲစော်ဘွားက တပ်ရုံးတော်သို့ အစီရင်ခံစာ။

[ခ]။ ။ သစ်ကြိတ်ကြီး စီရင်စု၊ ပလော့ခေါ် ကရင်ရွာသို့ ကျောက်တိုင်တောင်ဘက်နေ ဂိက္ခုလူမျိုး လူ ၃၀ တို့ လာရာ လူ ၁ သေဆုံး၊ သင်္ဂြိုဟ်မှုနှင့် ကြေးငွေတောင်းခံ စားယူသည် ဆိုသူ ပလော့ရွာ ကရင်အကြီး ပသုကို နေရာကျ မေးမြန်းလျှောက်ထားရမည် တပ်ရုံးတော်က အမိန့်မှာစာအရ ငမိုးကို စေလွှတ်ခေါ်ယူစေရာ ကရင်တို့ မလိုက်မလာ။ [အောက်ပါ (၁) မှတ်] အတိုင်း ငမိုး ထွက်ဆိုရှိ၍ ၎င်းကိုသာ ပို့ဆက်ပါကြောင်း။

၁၂၄၄ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့[၂]။

ငမိုး ထွက်ချက်။

(၁) သစ်ကြိတ်ကြီး စီရင်စု၊ ပလော့ခေါ် ရွာသို့ ကျောက်တိုင်တောင်ဘက်နေ ဂိက္ခုကရင်လူမျိုး လူ ၃၀ တို့ လာရာ၊ လူ ၁ သေဆုံး သင်္ဂြိုဟ်မှုနှင့် ပလော့ခေါ် ကရင်ရွာအကြီး ပသုက ကြေးငွေတောင်းယူသည် ဆိုသည့်အရာ မှန် မမှန် မေးမြန်း၍၊ ၎င်းလူကြီးကို တပ်ရုံးတော်ရောက် ခေါ်ယူရမည် အမိန့်အရ သွားရောက်ခေါ်ယူ မေးမြန်းရာ၊ [ပလော့ရွာ ကရင် ဘူကြည်က ကျွန်တော်တို့ နယ်အတွင်း ဂိက္ခုခေါ် ကရင်တို့ လာရောက်သေဆုံးဖူးသည် မရှိ၊ လူသေဆုံးမှုနှင့် ငွေမူးပဲချင် ရွေးခြမ်းမျှ အမှုပြုလုပ် စားယူဖူးသည် မရှိ၊ ကျွန်တော်တို့ရွာတွင် ပသုခေါ် အမည်နှင့်လည်း မရှိ၊ လူသေဆုံးမှုနှင့် အမှုပြုလုပ် ကြေးငွေတောင်းယူကြောင်း တပ်ရာဆိုနိုင်လျှင် ၁၀၀၀ိ ငွေကို ၂၀၀၀ိ ပေးပါမည်၊ ၎င်းအမှုနှင့် အစစ်အမေးခံရန် တပ်ရုံးတော်သို့ သာမည့်နှင့် မလိုက်လိုပါ၊ ဟုတ် မဟုတ် ရှုံးနိုင်ရှိလျှင် မည်မျှ ပေးလျော်ပါမည် သိသာမှ လိုက်လိုသည်] ပြောဆိုခံနေ မလိုက်မလာရှိပါ၍ ၎င်းပြောသမျှကိုသာ မှတ်သား ပြန်လာရကြောင်း။

၁၈၈၂ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ နိုင်ငံတော် မြို့ရွာကို တိုက်ခိုက်သည့် ဓားပြ ငပြားကြီး၊ ငငယ်လေး၊ ငရွှေဘော်၊ ငကျောက်ကြီးတို့ကို

၁။ ၂၁ ဖေဖော်ဝါရီ ၁၈၈၃ ၂။ ၁ ဖေဖော်ဝါရီ ၁၈၈၃ ၃။ ၁၂၄၃ ခု၊ တပို့တွဲလဆန်း ၁၅ ရက် ဖြစ်မည်။

ပေးအပ်မည့်အကြောင်းနှင့် နတ်တော်လဆုတ် ၇ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာကို ရကြောင်း။ ၎င်းဓားပြတို့ကို မြစ်စဉ် အစိုးရက စေလွှတ်သည့် သက်သေတို့က ဓားပြအဖြစ် ထင်ရှားအောင် တစ်စုံတစ်ရာ မထွက်မဆိုနိုင်ဖြစ်၍ အချုပ်မှ လွှတ်ငြိမ်းစေကြောင်း။ ဓားပြတို့အနက် ငကျောက်ကြီးကို ဓားပြအဖြစ် ထင်ရှားအောင် အနည်းငယ် ထွက်ဆိုနိုင်သည် ဆိုသော်လည်း ယုံတန်လောက်အောင် အခြေအမြစ် မရှိသည်နှင့် လွှတ်ငြိမ်းစေမည်ဖြစ်၍ ငကျောက်ကြီးကို ဓားပြအဖြစ် ထင်ရှားအောင် လုံလောက် ခိုင်ခံ့သည့် သက်သေ ထပ်မံစေလွှတ်လိုလျှင် စေလွှတ်မည့်အကြောင်း။

၁၈၈၃ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ၁၂၄၄ ခု၊ ပြာသိုလဆန်း ၅ ရက် နေ့စွဲနှင့် ဝန်ရှင်တော်မင်းကြီးက အိန္ဒိယ နိုင်ငံခြားရုံးသို့ ပေးစာအရ ၎င်းရုံးက ဝန်ရှင်တော်မင်းကြီးထံ ပေးရန် ပို့ရောက်သည့်စာကို ပေးပို့လိုက်ကြောင်း။

၁၈၈၃ ခု၊ မတ်လ ၈ ရက်နေ့။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ မန်စိန်စော်ဘွားက လက်ဆောင်ပဏ္ဏာနှင့် အရေးပိုင်မင်းထံ စေလွှတ်သူ ရှမ်းလူမျိုး ၂ တို့ကို အရေးပိုင်မင်းက မိတ်လက္ခဏာနှင့်အညီ စော်ဘွားသို့ အတုံ့ပြန် လက်ဆောင် ခဲယမ်းကိရိယာ အနည်းငယ်နှင့် သေနတ်ကို ပေးအပ် ပြန်သွားစေရာ မင်းလှဆိပ်ကမ်း၊ ရွှေမြို့တော် ဆိပ်ကမ်းများတွင် သေနတ်နှင့် ရှမ်းလူမျိုး ၂ တို့ပိုင် ပစ္စည်းများကို မြန်မာအစိုးရတို့က အတင်းသိမ်းယူ ပြုလုပ်သည့် အကြောင်းအရာသည် တစ်စုံတစ်ရာ ယုံမှားသက်သာ ရှိ၍သာ ပြုလုပ်သည် အရေးပိုင်မင်း အထင်အယူရှိကြောင်း။ ရှမ်းလူမျိုး ၂ တို့ကို မေးဆေးသင့်ရာ မေးဆေး၊ သိမ်းယူသည့် ပစ္စည်းများကို ပြန်ပေး၍ နောက်ရက်တစ်ပတ် ဗန်းမော်မြို့ထွက် သင်္ဘောတွင် တင်ပို့ ပြန်သွားစေကြောင်းနှင့် စာပြန်ပေး ကြားသိရလိမ့်မည် ယုံကြည်ရှိကြောင်း။ ၎င်းလူ ၂ တို့ကို မြန်မာအစိုးရတို့က ပြန်သွားစေ ခွင့်မပြုနိုင်ရှိလျှင် သည်ကဲ့သို့ မြန်မာအစိုးရမင်းတို့ ပြုလုပ်သော အရာများသည် အင်္ဂလိပ် အစိုးရတို့အပေါ်တွင် မိတ်ပျက်ယွင်းစေလို၍ ပြုလုပ်သောအရာ မဟုတ်ကြောင်းကို နှစ်သက်ခြေမြစ်လောက်သည့် အချက်များနှင့်တကွ ဘုရင်ထံ တိုင်တန်းလိုသည်ဖြစ်၍ ယခုနေ့က တစ်လအတွင်း စာပြန်လိမ့်မည် ယုံကြည်စိတ်ချကြောင်း။

---

## ၃၈၆ မှတ် ပုရပိုက်ထွက်။

၁၈၈၃ ခု၊ ဧပြီလ ၅ ရက်နေ့။

၁၂၄၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ အထက်ပေးစာပါ ငတုတ်ပေါသည် ယခု မြစ်စဉ်ထောင်တွင် အကျဉ်းထားကြောင်း ကြားသိရသည့်အတိုင်း မှန်လျှင် အထက်ပေးစာပါအတိုင်း နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၈၈၃ ခု၊ ဧပြီလ ၃ ရက်နေ့။

၁၂၄၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ဝန်ရှင်တော်မင်းကြီးက လေ့ပု၊ ဖြေူတို့နှင့် လက်ယက် ရွာသူကြီးတို့ ဖြစ်ပွားမှု အကြောင်းအရာ ပေးစာကို ရကြောင်း။ ၎င်းအမှုကို အစိုးရ ၂ ဦး အရာရှိ စုံညီစစ်မေးရန် မြေထဲမြို့ အရေးပိုင် လက်ထောက်နှင့်

---

၁။ ၁၂၄၄ ခု၊ တန်ခူးလဆန်း ၁ ရက် ဖြစ်မည်။ ၂။ ၁၄ ရက် ဖြစ်မည်။ ၃။ ၁၂ ရက် ဖြစ်မည်။

အမှုသည်၊ သက်သေတို့ကို အမှုဖြစ်ပွားရာ အရပ်ရှိ မြန်မာအစိုးရတို့ထံ ဆင့်ဆို စေလွှတ်မည်ဖြစ်၍ မည်သည့်နေ့ရက် မည်သည့် မြို့ရွာဌာနသို့ လာရောက်ရမည်ကို စာပြန်မည့်အကြောင်း။ စေလွှတ်မည့် အရေးပိုင်လက်ထောက် အရာရှိမှာလည်း မြို့ရွာထိန်းသိမ်း စောင့်ရှောက်ရခြင်း အလုပ်မှ ကင်း၍ အခြားတွင် အရှည်ထားနိုင်ခွင့် မရှိ၍ နေ့ရက် မကြန့်မကြာ စစ်မေးပြုလုပ်မည့် အကြောင်း။

၁၈၈၃ ခု၊ ဧပြီလ ၄ ရက်နေ့။

၁၂၄၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ အင်္ဂလိပ် အစိုးရမင်းတို့ ပျာတာအမှုထမ်း အကြီးပြုလုပ်သူ လူ ၆ တို့ ပျောက်ဆုံးသည့်နွားကို လိုက်လံရာ၊ နိုင်ငံတော် ဒန့်သလွန်ကျင်း ရွာသူကြီးက ဖမ်းဆီးပြီးလျှင် ဒဂုံမော်ကင်းသို့ ခေါ်သွား၊ ထိတ်အကျဉ်း ခတ်ထား ညှဉ်းပန်းနှိပ်စက် ပြုလုပ်ကြောင်းနှင့် မြေထဲမြို့ အရေးပိုင်တောက်က စာပို့ရောက်ရှိ၍ ပို့ရောက်ရင်း စာနှင့်တကွ သိသာရန် ပူးတွဲပို့လိုက်ကြောင်း။ သည်ကဲ့သို့ ဖမ်းဆီးချုပ်ထား ပြုလုပ်သည်ကို စစ်ဆေးမေးမြန်း စာပြန်လျှင် အရေးပိုင်မင်း ဝမ်းမြောက်မည့်အကြောင်း။

သရက်မြို့အရေးပိုင် ပီချယ်က ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးစာလက်ခံ။

[က]။ ။ ပျာတာအမှုထမ်းတို့ ပျောက်ဆုံးသည့် ကျွဲနွားများကို လိုက်လံရာ နိုင်ငံတော်ဘက်က ဖမ်းဆီးချုပ်ထားကြောင်းကို မြေထဲအရေးပိုင်တောက်က ၁၈၈၃ ခု၊ မတ်လ ၁၆ ရက် နေ့စွဲနှင့် စာပို့ရောက်ရှိ၍ ရောက်ရင်း စာနှင့်တကွ ပို့ပါကြောင်း။ ဖမ်းဆီးသည့်လူတို့ကို မကြာမတင်မီ လွှတ်သည်ကိုထောက်လျှင် တရားဥပဒေနှင့် မဆန့်ကျင်ဟု ထင်ယူရန် ရှိကြောင်း။ မြန်မာ ကင်းအစောင့်အနေ အကြီးအကြပ်တို့လည်း ယခုအမှုတွင် မြေထဲမြို့ အရေးပိုင်တောက်နှင့် တွေ့ဆုံ၊ အကြောင်းရှိရာ ပြောဆို၊ အဆွေခင်ပွန်းအဖြစ် ပြုလုပ်ခွင့် မရရှိပါကြောင်း။ နောင် သည်ကဲ့သို့ မဖြစ်စေရန် နယ်ခြား ကင်းတော် အကြီးအကြပ်တို့ကို မြန်မာအစိုးရမင်းတို့က ဆင့်ဆိုအောင် အရေးပိုင်မင်းကြီးက စာပေးမည့်အကြောင်း။

မြေထဲမြို့ အရေးပိုင်တောက်က သရက်မြို့ အရေးပိုင်ထံ ပေးစာလက်ခံ။

[ခ]။ ။ ပျာတာအမှုထမ်း အကြီးလူ ၆ တို့ ပျောက်ဆုံးသည့် ကျွဲနွားများကို လိုက်လံရာ မြန်မာကင်းတော် အစောင့်အနေ အကြီးအကြပ်တို့က ဖမ်းဆီးချုပ်ထားသည့် အကြောင်းအရာကို စစ်မေး ထွက်ချက်နှင့်တကွ ပို့ကြောင်း။ ၁၂၄၄ ခုနှစ်အတွင်း ကျောက်တိုင်တောင်ဘက် စောင်းရားကျင်း ကင်းစောင့် ပျာတာအမှုထမ်း လူ ၆ တို့ ပျောက်ဆုံးသည့် ကျွဲနွားများကို လိုက်လံရာ နိုင်ငံတော် လိန်ဘောကင်းသို့ ဆိုက်ရောက်၊ ၎င်းကင်းစောင့်သူတို့နှင့် အမှုထမ်းလူ ၆ တို့ အတူ လိုက်သွား၊ ဒန့်သလွန်ကျင်းရွာသို့ ရောက်လျှင် ကင်းစောင့်လူ ၁၊ အမှုထမ်း ၁ တို့ ၎င်းရွာသူကြီးနှင့်အတူ မိရွှေမအိမ်သို့ ဝင်ရောက်ရှာဖွေကာလ၊ နေအိမ်ကို ကျူးလွန်သည်ဆို၍ သူကြီးက ဖမ်းဆီးခေါ်သွား၊ ဒဂုံမော်ကင်းတွင် ထိတ်အကျဉ်းထား၊ နောက် မကြာမီပင် လွှတ်၍ ဒဂုံမော်ကင်း အကြီးအအုပ်က ချုပ်ထားမိသည်ကို သည်းခံပါ တောင်းပန် ပြောဆိုကြောင်း။ သည်ကဲ့သို့ တောင်းပန်သည်ကို ထောက်သဖြင့် အမှုထမ်းလူ ၆ တို့ မြန်မာနိုင်ငံအတွင်း ဥပဒေနှင့် မဆန့်ကျင်မှု၍ သွားလာရသည် မှတ်ယူရန် ရှိကြောင်း။

၁၈၈၃ ခု၊ မေလ ၁၀ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လဆန်း ၂ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အနောက်တိုင်းပြည် နိုင်ငံများသို့ စေလွှတ်သည့် မြန်မာအရာရှိကို ရန်ကုန်သို့ရောက်လျှင် စောင်မသင့်ရာ စောင်မမည့်အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာအရ၊ မြန်မာအရာရှိတို့ ရန်ကုန်သို့ ဆိုက်ရောက်ကာလ မဟာမိတ် ဖြစ်သည်နှင့်အညီ စောင်မသင့်ရာ စောင်မမည့်အကြောင်း။

---

၁။ ၁၂၄၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက် ဖြစ်မည်။ ၂။ ၁၂၄၅ ခု၊ နယုန်လဆန်း ၅ ရက် ဖြစ်မည်။

၁၀၀၃ ခု၊ မေလ ၁၄ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အမရေးပိုင်က ပေးစာ။

၅။ ။ အရေးပိုင်မင်းထံ မန်ဝိန်စော်ဘွားက စေလွှတ်သူ ရှမ်းလူမျိုး ၂ တို့ကို နေရင်းမြို့ ပြန်စေရာ၊ မန္တလေးမြို့ ဆိပ်ကမ်းက ဖမ်းဆီး ချုပ်ထားရှိ၍ အရေးပိုင်မင်းကြီးက စာပေးသည့်အတိုင်း အချုပ်မှလွှတ်၍ နေရင်းမြို့သို့ ပြန်သွားစေကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက ပြန်စာပေးပို့ ကြားသိရသည်ကို အလွန် ကျေးဇူးတင်ကြောင်း။ ပြန်ပေးစာတွင် ရှမ်းလူမျိုး ၂ တို့ပိုင် ပစ္စည်းများကို သိမ်းယူသည် ဆိုသည့်စကားနှင့် စပ်၍ မပါသော်လည်း ပစ္စည်းများကို ပေးအပ် ပြန်သွားစေလိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၀၀၃ ခု၊ မေလ ၂၁ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ရန်ကုန်မြို့တွင် ထမ်းရွက်စေရန် စေလွှတ်သူ စာရေးတော်ကြီး မဟာမင်းထင်ကျော်သူကို စောင်မသင့်ရာ စောင်မမည့် အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာအရ မဟာမိက် ဖြစ်သည်ကို ထောက်၍ စာရေးတော်ကြီးကို ကောင်းမွန်စွာ စောင်မကြည့်ရှုမည့်အကြောင်း။ ဝန်ရှင်တော်မင်းကြီးက ပေးပို့သည့် ၁၂၄၅ ခုနှစ် အဖို့ ကောက်ခံရန် ကုန်ဖိုးဈေးနှုန်း စာရင်းစာအုပ်နှင့် ၁၂၄၄ ခုနှစ် နှောင်းကဆုန်လဆန်း ၄ ရက်နေ့စွဲပါ စာကို ရရှိကြောင်း။

၁၀၀၃ ခု၊ မေလ ၂၂ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ကျောက်တိုင်တောင်ဘက် မင်းတုန်းမြို့ ကိုကတင်ရွာနေ ချင်းလူမျိုး ငပေပိုင် ယာမြေအနီး မိတုတ်ဆိုသူကို ကျောက်တိုင်မြောက်ဘက် ကျီးမြီးရွာနေ ငပိုး၊ ငဆောင်၊ ငရွှေကံ၊ ငသိန်း၊ ငပေ ဆိုသူတို့ ဧပြီလ ၁ ရက်နေ့က အတင်းအဓမ္မ ခိုးယူခေါ်သွား၊ ဧပြီလ ၁၄ ရက်နေ့မှ ကျောက်တိုင်တောင်ဘက်သို့ ပြန်ရောက်ရှိ၍ အကြောင်းအရာကို မှင်ရွှန်နင် ဂါတ်တဲကင်းတွင် တိုင်တန်းရှိရကြောင်း။ သည်ကဲ့သို့ အမှုသည် အလွန် လေးနက်အပ်သည့် အမှုဖြစ်၍ အိန္ဒိယအစိုးရတို့ထံ လျှောက်ရမည်ဖြစ်ကြောင်း။ သရက်မြို့ အရေးပိုင်ကလည်း နယ်စပ်တွင် အကြိမ်ကြိမ် ဝင်ရောက်ဆိုးသွမ်း ပြုလုပ်သည့်အရာ များပြားကြောင်းနှင့် လျှောက်ထားရှိသောကြောင့် နယ်စပ်တွင် အရာရှိမင်းတို့ကို လေးလေးနက်နက် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုလျှင် သည်ကဲ့သို့ ဖြစ်ရန်မရှိ ဖြစ်၍ မြန်မာအစိုးရမင်းတို့က သည်ကဲ့သို့ မဖြစ်ရအောင် တားမြစ်လိုသည့် လက္ခဏာ ပါသည့် ပြန်စာကို ပေးပို့မည် ထင်မှတ်ကြောင်း။

၁၀၀၃ ခု၊ မေလ ၂၂ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ နိုင်ငံတော်က အင်္ဂလိပ်နိုင်ငံသို့ ဝင်ကုန်၊ အင်္ဂလိပ်နိုင်ငံက နိုင်ငံတော်သို့ ထွက်ကုန်၊ အင်္ဂလိပ်နိုင်ငံက အနောက်နိုင်ငံများသို့ ထွက်ကုန် အဖိုးနှုန်း စာရင်းစာအုပ်များကို ပို့ကြောင်း။ တေတ်ပေါကို တောင်းယူရန် အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာအရ တေတ်ပေါကို အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူးထံ အင်္ဂလိပ်အရာရှိ ၁ နှင့် သင့်ရာလူဘက်ထည့် စေလွှတ် တောင်းယူစေမည့်အကြောင်း။

၁၀၀၃ ခု၊ ဇွန်လ ၁၃ ရက်နေ့။

၁၂၄၅ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ၁၂၄၄ ခု တပေါင်းလဆန်း ၄ ရက် နေ့စွဲပါ မဏိပူရ အကြောင်းအရာနှင့် ဝန်ရှင်တော်မင်းကြီးက ပေးစာကို

---

၁။ ၁၂၄၅ ခု၊ နယုန်လဆန်း ၉ ရက် ဖြစ်မည်။

ရကြောင်း။ မဏိပူရနယ် ကောင်ကန်ဌာနာကင်းကို နိုင်ငံတော်ဘက်သို့ ဝင်ရောက်ချထားကြောင်း၊ နိုင်ငံတော်နှင့် မဏိပူရ ၂ နယ်ခြား အမှတ်အသားကိုလည်း တိုးပွားတည်လုပ်ကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး သိရသည့်အတိုင်း မဟုတ်ကြောင်း။ ဝန်ရှင်တော်မင်းကြီး ပေးစာအရ အိန္ဒိယ အစိုးရတို့က အာသံ အရေးပိုင်ကို ဆင့်ဆို မေးမြန်းရာ ကောင်ကန်ဌာနာကို မရွှေ့မပြောင်း၊ ၂ နယ်ခြား အမှတ်အသားကိုလည်း တိုးပွား မမှတ်မသားကြောင်း၊ ၂ နယ်ခြား အမှတ်ကို ကြည့်ရှုရန် ဝန်ရှင်တော်မင်းကြီးက စေလွှတ်သည့် အရာရှိတို့ မဏိပူရသို့ ဝင်မည်ဆဲဆဲရှိမှ ပြန်သွားကြောင်းနှင့် ပြန်ပြောရှိကြောင်း။ အထက် ကော်လော်နက် ဂျွန်ဆင် မှတ်သားခဲ့သည့် ၂ နယ်ခြား အမှတ်အသားကို မြန်မာအစိုးရတို့က လူစေလွှတ် ကြည့်ရှု၊ ပုံစံရေးသားလိုလျှင် အင်္ဂလိပ် အစိုးရတို့က တားဆီးလိုသည့်သဘော မရှိကြောင်း။ စေလွှတ် ကြည့်ရှု ပုံစံရေးသားသူတို့က နယ်ခြား အမှတ်အသားကိုလည်း မကျူးမလွန်၊ ၎င်းတွင် နေသူတို့ကိုလည်း အလုပ်အရှား မရှိစေသဖြင့် သွားရောက် ပုံစံရေးသားနိုင်ကြောင်း။ ပုံစံရေးရန် လူစေလွှတ်မည်ဖြစ်လျှင် အရေးပိုင်မင်းထံ မြန်မာအစိုးရတို့က စာတင်ရင် ပေးပို့မည့်အကြောင်း။

**၁၈၈၃ ခု၊ ဇွန်လ ၂၅ ရက်နေ့။**

**၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၁]။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ပုသိမ်မြို့ စီရင်စု ပေပင် ရွာသူကြီး ငစော၊ မြစ်တရာ ရွာသူကြီး ငဝိုင်းတို့ အခွန်ငွေများကို ဆောင်ယူထွက်သွား၊ ငစောမှာ မန္တလေးမြို့ ဂုံတန်လမ်းတွင် ရှိကြောင်း၊ ငဝိုင်းမှာ ပန်းတိုင်လမ်းတွင် ရှိကြောင်းနှင့် ကြားသိရ၍ စာပါ လူ ၂ တို့သည် အင်္ဂလိပ် အစိုးရမင်းတို့ရုံးတွင် စစ်မေးခံထိုက်သူများ ဖြစ်သည် သဘောထား၍ ရမိအောင် ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပေးအပ်မည့်အကြောင်း။ ဖမ်းဆီးရမိ၍ ပို့အပ်မည်ကာလလည်း ကျောက်တိုင်အနီးရှိ အင်္ဂလိပ် အရာရှိတို့ကို ဆင့်ဆို ကြိုယူသာအောင် အကြောင်းအရာ စာပေးပို့မည့် အကြောင်း။

**၁၈၈၃ ခု၊ မေလ ၇ ရက်နေ့။**

ပုသိမ်မြို့ အရေးပိုင်ရုံးတွင် ကွေ့လယ်ရွာသူကြီး ဘိုးမောင် မေးချက်။

(က) ကျွန်တော် ထန်းလယ်ပြင် သူကြီး ဖြစ်ကြောင်း၊ အဘမောင် သူကြီး ငသိန်း ပင်ရှင်စားလျှင် သား ငစောကို လွှဲအပ် ဆောင်ရွက်စေသည့်အတွင်း အခွန်ငွေများကို ငစော ခိုးယူထွက်ပြေးသည်ကို သိကြောင်း။

(ခ) ပုသိမ်မြို့နေ ငဆူးပန်း၊ တံခွန်တိုင်ရွာနေ ငခို၊ မြို့သစ်ရပ်နေ ငရွှေနီ၊ စာရေး ဘိုးသင်၊ ငဘောတို့ ထွက်ချက်မှာ ဘိုးမောင် ထွက်ချက်နှင့်တူ။

**၁၈၈၃ ခု၊ ဇူလိုင်လ ၉ ရက်နေ့။**

**၁၂၄၅ ခု၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၄ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက် နေ့စွဲနှင့် အိန္ဒိယ နိုင်ငံခြား အရေးပိုင်ထံ ပေးသည့် စာပါ အကြောင်းအရာနှင့်စပ်၍ ရန္တပိုစာချုပ်ကို ဖြစ်စေ၊ ၎င်းစာချုပ်အရ အင်္ဂလိပ်ကျွန်တော်မျိုးတို့ ရသင့်ရထိုက်သည့် အခွင့်၊ ၎င်းတို့ပိုင် ပစ္စည်းအပေါ်၌ ရသည့် အခွင့်များကို ဖြစ်စေ အိန္ဒိယ ဘုရင်ခံမင်း အမည်နှင့် ချုပ်ဆိုပြီး ဖြစ်သည့်အတိုင်း ထပ်မံပြင်ဆင် မပြုလုပ်နိုင်ကြောင်းကို စာပြန်ရမည် ဘုရင်ခံနှင့်တကွ အိန္ဒိယ အစိုးရမင်းတို့က ဆင့်ဆိုသည့်အရ စာပြန်ကြောင်း။

**၁၈၈၃ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့။**

**၁၂၄၅ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၂။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့နယ်အတွင်း ဓားပြလူဆိုးတို့ ၂ ကြိမ် ဝင်ရောက်တိုက်ခိုက်၊ လူကို

၁။ ၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက် ဖြစ်မည်။

သတ်ဖြတ် ပြုလုပ်ရှိ၍ ထောက်လှမ်းရာ၊ ဆိုးသွမ်းတိုက်ခိုက်သူတို့ ကျောက်တိုင်မြောက်ဘက်နယ်နေဖြစ်ကြောင်း သိရ၍ သည်ကဲ့သို့ မပြုမလုပ်ရအောင် နယ်စပ်မြို့ရွာ နယ်ရှင် အကြီးအအုပ်တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆို အုပ်ထိန်းစေမည့် အကြောင်း။

၁၈၀၃ ခု၊ ဩဂုတ်လ ၆ ရက်နေ့။

၁၂၆၅ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ ကျောက်တိုင်တောင်ဘက် မင်းတုန်းနယ်ကျန်မြို့အုပ်က ခိုးမှုနှင့် ထောင်အကျဉ်းထားရာမှ ပထမဝါဆိုလအတွင်းက ထွက်ပြေးသူ ငနီနော ကျောက်တိုင်မြောက်ဘက် မင်းတပ်မြို့ စီရင်စု၊ မိုးကြိုးပစ်ရွာတွင် ခိုဝင်ရှိနေသည် သိရ၍ ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပေးအပ်မည့် အကြောင်း။

၁၈၀၃ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့။

၁၂၆၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၄။ ။ ကျောက်တိုင်တောင်ဘက်နေ လင် ငပြားကြီး၊ မယား မိလှရာတို့ကို ကျောက်တိုင်မြောက်ဘက် မြေထဲမြို့ စီရင်စု၊ ကျီးမြီးရွာသူကြီး မောင်မိုးက ကြေးငွေ ၁၃ိ တောင်းယူ၊ လူကိုလည်း မှုခင်းရာကြံ ညှဉ်းပန်းနှိပ်စက်ပြုလုပ်သည့် အကြောင်းအရာနှင့် ၁၂၆၆ ခုနှစ်အတွင်းက အကြိမ်ကြိမ် စာပေးပို့ရှိသည့်အရ ယခုတိုင်ပြန်စာမရ သတိမေ့ကျန် ရှိသည်များကို အရေးပိုင်မင်း နမြောကြောင်း။ သည်ကဲ့သို့ ပြန်စာမရသည့်အရာမှာ အစိုးရကြီးတို့ သိလျက်နှင့် မဟုတ်၊ အရာရှိငယ်တို့ သတိမေ့ကျန်ရှိ၍သာ ဖြစ်မည် သဘောအယူရှိသည်အတိုင်း ထပ်မံ စာပေးပို့ကြောင်း။ ယခုအမှုတွင် နေ့ရက်ကြန့်ကြာ စာမပြန်မကြားရှိ၍ ဝန်လေးရှိမည့်အရာ၊ သည်ကဲ့သို့ နေ့ရက်ကြန့်ကြာခြင်းကြောင့် အထူးထူး အထွေထွေ အထင်အယူ မှားယွင်းရန်ရှိသည့် အရာများမှာ ယခုပေးစာအရ စာပြန်ကြားလျှင် ပပျောက်ရန်ရှိကြောင်း။ ငပြားကြီးထံက သိမ်းယူငွေ၊ ၎င်းတို့ ချုပ်နှောင်ခံရတွက်လျော်ဒဏ်များကို ငပြားကြီး ရထိုက်သည် အရေးပိုင်မင်း အထင်အယူရှိကြောင်း။ ယခုအမှုမှာ ကြန့်ကြာရှိ၍ အင်္ဂလိပ် အစိုးရတို့ စစ်မေးချက်အတိုင်း အမှန်ဖြစ်စေရန် မြန်မာအစိုးရမင်းတို့က ယုံကြည်လက်ခံမည် ထင်မှတ်ကြောင်း။ ငပြားကြီးသို့ လျော်ရန် ပြစ်ဒဏ်နည်းများပိုင်းခြားမှုမှာ ၂ ဖက် အစိုးရ သင့်ရာ အရာရှိ ၂ ဦး စုံညီ ဆုံးဖြတ်သည်ကို သဘောတူကြောင်း။

---

၃၈၇ မှတ် ပုရပိုက်ထွက်။

၁၈၀၃ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့။

၁၂၆၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ဆင်းရဲသားတို့ ကူးသန်းရောင်းဝယ်ကြသည့် ကုန်အမျိုးမျိုး အချို့အပေါ်တွင် ငါးခိုင်ကျက ရှစ်ခိုင်ကျထိ ကောက်ခံသည် ကြားသိရ၍ အကောက်အခွန် တစ်စုံတစ်ရာ တိုးပွား ကောက်ခံသည်၊ မကောက်ခံသည်ကို အိန္ဒိယဘုရင်ခံထံ လျှောက်ထားရမည် ဖြစ်၍ သိလိုကြောင်း။

၁၈၀၃ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့။

၁၂၆၅ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ဘုံဘိုင်မြို့နေ စိန်ကုန်သည် ပါရှတူမဒရှဝလက မန္တလေးမြို့ ဗဟာဂဝံဒဘာဂလထံ စိန်အကြောင်းအရာနှင့် ရိုက်သည့် ကြေးနန်း မရောက်ကြောင်းနှင့် လျှောက်ထားရှိ၍ ရိုက်ရင်း ကြေးနန်းလက်ခံကို ပို့လိုက်ကြောင်း။

ဘုံဘိုင်မြို့ စိန်ကုန်သည် ပါရှတူမဒစ္စဝလက ဘင်္ဂလားမြို့
ကြေးနန်းရုံ အကြီးအအုပ်ထံ ပေးစာ။

[က]။ ။ ၁၈၈၃ ခု၊ ဩဂုတ်လ ၇ ရက် နေ့စွဲနှင့် မန္တလေးမြို့သို့ ကြေးနန်းရိုက်ကြားရာ ဩဂုတ်လ ၁၆ ရက်နေ့တိုင် မဆိုက်မရောက်၊ ကြေးငွေအများ ရှုံးနိမ့်ပါ၍ ရိုက်ကြားလျက်နှင့် ချွတ်ယွင်းရှိလျှင် စရိတ်ကို ပြန်ပေးသင့်ကြောင်း။

ဘုံဘိုင်မြို့ စိန်ကုန်သည်က မန္တလေးမြို့သို့ရိုက်ကြေးနန်း။

[ခ]။ ။ ကြေးနန်းစာကို ရကြောင်း၊ စိန်လုံးရေ ၁ ကို ၁ ရတီလျှင် ၁၀၀ိ ဈေးနှင့် ရောင်းချပါ။

၁၈၈၃ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့။

၁၂၄၅ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ လင်ပြေား၊ မယားမိလှရာတို့ အကြောင်းအရာနှင့် ၁၂၄၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပြန်ပေးစာတွင် ရေမဲညီရွာသူကြီး ငမိုးကို ဟုတ် မဟုတ် မှန် မမှန် မေးမြန်းဆဲ ရှိကြောင်းနှင့် ပါသည်မှာ ငမိုးကို စစ်ဆေးမေးမြန်းစေလိုသည် မဟုတ်၊ နေ့ရက်ရှည်လျားသည့် အမှုဖြစ်၍ မေးသော်လည်း နေရာကျမည် မဟုတ်ကြောင်း၊ အမှုကို အမှန်အကန် ဖြစ်စေလိုပါလျှင် ပြေားတွင် ကုန်ကျ ရငွေ၊ လျှပ်ဖြတ်ပြုလုပ်သည့်အတွက် လျော်ဒဏ်များကိုသာ ဆင့်ဆိုတောင်းခံ၍ ပြေားသို့ ပြန်ပေးစေလိမ့် မည် ယုံကြည်ကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့။

လက်ဝဲဝင်းတော်မှူး မက္ခရာမြို့စား မင်းကြီး သူရမဟာမင်းခေါင်သမိန်းဘရမ်းသို့ ပေးမှာစာ။

[က]။ ။ လက်ဝဲဝင်းတော်မှူးက လျှောက်ထားလိုက်သည့် ရေမဲညီ ရွာသူကြီး ငမိုး စစ်မေးထွက်ဆိုချက်တွင် [၄၃ ခုနှစ်၊ ရေမဲညီရွာနေ ငလှိုင်း၊ ငရွှေသဲတို့နှင့် လင်ပြေားကြီး၊ မယားမိလှရာတို့ နွားမှုထောက်လှမ်းချက် စကားကို မြေထဲမြို့ရုံးတွင် ပြောဆိုကြရာ ပြေားကြီး၊ မိလှရာတို့က တရားစရိတ် အရပြု၍ ငလှိုင်း၊ ငရွှေသဲတို့သို့ ငွေ ၁၄ိ ပေးစေ၊ ပြေားကြီး ယောက္ခမ ဘောက် စီရင်ပြီးပြတ်သည်ကို ကြားသိကြောင်းနှင့်] ပါရှိသည့်အရ ငမိုး ထွက်ချက်အတိုင်း ဘောက် စီရင်ဖူးသည် မစီရင်ဖူးသည်၊ စီရင်ဖူးလျှင် မည်သို့ ပြီးပြတ်သည်များ အမြန်မေးမြန်း၍ ထွက်ချက်နှင့်တကွ အမြန်လျှောက်ထားရမည့် အကြောင်း။

၁၈၈၃ ခု၊ အောက်တိုဘာလ ၃ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်နေ ငမြတ်သာထွန်း ဆိုသူသည် လူကို သတ်ဖြတ်ထွက်ပြေး၍ ထောက်လှမ်းရာ ကျောက်တိုင်မြောက်ဘက် မြေထဲမြို့၊ ညောင်ကြီးရွာတွင် ခိုဝင်ရှိနေသည် သိရကြောင်း။ ငမြတ်သာထွန်း ပြုမှုသည်ကို သိမြင်သူ သက်သေတို့ မြေထဲမြို့ အရေးပိုင်မင်းရှေ့ ထွက်ချက်ကို ပို့လိုက်ကြောင်း၊ ၎င်း ထွက်ချက်အရ ရာဇဝတ်မှုပြစ် မကင်းသူဖြစ်၍ ထိုက်သက်ရာ စစ်မေးစီရင်ရန် ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့်အကြောင်း။

၁၈၈၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၂]။

သက်သေ ငဘိုးလှ မေးချက်။

(က) ကျွန်တော်နှင့် ငမြတ်သာထွန်းတို့ တူဝရီး တော်စပ်ပါသည်။ ငမြတ်သာထွန်းနှင့် မယား မိတာ၊ ယောက္ခမ မိနီတို့လည်း မကြာမကြာ ခိုက်ရန်ဖြစ်ပွား မသင့်မတင့်ရှိသည်။ ၎င်းနှစ် ဝါခေါင်လ အတွင်း ရက်ကို သတိမရ၊ မိတာက ဦးရီး ဦးရီး ခေါ်သောကြောင့် သွားရာ မိတာ လည်ပင်း၊ မိနီ ပခုံးများတွင် ဓားထိုးရာနှင့်

၁။ ၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် ဖြစ်မည်။ ၂။ ၁၂၄၅ ခု၊ တော်သလင်းလဆန်း ၇ ရက် ဖြစ်မည်။

လူးလဲနေသည်ကို မြင်ပါသည်။ တောင်မြောက် ကြည့်ရှုရာ သွေးစီး သွေးကြောင်းနှင့် ဓားကို တွေ့မြင်ပါသည်။

၁၈၈၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့[၁]။

ငရွှေစာ မေးချက်။

(ခ) ကျွန်တော်နှင့် မိတာ တူဝရီးတော်စပ်ပါသည်။ ၎င်းနှစ် ဝါခေါင်လအတွင်း ရက်ကို သတိမရ၊ မယားနှင့် ယောက္ခမတို့ကို ငမြတ်သာထွန်း ဓားနှင့်ထိုးသွားကြောင်း ပြောဆို ဝန်းဝိုင်း ကြည့်ရှုကြ၍ သွားရောက်ရာ မိတာ၊ မိနီတို့က ငမြတ်သာထွန်း ဓားနှင့်ထိုးသွားသည် ပြောဆို ကြားသိပါသည်။

၁၈၈၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

မိလွန်းပုံ မေးချက်။

(ဂ) မြန်မာနိုင်ငံဘက် တာလဘီရွာတွင် ငမြတ်သာထွန်း ဦးရီးတော်သူ ငတရုတ်ကြီးနှင့် တွေ့၍မေးရာ မြန်မာနိုင်ငံဘက် လက်ခုတ်ပင် ရွာတွင် ငမြတ်သာထွန်း ရှိသည် ပြောဆို ကြားသိပါသည်။

၁၈၈၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

ငမြတ်သာထွန်း မယား မိတာ မေးချက်။

(ဃ) ၎င်းနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့၊ လင် ငမြတ်သာထွန်းနှင့် ခိုက်ရန်ဖြစ်ပြီးနောက် ရက်ကန်းရက်၍ နေသည့်အတွင်း ငမြတ်သာထွန်း ဓားနှင့်ထိုး၍ လူမှန်းမသိ နေပါသည်။

၁၈၈၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

ငမြတ်သာထွန်း ယောက္ခမ မိနီ မေးချက်။

(င) ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့ သမက်နှင့် သမီးတို့ ခိုက်ရန်ဖြစ်ပြီးနောက် ရက်ကန်းစင်တွင် သမီးကို ငမြတ်သာထွန်း ဓားနှင့်ထိုးသောကြောင့် သွားရောက်ကာလ ကျွန်တော်မကိုလည်း ဓားနှင့် ထိုးပြန်ရာ ပခုံးတွင် ထိုးမိပါသည်။

၁၈၈၃ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့။

၁၂၄၅ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၅ ခု၊ ဝါခေါင်လဆန်း ၆ ရက် နေ့စွဲနှင့် ပေးပို့သည့် မိတုတ် အကြောင်းအရာ စာကို ရကြောင်း၊ မိတုတ်ကို ဖမ်းဆီးရာ သိမြင်သူ သက်သေတို့ မေးမြန်း ထွက်ဆိုချက်ကို ပို့လိုက်ကြောင်း၊ ၎င်းထွက်ချက်တွင် ဖမ်းဆီးရာ အရပ်သည် အင်္ဂလိပ်မင်းပိုင် နယ်အတွင်း ဖြစ်သည် ထင်ရှားကြောင်း၊ ဖမ်းဆီးသူတို့အနက် ဘိုးမှာ ကျောက်တိုင်မြောက်ဘက် ကျီးမြီးရွာတွင်၊ ငအောင်၊ ငရွှေကံတို့မှာ တိုင်တားမြို့တွင် နေထိုင်သည် ကြားသိရ၍ ၎င်းတို့ကို ထိုက်သက်ရာ ရာဇဝတ်မင်းဒဏ် စီရင်လိမ့်မည် ယုံကြည်ကြောင်း၊ မည်သို့ ပြစ်ဒဏ်စီရင်သည်ကိုလည်း စာပြန်မည့်အကြောင်း။

၁၈၈၃ ခု၊ မေလ ၂၂ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့[၃]။

မင်းတုန်းမြို့ရုံးတွင် မိတုတ် မေးချက်။

(က) ကျွန်တော်မ အဘ ငလှော်၊ ချင်းလူမျိုး၊ ၎င်းနှစ်အတွင်း ရက်ကို သတိမရ၊ ကျွန်တော်မ ခဲအိုနှင့် ကျွန်တော်မတို့ လင်ငရွှေသင်ရှိရာ နယ်ခြားကင်းသို့သွားရာ လမ်းခရီးတွင် မောင်သာဇ၊ မောင်ရွှေကံ၊

---

၁။ ၇ ရက် ဖြစ်မည်။ ၂။ ၃ ရက် ဖြစ်မည်။ ၃။ ၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၂ ရက် ဖြစ်မည်။

မောင်ရွှေသိုင်း၊ မောင်ဘိုး၊ မောင်ဆောင်၊ မိထီးတို့ ဓားလှံ စွဲကိုင်၍ ကျွန်တော်မတို့ကို ဖမ်းဆီး။ တိုင်တားမြို့တွင် ၂ ညချုပ်ထား၊ နောက် မဘဲမြို့ဝန်ထံ ပို့အပ်၊ အချုပ်က လွတ်ငြိမ်း ပြန်လာရကြောင်း။ ဖမ်းဆီးကာလ မောင်ရွှေသင် ဘမိတို့ မြို့သူကြီး ငွေ ၈ဝိ ကို ချေးယူမှုနှင့် မြို့သူကြီး ဆင့်ချက်အရ ဖမ်းဆီးရကြောင်းနှင့် ငဘိုးက ပြောဆို၊ ငရွှေသိုင်းကလည်း ကျွန်တော်မတို့ကို ကျောက်တိုင်တောင်ဘက်တွင် ဖမ်းဆီးသည် မပြောရန် နှုတ်ပိတ် ပြောဆိုကြကြောင်း။ ကျွန်တော်မ ကျောက်တိုင်မြောက်ဘက် မွေးဖွားရင်း၊ ၅ နှစ် ရှယ်က မင်းတပ်မြို့ မီပေါက်ရွာသို့ ပြောင်းရွှေ့နေထိုင်၊ အိမ်ထောင်သင့်မြတ်နောက် ဘမိတို့ရှိရာ ကျီးမြီးရွာသို့ ပြန်လာနေထိုင်၊ ဖမ်းဆီးမခံရမီ တစ်ရက်ကပင် ကျောက်တိုင်တောင်ဘက်သို့ ရွှေ့ပြောင်းနေထိုင်ပါကြောင်း။

၁၈၈၃ ခု၊ မေလ ၂၂ ရက်နေ့။

၁၂၄၅ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့[၁]။

မင်းတုန်းမြို့အုပ်ရေး ငရွှေညွှင်း မေးချက်။

(ခ) ကျွန်တော် အဘအမည် ငဘိုးလွင်၊ မြို့အုပ်မင်း ဆင့်ချက်အရ ရပ်ရွာလူကြီးတို့နှင့်အတူ မိတုတ်ကို ဖမ်းဆီးရာ ရပ်ကွက်ကို သွားရောက်ကြည့်ရှုရာ ကျောက်တိုင် တောင်ဘက် ဖြစ်ပါသည်။ သမ္ဘာရကိုင်း ကျောက်တိုင်နှင့် လူးကြော့ ကျောက်တိုင်လည်း အရှေ့အနောက် အတည့်တန်းပါသည်။ ဖမ်းဆီးရာ အရပ်မှာ ၎င်းကျောက်တိုင် ၂ က တောင်သို့ အတည့်တန်း မြန်မာတိုင် ၈ ပုံ ၁ ပုံ ကွာပါသည်။

၁၈၈၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့။

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ဝန်ရှင်တော်မင်းကြီးက ကျောက်တိုင်တောင်ဘက် မြို့လှမြို့နယ် ဆင်သေကလေး တောအရပ်တွင် လက်နက်လူသူ စုရုံးရှိသည် ကြားသိရကြောင်းနှင့် ပေးပို့သည့် ၁၂၄၅ ခု၊ ပြာသိုလဆန်း ၇ ရက် နေ့စွဲပါ စာအရ တောင်ငူမြို့ ရာဇဝတ် အရေးပိုင်ကို ဆင့်ဆို၊ ကင်းဝန်ကင်းပတ် လှည့်လည်ထောက်လှမ်း ကြည့်ရှုစေရာ လက်နက်လူသူ အစုအရုံး မတွေ့မရှိကြောင်း။ တောင်ငူ၊ ရမည်းသင်း ၂ မြို့ဝန် ပေးစာပါ ဆိုးသွမ်းဖူးသူ ၂ ကိုသာ တွေ့၍ ဖမ်းဆီးခဲ့ပြီးလျှင် ခံဝန်သူနှင့် ထားကြောင်းများနှင့် လျှောက်ထားရှိကြောင်း။ လင်းပင်မင်းသားဆိုသူ အရေးပိုင်မင်းကို မတိုင်မကြား ထွက်သွားရှိကြောင်းကို ဝန်ရှင်တော်မင်းကြီးထံ ကြေးနန်းရိုက်ပြီးနောက် မကြာမီ ရောက်လာ၍မေးရာ၊ အရှေ့ကရင်အကြီး စောလဘော်ထံ အလည်အပတ် သွားသည် ပြောဆိုကြောင်း။ ဝန်ရှင်တော်မင်းကြီး ပေးစာအရ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့နယ်ရှင် အကြီးအအုပ်တို့ကို နယ်မြေအတွင်း လက်နက်လူသူ အစုအရုံး မရှိစေရ၊ နိုင်နင်းအောင် စောင့်ရှောက်ရမည် ဆင့်ဆိုရှိကြောင်း။

၁၈၈၄ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့။

၁၂၄၅ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ အရေးပိုင်မင်းက အထက်ပေးစာပါ ငနီနော ဆိုသူသည် မင်းတပ်မြို့ စီရင်စု၊ စက်စက်ရိုရွာ ငမြတ်သင်း အိမ်တွင် နေထိုင်ရှိသည် ထောက်လှမ်းသိသာရှိ၍ ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပေးအပ်မည့်အကြောင်း။

၁၈၈၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့။

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ သရက်မြို့ အရေးပိုင်တောက်က ဖမ်းဆီးရမိသူ ဓားပြ ၄ တို့ကို စစ်မေးရာ နိုင်ငံတော် မလွန်မြို့အနီး

၁။ ၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၂ ရက် ဖြစ်မည်။ ၂။ ၅ ရက် ဖြစ်မည်။ ၃။ ၃ ရက် ဖြစ်မည်။ ၄။ ၅ ရက် ဖြစ်မည်။

ရွာငယ်ကျောင်းတွင် တိုက်ခိုက်ရာ ငွေ ၅၀ဝိ ကျော်တန် ရရှိကြောင်းနှင့် ထွက်ဆိုကြောင်း။ ဓားပြ ၄ တို့အနက် ငမှတ်၊ ငပိုတို့မှာ မြန်မာ ကျွန်တော်မျိုး၊ ကျန်လူ ၂ မှာ အင်္ဂလိပ် ကျွန်တော်မျိုး ဖြစ်သည့်အတိုင်း မြန်မာ ကျွန်တော်မျိုးတို့ကို အလိုရှိ၍ စာပေးတောင်းဆိုလျှင် ပေးအပ်စေမည့်အကြောင်း၊ ၎င်းတို့ တိုက်ခိုက်ကြောင်း သိသူ သက်သေတို့ကိုလည်း ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၈၈၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့။

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက် ကျောက်ကလပ် တောအရပ်တွင် ပျာတာ အမှုထမ်းတို့ စွဲကိုင်သည့် သေနတ်များကို ဓားပြ သောကတိုး၊ ငမဲ့တို့ လုယူထွက်ပြေး၊ ကျောက်တိုင်မြောက်ဘက် ကွေးကြောရွာတွင် ခိုဝင်ရှိနေသည် ကြားသိ၍ အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူးထံ သရက်မြို့ အရေးပိုင်က စာပေးပို့ တောင်းဆိုရာ၊ ၎င်းတို့အနက် သောကတိုးမှာ ဖမ်းဆီးရမိ ချုပ်ထားကြောင်း၊ ငမဲ့မှာ ထောက်လှမ်းဆဲ ရှိကြောင်းနှင့် ပြန်စာရရှိ ကြားသိရသည့်အတိုင်း ချုပ်ထားသူကို ပေးအပ်နှင့်မည့် အကြောင်း။

၁၈၈၄ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့။

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ကျောက်တိုင်တောင်ဘက် ညောင်ပင်အင်းရွာနေ ဘိုးမြသည် ပြည်မြို့ အုပ်ရှစ်ကုန်းရွာပွဲတွင် ငမင်းတိုင်ဆိုသူကို သတ်ဖြတ်ထွက်ပြေး၊ နိုင်ငံတော် မင်းလှမြို့ထောင်တွင် အကျဉ်းချထား ရှိသည် ကြားသိရ၍ စီရင်သာအောင် သရက်မြို့ အရေးပိုင်သို့ ပေးအပ်မည့်အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ (ကြေးနန်း)။

၁၁။ ။ ဗန်းမော်မြို့ မြောက်မျက်နှာ၊ တောင်မျက်နှာများက ကချင်တို့ အင်အားကြီးမား တိုက်ခိုက်ရှိ၍ အမေရိကန် သီလသည်တို့ မနေမထိုင်ဝံ့ ထွက်သွားရကြောင်း၊ အင်္ဂလိပ် ကျွန်တော်မျိုးတို့မှာလည်း ကြောက်ရွံ့၍ မြို့တွင်းက ပစ္စည်းများကို ထုတ်ယူမည်ရှိရာ အစိုးရတို့က တားမြစ်ရှိကြောင်း ကြားသိရ၍ အမေရိကန် သီလသည်တို့ အကြောင်းကို စာပြန်ကြားမည့်အကြောင်း။ အင်္ဂလိပ် ကျွန်တော်မျိုးတို့ ကုန်ပစ္စည်းများကိုလည်း ထုတ်ယူနိုင်အောင် ဆင့်ဆိုမည့်အကြောင်း။

၁၈၈၄ ခု၊ မတ်လ ၂၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၂။ ။ ကျောက်တိုင်တောင်ဘက် ညောင်ပင်အင်းရွာနေ ဘိုးမြက ငမင်းတိုင် ဆိုသူကို သတ်ဖြတ်သည့်အရာ သိမြင်သူ သက်သေတို့ကို လက်ဝဲဝင်းတော်မှူးထံ စေလွှတ်မည့် အကြောင်းနှင့် ၁၂၄၅ ခု၊ တပေါင်းလဆန်း ၃ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာအရ သက်သေတို့ကို ဆင့်ဆို စေလွှတ်မည့်အကြောင်း၊ သက်သေတို့နှင့် စုံညီမေးမြန်း မှုပြစ်ထင်ရှားလျှင် ဘိုးမြကို ဆင့်ဆိုပေးအပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၈၈၄ ခု၊ မတ်လ ၂၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ ပျာတာ အမှုထမ်းတို့ စွဲကိုင်သည့် သေနတ်များကို သောကတိုး လုယူသည့်အရာ သိမြင်သူ သက်သေတို့ကို လက်ဝဲဝင်းတော်မှူးထံ စေလွှတ်စေမည့် အကြောင်းနှင့် ၁၂၄၅ ခု၊ တပေါင်းလဆန်း ၃ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာအရ သက်သေတို့ကို စေလွှတ်စေရန် ပြည်အရေးပိုင်သို့ ဆင့်ဆိုရှိကြောင်း။ သက်သေတို့နှင့် တိုက်ဆိုင်စစ်မေး၍ မှုပြစ်ထင်ရှားလျှင် သရက်မြို့ အရေးပိုင်သို့ ပေးအပ်အောင် ဆင့်ဆိုလိမ့်မည် ယုံကြည်ကြောင်း။

---

၁။ ၅ ရက် ဖြစ်မည်။ ၂။ ၉ ရက် ဖြစ်မည်။ ၃။ ၁၄ မတ် ၁၈၈၄

၁၈၈၄ ခု၊ မတ်လ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၄။ ။ ၁၂၃၈ ခုနှစ် အတွင်းက မောင်ဆွဲ အကြောင်းအရာနှင့် ပထမအကြိမ် ပေးစာအရ မောင်ဆွဲကို ရွှေဘွားတော် အောက်သို့ ခေါ်ထားကြောင်း၊ နောက် မောင်ဆွဲသည် နယ်စပ်တွင် နေပြန်၍ ၁၂၄၁ ခုနှစ်က ပေးစာအရ ရွှေမြို့တော်သို့ ပြန်လာစေရမည် ဆင့်ခေါ်မှာထားရှိကြောင်းများနှင့် မြို့တော်ရှိ အရေးပိုင်ထံ ပြန်စာလက်ခံများကို ပို့လိုက်ကြောင်း။ ၎င်းသူ့အကြောင်းနှင့် ၁၂၄၃ ခုနှစ်အတွင်းက ပေးစာအရ ဘမိတို့ မကျန်းမမာသည်နှင့် ခေတ္တ ပြန်သွားစေကြောင်းနှင့် ပြန်ပေးစာကိုလည်း ရရှိကြောင်း။ မောင်ဆွဲ အကြောင်းအရာနှင့် ဧရာဝတီ ခရိုင်အုပ် အရေးပိုင်က [အောက်ပါ (က) မှတ်အတိုင်း] စာပို့ရောက်ရှိ၍ ဓားပြတိုက်မှုတွင် မောင်ဆွဲ ပါဝင်ကြောင်း သက်သေထွက်ချက်များကို ပို့ရမည် ၎င်းအရေးပိုင် ဆင့်ဆိုရှိကြောင်း၊ ၎င်းအရေးပိုင်က ရောက်ရင်း စာလက်ခံကို ပို့လိုက်ကြောင်း။

၁၈၈၄ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

ဧရာဝတီခရိုင်အုပ် အရေးပိုင်က ရန်ကုန်မြို့ အရေးပိုင်မင်းကြီးထံ လျှောက်စာလက်ခံ။

[က]။ ။ လွန်ခဲ့သည့်လအတွင်း ဓားပြတိုက်မှုမှာ အစောင့်အရှောက် ပေါ့လျော့၍ဖြစ်သည် မဆိုသင့်ကြောင်း။ လူဆိုးလူသွမ်းတို့နှင့် အစဉ် တိုက်ခိုက်လေ့ရှိသည့် အမည်ထင်ရှားသူ မောင်ဆွဲသည် ဧရာဝတီမြစ် အနောက်ဘက် ဓားပြ ၅ ကြိမ် တိုက်သည်တွင် အနည်းဆုံး ၃ ကြိမ် ပါဝင်သည် သဘောရကြောင်း။ ၁၈၅၈ ခု- ၅၉ ခုနှစ်များ အတွင်းက မောင်ဆွဲသည် တိုက်ခိုက်မှုအများတွင် ပါဝင်ပြုလုပ်ရှိ၍ မောင်ဆွဲကို ရွှေ့ပြောင်းပါအောင် နတ်ပြည်စံ မင်းတရားကြီးထံ တင်ဆက်ရကြောင်း။ မောင်ဆွဲကို ရွှေမြို့တော်တွင် နေထိုင်စေသော်လည်း မကြာမကြာ ပြန်လာ၊ သရက်မြို့ အနောက်ဘက် အကြိမ်ကြိမ် ဓားပြတိုက်မှုတွင် ဧကန်ပါဝင်သည့် အမှုတွဲများ ရှိကြောင်း၊ မောင်ဆွဲ မလာမရောက်ဘဲ တစ်နှစ်ကျော် နှစ်နှစ်ခန့် ရှိနေနောက်၊ လာရောက်နှောင့်ယှက်ရှိပြန်၍ ၁၈၈၃ ခုနှစ်အတွင်းက စာပေးရကြောင်း။ မောင်ဆွဲသည် အမိန့်တော်ကို လွန်ဆန်၍ ရွှေမြို့တော်သို့ မပြန်၊ လူဆိုးလူသွမ်းတို့ကို စုဆောင်း၍ ရှေးကထက် ဆိုးသွမ်းပြုလုပ်သည် အခိုင်အမာ ကြားသိရကြောင်း။ ကာမမြို့တွင် ၂ ကြိမ် တိုက်မှု၊ ဓားကောက်ရွာ၊ ဂူဖြူရွာများတွင် တိုက်ခိုက်မှုများ၌ မောင်ဆွဲ ပါဝင်၊ ဂူဖြူ ရွာသူကြီးက ပစ်ခတ်ထိခိုက်၍ မောင်ဆွဲလူ ၁ မှာ မောင်ဆွဲအိမ်တွင် ကုမ ရှိကြောင်း။

၁၈၈၄ ခု၊ ဧပြီလ ၁၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၅။ ။ ဗန်းမော်မြို့ အညာမြစ်စဉ် မြို့ရွာများတွင် ငြိမ်ဝပ်သာယာကြောင်း၊ ရေကြောင်းကိစ္စရှိလျှင် ဗန်းမော်မြို့တွင်းနေ အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို မြို့တွင်းမှ အထွက်အသွား မရှိရအောင် အစိုးရတို့က တားမြစ်မရှိရန် ဆင့်ဆိုရှိကြောင်းနှင့် ၁၂၄၅ ခု၊ တပေါင်းလဆုတ် ၆ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီးက ပြန်ပေးစာကို ရ၍ အရေးပိုင်မင်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြောင်း။

---

## ၃၈၈ မှတ် ပုရပိုက်ထွက်။

၁၈၈၄ ခု၊ မတ်လ ၁၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ အင်္ဂလိပ် အစိုးရမင်းတို့ အခွန်ငွေများကို ယူငင်ထွက်သွားသူ သူကြီး ငစော၊ ငပိုင်းတို့ ပုံသဏ္ဌာန်များကို သိရန် ထပ်မံ စာပေးမည့်အကြောင်းနှင့် ၁၂၄၅ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာကို ရကြောင်း။ ၎င်းတို့နှင့်စပ်၍ လွန်ခဲ့သည့် နိုဝင်ဘာလ ၂၈ ရက် နေ့စွဲနှင့် ပေးစာကို ပြန်လှန်ကြည့်ရှု၍ နေ့ရက်မကြာ စာပြန်မည့်အကြောင်း။

၁၈၈၄ ခု၊ မေလ ၁၆ ရက်နေ့။

၁၂၄၆ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၆ ခု၊ ကဆုန်လဆန်း ၇ ရက် နေ့စွဲပါ စာနှင့်တကွ ပေးပို့သည့် ၁၂၄၆ ခုနှစ် အဖို့ ကောက်ခံပုံ ဥပဒေ ကုန်နှုန်းများကို ရကြောင်း။

၁၈၈၄ ခု၊ ဧပြီလ ၃၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ၁၈၈၃ ခုနှစ်အတွင်းက တောင်ငူမြို့ စီရင်စု မြို့လှမြို့ သစ်တောတွင် ဇန္တာဝတ်၊ မက္ကရီကာတို့ပိုင် အဖိုး ၁၅၀ဝ တန် မိသော့ခေါ် ဆင်မ ပျောက်ဆုံးရှိ၍ တောင်ငူနယ်ကျန် အစိုးရ မြင်းစုကြီးဝန်ထံ တောင်ငူ အရေးပိုင်က စာပေးရာ၊ လွှတ်တော် ဆင့်ဆိုချက်အရ ထောက်လှမ်းဆဲရှိကြောင်းနှင့် စာပြန်သည့်နောက်၊ ဇန္တာဝတ်တို့က သစ်ခေါင်း ငလိုကို ထောက်လှမ်းစေရာ ရွှေမြို့တော်ရှိ တောင်ငူနယ်ကျန် အစိုးရ မြင်းစုကြီးဝန် သား ရဲညွန့်မင်္ဂလာမြင်းဝန်ထံ တွေ့ရှိ၍ တိုင်တားမင်းကြီးထံလျှောက်ရာ ပြန်ပေးရမည် ဆင့်ဆိုသည့်အရ မပေး မရသည်သာမက၊ ရှောင်တခင် ဆင် သေဆုံးကြောင်းကို ရွှေမြို့တော်ရှိ ဇန္တာဝတ်တို့ ကိုယ်စားလှယ်ထံ သတင်းပေးသည်နှင့် သွားရောက်ကြည့်ရှုစေရာ အစွယ်နှင့်အသားများကို ပြသရှိကြောင်းနှင့် လျှောက်ထားရှိ၍ သည်ကဲ့သို့ ပြုလုပ်သည့်အရာ ယုတ္တိမရှိသောကြောင့် ဆင်ကိုဖြစ်စေ၊ ဆင်ဖိုးငွေ၊ စရိတ်ငွေများကို ဖြစ်စေ ရရှိအောင် စစ်မေးစီရင် ပြုလုပ်မည့်အကြောင်း။ သက်သေတို့ ထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၂]။

တောင်ငူမြို့ရုံးတွင် သစ်ခေါင်းငလို မေးချက်။

(က) မြို့လှမြို့ သစ်တောစားကျက်တွင် မိသော့ခေါ် ဆင်မ ပျောက်၍ ထောက်လှမ်းကာလ၊ ရွှေမြို့တော် ရဲညွန့်မင်္ဂလာ မြင်းဝန်ဝင်းတွင် ရှိသည် သတင်းအရ သွားရောက်ကြည့်ရှု၊ တွေ့ရှိသည်နှင့် တိုင်တား မြို့စားမင်းကြီးထံ လျှောက်ထားရာ၊ မေးမြန်းကာလ အဘ မြင်းစုကြီးဝန်က အဖိုး ၉၅၀ဝ နှင့် ဝယ်ယူ ပေးအပ်လိုက်၍ ၎င်းအကြောင်းကို ရက်ပေါင်း ၂၀ နှင့် အဘ မြင်းစုကြီးဝန်ထံ မေးမြန်း လျှောက်ထားပါမည် ခံဝန်၊ နောက် ခံဝန်နေ့ရက်မှစေ၍ မေးမြန်းလျှင် မည်သို့ စာမရသေးကြောင်း၊ ဆင်ကို အပ်ရလျှင် ဆင်ယူခဲ့ရာ ကျကုန်စရိတ် ၃၂၀ဝ ကို တောင်းယူရန်ရှိကြောင်းနှင့် ပြောဆိုပြန်၍ တိုင်တား မြို့စားမင်းကြီးထံ စုံညီလျှောက်ထားရာ၊ စရိတ် ၃၀ဝဝ ပေးလျှင် ဆင်ဝန်ထောက်က ဆင်ကို အပ်လိုက်ရမည် ဆင့်ဆိုသည့်အ‌ အပ်ပါမည် ပြောဆိုကြောင်း။ ကျွန်တော်မှာ ရန်ကုန်သို့ ပြန်လာ ဆိုက် ရောက်၍ ၂ ရက်ခန့်ရှိ နောက်၊ ဆင်မ မကျန်းမမာသည်ကြား၍ ကိုယ်စားလှယ် ဆာဒလင်က ငနှစ်ကို သွားရောက်ကြည့်ရှုစေရာ ဆင် သေကြောင်း၊ အစွယ် အသားများကို ပြသရှိကြောင်းများနှင့် ကြားသိရကြောင်း။ ဆင်လိုက်စရိတ် ကျွန်တော်က ကုန်ရငွေ ၆၅၀ဝ၊ ဆာဒလင်က ကုန်ရငွေ ၇၀ဝဝ များကိုသာ ရအောင် စာပေးပါမည့် အကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့[၂]။

ငနှစ် မေးချက်။

(ခ) တောင်ငူမြို့ မြို့လှမြို့ သစ်တောစားကျက်တွင် ပျောက်သည့် မိသော့ခေါ် ဆင်မ ဇန္တာဝတ်တို့ပိုင် ဆင်ဖြစ်ကြောင်း သိပါသည်။ ဆင်မကို ဆင်ဝန်ထောက်သို့ ပေးအပ်နောက် မကျန်းမမာရှိသည် ကြားသိသည် သွားရောက်ကြည့်ရှုရမည် ဇန္တာဝတ်က စေလွှတ်၍ ဆင်ထားရာ ဆင်ရွာသို့ သွားရောက် ကြည့်ရှုရာ၊

---

၁။ ၇ ရက် ဖြစ်မည်။ ၂။ ၂၆ ဇွန် ၁၈၈၃

ဆင်သေကြောင်း ပြောဆို၍ အစွယ်နှင့် အသားကို ပြသကြောင်း၊ ဆင်ကောင်ကို ကြည့်ရှုပါရစေ ပြောရာလည်း မကြည့်ရှုရပါ၊ ကျွန်တော်တို့ ဆင်မှာ အစွယ်မရှိ၍ မဟုတ်ကြောင်း ထင်ရှားပါသည်။

**၁၈၈၄ ခု၊ ဇွန်လ ၅ ရက်နေ့။**

**၁၂၄၆ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ပုသိမ်မြို့က ထွက်ပြေးသူ သူကြီး ငစော၊ ငဝိုင်းတို့ အကြောင်းနှင့် ၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် ၎င်းသူကြီးတို့ အကြောင်းနှင့် အရေးပိုင်မင်းက ပေးသည့် ၁၈၈၃ ခု၊ နိုဝင်ဘာလ ၂၈ ရက် နေ့စွဲပါ စာကို မရကြောင်းပါရှိ၍ ၎င်းစာလက်ခံကို ပူးတွဲပို့လိုက်ကြောင်း။

**၁၈၈၃ ခု၊ နိုဝင်ဘာလ ၂၈ ရက်နေ့။**

**၁၂၄၅ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့[၁]။**

ရန်ကုန်မြို့ အရေးပိုင်က [အထက်ပေးစာ လက်ခံ။]

၅။ ။ လွန်ခဲ့သည့် ဇူလိုင်လ ၁၇ ရက် နေ့စွဲနှင့် စာပေးပို့ပြီးနောက် ငစော၊ ငဝိုင်းတို့ အကြောင်းအရာ ထောက်လှမ်းသိသာသမျှ အချက်များနှင့် စာပေးပို့ကြောင်း။ ငစောမှာ အရပ်အမြင့် ၅ ပေ ၃ လက်မ၊ အသက် ၂၈၊ အဘ ငသိန်း၊ ရွှေမြို့တော် ဂုန္တာန်လမ်း ကိုတက်ဝင်းအတွင်း နေထိုင်။ ငဝိုင်းမှာ အရပ်အမြင့် ၅ ပေ ၁ လက်မ၊ အသက် ၃၀ အရွယ်၊ အဘ ငရွှေမှုန်၊ ရွှေမြို့တော် ပန်းတိုင်လမ်းတွင် နေထိုင်ကြောင်း။ ၎င်းတို့ကို ဖမ်းဆီးနိုင်အောင် စာပေးရှိသည့်အတိုင်း မြန်မာအစိုးရမင်းတို့ကလည်း အင်္ဂလိပ် အစိုးရမင်းတို့နှင့် ထပ်တူ သဘောထား၍ ဖမ်းဆီးပေးအပ်မည့်အကြောင်း၊ ၎င်းတို့ ပြုမူသည့်အရာ သိသူတို့ကို အလိုရှိလျှင်လည်း စေလွှတ်မည့်အကြောင်း။

**၁၈၈၄ ခု၊ ဇွန်လ ၁၇ ရက်နေ့။**

**၁၂၄၆ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၂]။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ နိုင်ငံတော် နယ်မြေနှင့် မဏိပူရနယ်မြေ ၂ နယ်ခြား အမှတ်အသား အကြောင်းအရာနှင့် ၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာကိုရရှိ၍ ၎င်းစာ၊ မဏိပူရနယ် ပုံစံများကို အိန္ဒိယ အစိုးရမင်းတို့ထံ တင်ပို့ရာ အိန္ဒိယ အစိုးရတို့က [ဝန်ရှင်တော်မင်းကြီး ပေးစာပါ သဘောမတူနိုင်ဆိုသည့် ၂ နယ်ခြား အမှတ်အသားမှာ၊ ၎င်းအမှတ်အသားကို မှတ်သားစေမည်ရှိရာ မြန်မာအစိုးရတို့က သင့်ရာ အရာရှိကို စေလွှတ်မည့်အကြောင်းနှင့် ၂ ကြိမ်တိုင် စာပေးပို့၊ မစေမလွှတ် ရှိသောကြောင့် စေလွှတ်သည့် အင်္ဂလိပ်အရာရှိတို့ သတ်မှတ်သည့် အရာဖြစ်ကြောင်း။ ၎င်းအတိုင်းကိုလည်း မြန်မာအစိုးရမင်းတို့က အလေးအနာ ပြုလိမ့်မည်ကို ယုံကြည်ကြောင်းနှင့် စာပေးတိုင်ကြား ပြောဆိုဖူးကြောင်း။ တစ်ကြောင်းလည်း ၁၈၈၁ ခုနှစ်က လာရောက်သည့် မြန်မာသံတော်ကြီးသို့လည်း ၎င်း ၂ နယ်ခြား စကားနှင့်စပ်၍ ထပ်မံပြောဆိုနိုင်ခွင့် မရှိကြောင်း၊ ၂ နယ်ခြား အမှတ်အသားကို ထပ်မံသစ်လင်း ပြုပြင်နိုင်ခွင့် မရှိသည့်အတိုင်း အဖျက်အဆီး အရွှေ့အပြောင်း မရှိရအောင် အင်္ဂလိပ် အစိုးရမင်းတို့က စောင့်ရှောက်လိမ့်မည် အမှန်ဖြစ်ကြောင်းနှင့် ပြန်ပြောလိုက်ပြီး ဖြစ်ကြောင်း။ ၎င်း ၂ နယ်ခြား အမှတ်အသား ပြုလုပ်သည့်အရာသည် အင်္ဂလိပ်အစိုးရမင်းတို့ သဘောတူ ပြဋ္ဌာန်း အခိုင်အခံ့ သတ်မှတ်ပိုင်းခြား ပြုလုပ်သည့် အရာဖြစ်၍ မြန်မာအစိုးရမင်းတို့က ရွှေ့ပြောင်းဖျက်ဆီး မပြုမလုပ်မိ ပြန်လှန်စဉ်းစားလိမ့်မည် အိန္ဒိယဘုရင်ခံမင်း မြော်ခေါ်တောင့်တရှိကြောင်း] များနှင့် မြန်မာအစိုးရမင်းတို့ထံ စာပေးရမည် ဆင့်ဆိုရှိကြောင်း။ ၎င်း ၂ နယ်ခြား အမှတ်အသားကို မြန်မာအစိုးရတို့က ရွှေ့ပြောင်းဖျက်ဆီးခြင်း တစ်စုံတစ်ရာ ပြုလုပ်လျှင် အလွန်ကြီးကျယ်စွာ အမှုဖြစ်ပွားရန် ရှိကြောင်း။

---

**၁။ ၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ဖြစ်မည်။ ၂။ ၉ ရက် ဖြစ်မည်။**

၁၈၈၄ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့။

၁၂၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ရန်ကုန်မြို့ရှိ မြန်မာ စာရေးတော်ကြီးကို ဟေဗဝတ် အမွေခံ မယားသားသမီး ကိုယ်စားလှယ်တို့ထံရရန် ပတ္တမြားကျောက်တော်မှုတွင် မြန်မာမင်းမြတ် ကိုယ်စားလှယ်တော်ဖြစ်ကြောင်း ထင်ရှားအောင် ကြော်ငြာစေလိုကြောင်းနှင့် ၁၂၄၆ ခု၊ နယုန်လဆန်း ၈ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာအရ ကြော်ငြာသည့် စာလက်ခံနှင့်တကွ ပို့လိုက်ကြောင်း။

ကြော်ငြာစာ လက်ခံ။

(က) မြန်မာ နေထွက်ဘုရင်မင်းမြတ်က ရန်ကုန်မြို့ရှိ မြန်မာစာရေးတော်ကြီးကို ဟေဗဝတ် အမွေခံ ကိုယ်စားလှယ်တို့ထံ ရရန် ပတ္တမြား ကျောက်တော်မှုတွင် ပြောဆိုနိုင်စေရန် ကိုယ်စားလှယ်တော် အဖြစ် အလိုတော်မြတ် ရှိသည့်အတိုင်း တရားရုံးဥပဒေ ၄၃၂ အရ စာရေးတော်ကြီးကို ဟေဗဝတ် အမွေခံ၊ ကိုယ်စားလှယ်တို့နှင့် ဆိုင်ပြိုင်ပြောဆိုနိုင်ခွင့်ကို လွှဲအပ်ကြောင်းကို ရန်ကုန်မြို့ အရေးပိုင်မင်းကြီးက မေလ ၃၀ ရက်နေ့ ကြော်ငြာကြောင်း။

၁၈၈၄ ခု၊ ဇူလိုင်လ ၁၇ ရက်နေ့။

၁၂၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ ၁၈၈၄ ခုနှစ်အတွင်း ကောက်ခံရန် ကုန်ဖိုးဈေးနှုန်း စာရင်းစာအုပ်ကို တစ်နှစ်တစ်ကြိမ် ပို့မြဲပို့လိုက်ကြောင်း။

၁၈၈၄ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့။

၁၂၄၆ ခု၊ ဝါခေါင်လဆန်း ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ငစော၊ ငပိုင်းတို့ အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာတွင် မဟာမိတ်လက္ခဏာနှင့် ပီညီစွာ အားထုတ်လိုသည့်အရာ ထင်ရှား၍ အထူးကျေးဇူးတင်ကြောင်း။ ငစော၊ ငပိုင်းတို့ကို သိသူတို့ကို စေလွှတ်ရမည်၊ ငစော၊ ငပိုင်းတို့ကို ဖမ်းဆီးရမိ၍ ဝန်ရှင်တော်မင်းကြီးက ပေးအပ်ရှိလျှင် ဆောင်ယူခဲ့စေရန် ဆင့်ဆိုလိုက်ရမည် ပုသိမ်အရေးပိုင်သို့ ဆင့်ဆိုရှိကြောင်း။

၁၈၈၄ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့။

၁၂၄၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ တာကြို့မြို့နေ ဂရစ်လို ဆိုသူက မန္တလေးမြို့နေ အီတာလျံလူမျိုး အင်ဇနီယာဆရာပေါ်နယ်ရစ်ထံ ရိုက်ကြားသည့် ကြေးနန်း မဆိုက်ရောက်ကြောင်း လျှောက်ထားရှိ၍ မေးမြန်း စာပြန်မည့်အကြောင်း၊ ရိုက်ကြားရင်း ကြေးနန်းလက်ခံကိုလည်း ပို့လိုက်ကြောင်း။

ကြေးနန်းလက်ခံ။

(က) အလုပ်ရလိမ့်မည်။ ဗစ်စိုးနှင့် အတူလာပါ။ ပြန်စာရအောင် ဆိုင်းငံ့ပါ။

၁၈၈၄ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ ကျွဲခိုးမှုနှင့် ထောင်အကျဉ်းချထားရာမှ ထွက်ပြေးသူ ငပေသီး နိုင်ငံတော် မြေထဲမြို့ ရေနီရွာတွင် ခိုဝင်ရှိနေသည် ကြားသိရ၍ မဟာမိတ်စာချုပ်အရ ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပေးအပ်မည့်အကြောင်း။

---

၁။ ၁၂၄၆ ခု၊ ဝါခေါင်လဆန်း ၉ ရက် ဖြစ်မည်။

၁၈၈၄ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၂။ ။ အခွန်ငွေများကို ခိုးယူထွက်ပြေးသူ ငစော၊ ငပိုင်းတို့ကို စေလွှတ်သူတို့တွင် အကြောင်းအရာ စာနှင့်တကွ ပေးအပ်လိုက်သည်ကို အလွန်ကျေးဇူးတင်ကြောင်း။ ငစောကို မေးမြန်းရာ မကွယ်ဆိုနိုင်၍ ဒင်္ဂါးငွေ ၁၀၀၀၀ဝိ နှင့် ထောင်ဒင်္ဂါး ၅ နှစ် စီရင်ကြောင်း။ ငစောတွင် စွဲခတ်သည့် သံခြေချင်းကိုလည်း ပန်းသေး သင်္ဘောကပ္ပီတန်တွင် ပေးအပ်လိုက်ကြောင်း။

၁၈၈၄ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ အင်္ဂလိပ် ကျွန်တော်မျိုး ၂ တို့ကို ညှဉ်းပန်းနှိပ်စက်သည့် အကြောင်းအရာနှင့် အရေးပိုင်မင်းက ပေးသည့် ၁၈၈၄ ခု၊ စက်တင်ဘာလ ၁၃ ရက် နေ့စွဲပါ စာအရ ပြန်စာ မပေးမရရှိကြောင်း။

၁၈၈၅ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့။

၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၄။ ။ ဗန်းမော်မြို့ကို တရုတ်လူမျိုး၊ ကချင်လူမျိုးတို့ ဝင်ရောက်တိုက်ခိုက် ရှိသည့်အရာ၊ မန္တလေးမြို့က ကျောက်တိုင် နယ်စပ်ထိ အောက်မြစ်စဉ် မြို့ရွာမှာလည်း သူခိုး ဓားပြတို့ ထကြွ၊ မငြိမ်မဝပ်ရှိသည့် အရာများကြောင့် ၂ နိုင်ငံနေ ကုန်သည်တို့ အရောင်းအဝယ် ပျက်လပ်ရပ်တန့်။ ရေဝတီ ကုန်သင်္ဘောများလည်း မြို့ရွာ ဆိပ်ကမ်းသို့ မဆိုက်မကပ်ဝံ့ကြ ရှိသည်ကြားသိရ၍ မြန်မာအစိုးရတို့က မြို့ရွာငြိမ်ဝပ်ရာ ငြိမ်ဝပ်ကြောင်း ကို ပြုလုပ်လိမ့်မည်၊ နိုင်ငံတော်ရှိ အင်္ဂလိပ် ကျွန်တော်မျိုးတို့ အသက်စည်းစိမ်ကိုလည်း လုံခြုံအောင် စောင့်ရှောက်လိမ့်မည် ယုံကြည်ကြောင်း။

၁၈၈၅ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့။

၁၂၄၆ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၅။ ။ ဗန်းမော်မြို့ကို တရုတ်လူမျိုး၊ ကချင်လူမျိုးတို့ တိုက်ခိုက်သည်တွင် ကြောက်ရွံ့၍ ကိုယ်လွတ်ထွက်ပြေးရသူ အင်္ဂလိပ်ဘာသာ တရားဟောဆရာ မောင်ထီး၊ မောင်ရွှေကံ ဆိုသူတို့ ဗန်းမော်မြို့ အရှေ့တောင်ခြေ၊ ကရင်ရွာတွင် ခိုမှီနေထိုင်ရသည် ကြားသိရ၍ ၎င်းတို့ကို မြန်မာတပ်တော်နှင့်တွေ့လျှင် တစ်စုံတစ်ရာ ညှဉ်းပန်းနှိပ်စက် မရှိရအောင် ဗိုလ်မင်း တပ်မင်းတို့ကို ဆင့်ဆိုမည့်အကြောင်း။

၁၈၈၅ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့။

၁၂၄၆ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၆။ ။ ဝန်ရှင်တော်မင်းကြီးက ၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၁၅ ရက် နေ့စွဲနှင့် ပေးစာအရ စက်တင်ဘာလ ၁၃ ရက် နေ့စွဲနှင့် အရေးပိုင်မင်းက အထက် ပေးစာလက်ခံကို ပို့လိုက်ကြောင်း။

၁၈၈၄ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့။

၁၂၄၆ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က အထက်ပေးစာ (လက်ခံ)။

၁၇။ ။ တောင်တွင်းကြီးမြို့သို့ သွားရောက်သူ အင်္ဂလိပ် ကျွန်တော်မျိုး ငနေထွန်း၊ ငရွှေအောင်တို့ကို တောင်တွင်းကြီး မြို့ အစိုးရတို့က ဖမ်းဆီးညှဉ်းပန်း နှိပ်စက်ပြုလုပ်ရှိ၍ သရက်မြို့ အရေးပိုင်က တောင်တွင်းကြီးမြို့

---

၁။ ၁၂၄၆ ခု၊ ပြာသိုလဆန်း ၄ ရက် ဖြစ်မည်။

အစိုးရထံ စာပေးကာလ ငနေထွန်း၊ ငရွှေအောင်တို့ကို လူဆိုးလက္ခဏာနှင့် စွဲဆိုခံရသူများ ဖြစ်သော်လည်း ဆုံးပါးသည့် ကြေးငွေများကို ပြန်ပေးသာအောင် တောင်တွင်းကြီးမြို့ရုံးသို့ စေလွှတ်မည့် အကြောင်းနှင့် တောင်တွင်းကြီးမြို့ အစိုးရက စာပြန်ပေးသည်ကို ထောက်လျှင် လူဆိုးလက္ခဏာနှင့် သွားရောက်ခြင်း မဟုတ်သည့်အရာ ထင်ရှား၍ ၎င်းတို့ ကျေအေးအောင် လျော်ဒဏ်ဖြစ်စေ၊ နောင် သည်ကဲ့သို့ မဖြစ်ရအောင် နယ်ရှင် အကြီးအအုပ်တို့ကို ဆင့်ဆို၍ဖြစ်စေ သင့်ရာ စီရင်ပြုလုပ်မည့် အကြောင်း။

၁၂၄၆ ခု။

ငနေထွန်း၊ ငရွှေအောင်တို့ မေးချက်။

(က) မြို့ရုံးက စေလွှတ်သူ ငကျဲသို့ ကျွန်တော်တို့က ငွေ ၉၀ ပေးရကြောင်း။

---

## ၃၈၉ မှတ် ပုရပိုက်ထွက်။

၁၈၈၅ ခု၊ မတ်လ ၆ ရက်နေ့။

၁၂၄၆ ခု၊ တန်ခူးလဆန်း ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ၁၂၄၆ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့၊ ကျောက်တစ်လုံး ဆိပ်ကမ်းတွင် ရွှေမြို့ခေါ် မီးသင်္ဘောကို မီးသင့်လောင်၍ ကပ္ပိတန် မာလိန်တို့ မီးငြိမ်းသတ်ရှိနေသည့်အတွင်း ကျောက်တစ်လုံးရွာနေ လူတို့ သင်္ဘောပေါ်သို့ တက်လာ၊ လုယက်ယူငင် ဆုံးပါးသည့် ပစ္စည်းများအနက် ကပ္ပိတန်ကိုင် သေနတ် ၁ ပါသွား၍ ဆိပ်ကမ်းပေါ်သို့ တက်သွားရှာဖွေရာ၊ ကပ္ပိတန် မာလိန်တို့ကို ရွာနေလူတို့ စုရုံးဝန်းဝိုင်း ခြိမ်းခြောက်ပြုလုပ်၊ ၎င်းအကြောင်းအရာများကို တိုင်တန်းရန် ကျောက်တစ်လုံး ရွာသူကြီးထံ လူစေလွှတ်ခေါ်ရာ ကိုယ်ရံလူလက်နက်နှင့်မှ လာနိုင်မည် ပြောသည့်အရ၊ လာပါတော့ ခွင့်ပြုလျက် မလာမရောက်ရှိကြောင်းနှင့် လျှောက်ထားရှိ၍ သူကြီးသည် နယ်ရှင် အကြီးအအုပ် ဖြစ်လျက် စောင်မသင့်သည့် ဝတ္တရားနှင့်မညီ ပျက်ကွက်သည့်အရာ။ ၎င်းရွာသားတို့ သင်္ဘောပေါ်သို့ တက်ရောက်၊ ကပ္ပိတန်တို့ ပစ္စည်းများကို လုယက်ယူငင်သည့် အရာများကို နေရာကျ စစ်မေး စီရင်ပြီးလျှင် စစ်မေးရ ပစ္စည်း၊ တန်ဖိုး တစ်ရပ်ရပ်ကို ဆိုင်သင့်ရာရာ ပြန်ပေးစေမည့်အကြောင်း။ ၎င်းအကြောင်းကို အိန္ဒိယအစိုးရတို့ထံ စာပေးပြီးဖြစ်၍ ထပ်မံ ပေးရန် အသေအချာ စာပြန်မည့်အကြောင်း။ ၎င်းကဲ့သို့ နောင်မဖြစ်ရအောင် မြန်မာအစိုးရမင်းတို့က အားထုတ်စေလိုကြောင်း။

၁၈၈၅ ခု၊ မတ်လ ၁၆ ရက်နေ့။

၁၂၄၆ ခု၊ တန်ခူးလဆန်း ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ အထက်ပေးစာပါ ရွှေမြို့ခေါ် မီးသင်္ဘောတွင် ပျောက်ဆုံးသည့် အထည်ပစ္စည်းစာရင်းကို ပို့လိုက်ကြောင်း။

(က) ကပ္ပိတန်ပိုင်၊ စက်ဆရာပိုင်၊ သင်္ဘောပိုင် ပစ္စည်း ၃ ရပ် မျိုးမည်နှင့် ပစ္စည်းအဖိုးသင့်ငွေ ၃၁၇ စာရင်း။

၁၈၈၅ ခု၊ မတ်လ ၁၈ ရက်နေ့။

၁၂၄၆ ခု။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ မကွေးမြို့ကို တိုက်ခိုက်ရာ ပါဝင်သည်ဆိုသူ ဓားပြ ၇ တို့ကို ဖမ်းဆီးရမည် သာယာဝတီ အရေးပိုင်သို့ ဆင့်ဆိုရှိကြောင်း၊ ၎င်းလူ ၇ အနက် ငရွှေဝကလေး၊ ဘေတို့မှာ အင်္ဂလိပ် ကျွန်တော်မျိုး၊ ကျန်လူတို့မှာ မြန်မာ ကျွန်တော်မျိုး ဖြစ်သည် ကြားသိရကြောင်း။ ၎င်းကျန်လူတို့ကို ဖမ်းဆီးရမိ သိသာလျှင် ပေးအပ်လို၍ သိသူ သက်သေတို့ကို သာယာဝတီ အရေးပိုင်ထံ အမြန်စေလွှတ်မည့် အကြောင်း။

---

၁။ ၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက် ဖြစ်မည်။

၁၈၈၅ ခု၊ ဧပြီလ ၂၃ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လဆန်း၊ ၂ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ ၂ နိုင်ငံအတွင်း ကုန်အရောင်းအဝယ်များတွင် သစ်ကုန် အရောင်းအဝယ်သည် အထင်အရှားဆုံး ဖြစ်သည်ကို မြန်မာအစိုးရမင်းတို့ အသိဖြစ်ကြောင်း၊ မြန်မာအစိုးရမင်းတို့က ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့သို့ နိုင်ငံတော်ရှိ သစ်တောများကို စာချုပ်နှင့် ချထားလုပ်ကိုင်စေသည့် အလုပ်သည် ၂ နိုင်ငံ အကျိုးခံစားရရန် အလုပ်ဖြစ်ကြောင်း၊ ယခု ကုမ္ပဏီတို့က လွန်ခဲ့သည့် လများအတွင်းက နင်းကြမ်းမြို့ သစ်တောရှိ သစ်ခေါင်း လုပ်သားတို့ကို မန္တလေးမြို့သို့ ချခေါ်ပြုလုပ်ရှိ၍ အလုပ်မတွင်မကုန် ပျက်ယွင်းရှိကြောင်း၊ ရှေ့သို့လည်း ဆက်လက် လုပ်ကိုင်ခွင့်ကို မရသဖြင့် အကျိုးစီးပွား ဆုတ်ယုတ်မည်ကို စိုးရိမ်မကင်းရှိကြောင်းနှင့် ပြောဆိုရှိ၍ သစ်တောစာချုပ်နှင့်အညီ ကုမ္ပဏီတို့က လုပ်ကိုင်ခွင့်မရ၊ မြန်မာအစိုးရတို့က တားမြစ်ရပ်ဆိုင်းရလျှင် ၂ နိုင်ငံ အကျိုးနှင့်နာရန်၊ ကုမ္ပဏီတို့ တင်ရင်ထမ်းဆောင်ခွင့် ရသည့်ငွေကို အရင်းခံ၍ တိုးတက်ပွားများ ပြောဆိုရန် ရှိသောကြောင့် ယခုစာပါ ဘုံဘိုင်ဘာမာ ကုမ္ပဏီနှင့် စပ်သည့် အချက်များကို စစ်ဆေးမေးမြန်း၊ သစ်တောစာချုပ်နှင့်အညီ မှန်ကန်သဖြင့် ပြုလုပ်လိမ့်မည်ကို အရေးပိုင်မင်း ယုံကြည်ကြောင်း။

၁၈၈၅ ခု၊ မေလ ၅ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅ ။ ၁၂၄၄ ခုနှစ်၊ တပေါင်းလအတွင်းက ငမြတ်မွေးကို ဓားနှင့် ထိုးသတ်သူ ငမြတ်လှ နိုင်ငံတော် တလုပ်မြို့ စီရင်စု၊ မြင်းခြံရွာ ကိုသော်၊ မယားမနှစ်တို့ နေအိမ်။ ရံခါ ကိုမိုး၊ မယားမသင်တို့ နေအိမ်။ ရံခါ ၎င်းမြို့ စီရင်စု ပြောင်းပြုရွာ ကိုပေါ၊ မယားမကြွမ်းတို့ နေအိမ်များတွင် တည်းခိုနေထိုင်ကြောင်း ကြားသိရ၍ ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့်အကြောင်း။ ၎င်းကို သိသူတို့ကို အလိုရှိလျှင်လည်း စေလွှတ်မည့် အကြောင်း။

၁၈၈၅ ခု၊ မေလ ၉ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ ပုသိမ်မြို့ အရေးပိုင်ရုံး စာရေး ပီတာအိုဘေးဆိုသူ အစိုးရ အခွန်တော်ငွေများကို ခိုးယူထွက်သွားရှိ၍ ထောက်လှမ်းရာ နိုင်ငံတော် မင်းလှမြို့၊ ကျောက်တန်းရွာနေ ကျောင်းဒကာ ဦးဇုန်းအိမ်တွင် ခိုဝင်ရှိနေသည် ကြားသိရ၍ ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ ၎င်းကို သိသူတို့ကို အလိုရှိလျှင်လည်း စေလွှတ်မည့်အကြောင်း။

၁၈၈၅ ခု၊ ဧပြီလ ၂၅ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လဆန်း၊ ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ တောင်တွင်းကြီးမြို့၊ ပရပ်ကျယ်ရွာ၊ လင်းလယ်ရွာများကို တိုက်ခိုက်သည့် ဓားပြ အပေါင်းပါ ငရွှေဆွဲ၊ ငနန်းတို့ကို သရက်မြို့ အရေးပိုင်က ပစ္စည်းနှင့်တကွ ဖမ်းဆီးရမိ။ ၎င်းတို့အနက် ငနန်းမှာ မြန်မာ ကျွန်တော်မျိုး ဖြစ်သည့်အတိုင်း ပေးအပ်လို၍ သိသူ သက်သေတို့ကို စေလွှတ်မည့်အကြောင်း။

၁၈၈၅ ခု၊ ဇွန်လ ၃ ရက်နေ့။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို တောင်တွင်းကြီးမြို့ အစိုးရတို့က နှိပ်စက်ညှဉ်းပန်း ပြုလုပ်သည့် အကြောင်း

---

၁။ ၁၀ ရက် ဖြစ်မည်။ ၂။ ၇ ရက် ဖြစ်မည်။ ၃။ ၁၁ ရက် ဖြစ်မည်။ ၄။ ၆ ရက် ဖြစ်မည်။

အရာကို မေးမြန်းစာပြန်မည့်အကြောင်းနှင့် မတ်လ ၁၈ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီး ပေးစာအရ မည်သည့်နေ့ရက် ပြန်စာရလိမ့်မည်ကို သိလိုကြောင်း။

**၁၈၈၅ ခု၊ ဧွန်လ ၁၇ ရက်နေ့။**

**၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၆ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ဝန်ရှင်တော်မင်းကြီးက ငမြတ်လှ အကြောင်းနှင့် ပေးသည့် မေလ ၂၇ ရက် နေ့စွဲပါ စာအရ၊ ငမြတ်လှကို သိသူတို့နှင့်တကွ ဆောင်ယူစေမည့် သူတို့ကို စေလွှတ်စေမည့် အကြောင်း။

**၁၈၈၅ ခု၊ ဧွန်လ ၁၈ ရက်နေ့။**

**၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ ဝန်ရှင်တော်မင်းကြီးက ပေးပို့သည့် ၁၂၄၇ ခုနှစ် အဖို့ ကောက်ခံရန် ကုန်အဖိုးနှုန်း စာရင်းစာအုပ်ကို ရကြောင်း။

**၁၈၈၅ ခု၊ ဧွန်လ ၁၈ ရက်နေ့။**

**၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၇ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၁။ ။ ဝန်ရှင်တော်မင်းကြီးက နယုန်လဆန်း ၅ ရက် နေ့စွဲနှင့် ပေးစာအရ၊ ဘုံဘိုင်ဘားမား ကုမ္ပဏီက စစ်တောင်းမြစ်က ချမျှောသည့် သစ်စာရင်းကို မြန်မာအစိုးရမင်း ကူးယူနိုင်စေရန် ရန်ကုန်၊ တောင်ငူရှိ သစ်တောရုံးများသို့ ဆင့်ဆိုရှိကြောင်း။ ၎င်းစာရင်းမှာ [ကုမ္ပဏီသို့ သစ်အပ်ပြီးနောက် ၎င်းနှစ်တွင် ရေကုန် ကမ်းတင်သစ်ဖြစ်၍ နောက်နှစ်တွင် ချဆောင်သည်၊ မဆောင်သည်ကို ခွဲဝေမှတ်သား မရှိသဖြင့် သစ်တော ချောင်းမြောင်းများက တစ်မိုးအတွင်း ထွက်သည့် သစ်အရေအတွက်နှင့် ၎င်းမိုးအတွင်း တောင်ငူမြို့သို့ ဆိုက်ရောက်သစ်၊ ၎င်းက ထွက်မျှောသစ် အရေအတွက် ညီညွတ်မည် မဟုတ်။ ၎င်းပြင် သစ်ဆုတ်ပတ် တောင်တာကို သဘောမထား ထုကြီး လွှစာမျှကိုသာ ခွဲခြားမှတ်သားလေ့ရှိခြင်း၊ ရပ်သစ်တောင်တို သစ်များကိုလည်း ထုကြီး လွှစာတွင် ပါဝင်မှတ်သားခြင်း] များကြောင့် မြန်မာအစိုးရမင်းတို့တွင်ရှိ စာရင်းနှင့် အနည်းငယ် ကွာယောင်ရှိမည် ထင်ကြကြောင်း။ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် ကုမ္ပဏီတို့ ပျက်ကွက်ရာ ရောက်သည် ဆိုသည့် ပထမ သစ်ခေါင်းတို့ကို အလုပ်တွက် ငွေမပေး ဆိုသည့်အချက်၊ ဒုတိယ မြန်မာအစိုးရတို့နှင့် ကုမ္ပဏီတို့ ချုပ်ဆိုကြသည့် ၁၈၈၀ ပြည့်နှစ် စာချုပ်တစ်ရပ်၊ ၁၈၈၂ ခုနှစ် စာချုပ်တစ်ရပ်၊ ၁၂၄၄ ခုနှစ် ခွန်သေ စာချုပ်တစ်ရပ် ရှိသည့်အနက် ၁၈၈၀ ပြည့်နှစ် စာချုပ်တွက် အကောက်ငွေ မပြေကျေ ဆိုသည့် အချက် ၂ ရပ်ပါသည့် အရပ်ကုမ္ပဏီတို့ကို မေးရာ၊ ၎င်းအချက် ၂ ရပ်ကို မြန်မာအစိုးရမင်းတို့က ရှင်းလင်းစေလိုသည့် နေရာဌာနတွင် ရှင်းလင်းစေလိုသည့် အရာရှိတို့နှင့် ရှင်းလင်းပါသည် ပြောဆိုရှိကြောင်း။ သို့ပြောဆိုသည့် အတိုင်းလည်း ရှင်းလင်းနိုင်လိမ့်မည် အရေးပိုင်မင်း မြော်ခေါ်ရှိသည့်အရ ရှင်းလင်းနိုင်လျှင် ကုမ္ပဏီတို့ကို မြန်မာအစိုးရမင်းက သစ်တောစာချုပ်နှင့်အညီ လုပ်ဆောင်စေလိမ့်မည်။ လုပ်ဆောင်စေလျှင်လည်း ဘုံဘိုင်ဘားမား ကုမ္ပဏီနှင့် ချုပ်ဆိုသည့် သစ်တောစာချုပ် ပျက်ကြောင်းနှင့် မောင်စံထွန်း ဆိုသူက အမိန့်တော်နှင့် ပေးအပ်သည့်စာ ဆို၍ ရန်ကုန်မြို့တွင် ပြသပြောဆို၍ ရှိသည့် စကားများကို ကုမ္ပဏီတို့က အရေးမယူဘဲ ရှိလိမ့်မည်များကို အရေးပိုင်မင်း ယုံမှားသံသယ မရှိကြောင်း။

**၁၈၈၅ ခု၊ ဧွန်လ ၁၀ ရက်နေ့။**

**၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် --- ရက်နေ့[၁]။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၂။ ။ တောင်ငူမြို့ သရက်မြို့သွား ခရီးသည်တို့ကို တိုက်ခိုက်သူ ဓားပြ ၇ အနက် ငရွှေမောင်ပေါင်တို့၊ ငမိုး

---

**၁။ ၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက် ဖြစ်မည်။**

ဇချောင်၊ စေတ်တို့မှာ အင်္ဂလိပ် ကျွန်တော်မျိုး ဖြစ်ကြောင်း။ ၎င်း ၃ အနက် ငမိုးဇချောင်မှာ သေဆုံးကြောင်း၊ ကျန် ၂ တို့လည်း နိုင်ငံတော် မြေထဲမြို့၊ ရေနီရွာတွင် ခိုဝင်ရှိနေကြောင်းများနှင့် ကြားသိရ၍ ဆင့်ဆို ထောက်လှမ်း ဖမ်းဆီးပေးအပ်မည့်အကြောင်း။ ဓားပြတိုက်ခံရသူတို့ ထွက်ချက်များကိုလည်း ပို့လိုက် ကြောင်း။

၁၂၄၇ ခု။

ဓားပြတိုက်ခံရသူ ငရွှေနီ ထွက်ချက်။

(က) ကျွန်တော် သက္ကယ်ပြင်ရွာတွင်နေ၊ ကျွန်တော်ပါ လူပေါင်း ၁၀ ကျော်တို့ တောင်ငူမြို့က သရက်မြို့သို့ လာရာ လမ်းတွင် ဓားပြလူ ၇ တို့ တိုက်ခိုက်၊ ၎င်းတို့အနက် သက္ကယ်ပြင်ရွာတွင် နေဖူးသူ ငရွှေမောင်ကို တပ်ရာ သိကြောင်း။

၁၂၄၇ ခု။

ဓားပြတိုက်ခံရသူ ငသင်ဇာ ထွက်ချက်။

(ခ) ကျွန်တော်တို့ကို တိုက်ခိုက်သည့် ဓားပြတို့အနက် တောင်ငူမြို့ ဘုရားကုန်းရွာနေ ငစံထွန်းကို သိကြောင်း။

၁၂၄၇ ခု။

ဓားပြတိုက်ခံရသူ ငလွန်း ထွက်ချက်။

(ဂ) ကျွန်တော်တို့ကို တိုက်ခိုက်သည့် ဓားပြတို့အနက် ငမိုး ဇ ချောင်ကို သိကြောင်း၊ ၎င်းကိုလည်း ကျောက်တိုင် မြောက်ဘက် ရွှေလောင်း၊ ကင်းကြီး အရပ်တွင် မြင်ဖူးကြောင်း။

---

## ၃၉၀ မှတ် ပုရပိုက်ထွက်။

**၁၈၈၅ ခု၊ ဇွန်လ ၅ ရက်နေ့။**

**၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ ဓားပြ အကြီး ပြုလုပ်တိုက်ခိုက်သူ ငကံသာ၊ ငရွှေအုပ်တို့နှင့် အပေါင်းပါ ဓားပြတို့ကို ဆင်ပေါင်ဝဲနယ်တွင် ခိုဝင်ရှိနေကြောင်းကို ၁၂၄၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် နေ့စွဲနှင့် အရေးပိုင်မင်းက ပေးစာတွင် ပါကြောင်း။ ၎င်းဓားပြတို့ အကြောင်းအရာနှင့် မြေထဲ၊ အာလံမြို့ ရာဇဝတ် အရေးပိုင်မင်းတို့က ပို့ရောက်သည့် စာများကို ပို့လိုက်ကြောင်း။ ၎င်းဓားပြတို့ ရှားစေးဘိုရွာအနီးတွင် နေထိုင်ရှိသည်ကို မြေထဲမြို့ဝန် အသိဖြစ်၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုသင့်ကြောင်း။ သည်ကဲ့သို့ ဆင့်ဆိုရှိသည်ကို ကြားသိရလျှင် အရေးပိုင်မင်း ဝမ်းမြောက်စွာ ကျေးဇူးတင်မည့် အကြောင်း။

မြေထဲမြို့ ရာဇဝတ်အရေးပိုင်က ပို့ရောက်စာ လက်ခံ။

(က) မြို့သစ်နယ်စပ် ဝမ်းကွဲတောင် အရပ်တွင် မြန်မာအစိုးရတို့ ကင်းဝန်လှည့် လူတို့နှင့် တိုက်ခိုက်ရှိနေသည် ကြားသိ၍ သွားရာ၊ လက်နက်စွဲကိုင်လျက် လူ ၂၈ ခန့် တွေ့ရှိမေးမြန်းကာလ၊ ကင်းဝန်လှည့် မြန်မာ အမှုထမ်းဖြစ်သည် ပြောပြီးနောက် ထွက်ပြေးရှိသည်နှင့် လိုက်လံဖမ်းဆီးရာ ရမိသည့် လူ ၃ အနက် လူ ၁ မှာ ထွက်ပြေး၊ ကျန်လူ ၂ တို့မှာ ထောင်အကျဉ်းချထားကြောင်း၊ တောင်တွင်းကြီးနယ်တွင် တိုက်ခိုက် သူများလည်း ၎င်းတို့ ဖြစ်သည်၊ ဖမ်းဆီးရာ မရမမိ ကျန် ဓားပြတို့လည်း ရှားစေးဘို ရွာအနီး နေရင်းသို့ ပြန်သွားကြသည်။ ငကံသာ၊ ငရွှေအုပ်တို့ အပေါင်းပါ ဖြစ်သည် ကြားသိရသော်လည်း တိုက်ခိုက်စဉ် ငကံသာတို့ ပါ မပါကို မသိကြောင်း၊ ငကံသာတို့ အကြောင်းအရာကို ရှားစေးဘို ရွာသူကြီးကို မေးရာ၊

ငှင်းဓားပြတို့ကို ဖမ်းဆီးရမည် အစိုးရတို့ အဆင့်အဆို မရှိ၍ မဖမ်းဆီးရကြောင်းနှင့် ပြန်ပြောရှိကြောင်း။
ငှင်းဓားပြတို့ကို ရှားစေးဘိုကျေးရွာနေ လူတို့က စရိတ် ထောက်ပံ့ ပြုလုပ်သည် ကြားသိရကြောင်း။

မြေထဲမြို့ အရေးပိုင် လက်ထောက်က ပို့ရောက်စာ ၁ လက်ခံ။

(ခ) ၁၈၈၅ ခု၊ ဧပြီလ ၄ ရက်နေ့က မြေထဲမြို့နှင့် ၉ မိုင်ကွာ ရေနံကြီးရွာသို့ သွား၍ ဓားပြတို့ အကြောင်းအရာ၊ နဂါးဘိုမင်းသား ဆိုသူ အကြောင်းအရာများကို ထောက်လှမ်းရာ ဓားပြ ငကံသာ၊ ငရွှေအုပ် တို့နှင့် အပေါင်းအပါ ဓားပြတို့သည် နဂါးဘိုမင်းသားနှင့် စပ်လျဉ်းသည်၊ နဂါးဘိုမင်းသား ဆိုသူလည်း ရေနံကြီးရွာတွင် လူစုရုံးသည် ဆိုသည့် စကားများမှာ မဟုတ်မမှန်ကြောင်း၊ ၎င်းလ ၅ ရက် နေ့တွင် ရှားစေးဘိုရွာသူကြီးနှင့်တွေ့၍ ဓားပြတို့ အကြောင်းကိုမေးရာ ဓားပြတို့ကို ဖမ်းဆီးရမည် ဆင့်ဆိုရှိ၍ ဖမ်းဆီးရာ မရ၊ နောက်ကိုလည်း အဆင့်အဆို မရှိကြောင်း၊ ဓားပြတို့မှာ ကျောက်တိုင် တောင်ဘက်က အစားရိက္ခာ ရသည် မကြားမသိ၊ ရှားစေးဘိုရွာက ရသည် ထင်ကြောင်းများနှင့် ပြောဆိုသည်ကို ထောက်လျှင် မြန်မာ အစိုးရတို့က ဓားပြတို့ကို နှောင့်ယှက်လိုသောဆန္ဒ မရှိသည့်အဖြစ် ထင်ရှားကြောင်း။

အာလံမြို့ ရာဇဝတ် အရေးပိုင်က သရက်မြို့ ရာဇဝတ် အရေးပိုင်သို့ ပေးစာလက်ခံ။

(ဂ) တောင်တွင်းမြို့နယ်တွင် တိုက်ခိုက်သည့် ငကံသာနှင့် အပေါင်းပါဓားပြတို့ ရှားစေးဘိုရွာ အနီးတွင် ရှိနေသည် ကြားသိ၍ မြေထဲမြို့ဝန်ထံ စာပေးရာ၊ ဓားပြတို့ ကျောက်တိုင်တောင်ဘက်သို့ ကူးသွားသည် စာပြန်ရှိ၍ ထောက်လှမ်းကာလ မကူးမရောက်ကြောင်း။ ဒီဇင်ဘာလအတွင်းက မကွေးမြို့တွင်း တိုက်ခိုက်သည် ကြားသိရသည့် ဓားပြတို့လည်း ဆင်ပေါင်ဝဲနယ်တွင် ရှိမည် ထင်ကြောင်း။ နောက် ဓားပြတို့ အကြောင်းအရာ၊ ဓားပြ ငကံသာတို့နှင့် နဂါးဘိုမင်းသား ဆိုသူတို့ ပေါင်းသင်း ကြံစည်သည့် အကြောင်း အရာကို ကြားသိ၍ ကျွန်ုပ်နှင့် ကူညီဖမ်းဆီးရန် မြေထဲမြို့ဝန်ထံ ၂ ကြိမ် စာပေးရာ၊ နောက်တစ်ကြိမ် ပေးစာအရ ငကံသာနှင့် လူ ၁၀၀ တို့ ကျောက်တိုင်တောင်ဘက်က အစားရိက္ခာ ရကြောင်းနှင့် စာပြန်ရှိ၍ ကိုယ်တိုင်မေးမြန်းစုံစမ်းရာ မဟုတ်မမှန်ကြောင်း။ မတ်လ အတွင်းက ဓားပြတို့ကို လိုက်လံ ထောက် လှမ်းရာ ငကံသာ၊ ငရွှေအုပ်တို့ပါ လူ ၁၀ ခန့်တို့ကို သေနတ်ကိုယ်စေ့နှင့် တွေ့ရှိ၊ အဖမ်းအဆီးခံရန် ဖြားယောင်းပြောဆိုရာ နှောင် အပြစ်မရှိမှ သဘောတူနိုင်မည် ပြန်ပြောကြောင်း။ ၎င်းတို့ နေထိုင်သည်မှာ ကျောက်တိုင်မြောက်ဘက်ကျ၍သာ ကျွန်ုပ်နှင့် အတွေ့ခံဝံ့ကြောင်း။

၁၈၈၅ ခု၊ ဇွန်လ ၂၉ ရက်နေ့။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ ပီတာအိုဘေး အကြောင်းနှင့် ၁၂၄၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် နေ့စွဲပါ ဝန်ရှင်တော်မင်းကြီးက ပြန်ပေးစာကို ရကြောင်း၊ ၎င်းစာပါ ပီတာအိုဘေးသည် ယခု မင်းလှမြို့ ကျောက်တန်းရွာတွင် ရှိနေသည် သိရ၍ ပြသနိုင်မည့် သူတို့ကို စေလွှတ်မည့်အကြောင်း။

၁၈၈၅ ခု၊ ဇူလိုင်လ ၅ ရက်နေ့။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ဝန်ရှင်တော်မင်းကြီး ပေးစာအရ မကွေးမြို့ တိုက်ခိုက်ရာတွင် ငဘ ဆိုသူ ပါကြောင်း ထွက်ဆိုနိုင်သူ သက်သေတို့ကို စေလွှတ်ရန် အကြိမ်ကြိမ် မင်းလှအစိုးရတို့ထံ တောင်းရာ၊ ၎င်းတို့က မညွှန်မပြနိုင်ကြောင်း နှင့် စာပေးပြောဆိုရှိ၍ ငဘကို အချုပ်မှ လွှတ်ကြောင်း။ ဓားပြစာရင်းပါ အခြားလူတို့ကိုလည်း သည်ကဲ့သို့ သက်သေမပြနိုင်ရှိလျှင် အကျိုးဖြစ်အောင် အင်္ဂလိပ် အစိုးရမင်းတို့က ရွက်ဆောင်နိုင်ရန် မရှိကြောင်း။

---

၁။ ၃ ရက် ဖြစ်မည်။ ၂။ ၉ ရက် ဖြစ်မည်။

၁၈၈၅ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၄။ ။ အစိုးရ စာပို့တိုက် အခွန်ငွေ ၇ဝ၇– ၅ ပဲ ကို ခိုးယူ ထွက်ပြေးသူ အင်္ဂလိပ် ကျွန်တော်မျိုး မောင်စိန် မလွန်မြို့ မင်းလှရွာတွင် ခိုဝင်ရှိနေသည် သိရ၍ ဖမ်းဆီး ပေးအပ်မည့်အကြောင်း၊ သက်သေတို့ ထွက်ချက်များကိုလည်း ပို့လိုက်ကြောင်း။

သက်သေ ဒေါ်ပင်နှင့် အခြားလူ ၆ တို့ ထွက်ချက်။

(က) စာပို့တိုက်အုပ်ဟောင်း မောင်စိန်သည် ကြို့ပင်ကောက် စာတိုက်သို့ ငွေရှင် ၂၃ တို့ အပ်ပေးငွေ ၆၈၆– ၂ ပဲကို ယူသွားသည်ကို သိမြင်ကြောင်း။

၁၈၈၅ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ ၁၈၈၆ ခုနှစ်အတွင်း ကောက်ခံရန် ကုန်ဖိုးနှုန်း စာရင်းစာအုပ်ကို ပေးပို့ကြောင်း။

၁၈၈၅ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ တောင်တွင်းကြီးမြို့ ပရက်ကျယ် ရွာကို တိုက်ခိုက်သူ စားပြ ငနန်းကို ပေးအပ်မည့် အကြောင်းနှင့် ပေးစာကို ရကြောင်း။ ငနန်းကို အပြစ်အလျောက် စီရင်သည့် ထောင်အကျဉ်းဒဏ် ၂ နှစ် စေ့ရောက်လွတ်ကင်းမှ ပေးအပ်မည့်အကြောင်း။

၁၈၈၅ ခု၊ ဩဂုတ်လ ၄ ရက်နေ့။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ ၁၂၄၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် နေ့စွဲပါ ငနေထွန်း၊ ငရွှေအောင်တို့ အကြောင်းအရာ တောင်တွင်းကြီးမြို့ဝန် မေးချက် ထွက်ချက်များနှင့် ဝန်ရှင်တော်မင်းကြီး ပေးစာကို ရကြောင်း။ တောင်တွင်းကြီးမြို့ဝန် မေးချက်တွင် [ငနေထွန်းတို့ထံက ကြေးငွေ တောင်းခံသိမ်းယူ မပြုလုပ်ကြောင်း] နှင့် ပါသည့်စကား၊ ၁၂၄၆ ခုနှစ်အတွင်း ၎င်းအကြောင်းနှင့် တောင်တွင်းကြီးမြို့ဝန်က သရက်မြို့ အရေးပိုင်ထံ ပေးစာတွင် [ငနေထွန်းတို့တွင် ဆုံးပါးရှိသည့် အရာများကို ပြန်ရနိုင်အောင် ၎င်းတို့ကို မြို့ရုံးသို့ လွှတ်မည့်အကြောင်း] နှင့် ပါသည့် စကား ၂ ရပ် မညီ၍ အမှန်ယူနိုင်ရန် မရှိ။ ၎င်းမြို့ဝန် ပြုကျင့်သည်အရာကို မြန်မာအစိုးရတို့နှင့်သာ ဆိုင်ကြောင်း၊ အရေးပိုင်မင်းနှင့် ဆိုင်သည်မှာ ငနေထွန်းတို့တွင် ဆုံးပါးသည့် ပစ္စည်းများကို ပြန်ရအောင် ပြုလုပ်ရန်ဖြစ်ကြောင်း၊ နှိပ်စက်ညှဉ်းပန်းမှု ထင်ရှားလျှင်လည်း လျော်စေလိုကြောင်း၊ ၎င်းအမှုလည်း တစ်နှစ်ကျော် ကြာပြီဖြစ်၍ နေ့ရက်မကြာ ပြုလုပ်မည့်အကြောင်း။

၁၈၈၅ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ (ကြေးနန်း)။

၈။ ။ အိန္ဒိယ ဘုရင်ခံမင်းနှင့် လန်ဒန်မြို့ အစိုးရတို့ အမိန့်အရ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ အကြောင်းအရာ စာပေးပို့ကြောင်း။ ၎င်းကုမ္ပဏီ ကိုယ်စားလှယ်တို့မှာ အကျပ်အတည်း ကြိမ်းမောင်း ပြုလုပ်သည်ကို ခံနေရသည် ကြားသိရကြောင်း။ ယခုစာကိုရ၍ စဉ်းစားပြီးသည်တိုင် အကျပ်အတည်း ပြုလုပ်မရှိ ရပ်ဆိုင်းမည် ယုံကြည်ကြောင်း။ ယခု ကျွန်ုပ် ပြောသည်ကို သဘောမကျ၍ ကျူးလွန်စွာ ပြုလုပ်ခဲ့လျှင် ဝန်လေးစွာ ဖြစ်ရန် ရှိကြောင်း။

---

၁။ ၉ ရက် ဖြစ်မည်။ ၂။ ၅ ရက် ဖြစ်မည်။

၁၈၈၅ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၉။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်တောအလုပ်ကို နင်းကြမ်းမြို့ အရာရှိတို့ နှောင့်ယှက် ပျက်လပ်မှုများကို စဉ်းစားဆင်ခြင်၍ တရားသဖြင့် ဖြစ်စေလိုကြောင်း၊ ကုမ္ပဏီတို့ ပြုလုပ်သည့်အရာကို မြန်မာအစိုးရမင်းတို့ သိရန် သစ်စာရင်း အမှတ်အသားများကို ပို့လိုက်ကြောင်းများနှင့် ပြောဆိုဖူးကြောင်း။ ယခု နင်းကြမ်း သစ်တော စာချုပ်တွက် ငွေ ၂ သန်းကျော် ကုမ္ပဏီက ပေးရမည် မြန်မာအစိုးရမင်းတို့က ဆင့်ဆိုရှိသည် ကြားသိရကြောင်း။ ကုမ္ပဏီတို့ကလည်း သည်ကဲ့သို့ များပြားသော ဒဏ်ငွေကို မည်သည့်အကြောင်းနှင့်မျှ ပေးခွင့်လည်းမရှိ၊ တရားသဖြင့် မြန်မာအစိုးရမင်းတို့က ရရန်အခွင့်လည်း မရှိကြောင်း။ သစ်တောအတွင်းရှိ ပစ္စည်းများကို အခြားသူတို့သို့ လွှဲပေးမည်ကို စိုးရိမ်ကြောင်းများနှင့် ပြောဆိုရှိ၍ အိန္ဒိယ ဘုရင်ခံမင်းနှင့် အင်္ဂလန်နိုင်ငံ ဘုရင်မ၏ အစိုးရတို့ထံ လျှောက်ရာ၊ မစိမစစ် စာချုပ်ကတိ ဖျက်သိမ်းခြင်း၊ အပြစ်ဒဏ်ကြေးငွေ တောင်းခံခြင်းများသည် မည်သည့်ကုမ္ပဏီမဆို ပျက်စီးဆုံးရှုံးခြင်းတိုင် ရောက်ရန်အမှန်ဖြစ်၍ ဤကဲ့သို့သော အရာများတွင် အင်္ဂလိပ် အစိုးရတို့က လျစ်လျူပြုလုပ်နိုင်ခွင့် မရှိကြောင်းကို ပြောဆိုရမည် ဆင့်ဆိုရှိကြောင်း။ ကုမ္ပဏီတို့သည် မြန်မာအစိုးရမင်းတို့နှင့် ရိုးဖြောင့်မှန်ကန်စွာ ဆက်ဆံသည် အင်္ဂလိပ်အစိုးရတို့က ယုံကြည်ကြောင်း။ ကုမ္ပဏီကလည်း စာပါအမှုများကို အမေးခံလိုပါသည်၊ သစ်တောခွန် ငွေကိုလည်း တရားသဖြင့် ဖြစ်လျှင် ပေးပါမည် ပြောဆိုရှိ၍ ၂ နိုင်ငံ မဟာမိတ်ဖြစ်သည့်အရာကို အသိအမှတ်ပြုသဖြင့် တစ်ကြောင်း၊ ၂ နိုင်ငံအတွင်း ထင်ရှားသည့် အရောင်းအဝယ် အကျိုးငှာ တစ်ကြောင်းများကို ထောက်ပြီးလျှင် ကုမ္ပဏီတို့နှင့် မြန်မာသစ်တောဌာန အစိုးရတို့ တိုက်ဆိုင်ရှင်းလင်း မပြီးမီ ကုမ္ပဏီအပေါ်၌ ဒီဂရီအရ ပြုလုပ်ရန်အမှု၊ သစ်တောစာချုပ် ဖျက်သိမ်းရန် အမှုများကို ရပ်ဆိုင်းလိမ့်မည် အရေးပိုင်မင်း မြော်ခေါ်ရှိကြောင်း။ မြန်မာ အစိုးရမင်းတို့က အလယ်အကြား တစ်ဦးသူ ဆုံးဖြတ်သည်ကို အလိုရှိပါလျှင် အိန္ဒိယဘုရင်ခံက ကျွမ်းကျင် နားလည်သူ အရာရှိကို ရွေးချယ်ခန့်ထား စေလွှတ်နိုင်ကြောင်း။ (၁) ကုမ္ပဏီတို့အပေါ်၌ စီရင်ချက်ကို အင်္ဂလိပ် အစိုးရတို့ ပြောသည့်အရ အခိုက်အတန့် ရပ်ဆိုင်းမည် မဆိုင်းမည်။ (၂) ယခုအမှုကို အိန္ဒိယ ဘုရင်ခံမင်းက စေလွှတ်သူ အနုညာတခုံ ဆုံးဖြတ်ရာ ခံလိုသည် မခံလိုသည်။ (၃) ဆုံးဖြတ်ရာ ခံနိုင်လျှင် ဆုံးဖြတ်ချက်အတိုင်း တည်ငြိမ်နိုင်မည် မတည်ငြိမ်နိုင်မည်များကို အမြန် စာပြန်မည့်အကြောင်း။

၁၈၈၅ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁၀။ ။ အရေးပိုင်မင်းက အထက်ပေးစာပါ စာတိုက်လူကြီး မောင်စိန် ဆိုသူကို ထောက်လှမ်း ဖမ်းဆီးသာအောင် မောင်စိန် ပုံသဏ္ဌာန်နှင့်တကွ ထပ်မံ စာပေးမည့်အကြောင်းနှင့် ဝန်ရှင်တော်မင်းကြီးက စာပို့ရောက်သည့်အရ မောင်စိန် ပုံသဏ္ဌာန် အမှတ်အသားကို ပို့လိုက်ကြောင်း။

မောင်စိန် ပုံသဏ္ဌာန်။

(က) အသားဖြူ၊ မျက်စိတစ်ဖက်စွေ၊ အရပ်အမြင့် ၅ ပေ ၇ လက်မခန့်၊ နှုတ်ခမ်းမွေးရှည်ရှည်။

---

## ၃၉၁ မှတ် ပုရပိုက်ထွက်။

၁၈၈၅ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့။

၁၂၄၇ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၁။ ။ လန်ဒန်မြို့ ရေကြောင်းဌာန နိုင်ငံတကာနှင့်ဆိုင်သော အလံပုံစံ စာအုပ်တွင် နိုင်ငံတော် အလံပုံစံကို

ထည့်သွင်းလိုပါ၍ ယခု ပို့လိုက်သည့် အလံပုံစံအတိုင်း နိုင်ငံတော်အလံ မှန်သည် မမှန်သည်၊ ၎င်းပုံစံ အလံပြင် မင်းလံ၊ သဘော်တော်လံ၊ ကုန်သဘော်လံ အကွဲအပြားရှိလျှင် ရှိသည့် အကြောင်းအရာ အမှတ်အသားနှင့်တကွ နိုင်ငံတော် အလံပုံစံကို ပေးပို့ရရှိပါလျှင် အရေးပိုင်မင်းကြီး ကျေးဇူးတင်မည့်အကြောင်း။

**၁၈၈၅ ခု၊ အောက်တိုဘာလ ၁ ရက်နေ့။**

**၁၂၄၇ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့ [1]။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ နင်းကြမ်းမြို့အနီး မြန်မာအမှုထမ်းတို့က ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်ဖောင်မျှောလာလူတို့ကို သေနတ်နှင့် ပစ်ခတ်သည် အိန္ဒိယဘုရင်ခံမင်း ကြားသိ၍ အမှုမပြီးပြတ်မီ ကုမ္ပဏီတို့ကို အကျပ်အတည်း မပြုမလုပ်ရန် အကြောင်းနှင့် စာပေးဖူးသည်ကို သတိပေးရမည့်အကြောင်း။ အမှုမပြီးမီ မြန်မာအအမှုထမ်းတို့ အကျူးအလွန် မပြုရအောင် ဆင့်ဆိုစေရန် မြန်မာအစိုးရမင်းတို့ကို ပြောဆိုရမည့် အကြောင်းများနှင့် ဆင့်ဆိုရှိကြောင်း။

**၁၂၄၇ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့ [2]။**

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ (ကြေးနန်း)။

၃။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်မှုတွင် တားဆီးသည့်အချက်များကို မြန်မာအစိုးရမင်းတို့က တစ်စုံတစ်ရာ အဆင့်အဆို မရှိသေးကြောင်းကို ၁၂၄၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့က စာပြန်ပေးကြောင်း။

**၁၂၄၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ [3]။**

နိုင်ငံခြားဌာန လွှတ်တော်စာရေးကြီးက ပြင်သစ်ကောင်စစ်သို့ ပေးစာ။

၄။ ။ ပြင်သစ်ကောင်စစ် ရောဂါပျောက်ကင်းရှိ၍ ရန်ကုန်မြို့က ရွှေမြို့တော်သို့ လာရာ ယခု လပြည့်ကျော် ၇ ရက်နေ့ ဆိုက်ရောက်သည် ကြားသိရ၍ ဝမ်းမြောက်ကြောင်း၊ တွေ့ကြုံလိုကြောင်းများကို စာပေးရမည် မြန်မာနိုင်ငံ ဝန်ကြီးချုပ် အမိန့်ကို နာခံပါရ၍၊ ယခု လပြည့်ကျော် ၈ ရက်နေ့ ညနေ မြန်မာနိုင်ငံ ဝန်ကြီးချုပ် အိမ်သို့ လာရောက်စေလိုကြောင်း။

---

မြန်မာနိုင်ငံခြားဝန်ကြီးက ရန်ကုန်မြို့ အရေးတော်ပိုင်
မဟာဝန်ရှင်တော်မင်းကြီးထံ ပြန်ပေးစာစု။

## ၃၉၂ မှတ် ပုရပိုက်ထွက်။

**၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့ [4]။**

အောက်မြစ်စဉ်ဝန်သို့ ပေးမှာစာ။

၁။ ။ နိုင်ငံတော်အတွင်း ဧရာဝတီမြစ်သွား သဘော်များမှာ ရာဇဝတ်ကြောင်း မကင်းသည့်လူ၊ ကုန်စည် ပါ မပါကို မင်းလှဆိပ်ကမ်းတွင် တစ်ကြိမ်၊ ဒဂုံမော်ဆိပ်ကမ်းတွင် တစ်ကြိမ် ကြည့်ရှုရမည် ဆင့်ဆိုသည်ကို အရာရှိ လူငယ်တို့ကို စေလွှတ်ကြည့်ရှုစေသည် ကြားသိရ၍ ကြည့်ရှုသူ အရာရှိတို့ ထိန်းသိမ်းရန် အချက်များကို ပို့လိုက်ကြောင်း။ ဆိပ်ကမ်းတစ်ဌာနတွင် စစ်ကဲတစ်ယောက်ကျ ထား၍ ပေးအပ်သည့်အချက်နှင့် ညီအောင် ဆင့်ဆိုကြည့်ရှုစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၂။ ။ ဧရာဝတီမြစ်သွား သဘော်များကို ကြည့်ရှုသည့် အရာရှိတို့ လိုက်နာရန် စည်းကမ်းအချက်။

(က) ထုံးစံဓလေ့ နားလည်၍ ကပ္ပိတန်တို့ ရိုသေထိုက်သူ လူကြီး။

(ခ) နှုတ်လက်စောင့်စည်းသူ လူငယ် ၃-၄ သာ ခေါ်ရန်။

(ဂ) လူကြီးမှာ ကပ္ပိတန်တို့နှင့် ယဉ်ကျေးဖွယ်ရာ ပြောရန်။

(ဃ) သဘော်တွင် ရာဇဝတ် ကင်းလွတ်လျှင် လက်မှတ်ပေးအပ် ထွက်စေရန်။

(င) ရာဇဝတ်မကင်းသည့်အရာ တွေ့ရှိလျှင် သိမ်းယူသင့်သည်၊ ထား၍ ထားသင့်သည်ကို လျှောက်ရန်။

---

၁။ ၈ ရက် ဖြစ်မည်။ ၂။ ၁၀ အောက်တိုဘာ ၁၈၈၅ ၃။ ၃၁ အောက်တိုဘာ ၁၈၈၅ ၄။ ၁၆ အောက်တိုဘာ ၁၈၇၉

(စ) သင်္ဘောသား၊ သင်္ဘောကပ္ပိတန်တို့က ပေးသည့် မီးခြစ် စသည်များကို လက်မခံရန်။
(ဆ) သင်္ဘောတွင် အဖိုးတန် မတန် ပစ္စည်းများကို အဝယ်အယူ မရှိရန်။
(ဇ) နောက်ကို ယူခဲ့ပါ မှာထားမရှိရန်။
(ဈ) မကိုင်သင့် မကိုင်ရာသည်ကို မကိုင်ရန်။
(ည) သူတစ်ပါးကို အရှိအသေပျက်အောင် မပြောမဆိုရန်။
(ဋ) ရာဇဝတ်မှုကို ကြည့်ရှုရသူ ဖြစ်သည် သဘောထားနှင့် သူတစ်ပါးတို့ စိတ်နလုံးငြိုငြင်အောင် မပြုမလုပ်ရန်။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့။

ရန်ကုန်မြို့ရှိ သူဌေး မဟာသီရိဘောဂသာရသို့ ပေးမှာစာ။

၃။ ။ ရန်ကုန် အရေးပိုင်ကြီးထံ ပေးရန် ရွှေမြို့ခေါ် သင်္ဘောကပ္ပိတန်တွင် ပေးအပ်လိုက်သည့် [အောက် (၄) မှတ်]ပါ စာကို သူဌေးကိုယ် သွားရောက်ပေးပို့၍၊ အရေးပိုင်ကြီးက ပြန်ပြောသည့် အကြောင်းအရာများကို မှတ်သား လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်ကြီးသို့ ပေးစာ (လက်ခံ)။

၄။ ။ မြို့တော်မှ အင်္ဂလိပ်အရေးပိုင်တို့ အစောင့်အရံ လူတို့ပါ ရှောင်တခင် ထွက်သွားကြ၍ ပြည်သူတို့ တွေးထင်မကင်း၊ နလုံးမသာ အရှောင်းအဝယ် လစ်လပ် ရှိကြသည်ကို စိတ်နလုံး ကြည်လင်ရွှင်လန်း ကူးသန်းသွားလာမြဲ ကူးသန်းသွားလာနိုင်၍ ၂ တိုင်း ၂ ပြည် ကြည်လင်ချမ်းသာစွာ ရာဇမဟာမိတ်အဖြစ် အထူးမြဲမြံခိုင်ခံ့အောင် အလိုရှိသည့်အဖြစ်ကို ထင်ရှားစေရန် သက်သေခံပြုပြီးလျှင် မဟာမိတ် လက္ခဏာနှင့်အညီ မြန်မာနေထွက်ဘုရင်မင်းမြတ်က သံတော်စေလွှတ်မည်ဖြစ်၍ အရေးပိုင်မင်းကြီး သိရန် စာပို့လိုက်ကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။

၁၈၇၉ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၅။ ။ ဝန်ရှင်တော်မင်းကြီး ပေးစာတွင် မြို့တော်ရှိ အင်္ဂလိပ်အရာရှိတို့ ရုတ်တရက် ထွက်သွားသည် ပါသည်မှာ ရုတ်တရက် မဟုတ်၊ အင်္ဂလိပ်အစိုးရမင်းတို့ စေစပ်ပြောဆို ပြန်လာသင့်သည်ဖြစ်၍ ပြန်လာကြောင်း။ ရောဝတီ ကုမ္ပဏီတို့ သင်္ဘော နိုင်ငံတော်အတွင်း သွားလာနိုင်အောင် ဥပဒေအချက် ပြုလုပ်မည် စာတွင် ပါသည်အရလည်း သင်္ဘောရှင်တို့သို့ ပြောဆိုမည့်အကြောင်း။ ၎င်းတို့ သင်္ဘော၊ အခြား အင်္ဂလိပ်သင်္ဘော သွားလာရန် ဥပဒေအချက်ကိုလည်း မဟာမိတ်စာချုပ်ကိုထောက်၍ ပြုလုပ်စေလိုကြောင်း။

၁၂၄၁ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၆။ ။ မြန်မာသံတော်တို့ကို ဘုရင်ခံမင်း အမိန့်အရ သရက်မြို့ အရေးပိုင်သို့ ဆင့်ဆို ရပ်ဆိုင်းစေကြောင်း။ ရပ်ဆိုင်းသည့်အတွင်းလည်း ကောင်းမွန်စွာ ပြုစုရမည် ဆင့်ဆိုရှိကြောင်း၊ ဘုရင်ခံထံက သံတော်တို့ အကြောင်းအရာ စာရောက်ကာလ ထပ်မံစာပေးမည့် အကြောင်း။

၁၂၄၁ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့။

၁၈၇၉ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၇။ ။ မဏိပူရမြို့၊ ကောင်ကန်ဌာနာစောင့် ကသည်း ၈ သေဆုံးမှုကို မြန်မာအစိုးရတို့က ပြီးပြတ်အောင် ပြုလုပ်ရန် မိုးလေးဌာနာသို့ အရာရှိ စေလွှတ်ရှိသည် ကြားသိရသည့်အတိုင်း ပြီးပြတ်အောင် ပြုလုပ်ပါမည့်အကြောင်း။ အင်္ဂလိပ် အစိုးရတို့က စောင်မကြည့်ရှုရသည့် မဏိပူရ မြို့ရွာနယ်မြေကို နိုင်ငံတော်နေ လူတို့ သည်ကဲ့သို့ နှောင်ကို နှောင့်ယှက်မရှိရအောင် ဆင့်ဆိုမည့်အကြောင်း။

---

၁။ ၁၆ အောက်တိုဘာ ၁၈၇၉ ၂။ ၂၉ အောက်တိုဘာ ၁၈၇၉

ငှင်းနေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၈။ ။ အနောက်ဘက် ကရင်နီ နယ်မြေများကို မြန်မာအစိုးရတို့ နှောင့်ယှက်သည် အိန္ဒိယ အစိုးရတို့ ကြားသိကြောင်း။ ၎င်းနယ်တွင် အင်္ဂလိပ် အစိုးရမင်းတို့ အကျိုးနှင့် စပ်သည့်အရာကို စောင့်ရှောက်ရာ၊ မြန်မာအစိုးရတို့က ၁၂၃၇ ခုနှစ် စာချုပ်နှင့် မညီဆို၍ အပြောအဆို မရှိ၊ ငြေ့စပ်အောင် ပြုလုပ်ပါမည့်အကြောင်း။

၁၂၄၁ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ မဏိပူရမြို့၊ ကောင်ကန်ဌာနာစောင့် လူသေဆုံးမှု စကားမှာ သတ်သူတို့ကို တပ်ရာမပြနိုင်၍ ရှည်ကြာရသည် တစ်ကြိမ်၊ ၎င်းအမှုကို ငွေ ၁၀၀၀ ပေးလျော်လျှင် ပြီးငြိမ်းမည် ကသည်းအရာရှိတို့ ခံဝန်လက်မှတ်ရေးထိုး၊ ငွေပေးဝင်ရှိပြီးမှ မပြီးနိုင်ပါ ထပ်မံလာရောက်၊ စာချုပ်ကို ဖောက်ပြန်ပြောဆိုရှိ၍ ရှည်ကြာရသည် တစ်ကြိမ် ဖြစ်သော်လည်း မဟာမိတ်လက္ခဏာနှင့်အညီ ၎င်းအမှုကို ပြီးပြတ်စေရန် မိုးလေးဌာနာသို့ အရာရှိတို့ကို စေလွှတ်ရှိကြောင်း။

၁၂၄၁ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အနောက်ဘက် ကရင်နီနယ်မြေကို ၁၂၃၇ ခုနှစ် စာချုပ်ဆိုပြီးနောက် မြန်မာအစိုးရတို့က နှောင့်ယှက်သည့် အရာ မရှိကြောင်း၊ အင်္ဂလိပ် အစိုးရတို့က ၎င်းနယ်မြေတွင် အင်္ဂလိပ်အစိုးရမင်းတို့ အကျိုးနှင့်စပ်သည့် အရာကို စောင့်ရှောက်ပြုလုပ်ရှိလျှင် စာချုပ်ကို အင်္ဂလိပ် အစိုးရတို့က စတင်ပယ်ဖျက်ရာ ရောက်သည် ဖြစ်၍ စာချုပ်အတိုင်းသာ တည်သင့်ကြောင်း။

၁၂၄၁ ခု။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ၁၂၂၉ ခုနှစ်၊ မဟာမိတ် စာချုပ်အရ ကုန်ဖိုးနှုန်း စာရင်းစာအုပ်ကို တင်ရင်ပေးပို့မြဲအတိုင်း ၁၂၄၂ ခုနှစ်အဖို့ ကုန်ဖိုးနှုန်း စာရင်းစာအုပ်ကို ပို့လိုက်ကြောင်း။

၁၂၄၁ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၂။ ။ ဝန်ထောက်တော် မြောင်လှမြို့စားကို အရေးပိုင်သံကြီး၊ ကိုယ်စားလှယ်တော်ကြီးတို့ ရသင့်ရထိုက်သော အခွင့်အရေး လွှဲအပ်ခြင်းများနှင့်တကွ အထူး သီးခြားထပ်မံ အရေးလွှဲအပ်ရှိ ခန့်ထားသည့်အတိုင်း နိုင်ငံတော်နှင့် အင်္ဂလိပ်နိုင်ငံ အရှည်သဖြင့် မဟာမိတ် မြဲမြဲခိုင်ခံ့ရန်၊ ၂ နိုင်ငံနေ ကုန်သည်ဆင်းရဲသားတို့ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်မှစ၍ မှူခွင့်ရေးရာ ပြောဆိုရန် ရှိသည်များကို မြန်မာသံတော်ကြီးနှင့် မဟာဝန်ရှင်တော်မင်းကြီးတို့ ၂ ဦး တွေ့ဆုံညှိနှိုင်း ပြောဆိုပြုလုပ်မည်ကို ယုံကြည်ကြောင်း။

---

## ၃၉၂-က မှတ် ပုရပိုက်ထွက်။

၁၂၄၁ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ စားပြ ငရွှေနကို စစ်မေးရာ၊ ပုသိမ်မြို့ ကျားကိုက်ချောင်းရွာ၊ ပေါင်တိုချောင်းရွာများတွင် မတိုက်မခိုက်ကြောင်း၊ ထောင်ဒဏ် ၅ နှစ် မခံရဖူးကြောင်း၊ တစ်ကျွန်းပို့ဒဏ် မခံရဖူးကြောင်း၊ ညီငလူမောင်တွင် ခိုးမှုရှိ၍ ပေးအပ်ရမည် ခေါ်သွားရာလမ်းက ထွက်လာ၊ နိုင်ငံတော် မင်းလှရွာတွင် နေထိုင်ကြောင်း ထွက်ဆိုချက်အရ သိသူ သက်သေနှင့် တိုက်ဆိုင်စစ်မေး မှန်ကန်မှ ငရွှေနကို ပေးအပ်သင့်သော်လည်း

---

၁။ ၁၄ ဇန်နဝါရီ ၁၈၈၀ ၂။ ၂၀ မတ် ၁၈၈၀

မဟာမိတ် ဖြစ်သည်နှင့်အညီ သရက်မြို့ အရေးပိုင်သို့ ပေးအပ်ရှိကြောင်း၊ ၎င်း စစ်မေးထွက်ချက် အကြောင်းအရာများကို စာပြန်မည့်အကြောင်း။

**၁၂၄၁ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်နေ့[1]။**

**၁၈၈၀၊ မတ်လ ၃၁ ရက်နေ့။**

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ။

၂။ ။ လွန်ခဲ့သည့် တပေါင်းလအတွင်း မဏိပူရနယ်ရှိ ရွာ ၁ ကို ကပေါ်နယ်က ချပ်စပ်ခေါ် ချင်းလူမျိုးတို့ ဝင်ရောက်မီးရှို့၊ လူ ၃ ကို ဖမ်းဆီးခေါ်သွားရှိ၍ မဏိပူရ မဟာရာဇာနှင့် အင်္ဂလိပ်မင်းတို့ ကတိစာချုပ်အတိုင်း ကူညီသင့်သည်အရ၎င်း ချင်းအကြီးအကဲတို့ထံ လက်သည်များကို တောင်းရန်၊ မရလျှင် ချီတက်တိုက်ခိုက်ရန် စာလူ စေလွှတ်တောင်းဆိုမည်ဖြစ်၍ မြန်မာအစိုးရမင်းတို့က အနှောင့်အယှက် မရှိမည့်အကြောင်း။

**၁၂၄၂ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့[2]။**

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ ကပေါ်နယ်က ချပ်စပ်ခေါ် လူမျိုးတို့အကြောင်းနှင့် ပေးစာကို ရကြောင်း။ ၎င်းစာပါ လူမျိုးတို့ အမည်သညာ နိုင်ငံတော်အတွင်း အထင်အရှား မရှိဖြစ်၍ နိုင်ငံတော် အဝင်ဖြစ်မည်၊ အပဖြစ်မည်ကို မသိနိုင်ကြောင်း။ နိုင်ငံတော် အဝင်ဖြစ်လျှင် မဟာမိတ်စာချုပ်အတိုင်းသာ ပြုလုပ်သင့်၍ သည်ကဲ့သို့ စာပေးရန် မရှိကြောင်း။ နိုင်ငံတော်အပ ဖြစ်လျှင်လည်း ၎င်းတို့ နိုင်ငံတော်အတွင်း ခိုဝင်မရှိရအောင် မဟာမိတ်လက္ခဏာနှင့်အညီ နိုင်ငံတော် နီးရံသည့် လမ်းပေါက်လမ်းဝများက စောင့်ရှောက်စေပြီးလျှင် ၎င်းအမှုအတွင်း မြန်မာအစိုးရမင်းတို့က နှောင့်ယှက်မရှိရအောင် သဘောထားမည်ဖြစ်၍ မည်သည့်ရွာ၊ မည်သည့်လူမျိုး ဖြစ်ကြောင်းကို စာပြန်မည့်အကြောင်း။

**၁၂၄၂ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့[2]။**

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ရွှေမြို့ခေါ် မီးသင်္ဘော ကပ္ပိတန်၊ မာလိန်၊ စက်ဆရာ၊ ခရာသီတို့နှင့် စုရတီလူမျိုး အီဗျာဟင်မာမတ်တို့ ခိုက်ရန်ဖြစ်ပွားမှု အကြောင်းနှင့် ၁၈၈၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက် နေ့စွဲပါ ပေးစာကို ရကြောင်း။ ၎င်းအမှုမှာ တလုပ်မြို့ဝန်မင်း စီရင်ရာ ၂ ဦး သဘောတူ လက်မှတ်ရေးထိုး ပြီးငြိမ်းကြပြီး အမှုဖြစ်၍ ထပ်မံစီရင်ရန် မရှိကြောင်း။

**၁၂၄၁ ခု၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့[3]။ (ရောက်)**

ပပ္ပကသီဟကျော်စွာဘွဲ့ခံ ကရင်နီစော်ဘွား ဘိုးပြားကလေးက လျှောက်စာလက်ခံ။

၅။ ။ အနောက်ကရင်နီနယ်မှာ ရှမ်းမြန်မာ လူမျိုးတို့ကဲ့သို့ ဖျပ်ဝပ်နွံနာ ယဉ်ကျေးသာယာ အကျိုးတော်ဖြစ်ထွန်းအောင် ထမ်းရွက်ပါမည့်အကြောင်းနှင့် ၁၂၃၅ ခု၊ ခမည်းတော်ဘုရားလက်ထက် သံတော်ဦးတင်ရာ၊ နံ့မယ်ခံကျော်ရွာတွင် တပ်တော် ချီတက်စွဲရပ်၊ ကျေးရွာပြုစု၊ ကျွန်တော်မျိုးနှင့် တိုင်ပင်စောင့်ထိန်း နေထိုင်သည့်အတွင်း ၁၂၃၇ ခုနှစ်၊ အသျှင်ဧကရာဇ်မင်းမြတ်နှင့် အိန္ဒိယဘုရင်ခံမင်းတို့ ကရင်နီနယ်ကို အလွတ်နေစေရမည် စာချုပ်ဆို၊ တပ်တော်ကို ရုပ်သိမ်း၊ ခိုရာမဲ့ဖြစ်ကြောင်း။ ၎င်းနယ်မြေ မည်သည့်အခါကမှ နယ်သီး မဟုတ်ကြောင်း၊ စာချုပ်သည်ကိုလည်း မသိ၊ ကုလားလူမျိုးတို့ ဆင့်ဆိုသည်ကိုလည်း မနာခံလိုကြောင်း။ သို့ဖြစ်၍ အထက် သိမ်းပိုက်မြဲ သိမ်းပိုက်တော်မူလျှင် အထက် ဓားပြတို့ တိုက်ရာပါ ဘဏ္ဍာတော်များကို ဆင့်ဆိုဆက်သစေပါမည့်အကြောင်း။ သိမ်းပိုက်တော်မမူလျှင် သနားတော်မူသည့် ရာထူး အစီးအနင်း အဆောင်အယောင်များကို နုတ်သိမ်းပြီးလျှင် သိမ်းပိုက်သူရှိရာ ဝင်ထွက်ထမ်းရွက်မည့်အကြောင်း။ ကန္တရဝတီ ငွေတောင်မြို့စားတို့နည်း ရှိခိုးလက်ဆောင်များနှင့် ဆင်းသွားရမည် ဆင့်ဆိုတော်မူလျှင်လည်း အကျိုးတော် မယုတ်မလျော့ပါစေရ၊ ဆင်းသွား ဆက်သပါမည့် အကြောင်း။

---

၁။ ၇ ရက် ဖြစ်မည်။ ၂။ ၁၉ မေ ၁၈၈၀ ၃။ ၅ မတ် ၁၈၈၀

၁၂၄၂ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အနောက်ကရင်နီ စော်ဘွား ဘိုးပြားကလေးက စိတ်သဘောဆန္ဒ ရှိသည့်အတိုင်း ရေးသား တံဆိပ်ခတ်မှတ် ပေးပို့လျှောက်ထားသည့် အကြောင်းကို အရေးပိုင်မင်းကြီး သိရန် [အထက် (၅) မှတ်] ပါ ရောက်ရင်း စာလက်ခံနှင့်တကွ ပေးပို့လိုက်ကြောင်း။

၁၂၄၁ ခု၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့[၂]။

ကွမ်းခန်းဗိုလ်၊ ညဝတီလမ်း ကင်းတပ်ဗိုလ်၊ မဲဇလီ ကင်းတပ်ရေးတို့က လျှောက်စာလက်ခံ။

၇။ ။ အမ်းချောင်းအရေးပိုင် ဆိုသူနှင့် အင်္ဂလိပ်ဗိုလ် ၁၊ ကုလား၊ ရခိုင် အမှုထမ်း လူ ၄၀ ကျော်တို့ စလင်းမြို့ စီရင်စု၊ ချင်း ၁၄ ရွာအဝင် ဖိုမုန်ညင်း ၉ ရွာသို့ လာရောက် ပန်းသုံးအလံ စိုက်မှတ်။ ရွာနေ ငစောင်၊ ငပောင်တို့ ခုတ်ဖြတ်ဖျက်ဆီးမှ ပြန်သွားကြောင်းသိရ၍ ထောက်လှမ်းစေပြီးလျှင် ထောက်လှမ်းစေသူတို့ ထွက်ချက်ကို တင်ပို့ကြောင်း။ စလင်းမြို့အနီး ခရီးတာ ၁၅၀၀ ကွာ ကူတိုရွာ၊ ပိန္နဲပင်ရွာများမှာ ဓားပြ အကြိမ်ကြိမ် တိုက်ခိုက်၊ မြို့ရုံးကလည်း ကြေးငွေ အတောင်းအယူ များပြား၍ ကျေးရွာနေလူတို့ မငြိမ်မဝပ် ထွက်ပြေးရှိကြပါကြောင်း။

၁၂၄၂ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ နိုင်ငံတော် နောက်မျက်နှာ စလင်းမြို့၊ ချင်း ၁၄ ရွာအဝင် ဖိုမုန်ညင်း ၉ ရွာသို့ အမ်းချောင်း အရေးပိုင် ဆိုသူနှင့် ဗိုလ် ၁၊ ကုလား၊ ရခိုင် အမှုထမ်း လူ ၄၀ ကျော်တို့ လာရောက် ပန်းသုံးအလံ စိုက်မှတ်ကြောင်းနှင့် [အထက် (၇) မှတ်ပါ အတိုင်း ကင်းတပ်ရေး ကင်းတပ်မှူးတို့က] လျှောက်ထား ကြားသိရသည့်အရာ သည် တိုင်းကြီးပြည်ကြီး ခလေ့ထုံးစံနှင့် မညီဖြစ်၍ နောင် သည်ကဲ့သို့ မဖြစ်ရအောင် ဆင့်ဆိုသင့်ရာ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၂ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲကျေးရွာတိုက် ဓားပြတို့ မြေထဲမြို့၊ လိမ်ပင်တောရွာနယ်အနီး တောအရပ်တွင် ခိုဝင်ရှိနေ၍ ဗိုလ်မင်း တပ်မင်းတို့ကို စေလွှတ်ဖမ်းဆီးစေကြောင်း။ ဓားပြတို့ ကျောက်တိုင်တောင်ဘက်သို့ ကူးဝင်လာလျှင် ၂ နိုင်ငံအကျိုးကို မြော်ထောက်၍ မဟာမိတ် လက္ခဏာနှင့်အညီ အထွက်အလွတ် မရှိ ရအောင် ဆင့်ဆိုသင့်ရာ ဆင့်ဆိုဖမ်းဆီးမည့် အကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲကျေးရွာတိုက် ဓားပြတို့အနက် ဖမ်းဆီးရမိသည့် မြန်မာ ၁၊ ဟိန္ဒူကုလား ၁ တို့ [အောက်ပါ (က)၊ (ခ) မှတ်အတိုင်း] အစစ်ခံထွက်ချက်ကို အရေးပိုင်မင်းကြီးသိရန် ပေးပို့လိုက်ကြောင်း။ ၎င်းတို့ ထွက်ချက်အတိုင်း မှန်လျှင် တိုင်းကြီးပြည်ကြီး ခလေ့ထုံးစံ မဟုတ်၍ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည့်အကြောင်း။

၁၂၄၂ ခု၊ နယုန်လပြည့်ကျော် ၄ ရက်နေ့။

ဖမ်းဆီးရမိသူ မြန်မာလူမျိုး ငကောက် အစစ်ခံချက်။

(က) ကျွန်တော် အာလံရွာနေ ဗိုလ်ခေါ်ခံ ငလူပုက ညောင်အုပ်စားအမှုကို ထမ်းရမည် ပြောဆိုခေါ်သွား ဆိုက်ရောက်ကာလ၊ သက်ငယ်မိုးတဲ ၂၅ ဆောက်လုပ်၍ ကတုတ် အခိုင်အခံ့ လုပ်ဆောင်၊ အလံဖြူနီ စိုက်ထူ၊ ခင်ကြီး ဗိုလ်ခေါ်ခံ ရဟန်းထွက်၊ ဇာဒိပ္ပိုလ်ခေါ်ခံ ငတေ၊ ၎င်းညီ ငဖိန်၊ ငခွါတောင်၊ ငလှိုင်၊ ရေနံကြီးရွာသူကြီး ငပိုက်၊ မန္တလေးခေါ် ငချိုတို့နှင့် ဗိုလ်ခေါ်ခံ လူ ၂၀ ကျော်တို့ အကြီးပြုလုပ်။

၁။ ၂၀ ဧပြီ ၁၈၀၀ ၂။ ၂၂ မတ် ၁၈၀၀ ၃။ ၃ ဇွန် ၁၈၀၀ ၄။ ၁၅ ဇွန် ၁၈၀၀

အောက်သားလူ ၂၀၀ ကျော် ၃၀၀ ခန့်၊ သေနတ် ၆၀၀ ကျော်၊ ဓားလှံကိုယ်စေ့များနှင့် စည်းကြပ်ရာသို့ အာလံ တရားမဝန်ထောက်၊ ရာဇဝတ်ဝန်ထောက်၊ ကြေးနန်းဗိုလ်ဆိုသူတို့ မင်းသား ဆိုသူထံ ၂ ကြိမ် လာရောက်၊ သေနတ် ၁၃ ပေးကမ်း၊ အရေးနိမ့်လျှင် ကျောက်တိုင်တောင်ဘက်သို့ လာပါ၊ ကူညီမည် ပြောဆိုပြန်သွားနောက်၊ တောင်ပွေရွာတွင် ဗိုလ်ငခွါတောင်၊ လိန်တောရွာတွင် ဗိုလ်ငပုတို့ကို အကြီးအမှူး ကင်းတပ်ထား၍ စောင့်နေစေသည့်အတွင်း မြင်ကွန်း ၃ မြို့ဝန် ဗိုလ်မင်း ရောက်ကြောင်းကို ထောက်လှမ်းသူ ဗိုလ်ခေါ်ခံ ငလှိုင်း၊ ငပိုက်တို့က ပြောဆိုပြီးနောက် ၎င်းလပြည့်ကျော် ၁၀ ရက်နေ့ တောင်ပွေရွာ၊ လိန်တောရွာရှိ ကင်းတပ် ၂ ပျက်ပြားဆုတ်ခွာ၊ ၎င်း ၁၁ ရက်နေ့ ခေါတင်တောတပ်ကို တိုက်ပြန်ရာ ဗိုလ်ခေါ်ခံ ဓာဒိပ္ပိုလ်ခေါ် ငတော၊ ငခွါတောင်၊ မန္တလေးခေါ် ငချို့တို့နှင့် လူပေါင်း ၂၀ ကျော်တို့ လက်နက် ထိခိုက်၊ ဗိုလ်ခေါ်ခံလူ ၁ ခေါင်းကို ဖြတ်လိုး၊ မခံမရပ်နိုင်၍ လက်နက် ထိခိုက်သူတို့ကို ကျောက်တိုင် တောင်ဘက်သို့ ယူငင်ထွက်ပြေးကြရာ ၃ မြို့ဝန်မင်း တပ်သားတို့ ဖမ်းဆီးစစ်မေး ခံရကြောင်း။

ဖမ်းဆီးရမိသူ ဟိန္ဒူကုလားလူမျိုး မေကူ အစစ်ခံချက်။

(ခ) ကျွန်တော်နှင့် အမာဆိန်၊ မေဟွန်တို့ ရန်ကုန်မြို့က မန္တလေးသို့ စီးပွားရှာရန် ထွက်လာ၊ အာလံမြို့သို့ ဆိုက်ရောက်၊ မန္တလေးခေါ် ငချို့နှင့် တွေ့ရှိ၊ ညောင်အုပ်စားငယ် အမှုကို ထမ်းရမည် ခေါ်ငင်လိုက်ပါ၊ ခေါတင်တောသို့ ဆိုက်ရောက်၊ မင်းသားဆိုသူနှင့် တွေ့ရှိ၊ မင်းသားဆိုသူက အမှုထမ်းရမည် ပြောဆို၊ ဓာဒိပ္ပိုလ်ခေါ် ငတော၊ မန္တလေးခေါ် ငချို့တို့ အကြီးပြုလုပ် စုရုံး၊ လူ ၂၀၀ ကျော် ၃၀၀ ခန့်၊ သေနတ် ၆၀၀ ကျော်၊ ဓားလှံ ကိုယ်စေ့များနှင့် သက်ငယ်တဲ ၂၅၊ ကတုတ် အခိုင်အခံ့တည်လုပ်၊ အလံဖြူနီ စိုက်ထူ နေထိုင်သည့်အတွင်း အာလံ တရားမဝန်ထောက်၊ ရာဇဝတ်ဝန်ထောက်၊ ကြေးနန်းဗိုလ်တို့ မင်းသား ဆိုသူထံ ၂ ကြိမ် လာရောက်၊ သေနတ် ၁၃၊ ငွေ ၁၂၀ဝိ ပေးကမ်း၊ အရေးနိမ့်လျှင် ကျောက်တိုင် တောင်ဘက်သို့ လာပါ၊ ကူညီမည် အားပေးပြောဆို ပြန်သွားနောက်၊ ၁၁ ရက်နေ့ မြင်ကွန်း ၃ မြို့ဝန်တပ် ချီတက်တိုက်ခိုက်၊ လူအများ လက်နက်ထိခိုက်၊ မခံမရပ်နိုင် ထွက်ပြေးကြရာ ၃ မြို့ဝန် တပ်သားတို့ ဖမ်းဆီးစစ်မေး ခံရကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ညောင်ရမ်းစားငယ်၊ ညောင်အုပ်စားငယ်တို့ကို စာပေးတောင်းရာ၊ ၎င်းတို့ နိုင်ငံတော်ကို အထိအပါး မရှိ ထိန်းသိမ်းရန် အရေးပိုင်မင်းရှောက စာပြန်ပေး။ ကတိရှိသည့်အတိုင်း ယုံကြည်ရှိနေသည့်အတွင်း ညောင်အုပ်စားငယ် ရန်ကုန်သို့ လာရောက်။ တောင်ငူ၊ အာလံ၊ သရက်မြို့နယ်များတွင် ရှိသည် ကြားသိရသည့်အချက်၊ မြန်မာသံတော်တို့နှင့် သရက်အရေးပိုင် တွေ့ကြုံရာ ညောင်အုပ်စားငယ် ခေါတင်တော အရပ်တွင် အမှန်ရှိသည် ပြောဆိုသည့် အချက်များကိုထောက်လျှင် မှန်သည် ယူရန်ရှိကြောင်း။ မှန်လျှင် အင်္ဂလိပ်အစိုးရတို့ မသိဘဲ လာနိုင်ရန် မရှိ၍ အင်္ဂလိပ်အစိုးရတို့တာဝန် အမှန်ဖြစ်မည် သဘောထား ပြီးလျှင် အရေးပိုင်မင်းရှော စာပြန်ပေး ကတိအတိုင်း သိမ်းပိုက်မည့်အကြောင်း။ ၎င်းသတင်းကို အစွဲပြု၍ ပြည်သူတို့ အရောင်းအဝယ် ပျက်လပ်၊ နှလုံးနှောင့်နှေး မရှိရအောင် ကျောက်တိုင်အနီး နိုင်ငံတော် ကျေးရွာများတွင် အစောင့်အရှောက် ထားကြောင်း။

---

## ၃၉၃ မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ ပထမဝါဆိုလဆန်း ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ရန့်ခေါ် စာပို့မီးသင်္ဘော အကြောင်းအရာမှာ စလေမြို့ဝန်နှင့် ကပ္ပိတန်တို့ စုံညီမေးမြန်း၍ စီရင်မည့်

၁။ ၁၅ ဇွန် ၁၈၈၀ ၂။ ၁၉ ဇွန် ၁၈၈၀

အကြောင်း။ ညောင်အုပ်စားပောင်း နိုင်ငံတော်ကို ထိပါးနှောင့်ယှက်လျှင် သိမ်းပိုက်ထားသူ တာဝန်ဖြစ်မည်ဖြစ်၍ ထိပါးမရှိရအောင် သိမ်းပိုက်မည့်အကြောင်း။

၁၂၄၂ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ရှန်ခေါ် သဘော်ကို တားဆီးဆိုသည့် အကြောင်းအရာမှာ ဆင်ပေါင်ဝဲ ကျေးရွာများတွင် ဓားပြတိုက်ခိုက် မငြိမ်မသက် စိုးရိမ်ရန်ရှိ၍ ရပ်ဆိုင်းစေကြောင်းနှင့် စလေမြို့ဝန်က လွှတ်တော်သို့ လျှောက်ထားသည့်နောက် ငြိမ်ဝပ်ရှိသည် ကြားသိရ၍ သဘော်နေ့ရက်မကြန့်ကြာရအောင် စလေမြို့ဝန်ကို ဆင့်ဆို စုန်သွားစေကြောင်း။ သည်ကဲ့သို့ ပြုလုပ်သည်နှင့် မြန်မာအစိုးရတို့က ကူညီစောင်မသင့်ရာ ကူညီစောင်မသည်ကို ဝမ်းမြောက်ကြောင်းနှင့် သဘော်ကုမ္ပဏီတို့က ပေးစာရကြောင်းကို မြို့တော်ရှိ သဘော်ကိုယ်စားလှယ်က ထင်ရှားပြောဆိုရှိကြောင်း။

၁၂၄၂ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၂]။

ပခန်းငယ်၊ စလေ၊ ကျောက်ရဲ ၃ မြို့ဝန် ထွက်ဆိုချက်။

(က) ရှန်ခေါ် မီးသဘော်ကို ဆိုက်ကပ်ရမည် မဆင့်မဆို၊ မြေထဲမြို့ ကျေးရွာတွင် ဓားပြတိုက်ခိုက် မငြိမ်မသက်ရှိသဖြင့် စိုးရိမ်၍ အလျောက်ဆိုက်ကပ်သည့်အရာ ဖြစ်ကြောင်း။ လက်နက်ကိုင်လူနှင့် သဘော်ပေါ်သို့ မတက်မရောက်၊ ကပ္ပိတန်က ပြောဆို၍သာ လက်နက်ကိုင်လူ ၁၅ ပေးအပ်စောင့်နေစေကြောင်း၊ သဘော်စက်အားပေးတံကို မတောင်းမယူကြောင်း။

၁၂၄၂ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ် ကျေးရွာတွင် တိုက်ခိုက်သည့် ဓားပြတို့အကြောင်းနှင့် အရေးပိုင်မင်းကြီး ပြန်ပေးစာတွင် ၎င်းဓားပြတို့ရှိရာ အင်္ဂလိပ် အရာရှိတို့ သွားရောက်ကူညီ ပြုလုပ်သည်ကို ဖမ်းဆီးရမိသူ ဓားပြတို့ ထွက်ချက်နှင့်တကွ ဝန်ရှင်တော်မင်းကြီး အထက်ပေးစာသည် အခြေအမြစ် မရှိကြောင်းနှင့် ပါသည်မှာ ၎င်းပေးစာသည် အကြောင်းမဲ့ မဟုတ်၊ ဖမ်းဆီးရ ဓားပြတို့ ထွက်ချက်ရှိ၍ ပေးသည့်စာ ဖြစ်ကြောင်း။

၁၂၄၂ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ တိုင်းပြည်နိုင်ငံ အုပ်စိုးပုံကို ဥပဒေ သေချာကောင်းမွန်စွာ ပြင်ဆင် ပြောင်းလဲရာ တိုင်းရေးပြည်မှုကို ၉ ဌာန ခွဲဝေသည်တွင် ကျွန်ုပ်မှာ နိုင်ငံမှု ဥပဒေများကို ရေးသားပြင်ဆင် ပြုလုပ်၍ ကျန် ၈ ဌာန အရာရှိတို့ကို စောင့်ရှောက်ရသည့် မှူးမတ်အသင်းတွင် အကြီးအချုပ် ခန့်ထားတော်မူကြောင်း။ ကျန် ၈ ဌာန အနက် သာသနာ၊ ပညာ၊ နိုင်ငံခြားမှုကို တစ်ဌာနထား၍ ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီးကို အကြီးအချုပ် ခန့်ထားတော်မူကြောင်း။

၁၂၄၂ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ်တွင် တိုက်ခိုက်သည့် ဓားပြတို့အကြောင်းကို ဆင်ခြင်လျှင် ညောင်အုပ်စားလည်း အင်္ဂလိပ်အစိုးရတို့ ထိန်းသိမ်းထားသူ ဖြစ်သည်တစ်ရပ်၊ ၎င်းနှင့် အပေါင်းပါလူတို့လည်း ကျောက်တိုင်တောင်ဘက်နေ လူတို့ချည်း ဖြစ်သည် တစ်ရပ်၊ ကြပ်ကြပ်တည်းတည်း စီရင်မည့်အကြောင်း၊ တိုက်ခိုက်ရာ ဆုံးပါးသည့်လူ၊ ပစ္စည်းစာရင်းကို ပို့လိုက်ကြောင်း။

မြေထဲမြို့ ကျေးရွာ တိုက်ရာပါပစ္စည်းနှင့် တိုက်ခိုက်ခံရသူ လူစာရင်း။

(က) ပစ္စည်းအဖိုးတန် ၅၅၈၀ဝိ-၇ မူး-၁ ပဲ၊ သေသူ ၉၊ ထိခိုက်ခံရသူ ၂၅။

၁။ ၂၄ ဇူလိုင် ၁၈၈၀ ၂။ ၂၂ ဇွန် ၁၈၈၀ ၃။ ၅ ဩဂုတ် ၁၈၈၀ ၄။ ၁၇ ဩဂုတ် ၁၈၈၀

ဓားပြဖမ်း အမှုထမ်းနှင့် ဖမ်းဆီးရာ ကုန်ကျရ လူစရိတ်၊ ခဲယမ်းစရိတ် စာရင်း။

(ခ) အမှုထမ်းလူ ၁၂၅၀။ စားစရိတ်၊ ခဲယမ်းစရိတ်ပါ ၉၈၅၅၀-၇ မူး-၁ ပဲ။

၁၂၄၂ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၁]။

[နိုင်ငံခြားဆိုင်ရာ ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီး
မင်းသတိုးမင်းကြီး သီရိမဟာမင်းခေါင်ဥဇနာက]

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ တိုင်းပြည်နိုင်ငံ အုပ်စိုးပုံကို ဥပဒေ သေချာခိုင်ခံ့ ကောင်းမွန်အောင် ပြင်ဆင်ပြောင်းလဲရာ တိုင်းရေးပြည်မှုကို ၉ ဌာန ခွဲဝေသည်တွင် ကျွန်ုပ်ကို သာသနာမှု၊ ပညာမှု၊ နိုင်ငံခြားမှုများကို ဆောင်ရွက်ရန် အကြီးအချုပ် တိုးတက်ခန့်ထား သူကောင်းပြုတော်မူကြောင်း။

---

## ၃၉၄ မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ရန်ခေါ် အစိုးရ စာပို့မီးသင်္ဘောကို ကျူးလွန်သည်ကို မည်ကဲ့သို့ ပြုမည်ကို သိလိုကြောင်းနှင့် စာပေးသည်မှာ နိုင်ငံတော်အတွင်း အင်္ဂလိပ်အစိုးရမင်းတို့ စာပို့သင်္ဘော အထူးအခြား သွားလာသည် မကြားမသိဖူးကြောင်း။ ရန်ခေါ် မီးသင်္ဘောကို တားဆီးမှုမှာ ၎င်းသင်္ဘောကပ္ပိတန် ပြောသည့်အရ စလေမြို့ဝန်က ကူညီရှိသည်ကို ဝမ်းမြောက်ကြောင်းနှင့် သင်္ဘောကုမ္ပဏီက ပေးစာကို ကိုယ်စားလှယ်က ရကြောင်း ထွက်ဆို ထင်ရှားရှိကြောင်း။ နောက်ကို သည်ကဲ့သို့ စောင်မရမည် ဆင့်ဆိုရှိသည်ကိုလည်း သင်္ဘောကုမ္ပဏီနှင့် ကိုယ်စားလှယ်တို့ ဝမ်းမြောက်ရှိကြောင်း။

၁၂၄၂ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ နိုင်ငံတော် အစွန်အဖျားမြို့နယ် ကျေးရွာများတွင် ဓားပြတိုက်ခိုက်မရှိ ငြိမ်သက်မည် ရှိနေသည့်အတွင်း နိုင်ငံတော် မြေထဲမြို့ အလယ်ရွာကို ကျောက်တိုင်တောင်ဘက်နေ ဗိုလ်ငသောင်၊ ဘိုးရှိန်၊ တွေး၊ တောက်ပု၊ ငချက်ကြီးတို့ ဝင်ရောက်တိုက်ခိုက်ကြောင်း။ ကျောက်တိုင်တောင်ဘက်နေ ဘုန်းကြီးဗိုလ်၊ ဗိုလ်ငဝိုက်၊ ငသိုက်၊ ဇောဒိပ္ပိုလ်၊ ခြေလိမ်ဗိုလ်၊ မေးတိုဗိုလ်တို့လည်း နိုင်ငံတော် အစွန်အဖျား မြို့ ကျေးရွာကို တိုက်ခိုက်မည် ကြံစည်ရှိသည် ကြားသိကြောင်း။ ၎င်းဗိုလ်တို့ ကျောက်တိုင်တောင်ဘက်တွင် အသိအထင် နေထိုင်သည့်အရာလည်း အင်္ဂလိပ်အစိုးရမင်းတို့ မသိမရှိတန်ဟု ထင်မှတ်ရှိ၍ ၎င်းတို့ကို ဖမ်းဆီးစီရင်မည့်အကြောင်း။

၁၈၈၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့။

၁၂၄၂ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့[၃]။

ပြည်မြို့ အရေးပိုင်က မြန်မာနိုင်ငံခြားဝန်ကြီးထံ ပေးစာ။

၃။ ။ မြန်မာလူမျိုး ငချစ်စရာတွင် တော်အောက်စုန် တံဆိပ်တုံး ၁ တွေ့ရှိ၊ သင်္ကာမကင်း၍ ချုပ်ထားရှိပါသောကြောင့် သင့်ရာ ဆင့်ဆိုမေးမြန်း စာပြန်မည့်အကြောင်း။

၁၂၄၂ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့[၄]။

ပြည်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ သစ်တောအစိုးရတို့ကို မေးရာ၊ ငချစ်စရာသို့ တော်အောက်စုန်တံဆိပ် မအပ်ဖူးကြောင်း ထွက်ဆိုရှိ၍ ၎င်းတံဆိပ်ကို အရေးပိုင်မင်း သိမ်းယူ၊ ငချစ်စရာကို စီရင်ပြီးလျှင် တံဆိပ်နှင့်တကွ မည်သို့စီရင်သည်ကို စာပြန်မည့်အကြောင်း။

---

၁။ ၁၇ ဩဂုတ် ၁၈၈၀ ၂။ ၂၁ စက်တင်ဘာ ၁၈၈၀ ၃။ ၂ ရက် ဖြစ်မည်။ ၄။ ၁၄ အောက်တိုဘာ ၁၈၈၀

ရာပြည့်စာအုပ်တိုက်

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ကျောက်တိုင်တောင်ဘက် စစ်ရွှေရွာတိုက် ဓားပြတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ စာပါ ငှင်းရွာတိုက် ဓားပြတို့အနက် သက်သေထွက်ချက်ပါ ငပုံ၊ ငသိုင်းတို့ နိုင်ငံတော် ပတိမ်းမြို့၊ တိုင်တား မြို့နယ် ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီးပို့အပ်ရမည် မြို့ရှင်နယ်ရှင် အကြီးအအုပ် အစိုးရတို့ကို ဆင့်ဆိုရှိကြောင်း။

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အင်္ဂလိပ်ပိုင် ဗိုလ်လုကုန်းရွာနှင့် ကျောက်တိုင်အကြား တောကွက်ရပ်တွင် ဓားပြတိုက်ခိုက်ခံရသူတို့ အကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည့်အရ၊ ဓားပြတိုက်ခံရသူ ဗိုလ်လုကုန်းရွာနေ ငဆိုး၊ ငထွန်းအောင်၊ ငအစ်မောင်တို့ တိုက်ရာပါ ပစ္စည်းများကို ရှာဖွေသွားရာ၊ မြန်မာအရာရှိ ဗိုလ်ခေါ်ခံ ငဇနီ ဆိုသူက ချုပ်ထားသည် ဆိုသည်ကို နေရာကျ မေးမြန်းလျှောက်ထားရမည် အောက်မြစ်စဥ်ဝန်သို့ ဆင့်ဆို မှာထားရှိကြောင်း။

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ နိုင်ငံတော်သို့ ကျွဲဝယ်လာသူ အင်္ဂလိပ် ကျွန်တော်မျိုး ငအောင်ကောင်းပါ လူ ၆ တို့ကို ချုပ်ထားမှု အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ စာပါ အကြောင်းအရာကို လျှောက်ထားရမည် မလွန်၊ သရက် ၂ မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ညောင်ရမ်းစား၊ ညောင်အုပ်စားတို့ကို အစောင့်အရှောက်နှင့်ထားရန်၊ ၎င်းတို့အလိုရှိရာ မသွားမလာရန်ကို မခံဝန်ကြောင်း၊ ညောင်အုပ်စားနှင့် အပေါင်းပါလူတွင် အင်္ဂလိပ် ကျွန်တော်မျိုးပါလျှင် ဓားပြတို့ကဲ့သို့ မစီရင်နိုင်ကြောင်းနှင့် အရေးပိုင်မင်းကြီး ပေးစာတွင် ပါသည်မှာ၊ မင်းသား ၂ ပါးကို အစွဲပြု၍ ၂ ဦး ၂ ဖက် မငြိုငြင်ရန် ကတိအတိုင်း တည်တံ့မည့်အကြောင်းနှင့် အထက် အရေးပိုင်မင်းရှေ့သို့ ပေးစာများကို ကြည့်ရှုလျှင် သိရန်ရှိကြောင်း၊ မင်းသား ၂ ပါးကို အကြောင်းပြု၍ တိုက်ခိုက်သည့် ဓားပြတို့ကို စီရင်၍ အထက်ပေးပို့သည့် စာရင်းပါ တိုက်ခိုက်ဆုံးပါးသည့် ပစ္စည်းများကို နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ်တွင် ဝင်ရောက်တိုက်ခိုက်သည့် ဓားပြများတွင် အင်္ဂလိပ် အရာရှိတို့ ပါဝင် ပြုလုပ်သည့် အကြောင်းအရာနှင့် အထက် ၂ ကြိမ် ပေးစာမှာ အကြောင်းမဲ့ပေးသည် မဟုတ်၊ ဖမ်းဆီးရ ဓားပြ ၂ တို့ ထွက်ချက် အခိုင်အမာနှင့်ဖြစ်၍ ရေးသားပေးပို့သည်ကို အခြေအမြစ်မရှိကြောင်းနှင့် အရေး ပိုင်မင်းက ပြန်စာပေးပို့ရန် မရှိကြောင်း။ ရာဇဝတ်မှုမှာ ဖမ်းဆီးရမိသူ ထွက်ချက်ကို အစွဲပြု၍ စီရင်မြဲ ဖြစ်သောကြောင့် ဖမ်းဆီးရမိသူ ၂ တို့ ထွက်ချက်ပါ လူတို့ကို နေရာကျ စီရင်မည့်အကြောင်း။

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ဘင်္ဂလားမြို့တွင် နေထိုင်ထမ်းရွက်စေသူ စာရေးတော်ကြီး မင်းမဟာမင်းလှသခ်ယာကို ပြန်ခေါ်ရန် နေ့ရက်စေ့ရောက်သည့်အတိုင်း သင့်ရာအရာရှိကို လဲလှယ်ခန့်ထား နေထိုင် ထမ်းရွက်စေမည်ဖြစ်၍ ပြန်ခေါ်သည့် အကြောင်းကို အရေးပိုင်မင်း သိရန် စာပို့ကြောင်း။

၁။ ၁၇ နိုဝင်ဘာ ၁၈၈၀

၁၂၄၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ မဏိပူရနယ်တွင် ချပ်စပ်ကူကစ်ခေါ် လူမျိုးတို့ တိုက်ခိုက်မှု အကြောင်းအရာနှင့် အရေးပိုင်မင်းက စာပို့ရောက်သည့်အရ သောင်သွပ်စော်ဘွားကို ဆင့်ဆိုမေးမြန်းဆဲ ရှိကြောင်း။

၁၂၄၂ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၂။ ။ မြေထဲမြို့၊ ပုဏ္ဏားရွာနေ ငစံထွန်းတို့ပိုင် နွားကို တိုက်ခိုက်ယူသူ ဓားပြ ငမိုး၊ ငလို၊ ငလင်းတို့ နိုင်ငံတော်ဘက်တွင် ခိုဝင်ရှိကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ၎င်းတို့ ခိုဝင်နေထိုင်ရာ မြို့ရွာ အသေအချာ မပါမရှိ၍ ထောက်လှမ်းရန် ခက်သော်လည်း ဝန်စုပါ မြို့ရွာများတွင် ခိုဝင်ရှိနေလျှင် ရမိအောင် ဖမ်းဆီးရမည်၊ မရှိ မနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည် အောက်မြစ်စဉ်ဝန်သို့ ဆင့်ဆို ရှိကြောင်း။

---

## ၃၈၅ မှတ် ပုရပိုက်ထွက်။

၁၂၄၂ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ နိုင်ငံတော်မှ ကျွဲဝယ်ယူသူ ငအောင်ကောင်းနှင့် အပေါင်းပါ လူ ၅ တို့ အကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည့်အရ အောက်မြစ်စဉ်ဝန်သို့ ဆင့်ဆိုမေးမြန်းရာ၊ ငအောင်ကောင်းတို့ ထုတ်ဆောင်သည့် ကျွဲ ၄၁ အနက် ၃၃ မှာ ၁ လျှင် ငွေ ၅ ကျ မတောင်းမယူပါ မကွေးမြို့ စစ်ကဲက ထွက်ဆို။ တောင်ခွင်မြို့သူကြီးကလည်း နိုင်ငံတော် ဥပဒေအရ ကျွဲ ၃၃ ကိုသာ သိမ်းယူပါသည် ထွက်ဆိုရှိကြောင်းကို ထွက်ချက်နှင့်တကွ အောက်မြစ်စဉ်ဝန်က လျှောက်ထားရှိကြောင်း။ ၎င်းတို့အမှုမှာ နိုင်ငံဥပဒေကြီးကို ကျူးလွန်မှု ဖြစ်၍ စီရင်ရန်မရှိကြောင်း၊ ငအောင်ကောင်းတို့ စရိတ် ပိုမိုကုန်ကျသည် ဆိုသည်မှာ ၎င်းတို့ကိုယ် မြို့တော်သို့ လာရောက် ရှင်းလင်းစေလျှင် စုံညီစစ်မေး စီရင်မည့်အကြောင်း။

၁၂၄၂ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ အာရမဏီလူမျိုး အစ်ဒွါဂါဂျစ်ကို ချုပ်ထားသည့် အကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည်မှာ၊ ၎င်းသည် နိုင်ငံတော် သုံးဆယ်မြို့ကို တိုက်ခိုက်သည့် ဓားပြအပေါင်းပါဖြစ်၍ အပြစ်အလျောက် ချုပ်ထားကြောင်း။

၁၂၄၂ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ ကျောက်တိုင်တောင်ဘက် စစ်ရွှေရွာတိုက် ဓားပြ ငပုံ၊ ငသိုင်း၊ ငပြစ်တို့ အကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည့်အရ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းကို ဆင့်ဆိုမေးမြန်းရာ၊ ၎င်းတို့ နိုင်ငံတော် ပတိမ်းမြို့၊ တိုင်တားမြို့နယ် ကျေးရွာများတွင် မရှိမနေကြောင်းကို ပတိမ်း၊ တိုင်တားမြို့သူကြီး မြို့စာရေးတို့ ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထား ရှိကြောင်း။

၁၂၄၂ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့[၄]။

သောင်သွပ်စော်ဘွား မေးချက်။

၄။ ။ ဘွားစုပါ ချင်းရွာ အကြီးအကဲတို့ကိုမေးရာ၊ မဏိပူရမြို့နယ်ရှိ ချင်ကဘိုရွာကို ချပ်စပ်ခေါ် လူမျိုးတို့နှင့် ပေါင်းသင်း၍ မတိုက်မခိုက်ဖူးပါ ထွက်ဆိုရှိကြောင်း၊ မဏိပူရက သောင်သွပ်နယ်သို့ ပြောင်းလာသည့် ချင်းတို့ကို ကသည်းအရာရှိတို့ အကြိမ်ကြိမ် လာရောက် ခြိမ်းခြောက်ပြုလုပ်ကြောင်း၊ ဘွားစုပါ တဆပ်

---

၁။ ၃ ဒီဇင်ဘာ ၁၈၈၀ ၂။ ၂၉ ဒီဇင်ဘာ ၁၈၈၀ ၃။ ၈ ဇန်နဝါရီ ၁၈၈၁ ၄။ ၁၇ ဇန်နဝါရီ ၁၈၈၁

ချင်းလူမျိုးတို့ကို တိုက်ခိုက်မည့် လူလက်နက် အများနှင့် လာရောက်သည့် ကသည်းအရာရှိတို့ကိုသာ တမူးမြို့ အတွင်းဝန်ချောင်းဆရာ ဦးဣန္ဒာဝရ ဆုံးမပြောဆိုသည်နှင့် ပြန်သွားကြကြောင်း။

၁၂၄၂ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ မဏိပူရနယ်တွင် တိုက်ခိုက်မှု အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ သောင်သွပ် စော်ဘွားကြီးသို့ ဆင့်ခေါ်မေးမြန်းရာ၊ အထက် [ (၄) မှတ်ပါအတိုင်း ] ထွက်ဆိုရှိကြောင်း၊ မဏိပူရ ကသည်းတို့ လူလက်နက်နှင့် နိုင်ငံတော် အစွန်အဖျားသို့ နောင် မလာမရောက်ရအောင် အရေးပိုင်မင်းကြီးက ဆင့်ဆိုမည့်အကြောင်း၊ မဏိပူရနယ်နေ ချင်းလူမျိုးတို့ အချင်းချင်း တိုက်ခိုက်ရာတွင် နိုင်ငံတော်နေ ချင်းလူမျိုးတို့ မပါမဝင်ရအောင် နယ်ရှင်တို့ကို ဆင့်ဆိုမည့် စော်ဘွားကြီးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ ဒဂုန်မော်က ရိုက်ကြားသည့် ကြေးနန်းအကြောင်းနှင့် အရေးပိုင်မင်းကြီးက စာပေးသည်ကို ဝမ်းမြောက်ကြောင်း၊ ဒဂုန်မော်က မြို့တော်ရောက် ကြေးနန်းမှစ၍ နိုင်ငံတော်အတွင်း သွယ်တန်းသည့် ကြေးနန်းကြိုးများကို အမြန်ပြီးပြေအောင် ပြင်ဆင်လုပ်ဆောင်စေ၍ နေ့ရက်မကြာ နေရာကျ ရိုက်ကြားနိုင်ရန်ရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ချုပ်ထားရာမှ သေနတ် ၅ ကို ခိုးယူထွက်ပြေးသူ သောအေး၊ ရွှေညှင်း၊ ဆေိုး၊ ကြောင်၊ ဇေ တို့ကို ထောက်လှမ်းချက်အရ နင်းကြမ်းဝန်ထံ တောင်းရာ၊ သေနတ် ၅ ကိုသာ ပြန်ပေး၊ သူခိုးတို့ကို မပေးမအပ်ရှိကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ၎င်းအမှု အကြောင်းအရာကို ၉ ခရိုင် အစိုးရကို မေးမြန်းဆဲရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်မင်း ပေးစာပါ ကျောက်တိုင်တောင်ဘက် ဗိုလ်လူးကုန်းရွာနေ ဓားပြတိုက်ခံရသူတို့ အကြောင်းကို မြေထဲမြို့ဝန်မင်းသို့ ဆင့်ဆိုမေးမြန်းရာ ငထွန်းအောင်၊ ငအစ်မောင်တို့ကို ချုပ်ထားဆိုသူ ဗိုလ်ခေါ်ခံ ငအေးနီ ဝန်စုပါ မြို့ရွာအတွင်း မရှိမနေကြောင်း။ တပ်တော်ရာ သူကြီးကလည်း မချုပ်မထား၊ ကျောက်မြောင်းရွာသူကြီးက ခံဝန်စားငွေ ၁၀ိ မရမယူ၊ အရေးပိုင်မင်း ပေးစာပါ လူ ၃ အနက် ငထွန်းအောင်၊ ငအစ်မောင်တို့လည်း ဓားပြတိုက်ခံရသူ မဟုတ်၊ ကျောက်တိုင်မြောက်ဘက် ကျောက်မြောင်းရွာနေ ငကျော်ထွန်း၊ ဆေိုး၊ ငမှုံတို့သာ ဗိုလ်လူးကုန်းဌာနာနှင့် လက်ပံစမ်း ဌာနာအကြား တောတွင် ဓားပြတိုက်ခိုက်ခံရကြောင်း။ ၎င်းအမှုလည်း မြို့ရုံးတွင် တိုက်ခိုက်ရာပါ နွားခြေရာ မထုတ်နိုင်သူ တိုင်ရှင်သူကြီးက ငွေ ၅၀ိ လျော်စေ ကောက်ယူစီရင်ပြီး ဖြစ်ကြောင်းများကို အသီးအသီး စစ်မေးချက်၊ ကောက်ယူ စီရင်ချက်များနှင့်တကွ မြေထဲမြို့ဝန်က တင်ပို့ လျှောက်ထားရှိကြောင်း။

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင်မင်း ပေးစာတွင် မဏိပူရမြို့နယ်တွင် နိုင်ငံတော်ဘက်နေ ချင်းလူမျိုးတို့ ထပ်မံဝင်ရောက် တိုက်ခိုက်မှုအကြောင်း၊ ကူဘူခေါ် နယ်နေ ချင်းတို့ မနှောင့်မယှက်ရအောင် ဆင့်ဆိုမည့် အကြောင်းများနှင့် ပါသည့်အရ၊ ကူဘူခေါ် နယ်မြေ နိုင်ငံတော် အဝင်အပါ ဖြစ်လျှင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည့် အကြောင်း။

---

၁။ ၂၆ ဇန်နဝါရီ ၁၈၈၁ ၂။ ၈ မတ် ၁၈၈၁ ၃။ ၂၀ မတ် ၁၈၈၁

၁၂၄၂ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ တောင်တွင်းကြီးမြို့ ရုံးတွင် အချုပ်ခံရသူ အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေရင်၊ ငရွှေထွန်း၊ ငရွှေတိုးတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ရွှေဓားစွဲဗိုလ်၊ တောင်တွင်းကြီးမြို့ ကြာနီကန်ရွာ သူကြီး ငထွန်းဦးကို မေးရာ၊ စာပါ လူတို့ကို ကျွန်တော် ခံဝန်နတ်ယူ၊ နေရင်းမြို့ ကျေးရွာသို့ ပြန်သွားကြကြောင်းနှင့် ထွက်ဆိုရှိကြောင်း။

၁၂၄၂ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ၁၂၄၃ ခုနှစ် အဖို့ ကောက်ခံရန် ကုန်နှုန်းစာရင်း စာအုပ်ကို မဟာမိတ် စာချုပ်အရ ပေးပို့မြဲ ပေးပို့လိုက်ကြောင်း။

---

## ၃၉၆ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ နိုင်ငံတော်ထွက် ထန်းလျက်ကုန်များကို တစ်ဦးတည်း ရောင်းချစေသည် ကြားသိ၍ ဟုတ် မဟုတ် သိလိုကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် အရောင်းအဝယ် ဆုတ်ယုတ်ရန်အချက်၊ မဟာမိတ် စာချုပ်နှင့် မညီ ရှိသည့် အချက်များကို စဉ်းစားမည့်အကြောင်းနှင့် ပါသည်မှာ အရောင်းအဝယ် ဆုတ်ယုတ်ရန်၊ မဟာမိတ်စာချုပ်နှင့် မညီရန်များကို ပြုလုပ်သည့်အရာ မရှိကြောင်း။ ရန်ကင်းတောင် သဘော်တွင် ထန်းလျက်ပို ၉၀ ကို ဆီးတားသည် ဆိုသည်မှာ ကုန်သည်တစ်ဦး လျှောက်ချက်အရ မေးမြန်းရန်ရှိ၍သာ တားဆီးသည့်အရာ ဖြစ်ကြောင်း။

၁၂၄၃ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ နိုင်ငံတော်ကို ထိပါးနှောင့်ယှက်သူ ညောင်ရမ်းစားဟောင်း၊ ညောင်အုပ်စားဟောင်းတို့နှင့် ၎င်းတို့ထံ သွားရောက် လက်နက်ကြေးငွေ ပေးကမ်း အားပေးကူညီပြုလုပ်သူ အာလံမြို့ တရားမဝန်ထောက်၊ ရာဇဝတ်ဝန်ထောက်၊ ကြေးနန်းဗိုလ် ဆိုသူတို့ကို မည်သို့ နေရာကျ ပြုလုပ်မည့် အကြောင်းအရာ စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ အရေးပိုင်မင်း ပေးစာပါ ကျောက်တိုင်တောင်ဘက် မြေထဲမြို့ ပုဏ္ဏားရွာနေ ငမှတ်၊ ငစံထွန်းတို့ပိုင် နွားများ ခိုးယူသူ ငလှိုင်၊ ငလင်း၊ ငမိုးတို့နှင့် နိုင်ငံတော် ဆင်ပေါင်ဝဲ၊ ရေမဲ့ညီစိရင်စု ကျေးရွာများတွင် အမည်တူ လူအများအပြား ရှိရန်ရှိ၍ ဖမ်းဆီးသာအောင် ၎င်းစီရင်စု၊ မည်သည့်ကျေးရွာ၊ မည်သူ့အိမ်တွင် တည်းခိုနေထိုင်သည်ကို တပ်ရာကျ ထပ်မံ စာပေးမည့်အကြောင်း။

၁၂၄၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်းထံ အထက်ပေးစာအရ ၉ ခရိုင်ဆိုင်ရာ ကင်းဝန်က ထောင်တွင် ချုပ်ထားသူတို့အနက် ငရွှေညွှန်းမှာ ထွက်ပြေး၊ သောအေးမှာ သေဆုံး၊ ငဆိုး၊ ကြေင်တို့မှာ အာဘဖြစ်သူက ခံဝန်နတ်ယူ၍ ပေးအပ်၊ ငစုမှာ ထောင်တွင် ရှိကြောင်းများနှင့် လျှောက်ထားရှိ၍ ငဆိုး၊ ကြေင်တို့ကို အလိုရှိလျှင်

---

၁။ ၂၀ မတ် ၁၈၈၁ ၂။ ၂၆ ဧပြီ ၁၈၈၁ ၃။ ၂၅ မေ ၁၈၈၁ ၄။ ၄ ဇွန် ၁၈၈၁

ကျောက်တိုင်တောင်ဘက်နေ ခံဝန်သူထံ တောင်းလျှင် ရမည်ဖြစ်ကြောင်း၊ ငစုကိုလည်း အင်္ဂလိပ် အစိုးရတို့က စာလူ စေလွှတ်တောင်းဆိုလျှင် ထည့်အပ်ရမည် ၎င်းဝန်သို့ ဆင့်ဆိုပြီးဖြစ်ကြောင်း။

၁၂၄၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ အထက်က လွှတ်တော်၊ တွဲဖက်ရုံးများတွင် ပြောဆိုကြသည့် ငကုလား၊ ငငြိမ်းတို့ ရေနံဖိုး ငွေမှုစကားနှင့် အရေးပိုင်မင်းကြီး ပေးစာအရ ငငြိမ်းသား ငဘိုးဆိုင်ကို မေးရာ၊ ကျွန်တော်ပိုင် ရေနံဖိုးငွေ ၈၀ဝိ ကျော်အနက် ငကုလားပိုင် ရေနံအနည်းငယ် ပါရှိသည်ကို စွဲ၍ တွဲဖက်ရုံး အရေးပိုင်ထံ ပြောဆို၊ ရေနံဖိုးရငွေများကို တိတ်တဆိတ်ယူသွားရှိ၍ လွှတ်တော်တွင် လျှောက်ထား၊ ဆိုင်ပြိုင်ပြောဆိုရာ ငကုလား နေရာကျ မပြောမဆို ကပ်ခိုပြုလုပ်နေသည့်အတွင်း အရေးပိုင်မင်းများလည်း ပြန်သွားရာ၊ ငကုလား လိုက်သွားသည်နှင့် ယခုတိုင် ရသင့် ရေနံဖိုးငွေများကို မရ ရပ်ဆိုင်းရကြောင်း ထွက်ဆိုရှိ၍ ငကုလား တစ်ဦးတစ်ယောက်တည်း မရမယူသင့်သည့်အတိုင်း ငကုလားကို စေလွှတ် စုံညီရှင်းလင်းစေလျှင် မဟာမိတ်လက္ခဏာနှင့်အညီ နေရာကျ စီရင်ဆုံးဖြတ်မည့် အကြောင်း။

၁၂၄၃ ခု၊ နယုန်လဆန်း ၈ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ ကျောက်တိုင်တောင်ဘက်က ရွှေမြို့တော်သို့ ရိုက်ကြားသည့် ကြေးနန်းစာ ၆၀ ခန့်ကို စာတိုက်တွင် ထည့်၍ ကျောက်တိုင်တောင်ဘက် နယ်ကြားခတ်ရုံသို့ ပို့ကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ကြေးနန်းအရာရှိ၊ ကြေးနန်းဆရာတို့ကို မေးရာ မည်သူမှ မထည့်မပို့ကြောင်းနှင့် ထွက်ဆိုရှိကြ၍ မည်သည့် နှစ် လ က၊ မည်သူ ဖြစ်သည်ကို ဆင့်ဆိုသာအောင် ထပ်မံ စာပေးမည့်အကြောင်း။ အဝမြို့ ခတ်ရုံနှင့် ကျောက်တိုင်တောင်ဘက် လက်ာခတ်ရုံ တိုက်ရိုက် ဆက်လက်ပြောဆိုရန်မှာ ၁၂၄၂ ခု၊ တပေါင်းလဆန်း ၉ ရက် နေ့စွဲနှင့် စာပေးပြီး ဖြစ်ကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ကျောက်တိုင်တောင်ဘက် ပုလိပ်အမှုထမ်း ငအောင်ကို သတ်ဖြတ်ထွက်ပြေးသူ ငလုံး မြင်းခြံရွာတွင် ခိုဝင်ရှိနေ၍ ဖမ်းဆီးမည့်အကြောင်းနှင့် အရေးပိုင်မင်း စာပေးသည်မှာ၊ ငလုံးနှင့် မြင်းခြံရွာတွင် အမည်တူ လူအများ ရှိရန်ရှိ၍ ဖမ်းဆီးသာအောင် မည်သည့်ရပ်ကွက်၊ မည်သူ့အိမ်တွင် တည်းခိုနေထိုင်သည်ကို ၎င်းရုပ်ပုံသဏ္ဌာန်နှင့်တကွ ထပ်မံစာပေးပို့လျှင် ထောက်လှမ်းဖမ်းဆီး စာပြန်မည့်အကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ကျောက်မြဇင်း သစ်တောက သစ်လုံးရေ ၈၂၀၀ ကို နိုင်ငံတော်က ဖြတ်၍ ထုတ်ယူရပါမည့် အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ထုတ်ယူစေရာ၊ နိုင်ငံဖြတ်အကောက် ယူသင့်သော်လည်း မဟာမိတ် ဖြစ်သည့် အတိုင်း နိုင်ငံဖြတ်အကောက် ကောက်ယူမရှိ ထုတ်ယူစေရမည် ၉ မြို့ဆိုင်ရာ မြေဒူးမြို့စား ကင်းဝန်သို့ ဆင့်ဆိုရှိကြောင်း။ ထုတ်ယူကာလ အင်္ဂလိပ် အစိုးရမင်းတို့ တံဆိပ်ခတ်နှိပ် မှတ်သား ထုတ်ယူမည့် အကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ မဏိပူရနယ်မြေကို နိုင်ငံတော်က နှောင့်ယှက်ကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ မဏိပူရနယ် ကျေးရွာများကို သောင်သွပ်မြို့နယ်တွင်နေ လူတို့ ဝင်ရောက်နှောင့်ယှက် မရှိရအောင် ဆင့်ဆိုရှိကြောင်း။ မဏိပူရနယ် အစွန်အဖျား ကျေးရွာများကို တိုက်ခိုက်သိမ်းယူမည် မြန်မာအစိုးရတို့က မကြံမစည်၊ စစ်သည်

---

၁။ ၄ ဇွန် ၁၈၈၁ ၂။ ၁ ဇူလိုင် ၁၈၈၁ ၃။ ၂၁ ဇူလိုင် ၁၈၈၁

ရဲမက်လည်း တစ်ဦးတစ်ယောက်မျှ သောင်သွပ်မြို့သို့ မစေမလွှတ်ဖြစ်၍ ၂ ဦး ၂ ဖက် ထင်မှားအောင် ကသည်းအရာရှိတို့ မဟုတ်မလျား ပြောဆိုစကားသာ ဖြစ်သည် ထင်ယူကြောင်း။ နိုင်ငံတော်နှင့် မဏိပူရ နယ်မြေ အပိုင်းအခြားမှာ ၁၁၉၅ ခုနှစ်၊ နှစ်ဖက်အစိုးရတို့ ပိုင်းခြားပြီး ဖြစ်သည့်အတိုင်း ယုံမှားရန်မရှိ၍ ထပ်မံပြုပြင်ရန် မရှိကြောင်း။ မဏိပူရနယ် အစွန်အဖျား ကျေးရွာများကို သောင်သွပ်မြို့နယ်နေ ကပေါ် ချင်းလူမျိုးတို့ ဝင်ရောက်နှောင့်ယှက် မရှိရအောင် ဆင့်ဆိုပြီးဖြစ်၍ သင့်ရာ မြန်မာအရာရှိကို အရေးလွှဲအပ် စေလွှတ်ရန် မရှိကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အရေးပိုင်မင်း ပေးစာပါ ကောင်ကန်ဌာနကို မီးရှို့မှု၊ ၎င်းအစောင့်လူ ၈ ကို သတ်ဖြတ်မှုမှာ ကသည်း အရာရှိ အောင်တားဆူပြီတာရာကဘ်ဂါလီရေး လျှောက်စာတွင် လူ ၈ သေဆုံးမှုကို ဆုံးဖြတ်ရန် ကသည်း အရာရှိတို့ သဘောကိုသိသူ တမူးမြို့ ဂိုဏ်းအုပ်ဆရာတော်နှင့် ၄ ခရိုင်၊ ရွှေ ၁၉ ရွာ၊ ဥရု ၁၀ ရွာ၊ မိုင်းခိုင်း မိုင်းညောင်း ၂ မြို့ဝန်တို့ လာရောက်စေလိုကြောင်း။ သည်ကဲ့သို့ လာရောက်၍ ၎င်းအမှု ပြီးပြတ်ကာလ ၂ မြို့ဝန်နှင့် ရွှေမျက်နှာတော်ကို အဖူးအမြော် လိုက်ပါလိုကြောင်းများနှင့် ပါသည်ဖြစ်၍၊ နိုင်ငံတော်နှင့် မဏိပူရနယ် ၂ နယ် တစ်နယ် ပေါင်းသင်း နေထိုင်ကြသည့် နယ်မြေချင်း ဖြစ်သည့်အတိုင်း ၎င်းအမှုကို ဂိုဏ်းအုပ်ဆရာ ဦးဣန္ဒာဝရနှင့် တိုင်ပင်ဆုံးဖြတ်စေရန် မိုင်းခိုင်း မိုင်းညောင်း ၂ မြို့ဝန်ကို တမူးမြို့ တပ်ဦး တော်သို့ စေလွှတ်ပြီ ဖြစ်ကြောင်း။

၁၂၄၃ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အရေးပိုင်မင်း ပေးစာတွင် ၁၈၇၈ ခု၊ ၇၉ နှစ်အတွင်း သောင်သွပ်နယ်နေ ကူကစ် လူမျိုးတို့ တံဂဟတ် ရွာကို တိုက်ခိုက်၊ ဥစ္စာပစ္စည်းကိုလည်း သိမ်းယူ၊ လူအများကို ဖမ်းဆီးခေါ်သွားကြောင်း။ ၁၈၈၀ ပြည့်နှစ် အတွင်း ၎င်းနယ်နေလူတို့ ချင်းစောက်ရွာကို မီးရှို့၊ လူ ၄၅ ကို သတ်ဖြတ်၊ လူ ၃ ကို ခေါ်သွားကြောင်း၊ ချောင်းဟွန်ရွာကို သောင်သွပ်စော်ဘွား အမိန့်နှင့် ခွန်ရုံလူမျိုးတို့ တိုက်ခိုက်ကြောင်း။ ၁၈၈၁ ခုနှစ်အတွင်း သောင်သွပ်နယ်နေလူတို့ ချတ်တစ်ရွာကို တိုက်ခိုက်၊ လူ ၂ ကို သတ်ဖြတ်၊ ချောင်ဟွန်ရွာတွင်လည်း တိုက်ခိုက်၊ လူ ၁၅ ကို ဖမ်းဆီးခေါ်သွား၊ မူးဝရွာတွင်လည်း တိုက်ခိုက်၊ လူ ၁၅ ကို သတ်ဖြတ်၍ လူ ၅ ကို ဖမ်းဆီးခေါ်သွားကြောင်း။ ခွန်တပ်ရွာ၊ ကူးချောင်းရွာများကိုလည်း တိုက်ခိုက်ကြောင်းများနှင့် ပါသည့် အရ သောင်သွပ်စော်ဘွားကြီးကိုယ် ဖြစ်စေ၊ အမတ်တို့ကို ဖြစ်စေ ဆင့်ခေါ် မေးမြန်းပြီးလျှင် အကြောင်း အရာကို စာပြန်မည့်အကြောင်း။

---

## ၃၉၇ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၂]။

ကြေးနန်းဆရာ ငကျီးညို ခံဝန်ချက်။

၁။ ။ ရွှေမြို့တော်မှ ဒဂုံမော် ဓာတ်ရုံတော်ရောက် ကြေးနန်း ကောင်းမွန်စွာ ပေါက်ရောက်ရှိ၍၊ ရွှေမြို့တော်နေ စက်ဆရာ ဘုံဘီလမ်းနှင့် အီတာလျံနိုင်ငံနေ ချိပါတီတို့ အပြန်အလှန်ရိုက် ကြေးနန်းစာ၊ ရွှေမြို့တော်နေ ကုန်သည်တို့နှင့် ကျောက်တိုင်တောင်ဘက်နေ ကုန်သည်တို့ အပြန်အလှန်ရိုက် ကြေးနန်းစာ အထင်အရှား ရှိကြောင်း။ ဓာတ်ရုံတော်တွင် အမ်းတောရိုက်ကြားရန် ငွေ မည်သည့်အခါမျှ မပြည့်မစုံ မရှိကြောင်း။ နောင် ကြေးနန်း မပေါက်မရောက်ကြောင်း၊ အမ်းတောရန် ငွေ မပြည့်မစုံ မအမ်းမတောနိုင်ကြောင်း လျှောက်ထား ကြားသိရလျှင် ရာဇဝတ်ပြစ်ဒဏ် ခံပါမည့်အကြောင်း။

---

၁။ ၂၁ ဇူလိုင် ၁၈၈၁    ၂။ ၃ ဩဂုတ် ၁၈၈၁

၁၂၄၃ ခု၊ ဝါခေါင်လဆန်း၊ ၁၂ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ဒဂုံမော် ဓာတ်ရုံတော်တွင် ကြေးငွေ မပြည့်မစုံ၍ ကြေးနန်း အရိုက်အပြော ပျက်လပ်ကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ကြေးနန်းဆရာ ငကျီးညိုကို မေးရာ၊ [အထက် (၁) မှတ်] အတိုင်း ခံဝန်ထွက်ဆိုရှိ၍ ကျောက်တိုင်တောင်ဘက်နှင့် မြောက်ဘက် ရိုက်ကြားရန် ကြေးနန်းများမှာ နေ့ရက်ကြန့်ကြာရန် မရှိကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ အရေးပိုင်မင်း ပေးစာပါ ဘုံဘီလန်းနှင့် ဓနက္ကရီတို့ကို ချုပ်ထားမှု အကြောင်းအရာမှာ အစိုးရမင်းတို့ တံဆိပ်လက်မှတ် မရဘဲ ဓား လက်နက်များကို ထုတ်ပေးကြောင်း ထင်ရှားသူ ပြင်သစ်လူမျိုး ဘုံဘီလန်းနှင့် အီတာလျံလူမျိုး ဓနက္ကရီတို့ကို နိုင်ငံဥပဒေအရ အပြစ်ကြီးစွာ စီရင်သင့်သော်လည်း မစီရင်၊ လွှတ်ကင်းချမ်းသာစေ အခွင့်ပေးတော်မူ၍ လွှတ်ငြိမ်းချမ်းသာ၊ အမှုတော်ကို ထမ်းရွက်မြဲ ထမ်းရွက် နေထိုင်ရကြောင်း။ သည်ကဲ့သို့ နေထိုင်ရသည်ကိုလည်း ၎င်းတို့ ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း။

၁၂၄၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ဧရာဝတီမြစ်ကြောင်း လှေနှင့် ကူးသန်းသည့် ကုန်သည်တို့မှာ ကွမ်းရွာဆိပ်ကမ်းက တစ်ဖန် လှေတစ်စင်းလျှင် ၂၊ ၃။ မင်းလှဆိပ်ကမ်းက တစ်ဖန် လှေတစ်စင်းလျှင် ၁၊ ၂၊ ၃၊ စသဖြင့် ကောက်ခံပေးဆောင်ရကြောင်း။ ငါးပိချိန် ၁၀၀၀၀ ကို ၁၅၀၀၀၊ ဆီထောပတ်ချိန် ၁၄၀၀ ကို ၁၅၀၀ ပြုလုပ် ကောက်ခံလေ့ရှိကြောင်း။ လှေပါ ကုန်များကိုလည်း တောင်း၍မရလျှင် အတင်း ယူငင်ကြောင်းများနှင့် အရေးပိုင်မင်းကြီး ပေးစာပါအရ ကွမ်းရွာဆိပ်ကမ်း၊ မင်းလှဆိပ်ကမ်း အကောက်အရာရှိတို့ကို မေးမြန်းရာ သည်ကဲ့သို့ မကောက်မခံ မတောင်းမယူ၊ ဥပဒေတော်အတိုင်းသာ ကောက်ခံပါကြောင်း ထွက်ဆိုသော်လည်း ၎င်းတို့ကို ကြပ်ကြပ်တည်းတည်း ထပ်မံ ဆင့်ဆိုရှိကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ အရေးပိုင်ကြီး ပေးစာပါ နိုင်ငံတော်နှင့် မဏိပူရနယ် အပိုင်းအခြားကို ထပ်မံသတ်မှတ်ရန် အကြောင်းမှာ ၁၁၉၅ ခုနှစ်၊ မဟာမိတ်စာချုပ် ဆိုသည်ကစ၍ ယခုတိုင် နယ်မြေမှုနှင့် ငြင်းပွား ပြောဆိုကြသည် မရှိ။ နယ်မြေ အပိုင်းအခြား ဆိုသည့်အရာလည်း မြစ်၊ ချေ၊ တောတောင်ကို အစွဲပြု၍ သတ်မှတ်သည်ထက် ထင်ရှားဖြစ်အောင် အထူးသတ်မှတ်နိုင်ရန် မရှိ။ မြန်မာ၊ အင်္ဂလိပ်၊ ကသည်း အစိုးရ ၃ ဦးလည်း နယ်ခြားမှုကြောင့် ငြင်းပွား ပြောဆိုကြရဖူးသည် မရှိဖြစ်၍ အထူးသတ်မှတ်ရန် မရှိကြောင်း။ သည်ကဲ့သို့ စာပေးလျက် သတ်မှတ်သော်လည်း အတည်ပြုနိုင်ရန် မရှိကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း ပေးစာပါ ပေါင်းတည်မြို့ ရွှေပန်းတော ရွာအနီး သစ်တောအလုပ် လုပ်ကိုင်သူ ငသာအောင်ကို သတ်သူ ငရွှေလယ် တောင်တွင်းကြီး ငမင်ရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီး ပို့အပ်ရမည် တောင်တွင်းကြီး အစိုးရသို့ မှာထားရှိကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ အရေးပိုင်မင်း ပေးစာပါ နွားခိုး ငလင်း၊ ရှမ်းငမိုး၊ ငလှိုင်တို့ ဆင်ပေါင်ဝဲ၊ ရေမဲညိုရွာတွင် ခိုဝင်ရှိနေလျှင် ဖမ်းဆီး ပို့အပ်ရမည် မြေထဲမြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

---

၁။ ၆ ဩဂုတ် ၁၈၈၁ ၂။ ၂၀ စက်တင်ဘာ ၁၈၈၁ ၃။ ၁၈ အောက်တိုဘာ ၁၈၈၁

၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်မင်း ပေးစာပါ ရွှေကျင်မြို့၊ ဥန္နပင်ရွာအနီးတွင် နိုင်ငံတော်ဘက်နေ လူ ၆ ကို သတ်ဖြတ် ထွက်ပြေး၊ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်က ဖမ်းဆီး ထောင်အကျဉ်းချထားသူ ငချစ်ပံ၊ ငဘူး၊ ငရှာကြီး၊ ငမြင့်တို့ကို နေရာကျ စစ်မေးစီရင်ရမည် တောင်ငူ ရမည်းသင်း ၉ မြို့ဆိုင်ရာ ကင်းဝန် မြေဒူးမြို့စားသို့ မှာထားရှိကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင်မင်း ပေးစာပါ ရှင်စောပုခေါ် သင်္ဘောတွင် အင်္ဂလိပ် အစိုးရတို့က ထည့်သူ အရာရှိ ဟာဒိန်နှင့် မြင်းခြံရွာ ကြေးနန်းဆရာ ငကွန်းတို့ ခိုက်ရန်ဖြစ်ပွားမှုကို ကောက်ယူစီရင်သူ သင်္ဘောဆိပ်အုပ် ရွှေမြို့တော် စာရေးကို မေးရာ၊ ဟာဒိန်က ပြသက်သေ စက်ဆရာ ဘင်နီကို ကျမ်းကျိန်ဆို စစ်မေးမည် ရှိသည့်အတွင်း သင်္ဘောစုန်သွား မစစ်မမေးရသေးကြောင်း ထွက်ဆိုရှိ၍ ဟာဒိန်နှင့် စက်ဆရာ ဘင်နီတို့ စုံညီ လာရောက် ကာလ၊ နေရာကျ စီရင်ပြုလုပ်မည့် အကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့[၂]။

အမေရိကန် ယူရေဝွေနိုင်ငံ၊ အော့တဝါမြို့နေ ချာလစ်အနွာစင်သို့ ပေးစာ။

၁၀။ ။ အမေရိကန်နိုင်ငံတွင် နိုင်ငံတော် ကိုယ်စားလှယ် ပြုလုပ်ထမ်းရွက်လိုကြောင်းနှင့် ချာလစ်အနွာစင် လျှောက်ချက်အရ မြန်မာ မှူးတော်မတ်တော်တို့က ဝမ်းမြောက်ကြောင်း၊ အနွာစင် ထမ်းရွက်လိုလျှင် ခန့်ထားသာအောင် အနွာစင်ကို ကိုယ်စားလှယ် ခန့်ထားသင့်ကြောင်းနှင့် ယူရေဝွေ နိုင်ငံခြားဝန်ကြီးက တံဆိပ်လက်မှတ်စာနှင့် ကျွန်ုပ်ထံ ပေးပို့အောင် အားထုတ်လိမ့်မည် ယုံကြည်စိတ်ချ ရှိကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အရေးပိုင်မင်း ပေးစာတွင် နိုင်ငံတော် ထွက်ကုန်များကို ကုန်တော်ပြုလုပ်၍ ကုန်သည်တို့ ငြိုငြင်ရှိကြောင်း၊ ၁၂၂၉ ခုနှစ် မဟာမိတ်စာချုပ်နှင့် ဆန့်ကျင်သည် ထင်ကြောင်းများနှင့် ပါသည်မှာ ၁၂၄၃ ခု တန်ခူး လဆုတ် ၁၃ ရက် နေ့စွဲနှင့် အရေးပိုင်မင်းထံ အထက်ပေးပြီးစာအတိုင်း မြန်မာအစိုးရတို့က သဘောထား ကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၂။ ။ နိုင်ငံတော်အတွင်း ဓာတ်ရုံတော်များတွင် ကြေးငွေ မလုံလောက်၊ ကြေးနန်းစာများလည်း မပေါက်မရောက် ကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင်ပါရှိ၊ အကြိမ်ကြိမ် ကြားသိရသောကြောင့် အထက်ခန့်ထား ထမ်းရွက်စေသည့် ကြေးနန်းအရာရှိတို့ကို နုတ်ပယ်၊ လဲလှယ်ခန့်ထားသည်ဖြစ်၍ ကြေးနန်းများမှာ ကောင်းမွန်စွာ ရိုက်ကြားနိုင်ရန် ရှိကြောင်း။

၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့[၃]။

သောင်သွပ်မြို့ ကျမိုင်းမင်းထင်ကျော်ခေါင် ထွက်ချက်။

၁၃။ ။ ၁၂၃၉ ခုနှစ်အတွင်း သောင်သွပ်နေလူတို့ ကောင်ကန်ဌာနကို မီးမရှို့၊ ၎င်းအစောင့် လူ ၈ ကိုလည်း မသတ်မဖြတ်၊ ဘွားစုပါ နယ်မြေတွင် ကူကစ်ခေါ် ချင်းလူမျိုး၊ ချွန်ရန်လူမျိုးတို့ မရှိမနေ။ ၁၂၄၂ ခုနှစ် အတွင်း မဏိပူရနယ်ဘက် ချင်းစောက်ရွာ၊ ချောင်းတွဲရွာ၊ ချပ်တစ်ရွာ၊ မှူးဝရွာ၊ ခွန်တပ်ရွာ၊ ကူချောင်းရွာ များကို ဘွားစုပါနယ်နေ ချင်းလူမျိုးတို့ မတိုက်မခိုက်၊ လူကိုလည်း မသတ်မဖြတ်၊ မဖမ်းမဆီး မခေါ်မယူ။ ကသည်းအရာရှိ မွေ့ရုံကွတ်နှင့် တံခွန်နိမ်တော်ခေါ် ချင်းအစိုးရ ငစံတို့ ၁၂၄၂ ခုနှစ်အတွင်း လူ လက်နက် ၆၀၀ ခန့်နှင့် ဘွားစုပါနယ်သို့ လာရောက်၊ ကောင်ကန်ချင်းရွာတွင် ချရပ်၊ အခွန်ပေးရမည်၊ မဏိပူရ

၁။ ၁၈ အောက်တိုဘာ ၁၈၈၁ ၂။ ၂၇ အောက်တိုဘာ ၁၈၈၁ ၃။ ၁၂ နိုဝင်ဘာ ၁၈၈၁

ဘက်သို့ ပြောင်းရမည်၊ မပေးမဆောင် မရွှေ့မပြောင်းလျှင် တိုက်မည် အကြိမ်ကြိမ် ခြိမ်းခြောက်ပြောဆို ပြုလုပ်ပြီးနောက် ၄၃ ခုနှစ်အတွင်း ကသည်းအရာရှိ ထန်ခန်းမြင်ဇော်ရော်၊ တော်ကယ်စံပါမြင်ဇော်ရော်တို့ လူလက်နက် ၃၀၀ ကျော်နှင့် ကောင်ကန်ချင်းရွာသို့ ထပ်မံ လာရောက်၊ ဘွားစုပါ တဆပ်ခေါင်ဆယ် ချင်းရွာအစိုးရ တိုဟူ ဆိုသူကို မဏိပူရသို့ မပြောင်းလျှင် တိုက်မည် အကြိမ်ကြိမ် ခြိမ်းခြောက်ပြောဆို ပြုလုပ်သောကြောင့် ချင်းအိမ်ခြေ ၅၀ ခန့် ကြောက်လန့် ထွက်ပြေး၊ ဘွားစု ကျေးရွာအများ ပျက်ပြား မငြိမ်မဝပ်ရှိကြောင်း။

၁၂၄၃ ခု၊ နတ်တော်လဆန်း ၂ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၄။ ။ နိုင်ငံတော် သောင်သွပ်နယ်နေ လူတို့ မဏိပူရဘက် ကျေးရွာများကို အကြိမ်ကြိမ် တိုက်ခိုက်သည်ဆိုသည့် အကြောင်းအရာနှင့် အရေးပိုင်မင်း ပေးစာအရ ဟုတ် မဟုတ်ကို သောင်သွပ်မြို့၊ ကျမိုင်းမင်းထင်ကျော်ခေါင် အမတ် မြို့စာရေးတို့ကို မေးမြန်းရာ၊ အထက် [ ၁၃ မှတ်ပါ ] အတိုင်း ထွက်ဆိုရှိ၍ ၎င်းထွက်ချက်ကို ပို့လိုက်ကြောင်း။ နောင် ကသည်းအရာရှိတို့ တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့်မညီ သည်ကဲ့သို့ မပြုမလုပ် ရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမှာထား၍ စာပြန်မည့်အကြောင်း။

---

## ၃၉၈ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်က နွားကို ခိုးယူ ထွက်ပြေးလာသည် ဆိုသူ ငလင်း၊ ရှမ်းငမိုး၊ ငလှိုတို့ အကြောင်းနှင့် အရေးပိုင်မင်းထံ အထက်ပေးစာအရ မြေထဲမြို့ဝန်သို့ ဆင့်ဆိုမေးမြန်းရာ၊ ရေမဲညိုရွာတွင် မည်သည့်အခါမှ ၎င်းလူတို့ မနေထိုင်ဖူးကြောင်းကို ရွာသူကြီးတို့ ထွက်ချက်နှင့်တကွ မြေထဲမြို့ဝန်က တင်ပို့လျှောက်ထား ရှိကြောင်း။

၁၂၄၃ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ နိုင်ငံတော်နှင့် မဏိပူရနယ်မြေ အပိုင်းအခြား ယုံမှားရှိသည့် နေရာများတွင် အသစ် ထပ်မံပိုင်းခြားသည်ကို ၂ ဖက်နယ် အစိုးရတို့နှင့် မြို့ရွာနေလူတို့ လေးနာလိမ့်မည့် မျှော်လင့်ကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ပါသည်မှာ၊ မြန်မာအစိုးရတို့က ၎င်းနှင့်စပ်၍ ၁၂၄၃ ခု၊ သီတင်းကျွတ်လဆုတ် ၁၁ ရက် နေ့စွဲနှင့် ပေးပို့ပြီး စာပါ စကားပြင် ထူးထွေပြုပြင် ပြောဆိုရန် မရှိကြောင်း။

၁၂၄၃ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ အရေးပိုင်မင်းက အင်္ဂလိပ်လူမျိုး ဟာဒိန်နှင့် ငကွန်းတို့ လက်ရောက်မှုတွင် ကောက်ချက်ပါ ဟာဒိန်သို့ လျော်ရန်ငွေကို ပေးလျော်ပြေငြိမ်းအောင် စောင်မမည့်အကြောင်းနှင့် စာပေးသည်မှာ မြန်မာ အစိုးရမင်း တို့က မည်သည့် ကျွန်တော်မျိုးဖြစ်သည် သဘောမထား၊ မည်သူမဆို တစ်ဦးနှင့်တစ်ဦး မသင့်မတင့် မှုခင်း ဖြစ်ပွားလျှင် ထိုက်သက်ရာ စီရင်ရသည့် ဥပဒေရှိသည့်အတိုင်း အမှုသည်တို့ စုံညီစစ်မေး စီရင်ရမှ နေရာကျရန် ရှိ၍ အထက်ပေးစာအတိုင်း ဟာဒိန်နှင့် စက်ဆရာ ဘင်နီတို့ စုံညီ လာရောက်ပြောဆိုကြကာလ၊ နေရာကျ စီရင်မည့်အကြောင်း။

၁၂၄၃ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့[4]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ အိန္ဒိယဘုရင်ခံမင်း ရန်ကုန်မြို့သို့ လာရောက်ရှိသည်ကို မဟာမိတ် လက္ခဏာနှင့်အညီ နှုတ်ခွန်းဆက်လက်

၁။ ၂၂ နိုဝင်ဘာ ၁၈၈၁ ၂။ ၁ ဒီဇင်ဘာ ၁၈၈၁ ၃။ ၁၇ ဒီဇင်ဘာ ၁၈၈၁ ၄။ ၂၁ ဒီဇင်ဘာ ၁၈၈၁

ရန် စေလွှတ်သည့် စာရေးကြီး မဟာမင်းထင်ကျော်သူကို ဘုရင်ခံထံ ဝင်ထွက်နိုင်အောင် စောင်မမည့် အကြောင်း။

(က) ဘုရင်ခံသို့ သနားတော်မူရန် လွန်းများပုဆိုး ၃၊ သားမွေးအင်္ကျီ ၂၊ လက်ဆောင်တော်စာရင်းနှင့် စေလွှတ်သူ အရာရှိ၊ လူငယ်တို့ လခစာရင်း။

၁၂၄၃ ခု၊ တပို့တွဲလဆန်း ၅ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ဘုရင်ခံမင်း ပြန်သွားသည်ဖြစ်၍ စေလွှတ်သူ အရာရှိနှင့် တွေ့ကြုံနှုတ်ခွန်းမဆက်လက်ရ ရှိသည်ကို နှမြောကြောင်း၊ သို့သော်လည်း စေလွှတ်သူကို အရေးပိုင်မင်းကြီးက ကောင်းမွန်စွာ လက်ခံသည်ကို ဝမ်းမြောက်ကြောင်း၊ စေလွှတ်သူကို အရေးပိုင်မင်းကြီးက နှုတ်ခွန်းဆက်လက် ပြောဆိုမှာထားလိုက်သည်ကို အမိန့်တော်ခံရာ နှစ်သက်တော်မူ၍ ဘုရင်ခံထံရောက် သံတော်စေလွှတ်မည် ကြံရည်တော်မူကြောင်း၊ ကြံရည်တော်မူသည့်အတိုင်း စေလွှတ်သည့်အခါ စောင်မသင့်ရာ စောင်မလိမ့်မည်ကို ယုံကြည်ကြောင်း။

၁၂၄၃ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့။

ဓာတ်လှေစီး ငမောင်ကလေး ခံဝန်ချက်။

၆။ ။ ရွှေဘွားတော်အောက်က ရန်ကုန်သို့ ၇ ရက်နှင့်အရောက် စာများကို ပေးပို့ပါမည်၊ ၎င်းရက်ထက် ကြန့်ကြာလျှင် ရာဇဝတ်အပြစ် ခံပါမည့်အကြောင်း။

၁၂၄၃ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ နိုင်ငံတော် နယ်မြေနှင့် မဏိပူရနယ်မြေ အပိုင်းအခြား အကြောင်းနှင့် အရေးပိုင်မင်း ပေးစာများအရ စာပြန်ပြီးနောက်၊ ယခု အင်္ဂလိပ်အစိုးရတို့က ၁၁၉၅ ခုနှစ် စာချုပ်နှင့် ပိုင်းခြားပြီး မရိန်းတောင်တန်း အရှေ့ဘက် သောင်သွပ်နယ် မင်းသမီးတောင်ခြေထိ လမ်းခုတ်ထွင်၊ ကျောက်စုကျောက်ပုံ အမှတ်အသား ပြုလုပ်သည်မှာ အလိုရှိရာ ပြုလုပ်သည် ထင်ကြောင်း၊ သို့ပြုလုပ်သည့် အရာများကို ရေခြားလိမ္မာသူကို စေလွှတ်ရုပ်သိမ်း၍ မြို့ရွာမထိတ်မလန့်စေရအောင် သိမ်းပိုက်ရမည် သောင်သွပ်စော်ဘွားသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၃ ခု၊ တပေါင်းလဆန်း ၈ ရက်နေ့။

အမိန့်တော် မှတ်သားချက်။

၈။ ။ အတွင်းဝန် ၄ ပါးတို့ အစုံအညီ နိုင်ငံတော်နယ်မြေ၊ မဏိပူရနယ်မြေနှင့်စပ်၍ သောင်သွပ်စော်ဘွားက ရောက်ရင်းစာ၊ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန်စာ၊ သောင်သွပ်စော်ဘွား အမတ်တို့သို့ ပေးရန်စာများကို အတွင်းဝန် ပုဂံမြို့စားက အမိန့်တော်ခံရာ သင့်ပြီပေးစေ အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရကြောင်း။

၁၂၄၄ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ ၁၂၄၄ ခုနှစ်အတွင်း ကောက်ခံရန် ကုန်နှုန်း စာရင်းစာအုပ်ကို မဟာမိတ် လက္ခဏာနှင့်အညီ ပေးပို့ကြောင်း။

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[4]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အရေးပိုင်မင်း ပေးစာပါ တောင်တွင်းကြီးမြို့ရုံးတွင် အင်္ဂလိပ် ကျွန်တော်မျိုး ငထိုက်၊ ငသိုက်တို့ အကျဉ်းချုပ်နှောင်ခံရမှု အကြောင်းအရာကို တောင်တွင်းကြီးမြို့ အစိုးရသို့ ဆင့်ဆိုမေးမြန်း၊ ၎င်းတို့က လျှောက်ထားသိသာကာလမှ စာပြန်မည့်အကြောင်း။

---

၁။ ၂၃ ဇန်နဝါရီ ၁၈၀၂ ၂။ ၂၅ ဖေဖော်ဝါရီ ၁၈၀၂ ၃။ ၁၇ ဧပြီ ၁၈၀၂ ၄။ ၄ မေ ၁၈၀၂

၁၂၄၄ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အရေးပိုင်မင်း ပေးစာပါ အင်္ဂလိပ် ကျွန်တော်မျိုး မောင်ဆောင်းနှင့် အပေါင်းပါ လူ ၄ တို့ကို နိုင်ငံတော် မြေထဲမြို့နယ်၊ ဝန်ကုန် ကင်းစောင့်အရာရှိတို့က ဖမ်းဆီးချုပ်နှောင်မှုကို မြေထဲမြို့ဝန်၊ ကင်းတော်စောင့် ဗိုလ်မင်း၊ တပ်မင်းတို့သို့ ဆင့်ဆိုမေးမြန်း၊ ၎င်းတို့က လျှောက်ထား သိသာကာလမှ စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ နယုန်လဆန်း ၁ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အရေးပိုင်မင်း ပေးစာတွင် တောင်ငူမြို့ သစ်တောထွက် သစ်လုံးရေ ၂၀၀၀ ခန့်ကို နိုင်ငံတော်ဘက်က စုန်မျှောလိုကြောင်းနှင့် ပါသည်မှာ၊ ဘုံဘိုင်ဘရမာ ကုမ္ပဏီ ကိုယ်စားလှယ်တို့က ဇွတ္တဝတ်သည် ကျောက်တိုင် တောင်ဘက် သစ်တောကို လုပ်ဆောင်ပြီးလျှင် ကျောက်တိုင် မြောက်ဘက်ရှိ သစ်များကို ခုတ်လုပ်၊ အင်္ဂလိပ်နယ်တွင်းသို့ စွတ်ဆွဲထုတ်ယူသည်ကို တပ်ရာတွေ့မိ၍ နိုင်ငံတော် တောင်ငူ ရမည်းသင်း အစိုးရ တို့ထံ လျှောက်ထားရပါကြောင်း။ ကျောက်တိုင်တောင်ဘက်က သစ်များကို နိုင်ငံတော်ဘက်က ချယူ စုန်မျှောလျှင် ကုန်သည်ကြီး ၂ ဦးတို့ သစ်ချင်း ရောယှက် နစ်နာရှိကြောင်းများနှင့် လျှောက်ထားရှိ၍ ၎င်းကုန်သည်ကြီးတို့ ၂ ဦး ၂ ဖက် နေရာကျရှိမှ ထုတ်ယူခွင့် ပြုနိုင်မည့်အကြောင်း ဘုံဘိုင်ဘရမာ ကိုယ်စားလှယ်တို့က လျှောက်ရင်း လျှောက်လွှာကိုလည်း သိသာရန် ပေးပို့လိုက်ကြောင်း။

---

## ၃၉၉ မှတ် ပုရပိုက်ထွက်။

၁၂၄၄ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ရွှေကျင်မြို့နယ်တွင် နိုင်ငံတော်နေ ငဘန်းကြီး၊ ငရွှေကွန်း၊ ငမြတ်စံ၊ ငရွှေသိုင်း၊ ငစံပြားတို့ကို မြန်မာ ကျွန်တော်မျိုး ငချစ်ပံ၊ ငဘူး၊ ငရှာကြီး၊ ငမြင့်တို့ သတ်ဖြတ်မှု အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ တောင်ငူ၊ ရမည်းသင်း အစိုးရသို့ ဆင့်ဆိုမေးမြန်းရာ၊ သေဆုံးသူ သားမယားတို့က ၎င်းလူ ၄ တို့ကို သက်သေမရင်ကြောင်းနှင့် လျှောက်ထားသည့်အရ စစ်မေး၊ မသတ်ရကြောင်း ထွက်ဆို၊ မရှင်းမလင်းရှိ၍ ချုပ်ထားသည့်အတွင်း ငမြင့်၊ ငချစ်ပံ၊ ငဘူးတို့ အချုပ်မှ ထွက်ပြေးကြောင်း လျှောက်ထားရှိ၍၊ ရမိအောင် ဖမ်းဆီး၍ မှန်လျှင် အမှုအလျောက် စီရင်ရမည် ထပ်မံဆင့်ဆို ရှိကြောင်း။

၁၂၄၄ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ပေါင်းတည်မြို့နယ်တွင် သစ်လုပ်သူ ငသာအောင်သို့ သတ်သူ ငရွှေလယ် အကြောင်းနှင့် အရေးပိုင်မင်းက ပေးစာအရ တောင်တွင်းကြီးမြို့အုပ် အခွန်ဝန်မင်းသို့ ဆင့်ဆိုမေးမြန်းရာ၊ ငရွှေလယ်ဆိုသူ ၎င်းနယ်တွင် မရှိမနေကြောင်းနှင့် နယ်ရှင်သွေးသောက်ကြီး၊ သူကြီးတို့ ထွက်ချက်များကို တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၄၄ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ နိုင်ငံတော်ဘက်သို့ နွားဝယ်လာသူ အင်္ဂလိပ် ကျွန်တော်မျိုး မောင်တိုက်၊ မောင်သိုက်တို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ တောင်တစ်ပြင် အခွန်ဝန် မဟာမင်းကျော်မင်းထင်ကို မေးရာ၊ ခွေးတောက်ကုန်း ရွာအုပ် ရွာခေါင်းတို့က ဓားလက်နက် စွဲကိုင်တွေ့ရှိ၊ မတူတာယူသူ ဖြစ်ကြောင်းနှင့် ဖမ်းဆီးပို့အပ်ရှိ၍ ချုပ်ထား မေးမြန်းကာလ၊ ကျွဲပေါ့ နွားပေါ့ အရှာလာရောက်ကြောင်း ထွက်ဆို မကွဲမပြားရှိသည့်အတွင်း မြေထဲမြို့ အရေးပိုင်က တောင်းဆိုရှိ၍ ထည့်အပ်လိုက်ကြောင်း။ ၎င်းတို့ထံက ကြေးငွေကို လျှပ်ဖြတ်

---

၁။ ၄ မေ ၁၈၀၂ ၂။ ၁၇ မေ ၁၈၀၂ ၃။ ၂၈ မေ ၁၈၀၂

တောင်းခံ သိမ်းယူမရှိကြောင်း ထွက်ဆိုသော်လည်း ငွေသိမ်းယူမှုမှာ ပေးသူ ယူသူ ၂ ဦး စုံညီမေးမြန်း ရှင်းလင်းရမှ နေရာကျမည်ဖြစ်၍ မောင်သိုက်တို့ကို အရေးပိုင်မင်းက ရွှေမြို့တော်သို့ စေလွှတ်၊ လာရောက်ကာလ စုံညီမေးမြန်း၍ ထိုက်သက်ရာ စီရင်မည့်အကြောင်း။

၁၂၄၄ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်နေ မောင်ဆောင်းနှင့်အပေါင်းပါလူ ၄ တို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ဝန်ကုန်း ကင်းတော်စောင့် အကြီးအကြပ်နှင့် ကင်းတော်စောင့် အမှုထမ်းတို့ကို မေးရာ မချုပ်မနှောင်ရကြောင်း၊ ကြေးငွေ မတောင်းမယူရကြောင်း ထွက်ဆိုရှိသော်လည်း ကြေးငွေတောင်းသည်ဆိုသူ၊ ပေးရသည်ဆိုသူ ၂ ဦး စုံညီမေးမြန်း စီရင်ရမှ နေရာကျရှိမည် ဖြစ်သောကြောင့် အမှုသည်တို့ကို အရေးပိုင်မင်းက ရွှေမြို့တော်သို့ စေလွှတ်၊ လာရောက်ကာလ မေးမြန်း၍ ထိုက်သက်မှန်ကန်ရာ စီရင်မည့် အကြောင်း။

၁၂၄၄ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ မင်းတပ်မြို့သူကြီး မောင်ဆွဲ အကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည်မှာ ၎င်းသူကြီးကို အရေးပိုင်မင်း အထက်ပေးစာအရ ရွှေမြို့တော်တွင် ခေါ်ယူနေထိုင်စေသည့်အတွင်း၊ ၎င်းသူကြီးက ဘမိတို့ မကျန်းမာသည့်အခါ သွားရောက်ပြုစုရန် လျှောက်ချက်အရ လွှတ်တော်အမိန့်နှင့် ပြန်သွားစေသည့်အရာ ဖြစ်ကြောင်း၊ ၎င်းကိုလည်း ရပ်ရွာတွင် အမြဲ နေထိုင်စေသည့်အရာ မဟုတ်ကြောင်း။

၁၂၄၄ ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း ပေးစာပါ သိုးဆောင်း မိန်းမတို့ကို ရိုက်နှက်၊ အကျဉ်းချထား၊ အဝေးမြေသို့ ပို့ကြောင်းစကားမှာ အရမဏီမျိုး အပါအဝင် မိပုလဲသည် ကျွန်တော်မျိုးမအဖြစ် ထမ်းရွက်ပြီးလျှင် ပြုစုတော်မူသည့် ကျေးဇူး သစ္စာတော်မြတ်ကို မထောက်၊ နိုင်ငံထုံးစံ ဥပဒေကို မကြောက်၊ တိုင်းပြည် တုန်လှုပ်ချောက်ချားဖွယ် မတန်မရာ ပြောဆိုပြုလုပ်သူဖြစ်၍ သေဒဏ်ထိုက်သော်လည်း မစီရင်ဘဲ အဝေးမြို့သို့ ပို့ထားစီရင်ကြောင်း။ သည်ကဲ့သို့ ပြုလုပ်သူကို နိုင်ငံတကာ စီရင်မြဲထုံးစံနှင့်အညီ စီရင်သည့်အခါ ဖြစ်သောကြောင့် မြန်မာမင်းနှင့် အင်္ဂလိပ်မင်းတို့ ယခုပြောဆိုဆဲ မဟာမိတ် အရေးအရာစကားတွင် ခဲခက်အောင် အင်္ဂလိပ်အစိုးရတို့က ပြုလုပ်လိမ့်မည် ထင်မှတ်ရန် မရှိကြောင်း။

၁၂၄၄ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ နိုင်ငံတော် တောင်တွင်းကြီးမြို့၊ မြေထဲမြို့၊ ပဋ္ဋနဂိုမြို့ နယ်မြေ အစွန်အဖျား ကျေးရွာများတွင် အကြိမ်ကြိမ်ဝင်ရောက် တိုက်ခိုက်သူတို့ကို ထောက်လှမ်းရာ ပြည်မြို့နယ် ထောက်ကြံ့ကွင်းရွာနေ သူတော်၊ ပေါင်းတည်မြို့နေ ငရွှေစိုးတို့နှင့် အပေါင်းပါလူ ၂၅ တို့ တိုက်ခိုက်ကြောင်းနှင့် တောင်တွင်းကြီးမြို့ဝန်က စာရင်းတင်ပေး လျှောက်ထားရှိ၍၊ စာရင်းပါ ဓားပြတို့ကို ထောက်လှမ်းဖမ်းဆီး စီရင်ပြီးလျှင် အကြောင်းအရာကို စာပြန်မည့် အကြောင်း၊ ထောက်လှမ်းသာအောင် ဓားပြတို့ စာရင်းကိုလည်း ပေးပို့ကြောင်း။

(က) ဓားပြ လူ ၂၅ အမည်စာရင်း။

၁၂၄၄ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ကျောက်တိုင်တောင်ဘက်၊ အမ်းမြို့ စီရင်စု၊ အုတ်ရွာတွင် တိုက်ခိုက်သူ ဓားပြတို့အနက် ငရောက်၊ ငလင်းတို့ နိုင်ငံတော် တိုင်တားမြို့နယ်တွင် ခိုဝင်ရှိနေကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ငလင်း၊

---

၁။ ၂၉ မေ ၁၈၈၂ ၂။ ၅ ဇွန် ၁၈၈၂ ၃။ ၁ ဩဂုတ် ၁၈၈၂ ၄။ ၂၅ ဩဂုတ် ၁၈၈၂

ငရောက်တို့ စာပါ တိုင်တားမြို့နယ်တွင် ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီးပို့အပ်ရမည် မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်မင်း မင်းလှမင်းခေါင်သို့ ဆင့်ဆိုရှိကြောင်း၊ ၎င်းက လျှောက်ထား ကြားသိရ ကာလ စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်၊ အမ်းဒလက်နှင့် ဝါးတပ် ကင်းအကြား သရွတ်အရပ်တွင် ကုန်သည်တို့ကို တိုက်ခိုက်သူ ဓားပြ ငဝဲနှင့် အပေါင်းပါလူတို့ ပတိမ်းမြို့လမ်း နိုင်ငံတော်ဘက်သို့ ကူးသွားကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ ၎င်းဓားပြတို့ စာပါ နိုင်ငံတော်ဘက် မြို့ရွာများသို့ လာရောက်ခိုဝင် နေထိုင် ရှိလျှင် မထွက်မလွတ်စေရ ရမိအောင် ဖမ်းဆီးပို့အပ်ရမည် အောက်မြစ်စဉ် မြို့ရွာအစိုးရမင်း၊ မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ရွာအစိုးရမင်းတို့သို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၂]။

မလွန်၊ သရက် ၂ မြို့ဝန်သို့ ပေးမှာစာ။

[က]။ ။ အမ်းဒလက်နှင့် ဝါးတပ် ကင်းအကြားတွင် တိုက်ခိုက်သည့် ဓားပြ ငဝဲနှင့် အပေါင်းပါလူတို့ နိုင်ငံတော်ဘက်သို့ ကူးသွားကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ ၎င်းလူတို့ ထိန်းအုပ်စု မြို့ရွာနယ်မြေအတွင်း လာရောက်ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ ရမိလျှင် ရမိသည့် အကြောင်းအရာ၊ မရှိမနေလျှင်လည်း မရှိမနေသည့် အကြောင်းအရာများကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့[၂]။

မင်းတုန်း တောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

[ခ]။ ။ အင်္ဂလိပ် အရေးပိုင်က အမ်းမြို့၊ ဘုတ်ရွာတွင် တိုက်ခိုက်သည့် ဓားပြ ငလင်း၊ ငရောက်တို့ တိုင်တားမြို့ ကျင်းနီ ရွာတွင် ခိုဝင်ရှိနေကြောင်းနှင့် စာပို့ရောက်ရှိ၍ စာပါလူတို့ လာရောက်ခိုဝင်ရှိနေလျှင် မထွက် မလွတ်စေရ ဖမ်းဆီးပို့လာရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားမည့် အကြောင်း။

---

## ၄၀၀ မှတ် ပုရပိုက်ထွက်။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်တွင် ခိုးမှုနှင့် အကျဉ်းအချုပ် ချထားသည့်အတွင်း သက်သေခံစေရန်ရှိ၍ ခေါ်လာရာ၊ လမ်းခရီး ထွက်ပြေးသူ ပုလိပ်စာဇင် တေတ်ပေါ် အကြောင်းကို ၎င်းပုံစံနှင့်တကွ အရေးပိုင် မင်းက စာပို့ရောက်သည့်အရ၊ စာပါ တေတ်ပေါ် ဆိုသူ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ် ကျေးရွာသို့ လာရောက်ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ ထောက်လှမ်းဖမ်းဆီး ချုပ်ထားရမည်၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည် မလွန်၊ သရက် ၂ မြို့ဝန်သို့ တေတ်ပေါ် ပုံစံနှင့်တကွ ပေးအပ် ဆင့်ဆိုရှိကြောင်း။ ၎င်းက လျှောက်ထား ကြားသိရကာလ စာပြန်မည့်အကြောင်း။

တေတ်ပေါ် ပုံစံ။

(က) အသားဖြူ၊ မင်ကြောင်ဆေးနီရှိ၊ ကျောက်ပေါက်မာရှိ၊ ခေါင်းတုံး၊ နှာချွန်၊ ၎င်းဆွေမျိုး ကျောက်တိုင် တောင်ဘက် ပုဏ္ဏားရွာ၊ ရေနံကြီးရွာများမှာ ရှိ၊ နွားခိုးမှု။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ နိုင်ငံတော် မလွန်မြို့နယ်တွင် တိုက်ခိုက်သူ ဓားပြ ငကျဲ နိုင်ငံတော်နေဖြစ်၍ ပေးအပ်လိုကြောင်းနှင့်

---

၁။ ၂၅ ဩဂုတ် ၁၈၈၂ ၂။ ၁၈ စက်တင်ဘာ ၁၈၈၂ ၃။ ၂၀ စက်တင်ဘာ ၁၈၈၂

အရေးပိုင်မင်း ပေးစာအရ မလွန်၊ သရက် ၂ မြို့ဝန်သို့ ဆင့်ဆိုမေးမြန်းရာ ဓားပြ ငကျွဲ ဆိုသူသည် နိုင်ငံတော်တွင် အိုးအိမ် အတည်အတံ့နှင့် နေထိုင်သူ မဟုတ်ကြောင်း လျှောက်ထားရှိ၍ ငကျွဲ ဆိုသူကို နိုင်ငံတော်နေ ဖြစ်သည် ထင်မှတ်နိုင်ရန် မရှိကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ ငချို ဆိုသူ နိုင်ငံတော်အတွင်း အမှုအလျောက် အကျဉ်းအချုပ်ထားရာမှ ကျောက်တိုင်တောင်ဘက် ဝန်ကွဲတောင်ရွာသို့ ထွက်ပြေး နေထိုင်ရှိသည့်အတွင်း နိုင်ငံတော် လေးတူးကွဲ ရွာသူကြီးနှင့် ရွာနေလူတို့ အတင်းဝင်ရောက် ခေါ်သွားကြောင်းနှင့် အရေးပိုင်းမင်း ပေးစာရ စာပါအတိုင်း အတင်းခေါ်ယူသည် မခေါ်ယူသည်ကို မေးမြန်း၍ ၎င်းသူကြီးတို့ ထွက်ချက်များကို တင်ပို့လျှောက်ထားရမည့်အကြောင်းနှင့် အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း။ ၎င်းက လျှောက်ထား ကြားသိရကာလ စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောက်တိုင်မြောက်ဘက်တွင် နွားဝယ်ယူ ပြန်လာသူ ကျောက်တိုင်တောင်ဘက် အောင်မြင်ကုန်းရွာနေ ငလူပု၊ ငဖြူတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ စာပါ ငလူပု၊ ငဖြူတို့ နွားဝယ်ယူပြန်လာ။ လက်ယက်ရွာသို့ ရောက်ကာလ ၎င်းရွာသူကြီးနှင့် ရွာနေလူတို့က ဖမ်းဆီးချည်နှောင်၊ ချုပ်ထားပြီးလျှင် ကြေးငွေတောင်းယူသည် မတောင်းယူသည်များကို မေးမြန်း၍ မေးချက် ထွက်ချက်များကို တင်ပို့ လျှောက်ထားလိုက်ရမည် လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း။ ၎င်းက လျှောက်ထား ကြားသိရကာလ စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့[၂]။

ဝန်ထောက်၊ အောက်မြစ်စဉ်ဆိုင်ရာ မလွန်၊ သရက် ၂ မြို့ဝန်သို့ လွှတ်တော်က ပေးစာ။

[က]။ ။ ကျောက်တိုင်တောင်ဘက်၊ ရာဇဝတ်ထိန်း စာဇင် ငတုတ်ပေါ အကြောင်းအရာ အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ စာပါ ငတုတ်ပေါ်ဆိုသူ ထိန်းအုပ်စု မြို့နယ်ကျေးရွာသို့ လာရောက်ခိုဝင်ရှိနေလျှင် မထွက် မလွတ်စေရ ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးချုပ်ထားရမည့်အကြောင်း။ မရှိမနေလျှင်လည်း အကြောင်းအရာကို နယ်ရှင်သူကြီး ရွာအုပ်တို့ အစစ်ခံ ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထားရမည့် အကြောင်း။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ကျောက်တိုင်တောင်ဘက်နေ ငကဝိပိုင်ဆင် ခိုးယူပျောက်ဆုံးမှု အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ အောင်သာ ကင်းတပ်မှူးဟောင်း ငထွန်းကို မေးမြန်းရာ၊ ကျောက်တိုင်တောင်ဘက် သာဂရရွာနေ ငမြတ်သော်ထံ အဖိုး ၈၀ဝိ နှင့် ဝယ်ယူရဆင်ဖြစ်ကြောင်း ထွက်ဆိုသည်။ ငကဝိ ကိုယ်စားလှယ် ငပိုက် ထွက်ချက်တွင် ဖွန်လ ၁၃ ရက်နေ့ညတွင် ပျောက်ဆုံးကြောင်း ထွက်ဆိုသည်။ သို့ စကား ၂ ရပ် ကွဲပြား၍ ဆင်ရှင် ငကဝိနှင့် တိုက်ဆိုင်စစ်မေး သိသာမှ စီရင်နိုင်ရန်ရှိ၍ ငကဝိကို ရွှေမြို့တော်သို့ စေလွှတ်မည့်အကြောင်း။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ ဓားပြ ငဝဲနှင့် အပေါင်းပါ လူတို့အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ၎င်းလူတို့ မင်းတပ်မြို့နယ်တွင် ရှိ မရှိကို မင်းတုန်းတောင်စဉ် ၇ ခရိုင်ဝန်သို့ ဆင့်ဆိုမေးမြန်းရာ၊ နိုင်ငံတော် မင်းတပ်မြို့နယ်တွင် မရှိမနေကြောင်းကို မြို့ရွာသူကြီးတို့ ထွက်ချက်များနှင့်တကွ ၎င်းခရိုင်ဝန်မင်းက တင်ပို့လျှောက်ထားရှိ၍ ၎င်းထွက်ချက်များနှင့်တကွ ပို့လိုက်ကြောင်း။

၁။ ၃ အောက်တိုဘာ ၁၈၈၂ ၂။ ၂၄ စက်တင်ဘာ ၁၈၈၂ ၃။ ၂၇ အောက်တိုဘာ ၁၈၈၂

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ဓားပြ ငရောက်၊ ငလင်းတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ၎င်းလူတို့ တိုင်တားမြို့နယ်တွင် ခိုဝင်ရှိနေသည် မနေသည်ကို မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းသို့ ဆင့်ဆိုမေးမြန်းရာ၊ ၎င်းလူတို့ နိုင်ငံတော် တိုင်တားမြို့နယ်တွင် မရှိမနေကြောင်းကို မြို့ရွာသူကြီးတို့ ထွက်ချက်များနှင့်တကွ ၎င်းခရိုင် ဝန်မင်းက တင်ပို့လျှောက်ထားရှိ၍ ၎င်းထွက်ချက်များနှင့်တကွ ပို့လိုက်ကြောင်း။

၁၂၄၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

တိုင်တားမြို့သူကြီး နေမျိုးသမန္တရာဇာ ထွက်ချက်။

(က) ဓားပြ ငရောက်၊ ငလင်းတို့ မြို့နယ်ကျေးရွာတွင် မရှိမနေကြောင်း။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ နိုင်ငံတော် တောင်တွင်းကြီး၊ မြေထဲ၊ တောင်ခွင်၊ ပဋ္ဌနဂိုမြို့ နယ်မြေသို့ အကြိမ်ကြိမ် တိုက်ခိုက်သည့် ဓားပြတို့ကို ထောက်လှမ်းရာ ကျောက်တိုင်တောင်ဘက်နေ ငသူတော်၊ ငရွှေချိုတို့နှင့် အပေါင်းပါလူ ၂၅ အနက် ဖမ်းဆီးရမိလူ ၈ မှာ မြန်မာ ကျွန်တော်မျိုး ဖြစ်သည့်အတိုင်း ပေးအပ်လို၍ သက်သေများကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ သက်သေတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ် တောင်းခံရမည် လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိသည့်အတိုင်း ၎င်းက စေလွှတ် လာရောက် ကာလ စုံညီမေးမြန်း ပေးအပ်လိုက်ရမည်၊ သရက်မြို့ အရေးပိုင်သို့ ဆင့်ဆိုမည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ နိုင်ငံတော်အတွင်း လူကို သတ်ဖြတ်၊ အင်္ဂလိပ်နိုင်ငံဘက်သို့ ထွက်ပြေးခိုဝင်ရှိ၍ ဖမ်းဆီးချုပ်ထားသူ ငကျွဲကို မြန်မာအစိုးရမင်းတို့ အလိုရှိလျှင် ပေးအပ်နိုင်ခွင့်ရှိကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ သရက်မြို့ အရေးပိုင်ထံ ငကျွဲကို တောင်းရမည် အောက်မြစ်စဉ်ဆိုင်ရာ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိသည့် အတိုင်း တောင်းကာလ ပေးအပ်ရမည်၊ ၎င်းအရေးပိုင်သို့ ဆင့်ဆိုလိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၄ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ ငချိုကို လေးတူးကွဲ ရွာသူကြီးက အတင်းခေါ်ငင်သည် ဆိုသည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆို မေးမြန်းစေရာ မြေထဲမြို့၊ သန္တတ်ချောင်းရွာက ကျွဲခိုးယူမှုနှင့် မေးရန် ငချိုကို မြို့ရုံးကခေါ်လျှင် ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေးနေထိုင်၊ အသာအယာခေါ်ယူ၊ ကျောက် တိုင်မြောက်ဘက်သို့ရောက်မှ သူခိုးဖြစ်၍ ဖမ်းဆီး၊ ရုံးသို့ ပို့အပ်ကြောင်း၊ ဖမ်းဆီးကာလ ကျောက်တိုင် မြောက်ဘက် တောင်ဘက် ဖြစ်သည်ကို အင်္ဂလိပ်အစိုးရ အရာရှိ၊ မြန်မာအစိုးရ အရာရှိတို့ စုံညီ ငချိုကို မေးရာ ကျောက်တိုင်မြောက်ဘက်တွင် ဖမ်းဆီးခံရပါသည် ထွက်ဆိုရှိကြောင်းများကို လက်ဝဲဝင်းတော် မှူးက လေးတူးကွဲ ရွာသူကြီး၊ ရွာနေလူတို့ ထွက်ချက်များနှင့်တကွ တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၄၄ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ နိုင်ငံတော်ဘက်သို့ နွားဝယ်လာသူ ကျောက်တိုင်တောင်ဘက်နေ ငလူပုတို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုမေးမြန်းရာ ငလူပု၊ ငကြီး၊ ငရွှေသား၊ ငဖြူတို့ နွားကောင်ရေ ၃ နှင့် တွေ့ရှိမေးမြန်းရာ ထွက်ပြေး၊ ငလူပုကို နွား ၃ နှင့် ရမိ၊ ဖမ်းဆီး၊ မြို့ရုံးသို့ ပို့အပ်ကြောင်း၊ ၎င်း နွားလည်း နွားရှင်ပေါ်၍ မြို့ရုံးက ပေးအပ်လိုက်ကြောင်း၊ ၎င်းတို့ထံ ငွေ ၁၀ဝ မတောင်းမယူရကြောင်းနှင့်

၁။ ၅ အောက်တိုဘာ ၁၈၈၂ ၂။ ၂၉ အောက်တိုဘာ ၁၈၈၂ ၃။ ၁၄ နိုဝင်ဘာ ၁၈၈၂

ထွက်ဆိုရှိကြောင်းကို လက်ခွဲဝင်းတော်မှူးက လက်ယက်ရွာသူကြီး ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထားရှိကြောင်း။ ငလူပု ကျကုန်ရငွေမှုကို စီရင်သာအောင် ငလူပုတို့ကို စေလွှတ်မည့်အကြောင်း။

---

### ၄၀၁ မှတ် ပုရပိုက်ထွက်။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ကျောက်တိုင်တောင်ဘက်၊ ကပြားခေါ်ရွာနေ ဂိက္ကုကရင်တို့ နိုင်ငံတော်ဘက် ပလောခေါ် ကရင်ရွာသို့ သွားရောက်၊ လူ ၁ သေဆုံး သဂြိုဟ်မှုနှင့် ပလောရွာ ကရင်အကြီးအကဲ ပသုတို့က ငွေ ၁၀၀၀ဝ တောင်းယူ၊ လူကိုလည်း ချုပ်ထားပြုလုပ်သည်ကို နေရာကျမေးမြန်း စာပြန်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ စာပါအတိုင်း မှန် မမှန်ကို နေရာကျ စစ်မေးလျှောက်ထားရမည် တောင်ငူ၊ ရမည်းသင်းမြို့များတွင် ရပ်နေစီရင်စေသည့် မြင်းစုကြီးဝန်သို့ ဆင့်ဆိုဆဲရှိကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

မြင်းစုကြီးဝန် မင်းကြီးမဟာမင်းလှမင်းခေါင်သို့ ပေးမှာစာ။

[က]။ ။အင်္ဂလိပ် အရေးပိုင်က ပို့ရောက်သည့်စာပါ [အထက် (၁) မှတ်ပါ ဂိက္ကုကရင်တို့ အကြောင်းအရာ] ကို နေရာကျ စစ်မေး လျှောက်ထားရမည့် အကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့[၂]။

တောင်ငူ၊ ရမည်းသင်း ၂ မြို့ခံ ခံဝန်ချက်။

(က) ဂိက္ကုကရင်တို့ အကြောင်းအရာပါ မှာစာကို ပေးအပ်သည့်နေ့က ၂၅ ရက်နှင့် မြင်းစုကြီးဝန်က နေရာကျ စစ်မေး လျှောက်ထားပါစေမည့် အကြောင်းအရာ။ နေ့ရက်စေ့ရောက် မလျှောက်မထား နေ့ရက်ကြန့်ကြာလျှင် ရာဇဝတ်ပြစ် ခံပါမည့်အကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။နိုင်ငံတော် အစွန်အဖျား မြို့ရွာများကို တိုက်ခိုက်သူတို့အနက် ကျောက်တိုင်တောင်ဘက်သို့ ခိုဝင်လာရောက်သူ ဓားပြ ပြောကြီး၊ ငယ်လေး၊ ငရွှေသော်၊ ငကျောက်ကြီးတို့ကို မြန်မာအစိုးရတို့သို့ ပေးအပ်လို၍ ၎င်းတို့ တိုက်ခိုက်ရာ သိသူတို့ကို စေလွှတ်မည့် အကြောင်းနှင့် အရေးပိုင်မင်း စာပေးသည်ကို ဝမ်းမြောက်ကြောင်း။ တိုက်ခိုက်ရာ သိသူတို့ကို လက်ဝဲဝင်းတော်မှူးက စာလူ စေလွှတ် တောင်းဆိုလျှင် ပေးအပ်အောင် သရက်မြို့ အရေးပိုင်သို့ အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီးက ဆင့်ဆိုလိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[က]။ ။နိုင်ငံတော် မြို့ရွာများကို တိုက်ခိုက်သူ ပြောကြီးတို့ အကြောင်းအရာနှင့် ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်သည့်အရ ၎င်းထံ [အထက် (၃) မှတ်] အတိုင်း စာပြန်ပေးရှိ၍ သက်သေခံအရာ သိကျွမ်း နားလည် ရေးခြားလိမ္မာသူတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်တောင်းဆို၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

အတွင်းဝန် ကျောက်မြောင်းမြို့စားက ရန်ကုန်မြို့ အရေးပိုင်ကြီးထံ ပေးစာ။

[က]။ ။ဘင်္ဂလားမြို့တွင် အစိုးရမင်းတို့က လက်ခံချထား နေထိုင်ရသည့် တိုက်အိမ်ရှင်ထံ အပ်ထားခဲ့သည့်

---

၁။ ၁ ဒီဇင်ဘာ ၁၈၈၂ ၂။ ၂၅ နိုဝင်ဘာ ၁၈၈၂

သံတော်အရာရှိတို့ပိုင် အထည်ပစ္စည်းများကို နေ့ရက်မကြာ ရွှေမြို့တော်သို့ ရောက်အောင် အရေးပိုင်ကြီးက အားထုတ်စောင်မမည့် အကြောင်း။

၁၂၄၄ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၁]။

ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်း၊ ဝန်ထောက်တော် သံချက်ဝန်မင်းတို့က
မင်းတုန်း၊ ကာမ၊ မြေထဲ၊ သရက် ၄ မြို့ အရေးပိုင်သို့ ပေးစာ။

[က]။ ။ စင်မလာမြို့တွင် အရေးပိုင်မင်းနှင့်အတူ သံတော်တို့ နေထိုင်စဉ် ကွိနိုင် ချက်လုပ်သည့် ချင်ကိုနာ ဆေးစေ့များကို ရွှေမြို့တော်ရောက် ပေးပို့မည် အရေးပိုင်မင်း ပြောဆိုရင်းအတိုင်း နေ့ရက်မကြာ ရှာကြံပေးပို့မည် မျှော်လင့်ကြောင်း။

၁၂၄၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့[၂]။

၎င်းဝန်ထောက်တော်မင်းတို့က ၎င်းအရေးပိုင်ထံ ပေးစာ။

[က]။ ။ အရေးပိုင်မင်းက စာနှင့်တကွ ပေးပို့လိုက်သည့် ပစ္စည်းများအနက် ဘင်္ဂလားမြို့ပုံ အခြားမြေပုံများကို မရ။ အရေးပိုင်မင်း ရုပ်ပုံကား ၁၊ ချင်ကိုနာဆေးစေ့ထုပ် ၄၊ ၎င်းဆေးချက်နည်း စာအုပ် ၁၊ ကျောက်ထိုးရန် ကျောက်ရည်ထည့်ဘူး ၁ များကို ရရှိ၍ ကျေးဇူးတင်ကြောင်း။ ချင်ကိုနာဆေးစေ့ စိုက်ပျိုးဖြစ်ထွန်းသည်၊ မဖြစ်ထွန်းသည်ကို စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ အထက် [(၃)မှတ်ပါ] ဓားပြ ၈ တို့ကို ဓားပြအဖြစ် ထင်ရှားအောင် လက်ဝဲဝင်းတော်မှူးက စေလွှတ်သည့် သက်သေတို့ မထွက်ဆိုနိုင်ရှိ၍ အချုပ်မှ လွှတ်သည်ကို သဘောတူလိမ့်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ပါသည့်အတိုင်း သဘောတူညီကြောင်း။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ နိုင်ငံတော်နှင့် မဏိပူရနယ် အပိုင်းအခြားကို ကသည်းတို့က နိုင်ငံတော်ဘက်သို့ တိုးတက် ဝင်ရောက်မှတ်သားပြုလုပ်ရှိ၍ ဖျက်သိမ်းစေမည်ရှိရာ ယခု အဖျက်အသိမ်း ရပ်ဆိုင်းမည့် အကြောင်းအရာ၊ အရေးပိုင်မင်းက စာပို့ရောက်၊ ရပ်ဆိုင်းရှိသည့်အတွင်း ၎င်းနယ် အပိုင်းအခြားကို သေချာသိရအောင် တိုင်းတာထိုးမှတ်စေရန် လူစေလွှတ်ရာ စောင့်နေရင်း ကောင်ကန်ဌာနာက နိုင်ငံတော်ဘက်သို့ တိုးတက်ဝင်ရောက်သစ်တပ်တည်လုပ်၊ လူအများ ချထားစောင့်နေ တားဆီးသောကြောင့် သွားလာခွင့်၊ တိုင်းတာခွင့် မရကြောင်းနှင့် ကြားသိရ၍ သည်ကဲ့သို့ ကသည်းတို့ နှောင့်ယှက်သည့် အရာများသည် တိုင်းကြီးပြည်ကြီးတို့ ဓလေ့ထုံးစံနှင့် မညီဖြစ်၍ အမြန်ပြောင်းရွှေ့အောင် ဆင့်ဆိုပြန်ခေါ ် နှ က်သိမ်းမည့်အကြောင်း။

၁၂၄၄ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့။

ဝန်ထောက် ဝက်မစွတ်မြို့စားက မင်းတုန်း၊ ကာမ၊ သရက်၊
မြေထဲ ၄ မြို့ဝန်သို့ ပေးမှာစာ။

[က]။ ။ အရေးပိုင်မင်း အလိုရှိသည့် နန်းမြို့တော်ပုံကို ရေးသား ပေးပို့လိုက်ကြောင်း၊ နောင်ကိုလည်း အလိုရှိသည့် အရာများကို တစ်ဦးနှင့်တစ်ဦး ပြန်လှန်မှာထား ရွက်ဆောင်နိုင်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၄ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ လက်ယက် ရွာသူကြီးနှင့် လေ့ပုတို့ ဖြစ်ပွားမှု အကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ၎င်းတို့ အမှုဖြစ်ပွားရာ ဒေသတွင် အစိုးရ ၂ ဦးတို့က သင့်ရာ အရာရှိ စေလွှတ် စစ်ဆေးသင့်ကြောင်းနှင့် ပါသည်မှာ အစိုးရမင်း ၂ ဦး အရှည် ပေါင်းသင်းကြသည့်အတွင်း သည်ကဲ့သို့သော အမှုမျိုးကို ၂ ဖက် အစိုးရက

၁။ ၁ ဒီဇင်ဘာ ၁၈၀၂ ၂။ ၁၀ ဇန်နဝါရီ ၁၈၀၃ ၃။ ၉ ဖေဖော်ဝါရီ ၁၈၀၃ ၄။ ၂၃ ဖေဖော်ဝါရီ ၁၈၀၃

အရာရှိစေလွှတ် ရှင်းလင်း စစ်ဆေးရသည် မရှိဖူး၍ ယခု လှေပုတို့ အမှုကိုလည်း မဟာမိတ် လက္ခဏာနှင့် အညီ ယုံကြည်စွာ သဘောထား၍ အထက် စာပေးကမ်းလှမ်း မှာထား စစ်ဆေးမြဲအတိုင်းသာ စစ်ဆေး သင့်သည် ထင်မြင်ကြောင်း။

၁၂၄၄ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ဂိက္ခု ကရင်တို့ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ မိုးဗြဲတပ် စစ်ကဲသို့ ဆင့်ဆိုမေးမြန်းရာ ပလော ရွာ ကရင်အကြီးက ၎င်းရွာတွင် ပသုခေါ် အမည်နှင့် အကြီးအကဲလူ၊ ရွာနေလူတစ်ဦး မရှိကြောင်း။ ကျောက်တိုင်တောင်ဘက်နေ ဂိက္ခု ကရင်လူမျိုး လူ ၃၀ ကျော်တို့ ၎င်းရွာသို့ မည်သည့်အခါကမှ မလာ မရောက်ဖူးကြောင်း။ လူငယ်သေဆုံး သဂြိုဟ်သည့် အမှုနှင့်စပ်၍ ကြေးငွေ မတောင်းမယူကြောင်းများနှင့် ထွက်ဆိုရှိကြောင်းကို ထွက်ချက်နှင့်တကွ ၎င်းစစ်ကဲက တင်ပို့ လျှောက်ထားရှိ၍ ထွက်ချက်များကို ပို့လိုက်ကြောင်း။

၁၂၄၄ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ သရက်မြို့ထောင်က မြေထဲမြို့သို့ ခေါ်သွားရာ လမ်းခရီး လက်လွတ်ထွက်ပြေး၊ ဆင်ပေါင်ဝဲ မြို့နယ်တွင် ခိုဝင်ရှိနေသူ တေတ်ပေါ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ အောက်မြစ်စဉ် အစိုးရသို့ ဆင့်ဆို မေးမြန်းရာ၊ အမိန့်မှာစာပါ တေတ်ပေါ ဆိုသူ နိုင်ငံတော် ဆင်ပေါင်ဝဲမြို့နယ်တွင် မရှိမနေကြောင်းနှင့် ထွက်ဆိုရှိကြောင်းကို မြို့ရွာနယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့်တကွ တင်ပို့ လျှောက်ထားရှိ၍ သိသာရန် ပို့လိုက်ကြောင်း။

၁၂၄၄ ခု၊ နောင်းတန်ခူးလဆန်း ၅ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ ဖမ်းဆီးချုပ်ထားသူ ဓားပြ ၄ အနက် ငငယ်လေး၊ ငရွှေသော်၊ ငကျောက်ကြီးတို့ကို ဓားပြဖြစ်အောင် လက်ဝဲဝင်းတော်မှူးက စေလွှတ်သည့် သက်သေတို့ မထွက်ဆိုနိုင် ရှိကြောင်း။ ငပြားကြီးကို ဓားပြ ဖြစ် အောင် ထွက်ဆိုသော်လည်း အခြေအမြစ်မရှိ၍ သက်သေ ထပ်မံ စေလွှတ်စေချင်ကြောင်းနှင့် အရေးပိုင် မင်း ပေးစာတွင် ပါသည်မှာ သက်သေခံစေရန် လူထပ်မံ စေလွှတ်ခွင့် မရှိကြောင်း။

---

## ၄၀၂ မှတ် ပုရပိုက်ထွက်။

၁၂၄၄ ခု၊ နောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ မန်းဝိန်စော်ဘွားက စာလက်ဆောင်များနှင့် အရေးပိုင်မင်းထံ စေလွှတ်သူ ရှမ်း ၂ တို့တွင် အရေးပိုင်မင်းက စော်ဘွားသို့ တုံ့ပြန်ရန် လက်ဆောင် သေနတ် ၁ နှင့် ခဲယမ်း အနည်းငယ်များကို ပေးအပ်ပြန်သွားစေရာ မြန်မာအစိုးရတို့က ဖမ်းဆီးသိမ်းယူ ချုပ်ထားကြောင်း ကြားသိရ၍၊ ၎င်းတို့ကို လွှတ်ခွင့် ရ မရ အကြောင်း နှင့် အရေးပိုင်မင်းက စာပို့ရောက်သည်မှာ၊ ၎င်းရှမ်းတို့သည် နိုင်ငံဥပဒေကို ကျူးလွန်၊ လက်နက်များကို ကဲ့ဝှက်ဆောင်ယူသူများဖြစ်၍ နိုင်ငံတော်အတွင်း အစိုးမင်းတို့ အခွင့်မပြုဘဲ လက်နက်အမျိုးမျိုးမှစ၍ စစ်နှင့်ဆိုင်သည့် အဆောက်အဦများကို ထုတ်သွင်း ဆောင်ယူသူတို့ကို အပြစ်ကြီးစွာ စီရင်သင့်သည် ဥပဒေအတိုင်း ၎င်းတို့ကို စီရင်ရန် ချုပ်ထားကြောင်း။ သို့သော်လည်း ၂ နိုင်ငံ မဟာမိတ် ဖြစ်သည့်အရာ၊ လက်နက်များလည်း အနည်းငယ် လက်ဆောင်ပေးလိုက်သည့်အရာ ဖြစ်သည်များကို ထောက်၍ ပေးအပ် လိုက်ရင်း လက်နက်ခဲယမ်း အနည်းငယ်ကို ပြန်အပ်ပြီးလျှင် နေရင်းမြို့ရွာသို့ ပြန်သွားခွင့်ပြုကြောင်း။

---

၁။ ၂၃ ဖေဖော်ဝါရီ ၁၈၈၃ ၂။ ၁၂ မတ် ၁၈၈၃ ၃။ ၃၁ မတ် ၁၈၈၃

ငှင်းရှမ်း ၂ တို့ နိုင်ငံတော်အတွင်းသို့ မရောက်မီ အရေးပိုင်မင်းက စာတင်ရင် မပေးသည်ကို နှမြော ကြောင်း။

၁၂၄၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့[1]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ နိုင်ငံတော်နှင့် အင်္ဂလိပ်မင်းနိုင်ငံ မဟာမိတ်ဖြစ်ခြင်းကို မြန်မာအစိုးရတို့က အလွန်အလိုရှိသည့်အဖြစ်ကို ထင်ရှားစေရန် သက်သေခံပြုပြီးလျှင် ၂ ကြိမ်မြောက် အရေးပိုင် သံကြီး ခန့်ထားစေလွှတ်၍ ၂ ဖက် အကျိုးခံစားရရန် အခွင့်ကုန် အထူးရေးသားပေးပို့သည့် မဟာမိတ်စာချုပ် စကားအချက်များကို အိန္ဒိယ နိုင်ငံခြား အရေးပိုင်မင်းက သဘောမတူနိုင်ကြောင်းနှင့် ပေးစာအရ တုံ့ပြန်ရန် ပေးပို့လိုက်သည့် စာကို ငှင်းနိုင်ငံခြား အရေးပိုင်မင်းထံ ပေးပို့စေလိုကြောင်း။

၁၂၄၅ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[2]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ ၁၂၄၅ ခုနှစ်အတွင်း ကောက်ခံရန် ရန်ထားသည့် ကုန်နှုန်းစာရင်းကို နှစ်စဉ်ပေးပို့မြဲအတိုင်း ပေးပို့ကြောင်း။

၁၂၄၅ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[3]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ၂ နိုင်ငံနေ ကုန်သည်တို့ ကုန်အရောင်းအဝယ်မှုနှင့်စပ်၍ လွယ်လင့်တကူဖြစ်ရန် ရန်ကုန်မြို့တွင် နေထိုင် ထမ်းရွက်စေသူ သူဌေးမဟာသီရိဘောဂသာရကို ပြန်ခေါ်ပြီးလျှင် လွှတ်တော်အရာရှိ စာရေးတော်ကြီးမင်း မဟာမင်းထင်ကျော်သူကို ရန်ကုန်မြို့သို့ စေလွှတ် ထမ်းရွက်စေကြောင်း၊ ငှင်းစာရေးကြီးတွင် ကူညီ ဆောင်ရွက်ခွင့် ရှိသည်များကို အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီးက ကောင်းမွန်စွာ ကူညီဆောင်ရွက် လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၅ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[4]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ အရေးပိုင် ပေးစာတွင် ကျောက်တိုင်တောင်ဘက် စောင်းလျားကျင်း ကင်းစောင့် ပျာတာအမှုထမ်း သက်ရှည်၊ ငထွန်းလှိုင်တို့ပါ လူပေါင်း ၆ တို့ကို နိုင်ငံတော် ဒန့်ဒလွန်ကျင်း ကင်းရွာသူကြီးက ဖမ်းဆီး ထိတ်အကျဉ်းခတ်ထားကြောင်း ပါသည့်အရ မှန် မမှန်ကို လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆို မေးမြန်းဆဲ ရှိကြောင်း။ ငှင်းက လျှောက်ထား ကြားသိကာလ အကြောင်းအရာကို စာပြန်ပေးမည့် အကြောင်း။

၁၂၄၅ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[4]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ ငလူပု၊ ငဖြူတို့နှင့် လက်ယက်ရွာသူကြီးတို့ ဖြစ်ပွားမှုကို စစ်ဆေးမေးမြန်းရန် အကြောင်းအရာနှင့် အရေးပိုင်မင်းက စာပို့ရောက်သည်မှာ ၁၂၄၄ ခု၊ တပေါင်းလဆုတ် ၃ ရက် နေ့စွဲနှင့် ငှင်းအမှု အကြောင်း အရာ စာကို အရေးပိုင်မင်းထံ ပေးပြီးဖြစ်၍ ထပ်မံထူးထွေ ပြောဆိုပြုလုပ်နိုင်ခွင့် မရှိကြောင်း။

၁၂၄၅ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ တိုင်းကြီးပြည်ကြီး ဆိုသည့်အရာသည် နိုင်ငံရင်းထွက် ကုန်စည်၊ နိုင်ငံခြားထွက် ကုန်စည်အမျိုးမျိုးကို ထုတ်သွင်း ယူဆောင်နိုင်ခြင်းဖြစ်သော မီးရထား၊ မီးသင်္ဘော အလုပ်၊ ရွှေငွေ စသော သတ္တုတွင်းများကို တူးဖော်ရန်အလုပ်၊ ပိုးချည် ဝါချည်စသော ထည်မျိုး အုပ်မျိုး လုပ်ဆောင်ရန်အလုပ်၊ ထွင်ပြီး မထွင်သေး လယ်ယာမြေများကို တိုးတက် တီကျင်း လုပ်ဆောင်ရန် အလုပ်များနှင့် ပြည့်စုံသင့်သည့်အတိုင်း နိုင်ငံ တော်အတွင်း ဆိုခဲ့သည့် အလုပ်ကြီး အဆောင်ကြီးများကို တစ်ပြိုင်နက် တိုးတက် ထပ်မံ လုပ်ဆောင် လိုသည်နှင့်အညီ၊ ငှင်းအလုပ်အဆောင်များအနက် အမြန်အနေး အခွင့်လျော်ရာ လုပ်ဆောင်နိုင်အောင်

---

၁။ ၃၁ မတ် ၁၈၈၃ ၂။ ၉ ဧပြီ ၁၈၈၃ ၃။ ၂၉ ဧပြီ ၁၈၈၃ ၄။ ၂၅ ဧပြီ ၁၈၈၃

ကြည့်ရှုမှတ်သားရန်၊ အလိုရှိသည့် စက်ကိရိယာ အသုံးအဆောင် ဝယ်ယူရန် ရှိသည်များကို ကြည့်ရှုမှတ်သား ဝယ်ယူစေမည်ဖြစ်၍ ၎င်းအလုပ်အဆောင်ကို အခြေပြုပြီးလျှင် အနောက်နိုင်ငံများသို့ လှည့်လည်သွားလာ ကြည့်ရှုမှတ်သားစေရန် အတွင်းဝန် မြို့သစ်မြို့စားမင်း မင်းကြီး မင်းမဟာဇေယသင်္ကြံ၊ ဝန်ထောက်တော် သံချက်ဝန်မင်း မင်းကြီး မင်းလှမဟာစည်သူကျော်၊ စာရေးတော်ကြီးမင်း မဟာမင်းလှသင်္ခယာ၊ ဖြဲတိုက်သံတော်ဆင့် နေမျိုးမင်းလှစည်သူတို့ကို စေလွှတ်လှည့်လည် စေပါကြောင်း။ ၎င်းတို့ ရန်ကုန်သို့ ရောက်ကာလ အရေးပိုင်မင်းက ကြည့်ရှုစောင်မခွင့် ရှိသမျှကို ကြည့်ရှု စောင်မလိမ့်မည်ဟု ယုံကြည်ကြောင်း။

၁၂၄၅ ခု၊ နယုန်လဆန်း ၉ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်မင်း အထက်ပေးစာပါ စာသင် တေတ်ပေါ ဆိုသူကို ဖမ်းဆီးရမိ၊ မြစ်စဉ်ထောင်တွင် ချုပ်ထားကြောင်းနှင့် လက်ဝဲဝင်းတော်မှူးက လျှောက်ထားရှိ၍ တေတ်ပေါကို အလိုရှိလျှင် ဝင်းတော်မှူးထံ စေလွှတ် တောင်းဆိုစေမည့် အကြောင်း။

၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင်မင်း ပေးစာပါ စောင်းလျားကျင်းကင်းစောင့် ပျာတာ အမှုထမ်းတို့ အကြောင်းအရာကို လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုမေးမြန်းရာ၊ ငသက်ရှည်နှင့် အမည်မသိ လူ ၇ တို့ ဒန့်ဒလွန်ကျင်း ကျေးရွာသို့ လာရောက်၊ ရွာသူကြီးရှိလျက် မတိုင်မတန်း၊ ရွာနေ မိရွှေမအိမ်သို့ မတူတယူ အတင်းတက်ရောက် မွှေနှောက်ရှာဖွေပြုလုပ်၊ လူဆိုးလက္ခဏာ မကောင်းဖြစ်၍ ဒဂုန်မော်ကင်းသို့ ပို့အပ်စစ်မေးကာလ ကင်းစောင့် ပျာတာဖြစ်ကြောင်း ထွက်ဆိုရှိ၍ အချုပ်မှ လွှတ်ကြောင်းနှင့် ၎င်းရွာသူကြီး ထွက်ချက်များကို တင်ပေး လျှောက်ထားရှိကြောင်း။ နောင် သည်ကဲ့သို့ မပြုမလုပ်ရအောင် ကျောက်တိုင်တောင်ဘက် နယ်စပ်နေ အကြီးအမှူးတို့နှင့် ကျေးရွာနေ လူတို့ကို အင်္ဂလိပ် အစိုးရမင်းတို့က ဆင့်ဆိုမည့်အကြောင်း။ မြန်မာအစိုးရတို့ကလည်း ကျောက်တိုင်တောင်ဘက်တွင် ရေးခွင့်ကြောင်းရာရှိလျှင် အသေအချာ စာပေးအပ်၊ အစိုးရ အကြီးအအုပ်တို့ထံ တိုင်တန်း၍ ပြောဆိုပြုလုပ်ရမည်၊ ကျောက်တိုင်တောင်ဘက်က စာလူ စေလွှတ် လာရောက်ရှိလျှင်လည်း ကောင်းမွန်စွာ အကြောင်းရှိရာ မေးမြန်း ပြုလုပ်ရမည် အောက်မြစ်စဉ် မြို့ရွာအစိုးရသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလဆန်း ၁၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ အရေးပိုင်မင်း ပေးစာတွင် ကျောက်တိုင်တောင်ဘက် ကိုကတင်ရွာနေ မိတုတ် ဆိုသူကို ကျောက်တိုင်မြောက်ဘက် ကျိုးမြီးရွာနေ ငဘိုး၊ ငမြတ်သင်း၊ ငရိုးတို့ အတင်းခိုးယူကြောင်း ပါသည့်အရ စာပါ လူတို့ကို မှန် မမှန် မေးရန် မင်းတုန်းမြို့ဝန်သို့ မှာထားတောင်းခေါ်ဆဲရှိကြောင်း။ ပို့အပ်ကာလ မှန် မမှန် မေး၍ စာပြန်မည့်အကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာနှင့် ပြန်စာ (ကြေးနန်း)။

၁၁။ ။ တောင်တွင်းကြီးမြို့တိုက် ဓားပြ ၁၃ ကို ဖမ်းဆီးရမိရှိ၍၊ အလိုရှိလျှင် ၎င်းတို့ တိုက်ခိုက်စဉ် သိသူတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ် တောင်းယူစေလိုကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ သိသူတို့ စေလွှတ်ရန် အောက်မြစ်စဉ်ဆိုင်ရာ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုမည့်အကြောင်း။

၁၂၄၅ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၂။ ။ အရေးပိုင်မင်း ပေးစာတွင် ပုသိမ်မြို့က အခွန်ငွေတော်များကို ခိုးယူထွက်သွားသူ ငစောမှာ ရွှေမြို့တော်

---

၁။ ၁၄ မေ ၁၈၈၃ ၂။ ၃၀ မေ ၁၈၈၃ ၃။ ၁၇ ဇွန် ၁၈၈၃ ၄။ ၁၇ ဇူလိုင် ၁၈၈၃

နောက်ပြင် ဂုန္တန်လမ်း၊ ငဝိုင်းမှာ ပန်တိုင်လမ်းတွင် ရှိနေကြောင်း ပါသည့်အရ ထောက်လှမ်း ဖမ်းဆီးသာအောင် လူပုံစံနှင့်တကွ ရွှေမြို့တော်နောက်ပြင် ဂုန္တန်လမ်း မည်သည့်နေအိမ်တွင် ဖြစ်သည်ကို အသေအချာ ထပ်မံ စာပေးစေလိုကြောင်း။ ရွှေမြို့တော်တွင် ပန်တိုင်လမ်း မရှိကြောင်း။

---

## ၄၀၃ မှတ် ပုရပိုက်ထွက်။

၁၂၄၅ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ အရေးပိုင်မင်း ပေးစာတွင် မိတုတ် ဆိုသူကို ဘိုး၊ ငမြတ်သင်း၊ ငရိုး၊ ငဆောင်တို့ အတင်း ဖမ်းဆီးကြောင်း ပါသည့်အရ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းထံ တောင်းခံပို့အပ်လာသူ ဘိုးကို စစ်ဆေးရာ [အောက်ပါ (က) မှတ်] အတိုင်း ထွက်ဆိုရှိ၍ မိတုတ်ကို အတင်းဓမ္မ ဖမ်းဆီးသည် မဟုတ်ကြောင်း။

၁၂၄၅ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့[၂]။

တိုင်တားမြို့၊ ကျီးမည်းရွာခေါင်း ဘိုး မေးချက်။

(က) ကျောက်တိုင်တောင်ဘက်နေ မိတုတ်၊ လင် ငရွှေသင်းတို့ ကျွန်တော် ကျေးရွာသို့ လာရောက် နေထိုင်သည့်အတွင်း မဘဲမြို့မနေ ငသံတိုင်က ၎င်းတို့အပေါ်တွင် ငွေ ၁၀ဝ ကျော် ရရန်ရှိကြောင်းနှင့် မြို့ရုံးတွင် လျှောက်ထား၊ ခံဝန်ပါ ပြောဆိုရှိ၍ ခံဝန်ထားရာ ထွက်ပြေးတိမ်းရှောင်၊ တောအရပ်တွင် ပုန်းအောင်းနေရာ တွေ့ရှိသည်နှင့် ကျောက်တိုင်တောင်ဘက်နေ ငရွှေကံ၊ ငဆောင်းတို့ရှေ့ ခေါ်လာကြောင်း။

၁၂၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့နယ်တွင် ဓားပြတို့ ၂ ကြိမ် တိုက်ခိုက်၊ လူကို သတ်ဖြတ်ရှိ၍ ထောက်လှမ်းရာ၊ ကျောက်တိုင်မြောက်ဘက်နေ လူများ ဖြစ်ကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ ကျောက်တိုင်တောင်ဘက်သို့ လူဆိုးလူသွမ်းတို့ ကူးဝင်တိုက်ခိုက် မရှိရအောင် ကျောက်တိုင်မြောက်ဘက် နယ်နီးပယ်စပ်များတွင် ရှိနေသည့် မြို့ရွာနယ်ရှင် အကြီးအအုပ်တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆိုရှိကြောင်း။

၁၂၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့။

လွှတ်တော်က အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူး၊ မြင်းစုကြီးဝန်၊ တောင်တွင်းကြီးမြို့ဝန်၊ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်တို့သို့ ပေးမှာစာ။

[က]။ ။ ကျောက်တိုင်မြောက်ဘက်နေ လူဆိုးလူသွမ်းတို့ ကျောက်တိုင်တောင်ဘက် မြို့ရွာများသို့ ၂ ကြိမ် ဝင်ရောက်တိုက်ခိုက်ရှိကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ ဝန်စုပါ မြို့ရွာများတွင် လူဆိုး လူသွမ်းတို့ ပုန်းအောင်းနေထိုင်၊ ကျောက်တိုင်တောင်ဘက်သို့ ကူးဝင်တိုက်ခိုက် မရှိရအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုထိန်းသိမ်း ထမ်းရွက်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ ကျောက်တိုင်တောင်ဘက်တွင် ခိုးမှုနှင့် အကျဉ်းချထားရာမှ ထွက်ပြေးသူ ငနီနော ကျောက်တိုင်မြောက်ဘက် မိုးကြိုးပစ်ရွာတွင် ခိုဝင်ရှိနေ၍ ဖမ်းဆီးပေးအပ်မည့် အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ [အောက်ပါ (ခ) မှတ်] အတိုင်း မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ဆင့်ဆိုမှာထားရှိကြောင်း။

---

၁။ ၇ ဩဂုတ် ၁၈၈၃ ၂။ ၂၉ ဇူလိုင် ၁၈၈၃ ၃။ ၂၇ ဩဂုတ် ၁၈၈၃ ၄။ ၁၄ စက်တင်ဘာ ၁၈၈၃

၁၂၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့[၁]။

လွှတ်တော်က မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

[ခ]။ ။ ကျောက်တိုင်တောင်ဘက်တွင် အကျဉ်းအချုပ်ထားရာမှ ထွက်ပြေးသူ ငနီနော မိုးကြိုးပစ်ရွာတွင် ခိုဝင်ရှိနေကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍၊ ဝန်စုပါ မြို့ရွာများတွင် ငနီနောဆိုသူ ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ ဖမ်းဆီးချုပ်ထား၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်က လွှတ်တော်သို့ လျှောက်စာ။

[ဂ]။ ။ ငနီနော အကြောင်းအရာနှင့် လွှတ်တော်မှာစာအရ မင်းတပ်မြို့သူကြီးကို မေးရာ၊ စီရင်စု မိုးကြိုးပစ်ရွာသို့ ငနီနောဆိုသူ မည်သည့်ကာလကမှ မလာမရောက် မရှိမနေဖူးကြောင်းနှင့် အစစ်ခံ ထွက်ဆိုရှိပါကြောင်း။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်းက ငနီနောဆိုသူ အကြောင်းနှင့် ပေးစာအရ၊ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ဆင့်ဆိုမေးမြန်းရာ၊ ၎င်းဝန်က [အထက်ပါ (ဂ) မှတ်] အတိုင်း ကျေးရွာသူကြီးတို့ ထွက်ချက်များကို တင်ပို့လျှောက်ထားရှိကြောင်း။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ လင် ပြောကြီး၊ မယား မိလှရာတို့နှင့် ရေမဲညို ရွာသူကြီး မောင်မိုးတို့ ဖြစ်ပွားမှုအကြောင်းနှင့် ပေးစာအရ ပြန်စာမရ ကြန့်ကြာကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ပါသည်မှာ၊ အင်္ဂလိပ် အစိုးရမင်းတို့က ပို့ရောက်သည့် စာများကို မြန်မာအစိုးရတို့က နေ့ရက်မကြာ ပြန်စာ အမြန်ပို့ကြောင်း၊ ၎င်းအမှုနှင့် ပေးစာ မည်သည့်ကာလမှ မရောက်ဖူးကြောင်း၊ ၎င်းအမှုကို သရက်မြို့ အရေးပိုင်နှင့် စုံညီ စီရင်ခွင့် မရှိ၊ မြန်မာအစိုးရတို့က နေရာကျ စီရင်၍ အကြောင်းအရာကို စာပြန်မည့်အကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၃]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးစာ။

[ဃ]။ ။ ရေမဲညို ရွာသူကြီးက ကျောက်တိုင်တောင်ဘက်နေ မယား မိလှရာ၊ လင် ပြောကြီးတို့ထံက ငွေ ၁၄ ပြား လျှပ်ဖြတ် တောင်းယူကြောင်းနှင့် ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍၊ စာပါအတိုင်း မှန် မမှန်ကို အသေအချာ မေးမြန်း၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့[၄]။

၎င်းသို့ ထပ်မံဆင့် ပေးမှာစာ (ကြေးနန်း)။

[င]။ ။ အထက် [(ဃ) မှတ်ပါ အကြောင်းအရာ] ကို လျှောက်ထားရမည် အထက်ဆင့်ဆိုသည်ကို ယခုတိုင် မလျှောက်မထား ကြန့်ကြာ၊ အင်္ဂလိပ် အရေးပိုင်က ထပ်မံ စာပို့ရောက်ရှိ၍ အမြန် လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်က ပေးစာ (ကြေးနန်း)။

၆။ ။ လင်းပင်မင်းသား တိတ်တဆိတ် ထွက်သွားကြောင်း၊ ကျောက်တိုင်မြောက်ဘက်သို့ သွားသည် ထင်ကြကြောင်း၊ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့နယ်တွင်ရှိလျှင် ရမိအောင် ဖမ်းဆီး၍ ရန်ကုန်မြို့သို့ ပို့ရမည် တောင်ငူမြို့ အရေးပိုင်သို့ ဆင့်ဆိုကြောင်း။

---

၁။ ၃၀ ဩဂုတ် ၁၈၈၃ ၂။ ၇ အောက်တိုဘာ ၁၈၈၃ ၃။ ၁၀ နိုဝင်ဘာ ၁၈၈၃ ၄။ ၁၇ ဒီဇင်ဘာ ၁၈၈၃

၁၂၄၅ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ (ကြေးနန်း)။

၇။ ။ အရေးပိုင်မင်းက စာမရောက်မီကပင် ၎င်းသတင်းကိုကြား၍ ဝန်စုပါနယ်တွင် လင်းပင်မင်းသား ခိုဝင်ရှိနေလျှင် ဖမ်းဆီး၍ လွှတ်တော်သို့ ပို့အပ်ရမည် တောင်ငူ၊ နင်းကြမ်း၊ တောင်တွင်းကြီး၊ မလွန်၊ မင်းလှ၊ မင်းတုန်းမြို့ အရာရှိတို့သို့ ဆင့်ဆိုပြီးဖြစ်ကြောင်း။ အရေးပိုင်မင်းစာအရ ထပ်မံ၍လည်း ဆင့်ဆိုရှိကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ဘုံဘိုင်မြို့ စိန်ကုန်သည် ပါရှတူမဒစူဝလက မန္တလေးမြို့နေ ဗဟာဂဝံဒဘာဂလထံ စိန်ကျောက် အကြောင်းနှင့် ရိုက်ကြားသည့်ကြေးနန်း မရောက်ကြောင်း လျှောက်စာလက်ခံ၊ ရိုက်ကြားရင်း ကြေးနန်း လက်ခံများကို ပို့လိုက်ကြောင်းနှင့် အရေးပိုင်မင်းက စာပို့သည့်အရ ဓာတ်ရုံတော် အကြီးအအုပ်တို့ကို မေးရာ၊ ယခုနှစ် ဝါခေါင်လဆန်း ၇ ရက်နေ့က ကြေးနန်းစာ ဆိုက်ရောက်၊ ၎င်းထံ ပေးပို့၊ ရကြောင်း ရေးထိုးသည့် လက်ခံကို တင်ပြလျှောက်ထားရှိ၍၊ ၎င်းလက်မှတ်စာ လက်ခံကို ပို့လိုက်ကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ အကောက်အခွန်မှုနှင့် အရေးပိုင်မင်း ပေးစာကို ရကြောင်း၊ အကောက်အခွန် တစ်စုံတစ်ရာ တိုးပွားကောက်ခံ မရှိကြောင်း၊ တိုးပွားကောက်ခံ၍ ပေးဆောင်ရသူရှိလျှင် မေးမြန်းရန် စေလွှတ်မည့်အကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မင်းသား ဆိုသူသည် ကျောက်တိုင်တောင်ဘက် မြို့လှနယ် တောအရပ်တွင် လူလက်နက် ၅၀၀ ကျော် ၆၀၀ ခန့် စည်းကြပ်စုရုံး၊ နိုင်ငံတော် မြို့ရွာများကို တိုက်ခိုက်မည် ကြံစည်ရှိနေကြောင်း ကြားသိရ၍ ၎င်းတို့ သည်ကဲ့သို့ ကြံစည်ပြုလုပ် မရှိရအောင် ဖမ်းဆီးပြုလုပ်မည့် အကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကျောက်တိုင်တောင်ဘက်နေ ယောက္ခမ မိနီ၊ မယား မိတာတို့ကို ဓားနှင့် ထိုးခုတ်ထွက်သွား၊ မြေထဲမြို့၊ လက်ခုပ်ပင်ရွာ၊ ညောင်ကြီးရွာများတွင် ခိုဝင်ရှိနေသူ ငမြတ်သာထွန်းကို ထောက်လှမ်းဖမ်းဆီး ပေးအပ်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ အောက်မြစ်စဥ်အစိုးရ လက်ဝဲဝင်းတော်မှူးသို့ [အောက်ပါ (စ) မှတ်] အတိုင်း ဆင့်ဆိုမှာထားရှိကြောင်း။

၁၂၄၅ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[စ]။ ။ ကျောက်တိုင်တောင်ဘက်နေ မယား မိတာ၊ ယောက္ခမ မိနီတို့ကို ဓားနှင့် ထိုးခုတ်ထွက်သွားသူ ငမြတ်သာထွန်း အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍၊ စာပါ မြို့ရွာများတွင် ငမြတ်သာထွန်း ဆိုသူ လာရောက် ခိုဝင်ရှိနေလျှင် ဆင့်ဆိုထောက်လှမ်း ဖမ်းဆီးပို့အပ်ရမည်၊ မရှိမနေလျှင်လည်း နယ်ရှင်တို့ ထွက်ချက်နှင့်တကွ အကြောင်းအရာ ရှင်းလင်းကွဲပြားအောင် လျှောက်ထားရမည့် အကြောင်း။

---

## ၄၀၄ မှတ် ပုရပိုက်ထွက်။

၁၂၄၅ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ မိတုတ်ကို ဖမ်းဆီးရာ ရပ်ကွက်သည် အင်္ဂလိပ်မင်းပိုင်နယ်အတွင်း ဖြစ်သည် သိသာ၍၊ ဖမ်းဆီးသူ

၁။ ၂၃ ဒီဇင်ဘာ ၁၈၈၃ ၂။ ၄ ဇန်နဝါရီ ၁၈၈၄ ၃။ ၂၉ ဇန်နဝါရီ ၁၈၈၄

တိုင်တားမြို့တွင်နေ ဘိုး၊ ငဆောင်း၊ ရွှေကံတို့ကို စီရင်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ မိတုတ်ကို ခေါ်ယူသူ ကျီးမည်းရွာခေါင်း ဘိုးကို မေးရာ၊ [အောက်ပါ (က)] အတိုင်း၊ တိုင်တားမြို့သူကြီးကို မေးရာလည်း [အောက်ပါ (ခ)] အတိုင်း ထွက်ဆိုရှိ၍ မယား မိတုတ်၊ လင် ငရွှေသင်းတို့ ကျောက်တိုင်မြောက်ဘက်နေရင်း ဖြစ်သည့်အချက်၊ ကြွေးမြီကြောင့် ထွက်ပြေးတိမ်းရှောင်သည့် အချက်၊ ခေါ်ယူသူ ကျီးမည်းရွာခေါင်းမှာ မိတုတ်တို့တွင် ကြွေးမြီအတွက် ခံဝန်သူဖြစ်သည့် အချက်များကို အရေးပိုင်မင်း ဆင်ခြင်သိသာရန် ပေးပို့လိုက်ကြောင်း။

၁၂၄၅ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့[၁]။

တိုင်တားမြို့ ကျီးမည်းရွာခေါင်း ဘိုး မေးချက်။

(က) မယား မိတုတ်၊ လင် ငရွှေသင်းတို့တွင် မဘဲမြို့နေ သံတိုင်က ငွေ ၁၂၅ ရရန်ရှိ၍ မြို့ရုံးတွင် လျှောက်တောင်းရာ၊ ကျွန်တော်ကို ဝန်ခံပါ ပြောဆိုသည်နှင့် ဝန်ခံထားသည့်အတွင်း ထွက်ပြေး၊ တောအရပ်တွင် ပုန်းနေရာ တွေ့ရှိ၍ ခေါ်ခဲ့ကြောင်း၊ ငမြတ်သင်း၊ ငရိုး၊ ငသိန်း၊ ငပေတို့မှာ ကျွန်တော် ရွာတွင် မနေဖူးကြောင်း၊ ငရွှေကံ၊ ငဆောင်းတို့မှာ ကျောက်တိုင်တောင်ဘက်နေ ဖြစ်ကြောင်း။

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။

တိုင်တားမြို့သူကြီး ဘိုးမောင် မေးချက်။

(ခ) မိတုတ်ကို ရွာခေါင်း မောင်ဘိုး ခေါ်ငင်သောနေရာသည် ကျောက်တိုင်မြောက်ဘက် နယ်မြေ ဖြစ်ကြောင်း။

၁၂၄၅ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ယောက္ခမ မိနီ၊ မယား မိတာတို့ကို ဓားနှင့် ထိုးခုတ်ထွက်သွားသူ ငမြတ်သာထွန်းကို ဖမ်းဆီးပေးအပ်မည့် အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ အောက်မြစ်စဉ်အစိုးရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုတောင်းခံရာ ညောင်ကြီးရွာ၊ လက်ခုပ်ပင်ရွာများတွင် မရှိမနေကြောင်းကို အောက်ပါ [(က) မှတ်၊ (ခ) မှတ်] အတိုင်း ကျေးရွာသူကြီးတို့ ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထားရှိကြောင်း။ မည်သည့်မြို့ရွာတွင် ခိုဝင်နေထိုင်ရှိသည်ကို ဖမ်းဆီးသာအောင် အသေအချာ စာပြန်ကြားမည့် အကြောင်း။

၁၂၄၅ ခုပြာသိုလပြည့်ကျော် ၆ ရက်နေ့။

ညောင်ကြီး ရွာသူကြီး ငသက်နှံ၊ လက်ခုပ်ပင် ရွာသူကြီး ငချင်းအိုတို့ ခံဝန်ချက်။

(က) ကျောက်တိုင်တောင်ဘက်နေ ငမြတ်သာထွန်း ဆိုသူ ကြီးစုပါ နယ်မြေအတွင်း မရှိမနေပါ၊ နောင် ရှိနေသည် ပေါ်ပေါက်ကြားသိရလျှင် ရာဇဝတ်အပြစ် ခံပါမည်။

၁၂၄၅ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ လင် ငပြားကြီး၊ မယား မိလှရာတို့ထံ ရေမဲညို ရွာသူကြီး ငမိုးက လျှပ်ဖြတ်တောင်းယူသည့်ငွေ ၁၄ ပြားကို ပြန်ပေးစေမည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ အောက်မြစ်စဉ်အစိုးရ လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုမေးမြန်းစေရာ၊ အောက်ပါ (က)၊ (ခ)၊ (ဂ) ထွက်ချက်၊ ဖျန်ဖြေချက်များနှင့်တကွ တင်ပို့လျှောက်ထားရှိ၍ ငပြားကြီး၊ မိလှရာတို့ မဟုတ်မမှန် ပြုလုပ်ပြောဆိုသည့် အချက်များကို သိသာရန် ထွက်ချက်၊ ဖျန်ဖြေချက်များနှင့်တကွ ပို့လိုက်ကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့[၄]။

ရေမဲညို ရွာသူကြီး မေးချက် ။

(က) ငပြားကြီး၊ မယား မိလှရာတို့နှင့် ငလှိုင်း၊ ငသဲ့တို့ နွားမှု ထောက်လှမ်းချက်စကား မြေထဲမြို့ရုံးတွင် ဖြစ်ပွားပြောဆိုရာ ငပြားကြီး၊ မယား မိလှရာတို့က ငလှိုင်း၊ ငသဲ့တို့သို့ တရားစရိတ် အရုံပြု၍ ဒင်္ဂါး ၁၄ ပြား ပေးစေ၊ ငပြားကြီး ယောက္ခမ ဘောက် စီရင်၍ ပြီးပြတ်ကြောင်း ကြားသိကြောင်း။

၁။ ၂၀ ဇန်နဝါရီ ၁၈၈၄ ၂။ ၂၃ ဇန်နဝါရီ ၁၈၈၄ ၃။ ၁၇ ဖေဖော်ဝါရီ ၁၈၈၄ ၄။ ၂၆ ဒီဇင်ဘာ ၁၈၈၃

၁၂၄၅ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့[၁]။

ဘက် မေးချက်။

(ခ) ကြက်ရုံးရွာကြေးခေါင်း ငနီ၊ ငရွှေတို့ နွား ၃ ကို ရေမဲညိုရွာနေ ငလှိုင်း၊ ငသဲ့တို့ လုယူကြောင်းနှင့် အာလံမြို့ တရားမဝန်ထောက်ထံ ကျွန်တော့်သမက် ပြေားကြီးက ပြောဆိုသောကြောင့် နွားရှင်တို့ကို ခေါ်၍ နွားလု ယူသူတို့ကိုမြင်လျှင် သိမည်လား မေးရာ၊ သိပါသည် ပြောဆို၍ ခေါင်ပြသ မေးမြန်းရာ၊ မဟုတ်ကြောင်း ပြောဆိုသည်နှင့် ပြေားကြီး မဟုတ်မလျား မှုခင်းရှာကြံသူဖြစ်၍ ကုန်ကျရစရိတ်ငွေ ၂၄ ကို ငလှိုင်း၊ ငသဲ့တို့က မြို့ရုံးတွင် လျှောက်တောင်းမည်ရှိရာ [အောက်ပါ (ဂ) မှတ်] အတိုင်း ကျွန်တော် ဆုံးမဖျန်ဖြေ၊ သဘောတူ ပေးကမ်း ပြီးငြိမ်းပြီးဖြစ်ကြောင်း။

၁၂၄၅ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့[၂]။

ဘက် တင်ပေးသည့် ဆုံးမ ဖျန်ဖြေချက်။

(ဂ) ငလှိုင်း၊ ငသဲ့တို့နှင့် ကျောက်တိုင်တောင်ဘက်နေ ပြေားကြီးတို့ စကားမှာ ငလှိုင်း၊ ငသဲ့တို့က ကျွန်တော် တို့ကို ရာဇဝတ်မကင်း၊ မှုခင်းရှာကြံ၊ ငရွှေတိတို့ကို ပြောသောကြောင့် ငရွှေတိတို့နှင့် မြို့ရုံးတွင် ပြောဆိုရာ ကုန်ကျစရိတ် ၂၄ ကို ပြေားကြီးက ပေးခံသင့်ကြောင်းနှင့် မြို့ရုံးတွင် ပြောဆိုမည်ရှိရာ ဦးဘက်က ကျွန်ုပ် ဆိုရာ ပြီးကြပါဆိုလျှင် ပြီးပါမည် ၃ ဦး ပဋိညာဉ်အရ ကုန်ကျရငွေအနက် ၁၄ နှင့်သာ ပြီးငြိမ်းကြပါ ဖျန်ဖြေချက်အတိုင်း ပေးကမ်းပြီးပြတ်ကြသည်။

၁၂၄၅ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့[၃]။

လွှတ်တော်က မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

[က]။ ။ ကျောက်တိုင်တောင်ဘက် အကျဉ်းအချုပ်မှ ငနီနော ဆိုသူ ထွက်ပြေး၊ မင်းတပ်မြို့ စီရင်စု၊ စက်စက်ယိုရွာ ငမြတ်သင်းအိမ်တွင် ရှိနေ၍ ဖမ်းဆီးပေးအပ်မည့် အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ စာပါ မြို့ရွာနေအိမ်တွင် ငနီနော ထွက်ပြေးလာရောက် ခိုဝင်ရှိနေလျှင် ရမိအောင် ဖမ်းဆီးချုပ်ထား၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထား ရမည့် အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ မလွန်မြို့၊ ရွာငယ်ကျောင်းတွင် တိုက်ခိုက်သူ ဓားပြ ၄ အနက် မြန်မာကျွန်တော်မျိုး ငမှတ်၊ ငပိုတို့ကို စစ်မေးသာအောင် သိသူ သက်သေတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ စေလွှတ်ရန် လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း၊ အမှုထင်ရှားကာလ သရက်မြို့ အရေး ပိုင်က လက်ဝဲဝင်းတော်မှူးထံ ပေးအပ်အောင် ဆင့်ဆိုစေလိုကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၄]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[က]။ ။ ရွာငယ်ကျောင်းတွင် တိုက်ခိုက်သည့် ဓားပြ ၄ အနက် မြန်မာကျွန်တော်မျိုး ငမှတ်၊ ငပိုတို့ကို ပေးအပ်လို၍ တိုက်ခိုက်ရာသိသူ သက်သေတို့ကို စေလွှတ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ ငမှတ်၊ ငပိုတို့ တိုက်ခိုက်ရာသိသူတို့နှင့် နေရာကျ ပြောဆိုနိုင်မည့်သူကို သရက်မြို့ အရေးပိုင်ထံ ရွေးချယ် စေလွှတ် တောင်းယူစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ပျာတာအမှုထမ်းကိုင် သေနတ်များကို တိုက်ခိုက်လုယူသူ ဓားပြ ငသာကတိုး၊ ငမဲ့တို့ နိုင်ငံတော် ကွေးကြော ရွာတွင် ရှိနေ၍ သရက်မြို့ အရေးပိုင်က လက်ဝဲဝင်းတော်မှူးထံ စာပေးရာ ငမဲ့မှာ ထောက်လှမ်းဆဲရှိကြောင်း။

၁။ ၂၁ ဇန်နဝါရီ ၁၈၈၄ ၂။ ၁၂ ဖေဖော်ဝါရီ ၁၈၈၄ ၃။ ၁၇ ဖေဖော်ဝါရီ ၁၈၈၄ ၄။ ၂၉ ဖေဖော်ဝါရီ ၁၈၈၄

သောကတိုးမှာ ဖမ်းဆီးရမိ ချုပ်ထားရှိကြောင်း ကြားသိရ၍ ချုပ်ထားသူကို ပေးအပ်မည့် အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ အလိုရှိလျှင် ၎င်းတို့လုယူရာ သိသူသက်သေတို့ကို လက်ဝဲဝင်းတော်မှူးထံ စေလွှတ်စေလိုကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးထံ ပေးမှာစာ။

[ခ]။ ။ ကျောက်တိုင်တောင်ဘက် ကျောက်ကလပ် တောအရပ်တွင် ပျာတာကိုင် သေနတ်များကို တိုက်ခိုက် လုယူသူတို့အနက် ဖမ်းဆီးရမိသူ သောကတိုးတို့ကို ပေးအပ်မည့် အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်သည့်အရ၊ ၎င်းတို့ လုယူရာ သိသူတို့ကို စေလွှတ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်သို့ စာပြန်ပေးသည့်အတိုင်း စေလွှတ်ကာလ စုံညီစစ်မေး မှန်ကန်လျှင် သရက်မြို့ အရေးပိုင်သို့ ပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ ငမင်းတိုင် ဆိုသူကို အသေသတ်ဖြတ် ထွက်ပြေးသူ ဘိုးမြကို မင်းလှထောင်တွင် ချုပ်ထားကြောင်း ကြားသိရ၍ ပေးအပ်မည့်အကြောင်းနှင့် အရေးပိုင်မင်း စာပို့ရောက်သည့်အရ၊ သတ်ဖြတ်ရာ သိသူသက်သေတို့ကို လက်ဝဲဝင်းတော်မှူးထံ စေလွှတ်စေလိုကြောင်း။

၁၂၄၅ ခု၊ တပေါင်းလဆန်း ၄ ရက်နေ့[၁]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[ဂ]။ ။ မင်းလှထောင်တွင် အကျဉ်းချုပ်ထားသူ ဘိုးမြကို ပေးအပ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ သက်သေတို့ကို အင်္ဂလိပ်အရေးပိုင်က စေလွှတ်လာရောက်လျှင် စုံညီစစ်မေး၊ မှန်ကန် ကာလ သရက်မြို့အရေးပိုင်သို့ ပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ဗန်းမော်မြို့နေ သိုးဆောင်းသီလသည်၊ အင်္ဂလိပ် ကျွန်တော်မျိုး ကုန်သည်တို့အကြောင်း အရေးပိုင်မင်းက ပို့သည့် ကြေးနန်းစာကို ရကြောင်း။ ဗန်းမော်မြို့မှာ ကချင်တို့ ထကြွသည့်အရာကို ဝန်ထောက်တော် ဇရာဝတီ ခရိုင်ဝန်ကို စေလွှတ် သိမ်းပိုက်စေကြောင်း။ အင်္ဂလိပ် ကျွန်တော်မျိုးတို့ ပစ္စည်းများကို အလိုရှိရာ ထုတ်ယူစေရန်လည်း မှာထားဆင့်ဆိုရှိကြောင်း။

၁၂၄၅ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

လွှတ်တော်က ဝန်ထောက်တော် အညာမြစ်စဉ် ခရိုင်ဝန်သို့ ပေးမှာစာ။

[က]။ ။ ဗန်းမော်မြို့နေ အင်္ဂလိပ် ကျွန်တော်မျိုး ကုန်သည်တို့ကို အထူးသဖြင့် စောင့်ရှောက်၍၊ ကိုယ်ပိုင်ပစ္စည်း များကို အလိုရှိရာ ထုတ်ယူစေရမည့် အကြောင်း။

---

## ၄၀၅ မှတ် ဗုဒ္ဓပိုက်ထွက်။

၁၂၄၅ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ အရေးပိုင်မင်း အထက်ပေးစာပါ ငနီနော့အကြောင်းအရာကို မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်မင်းသို့ ဆင့်ဆိုမေးမြန်းရာ၊ ငနီနော့ကို ဖမ်းဆီးရမိ၊ သံခြေချင်း ၂ ဆင့်စွဲခတ် အကျဉ်းချထားသည့်အတွင်း ညဉ့် အခါ ထွက်ပြေး၊ ထောက်လှမ်းဆဲရှိကြောင်းများနှင့် ၎င်းမြို့ဝန်မင်းက လွှတ်တော်သို့ လျှောက်ထားရှိ၍ ထောက်လှမ်းဖမ်းဆီးရမည် ၎င်းမြို့ဝန်မင်းသို့ ထပ်မံ မှာထားရှိကြောင်း။

---

၁။ ၂၉ ဖေဖော်ဝါရီ ၁၈၈၄ ၂။ ၁၇ မတ် ၁၈၈၄

၁၂၄၅ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့[၁]။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ လွှတ်တော်က ထပ်မံ ပေးမှာစာ။

[က]။ ။ လွှတ်တော်မှာစာပါ ငနီနောကို ဖမ်းဆီးရမိ၊ အကျဉ်းချထားရာ ညဥ့်အခါ ထွက်ပြေးကြောင်းနှင့် မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်က လျှောက်ထား ကြားသိရသည်ဖြစ်၍ ရမိအောင် ထောက်လှမ်းဖမ်းဆီးရမည့် အကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးမှာစာ။

၂။ ။ ၁၂၄၆ ခုနှစ်အတွင်း ကောက်ခံရန် ကုန်ဖိုးနှုန်း စာရင်းစာအုပ် ၁ ကို ပေးပို့မြဲ ပေးပို့လိုက်ကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ မဏိပူရ နယ်မြေနှင့် မြန်မာနိုင်ငံ နယ်မြေအပိုင်းအခြားကို တိုးပွား မတည်မလုပ်ကြောင်းနှင့် အရေးပိုင်မင်း စာအရ ဟုတ် မဟုတ်ကို စေလွှတ်ကြည့်ရှု မှတ်သားစေသည့် အမှတ်အသားကို ပို့လိုက်ကြောင်း။

၁၈၈၃ ခုနှစ်က ကာနယ်ဂျွန်ဆင် သတ်မှတ်သည်ထက် တိုးပွား မတည်လုပ်ကြောင်းနှင့် ပါသည်မှာ ၂ ဦး အစိုးရမင်းတို့ မသိဘဲ ကာနယ်ဂျွန်ဆင် အလိုရှိရာ သတ်မှတ်သည်ကို အစွဲပြု၍ နယ်မြေမှုစကားတွင် ထည့်သွင်း ပါရှိသည်ကို အံ့သြကြောင်း။

၎င်းအပိုင်းအခြားနှင့်စပ်၍ မြန်မာသက္ကရာဇ် ၁၁၉၅ ခုနှစ်၊ မရိန်းတောင်တန်းကို အခြားထား၍ စုံညီစာချုပ်ဆို ပိုင်းခြားသည်ကိုသာ ၂ ဦး အစိုးရတို့ အတည်ပြုသင့်သည့်တိုင်း မြန်မာအစိုးတို့က အတည်အငြိမ် ပြုလုပ်နိုင်ကြောင်း။

၎င်းတောင်တန်းတွင် စောင့်နေမြဲ ကောင်ကန်ဌာနာက ကျူးလွန်၊ နိုင်ငံတော်ဘက်သို့ ဝင်ရောက်၊ သစ်တပ်တဲအုံ ကနားများကို ကသည်းလူမျိုးတို့ တည်လုပ်၊ အစောင့်အနေ ချထားရှိကြောင်း။

သည်သာမက မင်းသမီး တောင်ခြေက ကျားတပ်ခေါ် တောင်ခြေတစ်လျှောက် ကျောက်စုကျောက်ပုံများကို ပိုမိုတိုးတက် ကျူးလွန်ပြုလုပ်သည့်အရာ ထင်လင်းသိသာကြောင်း။

အင်္ဂလိပ် အစိုးရမင်းတို့ နိုင်ငံအတွင်း နိုင်ငံ သီးခြားမင်းတို့နှင့် စုံညီသတ်မှတ်ပြီး နယ်နိမိတ်ကို ကျူးလွန်၍ တစ်စုံတစ်ရာ ပြုလုပ်ခဲ့လျှင် အင်္ဂလိပ် အစိုးရမင်းတို့ အရှည်စောင့်စားထားနိုင်သည့်အရာ မဟုတ်သကဲ့သို့၊ ယခု ကသည်းတို့ ပြုလုပ်သည့်အရာများကို မြန်မာအစိုးရမင်းတို့က တားနိုင်ခွင့် မရှိကြောင်း။

သို့ဖြစ်၍ ပို့လိုက်သည့် နယ်မြေပုံစံကို အရေးပိုင်မင်း ကြည့်ရှုစဉ်းစားပြီးလျှင် တိုင်းကြီးပြည်ကြီးတို့ ခလေ့ ထုံးစံနှင့်မညီ ကသည်းလူမျိုးတို့ ထပ်မံတိုးပွား ပြုလုပ်သည့်အရာများကို အင်္ဂလိပ် အစိုးရမင်းတို့က ကုန်စင်အောင် အမြန်ဆင့်ဆို နုတ်သိမ်းစေမည့်အကြောင်း။ သည်ကဲ့သို့ အသေအချာ စာပေးလျက် မနုတ်မသိမ်းလျှင် သောင်သွပ် စော်ဘွားကြီးကို ဆင့်ဆို၍ ဖျက်သိမ်းစေလိမ့်မည့် အကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ အရေးပိုင်မင်း ပေးစာတွင် ငမင်းတိုင်ကို ငဘိုးမြ သတ်ဖြတ်သည့်အရာ သိမြင်သူ သက်သေတို့ကို သရက်မြို့ အရေးပိုင်က စေလွှတ်လာရောက် စုံညီစစ်မေး ထင်ရှားသိသာလျှင် ငဘိုးမြကို သရက်မြို့ အရေးပိုင်သို့ ပေးအပ်မည့်အကြောင်းနှင့် ပါသည်မှာ ၁၂၄၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့ ပြန်ပေးစာအရ [အောက်ပါ (က) မှတ်] အတိုင်း လက်ဝဲဝင်းတော်မှူးသို့ ထပ်မံ မှာထားရှိကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၃]။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[က]။ ။ ငမင်းတိုင် ဆိုသူကို ငဘိုးမြ သတ်ဖြတ်သည့်အရာ သိမြင်သူ သက်သေတို့ကို သရက်မြို့ အရေးပိုင်က စေလွှတ်လာရောက် စစ်မေးထင်ရှားကာလ၊ သရက်မြို့ အရေးပိုင်သို့ ပေးအပ်အောင် ဆင့်ဆိုပါမည့်

၁။ ၁၆ မတ် ၁၈၈၄ ၂။ ၃၀ ဧပြီ ၁၈၈၄ ၃။ ၈ မေ ၁၈၈၄

အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်၍ စာပါအတိုင်း သက်သေတို့ကို စေလွှတ်လာရောက် စစ်မေးထင်ရှားလျှင် ပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ အရေးပိုင်မင်း ပေးစာတွင် ပျာတာ အမှုထမ်းတို့ သေနတ်ကို ဓားပြ သောကတိုး လုယူသည့်အရာ သိမြင်သူတို့ကို သရက်မြို့ အရေးပိုင်က စေလွှတ်လာရောက် စုံညီစစ်မေး ထင်ရှားလျှင် သောကတိုးကို သရက်မြို့ အရေးပိုင်သို့ ပေးအပ်မည့်အကြောင်း ပါသည်မှာ ၁၂၄၅ ခုနှစ် တပေါင်းလဆန်း ၃ ရက်နေ့ ပြန်ပေးစာအရ [အောက်ပါ (ခ) မှတ်] အတိုင်း လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့။

လွှတ်တော်က လက်ဝဲဝင်းတော်မှူးသို့ ပေးစာ။

[ခ]။ ။ ပျာတာ အမှုထမ်းတို့ သေနတ်ကို ဓားပြ သောကတိုး လုယူသည့်အရာ သိမြင်သူတို့ကို သရက်မြို့ အရေးပိုင်က စေလွှတ်၊ စုံညီစစ်မေး ထင်ရှားလျှင် ဘိုးမြကို သရက်မြို့ အရေးပိုင်သို့ ပေးအပ်အောင် ဆင့်ဆိုမည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်၍၊ စာပါအတိုင်း သိသူတို့ကို စေလွှတ်၊ စုံညီစစ်မေး ထင်ရှားလျှင် ပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ အရေးပိုင်မင်း ပေးစာတွင် ပုသိမ်မြို့ ပေပင်ရွာသူကြီး ငစော၊ မြစ်တရာ ရွာသူကြီး ငဝိုင်းတို့ အကြောင်းနှင့် ကုန်ခဲ့သည့် နိုဝင်ဘာလ အတွင်းက ပေးစာနံပါတ် ၅၅၃ အရ စာပြန်မည့် အကြောင်းနှင့် ပါသည်မှာ ၎င်းစာ မပို့ မရောက်ရှိကြောင်း။

၁၂၄၆ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ သရက်မြို့ စီရင်စု ကျေးရွာများတွင် မကြာမီက တိုက်ခိုက်သည့် ဓားပြမှုအနက် အနည်းဆုံး ၃ မှုတွင် မင်းတပ်မြို့သူကြီး မောင်ဆွဲ တိုက်ရိုက်ပါဝင်ရန် ရှိကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ မောင်ဆွဲကို မေးရာ၊ [အောက်ပါ (က) မှတ်] အတိုင်း ထွက်ဆိုရှိသည်ကို ထောက်လျှင်၊ အစွန်အဖျားတွင် နေထိုင်သူချင်း အထက်ကာလ ဒေါသမကင်းသည်ကို အကြောင်းပြု၍ အပြစ်ပြုလုပ် ပြောဆိုသည့်အရာ ဖြစ်မည်၊ အဟုတ် အမှန်သိ၍ ပြောဆိုသည့်အရာ ဖြစ်မည်ကို အရေးပိုင်မင်း ဆင်ခြင်၍ ဆင်းရဲသားတို့မှာ မဟုတ်မမှန် မဖြစ်စေရ အထူး သဘောထားလိမ့်မည် ယုံကြည်ကြောင်း။ နောက်ကိုလည်း မောင်ဆွဲ အလိုအလျောက် အပြန်အသွား မရှိရအောင် ဆင့်ဆိုရှိကြောင်း၊ ၎င်းထွက်ဆိုချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့။

မောင်ဆွဲ မေးချက်။

(က) ရပ်ရွာတွင် အဘ မကျန်းမမာရှိသည်နှင့် အတွင်းတော်မှာ လျှောက်ထားပြီးလျှင် ခေတ္တပြန်သွား၊ ဆေးဝါး ကုသ သက်သာလျှင် သက်သာချင်း ရွှေမြို့တော်သို့ ပြန်ရောက်နေထိုင်ကြောင်း၊ ကျေးရွာတွင် ခေတ္တနေစဉ် လည်း အင်္ဂလိပ် အရေးပိုင် ပေးစာပါ ဓားပြမှုများတွင် မပါမဝင်ကြောင်း၊ သည်ကဲ့သို့ စာပေးသည်မှာလည်း အထက်ကာလက ဒေါသမကင်းရှိသူ မင်းတုန်းမြို့နေ အင်စဘက်ဗိုလ် မောင်စက်တိုးက ကျွန်တော် ရပ်ရွာသို့ ခေတ္တမျှ သွားလာခွင့်မရ၊ အကျိုးယုတ်လျော့လေအောင်၊ အင်္ဂလိပ် အစိုးရမင်းတို့ အထင်အယူ မှားလေအောင် ကျေးကျွန်လူယုံအချို့ကို သက်သေ၊ အချို့ကို ထောက်လှမ်းရင်း သူ ကြံဖန်ပြုလုပ်သည့် အရာကို အင်္ဂလိပ် အစိုးရမင်းတို့ အမှန် ယုံကြည်မှတ်သား၍ အကြိမ်ကြိမ် စာပေးပို့သည့်အရာ ဖြစ်ကြောင်း။

---

၁။ ၈ မေ ၁၈၈၄ ၂။ ၄ ဇွန် ၁၈၈၄

## ၄၀၆ မှတ် ပုရပိုက်ထွက်။

**၁၂၄၆ ခု၊ နယုန်လဆန်း ၃ ရက်နေ့[၁]။**

### မင်္ဂလာရဲညွန့်မြင်းဝန် မင်းထင်ကျော်ခေါင် ထွက်ချက်။

[က]။ ။အရေးပိုင် ပေးစာပါ ဇန္တာဝတီ၊ မက္ကရီကာတို့ပိုင် မိသော့ခေါ် ဆင်မကို အဘ မြင်းစုကြီးဝန်က ကျောက်တိုင်တောင်ဘက်နေ အမည်မသိ လူ ၂ တို့ထံက အဖိုးငွေ ၉၉ဝိ နှင့် ဝယ်ယူပို့ရောက်ရှိသည့်အတွင်း သစ်ခေါင်းလေ့ို၊ ဇန္တာဝတီ၊ မက္ကရီကာတို့ ကိုယ်စားလှယ် ဆာတလင်တို့က ပျောက်ဆုံးသည့် မိသော့ခေါ် ဆင်မဖြစ်၍ ပေးအပ်မည့်အကြောင်းနှင့် တိုင်တားဝန်ကြီးထံ လျှောက်ထားရာ၊ ၎င်းစကားမပြတ်မီ ဆင်ကို ဆင်ဝန်၊ ဆင်ဝန်ထောက်တို့သို့ ပေးအပ်ထားရမည် အမိန့်အရ မှတ်သားပေးအပ်ရကြောင်း။ ၎င်းအမှုစကားလည်း ယခုတင်ပြသည့် [အောက်ပါ (က–က) မှတ်] စာချုပ်အတိုင်း သဘောတူပြီးပြတ်ကြောင်း။

**၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၂]။**

### ၎င်းက တင်ပေးသည့် စာချုပ်။

[က–က]။ ။ကိုယ်စားလှယ် ဆာတလင်၊ သစ်ခေါင်း ဘိုးသာ၊ လေ့ိုတို့က ဆင်မ ပျောက်ဆုံးမှု စကားကို အကျယ်အပွား မပြောမဆိုလိုပါ၊ ဆင်ထောက်လှမ်းရ စရိတ်ငွေ ၃၂ဝိ ကိုသာ ပေးကမ်းပါ၊ ဆင်ကို ကျွန်တော်တို့ ၂ ဦး စုံညီ လျှောက်တောင်းယူပါမည် မင်္ဂလာရဲညွန့် မြင်းဝန်မင်းသို့ ပြောဆိုချက်အရ ၂ ဦး သဘောတူ စာချုပ်လက်မှတ် ရေးထိုးပေးကမ်း ပြီးပြတ်ကာလ သက်သေ ၃။

**၁၂၄၆ ခု၊ နယုန်လဆန်း ၄ ရက်နေ့။**

### ဆင်စချီ နေမျိုးရာဇသင်္ခယာ မေးချက်။

[ခ]။ ။ဆာတလင်တို့နှင့် မင်္ဂလာရဲညွန့် မြင်းဝန်တို့ ပြောဆိုကြသည့် မိသော့ခေါ် ဆင်မမှုစကား မပြီးပြတ်မီ ဆင်ကို ဆင်ဝန်၊ ဆင်ဝန်ထောက်၊ ဆင်စချီတို့က ထိန်းထားရမည် တိုင်တားဝန်ကြီးမင်း အမိန့်အရ မြို့တင်ရွာဆင်မှူးသို့ ဆင့်ဆိုပေးအပ် ထိန်းထားစေသည့်အတွင်း၊ ဆင်မကို သစ်ခေါင်း ဘိုးသာ၊ လေ့ို တို့သို့ ပေးအပ်ရမည် ၎င်းဝန်ကြီးမင်း အမိန့်ရှိပြီးနောက် ဘိုးသာက ဆင်ထိန်းကျောင်းခဆို၍ ကျွန်တော်သို့ ငွေ ၃ဝိ၊ ဆင်ဝန်ထောက်သို့ ၃ဝိ၊ နောက်တော်ထိုင်ဆင်မှူး ဥဒိန်သူရပျံတင်သို့ ၄ဝိ ပေးကမ်းရယူ၊ ဘိုးသာက ဘက်ထည့်လူ ၁ နှင့်အတူ နန်းသူမခေါ် ဆင်တော်ဦးစီး၊ နောက်ပဲ့တို့ကို စေလွှတ်တောင်းယူ စေရာ၊ ဆင်မ မှားယွင်းသေဆုံးကြောင်းနှင့် စေလွှတ်သူတို့ ပြန်ရောက်ပြောဆို ကြားသိရသည်နှင့် ဘိုးသာက ဆင်ထိန်းခ ပေးငွေအနက် တစ်ဝက်ငွေကို ပြန်ပေးကြောင်း။

**၁၂၄၆ ခု၊ နယုန်လဆန်း ၅ ရက်နေ့။**

### မြို့တင်ရွာနေ ဆင်မှူး ငပြောင်၊ သွေးသောက်ကြီး ငမြို့တို့ မေးချက်။

[ဂ]။ ။မိသော့ခေါ် ဆင်မကို ဆင်ဝန်မင်း အမိန့်အရ ထိန်းထားရသည့်အတွင်း ရွှေဘွားတော်အောက်သို့ ပို့အပ်လာရမည် ဆိုင်ရာစာနှင့် အထက်တစ်ကြိမ် လာရောက်တောင်းခေါ်ရာ၊ ဆင်မမှာ ပါရင်းရောဂါ အသည်းအသန်ဖြစ်ကြောင်း အစီရင်ခံ စေလွှတ်ပြီးနောက် ၎င်းရောဂါနှင့်ပင် မြို့တင်ရွာ မြောက်တာ ၅ဝ ကွာရှိ ဇလုပ်ကြီးခေါ် စားကျက်တွင် မှားယွင်းသေဆုံးရှိသောကြောင့် ဆာတလင်၊ ဘိုးသာတို့က စေလွှတ်သူ ၁ နှင့် ဆိုင်ရာက ဘက်ထည့်သူ နန်းသူမခေါ် ဆင်တော်ဦးစီး၊ နောက်ပဲ့တို့ ထပ်မံလာရောက် တောင်းခံရာ ဆင်မ နားရွက် အမြီးများကို ပြသပြောဆို ပေးအပ်ရကြောင်း။

**၁၂၄၆ ခု၊ နယုန်လဆန်း ၆ ရက်နေ့[၃]။**

### ကိုယ်စားလှယ် ဆာတလင် မေးချက်။

[ဃ]။ ။သစ်ခေါင်း လေ့ို၊ ဦးစီး နေ့စ်တို့က ပျောက်ဆုံးသည့် ဆင်မကို မင်္ဂလာရဲညွန့် မြင်းဝန်အိမ်တွင် တွေ့ရှိ၍ ပြောဆိုပေးပါ ကျွန်တော်နှင့် ဘိုးသာကို ခေါ်သောကြောင့် တိုင်တားမင်းကြီးထံ အတူသွားရောက် လျှောက်ထားရာ၊ ၎င်းစကားမပြတ်မီ ဆင်ကို ဆင်ဝန်တို့က ထိန်းထားရမည် မိန့်ချက်အရ ပေးအပ်

---

၁။ ၂၇ မေ ၁၈၈၄ ၂။ ၁၅ အောက်တိုဘာ ၁၈၈၃ ၃။ ၃၀ မေ ၁၈၈၄

ထိန်းထားစေသည့်အတွင်း၊ မင်္ဂလာရဲညွန့် မြင်းဝန်နှင့် ကျွန်တော်တို့ ပြောဆိုရာ [အထက် (က–က) မှတ်စာချုပ်] ချုပ်ဆို ပြီးပြတ်ကြသည့်အတိုင်း တိုင်တားမင်းကြီးထံ လျှောက်ထားရာ ဆင်ကို ငလိုင်သို့ ပေးအပ်ရမည် ဆင့်ဆိုနောက်၊ ငလိုင်က ဆင်ထိန်းထားခ ငွေ ၁၀၀ိ ပေးကမ်း၊ ဆင်ဝန်ထောက်တို့က လူ စေလွှတ်ယူစေရာ ဆင်မတွင် ရှိရင်းရောဂါ အသည်းအသန်ဖြစ်၍ ယူငင်ပါနိုင်ရန် မရှိကြောင်း၊ ဆင်ရှင်က ဘက်ထည့်သူနှင့်မှ တော်မည့်အကြောင်း ပြောဆိုရှိ၍၊ ကျွန်တော်က ဦးစီးငနှစ်ကို ဘက်ထည့်ယူပြန်စေရာ မရောက်မီ ဆင်မ သေဆုံးသည်နှင့် ဆင်မ နားရွက်၊ အစွယ်များကို ဆင်မှူးတို့က ပြသပေးအပ်ရှိကြောင်းနှင့် ငနှစ် ပြန်ရောက် ပြောဆိုကြောင်း။ မိသော့ခေါ် ဆင်မ ဟုတ် မဟုတ်ကို မေးပြန်ရာ ဟုတ်ပေသည်၊ သို့သော်လည်း အဖိုးငွေ၊ ကုန်စရိတ်ငွေ တစ်ခုခုကိုရအောင် မြင်းဝန်ထံ ပြောဆိုပေးပါ ပြောဆိုရာ အထက် စာချုပ် ထင်ရှားနှင့်ဖြစ်၍ ပြောဆိုနိုင်ခွင့်မရှိ ကျွန်တော်က ပြန်ပြောလျှင် ဆင်ဝန်တို့ထံ ပေးရငွေ ၁၀၀ိ ကို တောင်းပေးပါ ပြောပြန်သောကြောင့် တောင်းခံရငွေ တစ်ဝက်ကို ငနှစ်သို့ပေးကြောင်း။ မက္ကရီကာတို့ အမိန့်အရ ငလိုင်သို့ ၎င်းဆင်လိုက်စရိတ်ငွေ ၅၀ဝိ ခန့်သာ မှတ်သား ထုတ်ပေးရကြောင်း။ ဆင်မလည်း ငလိုင်ပိုင် ဖြစ်ကြောင်း။

၁၂၄၆ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ဇန္နာ၀တ်၊ မက္ကရီကာတို့ပိုင် ပျောက်ဆုံးသည့် မိသော့ခေါ် ဆင်မ အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ မင်္ဂလာရဲညွန့် မြင်းဝန်မင်းကို မေးရာ၊ [အထက် (က) အမှတ်] အတိုင်း [(က–က)] စာချုပ်ကို တင်ပြ လျှောက်ထားရှိ၍၊ ဟုတ် မဟုတ်ကို တိုက်ဆိုင်မေးမြန်းရန် သစ်ခေါင်း ငလိုကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၆ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ သူကြီး ငစော၊ ငဝိုင်းတို့ကို သိသူတို့ကို အလိုရှိလျှင် စေလွှတ်မည် အရေးပိုင်မင်း အထက်ပေးစာတွင် ပါသည့်အရ၊ ၎င်းတို့ကို သိသူတို့ကို အမြန်ဆင့်ဆို စေလွှတ်မည့်အကြောင်း။

၁၂၄၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ နိုင်ငံတော်နယ်မြေနှင့် မဏိပူရနယ်မြေ အခြားကို ထပ်မံသတ်မှတ်သည့်အတိုင်း စောင့်ရှောက်လိမ့်မည့် အကြောင်းနှင့် ၁၈၈၄ ခု၊ ဇွန်လ ၁၇ ရက် နေ့စွဲပါ စာကို ရကြောင်း၊ ၎င်းနယ်မြေ အပိုင်းအခြားကို ထပ်မံသတ်မှတ်ရန်အကြောင်းနှင့် အင်္ဂလိပ် အစိုးရတို့က ပထမ ပေးစာအရ ၁၁၉၅ ခုနှစ်၊ ၂ ဖက် အစိုးရတို့ သတ်မှတ်ပြီးထက် သတ်မှတ်ခွင့် မရှိကြောင်း၊ သည်ကဲ့သို့ စာပြန်ပြီးဖြစ်လျက် အင်္ဂလိပ် အစိုးရတို့က တစ်ဦးတည်း သတ်မှတ်လျှင် အတည်မပြုနိုင်ကြောင်းများနှင့် ၁၂၄၃ ခု၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်နေ့ တစ်ကြိမ်၊ ၎င်းအကြောင်းနှင့်ပင် ထပ်မံ စာရောက်ပြန်၍ ၄၃ ခုနှစ်၊ ပေးစာထက် ထူးထွေ ပြုပြင်ရန် မရှိကြောင်းနှင့် ၎င်းနှစ် နတ်တော်လဆုတ် ၁၂ ရက်နေ့ တစ်ကြိမ်၊ သို့အကြိမ်ကြိမ် စာပေး ပြောဆို မြစ်တားလျက် အင်္ဂလိပ် အစိုးရတို့က အလေးအနာမပြု၊ တစ်ဦးတည်း အလိုရှိရာ သတ်မှတ်သည့် အရာဖြစ်၍ သဘောမတူနိုင်။ ၁၁၉၅ ခုနှစ်၊ ၂ ဖက် အစိုးရ သတ်မှတ်ပြီးအတိုင်းသာ အတည်ပြုကြောင်း။

၁၂၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ အရေးပိုင်မင်းက ပို့လိုက်သည့် ၁၈၈၄ ခု–၈၅ ခုနှစ် အတွင်း ကောက်ခံရန် ကုန်ဖိုးနှုန်း စာအုပ်ကို ရကြောင်း။

---

၁။ ၁၀ ဇွန် ၁၈၈၄ ၂။ ၁၄ ဇွန် ၁၈၈၄ ၃။ ၄ ဩဂုတ် ၁၈၈၄ ၄။ ၇ ဩဂုတ် ၁၈၈၄

၁၂၄၆ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ရန်ကုန်မြို့ရှိ မြန်မာ စာရေးတော်ကြီးမင်း မဟာမင်းထင်ကျော်သူကို ပတ္တမြား ကျောက်တော်မှု စကားတွင် မြန်မာ အစိုးရမင်းတို့ ကိုယ်စားလှယ်တော်အဖြစ် ထင်ရှားစေရန် ကြော်ငြာကြောင်းကို အရေးပိုင်မင်းက စာပေးပို့ ကြားသိရ၍ ကျေးဇူးတင်ကြောင်း။

၁၈၈၄ ခု၊ ဇွန်လ ၉ ရက်နေ့

၁၂၄၆ ခု၊ နယုန်လဆန်း ၁ ရက်နေ့[၂]။

ပြည်မြို့ အရေးပိုင်ရုံးတွင် မောင်တာ ထပ်မံလျှောက်ချက်။

[က]။ ။ မန္တလေး ရွှေမြို့တော်ဝန် မောင်ချို့တွင် စိန်ဖိုး ရွှေဖိုး ငွေကျန်ရှိ၍ အရှင့်ရုံးတွင် ယခု ပူးတွဲတင်သွင်းသည့် [အောက်ပါ (ခ) မှတ်] အတိုင်း လျှောက်ထားရာ၊ ရုံးတော် အမှာတော်စာနှင့် မြန်မာဝန်ရှင်တော်မင်းကြီးများထံ ပေးပို့သည့်နောက်၊ အကြောင်းအရာ မကြားမသိရပါ၍ ထပ်မံ စာပေးပို့ ကယ်မတော်မူပါမည့် အကြောင်း။

၁၈၈၃ ခု၊ အောက်တိုဘာလ ၈ ရက်နေ့။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

ပြည်မြို့ အရေးပိုင်ရုံးတွင် မောင်တာ လျှောက်ချက်။

[ခ]။ ။ မန္တလေး ရွှေမြို့တော်ဝန် မောင်ချို့တွင် စိန်ဖိုး၊ ရွှေဖိုး ငွေကျန် ၂၂၆၆-၄ ပဲ ကို ပေးချေ ပြေလည်ရရှိပါအောင် မြန်မာလွှတ်တော် ဝန်ရှင်တော်မင်းကြီးများထံ အမှာတော်စာ ပေးပို့တောင်းခံ ကယ်မတော်မူပါမည့် အကြောင်း။

(၁) စိန်ဖိုး၊ ရွှေဖိုး ငွေကျန် ၂၂၆၆-၄ ၏ စာရင်း။

၁၈၈၄ ခု၊ ဇွန်လ ၁၅ ရက်နေ့။

၁၂၄၆ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့။

ဝန်ရှင်တော် လယ်ကိုင်မြို့စား ကင်းဝန်မင်းကြီးထံ မောင်တာ လျှောက်ချက်။

[ဂ]။ ။ ရွှေမြို့တော်ဝန် မောင်ချို့တွင် စိန်ဖိုး ရွှေဖိုး ငွေကျန် ရရန်ရှိ၍ ရန်ကုန်မြို့ အရေးပိုင်ကြီးထံ လျှောက်ထားရာ၊ မြန်မာဝန်ရှင်တော်မင်းကြီးများထံ ထပ်မံ လျှောက်ထားရမည် အမိန့်အရ လာရောက် မလျှောက်မထား မပြောမဆိုဝံ့ ဖြစ်ပါ၍ အလွှာ ရေးသား လျှောက်ထားပါကြောင်း၊ မောင်ချို့တွင် စိန်ဖိုး ရွှေဖိုး ငွေကျန်ကို စစ်မေးတော်မူ၍ မှန်ရာ ဖြစ်ပါရမည့် အကြောင်း။

၁၂၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့[၃]။

ကင်းဝန်မင်းကြီးက ပြည်မြို့ အရေးပိုင်သို့ ပေးစာ။

[ဃ]။ ။ ရွှေမြို့တော်ဝန် အက္ကပတ်မြင်းဝန် ပင်လယ်မြို့စား မင်းကြီးမင်းခေါင်မဟာကျော်ထင်တွင် စိန်ဖိုး ရွှေဖိုး ငွေကျန်ရှိကြောင်း ပြည်မြို့နေ မောင်တာတို့ အစီရင်ခံစာ၊ စာရင်းများနှင့်တကွ ပေးပို့သည့်စာကို ရကြောင်း။ စာပါငွေကို နေရာကျ မေးမြန်း ပေးချေသာအောင် မောင်တာတို့ကို ရွှေဘုံသာတော်အောက်သို့ ဆင့်ဆိုစေလွှတ်မည့်အကြောင်း။

---

## ၄၀၇ မှတ် ပုရပိုက်ထွက်။

၁၈၈၄ ခု၊ အောက်တိုဘာလ ၆ ရက်နေ့။

၁၂၄၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့။

ပုသိမ်မြို့ အရေးပိုင်က ဝန်ရှင်တော် ကင်းဝန်မင်းကြီးထံ ပေးစာ။

၁။ ။ အခွန်တော်ငွေများ ခိုးယူထွက်ပြေး၍ ရွှေမြို့တော်တွင် ခိုဝင်ရှိနေသူ သူကြီးငစော၊ ငဝိုင်းတို့ကို သိသူတို့ကို

---

၁။ ၁၁ စက်တင်ဘာ ၁၈၈၄ ၂။ ၁၂၄၆ ခု၊ နယုန်လပြည့်ကျော် ၁ ရက် ဖြစ်မည်။ ၃။ ၂၀ အောက်တိုဘာ ၁၈၈၄

စေလွှတ်ရမည် အရေးပိုင်မင်းကြီး အမိန့်အရ အမှုထမ်းဘက်ထည့် စေလွှတ်ပါကြောင်း၊ ငဝိုင်းမှာ ဖမ်းဆီးရမိ အပြစ်အလျောက် စီရင်ရှိပါ၍၊ ငစောကိုသာ ဖမ်းဆီး ပေးအပ်ပါမည့် အကြောင်း။

၁၂၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၀ ရက်နေ့[၁]။

သူကြီး ငစော မေးချက်။

(က) အထက်က ငသိုင်းချောင်း ရွာသူကြီး၊ နောက် ပေပင်ရွာသူကြီး အဖြစ်နှင့် ခန့်ထားဆောင်ရွက်သည့် အတွင်း၊ အခွန်ဝန် ငဘော မဟုတ်မမှန် မှုခင်းရာကြံမည်ကို ကြောက်ရွံ့သည်နှင့် အရေးပိုင်ထံ တိုင်တန်း၍ သားမယားပါ နေရင်း အမရပူရမြို့သို့ ပြန်လာပြီးနောက် ရွှေမြို့တော်တွင် ကူးသန်း နေထိုင်ကြောင်း၊ အခွန်ငွေကို တစ်စုံတစ်ရာ မယူခဲ့ကြောင်း။

၁၂၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့။

ပုသိမ်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ သူကြီး ငစော အကြောင်းနှင့် ပုသိမ်မြို့ အရေးပိုင်က စာပို့ရောက်သည့်အရ ၎င်းကို မေးရာ၊ အထက် [၁ မှတ်ပါ (က) မှတ်] အတိုင်း ထွက်ဆိုသော်လည်း၊ ကျောက်တိုင်တောင်ဘက်တွင် ဖြစ်ပျက်ရင်း ဖြစ်၍ သိသူတို့နှင့် တိုက်ဆိုင်စစ်မေးရန် စေလွှတ်သူတို့တွင် ငစောကို အကျဉ်းထည့်အပ်လိုက်ကြောင်း။ စစ်မေး စီရင်သည့် အကြောင်းအရာကို ပြန်ကြားလိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ တာကြီးမြို့နေ ဂရစ်လိုက ရွှေမြို့တော်နေ ဖေါ်နရစ်ထံ ရိုက်ကြားသည့် ကြေးနန်းစာ အကြောင်းအရာနှင့် အရေးပိုင်မင်း ပေးစာအရ ကြေးနန်းဆရာတို့ကို မေးရာ၊ ၎င်းကြေးနန်းစာကို ဖေါ်နရစ်မယား မိလှိုင်း လက်မှတ် ရေးထိုးယူကြောင်း ထွက်ချက်အရ မိလှိုင်းကိုမေးရာ၊ ရကြောင်း ထွက်ဆိုရှိ၍ ၎င်းထွက်ချက်နှင့် တကွ ကြေးနန်းလက်ခံကို ပို့လိုက်ကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့။

မိလှိုင်း မေးချက်။

(က) ဂရစ်လိုက ရိုက်ကြားသည့် ကြေးနန်းစာကို ကြေးနန်းရုံးတော်က ပို့လာရာ၊ လင် ဖေါ်နရစ် မရှိ၍ လက်မှတ် ရေးထိုး လက်ခံယူလိုက်ကြောင်း။

၁၂၄၆ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောက်တိုင်တောင်ဘက်တွင် ကျွဲခိုးမှုနှင့် အကျဉ်းထားရာမှ ထွက်ပြေး၊ နိုင်ငံတော် မြေထဲမြို့ ရေနီရွာတွင် ခိုဝင်ရှိနေသူ ငပေသီးကို ဖမ်းဆီးပေးအပ်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ၊ [အောက်ပါ (က) မှတ်] အတိုင်း အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူးသို့ မှာထားရှိ ငပေသီးကို သိသူတို့ကို ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၆ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့။

လက်ဝဲဝင်းတော်မှူးသို့ ပေးစာ။

[က]။ ။ ကျောက်တိုင်တောင်ဘက်တွင် ကျွဲခိုးမှုနှင့် ချုပ်ထားရာမှ ထွက်ပြေး၊ နိုင်ငံတော် မြေထဲမြို့ ရေနီရွာတွင် ခိုဝင်ရှိနေသူ ငပေသီးကို ဖမ်းဆီးပေးအပ်မည့်အကြောင်း။ သိသူတို့ကို အလိုရှိလျှင် သရက်မြို့ အရေးပိုင်က စေလွှတ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ စာပါ ငပေသီးကို သရက်မြို့ အရေးပိုင်က လူစေလွှတ် ပြသရှိလျှင် ဖမ်းဆီးပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ တောင်တွင်းကြီးမြို့နယ်တွင် အင်္ဂလိပ် ကျွန်တော်မျိုးတို့ကို နှိပ်စက်ပြုလုပ်သည့် အကြောင်းအရာ ပြန်စာ

---

၁။ ၂၆ အောက်တိုဘာ ၁၈၈၄ ၂။ ၆ ဒီဇင်ဘာ ၁၈၈၄ ၃။ ၁၉ ဒီဇင်ဘာ ၁၈၈၄ ၄။ ၁၅ ဇန်နဝါရီ ၁၈၈၅

မရကြောင်းနှင့် ပါသည်မှာ ၎င်းအကြောင်းအရာ ၁၈၈၄ ခု၊ ဒီဇင်ဘာလ ၁၃ ရက် နေ့စွဲပါ အရေးပိုင်မင်း ပေးစာကို မရကြောင်း၊ ၎င်းစာပါ အကြောင်းအရာကို မေးမြန်းစေလိုလျှင် ထပ်မံ စာပို့မည့်အကြောင်း။

**၁၂၄၆ ခု၊ တပို့တွဲလဆန်း၊ ၁၀ ရက်နေ့ [၁]။**

**ကင်းဝန်မင်းကြီးက ပြည်မြို့ အရေးပိုင်သို့ ပေးစာ။**

[က]။ ။ ပြည်မြို့နေ မောင်တာတို့စာတွင် စိန်ဖိုး ရွှေဖိုး ငွေကျန်စကားကို လာရောက် မပြောလိုကြောင်း ပါသည်မှာ မည်သည့်နိုင်ငံ အမျိုးသားမဆို ကုန်ဖိုးယုက်တင် ရှုပ်ထွေးရှိလျှင် စုံညီတိုက်ဆိုင် မေးမြန်းပြီးမှ ထိုက်သက်ရာ ကောက်ယူစီရင်မြဲ ဖြစ်သော်လည်း၊ ၂ နိုင်ငံ မဟာမိတ်ဖြစ်သည်နှင့်အညီ အရေးပိုင်မင်း ပေးစာ အရ စာပါ ငွေကျန်ကို ရွှေမြို့တော်ဝန်ထံ တောင်းခံ ပေးပို့လိုက်ကြောင်း။

**၁၂၄၆ ခု၊ တပေါင်းလဆန်း၊ ၂ ရက်နေ့ [၂]။**

**ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။**

၆။ ။ ခရစ်နှစ် ၁၈၈၅ ခု၊ ဇန်နဝါရီလ ၉ ရက် နေ့စွဲနှင့် အရေးပိုင်မင်း ပေးစာပါ အကြောင်းအရာကို ဆင်ခြင်ကြောင်း၊ တိုင်းပြည်နိုင်ငံ ဆိုသည့်အရာသည် နိုင်ငံရှင် အစိုးရမင်းတို့ အားထုတ်စောင့်ရှောက် ထိန်းသိမ်းသော်လည်း ရံခါ ထကြွ လှုပ်ရှားမကင်း ရှိတတ်သည့်အရာဖြစ်၍ နိုင်ငံတကာမှာပင် ထကြွ လှုပ်ရှားမကင်း ရှေးက ရှိတတ်သည့်အရာ ဖြစ်ကြောင်း။ ယခု နိုင်ငံတော်အတွင်း မငြိမ်မဝပ်ရှိသည်ကို အားထုတ် သိမ်းပိုက်သည် ဖြစ်၍ နေ့ရက်မကြာ ငြိမ်ဝပ်တော့မည် ဖြစ်ကြောင်း။

**၁၂၄၆ ခု၊ တပေါင်းလဆန်း၊ ၁၃ ရက်နေ့ [၃]။**

**ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။**

၇။ ။ ဗန်းမော်မြို့တွင် တရုတ် ကချင်တို့ တိုက်ခိုက်၍ တိမ်းရှောင်နေရသူ ကရင်လူမျိုး တရားဟောဆရာ ၂ တို့ကို မြန်မာတပ်တော်က နှိပ်စက်မရှိ ပြန်လာနိုင်ပါအောင် တပ်ဗိုလ်တို့ကို ဆင့်ဆိုမည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာတွင် ပါသည်မှာ ဗန်းမော်မြို့သို့ ဝင်ရောက်ခုခံရှိသည့် တရုတ် ကချင် တို့ကို တိုက်ခိုက်ဖမ်းဆီးရန် တပ်တော်စေလွှတ် ချီတက်ရင်းကပင် ၎င်းတရုတ် ကချင်တို့နှင့် အပေါင်းအသင်း မပြုမလုပ်သူတို့ကို နှိပ်စက်ညှဉ်းပန်း မပြုမလုပ်ရန် ဆင့်ဆိုပြီး ဖြစ်သည့်အတိုင်း ယခုလည်း ထပ်မံ ဆင့်ဆိုရှိကြောင်း။

**၁၂၄၆ ခု၊ တပေါင်းလဆန်း၊ ၁၄ ရက်နေ့။**

**ရွှေမြို့တော်ဝန် ရွှေလုံဗိုလ်သို့ ပေးမှာစာ။**

၈။ ။ ပုသိမ်မြို့ ကရင်လူမျိုး တရားဟောဆရာ ၂ တို့ ဗန်းမော်မြို့တွင် တရားဟောနေစဉ် တရုတ် ကချင်တို့ ဝင်ရောက်တိုက်ခိုက်သောကြောင့် ကိုယ်လွတ်ထွက်သွား၊ ဗန်းမော်မြို့အရှေ့ ကချင်ရွာတွင် ခိုဝင် နေထိုင်ကြောင်း ကြားသိရ၍ မြန်မာတပ်တော်များနှင့် တွေ့လျှင် နှိပ်စက်မရှိ ပြန်လာနိုင်အောင် ဆင့်ဆိုမည့် အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍၊ ၎င်းဆရာ ၂ တို့ကို တပ်ဗိုလ် အကြီးအအုပ် ရဲမက်တော် အမှုထမ်းတို့က နှိပ်စက်ညှဉ်းပန်း ပြုလုပ်မရှိစေရ၊ နေရင်းမြို့သို့ ပြန်သွားနိုင်အောင် အသာ အယာခေါ်ယူ၊ ကြည့်ရှုစောင်မသင့်ရာ ကြည့်ရှုစောင်မ ပြန်လည်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

**၁၂၄၆ ခု၊ နှောင်းတန်ခူးလဆန်း၊ ၃ ရက်နေ့ [၄]။**

**ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။**

၉။ ။ အရေးပိုင်မင်း ပေးစာတွင် အင်္ဂလိပ် ကျွန်တော်မျိုး ၂ တို့ကို တောင်တွင်းကြီးမြို့ အစိုးရတို့က နှိပ်စက် ပြုလုပ်သည် သာမည ပါသည်ဖြစ်၍၊ မည်သည့်အရာရှိ အစိုးရတို့က နှိပ်စက်ညှဉ်းပန်း ပြုလုပ်သည်ကို ကွဲပြားအောင် မေးမြန်းလျှောက်ထားရမည် [အောက်ပါ (က) မှတ်အတိုင်း] စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်ဝန်သို့ ဆင့်ဆိုရှိကြောင်း၊ ၎င်းက လျှောက်ထားကာလ ထပ်မံစာပေးပို့မည့် အကြောင်း။

---

၁။ ၂၅ ဇန်နဝါရီ ၁၈၈၅ ၂။ ၁၅ ဖေဖော်ဝါရီ ၁၈၈၅ ၃။ ၂၆ ဖေဖော်ဝါရီ ၁၈၈၅ ၄။ ၁၀ မတ် ၁၈၈၅

၁၂၄၆ ခု၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မကွေးမြို့သို့ ဝင်ရောက်တိုက်ခိုက်သည့် ဓားပြတို့ အကြောင်းအရာကို လက်ဝဲဝင်းတော်မှူးက [၄၀၈ မှတ် ပုရပိုက်ထွက် ၃ မှတ်ပါ] အတိုင်း ငမင်းခင် ထွက်ချက်နှင့်တကွ တင်ပို့လျှောက်ထားရှိ၍ စာပါ ကျောက်တိုင်တောင်ဘက်နေ လူတို့ကို နေရာကျ ပြုလုပ်မည့်အကြောင်း။ ငမင်းခင် ထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်ဝန်သို့ ပေးမှာစာ။

[က]။ ။ မြေထဲမြို့နေ အင်္ဂလိပ် ကျွန်တော်မျိုး ငနေထွန်း၊ ငရွှေအောင်တို့ တောင်တွင်းကြီးမြို့သို့ သွားရောက်ရာ ၎င်းမြို့ အစိုးရတို့က နိပ်စက်၊ ကြေးငွေ တောင်းယူကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍၊ စာပါ လူတို့ကို အရာရှိ မည်သူက ရိုက်နှက် အကျဉ်းချထားသည်၊ အရာရှိ မည်သူက ကြေးငွေ တောင်းယူသည်များကို ကြွင်းကျန်လစ်လပ် မရှိရအောင် မေးမြန်း၍ မေးချက်၊ ထွက်ချက်များနှင့်တကွ နေ့ရက်မကြာ လျှောက်ထားရမည့် အကြောင်း။

---

## ၄၀၈ မှတ် ပုရပိုက်ထွက်။

၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

တောင်တွင်းကြီးမြို့ဝန်သို့ ပေးမှာစာ။

၁။ ။ ကျောက်တိုင်တောင်ဘက်နေ ငနေထွန်း၊ ငရွှေအောင်တို့ အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ [၄၀၇ မှတ် ပုရပိုက်ထွက် နောက်ဆုံး (က) မှတ်] အတိုင်း တောင်တွင်းကြီး ခရိုင်ဝန်သို့ ဆင့်ဆိုရှိကြောင်း။ တောင်တွင်းကြီးမြို့နယ်သည် ကျောက်တိုင် အနီးအစပ် အင်္ဂလိပ် အရေးပိုင်တို့နှင့် ပြိုင်ဆိုင်နေထိုင် ထမ်းရွက်ရသည့်မြို့နယ် ဖြစ်သည့်အတိုင်း အင်္ဂလိပ် အရေးပိုင်တို့က မှူးခွင့်ကြီးငယ် တစ်စုံတစ်ရာ ရှိ၍ စာပေးပို့ ပြောဆိုရှိလျှင် လွှတ်တော်အမိန့်ကို နာခံပြီးမှ စာပြန်လှန် ပေးပို့ရမည့်အကြောင်း။ ငနေထွန်း၊ ငရွှေအောင်တို့ စကားနှင့် သရက်မြို့ အရေးပိုင်က တောင်တွင်းကြီးမြို့ဝန်သို့ ပို့ရောက်ရင်းစာ၊ ၎င်းစာအရ ပြန်ပေးရင်း စာများကို တင်ပို့ လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၂။ ။ လက်ဝဲဝင်းတော်မှူးက အောက် (၃) မှတ်အတိုင်း လျှောက်စာပါ မကွေးမြို့တိုက် ဓားပြတို့အနက် ဖမ်းဆီးရမိသူ ငမင်းခင်ကို မထွက်မလွတ်ရအောင် ထိန်းထားရမည့်အကြောင်း။ ငမင်းခင် အစစ်ခံထွက်ချက်ပါ ကျောက်တိုင်တောင်ဘက် မြို့ရွာနေ ဓားပြတို့ကို နေရာကျပြုလုပ်ရန် အင်္ဂလိပ် အရေးပိုင်သို့ စာပေးပို့ရှိသည်ဖြစ်၍၊ နိုင်ငံတော်မြို့ရွာနေ ဓားပြတို့ကို မြို့ရှင်ရွာရှင်တို့ထံ တောင်းခံ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့[၃]။

လက်ဝဲဝင်းတော်မှူးက လျှောက်စာ။

၃။ ။ လွှတ်တော်မှာစာအရ မကွေးမြို့တိုက် ဓားပြတို့ကို ဖမ်းဆီးရာ ငမင်းခင်ကို တိုက်ရာပါ ပစ္စည်းနှင့်တကွ ရမိကြောင်း၊ ၎င်းကို စစ်မေးရာ အောက်ပါ (က) မှတ်အတိုင်း ထွက်ဆိုရှိ၍ ချုပ်ထားကြောင်း၊ သရက်မြို့ အရေးပိုင်က ဖမ်းဆီးရမိသူ ငတိုက်ကို စစ်မေးရာလည်း နည်းတူ ထွက်ဆိုရှိကြောင်း၊ ငမင်းခင် ထွက်ချက်ကို တင်ပို့ပါကြောင်း။

---

၁။ ၁၉ မတ် ၁၈၈၅ ၂။ ၁၂ မတ် ၁၈၈၅ ၃။ ၁၉ ဖေဖော်ဝါရီ ၁၈၈၅

၁၂၄၆ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့[၁]။

တားပြ ငမင်းခင် ထွက်ချက်။

(က) တောင်ခွင်မြို့ ရွှေကျော်စမ်းရွာတွင် မယား မိရှု၊ ညီ ဘိုးမောင်တို့နှင့် အတူနေ။ ကျောက်တိုင်တောင်ဘက်နေ ဗိုလ်ခေါ် ငရွှေအုပ်၊ ငကန်သာ၊ ငပေ၊ ငရွှေမောင်တို့နှင့် ညီမြုပ်၊ ငမှင်ပု၊ ငအောင်ဘာ၊ ငမှုံ၊ ပြည်မြို့ အောင်မြင်ကုန်းရွာနေ ငဆင့်၊ ငစံထွန်း၊ နတ်ကန်ရွာနေ ငကြီး၊ ရေနံကြီးရွာနေ ငထပ်၊ ငအပ်၊ ညီစိမ့်၊ ငမြို့၊ ငသူတော်၊ စစ်အောင်ရွာနေ ငပြားကြီး၊ ငရှမ်း၊ ငဘား၊ ငရွှေတိုး၊ ငရွှေဇင်၊ ငသက်၊ ငရွှေဝ၊ ငရွှေထွန်းတို့နှင့် နိုင်ငံတော်ဘက် မြို့ရွာနေ လူတို့ပါ လူ ၇၀ တို့ မကွေးမြို့ဝန်အိမ်ကို တိုက်ခိုက်ရာ ငွေ ၃၀၀၀ဝ ကျော်၊ တူမီးသေနတ် ၂၊ ရွှေကွပ်ဓား၊ ကျောက်စီဓား၊ မြင်း ၁၄ နှင့် အထည်အလိပ်ပစ္စည်းများ ရကြောင်း။ ထောင်အကျဉ်းနေရလူတို့ကို ခေါ်ယူခဲ့ကြောင်း၊ မြို့ဝန်နှင့် ဆိုင်ပြိုင်တိုက်ရာ မြို့ဝန်နှင့် ဝန်စာရေးတို့ကို သေနတ်ထိမှန်ကြောင်း။ ရပစ္စည်းများကို ဝေ၄ ယူငင်၍ ကျောက်တိုင်တောင်ဘက်နေ အပေါင်းပါလူတို့ ပြန်သွားကြကြောင်း။ ကျွန်တော် ငင်းရွာတွင် ပုန်းအောင်းနေရာ မြစ်စဉ်ရုံးတော်က ဖမ်းဆီး စစ်မေးခံရကြောင်း။

၁၂၄၆ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ ကျောက်တစ်လုံးရွာ ဆိပ်ကမ်းတွင် ရွှေမြို့ခေါ် မီးသင်္ဘောကို မီးလောင်မှုအကြောင်းနှင့် အရေးပိုင်မင်းက စာပို့ရောက်သည့်အရ ကျောက်တစ်လုံး ရွာသူကြီးကို မေးရာ၊ အောက်ပါ (၇) မှတ်အတိုင်း ထွက်ဆိုသော်လည်း ကူညီသင့်သည်ကို မကူမညီသောကြောင့် အန္တြနော လျှောက်ရာပါ အဖိုးတန် ၃၁ဂိ ကို သူကြီးထံ တောင်းခံ ပြန်ပေးရမည် စီရင်ပြီးပြတ်ကြောင်း။

၁၂၄၆ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့[၂]။

သင်္ဘောကိုယ်စားလှယ် အန္တြနော လျှောက်ချက်။

၅။ ။ ကျောက်တစ်လုံးရွာ ဆိပ်ကမ်းတွင် ရွှေမြို့ခေါ် မီးသင်္ဘောကို မီးသင့်လောင်ရာ ငင်းဆိပ်ကမ်းက လူအများ သင်္ဘောပေါ်သို့ တက်ရောက်၊ ပစ္စည်းများကို ယူငင်ရှိ၍ ရွာသူကြီးကိုခေါ်ရာ ကိုယ်တိုင်လည်း မလာမရောက်၊ လူလည်း မထည့်ရှိကြောင်း၊ သည်ကဲ့သို့ ဆိပ်ကမ်းနေလူတို့ သင်္ဘောပိုင်၊ ကပ္ပိတန် မာလိန်တို့ပိုင် ပစ္စည်းများကို ယူငင်၊ အဖိုးအများတန် ပျောက်ဆုံးမှုဖြစ်သောကြောင့် အမိန့်ရှိရာ နာခံပါရမည့် အကြောင်း။

၁၂၄၆ ခု၊ နှောင်းတန်ခူးလဆန်း ၃ ရက်နေ့[၃]။

ဘုံဘိုင်ဘာမာ ကိုယ်စားလှယ် အန္တြနော ခံဝန်ချက်။

၆။ ။ သစ်တောသို့ တင်ယူလုပ်ဆောင်ရန် အခွင့်ပေးအပ်သည့် သစ်လာ ရေလမ်းတွင် ကျောက်ငုတ်ကျောက်ဆောင်များကို ခွဲဖျက်ရန် ဒိုင်းနမိုက်ခေါ် ဓာတ်ဆေးစနက်တူဆန်များကို အခြားသူတို့သို့ ပေးကမ်းရောင်းချ မရှိ၊ နောင် ကျွန်တော်က ပေးကမ်းရောင်းချ ပျံ့နှံ့ကြောင်း ပေါ်ပေါက်တွေ့မိလျှင် စီရင်ရာပြစ်ဒဏ်ကို ခံပါမည့် အကြောင်း။

၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့[၄]။

ကျောက်တစ်လုံး ရွာသူကြီး ပျံချီရဲကျော်ဘွဲ့ခံ ငရွှေသီး ထွက်ချက်။

၇။ ။ ကျေးရွာဆိပ်ကမ်းတွင် ရွှေမြို့ခေါ် မီးသင်္ဘောကို မီးသင့်လောင်စဉ် အဆိုပါ အဖိုးအများတန် ပစ္စည်းများကို ကျေးရွာနေ လူတို့လည်း မယူမငင်၊ အခြားသူ ယူသည်ကိုလည်း မမြင်ကြောင်း။

၁၂၄၆ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့[၄]။

ကူလီခေါင်း ငဘိုးလှ၊ ငဘိုးစီ ထွက်ချက်။

၈။ ။ ရွှေမြို့ခေါ် မီးသင်္ဘောကို မီးလောင်စဉ် ကိုယ်စားလှယ် အန္တြနော လျှောက်ရာပါ အဖိုးအများတန် ပစ္စည်းများကို ကျွန်တော်နှင့် ကူလီ လူပေါင်း ၂၃ တို့ သင်္ဘောသို့ မတက်မရောက် မယူမငင်ကြောင်း။

---

၁။ ၂၀ ဖေဖော်ဝါရီ ၁၈၈၅ ၂။ ၁၃ ဧပြီ ၁၈၈၅ ၃။ ၁၈ မတ် ၁၈၈၅ ၄။ ၉ မတ် ၁၈၈၅

၁၂၄၆ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့[၁]။

တတိယဌာန တောင်ငူခရိုင်ဝန်က လျှောက်စာ။

၉။ ။ နဂါးဗိုလ်မင်းသား ခေါ်သူ အကြောင်းအရာနှင့် တောင်ငူမြို့ အရေးပိုင်က [အောက်ပါ (၁၀) မှတ်]အတိုင်း စာပို့ရောက်ရှိပါ၍ ၎င်းစာလက်ခံကို တင်ပို့လျှောက်ထားကြောင်း။

၁၈၈၅ ခု၊ မတ်လ ၂၇ ရက်နေ့။

၁၂၄၆ ခု၊ တန်ခူးလဆန်း ၁၂ ရက်နေ့။

တောင်ငူမြို့ အရေးပိုင်က ပို့ရောက်သည့် စာလက်ခံ။

၁၀။ ။ နဂါးဗိုလ်မင်းသားခေါ်သူ နိုင်ငံတော်ဘက်သို့ တိတ်တဆိတ် ထွက်သွား၍ မဟာမိတ်နိုင်ငံ ဖြစ်သည့်အရ စာပေးပို့ကြောင်း။ တောင်ငူမြို့နေ ငထူး၊ ငမြတ်သင်း၊ ဘောနိ၊ ရွှေဘိုဘုန်းကြီး ရှင်နန္ဒမဥ္ဇူတို့ ပါသွားကြောင်း။ ၎င်းတို့ကို ထောက်လှမ်း ဖမ်းဆီးစေလျက်ရှိကြောင်း၊ ရမိလျှင် အပြစ်အလျောက် စီရင်မည့် အကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့[၂]။

တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။

၁၁။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က [အထက် (၁၀) မှတ်]အတိုင်း ခရိုင်ဝန်ထံ ပို့ရောက်စာအရ၊ ခရိုင်ဝန်က ပြန်ပေးရန် အောက်ပါ [(၁၂) မှတ်] စာလက်ခံကို ပေးပို့လိုက်ကြောင်း၊ ၎င်းစာကို ရေးသားပေးပို့မြဲ ရေးသားပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၂ ရက်နေ့။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ်အရေးပိုင်သို့ ပေးရန် စာလက်ခံ။

၁၂။ ။ နဂါးဗိုလ်မင်းသား အကြောင်းနှင့် ပေးစာကို ရရှိ၊ မဟာမိတ်လက္ခဏာနှင့် ညီညွတ်စွာ အားထုတ်သည်ကို သိရ၍ ဝမ်းမြောက်ကြောင်း၊ ၎င်းစာကို ဝန်ရှင်တော်မင်းကြီးများထံ တင်ပို့ လျှောက်ထားရှိကြောင်း၊ တစ်နိုင်ငံနေ လူတို့က တစ်နိုင်ငံကို ကျူးလွန်ထိပါး နှောင့်ယှက်မရှိရအောင် ၂ နိုင်ငံ အစိုးရမင်းတို့ သည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းက ၂ နိုင်ငံ အကျိုးဖြစ်ထွန်းရန် ရှိကြောင်း။

၁၈၈၅ ခု၊ မတ်လ ၃၀ ရက်နေ့။

၁၂၄၆ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့။

တောင်ငူခရိုင်ဝန်ထံ တောင်ငူမြို့ အရေးပိုင်က ပေးစာ။

၁၃။ ။ နဂါးဗိုလ်မင်းသားခေါ်သူကို အပေါင်းပါ လူတို့ပါ ဖမ်းဆီးရမိကြောင်း၊ မရမိသေးသူ ဘုန်းကြီး ရှင်နန္ဒမဥ္ဇူကို ထောက်လှမ်း ဖမ်းဆီးစေဆဲ ရှိကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၃]။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အရေးပိုင်သို့ ပေးစာ။

၁၄။ ။ ၁၈၈၅ ခု၊ မတ်လ ၃၀ ရက် နေ့စွဲပါ ထပ်မံပေးစာကို ရရှိ၊ စာပါ အကြောင်းအရာကို သိရှိရ၍ ဝမ်းမြောက်ကြောင်း၊ ၎င်းစာကို ဝန်ရှင်တော်မင်းကြီးများထံ တင်ပို့ လျှောက်ထားကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့[၃]။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အရေးပိုင်သို့ ပေးရန် စာလက်ခံ။

၁၅။ ။ တောင်ငူ အရေးပိုင်က ခရိုင်ဝန်သို့ ၁၈၈၅ ခု၊ မတ်လ ၃၀ ရက် နေ့စွဲပါ ထပ်မံ ပေးစာအရ ခရိုင်ဝန်က ပြန်ပေးရန် စာလက်ခံကို ပို့လိုက်ကြောင်း၊ ၎င်းစာကို ရေးသားမြဲ ရေးသား၊ သင့်ရာလူ စေလွှတ်ပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၂၉ မတ် ၁၈၈၅ ၂။ ၁၆ ဧပြီ ၁၈၈၅ ၃။ ၁၉ ဧပြီ ၁၈၈၅

## ၄၀၉ မှတ် ပုရပိုက်ထွက်။

၁၁၆၇ ခု၊ နယုန်လဆန်း ၄ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်အလုပ်အကြောင်းနှင့် ၁၈၀၅ ခုနှစ်၊ ဧပြီလ ၂၃ ရက် နေ့စွဲပါ အရေးပိုင်မင်းက ပြန်ပေးစာတွင် ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့က နင်းကြမ်းမြို့ သစ်ခေါင်းတို့ကို မြန်မာအစိုးရမင်းတို့က မန္တလေးသို့ ချခေါ်ခံနေရ၍ အလုပ်ပျက်လပ်ကြောင်း တိုင်တန်းသည့်စကား၊ သစ်တောအလုပ်ကိုလည်း မြန်မာအစိုးရမင်းတို့က ပိတ်ပင် ရပ်ဆိုင်းရကြောင်း တိုင်တန်းသည့် စကားများသည် မဟုတ်မမှန် အကြောင်းရှာကြံ ပြောဆိုသည့်စကား ဖြစ်ကြောင်းကို ယခုစာအရ ဝန်ရှင်တော်မင်းကြီး သိရန်ရှိကြောင်း။ ၎င်းကုမ္ပဏီတို့က ငှားရမ်းစေခိုင်းသူ သစ်ခေါင်းတို့က ၁၂၄၅ ခုနှစ်၊ ၄၆ ခုနှစ်များတွင် သစ် ၄ သောင်းကျော်စီ လုပ်ဆောင် ပေးအပ်ရလျက်၊ စုစုသစ် ၃ သောင်း ၂ ထောင်ကျော်သာ စာရင်း ရှင်းလင်း ခံနေရပါ၍ ကုမ္ပဏီတို့နှင့် ရှင်းလင်းပါရမည့် အကြောင်းနှင့် မြန်မာအစိုးရမင်းတို့ထံ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့ သစ်တောရုံးက ကူးယူ သစ်စာရင်းနှင့်တကွ တင်ပေး စွဲလျှောက်ရှိသည့်အရ ကုမ္ပဏီ ကိုယ်စားလှယ်ကို မေးရာ၊ ကုမ္ပဏီအသင်းပါ လူတို့ကို မေးမြန်းပြီးမှ သစ်ခေါင်းတို့ လျှောက်ချက်ကို ချေပရှင်းလင်းနိုင်ပါမည် ထွက်ဆိုရှိကြောင်း။ သစ်ခေါင်းတို့ စွဲလျှောက်ချက်၊ ကုမ္ပဏီတို့ ကိုယ်စားလှယ် ထွက်ချက်များအရ ၂ ဦး ၂ ဖက် စာရင်းတင်ပေး ရှင်းလင်းစေရလျှင် လ ရက် ရှည်ကြာရှိမည်ကိုထောက်၍ မှန်ကန်ရာ ဆုံးဖြတ်လွယ်စေရန် ၁၂၄၄ ခု၊ ၄၅ ခု၊ ၄၆ ခုနှစ် အတွင်း တောင်ငူ၊ ရမည်းသင်း သစ်တော ချောင်းမြောင်းများက မျှောထွက်၍ တောင်ငူ၊ ရွှေကျင် သစ်တောရုံးများသို့ ရောက်သည့် သစ်လုံးရေ တံဆိပ်မျိုးမည် ဆုတ်ပတ်တောင်တာ စာရင်းများကို အကြွင်းအကျန်မရှိ အမှန်ကူးယူနိုင်စေရန် လျှောက်ရင်းသူ သစ်ခေါင်းတို့နှင့် ကုမ္ပဏီ ကိုယ်စားလှယ်က ဘက်ထည့်သူ ၂ ဦး ၂ ဖက် စုံညီ အရေးပိုင်မင်းကြီးထံ ဆင့်ဆို စေလွှတ်ရှိသည့်အတိုင်း စေလွှတ်သူတို့ နေ့ရက်မကြာ ကူးယူပြန်လာနိုင်အောင် ဆင့်ဆိုသင့်ရာ ဆင့်ဆိုလိမ့်မည် ယုံကြည်ကြောင်း။

၁၁၆၇ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၂။ ။ ၁၈၀၅ ခု၊ မတ်လ ၂၈ ရက် နေ့စွဲနှင့် အရေးပိုင်မင်းက ပြန်ပေးစာတွင် မကွေးမြို့ တိုက်နိုက်ရာ ပါဝင်သူ ဓားပြ ၇ တို့ကို ဖမ်းဆီးစေရန် ဆင့်ဆိုရှိသည့်အတိုင်း ဖမ်းဆီးရမိ စစ်မေးသိသာကာလ၊ ၎င်းတို့အနက် အင်္ဂလိပ် ကျွန်တော်မျိုး ငရွှေဝကလေး၊ ဘေတို့ပြင် ကျန်လူတို့ကို ပေးအပ်လို၍ သက်သေတို့ကို စေလွှတ်မည့် အကြောင်းနှင့် ပါရှိ၍ သက်သေတို့ကို ဆင့်ဆိုစေလွှတ်သာအောင် ဖမ်းဆီးရမိ စစ်မေးသိသာရှိသည့် အကြောင်းအရာများကို ထပ်မံ စာပေးလိမ့်မည့် ယုံကြည်ကြောင်း။

၁၁၆၇ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၃။ ။ တောင်တွင်းကြီးမြို့ ပရတ်ကျယ်ရွာတိုက် ဓားပြတို့ အကြောင်းအရာနှင့် တောင်တွင်းကြီး ခရိုင်ဝန်က လျှောက်ထားရှိ၍ ၎င်းအမှုတွင် သိသူ သက်သေတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ် တောင်းခံစေရမည် ဆင့်ဆိုပြီး ဖြစ်သော်လည်း၊ အရေးပိုင်မင်းက ၁၈၀၅ ခု၊ ဧပြီလ ၂၅ ရက် နေ့စွဲပါ ပေးစာအရ သက်သေတို့ကို စေလွှတ်တောင်းခံရမည် ၎င်းခရိုင်ဝန်ထံ ထပ်မံ ဆင့်ဆိုရှိကြောင်း။

၁၁၆၇ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့[၂]။

စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်ဝန်က မင်းကြီး မဟာမင်းခေါင်ကျော်ထင်သို့ ပေးစာ။

[က]။ ။ တောင်တွင်းကြီးမြို့၊ ပရတ်ကျယ်ရွာ၊ လင်းလယ်ရွာတိုက် ဓားပြ ငဆွဲ၊ ငနန်းတို့ကို ဖမ်းဆီးရမိ။ ငဆွဲမှာ အင်္ဂလိပ် ကျွန်တော်မျိုးဖြစ်၍ အပြစ်အလျောက် စီရင်မည့်အကြောင်း၊ ငနန်းမှာ မြန်မာ ကျွန်တော်မျိုး

---

၁။ ၁၇ မေ ၁၈၀၅ ၂။ ၉ ဇွန် ၁၈၀၅

ဖြစ်သည့်အတိုင်း ပေးအပ်လို၍ သိသူ သက်သေတို့ကို စေလွှတ်မည့်အကြောင်းနှင့် အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်ရှိ၍ ဓားပြတိုက်ရာ ငနန်း ပါဝင်ကြောင်း သိသူတို့နှင့်တကွ သင့်ရာရေးခြား လိမ္မာသူတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်တောင်းယူ၍ အကြောင်းအရာကို လျှောက်ထားမည့်အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့[၁]။

ငမြတ်လှ အစစ်ခံချက်။

(က) ၁၂၄၄ ခု၊ တပေါင်းလအတွင်းက ကျွန်တော်နှင့် ဘိုးနီ ဆိုသူ ခိုက်ရန်ဖြစ်ရာ၊ ကူညီသူ ဘိုးနီ ယောက္ခမ ငမြတ်မွေးကို ကျွန်တော် တူဖြစ်သူ ငအုပ်ကြီးက ကူညီ၊ ဓားနှင့်ထိုးခုတ်၊ ငမြတ်မွေးမှာ အနာတရရှိသည် ကြားသိ၊ ရာဇဝတ်ကို ကြောက်သည်နှင့် ငအုပ်ကြီးပါ ကျွန်တော်တို့ ထွက်လာ၊ နိုင်ငံတော် တလုပ်မြို့တွင် ၂ နှစ်ခန့် နေထိုင်၊ နောက် ၎င်းမြို့ ရွှေညောင်ပင်ရွာတွင် နေထိုင်ရာ ၄၆ ခုနှစ် ရောက်ကာလ ငအုပ်ကြီး သေဆုံးရှိလျှင် ၎င်းရွာ ငလူပိုတို့အိမ်သို့ ရွှေ့ပြောင်းနေထိုင်သည့် အတွင်း တလုပ်မြို့ဝန်က ဖမ်းဆီးပို့အပ် အစစ်မေးခံရကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၄။ ။ လူသတ် ငမြတ်လှ အကြောင်းအရာနှင့် ၁၈၈၅ ခု၊ မေလ ၅ ရက် နေ့စွဲပါ အရေးပိုင်မင်း ပေးစာအရ တလုပ်မြို့ဝန် သင်းသေနတ်ဗိုလ် မင်းထင်မင်းခေါင်သူရိန်သို့ ဆင့်ဆိုဖမ်းဆီးစေရာ ရမိ၍၊ သိသူ သက်သေတို့နှင့် ကြီးကြပ်ဆောင်ယူစေမည့်သူတို့ကို အရေးပိုင်မင်းက ဆင့်ဆိုစေလွှတ် လာရောက်စေမည့်အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၅။ ။ ပုသိမ်မြို့ အရေးပိုင်ရုံးစာရေး ပီတာဘေးဆိုသူ အစိုးရငွေများကို ခိုးယူထွက်သွား၊ နိုင်ငံတော် မင်းလှမြို့ ကျောက်တန်းရွာတွင် ရှိနေ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်းနှင့် ၁၈၈၅ ခု၊ မေလ ၉ ရက် နေ့စွဲပါ အရေးပိုင်မင်း ပေးစာအရ၊ ကျောက်တန်းရွာတွင် ပီတာဘေး ဆိုသူ ရှိနေကြောင်း သိသူတို့ကို အင်္ဂလိပ် အစိုးရတို့က စေလွှတ်လာရောက် ပြသကာလ ဖမ်းဆီးပေးအပ်ရမည် လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိ၍ သိသူတို့ကိုသာ လက်ဝဲဝင်းတော်မှူးထံသို့ ဆင့်ဆိုစေလွှတ်မည့် အကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်နေ့[၃]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၆။ ။ နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံတော် ၂ တိုင်း ၂ ပြည် အကျိုး ပွားတိုးကြောင်းကို အစိုးရမင်း ၂ ဦးတို့ ကောင်းစွာ ဆောင်ရွက်နိုင်ရန် ရာဇမဟာမိတ် မြဲမြဲခိုင်ခံ့စွာ စာချုပ်ဆို တည်မြဲသေချာ ရှိသည်ဖြစ်၍၊ စာချုပ်ပါအတိုင်း နေထွက်ဘုရင်မင်းမြတ် အမိန့်တော်မြတ်နှင့် ပြင်သစ် သမ္မတမင်းအနီး နေထိုင်စေရန် ဝန်ထောက်တော် သံချက်ဝန် မင်းကြီး မင်းလှမဟာစည်သူကျော်ကို လွှဲအပ်သင့်သမျှ အရေးအခွင့်များကို မကြွင်းမကျန် ယုံကြည်လွှဲအပ်ခြင်းနှင့်တကွ သံကြီးအရေးပိုင် ကိုယ်စားလှယ်တော် ခန့်ထားရှိကြောင်း။ ၎င်းနှင့် သံလတ်စာရေးတော်ကြီး ၂ တို့ကို ပြင်သစ်နိုင်ငံသို့ စေလွှတ်ရှိသည် အကြောင်းကို အရေးပိုင် မင်းကြီး သိရန် မဟာမိတ်လက္ခဏာနှင့်အညီ စာပေးပို့ကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့[၄]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ အရေးပိုင်မင်း ပေးစာပါ ငနေထွန်း၊ ငရွှေအောင်တို့ အကြောင်းအရာကို တောင်တွင်းကြီးဝန်သို့ ဆင့်ဆို မေးမြန်းရာ၊ နွားပျောက်ဆုံးသူ ပြောက ငနေထွန်း၊ ငရွှေအောင်တို့သည် ကျွဲနွားများကို ကျောက်တိုင် တောင်ဘက်သို့ ထုတ်ယူကြောင်း၊ ယခုလည်း စည်သာကြီးရွာ တောင်တောအရပ်တွင် နွားများကို ကဲ့ဝှက် ထားကြောင်း၊ ၎င်းတို့လည်း စည်သာကြီးရွာ ငအိုင်အိမ်တွင် တည်းခိုကြောင်းများနှင့် တိုင်လျှောက်ချက်

၁။ ၂၇ မေ ၁၈၈၅ ၂။ ၂၉ မေ ၁၈၈၅ ၃။ ၁၁ ဇူလိုင် ၁၈၈၅ ၄။ ၁၅ ဇူလိုင် ၁၈၈၅

ရှိ၍ ခေါ်စေရာ လုံ့စွပ် စွဲကိုင်ခုခံ၊ ပစ်ခတ်ဖမ်းဆီးမှ အိမ်ရှင်ပါ ရမိ၍ ခံဝန်သူတောင်းရာ အိမ်ရှင် ငအိုင်ကသာ ပေးနိုင်၍ ငနေထွန်း၊ ငရွှေအောင်တို့ ခံဝန်သူ မပေးနိုင်သော်လည်း မချုပ်မထား၊ လုလင်ကို အပ်ထားရာ ထွက်ပြေးကြောင်း၊ ကြေးငွေ မတောင်းမယူကြောင်းကို မြို့ရုံးအရာရှိတို့ ထွက်ချက်၊ နွားရှင် ထွက်ချက်၊ အခေါ်စေလွှတ်ရင်း လုလင် မေးချက်၊ တန်းခေါင်းတို့ ထွက်ချက်နှင့်တကွ တောင်တွင်းကြီးဝန်က တင်ပို့လျှောက်ထားရှိ၍ စာပါ စကားများကို အရေးပိုင်မင်း ဆင်ခြင်ရန် ထပ်မံ စာပေးပို့ကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ၁၈၈၅ ခု၊ ဇွန်လ ၁၀ ရက် နေ့စွဲနှင့် အရေးပိုင်မင်း ပေးစာတွင် တောင်ငူမြို့က သရက်မြို့သို့သွား ခရီးသည်တို့ တိုက်ခိုက်သူ ဓားပြတို့အနက် ငရွှေမောင်ပေါင်တို၊ ငစံတို့ မြေထဲမြို့၊ ရေနီရွာတွင် ရှိနေသည် ကြားသိရ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်း။ သိသူတို့ကို အလိုရှိလျှင် စေလွှတ်မည့် အကြောင်းများနှင့် ပါသည့်အရ အင်္ဂလိပ် အစိုးရတို့က ဓားပြ ငရွှေမောင်ပေါင်တို၊ ငစံတို့ကို တပ်ရာ ပြသနိုင်သူတို့ကို စေလွှတ်ပြသပါရှိလျှင် ဖမ်းဆီးပေးအပ်ရမည် အောက်မြစ်စဉ် မြို့ရွာအစိုးရ လက်ဝဲဝင်းတော်မှူး ပဉ္စမဌာန ခရိုင်ဝန်သို့ မှာထားဆင့်ဆို ရှိကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူး ပဉ္စမဌာန ခရိုင်ဝန်သို့ ပေးစာ။

[က]။ ။ ဓားပြ ငရွှေမောင်ပေါင်တို၊ ငစံတို့ကို ဖမ်းဆီးပေးအပ်မည့် အကြောင်းနှင့် ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်သည့်အရ ၎င်းအရေးပိုင်ထံ [အထက် (၈) မှတ်] အတိုင်း စာပြန်ပေးရှိသည်ဖြစ်၍ သိသူသက်သေတို့ကို အင်္ဂလိပ် အစိုးရတို့က စေလွှတ်ပြသရှိလျှင် စာပါ ဓားပြတို့ကို မထွက်မလွတ်ရအောင် ဖမ်းဆီးပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၉။ ။ အရေးပိုင် ဝန်ရှင်တော်မင်းကြီးက ပေးပို့သည့် ၁၈၈၆ ခုနှစ်အတွင်း ကောက်ခံရန် ကုန်ဖိုးနှုန်း စာရင်းကို ပေးပို့ကြောင်း စာနှင့်တကွ ရရှိ။ စာပါ စကားများကို ကြားသိရ၍ ဝမ်းမြောက်ကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၀။ ။ မြေထဲ၊ သရက်မြို့ အရေးပိုင်တို့ လျှောက်ချက်၊ ဓားပြ ငကန်သာ၊ ငရွှေအုပ်တို့ တိုက်ခိုက်သည့် နယ်မြေပုံများနှင့်တကွ ပေးပို့သည့် ၁၈၈၅ ခု၊ ဇွန်လ ၂ ရက် နေ့စွဲပါ စာကိုရကြောင်း။ ၎င်းစာ မပို့မရောက်မီပင် ဓားပြ ငကန်သာ၊ ငရွှေအုပ်တို့ကို ဖမ်းဆီးစေရာ ရမိ၍ အပြစ်ထိုက်သက်ရာ စစ်မေး စီရင်ရန် အကျဉ်းချထားရှိကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ ကြို့ပင်ကောက် စာတိုက်အုပ် မောင်စိန် ဆိုသူ စာတိုက်ခွန်ငွေ ၇၀၇–၅ ပဲ ကို ခိုးယူထွက်ပြေး၊ နိုင်ငံတော် မလွန်မြို့ မင်းလှရွာတွင်ရှိကြောင်း ကြားသိ၍ ဖမ်းဆီးပေးအပ်မည့်အကြောင်းနှင့် ၁၈၈၅ ခု၊ ဇူလိုင်လ ၁၁ ရက် နေ့စွဲပါ ပေးစာကို ရကြောင်း။ စာပါ မြို့နယ်ကျေးရွာတွင် အမည်တူလူ များရန် ရှိသည်တစ်ရပ်၊ လက်ခံအိမ်ရှင် အမည်နေရပ် မပါသည် တစ်ရပ်များကြောင့် ဖမ်းဆီးရန် ခဲခက်၍ ထောက်လှမ်းဖမ်းဆီးသာအောင် လက်ခံအိမ်ရှင်၊ အမည်နေရပ်ကို မှတ်သားပေးပို့မည့် အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

[ခ]။ ။ အစိုးရ စာတိုက်ခွန်ငွေကို ခိုးယူထွက်ပြေးသူ ကြို့ပင်ကောက် စာတိုက်အုပ် မောင်စိန် အကြောင်းနှင့်

၁။ ၂၂ ဇူလိုင် ၁၈၈၅

အင်္ဂလိပ် အရေးပိုင်က စာပို့ရောက်သည့်အရ ၎င်းထံ [အထက် (၁၁) မှတ်] အတိုင်း စာပြန်ပေးရှိသည်ဖြစ်၍၊ စာပါ မောင်စိန် မလွန်မြို့ မင်းလှကျေးရွာတွင် ခိုဝင်ရှိနေလျှင် မထွက်မလွတ်ရအောင် ဖမ်းဆီးအကျဉ်းချုပ်ထား၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

## ၄၁၀ မှတ် ပုရပိုက်ထွက်။

### ၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့[၁]။

### ကောက်တော်မူချက်။

၁။ ။ တောင်ငူမြို့နေ သစ်ခေါင်း ကျောက်မော်မြို့စာရေး ငဘိုး၊ လယ်မမြို့အုပ် ငရွှေမောင်၊ လယ်မမြို့သူကြီး ငတုတ်၊ ကြောညို၊ ဝါးနွယ်ခုံမြို့သူကြီး ကိုယ်စားလှယ် ငစ၊ လောမြို့သူကြီး ကိုယ်စားလှယ် ငနှင်း၊ ငမှော်၊ ငတော၊ ငမင်း အပေါင်းပါ သစ်ခေါင်းတို့နှင့် ဘုံဘိုင်ဘာမာ ကုမ္ပဏီ ပြိုက်စစ်မက္ကစဝက် ကိုယ်စားလှယ် အန္ဒြေနောတို့ သစ်မှုစကားမှာ သစ်ခေါင်းတို့က ကုမ္ပဏီ ကိုယ်စားလှယ်တို့သို့ ၁၂၄၅ ခုနှစ်၊ ၄၆ ခုနှစ်၊ ၂ စုသစ် ၈၉၈၀၀ လုပ်ဆောင် ကျရောက်ပေးအပ်ပါသည် ကိုယ်စားလှယ်တို့က ကုန်စင်အောင် စာရင်း မရှင်းမလင်း၊ ၂ စုသစ် ၃၂၁၂၈ သာ ရှင်းလင်း နစ်နာရှိကြောင်းနှင့် စာရင်းတင်ပေး လျှောက်ထားချက်အရ ကုမ္ပဏီ ကိုယ်စားလှယ်ကို မေးရာ၊ သစ်ကို ခွန်သေစာချုပ်ပါ သစ်မှတစ်ပါး သစ်ရှည် ခွန်ရှင်စာချုပ်ပါ ၁၂၄၅ ခုနှစ်၊ ၄၆ ခုနှစ် သစ်များမှာ ကုမ္ပဏီ ကိုယ်စားလှယ်တို့က တစ်နှစ်တစ်ကြိမ် ရှင်းလင်း၍ အခွန်ရုံတော်မှာ တင်ပေးစာရင်းပါ သစ်များပြင် ပိုမိုထုတ်ယူ မရှိကြောင်း ထွက်ဆို၍ သစ်ခေါင်းတို့ စွဲလျှောက်ချက်၊ ကိုယ်စားလှယ် ထွက်ချက်များအရ တစ်ဦးစီ စာရင်းတင်ပေး ရှင်းလင်းစေလျှင် လရက်ရှည်ကြာ၊ စရိတ် ပိုမိုကုန်ကျ နှင့်နာပင်ပန်းရှိမည်ကိုထောက်၍ မှန်ကန်ရာ ဆုံးဖြတ်နိုင်အောင် ကုမ္ပဏီတို့ စာချုပ်နှင့် သစ်လုပ်ဆောင်သည်ကစ၍ ၁၂၄၄ ခု၊ ၄၅ ခု၊ ၄၆ ခု၊ ၃ နှစ်အတွင်း ကျောက်တိုင်တောင်ဘက် တောင်ငူ သစ်တောရုံးသို့ ရောက်သည့် သစ်စာရင်းများကို ရန်ကုန်မြို့ အရေးပိုင်ကြီးထံ စာပေး၊ အမှုသည် ၂ ဦး စုံညီ ကူးယူစေရာ ၁၂၄၄ ခု၊ ၄၅ ခု၊ ၄၆ ခု၊ ၃ နှစ် ဖောင်စုန်ဦးရေ ၂၄၃၀၊ ထုသစ် ၉၃၇၉၁၊ လွှသစ် ၂၀၀၂၁၊ ရပ်သစ် ၃၂၁၊ ၃ စုသစ် ၁၁၄၁၃၃ ထွက်မျှောကြောင်းကို ရေးကူးပေးအပ် ရရှိသည်။ ကုမ္ပဏီ ကိုယ်စားလှယ်တို့က တစ်နှစ်တစ်ကြိမ် ရှင်းလင်းသည့်စာရင်းမှာ ၁၂၄၄ ခု၊ ၄၅ ခု၊ ၄၆ ခု၊ ၃ နှစ် ထုသစ် ၄၄၀၀၈၊ လွှသစ် ၁၂၁၇၀ သာ ထွက်ရှိသည်။ စာရင်း ၂ ရပ်ကို တိုက်ဆိုင်ကြည့်ရှုရာ ၃ နှစ်အတွင်း ထုသစ်၊ လွှသစ်၊ ရပ်သစ်၊ ၃ စုသစ် ၅၇၉၅၅ ကွာသည်ဖြစ်၍ ကုမ္ပဏီ ကိုယ်စားလှယ်တို့ကို မေးရာ ၁၂၄၃ ခုနှစ် ပထမ စာချုပ်ပြီးနောက် ၄၄ ခုနှစ်မှာ ပထမ စာချုပ်တွင် မပါမဝင် ပယ်သစ်များနှင့် လုံးပတ် ၃် အောက်၊ သစ်ရှည် ၁၃် မပြည့်သည့် ပင်ရင်း ငုတ်ကျန်သစ်များကို ခွန်သေစာချုပ် ချုပ်ဆို ခုတ်လုပ်ထုတ်ယူရသစ်များ ရောထွေးပါရှိ၍ ကွာကြောင်း။ ကူးယူရ သစ်စာရင်းတွင် လွှသစ် ပါရှိသော်လည်း လုံးပတ်ကြီးသစ်တို့ကိုသာ လွှသစ်ခေါ်၍၊ ဒုတိယ စာချုပ်အရ ထုတ်ယူသည့် သစ်အများ ပါဝင်သင့်ကြောင်း လဲလျှောက်ရှိသည်။ သစ်ခေါင်းတို့ကို ထပ်မံမေးရာလည်း သစ်တောရုံးစာရင်းတွင် ထုသစ်၊ လွှသစ်၊ ရပ်သစ် ၃ မျိုးသာ ပါ၍ သစ်တို မပါသည်မှာ၊ သစ်တိုခုတ် ဒုတိယစာချုပ် ရှိသော်လည်း အရှည် ၁၂် မပြည့်သည့် သစ်တိုကို မခုတ်မလုပ် မထုတ်မယူ၊ ပထမ စာချုပ်ဝင်သင့် သစ်များကိုသာ ဒုတိယ စာချုပ်ဝင် စဉ်းလဲခုတ်လုပ် ထုတ်ယူသည် ဖြစ်၍ မပါကြောင်းနှင့် ထပ်မံ လျှောက်ထားရှိသည်။ အမှုသည် ၂ ဦးတို့ အဆို အစစ်ခံ ထပ်မံလဲလျှောက်ချက်များကို ဆင်ခြင်လျှင် အစိုးရမင်းတို့ အခွင့် နိုင်ငံထုံးစံ ဥပဒေများနှင့်စပ်၍ နိုင်ငံမြို့ရွာအကျိုး၊ သစ်ခေါင်း ကုန်သည်တို့အကျိုး တိုးရန် ယုတ်ရန် အလုပ်ကြီး အဆောင်ကြီး ဖြစ်သောကြောင့် သစ်လုပ်ဆောင်ရင်း ပထမ၊ ဒုတိယ၊ တတိယ စာချုပ် ၃ ရပ်၊ တောင်ငူ သစ်တောရုံး စာရင်းများကို ပဓာနပြု၍ ဆုံးဖြတ်သင့်သည့်အတိုင်း သစ်တောရုံးစာရင်းပါ ထုသစ်၊ လွှသစ်

---

[၁] ။ ၁၂ ဩဂုတ် ၁၈၈၅

များသည် ပထမစာချုပ်ဝင်သစ်သာ ဖြစ်သင့်သည်နှင့်အညီ သစ်တောရုံးစာရင်းထွက်သစ် ၁၁၄၁၃၃ အနက် ဇန္နာဝတ် အမည်နှင့် သစ် ၁၄၅၇၊ ဒုတိယစာချုပ်ဝင်ဖြစ်သင့် ရပ်သစ် ၃၂၁၊ ၂ စုသစ် တစ်ရပ်။ ကုမ္ပဏီ ကိုယ်စားလှယ်တို့ ၃ နှစ်အတွင်း စာရင်းရှင်းလင်းသည့်သစ် ၅၆၁၇၈ တစ်ရပ်။ ၂ ရပ်သစ်များကို ခုနှိမ်၍ ကျန် ထုသစ်၊ လွှသစ် ၂ စုသစ် ၅၆၁၇၇ များကို ကုမ္ပဏီ ကိုယ်စားလှယ်တို့က ပိုမိုထုတ်ယူကြောင်း ထင်ရှားသည်။ ပိုသစ် ၅၆၁၇၇ များအကျ လုပ်ဆောင်ခ ကြေးငွေများကို ကုမ္ပဏီ ကိုယ်စားလှယ်တို့က ပေးဆောင်စေ။ သစ်ခေါင်းတို့က ကုမ္ပဏီ ကိုယ်စားလှယ်တို့ကို သစ်လုပ်ဆောင်ခရရန် စွဲဆိုလျှောက်ထား စစ်ဆေးရှင်းလင်း စာရင်းထွက်ရှိသည့်အရ ပထမ၊ ဒုတိယ စာချုပ် ၂ ရပ် သဘောအဓိပ္ပာယ်ကို ကျူးလွန်၍ ၁၂၄၄ ခု၊ ၄၅ ခု၊ ၄၆ ခု၊ ၃ နှစ်အတွင်း ထုသစ်၊ လွှသစ် ၂ စုသစ် ၅၆၁၇၇ များကို အခွန်တော် မဆောင် ပိုမိုစဉ်းလဲ ထုတ်ယူကြောင်း ထင်ရှားသိသာ၍ ရှိသည်။ ပိုမိုထုတ်ယူသစ် ကိုယ်ပိုင်ဖြစ်စေ၊ ပန်းသစ်ဖြစ်စေ မည်သည့်သစ်မဆို တော်အဖြစ် သိမ်းယူသင့်သည့်အတိုင်း ပိုမိုထုတ်ယူသစ်ကို ပထမ စာချုပ်ပါ တော်သစ် အကောက်နှုန်းနှင့် တွက်စစ်၍ စဉ်းလဲထုတ်ယူပြစ် အခွန်တော် ၂ ဆတန် ကုမ္ပဏီ ကိုယ်စားလှယ်တို့က ဆက်သွင်းစေ။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၁]။

ရန်ကုန် အရေးပိုင်သို့ ပေးစာ။

၂။ ။ ငနေထွန်း၊ ငရွှေအောင်တို့ အကြောင်းနှင့် ၁၈၈၅ ခု၊ ဩဂုတ်လ ၄ ရက် နေ့စွဲပါ အရေးပိုင်မင်း ပေးစာတွင် တောင်တွင်းကြီး မြို့ဝန်က ငနေထွန်းတို့ထံ ကြေးငွေ မတောင်းမယူကြောင်း။ ၎င်းမြို့ဝန်က သရက်မြို့ အရေးပိုင်သို့ ပေးစာတွင် ငနေထွန်းတို့တွင်ပါ ဆုံးပါးသည့် ကြေးငွေကို ပြန်ရနိုင်အောင် ငနေထွန်းတို့ကို တောင်တွင်းကြီးမြို့သို့ စေလွှတ်မည့်အကြောင်း၊ စကား ၂ ရပ် မညီ၍ အမှန်ယူနိုင်ရန် မရှိကြောင်း၊ စာပါအမှုကို ဆုံးဖြတ်ရန်မှာ မြန်မာအစိုးရတို့နှင့်သာ ဆိုင်ကြောင်း၊ တောင်တွင်းကြီးမြို့ဝန် ဖြောင့်ချက်ပါ ငွေကို ငွေရှင်တို့သို့ ပြန်ပေးလျှင် သင့်ရန်ရှိကြောင်းများနှင့် ပါသည်မှာ တောင်တွင်းကြီးမြို့ဝန်က သရက်မြို့ အရေးပိုင်သို့ ပေးစာကို ဆင်ခြင်လျှင် ငနေထွန်းတို့တွင် ပါငွေများကို မဆုံးမပါး စေရ၊ နွားရှင်တို့နှင့် တိုက်ဆိုင်ရှင်းလင်းရန် စေလွှတ်စေချင်ကြောင်းနှင့်သာ ပါရှိသည်ကို အဓိပ္ပာယ်အယူ တိမ်းယိမ်း၍ ပေးစာတွင် စကား ၂ ရပ် မညီကြောင်း၊ ဖြောင့်ချက်ပါငွေကို ပြန်ပေးသင့်ကြောင်းများနှင့် ပိုမိုပါလာသည် ထင်ကြောင်း။ တောင်တွင်းကြီးမြို့ဝန်က သရက်မြို့ အရေးပိုင်သို့ ပေးစာသဘောမှာ ငနေထွန်းတို့တွင် ကြေးငွေ မည်မျှပါသည် မပါသည်၊ ပါသည့်ကြေးငွေကို မည်သူက သိမ်းယူသည်များကို ပေးသူ ယူသူ တို့ကို စုံညီစစ်မေး မှန်ရာဆုံးဖြတ်ရန်၊ ပြောား လျှောက်ချက်ပါ နွားမှုကို ထိုက်သက်ရာ မေးမြန်း စီရင်ရန် စေလွှတ်စေချင်ကြောင်းနှင့် ပါရှိသည်ကို မလာမရောက်၊ တစ်ဦးတစ်ဖက်တည်း အလိုရှိရာ ပြောဆိုသည့် အရာသာဖြစ်၍ စာပါအမှုကို ထိုက်သက်ရာ စီရင်ဆုံးဖြတ်ရန်၊ တောင်တွင်းကြီးမြို့ဝန် ရွှေဘွားတော် အောက်တွင် ရှိပြီဖြစ်၍ ၎င်းမြို့ဝန် အထက်ပေးစာအတိုင်း ငနေထွန်းတို့ကို ဆင့်ဆို စေလွှတ်မည့် အကြောင်း၊ ရောက်ကာလ ထိုက်သက်ရာ စီရင်မည့်အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့[၂]။

ပုသိမ်မြို့ အရေးပိုင်က ပေးစာ။

၃။ ။ ဝန်ရှင်တော်မင်းကြီးက လူသတ် ငမြတ်လှကို ဖမ်းဆီးရမိကြောင်း ပေးစာအရ ငမြတ်လှက ငမြတ်မွေးကို သတ်ဖြတ်စဉ် သိသူ သက်သေတို့ကို ရာဇဝတ်အမှုထမ်း ငပဏ္ဍိ၊ ငကင်းတို့နှင့်အတူ စေလွှတ်ပါကြောင်း။ ငမြတ်လှကို အမှုထမ်းတို့တွင် ပေးအပ်လိုက်ပါမည့် အကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့[၃]။

ရာဇဝတ်ဌာန ပထမလက်ထောက် စာရေးတော်ကြီး

မဟာမင်းကျော်ရာဇာက ပုသိမ် အရေးပိုင်သို့ ပေးစာ။

၄။ ။ ငမြတ်လှကို အရေးပိုင်မင်းက စေလွှတ်သူ သက်သေတို့နှင့် တိုက်ဆိုင်မေးမြန်းရာ၊ သက်သေ ငပိုးနီက

၁။ ၂၉ ဩဂုတ် ၁၈၈၅ ၂။ ၆ ဩဂုတ် ၁၈၈၅ ၃။ ၃၁ ဩဂုတ် ၁၈၈၅

[အောက်ပါ (၅) မှတ်] အတိုင်း ထွက်ဆိုကြောင်း၊ ငမြတ်လှကို မေးရာလည်း [အောက်ပါ (၆) မှတ်] အတိုင်း ထွက်ဆိုရှိကြောင်း၊ သို့ အစစ်ခံမည်သီ ကွဲပြားသော်လည်း ကျောက်တိုင်တောင်ဘက်တွင် ဖြစ်ပွားရင်း အမှုဖြစ်၍ ငမြတ်လှကို အကျဉ်းထည့်အပ်လိုက်ကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[၁]။

ပုသိမ် အရေးပိုင်က စေလွှတ်သူ သက်သေ ငပိုးနီ မေးချက်။

၅။ ။ ကျွန်တော်နှင့် ငမြတ်လှတို့ ကြက်တိုက်ရာ ငမြတ်လှ ရှုံးနိမ့်၊ ငမြတ်လှက မကျေမအေး၊ ခိုက်ရန်စကား ပြောဆို၊ ကြက်ပွဲက အိမ်သို့ တစ်လမ်းစီပြန်လာ၊ ဆိုက်ရောက်၊ ၎င်းည လင်းလုနီးတွင် ၂ ဦး ခိုက်ရန် ဖြစ်ပွားဆဲဆို၊ ငမြတ်လှက ခဲနှင့် ပစ်ခတ် ထိမှန်၍ ငမြတ်လှကို ကျွန်တော်က ရိုက်နှက်ပြန်လာ နောက်၊ ငမြတ်လှတူ ငအုပ်ကြီးက ဓားစွဲကိုင်၊ ငအုပ်ကြီး ရှေ့၊ ငမြတ်လှနောက် လိုက်လာ၊ အိမ်ခလောက်ဆွဲအနီး ရောက်လျှင် ငမြတ်လှ ဓားနှင့်ထိုးကြောင်း ငမြတ်မွေးအော်သံ တစ်ခွန်းသာကြား၍ သေဆုံးကြောင်း။ အနီးတွင် လူအများ ရှိကြောင်း၊ ငမြတ်မွေးသမီး ကျွန်တော်မယား မိသိုင်းက ရွာခေါင်းထံတိုင်ရန် စေခိုင်းကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့[၁]။

ငမြတ်လှကို ထပ်မံ မေးချက်။

၆။ ။ ငမြတ်မွေးကို ကျွန်တော်တူ ငအုပ်ကြီး ဓားနှင့်ထိုးသတ်၊ သေဆုံးသည့်ညပင် ရာဇဝတ်ကို ကြောက်ရွံ့သည်နှင့် တူဝရီး ၂ ယောက် ထွက်ပြေး၊ နိုင်ငံတော် တလုပ်မြို့၊ မြင်းခြံရွာ၊ ညောင်ပင်ရွာများတွင် ခိုဝင်နေထိုင်ကြောင်း၊ တူငအုပ်ကြီး သေဆုံးရှိ၍ ၎င်းရွာ ငလူပိုတို့အိမ်သို့ ရွှေ့ပြောင်းနေထိုင်သည့်အတွင်း ဖမ်းဆီး၊ တစ်ကြိမ် မေးမြန်းခံရပြီးနောက် ယခု ထပ်မံ မေးမြန်းခံရကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၇။ ။ ငမြတ်လှကို ပုသိမ်မြို့ အရေးပိုင်က စေလွှတ်သူတို့နှင့် တိုက်ဆိုင်မေးမြန်းပြီးလျှင် ပေးအပ်ရှိသည်ဖြစ်၍ ငမြတ်လှ၊ ငပိုးနီတို့ ထွက်ချက်နှင့် ပုသိမ်မြို့ အရေးပိုင်သို့ပေးရန် စာလက်ခံများကို အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီး သိသာရန် ပူးတွဲပေးပို့လိုက်ကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့[၂]။

ရန်ကုန်မြို့ အရေးပိုင်သို့ ပေးစာ။

၈။ ။ ၁၈၈၅ ခု၊ ဩဂုတ်လ ၂၈ ရက် နေ့စွဲပါ အရေးပိုင်မင်း စာကို ကောင်းမွန်စွာ ကြည့်ရှုရာ၊ ၎င်းစာတွင် တရားလို သစ်ခေါင်းတို့နှင့် တရားခံ ဘုံဘိုင်ဘားမားကုမ္ပဏီ ကိုယ်စားလှယ်တို့ ၂ ဦး ၂ ဖက်တွင် တရားခံတို့အလိုရှိရာ ပြောဆိုသည့် စကားအရနှင့်သာ ရေးသားပါရှိသည်ဖြစ်၍ မြန်မာအစိုးရမင်းတို့က အမှုသည် ၂ ဦးတို့ စွဲလျှောက်ချက်၊ ချေဆိုချက်၊ သဘောကျ စစ်ဆေးရှင်းလင်းချက်များအရ နိုင်ငံထုံးစံနှင့်အညီ စီရင်ဆုံးဖြတ်သည့်အရာကို ဝန်ရှင်တော်မင်းကြီး ရှင်းလင်း ကောင်းမွန်စွာသိရန် အမှုရင်းမြစ်နှင့်တကွ စာပြန်ပေးလိုက်ကြောင်း။ တောင်ငူ နင်းကြမ်းမြို့ သစ်ခေါင်းကြီးငယ်တို့က ဘုံဘိုင်ဘားမာ ကုမ္ပဏီတို့သို့ ၁၂၄၅ ခု၊ ၄၆ ခုနှစ်များတွင် သစ် ၄ သောင်းကျော်စီ ခုတ်လုပ် ပေးအပ်ရလျက်၊ ၂ စုသစ် ၃ သောင်းကျော်သာ စာရင်းရှင်းလင်း၊ ခုတ်လုပ်ခငွေ နင့်နာရှိ၍ ကုမ္ပဏီ ကိုယ်စားလှယ်တို့နှင့် ရှင်းလင်းပါရမည့် အကြောင်းနှင့် စွဲလျှောက်ချက်အရ ကုမ္ပဏီ ကိုယ်စားလှယ်ကိုမေးရာ တစ်နှစ်တစ်ကြိမ် ရှင်းလင်းတင်ပေးသည့် စာရင်းပါ သစ်များပြင် ပိုမိုထုတ်ယူမရှိကြောင်း၊ သစ်ခေါင်းတို့ စွဲချက်စကားကို ကုမ္ပဏီ အသင်းဝင်လူတို့ကို မေးမြန်းပြီးမှ ချေပရှင်းလင်းနိုင်မည့် အကြောင်းများနှင့် ထွက်ဆိုရှိ၍ အမှုကို မရှည်မကြာ ဆုံးဖြတ်လွယ်အောင် အမှုသည် ၂ ဦးတို့ကို ထပ်မံမေးမြန်း၊ ၎င်းတို့ သဘောကျအတိုင်း ကုမ္ပဏီတို့ စာချုပ်နှင့် သစ်လုပ်သည်ကစ၍ ၁၂၄၆ ခုနှစ်တိုင် ကျောက်တိုင်တောင်ဘက် တောင်ငူ သစ်တောရုံးသို့ ဆိုက်ရောက်သည့် ဖောင်စဉ်ကျယ်

---

၁။ ၂၈ ဩဂုတ် ၁၈၈၅ ၂။ ၄ စက်တင်ဘာ ၁၈၈၅

သစ်စာရင်းကို အမှုသည် ၂ ဦးစုံညီ အရေးပိုင်မင်းထံ စေလွှတ် ကူးယူစေပြီးလျှင် ၎င်းစာရင်းပါ သစ်များနှင့် ၃ နှစ်အတွင်း ကုမ္ပဏီ ကိုယ်စားလှယ်တို့ ရှင်းလင်းတင်ပေး အခွန်တော် ပေးဆောင်သည့် သစ်များကို တိုက်ဆိုင်ကြည့်ရှုရာ၊ အခွန်တော်ဆောင် သစ်အနည်း၊ သစ်တောရုံးစာရင်းထွက် သစ်အများ ဖြစ်၍ ခုနှိမ်သင့်သမျှ ခုနှိမ်သည့်ပြင်၊ အခွန်တော်မဆောင် ပိုမိုထုတ်ယူသည့် ထုသစ် လှွသစ် ၅၆၀၀၀ ကျော် ထွက်ရှိသောကြောင့် ကုမ္ပဏီ ကိုယ်စားလှယ်ကို ထပ်မံမေးရာ၊ သစ်တောရုံးစာရင်းထွက် ပိုမိုသည့်သစ်များကို တရားသဖြင့် ထုတ်ယူခြင်းဖြစ်အောင် မထွက်မဆိုနိုင် ရှိကြောင်း။ ဘုံဘိုင်ဘာမာ ကုမ္ပဏီနှင့် ချုပ်ဆိုသည့် ပထမ၊ ဒုတိယစာချုပ်ပါ အဓိပ္ပာယ်၊ တောင်ငူ သစ်တောရုံး စာရင်းများအရ အမှုသည်တို့ စုံညီစစ်ဆေးမေးမြန်း ဆင်ခြင်ရာလည်း ပိုမိုသည့် သစ်များကို မည်သည့်အချက်၊ မည်သည့်အကြောင်းနှင့်မျှ တရားသဖြင့် ထုတ်ယူထိုက်သည့်သစ် မဟုတ်ကြောင်းကို ထင်ရှားသိသာကြောင်း။ သစ် ၅၆၀၀၀ ကျော်ကို ကုမ္ပဏီ ကိုယ်စားလှယ်တို့ ပိုမိုထုတ်ယူကြောင်း ထင်ရှားပေါ်ရှိသိသာရသည့်အတိုင်း သစ်ခေါင်းတို့ စွဲလျှောက်ချက်ပါ သစ်လုပ်ခငွေများကို ရှင်းလင်းရန် မှုရပ်ပြင်၊ စဉ်းလဲပိုမို ထုတ်ယူထင်ရှားမှုမှာ ထုတ်သစ် အဖိုးတန်အကျ ၂ဆ သင့်ငွေ ၂ သန်းကျော်ကို ကုမ္ပဏီ ကိုယ်စားလှယ်တို့က ဆက်သွင်းစေရန် လွှတ်တော် ကောက်တော်မူချက် ကျရောက်ပြီး ဖြစ်သည့်အရ ၎င်းငွေကို လပိုင်းခြား ခွဲဝေဆက်သွင်းစေရန်၊ မဆက်မသွင်း မပြေမကုန်လျှင် တောင်ငူ နင်းကြမ်းရှိ ကုမ္ပဏီတို့ပိုင် သစ်များကို ပြေကြေလောက်အောင် သိမ်းယူစေရန် ဆင့်ဆိုရှိကြောင်း။ သည်ကဲ့သို့ အမှုသည်တို့ သဘောကျ တရားသဖြင့် စစ်ဆေးမေးမြန်းသည့် အကြောင်းအရာ၊ တရားသဖြင့် စီရင်ဆုံးဖြတ်သည့် အကြောင်းအရာများကို အရေးပိုင်မင်း ကောင်းစွာ ဆင်ခြင်လျှင် ကုမ္ပဏီတို့ ပြောစကား မဟုတ်မမှန်ကြောင်း၊ ကုမ္ပဏီ ကိုယ်စားလှယ်တို့ တိုင်းကြီးပြည်ကြီးသားတို့ ဓလေ့ထုံးစံနှင့် မညီ စဉ်းလဲပြုလုပ်ကြောင်းကို ထင်ရှားမည်ဖြစ်ကြောင်း။ အရေးပိုင်မင်း ပေးစာတွင် မစိမစစ် စာချုပ်ဖျက်သိမ်းခြင်း၊ မစိမစစ် ပြစ်ဒဏ်ကြေးငွေ တောင်းခံခြင်းများကို အင်္ဂလိပ် အစိုးရတို့က လျစ်လျူပြုနိုင်ခွင့် မရှိကြောင်း။ ကုမ္ပဏီတို့သည် မြန်မာအစိုးရတို့နှင့် ဆက်ဆံသည့်အရာ ရိုးဖြောင့်မှန်ကန်သည် ထင်မှတ်ကြောင်းများနှင့် ပါသည်များမှာ ကုမ္ပဏီတို့ အလိုရှိရာပြောသည့် တစ်ဖက်စကားကိုသာကြား၍ ပါရှိခြင်း ဖြစ်သည်။ ယခုစာပါ အကြောင်းအရာ အပြည့်အစုံကို ကြားလျှင် သည်ကဲ့သို့ ပါမည်မဟုတ်ဟု ယုံကြည် ထင်မှတ်ကြောင်း။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့သည် နိုင်ငံထုံးစံ ဥပဒေကို ကျူးလွန်၍ သစ်များကို အခွန်တော် မဆောင် စဉ်းလဲကြံစည် ပိုမိုထုတ်ယူကြောင်း ထင်ရှားသည့်အတိုင်း ဆုံးဖြတ်စီရင် ဆင့်ဆိုပြီးဖြစ်သောကြောင့် ဘုရင်ခံက စေလွှတ်မည့် ခုံရှေ့ သွင်းလိုသည် မသွင်းလိုသည်၊ ခုံစီရင်ချက်အတိုင်း တည်ငြိမ်နိုင်မည် မတည်ငြိမ်နိုင်မည် အထူးမေးခွင့်မရှိ၊ မေးသည့်အရလည်း ဖြေခွင့်မရှိသည်များကို အင်္ဂလိပ် အစိုးရမင်းတို့ သိသင့်ကြောင်း။ ဆိုခဲ့သည့် စကားများကိုထောက်၍ သစ်ခေါင်းတို့နှင့် ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်မှုကို ကောက်တော်မူချက်အရ ကုမ္ပဏီတို့အပေါ်တွင် အမိန့်ပေးအပ် ဆင့်ဆိုပြီးအရာကို အကြောင်း တစ်စုံတစ်ရာကြောင့် ရုပ်ဆိုင်းရန်၊ ပြင်ဆင်ရန် အခွင့်မရှိကြောင်း။

---

ကြားပေါက်မှု။

၄၁၁ မှတ် ပုရပိုက်ထွက်။

၁၂၃၉ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့[၁]။

အတွင်းဝန် လယ်ဝန် ယောမြို့စား မင်းကြီးမင်းခေါင်ကျော်သို့ ပေးမှာစာ။

၁။ ။ ရွှေမြို့တော်က အင်ပင်ရေထွက်ထိ ထားသည့် ကင်းတော်များအနက် ကျောက်တိုင်နှင့် ပြိုင်ဆိုင်သည့် ကင်းတော်များမှာသာ ထီး ဓား လက်စွဲ အဆောင်မြဲတို့ကို ထား၍ လမ်းစဉ် ကင်းတော်များမှာ ရွာသူကြီးတို့ကို ကင်းတပ်မှူး ခန့်ထားထမ်းရွက်စေရန် အတွင်းဝန် လယ်ဝန် ယောမြို့စားက အကျိုးအပြစ်နှင့်တကွ ရေးသားပို့ရောက်သည့်စာကို ဆင်ခြင်ရာ၊ စာပါအတိုင်း သင့်သော်လည်း အပါးတော်က ထီး ဓားလက်စွဲ

၁။ ၁၁ အောက်တိုဘာ ၁၈၇၇

အဆောင်မြဲတို့ကိုသာ ကင်းတပ်မှူး ခန့်ထားထမ်းရွက်စေသည်ကို အလိုတော်မြတ်ရှိသောကြောင့် တင်လျှောက်ခွင့် မသင့်သေးသည့်အခါ ဖြစ်ကြောင်း။

၁၂၃၉ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့[၁]။

အပ်ချုပ်သမား တာဂျေတီဘာလဘာလေဇက လျှောက်စာ။

၂။ ။ ရွှေဘွားတော်မြတ်အောက်တွင် ခံမြို့အလုပ်တော် လုပ်ဆောင်ထမ်းရွက်သူ ကိုမိုတိုက အီတာလျံဒင်္ဂါး ၇၄၉ ဖိုး အဝတ်အထည်များကို လက်မှတ်ရေးထိုး ဝယ်ယူ၊ အဖိုးငွေကို မပေးမချေ၊ နိုင်ငံတော်သို့ ထွက်သွား၊ စာပေး ကမ်းလှမ်းတောင်းဆိုသော်လည်း မပေးမရဖြစ်ပါ၍ တောင်းခံကယ်မပါမည့်အကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့[၂]။

မင်းလှခံမြို့ဆရာ ကိုမိုတိုသို့ ပေးစာ။

၃။ ။ ဂျင်နဝါမြို့နေ အပ်ချုပ်သမား တာဂျေတီဘာလဘာလေဇက အထက် [(၂) မှတ်] အတိုင်း လျှောက်ထားရှိ၍၊ လျှောက်ချက်အတိုင်း မှန်လျှင် လျှောက်သူ အပ်ချုပ်သမားသို့ ပေးရန် အီတာလျံဒင်္ဂါး အကျငွေများကို လွှတ်တော်သို့ ပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

သိန္နီမြောက်လက်၊ နံ့ခန်းနယ်တောင်စား ၂၆ တို့က လျှောက်စာ။

၄။ ။ ကျွန်တော်တို့ မြို့ရွာကျေးရွာများမှာ လူနေအိမ်ခြေ ပျက်ပြား မငြိမ်မဝပ်ရှိ၍ ရွှေဘွားတော်အောက်တွင် ထမ်းရွက်ရှိသူ ခွန်ဘီကို အရိုးသားမြေး မှန်သည့်အတိုင်း သဘောကြိုက်ညီကြ၍ စာလူစေလွှတ်ရာ မပြန်မကြား မသိရ၍ အမတ်ဆိုင်ရွတ်ခန်းကို ထပ်မံ စေလွှတ်ပါကြောင်း။ နံ့ခန်းမြို့ ကျေးရွာများမှာ ဆားဘိုးဘတို့ ဆင်းသက် လက်ရှိ လုပ်စားသည့် ဆင်းရဲသားတို့ တောင်ယာ နယ်ပယ်များကို ယခုလက်ရှိ မြို့စားတို့က အဓမ္မသိမ်းယူ အလောင်းအစားပြုလုပ် မခံမရပ်နိုင်၊ မသင့်မတင့် တိုက်ခိုက်ရှိပါ၍ ခွန်ဘီကို စေလွှတ်တော်မူပါလျှင် ဆက်သရန် ရှိခိုးလက်ဆောင်တော် မြင်း၊ ဆင်စွယ်၊ ဖယောင်း၊ ငွေဒင်္ဂါးများနှင့် ရှေးဘုရားဟောင်း ပြို့ပျက်ရာ ဌာပနာတွင် ရရှိသည့် ပတ္တမြား ကျောက်အချိန် ၅ မူးလုံးရေ ၁၊ အချိန် ၆ မူးလုံးရေ ၁၊ လုံးငယ်ရေ ၈၀၊ အရပ်ရပ်အဖိုး မြန်မာချိန် ၃၀၀ တန် အသင့်ရှိပါကြောင်း။ ခွန်ဘီကို အမိန့်တော် အမှာတော်နှင့် တက်ရလျှင် ဗန်းမော်မြို့ရောက် လာ၍ ခရီးဦးကြိုဆို၊ အထက် ဆက်သရန်များကို လူစေလွှတ်ဆက်သမည့်အကြောင်း။ ကျွန်တော်တို့နယ်သို့ ခွန်ဘီ ရောက်လျှင် အကျိုးတော်ဖြစ်ထွန်းအောင် ဘော်တွင်း၊ ကန့်ကျောက်တွင်းများကို ဖော်ထုတ်ချက်လုပ် ထမ်းရွက်နိုင်ပါ၍ ခွန်ဘီကို လာရောက်ရအောင် မ စ တင်လျှောက်မည့် အကြောင်း။

၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၄]။

အမြောက်အတွင်းဝန် မိုးထားမြို့စားမင်းကြီး မင်းခေါင်ဇေယသူသို့ ပေးမှာစာ။

၅။ ။ သိန္နီမြောက်လက်၊ မင်းဟင်တောင်စား၊ ရဲလောင်တောင်စား၊ ကင်ပါတောင်စား၊ ငါးစင်းတောင်စား၊ စောလုံတောင်စား၊ မိုင်းလောင်တောင်စား၊ လိမ်လုံတောင်စား၊ လောပြူတောင်စား၊ လောစုံတောင်စား၊ တွန်ဟုံတောင်စား မင်းဝံတောင်စားတို့နှင့် တောင်စား ၂၆ တို့က အထက် [(၄) မှတ်] ပါအတိုင်း လျှောက်ထားရှိ၍ အမိန့်တော်ခံရာ၊ လျှောက်ချက်အရ မှန် မမှန်ကို တပ်ရာသိရအောင် လူစေလွှတ် ထောက်လှမ်း လျှောက်ထားစေ အမိန့်တော်မြတ်ရင်းနှင့်အညီ စာပါ အကြောင်းအရာများကို အထင်အရှား မဖြစ်ရအောင် နံ့ခန်းနယ်အတွင်းရှိ ဘော်တွင်း၊ ကန့်ကျောက်တွင်းများကို အကြည့်အရှု စေလွှတ်ကြောင်း။ နံ့ခန်းမြို့စားတို့ထံ ပေးရန် မှာစာနှင့် မြေလတ်စစ်ကဲဟောင်း နေမျိုးမင်းထင်သီဟသူ၊ နေမျိုးမင်းလှသီရိသင်္ခယာတို့ကို မှတ်စာ မှာစာ ပေးအပ် စေလွှတ်ရှိသည့်အတိုင်း နံ့ခန်းမြို့နယ် ကျေးရွာများသို့ ကောင်းမွန်စွာ သွားရောက် ထောက်လှမ်း မှတ်သား လျှောက်ထားနိုင်အောင် စောင်မသင့်ရာ စောင်မ၊ သွားရောက်မှတ်သား လျှောက်ထားစေရမည့် အကြောင်း။

---

၁။ ၄ အောက်တိုဘာ ၁၈၇၇ ၂။ ၁၁ အောက်တိုဘာ ၁၈၇၇ ၃။ ၃၁ အောက်တိုဘာ ၁၈၇၇ ၄။ ၂၀ နိုဝင်ဘာ ၁၈၇၇

**၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၁]။**

## မြေလတ်စစ်ကဲဟောင်း နေမျိုးမင်းထင်သီဟသူ၊ နေမျိုးမင်းလှသီရိသင်္ခယာတို့သို့ ပေးအပ်သည့်မှတ်စာ လက်ခံ။

၆။ ။ သိန္နီမြောက်လက်၊ နံ့ခန်းမြို့နယ်တောင်စား ၂၆ တို့က အထက် [(၄) မှတ်] အတိုင်း လျှောက်ထားရှိ၍ လျှောက်ချက်အရ တပ်ရာသိရအောင် အမိန့်တော်မြတ်ရင်းနှင့်အညီ မြေလတ်စစ်ကဲဟောင်းတို့ကို မှာစာ မှတ်စာ ပေးအပ် စေလွှတ်သွားစေမည် ဖြစ်သည်။ ပေးအပ်သည့် မှာစာကို အမြောက်အတွင်းဝန် မိုးထား မြို့စားထံ တင်ပြ၊ ဆင့်ဆိုရာ နာခံပြီးလျှင် နံ့ခန်းမြို့နယ် ကျေးရွာများသို့ သွားရောက်၍ စာပါ တောင်စား တို့နှင့် လက်ရှိမြို့စားတို့ သင့်တင့်ညီညွတ် ရှိ မရှိ၊ မရှိလျှင် မည်သည့်အကြောင်းကြောင့် ဖြစ်သည်၊ လက်ရှိမြို့စားကပင် တောင်စားအကြီး မြို့ရွာနေလူတို့ကို ညှဉ်းပန်းနှိပ်စက် ပြုလုပ်သည်၊ တောင်စား အကြီးတို့ကပင် အကြောင်းမဲ့ မှုခင်းရာကြံ ပြုလုပ်သည်၊ လက်ရှိ မြို့စား၊ တောင်စား၊ မြို့ရွာနေလူတို့ စိတ်သဘော နှလုံးသွင်း မည်သို့ရှိသည်များနှင့် ဆက်သရန် လက်ဆောင်များမှာ လျှောက်ချက်ပါအတိုင်း ဟုတ်မှန်လျှင် မည်သည့် တောင်စားအမတ်တို့ထံရှိ၍၊ မည်သည့် တောင်စားအမတ်တို့ ရွှေဘွားတော်အောက် လာရောက်ဆက်သလိုသည်၊ နံ့ခန်းမြို့နယ်တွင် ဘော်တွင်း၊ ကန့်ကျောက်တွင်း မည်မျှရှိသည်၊ အလွယ် တကူနှင့် တူးဖော်ချက်လုပ်နိုင်မည်ဖြစ်လျှင် အကျိုးတော် မည်သို့ဖြစ်ထွန်းမည်မှစ၍ အရပ်ရပ် သိသင့် မှတ်သားသင့်သည်များကို မှတ်သားပြီးလျှင် မြေလတ်စစ်ကဲဟောင်း နေမျိုးမင်းထင်သီဟသူမှာ စာပါ တောင်စားတို့ ရွှေမျက်နှာတော် အဖူးအမြော်လာရောက်အောင် ကျိုးကြောင်းပြောဆို သိမ်းပိုက်ခေါ်ယူရန် စောင့်နေရစ်စေပြီးလျှင် မြေလတ်စစ်ကဲဟောင်း နေမျိုးမင်းလှသီရိသင်္ခယာမှာ ရွှေဘွားတော်အောက် လာရောက် လျှောက်ထားရမည် ဖြစ်သည်။ နေမျိုးမင်းလှသီရိသင်္ခယာမှာလည်း လမ်းစဉ်တစ်လျှောက် မြို့ရွာများနှင့် စခန်းသွားရောက်သည့် မြို့ရွာများတွင် ထမင်းဟင်းမှစ၍ လက်ဆောင်ပဏ္ဏာ တံစိုးကြေးငွေ တစ်စုံတစ်ရာ မတောင်းမခံ မစားမယူ၊ အလိုတော်မြက် မရှိသည်ကို မပြုမကျင့်၊ သနားတော်မြတ်ခံရသည့် စရိတ်ငွေတော်နှင့်သာ စားသုံး၍ စေခန့်သည့်အမှုတော်ကိုသာ လရက်မကြာ ပြေကုန်အောင် ထမ်းရွက် ရမည်။ မှတ်စာ ပေးအပ်သည့်အတိုင်း မတည်၊ တစ်စုံတစ်ရာ ဖောက်ပြား ကြားသိရလျှင် ရာဇဝတ်အပြစ် စီရင်မည်။

**၁၂၃၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့[၁]။**

## နံ့ခန်းမြို့စား အမတ်တို့ကို ပေးမှာစာ။

၇။ ။ နံ့ခန်းမြို့နယ်အတွင်း ဘော်တွင်း၊ ကန့်ကျောက်တွင်း ရှိသည် ကြားသိရ၍ မြေလတ်စစ်ကဲဟောင်း နေမျိုးမင်းထင်သီဟသူ၊ နေမျိုးမင်းလှသီရိသင်္ခယာတို့ကို အမိန့်တော်မြတ်ရင်းနှင့်အညီ မှာစာပေးအပ် စေလွှတ် ကြည့်ရှုစေသည့်အတိုင်း စေလွှတ်သူတို့နှင့် သင့်ရာလူဘက်ထည့်၊ နံ့ခန်းနယ်အတွင်းရှိ ဘော်တွင်း၊ ကန့် ကျောက်တွင်းများကို စေ့နှံ့အောင် လိုက်ပြ ကြည့်ရှုစေ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

**၁၂၃၉ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[၂]။**

## မလွန် ၄ မြို့ဝန် အောက်မြစ်စဉ် စစ်ကဲသို့ ပေးမှာစာ။

၈။ ။ ပွဲတော်ကြီး အမှုထမ်း ငရွှေစာက ဆွေမျိုးတို့ရှိရာ ကြံခင်းမြို့သို့ သွားရာ၊ ကြံခင်းမြို့အုပ်က ရေးကြောင်း ရှိလျှင် အမှုတော်ကို ထမ်းရွက်ရန် သူငယ်ချင်းလူ ၅၀၀ စည်းကြပ်ရှိကြောင်း၊ ကျွန်တော်နှင့် လူ ၁၀ ကျော်သားတို့ ရွှေဘွားတော်အောက် လာရောက် သစ္စာတော်ခံသောက် အမှုတော်ကို ထမ်းရွက်လိုကြောင်း၊ ၎င်းပြင် ကျောက်တိုင်တောင်ဘက်နေ မြန်မာတို့ကလည်း ရွှေဘွားတော်အောက်တွင် အိမ်ထောင်စုံ နေထိုင် ထမ်းရွက်လိုကြောင်းနှင့် ပြောဆိုပါရှိသောကြောင့် ကျောက်တိုင်တောင်ဘက်သို့ သွားရောက်ခေါ်ယူ လိုက်ပါ သူတို့ကို မင်းလှကင်းတော်က တားဆီးမရှိအောင် ဆင့်ဆိုပါမည့်အကြောင်းနှင့် လျှောက်ထားရှိ၍ လျှောက်

---

၁။ ၂၈ နိုဝင်ဘာ ၁၈၇၇ ၂။ ၁ ဇန်နဝါရီ ၁၈၇၈

ချက်အရ ငွေစာ ခေါ်ယူ လိုက်ပါလူတို့ကို တားဆီးနှောင့်ယှက်မရှိ ရွှေဘွားတော်အောက် ဆန်တက်လာစေရမည့် အကြောင်း။

သဘော်ာတော်စီး ကပ္ပိတန်တို့ကို ပေးမှာစာ။

၉။ ။ ကျောက်တိုင်တောင်ဘက်တွင် ပွဲတော်ကြီး အမှုထမ်း ငွေစာ ခေါ်ယူ၍ ရွှေဘွားတော်အောက်သို့ လာရောက်လိုသူတို့ကို ငွေစာက တင်ဆောင်စီးနင်းပါမည့် အကြောင်းနှင့် ပြောဆိုလျှင်၊ မည်သည့် သဘော်ာတော်မဆို အခကြေးငွေမရှိ စီးနင်းလိုက်လာစေရမည့် အကြောင်း။

၁၂၃၉ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့[၁]။

မလွန် ၄ မြို့ဝန် အောက်မြစ်စဥ်စစ်ကဲသို့ ပေးမှာစာ။

၁၀။ ။ အီတာလျံလူမျိုး ခံမြို့လုပ်ဆရာ ကိုမိုတိုက ကြေးမြီ ၂၉၀ဝိ ကျော် ဆပ်ရန်ရှိသည်ကို သနားတော်မြတ်ခံရသည့် တစ်လလျှင် ၆၀ဝိ ကျ ငွေအနက် တစ်လလျှင် ၄၀ဝိ ကျ ၁၂၃၉ ခု ပြာသိုလက ၁၂၄၀ ပြည့်နှစ်ဝါခေါင်လတိုင် လစဥ်နုတ်ယူ၊ လွှတ်တော်သို့ တင်ပို့ပေးဆပ်ပါမည့်အကြောင်းနှင့် လျှောက်ထားရှိ၍ အောက်မြစ်စဥ် စစ်ကဲက ကိုမိုတိုသို့ လစဥ်ပေးကမ်းရသည့် တစ်လ ၆၀ဝိ ကျငွေအနက် ၄၀ဝိ ကျငွေကိုလစဥ် နုတ်ယူပြီးလျှင် လစဥ် လွှတ်တော်သို့ တင်ပို့ရမည့် အကြောင်း။

၁၂၃၉ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[၂]။

ကင်းဝန်မင်းကြီး အမိန့်ရှိသည်ကို မှတ်သားချက်။

၁၁။ ။ အမေရိကန်ဆရာ ကူရှင်၊ ဖရေဒင်၊ လာရန်းတို့ ဗန်းမော်မြို့သို့ သွားရောက်နေထိုင်ရာ၊ အထက်နေထိုင်သူအမေရိကန်ဆရာတို့ကို စောင်မကြည့်ရှုသည့်နည်း စောင်မကြည့်ရှုရမည့် အကြောင်းနှင့် ဗန်းမော် ၄ မြို့ဝန်သို့ မှာထားဆင့်ဆိုရမည့် အကြောင်း။

၁၂၃၉ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့[၂]။

စာရေးကြီး ဗန်းမော် ၄ မြို့ဝန် အခွန်ဝန်သို့ ပေးမှာစာ။

၁၂။ ။ အမေရိကန်ဆရာ ကူရှင်၊ ဖရေဒင်၊ လာရန်းတို့က ဗန်းမော်မြို့တွင် နေထိုင်လို၍ ဗန်းမော်မြို့ အရာရှိတို့က စောင်မကြည့်ရှုပါအောင် စာပေးဆင့်ဆိုပါမည့်အကြောင်းနှင့် လျှောက်ထားရှိ၍ ဆရာကူရှင်တို့ကို အထက်နေထိုင်သူ အမေရိကန်ဆရာတို့ကို စောင်မကြည့်ရှုသည့်နည်း စောင်မကြည့်ရှု၊ စောင်မသင့်ရာ ကြည့်ရှုစောင်မရမည့် အကြောင်း။

၁၂၃၉ ခု၊တပို့တွဲလဆန်း ၁၁ ရက်နေ့[၃]။

ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၁၃။ ။ ဗန်းမော် ၄ မြို့ဝန်က ဗန်းမော်မြို့သို့ လာရောက်နေထိုင်သည့် အမေရိကန်ဆရာ၊ ပြင်သစ်ဆရာတို့ကချင်တို့နေရာ တောတောင်သို့ သွားရောက်နေထိုင်သည့်အကြောင်းနှင့် လျှောက်စာအရ စာပါ ဆရာတို့သည်ကဲ့သို့ နေထိုင်၍ ကချင်တို့နှင့် တစ်စုံတစ်ရာ မှုခင်းဖြစ်ပွားရှိခဲ့လျှင် နောင် ရှုပ်ထွေးရန် ရှိသောကြောင့်နေထိုင်မရှိစေရ စာပေးခေါ်ယူ ကျိုးကြောင်းပြောဆိုပြီးလျှင် ဗန်းမော်မြို့တွင် နေထိုင်စေရမည့်အကြောင်း။ ဗန်းမော်မြို့တွင် မနေလို၊ ကချင် တောတောင်များသို့ သွားရောက်နေထိုင်လိုကြောင်းနှင့် ပြောဆိုပြန်လျှင်လည်း နောင် တစ်စုံတစ်ရာ မှုခင်းရှုပ်ထွေးရှိခဲ့လျှင် မြန်မာအစိုးရမင်းတို့အပေါ်တွင် တာဝန်ကင်းလွှတ်ပါစေမည် ခံဝန်လက်မှတ် ရေးထိုးသူတို့ကိုသာ အလိုရှိရာ နေထိုင်စေ၍၊ ၎င်းဆရာတို့အနက် မည်သည့်ဆရာဗန်းမော်မြို့တွင် နေထိုင်သည်၊ မည်သည့်ဆရာ ခံဝန်လက်မှတ်နှင့် မည်သည့်တောတောင်သို့ သွားရောက်နေထိုင်သည်များကို နေ့ရက်မရှည် ခံဝန်လက်မှတ်နှင့်တကွ စာရင်းအသေအချာပေးအပ် လျှောက်ထားရမည့် အကြောင်း။

---

၁။ ၂၅ ဇန်နဝါရီ ၁၈၇၀ ၂။ ၂၉ ဇန်နဝါရီ ၁၈၇၀ ၃။ ၁၂ ဖေဖော်ဝါရီ ၁၈၇၀

## ၄၁၂ မှတ် ပုရပိုက်ထွက်။

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၁]။

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၁။ ။ ကြားသင်္ဘော ကိုယ်စားလှယ် အန္တြီနောက သမ္ဘရာတိုင်းခါ သင်္ဘော ရွှေမြို့တော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ရာ၊ သင်္ဘောစီး တရုတ်လူမျိုး ကုန်သည်တို့နှင့် သင်္ဘောကပ္ပီတန်တို့ အချင်းဖြစ်ပွားမှုကို လွှတ်တော်တွင် ရှင်းလင်းပါရမည့်အကြောင်းနှင့် လျှောက်ချက်အရ ရှင်းလင်းစေပြီးလျှင် သင်္ဘောကို နေ့ရက်မကြန့်မကြာစေရ သွားလာစေသည်ဖြစ်၍၊ ၎င်းသင်္ဘော ဗန်းမော်မြို့ ဆိပ်ကမ်းတွင် ဆိုက်ကပ်ရှိနေသည့်အတွင်း သင်္ဘော ကပ္ပီတန် ခရာသီတို့နှင့် တရုတ်ကုန်သည်တို့ အထက် ခိုက်ရန်ဖြစ်ပွားသည်ကို အကြောင်းပြု၍ ထပ်မံ ဖြစ်ပွားမရှိ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် သင့်ရာအရာရှိ စေလွှတ်စောင့်နေ၊ တရုတ်ကုန်သည် တို့ ချယူရန်ရှိသည့် ကုန်များကို ချယူစေ၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။ (တလုပ် မြို့ဝန်သို့လည်း ၎င်းအတိုင်း ပေးသည်။)

၁၂၄၅ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့[၁]။

သောင်သွပ်စော်ဘွား စစ်ကဲ အမတ်တို့သို့ ပေးမှာစာ။

၂။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၆–က မှတ်ပုရပိုက်ထွက် (၆) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ မဟာမိတ်ဖြစ်သည်နှင့်အညီ အကြောင်းရှိရာ စာပြန်ပေးကမ်း ပြောဆိုသာအောင် စာပါချင်းတိုက်မှူစကားကို အစအလယ်အဆုံး နားလည်၍ အမှန်အကန် နေရာကျ အစစ်အမေးခံနိုင်မည့်သူ စော်ဘွားကိုယ်စား အမတ် မြို့စာရေးတို့ကို စေလွှတ်သူ ခြေလျင်တော်တို့နှင့်အတူ နေ့ရက်မကြာ ရွှေဘွားတော်အောက်သို့ ဆင့်ဆို ထည့်အပ်လိုက်ရမည့် အကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့။

မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ဝန်သို့ ပေးမှာစာ။

၃။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၇ မှတ်ပုရပိုက်ထွက် (၂) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ ဓားပြတို့ ဝန်စုပါ မြို့နယ်ကျေးရွာများတွင် ခိုဝင်ရှိနေလျှင် မထွက်မလွတ်စေရ၊ ရမိအောင် ထောက်လှမ်း ဖမ်းဆီး၍ ရွှေဘွားတော်အောက်သို့ အကျဉ်းပို့ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း မြို့ရွာနယ်ရှင်ပယ်ရှင် အကြီးအအုပ်တို့ ထွက်ချက်နှင့်တကွ အသေအချာ လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

မလွန် သရက် ၂ မြို့ဝန် အောက်မြစ်စဉ်ဝန် မဟာမင်းလှမင်းထင်နရာသူသို့ ပေးမှာစာ။

၄။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၇ မှတ်ပုရပိုက်ထွက် (၁) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ အင်္ဂလိပ် ကျွန်တော်မျိုး ကျွဲဝယ်လူတို့ အချုပ်အနှောင်ခံရမှု အကြောင်းအရာများကို အမှန်အကန် သိသာ ရအောင် ချုပ်နှောင်သည်၊ ငွေကြေးတောင်းယူသည် ဆိုသူ မကွေးမြို့စစ်ကဲ၊ မကွေးမြို့သူကြီးတို့ကို မေးမြန်း ပြီးလျှင် စစ်မေး ထွက်ချက်များနှင့်တကွ နေ့ရက်မကြာ လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့[၂]။

မလွန် သရက် ၂ မြို့ဝန် အောက်မြစ်စဉ်ဝန် မဟာမင်းလှမင်းထင်နရာသူသို့ ပေးမှာစာ။

၅။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၈ မှတ်ပုပိုက်ထွက် (၁) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ ဓားပြတိုက်ခံရသူတို့ အချုပ်အနှောင်ခံရသည့် အကြောင်းအရာကို ချုပ်ထားသည်ဆိုသူ ဗိုလ်ခေါ်ခံ ငအေးနီ၊ ပြည်စိုးတိုက်အုပ်တို့ကို အသေအချာ မေးမြန်း၍ မေးချက်များနှင့်တကွ နေ့ရက်မကြာ လျှောက် ထားရမည့် အကြောင်း။

---

၁။ ၂ အောက်တိုဘာ ၁၈၈၃ ၂။ ၁၈ နိုဝင်ဘာ ၁၈၈၃

၁၂၆၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့[1]။

မလွန် သရက် ၂ မြို့ဝန် အောက်မြစ်စဉ်ဝန်သို့ ပေးမှာစာ။

၆။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၈ မှတ်ပုရပိုက်ထွက် (၃) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ ဓားပြတို့ ဝန်စုပါ မြို့ရွာနယ်မြေအတွင်း ခိုဝင်ရှိနေလျှင် ရမိအောင် ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွား တော်အောက်သို့ အကျဉ်းပို့လာစေရမည့်အကြောင်း၊ မရှိမနေလျှင်လည်း မြို့ရွာ နယ်ရှင်ပယ်ရှင် အကြီး အအုပ်တို့ စစ်မေးထွက်ချက်များနှင့်တကွ အသေအချာ နေ့ရက်မကြာ လျှောက်ထားရမည့်အကြောင်း။

၁၂၆၂ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့[2]။

မြေထဲမြို့ဝန် မဟာမင်းထင်မင်းခေါင်ရာဇာသို့ ပေးမှာစာ။

၇။ ။ အထက် (၅) မှတ်ပါ အမှုအကြောင်းအရာကို အောက်မြစ်စဉ်ဝန်သို့ ဆင့်ဆိုမေးမြန်းရာ၊ မရှင်းမလင်း မကွဲမပြား လျှောက်ထားရှိသည်ဖြစ်၍ မြေထဲမြို့ရုံးတွင် စာပါ အမှုစွဲချက်၊ ချေဆိုချက်၊ မြို့ရုံး ကောက်ယူ စီရင်ချက်မှစ၍ ၎င်းတို့နှင့်စပ်သည့် အရပ်ရပ် အမှတ်အသားများကို တိုင်းတစ်ပါးနှင့် ဆက်ဆံရသည့် အရာ ဖြစ်သည့်အတိုင်း မြေထဲမြို့ဝန်က ပေါ့လျော့လစ်လပ် ကြွင်းကျန်မရှိ အသေအချာ နေ့ရက်မကြာ လျှောက်ထားရမည့် အကြောင်း။

၁၂၆၂ ခု၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့[3]။

ကင်းဝန် မြေဒူးမြို့စား သတိုးမင်းကြီး မင်းကျော်မင်းခေါင်သို့ ပေးမှာစာ။

၈။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၇၉ မှတ်ပုရပိုက်ထွက် (၂) မှတ်] အတိုင်း စာပို့ရောက်သည့်အရ တောင်ငူ ရမည်းသင်း ၂ မြို့ဝန်ဟောင်းကို မေးရာ [၃၇၉ မှတ်ပုရပိုက်ထွက် (၅) မှတ်] အတိုင်း ထွက်ဆို ရှိ၍ စာပါ လူတို့အနက် ငရွှေညှင်း၊ ငဘိုး၊ ကြောင်တို့ကို ခံဝန်သူထံ တောင်းခံရှိသည့်အတိုင်း ချုပ်ထားသူ တို့ကို အလိုရှိသည့်အခါ ပေးအပ်နိုင်အောင် ချုပ်ထားမြဲ ချုပ်ထား၍ အကြောင်းအရာကို လျှောက်ထား ရမည့် အကြောင်း။

၁၂၆၂ ခု၊ နယုန်လဆန်း ၅ ရက်နေ့[4]။

လယ်ကိုင်းမြို့ဝန် မင်းလှမင်းထင်ရာဇာသို့ ပေးမှာစာ။

၉။ ။ လယ်ကိုင်းမြို့ဝန်က မြို့ရွာနယ်မြေအတွင်း ကင်းဝန် ကင်းပတ်လှည့်စေရာ တောရပ်ကွက်တွင် ဓားပြ တို့နှင့် တွေ့ရှိတိုက်ခိုက် ဖမ်းဆီးရမိသူ ငကွမ်းကို စစ်မေးကာလ အနောက်တိုင်းပြည်သား ငမောင်၊ ငချင်း၊ ငပေါ်ထွန်း၊ ငစ၊ ငဝ၊ ငပိုးလို၊ ငလျော်၊ ငဘိုးပို၊ ငကြောရိုးတို့နှင့် ပူးပေါင်းတိုက်ခိုက်ကြောင်း ထွက်ဆိုသောကြောင့် ၎င်းထွက်ချက်နှင့်တကွ လျှောက်ထားရှိသည့်အရ အင်္ဂလိပ် အစိုးရတို့ထံ စာပေး ပြောဆိုသာအောင် ထွက်ချက်ပါ လူတို့အမည်၊ ဘွားရင်း မြို့ရွာ၊ အိုးအိမ် သားမယားနှင့် နေသည့်မြို့ရွာ များကို ထောက်လှမ်းမေးမြန်း လျှောက်ထားရမည့် အကြောင်း။

၁၂၆၃ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့။

ကင်းဝန် မြေဒူးမြို့စားသို့ ပေးမှာစာ။

၁၀။ ။ သင်္ဘောဆရာတော် တောင်ငူ နင်းကြမ်းသို့ ရောက်လျှင် သီတင်းသုံးလိုသည့် ရပ်ကွက်ကို လျှောက်ထား မိန့်ဆိုညွှန်ပြသည့် နေရာတွင် ကျောင်းတော်ဆောက်လုပ်လှူဒါန်းစေ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ဆရာတော် ညွှန်ပြရာတွင် သင့်လျော်လှပ ကောင်းမွန်အောင် ကျောင်းတော် ဆောက်လုပ်လှူဒါန်း၍ မည်သည့်နေရာ ရပ်ကွက်တွင် ဆောက်လုပ်သည်၊ စရိတ်ငွေတော် မည်မျှ ကုန်ဝင် သည်များကို ကျောင်းတော်စနစ်ပုံစံ၊ ကုန်ဝင်စာရင်းနှင့်တကွ အမိန့်တော်ခံသာအောင် လျှောက်ထားရမည့် အကြောင်း။

---

၁။ ၈ နိုဝင်ဘာ ၁၉၀၃ ၂။ ၂ ဇန်နဝါရီ ၁၉၀၁ ၃။ ၂၆ ဖေဖော်ဝါရီ ၁၉၀၁ ၄။ ၁၂ မေ ၁၉၀၀

၁၂၄၃ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့[၁]။

ကင်းဝန် မြေဒူးမြို့စားသို့ ပေးမှာစာ။

၁၁။ ။ [အထက် (၈) မှတ်အတိုင်း ကင်းဝန်မြေဒူးမြို့စားသို့ ပေးမှာစာပါ] ချုပ်ထားသူတို့ကို ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က စာလူ စေလွှတ် တောင်းခံလာလျှင် ပေးအပ်ရမည် ကင်းဝန်မြေဒူးမြို့စားသို့ ဆင့်ဆိုရှိကြောင်းနှင့် ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်သို့ စာပြန်ပေးရှိသည့်အတိုင်း စာလူ စေလွှတ် တောင်းခံလာလျှင် အသေအချာ မှတ်ထားပေးအပ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့[၂]။

ရက်ကန်းစက်ဆရာ ကာနက်ဖ လက်မှတ်ထိုးစာ။

၁၂။ ။ သေနတ်စက်ဆရာ စကာလာက ငွေ ၅၀၀ဝိ ကျွန်တော်သို့ လွှဲအပ်ခဲ့သည့်အတိုင်း သနားတော်ခံရသည့် ငွေ ၅၀၀ဝိ ကို ပေးပို့၊ ဂျင်နဝါမြို့ရှိ ကျွန်တော် ကိုယ်စားလှယ်က ပေးဆပ်စေပါသည်ကို မပေးမဆပ်ဟန် စကာလာက လျှောက်ထားသည့်အရာ ဖြစ်သည်။ စကာလာ ပထမ လွှဲအပ်ခဲ့ရင်းငွေ ၈၀၀ဝိ အနက် ဆပ်ပေးဝင်ငွေ ၄၁၂၉ိ ပြင်၊ ကျန်ငွေကို ၂ လနှင့် ပြေကုန်အောင် ပေးဆပ်စေပါမည်။ မပေးမဆပ်ကြောင်း ထပ်မံကြားသိရလျှင် မြန်မာထုံးစံရှိရာ ရာဇဝတ်အပြစ် ခံပါမည်။ ကိုမိုတို ပေးသည့် ငွေ ၁၂၀ိ မှာ ကိုမိုတိုထံ ကျွန်တော်မျိုးက ရရန်ငွေ ၇၂၀ိ ရှိသည်နှင့် ၎င်းငွေ ၁၂၀ိ ကို ခုနှိမ်သည့်ပြင် ကိုမိုတိုထံ ငွေ ၆၀ဝိ ရရန် ရှိပါသေးကြောင်း။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်နေ့။

မှတ်သားချက်။

၁၃။ ။ ပြင်သစ်လူမျိုး ဘလန်းက ပြင်သစ်နိုင်ငံက လာရောက်သည့် ဓာတ်ပုံကူးဆရာ၊ ပုံနှိပ်ဆရာ၊ ပန်းချီဆရာ၊ ပုံအမျိုးမျိုး လုပ်ဆောင်သည့် ဆရာများတွင်ပါသည့် ခြောက်လုံးပြူးသေနတ် ၄ ကို တံခါးတော်၊ ကင်းတော်များက တားဆီးမရှိ ဆောင်ယူပါရမည့်အကြောင်းနှင့် လျှောက်ထားချက်အရ တားဆီးမရှိ ဆောင်ယူစေရမည် နံနက်ညီလာခံ လွှတ်တက်မင်းကြီး ၃ ပါး အမိန့်ရှိသည်ကို မှတ်သားချက်။

၁၂၄၃ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့။

ဝန်မင်းများ စာ။

(က) အထက် (၁၃) မှတ် မှတ်သားချက်ပါ ခြောက်လုံးပြူးသေနတ် ၄ ကို မြို့ဝန်ထောင်မှူး၊ မြို့စာရေး တို့က တားဆီးမရှိ ဆောင်ယူစေရမည့် အကြောင်း။

၁၂၄၃ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့[၃]။

သေနတ်စက်ဆရာ စကာလာသို့ ပေးစာ။

၁၄။ ။ စကာလာက ရက်ကန်းစက်ဆရာ ကာနက်ဖသို့ လွှဲအပ်ခဲ့သည့်ငွေ အကြောင်းအရာနှင့် လျှောက်စာအရ ကာနက်ဖကို မေးရာ၊ အထက် [(၁၂) မှတ်] ပါအတိုင်း ခံဝန်ထွက်ဆိုရှိ၍ ခံဝန်ထွက်ဆိုချက်နှင့်တကွ ပို့လိုက်ကြောင်း။ ကာနက်ဖက ခံဝန်ထွက်ဆိုချက်ပါ နေ့ရက်စေ့ရောက်၍မှ မပေးမဆပ်ရှိလျှင် ဆင့်ဆိုသာအောင် လျှောက်ထားရမည့်အကြောင်း။ ခံမြို့လုပ်ဆရာ ကိုမိုတိုမှာ မင်းလှတွင် နေထိုင်ထမ်းရွက်သည့် အခါဖြစ်၍ ရွှေမြို့တော်သို့ ရောက်ကာလ မေးမြန်းဆင့်ဆိုမည့် အကြောင်း။

---

## ၄၁၃ မှတ် ပုရပိုက်ထွက်။

၁၂၄၃ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့[၄]။

တောင်တွင်းကြီးမြို့အုပ်သို့ ပေးမှာစာ။

၁။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၈၁ မှတ်ပုရပိုက်ထွက် (၇) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ

၁။ ၆ ဇွန် ၁၈၈၁ ၂။ ၆ ဩဂုတ် ၁၈၈၁ ၃။ ၁၀ ဩဂုတ် ၁၈၈၁ ၄။ ၄ စက်တင်ဘာ ၁၈၈၁

ငမင်ရွာတွင် လူသတ်ရွှေလယ် ခိုဝင်ရှိနေလျှင် ရမိအောင် ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွားတော်အောက်သို့ အကျဉ်းပို့ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၅ ရက်နေ့[၁]။

မြေထဲမြို့ဝန်သို့ ပေးမှာစာ။

၂။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၈၁ မှတ်ပုရပိုက်ထွက် (၆) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ ရေမဲညိုရွာတွင် နွားခိုး ငလင်း၊ ရှမ်းငမိုး၊ ငလိုတို့ ခိုဝင်ရှိနေလျှင် ရမိအောင် ထောက်လှမ်းဖမ်းဆီး၍ ရွှေဘွားတော်အောက်သို့ ပို့ရမည့်အကြောင်း၊ မရှိမနေလျှင်လည်း အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၃ ခု။

တောင်ငူ၊ ရမည်းသင်း ၉ မြို့ဆိုင်ရာ ကင်းဝန်မြေဒူးမြို့စားသို့ ပေးမှာစာ။

၃။ ။ ရန်ကုန်မြို့ အင်္ဂလိပ် အရေးပိုင်က [၃၈၁ မှတ်ပုရပိုက်ထွက် (၅) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ အကြောင်းအရာများကို ကွဲပြားအောင် မြို့ရွာနယ်ပယ် အကြီးအအုပ်တို့ကို မေးမြန်းပြီးလျှင် မေးမြန်း ထွက်ဆိုချက်များနှင့်တကွ လျှောက်ထားရမည့် အကြောင်း။

၁၂၄၃ ခု။

အညာမြစ်စဉ်ဆိုင်ရာ လက်ယာဝင်းတော်မှူးသို့ ပေးမှာစာ။

၄။ ။ လက်ဝဲဝင်းတော်မှူးက [အောက် (၅) မှတ်ပါ] အတိုင်း လျှောက်စာ ပါသူတို့သည် စာပါ အကြောင်းအရာကို ရွှေဘွားတော်အောက်တွင် တစ်စုံတစ်ရာ မလျှောက်မထား၊ နိုင်ငံဥပဒေကို ကျူးလွန် သွားရောက်ကြသူများ ဖြစ်၍ အသွားအလာ မရှိစေရ၊ နေရာကျ ပြောဆိုတားမြစ်၊ ရွှေဘွားတော်အောက်သို့ ပြန်လာစေရမည့် အကြောင်း၊ ၎င်းတို့ကို ပြောဆိုရန် ပေးအပ်လိုက်သည့် စကားအတိုင်း မိတ်ဆွေစကား နားလည်သိသာအောင် ပြောဆို ပြန်လာစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

ပြောဆိုရန် စကားချက်ရေ (၇)။

(က) မည်သည့်တိုင်းပြည် နိုင်ငံမဆို မြို့ရွာနေ အကြီးအအုပ်တို့မှာ အထက်အစိုးရကြီးတို့ ဆင့်ဆိုရာ နာခံ၊ ဆောင်ရွက်ရေး ဆောင်ရွက်ခွင့်ရှိသည်ကို ဆောင်ရွက်ကြရသည်ဖြစ်၍ အထက်အစိုးရကြီးတို့ အဆင့်အဆို မရှိသည့်အရာဖြစ်လျှင် အလျောက် ပြုလုပ်နိုင်သည့် နိုင်ငံဥပဒေ မရှိကြောင်း။ ၁၂၃၆ ခုနှစ်အတွင်း အင်္ဂလိပ် လူမျိုး ဘောက်ကစဲ ဆိုသူက ဗန်းမော်မြို့နယ်တွင် ပန်းအထူးအဆန်း ရှာဖွေရန် မြန်မာအစိုးရ မှူးတော် မတ်တော်ကြီးများထံ လျှောက်ထား။ လျှောက်ချက်အရ ဘောက်ကစဲကို မြို့ရွာနယ်ရှင်တို့က စောင်မ သင့်ရာ စောင်မ ရှာဖွေစေရမည် အမိန့် အမှာတော်စာ ပေးအပ်။ အမှာတော်စာအရ ကျွန်ုပ်တို့ မိတ်လက္ခဏာ နှင့်အညီ စောင်မသင့်ရာ စောင်မ၊ အလိုရှိရာ ရှာယူစေနိုင်သကဲ့သို့ ရိုက်မတ်နှင့် ဘောက်စံတို့လည်း အမှာတော်စာ ရအောင် ပြုလုပ်လိမ့်မည်၊ အမှာတော်စာ အရ ကျွန်ုပ်တို့က ကူညီရလိမ့်မည် မျှော်လင့် ကြောင်း။ ရိုက်မတ်နှင့် ဘောက်စံတို့မှာ အမှာတော်စာ မပါသောကြောင့် ရိုက်မတ်တို့ အလိုရှိသည့်အတိုင်း ခွင့်မပြုနိုင်သည်ကို နှမြောကြောင်း။ မဟာမိတ် နိုင်ငံသား ဖြစ်သည့်အတိုင်း ကောင်းရာကောင်းကြောင်း ကျွန်ုပ်တို့ ပြောဆိုသမျှကို အထူးယုံကြည် လိုက်နာ သဘောကျလိမ့်မည် အမှန်အထင် အယူရှိကြောင်း။

၁၂၄၃ ခု။

အညာမြစ်စဉ်ဆိုင်ရာ လက်ယာဝင်းတော်မှူးက လျှောက်စာ။

၅။ ။ အမေရိကန်နိုင်ငံအနီး ပရဇ္ဇီနိုင်ငံနေ ပရဇ္ဇီလူမျိုး ရိုက်မတ်နှင့် အင်္ဂလိပ်လူမျိုး ဘောက်စံတို့ ၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ မြို့ရုံးသို့ လာရောက်၍ အထက်ကျောက်တွင်း၊ အောက်ကျောက်တွင်း ကျေးရွာ၊ ကချင်တောတောင်များတွင် ပန်းအထူးအဆန်း၊ သစ်ခွပန်းများကို ရှာဖွေလိုကြောင်း ပြောဆို ရှိသောကြောင့် တက်သွားစေရမည်၊ မတက် မသွားစေရမည်ကို ဆင့်ဆိုပါမည့် အကြောင်း။

၁။ ၁၂၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၁ အောက်တိုဘာ ၁၈၈၁) ဖြစ်မည်။

**၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့[၁]။**

ရက်ကန်းစက်ဆရာ ကာနက်ဘား မေးချက်။

၆။ ။ လက်နက်စက်ဆရာ စကာလာက ကျွန်တော်ထံ ရရန်ရှိသည့်ငွေကို တောင်းခံပေးပါမည့်အကြောင်းနှင့် လွှတ်တော်သို့ လျှောက်ထားသည့်စာမှာ အထက် ကျွန်တော်မျိုး ခံဝန်ချက်နှင့် ပေးပို့သည့်စာ မရောက်မီ ရေးသားသည့်စာ ဖြစ်ကြောင်း၊ ၎င်းငွေကို ပေးဆပ်အောင် အီတာလျံနိုင်ငံရှိ ကျွန်တော် ကိုယ်စားလှယ်ထံ စာပေးမှာထား ပေးဆပ်ပါမည့်အကြောင်း၊ နောင် မပေးမဆပ်ကြောင်း ထပ်မံလျှောက်ထား ကြားသိရလျှင် ရာဇဝတ်တော် ခံပါမည့်အကြောင်း။

**၁၂၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့။**

လက်နက်စက်ဆရာ စကာလာသို့ ပေးစာ။

၇။ ။ စကာလာက ရက်ကန်းစက်ဆရာ ကာနက်ဘားထံ ရရန်ငွေကို တောင်းခံပေးပါမည့်အကြောင်းနှင့် ၁၈၈၁ ခု၊ ဇူလိုင် ၁၅ ရက် နေ့စွဲပါ လျှောက်စာအရ ကာနက်ဘားကို မေးရာ၊ အထက် [(၆) မှတ်ပါအတိုင်း] ခံဝန်ထွက်ဆိုရှိ၍ ခံဝန်ထွက်ဆိုချက်ကို ပို့လိုက်ကြောင်း၊ ခံဝန်ချက်အတိုင်း ပေးဆပ်သည်၊ မဆပ်သည် များကို လျှောက်ထားရမည့် အကြောင်း။

**၁၂၄၄ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့[၂]။**

တရုတ်ပြည်၊ မိုးမျဉ်းမြို့ ဗိုလ်ကြူတာရင်က ဘာသာရေး အစီအရင်ခံစာ။

၈။ ။ တရုတ်ပြည် ဟူဘဲ၊ ဟူနန်၊ ကွမ်စည်၊ ကွမ်းတုံ၊ ကွေဇိုး၊ ၎င်နံမြို့များသို့ လှည့်ပတ်ကြည့်ရှု လာရောက်သည့် အင်္ဂလိပ်လူမျိုး ဝဟော်နှင့် ရှေ့ဆောင်စကားပြန် ကိုမြင့်တို့ ၎င်နံမြို့စား၊ တာလီမြို့ရုံး ရှမ်းပြည်များသို့ ဝင်ထွက်၍ ခရီးစဉ်အတိုင်း လာရာ၊ ယခုလဆန်း ၁ ရက်နေ့၊ မိုးမျဉ်းမြို့ ဆိုက်ရောက်၊ မကြာမီ နိုင်ငံတော် ဗန်းမော်မြို့သို့ ဆင်းသွားမည်ဖြစ်၍ ၎င်းတို့ကို တရုတ်ပြည်နယ်ကုန် လုံ့ပေါင်ချောင်းရောက် လိုက်ပို့မည့်အကြောင်း၊ ဗန်းမော်မြို့ကလည်း ၎င်းချောင်းရောက် ကြိုယူမည့်အကြောင်း၊ ၎င်းတို့ ဗန်းမော်မြို့သို့ မည်သည့်နေ ဆိုက်ရောက်၍ မည်သည့်နေ့ ရွှေဘွားတော်အောက် စုန်ဆင်းကြောင်းကို စာပေးမည့် အကြောင်း။

**၁၂၄၄ ခု၊ ဝါခေါင်လဆန်း ၃ ရက်နေ့[၃]။**

ဗန်းမော်မြို့ဝန်သို့ ပေးမှာစာ။

၉။ ။ တရုတ်ပြည်၊ မိုးမျဉ်းမြို့ဝန်က [အထက် (၆) မှတ်ပါ] အတိုင်း အစီရင်ခံစာ ပို့ရောက်ရှိ၍၊ စာပါ အင်္ဂလိပ် လူမျိုး ဝဟော်နှင့် စကားပြန် ကိုမြင့်တို့ နိုင်ငံတော်နယ် ကြိုယူမြဲအရပ်သို့ရောက်လျှင် သင့်ရာအရာရှိကို လူလက်နက် ပေးအပ်စေလွှတ်၊ ရာဇဝတ်ရေး လုံခြုံအောင် ကြိုယူရမည့်အကြောင်း၊ ဗန်းမော်မြို့သို့ ရောက်လျှင်လည်း အလိုရှိရာ ဝင်ထွက်သွားလာစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

**၁၂၄၄ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့[၄]။**

အီတာလျံကောင်စစ် အန္တြီနောသို့ ပေးမှာစာ။

၁၀။ ။ ကပ္ပိတန် မာရတီနာစီက နိုင်ငံတော်တွင် အမှုတော်ကို ထမ်းရွက်ဖူး၍ သက်သေခံစာ ရလိုသည့် အကြောင်း အရာ ကျွန်တော်မျိုးထံ ပြောဆိုရှိကြောင်းနှင့် အန္တြီနောက လျှောက်ထားသည်မှာ၊ ကပ္ပိတန် မာရတီနာစီကို တိုက်သင်္ဘော အမှုထမ်းတို့ နားလည်စေရန် အသင်အပြ စေခိုင်းဖူးကြောင်း၊ ရေကြောင်း ကြည်းကြောင်း များတွင် အကြီးအကဲပြုလုပ် မစေမခိုင်းဖူးကြောင်း။

**၁၂၄၄ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့[၄]။**

အီတာလျံကောင်စစ် အန္တြီနောသို့ ပေးမှာစာ။

၁၁။ ။ ပေတလိတ်ခြည်က အလိုတော်ရှိလျှင် အမှုတော်ကို ထမ်းရွက်လိုသည့် အကြောင်းအရာ ကျွန်တော်မျိုးထံ စာပေး မှာထားရှိကြောင်းနှင့် အန္တြီနောက လျှောက်ထားသည်မှာ၊ ပေတလိတ်ခြည်ကို နောင် အလိုရှိသည့် အခါ စာပေးမှာထား ခေါ်ယူမည့်အကြောင်း။

---

၁။ ၄ နိုဝင်ဘာ ၁၈၈၁ ၂။ ၂ ဇူလိုင် ၁၈၈၂ ၃။ ၁၇ ဇူလိုင် ၁၈၈၂ ၄။ ၁၀ ဩဂုတ် ၁၈၈၂

၁၂၄၅ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၁၂။ ။ သရက်မြို့ အရေးပိုင်က မြင်း ၁ ကြိုးပြတ် လွတ်ထွက်ပြေးရှိ၍ ထောက်လှမ်းရာ၊ တောင်တွင်းကြီးမြို့ရုံးက ဖမ်းဆီးရမိသည် ကြားသိ၍ ပေးအပ်မည့် အကြောင်းအရာ စာလူ စေလွှတ် ပြောဆိုရှိသည့်အတိုင်း ကျောင်းတော်ဦးရှာသူကြီးကို မေးရာ၊ စာပါ မြင်းကို သူ့ရဲဝန် မြင်းခံတိုင် မြို့စားသို့ အပ်လိုက်ရကြောင်း ပြောဆိုရှိ၍ ဆင့်ဆိုရာ နာခံပါရမည့် အကြောင်းနှင့် တောင်တွင်းကြီးမြို့ရုံး အရာရှိတို့က လျှောက်ချက်အရ သူ့ရဲဝန်ကို မေးရာ၊ တောင်တွင်းကြီးမြို့တွင် ရပ်နေစဉ်၊ ကျောင်းတော်ဦး ရှာသူကြီး ဖမ်းဆီးပို့အပ်သည့် မြင်းကို ရွှေဘွားတော်အောက်သို့ ဆောင်ယူကျွေးမွေး ထိန်းသိမ်းရှိပါသည် ထွက်ချက်အတိုင်း စာပါ မြင်းကို သရက်မြို့ အရေးပိုင်သို့ ပေးအပ်ရန် ပို့လာစေကြောင်း။ လက်ဝဲဝင်းတော်မှူးက မြင်းထိန်းသိမ်းခ၊ ကြိုးဖိုး၊ လွန်ခ၊ ကျွေးမွေးပြုစုခများကို မြင်းရှင်က ပေးရမြဲထုံးစံ ဖြစ်သော်လည်း မိတ်လက္ခဏာနှင့်အညီ ကင်းလွတ်စေကြောင်းနှင့် စာတွင် ထည့်သွင်းရေးသား၊ သရက်မြို့ အရေးပိုင်ထံ သင့်ရာလူ စေလွှတ် ပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

## ၄၁၄ မှတ် ပုရပိုက်ထွက်။

[(၁) မှတ်၊ (၂) မှတ်] များမှာ ၁၂၄၃ ခုနှစ်၊ အိန္ဒိယသွား မြန်မာသံတော်တို့ကို အသွားအပြန် လိုက်ပို့သူ အင်္ဂလိပ် ကပ္ပိတန် ၂ တို့နှင့် ဧရာဝတီ ကြားသဘော် ကုမ္ပဏီလူကြီး၊ ၎င်းကိုယ်စားလှယ်သို့ အထိုက် အလျောက် သနားတော်မူသည့် ဆုတော်စာရင်းနှင့် ဧရာဝတီ ကုမ္ပဏီလူကြီးသို့ စလွယ်ပေး အမိန့်တော်။

၁၂၄၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၂]။

ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်း မင်းကြီးမင်းထင်မဟာစည်သူ၊ ဝန်ထောက်တော် ဖန်ချက်ဝန်မင်း မင်းကြီးမင်းလှမဟာစည်သူတို့က ရန်ကုန်မြို့ ချာတာဘဏ်တိုက်လူကြီး ကိုယ်စားလှယ် မစ္စတာရှက်ဘားသို့ ပေးစာ။

၃။ ။ ချာတာဘဏ်တိုက် ကိုယ်စားလှယ် ရှက်ဘားက လျှောက်ထားသည့် [၃၈၅ မှတ်ပုရပိုက်ထွက် ၁-က မှတ်စာကို ရသည့်နောက် ၁-ခ မှတ်ပါ] စာကိုရ၍ ဝန်ရှင်တော်မင်းကြီးများမှာ လျှောက်ထားရာ၊ အထက် ပို့ရင်း လက်မှတ်ကို ရှက်ဘားထံ ပြန်ပို့ရမည့် အမိန့်အရ ပြန်ပို့လိုက်သည်ဖြစ်၍ လက်မှတ်ရကြောင်းကို စာပြန်မည့်အကြောင်း။

၁၂၄၄ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့[၃]။

သေနတ်ပေး စာချွန်။

၄။ ။ ပြင်သစ် ကျွန်တော်မျိုး ဓာတ်ပုံကူးဆရာ ဘလန်းက ကိုယ်ပိုင် ၂ လုံးပြူးသေနတ် ကိုင်ဆောင်ပါရမည့် အကြောင်းနှင့် လျှောက်ချက်အရ မြို့ဝန် ထောင်မှူး မြို့စာရေးတို့က နှောင့်ယှက်မရှိစေရ၊ တိုက်နေအိမ်တွင် စွဲကိုင်စေရမည့် အကြောင်း။ (စာအုပ်ချုပ်ဆရာ ပွန်တိုညော၊ တံဆိပ်ထုဆရာ ရော်ဘတ်တို့ကိုလည်း ၎င်းနည်း ပေး။)

၁၂၄၅ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၄]။

လက်ဝဲဝင်းတော်မှူး မက္ကရာမြို့စားသို့ ပေးမှာစာ။

၅။ ။ ကျောက်တိုင်တောင်ဘက် အကျဉ်းအချုပ်မှ ထွက်ပြေးသူ စာဇင် ရာဇဝတ်ထိန်း ငတုတ်ပေါက်ကို မြေထဲ မြို့ဝန်က ဖမ်းဆီးပို့အပ်ရှိ၍ ချုပ်ထားကြောင်းနှင့် လက်ဝဲဝင်းတော်မှူး မက္ကရာမြို့စားမင်းကြီး သူရမဟာ မင်းခေါင် သမိန်ဘရမ်း လျှောက်ချက်အရ ငတုတ်ပေါက်ကို အလိုရှိသည့်အခါ လက်ဝဲဝင်းတော်မှူးထံ စေလွှတ်တောင်းခေါ်မည့် အကြောင်းနှင့် ရန်ကုန်အရေးပိုင်ထံ စာပေးပို့ရှိ၍ ရန်ကုန်အရေးပိုင်က ဖြစ်စေ၊

---

၁။ ၃၀ ဧပြီ ၁၈၈၃ ၂။ ၂၇ အောက်တိုဘာ ၁၈၈၂ ၃။ ၁၇ ဒီဇင်ဘာ ၁၈၈၂ ၄။ ၁၂ မေ ၁၈၈၃

သရက်မြို့ အရေးပိုင်ကဖြစ်စေ မတောင်းလာမီ ချုပ်ထားမြဲချုပ်ထား၊ တောင်းလာကာလ မှတ်သားပေးအပ်၍ အကြောင်းအရာကို လျှောက်ထားလိုက်ရမည့် အကြောင်း။

၁၂၄၅ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၁]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၆။ ။ ချုပ်ထားသူ တေတ်ပေါကို တောင်းဆိုလာလျှင် ပေးအပ်လိုက်ရမည် လွှတ်တော် အမိန့်မှာစာအရ ၁၂၄၅ ခု၊ ပထမ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ သရက်မြို့ အရေးပိုင်နှင့် မြေထဲမြို့ ရာဇဝတ်ဝန်ထောက်၊ ရွာတောင်စစ်ကဲတို့ လာရောက်တောင်းဆိုရှိ၍ ပေးအပ်လိုက်ကြောင်း။

၁၂၄၅ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၂]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၇။ ။ မင်းတုန်းမြို့အနောက် တောအရပ်တွင် ချောင်းဆုံမင်းသား အခေါ်ခံသူနှင့် လူ ၁၀ တို့ကို တွေ့၍ သရက်မြို့ အရေးပိုင်ထံ ပို့အပ်ကြောင်း။ ပြည်မြို့အရှေ့ တောင်ငူနယ်စပ်တွင် နဂါးဗိုလ်မင်းသား အခေါ်ခံသူနှင့် ရှမ်း၊ မြန်မာ လူ ၄၀ ကျော်တို့ကိုလည်း ဖမ်းဆီး၊ ရခိုင်နယ်သို့ ပို့ထားကြောင်း။ မြင်ကွန်းစားငယ်လည်း နိုင်ငံတော်သို့သွားရန် ပြောဆိုရာ ခွင့်မရ၍ ခြိတာနဂိုရ်တွင် ရှိကြောင်းများနှင့် လက်ဝဲဝင်းတော်မှူးက ကျောက်တိုင်တောင်ဘက်သို့ စေလွှတ် ထောက်လှမ်းစေသူ မင်းလှတောင် ရွာအုပ် ငချွဲ ထွက်ချက်နှင့် တင်ပို့လျှောက်ထား၊ အမိန့်တော်မြွက်ခံရာ၊ နောင် သည်ကဲ့သို့ အကြောင်းအရာ၊ အခြား အကြောင်းအရာ များကို မပြတ်လျှောက်ထားရန် မှာထားစေ အမိန့်တော်မြွက်ရင်းနှင့်အညီ ဆင့်ဆို မှာထားသည့်အတိုင်း နေရာကျ စေလွှတ်ထောက်လှမ်း မှတ်သား လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့[၃]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၈။ ။ ကျောက်တိုင်တောင်ဘက် စောင်းလျှားကျင်းရွာနေ ပျာတာ အမှုထမ်း လူ ၇ တို့နှင့် နိုင်ငံတော် ဒန့်သလွန်ကျင်း ရွာသူကြီးတို့ ဖြစ်ပွားမှုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မဖြစ်ရအောင် ၂ ဖက် ကျွန်တော်မျိုးတို့မှာ ကြောင်းရာ ထူးထွေရှိလျှင် အကြီးအအုပ်တို့ထံ စေလွှတ်တိုင်တန်း နေရာကျ ပြုလုပ်စေမည့်အကြောင်း။ ရေးကြောင်း အလျောက် စာလူ စေလွှတ်လျှင်လည်း ကောင်းမွန်စွာ မေးမြန်း ပြုလုပ်ကြရမည့် အကြောင်းများကို ကျောက်တိုင် အနီးအစပ်နေ နှစ်ဦးနှစ်ဖက် အစိုးရတို့သို့ ဆင့်ဆိုမှ နေရာကျရန် ရှိကြောင်းနှင့် ရန်ကုန်မြို့ အရေးပိုင်သို့ စာပြန်ပေး ပြောဆိုရှိသည့်အတိုင်း တောင်ငူ ရမည်းသင်း မြို့ဝန်၊ မင်းတုန်းတောင်စဉ် ၇ ခရိုင်ဝန်တို့ကို ဆင့်ဆိုရှိကြောင်း။ မြစ်စဉ်ရုံးဆင့်စုပါ ကျေးရွာများကလည်း ကျောက်တိုင်တောင်ဘက် တွင် ရေးကြောင်းရှိလျှင် အသေအချာ စာနှင့် အကြီးအအုပ်တို့ထံ သွားရောက်တိုင်တန်း နေရာကျ ပြုလုပ် ကြရမည့် အကြောင်း။ ကျောက်တိုင်တောင်ဘက်က မှုခွင့်ရှိ၍ စာလူ စေလွှတ်ရှိလျှင်လည်း ကောင်းမွန်စွာ အကြောင်းရှိရာ မေးမြန်း ပြုလုပ်ကြရမည့် အကြောင်းများကို ကျောက်တိုင် အနီးအစပ် ကင်းတော်တို့နှင့် အကြီးအအုပ်တို့ကို စေ့နှံ့အောင် ဆင့်ဆို စောင့်ထိန်းစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလဆန်း ၁၂ ရက်နေ့[၄]။

မင်းတုန်းတောင်စဉ် ၇ ခရိုင်ဝန်မင်းသို့ ပေးမှာစာ။

၉။ ။ ရန်ကုန် အရေးပိုင်က [၃၈၆ မှတ်ပုရပိုက်ထွက် (၇) မှတ်]၊ [၃၈၇ မှတ်ပုရပိုက်ထွက် (၅) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ အကြောင်းအရာကို မှန် မမှန် စစ်မေးရန်၊ ထွက်ဆိုရင်း ထွက်ချက်များနှင့်တကွ ငင်းလူတို့ကို ပို့အပ်လာစေရမည့် အကြောင်း။

၁၂၄၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့။

လက်ဝဲဝင်းတော်မှူးသို့ ပေးစာ။

၁၀။ ။ ရန်ကုန်မြို့ အရေးပိုင်က တောင်တွင်းကြီးမြို့မှာ တိုက်ခိုက်သည့် ဓားပြ ၁၃ ကို ဖမ်းဆီးရမိ၍ အလိုရှိလျှင်

၁။ ၆ ဇူလိုင် ၁၈၈၃ ၂။ ၁၂ မေ ၁၈၈၃ ၃။ ၃၀ မေ ၁၈၈၃ ၄။ ၁၆ ဇွန် ၁၈၈၃

သက်သေနှင့်တကွ လူစေလွှတ် တောင်းယူမည့်အကြောင်းနှင့် ကြေးနန်းစာပို့ရောက်ရှိ၍၊ စာပါ အမှု အကြောင်းအရာကို နေရာကျ သိမြင်သူတို့ကို မြေထဲမြို့ဝန်မှာ တောင်းယူ၊ ၎င်းတို့နှင့် သင့်ရာ အရာရှိကို သရက်မြို့ အရေးပိုင်ထံ နေ့ရက်မကြာ စေလွှတ်တောင်း၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[၁]။

ကြယ်သဘော် ကိုယ်စားလှယ် ဝီလျံ လျှောက်ချက်။

၁၁။ ။ အမိန့်တော်မြတ်ရင်းနှင့်အညီ ချင်းတွင်းကြောင်း မြို့ရွာများသို့ သင်္ဘောနှင့် ကုန်တင်ဆောင် စုန်ဆန်သွား လာရာ၊ လမ်းစဉ် မြို့ရွာအစိုးရတို့က စောင်မသင့်ရာ စောင်မပါအောင် အမိန့်စာ ကယ်မပါမည့်အကြောင်း။

အလုံမြို့ဝန်သို့ ပေးမှာစာ။

၁၂။ ။ ကြားသင်္ဘော ကိုယ်စားလှယ် ဝီလျံက အထက် [(၁၁) မှတ်ပါ] အတိုင်း လျှောက်ထားရှိ၍ လျှောက်ချက် အတိုင်း ကုန်စည်များကို သင်္ဘောနှင့်တင်၍ ချင်းတွင်းကြောင်း မြို့ရွာများသို့ စုန်ဆင်း ဆန်တက် သွားလာ ရာ၊ အလုံမြို့နယ် သင့်ရာဆိပ်ကမ်းသို့ ရောက်ကာလ၊ ဆိုက်ကပ်ရန် သင့်ရာ ဆိပ်ကမ်းနေရာများကို ချထား၊ စောင်မသင့်ရာ စောင်မကြည့်ရှု၍ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။ ပခန်းကြီးမြို့၊ အမြင့်မြို့၊ ကနီမြို့၊ တမူးခန်းပတ် မြို့ဝန်တို့ကိုလည်း ၎င်းနည်း ပေး။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့[၂]။

အင်္ဂလိပ်လူမျိုး ဘောက်ကဆဲ လျှောက်ချက်။

၁၃။ ။ ဗန်းမော်မြို့နယ် တောတောင်များတွင် ထူးဆန်းသည့် ပန်းမျိုးများကို တားဆီးမရှိ ရှာယူနိုင်ပါအောင် အမိန့်စာ ကယ်မပါမည့် အကြောင်း။

၁၂၄၅ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့။

သံတော်ဆင့်၊ ရွှေနန်းဦး လမိုင်းဝန်၊ ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၁၄။ ။ အင်္ဂလိပ်လူမျိုး ဘောက်ကဆဲက အထက် [(၁၃) မှတ်] အတိုင်း လျှောက်ထားရှိ၍၊ ဝန်စုပါနယ် တောတောင် များတွင် ပန်းများကို ဘောက်ကဆဲနှင့် နောက်ပါလူတို့ အလိုရှိရာ သွားရောက်၊ တားဆီးမရှိ ရှာယူ၊ ငှားရမ်းဝယ်ခြမ်းလိုသည့် အရာများကိုလည်း မပြည့်မစုံ မရှိရအောင် နယ်ရှင်အကြီးအအုပ်တို့ကို ဆင့်ဆို စောင်မကြည့်ရှု သွားလာစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

## ၄၁၅ မှတ် ပုရပိုက်ထွက်။ (ပထမ)

၁၂၄၆ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၃]။

တောင်ငူမြို့ရှိ အမေရိကန်ခင်ကြီး ကိတ်က

အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားထံ ပေးစာ။

၁။ ။ ရှမ်းပြည်မြို့ရွာများသို့ ခရစ်ယာန် တရားဟောသွားလို၍ နောက်ပါလူ ၂၀ နှင့် သေနတ် ၅၊ ဓား ၁၀ များကို တားဆီးမရှိ ဆောင်ယူနိုင်ရန်၊ အလိုရှိရာများကိုလည်း ဝယ်ခြမ်းငှားရမ်းနိုင်ရန် ရောက်ရာ မြို့ရွာ အကြီးအကဲတို့က စောင်မကူညီအောင် အမိန့်စာ ပေးပါမည့်အကြောင်း။

၁၂၄၆ ခု၊ တော်သလင်းလဆန်း ၉ ရက်နေ့[၃]။

တောင်ငူမြို့ရှိ အမေရိကန်ခင်ကြီး အဲဝလက်က

အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားထံ ပေးစာ။

၂။ ။ ဆောင်းဥတုရာသီရောက်လျှင် လမ်းစဉ်တစ်လျှောက် ခရစ်ယာန်တရားကိုဟောလျက် ရွှေမြို့တော်သို့ ခင်ပွန်း မယားပါ တက်သွားလိုပါ၍ နောက်ပါလူ ၂၀ နှင့် သေနတ် ၅၊ ဓား ၅ များကို တားဆီးမရှိ

---

၁။ ၂၂ ဩဂုတ် ၁၈၈၃ ၂။ ၅ နိုဝင်ဘာ ၁၈၈၃ ၃။ ၂၉ ဩဂုတ် ၁၈၈၄

ဆောင်ယူနိုင်ရန်၊ အလိုရှိရာ ဝယ်ခြမ်းငှားရမ်းနိုင်ရန် ရောက်ရာ မြို့ရွာအကြီးအအုပ်တို့က စောင်မကူညီအောင် အမိန့်စာ ပေးပါမည့်အကြောင်း။

၁၂၄၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားက

အမေရိကန်ခင်ကြီး ကိတ်သို့ ပြန်ပေးစာ။

၃။ ။ အထက် [(၁) မှတ်] ပါ ခင်ကြီးကိတ်က ပေးစာကို ရွှေနားတော်ကြား သံတော်ဦးတင်ရာ၊ ယခုအခါ ရှမ်းပြည်မြို့ ကျေးရွာများတွင် မငြိမ်မဝပ်ရှိ၍ ဆရာကိတ် အတက်အသွားမရှိ ရပ်ဆိုင်းစေ အမိန့်တော်မြတ်ကို ဦးထိပ်ထက် နာခံဆင်ရွက်ရသည်ဖြစ်၍ အမိန့်တော်မြတ်ရင်းအတိုင်း အတက်အသွားမရှိ ရပ်ဆိုင်းမှ သင့်လျော်မည့်အကြောင်း။

၁၂၄၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားက

အမေရိကန်ခင်ကြီး အဲဝလက်သို့ ပြန်ပေးစာ။

၄။ ။ ခင်ကြီးအဲဝလက်က ပို့ရောက်သည့် အထက် [(၂) မှတ်]ပါ စာကို ရွှေနားတော်ကြား သံတော်ဦးတင်ရာ၊ အမေရိကန် တရားဟောဆရာ အဲဝလက် ရွှေမြို့တော်သို့ တက်သွားကာလ လမ်းစဉ်တစ်လျှောက် တားဆီးမရှိရန်၊ အလိုရှိရာ ဝယ်ခြမ်းငှားရမ်း ရယူနိုင်ရန် မှာထားဆင့်ဆိုစေ အမိန့်တော်မြတ်ရင်းနှင့်အညီ ဝန်ထောက်တော် တောင်ငူ ခရိုင်ဝန်မင်း၊ ဝန်ထောက်တော် အဝ ခရိုင်ဝန်မင်းတို့ကို ဆင့်ဆိုပြီး ဖြစ်၍ လမ်းစဉ်ရောက်ရာ ဝန်ထောက်တော် ခရိုင်ဝန်မင်းတို့ထံ ထွက်ဝင်၊ အကြောင်းအရာ ပြောဆို၊ တက်လာရမည့်အကြောင်း။

၁၂၄၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

ဝန်ထောက် မိုးထားမြို့စား တတိယဌာန တောင်ငူခရိုင်ဝန်သို့ ပေးမှာစာ။

၅။ ။ ဝန်ထောက်တော် တောင်ငူခရိုင်ဝန်က တင်ပို့လျှောက်ထားသည့် အမေရိကန် တရားဟောဆရာ ကိတ်က အထက် (၁) မှတ်အတိုင်း လျှောက်စာ၊ ၎င်းဆရာ အဲဝလက် အထက် (၂) မှတ်အတိုင်း လျှောက်စာများကို အမိန့်တော်ခံရာ၊ ရှမ်းပြည်တွင် မငြိမ်မဝပ်ရှိသေး၍ ဆရာကိတ်မှာ ရပ်ဆိုင်းစေ၊ ဆရာအဲဝလက်မှာ တားဆီးမရှိ တက်လာစေ အမိန့်တော်မြတ်ရင်းနှင့်အညီ ၎င်းဆရာတို့ကို အသီးအသီးသို့ စာပေးရှိသည့်အတိုင်း အဲဝလက်ကိုသာ အလိုရှိသည့်အခါ ရွှေမြို့တော်သို့ တက်လာ၊ ဆိုက်ရောက်လျှင် တားဆီးနှောင့်ယှက်မရှိ သွားလာနိုင်အောင်၊ အလိုရှိရာ ဝယ်ခြမ်းငှားရမ်း ရယူနိုင်အောင် စောင်မကြည့်ရှုရမည့် အကြောင်းအရာ ဆိုင်ရာ လက်ကိုင်စာ ပေးအပ်ဆင့်ဆို ဆန့်တက်လာစေ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၄၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့[၁]။

ဒုတိယဌာန အဝခရိုင်ဝန်သို့ ပေးမှာစာ။

၆။ ။ အထက် [၅] မှတ်စာနှင့် အကြောင်းအရာတူ။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့[၂]။

ဘုံဘိုင်ဘာမာ ကုမ္ပဏီ ကိုယ်စားလှယ် အန္ဒြေနောက လျှောက်စာ။

၇။ ။ ချင်းတွင်းသစ်တော၊ မူးကြောင်း သစ်တောများအတွင်း ကျောက်တန်းကျောက်ဆောင် ပိတ်ဆို့၊ သစ်အများ မကျမရောက် အကျိုးတော် ယုတ်လျော့ရန်ရှိ၍ ကျောက်တန်း ကျောက်ဆောင်များကို ခွဲဖျက်နိုင်သည့် ဒိုင်နမိုက်ခေါ် ဓာတ်ဆေးကိရိယာများကို တင်ဆောင်လာရာ မင်းလှ ကင်းတော်တွင် စာရင်းတင်ပေး၍ ချင်းတွင်းကြောင်း၊ မူးကြောင်း သစ်တောများသို့ အရောက်ယူဆောင်နိုင်အောင် အမိန့်စာ ကယ်မပါမည့်အကြောင်း။

---

၁။ ၁၃ အောက်တိုဘာ ၁၈၈၄   ၂။ ၄ ဒီဇင်ဘာ ၁၈၈၄

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့[၁]။

ပဋ္ဌမဌာန အောက်မြစ်စဉ် ခရိုင်ဝန်သို့ ပေးမှာစာ။

၈။ ။ ကိုယ်စားလှယ် အန္တြေနောက စာချုပ်နှင့် ခုတ်လုပ်သည့် သစ်တောများတွင် သစ်လုပ်သူတို့ ကိုင်ဆောင်ရန် သေနတ်ခဲယမ်းများနှင့် သစ်လာ ရေလမ်း ပိတ်ဆို့ရှိသည့် ကျောက်တန်း ကျောက်ဆောင်များကို ခွဲဖျက်နိုင်သည့် ဒိုင်နမိုက်ခေါ် ဓာတ်ဆေးများကို တင်ဆောင်လာရာ မင်းလှကင်းတော်က တားဆီးမရှိ အထက်ဆင့်ဆိုပြီး ဖြစ်သည့်အတိုင်း ဆောင်ယူပါရမည့် အကြောင်းနှင့် ထပ်မံလျှောက်ထားရှိ၍ လျှောက်ရာပါ သေနတ်ခဲယမ်းနှင့် ဒိုင်နမိုက်ခေါ် ဓာတ်ဆေးများကို မင်းလှကင်းတော်က နှောင့်ယှက်သိမ်းယူမရှိ၊ စာရင်းမှတ်သားမြဲ မှတ်သား၍ အကြောင်းအရာကို တင်ပို့ လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့[၁]။

ပဋ္ဌမဌာန အောက်မြစ်စဉ်ခရိုင်ဝန် လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၉။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီအဆန်၊ ရှုဝံသဘော်တွင် မိသည့် သေနတ် ၃၊ ယမ်းတောင့် ထုပ်ရေ ၅ များကို ရွှေဘွားတော်အောက် တင်ပို့ရမည်၊ ဆင့်ဆိုသည်ကို မတင်မပို့ နေ့ရက်ကြန့်ကြာရှိ၍ မတင်မပို့သေးလျှင် ၎င်းကုမ္ပဏီ ကိုယ်စားလှယ် ငငယ်သို့ မှတ်သားပေးအပ်၊ အကြောင်းအရာကို လျှောက်ထားရမည့်အကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့[၂]။

စာချွန်လက်ခံ။

၁၀။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီ ကိုယ်စားလှယ် အန္တြေနောက အထက် (၇) မှတ်အတိုင်း ထပ်မံလျှောက်ထားရှိ၍၊ လျှောက်ရာပါ သေနတ် ခဲယမ်းများနှင့် သစ်လာ ရေလမ်း ပိတ်ဆို့သည့် ကျောက်တန်းကျောက်ဆောင်များကို ခွဲဖျက်နိုင်သည့် ဒိုင်နမိုက်ခေါ် ဓာတ်ဆေးများကို မလွန် မြို့ရုံးအရာရှိတို့နှင့် မင်းလှ ကင်းတော်များက နှောင့်ယှက်သိမ်းယူမရှိ၊ စာရင်းမှတ်သားမြဲ မှတ်သား ဆန်တက်စေ၍ အကြောင်းအရာများကိုသာ လွှတ်တော်သို့ တင်ပို့ လျှောက်ထားရမည့် အကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်နေ့။

ဘုံဘိုင်ဘာမာ ကုမ္ပဏီ ကိုယ်စားလှယ် အန္တြေနောက လျှောက်ချက်။

၁၁။ ။ တောင်ငူ ရမည်းသင်း အကောက်အခွန်ကို ထမ်းဆောင်ရှိရာ၊ ဝန်ထောက်တော် မိုးထားမြို့စားမင်း ရပ်နေစဉ် အုပ်၊ ကလပ်၊ ဗျပ်၊ ဒေါင်းလန်း၊ အင်ဆီ၊ ကညင်ဆီ၊ မီးသွေး၊ ပွဲ့လျက်၊ လှည်းပျဉ်၊ အိမ်ကျောင်း ဇရပ်တိုင်၊ ဖိနပ်တုံး၊ မီးတိုင်တုံး လုပ်သူတို့ကို ဓားလက်ခွန် ဆို၍ အခွန်တစ်ဌာန ပြုလုပ်မည်ရှိ၍ လွှတ်တော်မှာ လျှောက်ရာ၊ အခွန်တစ်ဌာန ပြုလုပ်မရှိစေနှင့်၊ အန္တြေနော လျှောက်ချက်အတိုင်း ကောက်ခံ ဆက်သွင်းစေရမည် လွှတ်တော်က ဆင့်ဆို အငြိမ်အဝပ် ရှိပါသည်ကို အစိုးအခြောက် အခွန်ထမ်း အရာတော်အုပ် ကိုယ်စားလှယ်တို့က ဓားလက်ခွန်ဆို၍ တောင်းခံမည် အပူအပြင်း ပြုလုပ်ပြောဆို ရှိပါ၍ နှောင့်ယှက်ပြုလုပ် မရှိရအောင် ဆင့်ဆိုတော်မူပါမည့် အကြောင်း။

၁၂၄၆ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့[၃]။

တောင်ငူ ရမည်းသင်း ၂ မြို့ဝန်သို့ ပေးမှာစာ။

၁၂။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီ ကိုယ်စားလှယ် အန္တြေနောက အထက် (၁၁) မှတ်အတိုင်း လျှောက်ထားရှိ၍ (လျှောက်ရာပါ) ခုတ်လုပ်သူတို့ကို အစိုးအခြောက် အခွန်ထမ်း အရာတော်အုပ် ကိုယ်စားလှယ်တို့က ဓားလက်ခွန်ဆို၍ အခွန်တစ်ဌာန ပြုလုပ်ကောက်ခံ မရှိစေရ ဆင့်ဆိုပြီး ဖြစ်သည့်အတိုင်း၊ တောင်ငူ ရမည်းသင်း အကောက်များကို ဘုံဘိုင်ဘာမာ ကုမ္ပဏီ ကိုယ်စားလှယ်ကသာ တစ်ဝတည်း ကောက်ခံမြဲ ကောက်ခံ ဆက်သွင်းစေရမည့် အကြောင်း။

---

၁။ ၅ ဒီဇင်ဘာ ၁၈၈၄ ၂။ ၉ ဒီဇင်ဘာ ၁၈၈၄ ၃။ ၁၅ ဒီဇင်ဘာ ၁၈၈၄

၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့[၁]။

အမေရိကန်ခင်ကြီး အဲဝလက်က သံတော်ဦးတင်စာ။

၁၃။ ။ ရွှေဘွားတော်မြတ်အောက်သို့ ဆိုက်ရောက်ကြောင်း၊ မယား သားသမီး တပည့်လူငယ်တို့နှင့်တကွ အပြန်တွင် လမ်းခရီး မငြိုမငြင် ပြန်နိုင်ပါအောင် အမိန့်တော်မြတ် ကယ်မပါမည့် အကြောင်း။

၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့။

အမေရိကန်ခင်ကြီး အဲဝလက်သို့ ပေးအပ်သည့်စာ။

၁၄။ ။ အမေရိကန်ခင်ကြီး အဲဝလက်နှင့် မယား သားသမီး တပည့်လူငယ်တို့ ရွှေဘွားတော်အောက်က တောင်ငူမြို့သို့ ပြန်သွား၊ ပါသည့် သေနတ်၊ ဓား၊ မြင်း၊ နွား၊ လှည်းများကို တားဆီးနှောင့်ယှက်မရှိ၊ အလိုရှိရာ ငှားရမ်းဝယ်ခြမ်း ပြည့်စုံအောင် စောင်မသင့်ရာ စောင်မကြည့်ရှု၍ နေရင်း တောင်ငူမြို့ရောက် ပြန်သွားစေရမည့် အကြောင်း။

၁၂၄၆ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့။

လက်ဝဲဝင်းတော်မှူးက လျှောက် (ကြေးနန်း)။

၁၅။ ။ သရက်မြို့ အရေးပိုင်က [အောက်ပါ (က) မှတ်] အတိုင်း ပို့ရောက်ရင်းစာကို ပို့ဆက်ပါကြောင်း။

သရက်မြို့ အရေးပိုင်က လက်ဝဲဝင်းတော်မှူးသို့ ပေးစာ။

(က) ကျောက်တိုင်မြောက်ဘက် ကျွန်းဘိုကျောင်းရွာနေ လှိုင်ပိုင် ခိုးရာပါနွားကို လက်ခံမှုနှင့် ငအောင်စိုကို စစ်မေးရာ၊ နိုင်ငံတော် မြို့သစ်စီရင်စု၊ ဆင်သေရွာနေ ဥက္ကာထံ ဝယ်ယူကြောင်း။ တိုင်တားမြို့၊ ကျောက်ထပ်ရွာနေ ငရွှေစီ၊ ငအပ်တို့ အသိဖြစ်ကြောင်း သက်သေ တင်ပြ ထွက်ဆိုရှိ၍ ငအပ်၊ ငရွှေစီတို့ကို သက်သေခံရန် လွှတ်မည့်အကြောင်း။

၁၂၄၆ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၂]။

လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၁၆။ ။ လက်ဝဲဝင်းတော်မှူးက အထက် (၁၅) မှတ်ပါ လျှောက်ကြေးနန်းစာအရ စာပါ လူတို့ကို သရက်မြို့ အရေးပိုင်ထံ သက်သေအဖြစ် မေးမြန်းစေရန် စေလွှတ်ရမည် ဝင်းတော်မှူးသို့ ကြေးနန်းနှင့် ဆင့်ဆိုပြီးဖြစ်သည့်အတိုင်း စေလွှတ်၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၄ ရက်နေ့[၃]။

တောင်တွင်းကြီး ခရိုင်ဝန်က လျှောက် (ကြေးနန်း)။

၁၇။ ။ ပရပ်ကျယ်ရွာတိုက် ဓားပြ ငနန်း၊ ငရွှေခဲတို့ကို ဖမ်းဆီးရမိရှိ၍ ဓားပြတိုက်ခံရသူတို့ကို သက်သေခံရန် စေလွှတ်မည့်အကြောင်း၊ ကျန်ဓားပြတို့ကို ထောက်လှမ်းဆဲရှိကြောင်း၊ ငနန်းမှာ နိုင်ငံတော် နတ်မောက်မြို့ အင်တိုင်းသာ ရွာနေဖြစ်၍ အလိုရှိလျှင် ပေးအပ်မည့် အကြောင်းများနှင့် သရက်မြို့ အရေးပိုင်က စာပို့ရောက်ရှိ၍ လျှောက်စာပါ ဓားပြတိုက်ခံရသူတို့ကို စေလွှတ်၊ ငနန်းကို စာပေး တောင်းယူပါမည့် အကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့[၄]။

တောင်တွင်းကြီး ခရိုင်ဝန်သို့ ပေးမှာစာ။

၁၈။ ။ တောင်တွင်းကြီး ခရိုင်ဝန်က [အထက် (၁၇) မှတ်အတိုင်း] လျှောက်ထားရှိသည့်အရ၊ ခရိုင်ဝန်က သရက်မြို့ အရေးပိုင်ထံ စာပေး တောင်းဆိုရမည်ဖြစ်၍ ပေးရန် အောက်ပါ [၁၉ မှတ်] စာလက်ခံနှင့်တကွ ပေးအပ်လိုက်သည့်အတိုင်း ရေးသား၍ ဓားပြအတိုက်ခံရသူ ပစ္စည်းရှင်တို့နှင့် သင့်ရာ ရေးခြားလိမ္မာသူတို့ကို သရက်မြို့ အရေးပိုင်ထံ စေလွှတ်၊ ဓားပြ ငနန်းကို တောင်းယူ အကျဉ်းချထား၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၇ ဇန်နဝါရီ ၁၈၈၅ ၂။ ၂၀ ဧပြီ ၁၈၈၄ ၃။ ၁၇ ဧပြီ ၁၈၈၅ ၄။ ၂၆ ဧပြီ ၁၈၈၅

၁၂၄၇ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့[၁]။

တောင်တွင်းကြီး ခရိုင်ဝန်က သရက်မြို့ အရေးပိုင်သို့ ပေးစာလက်ခံ။

၁၉။ ။တောင်တွင်းကြီးမြို့ ပရပ်ကျယ်ရွာတိုက် ဓားပြ ၂ ကို ရမိ၍ တိုက်ခိုက်ခံရသူတို့ကို စေလွှတ်မည့်အကြောင်း၊ ဓားပြ ၂ အနက် ငနန်းကို အလိုရှိလျှင် ပေးအပ်မည့်အကြောင်းနှင့် အရေးပိုင်မင်း ပေးစာအရ တိုက်ခိုက်ခံရသူတို့ကို မြို့ရုံးအရာရှိ ဘက်ထည့်၍ အရေးပိုင်မင်းထံ စေလွှတ်ရှိကြောင်း၊ ၎င်းတို့ ဆိုက်ရောက်ကာလ တိုက်ရာပါ ပစ္စည်းများကို ပြန်ရအောင် နေရာကျမေးမြန်း တောင်းခံပေးအပ်မည့်အကြောင်း၊ ငနန်းကိုလည်း မြန်မာကျွန်တော်မျိုး ဖြစ်သည့်အတိုင်း စေလွှတ်သူ မြို့ရုံးအရာရှိတွင် ထည့်အပ်လိုက်မည့်အကြောင်း။

---

## ၄၁၆ မှတ် ပုရပိုက်ထွက်။

၁၂၄၇ ခု၊ နယုန်လဆန်း ၃ ရက်နေ့[၂]။

ပြင်သစ်လူမျိုး လန်းဘီက လျှောက်စာ။

၁။ ။ ပြင်သစ်အစိုးရမင်းတို့က အာရှတိုက်အဝင် နိုင်ငံများနှင့် ဆက်လက်ကူးသန်းရန် ရည်သန်ရင်းအတိုင်း အရပ်ရပ် အကူးအသန်း အလုပ်အဆောင်မျိုးကို ထိုးထွင်းရှာဖွေရန် ကျွန်တော်ကို စေလွှတ်၊ ပြင်သစ်နိုင်ငံရှိ သူဌေး ကုန်သည်ကြီးတို့နှင့်လည်း ကျွန်တော် ရှာဖွေရ အလုပ်အဆောင်မျိုးကို ရင်းနှီးစိုက်ထုတ် လုပ်ကိုင်ရန် စကားချိတ်ဆက် ပြောဆိုရှိပါသောကြောင့် ကျွန်တော်မှာ နိုင်ငံတော်သို့ လာရောက်၊ နိုင်ငံတော်အတွင်း ကောင်းစွာ မတူးမဖော် မလုပ်မကိုင်ရသေးသည့် တွင်းထွက်ဝတ္ထုများကို အများ ထွက်ရှိ ရယူနိုင်အောင် ရင်းနှီးကြေးငွေ၊ လူသူ စက်ကိရိယာအစုံနှင့် လာရောက်၊ စက်ရုံတည်ထောင် လုပ်ဆောင်ရလျှင် နိုင်ငံတော်မှာ ဝင်ကုန်လျော့ပါး၊ ထွက်ကုန် တိုးပွားသဖြင့် တိုင်းပြည်အကျိုး ဖြစ်ထွန်းမည် ထင်မြင်ပါသည့်အတိုင်း နိုင်ငံတော်အတွင်း အရပ်ရပ် တွင်းထွက်ဝတ္ထုမျိုးထွက်ရာ မြို့ရွာသို့ သွားလာကြည့်ရှု မှတ်သားနိုင်ရန်၊ ရောက်ရာ နယ်ရှင်ပယ်ရှင်တို့က ကြည့်ရှုစောင်မလိုက်ပြရန် အမိန့်များကို ကယ်မပါမည့်အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၅ ရက်နေ့[၃]။

ရှေ့ဝင်းတော်မှူး ရတနာသိဃ်မြို့ဝန် ရဲဘက်မြင်းဝန်သို့ ပေးမှာစာ။

၂။ ။ အထက် [(၁) မှတ်] အတိုင်း လျှောက်ထားရှိသည့်အရ လွှတ်တော်မှာစာ ပေးအပ်စေလွှတ်သူ ပြင်သစ်လူမျိုး ဓာတ်ဆရာ လန်းဘီက ရတနာသိဃ်မြို့နယ်အတွင်း ဆားမြေပေါက်ရောက်သည့် ရပ်ကွက် တွင်းကျင်းများသို့ သွားရောက်ကြည့်ရှုလိုကြောင်းနှင့် ပြောဆိုလျှင် စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု၊ သင့်ရာလူ ဘက်ထည့် လိုက်ပြ ကြည့်ရှုမှတ်သားစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၅ ရက်နေ့[၃]။

ရွှေမြို့တော်စာရေး၊ ရတနာနန္ဒီ ကျောက်ဆည်ဝန်၊ စဥ့်ကူးမြို့ဝန်၊ လမိုင်းဝန်သို့ ပေးမှာစာ။

၃။ ။ အထက် [(၁) မှတ်] အတိုင်း လျှောက်ထားရှိသည့်အရ လွှတ်တော်မှာစာ ပေးအပ်စေလွှတ်သူ ပြင်သစ်လူမျိုး ဓာတ်ဆရာ လန်းဘီက စဥ့်ကူး မြို့နယ်အတွင်း ကျောက်ဖြူထွက်ရာ အရပ်ဌာနများသို့ သွားလာကြည့်ရှုလိုကြောင်းနှင့် ပြောဆိုလျှင် စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု၊ သင့်ရာလူ ဘက်ထည့် လိုက်ပြ ကြည့်ရှုမှတ်သားစေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၄ ရက်နေ့။

စာချွန် လက်ခံ။

၄။ ။ ပြင်သစ်လူမျိုး ဓာတ်ဆရာ လန်းဘီက နိုင်ငံတော် ရတနာသိဃ်မြို့၊ စဥ့်ကူးမြို့နယ်မြေအတွင်း ကျောက်ဖြူ ဆားမြေ ပေါ်ထွန်းပေါက်ရောက်သည့် တွင်းကျင်းများမှာ အများထွက်ရှိ ရယူနိုင်အောင် စရိတ်စိုက်ထုတ် လုပ်ဆောင်ထမ်းရွက် ဆက်သလိုပါသောကြောင့် ထွက်ရှိသည့် နယ်မြေရပ်ကွက်များသို့ သွားလာကြည့်ရှု

---

၁။ ၂၆ ဧပြီ ၁၈၈၅ ၂။ ၁၆ မေ ၁၈၈၅ ၃။ ၁၈ မေ ၁၈၈၅

စမ်းသပ်လိုကြောင်းနှင့် လျှောက်ချက်အတိုင်း လန်းဘီက ၎င်းရပ်ကွက်များသို့ သွားရောက်ကြည့်ရှုလိုကြောင်း ပြောဆိုလျှင် မြို့ဝန်စစ်ကဲ၊ မြို့အုပ်၊ မြို့သူကြီး၊ မြို့စာရေး ကျေးရွာအစီရင် သူကြီး ခေါင်းအကြီးတို့နှင့် လမ်းစဉ်ကင်းကူးတို့ အစောင့်အနေ အကြီးအကြပ်တို့က နှောင့်ယှက်တားဆီးမရှိ၊ စောင်မကြည့်ရှုသင့်ရာ စောင်မကြည့်ရှု၊ သင့်ရာ လမ်းခရီး သိကျွမ်းနားလည်သူကို ဘက်ထည့်လိုက်ပြ ကြည့်ရှုစမ်းသပ်စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့[၁]။

တလုပ်မြို့ဝန် သင်းသေနတ်ဗိုလ်သို့ ပေးမှာစာ။

၅။ ။ ရန်ကုန်မြို့ အရေးပိုင်က [၃၈၉ မှတ်ပုရပိုက်ထွက် (၅) မှတ်] အတိုင်း စာပို့ရောက်ရှိ၍၊ စာပါ အကြောင်းအရာကို အခြားသူတို့ မသိစေရ ထောက်လှမ်းဖမ်းဆီး၍ လမ်းခရီး တိမ်းရှောင်ထွက်လွတ် မရှိစေရ၊ အကျဉ်းပို့အပ်လာစေရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၂]။

တလုပ်မြို့ဝန် ကတော်က မြို့ခံကိုယ်စားထည့်သူ ငကျော်ရ ခံဝန်ချက်။

(က) ပေးအပ်သည့် မှာစာကို ၅ ရက်နှင့် တလုပ်မြို့ဝန်ထံ ပေးပို့၊ မြို့ဝန်က ၅ ရက်နှင့် ကွဲပြားအောင် လျှောက်ထားပါစေမည်၊ မလျှောက်မထားနိုင်လျှင် ရာဇဝတ်အပြစ်စီရင်ရာ ခံပါမည့် အကြောင်းအရာ။

၁၂၄၇ ခု၊ နယုန်လဆန်း ၇ ရက်နေ့[၂]။

တတိယဌာန တောင်ငူခရိုင်ဝန်က လျှောက်စာ။

၆။ ။ ကျောက်တိုင်တောင်ဘက် တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က အောက်ပါ (၇) မှတ်အတိုင်း စာပို့ရောက်ရှိ၍ စာပါကျေးရွာတွင် စာပါလူတို့ ရှိ မရှိကို ကင်းတပ်ဗိုလ် မျိုးခြားလူအုပ်နှင့် ချောင်းခွ ကင်းတပ်မှူးတို့ကို မေးရာ၊ အောက် [(က) မှတ်] အတိုင်း ထွက်ဆိုရှိသောကြောင့် ဆင့်ဆိုရာ အမိန့်နာခံ၍ တောင်ငူမြို့ အရေးပိုင်ထံ စာပြန်ရအောင် တောင်ငူ အရေးပိုင်က ရောက်ရင်းစာ၊ ကင်းတပ်ဗိုလ်၊ ကင်းတပ်မှူးတို့ ထွက်ချက်များကို ပို့ဆက်ပါကြောင်း။

၁၂၄၇ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၃]။

ကင်းတပ်ဗိုလ်နှင့် ကင်းတပ်မှူးတို့ ထွက်ချက်။

(က) ငမိုး ၉ ချောင်၊ ငချင်းဖြူတို့ မည်သည့်ကာလကမှ ချောင်းခွ ကင်းကျေးရွာတွင် မရှိမနေဖူးပါ။ ငချင်းဖြူမှာ မြေထဲမြို့ဝန်စုပါ တပ်တော်စီရင်စု၊ ရေနီရွာ။ ငမိုး ၉ ချောင်မှာ တပ်တော်သာ စီရင်စု၊ ကရင်စုရွာများတွင် နေထိုင်ကြောင်းကိုသာ ကြားသိရသည်။

၁၈၈၅ ခု၊ မေလ ၂ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့။

တောင်ငူ ခရိုင်ဝန်ထံ တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က ပေးစာလက်ခံ။

၇။ ။ တောင်ငူ ခရိုင်ဝန်မင်း ပေးစာကိုရ၍ ဝမ်းမြောက်ကြောင်း၊ ၎င်းပြင် ၁၂၄၅ ခု တန်ခူးလအတွင်း ကျွန်ုပ်ပိုင်ရိုးမတောင်တန်းတွင် ဓားပြ ၃ ကြိမ် တိုက်ခိုက်သည်မှာ ၉ မြို့ဆိုင်ရာ ခရိုင်ဝန်မင်း ဝန်စုပါ ရေနီချောင်းခွနေ ငမိုး ၉ ချောင်၊ ငချင်းဖြူတို့ ဖြစ်ကြောင်းနှင့် သက်သေတို့ ထွက်ဆိုရှိပါ၍ နိုင်ငံတော် ကွဲပြားမရှိ သဘောထားရင်းအတိုင်း ထောက်လှမ်းစစ်မေး ဆုံးမပါမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၄]။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ။

၈။ ။ အရေးပိုင်မင်း ပေးစာအရ ငမိုး ၉ ချောင်တို့ အကြောင်းအရာကို မျိုးခြားလူအုပ် ကင်းတပ်ဗိုလ်နှင့် ချောင်းခွ ကင်းတပ်မှူးတို့ကို မေးရာ၊ အထက် [(၆) မှတ်ပါ (က) မှတ်] အတိုင်း ထွက်ဆိုရှိသော်လည်း ၂ နိုင်ငံ

---

၁။ ၂၀ မေ ၁၈၈၅ ၂။ ၂၀ မေ ၁၈၈၅ ၃။ ၇ မေ ၁၈၈၅ ၄။ ၄ ဇွန် ၁၈၈၅

အတွင်း သူခိုးဓားပြ ပေါ်ထွက်မရှိရန်ကို အလွန်အလိုရှိ၍ ဆင့်ဆိုထောက်လှမ်း မေးမြန်းဆဲရှိကြောင်း။ ရမိလျှင် ထပ်မံစာပေးမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

တောင်ငူ ခရိုင်ဝန်က လွှတ်တော် လျှောက်စာ။

၉။ ။ တောင်ငူ အရေးပိုင်က အောက် (၁၀) မှတ်အတိုင်း စာပို့ရောက်၍ ငထွန်းလှိုင်ကို ကင်းတပ်မှူးထံ တောင်းခံမေးမြန်းရာ၊ အရေးပိုင် ပေးစာပါအတိုင်း ဖြောင့်မှန်ထွက်ဆိုရှိ၍ အမိန့်ဆင့်ဆိုရာနာခံ စာပြန်ပါရအောင် အရေးပိုင်က ရောက်ရင်းစာ၊ ငထွန်းလှိုင် ထွက်ချက်များကို ပို့ဆက်ပါကြောင်း။

၁၂၄၇ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့[၂]။

ငထွန်းလှိုင် ထွက်ချက်။

(က) ကျွန်တော် နေထိုင်ရင်း ချောင်းခွ ကင်းရွာမှ ၁၂၄၅ ခုနှစ်၊ မယား မိရွှေမယ်နှင့် ကျောက်တိုင်တောင်ဘက် ဘုရားကုန်းရွာသို့ ရွှေ့ပြောင်း၊ အစ်ကို ငကြွဲအိမ်မှာ တည်းနေ၊ ၁၂၄၆ ခုနှစ်၊ ဘုရားကုန်း ကင်းတပ်တွင် အမှုထမ်း စာရင်းချမှတ် ထမ်းရွက်နေထိုင်သည့်အတွင်း ဘုရားကုန်း ကင်းတပ်၊ ရိုးမ ကင်းတပ်အတွက် လခငွေကို အလှည့်ကျ တောင်ငူမြို့ရုံးသို့ သွားရောက်ထုတ်ယူရာ၊ ထုတ်ယူငွေ ၃၅၃-၁၀ ပဲ အနက် ဘုရားကုန်းကင်းတပ် စာဇင် ငတွတ် လက်မှတ်နှင့် တောင်ငူမြို့တွင် ပေးခဲ့ရငွေ တစ်ရပ်၊ ၎င်းကင်းတပ် မြင်းစီးငတိုက်သို့ ပေးရငွေ တစ်ရပ်၊ ဘုရားကုန်း၊ ရိုးမ၊ ဘိုးလုံးကြီး၊ ဘန့်ပွေးပင်၊ ရင်ကမ်းပေါက် ၅ တပ် အစိုးရ ရင်ကမ်းပေါက် စာဇင်ငပုတို လက်မှတ်နှင့် ငစန္ဒီမသို့ ပေးငွေ တစ်ရပ်၊ ကိုယ်တွက်ငွေ တစ်ရပ်၊ အမှုထမ်း ငပိုထံ ကျွန်တော်က ရရန်ရှိ၍ ငပိုက လွှဲပေးရယူငွေ တစ်ရပ်၊ စုစုနုတ်ယူ ပေးကမ်းသုံးကုန်ငွေ ၇၂-၈။-ဲ ပြင် ကျန်ငွေကို ယူဆောင်ပြန်လာ။ ရင်ကမ်းပေါက် ကင်းတပ်သို့ ဆိုက်ရောက် အိပ်နေ၊ ၎င်းကင်း စာဇင် အမှုထမ်းတို့နှင့် ကစားလောင်းစားရာ ရှုံးနိမ့်၊ ကြောက်ရွံ့သည်နှင့် ထွက်လာ၊ ၁၂၄၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁ ရက်နေ့ နေရင်း ချောင်းခွရွာသို့ ရောက်ကြောင်း၊ မယား မိရွှေမယ်လည်း လိုက်လာကြောင်း။

၁၈၈၅ ခု၊ ဧပြီလ ၂၂ ရက်နေ့။

၁၂၄၇ ခု၊ ကဆုန်လဆန်း၊ ၉ ရက်နေ့။

တောင်ငူမြို့ အရေးပိုင်က တောင်ငူ ခရိုင်ဝန်ထံ ပေးစာ။

၁၀။ ။ ကျောက်တိုင်တောင်ဘက် ဘုရားကုန်း ကင်းတပ် အမှုထမ်း ငထွန်းလှိုင် ဆိုသူ အစိုးရငွေ ၃၅၀ ကို ခိုးယူထွက်ပြေး၊ ဝန်မင်းပိုင် စီရင်စု ကုန်းသာရွာတွင် နေထိုင်ရာ ၎င်းရွာ ကင်းတပ်မှူးက ဖမ်းဆီး၊ ချောင်းခွရွာ ကင်းတပ်မှူးထံ ပို့အပ်ရှိသည် ကြားသိရ၍ ၎င်းကို ငွေနှင့်တကွ ဖမ်းဆီးပို့အပ်မည့် အကြောင်း။

၁၂၄၇ ခု၊ ကဆုန်လဆန်း၊ ၉ ရက်နေ့။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အရေးပိုင်သို့ ပေးစာ။

၁၁။ ။ အရေးပိုင်မင်း ပေးစာအရ ငထွန်းလှိုင်ကို ဖမ်းဆီးစစ်မေးရာ၊ ဖြောင့်မှန်ထွက်ဆိုရှိ၍ အရေးပိုင်မင်းက စာလူစေလွှတ် လာရောက်ကာလ မဟာမိတ်လက္ခဏာနှင့်အညီ ပေးအပ်မည့်အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့[၁]။

တောင်ငူ ခရိုင်ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၂။ ။ ခရိုင်ဝန်က ငမိုး ၉ ချောင်တို့ အကြောင်းအရာ၊ ငထွန်းလှိုင် အကြောင်းအရာများနှင့် တောင်ငူ အရေးပိုင်သို့ ပြန်ပေးရန် လက်ခံရေးသား ပေးပို့လိုက်သည့် စာ ၂ ကို စာဦးစာခေါင်း ထည့်သွင်းရေးသားမြဲ ရေးသား ပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့။

ပဥ္စမဌာန မြစ်စဥ်ခရိုင်ဝန်က လက်ဝဲဝင်းတော်မှူးသို့ ပေးမှာစာ။

၁၃။ ။ ရန်ကုန်မြို့ အရေးပိုင်က [၃၈၉ မှတ်ပုရပိုက်ထွက် (၆) မှတ်] အတိုင်း စာပို့ရောက်သည့်အရ၊ ပီတာဘေး

၁။ ၄ ဇွန် ၁၈၈၅   ၂။ ၇ မေ ၁၈၈၅

ဖြစ်ကြောင်း ပြသနိုင်သူတို့ကို လက်ဝဲဝင်းတော်မှူးထံ စေလွှတ်၊ ပြသမှန်ကန်လျှင် ဖမ်းဆီး၍ သရက်မြို့ အရေးပိုင်သို့ အပ်ရမည် လက်ဝဲဝင်းတော်မှူးသို့ ဆင့်ဆိုရှိကြောင်းနှင့် စာပြန်ပေးရှိသည့်အတိုင်း ဦးဖွန်း အိမ်တွင် ပီတာဘော ဆိုသူ ရှိသည်ကို ပြသကာလ၊ အထွက်အလွတ် မရှိစေရ ဖမ်းဆီးပေးအပ်၍ အကြောင်း အရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့[၁]။

တောင်ငူမြို့ ဝါးတီးရွာနေ ဓားပြ သောချို ထွက်ချက်။

(က) ကျွန်တော် ကျောက်တိုင်တောင်ဘက် ဝါးတီးရွာတွင်နေ၊ သားမယား မရှိ၊ ရွာနေ ငထောင်ဗိုလ်က ကျောက်တိုင်မြောက်ဘက်တွင် ကျွဲပေါ့ နွားပေါ့ ဝယ်ရန်ခေါ်၍ လိုက်လာ၊ ကြို့ပင်ရွာသို့ ဆိုက်ရောက်၊ ၅ ရက် တည်းခို၊ ၎င်းမှ ထွက်လာ၊ ဆတ်သေရွာသို့ ဆိုက်ရောက်၊ တစ်လကျော် တည်းခိုနေသည့် အတွင်း မြို့လှရွာနေ ငကာ၊ ငရွှေစို၊ ငနိုင်၊ ဆတ်သေရွာနေ ငမောင်ကလေးတို့နှင့် တွေ့ရှိ၊ ငမောင် ကလေးက ကျောက်တိုင်မြောက်ဘက်တွင် ကျွဲနွားများကို ခိုးရန်၊ ပေါင်းလောင်းမြစ် လှေစုန် လှေဆန် များကို တိုက်ခိုက်ရန် ပြောဆို၊ တိုင်ပင်ထွက်လာ၊ ကျောက်တိုင်မြောက်ဘက် ရေနီရွာတောင် မြစ် ကမ်းပါးတောသို့ ဆိုက်ရောက်၊ နွားကျွဲ လှေဆန် လှေစုန်များကို မရမတွေ့၍ ၎င်းရွာ အရှေ့မြောက် တောရပ်ကွက်သို့ ရွှေ့ပြောင်းနေထိုင်သည့်အတွင်း ရွာနေလူတို့ ဝန်းဝိုင်း ဖမ်းဆီးရာ ငကာမှာ သေနတ်ထိမှန်သေဆုံး၊ ငမောင်ကလေး၊ ငရွှေစိုတို့မှာ သေနတ်ဒဏ်ရာနှင့် ထွက်ပြေး၊ ကျွန်တော်မှာ ပါးတွင် သေနတ်ထိမှန်၊ ကျွန်တော်တို့တွင်ပါ ဓားလွယ်၊ ဓားရှူး၊ မောင်းချဓားကြီး၊ ကြောင့် ၁၀၀ ကျော်၊ ဘိန်းဘူးဘိန်းခွက်များနှင့်တကွ ဖမ်းဆီးပို့အပ်ခံရကြောင်း။ ငနိုင်၊ ငမောင်ကလေး၊ ငဘိုးကာ တို့နှင့် အမည်မသိလူ ၁ တို့ ဧလာနယ်၊ တောင်ဝင်းနယ် ၂ နယ်အကြား ခရီးသွားလူ ၃ တို့ကို တိုက်ခိုက်လုယူကြောင်းနှင့် ငမောင်ကလေးက တိုက်ရာပါ ပစ္စည်းများကို ပြသပြောဆို သိမြင် ရကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့[၂]။

တောင်ငူ ခရိုင်ဝန်က တောင်ငူ အရေးပိုင်သို့ ပေးစာလက်ခံ။

၁၄။ ။ နိုင်ငံဥပဒေကို ကျူးလွန်၍ ဓားလုံ့ သေနတ်များနှင့် ရေနီရွာတောရပ်ကွက်တွင် လူစုရုံး ရှိနေသည်ကို ဖမ်းဆီးစေရာ၊ ရမိသူ သောချိုကို စစ်မေးကာလ၊ အထက် [(က) ပါအတိုင်း] ထွက်ဆိုရှိ၍ ထွက်ဆိုရာပါ ထွက်ပြေးသူတို့ကို ရမိအောင် ထောက်လှမ်းဖမ်းဆီး စစ်မေးစီရင်မည့်အကြောင်း။ နောက်ကိုလည်း သည် ကဲ့သို့ ကျောက်တိုင်တောင်ဘက်နေလူတို့ နိုင်ငံတော် မြို့ရွာများကို တစ်စုံတစ်ရာ ထိပါးမရှိရအောင် အထူးအားထုတ် ပြုလုပ်လိမ့်မည် ယုံကြည်ကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့။

တောင်ငူ ခရိုင်ဝန်သို့ လွှတ်တော်က ပေးမှာစာ။

၁၅။ ။ ရေနီရွာတော ရပ်ကွက်တွင် ဓားလုံ့ သေနတ်များနှင့် လူစုရုံး ရှိနေသူတို့ကို ဖမ်းဆီးရာ၊ ရမိသူ သောချို ထွက်ချက်နှင့်တကွ ခရိုင်ဝန်က လျှောက်ထားလိုက်သည့်အရ ခရိုင်ဝန်က တောင်ငူ အရေးပိုင်သို့ပေးရန် ရေးသားပေးပို့လိုက်သည့် စာလက်ခံကို စာဦးစာခေါင်း ထည့်သွင်းရေးသားမြဲ ရေးသားပေးပို့၍ အကြောင်း အရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၁၃ ရက်နေ့[၃]။

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး မင်းသတိုးသုဓမ္မမဟာသက်တော်ရှည်က အာရမဏီ သာသနာပိုင် ဂရိကွယ်သို့ ပေးစာ။

၁၆။ ။ ပါရှာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာရမဏီ သာသနာပိုင် ဂရိကွယ်က ကျွန်ုပ်တို့ နေထွက်ဘုရင်မြတ်သို့ ဆက်ရန် စာကို အာရှမဏီ ဂိုဏ်းအုပ်ဆရာ ခါဆတွတ်ကာရာပြီဘီရံသို့ ပေးအပ် စေလွှတ်ရှိသည့်အတိုင်း ဘာသာ

၁။ ၂၉ မေ ၁၈၈၅ ၂။ ၂၀ ဇွန် ၁၈၈၅ ၃။ ၂၄ ဇွန် ၁၈၈၅

ပြန်ဆို၍ သံတော်ဦးတင်ကြောင်း။ ဂိုဏ်းအုပ်ဆရာကိုလည်း မငြိုမငြင်စေရ ကြည့်ရှုကြောင်း။ ရှေ့တော်သို့ ဝင်ထွက်ကာလ ကောင်းမွန်စွာ လက်ခံတော်မူ၍ စရိတ်ငွေတော်များကို သနားတော်မူကြောင်း။ သာသနာပိုင်ကိုလည်း ဘုရားသခင် တန်ခိုးတော်ကြောင့် ကျန်းမာစွာ ဘာသာ သာသနာရေး သာသနာမှုကို ဆောင်ရွက်နိုင်ပါစေ ဆုတောင်းကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့[၁]။

ပြင်သစ် ကျွန်တော်မျိုး ဒရာဘလက်က လျှောက်စာ။

၁၇။ ။ ၂ လုံးပြူးငှက်ပစ်သေနတ် ၁ ကို တားဆီးမရှိ ဘေးဆီးရန်ကာ ကိုင်ဆောင်နိုင်ပါအောင် အမိန့်စာ ကယ်မပါမည့် အကြောင်း။

၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့။

ဒရာဘလက်သို့ ပေးစာ။

၁၈။ ။ ပြင်သစ် ကျွန်တော်မျိုး ဒရာဘလက်က [အထက် (၁၇) မှတ်] အတိုင်း လျှောက်ထားရှိ၍၊ လျှောက်ချက်အတိုင်း ဒရာဘလက် စွဲကိုင်ရန် သေနတ် ၁ ကို မြို့ဝန်ထောင်မှူး၊ မြို့စာရေး၊ ကင်းတော်၊ တံခါးတော် အစောင့်အနေတို့က တားဆီး သိမ်းယူမရှိ ကိုင်ဆောင်စေရမည့် အကြောင်း။

---

## ၄၁၇ မှတ် ပုရပိုက်ထွက်။

၁၈၈၅ ခု၊ ဇွန်လ ၁၉ ရက်နေ့။

၁၂၄၇ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့[၂]။

တောင်ငူ အင်္ဂလိပ် အရေးပိုင်က တောင်ငူ ခရိုင်ဝန်သို့ ပေးစာ။

၁။ ။ တောင်ငူမြို့ ဝန်ထောက်တော်မင်းရုံးတွင် တရားလို မော်လဝီဟိုက်ဒရာလီက တရားခံ မမ၊ မောင်ပိုတို့အပေါ်၌ အဖိုးငွေ ၇၅၀ိ တန် နေအိမ်ရလိုကြောင်း လျှောက်မှုတွင် တရားလိုပြသက်သေ မော်လဝီဟိုက်ဒရာလီ၊ ဘေို၊ ဦးလောစံ၊ ဦးရွှေရင်း၊ ဦးကင်းတို့မှာ ဝန်မင်း ဆင့်စုပါ နင်းကြမ်းမြို့ရွာနေဖြစ်၍ ၎င်းတို့ကို မေးရန် ၂ ဖက် မေးခွန်းများနှင့် အငြိမ်းစား ရာဇဝတ်အုပ် မောင်ချမ်းအေးကို စေလွှတ်ရှိသည့်အတိုင်း မေးမြန်းနိုင်ရန် မဟာမိတ်လက္ခဏာနှင့်အညီ ဆင့်ခေါ်ပေးအပ်မည့် အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့[၃]။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် စာလက်ခံ။

၂။ ။ အရေးပိုင်မင်းက အထက် [(၁) မှတ်] အတိုင်း ပေးစာအရ မဟာမိတ်လက္ခဏာနှင့်အညီ ဆင့်ခေါ်ပေးအပ်မေးမြန်းစေကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့[၃]။

တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။

၃။ ။ တောင်ငူ အရေးပိုင်က ပို့ရောက်သည့် [အထက် (၁) မှတ်] စာကို တောင်ငူ ခရိုင်ဝန်က တင်ပို့လျှောက်ထားရှိသည့်အရ၊ တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က စေလွှတ်သူကို ပြောဆိုရန် စကားချက်။ တောင်ငူ အရေးပိုင်သို့ ပေးရန်စာများကို ပေးပို့လိုက်သည့်အတိုင်း နေရာကျ ပိုမိုယုတ်လွန်မရှိ ပြောဆိုရေးသားမြဲ ရေးသားပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

ရာဇဝတ်အုပ် မောင်ချမ်းအေးသို့ ပြောရန် စကားချက် ၅။

(က) နိုင်ငံတော်အတွင်း သက်သေအရာ ပါဝင်သူတို့ကို ဂုဏ်ကြီး၊ ဂုဏ်လတ်၊ ဂုဏ်ငယ်အလျောက် သက်သေပံ့စရိတ်ငွေ ပေးကမ်းရမြဲ နိုင်ငံထုံးစံရှိကြောင်း။ ရွှေမြို့တော်တွင် အင်္ဂလိပ် အရေးပိုင်တို့ ရှိနေစဉ် သက်သေအရာ ပါဝင်သူတို့ကို ဂုဏ်ရှိဂုဏ်မဲ့ အလျောက် သက်သေပံ့စရိတ် ပေးကမ်းရသည့် အရာ အမှန်ဖြစ်ကြောင်း။

---

၁။ ၁၂ ဇွန် ၁၈၈၅ ၂။ ၁၂၄၇ ခု၊ ပထမဝါဆိုလဆန်း ၈ ရက် ဖြစ်မည်။ ၃။ ၁၅ ဇူလိုင် ၁၈၈၅

ရာပြည့်စာအုပ်တိုက်

တောင်ငူ အင်္ဂလိပ် အရေးပိုင်မင်း ပေးစာတွင် သက်သေပုံ့ စရိတ်ငွေနှင့် စပ်၍ မပါမရှိသောကြောင့် မည်ကဲ့သို့ ပြုလုပ်မည့်အကြောင်း။ သက်သေပုံ့စရိတ်ကို မောင်ချမ်းအေး က တစ်စုံတစ်ရာ နေရာကျ ပြောဆိုပြုလုပ်ကာလ ဆင့်ခေါ်ပေးအပ် မေးမြန်းစေ၍၊ မေးမြန်းပြီးပြေမှ အရေးပိုင်ထံ စာပြန်ပေးရမည့်အကြောင်း။ သက်သေပုံ့ စရိတ်ငွေအတွက် မည်သို့ တစ်စုံတစ်ရာ ပြုလုပ်ခွင့်မရ၍ ပြန်သွားရန်သာရှိကြောင်းနှင့် ပြောဆိုခဲ့လျှင် နိုင်ငံထုံးစံရှိရာသာ ပြောဆိုရသည့် အရာဖြစ်ကြောင်း။ ယခု အမှုတစ်ခုမှာ မဟာမိတ် ဖြစ်သည့် အလျောက် လိုက်လျော ပြုလုပ်သည့် အရာကို အသိအမှတ်ပြုမည့် အကြောင်းများနှင့် လည်ပတ်အောင် ပြောဆို၍ သက်သေတို့ကို ဆင့်ခေါ်ပေးအပ် မေးမြန်းစေရမည့် အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁ ရက်နေ့[၁]။

ဗန်းမော်မြို့ရှိ အမေရိကန် တရားဟောဆရာ ရော်ဘက်က
ကင်းဝန်မင်းကြီးထံ လျှောက်စာ။ (မြန်မာပြန်ချက်)

၄။ ။ ဗန်းမော်မြို့တွင် တရုတ် ကချင်တို့ ဝင်ရောက်တိုက်ခိုက်စဉ် ဗန်းမော် မြို့ဝန်မင်း တပ်တော်သားတို့ နေအိမ်ကို မီးရှို့၊ သေနတ်နှင့်ပစ်ခတ် ဖျက်ဆီးပြုလုပ်၍ အဖိုးငွေ ၁၄၀၀၀ိ တန် အများအပြား ပျက်စီးဆုံးပါးရှိသည်ကို ဘုန်းတော်ကြီးလှသောဘုရားက ခွင့်ပြုတော်မူခြင်း ခံရလိမ့်မည်။ ကချင် လူမျိုးတို့ကို ယဉ်ကျေးအောင် ဟောပြောဆုံးမ နေထိုင်ရန် ခွင့်ပြုတော်မူသည်အရ နေထိုင်သူတို့ကို နောင် သည်ကဲ့သို့ သေနတ်နှင့်ပစ်ခတ်၊ ဖျက်ဆီးပြုလုပ် မရှိရမည့်အကြောင်းနှင့် ဗန်းမော်မြို့ အရာရှိတို့ကို ဆင့်ဆိုလိမ့်မည်။ ယခု တပ်တော်သားတို့ နေအိမ်ကို မီးရှို့၊ သေနတ်နှင့်ပစ်ခတ် ဖျက်ဆီးပြုလုပ်သည့် အရာများသည် မြန်မာအစိုးရတို့ အလိုအတိုင်း မဟုတ်ကြောင်းကို ပြန်ပြော ကြားသိရလိမ့်မည်များကို မြော်ခေါ်တောင့်တရှိကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့[၂]။

ဝန်ရှင်တော် ကင်းဝန်မင်းကြီးက အမေရိကန်ခင်ကြီး ရော်ဘက်သို့ ပေးမှာစာ။

၅။ ။ တရားဟောဆရာ ရော်ဘက်က အထက် [(၄) မှတ်] အတိုင်း ပေးစာမှာ မဟုတ်မမှန် အလိုရှိရာ ရေးသားသည့်စာဖြစ်၍ လျစ်လျူပြုသင့်သော်လည်း နိုင်ငံခြား အမျိုးသားဖြစ်၍ မကြွင်းမကျန် ကြည့်ရှုကြောင်း။ ဗန်းမော်မြို့တွင် တရုတ်ကချင် လူမျိုးတို့ ဝင်ရောက်လုပ်ရှား၊ မြို့တွင်းမြို့ပြင် နေအိမ် အဆောက်အဦများကို မီးရှို့၊ ပစ္စည်းများကို သိမ်းယူ၊ ၂ လခန့်ကြာ အလိုရှိရာပြုလုပ် ခုခံရှိနေသည့် အရာများကို အများအသိအမြင် အထင်အရှားဖြစ်ကြောင်း။ သည်ကဲ့သို့ တရုတ်ကချင်တို့ ပြုလုပ်ရှိ၍ ဖြိုဖျက်သင့်ရာ ဖြိုဖျက်၊ မီးရှို့သင့်ရာ မီးရှို့၊ နိုင်နင်းအောင် ပြုလုပ်၊ ပစ်ခတ်ဖမ်းဆီးရသည့် စစ်ရေး စစ်မှုအတွင်း နေအိမ်ကို မီးလောင်သည်၊ သေနတ်နှင့် ပစ်ခတ်သည်၊ ဥစ္စာပစ္စည်း ဆုံးပါးသည် ဆိုသည့် စကားမှာ အကျိုးမထင်ကြောင်း။ ကချင်တို့ကို ယဉ်ကျေးအောင် ဆုံးမသည့်ဆရာ ဖြစ်ကြောင်းနှင့် စာတွင်ပါသည်မှာ ယဉ်ကျေးအောင် ဆုံးမရန်မှာ နိုင်ငံရှင် အစိုးရမင်းတို့နှင့်သာ ဆိုင်ကြောင်း။ ဆိုခဲ့သည့် အကြောင်းများကိုထောက်၍ စာပါအမှုကို မြန်မာအစိုးရတို့က စစ်ဆေးရန်၊ ဆင့်ဆိုပြုလုပ်နိုင်ရန် အခွင့်မရှိကြောင်း။ သို့ဖြစ်၍ ဆရာရော်ဘက် ခေတ္တနေထိုင်ဖူးသည့်အိမ် မီးသင့်ရာပါ ဆုံးသည့်အမှုကို ဆရာရော်ဘက်က စပ်ကြားသူကဲ့သို့သာ သဘောထား၍ ဆင်ခြင်လျှင် နောက်ထပ်မံပြောဆိုခွင့် မသင့်ကြောင်းကို ထင်လင်းသိသာရန် ရှိကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့[၃]။

ဗန်းမော် ၄ မြို့ဝန်သို့ ပေးမှာစာ။

၆။ ။ အမေရိကန် တရားဟောဆရာ ရော်ဘက်သို့ပေးရန် အထက် [(၅) မှတ်] စာကို နေ့ရက်မကြန့်ကြာစေရ၊ ရေးခြားလိမ္မာသူကို စေလွှတ်ပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

---

၁။ ၁၂ ဇူလိုင် ၁၈၈၅ ၂။ ၂၁ ဇူလိုင် ၁၈၈၅ ၃။ ၂၄ ဇူလိုင် ၁၈၈၅

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၁]။

ချင်းတွင်းကြောင်း သစ်တောဝန်၊ တမူးခန်းပတ်မြို့ဝန်၊ နတ်ကျွန်းအောင်မြေ ကင်းတပ်မှူးက
မဏိပူရမြို့ရှိ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် စာလက်ခံ။

၇။ ။ မဏိပူရနယ် ခေါင်ဆယ်ချင်းတို့ ၁၂၄၆ ခုနှစ် တန်ဆောင်မုန်းလအတွင်း တမူးမြို့နေ သောကြုံကို ဖမ်းဆီးသတ်ဖြတ်သည် တစ်ကြိမ်။ ၎င်းနှစ် နတ်တော်လအတွင်း ကွမ်းတောင်ရွာကို ဝင်ရောက်တိုက်ခိုက်၊ မီးရှို့၊ လူကိုသတ်ဖြတ်သည် တစ်ကြိမ်။ ၎င်းနှစ် တပေါင်းလအတွင်း ၎င်းရွာနေ ညိုစိမ့်၊ ငစံသူ၊ သောဝ၊ သောဟန်၊ ခြေတို့ကို လမ်းခရီးတွင် တိုက်ခိုက်၊ ညိုစိမ့်၊ သောဝ၊ သောဟန်၊ ခြေတို့ကို သတ်ဖြတ်သည် တစ်ကြိမ်။ နောက် ၎င်းလအတွင်း မဏိပူရနယ် ချင်းရွယ့်ရွာနေ ငစံတရော်၊ ပောင်မြင့်တို့နှင့် အပေါင်းပါ လူ ၄၀ ကျော်တို့ ၎င်း ကွမ်းတောင်းရွာကိုပင် ထပ်မံတိုက်ခိုက်၊ ယောကျ်ားမိန်းမ လူ ၁၅ တို့ကို သတ်ဖြတ်၊ လူကိုလည်း ဖမ်းဆီးခေါ်သွားသည် တစ်ကြိမ်။ သို့ပြုလုပ်ရှိ၍ မိုးလေးဌာနာစောင့် ပူလင်ထံ တိုင်တန်းရာ နေ့ရက်အရှည် မည်သို့ မပြုမလုပ်ရှိသောကြောင့် အရေးပိုင်မင်းက နေရာကျ ပြုလုပ်မည့်အကြောင်း။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့[၁]။

ချင်းတွင်းကြောင်း သစ်တောဝန်သို့ ပေးမှာစာ။

၈။ ။ မဏိပူရမြို့ရှိ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် ပေးပို့လိုက်သည့် အထက် [၇ မှတ်] စာကို စာဦးစာခေါင်း ထည့်သွင်းရေးသားမြဲ ရေးသား၊ နေ့ရက်မကြာ ဆင့်ဆိုစေလွှတ် ပေးပို့၍ အကြောင်းအရာကို လျှောက် ထားရမည့် အကြောင်းအရာ။

၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့[၂]။

ပြင်သစ်လူမျိုး ဒေပါရှီ မေးချက်။

၉။ ။ အလိုတော်မြတ်ရှိသည့် ပိုးကုန် အထူးအဆန်းများကို ပြင်သစ်သီလရှင် စဲရာတယ်ရေဇာသို့ ငွေတော် ၁၀၀၀၀ ဝိ ထုတ်ပေး ဝယ်ယူ ဆက်သစေရာ၊ ၎င်းသီလရှင်က ပြင်သစ်နိုင်ငံ၊ လားယွန်းမြို့နေ ကုန်သည်ကြီး ဂလေနား၊ ဂရုဝါး၊ ဘန်နေး၊ ဖေးတို့ထံ ဝယ်ခြမ်းရာ ငွေ ၅၀၀၀ ဝိ တန် ကုန်ကိုသာ ရရှိ၊ ကျန်ငွေကို မပေး မရရှိကြောင်းနှင့် သီလရှင်က ကျွန်တော်သို့ စာပေးလွှဲအပ်ရှိသည်နှင့် လားယွန်းမြို့တွင် တရားစွဲဆို တောင်းခံရာ ပေးစေ စီရင်ချက် ကျရောက်၊ တရားအစိုးရတို့ထံ ရယူရှိသည့်အတိုင်း ၎င်းငွေကို တရား အစိုးရတို့ထံ တောင်းယူနိုင်အောင် မြန်မာနိုင်ငံခြားဝန်ကြီးချုပ်မင်းက စာပါငွေကို ဒေပါရှီသို့ ပေးအပ် မည့် အကြောင်းအရာ လက်မှတ်ထိုးစာကို ကျွန်ုပ်ထံ စာပြန်ပေးအောင် စာပေး ပြောဆိုပါမည့် အကြောင်း နှင့် ပြင်သစ်ကောင်စစ်က အထက် စာပေးဖူးသည့်အရ မြို့တော်ရှိ ကောင်စစ်က စာပေး လျှောက်ထား သည့် အရာသာ ဖြစ်ပါသည်။ စာပါအတိုင်း မြန်မာဝန်ကြီးချုပ်လက်မှတ် ရရှိကာလ ငွေ ကုန် ၂ ရပ် အလိုတော်မြတ်ရှိရာ တောင်းခံ ဆက်သွင်းနိုင်ပါသည်။

၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့[၃]။

မှတ်သားချက်။

[က]။ ။ [၉] မှတ်ပါ ဒေပါရှီ မေးချက်နှင့်တကွ ၎င်းက တင်ပေးသည့် ဘာသာရေးစာများကို အမိန့်တော်ခံရာ နိုင်ငံခြား ဝန်ကြီးချုပ် လက်မှတ်ပေးအပ် တောင်းခံ ဆက်သွင်းစေရမည့် အကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၄]။

လက်မှတ်ရေးထိုးရန် ပြင်သစ်လူမျိုး ဒေပါရှီက တင်ပေးသည့်
ပြင်သစ်ဘာသာရေးစာ မြန်မာပြန်ချက်။

၁၀။ ။ ၁၈၈၅ ခု၊ မေလ ၁၅ ရက် နေ့စွဲပါ လားယွန်းမြို့ တရားဌာန စီရင်ချက်ဖြတ်စာတွင် မြန်မာနိုင်ငံ အသျှင် မိဖုရားခေါင်ကြီးဘုရား ကုန်တော်ဖိုးငွေကျန် ၅၀၀၂ ကျပ်ကို ကုန်သည်ကြီး ၄ ဦးတို့က ပေးလျော်ဆက်သစေ ပါရှိသည့်အရ ၎င်းငွေကို ဒေပါရှီသို့ ဖြစ်စေ၊ ၎င်းက လွှဲအပ်သူသို့ဖြစ်စေ ပေးအပ်လက်ခံ ရယူနိုင်ခွင့်

---

၁။ ၁၃ ဇူလိုင် ၁၈၈၅ ၂။ ၁၁ ဩဂုတ် ၁၈၈၅ ၃။ ၁၅ ဩဂုတ် ၁၈၈၅ ၄။ ၁၉ ဩဂုတ် ၁၈၈၅

များကို အသျှင်မိဖုရားခေါင်ကြီးဘုရား အမိန့်တော်မြွက်ရင်းနှင့်အညီ မန္တလေးမြို့နေ ကျွန်ုပ် မြန်မာနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံခြားဝန်ကြီး အခွင့်ပေးသည့် အဖြစ်ကို ထင်ရှားစေရန် အောက်၌ လက်မှတ်ရေးထိုးသည်။

---

## ၄၁၈ မှတ် ပုရပိုက်ထွက်။

**၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၉ ရက်နေ့[၁]။**

**တောင်ငူ ခရိုင်ဝန်က လျှောက်စာ။**

၁။ ။ တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က အောက် [(၂) မှတ်] ပါအတိုင်း စာပို့ရောက်ရှိပါ၍ ၎င်းစာအရ သက်သေတို့ကို စေလွှတ်ရမည် မစေမလွှတ်ရမည်၊ မစေလွှတ်ရလျှင်လည်း မည်သို့ စာပြန်ရမည်များကို နာခံပါရအောင် ရောက်ရင်းစာကို ပို့ဆက်ပါကြောင်း။

**၁၈၈၅ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့။**

**၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့။**

**တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က တောင်ငူ ခရိုင်ဝန်သို့ ပေးစာလက်ခံ။**

၂။ ။ မိတ္ထီလာမြို့ ပဲပုပ်ကုန်းရွာနေ ငရွှေပေါက်၊ ကန်ရှည်ရွာနေ ငပြောင်းတို့ နေရင်းမြို့ရွာသို့ ပြန်သွား။ တောင်ငူမြို့ သစ်ပတ်ချောင်း စခန်းတွင် ထမင်းချက်ပြုတ် စားသောက်ရာ ဟင်းတွင် အဆိပ်ဆေးခတ် ကျွေး၍ ပစ္စည်းများကို ယူသွားသူတို့ကို ဖမ်းဆီးရမိသောကြောင့် ငရွှေပေါက်၊ ငပြောင်းတို့ကို သက်သေခံစေရန် စေလွှတ်မည့်အကြောင်း။ ၎င်းတို့ ရောက်ကာလ ကုန်ကျစရိတ်ကိုလည်း ပေးမည့်အကြောင်း။

**၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့။**

**တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။**

၃။ ။ တောင်ငူ ခရိုင်ဝန်က [အထက် (၁) မှတ်] အတိုင်း လျှောက်ထားရှိသည့်အရ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် ပေးပို့လိုက်သည့် အောက် [(၄) မှတ်] စာလက်ခံကို စာဦးစာခေါင်း ထည့်သွင်းရေးသားမြဲ ရေးသားပေးပို့၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

**၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့။**

**တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် စာလက်ခံ။**

၄။ ။ အရေးပိုင်မင်းက အထက် [(၂) မှတ်] အတိုင်း စာရောက်သည်မှာ စာပါ လူတို့ကို အထက် မော်လဝီ ဟိုက်ဒရာလီတို့ အမှုတွင် ရာဇဝတ်အုပ်ကို စေလွှတ်မေးမြန်းသည့်နည်း အပုံ့စရိတ်နှင့်တကွ စေလွှတ်မေးမြန်းစေသည့်ကာလ နေရာကျ ဆင့်ဆိုမေးမြန်းစေမည့် အကြောင်း။

**၁၈၈၅ ခု၊ စက်တင်ဘာလ ၂ ရက်နေ့။**

**၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၂]။**

**ဗန်းမော်မြို့ရှိ အမေရိကန်ခင်ကြီး ရော်ဘက်က ကင်းဝန်မင်းကြီးထံ ထပ်မံပေးစာ။**

၅။ ။ [၄၁၇ မှတ် ပုရပိုက်ထွက် ၄ မှတ်ပါ] အကြောင်းအရာ။

**၁၂၄၇ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့[၃]။**

**ဝန်ရှင်တော် ကင်းဝန်မင်းကြီးက အမေရိကန်ခင်ကြီး ရော်ဘက်သို့ ပြန်ပေးစာ။**

၆။ ။ ဆရာရော်ဘက်က အထက် [(၅) မှတ်] အတိုင်း စာထပ်မံ ပို့ရောက်သော်လည်း [၄၁၇ မှတ်ပုရပိုက် ထွက် ၅ မှတ်ပါ] ဆရာရော်ဘက်သို့ ပေးစာပါ စကားရပ်များပြင် မြန်မာအစိုးရတို့က ထပ်မံထူးထွေ ပြောဆိုရန် မရှိကြောင်း။

---

၁။ ၁၉ ဩဂုတ် ၁၈၈၅ ၂။ ၈ ရက် ဖြစ်မည်။ ၃။ ၁၉ စက်တင်ဘာ ၁၈၈၅

၁၂၄၇ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့[၁]။

နိုင်ငံခြားဌာန လွှတ်တော် စာရေးတော်ကြီး မင်းထင်သိဒ္ဓိရာဇာက
ဘုံဘိုင်မြို့ရှိ တူရကီကောင်စစ်သို့ ပေးစာ။

၇။ ။ ဟလတ်မြို့နေ တူရကီလူမျိုး မိုဟာမက်မာလာက ရွှေမြို့တော် ချမ်းအေးသာစံရပ်တွင် သေဆုံးသူ အဘာဟာစီစလင်ပိုင် ပစ္စည်းများကို အမွေခံသား မှန်သည့်အတိုင်း ရလိုကြောင်းနှင့် တူရကီအစိုးရတို့က ပေးသည့်စာ၊ ဘင်္ဂလား အစိုးရတို့က ပေးသည့်စာများကို တင်ပြလျှောက်ထားရှိသော်လည်း လျှောက်ချက်နှင့် ဟာစီစလင် မသေမီ ရေးသားခဲ့သည့် သေတမ်းစာ မညီမညွတ်၊ ပေးကမ်းသာသည့် အခွင့်မရှိသေးသည်ဖြစ်၍ အမွေခံမှန်သူတို့ကို ဝေခြမ်းပေးကမ်းသာအောင် ၎င်းပစ္စည်းများကို ဘုံဘိုင်မြို့ရှိ တူရကီကောင်စစ်ထံ ပေးပို့ရမည် နိုင်ငံခြားဝန်ကြီးမင်း အမိန့်အရ ပေးပို့ကြောင်း။ ရောက်ကာလ နေရာကျ ဝေခြမ်းပေးကမ်း၍ အကြောင်းအရာ စာပြန်လိမ့်မည် ယုံကြည်စိတ်ချကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့[၂]။

တောင်ငူ ခရိုင်ဝန်က လျှောက်စာ။

၈။ ။ တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က အောက် [ ၉ မှတ် ] ပါအတိုင်း စာပို့ရောက်ရှိကြောင်း။ ၎င်းစာပါ ငမောင်ကလေး၊ ငရွှေစိုတို့ နိုင်ငံတော် မြို့ရွာများကို တိုက်ခိုက်သူဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူ ဓားပြသောချို၊ တောင်ဝင်းရွာသူကြီး၊ ရေနီရွာခေါင်းတို့ ထွက်ဆိုရှိ၍ အရေးပိုင် ပေးစာအရ ဆင့်ဆိုရာ နာခံစာပြန်ပါရအောင် ရောက်ရင်းစာကို ပို့ဆက်ပါကြောင်း။

၁၈၈၅ ခု၊ ဩဂုတ်လ ၈ ရက်နေ့။

၁၂၄၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့[၃]။

တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်က တောင်ငူ ခရိုင်ဝန်သို့ ပေးရန် စာလက်ခံ။

၉။ ။ အထက်ပေးစာပါ ကျောက်တိုင်တောင်ဘက်က အစိုးရငွေတော် ၃၅ဝ ကို ခိုးယူထွက်ပြေးသူ ဘုရားကုန်းဂါတ်အမှုထမ်း ငထွန်းလှိုင်ကို ယခုစေလွှတ်သူ ရေတာရှည်ဂါတ် စာဇင် မောင်မြတ်ဝိုင်းသို့ ပေးအပ်မည့်အကြောင်း။ တစ်ရပ် အထက်ပေးစာပါ ၂ ကြိမ် ပြစ်မှုကျူးလွန်သူ ငမောင်ကလေး၊ ငရွှေစို၊ ငနိုင်တို့အနက် ငမောင်ကလေးကို ဖမ်းဆီးရမိရှိ၍ ငမောင်ကလေး ဓားပြဖြစ်ကြောင်း သိသူ သက်သေ ၂ တန်သည်၊ ၃ တန်သည်ကို စေလွှတ်မည့်အကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့။

တောင်ဝင်းရွာသူကြီး ငအောင်ပန်း အစစ်ခံချက်။။

(က) ၁၂၄၆ ခု တန်ဆောင်မုန်းလအတွင်း နင်းကြမ်းမြို့နေ မိသာထူးကို ကျောက်တိုင်တောင်ဘက် ဆတ်သေရွာနေ ငမောင်ကလေး၊ တင်းကုတ်ကြီးရွာနေ ငဆောင်းကို တိုက်ခိုက်သည် တစ်ရပ်။ ၁၂၄၇ ခု နယုန်လအတွင်း ဇလာနှင့် တောင်ဝင်း ၂ နယ်ကြား တောတွင် ခရီးသွား လူ ၃ ကို ငမောင် ကလေး၊ ငရွှေစို၊ ငဘိုးကာတို့ တိုက်ခိုက်သည် တစ်ရပ်။ နောက် ၎င်းငမောင်ကလေး၊ ငရွှေစို၊ ငနိုင်၊ ငဘိုးကာတို့နှင့် သောချိုတို့ ကျောက်တိုင်မြောက်ဘက် ပေါင်းလောင်းမြစ် အစုန်အဆန် လှေ များကို တိုက်ခိုက်မည် ရေနီရွာနယ်တောအရပ်တွင် စုရုံးရှိသည် သတင်းရရှိသည်နှင့် ဆင့်ဆို ဖမ်းဆီးရာ ငဘိုးကာမှာ သေနတ်ထိမှန်သေဆုံး၊ ကျန်လူတို့မှာ လက်လွတ်ထွက်ပြေး၊ ငသောချိုမှာ သေနတ်ဒဏ်ရာနှင့် ဖမ်းဆီးရမိ၍ မြို့ရုံးသို့ ပို့အပ်ကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့။

ရေနီရွာခေါင်း ရွာသားတို့ ထွက်ချက်။

(ခ) ရေနီရွာအရှေ့ ရေလဲပေါက်တောကွက်ရပ်တွင် စုရုံးရှိသည့် ဓားပြတို့ကို နယ်ရှင်တို့ ဆင့်ဆိုချက်အရ သွားရောက်ဖမ်းဆီးရာ ဓားပြတို့အနက် ငဘိုးကာမှာ သေနတ်ထိမှန်သေဆုံး၊ ငသောချိုမှာ သေနတ်ဒဏ်ရာ

၁။ ၁၁ စက်တင်ဘာ ၁၈၈၅ ၂။ ၃ စက်တင်ဘာ ၁၈၈၅ ၃။ ၁၂၄၇ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် ဖြစ်မည်။

နှင့် ဖမ်းဆီးရမိ၍ မြို့ရုံးသို့ ပို့အပ်၊ အချို့မှာ လွတ်ထွက်ကြောင်း၊ လွတ်ထွက်သူတို့လည်း ငမောင်ကလေး၊ ငရွှေစို၊ ငနိုင်တို့ အမှန်ဖြစ်သည်ဟု တပ်ရာ သိကြောင်း။

၁၂၄၇ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့[၁]။

မိသာထူး ထွက်ချက်။

(ဂ) နောက်ပါ မိန်းမငယ် ၁၊ ယောကျာ်းငယ် ၁ တို့နှင့် တောင်ငူမြို့မှ နေရင်း နင်းကြမ်းမြို့သို့ ပြန်လာရာ လမ်းခရီး ကျွဲတလင်း တောရပ်ကွက်တွင် ဓားပြ ၂ တို့ တိုက်ခိုက်လုယက်သည်နှင့် ထောက်လှမ်းဆဲအတွင်း ကျောက်တိုင်တောင်ဘက် တောင်ငူမြို့ တရားမဝန်ထောက် မောင်ပန်းဖြူက တိုက်ရာပါ ပစ္စည်းများကိုလည်း ရရှိ၊ ဓားပြ ၂ အနက် မောင်ကလေးကိုလည်း ဖမ်းဆီးရမိ၊ မြို့လုဂါတ်တွင် ချုပ်ထားရှိ၍ လာရောက်ရမည့် အကြောင်းနှင့် ဆင့်ခေါ်လိုက်သွား၊ တိုက်ရာပါ ပစ္စည်းအနက် ဂါတ်တွင်ရှိသည့် ကြိုးထဘီကို ပြသကြည့်ရှုရာ တိုက်ရာပါ အမှန်ဖြစ်၍ ဝန်ထောက် မောင်ပန်းဖြူထံ ပြောဆိုမည် ရှိသည့်အတွင်း နင်းကြမ်းမြို့ ကျေးရွာတွင် နေအိမ်ကို မီးသင့်လောင်၍ ပြန်သွားသည်နှင့် ဆုံးခန်းရောက် မပြောမဆိုရသေး ရှိကြောင်း။

၁၂၄၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။

၁၀။ ။ ဓားပြ ငမောင်ကလေး အကြောင်းအရာနှင့် တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်ထံ ပေးရန် ပို့လိုက်သည့် [အောက် (၁၀) မှတ် ]အတိုင်း စာလက်ခံကို စာဦးစာခေါင်း ထည့်သွင်းရေးသားမြဲ ရေးသား၊ သင့်ရာလူ စေလွှတ်ပေးပို့စေ၍ အကြောင်းအရာကို လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့[၂]။

တောင်ငူ ခရိုင်ဝန်က တောင်ငူမြို့ အင်္ဂလိပ် အရေးပိုင်သို့ ပေးရန် စာလက်ခံ။

၁၁။ ။ အရေးပိုင်မင်းက ပေးစာတွင် ဓားပြ ငမောင်ကလေးတို့ အကြောင်းနှင့် ခရိုင်ဝန်မင်းက အထက်ပေးစာအရ ဖမ်းဆီးရာ ဓားပြ ငမောင်ကလေးကို ဖမ်းဆီးရမိ၍ သက်သေတို့ကို စေလွှတ်မည့်အကြောင်းနှင့် ပါသည်မှာ ငမောင်ကလေးတို့နှင့် အပေါင်းပါ ဖမ်းဆီးရမိသူ သောချို အစစ်ခံတွင် နိုင်ငံတော် ကျွဲတလင်းအင်းတောင်တောအရပ်တွင် ငမောင်ကလေး၊ ငနိုင်၊ ငဘိုးကာတို့ တိုက်ခိုက်ကြောင်း ပါသည့်အရ အရေးပိုင်မင်း စဉ်းစားဆင်ခြင် ပြုလုပ်သာအောင် စာပေးပို့သည့်အရာ ဖြစ်သောကြောင့် သက်သေစေလွှတ်ရန် မရှိ၊ ငမောင်ကလေးကိုသာ အပြစ်အလျောက် စီရင်လိမ့်မည် မျှော်လင့်ကြောင်း၊ သောချို ထွက်ချက်ကိုလည်း ပို့လိုက်ကြောင်း။

၁၂၄၇ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့[၃]။

လွှတ်တော်က တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။

၁၂။ ။ ရန်ကုန်မြို့ အရေးပိုင်မင်းက ၃၉၁ မှတ်ပုရပိုက်ထွက် (၂) မှတ်အတိုင်း ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးထံ ကြေးနန်းရိုက်ကြားရှိ၍ ကြေးနန်းစာပါ သေနတ်ပစ်ခတ်မှုကို နေ့ရက်မရှည် နေရာကျ မေးမြန်း၍ ကြေးနန်းစာပါအတိုင်း မဟုတ်မမှန်လျှင် မဟုတ်မမှန်သည့် အကြောင်းအရာ၊ ဟုတ်မှန်လျှင်လည်း မည်သည့်မြို့ရွာ တောတောင်ကွက်ရပ်တွင်၊ မည်သည့်နေ့ရက်၊ မည်သူနှင့် အပေါင်းပါလူ မည်သူ မည်သူတို့ကို၊ မည်သည့်အမှုကို အရင်းပြု၍၊ မည်သူက သေနတ်နှင့် ပစ်ခတ်သည်၊ ပစ်ခတ်ရာ လူကို ထိမှန်ရှနရှိသည်၊ မရှိသည်၊ ပစ်ခတ်သူတို့ကို အစိုးရ မည်သူက မည်သို့စီရင်သည်မှစ၍ အမှုရင်းမြစ် အကြောင်းအရာများကို စေသူ ခြေလျင်တော်တို့တွင် ပေးအပ် လျှောက်ထားရမည့် အကြောင်း။

---

၁။ ၂၇ ဩဂုတ် ၁၈၈၅ ၂။ ၅ အောက်တိုဘာ ၁၈၈၅ ၃။ ၁၀ အောက်တိုဘာ ၁၈၈၅

**၄၁၉ မှတ် ပုရပိုက်ထွက်။**

၁၂၄၇ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၁]။

တတိယဌာန တောင်ငူ ခရိုင်ဝန်သို့ ပေးမှာစာ။

၁။ ။ ရန်ကုန်မြို့ရှိ စာရေးကြီး မဟာမင်းထင်ကျော်သူက ဘုံဘိုင်ဘာမာကုမ္ပဏီတို့သည် ကဲ့ဝှက်ထုတ်ယူသည့် သစ်ဖိုးငွေများကို ဆက်သွင်းမည် အကြံအစည် မရှိ၊ သစ်အလုပ်နှင့် စပ်သည့်အရာကို တစ်စုံတစ်ရာ စွန်းငြိထိပါးရှိလျှင် အမှုပြုလုပ် ပြောဆိုရန်အချက်၊ နိုင်ငံမှုနှင့်စပ်၍ ထင်ယောင်ထင်မှားဖြစ်အောင် မမှန်သည့် စကားအချက်များကို အင်္ဂလိပ်မင်းတို့ထံ ပြောဆိုတိုင်ပင် ရှိနေကြကြောင်းများနှင့် လျှောက်ထားကြားသိရ၍ ၎င်းလျှောက်စာပါ အဓိပ္ပာယ်မှာ ၎င်းကုမ္ပဏီတို့နှင့် မြန်မာအစိုးရမင်းတို့ သစ်မှုစကား ပြောဆိုမပြီးမီ ၎င်းတို့လုပ်သည့် သစ်တောရှိ သစ်၊ လူ၊ ဆင်မှစ၍ သစ်တောအလုပ်နှင့်ဆိုင်သည့် အရပ်ရပ် အရာများကို စွန်းငြိထိပါးမရှိလျှင် ၂ ဦး ပြောဆိုရန် ပြစ်ဝန်ကင်းမည်ဖြစ်၍ အထိအပါး မရှိစေရ အထူးဆင်ခြင် စောင့်ရှောက်၍ အကြောင်းအရာကို လျှောက်ရမည့်အကြောင်း။

တတိယဌာန တောင်ငူခရိုင်ဝန်က လျှောက်စာ။

၂။ ။ တောင်ငူမြို့ အရေးပိုင်က အောက်ပါ [(၃) မှတ်] အတိုင်း စာပို့ရောက်ရှိပါ၍ ၎င်းစာအရ ဆင့်ဆိုရာနာခံ စာပြန်ပါရအောင် ၎င်းအရေးပိုင်က ရောက်ရင်းစာကို ပို့ဆက်လျှောက်ပါကြောင်း။

၁၈၈၅ ခု၊ စက်တင်ဘာလ ၁၈ ရက်နေ့။

၁၂၄၇ ခု၊ တော်သလင်းလဆန်း ၁၀ ရက်နေ့။

တောင်ငူမြို့ အရေးပိုင်က တောင်ငူ ခရိုင်ဝန်သို့ ပေးစာလက်ခံ။

၃။ ။ (က) ကျွန်ုပ်နှင့် ခရိုင်ဝန်မင်းတို့မှာ ကျောက်တိုင်နယ်စပ်တွင် ကြည့်ရှုကြရသည့်အတိုင်း သရက်မြို့ အရေးပိုင်နှင့် မင်းလှဝန်တို့ မကြာမကြာ တွေ့ကြုံဆုံစည်းကြသကဲ့သို့ ကျွန်ုပ်တို့လည်း ယခုနှစ် မိုးလကုန်လျှင် အင်ပင်ရေထွက်လမ်းတွင် အရပ်ရပ် အကြောင်းအရာများကို ၂ ဦး တွေ့ကြုံပြောဆိုလိုကြောင်း။ (ခ) အထက် ကျွန်ုပ် ပေးစာပါ ငမောင်ကလေး၊ ငရွှေစိုတို့ကို စစ်ဆေးရန် သက်သေတို့ကို စေလွှတ်ပါမည့် အကြောင်း။ (ဂ) အထက် ကျွန်ုပ် ပေးစာပါ အဆိပ်ကျွေးမှုတွင် မိတ္ထီလာမြို့ ပဲပုပ်ကုန်းရွာနေ ငရွှေပေါက်၊ ကန်ရှည်ရွာနေ ငပြောင်းတို့ကို သက်သေခံရန် စေလွှတ်ပါမည့် အကြောင်း။

၁၂၄၇ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့[၂]။

တတိယဌာန တောင်ငူခရိုင်ဝန်သို့ ပေးမှာစာ။

၄။ ။ တောင်ငူ ခရိုင်ဝန်က လျှောက်ထားလိုက်သည့် အထက် [(၃) မှတ်] စာပါ (က) အချက်ကို အမိန့်တော်ခံရာ ပြောဆိုသင့်ရာ ပြောဆိုစေရန် တောင်ငူခရိုင်ဝန်သို့ မှာထားစေ အမိန့်တော်မြွက်ကို ဦးထိပ်ထက်ဆင်ရွက်၍ အရေးပိုင် ပေးစာပါအတိုင်း တွေ့ကြုံလိုရာသို့ သွားပြီးလျှင် ပြောဆိုခွင့် ရှိသည်များကို အနိမ့်အကျ အယုတ်အလွန် စွန်းငြိယှက်တင် မရှိစေရ၊ နှိုင်းထောက်ဆင်ခြင် ချင့်ချိန်ပြောဆို၍၊ ၂ ဦး တွေ့ကြုံ အတုံ့အပြန် ပြောဆိုသည့် အကြောင်းအရာ စကားချက်များကို အမိန့်တော်ခံသာအောင် လျှောက်ထားရမည့် အကြောင်း။

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၃]။

ပြင်သစ်ကောင်စစ် ဟာစစ်က လျှောက်စာ။

၅။ ။ မဘူရွာတွင် ရှားချက်လုပ်သည့် ပြင်သစ်လူမျိုးရေးနှင့် ပြင်သစ် ကုန်သည်ကြီးတို့ ကိုယ်စားလှယ် ဂရိတ်လူမျိုး ဝိလီကာရာဂရီတို့ တုတ္တလုပ်ရွာသို့ ခေတ္တသွားရာ၊ မြေဒူး သေနတ်စာရေးဆိုသူက ဖမ်းဆီးချည်နှောင်၊ ထောင်မှာ ချထားခံနေရသည် ကြားသိရ၍ ရန်သူတော် အင်္ဂလိပ်လူမျိုး မဟုတ်၊ မဟာမိတ် ပြင်သစ်လူမျိုး ဂရိတ်လူမျိုးတို့ ဖြစ်သည့်အတိုင်း အဖမ်းအဆီးမရှိ ရွှေဖဝါးတော်အောက်သို့ တက်လာနိုင်အောင် စာကယ်မပါမည့် အကြောင်း။

---

၁။ ၁၀ အောက်တိုဘာ ၁၈၈၅  ၂။ ၂၂ အောက်တိုဘာ ၁၈၈၅  ၃။ ၂၃ ဒီဇင်ဘာ ၁၈၈၅

၁၂၄၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။[၁]

တတိယဌာန တောင်ငူခရိုင်ဝန်သို့ ပေးမှာစာ။

၆။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ သစ်တောစကားနှင့် စပ်၍ ရန်ကုန်မြို့ အရေးပိုင်က ပို့ရောက်သည့် အီဒင်သဘော်ဘွင်ပါ စာကို အမိန့်တော်ခံ၍ ရှိသည့်အတိုင်း မြန်မာအစိုးရတို့နှင့် အင်္ဂလိပ်အစိုးရတို့ တစ်ဦးနှင့်တစ်ဦး အမှုအင်ကိုထောက်၍ ပြုလုပ်သင့်ရာ ပြုလုပ်ကြရ ရှိသောကြောင့် အရေးပိုင်က ရောက်သည့်စာ ကောက်နုတ်သည့် အဓိပ္ပာယ် အချက်အမြွက် စကားအကြောင်းအရာ၊ ရေးခွင့်အလျောက် ၂ ဦး ၂ ဖက် ပြုလုပ်သင့်ရာ ပြုလုပ်ကြရလျှင် ကောက်ခါငင်ခါ ရလွယ်သာအောင် စီတပ်ရန်ထားသည့် အကြောင်းအရာများကို အချက်အဆစ်နှင့်တကွ အတွင်းစာပေးအပ် ဆင့်ဆိုလိုက်ကြောင်း။ ခရိုင်မြို့ရွာ အစိုးရ ချုပ်ကြီးအုပ်ကြီး ဖြစ်သည့်အတိုင်း မြို့ရေးရွာမှု အကြောင်းအရာမှစ၍ ထောက်လှမ်းစုံစမ်းခွင့်၊ မြို့ရွာငြိမ်ဝပ်အောင် ထိန်းသိမ်းခွင့်၊ မြို့ရွာစောင့် အမှုထမ်းတို့နှင့် မြို့ရွာနေလူတို့က စွန်းငြိထိပါး မရှိရအောင် အားထုတ်ခွင့်၊ အကြောင်းရှိရာ လျှောက်ထားခွင့် ရှိသည်များကို နေ့ညပေါ့လျော့မရှိ အားထုတ်ထမ်းရွက်ရမည့်အကြောင်း။ သဘောဉာဏ် ထင်မြင်သည့်အလျောက် လျှောက်ထားရန် ရှိသည်ကိုလည်း လျှောက်ထားရမည့်အကြောင်း။ စာပါ စကားရပ်များကို အခြားသူတို့ မသိစေရ၊ ကျစ်လျစ်လုံခြုံစွာ ကြည့်ရှုထိန်းသိမ်း စောင့်စည်းထမ်းရွက်ရမည့် အကြောင်း။

၁၂၄၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့။[၂]

ဗိုလ်ချုပ် နောက်ဝင်းတော်မှူးသို့ ပေးမှာစာ။

၇။ ။ ဘုံဘိုင်ဘာမာ ကုမ္ပဏီတို့ စဉ်းလဲပြုလုပ် ထုတ်ဆောင်သည့် သစ် ၂ သောင်းကျော်အတွက် ဒဏ်ငွေ ၂ သန်းကျော်ကို မဆက်မသွင်းလိုသမှု၊ အင်္ဂလိပ် အစိုးရတို့ထံ အလိုရှိရာ ပြောဆိုသောကြောင့် အစိုးရ ၂ ဦး အပြန်အလှန် စာပေးပို့ရှိသည့်အတွင်း ၎င်းသစ်မှုကို အစွဲပြု၍ ၂ နိုင်ငံ ရန်စစ်ဖြစ်ပွားရန် နောက်ဆုံးပေးပို့သည့်စာအရ ၂ နိုင်ငံ ရန်စစ်ဖြစ်ပွားရတော့မည်ကဲ့သို့ ဖြစ်သောကြောင့် မဖြစ်တန်သည့်အရာ မဖြစ်ရအောင် စာပြန်ပေးပို့မည်။ သည်ကဲ့သို့ စာပေးသည်ကိုပင် သဘောမတူလျှင် တောင်ငူမြို့၊ တောင်တွင်းကြီးမြို့၊ မလွန်မြို့၊ မင်းတုန်းတောင်စဉ် ၇ ခရိုင် မြို့ရွာများသို့ ရဲမက် လက်နက်ကိုင် အားအင်ပေးကမ်း၊ မှူးတော် မတ်တော်တို့ကို ချုပ်အုပ်ကွပ်ကဲ ချီတက်ရပ်နေစေ၍ နိုင်နင်းအောင် ကြည်းကြောင်း ရေကြောင်း တိုက်ခိုက်မည့် အရာရှိတို့ စုံညီတိုင်ပင်ပြီးလျှင် အမိန့်တော်ခံ၍ ရန်ထားရှိသည့်အတိုင်း အင်္ဂလိပ် အစိုးရတို့က နောက်ဆုံးရောက်သည့်စာ ကောက်နုတ်ချက်လက်ခံ၊ တိုက်ခိုက်ရန် ရန်ထားသည့် စာရင်းလက်ခံများနှင့်တကွ အတွင်းစာ ပေးအပ် ဆင့်ဆိုလိုက်ကြောင်း။ ယခုစာရောက်လျှင် ချုပ်ကြီးအုပ်ကြီး ဖြစ်သည့်အတိုင်း မြို့ရေးရွာမှု အကြောင်းအရာမှစ၍ ထောက်လှမ်းစုံစမ်းခွင့်၊ အားထုတ်ခွင့်၊ မြို့ရွာကို ငြိမ်ဝပ်အောင် ထိန်းသိမ်းခွင့်၊ မြို့ရွာစောင့် အမှုထမ်းတို့နှင့် မြို့ရွာနေလူတို့က စွန်းငြိယှက်တင် မရှိစေရန် အားထုတ်ခွင့်၊ အကြောင်းရှိရာ လျှောက်ထားခွင့်ရှိသည်များကို နေ့ည ပေါ့လျော့မရှိအားထုတ် ထမ်းရွက်ရမည့်အကြောင်း။ သဘောဉာဏ် ထင်မြင်သည့်အလျောက် လျှောက်ထားရန်ရှိလျှင်လည်း လျှောက်ထားရမည့်အကြောင်း။ ယခုစာပါ စကားများကို အခြားသူတို့ မသိစေရ၊ ကျစ်လျစ်လုံခြုံစွာ ကြည့်ရှုထိန်းသိမ်း စောင့်စည်းထမ်းရွက်ရမည့် အကြောင်း။ (မလွန် ဝန်ထောက်မင်းသို့လည်း ၎င်းအတိုင်း ပေးသည်။)

၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့။[၃]

လက်သုံးတော်ကြီးကိုင်၊ တောင်တစ်ရာ့ငါးဆယ် သေနတ်ဗိုလ်၊ မြင်စိုင်းမြို့စား၊ မြေလတ်ဝန်၊
မိုးဗြဲတပ်စစ်ကဲ မင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူသို့ ပေးမှာစာ။

၈။ ။ အထက် [(၇) မှတ်ပါ အကြောင်းအရာနှင့်အတူ] အထူးမှာ ယခု ပေးအပ်ဆင့်ဆိုသည့် အတွင်းစာရောက်လျှင် မြေလတ်ဝန်မှာ ရွှေဘွားတော်မြတ်အောက်သို့ ဆင်းလာရမည် အထက် ဆင့်ဆိုရှိသည့်အရ မဆင်းလာမီ တပ်ရုံးအရာရှိတို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆိုပြီးမှ ဆင်းလာရမည့် အကြောင်း။

၁။ ၁ နိုဝင်ဘာ ၁၈၈၅ ၂။ ၄ နိုဝင်ဘာ ၁၈၈၅ ၃။ ၇ နိုဝင်ဘာ ၁၈၈၅

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၁]။

မှတ်သားချက်။

၉။ ။ အထက် [(၅) မှတ်] ပြင်သစ်ကောင်စစ် လျှောက်ချက်ပါ ပြင်သစ်လူမျိုး၊ ဂရိတ်လူမျိုး ကုန်သည်ကြီး ၂ တို့ကို မြေဒူးမြို့ထောင်က လွှတ်၍ ရွှေဖဝါးတော်အောက်သို့ ပြန်လာစေရမည့်အကြောင်းနှင့် မြေဒူးမြို့ဝန်သို့ ပေးမှာစာ။ ပြန်လာရာ လမ်းစဉ်တစ်လျှောက် မြို့ဝန်အရာရှိတို့နှင့် ကင်းတော် အစောင့်အနေ အကြီးအကြပ်တို့က တားဆီးမရှိစေရမည့် အကြောင်းနှင့် လက်စွဲ စာချွန်များကို အမှာစာရေးတို့က ပေးရမည့် အကြောင်း။

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၁]။

မြေဒူးမြို့ဝန်သို့ ပေးမှာစာ။

၁၀။ ။ ပြင်သစ်ကောင်စစ်က [အထက် (၅) မှတ်] အတိုင်း လျှောက်ထားရှိ၍ ၎င်းလျှောက်ရာပါ ပြင်သစ်လူမျိုး ရေးနှင့် ဂရိတ်လူမျိုး ဝိလီကာရာဂရီတို့ကို အကျဉ်းထောင်က လွှတ်၍ ရွှေဖဝါးတော်အောက် ပြန်လာစေရမည့် အကြောင်း။

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့[၁]။

စာချွန်။

၁၁။ ။ ပြင်သစ်ကောင်စစ်က [အထက် (၅) မှတ်] အတိုင်း လျှောက်ထားရှိ၍ ၎င်းလျှောက်ချက်ပါ ပြင်သစ်လူမျိုး ရေးနှင့် ဂရိတ်လူမျိုး ဝိလီကာရာဂရီတို့ကို လမ်းစဉ်တစ်လျှောက် အတားအဆီးမရှိ ပြန်လာစေရမည့် အကြောင်း။

---

၁။ ၂၃ နိုဝင်ဘာ ၁၈၈၅



ဤစာအုပ်တွင်

ဤစာအုပ်တွင် နိုင်ငံခြားဆက်ဆံရေးနှင့် စပ်လျဉ်းသော နှစ်ဖက် အပြန်အလှန် ပေးစာများ၊
ရောဝတီမီးသင်္ဘော အရေးကိစ္စများ၊
မြန်မာနိုင်ငံခြား ပညာတော်သင်များအကြောင်း၊
ဘုံဘေဘားမား သစ်ကိစ္စဆိုင်ရာ ရှားပါးအထောက်အထားများ၊
မြန်မာ-အင်္ဂလိပ် နယ်ခြားမှတ်တိုင် တစ်လျှောက် အမှုကိစ္စများ ပါရှိသဖြင့်
တန်ဖိုးမဖြတ်နိုင်သော ရှားပါးစာအုပ်...။

ကျောက်စာဝန် မစ္စတာတော်စိန်ခို ပြုစုသည့် လွှတ်တော်မှတ်တမ်း စာအုပ်နှင့်
အမည်ဆင်တူနေသယောင် ရှိသော်လည်း အတွင်း အနှစ်သာရ လုံးဝ ကွဲပြားသော စာအုပ်...။

ရုံး ဝင်စာထွက်စာပုံစံ လိုတိုရှင်း မှတ်တမ်းဖြစ်ရာ တိကျ ကိုးစားနိုင်မှု အပြည့်ရှိသောကြောင့်
မြန်မာစာပေနှင့် မြန်မာ့သမိုင်း လေ့လာလိုက်စားသူတိုင်း လက်ကိုင်ထားသင့်သော စာအုပ်...။

| အငြိမ်းစား သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း ၏ အမှာစာ... မှ |



ပထမတွဲ (၁၉၀၁) နှင့် ဒုတိယတွဲ (၁၉၀၉) ထုတ်ဝေစဉ်က ၅၅ အုပ် စီသာ ကန့်သတ် ထုတ်ဝေ
နောက်ထပ် ပုံနှိပ်ထုတ်ဝေခြင်းလည်း မရှိခဲ့သောကြောင့်လည်းကောင်း ရှားပါး တန်ဖိုး

*2330251*
k 8000.00